http://www.dhammadownload.com

ဝိသုဒ္ဓိမဂ်မြန်မာပြန် ( တတိယတွဲ )

အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်ဘုရား

ရေးသားစီရင်အပ်သော

# ဝိသုဒ္ဓိမဂ်မြန်မာပြန်

## တတိယတွဲ


ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်
ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်

သာသနာ ၂၅၁၈ ကောဇာ ၁၃၃၆ ဒီဇင်ဘာ ၁၉၇၄

http://www.dhammadownload.com

ဝိသုဒ္ဓိမဂ်မြန်မာပြန် ( တတိယတွဲ )

http://www.dhammadownload.com



အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်

http://www.dhammadownload.com

http://www.dhammadownload.com

အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်ဘုရား

ရေးသားစီရင်အပ်သော

# ဝိသုဒ္ဓိမဂ် မြန်မာပြန်

## တတိယတွဲ

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်
ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်

သာသနာ ၂၅၁၈ ကောဇာ ၁၃၃၆ အောက်တိုဘာ ၁၉၇၄

http://www.dhammadownload.com

**ထုတ်ဝေသူ။** ။မင်္ဂလာဦးအောင်မြင့် မှတ်ပုံတင်အမှတ် (၀၁၁၆၇) အကျိုးတော်ဆောင် (ပဋိပတ္တိသာသနာပြု မဟာစည်ရုံပိုင်ငွေ) ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်၊ အမှတ် ၁၆၊ သာသနာ့ရိပ်သာ၊ ဟာမစ်တိတ်လမ်း၊ ကုက္ကိုင်း၊ ရွှေဂုံတိုင် စာတိုက်၊ ရန်ကုန်မြို့။

ဘာသာရေးဆိုင်ရာ ကင်းလွတ်ခွင့် ၇၃၇၆။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် သာသနာရေးဦးစီးဌာန
ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်တွင် ညွှန်ကြားရေးမှူးချုပ်
ဦးလှမောင် M.A.,M.S.,B.L ( မှတ်ပုံတင်အမှတ် ၀၈၇၉ ) က ပုံနှိပ်သည်။

http://www.dhammadownload.com

# ဝိသုဒ္ဓိမဂ်နိဒါန်း

## သင်္ဂဟဂါထာပါဠိ အနက်

[ မြန်မာပြန်စကားပြေ ဝိသုဒ္ဓိမဂ်နိဒါန်းကို ပဌမတွဲ၌ ပြခဲ့ပြီ၊ ထိုပဌမတွဲ၌ရင်း ဒုတိယတွဲ၌ရင်း စာမျက်နှာများနေသောကြောင့် သင်္ဂဟဂါထာတို့၏ အနက်ကို မပြနိုင်ပဲ ရှိခဲ့သည်။ ယခုအခါ ယင်းသင်္ဂဟဂါထာတို့ကို ဖော်ပြ၍ သဒ္ဒါနည်း ဆန်း အလင်္ကာနည်းတို့ဖြင့် ဝေဘန်ပိုင်းခြား စဉ်းစား ယူဆနိုင်ရန်အတွက် နိဿယပြန်နည်းဖြင့် ပြန်ဆိုထားသော ယင်းဂါထာတို့၏ အနက်ကိုလည်း ဤ အရာ၌ ဖော်ပြပါအံ့။ ၎င်းတို့မှာလည်း ပါဠိဘာသာ တတ်သိနားလည်သူတို့၏ အတွက်သာ ဖြစ်သည်။ ]

၁။ သမ္ဗာဝနီယဿ သုဓီဝရာန-
မာဒတ္တဓီရိဋ္ဌပဒဿ ယဿ။
ပညာဒိဇာတာ လလိတာ ဂုဏာဘာ၊
ဘာတေဝ လောကမှိ သတံ မုဒါယ။

၁။ သုဓီဝရာနံ၊ ပညာရည်ချွန် ပုဂ္ဂိုလ်မွန် မြတ်ကဝိတို့သည်။ သမ္ဘာဝနီယဿ၊ လွန်စွာလေးမြတ် ချီးကျူးဂုဏ်တင်အပ်သော။ အာဒတ္တဓီရိဋ္ဌပဒဿ၊ ပြည့်စုံသောအား ရယူထားသည့် ထူးခြားသာလွန် ဉာဏ်ရည်ချွန်ဘိ ပညာရှိ အဖြစ်ဟူသော အရာရှိသော[၁]။ ယဿ၊ အကြင် ဗုဒ္ဓဃောသ နာမမည်တွင် ထေရ်အရှင် ဆရာတော်မြတ်၏။ ပညာဒိဇာတာ၊ ပညာစသည် အရည်အသွေး ကြောင့် နီးဝေးနှံ့ပြာ ဖြစ်ပေါ်လာသော။ လလိတာ၊ အပြစ်ကင်း၍ သန့်ရှင်း တင့်တယ်သော။ ဂုဏာဘာ၊ ချီးမွမ်းထိုက်စွာ ဂုဏ်ရောင်ဝါသည်။ လောကမှိ၊ ကမ္ဘာလောက၌။ သတံမုဒါယ၊ ဉာဏ်ပညာရှင် သူတော်စင်တို့ ကြည်လင်ရွှင်ပျ သဒ္ဒါကြလျက် အားရဝမ်းမြောက်ခြင်းငှါ။ ဘာတေဝ၊ ထိန်တရှန်းရှန်း တက် နေဝန်းသို့ တောက်ထွန်းလျက်သာ ရှိပါပေသတည်း။

မှတ်ချက်။ ။၁–ဓီရ–ပုဒ်+ဣဋ္ဌ–ဝိသေသတ္ထပစ္စည်း=ဓီရိဋ္ဌ–ထူးချွန်သော ပညာရှိ။ ပဒ-အရာဋ္ဌာန။

http://www.dhammadownload.com



၂။ သ ဗုဒ္ဓဃောသာဝှထိရဂ္ဂမိမာ၊
ဝိဒူန မစ္စန္တသမာဒရာ ဒါ။
သဘာဝဇံ ဗျတ္တိသသတ္တိလဒ္ဓံ၊
သိရိံ ဒဓာတေဝ သုဗုဒ္ဓဃောသော။

၂။ သုဗုဒ္ဓဃောသော၊ ဘုရားရှင်၏ ကောင်းသော ကျော်စောသံမျိုးရှိတော်မူသော။ သ ဗုဒ္ဓဃောသာဝှထိရဂ္ဂမိမာ၊ ထိုဗုဒ္ဓဃောသမည်တွင် ပညာရှင်မထေရ်မြတ်သည်။ ဝိဒူနံ၊ ပညာရှိတို့၏။ အစ္စန္တသမာဒရံ၊ စင်စစ် အရေးထား၍လေးစားခြင်းကို။ အာဒါ-အာဒါယ၊ သူမတူအောင် ယူဆောင်ရရှိခဲ့၍။ ဗျတ္တိသသတ္တိလဒ္ဓံ၊ ထင်ရှားလာသည့် မိမိ၏ စွမ်းရည်ကြောင့် ရအပ်သော။ ဝါ၊ ရအပ်သည်ဖြစ်၍။ သဘာဝဇံ၊ ဖန်တီးပြုပြင် အမွန်းတင်ရ ပယောဂမပါ အမှန်အတိုင်းသာ ဖြစ်လာသော။ သိရိံ၊ ဂုဏ်ကျက်သရေကို။ ဒဓာတေဝ၊ မေးမှိန်လျော့ပါး မပျက်ပြားအောင် ဆောင်ထားလျက်သာရှိပါပေသတည်း။

၃။ "သမ္ဗုဒ္ဓသေဋ္ဌေ ပရိနိဗ္ဗုတသ္မိံ၊
သံဝစ္ဆရာနံ ဒသမေ သတမှိ။
ဇာတော"တိ ဉာတော ဝိဗုဓေဟိ ဗုဒ္ဓ-
ဃောသက္ခုရော ပတ္တသမတ္တမာနီ။

၃။ ဝိဗုဓေဟိ၊ ပညာရှိတို့သည်။ ပတ္တသမတ္တမာနီ၊ ရအပ်မလွဲ ရမြဲဖြစ်သည့် သူခပ်သိမ်းတို့၏ မြတ်နိုးခြင်းရှိသော [၁]။ ဗုဒ္ဓဃောသက္ခုရော၊ အညွန့်အညှောက်ပမာ ဗုဒ္ဓဃောသအလောင်းအလျာကို။ သမ္ဗုဒ္ဓသေဋ္ဌေ၊ ဘုရားမြတ်စွာသည်။ ပရိနိဗ္ဗုတသ္မိံ၊ ပရိနိဗ္ဗာန် ဝင်စံပြီးလတ်သော်။ သံဝစ္ဆရာနံ၊ နှစ်တို့၏။ ဒသမေ သတမှိ၊ ဆယ်ခုမြောက်ဖြစ်သော ရာစုအတွင်း၌။ ဇာတောတိ၊ မွေးဖွားပေါ်ထွန်းခဲ့သည်ဟူ၍။ ဉာတော၊ ကမ္ဘာတလွှား ရှင်လူအများက ထင်ရှားသိအပ်ပေသတည်း။

မှတ်ချက်။ ။၁-သမတ္တ-ပုဒ် သဗ္ဗအနက်ဟော။ ပညာရှိတို့သည် သူခပ်သိမ်းတို့၏ မြတ်နိုးခြင်းကို ရမြဲဖြစ်သည်။ ထိုသို့သော မြတ်နိုးခြင်းကို အရှင်ဗုဒ္ဓဃောသ အလောင်းလျာ သူငယ်လည်း ရရှိသည်-ဟု ဆိုလို၏။

http://www.dhammadownload.com



၄။ ဝိညူ ဝိဒူ’မဿ ပုမဂ္ဂဇာတော၊
သဋ္ဌာတတံ ဒက္ခိဏဒေသဘာဂေ။
ရမ္မေ’န္ဒိယသ္မိံ သုဇနာကရသ္မိံ၊
တတ္တတ္ထမေသိန’မယံ ပဘီတိ။

၄။ ဝိညူ၊ ပညာရှိတို့သည်။ ဣမဿ၊ အရှင်ဗုဒ္ဓဃောသ အလောင်းအလျာ ပညာပြည့်ကြွယ် ဤသူငယ်၏။ ပုမဂ္ဂဇာတော၊ ယောကျ်ားမြတ်မွန် လူရည်ချွန် ပုဂ္ဂိုလ်ကျော်တို့၏ ဖြစ်ပေါ်ထွန်းကားရာဖြစ်သော။ ရမ္မေ၊ နှစ်ခြိုက် ရွှင်ပျော် မွေ့လျော်ဖွယ်လည်းကောင်းသော။ သုဇနာကရသ္မိံ၊ သူတော်ကောင်းများ ဖြစ်ပွါးတည်ရှိရာလည်းဖြစ်သော။ ဣန္ဒိယသ္မိံ၊ အိန္ဒိယနိုင်ငံ၌။ ဒက္ခိဏဒေသ-ဘာဂေ၊ တောင်ပိုင်းအရပ်၌။ သဋ္ဌာတတံ၊ ကောင်းစွာမွေးဖွား ကြီးပွါးလာခဲ့သည်၏ အဖြစ်ကို။ ဝိဒူ၊ အထောက်သာဓက သဲလွန်စဖြင့် သိမှတ်ကြလေကုန်ပြီ။ အယံ၊ ဤသည်ကား။ တတ္တတ္ထမေသိနံ၊ မှန်ကန်သော အချက်အလက် အဖြစ်အပျက် အကြောင်းအရာကို ဖွေရှာနိုင်းညှိ ပညာရှိတို့၏။ ပဘီတိ၊ ဝေဘန် သိမှတ် ဆုံးဖြတ်ယူဆချက်ပေတည်း။

၅။ **မောရဏ္ဍဂါမမှိ သ တတ္ထ ဇာတော၊**
ပုညာနိတော ဝိပ္ပကုလမှိ သမ္မာ။
သူရဿ လောကတ္ထသမာဝဟတ္ထံ၊
ဥပ္ပဇ္ဇနာယာ’ဒျရုဏောဝ ရံသိ။

၅။ လောကတ္ထသမာဝဟတ္ထံ၊ ကမ္ဘာသူကမ္ဘာသား သတ္တဝါများအကျိုး သည်ပိုးရွက်ဆောင်ခြင်းငှါ။ သူရဿ၊ နေမင်း၏။ ဥပ္ပဇ္ဇနာယ၊ ထွက်ပေါ်လာရေး အတွက်။ အာဒိ၊ အဦးအစဖြစ်သော။ အရုဏော ရံသိ၊ အရုဏ်ရောင်သည်။ (ဇာယတိ ဣဝ၊ ကြိုတင်ပြီးကာ ဖြစ်ပေါ်လာသကဲ့သို့။) သ၊ ထိုအရှင်ဗုဒ္ဓ-ဃောသအလောင်းလျာ သူငယ်သည်။ တတ္ထ၊ ထိုအိန္ဒိယတောင်ပိုင်း၌။ မောရဏ္ဍ-ဂါမမှိ၊ မောရဏ္ဍရွာ၌။ ပုညာနိတော။ ကောင်းမှုတို့က ဆောင်ပို့အပ်သည်ဖြစ်၍။ ဝိပ္ပကုလမှိ၊ ဗြာဟ္မဏအမျိုးအနွယ်၌။ သမ္မာ၊ ချမ်းချမ်းသာသာ ကောင်းမွန်စွာ။ ဇာတော၊ မွေးဖွားခဲ့လေ၏။

http://www.dhammadownload.com



၆။ သံဝဒ္ဓဗုဒ္ဓိ သ ပဝုဒ္ဓိပတ္တော၊
အာရာမယံ ဉာတိဂဏံ သဒေဝ။
ဝေဒေသု ဝိဇ္ဇာသု တဒညသိပ္ပ-
ဂန္ထေသွ'နာယာသပဝိဏတာ'ဂါ။

၆။ သ၊ ထိုအရှင်ဗုဒ္ဓဃောသအလောင်းလျာသူငယ်သည်။ ပဝုဒ္ဓိပတ္တော၊ ကြီးပွါးခြင်းသို့ရောက် လူလားမြောက်လတ်သော်။ သံဝဒ္ဓဗုဒ္ဓိ၊ အလွန်တိုးတက်သော ဉာဏ်ပညာရှိသည်ဖြစ်၍။ သဒေဝ၊ အခါမလတ် မပြတ်သာလျှင်။ ဉာတိဂဏံ၊ ဆွေမျိုးအပေါင်းကို။ အာရာမယံ၊ နှစ်သက်ရွှင်ပျ အားရဝမ်းမြောက်စေလျက်။ ဝေဒေသု၊ ဝေဒကျမ်းတို့၌၎င်း။ ဝိဇ္ဇာသု၊ နှုတ်မှုပညာ စာပေကျမ်းဂန်တို့၌၎င်း။ တဒညသိပ္ပဂန္ထေသု စ၊ ထိုမှတပါး အခြားသိပ္ပံကျမ်းဂန်တို့၌၎င်း။ အနာယာသပဝိဏတံ၊ မခက်ခဲတန်း ပင်ပန်းမရှိ လွယ်ကူစွာ တတ်သိကျွမ်းကျင်သူအဖြစ်သို့။ အာဂါ၊ ဆိုက်ရောက်ခဲ့လေပြီ။

၇။ သုဒ္ဓါဓိမုတ္တိန ဝိဝေစနေန၊
သာရေန'သာရေတိ ဝိဝိဉ္စမာနော။
ဝေဒေသွ'သာရတ္တ'မဗုဇ္ဈိ ယသ္မာ၊
တုဋ္ဌိံ သ နာပဇ္ဇိ သုတေန သေန။

၇။ သ၊ ထိုအရှင်ဗုဒ္ဓဃောသ အလောင်းလျာ လုလင်သည်။ သုဒ္ဓါဓိမုတ္တိနံ၊ စင်ကြယ်သန့်ရှင်း အပြစ်ကင်းသည့် အတွင်းဓာတ်ခံ ဖြောင့်မှန်သော အဇ္ဈာသယရှိသူတို့၏။ ဝိဝေစနေန၊ ဝေဘန်စိစစ်ခြင်းမျိုးဖြင့်။ သာရေန အသာရေတိ၊ အနှစ်သာရ ရှိလေသလော မရှိလေသလောဟူ၍။ ဝိဝိဉ္စမာနော၊ ဝေဘန်စိစစ်လတ်သော်။ ဝေဒေသု၊ ဝေဒတို့၌။ အသာရတ္တံ၊ အနှစ်သာရကင်းပသည်၏ အဖြစ်ကို။ ယသ္မာ၊ အကြင်ကြောင့်။ အဗုဇ္ဈိ၊ ဉာဏ်ဖြင့်ထင်ထင်သိမြင်ခဲ့လေပြီ။ တသ္မာ၊ ထိုကြောင့်။ သေန သုတေန၊ မိမိဉစ္စာအမှန် ဝေဒကျမ်းဂန်ဟူသော သုတဖြင့်။ တုဋ္ဌိံ၊ နှစ်သက်စိတ်ချ အားရကျေနပ်ခြင်းသို့။ နာပဇ္ဇိ၊ မရောက်နိုင်ပဲ ရှိခဲ့လေပြီ။

http://www.dhammadownload.com



၈။ အနွေသတော တဿ ပသတ္ထသာရံ၊
သဒ္ဓမ္မသာရော သဝနေန လဒ္ဓေါ။
နိန္နောဝ ဗုဒ္ဓဿ သ သာသနမှိ၊
ဥဿာဟဇာတော ပဂမာယ တတ္ထ။

၈။ ပသတ္ထသာရံ၊ ကောင်းမြတ်သော အနှစ်သာရကို။ အနွေသတော၊ **အစဉ်တစိုက်** လိုက်လံမေးမြန်း စုံစမ်းရှာဖွေသော။ တဿ၊ ထိုအရှင်ဗုဒ္ဓဃောသ အလောင်းလျာ လုလင်သည်။ သဒ္ဓမ္မသာရော၊ သူတော်ကောင်းတရား အစစ်အနှစ်သာရကို။ သဝနေန၊ နာခံမှတ်သား အကြားအားဖြင့်။ လဒ္ဓေါ၊ ရအပ်လေပြီ။ သ၊ ထိုအရှင်ဗုဒ္ဓဃောသအလောင်းလျာ လုလင်သည်။ ဗုဒ္ဓဿ-သာသနမှိ၊ ဘုရားသာသနာတော်၌။ နိန္နောဝ၊ ညွတ်သည်ဖြစ်၍သာလျှင်။ တတ္ထ၊ ထိုသာသနာတော်သို့။ ဥပဂမာယ၊ **ကပ်ရောက်ခြင်းငှါ**။ ဥဿာဟ-ဇာတော၊ ဖြစ်သော ကြိုးစားခြင်း အလွန်အမင်း ရှိခဲ့လေပြီ။

၉။ ဓမ္မာဘိလာသီ သ ဝိရောစိ တတ္ထ၊
သံလဒ္ဓပဗ္ဗဇ္ဇုပသမ္ပဒေါဝ။
ထေရေ ပသက်မ္မ **ဝိသုဒ္ဓထေရ-**
**ဝါဒီနိကာယမှိ** ပတီတပညေ။

၉။ ဓမ္မာဘိလာသီ၊ တရားတော်ကို လိုလားသည့် အလေ့ရှိသော။ သ၊ ထိုအရှင်ဗုဒ္ဓဃောသ အလောင်းလျာလုလင်သည်။ ဝိသုဒ္ဓထေရဝါဒီ နိကာယမှိ၊ ဝိသုဒ္ဓထေရ ဝါဒနွယ်ဝင် ထေရ်အရှင်တို့၏ ဂိုဏ်း၌။ ပတီတပညေ၊ ကျော်စောထင်ရှားသည့် ပညာရှိ ဖြစ်ကုန်သော။ ထေရေ၊ မထေရ်တို့ကို။ ဥပသက်မ္မ၊ ချဉ်းကပ်၍။ တတ္ထ၊ ထို သာသနာတော်၌။ သံလဒ္ဓပဗ္ဗဇ္ဇုပသမ္ပဒေါဝ၊ နည်းလမ်းကျန ကောင်းစွာရသော ဘဝအသစ် ရှင်ရဟန်းအဖြစ် ရှိသည်ဖြစ်၍သာလျှင်။ ဝိရောစိ၊ သီလစသည် မြတ်ဂုဏ်ရည်ဖြင့် စိုပြည်ရွှန်းလဲ့ တင့်တယ်ခဲ့လေပြီ။

၁၀။ တဒါ ဟိ သံ ဒက္ခိဏဗ္ဗုန္ဒိယမှိ၊
နိဝါသိနော ထေရိယဝံသဇာတာ။
တဒညဝါဒီ စ မုနီ မုနိန္ဒ-
မတံ ယထာလဒ္ဓိ ပကာသယန္တာ။

http://www.dhammadownload.com



၁၀။ ဟိ၊ ထေရဝါဒီမထေရ်မြတ်များ ထံတော်ပါး၌ တရားရှာလစ် ရဟန်း ဖြစ်သည်မှာ မှန်လှပါပေ၏။ တဒါ၊ ထိုခေတ်အခါ၌။ ဒက္ခိဏဂ္ဂန္ဒိယမှ၊ တောင် ပိုင်းအိန္ဒိယပြည်၌။ ထေရိယဝံသဇာတာ၊ ထေရဝါဒအဆက်အနွယ်၌ ဖြစ်ကုန် သော။ မုနီ စ၊ ရဟန်းတော်တို့သည်ရင်း။ တဒညဝါဒီ၊ ထိုထေရဝါဒမှတပါး တခြားအယူအဆ ဝါဒရှိကုန်သော။ မုနီ စ၊ မဟာယာနဂိုဏ်းဝင် အရှင်ရဟန်း တော်တို့သည်ရင်း။ မုနိန္ဒမတံ၊ ဘုရားအလိုတော်မြတ် ပိဋကတ်ကို။ ယထာလဒ္ဓိ၊ မိမိ မိမိတို့၏ အယူအဆ သဘောကျသည့်အတိုင်း။ ပကာသယန္တာ၊ ဟောကြား ညွှန်ပြကုန်လျက်။ နိဝါသိနော၊ သီတင်းသုံးနေထိုင်တော်မူကုန်သည်။ အာသုံ၊ ဖြစ်ကုန်၏။

၁၁။ သဒ္ဓမ္မသာရာဓိဂမာယ ဘိယျော၊
ပါဠိံ သမုဂ္ဂဏှိ ဇိနေရိတံ, သာ။
ဇိဝှဂ္ဂလီလာ မနသာ'သိတာ'ဿ၊
လက္ခိံဝ ပုညေ နိဝသံ ဗဘာသ။

၁၁။ သ၊ ဗုဒ္ဓဃောသ ဘွဲ့မည်ရမည့် ဓမ္မမွေလျော် ထိုရဟန်းတော်သည်။ ဘိယျော၊ လွန်ကဲများပြားစွာ။ သဒ္ဓမ္မသာရာဓိဂမာယ၊ သုံးဖြာသဒ္ဓမ္မ အနှစ် သာရတို့ကို ဒိဋ္ဌသိရန်အလို့ငှါ။ ဇိနေရိတံ၊ ဘုရားရှင်ဟောတော်မူအပ်သော။ ပါဠိံ၊ ပိဋကပါဠိကို။ သမုဂ္ဂဏှိ၊ ကောင်းစွာသင်ယူခဲ့လေပြီ။ လက္ခိ၊ ကျက်သရေ သည်။ ပုညေ၊ လွန်ကဲထူးခြား ကောင်းမှုများသောသူ၌။ နိဝသံ၊ ပြည့်စုံသန့်ရှင်း မပျက်ယွင်းပဲ မကင်းမကွာ စွဲမြဲစွာမှီနေလျက်။ ဘာတိ ဣဝ၊ တောက်ပြောင် တိုးပွါး ထင်ရှားဘိသကဲ့သို့။ သာ၊ ထိုပိဋကပါဠိသည်။ အဿ၊ ဗုဒ္ဓဃောသ ဘွဲ့မည်ရမည့် ဓမ္မမွေလျော် ထိုရဟန်းတော်၏။ ဇိဝှဂ္ဂလီလာ၊ လျှာဖျား၌ ကျက်စားလွန့်လူး ကွန့်မြူးတင့်တယ်လျက်။ မနသိ၊ စိတ်နှလုံး၌။ အာသိတာ၊ အစဉ်မကွာ စွဲမြဲစွာမှီနေသည်ဖြစ်၍။ ဗဘာသ[၁]၊ သန့်ရှင်းပြည့်စုံ ကောင်းခြင်း ဂုဏ်ကို အကုန်ဆောင်လျက် ထွန်းပြောင်တောက်ပခဲ့လေသတတ်။

မှတ်ချက်။ ၁-ဗဘာ့ဝ ကဲ့သို့ ပရောက္ခာဝိဘတ်ဖြင့် ပြီးသည်။

http://www.dhammadownload.com



၁၂။ ဇေဝံ တမုဂ္ဂဏှ်မဗောဓိ သမ္မာ၊
“ကောယနော်ယံ သုဝိသုဒ္ဓိယာတိ။
မဂ္ဂေါ ဝိဝဋ္ဋာဓိဂမာယ” တတ္တော-
ယျောဂံ သမာပဇ္ဇိ ပရံ ပရတ္ထိ။

၁၂။ သ၊ ဗုဒ္ဓဃောသ ဘွဲ့မည်ရမည့် ဓမ္မမွေလျှော် ထိုရဟန်းတော်သည်။ ဇေဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ တံ၊ ထိုပိဋကပါဌ်ကို။ ဥဂ္ဂဏှံ၊ နှုတ်ငုံမှတ်စွဲ သင်ယူဆဲ ပင်လျှင်။ “အယံ၊ အဋ္ဌင်္ဂိက စင်ကြယ်လှသည့် မဗ္ဗလမ်းကြောင်း ဤအကျင့် ကောင်းသည်။ သုဝိသုဒ္ဓိယာ၊ ကိလေသာအညစ်အကြေး ကင်းဝေးသန့်ရှင်း ကောင်းစွာစင်ကြယ်ခြင်းငှါ။ ဝိဝဋ္ဋာဓိဂမာယ၊ နိဗ္ဗာန်ထုတ်ချောက် ဉာဏ်မြင် ပေါက်၍ မျက်မှောက်ရသိခြင်းငှါ။ ကောယနော၊ တကြောင်းခရီး တလမ်း တည်းသာဖြစ်သော။ မဂ္ဂေါ၊ လမ်းကြောင်းပေတည်း”။ ဣတိ၊ ဤသို့။ သမ္မာ- အဗောဓိ၊ ဖြောင့်မှန်စွာပင် ဉာဏ်ဖြင့်မြင်၍ သက်ဝင်သဘောကျလေပြီ။ တသ္မာ၊ ထိုသို့နိဗ္ဗာန် သွားရန်လမ်းကား တခြားမရှိ ဤလမ်းသာရှိသည်ဟု မြင်သိသဘောကျလေသောကြောင့်။ ပရတ္ထိ၊ နိဗ္ဗာန်ကို အလိုရှိသော။ သ၊ ဗုဒ္ဓ- ဃောသ ဘွဲ့မည်ရမည့် ဓမ္မမွေလျှော် ထိုရဟန်းတော်သည်။ တတ္ထ၊ထိုပိဋကပါဌ်၌။ ပရံ ဥယျောဂံ၊ လွန်လွန်ကဲကဲ စွဲမြဲစွာ ကြိုးစားခြင်းသို့။ အာပဇ္ဇိ၊ ရောက်ခဲ့လေပြီ။

၁၃။ သဘာဝပညာ မဟတိ စ သတ္တ-
န္တရေပလဒ္ဓါ ဝိပုလာ ဝိဇ္ဇာ။
တေန’ဿ ဗုဒ္ဓေါတ္တိသမုဒ္ဒတိဏ္ဏော၊
အကိစ္စသာဓိတ္တပဘာဝ’မညာ။

၁၃။ အဿ၊ ဗုဒ္ဓဃောသ ဘွဲ့မည်ရမည့် ဓမ္မမွေလျှော် ထိုရဟန်းတော်၏။ သဘာဝပညာ စ၊ တိဟိတ်ယှဉ်ပေ သန္ဓေတည်စ ခါကာလမှ တကွပါလာ ပင်ကိုရင်း ဉာဏ်ပညာသည်လည်း။ မဟတိ၊ ထက်မြက်ဖွံ့ထွား ကြီးမားလှပါပေ၏။ သတ္တန္တရေပလဒ္ဓါ၊ ပိဋကတော်မှတပါး အခြားလောကီ အလီလီသောကျမ်းတို့မှ ရအပ်သော။ ဝိဇ္ဇာ စ၊ စာပေဆိုင်ရာ အတတ်ပညာသည်လည်း။ ဝိပုလာဝ၊ ပြန့်ပြောတိုးပွါး များပြားလှသည်သာတည်း။ တေန၊ ထိုကြောင့်။ အဿ၊ ဗုဒ္ဓဃောသ ဘွဲ့မည်ရမည့် ဓမ္မမွေလျှော် ထိုရဟန်းတော်၏။ ဗုဒ္ဓေါတ္တိ သမုဒ္ဒတိဏ္ဏော၊

http://www.dhammadownload.com



ဘုရားဟောဖော် စကားတော်မြတ် ပိဋကတ်သုံးဖြာ သမုဒ္ဒြာကို လျှင်စွာမနှေး ကူးခတ်ရေး၌။ အကိစ္ဆသာဓိတ္တပဘာဝံ၊ အလွယ်တကူ ပြီးစေနိုင်သူဖြစ်ကြောင်း စွမ်းရည်သတ္တိအပေါင်းကို။ အညာ-အညာယ၊ မျက်မြင်ဒိဋ္ဌ သိရှိတော်မူကြ၍။

၁၄။ ဗုဒ္ဓဿ ကိတ္တိဝ သုကိတ္တိဃောသော၊
ဝတ္တိဿတေ စွဿ ဂရူ ဝိယတ္တာ။
အတ္တာဝိနွိတံ နာမမကံသု ဗုဒ္ဓ-
**ဃောသောတိ** သမ္မုဒ္ဓမတင်္ဂတဿ။

၁၄။ သမ္မုဒ္ဓမတင်္ဂတဿ၊ ဘုရားရှင်အလို ထိုထိုအဆုံးအမ ဩဝါဒကို နိစ္စ မပြတ် လိုက်နာပြုကျင့်တတ်သော။ အဿ၊ ဗုဒ္ဓဃောသ ဘွဲ့မည်ရမည့် ဓမ္မမွေ့ လျော် ထိုရဟန်းတော်၏။ ဝိယတ္တာ၊ အဖက်ဖက်၌ ထက်မြက်ဉာဏ်မြင် ပညာရှင် ဖြစ်တော်မူကုန်သော။ ဂရူ၊ ဆရာသခင် ထေရ်အရှင်တို့သည်။ အဿ၊ ဤ ရဟန်းငယ်၏။ သုကိတ္တိဃောသော၊ ကောင်းသောကျော်စောသံသည်။ ဗုဒ္ဓဿ ကိတ္တိဝ၊ ဘုရားရှင်၏ ကျော်စောခြင်းကဲ့သို့ပင်။ ဝတ္တိဿတေ၊ ဖြစ်ပေလိမ့်မည်။ ဣတိ၊ ဤသို့နောင်ရေး မြော်တွေးထင်မြင် ဆင်ခြင်ကြကုန်၍။ အဿ၊ ထို ရဟန်းငယ်အား။ ဗုဒ္ဓဃောသောတိ၊ **ဗုဒ္ဓဃောသဟူ၍**။ အတ္တာဝိနွိတံ နာမံ၊ အနက်အရ လျော်ညီလှသည့် အနွတ္ထဘွဲ့အမည်ကို။ အကံသု၊ မှည့်ခေါ် မှတ်သား ပေးထားကြလေကုန်ပြီ။

၁၅။ **မယူရဒူတဝှယပဋ္ဋနသ္မိံ၊**
နိဝဿ **ကဉ္စိဝှပုရာဒိကေ** စ။
**သ အန္ဓကာချာတသဒေသိယဋ္ဌ-**
**ကထံ** သမုဂ္ဂဏှိ သမာဟိတတ္တော။

၁၅။ သမာဟိတတ္တော၊ စွဲမြဲတည်ကြည်သောစိတ် ရှိသော။ သ၊ ထိုအရှင် ဗုဒ္ဓဃောသသည်။ မယူရဒူတဝှယပဋ္ဋနသ္မိံ၊ မယူရဒူတ အမည်ရသော ဆိပ်ကမ်း မြို့၌ရင်း။ ကဉ္စိဝှပုရာဒိကေ စ၊ ကဉ္စိပုရ **အစရှိသောမြို့၌ရင်း**။ နိဝဿ၊ သီတင်း သုံးနေထိုင်၍။ အန္ဓကာချာတသဒေသိယဋ္ဌကထံ၊ အန္ဓကဟု ခေါ်ဆိုအပ်သည့် မိမိတိုင်းရင်းဖြစ် အဋ္ဌကထာကို။ သမုဂ္ဂဏှိ၊ ကောင်းစွာသင်ကြား ကျက်စား လေ့လာခဲ့လေပြီ။

http://www.dhammadownload.com



၁၆။ တာဝတ္တကေန'ဿ သုမေဓသဿာ-
သန္တုဋ္ဌစိတ္တဿ တတုတ္တရိမ္ပိ။
သမ္ဗုဒ္ဓဝါကျိသု သမတ္တမတ္ထံ၊
အညာတုမိစ္ဆာ မဟတီ အဇာယိ။

၁၆။ တာဝတ္တကေန၊ အန္တကသညာ တိုင်းရင်းဖြစ် အဋ္ဌကထာကို လေ့လာသင်ရ ထို အတိုင်းအရှည်မျှဖြင့်။ အသန္တုဋ္ဌ စိတ္တဿ၊ အားမရသေးပဲ မရောင့်ရဲသောစိတ် ရှိသော။ သုမေဓသဿ၊ ကောင်းသောဉာဏ်ပညာ ရှိတော်မူသော။ အဿ၊ ထို အရှင်ဗုဒ္ဓဃောသ၏။ ဝါ၊ အား။ တတုတ္တရိမ္ပိ၊ ထိုထက်အလွန်လည်း။ သမ္ဗုဒ္ဓဝါကျိသု၊ မြတ်စွာဘုရား စကားတော်မြတ် ပိဋကတ်တော်တို့၌။ သမတ္တံ အတ္ထံ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံသော အနက် အဓိပ္ပါယ်ကို။ အညာတုံ၊ သိနားလည်ရန်အတွက်။ မဟတီ ဣစ္ဆာ၊ ကြီးမားသော အလိုဆန္ဒသည်။ အဇာယိ၊ ထက်ထက်သန်သန် ဖြစ်ခဲ့ပြန်လေသတည်း။

၁၇။ မဟာမဟိန္ဒာဒိဝသီဝရေဘိ၊
သမာဘတာ ယာ'ဋ္ဌကထာ သသာရာ။
သထေရဝါဒါ သုဝိနိစ္ဆယာ စ၊
တဒါ ဝိဘာတာ ဝတ လက်ယာ'သုံ။

၁၇။ မဟာမဟိန္ဒာဒိဝသီဝရေဘိ၊ မဟာမဟိန္ဒစသော ရဟန္တာအရှင်မြတ်တို့သည်။ သသာရာ၊ အနှစ်သာရ ရှိကြပေကုန်သော။ ယာ အဋ္ဌကထာ၊ အကြင် အဋ္ဌကထာတို့ကို။ သမာဘတာ၊ မူရင်းမပျက် ဆက်လက်ကောင်းစွာ ဆောင်ယူလာခဲ့ကုန်ပြီ။ တာ အဋ္ဌကထာ၊ ထို အဋ္ဌကထာ တို့သည်။ တဒါ၊ ထိုအခါ၌။ သထေရဝါဒါ စ၊ ထေရဝါဒတို့နှင့်တကွ ဖြစ်ကြကုန်၍ရင်း။ သုဝိနိစ္ဆယာ စ၊ ပြည့်စုံကောင်းမြတ် အဆုံးအဖြတ် ရှိကြကုန်၍ရင်း။ လက်ယာ လက်ဿယ [၁]၊ သီဟိုဠ်ကျွန်း၌။ ဝိဘာတာ၊ ထင်ရှားထွန်းပြောင်ကုန်သည်။ အာသုံ ဝတ၊ ဖြစ်လေကုန်ပြီတကား။

မှတ်ချက်။ ။၁-သက္ကရောပမယာ-ဟူသော ဋီကာကျော်၌ကဲ့သို့ ဝိပရိတ်ပြန်ထားသည်။ သက္ကတဘာသာ၌ကား ဤပုဒ်ပြီးပုံမျိုးမှာ ဝိပရိတ်မဟုတ်၊ ပကတိအရိုးအစဉ်ပင် ဖြစ်သည်။

http://www.dhammadownload.com



၁၇။ ပဝတ္တိမေတံ ဝိဒိယဿ မေတ-
ဒဟောသိ"ယံ နူန ဘိရာမလက်ံ။
အလက်ရေန္တိံ ရတနာကရံဝ၊
ဥပေစ္စ သိက္ခေ'ဋ္ဌကထာ မဟန္တိ။

၁၇။ တော် ပဝတ္တိံ၊ ဤအကြောင်းအရာကို။ ဝိဒိယ၊ သိရ၍။ အဿ၊ ထို အရှင်ဗုဒ္ဓဃောသအား။ တော်၊ ဤအကြံသည်။ အဟောသိ၊ ဖြစ်လေပြီ။ အဟံ၊ ငါသည်။ ရတနာကရံ၊ သမုဒ္ဒရာကို။ အလက်ရေန္တိံ ဣဝ၊ ရှုချင်ဖွယ်ရာ တန်ဆာဆင်ပေးသည်နှင့်တူသော။ အဘိရာမလက်ံ၊ ပျော်မွေ့ဖွယ်ရာ ပင်လယ် မှာထွန်း သီဟိုဠ်ကျွန်းသို့။ ဥပေစ္စ၊ ချဉ်းကပ်သွားရောက်၍။ မဟန္တိအဋ္ဌကထာ၊ မဟာ အဋ္ဌကထာတို့ကို။ သိက္ခေ၊ လေ့လာမှတ်သား သင်ကြားရပါမူ။ ယန္နူန၊ ကောင်းလိမ့်မည်တကား။

၁၉။ တာ ဘာသယာ သီဟဠိကာယ ရစ္စာ၊
တန္တိံ သမာရောပျ နဝံ ကရေယျံ။
ဝေဠု ဒေသန္တရိယာန ဗုဒ္ဓ-
မာနီန'မတ္ထံ ခလု သာဓယေ"တိ။

၁၉။ သီဟဠိကာယ ဘာသယာ-ဘာသာယ၊ သီဟိုဠ်ဘာသာဖြင့်။ ရစ္စာ၊ ရေးသားအပ်ကုန်သော။ တာ၊ ထိုအဋ္ဌကထာတို့ကို။ တန္တိံသမာရောပျ၊ ပါဠိ- မာဂဓ ဝေါဟာရသို့ မူလနက်ပင် မပျက်တင်၍။ နဝံ၊ အဋ္ဌကထာသစ်ကို။ ကရေယျံ၊ ပြုစီရင်ရပါမူ။ ယန္နူန၊ကောင်းလိမ့်မည်တကား။ ဟိ၊ အကျိုးကား။ ဧဝံ၊ ဤသို့ မာဂဓဘာသာ အဋ္ဌကထာကျမ်းသစ် ပြုဖြစ်သည်ရှိသော်။ ဒေသန္တ- ရိယာနံ၊ တိုင်းတပါး၌ ဖြစ်ပွါးနေထိုင်လေ့ရှိကုန်သော။ ဗုဒ္ဓမာနီနံ၊ ဘုရားကို မြတ်နိုးသူ ရဟန်း ရှင် လူ တို့၏။ အတ္ထံ၊ အကျိုးစီးပွါးကို။ ခလု၊ စင်စစ်။ သာဓယေ၊ ပြီးစေနိုင်ရာ၏။ ဣတိ၊ ဤသို့ အကြံအစည် ဖြစ်လေပြီ။

၂၀။ ပုရေ စ လက်ာဂတသာသနံ ယံ၊
သုနိမ္မလိန္ဒုဝ ဟိမာဒိမုတ္တော။
ပဘာသိ, ကိသ္မိဥ္စိ တဒါ'ညဝါဒ-
မနာကုလံ တာ' ကုလတံ ဇဂါမ။

http://www.dhammadownload.com



၂၀။ စ၊ အလျဉ်းသင့်လာ ဆိုဖွယ်ရာတရပ် ကြားညှပ်၍ ပြလိုက်ဦးအံ့။ ပုရေ၊ ရှေးအခါ၌။ ယံ လင်္ကာဂတသာသနံ၊ သီဟိုဠ်၌ရောက်လာ အကြင်သာသနာတော်သည်။ ဟိမာဒိမုတ္တော၊ ဆီးနှင်းအစ ပြစ်ဒေါသမှ ကင်းပလွတ်မြောက်သော။ သုနိမ္မလိန္ဒုဝ၊ အလွန်သန့်ရှင်း ထိန်ထိန်လင်းသော လမင်းအသွင်ကဲ့သို့။ ပဘာသိ၊ ညစ်ကြေးကင်းရှင်း ရောင်ဝါကျင်းလျက် ထွန်းလင်းတောက်ပခဲ့လေပြီ။ အညဝါဒမနာကုလံ၊ ဝါဒတပါးတို့ဖြင့် ထွေပြားရှုပ်ခြင်းလုံးဝကင်း၍ သန့်ရှင်းစင်ကြယ်ခဲ့သော။ တံ၊ ထို သီဟိုဠ်သာသနာသည်။ တဒါ၊ အရှင်ဗုဒ္ဓဃောသ အကြံကောင်းရ၍ ဆန္ဒဖြစ်လာ ထိုစဉ်အခါ၌။ ကိသ္မိဉ္စိ၊ အချို့ နိကာယ ဂိုဏ်းဂဏ၌။ အာကုလတံ၊ ဝါဒအထွေထွေ ရှုပ်ပွေရောယှက်ခြင်းသို့။ ဇဂါမ၊ ဝမ်းနည်းစရာ ရောက်ခဲ့ရှာလေပြီ။

၂၁။ ဇိနမှိ နိဗ္ဗာနဂတေ ဟိ ဝဿ-
သတန္တရေ သာသနိကာ သမဂ္ဂါ။
သမာနဝါဒါ ဇိနသာသနမှိ၊
န ကောစိ ဘေဒေါပိ တဒါ အဟောသိ။

၂၁။ ဟိ၊ ထိုစကားကို ထင်ရှားစေဦးအံ့။ ဇိနမှိ၊ မြတ်စွာဘုရားသည်။ နိဗ္ဗာနဂတေ၊ ပရိနိဗ္ဗာန် ဝင်စံတော်မူပြီးလတ်သော်။ ဝဿသတန္တရေ၊ အနှစ်တရာအတွင်း၌။ သာသနိကာ၊ သာသနာဝင် ထေရ်အရှင်တို့သည်။ ဇိနသာ-သနမှိ၊ ဘုရားမြတ်စွာ သာသနာတော်၌။ သမာနဝါဒါ၊ မကွဲမပြား တသားတည်း တူမျှသည့် အယူအဆရှိကုန်သည်ဖြစ်၍။ သမဂ္ဂါ၊ တပေါင်းတည်း မပျက်ညီညွတ်လျက်ရှိပေကုန်၏။ တဒါ၊ အနှစ်တရာ ထိုအချိန်အခါ၌။ ကောစိပိ ဘေဒေါ၊ မပြောပစဖွယ် အနည်းငယ်မျှသော အကွဲအပြား သော်လည်း။ န အဟောသိ၊ မပေါ်ပေါက်ခဲ့ဘူးပေ။

၂၂။ ပဋ္ဌာ စ သဒ္ဓမ္မဒုမာယတော ဘျ—
ဓမ္မေဟိ ဝါတေဟိ ပဋိစ္စ ပါပေ။
ဇာတေဟိ သံဝိဂ္ဂမနာ သမာယ၊
ထေရေ'သ'မုယျော ဂ'မကံသု ဒင္ဃံ။

http://www.dhammadownload.com



၂၂။ ပစ္ဆာ စ၊ အနှစ်တရာမှ နောက်ကာလ၌မူကား။ ပါပေ၊ ယုတ်မာသော ရဟန်းတို့ကို။ ပဋိစ္စ၊ အစွဲပြု၍။ ဇာတေဟိ၊ ဖြစ်ပေါ်လာကုန်သော။ သဒ္ဓမ္မဒူမာဟတေဘိ၊ သဒ္ဓမ္မသုံးဖြာ သာသနာဖြူစင် မြတ်သစ်ပင်ကို တိုးဝင်တိုက်ခတ်ကုန်သော။ အဓမ္မေဟိ ဝါတေဟိ၊ အဓမ္မဝါဒ ယူဆရိုင်းစိုင်း လေမုန်တိုင်းတို့ကြောင့်။ သံဝိဂ္ဂမနာ၊ မြှော်တွေးစိုးထိတ် သံဝေဂစိတ် ရှိတော်မူကုန်သော။ ထေရာ၊ မထေရ်တို့သည်။ ဧသံ၊ ဤအဓမ္မဝါဒ ယူဆရိုင်းစိုင်း လေပြင်းမုန်တိုင်းတို့၏။ သမာယ၊ ငြိမ်းပျောက်ကင်းရှင်း ရပ်စဲခြင်းငှါ။ ဒဠှံ၊ မြဲမြံစွာ။ ဥယျောဂံ၊ ကြိုးပမ်းအားထုတ်ခြင်းကို။ အကံသု၊ ပြုတော်မူလေကုန်ပြီ။

၂၃။ **သင်္ဂီတိယော** ကစ္စ သုပေသလေဟိ၊
နိဂ္ဂယှမာနာပိ ထိရေဟိ ဒဠှံ။
ဆိန္နာပိ ရုက္ခာ'ဿု ပုနေ၁ရုဟာ၀ါ–
ကာသုံ၀ ဓမ္မံ ဝိနယာ'ညထာ တေ။

၂၃။ သုပေသလေဟိ၊ သီလသိက္ခာကို လွန်စွာအားကိုး ချစ်မြတ်နိုးကုန်သော။ ထိရေဟိ၊ မထေရ်အရှင်မြတ်တို့သည်။ သင်္ဂီတိယော ကစ္စ၊ သင်္ဂါယနာတင်ကိစ္စ ပြုလုပ်ကြကုန်၍။ ဒဠှံ၊ မြဲမြံစွာ။ နိဂ္ဂယှမာနာပိ၊ နှိပ်ကွပ်အပ်ပါကုန်သော်လည်း။ (တေ-နှင့်စပ်) ရုက္ခာ၊ သစ်ပင်တို့သည်၊ ဆိန္နာပိ၊ ခုတ်ဖြတ်အပ်ကုန်သော်လည်း။ ပုနေ၁ရုဟာ၊ နောက်ထပ်တဖန် ပေါက်မြဲပေါက်ပြန်ကုန်သည်။ အဿု ဣဝ၊ ဖြစ်ကုန်ရာသကဲ့သို့။ တေ၊ ထို အဓမ္မဝါဒီတို့သည်။ ဓမ္မံ၊ သုတ်အဘိဓမ္မာကိုရှင်း။ ဝိနယံ၊ ဝိနည်းကိုရှင်း။ အညထာ၊ အမှန်မှတပါး အမှားအားဖြင့်။ အကာသုံ၀၊ ပြုမြဲတဖန် ပြုကြပြန်ကုန်သည်သာတည်း။

၂၄။ နာနာဂဏာ တေ စ အနေကဝါဒါ၊
သံသဂ္ဂကာရာ ဇိနသာသနေ'သုံ။
ဝါဒေဘိ အညေဟိ ဇိနေရိတေဘျ–
သုဒ္ဓါယမာနာ ဝိနယဉ္ဇ ဓမ္မံ။

၂၄။ တေ၊ ထိုအဓမ္မဝါဒီတို့သည်။ နာနာဂဏာ စ၊ အမျိုးမျိုးအစားစား ကွဲပြားသော ဂိုဏ်းရှိကုန်သည်ရှင်း။ အနေကဝါဒါ စ၊ ဂိုဏ်းကွဲသည်နှင့်အမျ

http://www.dhammadownload.com



ဝါဒအစားစား များပြားသော အယူရှိကုန်သည်ရှင်း။ (ဟုတွာ၊ ဖြစ်ကုန်၍။) ဇိနသာသနေ၊ ဘုရားအဆုံးအမ ဓမ္မဝိနယ၌။ သံသဂ္ဂကာရာ၊ နှုတ်ပယ်ဖြည့်စွက် ရောယှက်ခြင်းကို ပြုကုန်လျက်။ ဇိနေရိတေဘိ၊ မြတ်စွာဘုရား ဟောကြား တော်မူအပ်သော ဝါဒတို့မှ။ အညေဟိ ဝါဒေဘိ၊ တပါးသော အဓမ္မဝါဒတို့ဖြင့်။ ဝိနယဉ္စ၊ ဝိနည်းကိုရှင်း။ ဓမ္မဉ္စ၊ သုတ်အဘိဓမ္မာကိုရှင်း။ အသုဒ္ဓါယမာနာ[၁]၊ မသန့်ရှင်းသည်ကို ပြုကုန်သည်။ အာသုံ၊ ဖြစ်လေကုန်ပြီ။

၂၅။ ဝါဒါ စ ဝါဒီ ပိဋကာနိ တေသံ၊
လက္ခံ မလက္ခဉ္စ ကရံ ပယာတာ။
ပဋိဂ္ဂဟေသုံ ပဗ္ဘာဇယာဒိဝါသီ၊
နာညေ မဟာချာတ ဝိဟာရဝါသီ။

၂၅။ တေသံ၊ ထိုအဓမ္မဝါဒီတို့၏။ ဝါဒါ စ၊ အယူအဆ ဝါဒတို့သည်ရှင်း။ ဝါဒီ စ၊ ထိုအယူအဆ ဝါဒရှိသူ ရဟန်းရှင်လူတို့သည်ရှင်း။ ပိဋကာနိ စ၊ ပိဋကအထွေထွေ စာပေကျမ်းဂန်တို့သည်ရှင်း။ လက္ခံ၊ သိဟိုဠ်ကျွန်းကို။ မလက္ခံ၊ ဝါဒရှုပ်ထွေး ညစ်အကြေးဖြင့် ချေးစွန်းပေလတ် အမည်းကွက်အမှတ် ရှိသည်ကို။ ကရံ-ကရောန္တာ ဣဝ၊ ပြုကုန်ဘိသကဲ့သို့။ ဥပယာတာ၊ ချဉ်းကပ် ထွင်းဖောက် ဆိုက်ရောက်လာကုန်၏။ အဘယာဒိဝါသီ၊ အဘယဂိရိ ဝါသီရဟန်း တို့သည်။ (တာနိ၊ ထိုဝါဒ ဝါဒီ ပိဋကတို့ကို။) ပဋိဂ္ဂဟေသုံ၊ အသစ်အဆန်း၌ ဓာတ်တူခိုက်၍ နှစ်ခြိုက်လက်ခံကြလေကုန်ပြီ။ အပိ၊ သို့သော်လည်း။ အညေ၊ အဘယဂိရိဝါသီတို့မှ တပါးကုန်သော။ မဟာချာတဝိဟာရဝါသီ၊ မဟာဝိဟာရ ဝါသီဂိုဏ်းဝင် ထေရ်အရှင်တို့သည်။ န ပဋိဂ္ဂဟေသုံ၊ အဖက်မလုပ် ရှုံစက်ဆုပ်၍ နှင်ထုတ်ပယ်လှန် လက်မခံပဲ မျက်နှာလွှဲဘော်မူကုန်၏။

၂၆။ ယထာ စ ဗုဒ္ဓါဘိဟိတာဝ ပါဠိ၊
တဒတ္ထသာရာ စ ဝသိဘိ ဉာတာ။
န "တော'စ ဝေါက္ကမ္မ ဝိသုဒ္ဓထေရ-
ဝါဒီ ဝိဝါဒီ" တိ ပဝတ္တိ ကာစိ။

မှတ်ချက်။ ။၁-အသုဒ္ဓ+အာယ-ဖြင့် ပြီးသော အသုဒ္ဓါယ (ဟူသော နာမ-ဓာတ်) + မာနပစ္စည်းတို့ဖြင့် ပြီးစေအပ်၏။

၂၆။ ယထာ၊ အကြင်အခြင်းအရာဖြင့်။ ပါဠိ စ၊ မူရင်းပါဠိတော်ကိုလည်း။ ဗုဒ္ဓါဘိဟိတာဝ၊ မြတ်စွာဘုရား ဟောကြားတော်မူအပ်ပြီး သာလျှင်တည်း။ တဒတ္ထသာရာ စ၊ ထိုပါဠိတော်၏ အနက်ဟူသော အနှစ်သာရ (အဋ္ဌကထာနည်းနိဿယ) တို့ကိုလည်း။ ဝသိဘိ၊ ရဟန္တာသခင် အရှင်မြတ်တို့သည်။ ယထာ၊ အကြင်အခြင်းအရာဖြင့်။ ဉာတာ၊ သိတော်မူအပ်ကုန်၏။ ဝိသုဒ္ဓထေရဝါဒီ၊ စင်ကြယ်သော ထေရဝါဒဂိုဏ်းဝင် အရှင်မြတ်တို့သည်။ တေ၊ ဘုရားရဟန္တာတို့ ဟောအပ် သိအပ်တိုင်းသော ထိုပါဠိ အဋ္ဌကထာနှင့် ထိုအခြင်းအရာတို့ကို။ ဝေါက္ကမ္မ၊ လမ်းလွှဲရှောင်ရှား ကြဉ်ဖယ်ထား၍။ ဝိဝါဒီ ဣတိ၊ အဆိုကွဲပြားအငြင်းပွါးခဲ့ကြသည်ဟု။ ကာစိ၊ တစုံတခုသော။ ပဝတ္တိ၊ အကြောင်းအရာမျိုးသည်။ န၊ မရှိခဲ့ဘူးချေ။

၂၇။ ဇီဝံဝ ရက္ခိံသု သထေရဝါဒံ၊
တန္တိံ တဒတ္ထဉ္စ သနိဂ္ဂဏ္ဍယံ တေ။
တသ္မာ န သက္ကာဝ တဒညဝါဒီ-
ဝါဒေဘိ ဟန္တုံ စ ပဂန္တုံမဒ္ဓါ။

၂၇။ တေ၊ ထိုဝိသုဒ္ဓထေရဝါဒီမထေရ်အရှင်မြတ်တို့သည်။ တန္တိံ စ၊ ဘုရားဟောဖော် ပါဠိတော်ကိုရင်း။ သထေရဝါဒံ၊ ထေရဝါဒတို့နှင့် တကွဖြစ်သော။ သနိဂ္ဂဏ္ဍယံ၊ အဆုံးအဖြတ်နှင့်တကွဖြစ်သော။ တဒတ္ထံ စ၊ ထိုပါဠိ၏အနက်ဟူသော အဋ္ဌကထာကိုရင်း။ ဇီဝံဝ၊ အသက်ကဲ့သို့။ ရက္ခိံသု၊ မြတ်မြတ်နိုးနိုး အားကိုးစောင့်ရှောက်ကြကုန်ပြီ။ တသ္မာ၊ ထိုကြောင့်။ တဒညဝါဒိ ဝါဒေဘိ၊ ထိုထေရဝါဒမှတပါး အခြားဆန့်ကျင်သော ဝါဒရှိသူတို့နှင့် ဝါဒတို့သည်။ (တံ၊ ထိုဝိသုဒ္ဓထေရဝါဒီတို့၏ ပိဋကကို)။ ဟန္တုံ စ၊ တိုက်ခိုက် ဖြိုဖျက်ခြင်းငှါရင်း။ ဥပဂန္တုံ စ၊ ချဉ်းနင်းဝင်ရောက်ခြင်းငှါရင်း။ အဒ္ဓါ၊ စင်စစ်ကေန် အမှန်ပင်။ နသက္ကာဝ၊ မတတ်နိုင်ပဲ ရှိကြကုန်သည်သာတည်း။

၂၈။ တံဝါဒသံဘေဒဘယဉ္စ မညယာ၊
“ဒုဒ္ဒါရ ဝေလာပိ ဘယေဟိ တန္တိနံ။
သမ္ဘောသတာဒီဟိ ဘဝေ” တိ ပေါတ္ထကံ၊
အာရောပယျ သမ္မာ ပရိပါလယိံသု တေ။

http://www.dhammadownload.com



၂၇။ တေ၊ ထိုဝိသုဒ္ဓ ထေရဝါဒီမထေရ် အရှင်မြတ်တို့သည်။ တံဝါဒသံ-ဘေဒဘယံ၊ ထိုမိစ္ဆာဝါဒတို့၏ ရောယှက်မည့်ဘေးကို။ အညယာ-အညာယ စ၊ အရှည်အဝေး မြော်တွေးသိမြင်ကြကုန်၍ငင်း။ ဘယေဟိ၊ ဒုဗ္ဘိက္ခစသော ဘေးတို့ကြောင့်ငင်း။ သမ္မောသတာဒီဟိ၊ သတိ ပညာတရား လျော့ပါး ချို့ယွင်း မေ့လျော့ခြင်းစသော အကြောင်းတို့ကြောင့်ငင်း။ တန္တိနံ၊ ပါဠိတို့၏။ ဝါ၊ တို့ကို။ ဒုဒ္ဓါရဝေလာပိ၊ ဆောင်ထားရန်အတွက် ခဲခက်သော အချိန်အခါသည်လည်း။ ဘဝေ၊ နောင်တချိန်မှာ ဖြစ်တန်ရာ၏။ ဣတိ စ၊ ဤသို့ ကြံဆ မြော်မြင်မိကြကုန်၍ငင်း။ ပေါတ္ထက် အာရောပျ၊ ပေထက်သို့တင်၍။ သမ္မာပရိပါလယိံ သု၊ ကောင်းစွာချီးမြောက် စောင့်ရှောက်တော်မူခဲ့ပေကုန်၏။

၂၈။ တဒါ ဟိ တေသံ ပဋိဗာဟနေ ရဏ–
ဝိဒံဝ သိက္ခံ ဇိနသာသနဒ္ဓရော။
သ ဗုဒ္ဓဃောသော မုနိ ဗုဒ္ဓိပါဋဝေါ၊
ဂတောသိ ဒီပံ ဝရတမ္ဗပဏ္ဏိကံ။

၂၉။ ဟိ၊ ပြတ်ခဲ့သော စကားလက်စကို ဆက်၍ဆိုပါဦးအံ့။ တဒါ၊ထိုသီဟိုဠ်ကျွန်းတွင် ဂိုဏ်းကွဲဝင်၍ အမြင်လွဲမှား ဝါဒခြားတို့ ခေတ်စားပွေလိမ် ရှုပ်နေချိန်၌။ တေသံ၊ ထိုမိစ္ဆာဝါဒတို့ကို။ ပဋိဗာဟနေ၊ တွန်းလှန်ပယ်ရှား မြစ်တားဖြိုဖျက်ရေး၌။ ရဏဝိဒံ၊ သေနင်္ဗျူဟာ စစ်ပညာကို။ သိက္ခံဝ၊ လေ့ကျင့် သင်ကြား စစ်ကျောင်းသားနှင့် အလားတူပေသော။ ဇိနသာသနဒ္ဓရော၊ ဘုရားသာသနာကို ဆောင်ထားပေသော။ ဗုဒ္ဓိပါဋဝေါ၊ ပညာသွက်လက် ထက်မြက်လိမ္မာသည်၏ အဖြစ်ရှိသော။ သ ဗုဒ္ဓဃောသော မုနိ၊ ထိုရဟန်းတော် အရှင်ဗုဒ္ဓဃောသသည်။ ဝရတမ္ဗပဏ္ဏိကံ၊ သာသနာထွန်းလတ် ဂုဏ်သကတ်ကြောင့် မြင့်မြတ်ဆိုရ လက်နီကြ၍ တမ္ဗပဏ္ဏိ အမည်တပါးတည်း ရှိသော။ ဒီပံ၊ သီဟိုဠ်ကျွန်းသို့။ ဂတော အာသိ၊ ကြွသွားတော်မူခဲ့လေပြီ။

၃၀။ လင်္ကံ ဥပေစ္စ သ မဟာဠကထာဏ္ဏဝဿ၊
ပါရံ ပရံ ဝိတရဏော ထိရနိဏ္ဏယောဝ။
သံသုဒ္ဓဝံသဇနိဝါသမဟာဝိဟာရ-
မာဂါ မ္ဗရံဝ ဥဒယိန္ဒု ပသောဘယန္တော။

http://www.dhammadownload.com



၃၀။ သ၊ ထိုအရှင်ဗုဒ္ဓဃောသသည်။ လင်္ကာ ဥပေစ္စ၊ သီဟိုဠ်ကျွန်းမြတ်ကပ်ရောက်လတ်သော်။ မဟာဋ္ဌကထာ္ဏဝဿ၊ မဟာအဋ္ဌကထာတည်းဟူသော သမုဒ္ဒရာ၏။ ပါရံ၊ တဖက်ကမ်းသို့။ ပရံ၊ လွန်လွန်ကဲကဲ ဇွဲသန်စွာ။ ဝိဘာရဏော၊ အပြီးတိုင်ရောက် ကူးမြောက်ရေး၌။ ထိရနိဏ္ဏယော၀၊ ခိုင်မာမြဲမြံ အဓိဋ္ဌာန်ဖြင့် စိတ်သန်ရည်မှတ် အဆုံးအဖြတ်ရှိသည် ဖြစ်၍သာလျှင်။ (အာဂါ-နှင့်စပ်) ဇူန္တိ၊ လမင်းသည်။ ဥဒယာ၊ ဥဒည်တောင်မှ။ အမ္ဗရံ၊ ကောင်းကင်ကို၊ ဥပသော-ဘယန္တော၊ ရောင်ဝါရှိန်းဝေ တင့်ထွန်းစေလျက်။ အာဂစ္ဆတိ ဣဝ၊ တက်ရောက်လာဘိသကဲ့သို့။ သံသုဒ္ဓဝံသဇနိဝါသ မဟာဝိဟာရံ၊ အလွန် သန့်ရှင်း စင်ကြယ်သောမထေရ်မြတ်တို့၏ အနွယ်အဆက်၌ ဆင်းသက်ဖြစ်လာ ထေရ်မဟာတို့၏ နေရာဌာန မဟာဝိဟာရကျောင်းတိုက်ကို။ ဥပသောဘယန္တော၊ ပဋိဗလ ဗျတ္တစသည် သူ့ဂုဏ်ရည်ဖြင့် စိုပြည်ဆင့်ဝေ တင့်တယ်စေလျက်။ အာဂါ၊ ရောက်လာခဲ့ပေသတည်း။

၃၁။ တသ္မိံ စ ဒက္ခိဏဒိသာယ ဝသီ သ တတ္ထ၊
သောဘံ ပဓာနဃရသညိတပါရိဝေဏံ။
ပါသာဒ'မုတ္တမ'မကာ သုဇနေဘိ သေဗျံ၊
သန္တော မဟာနိဂမသာမိ သုစိဏ္ဏဓမ္မော။

၃၁။ သ၊ ထိုအရှင်ဗုဒ္ဓဃောသသည်။ တသ္မိံ စ၊ ထိုမဟာဝိဟာရကျောင်းတိုက်၌လည်း။ ဒက္ခိဏဒိသာယ၊ တောင်မျက်နှာအရပ်၌။ သုစိဏ္ဏဓမ္မော၊ စွဲမြဲစွာကျင့်အပ်သော တရားအကျင့်ရှိသည်ဖြစ်၍။ သန္တော၊ သူတော်ကောင်းအစစ်ဖြစ်သော။ မဟာနိဂမသာမိ၊ နိဂုံးပိုင်ရှင်ကြီးမည်သော ဥပါသကာသည်။ သောဘံ၊ ရှုချင်စဖွယ် တင့်တယ်သော။ပဓာနဃရသညိတပါရိဝေဏံ·ပဓာနဃရဟုခေါ်အပ်သော ပရိဝုဏ်၌ဖြစ်သော။ သုဇနေဘိ၊ သူတော်ကောင်းတို့သည်။ သေဗျံ၊ အခါမပြတ် မှီဝဲအပ်သော။ ဥတ္တမံ၊ ကောင်းမြတ်သော။ ယံ ပါသာဒံ၊ အကြင်ပြာသာဒ်ကျောင်းကို။ အကာ၊ ဆောက်လုပ်ခဲ့၏။ တတ္ထ၊ ထိုပြာသာဒ်ကျောင်းတော်၌။ ဝသီ၊ သီတင်းသုံးနေထိုင်ခဲ့လေပြီ။

http://www.dhammadownload.com



၃၂။ သမ္မာ စ ယောဂမကရိ ဗုဒ္ဓ ဗုဒ္ဓမိတ္တ-
ထေရာဒိ'မန္တ'မုပယာတ မနူနတန္တေ။
သံသေဝိတော ဝိဝိဓဉာယပဗုဒ္ဓိယာ သော၊
သုတ္တာဘိဓမ္မဝိနယဋ္ဌကထာသု'နူနံ။

၃၂။ သော၊ ထိုအရှင်ဗုဒ္ဓဃောသသည်။ အနူနတန္တေ၊ အလုံးစုံသော ကျမ်းဂန်၌။ အန္တံ ဥပယာတံ၊ ဆုံးခန်းတိုင်ရောက် ကျမ်းကျင်တတ်မြောက်တော်မူသော။ ဗုဒ္ဓဗုဒ္ဓမိတ္တထေရာဒိံ၊ ဗုဒ္ဓမိတ္တမည်သော ပညာရှိမထေရ် စသည်ကို။ သံသေဝိတော၊ တပည့်ကျင့်ဝတ် မချွတ်စေပဲ စွဲမြဲစွာ ဆည်းကပ်မှီခိုလျက်။ သုတ္တာဘိဓမ္မဝိနယဋ္ဌကထာသု၊ သုတ္တန် အဘိဓမ္မာ ဝိနည်းအဋ္ဌကထာ တို့၌။ အနူနံ၊ ကြွင်းမဲ့ဥဿုံ အကုန်အစင်။ ဝိဝိဓဉာယ ပဗုဒ္ဓိယာ၊ အမျိုးမျိုး အစားစား နည်းနာများကို ထူးခြားပွင့်လင်း တတ်သိခြင်းငှါ။ သမ္မာ၊ မယုတ်မလွန် ကောင်းမွန်လှစွာ။ ယောဂံ စ၊ ကြိုးပမ်းအားထုတ်ခြင်းကိုလည်း။ အကရိ၊ ပြုလေပြီ။

၃၃။ ဝေယျတ္တိယံ'သ သမယေ သမယန္တရေ စ၊
ပညာယ ဒိသွ ဝိဝဋံဝ နိဟိတမတ္ထံ။
ထေရာ သမဂ္ဂဇိနမဂ္ဂမတာ'မတာသိ၊
မညိံသု' နညရတနံဝ သုဒုလ္လဘန္တိ။

၃၃။ နိဟိတမတ္ထံ၊ ရှေးယခင်က မြေတွင်သိုမှီး သိမ်းဆည်းမြှုပ်နှံထားခဲ့သော ဥစ္စာကို။ ဝိဝဋံ၊ ဖွင့်အပ်လျက်။ ဝါ၊ ပွင့်ပေါ်လျက်ရှိသည်ကို။ ပဿန္တိ ဣဝ၊ တွေ့မြင်ကြရကုန်သကဲ့သို့။ အဿ၊ ထိုအရှင်ဗုဒ္ဓဃောသ၏။ သမယေ စ၊ ပိဋကတော်ဟူသော မိမိ၏ ဝါဒ သမယ၌ရင်း။ သမယန္တရေ စ၊ သက္ကတကျမ်းဂန် စသော အခြားဝါဒ သမယတပါး၌ရင်း။ ပညာယ ဝေယျတ္တိယံ၊ ပညာဉာဏ်၏ လျင်မြန်သွက်လက် ထက်မြက်သည့်အဖြစ် ဟူသော စွမ်းရည်ကို။ ဒိသွာ၊ အရေးအသား အဟောအားဖြင့် ထင်ရှား တွေ့မြင်ကြကုန်၍။ သမဂ္ဂဇိနမဂ္ဂမတာ၊ မြတ်ဘုရား၏ တရားကျင့်ပုံ လမ်းမျိုးစုံကို အကုန်အစင် သိမြင်ကြပေကုန်သော။ အမတာသိ၊ နိဗ္ဗာန်သာလျှင် လိုချင်ဆန္ဒရှိတော်မူကြကုန်သော။ ထေရာ၊ မထေရ် အရှင်တို့သည်။ သုဒုလ္လဘံ၊ အရည်အသွေးထူးချွန် အလွန်ရနိုင်ခဲသော။ အနဍ္ဍ-

http://www.dhammadownload.com



ရတနံ၀၊ တန်ဘိုးကန့်သတ် မဖြတ်နိုင်ရာ ရတနာအစုကဲ့သို့။ မညီ°သု၊ တင်စား သမှု အသိအမှတ်ပြုလေကုန်ပြီ။

၃၄။ ဝိညာယ ဓမ္မဝိနယတ္ထယထိစ္ဆိတဒ္ဒါနေ၊
စိန္တာမဏိတိ သုနိရူပိတဗုဒ္ဓိရူပံ။
ယသော’တ္ထ နိစ္ဆိတမနော ကဝိသံဃပါလ- •
တ္ထေရုတ္တမော ဇနဟိတာယ နိယောဇယီ တံ။

၃၄။ ယသာ၊ အကြင်အရှင်ဗုဒ္ဓဃောသ၏။ ဓမ္မဝိနယတ္ထယထိစ္ဆိတဒ္ဒါနေ၊ ဓမ္မ-ဝိနယ၏ အနက်တို့ကို လိုလိုသမျှ ဖွင့်ပြပေးဝေရာ၌။ စိန္တာမဏိတိ၊ ကြံသမျှ ထိုထို အလိုဆန္ဒ ပြည့်ဝစေနိုင်သော စိန္တာမဏိ ပဒမြားရတနာဟူ၍။ သုနိရူပိတ-ဗုဒ္ဓိရူပံ၊ ကဝိတို့အမြင်အားဖြင့် တင်စားအပ်သော ပညာ၏ အရည်အသွေးကို။ ဝိညာယ၊ သိရှိခဲ့၍။ တ္ထေ၊ ဤအရှင်ဗုဒ္ဓဃောသ၏ ပညာဉာဏ်အရည်အသွေး၌။ နိစ္ဆိတမနော၊ ဆုံးဖြတ်အပ်ပြီးသော စိတ်နှလုံးရှိသော။ ကဝိသံဃပါလတ္ထေ-ရုတ္တမော၊ သံဃပါလမည်သော ပညာရှိမထေရ်မြတ်သည်။ ဇနဟိတာယ၊ လူ ရှင်အများ၏ အကျိုးစီးပွါးအတွက်။ တံ၊ ထိုအရှင်ဗုဒ္ဓဃောသကို။ နိယောဇယီ၊ တိုက်တွန်းတောင်းပန်ခဲ့လေပြီ။ (ကထံ၊ အဘယ်သို့ တောင်းပန်သနည်းဟူမူ။)

၃၅။ “ကိဉ္စာပိ သန္တိ ဝိဝိဓာ ပဋိပတ္တိဂန္ထာ၊
ကေသဉ္စိ ကိဉ္စိ တု န ဗုဒ္ဓမတာနုသာရံ။
သံသုဒ္ဓထေရသမယေဟိ စ တေ ဝိရုဒ္ဓါ။
တသ္မာ ကရောတု ဝိမလံ ပဋိပတ္တိဂန္ထံ”။

၃၅။ ဝိဝိဓာ၊ အမျိုးမျိုးအစားစား မျှားပြားကုန်သော။ ပဋိပတ္တိဂန္ထာ၊ ပဋိပတ်ကျမ်းဂန်တို့သည်။ ကိဉ္စာပိ သန္တိ၊ ရှိကြသည်ကား မှန်ပေ၏။ တု၊ သို့သော်လည်း။ ကေသဉ္စိ၊ အချို့ကျမ်းဂန်တို့၏။ ကိဉ္စိ၊ အချို့အချက်အလက် အနက်အဓိပ္ပါယ်သည်။ န ဗုဒ္ဓမတာနုသာရံ၊ ဘုရားအလို ထိုထိုပိဋကသို့ အစဉ် မလိုက်ခဲ့။ စ၊ သည်မျှသာမကသေး။ တေ၊ ထိုကျမ်းဂန်တို့သည်။ ထေရ-သမယေဟိ၊ ထေရဝါဒတို့နှင့်။ ဝိရုဒ္ဓါ၊ မညီညွတ်ပဲ ကွဲလွဲဆန့်ကျင်လျက်လည်း ရှိကုန်သေး၏။ တသ္မာ၊ ထို့ကြောင့်။ ဝိမလံ၊ ဒေါသမထင် သန့်စင်ကောင်းမြတ်

http://www.dhammadownload.com



သော။ ပဋိပတ္တိဂန္ထံ၊ ပဋိပတ်ကျမ်းတခုကို။ ကရောတု၊ ပြုစီရင်ပါလော့။ ဣတိ၊ ဤသို့ တောင်းပန်ခဲ့လေပြီ။

၃၆။ မေတ္တာဒယမ္ဗုဒဝနံ ဇနဘူမိယံ’သ၊
သံဝဿတေ စ’ရိယမဂ္ဂဂမဂ္ဂ’မဂ္ဂံ။
သံသောဓနတ္ထ’မိတိ “ပတ္ထိတထေရအာသံ၊
ပူရေယျ’မေတ”မိတိ ကာသိ ဝိသုဒ္ဓိမဂ္ဂံ။

၃၆။ အဂ္ဂံ၊ မွန်မြတ်သော။ အရိယမဂ္ဂဂမဂ္ဂံ၊ အရိယာမဂ်သို့ရောက်ကြောင်းဖြစ်သော ဝိပဿနာလမ်းကို။ သံသောဓနတ္ထံ၊ မှားသောအယူအဆ ဝါဒအညစ်အကြေး ကင်းဝေးသန့်ရှင်း စင်ကြယ်အောင် သုတ်သင်ခြင်းငှါ။ အဿ၊ ထိုအရှင်ဗုဒ္ဓဃောသ ဆရာမြတ်၏။ မေတ္တာဒယမ္ဗုဒဝနံ၊ မေတ္တာ ကရုဏာ နှစ်ဖြာတိုးယှဉ်မိုးသည်းရေအယဉ်သည်။ ဇနဘူမိယံ၊ ကျင့်ရန်လိုလား ဆန္ဒပွါးသည့် လူများတည်းမြေအပြင်၌။ သံဝဿတေ စ၊ အရည်များစွာ ရွာလည်း ရွာသွန်းလျက် ရှိပေ၏။ (ဤ၌ စ-သဒ္ဒါဖြင့် နိယောဇယီ-ကို ပြန်၍ ဆည်းသည်)။ ဣတိ၊ သံဃပါလမထေရ်၏ အာသာနှင့် မိမိ၏ ကရုဏာဟူသော ဤအကြောင်းနှစ်ပါးကြောင့်။ (အကာသိ-၌ စပ်) ဧတံ ပတ္ထိတထေရအာသံ၊ သံဃပါလမထေရ်မြတ် တောင့်တအပ်သောထိုအလိုဆန္ဒကို။ ပူရေယျံ၊ ပြည့်ဝစေတော့အံ့။ဣတိ၊ဤသို့ စိတ်ရင်းနှလုံးသွင်း၍။ ဝိသုဒ္ဓိမဂ္ဂံ၊ ဝိသုဒ္ဓိမဂ်ကျမ်းကို။ အကာသိ၊ ပြုစုတီထွင် စီရင်တော်မူခဲ့ပေသတည်း။

၃၇။ ဝီရာနုကမ္ပသတိယောဇိတဗုဒ္ဓိမာ သံ၊
ဩဂယှ, ဂယှ စ’ခိလဋ္ဌကထာ သတန္တိံ။
သာရံ သခေဒ’မန ပေက္ခိယ သာဓုကံ သ၊
ယံ’ကာသိ, ကံ နု’ဓ နရောစယတေ ဗုဓံ သော။

၃၇။ သ၊ ထိုအရှင်ဗုဒ္ဓဃောသဆရာမြတ်သည်။ ဝီရာနုကမ္ပသတိယောဇိတ-ဗုဒ္ဓိမာ၊ ဝီရိယ ကရုဏာ သတိတို့က အချိုးကျအောင် ယှဉ်ဆောင်ပေးအပ်ကြီးမြတ်သော ဉာဏ်ပညာရှိသည်။ သံ၊ ဖြစ်လျက်။ သခေဒံ၊ မိမိ၏ ဆင်းရဲပင်ပန်းခြင်းကို။ အနပေက္ခိယ၊ မငဲ့ကွက်အား အရေးမထားဘဲ။ သတန္တိံ၊ ပါဠိ

http://www.dhammadownload.com



တော်နှင့်တကွဖြစ်ကုန်သော။ အခိလဋ္ဌကထာ၊ အလုံးစုံသော အဋ္ဌကထာတို့ကို။ သြဂယှ၊ ဉာဏ်ဖြင့် သက်ဝင်၍ရင်း။ သာရံ၊ ပဋိပတ်နှင့် စပ်ဆိုင်သမျှ အနှစ်သာရကို။ ဂယှ စ၊ ရွေးထုတ်နှုတ်ယူ၍ရင်း။ သာဓုကံ၊ အပြစ်မထင် သန့်စင်ကောင်းမွန်စွာ။ ယံ၊ အကြင် ဝိသုဒ္ဓိမဂ်ကို။ အကာသိ၊ ပြုစီရင်ပေ၏။ သော၊ တပ်ပေါင်းစုံကွပ်ကဲ အစွမ်းကုန်ကြဲ၍ အားခဲပါမှ ပေါ်လာရသော ထိုဝိသုဒ္ဓိမဂ်ကျမ်းသည်။ ဣဓ၊ ဤလောက၌။ ကံ ဗုဓံ၊ စိတ်ထားကောင်းမွန် ဉာဏ်ရည်ချွန်၍ အမှန်တတ်သိ အဘယ်ပညာရှိကို။ န ရောစယေ နု၊ မခွါချင်အောင် ဆွဲဆောင်ငင်လျက် မနှစ်သက်စေနိုင်ဘဲ ရှိပါအံ့နည်း။

၃၈။ ဝုတ္တော’တ္ထ ဘာဝပရမာဝ သဘာဝမေ္မာ၊
ဝတ္ထူ စ ပီတိသုခဝေဒနိယာ’နိတာဝ။
ပုဏ္ဏောဝ သဗ္ဗပဋိပတ္တိနယေဟိ စေသော၊
ပုပ္ဖါဘိဖုလ္လပဝနံဝ ဝိရာဇတေ’ယံ။

၃၈။ ဧတ္ထ၊ ဤဝိသုဒ္ဓိမဂ်၌။ ဘာဝပရမာဝ၊ အစိပ္ပါယ်နက် ကန့်သတ်ချက်ရှိသည်သာလျှင်ဖြစ်ကုန်သော။ သဘာဝမေ္မာ စ၊ မဖောက်မပြန် သဘောမှန်သည့် ရုပ်နာမ်တရားတို့ကိုလည်း။ ဝုတ္တာ၊ အပြည့်အစုံ ဆိုထားအပ်ပေကုန်၏။ ပီတိသုခဝေဒနိယာ၊ ပီတိသုခ ခံစားရကြောင်း နှစ်သက်ဖွယ်ကောင်းကုန်သော။ ဝတ္ထူ စ၊ အကြောင်းမှန်ဖော်ပြသည့် သာဓကဝတ္ထုတို့ကိုလည်း။ အာနိတာဝ၊ ယူဆောင်ထင်ရှား ပြထားအပ်ပေကုန်သည်သာတည်း။ ဧသော၊ ဤဝိသုဒ္ဓိမဂ်သည်။ သဗ္ဗပဋိပတ္တိနယေဟိ စ၊ အလုံးစုံရှိသမျှ ပဋိပတ်နည်းနယတို့ဖြင့်လည်း။ ပုဏ္ဏောဝ၊ လုံးဝ ကုန်စင် စုံလင်ပြည့်ဝလျက်ရှိသည်သာတည်း။ (တသ္မာ၊ ထို့ကြောင့်။) အယံ၊ ဤဝိသုဒ္ဓိမဂ်ကျမ်းသည်။ ပုပ္ဖါဘိဖုလ္လပဝနံဝ၊ အလွန်ပွင့်သော ပန်းစုံပေါသည့် မြိုင်တောအသွင် ပန်းဥယျာဉ်ကဲ့သို့။ ဝိရာဇတေ၊ ရှုချင်စဘွယ် တင့်တယ်လှပါပေသတည်း။

၃၉။ ယံ ပဿိယာန ပရိကပ္ပိယ ရတ္တသာရ-
ဂတ္တံ ဝိသုဒ္ဓိ’မဘိယာတု’မပေက္ခမာနာ။
တံ သာရ’မာဒိယိတု’မာသု ပယုတ္တယုတ္တာ၊
ဒိဿာ ဟိ နဠရတနံ နနု ဝဇ္ဇယေ န။

http://www.dhammadownload.com



၃၉။ ယံ၊ အကြင် ဝိသုဒ္ဓိမဂ်ကို။ ပဿိယာန၊ တွေ့မြင်ရှုစားရသည်ရှိသော်။ ရတနာကရဂဗ္ဘံ၊ ရတနာအစစ် အနှစ်ပြည့်လျှမ်း ရတနာတိုက်ခန်းဟူ၍။ ပရိကပ္ပိယ၊ အကောင်းချည်းပင် ကြံတွေးထင်လျက် စိတ်တွင်ယူဆ တင်စားကြကုန်၍။ ဝိသုဒ္ဓိံ၊ ဆင်းရဲသုံးဖြာ ကိလေသာမှ စင်ကြယ်ရာမှန် မြတ်နိဗ္ဗာန်ကို။ အဘိ· ယာတုံ၊ ကိုယ်တွေ့မျက်မှောက် ဆိုက်ရောက်ဖို့ရာ။ အပေက္ခမာနာ၊ လိုလား တောင့်တ မြှော်လင့်ကြကုန်သည်ဖြစ်၍။ တံ သာရံ၊ ထိုဝိသုဒ္ဓိမဂ်မှ အနှစ်သာရ ကို။ အာဒိယိတုံ၊ ထိုက်တန်သမျှ အရယူခြင်းငှါ။ အာသု၊ လျင်မြန်စွာ။ ယုတ္တ· ပယုတ္တာ၊ မလျော့တင်းရင်း ရဲမာန်သွင်း၍ အပြင်းအားထုတ်ကြကုန်သည်။ အဿု၊ ဖြစ်ကုန်ရာ၏။ ဟိ၊ ထိုစွေ့စကားမှာ မမှားကေန် မှန်လှပါပေ၏။ အနဂ္ဃ· ရတနံ၊ အဖိုးမဖြတ်နိုင်သော ရတနာကို။ ဒိသွာ၊ တွေ့မြင်ရသည်ရှိသော်။ န ဝဇ္ဇယေ နနု၊ ကျောက်ရည် ကျောက်ကဲ ဝေခွဲသိသူ ထိုထိုလူသည် မယူဆောင်ဘဲ မရှောင်လွှဲရာသည် မဟုတ်ပါလော။

၄၀။ ကန္တာ ပဒါဝလိ’ဟ တန္တိနယာနုသာရာ၊
သာရတိသာရနယပန္တိပသိဒ္ဓသိဒ္ဓါ။
အတ္ထာ စ သန္တိနုဂမာယ တုလာယမာနော–
ယျောဂေန မေတ္တ ဟိ ဝိနာ ပဋိပတ္တိ ကာ’ညာ။

၄၀။ ဣဟ၊ ဤဝိသုဒ္ဓိမဂ်၌။ တန္တိနယာနုသာရာ၊ ပါဠိတော်နည်း အစဉ်မှီးခဲ့ သည်ဖြစ်၍။ကန္တာ၊ ချောမောပြေပြစ် နှစ်သက်ဖွယ်ဖြစ်သော။ပဒါဝလိ၊ပုဒ်အစဉ် သည်လည်း။ အတ္ထိ၊ ရှိပါပေ၏။ သာရတိသာရနယပန္တိပသိဒ္ဓသိဒ္ဓါ၊ အနှစ် သာရရှိသော နည်းအစဉ် အလွန် အနှစ်သာရရှိသော နည်းအစဉ်တို့ဖြင့် ပေါ်လွင် ထင်ရှား ဖြစ်ပွါးပြီးမြောက်ခြင်းရှိကုန်သော။ သန္တိနုဂမာယ၊ နိဗ္ဗာန်သို့ သွား ရောက်ရေးအတွက်။ တုလာယမာနာ၊ လမ်းမှား လမ်းမှန် ဝေဘန် စစ်ဆေး ဆုံးဖြတ်ရေးဝယ် ချိန်ခွင်သဖွယ်ဖြစ်ကုန်သော။ အတ္ထာ စ၊ ကျင့်ရန်အချက် အလက် အနက်တို့သည်လည်း။ သန္တိ၊ ရှိပါပေကုန်၏။ ဟိ၊ စင်စစ်သော်ကား။ ဝါ၊ အကျိုးကား။ ဧတ္ထ၊ ဤဝိသုဒ္ဓိမဂ် ပါဌ်အနက်ဝယ် မိန့်မြွက်ညွှန်ကြား ကျင့်ဖွယ်များ၌။ ဥယျောဂေန ဝိနာ၊ နိဗ္ဗာန်လိုလား ကြိုးစားကျင့်ကြံခြင်းမှ

http://www.dhammadownload.com



လှဲ၍။ အညာ ပဋိပတ္တိ၊ အခြားတပါးသော ပြုကျင့်ဖွယ်သည်။ ကာ၊ အဘယ်မှာ ရှိပါတော့အံ့နည်း။

၄၁။ အာဘာတိ သတ္ထု စတုရာဂမမဇ္ဈဂေါ'ယံ-
အတ္ထေ ပကာသယိဟ ဘာဏုဝ နေကဒမ္ဘေ။
မေဓာဝိပီတိဇနနံ'သ ဝိဓာန'မေတံ-
တီတံ ဟိ ယာဝ ကဝိဂေါစရ'မဿ ဉာဏံ။

၄၁။ ဣဟ၊ ဤလောက၌။ ဘာဏု၊ နေမင်းသည်။ နေကဒမ္ဘေ၊ များစွာသော ကမ္မာ့ဝတ္ထုတို့ကို။ (မ ၂-၁၁၅-၌ နေကာနံ-ပုဒ်ကဲ့သို့ ဤ၌ နေက-ဟု ပြီးစေသည်။) ပကာသယံ၊ သတ္တဝါများအား ထင်ရှားပြလျက်။ အာဘာတိဣဝ၊ ကောင်းကင်အတွင်း ထွန်းလင်းတည်နေဘိသကဲ့သို့။ အယံ၊ ဤဝိသုဒ္ဓိမဂ်သည်။ သတ္ထု၊ မြတ်စွာဘုရား၏။ စတုရာဂမမဇ္ဈဂေါ၊ သုတ္တန်လေးသွယ် လေးနိကာယ်၏ အလယ်၌သာနီ လိုရာဆီ၌ ရပ်တည်ဝင်ရောက်လျက်။ အတ္ထေ၊ သီလကထာ အစဖြာသည့် လွန်စွာကွယ်ဝှက် တရားအနက်တို့ကို။ ပကာသယံ၊ ထင်ရှားဖော်ပြလျက်။ အာဘာတိ၊ ကမ္ဘာလောကအတွင်း ထွန်းလင်းတည်ရှိပါပေ၏။ အဿ၊ ထိုအရှင်ဗုဒ္ဓဃောသဆရာမြတ်၏။ ဧတံ ဝိဓာနံ၊ ကျမ်းမလေးပဲ နက်နဲပြန့်ကျယ် အဓိပ္ပါယ်ကို လွယ်လွယ်သိရန် စီမံဆောင်ရွက် ဤသို့သော ရေးသားချက်သည်။ မေဓာဝိပီတိဇနနံ၊ ပညာရှိအပေါင်း၏ နှစ်ထောင်းအားရ သဘောကျခြင်းကို ဖြစ်စေတတ်ပါပေ၏။ (တေနေဝ၊ ထို့ကြောင့်ပင်လျှင်။) အဿ-ဉာဏံ၊ ထိုဆရာမြတ် ဉာဏ်တော်သည်။ ယာဝ၊ အကြင်မျှလောက်။ ကဝိဂေါ-စရံ၊ လူ့လောကတွင် ပညာရှင်တို့ သိမြင်နိုင်တန်း ဉာဏ်၏စခန်းသည်။ (အတ္ထိ၊ ရှိ၏။) တံ၊ ထိုပညာရှိ လူကဝိတို့ အသိဉာဏ်ပိုင် ကျက်စားနိုင်သော နယ်ပယ်စခန်းကို။ အတီတံ ဟိ၊ ကဗျာ့ဉာဏ်နဲ့ ဘယ်ပုံခွဲ့သော်လည်း ဖွဲ့နွဲ့မမှီ ကျော်လွန်ခဲ့သည်သာတည်း။

၄၂။ ဒိဋ္ဌာဝ တိက္ခမတိ'မဿ ဝိသုဒ္ဓိမဂ္ဂ-
သမ္ဘာဒနေန သမုပါတ္တသုဓီပဒေဘိ။
တေနဿ ဗုဒ္ဓဝစနတ္ထဝိဘာဝနာယ၊
ပဗျတ္တသတ္တိ ဝိဒိတာ ဝိဒိတာဂမေဟိ။

http://www.dhammadownload.com



၄၂။ ဝိသုဒ္ဓိမဂ္ဂသမ္ဘာဒနေန၊ ဝိသုဒ္ဓိမဂ်ကျမ်းကို ဆုံးခန်းတိုင်ရောက် ပြီး မြောက်စေခြင်းဖြင့်။ သမုပါဂတသုဓီပဒေဘိ၊ ကောင်းစွာ ရယူထားသည့် ပညာရှိ အရာ ရှိကုန်သောမထေရ်မြတ်တို့သည်။ ဣမဿ၊ ဤ အရှင်ဗုဒ္ဓဃောသ၏။ တိက္ခမတိ၊ ထက်မြက်သော ဉာဏ်ပညာကို။ ဒိဋ္ဌာဝ၊ မျက်ဝါးထင်ထင် တွေ့မြင် ရသည်သာတည်း။ တေန၊ ထို့ကြောင့်။ ဝိဒိတာဂမေဟိ၊ ကျမ်းဂန်များစွာ လေ့လာပေါက်ရောက် တတ်မြောက်သိမြင်ပြီးဖြစ်သော မထေရ်မြတ်တို့သည်။ ဗုဒ္ဓဝစနတ္ထဝိဘာဝနာယ၊ ဘုရားဟောဖော် ပါဠိတော်၏ အနက်ကို ဖွင့်ဆိုပြသ ခြင်း၌။ အဿ၊ ထိုအရှင်ဗုဒ္ဓဃောသ၏။ ပဗျတ္တသတ္တိ၊ အလွန်ထင်ရှား ထူးခြား ပြောင်မြောက်သော စွမ်းရည်သတ္တိကို။ ဝိဒိတာ၊ မျက်မြင်ဒိဋ္ဌ သိခဲ့ရလေပြီ။

၄၃။ ချာတံ ကဝီဘိ'မိဂတံ ယသ'မာဝဟေန၊
ထေရဿ သုဒ္ဓမတိဗုဒ္ဓသိရိဝှယဿ။
လောကတ္ထ'မာဝိကတပတ္ထန'မာဒိယာန၊
သာမဉ္စ နိဗ္ဗုဟာဒယေန ဇနာန'မတ္ထေ။

၄၄။ သမ္ဗုဒ္ဓဘာဝဝိဒိတေနိ'မိနာ သမန္တ-
ပါသာဒိကာဝှဝိနယဋ္ဌကထာ ပဏီတာ။
သူရော'ဒိတေ ဝိယ တယာ ဝိနယတ္ထမူဋ္ဌာ-
မူဠ္ဟီ ဘဝန္တိ ဇိနနီတိပထာ'မိဂန္တွာ။

၄၃-၄။ ကဝိဘိ အဓိဂတံ၊ ပညာရှိတို့သာ ရအပ် ရနိုင်သော။ ချာတံ ယသံ၊ ပေါ်လွင်ထင်ရှားသော ကျော်စောခြင်းကို။ အာဝဟေန၊ မပျောက်နိုင်အောင် ယူဆောင်ရရှိထားသော။ သမ္ဗုဒ္ဓဘာဝဝိဒိတေန၊ ဘုရားအလိုတော်ကိုသိသော။ ဣမိနာ၊ ဤအရှင်ဗုဒ္ဓဃောသဆရာမြတ်သည်။ သုဗုဒ္ဓမတိဗုဒ္ဓသိရိဝှယဿ ထေ- ရဿ၊ စင်ကြယ်သော ဉာဏ်ပညာရှိသော ဗုဒ္ဓသိရိမထေရ်၏။ လောကတ္ထံ၊ လော က၏ အကျိုးစီးပွါးအလို့ငှါ။ အာဝိကတပတ္ထနံ၊ အထင်အရှား ထုတ်မြွက်ကြား သည့် လိုလားတောင့်တချက်ကို။ အာဒိယာန၊ ဆောင်ရွက်ဖို့ရန် လက်ခံခဲ့၍။ သာမံ စ၊ ကိုယ်တိုင်ကလည်း။ ဇနာနံ၊ လူရှင်ရဟန်းတို့၏။ အတ္ထေ၊ အကျိုး စီးပွါး၌။ နိဗ္ဗုဟာဒယေန၊ ကရုဏာလှိုင်း နှိုးဆော်ခိုင်းသဖြင့် ညွှတ်ကိုင်းသော စိတ်နှလုံးရှိသည်ဖြစ်၍။ ယာ သမန္တပါသာဒိကာဝှဝိနယဋ္ဌကထာ၊ အကြင်သမန္တ

http://www.dhammadownload.com



ပါသာဒိကာအမည်ရှိသော ဝိနည်းအဋ္ဌကထာကို။ ပဏီတာ၊ ပြုစီရင်အပ်ပြီ။ သူရေ၊ နေမင်းသည်။ ဥဒိတေ၊ ထွက်ပေါ်လာလတ်သော်။ အမူဠှီဘဝန္တိဝိယ၊ အမြင်ကို ရ၍ မတွေမဝေ ဖြစ်ကြကုန်သကဲ့သို့။ ဝိနယတ္ထမူဠှာ၊ ဝိနည်းပါဠိ၏ အနက်၌ အသိခက်ရှုပ်ပွေ တွေဝေလျက်ရှိသော သူတို့သည်။ တယာ-တာယ၊ ထို သမန္တပါသာဒိကာအဋ္ဌကထာဖြင့်။ (ဝိပရိတ်ဖြင့် ပြီးသည်) ဇိနနီတိပထံ၊ ဘုရားနည်းလမ်း စည်းကမ်းဥပဒေတော်ကို။ အဓိဂန္တွာ၊ အတိအကျ သိရကုန်၍။ အမူဠှဘဝန္တိ၊ တွေဝေမှုကင်း ယုံမှားရှင်းလျက် အလင်းဉာဏ်ရ ဖြစ်ကြလေကုန် တော့သတည်း။

၄၅။ လင်္ကာ အလင်္ကတိကတာဝ မဟာမဟိန္ဒ-
ထေ္တရေန ယာ စ ဝိနယဋ္ဌကထာ'ဘတာ,တံ။
ကန္တာယ သီဟဠဂိရာယ ဂိရာယမာနာ၊
အစ္စန္တကန္တဗဟုလာ မုနယော ပုရာ'သုံ။

၄၅။ လင်္ကာ၊ သီဟိုဠ်ကျွန်းကို။ အလင်္ကတိကတာဝ၊ တန်ဆာဆင်မှု ပြုအပ်သကဲ့သို့။ မဟာမဟိန္ဒထေ္တရေန၊ အရှင်မဟာမဟိန္ဒမထေရ်သည်။ ယာ စ ဝိနယဋ္ဌကထာ၊ အကြင် ဝိနည်းအဋ္ဌကထာကိုလည်း။ အာဘတာ၊ ဆောင်ယူအပ်ခဲ့လေပြီ။ ပုရာ၊ ရှေးအခါ၌။ မုနယော၊ သီဟိုဠ် ရဟန်းတော်တို့သည်။ တံ၊ ထိုဝိနည်းအဋ္ဌကထာကို။ ကန္တာယ၊ နှစ်သက်ဖွယ်သော။ သီဟဠဂိရာယ၊ သီဟိုဠ်ဘာသာဖြင့်။ ဂိရာယမာနာ၊ သင်အံသမှု ရွတ်ဆိုခြင်းကို ပြုကုန်လျက်။ အစ္စန္တကန္တဗဟုလာ၊ စင်စစ်အားထား ပွါးများသော နှစ်သက်ခြင်း ရှိကုန်သည်။ အာသုံ၊ ဖြစ်ခဲ့လေကုန်ပြီ။

၄၆။ အညာ စ ပစ္စရိ-ကုရုန္ဒိသမညိတာဒိ၊
ဒီပံ ပဒီပကရဏီ ဝိနယမှိ ယာ'သုံ။
သင်္ဃျ တာသ'မခိလတ္ထနယေ စ ထေရ-
ဝါဒေ စ မုတ္တရတနာနိဝ မေကသုတ္တေ။

၄၆။ အညာ၊ မဟာအဋ္ဌကထာမှ တပါးကုန်သော။ ပစ္စရိကုရုန္ဒိသမညိတာဒိ၊ ပစ္စရိ ကုရုန္ဒီဟု ခေါ်အပ်သော အဋ္ဌကထာအစရှိကုန်သော။ ယာ စ၊ အကြင် အဋ္ဌကထာတို့သည်လည်း။ ဝိနယမှိ၊ ဝိနည်းအရာ၌။ ဒီပံ၊ သီဟိုဠ်ကျွန်းကို။

http://www.dhammadownload.com



ပဒီပကရဏံ၊ ဆီမီးသဖွယ် ပြုကုန်လျက်။ အာသုံ၊ ဖြစ်ပေါ်လေကုန်ပြီ။ ကေသုတ္တော၊ တချောင်းတည်းသော ကြိုး၌။ မုတ္တရတနာနိ၊ များစွာသော ပုလဲရတနာတို့ကို။ သင်္ဂယှန္တိ ဣဝ၊ စီရရီကုံး သိမ်းရုံးပေါင်းယူအပ်ကုန်သကဲ့သို့။ တာသံ၊ ထို မဟာအဋ္ဌကထာ, မဟာပစ္စရိ, ကုရုန္ဒီ-အစရှိသော အဋ္ဌကထာတို့၏။ အခိလတ္ထနယေ စ၊ အလုံးစုံသော အနက် အသီးအသီး နည်းအမျိုးမျိုးတို့ကိုငင်း။ ထေရဝါဒေ စ၊ မထေရ်မြတ်တို့၏ အဆုံးအဖြတ် အယူအဆ ထေရဝါဒတို့ကိုငင်း။ သင်္ဂယှ၊ သိမ်းရုံးပေါင်းယူ၍။

၄၇။ တာဟေဝ သီဟဠနိရုတ္တိယုတံ စ တန္တိံ၊
အာရောပိယာန ရုစိရံ အထ ဝိတ္ထတံ စ။
မဂ္ဂံ သမာသနဝသေန ယထာ သမတ္တ–
လောကေန ယာ ဂရုကတာ ကတမာနနာ’ကာ။

၄၇။ တာဟေဝ၊ ထိုဝိနည်းအဋ္ဌကထာတို့မှပင်လျှင်။ သီဟဠနိရုတ္တိယုတံ၊ သီဟိုဠ်ဘာသာနှင့်ယှဉ်သော ဝေါဟာရကို။ ရုစိရံ၊ နှစ်သက်ဖွယ်ကောင်းသော။ တန္တိံ၊ ပါဠိဘာသာ ဝေါဟာရသို့။ အာရောပိယာန စ၊ ဘာသာပြန်လျက် မူမပျက်တင်ထား၍ငင်း။ အထ၊ ထို့ပြင်။ ဝိတ္ထတံ မဂ္ဂံ၊ ကျယ်ဝန်းသော စကားအစဉ်ကို။ သမာသနဝသေန စ၊ အကျဉ်းချုံးသည်၏ အစွမ်းအားဖြင့်ငင်း။ ယထာ၊ အကြင် အနေအထား ပါဠိအသွားဖြင့် ရေးသားစီရင်အပ်သည်ရှိသော်။ သမတ္တလောကေန၊ ကမ္ဘာတဝှန်းလုံးသည်။ ယာ၊ အကြင် သမန္တပါသာဒိကာ ဝိနည်း အဋ္ဌကထာသစ်ကို။ ဝါ၊ သည်။ ဂရုကတာ၊ အလေးအမြတ် အရိုအသေ ပြုအပ်သည်။ ကတမာနနာ၊ ယုံကြည်အားကိုးပြုအပ်သော မြတ်နိုးခြင်းရှိသည်။ (အဿ၊ ဖြစ်ရာ၏။) တထာ၊ ထိုသို့သော အနေအထား အချိုးအစား ပုံစံဖြင့်။ တံ၊ ထိုသမန္တပါသာဒိကာ ဝိနည်း အဋ္ဌကထာသစ်ကို။ အကာ၊ ပြုစီရင်တော်မူခဲ့ပေသတည်း။

၄၈။ သုဒ္ဓန္တယာဂတဝိရာ စ ဝိသုဒ္ဓထေရ–
ဝါဒိ ဝိသုဒ္ဓဝိနယာဂမပုဇ္ဇမေမ္ဗာ။
သုဒ္ဓံ ကရိံ သု န ယထေ’တ္ထ တဒညဝါဒါ၊
ဣစ္စာဒိ’မာဝိကရိယာ’သိ နိဒါန မေတ္ထ။

http://www.dhammadownload.com



၄၇။ ဝိသုဒ္ဓထေရဝါဒီ၊ စင်ကြယ်သော ထေရဝါဒရှိသော အရှင်မြတ်တို့သည်။ သုဒ္ဓန္တယာဂတဝိရာ စ၊ အရှင်မဟာကဿပ အစရှိသော စင်ကြယ်သော မထေရ်မြတ်တို့၏ အန္ဓယ်အဆက်မှ ဆင်းသက်လာသော မထေရ်တို့လည်း ဖြစ်ကြပါပေကုန်၏။ ဝိသုဒ္ဓဝိနယာဂမပုဋ္ဌဓမ္မာ စ၊ အထူး စင်ကြယ်သော ဝိနည်း သုတ္တန် အဘိဓမ္မာလည်း ရှိကြပါပေကုန်၏။ ယထာ၊ အကြင့် အခြင်းအရာအားဖြင့် ပြုအပ်သည်ရှိသော်။ တဒညဝါဒါ၊ ထိုထေရဝါဒမှ တပါး အခြားသော ဝါဒတို့သည်။ န ဧန္တိ၊ မတိုးမပေါက် မဝင်ရောက်လာနိုင်ကုန်။ တထာ၊ ထိုအခြင်းအရာဖြင့်။ သုဒ္ဓံ စ၊ ပကတိမူရင်းအတိုင်း သန့်ရှင်း စင်ကြယ်အောင်လည်း။ ကရိံသု၊ စောင့်ရှောက်သမှု ပြုတော်မူကြပေကုန်၏။ ဣစ္စာဒိံ၊ ဤသို့စသော အချက်အလက်များကို။ အာဝိကရိယ၊ ထင်ရှားဖော်ပြ၍။ ဧတ္ထ၊ ဤသမန္တပါသာဒိကာ ဝိနည်း အဋ္ဌကထာ၌။ နိဒါနံ၊ ဗာဟိရနိဒါန်းသည်။ အာသိ၊ ဖြစ်လေပြီ။

၄၉။ ယသ္မိံ မနုညပဒပန္တိ သုဘာ သုဗောဓာ၊
အတ္ထာ စ ပီတိသမ ဝိမှယတာဒိဘာဝီ။
စိတြာ ဝိစိတြမတိဇာ ကဝိစိတ္တဟာသာ၊
တသ္မာ ရသာယတိ တဒတ္ထနုသာရိနံ ယံ။

၄၉။ ယသ္မိံ၊ ယင်းသမန္တပါသာဒိကာ ဝိနည်းအဋ္ဌကထာ၏ နိဒါန်း၌။ သုဘာ၊ အပြစ်မထင် သန့်စင်တင့်တယ်သော။ သုဗောဓာ၊ မရှုပ်မခက် အနက်လည်းသိလွယ်သော။ မနုညပဒပန္တိ၊ နှစ်သက်ဖွယ်ကောင်းသော ပုဒ်ပါဌ် အစီအစဉ်သည်လည်း။ အတ္ထိ၊ ရှိပါပေ၏။ ပီတိသမဝိမှယတာဒိဘာဝီ၊ နှစ်သိမ့်ခြင်း ငြိမ်းအေးခြင်း အံ့သြခြင်းစသော သာယာဖွယ် သဘောတို့ကို ဖြစ်စေတတ်ကုန်သော။ ဝိစိတြမတိဇာ၊ ဆန်းကြယ်သောဆရာ့ဉာဏ်မှ ဖြစ်လာရကုန်သောကြောင့်။ စိတြာ၊ ပညာဖြင့်ချယ် ပန်းသဖွယ်သို့ ဆန်းကြယ်လည်း ဆန်းကြယ်ကုန်သော။ ကဝိစိတ္တဟာသာ၊ ကဝိတို့၏စိတ်နှလုံးကို ရွှင်ပြုံးစေတတ်ကုန်သော။ အတ္ထာ စ၊ အကြောင်းအချက် အနက်တို့သည်လည်း။ အတ္ထိ၊ ရှိပါပေကုန်၏။ တသ္မာ၊ ထိုကြောင့်။ ယံ၊ ယင်းသမန္တပါသာဒိကာ အဋ္ဌကထာ၏ နိဒါန်းသည်။ တဒတ္ထနုသာရိနံ၊ ၎င်း၏အနက်ကို လေ့ကျက်သင်ယူ အစဉ်လိုက်သူတို့အား။

http://www.dhammadownload.com



ရသာယတိ၊ နှစ်သက်ရွှင်မြူး စိတ်ကြည်နူး၍ အထူးမြိန်ရှက် အရသာပေါ်လျက် ရှိပါပေသတည်း။

၅၀။ အစ္စန္တသာဂရနိဘာ ဝိဝိဓာ နယတ္ထာ၊
သန္တေ'တ္ထ ယာ'သု ဝိနယဋ္ဌကထာ ပုရာဏာ။
တာသံ ယထာဘိမတပန္တိ သုတန္တိကတ္တံ၊
ကိဉ္စိ'ဿ ကိဉ္စိ ဗလဝီရိ'ပဋိစ္စ ကာတုံ။

၅၀။ ပုရာဏာ၊ ရှေး၌ဖြစ်ကုန်သော။ ယာ ဝိနယဋ္ဌကထာ၊ မဟာအဋ္ဌကထာ အစရှိသော အကြင်ဝိနည်းအဋ္ဌကထာတို့သည်။ အာသုံ၊ ရှိခဲ့ကုန်၏။ ဧတ္ထ၊ ဤဝိနည်းအဋ္ဌကထာဟောင်းတို့၌။ အစ္စန္တသာဂရနိဘာ၊ သမုဒ္ဒရာအစစ်သဖွယ် အလွန်ကျယ်ကုန်သော။ ဝိဝိဓာ၊ အမျိုးမျိုးအစားစား များပြားစွာကုန်သော။ နယတ္ထာ၊ နည်းအသွယ်သွယ် အနက်အဓိပ္ပါယ်တို့သည်။ သန္တိ၊ ရှိနေကုန်၏။ တာသံ၊ ထိုအဋ္ဌကထာတို့၏။ ယထာဘိမတပန္တိ၊ အလိုရှိအပ်သမျှ အစီအစဉ်ကျအောင်။ သုတန္တိကတ္တံ၊ အပြစ်ကင်း၍ သန့်ရှင်းချောမောပြေပြစ်သော ပါဠိရှိသည်၏အဖြစ်ကို။ ကာတုံ၊ ပြုရန်အတွက်။ ကိဉ္စိဗလဝီရိံ၊ အနည်းငယ်မျှ စွမ်းအားဝီရိယကို။ ပဋိစ္စ၊ အစွဲပြု၍။ ကိံ ဟိ အဿ၊ ဖြစ်နိုင်ဖွယ်ရာ အဘယ်မှာ ရှိပါအံ့နည်း။ ဝါ၊ ဖြစ်နိုင်ဖွယ်ရာ မရှိသည်သာတည်း။

၅၁။ ဥယျောဂ'မဿ ကရုဏာပဟိတံ ပဋိစ္စ၊
ပညာသဟာယသဟိတံ ဗလဝံ စ ဒဋ္ဌံ။
လဒ္ဓါဝ ယာ နိခိလလောကမနုညဘူတာ၊
မေဓာဝိနံ'နုသဘာဂါဝ ဝိရာဇတေ သာ။

၅၁။ အဿ၊ ထိုအရှင်ဗုဒ္ဓဃောသ ဆရာမြတ်၏။ ကရုဏာပဟိတံ၊ ကရုဏာတရားက စေစားနှိုးဆော်အပ်သော။ ပညာသဟာယသဟိတံ၊ ပညာထက်မြက် ရဲဘော် ရဲဘက်လည်း အတူပါသော။ ဗလဝံ စ ဒဋ္ဌံ၊ စွမ်းအားလည်းသန် မြဲမြံခိုင်မာသော။ ဥယျောဂံ၊ လုံ့လကို။ ပဋိစ္စ၊ အစွဲပြု၍။ နိခိလလောကမနုညဘူတာ၊ တလောကလုံး၏ ရွှင်ပြုံးနှစ်သက်ဖွယ်ဖြစ်သော။ ယာ၊ အကြင်သမန္တပါသာဒိကာ အဋ္ဌကထာကို။ လဒ္ဓါဝ၊ ကံကောင်းထောက်မ ပုံတော်လှသဖြင့် ရအပ်

http://www.dhammadownload.com



သည်သာတည်း။ သာ၊ ထို သမန္တပါသာဒိကာ အဋ္ဌကထာသည်။ မေဓာဝီနံ၊ ပညာရှိတို့၏။ အနုသာဂါဝ၊ ဝိနည်းဆိုင်ရာ ပြောဆိုရာတွင် သူပါမှုပြီး အရေးကြီးသဖြင့် ဝိနည်းပြောလျှင်ခံ့အသွင်ဖြင့် သဘင်တိုင်းပေါက် ပွဲတိုင်းရောက်လျက်သာလျှင်။ ဝိရာဇတေ၊ ဂုဏ်မြင့်ဝင့်ထယ် တင့်တယ်လျက် ရှိပါပေသတည်း။

၅၂။ ဝိညူဘိ ယာ "ဝိနယသာဂရပါရတိဏ္ဏေ"။ .
သမ္ဘာဝိတာ "သုတရဏာယတိ သီဃဝါဟာ"။
ဣစ္စာဘိမာနိတဂုဏာ ဇ္ဇ ရရာဇ ယာဝ၊
ကိံ ယံ ထိရံ လဟု ဝိနဿတိ ဒုပ္ပသယှံ။

၅၂။ ဝိညူဘိ၊ ပညာရှိတို့သည်။ ယာ၊ အကြင်သမန္တပါသာဒိကာ အဋ္ဌ-ကထာကို။ ဝိနယသာဂရပါရတိဏ္ဏေ၊ ဝိနည်းသမုဒ္ဒရာ၏ ဟိုမှာဘက်ကမ်းသို့တက်လှမ်းကူးမြောက်ရေး၌။ သီဃဝါဟာ၊ လျင်စွာရောက်အောင် ပို့ဆောင်တတ်သည်ဖြစ်၍။ သုတရဏာယတိ၊ ရေခိုင်ဖြိုး စက်လည်းအားသန် အလွန်မြန်သော ဘင်္ဘောကောင်းသဖွယ် ဖြစ်ပါပေ၏။ (နာမဓာတ်ဖြင့် ပြီးသည်) ဣတိ၊ ဤသို့။ သမ္ဘာဝိတာ စ၊ ဟုတ်တိုင်းထင်မြင် ဉာဏ်သက်ဝင်၍ ဂုဏ်တင်ချီးကျူးအပ်ပေ၏။ ဣတိ၊ ဤသို့စသည်ဖြင့်။ အဘိမာနိတဂုဏာ၊ ဝိနည်းမိုရ်ပညာရှင်တို့ အစဉ်မြတ်နိုး အားကိုးအပ်သည့် ဂုဏ်များစွာရှိပေသော။ သာ၊ထိုသမန္တပါသာဒိကာ ဝိနည်းအဋ္ဌကထာသည်။ ယာဝ အဇ္ဇ၊ ယနေ့တိုင်အောင်။ရရာဇ၊ ဝိနည်းလောက ဂုဏ်ရောင်ကြွ၍ ထွန်းပတင့်တယ်လျက် ရှိပါပေ၏။ ယံ၊ အကြင်အရာဝတ္ထုသည်။ ထိရံ၊ စွဲမြဲတည်တံ့ ခိုင်ခံ့မာကျောသည်ဖြစ်၍။ ဒုပ္ပသယှံ၊ ဆန့်ကျင်ဘက်တို့ ဖြိုဖျက်နိုင်ရန် အမှန်ခက်ခဲလှ၏။ တံ၊ ထိုခိုင်ခံ့သော အရာဝတ္ထုမျိုးသည်။ လဟု၊ လျင်မြန်စွာ။ ကိံ ဝိနဿတိ၊ ပျောက်ကွယ်လွင့်ပါး ပျက်ပြားဖို့ရာ အဘယ်မှာ ရှိပါအံ့နည်း။ ဝါ၊ လျင်စွာပျက်ပြား ကွယ်သွားနိုင်ရိုး မရှိသည်သာတည်း။

၅၃။ "ယာ ဗျာပိနီ'ခိလနယဿ သုဗောဓိနီ စ၊
သောတူဟိ သေဝိတသဒါတနမမ္ဗရင်္ဂ။
ကတွာန လောကပဟိတေ သဂုဏေ ဒမန္တိ၊
ဌာတူ"တိ နဋ္ဌ'မုပဂါ'ဋ္ဌကထာ ပုရာဏာ။

http://www.dhammadownload.com



၅၃။ ယာ၊ အကြင်သမန္တပါသာဒိကာ အဋ္ဌကထာသည်။ အခိလနယဿ၊ အဋ္ဌကထာဟောင်းတို့တွင် ပါဝင်သမျှ အလုံးစုံသော နည်းနယသို့။ ဗျာပိနီ၊ မကျန်မကြွင်း ပျံ့နှံ့ခြင်းလည်း ရှိပေ၏။ သုဗောဓိနီ စ၊ သဒ္ဒါပေါ်လွင် အနက်ထင်၍ သိမြင်လည်း သိမြင်လွယ်ပါပေ၏။ သာ၊ ထိုသမန္တပါသာဒိကာ အဋ္ဌကထာသည်။ သောတူဘိ၊ စာသင်သားတို့သည်။ သေဝိတသဒ္ဒါတန မမ္မရင်္ဂ၊ လေ့ကျက်မှီဝဲ အမြဲတမ်းတရားပွဲကို။ကတ္ဝာန၊ ဆင်ယင်ကျင်းပ၍။ လောကပဟိတော၊ ကမ္ဘာတလွှားသို့ လွှတ်ထားဖြန့်ချိအပ်ကုန်သော။ သဂုဏော၊မိမိ၏ဂုဏ်ရည်တို့ကို။ ဒမန္တိ၊ စွဲမြဲစွာဆောင်ထားလျက်။ ဌာတု၊ ပြိုင်ဘက်ကင်းကွာ တစောင်တည်းသာလျှင် သာသနာနှောင်ခေတ် တည်နေရစ်ပါစေသတည်း။ ဣတိ၊ ဤသို့ နှောင်ရေး အခွင့်ပေးသကဲ့သို့ ဖြစ်ကုန်၍။ ပုရာဏာအဋ္ဌကထာ၊ ရှေးဟောင်း ဝိနည်းအဋ္ဌကထာတို့သည်။ နဋ္ဌ၊ တပိုင်းတစမျှ ရှာမရအောင် လုံးဝကွယ်ပျောက်ခြင်းသို့။ ဥပဂါ၊ အဟောင်းတို့သွားရာ မမ္မတာဖြင့် ရောက်ရှာကြလေကုန်တော့သတည်း။

၅၄။ ဇနာဘိသတ္တာယ ဒယာယ စောဒိတော၊
ဝိဆေဇ္ဇ ခေဒံ ဝိနယမှိ သာဓုနံ။
အထာဂမာနု'ဋ္ဌကထာဝိဓာနနေ။
မုရံ ဒဓာတုံ'ဘိမုခါ'သိ သော သုမိ။

၅၄။ ဇနာဘိသတ္တာယ၊ ရဟန်းပုဂ္ဂိုလ် များထိုထိုဝယ် စွဲတွယ်ကပ်ရောက်ခဲ့သော။ ဒယာယ၊ ကြင်နာထောက်ထား ကရုဏာတရားသည်။ စောဒိတော၊ တိုက်တွန်းနှိုးဆော်အပ်သည်ဖြစ်၍။ ဝါ၊ နှိုးဆော်အပ်သော။ သုမိ၊ ကောင်းမြတ်လှစွာ ဉာဏ်ပညာနှင့် ပြည့်စုံပေသော။ သော၊ ထိုအရှင်ဗုဒ္ဓဃောသ ဆရာမြတ်သည်။ ဝိနယမှိ၊ ဝိနည်းအရာ၌။ သာဓုနံ၊ ရဟန်းတော်အပေါင်း သူတော်ကောင်းတို့၏။ ခေဒံ၊ သိရန်ခက်ခဲ ဆင်းရဲပင်ပန်းခြင်းကို။ ဝိဆေဇ္ဇ၊ ဝိနည်းအဋ္ဌကထာ စီရင်ကာဖြင့် ပယ်ခွါဖြတ်တောက်ပြီး၍။ အထ၊ ထိုအခါမှ နောက်ကာလ၌။ အာဂမာနံ၊ နိကာယ်လေးရပ် သုတ္တန်ပါဠိတော်မြတ်တို့၏။ အဋ္ဌကထာဝိဓာနနေ၊ အဋ္ဌကထာသစ် အစုံအလင်ဖြစ်အောင် ဖွင့်လှစ်ပေါင်းစု စီရင်မှု၌။ မုရံ၊ တာဝန်

http://www.dhammadownload.com



ကို။ ဒဓာတုံ၊ ထမ်းဆောင်ဖို့ရန်။ အဘိမုခေါ် အာသိ၊ ရှေးရှုဦးတန်းလျက် ရည်မှန်းကြံစည်တော်မူလေပြီ။

၅၅။ ပဒ္ဓံ'ဝ ဖုလ္လာဘိနတံ သုဘာဏုဘံ၊
လဒ္ဓါန ဖုလ္လံ'တိသယာ'သိ စေတနာ။
ဒါဌာဒိနာဂေန ထိရဂ္ဂမိမတာ၊
ယာ ပတ္ထိတာ'ရဒ္ဓ တဒတ္ထသိဒ္ဓိယေ။

၅၅။ ဖုလ္လာဘိနတံ၊ ပွင့်လာရေး၌ ရှေးရှုညွတ်နေသော။ ဝါ၊ ပွင့်လုနီးဆဲဆဲ ဖြစ်သော။ ပဒ္ဓံ၊ ပဒုမ္မာကြာပန်းသည်။ သုဘာဏုဘံ၊ သန့်ရှင်း တောက်ပြောင် ကောင်းသောနေမင်း၏ အရောင်ကို။ လဒ္ဓါန၊ ရ၍။ ဖုလ္လံ ဣဝ၊ ကားကား စွင့်စွင့် ပွင့်လေဘိသကဲ့သို့။ ဒါဌာဒိနာဂေန ထိရဂ္ဂမိမတာ၊ ဒါဌာနာဂအမည် ရှိသော မထေရ်မြတ်ပညာရှိသည်။ ယာ၊ အကြင် ဒီဃနိကာယ် အဋ္ဌကထာကို။ ပတ္ထိတာ၊ တောင့်တအပ်ခဲ့လေပြီ။ တံ၊ ထိုဒီဃနိကာယ်အဋ္ဌကထာကို။ အာရဒ္ဓ၊ အကြောင်းပြု၍။ တဒတ္ထသိဒ္ဓိယေ၊ ထိုအဋ္ဌကထာဟူသော အကျိုး၏ ပြီးမြောက် ရေး၌။ အတိသယာ စေတနာ၊ ဆောင်ရွက်ဖို့ရန် အလွန်ထက်သန်သော စေတနာ သည်။ အာသိ၊ တောင်းပန်သူအား လေးစားသည့်ပြင် လူရှင်အများ သနား ငဲ့ညှာ ကရုဏာကြောင့် ကောင်းစွာဖြစ်ပေါ် ခဲ့လေပြီ။

၅၆။ ဒီဃာဂမတ္ထေသု သဗုဒ္ဓိဝိက္ကမ-
မာဂမ္မ သာရာဓိဂမာ သုမင်္ဂလ-
နာမာနုဂန္တ္ဝာ ဝိလာသိနီတိ ယာ၊
သံဝဏ္ဏနာ လောကဟိတာယ သမ္ဘဝိ။

၅၆။ ဒီဃာဂမတ္ထေသု၊ ဒီဃနိကာယ်၏ (အဋ္ဌကထာဟူသော) အနက်တို့၌။ သဗုဒ္ဓိဝိက္ကမံ၊ မိမိဉာဏ်၏အစွမ်းသတ္တိကို။အာဂမ္မ၊အကြောင်းပြု၍။ သာရာဓိဂမာ၊ အနှစ်သာရတို့ကို ရရှိခြင်းကြောင့်။ သုမင်္ဂလနာမာနုဂန္တ္ဝာ ဝိလာသိနီတိ၊ သုမင်္ဂလ မည်နာမသို့ နောက်မှဆက်ကာ လိုက်သည်သာဖြစ်သော ဝိလာသိနီ အမည်ရှိသော။ ဝါ-သုမင်္ဂလဝိလာသိနီအမည်ရှိသော။ ယာ သံဝဏ္ဏနာ၊ အကြင် အဋ္ဌကထာသည်။ အတ္ထိ၊ ရှိ၏။ သာ၊ ထိုအဋ္ဌကထာသည်။ လောကဟိတာယ၊ လောက၏ အကျိုးစီးပွါးအလို့ငှါ။ သမ္ဘဝိ၊ အသင့်ကောင်းစွာ ဖြစ်ပေါ် လာခဲ့ပေပြီ။

http://www.dhammadownload.com



၅၇။ ဂမ္ဘီရမေဓာဝိသယာဂမမ္ပိ၊
အာရဗ္ဘ ဗုဒ္ဓိံ'ဿ သုနိမ္မလီကတံ။
ဝိညာတဗုဒ္ဓါဘိမတာ ဗဟူ ဇနာ၊
အညတ္ထသာဓာ မဟတံ ဟိ ဗုဒ္ဓိယော။

၅၇။ အဿ၊ ထိုအရှင် ဗုဒ္ဓဃောသဆရာမြတ်၏။ သုနိမ္မလီကတံ၊ အမှား အညစ် အပြစ်လွတ်ကင်း အလွန်သန့်ရှင်းအောင် ကြောင်းရင်းဆက်စပ် ပြုထား အပ်သော။ ဗုဒ္ဓိံ၊ သန့်ရှင်းထူးချွန် အလွန်ထက်မြက်သော ဉာဏ်ပညာကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ဗဟူ ဇနာ၊ ရဟန်းရှင်လူ များစွာသောသူတို့သည်။ ဂမ္ဘီရ မေဓာဝိသယာဂမမ္ပိ၊ နက်နဲလှစွာ ဉာဏ်ပညာ၏ ကျက်စားရာ နယ်ပယ် နိကာယ်ဒီဃ သုတ္တန်ပိဋကဥ္စသော်လည်း။ ဝိညာတဗုဒ္ဓါဘိမတာ၊ အထူးသိအပ် သော ဘုရားမြတ်၏ အလိုတော်ရှိကြပေကုန်၏။ ဝါ၊ ဘုရားရှင်၏အလို ထိုထို အချက် တရားနက်တို့ကို ဉာဏ်သက်ကွန့်မြူး အထူးသိမြင်ကြပေကုန်၏။ ဟိ၊ ဤ အချက်ဝယ် ယုံ့ဖွယ်သာဓက အကြောင်းပြရလျှင်။ မဟတံ၊ အလိုမြင့်မြတ် စိတ် ဓာတ်ထူးချွန် ပုဂ္ဂိုလ်မွန် ပုဂ္ဂိုလ်မြတ်တို့၏။ ဗုဒ္ဓိယော၊ ဉာဏ်ပညာတို့သည်။ အညတ္ထသာဓာ၊ သူတပါးဟု အများအကျိုး အားကိုးသလောက် ခရီးရောက် အောင် ပြီးမြောက်စေတတ်ပါပေကုန်၏။

၅၈။ သာ'နီတဝိဒ္ဓါက္ခိမနာ မနာယိတာ၊
ကန္တာဂမေ ဓမ္မသဘာယတေ သဒါ။
တေနေဝ မဥ္စေ'ဟ တိရောကတာ တယာ၊
ကိံ သီဃဂ'ညတြ ပထညဂါမိကာ။

၅၈။ အာနီတဝိဒ္ဓါက္ခိမနာ၊ ဆွဲဆောင်အပ်သော ပညာရှိတို့၏ မျက်စိနှင့် စိတ်ရှိပေထသော။ ဝါ၊ ပညာရှိတို့၏ မျက်စိနှင့် စိတ်ကို သွေးဆောင် ဆွဲယူတတ် ပေထသော။ မနာယိတာ၊ ပညာရှိတို့ ရှုကြည့်လေ့လာ ဆင်ခြင်ကာဖြင့် ခွင့်ခါ အားလုံ အမြဲသုံး၍ စိတ်နှလုံးသဖွယ်လည်း ဖြစ်ပေထသော။ သာ၊ ထိုသုမင်္ဂလ ဝိလာသိနီ အဋ္ဌကထာသည်။ ကန္တာဂမေ၊ နှစ်သက်စဖွယ် ဒီဃနိကာယ်၌။ သဒါ ဓမ္မသဘာယတေ၊ မပြတ်ဆင်နွှဲသည့် တရားပွဲသဘင်ကြီး ဖြစ်နေပါပေ၏။ တေနေဝ၊ ထိုကြောင့်ပင်လျှင်။ တယာ-တာယ၊ ထိုသုမင်္ဂလဝိလာသိနီ အဋ္ဌကထာ

http://www.dhammadownload.com



သည်။ ဣဓ၊ ဤလောက၌။ အညာ၊ တပါးသော ဒီဃနိကာယ်ဆိုင်ရာ မဟာ-အဋ္ဌကထာကို။ တိရောကတွာ၊ သုံးသွန်းပါး၍ ပျောက်ကွယ်သွားအောင် ပြုထားနိုင်ခဲ့ပေ၏။ သီဃံ ပထံ၊ လွယ်ကူသက်သာ လျင်စွာရောက်ကြောင်း လမ်းကောင်းလမ်းတိုကို။ အညတြ၊ ရှောင်ရှားလွှဲဖယ်၍။ အညဂါမိကာ၊ နှောင့်နှေးစေလျက် အသွားခက်ရှည်လျား လမ်းတပါးကို လိုက်သွားကြကုန်သည်။ ကိံ ဟောန္တိ၊ အဘယ်မှာဖြစ်ကုန်အံ့နည်း။ ဝါ၊ မဖြစ်နိုင်ကုန်သည်သာ တည်း။

၃၉။ ပတ္တာ မဟန္တာ'မ္ဗရ'မမ္ဗုဒေါ ယထာ၊
လောကတ္ထသာဓိပိ မဟာသယံ မတိ။
တသ္မာ'ဿ သိဒ္ဓါ'ဋ္ဌကထာပရမ္ပရာ၊
ဗုဒ္ဓိပ္ပဒါနာယ'ဟုဝုံ နဝါ နဝါ။

၃၉။ အမ္ဗုဒေါ၊ မိုးသည်။ မဟန္တံ အမ္ဗရံ၊ ကြီးမားပြန့်ကျယ် ကောင်းကင်နယ်ကို။ ပတ္တာ၊ ရရှိ၍။ ဝါ၊ ရသောကြောင့်သာလျှင်။ လောကတ္ထသာဓိ ယထာ၊ လောကအကျိုး ပွါးတိုးလေအောင် ရွက်ဆောင် ပြီးမြောက်စေနိုင်သကဲ့သို့။ မတိပိ၊ ဉာဏ်ပညာသည်လည်း။ မဟာသယံ၊ မကျဉ်းမငယ် ပြန့်ကျယ်ကြီးမား လိုလားဆန္ဒ အဇ္ဈာသယဓာတ်ခံ ရင့်သန်ကဲလွန် လူရည်ချွန်ပုဂ္ဂိုလ်မြတ်ကို။ ပတ္တာ၊ ရ၍သာလျှင်။ ဝါ၊ ရပါမှသာလျှင်။ လောကတ္ထသာဓိနီ၊ လောကအကျိုး တိုးထက်တိုးအောင် စွမ်းဆောင် ပြီးမြောက်စေတတ်၏။ တသ္မာ၊ ထို့ကြောင့်။ အဿ၊ ထိုမဟာဇ္ဈာသယ အရှင်ဗုဒ္ဓဃောသမထေရ်မြတ်၏။ နဝါ နဝါ၊ အသစ် အသစ်ဖြစ်ကုန်သော။ အဋ္ဌကထာပရမ္ပရာ၊ ရေးကူးပွါးလာ အဋ္ဌကထာ အဆက်ဆက်တို့သည်။ ဗုဒ္ဓိပ္ပဒါနာယ၊ ပါဠိတော်တရား အရသာများကို ခံစားနိုင်ရေး ဉာဏ်ပညာပေးခြင်းငှါ။ သိဒ္ဓါ အဟုဝုံ၊ ကြိုးပမ်းသလောက် ခရီးရောက်၍ ပြီးမြောက်ခဲ့ပါပေကုန်၏။

၄၀။ ဗုဒ္ဓါဒိမိတ္တံ ထိရသေဋ္ဌ မုဒ္ဒိသံ၊
သံဝဏ္ဏနာ စာသိ ပပဥ္စသူဒနီ။
"သဗ္ဗတ္ထသာရေ ဇိနမဇ္ဈိမာဂမေ၊
လဒ္ဓါန ပီတိံ သုဇနာ သမေန္တု"တိ။

http://www.dhammadownload.com



၆၀။ ဗုဒ္ဓါဒိမိတ္တံ၊ ဗုဒ္ဓမိတ္တအမည်ရှိသော။ ထိရသေဋ္ဌံ၊ မထေရ်မြတ်ကို။ ဥဒ္ဒိသံ၊ ရည်ညွှန်းသမှု အကြောင်းပြုလျက်။ သုဇနာ၊ သူတော်ကောင်းတို့သည်။ ဇိနမဇ္ဈိမာဂမေ၊ မြတ်စွာဗုဒ္ဓ ဟောမိန့်ဟာသည့် မဇ္ဈိမနိကာယ်၌။ သဗ္ဗတ္ထသာရေ၊ အလုံးစုံအတ္ထ အနက်ဟူသော အနှစ်သာရတို့ကို။ လဒ္ဓါန၊ ရကုန်၍။ ပီတိံ၊ နှစ်သိမ့်ရွှင်လန်း ဝမ်းမြောက်ခြင်းသို့။ သမေန္တု၊ ကောင်းစွာပြည့်ဝ ရောက်ကြပါစေ။ ဣတိ၊ ဤသို့ရည်လျက် တောင့်တချက်၏ အစွမ်းဖြင့်။ ပပဉ္စသူဒနီ-သံဝဏ္ဏနာ စ၊ ပပဉ္စသူဒနီမည်သော အဋ္ဌကထာသည်လည်း။ အာသိ၊ သာသနာ ထွန်းရန် အချိန်တန်၍ ဖြစ်ပြန်ခဲ့လေပြီ။

၆၁။ ဥပ္ပဇ္ဇိ **"သာရတ္ထပကာသိနီ"**တိ ယာ၊<br>
သာ **ဇောတိပါလဿ** ယထာဘိလာသိတံ။<br>
လောကံ ယထာ နာမိက**သာ**ရဒီပနာ၊<br>
အာဘာ'သိ **သမ္မာ**ပဋိပန္နပန္ထဒါ။

၆၁။ သာရတ္ထပကာသိနီတိ၊ သာရတ္ထပကာသိနီဟူသော။ ယာ၊ အကြင် အဋ္ဌကထာသည်လည်း။ ဥပ္ပဇ္ဇိ၊ ဖြစ်ပေါ်ခဲ့၏။ သာ၊ ထိုအဋ္ဌကထာသည်။ ဇောတိပါလဿ၊ ဇောတိပါလမထေရ်မြတ်၏။ ယထာဘိလာသိတံ၊ တောင့်တ လိုလား မြှော်မှန်းထားသည့် **အတိုင်း**။ လောကံ၊ လောကကို။ ယထာ နာမိ-ကသာရဒီပနာ၊ သာရတ္ထပကာသိနီ သူ့အမည်နှင့် လျော်ညီစွာလှ အနှစ်သာရ တို့ကို ဖော်ပြဖွင့်ဆိုလျက်။ သမ္မာပဋိပန္နပန္ထဒါ၊ အကျင့်ကောင်းလမ်းမှန် သိရန် ကျင့်ရေး ထုတ်ဖော်ပေးသည်ဖြစ်၍။ အာဘာ-အာသိ၊ တောက်ပြောင်ထိန်ဝင်း ထွန်းလင်းလျက်ရှိလေပြီ။

၆၂။ သမ္ပုရိ ကာတုံ'သ မနောရထော ယထာ၊<br>
အင်္ဂုတ္တရန္တာဂမမတ္ထဝဏ္ဏနာ။<br>
တန္နာမဓေယျံ သုဇနံ စ **ဇီဝကံ**၊<br>
သော **ဇောတိပါလံ** စ ပသတ္ထဓီတိမံ။

http://www.dhammadownload.com



၆၃။ ဥဒ္ဒိဿ ယံ’ကာသိ ပဝိဏာတံ ကရံ၊
ဗုဒ္ဓါဒိသံသေဗျသုမင်္ဂဒဿနေ။
သဒ္ဓမ္မပုပ္ဖါန’ဝနာယိတာ’သိ သာ၊
ဝိဒ္ဒါလိသံဃဿ သဒါဝဂါဟဏာ။

၆၂–၃။ အင်္ဂုတ္တရန္တာဂမမတ္ထဝဏ္ဏနာ၊ အင်္ဂုတ္တရ နိကာယ် အဋ္ဌကထာသည်။ ကာတုံ၊ ရေးသားစီရင်ဖို့ရန်။ အဿ မနောရထော၊ ထိုအရှင်ဗုဒ္ဓဃောသ၏ အလိုဆန္ဒသည်။ ယဃာ-ယာဃ၊ အကြင် အင်္ဂုတ္တရအဋ္ဌကထာဖြင့်။ သမ္ပူရိ၊ ပြည့်ဝခဲ့လေပြီ။ သော၊ ထိုအရှင်ဗုဒ္ဓဃောသ ဆရာမြတ်သည်။ တန္နာမဓေယျံ၊ ထိုစိတ်နှလုံး အလိုပြည့်ကြောင်း (မနောရထ-ပူရဏီ)ဟူသော အမည်ရှိသော။ ဗုဒ္ဓါဒိသံသေဗျသုမင်္ဂဒဿနေ၊ ဘုရားရဟန္တာ အရိယာတို့ ကောင်းစွာစွဲမြဲမှီဝဲအပ်သည့် လမ်းမြတ်လမ်းမှန်တို့ကို ပြည့်နှန်ရာ၌။ ပဝိဏာတံ၊ လိမ္မာကျွမ်းကျင်သူအဖြစ်ကို။ ကရံ၊ ပြုတတ်သော။ ယံ၊ အကြင် အဋ္ဌကထာကို။ သုဇနံ၊ သူတော်ကောင်းဖြစ်သော။ ဇီဝကံ စ၊ ဇီဝကမည်သော ဥပါသကာကိုရင်း။ ပသတ္ထမိတိမံ၊ ချီးမွမ်းအပ်သည့် ပညာရှိဖြစ်တော်မူသော။ ဇောတိပါလံ စ၊ ဇောတိပါလ မထေရ်မြတ်ကိုရင်း။ ဥဒ္ဒိဿ၊ ရည်ညွှန်းသမှု အကြောင်းပြု၍။ အကာသိ၊ ပြုစီရင်လေပြီ။ သာ၊ ထိုအင်္ဂုတ္တရအဋ္ဌကထာသည်။ ဝိဒ္ဒါလိသံဃဿ၊ ပညာရှိတည်းဟူသော ပိတုန်းအပေါင်း၏။ သဒါဝဂါဟဏာ၊ တရားဝတ်ရည် သုံးဆောင်မည်ဟု ကြံစည်မျှော်မှန်းလျက် အမြဲတမ်း သက်ရောက်ရာသည်။ (ဟုတ္ဂာ၊ ဖြစ်၍။) သဒ္ဓမ္မပုပ္ဖါနံ၊ သူတော်ကောင်းတရား ပန်းအများတို့၏။ ဝနာယိတာအာသိ၊ အစီအရီ ဖူးငုံစီလျက် စုံညီပွင့်သော မြိုင်တောအသွင် ပန်းဥယျာဉ်သဖွယ် ဖြစ်ပါပေသတည်း။

၆၄။ ယေန’တ္တလဒ္ဓိံ ပဇဟန္တု သာဓဝေါ၊
ဒုဗ္ဗောဓဓမ္မေ စ သဘာဝဒီပနေ။
ဗုဇ္ဈန္တု ဣစ္ဆာသိ’ဘိဓမ္မသာဂရော၊
တတ္ထာ’ဝတာရံ သုကရေန သာဓိနီ။

http://www.dhammadownload.com



၆၅။ မေဓာဝိလာသာ ’ဿ ’ဟုဝုံ’ ဠသာလိနီ၊
ကန္တာ စ သမ္မောဟဝိနောဒနီတိ ယာ။
တာ ဗုဒ္ဓဃောသေတိ သတုလျနာမိက-
မာဂမ္မ ဇာတာ သုဇနတ္ထသာဓိနီ။

၆၄–၅။ ယေန၊ အကြင် အဘိဓမ္မာ ဒေသနာတော်ဖြင့်။ အတ္တလဒ္ဓိံ စ၊ အတ္တဒိဋ္ဌိကိုလည်း။ ပဇဟန္တု၊ ပယ်နိုင်ကြပါစေ။ သဘာဝဒီပနေ၊ မိမိ၏သဘော မှန်ကန်သောလက္ခဏာတို့ကို ပြတတ်ကုန်သော။ ဒုဗ္ဗောဓဓမ္မေ စ၊ သိရန်ခက်ခဲ နက်နဲသောရုပ်နာမ်တရားတို့ကိုလည်း။ ဗုဇ္ဈန္တု၊ သိကြပါစေ။ ဣတိ၊ ဤသို့သော အလိုတော်၏ အစွမ်းဖြင့်။ သော အဘိဓမ္မသာဂရော၊ သမုဒ္ဒြာသဖွယ် နက်ကျယ် လှစွာ ထိုအဘိဓမ္မာဒေသနာတော်သည်။ အာသိ၊ ဖြစ်ပေါ်ခဲ့စွာ ဖြစ်ပေါ်လာခဲ့ လေပြီ။ တတ္ထ၊ ထိုအဘိဓမ္မာ သမုဒ္ဒြာ၌။ သုကရေန၊ ခက်ခဲကင်းကွာ လွယ်ကူ စွာဖြင့်။ အဝတာရံ၊ သက်ဝင်နိုင်ရေးကို။ သာဓိနီ၊ ပြီးစေနိုင်သော။ အဋ္ဌသာ- လိနီ၊ အဋ္ဌသာလိနီအမည်ရှိသော။ ယာ စ၊ အကြင်အဋ္ဌကထာသည်ရင်း။ ကန္တာ၊ နှစ်သက်ဖွယ်သော။ သမ္မောဟဝိနောဒနီတိ၊ သမ္မောဟဝိနောဒနီဟူသော။ ယာ စ၊ အကြင်အဋ္ဌကထာသည်ရင်း။ အဿ၊ ထိုအရှင်ဗုဒ္ဓဃောသဆရာမြတ်၏။ မေဓာ- ဝိလာသာ၊ ဉာဏ်ပညာ၏ ကျယ်စွာပြန့်ပြူး ကွန့်မြူးကျက်စားခြင်းကြောင့်။ အဟုဝုံ၊ ထူးကဲလှစွာ ဖြစ်ပေါ်လာကုန်ပြီ။ သုဇနတ္ထသာဓိနီ၊ သူတော်ကောင်း တို့၏ အကျိုးကို ပြီးစေတတ်ကုန်သော။ တာ၊ ထိုအဋ္ဌကထာတို့သည်။ ဗုဒ္ဓဃော- သေတိ သတုလျနာမိကံ၊ ဗုဒ္ဓဃောသဟူ၍ပင် မိမိနှင့်တူသော အမည်ရှိသော ရဟန်းကို။ အာဂမ္မ၊ အကြောင်းပြု၍။ ဇာတာ၊ဖြစ်ပေါ်လာကြပေကုန်၏။

၆၆။ အညာ စ ပဉ္စကထာ ’ဘိမ္မဇေ၊
ဘာဝေ နိခာယေ ’တ္ထ ယထာ ’ဿ သုတ္တရာ။
ဂမ္ဘီရမတ္ထေသု ပဝိဒ္ဓဗုဒ္ဓိတံ၊
သမ္ဘာဒနီ သတ္တု တုလတ္တဒီပနီ။

၆၆။ တ္တေ၊ ဤပဉ္စပကရဏဋ္ဌကထာ၌။ ယထာ၊အကြင်အခြင်းအရာဖြင့် သိမ်မွေး ထည့်သွင်းအပ်ကုန်သည်ရှိသော်။ သုတ္တရာ၊ အလွယ်တကူ ကူးမြောက်နိုင်ကုန် သည်။ အဿု၊ ဖြစ်ကုန်ရာ၏။ တထာ၊ထိုအခြင်းအရာအားဖြင့်။အဘိဓမ္မဇေ၊အဘိ-

http://www.dhammadownload.com



ဓမ္မာဒ္ဒ ဖြစ်ကုန်သော။ **ဘာဝေ**၊ အနက်အဓိပ္ပါယ်တို့ကို။ နိဓာယ၊ သိုမှီးထည့်သွင်း၍။ ဂမ္ဘီရမတ္ထေသု၊ နက်နဲသောအချက် သဘာဝအနက်တို့၌။ ပဝိဒ္ဓဗုဒ္ဓိတံ၊ ဖောက်ထွင်းသိနိုင်သော ဉာဏ်ရှိသူအဖြစ်ကို။ သမ္ဘာဒနီ၊ ပြီးစေတတ်ကုန်သော။ သတ္တုအတုလတ္တာဒီပနီ၊ မြတ်စွာဘုရား၏ အတုမဲ့ပုဂ္ဂိုလ်အဖြစ် (ဟူသော သဗ္ဗညုတဉာဏ်အစွမ်း) ကို ပြတတ်ကုန်သော။ အညာ၊ အဋ္ဌသာလိနီ သမ္မောဟဝိနောဒနီတို့မှ တပါးကုန်သော။ ပဉ္စဋ္ဌကထာ စ၊ ဓာတုကထာအဖွင့် စသော အဋ္ဌကထာငါးစောင်တို့သည်လည်း။ ဇာတာ၊ သင့်လျော်လှစွာ ဖြစ်ပေါ်လာခဲ့ကုန်ပြီ။

၆၇။ **သောဏာဝှထေရဿ** ပဋိစ္စ ယာစနံ၊
တာ ယာယ ကင်္ခါ ဝိတရန္တိ ဘိက္ခဝေါ။
ယာ ပါတိမောက္ခမှိ, တဒန္တယာဝှယံ၊
သံဝဏ္ဏနံ'ကာသိ သ ဓီမတံ ဝရော။

၆၇။ ဓီမတံ၊ ပညာရှိတို့တွင်။ ဝရော၊ ထူးချွန် မြင့်မြတ်သူ ဖြစ်တော်မူပေသော။ သ၊ ထိုအရှင်ဗုဒ္ဓဃောသမထေရ်သည်။ သောဏာဝှထေရဿ၊ သောဏအမည်ရှိသော မထေရ်၏။ ယာစနံ၊ တောင်းပန်မှုကို၊ ပဋိစ္စ၊ အစွဲပြု၍။ ပါတိမောက္ခမှိ၊ ပါတိမောက်၌။ ယာ ကင်္ခါ၊ အကြင် ယုံမှား တွေဝေခြင်းတို့သည်။ (အတ္ထိ၊ ရဟန်းတော်တို့အား ဖြစ်ပွါးလျက်ရှိကုန်၏)။ တာ ကင်္ခါ၊ ထိုယုံမှားတွေဝေခြင်းတို့ကို။ ယာယ၊ အကြင်အဋ္ဌကထာဖြင့်။ ဘိက္ခဝေါ၊ ရဟန်းတော်တို့သည်။ ဝိတရန္တိ၊ ဉာဏ်အလင်းရောက် သဘောပေါက်၍ လွန်မြောက်ကြပေကုန်၏။ တဒန္တယာဝှယံ၊ ထိုယုံမှားကို လွန်မြောက်ကြောင်းဟူသော အနက်သို့ အစဉ်လိုက်သော (ကင်္ခါဝိတရဏီ) အမည်ရှိသော။ တံ သံဝဏ္ဏနံ၊ ထိုပါတိမောက်အဖွင့် အဋ္ဌကထာကို။ အကာသိ၊ ဝိနည်းတရား အလေးထား၍ ရေးသား စီရင်တော်မူခဲ့လေပြီ။

၆၈။ သမတ္တလောကဋ္ဌဝိဘာဝိရဉ္ဇနာ၊
ကတော'ဓိနာ **ဓမ္မပဒဿ** ဝဏ္ဏနာ။
ထိရံ သမုဒ္ဒိဿ **ကုမာရကဿပံ**၊
သတံ မနံ ပီတိပဖုလ္လိတံ ယယာ။

http://www.dhammadownload.com



၆၇။ ဣမိနာ၊ ဤအရှင်ဗုဒ္ဓဃောသမထေရ်မြတ်သည်။ ကုမာရကဿပံ၊ ကုမာရကဿပ မည်သော။ ထိရံ၊ မထေရ်ကို။ သမုဒ္ဒိဿ၊ ရည်ရွယ်သမှု အကြောင်းပြု၍။ သမတ္တလောကဣ ဝိဘာဝိရဋ္ဌနာ၊ တကမ္ဘာလုံး၌ တည်ရှိသော ပညာရှင်တို့၏ နှစ်သက်စွဲလမ်းရာဖြစ်သော။ ဓမ္မပဒဿ ဝဏ္ဏနာ၊ ဓမ္မပဒ ပါဠိတော်၏ အဖွင့် အဋ္ဌကထာကို။ ကတာ၊ ပြုစီရင်တော်မူအပ်ပြီ။ ယယာ-ယာယ၊ ယင်းဓမ္မပဒအဋ္ဌကထာဖြင့်။ သတံ မနံ၊ သူတော်ကောင်းတို့၏ စိတ် နှလုံးသည်။ ပီတိပဖုလ္လိတံ၊ နှစ်သိမ့်ပြည့်လျှမ်း ပီတိလွှမ်း၍ ရွှင်လန်းတိုးပွါး ပွင့်ကားစိုပြည်လျက် ရှိပါပေ၏။

၆၉။ ပညာ'ဿ ယာ သုတ္တနိပါတ ခုဒ္ဒက-
ပါဌတ္ထဒါတာ **ပရမတ္ထဇောတိကာ**။
သံဝဏ္ဏနာ **ဇာတကတန္တိ** မဏ္ဍနာ၊
တာ ဟောန္တိ **လောကဿ ဟိတပ္ပဒီပိနီ**။

၆၉။ အဿ၊ ထိုအရှင်ဗုဒ္ဓဃောသမထေရ်မြတ်၏။ အညာ၊ ဆိုခဲ့ပြီးမှ တပါး ကုန်သော။ သုတ္တနိပါတ ခုဒ္ဒကပါဌတ္ထဒါတာ၊ သုတ္တနိပါတ်နှင့် ခုဒ္ဒကပါဌ၏ အနက် တို့ကို ဖွင့်ဆိုပေးတတ်သော။ ယာ ပရမတ္ထဇောတိကာ၊ ပရမတ္ထဇောတိကာ မည်သော အကြင်အဋ္ဌကထာသည်ရင်း။ ဇာတကတန္တိမဏ္ဍနာ၊ ဇာတကပါဠိ အတွက် လိုချက်မရှိအောင် ထုတ်ဆောင်ဖွင့်ကာ တန်းဆာဆင်ကြောင်း ဖြစ်သော။ ယာ သံဝဏ္ဏနာ၊ အကြင်အဋ္ဌကထာသည်ရင်း။ (အတ္ထိ၊ ရှိကုန်၏။) တာ၊ ထိုအဋ္ဌကထာတို့သည်။ လောကဿ၊ လူအပေါင်းဟူသော လောက**၏**။ ဟိတပဒီပိနီ၊ အကျိုးစီးပွါး များထက်များအောင် ညွှန်ကြားမပြတ် ဖော်ပြတတ် ကုန်သည်။ ဟောန္တိ၊ ဖြစ်ပါပေကုန်၏။

၇၀။ နိဿာယ လောကမ္ဗိ ပဇာရဏိစ္ဆာ၊
လက်ာဂတာန' ဋ္ဌကထာန'မဒ္ဒါ။
ယာ ထေရဝါဒီန' မပူရိ ဗုဒ္ဓ-
ဃောသဂ္ဂထေရဿ ပဘာဝလဒ္ဓါ။

http://www.dhammadownload.com



၇၀။ လင်္ကာဂတာနံ၊ သီဟိုဠ်ကျွန်း၌ ဖြစ်ကုန်သော။ အဋ္ဌကထာနံ၊ မဟာ အဋ္ဌကထာ အစရှိသော အဋ္ဌကထာဟောင်းတို့၏။ နိဿယသလောကမှို၊ ကမ္ဘာ တဝှန်းလုံး၌။ ပစာရဏော၊ တွင်ကျယ်မနှေး ပြန့်နှံ့ရေး၌။ ထေရဝါဒီနံ၊ ထေရ ဝါဒဂိုဏ်းဝင် အရှင်မြတ်တို့၏။ ယာ ဣစ္ဆာ၊ အကြင် အလိုဆန္ဒသည်။ အဒ္ဓါ၊ မချွတ်ကေန် အမှန်စင်စစ်။ (အဟောသိ၊ ဖြစ်ပေါ်ခဲ့လေပြီ။) သာ၊ ထေရဝါဒ သာသနာ ကမ္ဘာပြန့်ရေး ပြုပြင်ပေးဖို့ မျှော်တွေးတောင့်တ ထိုအလိုဆန္ဒသည်။ ဗုဒ္ဓဃောသဂ္ဂ ထေရဿ၊ အရှင်ဗုဒ္ဓဃောသ မထေရ်မြတ်၏။ ပဘာဝ လဒ္ဓါ၊ ရအပ်သော စွမ်းရည်အထူးရှိသည်ဖြစ်၍။ ဝါ၊ စွမ်းရည်အထူးကို ရသည်ဖြစ်၍[၁]။ အပူရိ၊ အလိုရှိတိုင်း မဆိုင်းငွေ့ ပြည့်ဝခဲ့ပေသတည်း။

၇၁။ ဘဒ္ဒံ'သ နာမံ စ, ဂုဏာ မနုညာ၊
သမဂ္ဂဂါမီ' နုကရောန္တိ တေသံ။
သသက်သူရာ ဟိ သဒါတနာ ယေ၊
လောကံ ပမောဒံ စ ကရံ စရန္တိ။

၇၁။ အဿ၊ ထိုအရှင်ဗုဒ္ဓဃောသ မထေရ်မြတ်၏။ ဘဒ္ဒံ၊ အနွတ္ထသညာ သုတိသာ၍ သဒ္ဒါအနက် ညီလျော်ချက်ကြောင့် နှစ်သက်ဖွယ်ရာ ကောင်းမြတ် စွာသော။ နာမံ စ၊ ဗုဒ္ဓဃောသဟု လောကထင်ပေါ် အမည်တော်သည်ရင်း။ မနုညာ စ ဂုဏာ၊ နှစ်သက်ဖွယ်အစုံ ကျေးဇူးတော်ဂုဏ်တို့သည်ရင်း။ သမဂ္ဂဂါမီ၊ အရပ်တိုင်းပေါက် အနှံ့ရောက်ကုန်လျက်။ (အနုကရောန္တိ-၌စပ်) ယေ သသက်-သူရာ၊ အကြင် လနှင့်နေတို့သည်။ သဒါတနာ၊ အမြဲတမ်းရှိနေကြကုန်သည်ရင်း။ လောကံ၊ ကမ္ဘာသူ ကမ္ဘာသား လူအများကို။ ပမောဒံ၊ နှစ်သက်ရွှင်မြူး ကြည်နူးဝမ်းမြောက်ခြင်းကို။ ကရံ စ၊ ပြုကြကုန်သည်ရင်း။ (ဟုတ္ဘာ၊ ဖြစ်ကုန် လျက်။) စရန္တိ၊ လှည့်လည်နေကုန်၏။ တေသံ၊ ထိုကမ္ဘာ့ကျက်သရေ လနှင့်နေ တို့၏။ ဝါ၊ လနှင့်နေတို့အား။ အနုကရောန္တိ၊ အတူလိုက်ကာ သွားလာလှည့် လည်လျက် ရှိကြပါပေကုန်သတည်း။

မှတ်ချက်။ ။၁-ပဘာဝံ၊ စွမ်းရည်အထူးကို။ လဒ္ဓါ၊ ရ၍-ဤသို့လည်း ပဒစ္ဆေဒပြုနိုင်၏။

http://www.dhammadownload.com



၇၂။ **သုဗုဒ္ဓဃောသသ္သ** ဝိဘာဝိသတ္တိ-
ပဗျတ္တိ မာရဗ္ဘ ထိရာသဘာဿ။
သမဂ္ဂလောကော ဟိ သုထေရဝါဒေ၊
မာနံ ပဝစ္ဆေသိ အနညဇာတံ။

၇၂။ ဟိ၊ • သို့ဖြစ်ခြင်း၏ အကြောင်းရင်းကား။ သုဗုဒ္ဓဃောသသ္သ၊ ဘုရားရှင်၏ ကျော်စောသံမျိုး ရှိတော်မူသော။ ထိရာသဘာဿ၊ ယောကျ်ားမြတ်ဇာနည် အရှင်ဗုဒ္ဓဃောသမထေရ်၏။ ဝိဘာဝိသတ္တိပဗျတ္တိံ၊ ကျမ်းဂန်အများ ရေးသား နိုင်သည့် ပညာရှိအစွမ်း လျှမ်းလျှမ်း တောက်ပဝင်း ထင်ရှားခြင်းကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ သမဂ္ဂလောကော၊ တလောကလုံးသည်။ သုထေရဝါဒေ၊ မှုမှန်ကျန ကောင်းမြတ်သော ထေရဝါဒ၌။ အနညဇာတံ၊ အခြားစနစ် ဝါဒ သစ်၌ မဖြစ်စဘူး လွန်စွာထူးသော။ မာနံ၊ နှစ်သက်အားကိုး မြတ်နိုးခြင်းကို။ ပဝစ္ဆေသိ၊ ပွါးစေခဲ့ပေသတည်း။

၇၃။ **ဗုဒ္ဓေါတိ** နာမံ ဘုဝနမှိ ယာဝ၊
**သုဗုဒ္ဓဃောသသ္သ** သိယာ န ကိဉ္စိ။
လဒ္ဓါ ဟိ သာဓူဘိ မဟောပကာရာ၊
မဟဂ္ဃဝိတ္တာနိဝ တံသကာသာ။

၇၃။ ယာဝ၊ အကြင်မျှလောက်။ ဘုဝနမှိ၊ ကမ္ဘာလောက၌။ ဗုဒ္ဓေါတိနာမံ၊ ဗုဒ္ဓဟူသော အမည်တော်သည်။ (အတ္ထိ၊ ရှိနေသေး၏။ တာဝ၊ ထိုဗုဒ္ဓဟူသော အမည် တည်ရှိနေသမျှကာလပတ်လုံး။) သုဗုဒ္ဓဃောသသ္သ၊ ဘုရားရှင်၏ ကျော် စောသံမျိုးရှိသော အရှင်ဗုဒ္ဓဃောသ၏။ နာမံ၊ အမည်တော်သည်။ ကိံ ဟိ န သိယာ၊ အဘယ်မှာလျှင် မရှိပဲ နေပါအံ့နည်း။ သိယာ ဧဝ၊ ရှိမြဲထင်စွာ ရှိနေမည်သာတည်း။ ဟိ၊ ထို စကားဝယ် ယုံကြည်ဖွယ်ကား။ သာဓူဘိ၊ တရားလိုလား သူတော်ကောင်းအများတို့သည်။ မဟဂ္ဃဝိတ္တာနိ၊ အဘိုးများစွာ ထိုက်တန်သော ရတနာတို့ကို။ လဒ္ဓါနိဝ၊ ရအပ်ကုန်သကဲ့သို့။ တံသကာသာ၊ ထိုအရှင်ဗုဒ္ဓဃောသမထေရ်မြတ်၏အထံမှ။ မဟောပကာရာ၊ ပရိယတ် ပဋိပတ် ပဋိဝေဓဆိုင်ရာ များစွာသော ကျေးဇူးတို့ကို။ လဒ္ဓါ၊ လိုတိုင်း အလုံးစုံ ရအပ် ပါပေကုန်သတည်း။

၇၄။ ခိယေထ ဝဏ္ဏော န သမုဒ္ဓဋောပိ၊
နန္တ’ဿ နေကာ ဟိ ဂုဏာ အနန္တာ။
ကော နု’ဒ္ဓရေယျာ’ ခိလသာဂရေဒေ၊
တထာပိ မညန္တု သုဓီ သဒါ တေတိ။

ဆဋ္ဌသင်္ဂီတိဘာရ နိတ္ထာရက သံဃသမိတိယာ ပကာသိတာယံ
ဝိသုဒ္ဓိမဂ္ဂနိဒါနကထာ နိဋ္ဌိတာ။ *

၇၄။ သမုဒ္ဓဋော၊ ကုန်စင်အောင်ဟု ကြိုးစားမှုဖြင့် ရွေးစုငင်နှုတ် ဆောင်ထုတ်အပ်သည်။ သမာနောပိ၊ ဖြစ်ပါသော်လည်း။ အဿ၊ ထိုအရှင်ဗုဒ္ဓဃောသ၏။ ဝဏ္ဏော၊ ကျေးဇူးအစုံ ဂုဏ်တော်အပေါင်းသည်။ န ခိယေထ၊ ကုန်နိုင်ဖွယ်ရာ မရှိပါပေ။ ဟိ၊ ဤစကား၏ အတိဝုတ္တ ဒေါသမဝင် ဂုဏ်တင်ဖွယ်ရာ ဖြစ်သည်မှာကား။ အဿ ဂုဏာ၊ ထိုအရှင်ဗုဒ္ဓဃောသ ဆရာမြတ်၏ ဂုဏ်တော်တို့သည်။ အနေကာ၊ ဂုဏ်အကဲသိ မြတ်ကဝိတို့ ရှုကြည့်တိုင်းပင် ပေါ်လွင်ထင်ရှား အလွန်များကုန်သည်ဖြစ်၍။ အနန္တာ၊ အဘယ်သို့ချဲ့ချဲ့ ဖွဲ့နွဲ့စီကုံး အနှုန်းမပိုင် မဆုံးနိုင်ကုန်သည်။ ဟောန္တိ နနု၊ ဖြစ်ကုန်သည် မဟုတ်ပါလော။ ကော၊ ယောကျ်ားစိတ်မာန် အားစွမ်းသန်၍ တံခွန်စိုက်ထူ အဘယ်သို့သောသူသည်။ အခိလသာဂရေဒေ၊ ရေတွက်မရ နှိုင်းဆမကုန် အလုံးစုံသော သမုဒ္ဒရာရေတို့ကို။ ဥဒ္ဓရေယျနု၊ အကုန်အစင် ထုတ်တင်ဆောင်ယူနိုင်ပါအံ့နည်း။ တထာပိ၊ သို့ပင် မကုန်

---

မှတ်ချက်။　　။* အထက်ပါ သင်္ဂဟဂါထာ များကို မဟာစည် ဆရာတော်၏ တောင်းပန်ချက်ဖြင့် သံလျင်မြို့နယ် သပြေကန်ရွာ မဟာဓမ္မိကာရာမတိုက် **အနုနာယကဆရာတော်** **အရှင်ဝါသေဋ္ဌ** မထေရ်က ရေးသားဖွဲ့စီပေးတော်မူသည်။ ယင်းဂါထာတို့ကို ဆဋ္ဌသံဂါယနာဝန်ဆောင် သံဃအဖွဲ့၏ သဘောတူဆုံးဖြတ်ချက်ဖြင့် ဝိသုဒ္ဓိမဂ်ပါဠိနိဒါန်း၌ ထည့်သွင်းဖော်ပြခဲ့သည်။ ထို့ကြောင့် ထိုပါဠိနိဒါန်း ယင်းဂါထာတို့၏ အဆုံး၌ အထက်ပါအတိုင်း နိဂုံးစကားကို ပြထားပေသည်။

http://www.dhammadownload.com



နိုင်အောင် မြားမြောင်လှပါသော်လည်း။ သုမိ၊ ဂုဏ်ကျေးဇူးကို အထူးမြင်သိ ပညာရှိတို့သည်။ တေ၊ ထိုအရှင်ဗုဒ္ဓဃောသဆရာမြတ်၏ ဂုဏ်တော်တို့ကို။ သဒါ၊ အခါခပ်သိမ်း။ မညန္တု၊ အမှတ်တရ အောက်မေ့နိုင်ကြပါစေကုန်သတည်း။

ဝိသုဒ္ဓိမဂ်နိဒါန်း သင်္ဂဟဂါထာပါဌ်အနက်
ဤတွင် အလုံးစုံ ပြီး၏။

http://www.dhammadownload.com

http://www.dhammadownload.com

## ဝိသုဒ္ဓိမဂ် - မြန်မာပြန်

## တတိယတွဲ

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ၁၂-ဣဒ္ဓိဝိဓနိဒ္ဒေသ- ပြီးမြောက်မှု (တန်ခိုးဖန်ဆင်းမှု) အမျိုးမျိုးကို အကျယ်ပြချက် .... .... .... | ၁-မှ ၁၀၅ |
| အဘိညာဉ် ပြဆိုချက် .... .... .... | ၁ |
| လောကီအဘိညာဉ်ငါးပါးသရုပ် .... .... | ၃ |
| အဘိညာဉ်ရရန် လေ့ကျင့်ပုံ .... .... | ၁-၂ |
| ကသိုဏ်းပရိကံကို ပြုခြင်းသည်သော်လည်း ဝန်လေးကြောင်း .... | ၉ |
| နိမိတ်ရပြီးသော်လည်း စျာန်ရရန် ဝန်လေးကြောင်း .... | ၉ |
| စျာန်ရပြီးသော်လည်း တန်ခိုးဖန်ဆင်းရန် ဝန်လေးကြောင်း .... | ၉ |
| ဂိရိဘဏ္ဍဝါဟနပူဇော်ပွဲအကြောင်း .... .... | ၁၁ |
| ပြီးမြောက်ခြင်း ဣဒ္ဓိဆယ်ပါးပြဆိုချက် .... .... | ၁၈ |
| ဣဒ္ဓိဆယ်ပါးသရုပ် .... .... .... | ၂၀ |
| အဓိဋ္ဌာနိဒ္ဓိ (၁) .... .... .... | ၂၀ |
| ဝိကုဗ္ဗနိဒ္ဓိ (၂) .... .... .... | ၂၁ |
| မနောမယိဒ္ဓိ (၃) .... .... .... | ၂၁ |
| ဉာဏဝိပ္ဖါရိဒ္ဓိ (၄) .... .... .... | ၂၁ |
| အရှင်ဗာကုလ၏ ဉာဏဝိပ္ဖါရိဒ္ဓိ .... .... .... | ၂၁-၂ |
| အရှင်သံကိစ္စ၏ ယင်းဣဒ္ဓိ .... .... .... | ၂၂ |
| ဘူတပါလ၏ ယင်းဣဒ္ဓိ .... .... .... | ၂၃ |
| သမာဓိဝိပ္ဖါရိဒ္ဓိ (၅) .... .... .... | ၂၃ |
| အရှင်သာရိပုတ္တရာ၏ သမာဓိဝိပ္ဖါရိဒ္ဓိ.... .... .... | ၂၄ |

http://www.dhammadownload.com



အကြောင်းအရာ ... စာမျက်နှာ


| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| အရှင်သဥ္ဇီဝ၏ ယင်းဣဒ္ဓိ | ၂၄ |
| အရှင်ခါဏုကောဏ္ဍည၏ ယင်းဣဒ္ဓိ | ၂၅ |
| ဥတ္တရာ၏ ယင်းဣဒ္ဓိ | ၂၆ |
| သာမာဝတီ၏ ယင်းဣဒ္ဓိ | ၂၆ |
| အရိယိဒ္ဓိ (၆) | ၂၇ |
| ဆဌ္ဌဂ္ဂပေက္ခာ | ၂၉ |
| ကမ္မဝိပါကဇိဒ္ဓိ (၇) | ၃၀ |
| ပုညဝတောဣဒ္ဓိ (၈) | ၃၁ |
| ဝိဇ္ဇာမယိဒ္ဓိ (၉) | ၃၃ |
| ထိုထိုအရာ၌ သမ္မာပယောဂကြောင့် ပြီးမြောက်မှု (ဣဒ္ဓိ) (၁၀) | ၃၄ |
| ဣဒ္ဓိ၏ ဘုံအဆင့်လေးပါး | ၃၉ |
| ယင်း၏ ပါဒ လေးပါး | ၄၀ |
| ယင်း၏ အသေးစိတ်အကြောင်း ပဒရှစ်ပါး | ၄၄ |
| ယင်း၏ မူလ ၁၆-ပါး | ၄၄ |
| တန်ခိုးဖန်ဆင်းပုံ အစီအစဉ် | ၄၈-၉ |
| အရှင်စူဠပန် တန်ခိုးဖန်ဆင်းပုံ | ၅၀ |
| ထင်ရှားပေါ် အောင်ပြုသည့် အာဝိဘာဝတန်ခိုး | ၅၈-၉ |
| နှစ်လှမ်း သုံးဖဝါးဖြင့် တာဝတိံသာသို့ ကြွတော်မူပုံ | ၆၂ |
| မြင်းမိုရ်တောင် မတွေ့ရခြင်းအကြောင်း (မှတ်ချက်) | ၆၂ |
| တာဝတိံသာမှ သင်္ကဿမြို့သို့ သက်ဆင်းတော်မူကြောင်း | ၆၄-၇ |
| စကြာဝဠာ များစွာကို မြင်ရအောင် ဖန်ဆင်းသော လောကဝိဝရဏတန်ခိုး | ၆၆ |
| ကွယ်အောင် မမြင်ရအောင် ဖန်ဆင်းသောတန်ခိုး | ၆၈ |
| တောင် နံရံ စသည်ကို ဖောက်ထွင်းသွားနိုင်အောင် ဖန်ဆင်းပုံ | ၇၂ |
| မြေလျှိုးသွားနိုင်အောင် ဖန်ဆင်းသောတန်ခိုး | ၇၆ |
| ရေပေါ်မှာ သွားနိုင်သောတန်ခိုး | ၇၈ |
| မိုးပျံနိုင်သောတန်ခိုး | ၇၉ |

http://www.dhammadownload.com



အကြောင်းအရာ　　စာမျက်နှာ


နန္ဒောပနန္ဒ နဂါးမင်းကို ဆုံးမခြင်း .... .... ၈၄
ဗြဟ္မာ့လောကတိုင်အောင် ကိုယ်ဖြင့် အလိုအတိုင်းဖြစ်သောတန်ခိုး ၉၁
အဝေးကို အနီးဖြစ်အောင် ဖန်ဆင်းပုံ .... .... ၉၃
အနီးကို အဝေးဖြစ်အောင် ဖန်ဆင်းပုံ .... .... ၉၅
အများကို အနည်းဖြစ်အောင် ဖန်ဆင်းပုံ .... .... ၉၅
အနည်းကို အများဖြစ်အောင် ဖန်ဆင်းပုံ .... .... ၉၆
ကိုယ်၏အစွမ်းဖြင့် စိတ်ကို ညွတ်စေပုံ .... .... ၉၇
စိတ်၏အစွမ်းဖြင့် ကိုယ်ကို ညွတ်စေပုံ .... .... ၉၉
ဝိကုဗ္ဗနိဒ္ဓိအကြောင်း .... .... ၁၀၁
မနောမယိဒ္ဓိအကြောင်း .... .... ၁၀၃
၁၃-အဘိညာ နိဒ္ဒေသ-အဘိညာဉ်တို့ကို အကျယ်ပြချက် ၁၀၆-မှ၁၇၈
ဒိဗ္ဗသောတဓာတ် ပြဆိုချက် .... .... ၁၀၆
ဒိဗ္ဗသောတအဘိညာဉ်ရအောင် အားထုတ်နည်း .... .... ၁၀၉
စေတောပရိယဉာဏ် ပြဆိုချက် .... .... ၁၁၁
ပုဗ္ဗေနိဝါသဉာဏ် ပြဆိုချက် .... .... ၁၁၇
သာသနာပရသေ့ သာသနာတွင်းရဟန်း စသည်တို့၏ သိမြင်နိုင်သော
ကပ္ပါအပိုင်းအခြား .... .... ၁၁၉
ယင်းတို့၏ အောက်မေ့သိမြင်ပုံ အခြင်းအရာ .... .... ၁၁၉
ယင်းတို့၏ သိမြင်ပုံ ဥပမာများ .... .... ၁၂၁
ပုဗ္ဗေနိဝါသဉာဏ် ရအောင် လေ့ကျင့်ပုံ .... .... ၁၂၂
ကမ္ဘာပျက်ပုံ သုံးမျိုး .... .... ၁၂၇
ဗုဒ္ဓခေတ်သုံးပါး .... .... ၁၂၈
မီးဖြင့် ကမ္ဘာပျက်ပုံ .... .... .... ၁၂၈
လောကဗျူဟာနတ်တို့ ကြွေးကြော်ကြပုံ .... .... ၁၃၀
ကမ္ဘာပြန်လည် ဖြစ်ထွန်းပုံ .... .... .... ၁၃၃
ကမ္ဘာဦးသားလူတို့ အခြေအနေ .... .... ၁၃၅

http://www.dhammadownload.com



အကြောင်းအရာ　　စာမျက်နှာ


မိန်းမယောက်ျားတို့ စ၍ ဖြစ်လာပုံ.... .... .... ၁၃၈
ခိုးယူမှု ဖြစ်ပေါ်လာပုံ .... .... .... ၁၃၉
မဟာသမ္မတမင်း စ၍ပေါ်လာပုံ .... .... ၁၃၉
အသင်္ချေယျကပ်လေးခု အပိုင်းအခြား .... .... ၁၄၀
ရေဖြင့် ကမ္ဘာပျက်ပုံ .... .... .... ၁၄၁
လေဖြင့် ကမ္ဘာပျက်ပုံ .... .... .... ၁၄၃
ကမ္ဘာပျက်ခြင်း အကြောင်းစသည် .... .... ၁၄၅
စုတူပပါတဉာဏ်ခေါ် ဒိဗ္ဗစက္ခုဉာဏ် ပြဆိုချက် .... .... ၁၄၉
ကံအားလျော်စွာ ဘဝသစ်သို့ ကပ်ရောက်ကြသည်ကို မြင်ကြောင်း ၁၅၃
အရိယူပဝါဒကံ ထိုက်ခြင်းအကြောင်း .... .... ၁၅၅
အရိယူပဝါဒကံကို ကုစားပုံ .... .... .... ၁၅၆
အရိယူပဝါဒကံနှင့် မိစ္ဆာဒိဋ္ဌိ အပြစ်ကြီးကြောင်း .... .... ၁၅၉
ဒိဗ္ဗစက္ခုအဘိညာဉ်ရအောင် လေ့ကျင့်ခဏ်း .... .... ၁၆၂
ပြိုးပြွမ်း ပြဆိုချက် .... .... .... ၁၆၅
အနာဂတံသ ယထာကမ္မူပဂဉာဏ်တို့နှင့်တကွ အဘိညာဉ် ခုနစ်ပါး
ဖြစ်ကြောင်း .... .... .... ၁၆၆
ဣဒ္ဓိဝိဓဉာဏ်၏ အာရုံ (၇) မျိုး ဝေဘန်ပြခြင်း .... .... ၁၆၆
ဒိဗ္ဗသောတဉာဏ်၏ အာရုံ (၄)မျိုး ဝေဘန်ပြခြင်း.... .... ၁၆၈
စေတောပရိယဉာဏ်၏ အာရုံ (၈) မျိုး ဝေဘန်ပြခြင်း .... ၁၆၈
ပစ္စုပ္ပန် (၃) မျိုး အကြောင်း .... .... .... ၁၆၉
ပုဗ္ဗေနိဝါသဉာဏ်၏ အာရုံ (၈) မျိုး ဝေဘန်ပြခြင်း .... ၁၇၄
ဒိဗ္ဗစက္ခုဉာဏ်၏ အာရုံ (၄) မျိုး ဝေဘန်ပြခြင်း .... .... ၁၇၆
အနာဂတံသဉာဏ်၏ အာရုံ (၈) မျိုး ဝေဘန်ပြခြင်း .... ၁၇၆
ယထာကမ္မူပဂဉာဏ်၏ အာရုံ (၅) မျိုး ဝေဘန်ပြခြင်း .... ၁၇၇
ခန္ဓနိဒ္ဒေသ-ခန္ဓာတို့ကို အကျယ်ပြချက် .... ၁၇၉-မှ ၃၃၃
ပညာကို ပြဆိုချက် .... .... .... ၁၇၉

http://www.dhammadownload.com



# မာတိကာ

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ဤ၌ ဆိုလိုသောပညာကို ဖော်ပြခြင်း .... .... | ၁၈၀ |
| ပညာမည်ခြင်း၏ အကြောင်း .... .... .... | ၁၈၀ |
| သညာ ဝိညာဏ် ပညာတို့၏ ထူးခြားခြင်း .... .... | ၁၈၀ |
| ယင်းထူးခြားပုံကို ဥပမာဖြင့် ပြခြင်း .... .... | ၁၈၁ |
| ပညာ၏ လက္ခဏာ ရသစသည် .... .... .... | ၁၈၄ |
| ပညာအပြားကို ပြဆိုချက် .... .... .... | ၁၈၄ |
| လောကီပညာနှင့် လောကုတ္တရာပညာ .... .... | ၁၈၅ |
| နာမ်ကို ပိုင်းခြားသော ပညာနှင့် ရုပ်ကို ပိုင်းခြားသော ပညာ .... | ၁၈၅ |
| ဒဿနဘူမိပညာနှင့် ဘာဝနာဘူမိပညာ .... .... | ၁၈၆ |
| သုတမယ စိန္တာမယ ဘာဝနာမယပညာ .... .... | ၁၈၆ |
| အာယကောသလ္လပညာ စသည်သုံးပါး .... .... | ၁၈၇ |
| ဒုက္ခ၌ ဉာဏ်စသည် (စတုသစ္စဉာဏ်)လေးပါး .... .... | ၁၈၉ |
| ပဋိသမ္ဘိဒါဉာဏ် လေးပါး .... .... .... | ၁၉၀ |
| အတ္ထပဋိသမ္ဘိဒါဉာဏ် .... .... .... | ၁၉၁ |
| ဓမ္မပဋိသမ္ဘိဒါဉာဏ် .... .... .... | ၁၉၁ |
| နိရုတ္တိပဋိသမ္ဘိဒါဉာဏ် .... .... .... | ၁၉၃ |
| ပဋိဘာနပဋိသမ္ဘိဒါဉာဏ် .... .... .... | ၁၉၄ |
| ပဋိသမ္ဘိဒါဉာဏ် ရကြောင်းများ .... .... .... | ၁၉၄-၅ |
| ပညာ၏ ဘုံ-မူလ-ကိုယ်ထည်တို့ကို ပိုင်းခြားချက် .... .... | ၁၉၇ |
| ရူပက္ခန္ဓာ ပြဆိုချက် .... .... .... | ၁၉၉ |
| ဘူတရုပ် ၄-ပါး .... .... .... .... | ၂၀၀ |
| ဥပါဒါရုပ် ၂၄-ပါး .... .... .... .... | ၂၀၁ |
| စက္ခုပသာဒစသည်တို့၏ လက္ခဏာ ရသ စသည် .... .... | ၂၀၂ |
| ကေစိ အပရေဝါဒ ရှင်းလင်းချက် .... .... .... | ၂၀၆ |
| အဆင်း အသံတို့ မျက်စိ နားသို့ ရောက် မရောက် စိစစ်ချက် .... | ၂၁၁ |
| စက္ခုပသာဒစသည်တို့၏ တည်နေပုံ .... .... .... | ၂၁၃ |

http://www.dhammadownload.com




| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| အဆင်းစသည်တို့၏ လက္ခဏာ ရသစသည် | ၂၁၆ |
| ဣတ္ထိန္ဒြေ ပုရိသိန္ဒြေတို့၏ လက္ခဏာစသည် | ၂၁၇ |
| ဇီဝိတိန္ဒြေ၏ လက္ခဏာ ရသစသည် | ၂၁၈ |
| ဟဒယဝတ္ထုရုပ်၏ လက္ခဏာ ရသစသည် | ၂၂၀ |
| ဝိညတ်ရုပ်တို့၏ လက္ခဏာ ရသစသည် | ၂၂၁ |
| အာကာသဓာတ်၏ လက္ခဏာ ရသစသည် | ၂၂၃ |
| လဟုတာရုပ်စသည်တို့၏ လက္ခဏာ ရသစသည် | ၂၂၄ |
| ရုပ်အပြားကို ပြခြင်း | ၂၃၀ |
| အဇ္ဈတ္တိကရုပ်နှင့် ဗာဟိရရုပ် | ၂၃၁ |
| သြဠာရိကရုပ်နှင့် သုခုမရုပ် | ၂၃၁ |
| နိပ္ဖန္နရုပ်နှင့် အနိပ္ဖန္နရုပ် | ၂၃၂ |
| ဥပါဒိန္နရုပ်နှင့် အနုပါဒိန္နရုပ် | ၂၃၂ |
| ကမ္မဇရုပ် စိတ္တဇရုပ် အာဟာရဇရုပ် ဥတုဇရုပ် | ၂၃၃ |
| အရိယသေနှင့် ရုပ် ပုဒ်ပြီးချင်း တူပုံ (မှတ်ချက်) | ၂၃၅ |
| ကမ္မဇရုပ် ၁၈-ပါး (မှတ်ချက်) | ၂၃၇ |
| စိတ္တဇရုပ် ၁၅-ပါး (မှတ်ချက်) | ၂၃၈ |
| အာဟာရဇရုပ် ၁၂-ပါး၊ ဥတုဇရုပ် ၁၃-ပါး (မှတ်ချက်) | ၂၃၈ |
| ဝိညာဏက္ခန္ဓာ ပြဆိုချက် | ၂၃၉ |
| ကာမာဝစရ ကုသိုလ်စိတ် ၈-ပါး | ၂၄၁ |
| ရူပါဝစရ ကုသိုလ်စိတ်စသည် | ၂၄၃ |
| အကုသိုလ်စိတ် ၁၂-ပါး | ၂၄၅ |
| ဒိဋ္ဌမင်္ဂလာစသည် (မှတ်ချက်) | ၂၄၅ |
| အဟိတ်ကုသလဝိပါက်စိတ် ၈-ပါး | ၂၄၈ |
| သဟိတ်ကာမာဝစရ ကုသလဝိပါက်စိတ် ၈-ပါး | ၂၅၂ |
| အကုသလဝိပါက်စိတ် ၇-ပါး | ၂၅၃ |
| အကုသလဝိပါက်စိတ် ဥပေက္ခာသည် ဒုက္ခသဘောရှိကြောင်း | ၂၅၄ |

http://www.dhammadownload.com



အကြောင်းအရာ — စာမျက်နှာ


ရူပါဝစရဝိပါက်စိတ် စသည် .... .... ၂၅၅
အဟိတ်ကိရိယာစိတ် ၃-ပါး .... .... ၂၅၅
သဟိတ်ကာမာဝစရ ကိရိယာစိတ် ၈-ပါး .... .... ၂၅၇
ရူပ-အရူပ ကိရိယာစိတ် ၉-ပါး .... .... ၂၅၇
(၈၉)ပါးသော စိတ်တို့၏ ၁၄-ပါးသော ကိစ္စတို့အလိုအားဖြင့် ဖြစ်ပုံကို ဝေဘန်ပြခြင်း .... .... ၂၅၈
ဝေဒနာက္ခန္ဓာ ပြဆိုချက် .... .... ၂၆၉
သုခဝေဒနာ၏ လက္ခဏာ ရသ စသည် .... .... ၂၇၁
ဒုက္ခဝေဒနာ၏ လက္ခဏာ ရသ စသည် .... .... ၂၇၁
သောမနဿဝေဒနာ စသည်တို့၏ လက္ခဏာ ရသ စသည် .... ၂၇၁
သညာက္ခန္ဓာ ပြဆိုချက် .... .... ၂၇၂
သင်္ခါရက္ခန္ဓာ ပြဆိုချက် .... .... ၂၇၄
ဖဿ၏ အနက်နှင့် လက္ခဏာ စသည် .... .... ၂၇၈
စေတနာ၏ အနက်နှင့် လက္ခဏာ စသည် .... .... ၂၈၀
ဝီရိယ၏ အနက်နှင့် လက္ခဏာ စသည် .... .... ၂၈၁
သမာဓိ၏ အနက်နှင့် လက္ခဏာ စသည် .... .... ၂၈၂
သဒ္ဓါ၏ အနက်နှင့် လက္ခဏာ စသည် .... .... ၂၈၂
သတိ၏ အနက်နှင့် လက္ခဏာ စသည် .... .... ၂၈၃
ဟိရီ ဩတ္တပ္ပ တို့၏ အနက်နှင့် လက္ခဏာ စသည် .... .... ၂၈၄
အလောဘ အဒေါသ အမောဟ စသည်တို့၏ လက္ခဏာ စသည် .... ၂၈၅
ပဿဒ္ဓိ လဟုတာ စသည်တို့၏ လက္ခဏာ စသည် .... .... ၂၈၆
ယင်းတို့ကို ဘာဝနာပွါးဆဲ၌ ကိုယ်တိုင်တွေ့ သိ ရကြောင်း (မှတ်ချက်) ၂၉၀
ဆန္ဒ၏ အနက်နှင့် လက္ခဏာ စသည် .... .... ၂၉၀
အဓိမောက္ခ၏ အနက်နှင့် လက္ခဏာ စသည် .... .... ၂၉၁
မနသိကာရ၏ အနက်နှင့် လက္ခဏာ စသည် .... .... ၂၉၁
တတြမဇ္ဈတ္တတာ၏ အနက်နှင့် လက္ခဏာ စသည် .... ၂၉၂

http://www.dhammadownload.com



| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| ယင်း၏ဖြစ်ပုံကို ဘာဝနာပွါးသူမှာ ကိုယ်တိုင်တွေ့သိရကြောင်း (မှတ်ချက်) .... .... | ၂၉၂ |
| ဝိရတိသုံးပါး၏ လက္ခဏာစသည် .... .... | ၂၉၃ |
| အပ္ပမညာ အနော်တ္တပ္ပတို့၏ လက္ခဏာ စသည် .... .... | ၂၉၇ |
| လောဘ မောဟ တို့၏ အနက်နှင့် လက္ခဏာစသည် .... | ၂၉၈ |
| မိစ္ဆာဒိဋ္ဌိ၏ အနက်နှင့် လက္ခဏာ စသည် .... .... | ၂၉၉ |
| ဥဒ္ဓစ္စ၏ အနက်နှင့် လက္ခဏာ စသည် .... .... | ၂၉၉ |
| ထိနနှင့် မိဒ္ဓတို့၏ အနက်နှင့် လက္ခဏာ စသည် .... .... | ၃၀၀ |
| ဒေါသ၏ အနက်နှင့် လက္ခဏာ စသည် .... .... | ၃၀၃ |
| ဣဿာနှင့် မစ္ဆရိယတို့၏ အနက်နှင့် လက္ခဏာ စသည် .... | ၃၀၄ |
| ကုက္ကုစ္စ၏ အနက်နှင့် လက္ခဏာ စသည် .... .... | ၃၀၅ |
| ဝိစိကိစ္ဆာ၏ အနက်နှင့် လက္ခဏာ စသည် .... .... | ၃၀၆ |
| အတိတ်စသည် ဝေဘန် ပြဆိုချက် .... .... | ၃၁၀ |
| အဒ္ဓါအတိတ် စသည် ဝေဘန်ပြဆိုခြင်း .... .... | ၃၁၂ |
| ခဏပစ္စုပ္ပန် အတိတ် အနာဂတ် ဝေဘန်ပြခြင်း .... .... | ၃၁၃ |
| အစဉ်စသည် အဆုံးအဖြတ် ပြဆိုချက် .... .... | ၃၂၄ |
| ဖြစ်စဉ် စသည်ကို ဝေဘန်ပြခြင်း .... .... | ၃၂၄ |
| ဒေသနာအစဉ်သာ သင့်ကြောင်း .... .... | ၃၂၅ |
| ခန္ဓာနှင့် ဥပါဒါနက္ခန္ဓာ ထူးခြားကြောင်း .... .... | ၃၂၆ |
| ခန္ဓာငါးပါးမျှ အတိအကျ ဟောခြင်း၏ အကြောင်း .... | ၃၂၈ |
| ခန္ဓာငါးပါးတို့ကို ဥပမာဖြင့် ပြခြင်း .... .... | ၃၃၀ |
| ခန္ဓာငါးပါးတို့ကို ရှုအပ်သော အခြင်းအရာ .... .... | ၃၃၀ |
| ထိုသို့ရှုသူအား အကျိုးပြီးပုံ .... .... | ၃၃၁ |
| အာယတနဓာတုနိဒ္ဒေသ–အာယတနဓာတ်တို့ကို အကျယ်ပြချက် | ၃၃၄-မှ ၃၆၃ |
| အာယတနတို့ကို အကျယ်ပြဆိုချက် .... .... | ၃၃၄ |
| အာယတနသဒ္ဒါ၏ အနက်တို့ကို ပြခြင်း .... .... | ၃၃၆ |

http://www.dhammadownload.com




| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| အာယတနတို့ကို ၁၂-ပါးတိတိ ဟောခြင်း အကြောင်း .... | ၃၄၁ |
| ဒေသနာအစဉ်သာ သင့်ကြောင်း .... .... | ၃၄၂ |
| ရှုအပ်သော အခြင်းအရာတို့ကို ပြခြင်း .... .... | ၃၄၄ |
| ဓာတ်တို့ကို အကျယ်ပြဆိုချက် .... .... | ၃၄၆ |
| ဓာတုသဒ္ဒါ၏ အနက်တို့ကို အကျယ်ပြခြင်း .... .... | ၃၄၇ |
| ဓာတ်တို့ကို ၁၈-ပါးတိတိ ဟောခြင်း၏ အကြောင်း .... | ၃၅၃-၇ |
| အာဘာဓာတ် စသည်တို့ ဓာတ် ၁၈-ပါး၌ အတွင်းဝင်ပုံ .... | ၃၅၃ |
| အကြောင်း ၄-ပါး ၄-ပါးရှိမှ စက္ခုဝိညာဏ်စသည် ဖြစ်နိုင်ကြောင်း | ၃၆၀ |
| ဓာတ် ၁၈-ပါးတို့၌ ရှုအပ်သောအခြင်းအရာ .... .... | ၃၆၁ |
| ၁၆-ဣန္ဒြိယသစ္စနိဒ္ဒေသ-ဣန္ဒြေ သစ္စာတို့ကို အကျယ်ပြချက် .... | ၃၆၄-မှ ၃၇၀ |
| ဣန္ဒြေတို့ကို အကျယ်ပြဆိုချက် .... .... .... | ၃၆၄ |
| ဣန္ဒြိယ၏ အနက် .... .... .... | ၃၆၅ |
| ဒေသနာအစဉ်သာ သင့်ကြောင်း .... .... | ၃၆၉ |
| ဣန္ဒြေတို့၏ ကိစ္စကို ပြခြင်း .... .... .... | ၃၇၀ |
| ဣန္ဒြေတို့ကို ဘုံဖြင့် ဝေဘန်ပြခြင်း .... .... | ၃၇၂ |
| သစ္စာတို့ကို အကျယ်ပြဆိုချက် .... .... | ၃၇၂ |
| သစ္စာအနက်သဘော ၁၆-ပါး ပြခြင်း .... .... | ၃၇၃ |
| ဒု-သဒ္ဒါ ခ-သဒ္ဒါ စသည်တို့၏ အနက်ကို ပြခြင်း .... .... | ၃၇၃ |
| အရိယသစ္စာမည်ကြောင်း ပြခြင်း .... .... | ၃၈၀ |
| ဒုက္ခသစ္စာ စသည်တို့၏ အသီးအသီးသော လက္ခဏာ ရသစသည်.... | ၃၈၂ |
| သစ္စာ၏ အနက် ... .... .... | ၃၈၄ |
| မျက်လှည့်နှင့် တံလျှပ် အထူး (မှတ်ချက်) .... .... | ၃၈၅ |
| သစ္စသဒ္ဒါ၏ ရသင့်သောအနက်တို့ကို ထုတ်ပြခြင်း .... | ၃၈၇ |
| သစ္စာတို့ကို ၄-ပါးမျှသာ တိတိကျကျဟောခြင်း၏ အကြောင်း .... | ၃၈၈ |
| ဒေသနာအစဉ်သာ သင့်ကြောင်း .... .... | ၃၉၀ |
| ဇာတိ စသည်တို့ကို ဆုံးဖြတ်ပြခြင်း .... .... | ၃၉၁ |

http://www.dhammadownload.com



အကြောင်းအရာ | စာမျက်နှာ


သစ္စာလေးပါး ဝေဘန်ချက်ပါဠိနှင့် ယင်း၏ မြန်မာပြန် .... ၃၉၁
ဒုက္ခကို အကျယ်ပြဆိုချက် .... .... ၃၉၃
ဇာတိကို အကျယ်ပြဆိုချက် .... .... .... ၃၉၃
ဇာတိကို အရကောက်ပြခြင်း .... .... .... ၃၉၄
ယင်း၏ လက္ခဏာ စသည် .... .... .... ၃၉၅
ဇာတိ၏ ဒုက္ခမည်ခြင်း၏ အကြောင်း ... .... ၃၉၅
ဒုက္ခဒုက္ခ-စသော ဒုက္ခ (၇)မျိုးကို ဝေဘန်ဖွင့်ပြခြင်း .... ၃၉၅
ဒုက္ခဒုက္ခနှင့် ဝိပရိဏာမဒုက္ခ .... .... .... ၃၉၅
သင်္ခါရဒုက္ခ .... .... .... ၃၉၆
ပဋိစ္ဆန္နဒုက္ခနှင့် အပ္ပဋိစ္ဆန္နဒုက္ခ .... .... ၃၉၆
ပရိယာယဒုက္ခနှင့် နိပ္ပရိယာယဒုက္ခ .... .... ၃၉၆
အမိဝမ်း၌ ပဋိသန္ဓေတည်နေရခြင်းကြောင့် ဆင်းရဲပုံ .... ၃၉၇
ကိုယ်ဝန်အဆင်မပြေ၍ ခွဲစိတ်ပြုပြင်ရခြင်းကြောင့် ဆင်းရဲပုံ .... ၃၉၈
ဖွားမြင်ခြင်းကြောင့် ဆင်းရဲပုံ .... .... ၃၉၉
ဖွားမြင်ပြီးနောက် တသက်ပတ်လုံး ဆင်းရဲပုံ .... .... ၃၉၉
ငရဲ စသည်တို့၌ ဖြစ်ခြင်းကြောင့် ထိုငရဲဆင်းရဲ စသည်ကို
ခံစားရကြောင်း စသည်ဖြင့် ပြဆိုခြင်း .... .... ၄၀၁
ဇရာကို အကျယ်ပြချက် .... .... .... ၄၀၂
ဇရာ၏ သရုပ်တရားကိုယ်ကို ကောက်ပြခြင်း .... .... ၄၀၂
ယင်း၏ လက္ခဏာ စသည် .... .... ၄၀၂
ယင်းဇရာကို ဒုက္ခဟု ဆိုရခြင်းအကြောင်း .... .... ၄၀၂
မရဏကို အကျယ်ပြချက် .... .... ၄၀၃
မရဏ၏ သရုပ်တရားကိုယ်ကို ကောက်ပြခြင်း .... .... ၄၀၃
ယင်း၏ လက္ခဏာ စသည် .... .... ၄၀၃
ယင်းမရဏကို ဒုက္ခဟု ဆိုရခြင်းအကြောင်း .... .... ၄၀၄
သောကစသည်ကို အကျယ်ပြချက် .... .... ၄၀၅

http://www.dhammadownload.com



အကြောင်းအရာ စာမျက်နှာ


သောကၡ ဒုက္ခမည်ခြင်းအကြောင်း .... .... ၄၀၆
ပရိဒေဝ၌ အဆုံးအဖြတ် .... .... ၄၀၇
ဒုက္ခ၌ အဆုံးအဖြတ် .... .... ၄၀၈
ဒေါမနဿ၌ အဆုံးအဖြတ် .... .... ၄၀၈
ဥပါယာသ၌ အဆုံးအဖြတ် .... .... ၄၀၈
အပ္ပိယသမ္ပယောဂ၌ အဆုံးအဖြတ် .... .... ၄၁၁
ပိယဝိပ္ပယောဂ၌ အဆုံးအဖြတ် .... .... ၄၁၁
ယမ္ပိစ္ဆံ န လဘတိ၌ အဆုံး အဖြတ် .... .... ၄၁၂
တဏှာကိုပင် ဒုက္ခဟု ဆိုခြင်း၏အကြောင်း (မှတ်ချက်) .... ၄၁၃
ဥပါဒါနက္ခန္ဓာတို့၌ အဆုံးအဖြတ် .... .... ၄၁၅
သမုဒယကို အကျယ်ပြဆိုချက် .... .... ၄၁၇
ပေါနောဗ္ဘဝိကာ– ပုဒ်ပြီးပုံ (မှတ်ချက်) .... .... ၄၁၇
နိရောဓကို အကျယ်ပြဆိုချက် .... .... ၄၁၉
နိဗ္ဗာန်ကို ပြဆိုချက် .... .... ၄၂၃
သဥပါဒိသေသနိဗ္ဗာန် .... .... ၄၃၀
အနုပါဒိသေသနိဗ္ဗာန် .... .... ၄၃၀
ဝိသုဒ္ဓိမဂ်မဟာဋီကာနိဿယတတိယတွဲမှ နိဗ္ဗာန်ဆိုင်ရာစိစစ်ချက်.... ၄၃၁
မဂ်ကို အကျယ်ပြဆိုချက် .... .... .... ၄၃၇
မဂ္ဂင်ရှစ်ပါးအကျယ် (မှတ်ချက်) .... .... .... ၄၄၀
ဒုက္ခေ ဉာဏံ စသောပါဠိအရ စတုသစ္စကမ္မဋ္ဌာန်းကို ပြသော အဋ္ဌကထာ ( ယင်း မှတ်ချက်ပင် ) .... .... ၄၄၀
သံယုတ်ပါဠိတော်နည်းအရ မြင်ဆဲစသည်၌ ဖြစ်သော ဥပါဒါနက္ခန္ဓာ ဒုက္ခသစ္စာ တရားတို့ကို ရှု၍ အနိစ္စ အစရှိသော လက္ခဏာတို့ဖြင့် သိအပ်ကြောင်း(ယင်းမှတ်ချက်အဆက်ပင်).... ၄၄၂

http://www.dhammadownload.com



| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| ဝိပဿနာရှုခိုက်၌ သမ္မာဝါစာ စသည်တို့၏ ကိစ္စလည်းပြီးကြောင်း (ယင်းမှတ်ချက်ပင်) .... .... .... | ၄၄၄ |
| ဈာန်သမာဓိမရှိလျှင် သမ္မာသမာဓိ မဖြစ်ဟူ၍ရင်း၊ ယင်းသမာဓိ မရှိလျှင် ဝိပဿနာ မရှုကောင်းဟူ၍ရင်း ဆိုသောဝါဒကို ရှင်းလင်းပြခြင်း (ယင်းမှတ်ချက်ပင်) .... .... | ၄၄၄ |
| အရိယ အဋ္ဌင်္ဂိကမဂ်၌ ဝိပဿနာမဂ်ကိုလည်း ပုဗ္ဗဘာဂမဂ်အဖြစ်ဖြင့် ထည့်သွင်းယူအပ်ကြောင်း (ယင်းမှတ်ချက်ပင်) | ၄၄၆ |
| ဉာဏ်၏ ကိစ္စအားဖြင့် အဆုံးအဖြတ် .... .... | ၄၄၇ |
| အနုဗောဓဉာဏ်သည် တဆင့်ကြားစသည်ဖြင့် နိရောဓ မဂ္ဂတို့ကိုလည်း သိကြောင်း .... .... | ၄၄၇ |
| ပဋိဝေဓဉာဏ်သည် နိရောဓကို အာရုံပြုလျက် သိ၍ ကျန်သစ္စာ သုံးပါးတို့၌လည်း သိခြင်းကိစ္စပြီးကြောင်း ... | ၄၄၇-၈ |
| သစ္စာလေးပါးကို သိသော အနုဗောဓဉာဏ်သည် သက္ကာယဒိဋ္ဌိ စသည်ကို ဆုတ်နစ်ရပ်တန့်စေနိုင်ကြောင်း .... .... | ၄၄၈-၉ |
| ဣဿရခေါ် ဖန်ဆင်းသူကြောင့်, ပဓာနခေါ် ပကတိကြောင့် လောကဖြစ်သည်စသည်ဖြင့် ယူသော အကြောင်းမှား အယူဝါဒတို့ကို ဋီကာ၌ အကျယ်ပြဆိုထားသည့်အတိုင်း ထုတ်ပြထားသည် (မှတ်ချက်) .... .... | ၄၄၉ |
| နိရောဓ၌ အယူမှားတို့ကိုလည်း ဋီကာအရ ထုတ်ပြထားသည် (မှတ်ချက်) .... .... | ၄၅၁ |
| အတွင်းဝင်သောတရားတို့၏ အပြားအားဖြင့် အဆုံးအဖြတ် .... | ၄၅၄ |
| သစ္စာလေးပါးကို ဥပမာဖြင့် ပြခြင်း .... .... | ၄၅၅ |
| လေးချက်စု အဆုံးအဖြတ် .... .... | ၄၅၆ |
| သုညအားဖြင့် အဆုံးအဖြတ် .... .... | ၄၅၇ |

http://www.dhammadownload.com



အကြောင်းအရာ စာမျက်နှာ

သစ္စာလေးပါးတို့ကို အသိ အသိ တပါးအပြား နှစ်ပါးအပြား စသည်ဖြင့် ခွဲခြမ်း ဝေဘန်ပြခြင်း .... .... ၄၆၂

မဂ္ဂသစ္စာကို သီလက္ခန္ဓာ စသော သုံးပါးသောခန္ဓာတို့ဖြင့် ရေတွက်အပ်ကြောင်း .... .... ၄၆၃

သစ္စာလေးပါးတို့ကို တူသောအဖို့ရှိခြင်း ကွဲပြားသောအဖို့ရှိခြင်း တို့ဖြင့် ဝေဘန်ပြခြင်း .... .... ၄၆၇

ဝိသုဒ္ဓိမဂ်-မြန်မာပြန် နိဂုံး .... .... ၄၇၁

ဝိသုဒ္ဓိမဂ်-မြန်မာပြန် တတိယတွဲ မာတိကာ ပြီး၏။

http://www.dhammadownload.com

# ဝိသုဒ္ဓိမဂ်-မြန်မာပြန် တတိယတွဲ၌ ပြင်ဖတ်ရန်

| မျက်နှာ | စာကြောင်း | ရှိရင်း | ပြင်ဖတ်ရန် |
|---|---|---|---|
| ၂၂ | ၁၇ | တံစူးဝါးစွမ်းဖြင့် | တံစူးဝါးစွန်းဖြင့် |
| ၃၁ | ၁၃ | ထူးခြားကောင်းမှုရှင် | ထူးခြားသောကောင်းမှုရှင် |
| ၃၂ | ၂ | ဣဒ္ဓိပေတည်း ဘုန်းကံ | ဣဒ္ဓိပေတည်း၊ ဘုန်းကံ |
| ၃၇ | ၁၂ | အမျိုးမျိုးကို၅ | အမျိုးမျိုးကို၅) |
| ၄၃ | ၁၂ | အကျိုးငှါ | အကျိုးငှါ။ပ။ |
| ။ | ၁၃ | အားထုတ်၏ | အားထုတ်၏ စိတ်ကို ချိုးမြှောက်၏ |
| ၅၀ | ၇ | ခရီးသွာနေစဉ် | ခရီးသွားနေစဉ် |
| ၆၅ | ၂၂ | ဗိမာန်များ ရှိသည်ဟု | ဗိမာန်များ မရှိဟု |
| ၇၂ | ၂၀ | နှာ ၉၅-၌ | နှာ ၅၉-၌ |
| ၉၁ | ၂၂ | နှာ ၂၂-မှတ်ချက် ၆-၌ | နှာ ၅၉-မှတ်ချက်၌ |
| ၉၃ | ၈-၉ | ကြွတော်မူလတ်သည် | ကြွတော်မူလတ်သော် |
| ၁၂၆ | ၂ | ထိုခန္ဓာအစဉ်ကား | [ထိုခန္ဓာအစဉ်ကား |
| ။ | ၂၂ | သမ္ဘိဏ္ဏနဌာန ပယောဂ | သမ္ဘိဏ္ဏန, ဌာနပယောဂ |
| ၁၃၅ | ၉ | စားလိုအာသာ | စားလိုသောအာသာ |
| ၁၃၉ | ၁၂ | ဤသို့ ခိုးသူကို ဤသို့ | ဤသို့ |
| ၁၆၀ | ၁၅ | လားခြင်းဟူသော | လာခြင်းဟူသော |
| ။ | ၂၈ | ဆိုလို၏။ | ဆိုလို၏)။ |
| ၂၀၂ | ၁၇ | ထိုက်သော်ဟု | ထိုက်သောဟု |
| ၂၀၇ | ၈ | ဘုတ်တို့ထဲမှာ.... ထိုတေဇော | ဘုတ်တို့ထဲမှာ ထိုတေဇော |
| ။ | ၂၁ | ခေတ်သုံးပါး နှစ်ပါး | ခေတ်နှစ်ပါး |

## ဝိသုဒ္ဓိမဂ်-မြန်မာပြန် တတိယတွဲ၌ ပြင်ဖတ်ရန် 

| မျက်နှာ | စာကြောင်း | ရှိရင်း | ပြင်ဖတ်ရန် |
|---|---|---|---|
| ၂၁၈ | ၁၄ | မခံ့ညားသော | မခန့်ညားသော |
| ॥ | ၂၀ | စောင့်ရှောင့်တတ်၏ | စောင့်ရှောက်တတ်၏ |
| ၂၂၁ | ၂၀-၂၂ | ကာယဝိညတ် | ကာယဝိညတ်- |
| ၂၂၂ | ၂၂ | ဝစီဝိညတ် | ဝစီဝိညတ်- |
| ၂၂၃ | ၁၀ | ထင်ရှားပေ၏။ | ထင်ရှားပေ၏ိ။ |
| ॥ | ၁၄ | ကလာပ်တခုတည်း | ကလာပ်တခုတည်း၌ |
| ၂၂၉ | ၁၆ | ရှည်စေသောအာဖြင့် | ရှည်စေသောအားဖြင့် |
| ၂၃၂ | ၂၁ | ၂၀၁-အောက်ဆုံးအပိုဒ်၌ | ၂၀၁-၌ |
| ॥ | ၂၀ | မဖြစ်သည်ကိုသာ | ဖြစ်သည်ကိုသာ |
| ၂၄၃ | ၁၇ | သုံးပါးနှင့်)ယှဉ် | သုံးပါးနှင့်ယှဉ်) |
| ၂၅၃ | ၂ | အရိပ်၏အရှင်မျက်နှာကဲ့သို့ | အရိပ်ရှင်၏ မျက်နှာကဲ့သို့ |
| ၂၅၅ | ၁၀ | နည်းအတိုင်းပင် | နည်းအတိုင်းပင်။ |
| ၂၆၃ | ၁၆-၁၇ | ၁၄-ချက် ၁၃-ချက် | ၁၅-ချက် ၁၄-ချက် |
| ၂၆၆ | ၁၅-၁၆ | ဒွိဟိတ်တဒါရုံက တိဟိတ်ဩမကကံနှင့် ဒွိဟိတ်ဥက္ကဋ္ဌကံကို | တိဟိတ်ဩမကကံနှင့် ဒွိဟိတ်ဥက္ကဋ္ဌကံက ဒွိဟိတ်တဒါရုံကို |
| ၂၇၉ | ၂၄ | ထိခိုက်စေ၏ | ထိခိုက်စေတတ်၏ |
| ၂၈၃ | ၁၅ | (အဝိလာပန) | (အပိလာပန) |
| ၂၈၄ | ၂၀ | အဝိလာပန | အပိလာပန |
| ၂၉၈ | ၃ | တွေ့ဝေကြောင်း | တွေ့ဝေကြောင်း, |
| ॥ | ၄ | တွေ့ဝေတတ် | တွေ့ဝေတတ်, |
| ၃၀၂ | ၄ | ရှုးသွတ်ခြင်း | ရှုးသွပ်ခြင်း |
| ၃၀၆ | ၇ | အနောတ္တပ္ပ မောဟ | အနောတ္တပ္ပ,မောဟ, |

http://www.dhammadownload.com

[ ငေါ် ]     ဝိသုဒ္ဓိမဂ်-မြန်မာပြန် တတိယတွဲ၌ ပြင်ဖတ်ရန်

| မျက်နှာ | စာကြောင်း | ရှိရင်း | ပြင်ဖတ်ရန် |
|---|---|---|---|
| ၁၀၉ | ၂၄ | ယှဉ်ကြသည် | ယှဉ်သည် |
| ၁၁၀ | ၁၉ | ယှဉ်ကြသည် | ယှဉ်သည် |
| ၁၁၂ | ၁၁ | စုတိနှင့် ပဋိသန္ဓေ | ပဋိသန္ဓေနှင့် စုတိ |
| ၁၁၄ | ၁၃ | အသီးသီး၏ | အသီးအသီး၏ |
| ။ | ၂၀-၂၃ | နှာ ၂၃၀ | နှာ ၂၃၁ |
| ၁၃၇ | ၁၁ | မသိအပ်သည်အစ | မသိအပ်သည့်အစ |
| ၁၃၈ | ၃ | (ထိုသို့) | (ထိုသို့ |
| ။ | ၁၃ | (ဣဿရာယတနံ | ဣဿရာယတနံ |
| ။ | ။ | နတ်၏နေရာ) | နတ်၏နေရာ |
| ၁၄၄ | ၄ | သဒ္ဒါ | သဒ္ဒ |
| ၁၅၆ | ၂၃ | ချုံးပြသည်။ | ချုံးပြသည်။) |
| ၁၆၀ | ၅ | အရသာ | အရသာ, |
| ။ | ၈ | သဘောတရား,အာရုံ | သဘောတရားအာရုံ, |
| ၁၆၂ | ၂၁ | သုခုမရုပ် | သုခုမရုပ်၏ |
| ၁၆၇ | ၁ | ဟုတ်တိုင်းမှတ်စွာ | ဟုတ်တိုင်းမှန်စွာ |
| ၁၇၆ | ၂၁ | သိရ၏ | သိရာ၏ |
| ၁၈၆ | ၇ | သစ္စ-အမှန်တရား | သစ္စာ-အမှန်တရား |
| ၁၈၇ | ၈ | ပြောဆိုရာ၌ | ပြောဆိုရာ၏, |
| ၄၂၂ | ၄ | ထိုဝိရာဂဟူ၍လည်း | ဝိရာဂဟူ၍လည်း |
| ၄၄၄ | ၁၉ | ထိုသို့ ကွဲပြား၏၊ | ကွဲပြား၏၊ ထိုသို့ |
| ၄၆၃ | ၁၄ | အင်္ဂါရစ်ပါးရှိသော | အင်္ဂါရှစ်ပါးရှိသော |
| ၄၆၆ | ၁၄ | (အာ-ကို ဤ၌) | (အာ-ကို ဤ၌ |
| ၄၆၈ | ၁၅ | ၁-သတခေါတ်-၏ | ၁-သတခေါ-ပုဒ်၏ |

http://www.dhammadownload.com

# ဝိသုဒ္ဓိမဂ်-မြန်မာပြန်

## ဒုတိယတွဲ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
ကိလေသာတို့မှ ဝေးကွာစင်ကြယ်၍ မှန်စွာ ကိုယ်တိုင်သိတော်မူသော
ထိုမြတ်စွာဘုရားအား ရှိခိုးပါ၏။

## ၁၂-ဣဒ္ဓိဝိဓနိဒ္ဒေသ-ပြီးမြောက်မှု (တန်ခိုးဖန်ဆင်းမှု) အမျိုးမျိုးကို အကျယ်ပြချက်

### အဘိညာဉ် ပြဆိုချက်

[၁] † ၃၆၅။ † ယခုအခါ[၁] (ပြဆိုခဲ့သော) ဤသမာဓိဘာဝနာကို အကြင်လောကီ အဘိညာဉ်တို့၏ အစွမ်းအားဖြင့် "အဘိညာဉ်ဟူသော အာနိသင်အကျိုး ရှိသည်"ဟု (သမာဓိနိဒ္ဒေသ နှာ ၆၄၄-၌) ငါဆိုခဲ့၏၊ ထိုလောကီအဘိညာဉ်တို့ကို ဖြစ်ပေါ်ပြည့်စုံစေခြင်းငှါ[၂] ပထဝီကသိုဏ်း

မှတ်ချက်

† — ဤသို့သော ထောင့်ကွင်း အတွင်းရှိ ဂဏန်းမှာ ဝိသုဒ္ဓိမဂ်ပါဠိစာအုပ် ဒုတိယတွဲမှ စာမျက်နှာနံပါတ် ဂဏန်းဖြစ်သည်၊ ကွင်းမပါသော ပုဒ်မကြီးနှင့် ဂဏန်းမှာ ၎င်းဒုတိယတွဲ စာအုပ်မှ စာပိုဒ်နံပါတ် ဂဏန်းဖြစ်သည်။

၁ — ယခုအခါ....အားထုတ်စီရင်ပေအံ့-ဟု စပ်ပါ။

၂ — ပြည့်စုံစေခြင်းငှါ....အားထုတ်အပ်၏-ဟု စပ်ပါ။

http://www.dhammadownload.com



စသည်တို့၌ စတုတ္ထဈာန်ကို ရပြီးသော ယောဂီသည် အားထုတ်အပ်၏၊ အကျိုးထူးကား ယင်းသို့အားထုတ်လျှင် ထိုယောဂီ၏ သမာဓိဘာဝနာသည် အာနိသင်အကျိုးကို ရပြီးလည်း ဖြစ်ပေလတ့်၊ သာ၍ ခိုင်မြဲသည်လည်း ဖြစ်ပေလတ့်၊ ထိုယောဂီသည် အာနိသင်အကျိုးကို ရသည့်ပြင် သာ၍လည်း ခိုင်မြဲသော သမာဓိဘာဝနာနှင့် ပြည့်စုံသည်ဖြစ်၍ ပညာဘာဝနာ (ပညာကို ပွါးစေမှု)ကို ချမ်းသာလွယ်ကူစွာဖြင့် ပြည့်စုံပြီးမြောက်စေနိုင်ပေလိမ့်မည်။ ထို့ကြောင့်[၁] (ပညာဘာဝနာကိုပြဆိုရန် အလှည့်ကျနေသော်လည်း ယင်းကို မပြဆိုမီ) ရှေးဦးစွာ အဘိညာဉ်ပြဆိုချက် (အဘိညာကထာ)ကို အားထုတ် စီရင်ပေအံ့။

မြတ်စွာဘုရားသည်[၂] စတုတ္ထဈာန်သမာဓိကို ရပြီးသော အမျိုးသား တို့အား သမာဓိဘာဝနာ၏ အာနိသင်အကျိုးကိုပြခြင်းငှါလည်းကောင်း[၃] တဆင့်ထက် တဆင့် မြင့်မြတ်သော တရားတို့ကို ဟောခြင်းငှါလည်းကောင်း[၃] "ထို (စတုတ္ထဈာန် ရပြီးသောရဟန်း)သည်[၄] ဤ ဆိုခဲ့သည့်အတိုင်း စိတ်သည် (စတုတ္ထဈာန် သမာဓိဖြင့်) တည်ကြည်လတ်သော်[၅] ထက်ဝန်းကျင် စင်ကြယ်လတ်သော်

---

မှတ်ချက်

၁—သမာဓိဘာဝနာ၏ အာနိသင်အကျိုးကို ရခြင်း,သာ၍ခိုင်မြဲခြင်း, ချမ်းသာ လွယ်ကူစွာဖြင့် ပြီးမြောက်ပြည့်စုံစေနိုင်ခြင်းဟူသော ထိုအကြောင်းသုံးပါး ကြောင့်ဟု ဆိုလို၏။ (ဋီကာ)

၂—မြတ်စွာဘုရားသည်....ဟောတော်မူခဲ့ပေသည်-ဟု စပ်ပါ။

၃—ငှါလည်း....ငှါလည်း....ဟောတော်မူခဲ့ပေသည်-ဟု စပ်ပါ။

၄—ထို (စတုတ္ထဈာန်ရပြီးသောရဟန်း) သည်....စိတ်ကို ရှေးရှုဆောင်၏ ရှေးရှု ညွတ်စေ၏ဟု စပ်ပါ။

၅—တည်ကြည်လတ်သော်.... ရောက်လတ်သော် ရှေးရှုဆောင်၏ ရှေးရှုညွတ် စေ၏ဟု စပ်ပါ။

http://www.dhammadownload.com



ထက်ဝန်းကျင် ဖြူစင်လတ်သော် အင်္ဂဏ(ခေါ်ကိလေသာ)ကင်းလတ်သော် ညစ်ညူးကြောင်း ကင်းလတ်သော် နူးညံ့စွာ ဖြစ်လတ်သော် အမှု၌ ခံ့လတ်သော် တည်တံ့လတ်သော် မတုန်လှုပ်ခြင်း(အာနေဉ္ဇ)သို့ရောက်လတ်သော်[၁] ပြီးမြောက်မှု(တန်ခိုးဖန်ဆင်းမှု)အမျိုးမျိုးအလို့ငှါ စိတ်ကို ရှေးရှုဆောင်၏ ရှေးရှုညွတ်စေ၏။ ထို(ရဟန်း)သည် များသောအဖို့ (အပြား)ရှိသော ပြီးမြောက်မှု(တန်ခိုးဖန်ဆင်းမှု)အဖို့ကို မျက်မှောက်ခံစား၏ (မျက်မှောက်တွေ့ရ၏)၊ တပါးတည်းလည်း ဖြစ်ပါလျက် အများဖြစ်၏" ဤသို့ အစရှိသော နည်းဖြင့်[၂] (၁) ဣဒ္ဓိဝိဓအဘိညာဉ် (၂) ဒိဗ္ဗသောတအဘိညာဉ် (၃) စေတောပရိယအဘိညာဉ် (၄) ပုဗ္ဗေနိဝါသအဘိညာဉ် (၅) စုတူပပါတခေါ် ဒိဗ္ဗစက္ခုအဘိညာဉ်ဟူသော လောကီအဘိညာဉ် ငါးပါးတို့ကို ဟောတော်မူခဲ့ပေသည်။

[၂] ထိုငါးပါးတို့တွင် "တပါးတည်းလည်း ဖြစ်ပါလျက် အများဖြစ်၏" ဤသို့စသည်ဖြင့် ပြဆိုထားသော ပြီးမြောက်မှု (ဣဒ္ဓိ)နှင့် တမျိုးတမည် ဖန်ဆင်းမှု (ဝိကုဗ္ဗန)ကို ပြုလိုသော အားထုတ်ခါစ ယောဂီသည် ဩဒါတကသိုဏ်း အဆုံးရှိသော ရှစ်ပါးသော ကသိုဏ်းတို့၌ ရှစ်ပါးစီ ရှစ်ပါးစီသော သမာပတ်တို့ကို ဖြစ်စေပြီးလျှင်—

(၁) ကသိုဏ်းအနုလုံအားဖြင့်၎င်း၊
(၂) ကသိုဏ်းပဋိလုံအားဖြင့်၎င်း၊
(၃) ကသိုဏ်းအနုလုံပဋိလုံအားဖြင့်၎င်း၊
(၄) ဈာန်အနုလုံအားဖြင့်၎င်း၊

---

မှတ်ချက်

၁–တည်ကြည်လတ်သော်....ရောက်လတ်သော်....ရှေးရှုဆောင်၏၊ ရှေးရှုညွတ်စေ၏ဟု စပ်ပါ။

၂–ဤသို့ အစရှိသောနည်းဖြင့်....ဟောတော်မူခဲ့ပေသည်ဟု စပ်ပါ။

http://www.dhammadownload.com



(၅) ဈာန်ပဋိလုံအားဖြင့်ရင်း၊
(၆) ဈာန်အနုလုံပဋိလုံအားဖြင့်ရင်း၊
(၇) ဈာန်ကို ခုန်ကျော်ခြင်းအားဖြင့်ရင်း၊
(၈) ကသိုဏ်းကို ခုန်ကျော်ခြင်းအားဖြင့်ရင်း၊
(၉) ဈာန်နှင့်ကသိုဏ်းတို့ကို ခုန်ကျော်ခြင်းအားဖြင့်ရင်း၊
(၁၀) အင်္ဂါပြောင်းရွှေ့ခြင်းအားဖြင့်ရင်း၊
(၁၁) အာရုံပြောင်းရွှေ့ခြင်းအားဖြင့်ရင်း၊
(၁၂) အင်္ဂါနှင့်အာရုံတို့ကို ပြောင်းရွှေ့ခြင်းအားဖြင့်ရင်း၊
(၁၃) အင်္ဂါကို မှတ်ခြင်းအားဖြင့်ရင်း၊
(၁၄) အာရုံကိုမှတ်ခြင်းအားဖြင့်ရင်း၊

ဤ ၁၄-ပါးသော အခြင်းအရာတို့ဖြင့် စိတ်ကို (ယဉ်ကျေးနူးညံ့အောင်) ကြိုတင် ဆုံးမအပ်၏[၁]။

၃၆၆။ ဤ ၁၄-ပါးတို့တွင် ကသိုဏ်း အနုလုံဟူသည် အဘယ်ပါနည်း၊ ကသိုဏ်း ပဋိလုံ ဟူသည် အဘယ်ပါနည်း။ ပ ။ အာရုံကို မှတ်ခြင်းဟူသည် အဘယ်ပါနည်း၊ ဤကား အမေးတည်း။

(၁) ဤသာသနာတော်၌ ရဟန်းသည် ပထဝီကသိုဏ်း၌ ဈာန်ကိုဝင်စား၏၊ ထို့နောင် အာပေါကသိုဏ်း၌(ဝင်စား၏)၊ ဤနည်းဖြင့် အစဉ်အတိုင်း ရှစ်ပါးသော ကသိုဏ်းတို့၌ အကြိမ်တရာသော်လည်း အကြိမ်တထောင်သော်လည်း ဝင်စား၏၊ ဤသို့ဝင်စားခြင်းသည် ကသိုဏ်းအနုလုံ(အားဖြင့် ဝင်စားခြင်း)မည်၏။

---

မှတ်ချက်

၁–ဤအရာ၌ "ကြိုတင်ဆုံးမ" ဟူသည်မှာ အလိုရှိတိုင်း နိုင်နင်းအောင် ပရိကံ သဘောဖြင့် ကြိုတင်လေ့ကျင့်ခြင်းပင်ဖြစ်သည်။

http://www.dhammadownload.com



(၂) ဩဒါတကသိုဏ်းမှ စ၍ ထိုအတူပင်[၁] ပဋိလုံ(နောက်ပြန်)အစဉ်အားဖြင့် ဝင်စားခြင်းသည် ကသိုဏ်းပဋိလုံ(အားဖြင့် ဝင်စားခြင်း)မည်၏။

(၃) ပထဝီကသိုဏ်းမှ စ၍ ဩဒါတကသိုဏ်း တိုင်အောင်၊ ဩဒါတကသိုဏ်းမှလည်းစ၍ ပထဝီကသိုဏ်းတိုင်အောင် ဤသို့ အနုလုံ ပဋိလုံအစွမ်းအားဖြင့် အဖန်တလဲလဲ ဝင်စားခြင်းသည် ကသိုဏ်းအနုလုံ ပဋိလုံမည်၏။

(၄) ပဌမစျာန်မှစ၍ အစဉ်အတိုင်း နေဝသညာ နာသညာယတနစျာန်တိုင်အောင် အဖန်တလဲလဲ ဝင်စားခြင်းသည် စျာန်အနုလုံမည်၏။

(၅) နေဝသညာ နာသညာယတနစျာန်မှ စ၍ ပဌမစျာန် တိုင်အောင် အဖန်တလဲလဲ ဝင်စားခြင်းသည် စျာန်ပဋိလုံမည်၏။

(၆) ပဌမစျာန်မှစ၍ နေဝသညာ နာသညာယတနစျာန်တိုင်အောင်၊ နေဝသညာ နာသညာယတနစျာန်မှ စ၍ ပဌမစျာန် တိုင်အောင် ဤသို့ အနုလုံ ပဋိလုံအစွမ်းအားဖြင့် အဖန်တလဲလဲ ဝင်စားခြင်းသည် စျာန်အနုလုံ ပဋိလုံမည်၏၊

(၇) ပထဝီကသိုဏ်း၌ ပဌမစျာန်ကို ဝင်စားပြီးလျှင် ထိုပထဝီကသိုဏ်း၌ပင် တတိယစျာန်ကို ဝင်စား၏၊ ထို့နောင် ထိုပထဝီကသိုဏ်းနိမိတ်ကိုပင်ခွါ၍ အာကာသာနဉ္စာယတနစျာန်ကို(ဝင်စား၏)၊ ထို့နောင် [၃]အာကိဉ္စညာယတနစျာန်ကို (ဝင်စား၏)၊ ဤနည်းဖြင့် ကသိုဏ်းကို မခုန်ကျော်မူ၍ စျာန်ကိုသာလျှင် တခုခြား၏အဖြစ်ဖြင့် ခုန်ကျော်ခြင်းသည် စျာန်ကို

---

မှတ်ချက်

၁–(ပြောင်းပြန်) အစဉ်အတိုင်း ရှစ်ပါးသောကသိုဏ်းတို့၌ အကြိမ်တရာသော်လည်း အကြိမ် တထောင်သော်လည်း (ဝင်စား၏) ဟူသောအနက်ကို **ထိုအတူ** ဟူသောစကားဖြင့် ပြ၏။ (ဋီကာ)

http://www.dhammadownload.com



ခုန်ကျော်ခြင်းမည်၏။ ဤ အတူပင် အာပေါကသိုဏ်း စသည်ကို မူတည်၍ ( ခုန်ကျော်ဟန် ) ယှဉ်ခြင်းတို့ကိုလည်း ပြုအပ်၏။

(၈) ပထဝီကသိုဏ်း၌ ပဥ္စမစျာန်ကို ဝင်စားပြီးလျှင် တဖန် ထိုပဥ္စမစျာန်ကိုပင် တေဇောကသိုဏ်း၌ (ဝင်စား၏)၊ ထို့နောင် နီလကသိုဏ်း၌၊ ထို့နောင် လောဟိတကသိုဏ်း၌ (ဝင်စား၏)၊ ဤနည်းဖြင့် စျာန်ကို မခုန်ကျော်မူ၍ ကသိုဏ်းကိုသာလျှင် တခုခြား၏ အဖြစ်ဖြင့် ခုန်ကျော်ခြင်းသည် ကသိုဏ်းကို ခုန်ကျော်ခြင်းမည်၏။[၁]

(၉) ပထဝီကသိုဏ်း၌ ပဥ္စမစျာန်ကို ဝင်စားပြီးလျှင် ထို့နောင် တေဇောကသိုဏ်း၌ တတိယစျာန်ကို (ဝင်စား၏)၊ (ထို့နောင်) နီလကသိုဏ်းကို ခွါ၍ အာကာသာနဉ္စာယတနစျာန်ကို(ဝင်စား၏)၊(ထို့နောင်) လောဟိတကသိုဏ်းမှ အာကိဉ္စညာယတနစျာန်ကို[၂] (ဝင်စား၏)၊ ဤနည်းဖြင့် စျာန်ကိုရင်း, ကသိုဏ်းကိုရင်း ခုန်ကျော်ခြင်းသည် စျာန်နှင့် ကသိုဏ်းတို့ကို ခုန်ကျော်ခြင်းမည်၏။

---

မှတ်ချက်

၁–ဤအရာ၌ ဒုတိယစျာန်စသည်ကို မူတည်၍ အာရုံခုန်ကျော်ဟန်ကိုလည်း နည်းတူပင် သိအပ်၏။

၂–လောဟိတကသိုဏ်းမှ အာကိဉ္စညာယတနစျာန်ကို (ဝင်စား၏) ဟူရာ၌ လောဟိတ ကသိုဏ်းကို ဆင်ခြင်လျက် ရှေးရှုပြုပြီးလျှင် ထိုကသိုဏ်းနိမိတ်ကို ခွါခြင်းဖြင့် ထင်ပေါ်လာသော ကသိဏုဂ္ဃါဋိမအာကာသ၌ နှလုံးမသွင်းသောအားဖြင့် အာကာသာနဉ္စာယတနစျာန်ကို မဝင်စားမူ၍ (ဋီကာပါဠိ၌ တို့၌ သမာပဇ္ဇိတွာ–ဟူ၍ချည်း ရှိ၏၊ အသမာပဇ္ဇိတွာ–ဟု ရှိမှ သင့်မည်) ထိုအာကာသ၌ ရှေးက ဖြစ်ဘူးသော အာကာသာနဉ္စာယတနဝိညာဏ်၏ ကင်းခြင်းကို အာရုံပြု၍ အာကိဉ္စညာယတနစျာန်ကို ဝင်စား၏ (ဟုဆိုလို၏)။ (ဋီကာ)

http://www.dhammadownload.com



(၁၀) ပထဝီကသိုဏ်း၌ ပဉ္စမစျာန်ကို ဝင်စားပြီးလျှင် ထိုပထဝီကသိုဏ်း၌ပင် အခြားစျာန်တို့ကိုလည်း ဝင်စားခြင်းသည် အင်္ဂါပြောင်းရွှေ့ခြင်းမည်၏။

(၁၁) ပထဝီကသိုဏ်း၌ ပဉ္စမစျာန်ကို ဝင်စားပြီးလျှင် ထိုပဉ္စမစျာန်ကိုပင် အာပေါကသိုဏ်း၌၎င်း တေဇောကသိုဏ်း၌၎င်း။ ပ။ ဩဒါတကသိုဏ်း၌၎င်း (ဝင်စား၏)၊ ဤနည်းဖြင့် အလုံးစုံသောကသိုဏ်းတို့၌[၁] တပါးတည်းသော စျာန်ကိုသာလျှင် ဝင်စားခြင်းသည် အာရုံပြောင်းရွှေ့ခြင်းမည်၏။

(၁၂) ပထဝီကသိုဏ်း၌ ပဉ္စမစျာန်ကို ဝင်စားပြီးလျှင် အာပေါကသိုဏ်း၌ ဒုတိယစျာန်ကို၊ တေဇောကသိုဏ်း၌ တတိယစျာန်ကို၊ ဝါယောကသိုဏ်း၌ စတုတ္ထစျာန်ကို၊ နီလကသိုဏ်းကို ခွါ၍ အာကာသာနဉ္စာယတန

---

မှတ်ချက်

၁–အလုံးစုံသောကသိုဏ်းတို့၌-ဟူသောဤစကားဖြင့် အာကာသကသိုဏ်း ဝိညာဏကသိုဏ်းတို့ကိုလည်း သိမ်းယူသည်ဟု ဆိုရန် မသင့်ပေ၊အကြောင်းမူကား ဤအရာ၌(ဩဒါတကသိုဏ်းအဆုံးရှိသော)ကသိုဏ်းရှစ်ပါးတို့ကိုသာ ယူဥ်စပ်အပ်သောကြောင့်ပေတည်း။ ဤအတူပင် အရူပစျာန် လေးပါးလုံးကိုလည်း တခုတည်းသော စျာန်ဟု ဆိုရန်မသင့်ပေ၊ အကြောင်းမူကား ရှစ်ပါးသော သမာပတ်တို့၏ အစွမ်းအားဖြင့် စိတ်ကို (ယဥ်ကျေးနူးညံ့အောင်) ကြိုတင်ဆုံးမခြင်းကို အလိုရှိအပ်သောကြောင့်ပေတည်း။ ထို့ကြောင့် အရူပစျာန်တို့၏ အစွမ်းအားဖြင့် အင်္ဂါနှင့်အာရုံပြောင်းရွှေ့ခြင်းကို ပရိယာယ်အားဖြင့် ဆိုထားသည်ဟု သိအပ်၏။ ထိုသို့ပရိယာယ်အားဖြင့် ဆိုထားခြင်းဖြစ်သောကြောင့်ပင် ပီတကသိုဏ်းကို ခွါ၍ ထင်ပေါ်လာသည့်အာကာသ၌ အာရုံပြု၍ဖြစ်သော ပဉ္စမာရုပ္ပဝိညာဏ်လျှင်အာရုံရှိသော ဝိညာဏဉ္စာယတန စျာန်ကို ရည်၍ "ပီတကသိုဏ်းမှ ဝိညာဏဉ္စာယတနစျာန်ကို (ဝင်စား၏)"ဟု မိန့်ဆိုတော်မူပေသည်။ ဤနည်းဖြင့် ကြွင်းသော(လောဟိတကသိုဏ်းမှ အာကိဉ္စ-

http://www.dhammadownload.com



ချာန်ကို၊ ပီတကသိုဏ်းမှ ဝိညာဏဉ္စာယတနစျာန်ကို၊[၁] လောဟိတကသိုဏ်းမှ အာကိဉ္စညာယတနစျာန်ကို၊ ဩဒါတကသိုဏ်းမှ နေဝသညာနာသညာယတနစျာန်ကို (ဝင်စား၏)၊ ဤသို့ တခုကျော်ဝင်စားခြင်း၏ အစွမ်းအားဖြင့် အင်္ဂါတို့ကိုငင်း, အာရုံတို့ကိုငင်း ပြောင်းရွှေ့ခြင်းသည် အင်္ဂါနှင့် အာရုံတို့ကို ပြောင်းရွှေ့ခြင်းမည်၏။

(၁၃) ပဌမစျာန်ကို အင်္ဂါငါးပါးရှိသည်ဟု မှတ်သားပြီးလျှင် ဒုတိယစျာန်ကို အင်္ဂါသုံးပါးရှိသည်ဟု၊ တတိယစျာန်ကို အင်္ဂါနှစ်ပါးရှိသည်ဟု၊ ထို့အတူ စတုတ္ထစျာန်ကိုငင်း အာကာသာနဉ္စာယတနစျာန်ကိုငင်း။ပ။ နေဝသညာနာသညာယတနစျာန်ကိုငင်း (အင်္ဂါနှစ်ပါးရှိသည်ဟု မှတ်သား၏)၊ ဤသို့ စျာန်အင်္ဂါမျှကိုသာလျှင်မှတ်သားခြင်းသည် အင်္ဂါကိုမှတ်ခြင်းမည်၏။

(၁၄) ထို့အတူပင် ဤသည်ကား ပထဝီကသိုဏ်းတည်းဟု မှတ်သားပြီးလျှင် ဤသည်ကား အာပေါကသိုဏ်းတည်း။ ပ။ ဤသည်ကား ဩဒါတကသိုဏ်းတည်းဟု (မှတ်သား၏)၊ ဤသို့ အာရုံမျှကိုသာလျှင် မှတ်သားခြင်းသည် အာရုံကို မှတ်ခြင်းမည်၏။ [၄] အင်္ဂါနှင့် အာရုံမှတ်ခြင်းကိုလည်း အချို့ဆရာတို့က အလိုရှိကြကုန်၏။ သို့သော်လည်း အဋ္ဌကထာတို့၌ မလာသောကြောင့် ထိုအင်္ဂါနှင့် အာရုံမှတ်ခြင်းသည် စင်စစ်အားဖြင့် ဘာဝနာ၏ အကြောင်းမဖြစ် (ဟု သိအပ်၏)။

၃၆၇။ ဤ ၁၄-ပါးသော အခြင်းအရာတို့ဖြင့် စိတ်ကို (ယဉ်ကျေးနူးညံ့အောင်) ကြိုတင်မဆုံးမပဲ[၂] ရှေးကပွါးစေပြီးသည့် ဘာဝနာမရှိသော

---

မှတ်ချက်

ညာယတနစျာန်ကို၊ ဩဒါတကသိုဏ်းမှ နေဝသညာ နာသညာယတနစျာန်ကို–ဟူသော)ပုဒ်နှစ်ခုအပေါင်း၌လည်း အနက်ကို သိအပ်၏။(ဋီကာ)

၁–ဤ၌ ပြသင့်သောအဓိပ္ပါယ်သည် နှာ ၇-မှတ်ချက် ၁-၌ ပါဝင်လေပြီ။

၂–ကြိုတင်မဆုံးမပဲ........ ပြီးစေနိုင်လိမ့်မည် ဟူသော–ဟု စပ်ပါ။

http://www.dhammadownload.com



ယောဂီသည် တန်ခိုးဖန်ဆင်းခြင်းကို ပြီးစေနိုင်လိမ့်မည်ဟူသော ဤအကြောင်းမှာ မရှိချေ။ မှန်ပေ၏၊ အားထုတ်ခါစ ယောဂီမှာ ကသိုဏ်းပရိကံကို ပြုခြင်းသည်သော်လည်း ဝန်လေး၏[၁]၊ တရာမှ တယောက်, တထောင်မှ တယောက်သာလျှင် စွမ်းနိုင်၏။ ကသိုဏ်းပရိကံ ပြုပြီးသောသူမှာလည်း ပဋိဘာဂနိမိတ်ကိုဖြစ်စေခြင်းသည် ဝန်လေး၏၊ တရာမှ တယောက်, တထောင်မှ တယောက်သာလျှင် စွမ်းနိုင်၏။ ပဋိဘာဂနိမိတ် ဖြစ်ပေါ်လတ်သော် ထို(နိမိတ်)ကို ပွါးစေ၍[၂] အပ္ပနာစျာန်ကို ရခြင်းသည် ဝန်လေး၏[၃] တရာမှ တယောက်, တထောင်မှ တယောက်သာလျှင် စွမ်းနိုင်၏။ အပ္ပနာစျာန်ကို ရပြီးသောသူမှာလည်း ၁၄-ပါးသောအခြင်းအရာတို့ဖြင့် စိတ်ကို (ယဉ်ကျေးနူးညံ့အောင်) ကြိုတင်ဆုံးမခြင်းသည် ဝန်လေး၏၊ တရာမှ တယောက်, တထောင်မှ တယောက်သာလျှင် စွမ်းနိုင်၏။ ၁၄-ပါးသော အခြင်းအရာတို့ဖြင့် စိတ်ကို ကြိုတင်ဆုံးမပြီးသော သူမှာလည်း တန်ခိုးဖန်ဆင်းခြင်းမည်သည် ဝန်လေး၏၊ တရာမှတယောက်, တထောင်မှ တယောက်သာလျှင်

---

မှတ်ချက်

၁ – ကသိုဏ်းပရိကံကို ပြုခြင်းသည်သော်လည်း ဝန်လေး၏–ဟူရာ၌ အပြစ်ဒေါသကို ကြည်ခြင်း အစရှိသော အစီအရင်ဖြင့် ဥဂ္ဂဟနိမိတ်ဖြစ်ပေါ်သည်တိုင်အောင် ကသိုဏ်းဝန်း၌ ပြုကျင့်ခြင်းသည်သော်လည်း ဝန်လေး၏၊တန်ခိုးဖန်ဆင်းခြင်းသည်ကား အဘယ်မှာ ဆိုဘွယ်ရှိအံ့နည်းဟု ဆိုလို၏။ (ဋီကာ)

၂ – ထိုကို ပွါးစေ၍– ဟူသည်ကား ထိုပဋိဘာဂနိမိတ်ကိုရင်း ဘာဝနာကိုရင်း ပွါးစေ၍ (ဟု ဆိုလို၏)။ မှန်ပေ၏၊ ဘာဝနာနှင့်ကင်း၍ နိမိတ်သက်သက် ပွါးစေရန် မဖြစ်နိုင်ပေ။ (ဋီကာ)

၃ – အချို့ ယောဂီတို့သည် ဥပစာရသမာဓိကို ရပြီးလျှင် အပ္ပနာသမာဓိကို ရရန် မစွမ်းနိုင်ကြ၊ ထိုသို့သော ပုဂ္ဂိုလ်တို့သည်လည်း များစွာရှိကြသည်သာ၊ ထို့ကြောင့် "အပ္ပနာစျာန်ကို ရခြင်းသည် ဝန်လေး၏"ဟု မိန့်ဆိုလေသည်။ (ဋီကာ)

http://www.dhammadownload.com



စွမ်းနိုင်၏။ ဖန်ဆင်းနိုင်ခြင်းသို့ ရောက်ပြီးရပြီးသောသူမှာလည်း လျင်မြန်စွာ ရှုနိုင်-ဝင်စား ဖန်ဆင်းနိုင်ခြင်းမည်သည် ဝန်လေး၏၊တရာမှ တယောက်, တထောင်မှ တယောက်သာလျှင် လျင်မြန်စွာ ရှုနိုင်-ဝင်စားနိုင်၏။ (အဘယ်ကဲ့သို့နည်းဟူမူ) ထေရမ္ဗကုန်း၌ မဟာရောဟဏဂုတ္တမထေရ်အား သူနာပြုရန် ကြွလာကုန်သော တန်ခိုးရှင် သုံးသောင်းတို့တွင် ရဟန်းသိက္ခာ ရှစ်ဝါရသည့် ရက္ခိတ[၂]ထေရ်အရှင်ကဲ့သို့ပေတည်း၊ ထိုအရှင်၏ အစွမ်းအာနုဘော်ကို ပထဝီကသိုဏ်းအကျယ်ပြဆိုရာ ပထဝီကသိဏနိဒ္ဒေသ (မြန်မာပြန် ပ၄မတွဲ နှာ-၄၇၈) ၌ ပြဆိုခဲ့ပြီ။ ထို ရက္ခိတထေရ်အရှင်၏ အစွမ်းအာနုဘော်ကို မြင်၍ မဟာရောဟဏဂုတ္တမထေရ်က "ငါ့ရှင်တို့ အကယ်၍သာ ရက္ခိတမရှိပါလျှင် 'နဂါးမင်းကို မစောင့်ရှောက်နိုင်ကြဘူး'ဟု ငါတို့အားလုံးပင် အကဲ့ရဲ့ခံကြရချေမည်၊ ထို့ကြောင့် မိမိနှင့်အတူဆောင်၍ လှည့်လည်အပ်သော လက်နက်မည်သည်ကို အညစ်အကြေး သုတ်သင်၍သာလျှင် ဆောင်ယူလှည့်လည်ရန် သင့်ပေသည်"ဟူ၍ မိန့်ဆိုတော်မူ၏။ ထိုသုံးသောင်းသော ရဟန်းတော်တို့သည်လည်း မထေရ်ကြီး၏ ဩဝါဒ၌တည်၍ လျင်မြန်စွာ ရှုနိုင်-ဝင်စား ဖန်ဆင်းနိုင်သူတို့ ဖြစ်ကြလေသည်။

ဆက်ဦးအံ့၊ လျင်မြန်စွာ ရှုနိုင်-ဝင်စား ဖန်ဆင်းနိုင်ခြင်း ရှိသော်လည်း သူတပါး၏ ထောက်တည်ရာ-အားကိုးရာအဖြစ်သည် ဝန်လေး၏၊ တရာမှ

မှတ်ချက်

၁ – ထေရ-အရှင်မဟိန္ဒ အစရှိသော မထေရ်များ + အမ္ဗ—သရက်ပင်များ + ထလ-တောင်ကုန်း = ထေရမ္ဗတ္ထလ-အရှင်မဟိန္ဒ အစရှိသော မထေရ်တို့ သက်ဆင်းရာ သရက်ပင်များရှိသော တောင်ကုန်း။ သရက်ပင်အစုရှိသော အရှင်မဟိန္ဒမထေရ် စသည်တို့ သက်ဆင်းရာဌာနသည် ထေရမ္ဗတ္ထလ မည်၏။ (ဋီကာ)

၂ – ပထဝီကသိဏနိဒ္ဒေသ (မြန်မာပြန် နှာ ၄၇၈-၌) ဗုဒ္ဓရက္ခိတ ဟု ရှိ၏၊ ဤ၌ ရက္ခိတ-ဟု အတိုကောက်ပြဆိုသည်။

တယောက်, တထောင်မှ တယောက်သာလျှင် (သူတပါး၏ ထောက်တည်ရာ အားကိုးရာ)ဖြစ်နိုင်၏၊ (အဘယ်ကဲ့သို့နည်းဟူမူ)ဂိရိဘဏ္ဍဝါဟနပူဇော်ပွဲ၌[၁] မာရ်နတ်က မီးကျီးမိုးရွာစေလတ်သော် ကောင်းကင်၌ မြေကြီး ဖန်ဆင်း၍ မီးကျီးမိုးကို ကာကွယ်စောင့်ရှောက်သော ထေရ်ကဲ့သို့ပင်တည်း။

ရှေးဘဝတို့၌ အားထုတ်မှုအားကြီးကုန်သော ဗုဒ္ဓမြတ်စွာဘုရားပစ္စေက ဗုဒ္ဓါ အဂ္ဂသာဝက အစရှိသော ပုဂ္ဂိုလ်မြတ်တို့မှာမူ ယခုပြဆိုခဲ့သော ဘာဝနာ လေ့ကျင့်ပုံအစဉ်နှင့် ကင်း၍လည်း[၂] အရဟတ္တဖိုလ်ကို ရခြင်းဖြင့်သာလျှင် ဤတန်ခိုးဖန်ဆင်းခြင်းသည်၎င်း, [၄]ပဋိသမ္ဘိဒါဉာဏ် စသည် အပြားရှိကုန် သော အခြားဂုဏ်ထူးတို့သည်၎င်း ပြီးစီးပြည့်စုံကြကုန်၏။ ထို့ကြောင့်[၃] အဆင် တန်ဆာ အထူးကို ပြုလုပ်လိုသော ရွှေပန်းထိမ်ဆရာသည် မီးဖြင့်မှုတ်ခြင်း

---

မှတ်ချက်

၁ – ဂိရိဘဏ္ဍဝါဟနပူဇော်ပွဲ မည်သည်မှာ(အရှင်မဟာမဟိန္ဒတို့ ပဌမသီတင်းသုံး ရာ ယခုအခါ သီဟိုဠ်ဘာသာဖြင့် မိဟိန္တလေ-ဟု ခေါ်သော) စေတီယတောင် ကို အစပြု၍ တကျွန်းလုံး၌၎င်း၊ သမုဒ္ဒရာ- ပင်လယ်ထဲ၌ တယူဇနာအရပ် တိုင်အောင်၎င်း ကြီးကျယ်စွာသော (ဒီပပူဇာ) ဆီမီးပူဇော်ပွဲပေတည်း။ ထိုပူဇော်ပွဲကြီး ကျင်းပစဉ် မာရ်နတ်က ဖြစ်စေသော မီးကျီးမိုးကို မီး ပွားများဖြင့်သော်လည်း လူများဆီသို့ မရောက်ရအောင် ထိုတခဏအတွင်း၌ ပင်လျှင် ကောင်းကင်၌ မြေကြီးဖန်ဆင်း၍ (ကာကွယ်စောင့်ရှောက်သည်)။ (ဋီကာ)ဤ အကြောင်းအရာ အကျယ်ကို ယခုအခါ ထင်ရှားမတွေ့ရတော့ပြီ။

၂ – ဘာဝနာ လေ့ကျင့်ပုံအစဉ်နှင့် ကင်း၍လည်း........ ပြီးစီးပြည့်စုံကြကုန်၏-ဟု စပ်ပါ။

၃ – ရှေးဘဝတို့၌ အားကြီးသော အားထုတ်မှုဟူသော အကြောင်းနှင့်ပြည့်စုံ သူအားသာလျှင် ယခုပြခဲ့သော ဘာဝနာ လေ့ကျင့်မှု အစဉ်နှင့် ကင်း၍ အဘိညာဉ်တို့သည် ပြီးစီးပြည့်စုံကြသည်၊ အခြားသူအား မပြီးစီးမပြည့်စုံ ကြ၊ ထို အကြောင်းကြောင့် ဟု ဆိုလို၏။ (ဋီကာ)

http://www.dhammadownload.com



စသည်တို့ဖြင့် ရွှေကို နူးညံ့အောင် အမှု၌ ခံ့အောင်(ပြုလိုသောအမှုကိုပြုရန် သင့်လျော်အောင်) ပြုပြီးမှသာလျှင် (လိုအပ်သော အဆင်တန်ဆာအထူး ကို)ပြုလုပ်သကဲ့သို့ရင်း၊အိုးခွက်အထူးကို ပြုလုပ်လိုသော အိုးလုပ်သမားသည် မြေညက်ကိုကောင်းစွာနယ်ပြီးဖြစ်အောင် နူးညံ့အောင် ပြုလုပ်ပြီးမှသာလျှင် (လိုအပ်သော အိုးခွက်ကို) ပြုလုပ်သကဲ့သို့ရင်း ထို့အတူပင် အဘိညာဉ် ရအောင် အားထုတ်ခါစ ယောဂီသည် ဤ ၁၄-ပါးသော အခြင်းအရာတို့ဖြင့် စိတ်ကို (ယဉ်ကျေးနူးညံ့အောင်) ကြိုတင်ဆုံးမပြီးလျှင် ဆန္ဒကိုဦးဆောင်၍ ဝင်စားခြင်း, စိတ်ကိုဦးဆောင်၍ ဝင်စားခြင်း, ဝီရိယကိုဦးဆောင်၍ ဝင်စား ခြင်း, ပညာကိုဦးဆောင်၍ ဝင်စားခြင်းတို့ (တွင် တပါးပါးသော ဝင်စား ခြင်း)၏ အစွမ်းအားဖြင့်ရင်း၊ အာဝဇ္ဇနဝသီအစရှိသော ဝသီဘော်တို့၏ အစွမ်းအားဖြင့်ရင်း (စိတ်ကို)နူးညံ့အောင် လိုအပ်သော အမှု၌ ခံ့အောင် ပြု၍ တန်ခိုးဖန်ဆင်းမှု အမျိုးမျိုးအတွက် အားထုတ်ခြင်းကို ပြုအပ်၏။ ရှေးဘဝ၌ လေ့လာခဲ့ဘူးသော အကြောင်းနှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည်ကား ကသိုဏ်းအာရုံတို့၌ဖြစ်သော စတုတ္ထစျာန်မျှ၌ လေ့လာပြီးသော ဝသီဘော် ရှိလျှင်လည်း (တန်ခိုးဖန်ဆင်းမှုကို)ပြုရန် သင့်ပေ၏။ ဆက်ဦးအံ့၊ တန်ခိုး ဖန်ဆင်းမှုကို ပြီးစေသော ဤအရာ၌ အားထုတ်သင့်သော အစီအရင်ကို ပြတော်မူလိုသော မြတ်စွာဘုရားသည် "ထို(စတုတ္ထစျာန်ရပြီး ရဟန်း)သည် ဤဆိုခဲ့သည့်အတိုင်း စိတ်သည် တည်ကြည်လတ်သော်" ဤသို့ အစရှိသော စကားကို[၁] ဟောတော်မူလေသည်။

၃၆၈။ ထိုစကားရပ်၌ ယခုပြဆိုမည့်အဖွင့်သည် ပါဠိနည်းသို့ အစဉ် လျှောက်သဖြင့်သာလျှင် ဆုံးဖြတ်ဖွင့်ပြချက် စကားပေတည်း။ ထိုဘုရား

---

မှတ်ချက်

၁–စာမျက်နှာ ၂၊ စာပိုဒ် ၂၊ စာကြောင်း ၃-စသည်တို့၌ အဖွင့်အပိတ်ကော်မာ တို့ဖြင့် ပြခဲ့သော စကားပင်ဖြစ်သည်။

http://www.dhammadownload.com



စကားတော်ထဲ၌ **ထိုသည်** ဟူသည်ကား စတုတ္ထစျာန်ကို ရပြီးသော ထို ယောဂီရဟန်းသည် (ဟု ဆိုလို၏)[၁]။ **ဤဆိုခဲ့သည့်အတိုင်း** ဟူသောစကား သည် စတုတ္ထစျာန် ရပုံအစဉ်ကို ပြသောစကားဖြစ်သည်။ ယင်းစကားဖြင့် "ပဌမစျာန်ကို ရခြင်းအစရှိသော အစဉ်ဖြင့် စတုတ္ထစျာန်ကို ရပြီး၍" ဟု ဆိုလို၏။ **တည်ကြည်လတ်သော်** ဟူသည်ကား[၂] ဤစတုတ္ထစျာန်သမာဓိဖြင့် တည်ကြည်လတ်သော်(ဟု ဆိုလို၏)။ **စိတ်သည်** ဟူသည်ကား[၂] ရူပါဝစရစိတ် သည်(ဟု ဆိုလို၏)။ **ထက်ဝန်းကျင်စင်ကြယ်လတ်သော်** ဤသို့အစရှိသော လက္ခဏကြိယာ)ပုဒ်တို့၌ ဥပေက္ခာက ဖြစ်စေအပ်သည့် သတိ၏ ထက်ဝန်း ကျင်စင်ကြယ်သည်၏ အဖြစ်ဖြင့်[၃] **ထက်ဝန်းကျင် စင်ကြယ်လတ်သော်**။

---

မှတ်ချက်

၁–ပါဠိ၌ သော-ဟု ရှိ၏၊ မြန်မာပြန်လျှင် ထိုသည်-ဝင်းသည်-ယင်းသည်-ဟူ၍ ဖြစ်၏၊ ထိုပုဒ်ဖြင့် ထိုရဟန်းသည်-ထိုယောဂီသည်-ထိုလူသည်-စသည်ဖြင့် ပုလ္လိင်ဆိုင်ရာဟူသမျှကို ထုတ်ဖော်နိုင်၏။ သို့သော်လည်း ထိုပုဒ်၏ ရှေး အခြားမဲ့စကားရပ်၌ (ဘိက္ခု....စတုတ္ထံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ)=ရဟန်း သည်....စတုတ္ထစျာန်သို့ ရောက်၍နေ၏-ဟု ရှိခဲ့၏၊ ထိုစတုတ္ထစျာန်သို့ရောက် ပြီးသော ရဟန်းယောဂီကိုပင် သော-ထို သည်ဟု နာမ်စားဖြင့် ဆိုထား သည်။ သို့ဖြစ်၍ အထက်ပါအတိုင်း ထုတ်ဖော်၍ ဖွင့်ပြပေသည်။ ဤသို့သော အဖွင့်များမှာ ပါဠိဘာသာတတ်သိသူတို့အတွက်သာ ဖြစ်သည်။ သို့ဖြစ်၍ ဤသို့သော ပုဒ်ပါဌ်၏အဖွင့်များကို ပါဠိမတတ်သောသူတို့သည် ငါတို့ အတွက်မဟုတ်ဟု နှလုံးသွင်း၍ ကျော်လိုက ကျော်၍လည်း ဖတ်သွားနိုင်၏။

၂–ပါဠိ၌ သမာဟိတေ စိတ္တေ-ဟု ရှိသောကြောင့် ထိုအစဉ်အရ သမာဟိ- တေ-တည်ကြည်လတ်သော်-ဟူသော ပုဒ်ကို ရှေးဦးစွာ ဖွင့်ပြ၍ စိတ်သည်- ဟူသောပုဒ်ကို နောက်မှ ဖွင့်ပြသည်။

၃–မယုတ်မလွန် အညီအမျှရှုနိုင်သော ဥပေက္ခာနှင့် ယှဉ်တွဲ၍ဖြစ်သောကြောင့် သတိ၏ ထက်ဝန်းကျင် စင်ကြယ်ခြင်း ပြီးစီးသည်၊ ထို့ကြောင့် ထိုသတိ၏

http://www.dhammadownload.com



ထက်ဝန်းကျင် စင်ကြယ်ခြင်းကြောင့်ပင်လျှင် **ထက်ဝန်းကျင် ဖြူစင်လတ်သော်**၊ ပြိုးပြိုးပြက်ပြက်တောက်ပသကဲ့သို့ ဖြစ်လတ်သော်ဟု ဆိုလို၏။ (ရာဂ ဒေါသတို့၏) အကြောင်း ဖြစ်ကုန်သော သုခနှင့် သောမနဿ, ဒုက္ခနှင့် ဒေါမနဿတို့ကို ပယ်သောအားဖြင့် ရာဂဒေါသဟူသော အင်္ဂဏခေါ် ကိလေသာတို့ကို ပယ်ပြီးဖြစ်သောကြောင့် **အင်္ဂဏ**(မည်သော ရာဂဒေါသ စသော ကိလေသာ) **ကင်းလတ်သော်**[၁]။ အင်္ဂဏမည်သော ကိလေသာ ကင်းခြင်းကြောင့်ပင်လျှင် **ညစ်ညူးကြောင်း ကင်းလတ်သော်**[၂]၊ မှန်ပေ၏၊ အင်္ဂဏမည်သော ကိလေသာဖြင့် ထိုစိတ်သည် ညစ်ညူးရချေသည်။ ကောင်းစွာပွါးစေအပ်ပြီး ဖြစ်သောကြောင့် **နူးညံ့စွာဖြစ်လတ်သော်**၊ အလိုရှိတိုင်း ဖြစ်စေနိုင်ခြင်းဟူသော ဝသီဘော်သို့ ရောက်လတ်သော်ဟုဆိုလို၏။မှန်ပေ၏၊ အလို၌ဖြစ်သော (ဝါ-အလိုအတိုင်းဖြစ်သော)စိတ်ကို နူးညံ့သည်ဟု ဆိုအပ်ပေသည်။ နူးညံ့ခြင်းကြောင့်ပင်လျှင် **အမှု၌ ခံ့လတ်သော်**၊ လိုအပ်သော

---

မှတ်ချက်

ထက်ဝန်းကျင် စင်ကြယ်သည်၏ အဖြစ်-ထက်ဝန်းကျင် စင်ကြယ်ခြင်းကို ဥပေက္ခာက ဖြစ်စေသည်ဟု ဆိုပေသည်။

၁ – အနင်္ဂဏသုတ်၌"မိမိ၏အပြစ်ကို သူတပါး မသိစေလိုသောသူ၊ မိမိ၏အပြစ်ကို အများရှေ့၌ မမေးစေလိုသောသူ၊ ရှေ့ဆောင်ဖြစ်လိုသောသူ၊ လာဘ်လာဘ ပေါများလိုသောသူ၊ အရိုအသေ အပူဇော်ခံလိုသောသူ-ဤသို့သောသူမှာ မိမိအလိုအတိုင်း မဖြစ်သောကြောင့် အမျက်ထွက်ခြင်း၊ နှလုံး မသာခြင်း ဖြစ်တတ်၏၊ ထိုသို့ဖြစ်ရာ၌ အလိုရှိတောင့်တသော-လောဘ, အမျက်ထွက်မှု-ဒေါသ, နှလုံးမသာမှု-ဒေါမနဿ, ယင်းလောဘစသည်တို့နှင့် ယှဉ်သော မောဟ-ဟူသော ဤတရားဆိုးတို့ကို အင်္ဂဏ-ဟု ခေါ်ကြောင်း"ပြဆိုထားသည်။

၂ – ဥပက္ကိလေသ-ပုဒ်ကို အဋ္ဌကထာ၌ ပူပန်စေတတ်- နှိပ်စက်တတ်သည်ဟု ဖွင့်ပြထားသော်လည်း ဤ၌ သိလွယ်စေရန် ညစ်ညူးကြောင်း-ဟု ပြန်ထားသည်။

http://www.dhammadownload.com



အမှုကိုပြုရန် ခံ့လတ်သော် လိုအပ်သောအမှုကိုပြုရန် သင့်လျော်လတ်သော် ဟုဆိုလို၏။ မှန်ပေ၏၊ နူးညံ့သောစိတ်သည် ကောင်းစွာဉီးပြီးသော ရွှေကဲ့သို့ တန်ခိုး ဖန်ဆင်းခြင်းစသော အမှု၌ ခံ့ပေ၏ သင့်လျော်ပေ၏၊ ထို နူးညံ့ခြင်း, အမှု၌ ခံ့ခြင်း နှစ်ပါးလုံးသည်လည်း ကောင်းစွာ ပွါးစေအပ်ပြီး ဖြစ်သောကြောင့်ပင် (ပြီးစီးပြည့်စုံပေသည်)။ (ဤအဆိုသည်)

"ရဟန်းတို့၊ ဤစိတ်သည် (ပွါးစေလျှင် အကြိမ်များစွာပြုလျှင် နူးညံ့သည်ရင်း အမှု၌ ခံ့သည်ရင်း) ဖြစ်သကဲ့သို့ ဤအတူပင် အကြင်တရားသည် ပွါးစေလျှင် အကြိမ်များစွာ ပြုလျှင် နူးညံ့သည်ရင်း အမှု၌ ခံ့သည်ရင်း ဖြစ်ရာ၏၊ စိတ်မှတပါး ထိုသို့ ဖြစ်နိုင်သော အခြားတရား တခုကိုမျှ ငါမမြင်ပေ"ဟု ဟောတော်မူသည်နှင့် အညီပင်တည်း။

ဤဆိုခဲ့သော ထက်ဝန်းကျင် စင်ကြယ်ခြင်း စသည်တို့၌ တည်သောကြောင့် **တည်တံ့လတ်သော်** (ဟု ဆိုပေသည်)[၁]။ တည်တံ့ခြင်းကြောင့်ပင်လျှင် **မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော်**(ဟု ဆိုသည်)၊ "မတုန်လှုပ်လတ်သော် တုန်လှုပ်ခြင်းကင်လတ်သော်"ဟု ဆိုလို၏။တနည်းကား နူးညံ့၍ အမှု၌ ခံ့သည်၏အဖြစ်ဖြင့် မိမိအလို၌ တည်ခြင်းကြောင့် တည်လတ်သော် (ဟု ဆိုသည်)။ သဒ္ဓါစသည်တို့က အားပေးထောက်ပံ့အပ်သောကြောင့် [၂] မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော်(ဟု ဆိုသည်)။ မှန်ပေ၏၊ သဒ္ဓါက

---

မှတ်ချက်

၁–စာမျက်နှာ ၃၊ စာကြောင်း ၃-မှ **တည်တံ့လတ်သော်**-ဟူသော ပုဒ်ကို ဖွင့်ပြသည်၊ ထက်ဝန်းကျင် စင်ကြယ်ခြင်း စသည်တို့၌ တည်နေလျှင် ဟု ဆိုလို၏။

၂–သဒ္ဓါ စသည်တို့က ပူးတွဲလျက် ယုံကြည်သော အခြင်းအရာ စသည်ဖြင့် ထက်သန်စွာ ဖြစ်ခြင်းကိုပင် ၎င်းတို့က အားပေး ထောက်ပံ့သည်ဟု ဆိုသည်။

http://www.dhammadownload.com



အားပေးထောက်ပံ့အပ်သော စိတ်သည် မယုံကြည်ခြင်းကြောင့်မတုန်လှုပ်[၁]၊ ဝီရိယက အားပေးထောက်ပံ့အပ်သော စိတ်သည် ပျင်းရိခြင်းကြောင့် မတုန်လှုပ်၊သတိက အားပေးထောက်ပံ့အပ်သော စိတ်သည် မေ့လျော့ခြင်းကြောင့် မတုန်လှုပ်၊ သမာဓိက အားပေးထောက်ပံ့အပ်သော စိတ်သည် ဥဒ္ဓစ္စကြောင့် [၆] မတုန်လှုပ်၊ ပညာက အားပေးထောက်ပံ့အပ်သော စိတ်သည် အဝိဇ္ဇာကြောင့် မတုန်လှုပ်၊ ဉာဏ်အလင်းနှင့်တကွဖြစ်သော စိတ်သည် ကိလေသာအမှောင်ကြောင့် မတုန်လှုပ်။ဤ ၆-ပါးသောတရားတို့က အားပေးထောက်ပံ့အပ်သောစိတ်သည် မတုန်လှုပ်ခြင်းသို့ ရောက်၏။ ဤ ဆိုခဲ့သည့်အတိုင်း အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော[၂] စိတ်သည် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုအပ်-သိမြင်အပ်သောတရားတို့ကို ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုရန်-ကိုယ်တွေ့ဖြစ်ရန်အတွက်(ယင်းစိတ်ကို)ရှေးရှုဆောင်ရန်ခံ့ပေ၏(သင့်လျော်ပေ၏)။

---

မှတ်ချက်

၁-သဒ္ဓါယုံကြည်မှု၏အစွမ်းကြောင့် မယုံကြည်သောအခြင်းအရာ နောက်ကျုသော အခြင်းအရာမပေါ်ဘဲ ယုံကြည်သောအခြင်းအရာ ကြည်လင်သောအခြင်းအရာအားဖြင့်သာ တည်နေသည်ကိုပင် မတုန်လှုပ်ဟု ဆိုသည်။

၂-စတုတ္ထစျာန် သမာဓိဖြင့် တည်ကြည်ခြင်း (၁)၊ ထက်ဝန်းကျင် စင်ကြယ်ခြင်း (၂)၊ ထက်ဝန်းကျင် ဖြူစင်ခြင်း (၃)၊ အင်္ဂဏကင်းခြင်း (၄)၊ ညစ်ညူးကြောင်းကင်းခြင်း (၅)၊ နူးညံ့စွာဖြစ်ခြင်း (၆)၊ အမှု၌ ခံ့ခြင်း (၇)၊ မတုန်လှုပ်ခြင်းသို့ ရောက်သဖြင့် တည်တံ့ခြင်း (၈) ဤ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသည်ဟု ယူအပ်၏၊ တနည်းကား တည်ကြည်သော စိတ်၏အင်္ဂါတို့ကို ပြရာဖြစ်သောကြောင့် (သမာဟိတေ) တည်ကြည်လတ်သော်ဟူသောပုဒ်ကို ပယ်၍ ကြွင်းသော ရှစ်ပုဒ်အရဖြင့် အင်္ဂါရှစ်ပါးကို ရေတွက်အပ်၏။ (ဋီကာကို မှီ၍ ပြဆိုချက်ဖြစ်သည်)။

http://www.dhammadownload.com



ရှေးအဋ္ဌကထာနည်းမှ တပါးသော ဖွင့်ပုံနည်းကား — စတုတ္ထဈာန် သမာဓိဖြင့် **တည်ကြည်လတ်သော်။** နီဝရဏတို့မှ ဝေးသည်၏အဖြစ်ဖြင့်[၁] **ထက်ဝန်းကျင်စင်ကြယ်လတ်သော်။** ဝိတက်စသည်တို့ကို ကျော်လွန်ခြင်းဖြင့် **ထက်ဝန်းကျင်ဖြူစင်လတ်သော်။** ဈာန်ရခြင်းကို အကြောင်းပြု၍ ဖြစ်တတ်ကုန်သော ယုတ်ညံ့သည့် အလိုဆိုးတို့၏ မရှိခြင်းဖြင့်[၂] **အင်္ဂဏမည်သော ကိလေသာကင်းလတ်သော်။** စိတ်ကို ညစ်နွမ်းစေတတ်ကုန်သော အဘိဇ္ဈာ စသည်တို့၏ ကင်းခြင်းဖြင့် **ညစ်ညူးကြောင်း ဥပက္ကိလေသကင်းလတ်သော်။** အင်္ဂဏကင်းခြင်းနှင့် ဥပက္ကိလေသကင်းခြင်း ဟူသော ဤနှစ်ပါးအပေါင်းကို အနင်္ဂဏသုတ် ဝတ္ထသုတ်တို့ကို အစဉ်လျှောက်သဖြင့် သိအပ်၏[၃]။ ဝသီဘော်သို့ ရောက်သဖြင့် **နူးညံ့စွာဖြစ်လတ်သော်၊** ပြီးမြောက်ကြောင်း ဣဒ္ဓိပါဒ်အဖြစ်သို့ ရောက်သဖြင့်[၄] **အမှု၌ခံ့လတ်သော်။** ပွါးစေမှုဘာဝနာ၏ လုံးဝပြည့်စုံခြင်း ကြောင့် အမြတ်ဆုံးအဖြစ်သို့ ရောက်သဖြင့် **တည်တံ့လျက် မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော်။** "မတုန်လှုပ်ခြင်းသို့ ရောက်အောင် တည်တံ့လတ်သော်" ဤကား ဆိုလိုရင်းအနက်ပေတည်း။ ဤအဖွင့်နည်းအရအားဖြင့်လည်း

---

မှတ်ချက်

၁ — **နီဝရဏတို့မှ** ဝေးကွာခြင်းကိုပင် ထက်ဝန်းကျင်စင်ကြယ်ခြင်း ဟု ဆိုလို၏။

၂ — ငါ့ကိုသာ မေး၍ မေး၍ တရားဟောပါစေ စသည်ဖြင့် ဖြစ်သော မာန မာယာ သာဠေယျ စသော အကုသိုလ်တရားတို့ကို အလိုဆိုးဟု ဆိုသည်။ (ဋီကာကို မှီသည်)

၃ — ဤ၌ အစဉ်လျှောက်သဖြင့် ဟု ဆိုသဖြင့် ထိုသုတ်တို့၌ တိုက်ရိုက်ဟောသော အကုသိုလ်အကြမ်းတို့ကို မယူအပ်၊ သိမ်မွေ့သော အကုသိုလ်တို့ကိုသာ **ယူအပ်ကြောင်း** ဋီကာ၌ ပြဆို၏။

၄ — တန်ခိုးဖန်ဆင်းခြင်း၏ နီးသော အကြောင်း ပါဒကဈာန် အဖြစ်သို့ ရောက် ခြင်းကို ဆိုလို၏။ (ဋီကာ)

http://www.dhammadownload.com



စိတ်သည် အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသည်ဖြစ်၍ ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုအပ်-သိမြင်အပ်သော တရားတို့ကို ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုရန် ကိုယ်တွေ့ဖြစ်ရန်အတွက် (ယင်းစိတ်ကို) ရှေးရှုဆောင်ရန် ခံ့ပေ၏၊ အခြေခံပါဒကဖြစ်၍ (တန်ခိုးဖန်ဆင်းခြင်း စသည်၏) နီးသောအကြောင်း ဖြစ်ပေ၏။

## ပြီးမြောက်ခြင်း-ဣဒ္ဓိဆယ်ပါးပြဆိုချက်

၃၆၉။ **ပြီးမြောက်မှု (တန်ခိုးဖန်ဆင်းမှု) အမျိုးမျိုးအလို့ငှါ စိတ်ကို ရှေးရှုဆောင်၏ ရှေးရှုညွတ်စေ၏** ဟူရာ၌ ပြီးမြောက်ခြင်း, ရခြင်းဟူသော အနက်ကြောင့် ဣဒ္ဓိမည်၏၊ ပြီးစီးခြင်း ပြီးမြောက်ခြင်း အနက်ကြောင့်ရင်း, ရခြင်း အနက်ကြောင့်ရင်း (ဣဒ္ဓိမည်သည်)ဟု ဆိုလို၏။ မှန်ပေ၏၊ ပြီးစီးပြီးမြောက်သောသဘော, ရအပ်သောသဘောကို ဣဇ္ဈတိ(ပြီးစီးပြီးမြောက်၏, ရ၏)ဟု ဆိုအပ်ပေသည်။ (ဤအဆိုသည်)—

"ကာမံ ကာမယမာနဿ၊ တဿ စေ တံ သမိဇ္ဈတိ။"

"လိုချင်စရာ(ကာမဂုဏ်)ကို လိုချင်နေသော ထိုသူအား ထိုလိုချင်စရာသည် အကယ်၍ ပြီးစီးပြည့်စုံငြားအံ့"ဟု—

ဟောတော်မူသည်နှင့် အညီပင်တည်း။ ထို့ပြင်—

"ကာမအလိုမှ ထွက်မြောက်မှုသဘော (နေက္ခမ္မ)သည် (ဣဇ္ဈတီတိ)ပြီးစီးပြည့်စုံတတ်, ရောက်အပ်-ရအပ်သောကြောင့် ဣဒ္ဓိမည်၏၊ ဆန့်ကျင်ဘက်ကို ပယ်တတ်သောကြောင့် (ပါဋိဟာရိယ) ပြာဋိဟာမည်၏။ ပ ။ အရဟတ္တမဂ်သည် ပြီးစီးပြည့်စုံတတ်, ရောက်အပ်သောကြောင့် ဣဒ္ဓိမည်၏၊ ဆန့်ကျင်ဘက်ကို ပယ်တတ်သော

http://www.dhammadownload.com



ကြောင့် (ပါဋိဟာရိယ) ပြာဋိဟာမည်၏”ဟု ဟောတော်မူသည်နှင့်လည်း အညီပင်တည်း။[၁]

နည်းတပါးကား—ပြီးမြောက်စေတတ်သောအနက်ကြောင့် ဣဒ္ဓိမည်၏၊ ဣဒ္ဓိဟူသော ဤအမည်သည် အကြောင်း ဥပါယ် ပြည့်စုံခြင်း၏ (ဝါ-အကြောင်း ကောင်းခြင်း၏) အမည်ပေတည်း။ မှန်ပေ၏၊ အကြောင်းဥပါယ်၏ ပြည့်စုံခြင်းသည် အလိုရှိအပ်သောအကျိုးကို ဖြစ်စေတတ်သောကြောင့် အကျိုးကိုပြီးမြောက်စေတတ်ပေ၏။ (ဤ အဆိုသည်) “ဤ စိတ္တသူကြွယ်သည် သီလနှင့်ပြည့်စုံ၏၊ ကောင်းသောဂုဏ်ကျေးဇူးနှင့် ပြည့်စုံ၏၊ ‘နောင်အခါ၌ စကြဝတေးမင်းဖြစ်ပါစေ’ဟု အကယ်၍ တောင့်တငြားအံ့၊ သီလနှင့်ပြည့်စုံသောထိုသူကြွယ်၏ ဤစိတ်ကိုထားခြင်း-တောင့်တခြင်းသည် စင်ကြယ်သောကြောင့် ပြီးမြောက်စေနိုင်ပေလတ့်”ဟု ဟောတော်မူသည်နှင့် အညီပင်တည်း။[၂]

နည်းတပါးကား—ဤအမှုဖြင့် သတ္တဝါတို့သည် ပြည့်စုံကုန်၏၊ ထိုသို့ပြည့်စုံကြောင်းဖြစ်သောကြောင့် ဣဒ္ဓိမည်၏။ **ပြည့်စုံကုန်၏**ဟူသည်မှာ ကြီးပွါးကုန်၏ မြင့်မြတ်တိုးတက်ကုန်၏ဟု ဆိုလို၏။[၃]

---

မှတ်ချက်

၁–ဤပဌမအဖွင့်နည်းဖြင့် ဣဒ္ဓိ-ဟူသည်မှာ ပြီးစီးပြီးမြောက်သော ပြည့်စုံသောအရာပင် ဖြစ်သည်ဟု ဆိုလို၏။ ပြီးစီးပြီးမြောက်ခြင်း ပြည့်စုံခြင်းကိုလည်း ဣဒ္ဓိဟု ဆိုလို၏။

၂–ဤဒုတိယအဖွင့်နည်းဖြင့် ဣဒ္ဓိဟူသည်မှာ ပြီးစီးပြီးမြောက်စေတတ်-ပြည့်စုံစေတတ်သော အကြောင်းမှန် အကြောင်းကောင်းပင်ဟု ဆိုလို၏။

၃–ဤ တတိယအဖွင့်နည်းဖြင့် ဣဒ္ဓိဟူသည်မှာ ကြီးပွါးတိုးတက်ကြောင်းပင်ဟု ဆိုလို၏။

http://www.dhammadownload.com



ဣဒ္ဓိမည်သော ထို ပြီးမြောက်မှုတန်ခိုးသည် ဆယ်ပါးအပြားရှိ၏။ "ဣဒ္ဓိတို့သည် အဘယ်မျှရှိကုန်သနည်းဟုမေးလျှင် ဣဒ္ဓိတို့သည် ဆယ်ပါး တို့တည်း(ဟု ဖြေရာ၏)"ဟူသည်နှင့် အညီပင်။ တဖန်လည်း နောက်ထပ် ဖွင့်ဆိုပြန်သည်မှာ—ဆယ်ပါးသော [၇] ဣဒ္ဓိတို့သည် အဘယ်သည်တို့နည်း (၁) အဓိဋ္ဌာနိဒ္ဓိ-ဓိဋ္ဌာန်ဖန်ဆင်းခြင်းတန်ခိုး၊ (၂) ဝိကုဗ္ဗနိဒ္ဓိ-ပကတိ အသွင်ကိုဖျောက်၍ တမျိုးတမည်ဖန်ဆင်းခြင်းတန်ခိုး၊ (၃) မနောမယိဒ္ဓိ-စိတ်ဖြင့်ပြီးသော (မိမိနှင့် ပုံတူ) ဖန်ဆင်းခြင်းတန်ခိုး၊ (၄)ဉာဏဝိပ္ဖါရိဒ္ဓိ-ဉာဏ်၏ ပျံ့နှံ့ခြင်းကြောင့် ပြီးမြောက်သော တန်ခိုး၊ (၅)သမာဓိဝိပ္ဖါရိဒ္ဓိ-သမာဓိ၏ပျံ့နှံ့ခြင်းကြောင့် ပြီးမြောက်သောတန်ခိုး၊ (၆)အရိယိဒ္ဓိ-အရိယာ တို့မှာ ပြည့်စုံပြီးမြောက်သောတန်ခိုး၊ (၇)ကမ္မဝိပါကဇိဒ္ဓိ - ကံ၏အကျိုးကို မှီ၍ ပြီးမြောက်သောတန်ခိုး၊ (၈)ပုညဝတောဣဒ္ဓိ-ထူးခြားသည့်ကောင်းမှု ရှင်တို့မှာ ပြီးမြောက်ပြည့်စုံသော တန်ခိုး၊ (၉)ဝိဇ္ဇာမယိဒ္ဓိ-ဝိဇ္ဇာမန္တာန်ဖြင့် ပြီးသော တန်ခိုး၊ (၁၀)တတ္ထ တတ္ထ သမ္မာပယောဂပစ္စယိဒ္ဓိ - ထိုထိုအရာ၌ နည်းလမ်း မှန်စွာ အားထုတ်မှုကြောင့် ပြီးမြောက်သော တန်ခိုး။ ဤ ဆယ်ပါးတို့ပင်တည်း။

၃၇၀။ ထိုတွင် "ပကတိ အားဖြင့် တပါးတည်း ဖြစ်ပါလျက် အများ ဖြစ်အောင် ဆင်ခြင်၏၊ တရာကိုသော်၎င်း တထောင် ကိုသော်၎င်း တသိန်း ကိုသော်၎င်း ဆင်ခြင်ပြီးလျှင် အများဖြစ်စေဟု ဉာဏ်ဖြင့် ဓိဋ္ဌာန်၏"ဟု ဤသို့ ဝေဘန်ဖွင့်ဆို၍ ပြသော(ဣဒ္ဓိ) တန်ခိုးသည် ဓိဋ္ဌာန်ခြင်း၏ အစွမ်း အားဖြင့် ပြီးသောကြောင့် **အဓိဋ္ဌာနိဒ္ဓိ** မည်၏။ (၁)

၃၇၁။ "ထိုတန်ခိုးရှင်သည် ပကတိအသွင်သဏ္ဌာန်ကို ပယ်စွန့်၍ လုလင် ပျိုအသွင်ကိုမူလည်း ပြ၏၊ နဂါးအသွင်ကို ဂဠုန်အသွင်ကို ဘီလူးအသွင်ကို သိကြားအသွင်ကို နတ်အသွင်ကို ဗြဟ္မာအသွင်ကို သမုဒ္ဒရာအသွင် တောင် အသွင် ခြင်္သေ့အသွင် ကျားအသွင် ကျားသစ်အသွင် ဆင်အသွင် မြင်း

http://www.dhammadownload.com



အသွင် ရထားအသွင် ခြေလျင်တပ်အသွင်ကိုလည်း ပြ၏၊ အမျိုးမျိုးသော စစ်တပ်အပေါင်းကိုလည်း ပြ၏”ဟု ဤသို့ ဝေဘန်ပြဆိုထားသော [၁] တန်ခိုး ဖန်ဆင်းခြင်းသည် ပကတိအသွင်သဏ္ဌာန်ကို ပယ်စွန့်၍ ဖောက်ပြန်ပြောင်းလဲသော အသွင်သဏ္ဌာန်၏ အစွမ်းအားဖြင့် ဖြစ်သောကြောင့် **ဝိကုဗ္ဗနိဒ္ဓိ** မည်၏။ (၂)

၃၇၂။ “ဤသာသနာတော်၌ ရဟန်းသည် ဤပကတိကိုယ်မှ တပါးသော အဘိညာဉ်စိတ်ကြောင့်ဖြစ်သော အခြားပုံတူကိုယ်ကို ဖန်ဆင်း၏” ဤသို့သောနည်းဖြင့် ပြဆိုထားသော တန်ခိုးသည် ပကတိကိုယ်ကောင်ထဲ၌ အဘိညာဉ်စိတ်ကြောင့်ဖြစ်သော အခြားပုံတူကိုယ် ပြီးစီးဖြစ်ပေါ်သည်၏ အစွမ်းဖြင့် ဖြစ်သောကြောင့် **မနောမယိဒ္ဓိ** မည်၏။ (၃)

၃၇၃။ ဉာဏ်ဖြစ်သည်မှ ရှေး၌သော်၎င်း နောက်၌သော်၎င်း ထိုခဏ၌သော်၎င်း ဉာဏ်၏အစွမ်းကြောင့်ဖြစ်သော အထူးသည် **ဉာဏဝိပ္ဖါရိဒ္ဓိ** မည်၏။ မှန်ပေ၏၊ “အနိစ္စာ နုပဿနာဖြင့် နိစ္စသညာကို ပယ်ခြင်းသဘောသည် ပြီးမြောက်၏၊ ထို့ကြောင့် [၂] ဉာဏဝိပ္ဖါရိဒ္ဓိ မည်၏ ။ပ။ အရဟတ္တမဂ်ဖြင့် အလုံးစုံသော ကိလေသာတို့ကို ပယ်ခြင်းသဘောသည် ပြီးမြောက်၏၊ ထို့ကြောင့် ဉာဏဝိပ္ဖါရိဒ္ဓိ မည်၏၊ အရှင်ဗာကုလ၏ ဉာဏဝိပ္ဖါရိဒ္ဓိကို၊ အရှင်သံကိစ္စ၏ ဉာဏဝိပ္ဖါရိဒ္ဓိကို၊ အရှင်ဘူတပါလ၏ ဉာဏဝိပ္ဖါရိဒ္ဓိကို(သိအပ်၏)” ဟု ဟောတော်မူပေသည်။

---

မှတ်ချက်

၁–မြန်မာစကားချောစေရန် ပရိယာယ်တပါးဖြင့် ပြန်ထားသည်၊ အတိအကျ ပြန်လျှင် “ဤသို့ လာသော” ဟု ဖြစ်၏။

၂–ပယ်ခြင်းသဘောသည် ပြီးမြောက်သောကြောင့် (ဉာဏဝိပ္ဖါရိဒ္ဓိ မည်၏) ဟူ၍လည်း ပြန်အပ်သည်ပင်။

http://www.dhammadownload.com



ထိုတွင် အရှင်ဗာကုလမထေရ်သည် (ငါးရက်သား) ကလေးငယ်ဘဝက မင်္ဂလာနေ့တွင် မြစ်ထဲ၌ ရေချိုးပေးနေစဉ် ကလေးထိန်း၏ မေ့လျော့မှုကြောင့် ရေစီးကြောင်းထဲ၌ ကျသွားလေ၏၊ ထိုကလေးငယ်ကို ငါးကြီးက မျို၍ ဗာရာဏသီဆိပ်ကမ်းသို့ ရောက်သွားလေ၏၊ ယင်းဆိပ်ကမ်း၌ ထိုငါးကြီးကို တံငါက ဖမ်း၍ သေဋ္ဌေးကတော်အား ရောင်းလိုက်၏၊ ထိုသေဋ္ဌေးကတော်က ငါး၌ နှစ်သက်သော စိတ်ရှိသဖြင့် ထိုငါးကို ငါကိုယ်တိုင်ပင် ပြုပြင်၍ ချက်မည်ဟု ကြံကာ ခွဲလတ်သော် ငါး၏ဝမ်းထဲ၌ ရွှေရုပ်သဖွယ် တင့်တယ်သော သူငယ်ကို တွေ့ရ၍ 'ငါသည် သားကို ရပေပြီ'ဟု ဝမ်းမြောက်ဝမ်းသာဖြစ်လေ၏။ [ဂ] ဤသို့ (ပစ္ဆိမဘဝိက) အဆုံးစွန်ဘဝ၌ တည်သော အရှင်ဗာကုလထေရ်၏ ငါးဝမ်းထဲ၌အနာရောဂါမရှိခြင်း ဆင်းရဲကင်းခြင်းသည် ထိုခန္ဓာကိုယ်ဖြင့်ပင် ရအပ်လတ့်သော အရဟတ္တမဂ်ဉာဏ်၏ အစွမ်းအာနုဘော်ကြောင့် ဖြစ်သဖြင့် ဉာဏဝိပ္ဖါရိဒ္ဓိ မည်၏။ [၁] ဝတ္ထုကိုမူ အကျယ်အားဖြင့်(ဥပရိပဏ္ဏာသအဋ္ဌကထာ နှာ ၁၃၅၊ အင်္ဂုတ္တရ အဋ္ဌကထာ ဧတဒဂ္ဂဝဂ်တို့၌ ပြထားသည့်အတိုင်း) ဆိုအပ်၏။

ထိုမှတပါး သံကိစ္စထေရ်၏ မိခင်သည် ယင်းသူငယ် ဝမ်းထဲ၌ ရှိစဉ်ပင် သေဆုံးသဖြင့် ထိုမိန်းမ၏ အလောင်းကို ထင်းပုံထက်သို့တင်၍ တံစူးဝါးတို့ဖြင့် ထိုး၍ မီးရှို့သောအခါ သူငယ်၏ မျက်ထောင့်ကို တံစူးဝါးစွန်းဖြင့် ထိုးမိ၍ သူငယ်က အသံပြုလေသည်၊ ထိုအခါ သူငယ် အသက်ရှင်နေသေးကြောင်း သိကြသဖြင့် အလောင်းကို ထင်းပုံမှချ၍ ဝမ်းကို ခွဲကာ သူငယ်ကို ထုတ်ယူပြီးလျှင် သူ့အဖွားထံ အပ်ကြလေ၏၊ ထိုသူငယ်သည် အဖွားဖြစ်သူက ပြုစုမွေးမြူ၍ ကြီးပြင်းလာသောအခါ ရှင်ရဟန်းပြုပြီး

---

မှတ်ချက်

၁–ဤ၌ ဝတ္ထုကြောင်းဖြစ်၍ စကားချောစေရန် ပြင်၍ပြန်ဆိုချက်များလည်း ပါဝင်၏၊ နောက်၌လည်း ဤသို့သောအရာတို့၌ နည်းတူပင် မှတ်ပါ။

http://www.dhammadownload.com



ပဋိသမ္ဘိဒါလေးပါးနှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်တော်မူလေသည်။ (ဓမ္မပဒ-ဋ္ဌ ပ-၄၂၆-ကြည့်) ဤသို့ ဆိုခဲ့သောနည်းဖြင့်ပင် မီးရှူရာ ထင်းပုံပေါ်၌ အရှင်သံကိစ္စ၏ အနာဂရောဂါကင်းခြင်းသည် ဉာဏဝိပ္ဖါရိဒ္ဓိမည်၏။

ထိုမှတပါး ဘူတပါလမည်သော သူငယ်၏ ဖခင်သည် ရာဇဂြိုဟ်မြို့၌ (ထင်းရောင်းစားရသော) လူဆင်းရဲပေတည်း၊ ထိုလူဆင်းရဲသည် ထင်းအတွက် လှည်းဖြင့် တောသို့သွားပြီးလျှင် ထင်းဝန်ကို လှည်း၌တင်၍ ပြန်လာခဲ့ရာ ညနေချမ်းအချိန်၌ မြို့အနီးသို့ ရောက်၏၊ ထိုအခါ သူ၏ နွားတို့သည် ထမ်းပိုးကို စွန့်လွှတ်ထွက်ပြေးကာ မြို့တွင်းသို့ ဝင်သွားကြလေ၏။ ထိုလူဆင်းရဲသည် လှည်းအနီး၌ သားသူငယ်ကို ထိုင်နေစေပြီးလျှင် နွားတို့၏နောက်သို့ လိုက်သွားရာ မြို့တွင်းသို့ပင်လျှင် ဝင်သွားရလေ၏၊ ထိုလူဆင်းရဲ မြို့ပြင်သို့ မထွက်ရသေးမီပင် (အချိန်ကျသဖြင့်) မြို့တံခါးကို ပိတ်လေ၏။ သူငယ်မှာ မြို့ပြင် ဘီလူးကြမ်းတို့၏ ကျက်စားရာအရပ်၌ ညဉ့်သုံးယာမ်ပတ်လုံး (တယောက်တည်း နေရသော်လည်း) ဘေးရန်အန္တရာယ်ကင်းခြင်းသည် ဆိုခဲ့ပြီးသောနည်းဖြင့်ပင် ဉာဏဝိပ္ဖါရိဒ္ဓိပေတည်း။ ဝတ္ထုကိုမူ (ဓမ္မပဒအဋ္ဌကထာ ဒု ၂၈၄-၌ ပြဆိုထားသည့်အတိုင်း) ချဲ့၍ သိအပ်၏။ (၄)

၃၇၄။ သမာဓိမှ ရှေး၌သော်ငြား၊ နောက်၌သော်ငြား၊ ထိုခဏ၌သော်ငြား သမထအာနုဘော်ကြောင့်ဖြစ်သော အထူးသည် သမာဓိဝိပ္ဖါရိဒ္ဓိ မည်၏။ မှန်ပေ၏၊ "ပဌမစျာန်ဖြင့် နီဝရဏတို့ကို ပယ်ခြင်းသဘောသည် ပြီးမြောက်၏၊ ထို့ကြောင့်[၁] သမာဓိဝိပ္ဖါရိဒ္ဓိ မည်၏။ပ။နေဝသညာနာသညာ-

---

မှတ်ချက်

၁–ဤ၌လည်း ပယ်ခြင်းသဘောသည် ပြီးမြောက်သောကြောင့် (သမာဓိဝိပ္ဖါရိဒ္ဓိ မည်၏) ဟူ၍လည်း ပြန်အပ်၏။

http://www.dhammadownload.com



ယတန သမာပတ်ဖြင့် အာကိဉ္စညာယတနသညာကို ပယ်ခြင်းသဘောသည် ပြီးမြောက်၏၊ ထို့ကြောင့် သမာဓိဝိပ္ဖါရိဒ္ဓိ မည်၏။ အရှင်သာရိပုတ္တရာ၏ သမာဓိဝိပ္ဖါရိဒ္ဓိကို၊ အရှင်သဉ္ဇီဝ၏ သမာဓိဝိပ္ဖါရိဒ္ဓိကို၊ အရှင်ခါဏုကောဏ္ဍည၏ သမာဓိဝိပ္ဖါရိဒ္ဓိကို၊ ဥတ္တရာမည်သော ဥပါသိကာမ၏ သမာဓိဝိပ္ဖါရိဒ္ဓိကို၊ သာမာဝတီမည်သော ဥပါသိကာမ၏ သမာဓိဝိပ္ဖါရိဒ္ဓိကို (သိအပ်၏)"ဟု ဟောတော်မူပေသည်။

ထိုတွင် အခါတပါး၌ အရှင်သာရိပုတ္တရာမထေရ်သည် အရှင်မောဂ္ဂလာန်မထေရ်နှင့်အတူ ကပေါတမည်သော ချောက်၌ လသာနေသော ညဉ့်အခါတွင် ဟင်းလင်းပြင်အရပ်၌ သီတင်းသုံးလျက် ထိုင်နေစဉ် ခေါင်းရိတ်ပြီးစဖြစ်၍ (လရောင်ဖြင့် တောက်ပနေသော အရှင်သာရိပုတ္တရာ၏) ဦးခေါင်းကို ဘီလူးဆိုးတယောက်သည် အဖော်ဘီလူးက တားမြစ်ပါလျက် ပြင်းစွာပုတ်ခတ်လေ၏၊ ယင်းပုတ်ခတ်ခြင်း၏အသံသည် မိုးချုန်းသံကဲ့သို့ပင် [၉] မြည်လေ၏၊ ထိုအခါ အရှင်သာရိပုတ္တရာမထေရ်သည် ထိုဘီလူးပုတ်ခတ်ဆဲအချိန်၌ သမာပတ်ကို ဝင်စားတော်မူလေ၏၊ ထိုအခါ၌ အရှင်သာရိပုတ္တရာမထေရ်မှာ ထိုဘီလူးပုတ်ခတ်ခြင်းကြောင့် နာကျင်မှု တစုံတခုမျှမဖြစ်ပေ။ ထိုအရှင်သာရိပုတ္တရာ၏ ဤသို့နာကျင်မှုမဖြစ်ခြင်းသည် သမာဓိဝိပ္ဖါရိဒ္ဓိပေတည်း။ ဝတ္ထုအကျယ်မှာမူ ဥဒါန်းပါဠိတော် (နှာ-၁၂၃)၌ လာသည်သာတည်း။

ထိုမှတပါး နိရောဓသမာပတ် ဝင်စားနေသော သဉ္ဇီဝမထေရ်ကို သေဆုံး (ပျံတော်မူ) နေသည်ထင်မှတ်၍ နွားကျောင်းသား စသည်တို့က မြက်, ထင်း,နွားချေး စသည်တို့ကို စုပုံ၍ မီးရှို့ကြ၏၊ သို့သော် မထေရ်၏သင်္ကန်း၌ ချည်တမျှင်မျှ မီးမလောင်ပေ။ထိုသဉ္ဇီဝမထေရ်၏ ဤသို့မီးမလောင်ခြင်းသည် အစဉ်အတိုင်း ဝင်စားသော သမာပတ်တို့၏ အစွမ်းအားဖြင့် ဖြစ်သော

http://www.dhammadownload.com



သမထအာနုဘော် အားဖြင့် ပြီးခြင်းကြောင့်[၁] သမာဓိဝိပ္ဖါရိဒ္ဓိ ပေတည်း။ ဝတ္ထုအကျယ်မှာ မူလပဏ္ဏာသ မာရတဇ္ဇနီယသုတ်(၄၀၉)၌ လာရှိပေ၏။

ထိုမှတပါး အရှင် ခါဏုကောဏ္ဍညမထေရ်သည် အကြောင်းထူးမရှိပဲ ပကတိသဘော အားဖြင့်ပင်လျှင် သမာပတ်ဝင်စားခြင်း များပေသည်၊ ထိုမထေရ်သည် တောတခုဝယ် ညဉ့်အခါ၌ သမာပတ်ကို[၂] ဝင်စားလျက် ထိုင်နေတော်မူ၏၊ ခိုးသူငါးရာတို့သည် ပစ္စည်းဘဏ္ဍာကို ခိုးယူခဲ့ကြပြီးလျှင် (ရွာမှ) ထွက်သွား ကုန်လတ်သော် "ယခုအခါ ငါတို့နောက်သို့ လိုက်လာသူများ မရှိကြ"ဟု သိကြသဖြင့် အပန်းဖြေ နားနေကြ လိုသောကြောင့် ခိုးထုပ်ဘဏ္ဍာတို့ကို ချထားကြသောအခါ "ဤအရာသည် သစ်ငုတ်ပင်"ဟု ထင်မှတ်ကြ၍ မထေရ်၏ အထက်၌ အလုံးစုံသော ဘဏ္ဍာတို့ကို ထားကြလေ၏၊ ယင်းခိုးသူတို့သည် အပန်းဖြေ နားနေပြီးနောက် သွားကြမည် ပြုရာတွင် ရှေးဦးစွာ ချထားသော ဘဏ္ဍာထုပ်ကို ယူသောအခါ၌ မူလက အဓိဋ္ဌာန်ပြုထားသော ကာလ အပိုင်းအခြား၏ အစွမ်းအားဖြင့် အရှင် ခါဏုကောဏ္ဍညမထေရ်သည် သမာပတ်မှ ထတော်မူလေ၏။ ထို ခိုးသူတို့သည် မထေရ်၏ လှုပ်ရှားသော အခြင်းအရာကို မြင်ကြရ၍ ကြောက်လန့်ကြသောကြောင့် ဟစ်အော် မြည်တမ်းကုန်၏။ မထေရ်က "ဥပါသကာတို့ မကြောက်ကြကုန်လင့်၊ ငါရဟန်းပါ"ဟု ဆို၏။ ထိုခိုးသူတို့သည်လာကြကုန်၍ ရှိခိုးကြပြီးလျှင် မထေရ်၌ဖြစ်သော ကြည်ညိုခြင်းဖြင့် ရှင်ရဟန်း ပြုကြ၍

---

မှတ်ချက်

၁–ဤဟိတ် အကြောင်းပြစကားဖြင့် နိရောဓသမာပတ်ပင် ဖြစ်သော်လည်း သမာဓိဝိပ္ဖါရ ဖြစ်သင့်ပုံကို ပြ၏။ (ဋီကာ)

၂–သမာပတ်ကို-ဟု သာမည ဆိုသော်လည်း စတုတ္ထစျာန်သမာပတ် သို့မဟုတ် နိရောဓသမာပတ်ကို ယူသင့်၏၊ နိရောဓသမာပတ်ကိုယူလျှင် သာ၍ သင့်ပေသည်။

http://www.dhammadownload.com



ပဋိသမ္ဘိဒါဉာဏ်တို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်ကြလေ၏။ ဤဝတ္ထု၌ ဘဏ္ဍာထုပ် ငါးရာတို့ဖြင့် အဖိခံရသော အရှင်ခါဏုကောဏ္ဍညမထေရ်၏ နာကျင်မှုမရှိခြင်းသည် သမာဓိဝိပ္ဖါရိဒ္ဓိပေတည်း။

ထိုမှတပါး ဥတ္တရာမည်သော ဥပါသိကာမသည် ပုဏ္ဏသေဋ္ဌေး၏ သမီးဖြစ်သည်၊ (ယင်းဥတ္တရာက သူ့ခင်ပွန်းအား လုပ်ကျွေးပြုစုရန် ငှါးရမ်းထားသော) ပြည်တန်ဆာမသိရိမာသည် မနာလိုသောကြောင့် ထိုသေဋ္ဌေးသမီးဥတ္တရာ၏ ခေါင်းပေါ်၌ လောလောပူသော ဆီပူရည်ကို သွန်းလောင်းချလိုက်၏။ ဥတ္တရာသည် ထိုခဏ၌ပင် (သိရိမာ၏ ကျေးဇူးကို ဆင်ခြင်၍) မေတ္တာစျာန်ကို ဝင်စားလိုက်၏၊ ဆီသည် ကြာဖက်ပေါ်မှ ရေပေါက်ကဲ့သို့ စီးဆင်းလိမ့်ကျသွားလေ၏။ ထိုဥတ္တရာဥပါသိကာမ၏ ဤသို့ ဆီပူမလောင်ခြင်းသည် သမာဓိဝိပ္ဖါရိဒ္ဓိပေတည်း။ ဝတ္ထုကိုမူ (ဓမ္မပဒအဋ္ဌကထာ ၁၇-ဝဂ်နှင့် အင်္ဂုတ္တရအဋ္ဌကထာ တေဒဂ္ဂဝဂ်တို့၌ပြထားသည့်အတိုင်း) ချဲ့၍သိအပ်၏။

သာမာဝတီ(မည်သော ဥပါသိကာမ)သည် ဥတေနဘုရင်၏အဂ္ဂမဟေသီ မိဖုရားကြီးဖြစ်သည်။ မာဂဏ္ဍီပုဏ္ဏားသည် မိမိ၏ (မွေးစား) သမီးဖြစ်သူ မာဂဏ္ဍီ၏[၁] အဂ္ဂမဟေသီမိဖုရားကြီး၏ အရာကို မြှော်လင့်တောင့်တလျက် ထိုသာမာဝတီ၏ စောင်းထဲ၌ [၁၀]မြွေဆိုးကို ထည့်စေပြီးလျှင် ဥတေနမင်းကို "မင်းကြီး သာမာဝတီသည် အရှင်မင်းကြီးကို သေစေလိုသောကြောင့်

မှတ်ချက်

၁–မိတာယ-ပုဒ်၏ အနက်ဖြစ်သည်၊ သမီးအရင်းဟူသောအနက်ကို ဆိုလိုလျှင် ဓီတုယာ-ဟု ဖြစ်သင့်၏၊ မာဂဏ္ဍီ၏ မိဘတို့သည် ရဟန်းပြုသွားကြသောအခါ သမီးမာဂဏ္ဍီကို ဦးလေးဖြစ်သူ စူဠမာဂဏ္ဍီပုဏ္ဏားထံ၌ အပ်ထားခဲ့ကြသည်ဟု ဓမ္မပဒအဋ္ဌကထာ စသည်တို့၌ ဆို၏၊ ထို့ကြောင့် သမီးအရင်း မဟုတ် တူမသာ ဖြစ်သည်၊ သို့ဖြစ်၍ ဓီတာ ဝိယ-သမီးသဖွယ်ဖြစ်သောကြောင့် ဓီတာမည်၏ဟု ဥပမာတဒ္ဓိတ်ပုဒ်ကြံ၍ အနက်ပြန်သည်။

http://www.dhammadownload.com



စောင်းထဲ၌မြွေဆိုးကိုထည့်ကာ ခေါင်ထားပါသည်”ဟု ဂုံးချောပြောဆို၏။[၁] ဥတေနမင်းသည် ထိုမြွေကို တွေ့မြင်၍ အမျက်ထွက်သောကြောင့် သာမာဝတီကိုသတ်မည်ဟုကြံကာ လေးတင်ပြီးလျှင် အဆိပ်လူးသော စဉ်းသွားမြားကို ဖွဲ့ယှဉ်လေ၏။ အခြွေအရံ ငါးရာနှင့် တကွသော သာမာဝတီသည် ဥတေနဘုရင်မင်းကို မေတ္တာဖြင့် ဖြန့်လေ၏။ ဥတေနဘုရင်သည် မြားကို ပစ်လည်း မပစ်နိုင် ချလည်း မချနိုင်ပဲ တုန်လှုပ်လျက် တည်နေလေ၏။ ထိုအခါ သာမာဝတီမိဖုရားက “ပင်ပန်းနေသလားမင်းကြီး”ဟု မေးလိုက်၏။ “အေး ပင်ပန်းနေပါတယ်”ဟု မင်းကြီးကဆို၏။ “သို့ဖြစ်လျှင် လေးကို ချထားလိုက်ပါလေ”ဟု သာမာဝတီကဆို၏။ မြားသည် မင်း၏ ခြေရင်း၌သာလျှင် ကျလေ၏။ ထိုအခါ သာမာဝတီ မိဖုရားက “မင်းကြီး မပြစ်မှားတတ်သောသူကို မပြစ်မှားကောင်းဘူး” ဟု ဩဝါဒပေးလေ၏။ ဤဝတ္ထု၌ ဥတေနမင်းသည် မြားကိုပစ်လွှတ်ရန်မစွမ်းနိုင်ခြင်းသည် သာမာဝတီ ဥပါသိကာမ၏ သမာဓိဝိပ္ဖါရိဒ္ဓိပေတည်း။ (၅)

၃၇၅။ ထိုမှတပါး စက်ဆုပ်ဖွယ်အာရုံစသည်တို့၌ စက်ဆုပ်ဖွယ် မဟုတ်ဟု အမှတ်ရှိလျက်နေခြင်း အစရှိသော ပြီးမြောက်မှုတန်ခိုးသည် အရိယိဒ္ဓိမည်၏။ ဤအဆိုနှင့်အညီ မိန့်ဆိုချက်မှာ——

“အရိယာတို့၏ ဥစ္စာဖြစ်သော ပြီးမြောက်မှု တန်ခိုးသည် အဘယ်နည်း။ ဤသာသနာတော်၌ ရဟန်းသည် စက်ဆုပ်ဖွယ်အာရုံ၌ စက်ဆုပ်ဖွယ်မဟုတ်ဟု အမှတ်ရှိလျက် နေလိုသည်ဟု အကယ်၍ အလိုရှိငြားအံ့၊ ထိုအာရုံ၌

---

မှတ်ချက်

၁—ဓမ္မပဒအဋ္ဌကထာ အပ္ပမာဒဝဂ် သာမာဝတီဝတ္ထု၊ အင်္ဂုတ္တရအဋ္ဌကထာ ဧတဒဂ္ဂဝဂ် ခုဇ္ဇုတ္တရာ သာမာဝတီဝတ္ထု စသည်တို့၌မူ မြတ်စွာဘုရား၌ ရန်ငြိုးဖွဲ့ထားသော မာဂဏ္ဍီမိဖုရားက မြတ်စွာဘုရားအား ကြည်ညိုသော သာမာဝတီအပေါ်၌လည်း ရန်ငြိုးထားကာ စောင်းထဲ၌ မြွေကို ထည့်ထားပြီး ဂုံးချောစကားပြောဆိုကြောင်း ပြဆိုထား၏။

http://www.dhammadownload.com



စက်ဆုပ်ဖွယ်မဟုတ်ဟု အမှတ်ရှိလျက် နေနိုင်၏။ စက်ဆုပ်ဖွယ်မဟုတ်သော အာရုံ၌ စက်ဆုပ်ဖွယ်ဟု အမှတ်ရှိလျက် နေလိုသည်ဟု အကယ်၍ အလိုရှိငြားအံ့၊ ထိုအာရုံ၌ စက်ဆုပ်ဖွယ်ဟုအမှတ်ရှိလျက် နေနိုင်၏။ စက်ဆုပ်ဖွယ်အာရုံ၌ရင်း စက်ဆုပ်ဖွယ်မဟုတ်သော အာရုံ၌ရင်း စက်ဆုပ်ဖွယ်မဟုတ်ဟု အမှတ်ရှိလျက် နေလိုသည်ဟု အကယ်၍ အလိုရှိငြားအံ့၊ ထိုအာရုံ၌ စက်ဆုပ်ဖွယ်မဟုတ်ဟု အမှတ်ရှိလျက် နေနိုင်၏။ စက်ဆုပ်ဖွယ်မဟုတ်သော အာရုံ၌ရင်း စက်ဆုပ်ဖွယ်အာရုံ၌ရင်း စက်ဆုပ်ဖွယ်ဟု အမှတ်ရှိလျက်နေလိုသည်ဟု အကယ်၍ အလိုရှိငြားအံ့၊ ထိုအာရုံ၌ စက်ဆုပ်ဖွယ်ဟု အမှတ်ရှိလျက် နေနိုင်၏။ စက်ဆုပ်ဖွယ်အာရုံ၌ရင်း စက်ဆုပ်ဖွယ်မဟုတ်သောအာရုံ၌ရင်း ထိုနှစ်မျိုးလုံးကို ကြဉ်ပယ်ပြီးလျှင် လျစ်လျူရှုကာ အမှတ်ရလျက် မှန်စွာသိလျက် နေလိုသည်ဟု အကယ်၍ အလိုရှိငြားအံ့၊ ထိုအာရုံ၌ လျစ်လျူရှုကာ အမှတ်ရလျက် မှန်စွာသိလျက် နေနိုင်၏" ဟူသော ဤပဋိသမ္ဘိဒါမဂ်ပေတည်း။

မှန်ပေ၏၊ ဤသို့ အလိုရှိတိုင်း ပြီးမြောက်ခြင်းသည် စိတ်၏ ဝသီဘော်သို့ ရောက်ကုန်သော အရိယာပုဂ္ဂိုလ်တို့အားသာလျှင် ဖြစ်သင့်သော ကြောင့် အရိယိဒ္ဓိ ဟု ဆိုအပ်ပေသည်။

ချဲ့၍ပြရလျှင် ဤအရိယိဒ္ဓိနှင့် ပြည့်စုံသော အာသဝေါကုန်ပြီး(ရဟန္တာ) ရဟန်းသည် စက်ဆုပ်ဖွယ်ဖြစ်သော အနိဋ္ဌာရုံဝတ္ထု၌ မေတ္တာဖြင့် ဖြန့်ခြင်းကို ဖြစ်စေ[၁]၊ ဓာတ်သဘောဟု နှလုံးသွင်းခြင်းကို ဖြစ်စေ[၂] ပြုလျက် စက်ဆုပ်

---

မှတ်ချက်

၁-၂-သတ္တဝါ အနိဋ္ဌာရုံ၌ မေတ္တာဖြင့် ဖြန့်ခြင်းကိုဖြစ်စေ၊ ဓာတ်သဘော အားဖြင့် နှလုံးသွင်းခြင်းကိုဖြစ်စေ ပြု၏၊ မစင်စသော အနိဋ္ဌာရုံ၌ ဓာတ်သဘောအားဖြင့် နှလုံးသွင်းခြင်းကို ပြု၏-ဟု ရသင့်သည်အား လျော်စွာ ယှဉ်စပ်၍ ယူအပ်၏။ (ဋီကာ)

http://www.dhammadownload.com



ဖွယ်မဟုတ်ဟု အမှတ်ရှိလျက် နေ၏။ စက်ဆုပ်ဖွယ်မဟုတ်သော ဣဋ္ဌာရုံ ဝတ္ထု၌ အသုဘဟု ဖြန့်ခြင်းကို ဖြစ်စေ[1]၊ အနိစ္စဟု နှလုံးသွင်းခြင်းကိုဖြစ်စေ[2] ပြုလျက် စက်ဆုပ်ဖွယ်ဟု ရှုလျက်နေ၏။ ထို့အတူပင် စက်ဆုပ်ဖွယ်အာရုံ စက်ဆုပ်ဖွယ်မဟုတ်သောအာရုံတို့၌ ထိုမေတ္တာဖြင့် ဖြန့်ခြင်းကိုပင် ဖြစ်စေ၊ ထိုဓာတ်သဘောဟု နှလုံးသွင်းခြင်းကိုပင် ဖြစ်စေ ပြုလျက် စက်ဆုပ်ဖွယ် မဟုတ်ဟု အမှတ်ရှိလျက် နေ၏။ စက်ဆုပ်ဖွယ်မဟုတ်သောအာရုံ စက်ဆုပ်ဖွယ်အာရုံတို့၌လည်း ထိုအသုဘဟု ဖြန့်ခြင်းကိုပင် ဖြစ်စေ၊ ထိုအနိစ္စဟု နှလုံးသွင်းခြင်းကိုပင် ဖြစ်စေလျက် ပြုလျက် စက်ဆုပ်ဖွယ်ဟု အမှတ်ရှိလျက် နေ၏။ "မျက်စိဖြင့် အဆင်းကို မြင်ပြီးလျှင် ဝမ်းမြောက်သည်လည်း မဟုတ် နှလုံးမသာသည်လည်း မဟုတ် အမှတ်ရသည် မှန်စွာသိသည် ဖြစ်၍ လျစ်လျူရှုလျက် နေ၏" ဤသို့ အစရှိသောနည်းဖြင့် ဟောထားသော ဆဠင်္ဂုပေက္ခာကို[3] ဖြစ်စေလျက်(ဝါ-ဖြစ်စေသော ရဟန်းသည်)စက်ဆုပ်ဖွယ်

---

မှတ်ချက်

၁ – ၂ – ဆွေမျိုး မိတ်ဆွေ စသော ဣဋ္ဌာရုံ၌ ဆံပင် စသော အသုဘကို နှလုံးသွင်းခြင်းကိုရင်း၊ ရုပ်တရား ဣဋ္ဌာရုံ၌ အနိစ္စ ဒုက္ခ အနတ္တ ဝိပရိဏာမဓမ္မ ဟု နှလုံးသွင်းခြင်းကိုရင်း ပြုအပ်၏။ အနိစ္စန္တိ-အနိစ္စ ဟု–ဟူသော စကား၌ (ဣတိ-ဟု)ဟူသော သဒ္ဒါသည် 'စသည်'ဟူသောအနက် ရှိ၏၊ ထို့ကြောင့် ဒုက္ခ စသည်ဖြင့် နှလုံးသွင်းခြင်းသည်လည်း စက်ဆုပ်ဖွယ်ဟု နှလုံးသွင်းခြင်းပင် ဖြစ်သည်ဟု ယူအပ်၏။ (ဋီကာကိုမှီ၍ ပြသည်)

၃ – ဆ-၆-ပါး+အင်္ဂ-အစိတ်အပိုင်းအင်္ဂါ+ဥပေက္ခာ-လျစ်လျူရှုခြင်း-အညီအမျှ ရှုခြင်း=ဆဠင်္ဂုပေက္ခာ-အင်္ဂါ ၆-ပါးရှိသော လျစ်လျူရှုခြင်း၊ အာရုံ ၆-ပါး၌ မချစ်မမုန်း အညီအမျှ လျစ်လျူရှုခြင်းပင် ဖြစ်သည်။ အများအားဖြင့် အရိယာ ရဟန္တာတို့မှာသာ ဖြစ်တတ်သောကြောင့် ၎င်းတို့ကို အရိယိဒ္ဓိ-အရိယာတို့၏ ဥစ္စာဖြစ်သော ပြီးမြောက်ပြည့်စုံခြင်းတန်ခိုးဟု ဆိုပေသည်။ အနည်းငယ်အားဖြင့်မူကား ဝိပဿနာယောဂီ ကလျာဏပုထုဇဉ်တို့မှာလည်း

http://www.dhammadownload.com



အာရုံ၌၎င်း၊ စက်ဆုပ်ဖွယ်မဟုတ်သော အာရုံ၌၎င်း ထို နှစ်မျိုးလုံးကို ကြဉ်ပယ်၍ လျစ်လျူရှုကာ အမှတ်ရသည် မှန်စွာသိသည်ဖြစ်၍ နေ၏၊ (ဝါ-နေသည်မည်၏)။ မှန်ပေ၏၊ ပဋိသမ္ဘိဒါမဂ်၌ "စက်ဆုပ်ဖွယ်အာရုံ၌ စက်ဆုပ်ဖွယ်မဟုတ်ဟု အမှတ်ရှိလျက် အဘယ်သို့ နေသနည်း။ အနိဋ္ဌာရုံ ဝတ္ထု၌ မေတ္တာဖြင့်မူလည်း ဖြန့်၏၊ ဓာတ်သဘောအားဖြင့်မူလည်း ရှုဆင်ခြင်၏" ဤသို့ အစရှိသောနည်းဖြင့် ယခုပြခဲ့သော အနက်ကိုပင် ဝေဘန်ထားပေသည်။ ဤသို့ အလိုရှိတိုင်းပြီးမြောက်ခြင်းသည် စိတ်၏ဝသီဘော်သို့ ရောက်ကုန်သော အရိယာပုဂ္ဂိုလ်တို့အားသာလျှင် ဖြစ်သင့်သောကြောင့် အရိယိဒ္ဓိဟု ဆိုအပ်ပေသည်။ (၆)

[၁၁] ၃၇၆။ ထိုမှတပါး ငှက်စသည်တို့၏ ကောင်းကင်၌ သွားခြင်း အစရှိသော ပြီးမြောက်ခြင်းသည် ကမ္မဝိပါကဇိဒ္ဓိမည်၏။ ဤအဆိုနှင့်အညီ မိန့်ဆိုချက်မှာ—

"ကံ၏အကျိုးကို မှီ၍ဖြစ်သော ပြီးမြောက်ခြင်းတန်ခိုးသည် အဘယ်နည်း။ အလုံးစုံသော ငှက်တို့၏၎င်း၊ အလုံးစုံသောနတ်တို့၏၎င်း၊ အချို့သော (ကမ္ဘာဦးသား) လူတို့၏၎င်း၊ အချို့သော ဝိနိပါတိကခေါ် မြေတည်နတ်တို့၏၎င်း (ကောင်းကင်၌ သွားနိုင်

---

မှတ်ချက်

ထို ဆဋ္ဌင်္ဂုပေက္ခာ ဖြစ်သေးသည်သာ။ ထို့ကြောင့် အင်္ဂုတ္တရအဋ္ဌကထာ တတိယ ၅၂-၌ "တံ အာရဒ္ဓဝိပဿကော ကာတုံ သက္ကောတိ"ဟု မိန့်ဆိုထားပေသည်။ ထို့ပြင် မူလပဏ္ဏာသအဋ္ဌကထာ၊ ဒု ၁၃၀-၌လည်း "အယံ ပန ဘိက္ခု ဝီရိယဗလေန ဘာဝနာသိဒ္ဓိယာ အတ္တနော ဝိပဿနံ ခိဏာသဝဿ ဆဠင်္ဂုပေက္ခာဋ္ဌာနေ ဌပေတီတိ ဝိပဿနာဝ ဆဠင်္ဂုပေက္ခာ နာမ ဇာတာ"ဟု မိန့်ဆိုထားပေသည်။ ဝိပဿနာယောဂီအား ဆဋ္ဌင်္ဂုပေက္ခာဖြစ်ပုံကို ဝိပဿနာ ရှုနည်းကျမ်း၊ ပဌမ၊ နှာ ၂၆၅-စသည်၌ ကြည့်ပါ။

http://www.dhammadownload.com



ခြင်း အစရှိသော တန်ခိုးသည် ရှိ၏)၊ ဤတန်ခိုးသည် ကမ္မဝိပါကဇိဒ္ဓိမည်၏”ဟူသော ပဋိသမ္ဘိဒါမဂ်ပေတည်း။

မှန်ပေ၏၊ ဤသတ္တဝါတို့တွင် အလုံးစုံသောငှက်တို့၏ (အဘိညာဉ်) ဈာန်လည်း မရှိ, ဝိပဿနာလည်း မရှိပဲ[၁] ကောင်းကင်ဖြင့် သွားခြင်းသည်ငှင်း၊ထို့အတူပင် ဈာန်ဝိပဿနာမရှိပါပဲ အလုံးစုံသောနတ်တို့၏ငှင်း၊ကမ္ဘာဦးသားအချို့ လူတို့၏ငှင်း၊ (ကောင်းကင်ဖြင့်သွားခြင်းသည်ငှင်း)၊ထို့အတူပင် ပိယင်္ကရ၏မိခင် မြေဘုတ်ဘီလူးမ, ဥတ္တရ၏မိခင် မြေဘုတ်ဘီလူးမ, ဖုဿမိတ္တာ မည်သော မြေဘုတ်ဘီလူးမ, ဓမ္မဂုတ္တာမည်သော မြေဘုတ်ဘီလူးမ အစရှိကုန်သော အချို့သော ဝိနိပါတိကခေါ် မြေတည်နတ်တို့၏ ကောင်းကင်ဖြင့် သွားခြင်းသည်ငှင်း ကမ္မဝိပါကဇိဒ္ဓိ မည်၏။ (၇)

၃၇၇။ ထို့မှတပါး စကြဝတေးမင်း စသည်တို့၏ ကောင်းကင်ဖြင့် သွားခြင်း အစရှိသော ပြီးမြောက်ခြင်း တန်ခိုးသည် ပုညဝတောဣဒ္ဓိ (ထူးခြားကောင်းမှုရှင်၏ ပြီးမြောက်ခြင်းတန်ခိုး)မည်၏။ ဤအဆိုနှင့်အညီ မိန့်ဆိုချက်မှာ——

“ပုညဝတောဣဒ္ဓိသည် အဘယ်နည်း။ စကြဝတေးမင်းသည် အယုတ်ဆုံးအားဖြင့် မြင်းထိန်း နွားထိန်းတို့မှစ၍ အင်္ဂါလေးပါးရှိသော စစ်တပ်နှင့်တကွ ကောင်းကင်ဖြင့် သွား၏။ ဇောတိကသေဋ္ဌေး၏ (ပြည့်စုံခြင်းသည်) ပုညဝတောဣဒ္ဓိပေတည်း၊ ဇဋိလသေဋ္ဌေး၏(ပြည့်စုံခြင်းသည်)ပုညဝတောဣဒ္ဓိပေတည်း၊ဃောသိတ

မှတ်ချက်

၁–ဥပစာရ[?]ပီတိနှင့်တကွဖြစ်သော ဝိပဿနာသည် ကောင်းကင်သို့ ပျံတက်စေနိုင်သောကြောင့် ထိုသို့သော ဝိပဿနာလည်း မရှိကြောင်းပြသည်။ (ဋီကာကို မှီ၍ ဖွင့်ပြချက်)

http://www.dhammadownload.com



သေဋ္ဌေး၏(ပြည့်စုံခြင်းသည်) ပုညဝတောဣဒ္ဓိ ပေတည်း၊ မေဏ္ဍကသေဋ္ဌေး၏ (ပြည့်စုံခြင်းသည်) ပုညဝတောဣဒ္ဓိပေတည်း ဘုန်းကံကြီးမားသူ ငါးဦးတို့၏ (ထူးထူးခြားခြား ပြည့်စုံခြင်းသည်) ပုညဝတောဣဒ္ဓိပေတည်း”ဟူသော ပဋိသမ္ဘိဒါမဂ်ပေတည်း။

•

အကျဉ်းချုပ်အားဖြင့်မူကား ရင့်ကျက်ခြင်းသို့ ရောက်သော ကောင်းမှုအဆောက်အဦကြောင့် ပြီးမြောက်ပြည့်စုံသော အထူး ဝိသေသသည် ပုညဝတောဣဒ္ဓိ မည်၏။ အမြွက်မျှပြရလျှင် ဤဘုန်းကံကြီးသူတို့တွင် ဇောတိကသေဋ္ဌေးမှာ မြေကြီးကို ဖောက်ခွဲ၍ ပတ္တမြားပြာသာဒ် ထွက်ပေါ်ခဲ့လေ၏၊ ပဒေသာပင် ၆၄-ခုလည်း ထွက်ပေါ်ခဲ့၏၊ ဤအထူးသည် ထိုဇောတိက၏ ပုညဝတောဣဒ္ဓိပေတည်း။ ဇဋိလသေဋ္ဌေးမှာ အတောင်ရှစ်ဆယ်ရှိသော ရွှေတောင်ပေါက်ခဲ့၏။ ဃောသိတသေဋ္ဌေးအား ခုနစ်ခုသောအရပ်တို့၌ သေစေရန်လုံ့လပြုသော်လည်း ရောဂါမရှိခြင်း-သေဘေးကင်းခြင်းသည် ပုညဝတောဣဒ္ဓိပေတည်း။ မေဏ္ဍကသေဋ္ဌေးမှာ တစ်ပယ်မျှရှိသောအရပ်၌ ရတနာခုနစ်ပါးဖြင့်ပြီးသော (ဆိတ်ကုလားခေါ်) သိုးရုပ်တို့၏ ထင်ရှားဖြစ်ပေါ်လာခြင်းသည် ပုညဝတောဣဒ္ဓိပေတည်း။

ဘုန်းကံကြီးမားသူ ငါးဦးတို့မည်သည်မှာ (၁) မေဏ္ဍကသေဋ္ဌေး၊ (၂) ၎င်း၏သေဋ္ဌေးကတော် စန္ဒပဒုမသိရီ၊ (၃) ၎င်းတို့၏သားဖြစ်သူ ဓနဉ္စယသေဋ္ဌေး၊ (၄) ချွေးမဖြစ်သူ သုမနာဒေဝီ၊ (၅) ပုဏ္ဏမည်သော (၎င်းတို့၏)ကျွန်၊ ဤငါးဦးတို့ပေတည်း။ ထိုငါးဦးတို့တွင် မေဏ္ဍကသေဋ္ဌေးသည် ခေါင်းဆေး(လျှော်)ပြီး၍ ကောင်းကင်ကို မော်ကြည့်သောအခါ၌ သလေးနီစပါးတို့သည် ကောင်းကင်မှ (ကျလာကုန်၍) စပါးကျီတသောင်းနှစ်ထောင့်ငါးရာတို့ကို ပြည့်စေကုန်၏။ သေဋ္ဌေးကတော် စန္ဒပဒုမသိရီသည် တစလယ်ချက်မျှ ထမင်းကိုသော်လည်း (သူ့လက်ဖြင့်ကိုင်၍) ဇမ္ဗူဒိပ်တကျွန်းလုံးနေလူတို့ကို ကျွေးသော်လည်း ထမင်းသည် မကုန်ပေ။ သား

http://www.dhammadownload.com



ဖြစ်သူ ဓနဥ္စယသည် ငွေတထောင်ထုပ်ကို ကိုင်၍ ဇမ္ဗူဒိပ်တကျွန်းလုံးနေ လူတို့အား ပေးကမ်းသော်လည်း (ငွေတို့သည်) မကုန်ကြပေ။ ချွေးမ ဖြစ်သူ သုမနာဒေဝီသည် [၁၂] စပါးတို့ဖြင့်ပြည့်သော ပြည်တောင်းတခုကို ကိုင်၍ ဇမ္ဗူဒိပ်တကျွန်းလုံးနေ လူတို့အား ဝေငှပေးသော်လည်း စပါးသည် မကုန်ပေ။ ပုဏ္ဏမည်သောကျွန်သည် တခုတည်းသောထယ်ဖြင့် ထယ်ထိုးလျှင် ဤဘက်မှ ခုနစ်ကြောင်း ထိုဘက်မှ ခုနစ်ကြောင်း ဤသို့ ၁၄-ခုသော ထယ်ရေးလမ်းကြောင်းတို့သည် ဖြစ်ကုန်၏။ ဤသို့ ထူးထူးခြားခြား ပြီးမြောက်ခြင်းသည် ထိုငါးဦးတို့၏ ပုညဝတောဣဒ္ဓိပေတည်း။ (၈)

၃၇၈။ ထိုမှတပါး ဝိဇ္ဇာဓိုရ်[၁]စသည်တို့၏ ကောင်းကင်ဖြင့်သွားခြင်း အစရှိသော ပြီးမြောက်ခြင်းသည် ဝိဇ္ဇာမယိဒ္ဓိမည်၏[၂]။ ဤအဆိုနှင့်အညီ မိန့်ဆိုချက်မှာ—

"ဝိဇ္ဇာမယိဒ္ဓိသည် အဘယ်နည်း။ ဝိဇ္ဇာဓိုရ်တို့သည် ဂန္ဓာရီဝိဇ္ဇာ အစရှိသော မန္တာန်ကို (မန္တာန်ရွတ်နည်းဖြင့်) ရွတ်ဖတ်ကုန်၍ (မန္တာန်စုပ်ကုန်၍) ကောင်းကင်သို့ တက်သွားကုန်၏၊ ရေးခြစ် မထင်သည့်ကောင်းကင်၌ ဆင်တပ်ကိုလည်း[၃] ပြကုန်၏၊ မြင်းတပ်

မှတ်ချက်

၁–ဝိဇ္ဇာ-အတတ်ပညာ-မန္တာန်+ဓရ-ဆောင်သူ=ဝိဇ္ဇာဓရ-အတတ်ပညာ မန္တာန် ကို ဆောင်သူ-ဝိဇ္ဇာဓိုရ်။

၂–ဝိဇ္ဇာ-အတတ်ပညာ + မယ-ပြီးသော + ဣဒ္ဓိ-ပြီးမြောက်မှု-တန်ခိုး = ဝိဇ္ဇာ-မယိဒ္ဓိ-အတတ်ပညာ၏အစွမ်းဖြင့် ပြီးမြောက်သောတန်ခိုး။

၃–နောက်၌ ပတ္တိမ္ပိ-ဟူသောပုဒ်ဖြင့် ခြေလျင်တပ်ကို ပြလတ့်ဖြစ်သောကြောင့် ဤ၌ ဟတ္ထိမ္ပိ-ဟူသောပုဒ်ဖြင့်လည်း ဆင် သာမန်ကို မဆိုလို၊ ဆင်တပ်ကို ဆိုလိုကြောင်း သိရ၏။ မြင်းတပ်, ရထားတပ်ဟု ပြန်ရာတို့၌လည်း နည်း တူပင်။

http://www.dhammadownload.com



ကိုလည်း ပြကုန်၏၊ ရထားတပ်ကိုလည်း ပြကုန်၏၊ ခြေလျင်တပ်ကိုလည်း ပြကုန်၏၊ အမျိုးမျိုးသော စစ်တပ်အပေါင်းကိုလည်း ပြကုန်၏” ဟူသော ပဋိသမ္ဘိဒါမဂ်ပေတည်း။ (၉)

၃၇၉။ ထိုမှတပါး ထိုထိုသို့သော ပြီးစီးပြည့်စုံကြောင်း နည်းလမ်းမှန်စွာ အားထုတ်ခြင်းကြောင့် ထိုထိုအမှု၏ ပြီးစီးပြည့်စုံခြင်းသည် “ထိုထိုအရာ၌ နည်းလမ်းမှန်စွာ အားထုတ်မှုကြောင့် ပြီးမြောက်သောတန်ခိုး(ဣဒ္ဓိ)” မည်၏။ ဤအဆိုနှင့်အညီ မိန့်ဆိုချက်မှာ—

“ကာမအလိုမှထွက်မြောက်မှု(နေက္ခမ္မ)ဖြင့်[၁] ကာမစ္ဆန္ဒကို ပယ်ခြင်း ကင်းစေခြင်းသည် ပြီးမြောက်၏၊ ဤသို့ ပြီးမြောက်ခြင်းသည် ထိုထိုအရာ၌ နည်းလမ်းမှန်စွာ အားထုတ်မှုကြောင့် ပြီးမြောက်ခြင်း အနက်သဘောအားဖြင့် ပြီးမြောက်သောတန်ခိုး (ဣဒ္ဓိ)မည်၏။

---

မှတ်ချက်

၁—ဤအရာ၌ နေက္ခမ္မ-ဟူသည်မှာ ကာမအလိုဆန္ဒ၏ ဆန့်ကျင်ဘက်ဖြစ်သော အလောဘ, သို့မဟုတ် အလောဘ ပြဓာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်ဖြစ်သည်ဟု မှတ်အပ်၏၊ ယင်းမှာလည်း ဈာန်၏ ဉပစာ၌ အတွင်းဝင်သည့် တရားဟု သိအပ်၏။ ထို့ကြောင့် ပဋိသံ ဠ ပ-၉၆-၌ “နေက္ခမ္မအစရှိကုန်သော ခုနစ်ပါးသောအဖြေတို့ကို ဉပစာရဈာန်၏ အစွမ်းအားဖြင့် ညွှန်ပြအပ်ကုန်၏။ နေက္ခမ္မဟူသည်မှာ ကာမစ္ဆန္ဒ၏ ဆန့်ကျင်ဘက်ဖြစ်သော အလောဘပေတည်း” ဟု ပြဆိုထားပေသည်။ ဝိသုဒ္ဓိမဂ်မဟာဋီကာ၌လည်း ပဌမတွဲ နှာ ၇၈-၌- “နေက္ခမ္မေန-ဟူသည်ကား အလောဘပြဓာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်ဖြင့်။ မှန်ပေ၏၊ ကာမ၏ ဆန့်ကျင်ဘက် ဖြစ်ကုန်သော ကုသိုလ်တရားတို့ကို ဤအရာ၌ နေက္ခမ္မဟု အလိုရှိအပ်ကုန်၏” ဟူ၍ ပြဆိုထားပေသည်။ နောက်၌လည်း ပဌမဈာန်စသည်ကို အသီးအခြား ပြလတ့ံ ဖြစ်သည်။ ထို့ကြောင့် ဤသို့သောအရာ၌ နေက္ခမ္မ-ပုဒ်ကို ပဌမဈာန်ဟု မပြန်သင့်ပေ။

http://www.dhammadownload.com



ပြစ်မှားမှု၏ဆန့်ကျင်ဘက် အဒေါသ-မေတ္တာဖြင့် ဗျာပါဒကို ပယ်ခြင်း သဘောသည် ပြီးမြောက်၏၊ ဤသို့ပြီးမြောက်ခြင်းသည် ထိုထိုအရာ၌ နည်းလမ်းမှန်စွာ အားထုတ်မှုကြောင့် ပြီးမြောက်ခြင်း အနက်သဘောအားဖြင့် ပြီးမြောက်သော တန်ခိုး(ဣဒ္ဓိ)မည်၏။ပ။ ပဌမစျာန်ဖြင့် နီဝရဏတို့ကို ပယ်ခြင်းသဘောသည်။ပ။ အရဟတ္တမဂ်ဖြင့် အလုံးစုံသော ကိလေသာတို့ကို ပယ်ခြင်းသဘောသည် ပြီးမြောက်၏၊ ဤသို့ပြီးမြောက်ခြင်းသည် ထိုထိုအရာ၌ နည်းလမ်းမှန်စွာ အားထုတ်မှုကြောင့် ပြီးမြောက်ခြင်း အနက်သဘောအားဖြင့် ပြီးမြောက်သောတန်ခိုး (ဣဒ္ဓိ)မည်၏" ဟူသော ပဋိသမ္ဘိဒါမဂ်ပေတည်း။

ဤနောက်ဆုံးဣဒ္ဓိကို အကျယ်ပြရာ၌လည်း အကျင့်ပဋိပတ်ဟု ဆိုအပ်သော ထိုနည်းလမ်းမှန်စွာ အားထုတ်မှုကိုသာလျှင် ပြသည်၏ အစွမ်းအားဖြင့် ရှေး (သမာဓိဝိပ္ဖါရိဒ္ဓိ စသည်ကို အကျယ်ပြသည့်) ပါဠိနှင့် တူသည်သာလျှင် ဖြစ်သော အကျယ်ပြသော ပါဠိသည် လာရှိ၏။[၁] (ယင်း၏အဖွင့်) အဋ္ဌကထာ၌မူကား လှည်းစစ်ဆင်ရေး (သကဋဗျူဟာ) ( စက်ဝိုင်းစစ်ဆင်ရေး စက္ကဗျူဟာ, ပဒုမ္မာစစ်ဆင်ရေး ပဒုမဗျူဟာ ) စသည်တို့ကို ပြုခြင်း၏ အစွမ်းအားဖြင့် အမှတ်မရှိ တစုံတခုသော (စစ်အတတ် ဂဏန်းအတတ် ကချေသည်အတတ် စသော) အတတ်ပညာအမှုကို

---

မှတ်ချက်

၁–ရှေးဖြစ်သော သမာဓိဝိပ္ဖါရိဒ္ဓိ အရိယိဒ္ဓိတို့၌ အကျင့်ပဋိပတ်ဖြင့်သာလျှင် အကျယ်ချဲ့ပြခဲ့သည်၊ ထို့အတူပင် ဤနောက်ဆုံး ဣဒ္ဓိအရာ၌လည်း ပဋိသမ္ဘိဒါမဂ်ပါဠိ၌ အကျင့်ပဋိပတ်ဖြင့်သာ အကျယ်ချဲ့ပြသည်၊ လောကီလုပ်ငန်းဆောင်တာများနှင့် စပ်၍ မပြခဲ့ဟု ဆိုလို၏။

http://www.dhammadownload.com



ဂုဏ်း[၁], အမှတ်မရှိ တစုံတခုသော (ခွဲစိတ်ကုသခြင်း စသော) ဆေးပညာအမှုကိုဂုဏ်း[၁], ဗေဒင်သုံးပုံသင်ယူခြင်းကိုဂုဏ်း[၁], ပိဋကတ်သုံးပုံ သင်ယူခြင်းကိုဂုဏ်း[၁], အယုတ်ဆုံးအပိုင်းအခြားအားဖြင့် ထွန်ခြင်း စိုက်ပျိုးခြင်းစသည်တို့ကို စွဲမှီ၍ ထိုထိုအမှုကို ပြုလုပ်၍ ဖြစ်ပေါ်လာသော အထူးသည် ထိုထိုအရာ၌ နည်းလမ်းမှန်စွာအားထုတ်မှုကြောင့်ပြီးမြောက်ခြင်းအနက်သဘောအားဖြင့် ပြီးမြောက်သောတန်ခိုး(ဣဒ္ဓိ)မည်သည်ဟူ၍ လာရှိ၏။ (၁၀)

ယခုပြခဲ့သည့်အတိုင်း ဆယ်ပါးသော ဤပြီးမြောက်မှု(တန်ခိုး ဖန်ဆင်းမှု-ဣဒ္ဓိ)တို့တွင်[၂] "ပြီးမြောက်မှု (တန်ခိုးဖန်ဆင်းမှု) အမျိုးမျိုးအလို့ငှါ" ဟူသော ဤပုဒ်၌ အဓိဋ္ဌာနိဒ္ဓိ-အဓိဋ္ဌာန်ဖန်ဆင်းခြင်း တန်ခိုးသည်သာလျှင် လာရှိပေသည်၊ သို့သော်လည်း (အဘိညာနိသံသဟု ဆိုအပ်သော၊ ဝါ-ဣဒ္ဓိဝိဓဟု ဆိုအပ်သော) ဤအရာ၌ ဝိကုဗ္ဗနိဒ္ဓိနှင့် မနောမယိဒ္ဓိတို့ကိုလည်း အလိုရှိအပ်-ယူအပ်ကုန်သည်သာလျှင်တည်း။

၃၇၀။ **ဣဒ္ဓိဝိဓာယ** ဟူသည်ကား ပြီးမြောက်မှု (တန်ခိုးဖန်ဆင်းမှု) အဖို့အလို့ငှါ[၃]၊ တနည်းကား ပြီးမြောက်မှု (တန်ခိုးဖန်ဆင်းမှု) အမျိုးမျိုးအလို့ငှါ[၄] (ဟု ဆိုလို၏)။ **စိတ်ကို ရှေးရှုဆောင်၏ ရှေးရှုညွှတ်စေ၏** ဟူ

---

မှတ်ချက်

၁-ကိုဂုဏ်း-ဟူသော ဤကံလေးပုဒ်ကို "ပြုလုပ်၍"ဟူသော ပုဒ်နှင့် စပ်ပါ။

၂-(တန်ခိုးဖန်ဆင်းမှု-ဣဒ္ဓိ) တို့တွင်.... အဓိဋ္ဌာန်ဖန်ဆင်းခြင်း တန်ခိုးသည်သာလျှင်-ဟု စပ်ပါ။

၃-ဣဒ္ဓိကောဋ္ဌာသာယ၊ ဣဒ္ဓိအဖို့အလို့ငှါ-ဟု ဖွင့်သည်နှင့်အညီ ပြန်သည်။

၄-ဣဒ္ဓိဝိကပ္ပါယ၊ ဣဒ္ဓိအပြားအလို့ငှါ-ဟု ဖွင့်သည်နှင့်အညီ ပြန်သည်၊မှန်ပေ၏၊ ဤအရာ၌ ဝိကပ္ပ-အထူးထူးကြံအပ် ပြုအပ်သောအရာဟူသည်မှာ အမျိုးမျိုး အထွေထွေပင် ဖြစ်သည်။

http://www.dhammadownload.com



သည်ကား ထိုတန်ခိုးရှင်ရဟန်းသည် ဆိုခဲ့ပြီးသော အပြား၏အစွမ်းအား ဖြင့်[၁] ထိုစတုတ္ထဈာန်စိတ်သည် အဘိညာဉ်၏ အခြေခံဖြစ်လတ်သော် အမျိုးမျိုး အထွေထွေ ပြီးမြောက်မှု (တန်ခိုးဖန်ဆင်းမှု)ကို ရရန်အကျိုးငှါ ကြိုတင်ပြင်ဆင်မှု (ပရိကံ) စိတ်ကို ရှေးရှုဆောင်၏၊ ကသိုဏ်းအာရုံမှ ဖဲခွါ စေ၍ အထွေထွေ အမျိုးမျိုး ပြီးမြောက်မှု (ဖန်ဆင်းမှု)သို့ ရှေးရှု စေ လွှတ်၏(ဟု ဆိုလို၏)။ **ရှေးရှုညွှတ်စေ၏** ဟူသည်ကား ရအပ်လတ့်သော ပြီးမြောက်မှု (ဖန်ဆင်းမှု) သို့ ကိုင်းရှိုင်းသည်ကို ပြု၏(ဟု ဆိုလို၏)။ **ထို (ရဟန်း)သည်**[၂] ဟူသည်ကား ဤဆိုခဲ့သည့်အတိုင်း စိတ်ကို ရှေးရှုဆောင် ပြီးသော ထိုရဟန်းသည်(ဟု ဆိုလို၏)။ **အနေကဝိဟိတံ**[၃] ဟူသည်ကား များသောအဖို့ရှိသော များသောအပြားရှိသော (ဟု ဆိုလို၏)။ **ဣဒ္ဓိဝိဓံ** ဟူသည်ကား ပြီးမြောက်မှုအဖို့ကို (ဝါ-ပြီးမြောက်မှုအမျိုးမျိုး-ဖန်ဆင်းမှု အမျိုးမျိုးကို[၄](ဟု ဆိုလို၏)။**ပစ္စနုဘောတိ** ဟူသည်ကား မျက်မှောက်ခံစား ၏ [၁၃] "တွေ့၏ မျက်မှောက်ပြု၏ ရောက်၏"-ဤကား မျက်မှောက်ခံစား ၏ ဟူသောစကား၏ အနက်။ ယခုအခါ ယင်းပြီးမြောက်မှု (ဖန်ဆင်းမှု)၏

---

မှတ်ချက်

၁-နှာ ၂-၌ရင်း၊ နှာ ၁၂-၌ရင်း ပြဆိုခဲ့သော "ဤဆိုခဲ့သည့်အတိုင်း စိတ်သည် (စတုတ္ထဈာန်သမာဓိဖြင့်) တည်ကြည်လတ်သော်" စသည်ဖြင့် အကျဉ်း အကျယ် ပြဆိုချက်များကို ရည်ညွှန်းသည်။

၂-(သော) ထိုသည်-ဟူသောပုဒ်၏ အနက်ကို ဖွင့်ရန်ထုတ်ပြသည်။

၃-ဤသို့သော အရာတို့၌ မြန်မာပြန်ကို အဖွင့်ခံအဖြစ် ထုတ်လျှင် အဖွင့်နှင့် ထပ်တူဖြစ်နေ၍ အကျိုးမရှိဟု ထင်မြင်လိမ့်မည်၊ ထို့ကြောင့် ပါဠိပုဒ်ကို အဖွင့်ခံအဖြစ် ထုတ်ပြသည်။

၄-ဤလက်သည်းကွင်းအတွင်းရှိ အနက်သည် ရှေ့နားက ပြခဲ့သော ဣဒ္ဓိဝိကပ္ပါယ-အဖွင့်ကို မှီသည်။

http://www.dhammadownload.com



များသော အပြားရှိသည်၏ အဖြစ် (များပြားခြင်း)ကို ပြလိုသောကြောင့် "ကောပိ ဟုတွာ-တပါးတည်းလည်း ဖြစ်ပါလျက်" အစရှိသော စကားကို မိန့်ဆိုတော်မူလေသည်။ ထိုစကားရပ်၌ **တပါးတည်းလည်းဖြစ်ပါလျက်** ဟူသည်ကား ဖန်ဆင်းခြင်း တန်ခိုးကိုပြုသည်မှ ရှေး၌ ပကတိအားဖြင့် တပါးတည်းလည်း [၁] ဖြစ်ပါလျက် (ဟု ဆိုလို၏)။ **အများဖြစ်၏** ဟူသည်ကား အများတို့၏ အနီး၌[၂] စင်္ကြံသွားလိုရှိသော်ငြား၊ ရွတ်ဆိုခြင်းကို ပြုလိုရှိသော်ငြား၊ ပြဿနာကို မေးလိုရှိသော်ငြား တရာသော်လည်းဖြစ်၏၊ တထောင်သော်လည်းဖြစ်၏။ ဤတန်ခိုးရှင်ရဟန်းသည် အဘယ်သို့သောနည်းဖြင့် ဤသို့ဖြစ်သနည်း။ ပြီးမြောက်မှု-ဖန်ဆင်းမှု-တန်ခိုး (ဣဒ္ဓိ)၏ ၄-ပါးသော ဘုံ-အဆင့်တို့ကိုငြား၊ ၄-ပါးသော (ပါဒ) အကြောင်းတို့ကိုငြား[၃]၊ ၈-ပါးသော (ပဒ) အသေးစိတ် အကြောင်းတို့ကိုငြား[၃]၊ ၁၆-ပါးသော (မူလ) အမြစ်အရင်းတို့ကိုငြား ပြည့်စုံစေ၍ ဉာဏ်ဖြင့် အဓိဋ္ဌာန်လျက် (ဤသို့ ဖြစ်ပေသည်)။

---

မှတ်ချက်

၁–"တပါးတည်းလည်း ဖြစ်ပါလျက်" ဟူရာ၌ 'လည်း' ဟူသော သဒ္ဒါဖြင့် "အများလည်း ဖြစ်ပါလျက် တပါးတည်း ဖြစ်၏" ဟူသော အနက်ကို ပေါင်းဆည်းသည်ဟု ဋီကာ၌ ပြဆို၏။

၂–ဖန်ဆင်းထားသော နိမ္မိတပုဂ္ဂိုလ်အများ၏ အနီး၌ သွားခြင်း၊ ၎င်းတို့နှင့် အတူသွားခြင်းစသည်ကို ယူရန် ဋီကာ၌ ဖွင့်ပြ၏။

၃–ပါဒနှင့် ပဒ နှစ်ပုဒ်လုံးပင် ခြေဟူသောအနက်, အကြောင်းဟူသော အနက်ကို ဟောသည်ချည်းပင်၊ သို့သော် ဤအရာ၌ ပါဒ ဖြင့် အပေါင်းလိုက် သာမန်အကြောင်းကို ရည်သည်၊ ပဒ-ဖြင့် ထိုအပေါင်းကို ခွဲ၍ အသေးစိတ် အကြောင်းကို ရည်သည်၊ ထို့ကြောင့် (ပါဒ) အကြောင်း (ပဒ) အသေးစိတ် အကြောင်း-ဟု ပါဠိပုဒ်ရင်းများပါ ပြထားသည်။

http://www.dhammadownload.com



၃၇၁။ ထိုတွင် **၄-ပါးသော ဘုံ-အဆင့်တို့** ဟူသည်မှာ ၄-ပါးသော စျာန်တို့ပင်-ဟု သိအပ်ကုန်၏။ မှန်ပေ၏၊ တရားစစ်သူကြီးဖြစ်သော အရှင်သာရိပုတ္တရာသည်—

"ပြီးမြောက်မှု-ဖန်ဆင်းမှု-တန်ခိုး(ဣဒ္ဓိ)၏ ၄-ပါးသော ဘုံအဆင့်တို့သည် အဘယ်သည်တို့နည်း။ ပဌမစျာန်သည် နီဝရဏ ကင်းဆိတ်ခြင်းကြောင့် ဖြစ်သော ( ဝိဝေကဇ ) ဘုံပေတည်း။ ဒုတိယစျာန်သည် ပီတိသုခဟူသော[၁] (ဝါ) ပီတိသုခကြောင့်ဖြစ်သော ဘုံပေတည်း။ တတိယစျာန်သည် ဥပေက္ခာသုခဟူသော[၂] (ဝါ)ဥပေက္ခာသုခကြောင့်ဖြစ်သော ဘုံပေတည်း။ စတုတ္ထစျာန်သည် အဒုက္ခမသုခဟူသော (ဝါ) ဒုက္ခသုခမဟုတ်သည့် ဥပေက္ခာ[၃]ကြောင့်ဖြစ်သော ဘုံပေတည်း။ ဤ ၄-ပါးတို့သည် ပြီးမြောက်မှု-ဖန်ဆင်းမှု-တန်ခိုး (ဣဒ္ဓိ)၏ ဘုံ-အဆင့်တို့ပေတည်း၊ ဤဘုံအဆင့်တို့သည် ပြီးမြောက်မှု - ဖန်ဆင်းမှု - တန်ခိုး (ဣဒ္ဓိ) ကိုရခြင်းငှါ တန်ခိုး (ဣဒ္ဓိ) ကို အဖန်ဖန် ရခြင်းငှါ အမျိုးမျိုး တန်ခိုး ဖန်ဆင်းခြင်းငှါ တန်ခိုး၏အကျိုး အမျိုးမျိုးကို ရခြင်းငှါ တန်ခိုးဖန်ဆင်းမှု၌ အလိုအတိုင်း ဖြစ်စေနိုင်ခြင်းငှါ တန်ခိုးဖန်ဆင်းမှု၌ ရဲရင့်ခြင်းငှါ ဖြစ်ကုန်၏" ဟူသော ဤစကားကို မိန့်ဆို (အပ်) ပေသည်။

---

မှတ်ချက်

၁-ပီတိသုခဘူတာ-ပီတိသုခဖြစ်၍ ဖြစ်သော၊ ဘူမိ-ဘုံ-ဟု ဖွင့်ပြသောဋီကာနှင့် အညီ ပြန်သည်၊ ဒုတိယစျာန်၌ ပီတိသုခလွန်ကဲသောကြောင့် ထိုသို့ဆိုသည်ဟု ယူရာ၏။ နောက်အနက်မှာ ပီတိသုခသဟ္ဂတဋ္ဌ-ဟု ဖွင့်ပြသောဋီကာနှင့် အညီပင်။

၂-ဥပေက္ခာသုခ-ဟူရာ၌ ဥပေက္ခာမှာ တတြမဇ္ဈတ္တုပေက္ခာ ဖြစ်သည်။

၃-ဤ၌ ဥပေက္ခာသည် ဝေဒနာပင် ဖြစ်သည်။

http://www.dhammadownload.com



ဆက်၍ ရှင်းပြအံ့၊ ဤစျာန်လေးပါးတို့တွင် ရှေးစျာန်သုံးပါးတို့ကို[၁] (တန်ခိုးရှင်သည်[၂]) ပီတိ၏ပျံ့နှံ့ခြင်းဖြင့်၎င်း သုခ၏ပျံ့နှံ့ခြင်းဖြင့်၎င်း စျာန်ချမ်းသာနှင့် ယှဉ်သည့် အမှတ်သညာသို့၎င်း ပေါ့ပါးခြင်းနှင့် ယှဉ်သည့် အမှတ်သညာသို့၎င်း သက်ရောက်၍ ပေါ့ပါးနူးညံ့ အမှုခံ့ညားသော ကိုယ်ရှိသည် ဖြစ်၍ ပြီးမြောက်မှု- ဖန်ဆင်းမှု- တန်ခိုး (ဣဒ္ဓိ) သို့ ရောက်၏။ ထို (သို့ရောက်ရသော) ကြောင့်[၃] ဤသို့သော ပရိယာယ်အကြောင်းဖြင့် ပြီးမြောက်မှု- ဖန်ဆင်းမှု- တန်ခိုး (ဣဒ္ဓိ) ကို ရခြင်း၏ ဖြစ်ခြင်းကြောင့် ပကတိဘုံ၏ အကြောင်းအဆောက်အအုံဖြစ်သော (သမ္ဘာရ) ဘုံတို့ဟူ၍ သိအပ်ကုန်၏။ စတုတ္ထစျာန်သည်ကား ပြီးမြောက်မှု- ဖန်ဆင်းမှု- တန်ခိုး (ဣဒ္ဓိ) ကိုရခြင်း၏ ပကတိဘုံပေတည်း။

၃၈၂။ ဣဒ္ဓိပါဒ် လေးပါးတို့ကို လေးပါးသော (ပါဒ) အကြောင်းတို့ဟူ၍ သိအပ်ကုန်၏။ မှန်ပေ၏—

"ပြီးမြောက်မှု ဖန်ဆင်းမှု-တန်ခိုး (ဣဒ္ဓိ) ၏ လေးပါးသော (ပါဒ) အကြောင်းတို့သည် အဘယ်သည်တို့နည်း။ ဤ သာသနာတော်၌ ရဟန်းသည် ဆန္ဒ (လွန်ကဲသော) သမာဓိ, ပြင်းစွာ အားထုတ်မှုသင်္ခါရတို့နှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးစေ၏၊ ဝီရိယ (လွန်ကဲသော) သမာဓိ။ ပ။ စိတ် (လွန်ကဲသော) သမာဓိ။ ပ ။ ဝီမံသာ (ပညာလွန်ကဲသော) သမာဓိ, ပြင်းစွာအားထုတ်မှု (ပဓာန)

---

မှတ်ချက်

၁ – ရှေးစျာန်သုံးပါးတို့ကို....(သမ္ဘာရ) ဘုံတို့ဟူ၍ သိအပ်ကုန်၏-ဟု စပ်ပါ။

၂ – (တန်ခိုးရှင်သည်)....သက်ရောက်၍....ဖြစ်၍....(ဣဒ္ဓိ)သို့ ရောက်၏-ဟုစပ်ပါ။

၃ – ထို(သို့ရောက်ရသော) ကြောင့်....ရခြင်း၏ (ဖြစ်သည်) ဖြစ်ခြင်းကြောင့်-ဟု ဆက်စပ်၍ ယူပါ။

http://www.dhammadownload.com



သင်္ခါရတို့နှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးစေ၏။ ဤ လေးပါးတို့သည် ပြီးမြောက်မှု ဖန်ဆင်းမှု တန်ခိုး(ဣဒ္ဓိ)၏ (ပါဒ)အကြောင်းတို့ ပေတည်း၊ ဤ (ပါဒ) အကြောင်း တို့သည် ပြီးမြောက်မှု-ဖန်ဆင်းမှု-တန်ခိုးကို ရခြင်းငှါ။ပ။ တန်ခိုးဖန်ဆင်းမှု၌ ရဲရင့်ခြင်းငှါ ဖြစ်ကုန်၏"ဟူသော ဤစကားကို ဆိုအပ်ပေသည်။

ဆက်၍ဖွင့်ပြဦးအံ့၊ ဤပါဠိ၌ ဆန္ဒလျှင် အကြောင်းရှိသော, သို့မဟုတ် ဆန္ဒလွန်ကဲသော သမာဓိသည် **ဆန္ဒသမာဓိ** မည်၏[၁]၊ ဤအမည်သည် ပြုလိုခြင်းဟူသော (ကတ္တုကမျတာ) ဆန္ဒကို အကြီးအမှူးပြု၍ ရသောသမာဓိ၏ အမည်ပေတည်း။ပြင်းစွာအားထုတ်မှု ဖြစ်ကုန်သော[၂] သင်္ခါရတို့သည် **ပဓာနသင်္ခါရ** မည်ကုန်၏၊ ဤအမည်သည် ကိစ္စလေးပါးကို ပြီးစေသော သမ္မပ္ပဓာန်လုံ့လ၏ အမည်ပေတည်း။ **ပြည့်စုံသော** ဟူသည်ကား ဆန္ဒသမာဓိနှင့်ရင်း ပဓာနသင်္ခါရတို့နှင့်ရင်း တကွဖြစ်သော(ဟု ဆိုလို၏)။**ဣဒ္ဓိပါဒ** ဟူသည်ကား ပြီးစီးခြင်း၏ ပရိယာယ် စကားလှယ်ဖြစ်သော[၃] (ဣဇ္ဈနဋ္ဌ) ပြီးမြောက်ခြင်းအနက် သဘောကြောင့် ဣဒ္ဓိမည်၏၊ တနည်းကား သတ္တဝါတို့၏ ကြီးပွါးမြင့်မြတ်ကြောင်း ဖြစ်သောကြောင့် ဣဒ္ဓိမည်၏၊ ပြီးမြောက်မှုဖြစ်သော

---

မှတ်ချက်

၁–ဆန္ဒကို အားကိုး၍ အားထုတ်ခြင်းဖြင့် ရအပ်သောကြောင့်ရင်း၊ ရသောအခါ၌ ယင်းသမာဓိသည် လွန်ကဲသောဆန္ဒနှင့် ယှဉ်သောကြောင့်ရင်း ဆန္ဒလျှင်အကြောင်းရှိသော သမာဓိ,(ဝါ)ဆန္ဒလွန်ကဲသော သမာဓိဟု ၂-နည်းဖွင့်ပြသည်။ (ဋီကာ)

၂–ပဓာန–ကိစ္စလေးပါးကို ပြီးစေသော သမ္မပ္ပဓာန် ဝီရိယ+သင်္ခါရ–ပြုလုပ်မှုဝီရိယ=ပဓာနသင်္ခါရ–ပြင်းစွာအားထုတ်မှုသင်္ခါရ၊ အရတရားကိုယ်အားဖြင့် ဝီရိယပင်၊ သမ္မပ္ပဓာန်ဝီရိယ ၄-ပါးကိုဆိုလိုသောကြောင့် ဗဟုဝုစ်ဖြင့်ဆိုသည်။

၃–နိပ္ဖတ္တိ+ပြီးစီးခြင်း–ဣဇ္ဈန–ပြီးစီးခြင်း-ပြီးမြောက်ခြင်း အရအတူတူပင်-ဟု ဆိုလို၏။

http://www.dhammadownload.com



ကြောင့် (တနည်း) ကြီးပွါးမြင့်မြတ်ကြောင်း ဖြစ်သောကြောင့် ဣဒ္ဓိမည်ကုန်သော[၁] အဘိညာဉ်စိတ်နှင့် ယှဉ်ကုန်သော [၁၄] ဆန္ဒ (လွန်ကဲသော) သမာဓိနှင့် ပြင်းစွာအားထုတ်မှုသင်္ခါရတို့၏ တည်ရာအနက် သဘောကြောင့် (ပါဒ) အခြေခံ အကြောင်းဖြစ်သော (ယင်းတို့မှ) ကြွင်းသော စိတ်စေတသိက် အပေါင်းအစုသည် ဣဒ္ဓိပါဒ်မည်၏[၂]။ မှန်ပေ၏ "ဣဒ္ဓိပါဒ

---

မှတ်ချက်

၁–ဣဒ္ဓိမည်ကုန်သော....ဆန္ဒ( )သမာဓိနှင့် ပြင်းစွာအားထုတ်မှု သင်္ခါရတို့၏ ဟု စပ်ပါ။

၂–ဤအရာ၌ သိလွယ်စေရန် ဝါကျခွဲ၍ ပြန်ထားသည်။ ရှိရင်းအတိုင်း အတိအကျပြန်လျှင် "ဣဒ္ဓိပါဒ်ဟူသည်ကား ပြီးစီးခြင်း၏ ပရိယာယ်စကားလှယ်ဖြစ်သော(ဣဇ္ဈန)အနက်သဘောကြောင့်သော်၎င်း၊ ဤတရားသဘောဖြင့် သတ္တဝါတို့သည် ကြီးပွါးကုန်၏ မြင့်မြတ်ကုန်၏ ဟူသော ဤပရိယာယ်စကားလှယ်ကြောင့်သော်၎င်း ဣဒ္ဓိဟုရေတွက်အပ်သည့်အဖြစ်သို့ရောက်ကုန်သော အဘိညာဉ်စိတ်နှင့် ယှဉ်ကုန်သော ဆန္ဒသမာဓိနှင့် ပြင်းစွာ အားထုတ်မှုသင်္ခါရတို့၏ တည်ရာအနက်သဘောကြောင့်(ပါဒ)အခြေခံအကြောင်းဖြစ်သော (ယင်းတို့မှ) ကြွင်းသော စိတ် စေတသိက် အပေါင်း အစုကို ဤကား (ဣဒ္ဓိပါဒ်-ပုဒ်၏) အနက်ပေးတည်း" ဟု ဖြစ်၏၊ သိနားလည်ရန် အလွန်ခက်၏။ ဆိုလိုသည်မှာ ဆန္ဒလွန်ကဲသော သမာဓိနှင့် ပဓာန သင်္ခါရ မည်သော ဝီရိယတို့သည် ပြီးစီးမှု ပြီးမြောက်မှု ဖြစ်သောကြောင့် ဣဒ္ဓိမည်၏၊ တနည်း သတ္တဝါတို့၏ ကြီးပွါးမြင့်မြတ်ကြောင်း ဖြစ်သောကြောင့် ဣဒ္ဓိမည်၏၊ ဣဒ္ဓိမည်သော ယင်း သမာဓိ ဝီရိယတို့နှင့် ယှဉ်သော စိတ်စေတသိက်အပေါင်းသည် ယင်းသမာဓိ ဝီရိယတို့၏ တည်ရာ အကြောင်းဖြစ်သောကြောင့် ပါဒမည်၏၊ ထို့ကြောင့် ဣဒ္ဓိပါဒ ဟူသည်မှာ ပြီးမြောက်မှု-ဖြစ်သော(ဝါ) ကြီးပွါးမြင့်မြတ်ကြောင်းဖြစ်သော ဆန္ဒလွန်ကဲသည့် သမာဓိနှင့် ပဓာန သင်္ခါရခေါ် ဝီရိယတို့၏ တည်ရာ အကြောင်းဖြစ်သော ယှဉ်ဘက် စိတ်စေတသိက်အပေါင်းပင် ဖြစ်သည်ဟု ဆိုလို၏။

http://www.dhammadownload.com



ဟူသည်ကား ထို (ပြီးမြောက်သော) အခြင်းအရာအားဖြင့် ဖြစ်သောသူ၏ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာပေတည်း”ဟူသော ဤစကားကို(ဝိဘင်းပါဠိ၌)ဟောတော်မူ(အပ်)ပေသည်။

တနည်းကား ရောက်ကြောင်းဖြစ်သောကြောင့် ပါဒမည်၏[၁]၊ပြီးမြောက်ခြင်းသို့ ရောက်ကြောင်းသည်(တနည်း)ပြီးမြောက်ခြင်း၏ အကြောင်းသည် ဣဒ္ဓိပါဒ်မည်၏[၂]၊ ဤအမည်သည် ဆန္ဒစသည်တို့၏ အမည်ပေတည်း။ ဤ အဆိုနှင့်အညီ ဟောတော်မူသည်မှာ—

“ရဟန်းတို့ ရဟန်းသည် ဆန္ဒကိုမှီ၍ သမာဓိကို အကယ်၍ ရငြားအံ့၊ စိတ်၏ အာရုံတခုတည်း ရှိသည့်အဖြစ်( ဧကဂ္ဂတာ )ကို ရငြားအံ့၊ဤ သမာဓိကို ဆန္ဒသမာဓိဟူ၍ ဆိုအပ်၏။ ထိုရဟန်းသည် မဖြစ်သေးသော ယုတ်ညံ့သော အကုသိုလ်တရားတို့၏ မဖြစ်ခြင်း အကျိုးငှါ အားထုတ်လိုခြင်းကို ဖြစ်စေ၏ အားထုတ်၏ လုံ့လကို ပြုလုပ်အားထုတ်၏ ပြင်းစွာအားထုတ်၏၊ ဤပြင်းစွာ အားထုတ်မှု တို့ကို ပဓာနသင်္ခါရတို့ဟူ၍ ဆိုအပ်ကုန်၏။ ဤသို့လျှင် ဤဆန္ဒသည် ၎င်း ဤဆန္ဒသမာဓိသည်၎င်း ဤ ပဓာနသင်္ခါရတို့သည်၎င်း(ဖြစ်ကုန်၏)၊ ဤသဘောကို ဆန္ဒ (လွန်ကဲသော )သမာဓိ, ပြင်းစွာ အားထုတ်မှု သင်္ခါရတို့နှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်ဟူ၍ ဆိုအပ်သည် ရဟန်းတို့”ဟူ၍ပင်တည်း။ကြွင်းသော ဣဒ္ဓိပါဒ်တို့၌လည်း အနက်ကို ဤအတူပင် သိအပ်၏။

---

မှတ်ချက်

၁ – သိလွယ်သောနည်းဖြင့် ပြန်ထားသည်။

၂ – ပြီးမြောက်ခြင်းသို့ ရောက်ကြောင်းသည် ပြီးမြောက်ခြင်း၏ အကြောင်းပင် ဖြစ်သည်၊ ထို့ကြောင့် အနက် ၂-နည်းလုံးအရ သဘောအားဖြင့်အတူတူပင်။

http://www.dhammadownload.com



၃၇၃။ ဆန္ဒအစရှိသော ရှစ်ပါးသောတရားတို့ကို "ရှစ်ပါးသော ရောက်ကြောင်း(ပဒ)တို့"ဟူ၍ သိအပ်ကုန်၏။ မှန်ပေ၏၊ "ပြီးမြောက်မှု တန်ခိုး (ဣဒ္ဓိ)၏ ရှစ်ပါးသော ရောက်ကြောင်း(ပဒ)တို့သည် အဘယ်သည်တို့နည်း။ ရဟန်းသည် ဆန္ဒကိုမှီ၍ သမာဓိကို အကယ်၍ ရငြားအံ့၊ စိတ်၏ တအာရုံတည်းရှိသည့်အဖြစ် (ကေဂ္ဂတာ)ကို ရငြားအံ့၊ ဆန္ဒသည် သမာဓိ မဟုတ်၊ သမာဓိသည် ဆန္ဒ မဟုတ်၊ ဆန္ဒက တခြား သမာဓိက တခြား ဖြစ်သည်။ ရဟန်းသည် ဝီရိယကို မှီ၍။ပ။ ရဟန်းသည် စိတ်ကို မှီ၍ ။ပ။ ရဟန်းသည် (ဝီမံသာခေါ်) ပညာကို မှီ၍ သမာဓိကို အကယ်၍ ရငြားအံ့၊ စိတ်၏ တအာရုံတည်းရှိသည့်အဖြစ် (ကေဂ္ဂတာ)ကို ရငြားအံ့၊ ဝီမံသာသည် သမာဓိမဟုတ်၊ သမာဓိသည် ဝီမံသာ မဟုတ်၊ ဝီမံသာက တခြား သမာဓိက တခြား ဖြစ်သည်။ ဤရှစ်ပါးတို့သည် ပြီးမြောက်မှု-ဖန်ဆင်းမှု-တန်ခိုး (ဣဒ္ဓိ)၏ အသေးစိတ်အကြောင်း (ပဒ)တို့ ပေတည်း၊ ဤအသေးစိတ် အကြောင်းတို့သည် ပြီးမြောက်မှု-ဖန်ဆင်းမှု-တန်ခိုး(ဣဒ္ဓိ)ကို ရခြင်းငှါ။ပ။ တန်ခိုးဖန်ဆင်းမှု၌ ရဲရင့်ခြင်းငှါ ဖြစ်ကုန်၏"ဟူသော ဤစကားကို ဟောတော်မူ(အပ်)ပေသည်။ မှန်ပေ၏၊ ဤဆန္ဒစသည်တို့တွင် ပြီးမြောက်မှု-ဖန်ဆင်းမှု-တန်ခိုး(ဣဒ္ဓိ)ကို ဖြစ်စေလိုခြင်းဟူသောဆန္ဒသည် သမာဓိနှင့် တပေါင်းတည်း ယှဉ်သော်သာလျှင် ပြီးမြောက်မှု-ဖန်ဆင်းမှု-တန်ခိုး(ဣဒ္ဓိ)ကို ရခြင်းငှါ ဖြစ်ပေသည်။ ဝီရိယစသည်တို့သည်လည်း ထို့အတူပင်။ ထို့ကြောင့် ဤရှစ်ပါးသော အသေးစိတ်အကြောင်း (ပဒ)တို့ကို ဟောအပ်ကုန်သည်ဟု သိအပ်ကုန်၏။

၃၇၄။ **၁၆-ပါးသော (မူလ) အမြစ်အရင်းတို့** ဟူရာ၌ ၁၆-ပါးသော အခြင်းအရာတို့ဖြင့် စိတ်၏ မတုန်လှုပ်သည်၏အဖြစ်ကို သိအပ်၏။ မှန်ပေ၏ "ပြီးမြောက်မှု (ဣဒ္ဓိ)၏ မတုန်လှုပ်ကြောင်း အမြစ်အရင်း (မူလ)တို့သည် အဘယ်မျှတို့ပေနည်း၊ အမြစ်အရင်း မူလတို့သည် ၁၆-ပါးတို့ပေတည်း၊

http://www.dhammadownload.com



မညွတ်ကျ-မတွန့်ဆုတ်သော စိတ်သည် ပျင်းရိခြင်းကြောင့် မတုန်လှုပ်-ထို့ကြောင့် အာနေဉ္ဇ (မတုန်လှုပ်သောသဘော)မည်၏ [၁] (၁)၊ မတက်ကြွ မပျံ့လွင့်သောစိတ်သည် ပျံ့လွင့်မှုကြောင့် မတုန်လှုပ်၊ ထို့ကြောင့် အာနေဉ္ဇ မည်၏(၂)၊ ကပ်ငြိသောအားဖြင့် မညွတ်သော[၂]စိတ်သည် တပ်မက်မှု(ရာဂ) ကြောင့် မတုန်လှုပ်၊ ထို့ကြောင့် အာနေဉ္ဇမည်၏(၃)၊ (မုန်းသဖြင့် မျက်နှာ မလွှဲ) မဖဲခွါသောစိတ်သည် [၃] ပြစ်မှားမှု (ဗျာပါဒ) ကြောင့် မတုန်လှုပ်၊ ထို့ကြောင့် အာနေဉ္ဇမည်၏ (၄)၊ ငါကောင်အနေဖြင့် မမှီသောစိတ်သည် အမြင်မှားမှု(ဒိဋ္ဌိ)ကြောင့် မတုန်လှုပ်၊ ထို့ကြောင့် အာနေဉ္ဇမည်၏ (၅)၊ နှစ်သက်တပ်စွဲလျက် မဖွဲ့အပ်သောစိတ်သည် နှစ်သက်တပ်စွဲမှု (ဆန္ဒရာဂ) ကြောင့် မတုန်လှုပ်၊ ထို့ကြောင့် အာနေဉ္ဇမည်၏ (၆)၊ လိုချင်တပ်မက်မှုမှ လွတ်မြောက်သောစိတ်သည် ကာမရာဂကြောင့် မတုန်လှုပ်၊ ထို့ကြောင့် အာနေဉ္ဇမည်၏(၇)၊ ကိလေသာနှင့် မယှဉ်သောစိတ်သည် ပူပန်-ညစ်နွမ်းမှု (ကိလေသာ) ကြောင့် မတုန်လှုပ်၊ ထို့ကြောင့် အာနေဉ္ဇမည်၏ (၈)၊ ကိလေသာ အပိုင်းအခြားကင်းအောင် ပြုထားသောစိတ်သည် [၄] ကိလေသာ

---

မှတ်ချက်

၁—မညွတ်ကျ – မတွန့်ဆုတ်သော စိတ်သည် မတုန်လှုပ်သောကြောင့် အာနေဉ္ဇ မည်၏-ဟု ဆိုလို၏။

၂– အနဘိနတံ-ပုဒ်၏ အနက်ဖြစ်သည်၊ အဘိသင်္ဂ-ကပ်ငြိသော အားဖြင့်+နတ-ညွတ်ကိုင်းသည်+ အန-မဟုတ်=အနဘိနတ-ကပ်ငြိသော အားဖြင့် မညွတ် ကိုင်းသောစိတ်။ တနည်း အဘိ-အလွန်+နတ-ညွတ်သည်+အန-မဟုတ်= အနဘိနတ-မညွတ်လွန်းသောစိတ်-ဟုလည်း ပြန်သင့်၏။

၃– အနပနတံ-ပုဒ်၏ အနက်ဖြစ်သည်၊ မဖဲခွါလွန်းသော-ဟူ၍လည်း ပြန်သင့်၏။

၄–ဘဝင်္ဂစိတ်တို့၏ အကြား အကြား၌ ကိလေသာစိတ် ဖြစ်ပေါ်လျှင် ကိလေသာ အပိုင်းအခြား ရှိသည်မည်၏၊ ထိုသို့ ကိလေသာစိတ်ကြားဝင်၍ မဖြစ်နိုင်အောင် ပွါးများလေ့လာထားသော စိတ်ကို ဆိုလို၏။

http://www.dhammadownload.com



ဟူသော အပိုင်းအခြားကြောင့် မတုန်လှုပ်၊ ထို့ကြောင့် အာနေဉ္ဇမည်၏ (၉)၊ ကိလေသာ အဖော်မမှီးသဖြင့် တခုတည်းသဘော၌ တည်သောစိတ်သည် အထူးထူးသဘောရှိသော ကိလေသာကြောင့် မတုန်လှုပ်၊ ထို့ကြောင့် အာနေဉ္ဇမည်၏ (၁၀)၊ သဒ္ဓါက [၁၅] ချီးမြှောက်အပ်သောစိတ်သည် မယုံကြည်မှုကြောင့် မတုန်လှုပ်၊ ထို့ကြောင့် အာနေဉ္ဇမည်၏ (၁၁)၊ ဝီရိယက ချီးမြှောက်အပ်သော စိတ်သည် ပျင်းရိမှုကြောင့် မတုန်လှုပ်၊ ထို့ကြောင့် အာနေဉ္ဇမည်၏ (၁၂)၊ သတိက ချီးမြှောက်အပ်သော စိတ်သည် မေ့လျော့ခြင်းကြောင့် မတုန်လှုပ်၊ ထို့ကြောင့် အာနေဉ္ဇမည်၏ (၁၃)၊ သမာဓိက ချီးမြှောက်အပ်သောစိတ်သည် ပျံ့လွင့်မှုကြောင့် မတုန်လှုပ်၊ ထို့ကြောင့် အာနေဉ္ဇမည်၏ (၁၄)၊ ပညာက ချီးမြှောက်အပ်သော စိတ်သည် မသိမှု-သိမှားမှု(အဝိဇ္ဇာ)ကြောင့် မတုန်လှုပ်၊ ထို့ကြောင့် အာနေဉ္ဇမည်၏(၁၅)၊ ပညာအလင်းရောင်နှင့်တကွဖြစ်သော (ဝါ-ရှင်းလင်းပြတ်သားစွာသိသော) စိတ်သည် အဝိဇ္ဇာအမှောင်ကြောင့် မတုန်လှုပ်၊ ထို့ကြောင့် အာနေဉ္ဇမည်၏ (၁၆)။ ဤ ၁၆-ပါးတို့သည် ပြီးမြောက်မှု (ဣဒ္ဓိ)၏ (မူလ) အမြစ်အရင်းတို့ပေတည်း၊ ဤမူလတို့သည် ပြီးမြောက်မှု-ဖန်ဆင်းမှု-တန်ခိုး (ဣဒ္ဓိ) ကို ရခြင်းငှါ။ပ။ တန်ခိုးဖန်ဆင်းမှု၌ ရဲရင့်ခြင်းငှါ ဖြစ်ကုန်၏” ဟူသော ဤ စကားကို ဟောတော်မူ(အပ်)ပေသည်။

---

မှတ်ချက်

၁–အမှတ် (၁) အာနေဉ္ဇနှင့် ထပ်တူကဲ့သို့ ရှိငြားသော်လည်း ဤ၌ ဝီရိယ၏ အစွမ်းကြောင့် မတုန်လှုပ်ပုံကို ပြလို၍ ပြဆိုခြင်း ဖြစ်သည်။ အမှတ် (၁၄) ၌လည်း သမာဓိ၏ အစွမ်းကြောင့် မတုန်လှုပ်ပုံကိုပြလို၍ ထပ်မံ ပြဆိုထားခြင်းဖြစ်သည်။

http://www.dhammadownload.com



ဆက်၍ ရှင်းပြဦးအံ့၊ (စတုတ္ထစျာန်စိတ်သည် ပျင်းရိခြင်းကြောင့် မတုန်လှုပ်-အစရှိသော) ဤအနက်သည်[၁] (စာမျက်နှာ ၂-၌ ပြခဲ့သော) "ဤဆိုခဲ့သည့်အတိုင်း စိတ်သည် (စတုတ္ထစျာန်သမာဓိဖြင့်) တည်ကြည် လတ်သော်" ဤသို့ အစရှိသော စကားဖြင့်ပင်လျှင် ပြီးစီးသည်သာ အကယ်၍ကား မှန်ပေ၏၊ သို့သော်လည်း ပဥ္စမစျာန် စသည်တို့၏[၂] ဣဒ္ဓိ၏ ဘူမိ ပါဒ ပဒ မူလဖြစ်ခြင်းကို ပြခြင်းအကျိုးငှါ တဖန်ထပ်၍ ဆိုအပ် ပေသည်။ တနည်းရှင်းပြရလျှင်(ဤဆိုခဲ့သည့်အတိုင်း စိတ်သည် တည်ကြည် လတ်သော် စသည်ဖြင့် ပြဆိုသော) ရှေးနည်းသည်[၃] သုတ်ပါဠိတော် တို့၌ လာရှိသောနည်းပေတည်း၊ (ဣဒ္ဓိ၏ ဘူမိ ပါဒ ပဒ မူလတို့ကိုပြသော) ဤနည်းသည်[၄] ပဋိသမ္ဘိဒါမဂ် ပါဠိ၌(လာရှိသောနည်းပေတည်း)၊ သို့ဖြစ်၍

---

မှတ်ချက်

၁–ဤအနက်သည် ပြီးစီးသည်သာဟု-စပ်ပါ။

၂–စသည်တို့၏ ဖြစ်ခြင်းကို ဟု-စပ်ပါ။

၃–ပုရိမော-ပုဒ်၏အနက်ဖြစ်သည်၊ ပဥ္စမရှင်းပြချက်၌ ထုတ်ပြခဲ့သည့် ရှေ့စကား ကိုပင် ရှေးနည်းဟု-ဆိုလိုဟန်ရှိသောကြောင့် ဤသို့ပြန်သည်၊ ထိုနည်းသည် သီလက္ခန္ဓဝဂ်ပါဠိတော် စသည်တို့၌ လာရှိ၏။ ထိုစကားထဲ၌ အာနေဥ္ဇပ္ပတ္တေ မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော်-ဟူသော ပုဒ်သည်သာ လိုရင်းဖြစ် သည်၊ ထို့ကြောင့် ထိုပုဒ်၏အဖွင့်ကို ရှေးနည်းအဖြစ်ယူ၍ ဋီကာ၌"ပုရိမော ဟူသည်ကား သဒ္ဓါစသည်တို့က အားပေးထောက်ပံ့ အပ်သောကြောင့်- စသည်ဖြင့် ရှေး၌ ၆-ပါး အပြားအားဖြင့် ပြခဲ့သော နည်းသည်"ဟု ဖွင့်ပြ ၏။ သို့သော် ထို ၆-ပါး အပြားအားဖြင့် ပြသောနည်းသည် အဋ္ဌကထာ၌ ပြသော နည်းဖြစ်၏၊ သုတ် ပါဠိတို့၌ကား မရှိပေ။

၄–အယံ-ပုဒ်၏အနက်ဖြစ်သည်၊ ပဥ္စမ ရှင်းချက်၌ ပါဝင်သော ဘူမိစသည်ကို ပါ ယူ၍ ပြန်ထားသည်။ ဋီကာ၌ကား မူလ ၁၆-ပါးကို ပြသော နည်းကို သာ ဖွင့်ပြထား၏။

http://www.dhammadownload.com



နှစ်ပါးသော ဌာနတို့၌ မတွေ့ဝေခြင်းအကျိုးငှါ (ရည်ရွယ်၍)လည်း တဖန် ထပ်၍ ဆိုအပ်ပေသည်။

၃၇၅။ **ဉာဏ်ဖြင့်အဓိဋ္ဌာန်လျက်**ဟူရာ၌ (ဆိုလိုသော အနက်ကား) ထိုဆိုခဲ့ပြီးသော ဂုဏ်ထူးတို့နှင့် ပြည့်စုံသော ဤတန်ခိုးရှင် ရဟန်းသည် တန်ခိုးဖန်ဆင်းမှု(ဣဒ္ဓိ)၏ ဘူမိ ပါဒ ပဒဖြစ်ကြသော ဤဆိုခဲ့သော တရား တို့ကို ပြည့်စုံစေပြီးလျှင် အဘိညာဉ်၏ အခြေခံပါဒကစျာန်ကို ဝင်စား၍[၂] (ထိုစျာန်မှ)ထ၍ တရာကို အကယ်၍ အလိုရှိငြားအံ့၊ "တရာဖြစ်လို၏ တရာ ဖြစ်လို၏"ဟု ကြိုတင်ပြုမှု ပရိကံကိုပြုပြီးလျှင်[၃] တဖန် အဘိညာဉ်၏ အခြေခံပါဒကစျာန်ကို ဝင်စား၍ (ထိုမှ)ထပြီးလျှင် အဓိဋ္ဌာန်၏[၄]၊ အဓိဋ္ဌာန် ပြုသော စိတ်နှင့် တပြိုင်နက်ပင်လျှင် တရာ ဖြစ်၏။ တထောင်စသည်ကို အဓိဋ္ဌာန်ရာတို့၌လည်း ဤနည်းတူပင်။ အကယ်၍ ဤဆိုခဲ့သည့်အတိုင်း

---

မှတ်ချက်

၁—စာပိုဒ်နံပါတ် ၃၇၀-တွင် အဆုံးကြောင်း၌ ရှိသော မိမိဆိုခဲ့သည့် စကား ၂-ပုဒ်ကိုပင် ဖွင့်ဆိုရန် ထုတ်ပြသည်။

၂—အဘိညာဉ်၏ အခြေခံသည် စတုတ္ထစျာန်သာဖြစ်သည်၊ ထို့ကြောင့် အဘိ- ညာဉ်၏ အခြေခံအဖြစ်ဖြင့် စတုတ္ထစျာန်ကို ဝင်စားသည်ဟု ယူအပ်ကြောင်း ဋီကာ၌ ပြဆို၏။

၃—ပါဒကစျာန်မှထ၍ ကာမာဝစရစိတ်ဖြင့်"တရာဖြစ်လို၏" ဤသို့ စသည်ဖြင့် ကြံခြင်းသည်ပင်လျှင် ဤအရာ၌ ပရိကံကို ပြုခြင်းမည်၏။ (ဋီကာ)

၄—တရာစသည် ဖြစ်စေရန် နှလုံးသွင်းလျက် အာဝဇ္ဇန်း ပရိကံ ဥပစာ အနုလုံ ဂေါတြဘူဟူသော ကာမာဝစရ စိတ်တို့ ဖြစ်ပြီးနောက် စတုတ္ထစျာန်နှင့် ယှဉ်သော အဘိညာဉ်စိတ်ဖြင့် "တရာဖြစ်စေ "စသည်ဖြင့် ညွတ်ခြင်း နှလုံး သွင်းခြင်းကိုပင်" အဓိဋ္ဌာန်၏"ဟု ဆိုသည်၊ ၎င်းစိတ် တကြိမ်တည်းဖြင့်ပင် ဖန်ဆင်းခြင်း ကိစ္စပြီးကြောင်း အခြားမဲ့၌ ဆက်၍ ပြသွားသည်။

http://www.dhammadownload.com



မပြီးစီး မပြီးမြောက်သေးငြားအံ့၊ တဖန် ပရိကံကို ပြုပြီးလျှင် နှစ်ကြိမ်မြောက်လည်း (အဘိညာဉ်၏ အခြေခံ ပါဒကစျာန်ကို) ဝင်စား၍ (ထိုစျာန်မှ)ထ၍ အဓိဋ္ဌာန်အပ်၏။ မှန်ပေ၏၊ သံယုတ်အဋ္ဌကထာ၌ တကြိမ် နှစ်ကြိမ် ဝင်စားခြင်းငှါ သင့်သည်ဟု မိန့်ဆိုထားပေသည်။ ထိုသို့ ပါဒကစျာန်ဝင်စားခြင်း စသည်ကို ပြုရာ၌ ပါဒကစျာန်စိတ်သည် ပဋိဘာဂနိမိတ်ကို အာရုံပြု၏၊ ပရိကံပြုသောစိတ်တို့သည် တရာ တထောင်ကို အာရုံပြုကုန်၏၊ ထိုတရာ တထောင်သောကိုယ်တို့ကိုလည်း အဆင်း၏ အစွမ်းအားဖြင့်သာ အာရုံပြုကုန်၏၊ ပညတ်၏အစွမ်းအားဖြင့် အာရုံပြုသည် မဟုတ်၊ အဓိဋ္ဌာန်စိတ်သည်လည်း ထို့အတူပင် တရာ တထောင်ကို အာရုံပြု၏၊ ထိုအဓိဋ္ဌာန် စိတ်သည် (စျာန်သို့ ပဌမအကြိမ် ရောက်ပုံကိုပြရာ) ရှေး၌ပြဆိုခဲ့သော အပ္ပနာစိတ်ကဲ့သို့ ဂေါတြဘူစိတ်၏ အခြားမဲ့၌ ရူပါဝစရ-စတုတ္ထစျာန်နှင့် ယှဉ်လျက် တကြိမ်တည်းသာ ဖြစ်၏။

•

၃၈၆။ ပဋိသမ္ဘိဒါမဂ်၌ "ပကတိ ပင်ကိုအားဖြင့် တပါးတည်းက တရာကိုသော်၎င်း၊ တထောင်ကိုသော်၎င်း၊ တသိန်းကိုသော်၎င်း များစွာကို ဆင်ခြင်၏၊ဆင်ခြင်ပြီးလျှင် 'များစွာဖြစ်လို၏(များစွာဖြစ်စေ)'ဟု ဉာဏ်ဖြင့် အဓိဋ္ဌာန်၏၊ များစွာသောကိုယ်သည်ဖြစ်၏၊ အရှင်စူဠပန်ကဲ့သို့ ပင်တည်း" ဟု အကြင်စကားကို ဆိုထား၏၊ ထိုစကား၌လည်း **ဆင်ခြင်၏** ဟူသော စကားကို ပရိကံ ပြုသည်၏ အစွမ်းအားဖြင့်သာလျှင် ဆို(အပ်)ပေသည်။ **ဆင်ခြင်ပြီးလျှင် ဉာဏ်ဖြင့် အဓိဋ္ဌာန်၏**ဟူသော စကားကို အဘိညာဉ်ဉာဏ်၏ အစွမ်းအားဖြင့် ဆို(အပ်)ပေသည်။ ထို့ကြောင့် များစွာသောကိုယ်ကို(ပရိကံစိတ်ဖြင့်) ဆင်ခြင်၏၊ ထိုမှနောက် ထိုပရိကံစိတ်တို့၏လည်း အဆုံး၌ (အဘိညာဉ်၏ ပါဒကအဖြစ်ဖြင့်)ဝင်စား၏၊ သမာပတ်မှ ထပြီးလျှင် တဖန် 'များစွာသောကိုယ်ဖြစ်လို၏(ဖြစ်စေ)'ဟု ဆင်ခြင်၍ ထိုဆင်ခြင်မှုအာဝဇ္ဇန်းစိတ်မှ နောက်၌ ဖြစ်ကုန်သော သုံးကြိမ် လေးကြိမ်ကုန်သော ရှေးအဖို့

http://www.dhammadownload.com



စိတ်တို့၏[၁] အခြားမဲ့၌ ဖြစ်သော[၂] ပြီးစေသည်၏ အစွမ်းအားဖြင့် [၁၆] အဓိဋ္ဌာန်ဟု အမည်ရသော[၂] တခုတည်း(တကြိမ်တည်း)သော အဘိညာဉ်ဉာဏ်ဖြင့် အဓိဋ္ဌာန်၏—ဟူ၍ ထိုပဋိသမ္ဘိဒါမဂ်စကား၌ အနက်ကို မှတ်အပ်ပေသည်။

**အရှင်စူဠပန်ကဲ့သို့ပင်ဟူသော** စကားကိုမူ များစွာသောကိုယ်ဖြစ်ခြင်း၏ ကိုယ်တွေ့သက်သေကို ပြခြင်းငှါ ဆိုအပ်ပေသည်။ ထိုဝတ္ထုကိုမူ ဤသို့ပြအပ်၏- ထိုညီနောင် ၂-ဦးတို့သည် ခရီးသွာနေစဉ် လမ်း၌ ဖွားမြင်ကြသောကြောင့် ပန္ထက(လမ်း)ဟူသောအမည်ကို ရကုန်၏၊ ယင်းတို့တွင် အကြီးသည် မဟာပန္ထက-မဟာပန်မည်၏၊ ထိုမဟာပန်သည် ရှင်ရဟန်းပြု၍ ပဋိသမ္ဘိဒါဉာဏ်တို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်လျက် ရဟန္တာ ဖြစ်တော်မူလေသည်။ ရဟန္တာဖြစ်ပြီးနောက် ညီ-စူဠပန္ထက- စူဠပန်ကို ရှင်ပြုပေးပြီးလျှင်—

ပဒုမံ ယထာ ကောကနဒံ သုဂန္ဓံ၊ ပါတော သိယာ ဖုလ္လမဝီတဂန္ဓံ။
အင်္ဂီရသံ ပဿ ဝိရောစမာနံ၊ တပန္တ မာဒိစ္စ မိဝန္တလိက္ခေ။

ကောကနဒံ—ကောကနဒမည်သော၊ ပဒုမံ—ပဒုမ္မာကြာသည်၊ သုဂန္ဓံ ယထာ—မွှေးကြိုင်သော အနံ့ရှိသကဲ့သို့ရင်း၊ ပါတော—နံနက်စောစော နေထွက်ချိန်၌၊ ဖုလ္လံ—ပွင့်လျက်၊ အဝီတဂန္ဓံ-မကင်းမပြယ်သေးသောအနံ့ရှိသည်၊ သိယာ ယထာ-ဖြစ်ရာသကဲ့သို့ရင်း၊ သုဂန္ဓံ-သီလယနံ့စသည်တို့ဖြင့် မွှေးကြိုင်သောအနံ့ရှိတော်မူသော၊ ဖုလ္လံ—အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်တို့ဖြင့်

---

မှတ်ချက်

၁—ပရိကံ ဉပစာ အနုလုံ ဂေါတြဘူ-ဟု ခေါ်သောစိတ်များကို ဆိုသည်။ တိက္ခပုဂ္ဂိုလ်မှာ ဉပစာ အနုလုံ ဂေါတြဘူ-ဟု သုံးကြိမ်ဖြစ်ပြီးနောက် အဘိညာဉ်စိတ်ဖြစ်သည်။

၂—ဖြစ်သော........ အမည်ရသော........ အဘိညာဉ်ဉာဏ်ဖြင့်-ဟု စပ်ပါ။

http://www.dhammadownload.com



ပွင့်လျက် ဘုရားအဖြစ်သို့ရောက်တော်မူသော၊အဝိတဂန္ဓ-မကင်းမပြယ်သော သီလစသော အနံ့ရှိတော်မူသော မြတ်စွာဘုရားကို၊ ပဿ - ဖူးမြင်ပါလော့။ အင်္ဂီရသံ — ပြိုးပြိုးပြက်ပြက် ကိုယ်တော်မှထွက်သော ရောင်ခြည်ရှိတော် မူသည်ဖြစ်၍၊ ဝိရောစမာနံ-တင့်တယ်သပ္ပါယ်တော်မူသော မြတ်စွာဘုရားကို၊ ပဿ-ဖူးမြင်ပါလော့။ အန္တလိက္ခေ-ကောင်းကင်၌၊ အာဒိစ္စံ ဣဝ-ထွန်းလင်း တောက်ပနေသော နေမင်းကြီးကဲ့သို့၊ တပန္တံ-ဉာဏ်တော် အရောင်တို့ဖြင့် ထွန်းလင်းတောက်ပတော်မူသော မြတ်စွာဘုရားကို၊ ပဿ-ဖူးမြင်ပါလော့—

ဟူသော ဤဂါထာကို သင်ပေးလေသည်။ စူဠပန်သည် ထိုဂါထာကို လေးလတို့ဖြင့် ကြေပြွန်စေရန်မစွမ်းနိုင်ပဲ ရှိလေသည်။ ထိုအခါ မဟာပန် မထေရ်က စူဠပန်ကို“သင်သည် သာသနာတော်၌ မကျွတ်ထိုက်သော အဘဗ္ဗ ပုဂ္ဂိုလ်[၁] ဖြစ်သည်”ဟု ဆိုကာ ကျောင်းတော်မှ နှင်ထုတ်လိုက်၏။ ထိုစဉ် ကာလ၌ မဟာပန်မထေရ်သည် ဆွမ်းညွှန်းသမ္မုတိရပုဂ္ဂိုလ်လည်း ဖြစ်နေ၏၊ (ထိုကြောင့်) သမားတော်ဇီဝကသည် မဟာပန်မထေရ်ထံ ချဉ်းကပ်၍ “နက်ဖြန်ခါ အရှင်ဘုရား, မြတ်စွာဘုရားနှင့် တကွ ရဟန်းငါးရာတို့ကို ပင့်ဆောင်ခဲ့၍ အကျွန်ုပ်တို့၏ အိမ်၌ ဆွမ်းကို ခံယူ ဘုဉ်းပေးတော်မူကြပါ” ဟု လျှောက်၏။ မဟာပန်မထေရ်ကလည်း “စူဠပန်ကို ချန်ထား၍ ကြွင်း သောရဟန်းတို့အတွက် လက်ခံပါသည်”ဆို၍ လက်ခံလိုက်၏။

---

မှတ်ချက်

၁–အဘဗ္ဗောတိ ပဋိပတ္တိသာရမိဒံ သာသနံ၊ ပဋိပတ္တိ စ ပရိယတ္တိမူလိကာ၊ တွဥ္စ ပရိယတ္တိံ ဥဂ္ဂဟေတုံ အသမတ္ထော၊ တသ္မာ အဘဗ္ဗောတိ အဓိပ္ပါယော (ဋီကာအဖွင့်) အဘဗ္ဗ-ဟူရာ၌ ဤသာသနာတော်သည် အကျင့်ပဋိပတ် လျှင် အနှစ်သာရရှိ၏၊ ပဋိပတ်သည်လည်း ပရိယတ်လျှင် အရင်းမူလ ရှိ၏၊ သင်သည်လည်း ပရိယတ်ကို သင်ယူရန် မစွမ်းနိုင်၊ ထို့ကြောင့် မဖြစ်ထိုက် မကျွတ်ထိုက်သော အဘဗ္ဗ ပုဂ္ဂိုလ် ဖြစ်သည်ဟု ဆိုလို၏။ (မြန်မာပြန်)

http://www.dhammadownload.com



စူဠပန်သည် တံခါးမုခ်၌ ရပ်တည်လျက် ငိုနေ၏။ မြတ်စွာဘုရားသည် ဒိဗ္ဗစက္ခုဖြင့် မြင်တော်မူသဖြင့် စူဠပန်အနီးသို့ ကြွတော်မူ၍ "အဘယ့်ကြောင့် ငိုနေသနည်း"ဟု မေးတော်မူ၏။ စူဠပန်သည် ထိုအကြောင်းအရာကို လျှောက်ကြား၏။ ထိုအခါ မြတ်စွာဘုရားက "ရွတ်ဖတ်သရဇ္ဈာယ်မှုကို ပြုရန် မစွမ်းနိုင်သောကြောင့် ငါ၏ သာသနာတော်၌ မကျွတ်ထိုက်သော အဘဗ္ဗပုဂ္ဂိုလ်မည်သည် မဖြစ်ပေ၊[၁] (စူဠပန်)ရဟန်း[၂], မစိုးရိမ်လင့်"ဟု အားပေးကာ စူဠပန်ကို လက်မောင်း၌ ဆွဲကိုင်တော်မူ၍ ကျောင်းတော်သို့ ဝင်ပြီးလျှင် တန်ခိုးဖြင့် ပုဆိုးကြမ်းပိုင်းကို ဖန်ဆင်း၍ ပေးတော်မူ၏၊ "ရော့ ရဟန်း, ဤအဝတ်ပိုင်းကို ဆုပ်နယ်လျက် 'ရဇောဟရဏံ ရဇောဟရဏံ (ချေးကို ဆောင်ယူတတ်သည့်အဝတ် ချေးကိုဆောင်ယူတတ်သည့် အဝတ်)'ဟု အဖန်တလဲလဲ ရွတ်ဆိုခြင်းကို ပြုနေလော့"ဟု ညွှန်ကြားတော်မူ၏။ စူဠပန်က ထို ညွှန်ကြားတော်မူသည့်အတိုင်း ပြုနေစဉ် ထို အဝတ်ပိုင်းသည် မည်းညစ်သော အဆင်းရှိသွားလေသည်၊ ထိုအခါ စူဠပန်သည် "အဝတ်ကတော့ ထက်ဝန်းကျင် စင်ကြယ်ပေ၏၊ ဤအဝတ်၌ အပြစ်မရှိပေ၊ စင်စစ်မှာမူ ဤအပြစ်သည် ခန္ဓာကိုယ်၏သာလျှင် အပြစ်ပေတည်း"ဟု

---

မှတ်ချက်

၁–အဘဗ္ဗပုဂ္ဂိုလ်မည်သည် မဖြစ်၊ အကြောင်းမူကား - ဝိပဿနာခုရသည်သာလျှင် လိုရင်းပဓာနဖြစ်ခြင်းကြောင့်ပင်။ (ဋီကာ)

၂–ပဗ္ဗဇိတဝေါဟာရဖြင့် (စူဠပန်သာမဏေကို) ရဟန်းဟု ခေါ်တော်မူသည်၊ တနည်းကား ဘုရားဖြစ်လတ္တံ့သော အလောင်းတော်ကို "ဗုဒ္ဓ-ဘုရားသည် ရာဇဂြိုဟ်သို့ ကြွလေသည်"ဟု ဆိုသကဲ့သို့ ဖြစ်လတ္တံ့ ရဟန်းအဖြစ်ကို စွဲ၍ ဘိက္ခု-ရဟန်းဟု ခေါ်တော်မူသည်။ (ဋီကာ)

http://www.dhammadownload.com



အမှတ်သညာကို ရပြီးလျှင်[၁] ငါးပါးသောခန္ဓာတို့၌ ဉာဏ်ကို ချသွင်း၍ ဝိပဿနာကို ပွါးစေလျက် အနုလုံဂေါတြဘူဉာဏ်အနီးသို့ ရောက်စေ၏။[၁] ထိုအခါ မြတ်စွာဘုရားက ရောင်ခြည်တော်လွှတ်ခြင်းနှင့်တကွ အောက်ပါ ဂါထာတို့ကို ဟောတော်မူလေသည်။

ရာဂေါ ရဇော န စ ပန ရေဏု ဝုစ္စတိ၊
ရာဂဿေတံ အဓိဝစနံ ရဇောတိ။
ဧတံ ရဇံ ဝိပ္ပဇဟိတွာ ပဏ္ဍိတာ၊
ဝိဟရန္တိ တေ ဝိဂတရဇဿ သာသနေ။

ရာဂေါ-တပ်စွဲမှုရာဂသည်၊ ရဇော-ကြေးညှော်အညစ်အကြေးပေတည်း။ ရေဏု-မြူမှုန်ကို၊ န စ ပန ဝုစ္စတိ-ကြေးညှော်အညစ်အကြေးဟု မဆိုအပ်။ ရဇောတိ ဧတံ-ကြေးညှော်အညစ်အကြေးဟူသော ဤအမည်သည်၊ ရာဂဿ-တပ်စွဲမှုရာဂ၏၊ အဓိဝစနံ-အမည်ပေတည်း။ ပဏ္ဍိတာ-ပညာရှိတို့သည်၊ ဧတံ ရဇံ-တပ်စွဲမှုရာဂဟူသော ဤအညစ်အကြေးကို၊ ဝိပ္ပဇဟိတွာ-ပယ်စွန့်ကုန်၍၊ တေ-ထိုပညာရှိတို့သည်၊ ဝိဂတရဇဿ- ကိလေသာ မြူအညစ်အကြေးကင်းသော ဗုဒ္ဓမြတ်စွာ၏၊ သာသနေ- သာသနာတော်၌၊ ဝိဟရန္တိ-နေကြပေကုန်၏။

---

မှတ်ချက်

၁-အသုဘသညာ အနိစ္စသညာကို ရပြီးလျှင် နာမ်ရုပ်ကို သိမ်းဆည်းခြင်း စသည်ဖြင့် ငါးပါးသော ခန္ဓာတို့၌ ဉာဏ်ကိုချသွင်း၍ ကလာပသမ္မသနဉာဏ် အစရှိသောအစဉ်ဖြင့် ဝိပဿနာကို ပွါးစေ၍ ဥဒယဗ္ဗယဉာဏ် အစရှိသော အစဉ်ဖြင့် ဝိပဿနာကို အနုလုံဂေါတြဘူအနီးသို့ ရောက်စေသည်။ (ဋီကာ)

http://www.dhammadownload.com



[၁၇] ဒေါသော ရဇော န စ ပန ရေဏု ဝုစ္စတိ၊
ဒေါသဿေတံ အဓိဝစနံ ရဇောတိ။
ဧတံ ရဇံ ဝိပ္ပဇဟိတွာ ပဏ္ဍိတာ၊
ဝိဟရန္တိ တေ ဝိဂတရဇဿ သာသနေ။

ဒေါသော-စိတ်ဆိုးပြစ်မှားမှု ဒေါသသည်၊ ရဇော-ကြေးညှော်အညစ် အကြေးပေတည်း။ ရေဏု-မြူမှုန်ကို၊ န စ ပန ဝုစ္စတိ- ကြေးညှော်အညစ် အကြေးဟု မဆိုအပ်။ ရဇောတိ ဧတံ- ကြေးညှော်အညစ်အကြေးဟူသော ဤအမည်သည်၊ဒေါသဿ- စိတ်ဆိုးပြစ်မှားမှုဒေါသ၏၊ အဓိဝစနံ- အမည်ပေ တည်း။ ပဏ္ဍိတာ-ပညာရှိတို့သည်၊ ဧတံ ရဇံ-စိတ်ဆိုးပြစ်မှားမှုဒေါသဟူသော ဤအညစ်အကြေးကို၊ ဝိပ္ပဇဟိတွာ - ပယ်စွန့်ကုန်၍၊ တေ-ထိုပညာရှိတို့သည်၊ ဝိဂတရဇဿ-ကိလေသာ မြူအညစ်အကြေး ကင်းသော ဗုဒ္ဓမြတ်စွာ၏၊ သာသနေ-သာသနာတော်၌၊ ဝိဟရန္တိ-နေကြပေကုန်၏။

မောဟော ရဇော န စ ပန ရေဏု ဝုစ္စတိ၊
မောဟဿေတံ အဓိဝစနံ ရဇောတိ။
ဧတံ ရဇံ ဝိပ္ပဇဟိတွာ ပဏ္ဍိတာ၊
ဝိဟရန္တိ တေ ဝိဂတရဇဿ သာသနေ။

မောဟော-အမှန်ကိုမသိမှု သိမှားမှုမောဟသည်၊ ရဇော - ကြေးညှော် အညစ်အကြေးပေတည်း။ရေဏု-မြူမှုန်ကို၊န စ ပန ဝုစ္စတိ-ကြေးညှော် အညစ် အကြေးဟု မဆိုအပ်။ ရဇောတိ ဧတံ-ကြေးညှော် အညစ်အကြေးဟူသော ဤအမည်သည်၊ မောဟဿ- အမှန်ကိုမသိမှု သိမှားမှုမောဟ၏၊ အဓိဝစနံ- အမည်ပေတည်း။ ပဏ္ဍိတာ-ပညာရှိတို့သည်၊ ဧတံ ရဇံ-အမှန်ကို မသိမှု သိမှားမှု မောဟဟူသော ဤအညစ်အကြေးကို၊ ဝိပ္ပဇဟိတွာ-ပယ်စွန့်ကုန်၍၊ တေ- ထိုပညာရှိတို့သည်၊ ဝိဂတရဇဿ - ကိလေသာ မြူအညစ်အကြေး

http://www.dhammadownload.com



ကင်းသော ဗုဒ္ဓမြတ်စွာ၏၊ သာသနေ သာသနာတော်၌၊ ဝိဟာရန္တိ-နေကြ ပေကုန်၏။

ထိုအရှင်စူဠပန်မှာ ဂါထာသုံးပုဒ် အဆုံး၌ ပဋိသမ္ဘိဒါလေးပါး အဘိ-ညာဉ် ၆-ပါး အခြံအရံ ရှိကုန်သော ၉-ပါးသော လောကုတ္တရာတရားတို့ကို လက်ထဲရောက်လာကြသကဲ့သို့ ရရှိတော်မူလေ၏။

မြတ်စွာဘုရားသည် ဒုတိယနေ့၌ သမားတော် ဇီဝကအိမ်သို့ ရဟန်း အပေါင်း သံဃာတော်များနှင့်တကွ ကြွတော်မူလေ၏။ ထိုအခါ မြတ်သော အလှူ ရေကို ပေးလှူသွန်းချပြီးသည်အဆုံး၌ ယာဂုကို ကပ်လှူလတ်သော် လက်ဖြင့် သပိတ်ကို ပိတ်ထားတော်မူ၏။အဘယ့်ကြောင့်ပါနည်းဟု ဇီဝက က မေးလျှောက်၏။ ကျောင်း၌ ရဟန်းတပါးရှိသေးသည်ဟု မိန့်တော်မူ၏။ ဇီဝကသည် ယောကျ်ားတယောက်ကို "သွားချေ,ကျောင်း၌ကျန်ရှိနေသော ထို အရှင်ကို ပင့်ဆောင်၍ အမြန် ပြန်လာခဲ့လော့"ဟု စေလွှတ်လိုက်၏။ ကျောင်းတော်မှ မြတ်စွာဘုရား ထွက်ခွါတော်မူပြီးသောအခါကပင် —

> အရှင်စူဠပန္ထကသည် မွေလျော်ဘွယ်ကောင်းသော သရက်ဥယျာဉ် ကျောင်းတိုက်၌ မိမိကိုယ်ကို( အကြိမ်တထောင် )အပါးတထောင် ဖြစ်အောင် ဖန်ဆင်းပြီးလျှင် ဆွမ်းဘုဉ်းပေး ကြွရန်ကာလကို ပြောကြားသည်တိုင်အောင် နေတော်မူလေသည်။

ထိုအခါ စေလွှတ်လိုက်သောယောကျ်ားသည် သွား၍ သင်္ကန်းရောင်တို့ ဖြင့် တစပ်တည်း တထိန်ထိန်တောက်ပြောင်နေသော ကျောင်းတိုက်အာရာမ် ကို တွေ့မြင်ရသောကြောင့် ပြန်လာခဲ့၍ "ကျောင်းတိုက်အာရာမ်သည် ရဟန်းတို့ဖြင့် ပြည့်နေပါသည် အရှင်ဘုရား၊ အဘယ်ရဟန်းသည် ပင့်ရမည့် ထိုရဟန်းဖြစ်ကြောင်း ဘုရားတပည့်တော်မသိပါ"ဟု လျှောက်၏။ ထိုအခါ မြတ်စွာဘုရားက "သွားချေ၊ ရှေးဦးစွာမြင်တွေ့ရသောရဟန်းကို သင်္ကန်းစွန်၌

http://www.dhammadownload.com



ဆဲ့၍ 'မြတ်စွာဘုရားက အရှင်ဘုရားကို ခေါ်တော်မူသည်'ဟု ပြောဆို၍ ပင့်ဆောင်ခဲ့"ဟု ထိုယောကျ်ားကို မိန့်တော်မူလိုက်၏။ ထိုယောကျ်ားသည် ထိုကျောင်းတိုက်အာရာမ်သို့ သွား၍ အရှင်စူဠပန်ထေရ်၏ သက်န်းစွန်း၌ပင် ဆွဲကိုင်လိုက်၏။ ထိုအခိုက်၌ပင်လျှင် နိမ္မိတရဟန်းအားလုံးတို့သည် ကွယ်ပျောက်သွားကြလေသည်။ အရှင်စူဠပန်ထေရ်သည် "သင်သွားပေတော့" ဟု ထိုယောကျ်ားကို လွှတ်လိုက်ပြီးလျှင် မျက်နှာသစ်ခြင်း အစရှိသော ကိုယ်လက်သုတ်သင်ခြင်း ကိစ္စကို ပြုပြီးနောက်(ထိုယောကျ်ား မရောက်မီ) ရှေးဦးစွာ ကြွရောက်၍ မိမိအတွက် ကျရောက်သောနေရာ၌ ထိုင်နေလေ၏။ ဤ အကြောင်းအရာကိုရည်၍ "အရှင်စူဠပန် ကဲ့သို့ပင်"ဟု မိန့်ဆို(အပ်) ပေသည်။

ထိုသို့ ဖန်ဆင်းရာ၌ အထူးမသတ်မှတ်မူ၍ ဖန်ဆင်းလျှင်[၁] များစွာ ကုန်သော နိမ္မိတရုပ်ပွါးတို့သည် ဖန်ဆင်းသူ တန်ခိုးရှင်နှင့် တူကြသည်သာ ဖြစ်ကုန်၏၊ ထိုင်ခြင်း ရပ်ခြင်း စသည်တို့တွင်ဖြစ်စေ၊ ပြောဆိုခြင်း ဆိတ်ဆိတ် နေခြင်း စသည်တို့တွင်ဖြစ်စေ တန်ခိုးရှင် ပြုတိုင်း ပြုတိုင်းသော အမှုကို သာလျှင် ပြုကုန်၏။ အကယ်၍ အထူးထူးသော အခြင်းအရာရှိအောင်[၂] ပြုလိုငြားအံ့၊ အချို့က ပဌမအရွယ်ရှိကြဟန် အချို့က အလယ်ပိုင်းအရွယ် ရှိကြဟန် အချို့က နောက်ဆုံးပိုင်းအရွယ်ရှိကြဟန်၊ [၁၈] အချို့က ရှည်သော

---

မှတ်ချက်

၁ – နိမ္မိတတ္တာ-ပုဒ်၏ မြန်မာစကားချောအောင် ပြန်ဆိုချက် ဖြစ်သည်၊ အတိအကျပြန်လျှင် ဖန်ဆင်းအပ်ကုန်သည်၏အဖြစ်ကြောင့်-ဟု ဖြစ်၏။ နောက်၌လည်း ဤသို့သောပြန်ဆိုချက်များ ရှိမည်။

၂ – မြန်မာစကားချောအောင် ပြန်ချက်ပင် ဖြစ်သည်။ အတိအကျ ပြန်လျှင် အထူးထူးသော အခြင်းအရာရှိသည်တို့ကို ပြုခြင်းငှါ အလိုရှိငြားအံ့-ဟု ဖြစ်သည်။

http://www.dhammadownload.com



ဆံပင်ရှိကြဟန် အချို့က ထက်ဝက် ခေါင်းတုံးရိတ်ထားကြဟန် အချို့က လုံးဝ ခေါင်းတုံးရိတ်ထားကြဟန် အချို့က ဆံပင် အဖြူ အမည်း ရောလျက် ရှိကြဟန် အချို့က ထက်ဝက်နီသောသက်န်းရှိကြဟန် အချို့က ဝါဖျော့သော သက်န်းရှိကြဟန် ပြုလိုငြားအံ့၊ ပုဒ်၏အစွမ်းဖြင့် ပြတ်သားစွာ ရွတ်ခြင်း (ပဒဘာဏ)[၁] တရားဟောခြင်း (ဓမ္မကထာ) သာယာသော အသံဖြင့် ရွတ်ခြင်း (သရဘာည)[၂] ပြဿနာကို မေးခြင်း ဖြေခြင်း ဆိုးရေကျိုခြင်း သက်န်းချုပ်ခြင်း ဖွပ်လျှော်ခြင်း စသည်တို့ကို ပြုနေကြဟန် ထိုမှတပါးလည်း အထူးထူး အပြားပြားရှိနေကြဟန် ပြုလိုငြားအံ့၊ ထိုသို့ပြုလိုသော တန်ခိုး ရှင်သည် ပါဒကစျာန်မှထ၍ ဤမျှသောရဟန်းတို့သည် ပဌမအရွယ်ရှိသည် ဖြစ်ကြစေ ဤသို့အစရှိသောနည်းဖြင့် ပရိကံကို ပြုပြီးလျှင် တဖန် ဝင်စားပြီး နောက် ထိုပါဒကစျာန်မှ ထ၍ အဓိဋ္ဌာန်အပ်၏၊အဓိဋ္ဌာန်စိတ်နှင့် တပြိုင်နက် အလိုရှိအပ် အလိုရှိအပ်သော အပြားရှိကြသည်သာဖြစ်သော နိမ္မိတ ရဟန်း တို့သည် ဖြစ်ကုန်၏။ ဤတွင် တရပ်ပြီး၏။

အများလည်း ဖြစ်ပါလျက် တပါးတည်းဖြစ်၏- ဤသို့ အစရှိသော ဖန်ဆင်းမှုတို့၌လည်း ဤဆိုခဲ့သော နည်းအတူပင်တည်း[၃]။

---

မှတ်ချက်

၁-ပုဒ်၏အစွမ်းအားဖြင့် အနက်ကို သိစေသောအားဖြင့် ပါဠိကို (ပြတ်သား စွာ) ရွတ်ခြင်းသည် **ပဒဘာဏ** မည်၏။ (ဋီကာ)

၂-(သာယာသော) အသံဖြင့် သုတ် စသည်တို့ကို (ကြည်ညိုဘွယ်ဖြစ်အောင်) ရွတ်ဆိုခြင်းသည် **သရဘာည** မည်၏။ (ဋီကာ)

၃-(၁) ရှေးဦးစွာအဘိညာဥ်၏ ပါဒကစျာန်ကို ဝင်စားခြင်း၊ (၂) ထိုစျာန်မှ ထ၍ ဖန်ဆင်းလိုသောအရာကို ကာမာဝစရစိတ်ဖြင့် 'မည်သို့ ဖြစ်စေ' ဟု ပရိကံပြုခြင်း၊ (၃) တဖန် အဘိညာဥ်၏ ပါဒကစျာန်ကို ဝင်စားခြင်း၊ (၄) ထိုစျာန်မှ ထပြီးနောက် အလိုရှိရာကို 'မည်သို့ ဖြစ်စေ' ဟု (အာ-

http://www.dhammadownload.com



ဤဆိုလတံ့သည်ကား အထူးပေတည်း၊ ဤ တန်ခိုးရှင်ရဟန်းသည် ယခု ပြဆိုခဲ့သည့်အတိုင်း အများဖြစ်အောင် ဖန်ဆင်းပြီး၍ တဖန် "တပါးတည်းသာဖြစ်လျက် စင်္ကြံသွားအံ့၊ ရွတ်ဆိုခြင်းကိုပြုအံ့၊ ပြဿနာကိုမေးအံ့" ဟု ကြံ၍သော်၎င်း၊ "ဤကျောင်းတိုက်သည် နည်းသောရဟန်းရှိ၏၊ အကယ်၍ အချို့သောသူတို့ လာကြပါမူ ဤမျှလောက်များကုန်သော ဤအဆင်တူရဟန်းတို့သည် ဘယ်ကရောက်လာကြအံ့နည်း၊ စင်စစ်အားဖြင့် ဤအရာသည် ကျောင်းရှိမထေရ်၏ တန်ခိုးအာနုဘော်ပင်ဖြစ်မည်ဟု ငါ့ကို တန်ခိုးရှင်မှန်း သိသွားကြလိမ့်မည်" ဟု အလိုနည်းခြင်းကြောင့်သော်၎င်း အဓိဋ္ဌာန် ပြုထားသော အချိန်မကုန်မီ အကြား၌ပင်လျှင် "တပါးတည်း ဖြစ်လိုသည်" ဟု အလိုရှိသောရဟန်းသည် ပါဒကဈာန်ကို ဝင်စားပြီးလျှင် ထိုဈာန်မှထ၍ "တပါးတည်းဖြစ်လို၏ (ဖြစ်စေ)" ဟု ပရိကံပြုပြီးလျှင် တဖန် ပါဒကဈာန်ကို ဝင်စား၍ ထိုဈာန်မှထ၍ "တပါးတည်း ဖြစ်စေ" ဟု အဓိဋ္ဌာန်အပ်၏။ အဓိဋ္ဌာန်စိတ်နှင့် တပြိုင်နက်ပင် တပါးတည်းဖြစ်၏။ ဤသို့ မပြုပါမူကား ပိုင်းခြားထားသည့် ကာလ၏ အစွမ်းအားဖြင့် အလိုလိုပင် တပါးတည်းဖြစ်၏။

၃၈၇။ **အာဝိဘာဝံ တိရောဘာဝံ**[၁] ဟူသော ဤစကားရပ်၌ ထင်ရှားဖြစ်ခြင်းကို ပြု၏၊ တဖက်၌ဖြစ်ခြင်း (ကွယ်ခြင်း) ကို ပြု၏။ ဤကား

---

မှတ်ချက်

ဝဇ္ဇန်း ပရိကံ ဥပစာ ဂေါတြဘူ- ဟူသော ကာမာဝစရစိတ်များ ရှေ့သွားသော) စတုတ္ထဈာန် အဘိညာဉ်စိတ်ဖြင့် အဓိဋ္ဌာန်ခြင်း၊ (၅) ထိုအဓိဋ္ဌာန်စိတ်နှင့် တပြိုင်နက် လိုအပ်သော ဖန်ဆင်းမှု ပြီးမြောက်ခြင်း - အဓိဋ္ဌာန် ဖန်ဆင်းမှု ဟူသမျှ၌ ဤ အစီအစဉ်အတိုင်းပင်ဟု ညွှန်းသည်။

၁-သီလက္ခန္ဓဝဂ္ဂပါဠိ၊ သာမညဖလသုတ်၊ ဣဒ္ဓိဝိဓဉာဏ်အရာမှ ထုတ်ပြသော ပါဠိဖြစ်သည်။ နောက်အဖွင့်တို့၌လည်း သံဝဏ္ဏေတဗ္ဗကို အလွယ်တကူကြည့်ရှုနိုင်ရန် ယင်းပါဠိကို အပြည့်အစုံ ထုတ်ပြဦးအံ့။

http://www.dhammadownload.com



ဆိုလိုသောအနက်။ မှန်ပေ၏၊ ဤအနက်ကိုပင် ရည်၍ ပဋိသမ္ဘိဒါမဂ်၌ "အာဝိဘာဝံ-ဟူသည်ကား တစုံတခုဖြင့် မဆီးတားအပ်သည် မဖုံးကွယ်အပ်သည် ပွင့်လင်းသည် ထင်ရှားသည်ဖြစ်၏။ တိရောဘာဝံ ဟူသည်ကား တစုံတခုဖြင့် ဆီးတားအပ်သည် ဖုံးကွယ်အပ်သည် ပိတ်အပ်သည် မှောက်အပ်သည်ဖြစ်၏"ဟု ဖွင့်ဆိုထားပေသည်။ ထို ၂-မျိုးတို့တွင် ဤတန်ခိုးရှင်သည် ထင်ရှားဖြစ်အောင်ပြုလိုလျှင် အမိုက်မှောင်ကိုမူလည်း အရောင်အလင်းကို (အလင်းဖြစ်အောင်) ပြု၏၊ ဖုံးကွယ်နေသည်ကိုမူလည်း ပွင်းလင်းပွင့်အောင် ပြု၏၊ မထင်ပေါ်သည်ကိုမူလည်း ထင်ပေါ်အောင်ပြု၏။

---

မှတ်ချက်

(က) ဧဝံ သမာဟိတေ စိတ္တေ ပရိသုဒ္ဓေ ပရိယောဒါတေ အနင်္ဂဏေ ဝိဂတူပက္ကိလေသေ မုဒုဘူတေ ကမ္မနိယေ ဌိတေ အာနေဉ္ဇပ္ပတ္တေ ဣဒ္ဓိဝိဓာယ စိတ္တံ အဘိနီဟရတိ အဘိနိန္နာမေတိ၊ သော အနေကဝိဟိတံ ဣဒ္ဓိဝိဓံ ပစ္စနုဘောတိ၊ ဧကောပိ ဟုတွာ ဗဟုဓာ ဟောတိ၊ ဗဟုဓာပိ ဟုတွာ ဧကော ဟောတိ။ (ခ) အာဝိဘာဝံ တိရောဘာဝံ။ (ဂ) တိရောကုဋ္ဋံ တိရောပါကာရံ တိရောပဗ္ဗတံ အသဇ္ဇမာနော ဂစ္ဆတိ သေယျထာပိ အာကာသေ။ (ဃ) ပထဝိယာပိ ဥမ္မုဇ္ဇနိမုဇ္ဇံ ကရောတိ သေယျထာပိ ဥဒကေ။ (င) ဥဒကေပိ အဘိဇ္ဇမာနေ ဂစ္ဆတိ သေယျထာပိ ပထဝိယာ။ (စ) အာကာသေပိ ပလ္လင်္ကေန ကမတိ သေယျထာပိ ပက္ခီ သကုဏော။ (ဆ) ဣမေပိ စန္ဒိမသူရိယေ ဧဝံ မဟိဒ္ဓိကေ ဧဝံ မဟာနုဘာဝေ ပါဏိနာ ပရာမသတိ ပရိမဇ္ဇတိ။ (ဇ) ယာဝ ဗြဟ္မလောကာပိ ကာယေန ဝသံ ဝတ္တေတိ။(သီလက္ခန်ပါဠိတော်)

အထက်ပါ ပါဠိတော်မှ (က) အမှတ်အပိုဒ်ကို ဤနိဒ္ဒေသအစ၌ပင် ထုတ်ပြခဲ့၍ ယင်း၏ အနက်ကိုလည်း ဖွင့်ပြခဲ့ပြီ၊ (ဂ) အမှတ်ပြ စသော နောက်အပိုဒ်များကိုလည်း အသီးအသီး အစဉ်အတိုင်း ထုတ်ပြ၍ ဖွင့်ပြသွားပေလိမ့်မည်၊ ယခု (ခ) အမှတ်ပြစာပိုဒ်ကို ဖွင့်ပြရန်အတွက် အထက်ပါအတိုင်း ထုတ်ပြတော်မူပေသည်။

http://www.dhammadownload.com



အဘယ်သို့နည်း ဟူမူ။ ဤတန်ခိုးရှင်သည် ဖုံးကွယ်နေသောသူကိုလည်း တွေ့မြင်ရအောင် အဝေး၌ တည်သောသူကိုလည်း တွေ့မြင်ရအောင် မိမိကိုယ်ကို ဖြစ်စေ သူတပါးကို ဖြစ်စေ ပြုလိုလျှင် ပါဒကစျာန်မှ ထ၍ ဤအမိုက်မှောင်သည် ဖြစ်သောအလင်းရှိသည် ဖြစ်စေ ဟူ၍ သော်ငင်း, ဤဖုံးကွယ်နေသောအရာသည် ဟင်းလင်းပွင့်စေဟူ၍သော်ငင်း, ဤမထင်ပေါ်သောအရာသည် ထင်ပေါ်စေဟူ၍သော်ငင်း ဆင်ခြင်လျက် ပရိကံကိုပြုပြီးလျှင် ဆိုခဲ့ပြီးသောနည်းဖြင့်ပင်လျှင် အဓိဋ္ဌာန်၏၊ အဓိဋ္ဌာန်စိတ်နှင့် တပြိုင်နက် အဓိဋ္ဌာန်သည့် အတိုင်းပင် ဖြစ်၏။ အဝေး၌ တည်ကြသော်လည်း တပါးသော ပုဂ္ဂိုလ်တို့သည် (မိမိကို) မြင်ကုန်၏၊ မိမိကိုယ်တိုင်ကလည်း မြင်လိုလျှင် မြင်ပေ၏။

[၁၉] ၃၈၈။ ဤတန်ခိုးပြာဋိဟာကို[၁] အဘယ်သူ ပြုဘူးသနည်းဟူမူ မြတ်စွာဘုရား ပြုဘူးသည်။ ပြုဘူးပုံမှာ-မြတ်စွာဘုရားသည် (အနာထပိဏ် သေဌေး၏ သမီးဖြစ်သူ) စူဠသုဘဒ္ဒါက ပင့်လျှောက်အပ်သည်ဖြစ်၍ ဝိသကြုံနတ်[၂] ဖန်ဆင်းအပ်သော ငါးရာသော ပြာသာဒ်ဆောင်(ယာဉ်ပျံ)

---

မှတ်ချက်

၁–ပဋိ-ဆန့်ကျင်ဖက်ကို+ဟရ-ဆောင်သွားတတ်-ပယ်ရှားတတ်သည်=ပဋိဟရ-ပါဋိဟာရိယ-ဆန့်ကျင်ဖက်ကို ပယ်ရှားတတ်သောအမှု၊ ထို ပါဋိဟာရိယကို ပြာဋိဟာ-ဟု မြန်မာပြန်ကြသည်။ ယင်း ပါဋိဟာရိယ-ပြာဋိဟာသည် (၁) ဣဒ္ဓိပါဋိဟာရိယ-တန်ခိုးပြာဋိဟာ၊ (၂) အာဒေသနာပါဋိဟာရိယ-တင်ကြိုဟောအတပ်ဟောပြာဋိဟာ၊ (၃) အနုသာသနီပါဋိဟာရိယ-ဆုံးမ ညွှန်ကြားမှုပြာဋိဟာ-ဟူ၍ သုံးပါး အပြားရှိ၏။ ထိုတွင် ဤအရာ၌ အမှတ် (၁) ပြာဋိဟာကို ဆိုလိုသောကြောင့် ပါဋိဟာရိယံ-ပုဒ်ကို တန်ခိုးပြာဋိဟာ ဟု အနက်ပြန်သည်။

၂–ဝိဿ-အလုံးစုံသော+ကမ္မ-အမှုရှိသည်=ဝိဿကမ္မ-ဝိသကြုံ-အမှုကိစ္စ အလုံးစုံကို ဖန်ဆင်းပြုလုပ်တတ်သူ။

http://www.dhammadownload.com



ကျောင်းတို့ဖြင့် သာဝတ္ထိမြို့မှ ခုနစ်ယူဇနာဝေးကွာသော သာကေတမြို့သို့ ကြွတော်မူသောအခါ သာကေတမြို့နေလူတို့က သာဝတ္ထိမြို့နေလူတို့ကို မြင်အောင် သာဝတ္ထိမြို့နေလူတို့ကကည်း သာကေတမြို့နေလူတို့ကို မြင်အောင် အဓိဋ္ဌာန်ပြုတော်မူလေသည်။ သာကေတမြို့အလယ်၌ သက်ဆင်းတော်မူပြီးလျှင် မြေကြီးကို နှစ်ဖြာခွဲ၍ အဝီစိတိုင်အောင် မြင်စေတော်မူ၏၊ ကောင်းကင်ကိုလည်း နှစ်ဖြာရှဲစေ၍ ¹ ဗြဟ္မာ့ပြည်တိုင်အောင် မြင်စေတော်မူ၏။

ထို့ပြင် နတ်ပြည်မှ သက်ဆင်းတော်မူခြင်းဖြင့်လည်း ထင်ရှားမြင်အောင် ပြုတော်မူခြင်းဟူသော ဤအနက်ကို ထင်ရှားပြသင့်ပေ၏။ တဆင့်စကား ကြားရသည်မှာ မြတ်စွာဘုရားသည် ရေမီးအစုံအစုံဖန်ဆင်းပြသော ယမိုက်ပြာဋိဟာကို ပြုတော်မူ၍ ရှစ်သောင်းလေးထောင်သော သတ္တဝါတို့ကို ကိလေသာအနှောင်အဖွဲ့မှ လွတ်စေတော်မူပြီးလျှင် "ရှေးအတိတ်က ဗုဒ္ဓမြတ်စွာတို့သည် ယမိုက်ပြာဋိဟာပြုတော်မူပြီးနောက် အဘယ်သို့ ကြွတော်မူကုန်သနည်း"ဟု ဆင်ခြင်တော်မူ၍ တာဝတိံသာနတ်ပြည်သို့ ကြွတော်

---

မှတ်ချက်

၁ – အထက် အထက် ဗိမာန်တို့ကို ကွယ်ခြားတတ်ကုန်သော အာကာသ၌ တည်ရှိသည့် အောက်အောက်ဗိမာန်တို့ကို ဖယ်ရှားလိုက်လျှင် ထိုအောက်ဗိမာန်တို့၏တည်ရာ ကောင်းကင်ကို ဖယ်ရှားအပ်-ရှဲစေအပ်သည် မည်၏၊ ဤသို့သော အလိုဖြင့် "ကောင်းကင်ကိုလည်း နှစ်ဖြာ ရှဲစေ၍"ဟု ဝိသုဒ္ဓိမဂ်၌ ဆိုလေသည်။ (ဋီကာ) ယခု လူတို့က နတ်ဘုံဗိမာန်တို့ကို မမြင်ကြရသည်မှာ အခြား ဗိမာန်များက ကွယ်နေသောကြောင့် မဟုတ်ပေ၊ လူတို့၏ မျက်စိဖြင့် မမြင်နိုင်ကောင်းသည့် သိမ်မွေ့သောရုပ်များ ဖြစ်သောကြောင့်သာတည်း၊ ထို့ကြောင့် ထိုသိမ်မွေ့သော ရုပ်ဝတ္ထုတို့ကို လူတို့ မြင်နိုင်အောင် အဓိဋ္ဌာန်ပြုခြင်းကိုပင် အာကာသကို ခွဲပြသကဲ့သို့ ဖြစ်သောကြောင့် ထိုသို့ဆိုသည်ဟု ယူသင့်၏။

http://www.dhammadownload.com



မှုကြောင်း မြင်တော်မူလေသည်။ ထိုသို့ မြင်တော်မူပြီးသောအခါ တဖက်သော ခြေတော်ဖြင့် မြေပြင်ပေါ်၌ နင်းတော်မူလျက် ဒုတိယ ခြေတော်ကို ယုဂန္ဓိုရ် တောင်ထက်၌ တည်စေပြီးလျှင် ရှေးခြေတော်ကို မြှောက်ချီတော်မူကာ မြင်းမိုရ်တောင်ထိပ်ကို နင်းတော်မူ၍ ထိုမြင်းမိုရ် တောင်ထိပ်[၁] တာဝတိံသာနတ်ပြည်ဝယ် ပဏ္ဍုကမ္ဗလာ ကျောက်ဖျာ ထက်၌ ဝါကပ်တော်မူပြီးလျှင် တသောင်းသော စကြာဝဠာတိုက်တို့မှ လာရောက်စုဝေးလျက်ရှိသော နတ်တို့အား အစမှ စ၍ အဘိဓမ္မာဒေသနာ ကို အားထုတ်ဟောကြားတော်မူလေသည်။ နံနက် ဆွမ်းခံကြွချိန်၌ နိမ္မိတ ဘုရား ရုပ်ပွါးတော်ကို ဖန်ဆင်းတော်မူ၍၊ ထိုနိမ္မိတဘုရားက (အစဥ်ရောက် ရာမှ စ၍) အဘိဓမ္မာတရားကို ဆက်လက်ဟောကြားတော်မူလေသည်။ (သက်တော်ထင်ရှားရှိသော) မြတ်စွာဘုရားသည် (ဤမြေပြင် ဟိမဝန္တာ အရပ်သို့ ဆင်းသက်တော်မူခဲ့ပြီးလျှင်) နာဂလတာခေါ် နဂါးနွယ်ဒန်ပူကို သုံးဆောင်တော်မူ၍ အနဝတတ်အိုင်၌ မျက်နှာသစ်တော်မူပြီးလျှင် ဥတ္တရ-ကုရုအရပ်တို့၌ ဝါ-မြောက်ကျွန်း၌[၂] ဆွမ်းကိုခံယူတော်မူခဲ့၍ အနဝတတ်အိုင်

မှတ်ချက်

၁–ယခုခေတ်၌ လေယာဉ်ပျံဖြင့်ရှင်း၊ အာကာသယာဉ်ဖြင့်ရှင်း ကမ္ဘာကို အကြိမ်ကြိမ်ပတ်၍ စူးစမ်းရှာဖွေကြရာ မြင်းမိုရ်တောင်ကိုကား မတွေ့ကြရ၊ သို့ဖြစ်၍ ယင်းမြင်းမိုရ်တောင်သည် နတ်တို့၏ နေရာဖြစ်သောကြောင့် နတ်တို့ကို လူ့မျက်စိဖြင့် မမြင်နိုင်သကဲ့သို့ပင် လူ့မျက်စိဖြင့် မမြင်နိုင်လောက် အောင် သိမ်မွေ့ကြည်လင်သော ရုပ်အပေါင်းမျှသာ ဖြစ်သည်ဟု ယူလျှင် သင့်လျော်ရာ၏၊ ယင်း၏ အရံဖြစ်သော တောင်စဉ်ခုနစ်ခုတို့ကိုလည်း နည်း တူပင် ယူရာ၏။

၂–ဤ၌ ပဌမအနက်သည် ဗဟုဝုစ်ဖြင့်ရှိသော ဥတ္တရကုရုသ-ပုဒ်၏ အတိအကျ သဒ္ဒါနက် ဖြစ်သည်။ ကုရုအပါအဝင် ကာသိကောသလအစရှိသော ဇနပုဒ် ဟော သဒ္ဒါတို့၌ ထိုထို ဇနပုဒ်ပိုင်ရှင်မင်းတို့ကို ငဲ့၍ ဗဟုဝုစ်ဖြင့် ဆိုရန်

http://www.dhammadownload.com



အနီး၌ ဘုဉ်းပေးတော်မူလေသည်။ အရှင်သာရိပုတ္တရာမထေရ်သည် ထို အရပ်သို့ ကြွသွား၍ မြတ်စွာဘုရားကို ရှိခိုးကန်တော့၏။ မြတ်စွာဘုရားက "ယနေ့ ဤမျှသောတရားကိုဟောခဲ့ပြီ" ဟု အရှင်သာရိပုတ္တရာမထေရ်အား နည်းပေးတော်မူ၏။ ဤနည်းဖြင့် သုံးလတို့ပတ်လုံး အဘိဓမ္မာဒေသနာ တော်ကို မပြတ်မစဲ ဟောတော်မူ၏။ ထိုတရားတော်ကို နာကြားကြ၍ ကုဋေရှစ်ဆယ်သော နတ် ဗြဟ္မာတို့အား သစ္စာလေးပါးတရားကို သိခြင်း ဖြစ်လေသည်။

ယမိုက်ပြာဋိဟာပြပွဲ၌ လာရောက်စုဝေးလျက်ရှိသော အချင်း တဆဲ့နှစ် ယူဇနာရှိ လူထုပရိသတ်သည်လည်း မြတ်စွာဘုရားကို ဖူးမြော်ပြီးမှသာလျှင် (သူတို့၏နေရပ်သို့)သွားကြမည်ဟု ရည်ရွယ်ကာ သစ်တပ်ဖွဲ့၍ တည်နေလေ

---

မှတ်ချက်

ဗျာကရုဏ်းဥပဒေသ ရှိ၏၊ ထိုဥပဒေသအရ ဆိုထားသည်ဟု အတိအကျ ယူလိုက ယူနိုင်ရန် အတိအကျ ပြန်ထားခြင်း ဖြစ်သည်။ ဝါ-ဖြင့် ပြသော ဒုတိယအနက်သည်ကား ပြည်မူ နိဿယမှ အနက်ဖြစ်သည်။ ထိုအနက်သည် ဥတ္တရကုရုံ ဂစ္ဆတိ=မြောက်ကျွန်းသို့ ကြွတော်မူသည်ဟု ပြဆိုထားသော အဋ္ဌသာလိနီနိဒါန်းစကားနှင့် အညီပင် ဖြစ်သည်၊ ဤအရာ၌လည်း ဥတ္တရ-ကုရုသ္မိံ-ဟု ကေဝုစ်ဖြင့် ရှိလျှင် ထိုအဋ္ဌသာလိနီနိဒါန်းနှင့် တသားတည်း ညီရာ၏။ ရှေးက ဇမ္ဗူဒိပ်ခေါ် ယခု အိန္ဒိယနိုင်ငံ၌ နံနက်အချိန်သည် ဥတ္တရကုရုခေါ် မြောက်ကျွန်း၌ ညနေအချိန် ဖြစ်သည်ဟု စာပေကျမ်းဂန်တို့၌ အဆိုရှိ၏၊ ယခုအခါ အိန္ဒိယ၌ နံနက်ပိုင်းအချိန်မှာ အမေရိကတိုက်၌ ညနေပိုင်းအချိန် ဖြစ်ကြောင်း ရေဒီယိုမှ ပြောဆိုချက်ဖြင့် ထင်ရှားလှ၏။ ထို့ကြောင့် ထိုစဉ်အခါက မြတ်စွာဘုရား ဆွမ်းခံကြွတော်မူရာဖြစ်သော ဥတ္တရကုရုခေါ် မြောက်ကျွန်းသည် အမေရိကတိုက်ပင် ဖြစ်သည်ဟူ၍ ယူဖွယ် ရှိ၏။

http://www.dhammadownload.com



သည်။ ထိုလူထုပရိသတ်ကို အနာထပိဏ် သေဋ္ဌေးကြီး၏ညီ စူဠအနာထပိဏ် သေဋ္ဌေးကသာလျှင် အလုံးစုံသောပစ္စည်းတို့ဖြင့် လုပ်ကျွေး၏။ စုဝေးလျက်ရှိကြသောလူတို့သည် "မြတ်စွာဘုရား ဘယ်အရပ်မှာနည်း" ဟု သိရန် အကျိုးငှါ အရှင်အနုရုဒ္ဓါမထေရ်ကို မေးလျှောက်တောင်းပန်ကုန်၏၊ အရှင်အနုရုဒ္ဓါမထေရ်သည် အလင်းကိုပွါးစေ၍ ဒိဗ္ဗစက္ခုဖြင့် ကြည့်လတ်သော် ထိုတာဝတိံသာနတ်ပြည်၌ ဝါကပ်လျက်ရှိသော မြတ်စွာဘုရားကို မြင်တော်မူ၍ ပြောကြားတော်မူ၏။

ထိုလူတို့သည် မြတ်စွာဘုရားအား ရှိခိုးကန်တော့ရန် မဟာမောဂ္ဂလာန်မထေရ်ကို တောင်းပန်ကြ၏။ မဟာမောဂ္ဂလာန်မထေရ်သည် ပရိသတ်အလယ်၌ပင်လျှင် မဟာပထဝီမြေကြီး၌ ငုပ်လျှိုး၍ မြင်းမိုရ်တောင်ကို ဖောက်ထွင်းပြီးလျှင်[၂၀]မြတ်စွာဘုရား၏ ခြေတော်ရင်း၌ မြတ်စွာဘုရား၏ ခြေတော်တို့ကို ရှိခိုးလျက်သာလျှင် ပေါ်ထွက်၍ "ဇမ္ဗူဒိပ်ကျွန်းနေ လူတို့သည် မြတ်စွာဘုရား၏ ခြေတော်တို့ကို ရှိခိုး၍ ဖူးမြော်ကြပြီးမှသာလျှင် (သူတို့၏နေရပ်သို့)သွားကြမည် ဆိုကြပါသည် အရှင်ဘုရား" ဟု လျှောက်ထားလေ၏။ မြတ်စွာဘုရားက "မောဂ္ဂလာန်၊ သင်၏ နောင်တော် တရားစစ်သူကြီး သာရိပုတ္တရာသည် ယခု ဘယ်မှာနေသနည်း"ဟု မေးတော်မူ၏။ သင်္ကဿနဂိုရ်မှာ နေပါသည် အရှင်ဘုရား-ဟု လျှောက်၏။ မောဂ္ဂလာန်၊ ငါ့ကို ဖူးမြော်လိုသောသူတို့သည် နက်ဖြန်ခါ သင်္ကဿမြို့သို့ သွားကြစေ၊ နက်ဖြန် သီတင်းကျွတ်လပြည့် မဟာပဝါရဏာနေ့ ဥပုသ်နေ့၌ သင်္ကဿမြို့သို့ ငါ ဆင်းသက်ကြွလာမည်-ဟု မိန့်တော်မူလိုက်၏။ အရှင်မဟာမောဂ္ဂလာန်-မထေရ်သည် "ကောင်းပါပြီ အရှင်ဘုရား" ဟု လျှောက်၍ မြတ်စွာဘုရားကို ရှိခိုးကန်တော့ပြီးလျှင် လာခဲ့သောလမ်းဖြင့်ပင် သက်ဆင်းခဲ့၍ လူတို့၏ အထံသို့ ရောက်လေ၏။ သွားစဉ် ပြန်လာစဉ် ကာလ၌လည်း သူ့ကို လူတို့ မြင်အောင် အဓိဋ္ဌာန်ပြုလေသည်။ ဤသည်ကား ဤအရာ၌ ရှေးဦးစွာ အရှင်

http://www.dhammadownload.com



မဟာမောဂ္ဂလာန်မထေရ် ဖန်ဆင်းသည့် ထင်ရှားဖြစ်သော တန်ခိုးပြာဋိဟာပေတည်း[၁]။

ထိုအရှင်မဟာမောဂ္ဂလာန်သည် ယခု ဆိုခဲ့သည့်အတိုင်း ပြန်လာခဲ့ပြီးလျှင် မြတ်စွာဘုရားမိန့်တော်မူလိုက်သော ထိုအကြောင်းကို ပြောကြား၍ "ဝေးလှသည်ဟု မအောက်မေ့ကြပဲ နံနက်စာစားပြီးကြမှသာလျှင် ထွက်ကြကုန်"ဟု မိန့်ဆိုတော်မူ၏။ မြတ်စွာဘုရားသည် သိကြားမင်းအား "သိကြားမင်း၊ နက်ဖြန် လူ့လောကသို့ကြွမည်"ဟု ပြောကြားတော်မူ၏။ သိကြားနတ်မင်းသည် "အမောင်ဝိသကြုံ၊ မြတ်စွာဘုရားသည် နက်ဖြန်ခါ လူ့လောကသို့ ကြွတော်မူလို၏၊ ရွှေစောင်းတန်းတခု ငွေစောင်းတန်းတခု ပတ္တမြားစောင်းတန်းတခုအားဖြင့် သုံးသွယ်သောစောင်းတန်းတို့ကို ဖန်ဆင်းလော့" ဟု ဝိသကြုံနတ်သားကို အမိန့်ပေး၏။ ဝိသကြုံနတ်သားကလည်း ထိုအမိန့်အတိုင်း ဖန်ဆင်း၏။ မြတ်စွာဘုရားသည် ဒုတိယနေ့မှာ မြင်းမိုရ်တောင်ထိပ်၌ ရပ်တော်မူလျက် အရှေ့လောကဓာတ်ကို ကြည့်ရှုတော်မူ၏၊ တထောင်မက များစွာသော စကြာဝဠာတို့သည် ဟင်းလင်းပွင့်ကုန်လျက် တပြင်တည်းကဲ့သို့ ထင်ပေါ်ကုန်၏။ အရှေ့အရပ်ဖြင့် ဟင်းလင်းထင်ရှားသကဲ့သို့ပင် ဤအတူ အနောက်အရပ် မြောက်အရပ် တောင်အရပ်ဖြင့်လည်း အလုံးစုံကို ဟင်းလင်းပွင့်လျက် မြင်ရလေသည်။ အောက်ဖက်၌လည်း အဝီစိတိုင်အောင် အထက်ဖက်၌လည်း အကနိဋ္ဌဘုံတိုင်အောင်[၂] မြင်ရလေသည်။

---

မှတ်ချက်

၁ – မြန်မာစကား ချောအောင် ပြန်ချက်ဖြစ်သည်၊ အတိအကျပြန်လျှင် "ဤအရာ၌ အရှင်မဟာမောဂ္ဂလာန် မထေရ်သည် ရှေးဦးစွာ ဤထင်ရှားဖြစ်သည့် တန်ခိုးပြာဋိဟာကို ပြုတော်မူ၏"ဟု ဖြစ်သည်။

၂ – ဤအလိုအားဖြင့် အရူပဘုံ၌ ဗိမာန်များရှိအံ့ဟု ယူရပေလိမ့်မည်။

http://www.dhammadownload.com



ထိုနေ့၌ (တသိန်းမက များစွာသော စကြာဝဠာလောကနှင့် သတ္တဝါအပေါင်း လောကကို ထင်ရှားပေါ်စေသော) လောက ဝိဝရဏမည်သော[1] တန်ခိုးဖန်ဆင်းခြင်း ဖြစ်ခဲ့သည်ဆို၏[2]၊ လူတို့သည်လည်း နတ်တို့ကို မြင်ကုန်၏ နတ်တို့သည်လည်း လူတို့ကို မြင်ကုန်၏၊ ထိုသို့မြင်ရာ၌ လူတို့က အထက်သို့ မော်ကြည့်ရသည် မဟုတ်ကုန်၊ နတ်တို့ကလည်း အောက်သို့ ငုံ့ကြည့်ရသည် မဟုတ်ကုန်၊ နတ် လူ အားလုံးတို့သည် မိမိတို့၏ ရှေ့မျက်မှောက်၌သာလျှင် အချင်းချင်းကို မြင်ကုန်၏။ မြတ်စွာဘုရားသည် ပတ္တမြားဖြင့် ပြီးသော အလယ်စောင်းတန်း လှေကားဖြင့် ဆင်းသက်တော်မူ၏။ ၆-မျိုးသော ကာမာဝစရနတ်တို့သည် လက်ဝဲဖက် ရွှေစောင်းတန်း လှေကားဖြင့် (ဆင်းသက်ကုန်၏)၊ သုဒ္ဓါဝါသဗြဟ္မာတို့သည်ရှင်း မဟာဗြဟ္မာကြီးသည်ရှင်း[3]

မှတ်ချက်

၁-လောက- ဩကာသလောကနှင့် သတ္တလောကကို+ဝိဝရဏ- ဟင်းလင်းပွင့်စေသော တန်ခိုး=လောကဝိဝရဏ-စကြာဝဠာအပေါင်း ဩကာသလောကနှင့် သတ္တဝါအပေါင်း သတ္တလောကကို ဟင်းလင်းပွင့်စေ- ထင်ရှားမြင်စေသော တန်ခိုး။

၂-အဟောသိ ကိရ-ဖြစ်သတတ်-ဟူသော ရှေးစာပေသုံးစကားကို ယခုခေတ်သုံးစကားဖြင့် ပြန်ဆိုချက် ဖြစ်သည်။

၃-သဟမ္ပတိဗြဟ္မာဟု ဋီကာ၌ ဖွင့်ပြ၏။ သဟမ္ပတိဗြဟ္မာသည် ကဿပဘုရားလက်ထက်က သဟကအမည်ရှိသော ရဟန်းဖြစ်ခဲ့၍ ပဉ္စမဈာန်ရပြီး စုတေသောအခါ ပဉ္စမဈာန်ဘုံ၌ တစ်ကမ္ဘာပတ်လုံး အသက်ရှည်မည့် ဗြဟ္မာဖြစ်ကြောင်း မူလပဏ္ဏာသ ပါသရာသိသုတ်အဖွင့် အဋ္ဌကထာစသည်တို့၌ ဆို၏။ ကမ္ဘာဦးက ရှေးဦးစွာဖြစ်သော ဗြဟ္မာကို မဟာဗြဟ္မာခေါ်ကြောင်း သုတ်သီလက္ခန်ပါဠိစသည်တို့၌ ဆို၏။ ထိုအဋ္ဌကထာနှင့် ပါဠိတော်တို့၏ အရအားဖြင့် သဟမ္ပတိဗြဟ္မာသည် ကမ္ဘာဦးက ဖြစ်ခဲ့သည့် ဗြဟ္မာမဟုတ်သောကြောင့် ဤ၌ မဟာဗြဟ္မာကြီးဟု ဆိုခြင်းသည် သဟမ္ပတိကိုပင် ရည်သ

http://www.dhammadownload.com



လကျ်ာဖက် ငွေစောင်းတန်းလှေကားဖြင့် (ဆင်းသက်ကုန်၏)။ သိကြား နတ်မင်းသည် မြတ်စွာဘုရား၏ သပိတ် သင်္ကန်းကို ယူလာခဲ့၏၊ မဟာ-ဗြဟ္မာကြီးသည် သုံးယူဇနာရှိသော ထီးဖြူတော်ကို မိုးလျက်၊ သုယာမ နတ်မင်းသည် သားမြီးယပ်ကိုကိုင်လျက်၊ ပဉ္စသိခမည်သော ဂန္ဓဗ္ဗနတ်သား သည် ဥသျှစ်သီးမှည့်ကဲ့သို့ ဝါဖျော့ဖျော့အဆင်းရှိ၍ ဗေလုဝပဏ္ဍု မည် သော သုံးဂါဝုတ်ခန့်ရှိ စောင်းကိုကိုင်လျက် မြတ်စွာဘုရားအား ပူဇော် ယင်း ဆင်းသက်၏။ ထို နေ့၌ မြတ်စွာဘုရားကို ဖူးမြင်၍ ဘုရား ဖြစ်ရန် လိုချင်တောင့်တခြင်းကို မဖြစ်စေပဲ တည်သော သတ္တဝါမည်သည် မရှိပေ။ ဤသည်ကား ဤအရာ၌ မြတ်စွာဘုရား ဖန်ဆင်းသော ထင်ရှား ဖြစ်သည့် တန်ခိုးပြာဋိဟာပေတည်း။

[ ၂၁ ] တနည်း ပြရလျှင်[၁] သီဟိုဠ်ကျွန်း၌ တလင်္ဂရကျောင်းနေ ဓမ္မဒိန္နမထေရ်သည်လည်း တိဿမဟာဝိဟာရဝယ် စေတီယင်ပြင်၌ ထိုင် ပြီးလျှင် "သုံးပါးသော အကျင့်တရားတို့နှင့် ပြည့်စုံသော ရဟန်းသည် အပဏ္ဏကပဋိပဒါမည်သော ကိန်းသေ အကျင့်ကို ကျင့်သည် မည်ပေ၏" အစရှိသော အပဏ္ဏကသုတ်ကို ဟောနေစဉ် ယပ်ကိုအောက်ဖက်သို့ ရှေးရှု ပြုလိုက်၏၊ အဝီစိတိုင်အောင် တပြင်တည်း ဟင်းလင်းပွင့်လေသည်၊ ထို့နောက် ယပ်ကို အထက်ဖက်သို့ ရှေးရှုပြုလိုက်ပြန်၏၊ ဗြဟ္မာ့ပြည် တိုင်အောင် တပြင်တည်း ဟင်းလင်း ပွင့်လေသည်။ ဓမ္မဒိန္နမထေရ်သည်

---

မှတ်ချက်

လော မရည်သလော စဉ်းစားဖွယ်ရှိ၏။ ဓမ္မပဒအဋ္ဌကထာ၌ကား တာဝတိံ သာမှ ဆင်းသက်တော်မူပုံကို ပြသော ဤအရာတွင် မဟာဗြဟ္မာနော၊ မဟာဗြဟ္မာတို့သည်-ဟု ဗဟုဝုစ်ဖြင့် ဆိုထား၏။

၁ – အပိ စ-၏ အနက်ဖြစ်သည်။ ဤနည်း၌ တန်ခိုးရှင်ကို ပြခြင်းမဟုတ်ပဲ ငရဲ ပြည် နတ်ပြည်တို့ကိုသာ ပြခြင်း ဖြစ်သည်။

http://www.dhammadownload.com



ငရဲဘေးဖြင့် ခြိမ်းခြောက်၍ရင်း, နတ်ပြည်ချမ်းသာဖြင့် ဖြားယောင်း၍ရင်း[၁] တရားကိုဟောတော်မူလေသည်၊ အချို့သောတာပန် ဖြစ်ကြလေသည်၊အချို့ သကဒါဂါမ် အနာဂါမ် ရဟန္တာဖြစ်ကြလေသည်။ ဤတွင် တရပ်ပြီး၏။

၃၈၉။ ကွယ်ခြင်းကို ပြုလိုလျှင်မူကား အလင်းရောင်ကိုမူလည်း အမိုက် မှောင်ပြု၏၊ အဖုံးအကွယ်မရှိသည်ကိုမူလည်း ဖုံးကွယ်အောင်ပြု၏၊ ထင်ပေါ် သည်ကိုမူလည်း မထင်ပေါ်အောင်ပြု၏၊ အဘယ်သို့နည်းဟူမူ ဤတန်ခိုးရှင် သည် အဖုံးအကွယ်မရှိသောသူကိုသော်လည်း, အနီး၌ တည်နေသောသူကို သော်လည်း မမြင်ရအောင် မိမိကိုယ်ကိုသော်ရင်း, သူတပါးကိုသော်ရင်း ပြုလိုလျှင် ပါဒကစျာန်မှ ထ၍ "ဤအရောင်အလင်းရှိရာဌာနသည် အမိုက် တိုက်ဖြစ်စေ"ဟူ၍သော်ရင်း, "ဤအဖုံးအကွယ် မရှိသောအရာသည် ဖုံး ကွယ်အပ်သည်(ဖုံးကွယ်နေသည်)ဖြစ်စေ"ဟူ၍သော်ရင်း, "ဤထင်ပေါ်နေ သောအရာသည် မထင်ပေါ်သည်ဖြစ်စေ"ဟူ၍သော်ရင်း ဆင်ခြင်၍ ပရိကံ ကိုပြုပြီးလျှင် ဆိုခဲ့ပြီးသောနည်းဖြင့်ပင်လျှင် ဓိဋ္ဌာန်၏။ ဓိဋ္ဌာန်သောစိတ်နှင့် တပြိုင်နက်ပင်လျှင် အဓိဋ္ဌာန်ပြုအပ်သည့်အတိုင်း ဖြစ်၏။ အနီး၌ တည်ကုန် သော်လည်း သူတပါးတို့သည် (မိမိကို) မမြင်ကုန်၊ မမြင်လိုသော တန်ခိုး ရှင်သည် (သူတပါးတို့ကို) မိမိကိုယ်တိုင်လည်း မမြင်တော့ပေ။

၃၉၀။ ဤတန်ခိုးပြာဋိဟာကို အဘယ်သူ ပြုဘူးသနည်းဟူမူ-မြတ်စွာ ဘုရား ပြုဘူးသည်။ ပြုဘူးပုံမှာ-မြတ်စွာဘုရားသည် အနီး၌ ထိုင်နေလျက်ပင် ရှိသော ယသအမျိုးသားကို (သူ၏) ဖခင် မမြင်အောင် ပြုတော်မူလေ

---

မှတ်ချက်

၁–မြတ်စွာဘုရား၏ ဒေသနာအစဉ်အရ သဂ္ဂကထာဖြင့် နတ်စည်းစိမ်တို့၌ စိတ်ညွှတ်စေပြီးနောက် ကာမဂုဏ်၏ အပြစ်စသည်ကို ဟောခြင်းဖြင့် မဂ် ဖိုလ်တရားထူးကို ရစေသည်ဟု သိအပ်၏၊ နတ်စည်းစိမ်မျှ၌သာ စွဲမက်နေ ရန်ကား မဟုတ်ပေ။ (ဋီကာကို မှီ၍ ပြသည်)

http://www.dhammadownload.com



သည်။ ထို့အတူပင် ယူဇနာ ၁၂၀-အရပ်တိုင်အောင် မဟာကပ္ပိနမင်းအား ကြိုဆိုခြင်းကို ပြုတော်မူ၍ ထိုမင်းကို အနာဂါမိဖိုလ်၌ ထိုမင်း၏ အမတ်တထောင်ကိုလည်း သောတာပတ္တိဖိုလ်၌ တည်စေပြီးလျှင် ထိုမင်း၏ လာခဲ့ရာလမ်းအတိုင်း လိုက်လာသော မိန်းမတထောင် အခြံအရံ ရှိသော အနောဇာဒေဝီမိဖုရားသည် လာလတ်၍ အနီး၌ ထိုင်နေသော်လည်း အခြွေအရံပရိသတ်နှင့်တကွ မင်းကို မမြင်အောင် ပြုတော်မူ၍ "မဟာကပ္ပိနမင်းကို တွေ့မြင်ပါသလော အရှင်ဘုရား"ဟု အနောဇာဒေဝီက မေးလျှောက်သောအခါ "အသို့နည်း အနောဇာ၊ သင့်မှာ မင်းကို ရှာခြင်းက ကောင်းမြတ်သလော၊ သို့မဟုတ် မိမိကိုယ်ကို ရှာခြင်းက ကောင်းမြတ်သလော"ဟု မေးတော်မူ၏။ "မိမိကိုယ်ကို ရှာခြင်းက ကောင်းမြတ်ပါသည် အရှင်ဘုရား"ဟု ဖြေကြားလျှောက်ထားပြီးလျှင် (ရိုသေစွာ) ထိုင်နေသော ထိုအနောဇာဒေဝီအား အခြံအရံမိန်းမတထောင်နှင့်တကွ သောတာပတ္တိဖိုလ်၌ တည်အောင် တရားကို ဟောတော်မူ၏။ အမတ်တို့သည် အနာဂါမိဖိုလ်၌ မဟာကပ္ပိနမင်းသည် အရဟတ္တဖိုလ်၌ တည်လေ၏[၁]။ ထို့ပြင်လည်း [၂၂] သီဟိုဠ်ကျွန်းသို့ ရောက်သောနေ့၌ မိမိနှင့် အတူလာကြသော အခြားပုဂ္ဂိုလ်တို့ကို ဒေဝါနမ္ပိယတိဿမင်း မမြင်အောင် အဓိဋ္ဌာန်ပြုသော မဟိန္ဒမထေရ်သည်လည်း မမြင်အောင် ဖန်ဆင်းသော ဤတန်ခိုးကို ပြုဘူးသည်သာတည်း။

---

မှတ်ချက်

၁–မြန်မာစကား မရှည်မျောစေရန် ဝါကျခွဲ၍ ပြန်ထားသည်။ မခွဲပဲပြန်လျှင်-ထိုအနောဇာဒေဝီအား အခြံအရံမိန်းမတထောင်နှင့်တကွ ထိုအနောဇာဒေဝီ သောတာပတ္တိဖိုလ်၌ တည်အောင်, အမတ်တို့သည် အနာဂါမိဖိုလ်၌, မဟာကပ္ပိနမင်းသည် အရဟတ္တဖိုလ်၌ တည်အောင် တရားကို ဟောတော်မူ၏-ဟု ဖြစ်၏။

http://www.dhammadownload.com



၃၉၁။ တနည်းပြရလျှင် တန်ခိုးရှင် ထင်ရှားသော ပြာဋိဟာအလုံးစုံသည် အာဝိဘာဝမည်၏။ တန်ခိုးရှင်မထင်ရှားသော ပြာဋိဟာသည် တိရောဘာဝမည်၏။ ထိုတွင် တန်ခိုးရှင် ထင်ရှားသော ပြာဋိဟာ၌ ပြီးမြောက်မှု တန်ခိုးလည်း ထင်ရှား၏ တန်ခိုးရှင်လည်း ထင်ရှား၏။ ယင်း တန်ခိုးပြာဋိဟာကို ယမိုက်ပြာဋိဟာဖြင့် ပြအပ်-သိစေအပ်၏။ မှန်ပေ၏၊ ထိုယမိုက်ပြာဋိဟာ၌ "ဤလောက၌ မြတ်စွာဘုရားသည် သာဝကတို့နှင့် မသက်ဆိုင်သော ယမိုက်ပြာဋိဟာကို ပြု၏၊ အထက်ပိုင်းကိုယ်တော်မှ မီးလျှံအစုသည် ဖြစ်၏၊ အောက်ပိုင်းကိုယ်တော်မှ ရေအယဉ်သည် ဖြစ်၏" ဤသို့စသည်ဖြင့် နှစ်ပါးလုံး ထင်ရှားခဲ့လေ၏။ တန်ခိုးရှင် မထင်ရှားသော ပြာဋိဟာ၌ ပြီးမြောက်မှု တန်ခိုးသည်သာလျှင် ထင်ရှား၏၊ တန်ခိုးရှင်သည် မထင်ရှားပေ။ ယင်း တန်ခိုးပြာဋိဟာကို မဟာကသုတ်ဖြင့်ရင်း ဗြဟ္မနိမန္တနသုတ်ဖြင့်ရင်း ပြအပ်-သိစေအပ်၏။ မှန်ပေ၏၊ ထိုသုတ်တို့၌ အရှင်မဟာက၏ရင်း၊ မြတ်စွာဘုရား၏ရင်း ဖန်ဆင်း၍ ပြီးမြောက်သည့် တန်ခိုးသာ ထင်ရှား၏၊ တန်ခိုးရှင်သည် မထင်ရှားပေ။ ဤအဆိုသည်[၁]—

> "သင့်လျော်သောအရပ်၌ ထိုင်နေပြီးလျှင် စိတ္တသူကြွယ်သည် အရှင်မဟာကကို 'တောင်းပန်ပါသည် အရှင်ဘုရား၊ အရှင်မဟာကသည် အကျွန်ုပ်အား လူ့သာမန်တို့၏ တရားထက်လွန်မြတ်သော တန်ခိုးပြာဋိဟာကို ပြတော်မူပါ' ဟု လျှောက်၏။ ဒါယကာ သို့ဖြစ်လျှင် ကျောင်းဦးဆင်ဝင်၌ အပေါ်ရုံအဝတ်ကို ခင်း၍ မြက်အစုကို ဖြန့်ကြဲထားပါလော့-ဟု ဆို၏။ ကောင်းပါပြီ အရှင်ဘုရား-ဟု အရှင်မဟာကအား ဝန်ခံပြန်ကြားပြီးလျှင် စိတ္တသူကြွယ်သည်

---

မှတ်ချက်

၁ – ဤအဆိုသည်....မလောင်ပေဟု ဆိုသည်နှင့် အညီပင်။ ထို့ပြင်....ဟောတော်မူသည်နှင့်လည်း အညီပင်-ဟု စပ်ပါ။

http://www.dhammadownload.com



ကျောင်းဦးဆင်ဝင်၌ အပေါ် ရုံအဝတ်ကို ခင်း၍ မြက်အစုကို ဖြန့်ကြဲထားလေ၏။ ထိုအခါ၌ အရှင်မဟာကသည် ကျောင်းထဲသို့ ဝင်ပြီးလျှင် ထိုသို့သဘောရှိသော တန်ခိုးဖန်ဆင်းမှုကို ပြုလေသည်၊ ယင်းသို့သော တန်ခိုး ဖန်ဆင်းမှုကြောင့် မီးတောက်မီးလျှံသည် သံကောက်ပေါက်(သော့ပေါက်)ဖြင့်ရင်း၊ တံခါးရွက်တို့၏ အကြားဖြင့်ရင်း ထွက်၍ မြက်တို့ကို လောင်လေ၏၊ အပေါ် ရုံအဝတ်ကိုကား မလောင်ပေ" ဟု ဆိုသည်နှင့် အညီပင်။

ထို့ပြင်—

"ရဟန်းတို့ ထိုအခါ၌ ငါသည် ထိုသို့သဘောရှိသော တန်ခိုးဖန်ဆင်းခြင်းကို ပြုခဲ့ပေသည်၊ ဤမျှဖြင့် ဗကဗြဟ္မာသည်ရင်း၊ ဗကဗြဟ္မာ၏ ပရိသတ်သည်ရင်း၊ ဗြဟ္မပါရိသဇ္ဇာဗြဟ္မာတို့သည်ရင်း၊ ငါ၏အသံကိုလည်း ကြားကုန်လတ့်၊ ငါ့ကိုလည်း မမြင်ကုန်လတ့် ဟု ရည်ရွယ်ကာ ကိုယ်ရောင်ဖျောက်လျက်[၁]—

[၂၃] "ဘဝေဝါဟံ ဘယံ ဒိသွာ၊ ဘဝဉ္စ ဝိဘဝေသိနံ။
　　ဘဝံ နာဘိဝဒိံ ကိဉ္စိ၊ နန္ဒိဉ္စ န ဉပါဒိယိံ"

"(မာရိသာ-ငါ့ကို တွေ့မြင်ရန် ရှာကြံနေကြသော ဗြဟ္မာအပေါင်းတို့)၊အဟံ-ငါသည်၊ ဘဝေ-ဘဝသံသရာထဲ၌၊ ဘယံ-အိုခြင်းနာခြင်းသေခြင်းအစရှိသောဘေးကို၊ ဒိသွာဝေ-မြင်သောကြောင့်သာလျှင်၊ ဝိဘဝေသိနံ-ဘဝကင်းရာကို ရှာနေကြသော သူတို့၏၊ ဘဝဉ္စ-တွယ်တာမှု မကင်းသေးသောကြောင့် အဖန်တလဲလဲ ဖြစ်နေရခြင်း

မှတ်ချက်

၁–အန္တရဟိတော-ပုဒ်၏ အနက်ဖြစ်သည်၊ ၎င်းပုဒ်ကို "ဤဂါထာကို ရွတ်ဆိုခဲ့ပြီ" ဟူသော စကားနှင့် စပ်ပါ။

http://www.dhammadownload.com



ကိုလည်း၊ ဒိသွာဝေ-မြင်သောကြောင့်သာလျှင်၊ ကိဉ္စိ ဘဝံ- တစုံ တခုသော ဘဝကိုမျှ၊ န အဘိဝဒိ°- မချီးမွမ်းသတည်း၊ နန္ဒိဥ္စ- ဘဝ၌ နှစ်သက်ပျော်မွေ့သော တဏှာကိုလည်း၊ န ဥပါဒိယိ°- ဆွဲကိုင် မထားပဲ ပြတ်စဲစွန့်လွှတ်လိုက်ပေသတည်း။" ဣတိ-ဟူသော—

ဤဂါထာကို ရွတ်ဆိုခဲ့ပြီ-ဟု ဟောတော်မူသည်နှင့်လည်း အံညီပင်။

၃၉၂။ တိရောကုဋ္ဋံ တိရောပါကာရံ တိရောပဗ္ဗတံ အသဇ္ဇမာနော ဂစ္ဆတိ သေယျထာပိ အာကာသေ¹-ဟူသော ဤစကားရပ်၌ **တိရောကုဋ္ဋံ** ဟူသည်မှာ နံရံ၏တဖက်သို့၊ နံရံ၏ထိုဖက်အဖို့သို့-ဟု ဆိုလို၏။ **တိရောပါ-ကာရံ**-တံတိုင်း၏ တဖက်သို့၊ **တိရောပဗ္ဗတံ**-တောင်၏ တဖက်သို့ဟူသော ပုဒ်တို့၌လည်း ဤနည်းတူပင်။ အထူးကား ကုဋ္ဋံသည် အိမ်နံရံ၏ အမည် ဖြစ်သည်။ **ပါကာရ**သည် အိမ် ကျောင်းတိုက် ရွာစသည်တို့၏ အရံအတား တံတိုင်းပေတည်း။ **ပဗ္ဗတ**သည် မြေမှုန့်တောင်သော်ငင်း ကျောက်တောင် သော်ငင်း ဖြစ်သည်။ **အသဇ္ဇမာနော**ဟူသည်မှာ မငြိ-မထိ- မတိုက်မူ၍ (ဟု ဆိုလို၏)။ **သေယျထာပိ အာကာသေ** ဟူသည်ကား ကောင်းကင်၌ ကဲ့သို့ (ဟု ဆိုလို၏)။ ဤဆိုခဲ့သည့်အတိုင်း သွားလိုသော တန်ခိုးရှင်သည် အာကာသ ကသိုဏ်းစျာန်ကိုဝင်စား၍ (ထိုမှ) ထပြီးလျှင် နံရံကိုသော်ငင်း၊ တံတိုင်းကိုသော်ငင်း၊ မြင်းမိုရ် စကြာဝဠာတောင် စသည်တို့တွင်လည်း တပါးပါးသော တောင်ကိုသော်ငင်း (အပေါက်အခေါင်း အာကာသ ဖြစ်စေဟု) ဆင်ခြင်လျက် ပရိကံပြုပြီးလျှင် "အပေါက်အခေါင်း အာကာသ

---

မှတ်ချက်

၁—နှာ ၉၅-၌ ထုတ်ပြခဲ့သော ပါဠိမှ (ဂ) အမှတ်ပြ စာပိုဒ် ဖြစ်သည်။ ၎င်းကို မြန်မာပြန်လျှင် "တံတိုင်းတဖက်သို့ နံရံတဖက်သို့ တောင်တဖက်သို့ ကောင်းကင်၌ သွားသကဲ့သို့ မငြိမထိပဲ သွား၏" ဟု ဖြစ်သည်။

http://www.dhammadownload.com



ဖြစ်စေ”ဟု မိဋ္ဌာန်အပ်၏၊ (ထိုအရပ်၌) အာကာသသာဖြစ်၏၊ အောက်သို့ ဆင်းလိုသူအတွက်, အထက်သို့ တက်လိုသူအတွက် (ထို နံရံ တံတိုင်း တောင်သည်) အခေါင်းရှိသည်[၁] ဖြစ်လေ၏၊ ထုတ်ချင်းပေါက် သွားလိုသူ အတွက် အပေါက်ရှိသည်[၁]ဖြစ်လေ၏။ ထိုတန်ခိုးရှင်သည် အခေါင်းအပေါက် ရှိနေသော ထို နံရံ တံတိုင်း တောင်၌မငြိ-မထိပဲ သွားနိုင်ပေ၏။

ဤအရာ၌ တိပိဋက စူဠာဘယမထေရ်က မိန့်ဆိုသည်မှာ— “ငါ့ရှင်တို့ (အာကာသ ဖန်ဆင်းရန်) အာကာသကသိုဏ်းကို ဝင်စားခြင်းသည် အဘယ် အကျိုး ရှိသနည်း၊ ဆင် မြင်း စသည်တို့ကို ဖန်ဆင်းလိုလျှင် ဆင်ကသိုဏ်း မြင်းကသိုဏ်း စသည်တို့ကို ဝင်စားရသလော၊ အမှတ်မရှိ တစုံတခုသော ကသိုဏ်း၌ ပရိကံကို ပြု၍[၂] ရှစ်ပါးသော သမာပတ်တို့၌ ဝသီဘော် မြောက်ခြင်းသည်သာလျှင် ပမာဏ[၃] မဟုတ်ပါလော၊ (ထို့ကြောင့်) အကြင်

မှတ်ချက်

၁–ပါကာရေ-တံတိုင်းသည်၊ ပဗ္ဗတော-တောင်သည်- ဟူသောပုဒ်တို့ကို ငဲ့၍ သုသိရော အခေါင်းရှိသည်၊ ဆိဒ္ဒေါ-အပေါက်ရှိသည်ဟု ပုလ္လိင်ဖြင့် ဆိုသည်။ (ဋီကာ) အခေါင်း အပေါက် သက်သက်ကို ဆိုလိုလျှင် သုသိရံ ဆိဒ္ဒံ-ဟု နပုလ္လိင်ဖြင့် ဆိုရာသည်။ ထိုသို့ ဆိုလျှင် အခေါင်းဖြစ်လေ၏၊ အပေါက်ဖြစ် လေ၏-ဟု ပြန်ရပေမည်၊ မြန်မာစကားပို၍ ချောသည်။

၂–ပထဝီကသိုဏ်း စသည်တို့တွင် အမှတ်မရှိ တပါးပါးသော ကသိုဏ်း၌ စျာန် ကို ဝင်စားပြီးလျှင် ပရိကံပြု၍ အာကာသဖြစ်စေဟု မိဋ္ဌာန်အပ်၏၊ ထိုသို့ ပြုသင့်ရာဝယ် “ရှစ်ပါးသော သမာပတ်တို့၌ ဝသီဘော်မြောက်ခြင်းသည် သာလျှင် ပမာဏ မဟုတ်ပါလော”ဟု အကြောင်းပြစကားကို မိန့်ဆို၏။ (ဋီကာ)

၃–ပမာဏဟူသော စကားဖြင့် ခိုင်လုံသော သာဓကအကြောင်းဖြစ်သည်ကို ပြ၏၊ ထိုပမာဏ အကြောင်းကို ဝိသုဒ္ဓိမဂ်–မြန်မာပြန် ပဌမတွဲ နှာ ၂၉၂– အောက်ခြေမှတ်ချက်၌ ကြည့်ပါ။

http://www.dhammadownload.com



အကြောင်းအရာကို အလိုရှိ၏၊ ထိုထိုအရာပင် ဖြစ်သည်[၁]”ဟု မိန့်ဆို၏။ (ထိုအခါ)ရဟန်းတို့က “အရှင်ဘုရား၊ ပါဠိ၌(အာကာသ ဖန်ဆင်းရာဝယ်) အာကာသကသိုဏ်းသည် သာလျှင် လာရှိသည်၊ ထို့ကြောင့် အာကာသ ဖန်ဆင်းရာ၌ ဤ အာကာသကသိုဏ်း ဝင်စားခြင်းကို မချွတ်ပင် ဆိုအပ်-ဆိုသင့်ပါသည်”ဟု လျှောက်ကြကုန်၏။ ထိုစကားရပ်၌ ‘အောက်ပါသည် ပဋိသမ္ဘိဒါမဂ်ပါဠိပေတည်း။

“ပကတိ ပင်ကိုအားဖြင့် အာကာသကသိုဏ်းကို နိုင်နင်းစွာရသူ[၂] ဖြစ်၏၊ (ထိုသူသည်) နံရံတဖက် တံတိုင်းတဖက် တောင်တဖက်ကို ဆင်ခြင်၏၊ ဆင်ခြင်ပြီးလျှင် ‘အာကာသ ဖြစ်စေ’ဟု ဉာဏ်ဖြင့် ဓိဋ္ဌာန်၏၊ အာကာသသည် ဖြစ်၏၊ နံရံတဖက် တံတိုင်းတဖက် တောင်တဖက်သို့ မငြိ မထိမူ၍ သွား၏၊ ပင်ကို ပကတိအားဖြင့် တန်ခိုးမရှိသော လူတို့သည် တစုံတခုဖြင့် မပိတ်မဆီးတားအပ်သော အကာအရံ မရှိသော အရပ်၌ မငြိ မထိကုန်ပဲ သွားကြကုန်သကဲ့သို့ ဤအတူပင် သမာပတ်ရှစ်ပါးစိတ်ကို နိုင်နင်း

---

မှတ်ချက်

၁-(အကြောင်းအကြောင်းအရာကို အလိုရှိ၏၊ ထိုထိုအရာပင် ဖြစ်သည်ဟူသော) ဤစကားဖြင့် “မြေ၌ ငုပ်ခြင်း ပေါ်ခြင်းကို ပြုရာဝယ် အာပေါကသိုဏ်း ဝင်စားခြင်းကို့ ရေစသည်တို့၌ မြေဖန်ဆင်းရာဝယ် ပထဝီကသိုဏ်းဝင်စားခြင်းကို ကေန်မုချအားဖြင့် အလိုရှိအပ်သည် မဟုတ်”ဟု ဆိုလို၏။ (ဋီကာ)

၂-ရကာမျှကို မဆိုလိုသောကြောင့်ရင်း၊ပဋိသံ ဌ-၌“လာဘော အဿ အတ္ထီတိ လာဘီ”-ဟု အတိသယ အနက်ဟော ဤ-ပစ္စည်းနှင့် ဖွင့်ပြထားသော ကြောင့်ရင်း နိုင်နင်းစွာရသူ-ဟု ပြန်သည်။

http://www.dhammadownload.com



(ခြင်းသို့ရောက်)[၁]သော ထိုတန်ခိုးရှင်သည် နံရံတဖက် တံတိုင်းတဖက် တောင်တဖက်သို့ မငြိမထိမူ၍ သွား၏၊ ကောင်းကင်၌ သွားသကဲ့သို့ပင်တည်း” ဤကား ပဋိသမ္ဘိဒါမဂ်ပါဠိဖြစ်သည်။

[၂၄] စေ့ဒနာသွင်း၍ ရှင်းပြဦးအံ့၊ ထိုရဟန်းသည် အဓိဋ္ဌာန်ပြု၍ သွားနေစဉ် (လမ်းခုလတ်) အကြား၌ တောင်သော်၎င်း သစ်ပင်သော်၎င်း အကယ်၍ ပေါက်လာငြားအံ့၊ တဖန် ဝင်စား၍ အဓိဋ္ဌာန် ပြုအပ်ပါသလော-ဟူမူ-တဖန် အဓိဋ္ဌာန်ပြုခြင်း၌ အပြစ်မရှိပေ၊ မှန်ပေ၏၊ တဖန် ဝင်စား၍ အဓိဋ္ဌာန်ပြုခြင်းသည် ဥပဇ္ဈာယ်ဆရာ့ထံ၌ နိဿယည်းယူသည်နှင့် တူပေ၏။ သို့သော်လည်း ဤတန်ခိုးရှင် ရဟန်းက “အာကာသဖြစ်စေ”ဟု အဓိဋ္ဌာန်ပြုထားပြီး ဖြစ်သောကြောင့် ဟင်းလင်း အာကာသ ဖြစ်နေသည် သာတည်း၊ ရှေး အဓိဋ္ဌာန်၏ အစွမ်းဖြင့်ပင်လျှင်[၂] ထိုတန်ခိုးရှင် ရဟန်းမှာ “အကြား၌ ဥတုကြောင့်ဖြစ်သော တောင်သော်၎င်း သစ်ပင်သော်၎င်း ပေါက်လာလိမ့်မည်”ဟူသော ဤအရာသည် ဖြစ်နိုင်သော အခွင့်အကြောင်း မဟုတ်သည်သာတည်း။ အခြား တန်ခိုးရှင်က ဖန်ဆင်းလျှင်မူကား ပဌမဖန်ဆင်းမှုက အားကြီး၏၊ (ထို့ကြောင့်) နောက်ဖန်ဆင်းသူ၏ တောင် သစ်ပင်စသည်သည် ပဌမဖန်ဆင်းထားသော ထိုအာကာသ၏ အထက်သို့ဖြစ်စေ အောက်သို့ဖြစ်စေ သွားလေရာ၏။

---

မှတ်ချက်

၁ – စေတောဝသိပ္ပတ္တော-ပုဒ်၏ တိကျပြည့်စုံသောအနက် ဖြစ်သည်။ သို့သော် လက်သည်းကွင်း အတွင်းရှိစကားကို ကျော်၍ဖတ်လျှင် မြန်မာစကားပို၍ ချောသည်။

၂ – ရှေးအဓိဋ္ဌာန်၏ အစွမ်းဖြင့်ပင်လျှင်....ဖြစ်နိုင်သော အခွင့်အကြောင်းမဟုတ်သည်သာတည်း-ဟု စပ်ပါ။

http://www.dhammadownload.com



၃၉၃။ **ပထဝိယာပိ ဥမ္မုဇ္ဇနိမုဇ္ဇံ**[၁] ဟူသော ဤစကားရပ်၌ ဥမ္မုဇ္ဇဟူသည်မှာ ပေါ်တက်ခြင်းကိုဆိုသည်။ နိမုဇ္ဇဟူသည်မှာ ငုပ်ခြင်းကိုဆိုသည်။ မြေကြီးထဲ၌ ပေါ်ခြင်း ငုပ်ခြင်းကို ပြုလိုသော တန်ခိုးရှင်သည် အာပေါကသိုဏ်းကို ဝင်စားပြီးလျှင် (ထိုမှ) ထ၍ ဤမျှသောအရပ်၌ မြေသည် ရေ ဖြစ်စေဟု ပိုင်းခြားလျက် ပရိကံပြုပြီးလျှင် ဆိုခဲ့ပြီးသော နည်းဖြင့်ပင် ဓိဋ္ဌာန်အပ်၏။ ဓိဋ္ဌာန်သည်နှင့် တပြိုင်နက် ပိုင်းခြားထားသမျှ အရပ်၌ မြေသည် ရေအတိသာလျှင် ဖြစ်၏။ ထိုတန်ခိုးရှင်သည် ထိုရေ၌ ငုပ်ခြင်း ပေါ်ခြင်းကို[၂] ပြု၏။ ထိုစကား၌ အောက်ပါမှာ သာဓကေဖြစ်သော ပဋိသမ္ဘိဒါမဂ်ပါဠိပေတည်း။

"ပကတိပင်ကိုအားဖြင့် အာပေါကသိုဏ်းသမာပတ်ကို နိုင်နင်းစွာရသူ ဖြစ်၏၊(ထိုသူသည်)မြေကို ဆင်ခြင်၏၊ ဆင်ခြင်ပြီးလျှင် ရေဖြစ်စေဟု ဉာဏ်ဖြင့် ဓိဋ္ဌာန်၏၊ ရေ ဖြစ်၏၊ ထိုတန်ခိုးရှင်သည် (ရေ ဖြစ်နေသော)မြေထဲ၌ ငုပ်ခြင်း ပေါ်ခြင်းကို ပြု၏။ တန်ခိုးမရှိသော ပကတိလူတို့သည် ရေထဲ၌ ငုပ်ခြင်း ပေါ်ခြင်းကို ပြုကြသကဲ့သို့ ဤအတူပင် သမာပတ်ရှစ်ပါးစိတ်ကို နိုင်နင်း (ခြင်းသို့ရောက်) သော ထိုတန်ခိုးရှင်သည် (ရေဖြစ်အောင်

---

မှတ်ချက်

၁–နှာ ၅၉-၌ ပြခဲ့သော ပါဠိမှ (ဃ) အမှတ်ပြ ပါဠိကို ထုတ်ပြသည်။ ၎င်း၏ မြန်မာပြန်အပြည့်အစုံမှာ– "မြေ၌လည်း ငုပ်ခြင်း ပေါ်ခြင်းကို ပြု၏ ရေထဲ၌ကဲ့သို့ပင်"ဟု ဖြစ်သည်။

၂–ဥမ္မုဇ္ဇ နိမုဇ္ဇ-ဟူ၍ အမြွတ်ကို ရှေ့ထားဆိုသည့် ပါဠိအရ အားဖြင့် ပေါ်ခြင်း ငုပ်ခြင်း-ဟု အစဉ်လိုက် ပြန်သင့်သော်လည်း ဖြစ်စဉ်အရ အားဖြင့်၎င်း၊ မြန်မာစကားအရ အားဖြင့်၎င်း ငုပ်ခြင်းက ပဌမဖြစ်သည်၊ ထို့ကြောင့် ငုပ်ခြင်း ပေါ်ခြင်းဟု ပြန်သည်။

http://www.dhammadownload.com



ဖန်ဆင်းထားသော) မြေထဲ၌ ငုပ်ခြင်း ပေါ်ခြင်းကို ပြု၏၊ ရေထဲ၌ ငုပ်ခြင်း ပေါ်ခြင်းကို ပြုသကဲ့သို့ပင်တည်း” ဤကား ပဋိသမ္ဘိဒါမဂ်ပါဠိ။

ငုပ်ခြင်း ပေါ်ခြင်းမျှကိုသာ သက်သက် ပြုသည်မဟုတ်သေး၊ ရေချိုးခြင်း သောက်ခြင်း မျက်နှာသစ်ခြင်း သက်န်းသပိတ်စသော ဘဏ္ဍာကို လျှော်ခြင်း ဆေးခြင်း စသည်တို့တွင် အလိုရှိရာရာ အမှုကို(လည်း) ပြု၏။ သက်သက် ရေသာလျှင် ဖြစ်သည် မဟုတ်သေး၊ ထောပတ် ဆီ ပျား တင်လဲ စသည်တို့တွင်လည်း ထိုထိုအလိုရှိရာကို ဤမည် ဤမည်သော ဝတ္ထုသည် ဤမျှလောက် ဖြစ်စေဟု ဆင်ခြင်ပြီးလျှင် ပရိကံပြု၍ ဓိဋ္ဌာန်သော တန်ခိုးရှင်အား ဓိဋ္ဌာန်အပ်သည့်အတိုင်းပင် ဖြစ်၏။ ကော်ခပ်၍ အိုး၌တည်သည်ကိုပြုသောသူအား ထောပတ်သည် (အိုးထဲ၌လည်း) ထောပတ်ပင် ဖြစ်နေ၏၊ ဆီစသည်တို့သည်လည်း ဆီစသည်တို့ပင် ဖြစ်နေကုန်၏၊ ရေသည် ရေပင် ဖြစ်နေ၏။ ထိုတန်ခိုးရှင်သည် (မြေကို ဖန်ဆင်းထားသည့်)ထိုရေ၌ စိုစွတ်စေလိုသော်သာလျှင် စိုစွတ်၏၊ မစိုစွတ်စေလိုပါမူ မစိုစွတ်။ ထိုမြေသည် ထိုဖန်ဆင်းသူအားသာလျှင် ရေဖြစ်သည်၊ အခြားလူများမှာ မြေသာလျှင် ဖြစ်၏။ (ရေဖန်ဆင်းထားသော) ထိုမြေ၌ လူတို့သည် ခြေလျှင်လည်း သွားကုန်၏၊ ယာဉ်စသည်တို့ဖြင့်လည်း သွားကုန်၏၊ ထွန်ယက်မှုစသည်တို့ကိုလည်း ပြုကုန်သည်သာလျှင်တည်း။ အကယ်၍ ဤတန်ခိုးရှင်သည် ထိုအခြားသူတို့အားလည်း [၂၅] ရေဖြစ်စေရန် အလိုရှိငြားအံ့၊ (အလိုရှိသည့်အတိုင်း) ဖြစ်သည်သာတည်း။ ပိုင်းခြားထားသောကာလကို လွန်သောအခါ၌မူ အိုး,တဖက်ဆည်ကန်စသည်တို့၌ မူလက ရေမှတပါး ကြွင်းသော ပိုင်းခြားဖန်ဆင်းထားသည့် ရေအရပ်ဌာနသည် မြေသာလျှင် ပြန်ဖြစ်လေ၏။

http://www.dhammadownload.com



၃၉၄။ **ဥဒကေပိ အဘိဇ္ဇမာနေ**[၁] ဟူသော စကားရပ်၌ နင်းလျှင် နစ်ကျသောရေကို (ဘိဇ္ဇမာန)ကွဲသောရေ ကျုံသောရေဟု ဆိုအပ်၏၊ မကွဲသော-မကျုံသောရေကို အဘိဇ္ဇမာန ဆိုအပ်၏။ ဤသို့ မကွဲမကျုံကျသော ရေ၌ သွားလိုသော တန်ခိုးရှင်သည် ပထဝီကသိုဏ်းကို ဝင်စားပြီးလျှင် (ထိုမှ)ထ၍ ဤမျှသော အရပ်၌ ရေသည် မြေ ဖြစ်စေဟု ပိုင်းခြားပြီးလျှင် ပရိကံ ပြု၍ ဆိုခဲ့ပြီးသော နည်းဖြင့်ပင်လျှင် ဓိဋ္ဌာန်အပ်၏၊ ဓိဋ္ဌာန်သည်နှင့် တပြိုင်နက် ပိုင်းခြားထားသမျှ အရပ်၌ ရေသည် မြေအတိသာ ဖြစ်၏။ ထို တန်ခိုးရှင်သည် (ရေကို ဖန်ဆင်းထားသော) ထိုမြေပေါ်၌ သွား၏။ ထိုစကား၌ အောက်ပါသည် သာဓကပါဠိပေတည်း။

> "ပကတိပင်ကိုအားဖြင့် ပထဝီကသိုဏ်း သမာပတ်ကို နိုင်နင်းစွာ ရသူဖြစ်၏၊ (ထိုသူသည်) ရေကို ဆင်ခြင်၏၊ ဆင်ခြင်ပြီးလျှင် မြေ ဖြစ်စေဟု ဉာဏ်ဖြင့် ဓိဋ္ဌာန်၏၊ မြေဖြစ်၏၊ ထိုတန်ခိုးရှင်သည် မကွဲ-မကျုံသော (မြေဖြစ်အောင် ဖန်ဆင်းထားသည့်) ရေ၌ သွား၏။ တန်ခိုးမရှိသော ပကတိလူတို့သည် မကွဲမကျုံသော မြေပြင်၌ သွားကြသကဲ့သို့ ဤအတူပင် သမာပတ်ရှစ်ပါးစိတ်ကို နိုင်နင်း (ခြင်းသို့ရောက်)သော ထိုတန်ခိုးရှင်သည် မကွဲမကျုံသော ရေ၌ သွား၏ မြေပြင်၌ သွားသကဲ့သို့ပင်တည်း" ဤကား ပဋိသမ္ဘိဒါမဂ် ပါဠိ။

သက်သက်သွားရုံသာမဟုတ်သေး၊ အလိုရှိရာရာ ဣရိယာပုထ်ကိုလည်း ပြု၏။ မြေဖြစ်အောင်သာ သက်သက်ပြုသည် မဟုတ်သေး၊ ပတ္တမြား ရွှေ

---

မှတ်ချက်

၁–နှာ ၅၉-၌ ပြခဲ့သော ပါဠိမှ (င) အမှတ်ပြ ပါဠိကို ထုတ်ပြသည်။ ၎င်း၏ မြန်မာပြန် အပြည့်အစုံမှာ- "မကွဲ–မကျုံသော ရေ၌လည်း သွား၏ မြေ၌ကဲ့သို့ပင်"ဟု ဖြစ်သည်။

http://www.dhammadownload.com



တောင် သစ်ပင် စသည်တို့တွင်လည်း အလိုရှိရာရာကိုလည်း ဆိုခဲ့ပြီးသော နည်းဖြင့်ပင် ဆင်ခြင်၍ ဓိဋ္ဌာန်၏၊ ဓိဋ္ဌာန်အပ်သည့်အတိုင်းပင် ဖြစ်၏။ ထိုရေသည် ကို ဖန်ဆင်းသူအားသာ မြေ ဖြစ်သည်၊ အခြားလူများမှာ ရေသာလျှင် ဖြစ်နေသည်၊ ငါးလိပ်တို့သည်ငှင်း၊ ရေကျီး စသော သတ္တဝါတို့သည်ငှင်း (ထိုရေထဲ၌) အလိုရှိတိုင်း သွားလာ ကျက်စားနေကုန်၏။ အကယ်၍ ဤ တန်ခိုးရှင်သည် အခြားလူတို့အားလည်း ထိုရေကို မြေ ဖြစ်အောင် ပြုလိုငြားအံ့၊ ပြုနိုင်သည်သာလျှင်တည်း။ ပိုင်းခြားထားသော ကာလကို လွန်သောအခါ၌မူ ရေသည်သာလျှင် ပြန်ဖြစ်လေသည်။

၃၉၅။ **ပလ္လင်္ကေန ကမတိ**[၁] ဟူရာ၌ တင်ပလ္လင်ခွေ (ထိုင်ခြင်း) ဖြင့် (ထိုင်လျက်)သွား၏၊(ဤကားအနက်)။**ပက္ခီ သကုဏော** ဟူရာ၌ အတောင်တို့နှင့် ယှဉ်သောငှက်သည် (ဤကားအနက်)။ ဤသို့ သွားခြင်းကို ပြုလိုသော တန်ခိုးရှင်သည် ပထဝီကသိုဏ်းစျာန်ကို ဝင်စားပြီးလျှင် (ထိုမှ)ထ၍ ထိုင်လျက် သွားလိုလျှင် တင်ပလ္လင်ခွေပမာဏရှိသော အရပ်ကို ပိုင်းခြား၍ ပရိကံပြုပြီးလျှင် ဆိုခဲ့ပြီးသောနည်းဖြင့်ပင် ဓိဋ္ဌာန်အပ်၏။ အကယ်၍ လဲလျောင်းလျက် သွားလိုပါမူ ညောင်စောင်း ပမာဏရှိသော အရပ်ကို၊ အကယ်၍ ခြေလျင်သွားလိုပါမူ လမ်းပမာဏရှိသောအရပ်ကို-ဤသို့အားဖြင့် သင့်လျော်သောအရပ်ကို ပိုင်းခြားပြီးလျှင် ဆိုခဲ့ပြီးသောနည်းဖြင့်ပင် မြေ ဖြစ်စေဟု ဓိဋ္ဌာန်အပ်၏၊ ဓိဋ္ဌာန်သည်နှင့် တပြိုင်နက် မြေသား အတိသာလျှင် ဖြစ်၏။ ထိုစကားရပ်၌ အောက်ပါသည် သာကေပါဠိပေတည်း။

---

မှတ်ချက်

၁—နှာ ၅၉-၌ ပြခဲ့သော ပါဠိမှ (စ) အမှတ်ပြ ပါဠိကို ထုတ်ပြသည်။ ငှင်း၏ မြန်မာပြန် အပြည့်အစုံမှာ "ကောင်းကင်၌လည်း တင်ပလ္လင်ခွေဖြင့် (ထိုင်လျက်) သွား၏ အတောင်ရှိသော ငှက်ကဲ့သို့ပင်" ဟု ဖြစ်၏။

http://www.dhammadownload.com



[၂၆] "အတောင်ရှိသော ငှက်ကဲ့သို့ ကောင်းကင်၌လည်း တင်ပလ္လင်ခွေဖြင့် သွား၏ဟူရာ၌ (အကျယ်ကား)—ပကတိပင်ကို အားဖြင့် ပထဝီကသိုဏ်း သမာပတ်ကို နိုင်နင်းစွာရသူဖြစ်၏၊ (ထိုသူသည်) ကောင်းကင်ကို ဆင်ခြင်၏၊ ဆင်ခြင်ပြီးလျှင် မြေ ဖြစ်စေဟု ဉာဏ်ဖြင့် ဓိဋ္ဌာန်၏၊ မြေဖြစ်၏။ ထိုတန်ခိုးရှင်သည် အထက်ကောင်းကင်၌ စင်္ကြံလည်း သွား၏၊ ရပ်လည်း ရပ်နေ၏၊ ထိုင်လည်း ထိုင်နေ၏၊ လျောင်းခြင်းကိုလည်း ပြု၏။ တန်ခိုးမရှိသော ပကတိလူတို့သည် ပကတိ မြေပေါ်၌ သွားခြင်း ရပ်ခြင်း ထိုင်ခြင်း လျောင်းခြင်းကို ပြုကြသကဲ့သို့ ဤအတူပင် သမာပတ်ရှစ်ပါးစိတ်ကို နိုင်နင်း (ခြင်းသို့ရောက်)သော ထိုတန်ခိုးရှင်သည် အထက်ကောင်း ကင်၌ စင်္ကြံလည်း သွား၏။ပ။ လျောင်းခြင်းကိုလည်း ပြု၏" ဤကား ပဋိသမ္ဘိဒါမဂ်ပါဠိ။

ကောင်းကင်၌ သွားလိုသော ရဟန်းသည် ဒိဗ္ဗစက္ခုကို ရသည်လည်း ဖြစ်သင့်၏။ အဘယ့်ကြောင့်နည်းဟူမူ-အကြား၌ ဥတုကြောင့်ဖြစ်ကုန်သော တောင် သစ်ပင် စသည်တို့သည်မူလည်း ဖြစ်ပေါ်ကုန်ငြားအံ့၊ နဂါး ဂဠုန် စသည်တို့ကမူလည်း မနာလို၍ ဖန်ဆင်းကုန်ငြားအံ့၊ ထိုအန္တရာယ်တို့ကို မြင်ရန် လိုသောကြောင့်ပင်။ ထိုတောင် သစ်ပင် စသည်တို့ကိုမြင်လျှင် အဘယ်သို့ ပြုအပ်သနည်းဟူမူ-ပါဒကစျာန်ကို ဝင်စားပြီးလျှင် (ထိုမှ)ထ၍ အာကာသဖြစ်စေဟု ပရိကံပြုပြီး ဓိဋ္ဌာန်အပ်၏။ တိပိဋကစူဠာဘယမထေရ် ကမူ "ငါ့ရှင်တို့ သမာပတ်ကို တဖန်ဝင်စားခြင်းသည် အဘယ်အကျိုးရှိ သနည်း၊ ထိုတန်ခိုးရှင်၏ တန်ခိုးပြာဋိဟာ အစွမ်းဖြင့်ဖြစ်သော စိတ်သည်

http://www.dhammadownload.com



တည်ကြည်နေသည်သာ မဟုတ်ပါလော[၁]၊ ထိုတန်ခိုးပြာဋိဟာ၏ အစွမ်းဖြင့် ဖြစ်သော စိတ်ဖြင့် အကြင် အကြင်အရာကို အာကာသဖြစ်စေဟု ဓိဋ္ဌာန် လျှင် ထိုထိုအရာသည် အာကာသအတိသာလျှင် ဖြစ်သည်"ဟု ဆို၏။ ထိုသို့ပင် ဆိုငြားသော်လည်း တိရောကုဋ္ဋပြာဋိဟာ၌ ဆိုခဲ့သောနည်းဖြင့် ပင်လျှင်[၂] ပြုကျင့်အပ်ပေသည်။

---

မှတ်ချက်

၁–စိတ်သည် တည်ကြည်နေသည်သာ မဟုတ်ပါလော-ဟူရာ၌ တန်ခိုးပြာဋိဟာ ၏ အစွမ်းဖြင့် ဖြစ်နေဆဲ တန်ခိုးရှင်၏ စိတ်သည် စင်စစ်ကောင်းစွာထားအပ် သည် တည်ကြည်သည်သာ၊ အခါတပါး၌ကဲ့သို့ မတည်ကြည်သည် မဟုတ်ဟု ဆိုလို၏၊ ထိုအဆိုသည်ကား စူဠာဘယမထေရ်၏ အလိုမျှသာ ဖြစ်သည်။ မှန်ပေ၏၊ ရှေး၌ ပထဝီ ကသိုဏ်းစျာန်ကို ဝင်စား၍ မြေဖြစ်အောင် ဓိဋ္ဌာန် ၍ သွား၏၊ ယခုအခါ၌မူ အာကာသကို အလိုရှိအပ်၏၊ ထို့ကြောင့် အာ ကာသကသိုဏ်းစျာန်ကို ဝင်စားအပ်သည်သာတည်း။ ထို့ကြောင့်၊ "ထိုသို့ပင် ဆိုငြားသော်လည်း" စသည်ကို အဋ္ဌကထာ၌ မိန့်ဆိုပေသည်။ (ဋီကာ)

၂–တိရောကုဋ္ဋပြာဋိဟာ၌ ဆိုခဲ့သော နည်းဖြင့် ပင်လျှင် ပြုကျင့်အပ်ပေသည် ဟူရာ၌ ထိုပြာဋိဟာဝယ် နံရံစသည်သည် အာကာသ ဖြစ်စေဟု ဓိဋ္ဌာန် ခြင်းဖြင့် အာကာသ ဖြစ်သကဲ့သို့ ဤအတူပင် ဤအရာ၌လည်း အသစ် ပေါ်လာသော တောင် သစ်ပင်စသည်ကို ဓိဋ္ဌာန်ခြင်းဖြင့် အာကာသ ပြု၍ သွားအပ်၏-ဤကား ဆိုလိုသောအနက်။တနည်းကား တိရောကုဋ္ဋပြာဋိဟာ၌ ဆိုခဲ့ပြီးသော နည်းဖြင့်သာလျှင်-ဟူသည်ကား "ထိုရဟန်းသည် အဓိဋ္ဌာန် ပြု၍ သွားနေစဉ်အကြား၌ တောင်သော်ငြင်း သစ်ပင်သော်ငြင်း အကယ်၍ ပေါက်လာငြားအံ့" စသည်ဖြင့် ထိုပြာဋိဟာအရာ၌ ဆိုခဲ့သော နည်းဖြင့် (ဟု ဆိုလို၏)။ ဤစကားဖြင့် ရှေးအဓိဋ္ဌာန်၏ အစွမ်းဖြင့် ပင်လျှင် ထိုတန် ခိုးရှင် ရဟန်းမှာ အကြား၌ ဥတုကြောင့် ဖြစ်သော တောင်သော်ငြင်း သစ်ပင်သော်ငြင်း ပေါ်လာလိမ့်မည် ဟူသော ဤအရာသည် ဖြစ်နိုင်သော အခွင့်အကြောင်း မဟုတ်သည်သာတည်း" ဟု ဆိုထားသောကြောင့် နဂါး

http://www.dhammadownload.com



တနည်းအကြောင်းပြရလျှင်— သင့်သောအရပ်၌ ဆင်းရန် အကျိုးငှါလည်း ဤတန်ခိုးရှင်သည် ဒိဗ္ဗစက္ခုကို ရသူ ဖြစ်သင့်ပေသည်။ မှန်ပေ၏၊ ဤတန်ခိုးရှင်သည် သက်ဆင်းရန်မသင့်သည့် အရပ်ဖြစ်သော ရေချိုးဆိပ်၌သော်၎င်း, ရွာတံခါး၌သော်၎င်း ဆင်းသက်ငြားအံ့၊ (ကောင်းကင်ဖြင့် ကြွလာသောရဟန်းဖြစ်ကြောင်း) လူအများအား ထင်ရှားပေါ်သွားလေရာ၏။ ထို့ကြောင့် ဒိဗ္ဗစက္ခုဖြင့်ကြည့်ပြီးလျှင် မဆင်းသင့်သောအရပ်ကို ကြဉ်ရှောင်၍ ဆင်းသင့်သော (လူသူဆိတ်ရာ)အရပ်၌ ဆင်းနိုင်ပေ၏။

၃၉၆။ ဤသို့ကြီးသောတန်ခိုးရှိကုန်သော ဤသို့ကြီးသောအာနုဘော်ရှိကုန်သော ဤလနှင့်နေတို့ကိုလည်း လက်ဖြင့် သုံးသပ်၏ ပွတ်သပ်၏[၁]-ဟူသော ဤစကားရပ်၌ လနှင့်နေတို့၏ ယူဇနာလေးသောင်းနှစ်ထောင်၏ အထက်၌ သွားခြင်းဖြင့် တန်ခိုးကြီးခြင်းကို သိအပ်၏၊ ကျွန်းကြီးသုံးခုတို့၌ တပြိုင်နက်အလင်းရောင်ကို ပြုခြင်းဖြင့်[၂] အာနုဘော်ကြီးခြင်းကို သိအပ်၏။ တနည်းကား—ဤသို့ မြင့်စွာဝေးစွာသော အထက်ကောင်းကင်၌သွားခြင်း အလင်းရောင်ပြုခြင်းတို့ဖြင့် (မဟိဒ္ဓိကေ) ကြီးသောတန်ခိုးရှိကြသည် ဟူ၍

---

မှတ်ချက်

စသည်တို့က ပြုအပ်လတံ့သော အနှောင့်အယှက်သည် သွားခြင်း၏ အန္တရာယ်ကို မပြုနိုင်ဟု ပြ၏၊ (ဋီကာ)

၁–နှာ ၅၉-၌ ပြခဲ့သောပါဠိမှ (ဆ) အမှတ်ပြ ပါဠိကို ထုတ်ပြသည်။ ယင်းပါဠိကို အလွယ်တကူ သိစေရန် မြန်မာပြန်ထားသည်။

၂–ကျွန်းကြီးသုံးခုတို့၌ အလင်းရောင်ကို ပြုပုံကား ကျွန်းကြီးတခု၏ အလယ်ဗဟို၌ တည်နေစဉ် အရှေ့ဖက် ကျွန်း၌ နေ–လ ဝင်ဆဲ အရောင်ဖြင့် အနောက်ဖက်ကျွန်း၌ တက်ဆဲ ထွက်ပေါ်ဆဲ အရောင်ဖြင့် လင်းစေကြသည်၊ (ဋီကာကို မှီ၍ ပြသည်)။ ထိုသို့ လင်းစေပုံကို အကြောင်းပြု၍ သုံးကျွန်းလင်းခိုက် တကျွန်းမိုက်ဟု ဆိုကြပေသည်။

http://www.dhammadownload.com



ၛင်း၊ ထိုသို့ တန်ခိုးကြီးခြင်းကြောင့်ပင်လျှင် (မဟာနုဘာဝေ) ကြီးသော အာနုဘော်ရှိကြသည်ဟူ၍ၛင်း ဆိုသည်။ (ပရာမသတိ) သုံးသပ်၏ဟူသည်မှာ ကိုင်၏၊ တနည်းကား၊ တစိတ်တဒေသအရပ်၌ ထိ၏(ဟု ဆိုလို၏)။ (ပရိမဇ္ဇတိ) ပွတ်သပ်၏ဟူသည်မှာ တက်ဝန်းကျင်၌ ကြေးမုံပြင်ကိုကဲ့သို့ ပွတ်သပ်၏ (ဟု ဆိုလို၏)။ ထိုသို့ပြုသော တန်ခိုးရှင်၏ ဤ တန်ခိုးသည် အဘိညာဉ်၏အခြေခံ ပါဒကစျာန်(တပါးပါး)၏ အစွမ်းဖြင့်သာလျှင် ပြီးစီး ပြီးမြောက်၏၊ ဤတန်ခိုးအရာ၌ (မည်သည့်ကသိုဏ်းစျာန်ကို အခြေခံ ဝင်စားရမည်ဟု) ကသိုဏ်းသမာပတ်ကို သီးခြားကန့်သတ်ခြင်း မရှိပေ။ မှန်ပေ၏၊ ပဋိသမ္ဘိဒါမဂ်၌ အောက်ပါစကားကို မိန့်ဆိုထားပေ၏။

[၂၇] "ဤသို့ ကြီးသောတန်ခိုးရှိကုန်သော ကြီးသောအာနုဘော်ရှိကုန်သော ဤလနှင့်နေတို့ကိုလည်း လက်ဖြင့် သုံးသပ်၏ ပွတ်သပ်၏-ဟူရာ၌ အကျယ်ကား—ဤလောက၌ သမာပတ်ရှစ်ပါး စိတ်ကို နိုင်နင်း(ခြင်းသို့ရောက်)သော ထိုတန်ခိုးရှင်သည် လနှင့် နေတို့ကို ဆင်ခြင်၏၊ ဆင်ခြင်ပြီးလျှင် (၁·တောင့်ထွာ)ဟတ္ထပါသ် အတွင်း၌ ဖြစ်စေဟု ဉာဏ်ဖြင့် ဓိဋ္ဌာန်၏၊ ဟတ္ထပါသ်အတွင်း၌ ဖြစ်၏၊ ထိုတန်ခိုးရှင်သည် ထိုင်လျက်ဖြစ်စေ၊ လျောင်းလျက် ဖြစ်စေ လနှင့်နေတို့ကို လက်ဖြင့် သုံးသပ်၏၊ ပွတ်သပ်၏။ တန်ခိုး မရှိသော ပကတိလူတို့သည် ဟတ္ထပါသ်အတွင်း၌ရှိသော ရုပ်ဝတ္ထု တစုံတခုကို သုံးသပ်ကြ ပွတ်သပ်ကြသကဲ့သို့ ဤအတူပင် ထိုတန်ခိုး ရှင်သည် ထိုင်လျက်ဖြစ်စေ။ပ။ပွတ်သပ်၏" ဟူ၍ပင်တည်း။

ထိုသို့သော ဤတန်ခိုးရှင်သည်သွား၍ သုံးသပ်ရန်အလိုရှိလျှင် (လနေတို့ ထံသို့) သွား၍ သုံးသပ်၏။ ဤလူ့ပြည်လောက၌ပင် ထိုင်လျက်ဖြစ်စေ၊ လျောင်းလျက်ဖြစ်စေ (လ နေတို့ကို) သုံးသပ်လိုလျှင် ဟတ္ထပါသ်အတွင်း၌ ဖြစ်စေဟု ဓိဋ္ဌာန်၏၊ အဓိဋ္ဌာန်အစွမ်းကြောင့် အညှာမှ ပြုတ်ကျသော

http://www.dhammadownload.com



ထန်းသီးကဲ့သို့ လာကုန်၍ ဟတ္ထပါသ်အတွင်း၌ တည်ကြသည်ကိုမူလည်း သုံးသပ်၏၊ မိမိ၏ လက်ကို ပွါးစေ ရှည်စေ၍မူလည်း သုံးသပ်၏။ လက်ကို ပွါးစေလျှင် ဥပါဒိန္နက ခေါ် ကိုယ်တွင်းရုပ်က ပွါးသလော၊ အနုပါဒိန္နက ခေါ် ကိုယ်ပရုပ်က ပွါးသလော-ဟူမူ၊ ကိုယ်တွင်းရုပ်ကိုမှီ၍ ကိုယ်ပရုပ်ပွါး ပေသည်။

ထိုစကားရပ်၌ တိပိဋကစူဠနာဂမထေရ်က "အသျှင်တို့ ငါ့ရှင်တို့ ဥပါဒိန္နက ခေါ် ကိုယ်တွင်းရုပ်သည် ငယ်သည်လည်း မဖြစ်တော့ပြီလော ကြီးသည်လည်း မဖြစ်တော့ပြီလော။ အကြင်အခါ၌ တန်ခိုးရှင် ရဟန်းသည် သံကောက်ပေါက် သော့ပေါက် စသည်တို့ဖြင့် ထွက်သွား၏၊ ထိုအခါ၌ ကိုယ်တွင်းရုပ်သည် သေးငယ်သွားသည် မဟုတ်လော၊ အကြင်အခါ၌ ကြီးသော ခန္ဓာကိုယ်ကို ပြု၏၊ ထိုအခါ၌ အရှင်မဟာမောဂ္ဂလာန်ကဲ့သို့ပင် ကြီးသည် မဟုတ်ပါလော"ဟု မိန့်ဆိုတော်မူ၏။

## နန္ဒောပနန္ဒနဂါးမင်းကို ဆုံးမခြင်း

တဆင့်စကားကြားရသည်မှာ-အခါတပါး၌ အနာထပိဏ်သေဋ္ဌေးသည် မြတ်စွာဘုရား၏ တရားဒေသနာတော်ကို နာကြားပြီးလျှင် "မြတ်စွာဘုရား၊ နက်ဖြန်ခါ ရဟန်းငါးရာတို့နှင့်တကွ အကျွန်ုပ်တို့၏ အိမ်၌ ဆွမ်းကို ခံယူဘုဉ်းပေးတော်မူကြပါ"ဟု ပင့်လျှောက်၍ သွားလေ၏။ မြတ်စွာဘုရားသည် (ပင့်လျှောက်ချက်ကို ဆိတ်ဆိတ်နေကာ) လက်ခံတော်မူပြီးလျှင် ထိုနေ့ပိုင်းအကြွင်းနှင့် ညဥ့်ပိုင်းအဖို့ကို ကုန်လွန်စေ၍ နံနက်မိုးသောက်အချိန်၌ တသောင်းသော လောကဓာတ်ကို ကြည့်ရှုတော်မူလေသည်။ ထိုအခါ နန္ဒောပနန္ဒမည်သော နဂါးမင်းသည် မြတ်စွာဘုရား၏ ဉာဏ်တော်အဝင်၌ ထင်ပေါ်လာလေ၏။ မြတ်စွာဘုရားသည် "ငါ၏ ဉာဏ်တော်အဝင်၌ ဤနဂါးမင်း ထင်ပေါ်လာ၏၊ သူ့မှာ (သဒ္ဓါဖြစ်ကြောင်း) ဥပနိဿယ ရှိ၏

http://www.dhammadownload.com



လော”ဟု ဆင်ခြင်တော်မူလတ်သော်“ဤနဂါးသည် မိစ္ဆာအယူရှိ၏၊ ရတနာသုံးပါးတို့၌ မကြည်ညို”ဟု မြင်တော်မူ၍ “အဘယ်ပုဂ္ဂိုလ်သည် ဤနဂါးကို မိစ္ဆာအယူမှ ကင်းလွတ်စေနိုင်ပါမည်နည်း”ဟု ဆင်ခြင်ပြန်လတ်သော် မဟာမောဂ္ဂလာန်မထေရ်ကို မြင်တော်မူလေသည်။

[၂၇] ထို့နောင် ထိုည၌လင်းသောအခါ ကိုယ်လက်သုတ်သင်ခြင်းကို ပြုတော်မူပြီး၍ အရှင်အာနန္ဒာကို “အာနန္ဒာ၊ နတ်ပြည်သို့ လှည့်လည်ရန် ဘုရားကြွတော်မူမည့်အကြောင်းကို ငါးရာသော ရဟန်းတို့အား ပြောကြားလော့”ဟု မိန့်တော်မူ၏။ ထိုနေ့၌ နန္ဒောပနန္ဒနဂါးမင်း၏ စားသောက်ပွဲကျင်းပရာ အခင်းအကျင်းကို စီမံပြုပြင်နေကြလေသည်၊ ထိုနန္ဒောပနန္ဒနဂါးမင်းသည် နတ်ပြည်ဖြစ်ရတနာပလ္လင်ထက်၌ နတ်ပြည်ဖြစ်ထီးဖြူဖြင့် ဆောင်းမိုးလျက် သုံးမျိုးသောကချေသည်တို့ဖြင့်၎င်း [၁] နဂါးပရိသတ်ဖြင့်၎င်း ခြံရံခစားခြင်းရှိသည်ဖြစ်၍ နတ်ပြည်ဖြစ်ရတနာခွက်တို့၌ ထည့်ထားသောထမင်းအဖျော် အစီအရင်ကို ကြည့်ရှုလျက် ထိုင်နေလေသည်။ ထိုအခါ မြတ်စွာဘုရားသည် နဂါးမင်း မြင်အောင် ပြုတော်မူလျက် ထိုနဂါးမင်း၏ မျက်နှာကြက်မှ အထက်အရပ်ဖြင့်ပင်လျှင် ရဟန်းငါးရာတို့နှင့်တကွ တာဝတိံသာနတ်ပြည်သို့ ရှေးရှုကြွတော်မူ၏။

ထိုအခါက နန္ဒောပနန္ဒ နဂါးမင်းအား ဤသို့သောယုတ်မာသည့် မိစ္ဆာအယူ ဖြစ်လျက်ရှိ၏၊ ဤ ဖိုးကတုံးကလေး ရဟန်းယုတ်ကလေးတို့သည် ငါတို့၏ အထက်အထက် ဘုံအရပ်ဖြင့် တာဝတိံသာနတ်ဘုံသို့ ဝင်လည်း ဝင်ကုန်၏ ထွက်လည်း ထွက်ကုန်၏၊ ယခုအခါ ဤနေ့မှစ၍ ဤရဟန်းတို့အား ငါတို့၏ ဦးထိပ်ထက်၌ ခြေမှုန့်မှုန်ကို ကြဲချကုန်လျက် သွားခြင်းငှါ

မှတ်ချက်

၁ – အိမ်ထောင်သည်အရွယ်, အပျိုအရွယ်, သမီးကညာအရွယ်ရှိကုန်သော သုံးမျိုးသော ကချေသည်မတို့ဖြင့်။ (ဋီကာ)

http://www.dhammadownload.com



ခွင့်မပေးတော့အံ့-ဟု ကြံကာ ထ၍ မြင်းမိုရ်တောင်ခြေသို့ သွားပြီးလျှင် သူ၏ ပကတိကိုယ်ကိုစွန့်၍ မြင်းမိုရ်တောင်ကို သူ၏ကိုယ်အခွေတို့ဖြင့် ခုနစ်ကြိမ် ခုနစ်ပတ်တိုင်တိုင် ရစ်ပတ်၍ အထက်၌ ပါးပျဉ်းကိုပြုလျက် တာဝတိံသာနတ်ဘုံကို မှောက်သော ပါးပျဉ်းဖြင့်အုပ်၍ မမြင်ရခြင်းသို့ ရောက်စေ၏။

ထိုအခါ အရှင်ရဋ္ဌပါလသည် မြတ်စွာဘုရားကို ဤသို့ မေးလျှောက်၏၊ မြတ်စွာဘုရား ရှေးအခါကဆိုလျှင် ဤအရပ်ဒေသ၌တည်လျက် မြင်းမိုရ်တောင်ကို မြင်ရပါသည်၊ မြင်းမိုရ်၏ တောင်ခါးပန်းကို မြင်ရပါသည်၊ တာဝတိံသာကို မြင်ရပါသည်၊ ဝေဇယန္တာပြာသာဒ်ကို မြင်ရပါသည်၊ ဝေဇယန္တာပြာသာဒ်၏အထက်၌ လွင့်နေသော တံခွန်အလံကိုမြင်ရပါသည်၊ ယခုအခါ ထိုအလုံးစုံကို မမြင်ရခြင်း၏ အကြောင်းကား-အဘယ်ပါနည်း[၁]-ဟု မေးလျှောက်၏။ ရဋ္ဌပါလ၊ နန္ဒောပနန္ဒမည်သော ဤနဂါးမင်းသည် သင်တို့အား အမျက်ထွက်သောကြောင့် မြင်းမိုရ်တောင်ကို သူ၏ကိုယ် အခွေတို့ဖြင့် ခုနစ်ကြိမ်ခုနစ်ပတ်တိုင်တိုင် ရစ်ပတ်၍ အထက်၌ ပါးပျဉ်းဖြင့် ဖုံးအုပ်လျက် အမိုက်တိုက်ပြု၍ (မှောင်ချ၍) တည်နေသည်-ဟု မိန့်တော်မူ၏။ ထိုနဂါးမင်းကို ဆုံးမပါမည် အရှင်ဘုရား ဟု ခွင့်တောင်း၏။ မြတ်စွာဘုရားက ခွင့်ပြုတော်မမူချေ။ ထိုအခါ အရှင်ဘဒ္ဒိယ အရှင်ရာဟုလာ ဤသို့စသော အစဉ်ဖြင့် အလုံးစုံသော ရဟန်းတို့သည် (နဂါးမင်းကို ဆုံးမရန်) ထကြွ ထွက်ပေါ်လာကြလေသည်။ မြတ်စွာဘုရားက ခွင့်ပြုတော်မမူချေ။

နောက်ဆုံး၌ အရှင်မဟာမောဂ္ဂလာန်မထေရ်သည် "ထိုနဂါးမင်းကို အကျွန်ုပ်ဆုံးမပါမည် အရှင်ဘုရား"ဟု လျှောက်၏။ "မောဂ္ဂလာန် ဆုံးမ

---

မှတ်ချက်

၁—ဤအရာ၌ လိုရင်းကိုသာ ချုံး၍ ပြန်ထားသည်။

http://www.dhammadownload.com



လေ”ဟု မြတ်စွာဘုရားက ခွင့်ပြုတော်မူလေ၏။ အရှင်မဟာမောဂ္ဂလာန်မထေရ်သည် မိမိ၏ပကတိလူ့ကိုယ်ကိုပယ်စွန့်၍ ကြီးစွာသောနဂါးမင်းအသွင်ဖန်ဆင်းပြီးလျှင် နန္ဒောပနန္ဒကို တဆဲ့လေးကြိမ် တဆဲ့လေးပတ် တိုင်တိုင်ကိုယ်အခွေတို့ဖြင့် ရစ်ပတ်၍ ထိုနန္ဒောပနန္ဒ၏ ပါးပျဉ်းအထက်၌ မိမိ၏ပါးပျဉ်းကိုထား၍ [၂၉] မြင်းမိုရ်တောင်နှင့်တကွ ဖိညှပ်၏။ နန္ဒောပနန္ဒနဂါးမင်းသည် အခိုးလွှတ်၏။ အရှင်မဟာမောဂ္ဂလာန်မထေရ်ကလည်း သင်၏ကိုယ်မှာသာလျှင် အခိုးရှိသည်မဟုတ်၊ ငါ့မှာလည်း ရှိသည်ပင်ဟု (ဆိုဘိသကဲ့သို့) အခိုးလွှတ်၏။ နဂါးမင်း၏ အခိုးသည် မထေရ်ကို မနှိပ်စက်နိုင်၊ မထေရ်၏ အခိုးသည်ကား နဂါးမင်းကို (ပင်ပန်းရုံမျှ) နှိပ်စက်၏[၁]။ ထို့နောင် နဂါးမင်းသည် မီးလျှံလွှတ်၏။ မထေရ်ကလည်း သင်၏ကိုယ်၌သာလျှင် မီးရှိသည်မဟုတ်၊ ငါ့မှာလည်း ရှိသည်ပင်ဟု (ဆိုဘိသကဲ့သို့) မီးလျှံလွှတ်၏။ နဂါးမင်း၏ မီးလျှံသည် မထေရ်ကို မနှိပ်စက်နိုင်၊ မထေရ်၏ မီးလျှံသည်ကား နဂါးမင်းကို (ပင်ပန်းရုံမျှ) နှိပ်စက်၏။ နဂါးမင်းက“ဤသူသည် ငါ့ကို မြင်းမိုရ်တောင်နှင့် ဖိညှပ်၍ အခိုးလည်းလွှတ်၏ အလျှံလည်းလွှတ်၏”-ဟု ကြံပြီးလျှင်“အချင်း၊ သင် ဘယ်သူနည်း”ဟု မေးလေ၏။ နန္ဒောပနန္ဒ၊ ငါမောဂ္ဂလာန်ဖြစ်သည် ဟု ပြန်ကြား၏။ အရှင်ဘုရား မိမိ၏ ရဟန်းအသွင်ဖြင့် တည်ပါလော့-ဟု ဆို၏။

အရှင်မဟာမောဂ္ဂလာန်မထေရ်သည် ဖန်ဆင်းထားသော ထိုနဂါးအသွင်ကိုယ်ကို စွန့်ပယ်ပြီးလျှင် ထိုနန္ဒောပနန္ဒ၏ လကျ်ာနားပေါက်ဖြင့် ဝင်၍ လက်ဝဲနားပေါက်ဖြင့် ထွက်၏၊ လက်ဝဲနားပေါက်ဖြင့် ဝင်၍ လကျ်ာနားပေါက်ဖြင့် ထွက်၏၊ ထို့အတူပင် လကျ်ာနှာခေါင်းပေါက်ဖြင့် ဝင်၍ လက်ဝဲ

---

မှတ်ချက်

၁–ဗာဓတိ-နှိပ်စက်၏-ဟူသည်ကား ပင်ပန်းရုံမျှကိုသာ ဖြစ်စေသည်။(ဋီကာ) မသနားမငဲ့ညှာပဲ နှိပ်စက်ခြင်းမျိုး မဟုတ်ဟု ဆိုလို၏။

http://www.dhammadownload.com



နှာခေါင်းပေါက်ဖြင့် ထွက်၏၊ လက်ဝဲနှာခေါင်းပေါက်ဖြင့်ဝင်၍ လကျ်ာနှာခေါင်းပေါက်ဖြင့် ထွက်၏။ ထိုအခါ နဂါးမင်းသည် ခံတွင်းကိုဖွင့်လိုက်၏။ အရှင်မဟာမောဂ္ဂလာန်မထေရ်သည် ခံတွင်းဖြင့်ဝင်၍ ဝမ်းထဲ၌ အရှေ့အနောက်အရပ်နှစ်ပါးဖြင့်[၁] စင်္ကြံကြွ၏။ ထိုအခါ မြတ်စွာဘုရားသည် "မောဂ္ဂလာန် နှလုံးသွင်းသတိပြုလေ့၊ ဤနဂါးသည် တန်ခိုးကြီး၏"ဟု (သတိပေးစကား)မိန့်ကြားတော်မူ၏။ အရှင်မဟာမောဂ္ဂလာန်မထေရ်က ပြန်ကြား လျှောက်ထားသည်မှာ "မြတ်စွာဘုရား၊ တပည့်တော်သည် လေးပါးသော (ပြီးမြောက်ကြောင်း) ဣဒ္ဓိပါဒ်တို့ကိုပွါးစေပြီး အကြိမ်များစွာပြုထားပြီး ဖြစ်ပါသည်၊ က•ထားပြီးယာဉ်ကဲ့သို့ အသင့်ပြုထားပြီး ဖြစ်ပါသည်။ တည်ရာသဖွယ် ပြုထားပြီးဖြစ်ပါသည်၊ ဆောက်တည်ပြီး လေ့ကျက်ပြီး ကောင်းစွာအားထုတ်ပြီး ဖြစ်ပါသည်။ နန္ဒောပနန္ဒတဦးတည်းကို ထားလိုက်ပါဦးတော့၊ နန္ဒောပနန္ဒနှင့်တူသော နဂါးမင်း တရာကိုသော်လည်း တထောင်ကိုသော်လည်း တသိန်းကိုသော်လည်း တပည့်တော်ဆုံးမနိုင်ပါသည်ဘုရား"ဟု လျှောက်ထား၏။

နဂါးမင်းက ကြံစည်သည်မှာ "ဝင်စဉ်က သူ့ကို ငါမမြင်လိုက်ရဘူး၊ ယခုထွက်သောအခါမှာ ထိုမောဂ္ဂလာန်ကို အစွယ်ကြား၌ထည့်၍ ဝါးချေလိုက်မည်"ဟု ကြံပြီးလျှင် "ထွက်ပါ အရှင်ဘုရား၊ ဝမ်းထဲ၌ ထိုမှ ဤမှ စင်္ကြံလျှောက်လျက် အကျွန်ုပ်ကို မနှိပ်စက်ပါလင့်"ဟု ဆို၏။ အရှင်မဟာမောဂ္ဂလာန်မထေရ်သည် ထွက်ခဲ့၍ အပြင်ပ၌ ရပ်တည်နေတော်မူ၏။ နဂါးမင်းသည် "ရပ်တည်နေသော ဤသူသည် ထိုမောဂ္ဂလာန်ပင်"ဟု နှလုံးသွင်းရှုမြင်ပြီး၍ နှာခေါင်းလေကိုလွှတ်၏။ အရှင်မောဂ္ဂလာန်မထေရ်သည်

---

မှတ်ချက်

၁ – နဂါးက အရှေ့အနောက် လျောင်းနေသောကြောင့် အရှေ့အနောက် စင်္ကြံသွားခြင်း ဖြစ်သည်ဟု ဋီကာ၌ ပြဆို၏။

http://www.dhammadownload.com



စတုတ္ထစျာန်ကို ဝင်စားတော်မူ၏။ ထိုမထေရ်၏ အမွေးတွင်းမျှကိုသော်လည်း နှာခေါင်းလေသည် လှုပ်ရှားစေခြင်းငှါ မစွမ်းနိုင်။ အရှင်မောဂ္ဂလာန်မှ တပါးသော ရဟန်းတို့သည် အစမှစ၍ အလုံးစုံသော တန်ခိုးပြာဋိဟာတို့ကို ပြုရန် စွမ်းနိုင်ကုန်၏၊ ဤနှာခေါင်းလေလွှတ်သောအရာသို့ ရောက်လျှင် မူကား ဤအရှင်မဟာမောဂ္ဂလာန်အတူ လျင်စွာရှုနိုင်ကြသည် ဖြစ်၍ ဝင်စားရန် မစွမ်းနိုင်ကုန်လတ့်ဟု မြင်တော်မူသောကြောင့် မြတ်စွာဘုရား သည် ထိုအခြားရဟန်းတို့အား နဂါးမင်းကို ဆုံးမရန် ခွင့်ပြုတော်မမူခဲ့ပေ။

[၃၀] နဂါးမင်းသည် "နှာခေါင်းလေဖြင့် ဤရဟန်း၏ မွေးညင်း တွင်းမျှကိုသော်လည်း လှုပ်စေရန် ငါမတတ်နိုင်၊ ရဟန်းသည် တန်ခိုးကြီး ပေစွ"ဟု ကြံမိလေ၏။ အရှင်မဟာမောဂ္ဂလာန်မထေရ်သည် ရဟန်းအသွင် ကိုယ်ကို စွန့်ပယ်၍ ဂဠုန်အသွင် ဖန်ဆင်းပြီးလျှင် ပြင်းထန်သော ဂဠုန် လေကိုပြလျက် နဂါးမင်းကို အစဉ်လိုက်လေ၏။ နဂါးမင်းသည် ထိုနဂါး ကိုယ်ကို စွန့်ပယ်၍ လုလင်အသွင်ဖန်ဆင်းပြီးလျှင် "အရှင်ဘုရား အရှင် တို့ကို ကိုးကွယ်ရာဟု ဆည်းကပ်ပါသည်"ဟူ၍ လျှောက်လျက် အရှင် မောဂ္ဂလာန်မထေရ်၏ ခြေတော်တို့ကို ရှိခိုးလေ၏။ အရှင်မောဂ္ဂလာန် မထေရ်သည် "နဂါးမင်းနန္ဒ၊ မြတ်စွာဘုရားကြွလာတော်မူ၏၊ လာလော့ သွားကုန်အံ့"ဟု နဂါးမင်းကိုဆုံးမ၍ အဆိပ်အတောက်ကင်းအောင် ပြုပြီးလျှင် ခေါ်ဆောင်ခဲ့၍ မြတ်စွာဘုရားအထံသို့ သွားလေ၏။ နဂါးမင်း သည် မြတ်စွာဘုရားကို ရှိခိုး၍ "အရှင်တို့ကို ကိုးကွယ်ရာဟု ဆည်းကပ် ပါသည် အရှင်ဘုရား"ဟု လျှောက်၏။ မြတ်စွာဘုရားသည် "ချမ်းသာသည် ဖြစ်စေ နဂါးမင်း"ဟု မိန့်တော်မူပြီးလျှင် ရဟန်းအပေါင်း သံဃာတော် ခြံရံလျက် အနာထပိဏ်သေဌေးအိမ်သို့ ကြွတော်မူလေသည်။

"အဘယ့်ကြောင့် အလွန်နေမြင့်မှ ကြွလာတော်မူကြပါသနည်း အရှင် ဘုရား"ဟု အနာထပိဏ်သေဌေးက မေးလျှောက်၏။ မောဂ္ဂလာန်နှင့်

http://www.dhammadownload.com



နန္ဒောပနန္ဒနဂါးမင်းတို့၏ စစ်ပွဲဖြစ်နေသောကြောင့်-ဟု မိန့်တော်မူ၏။ ဘယ်သူ၏ ရှုံးခြင်း ဘယ်သူ၏ နိုင်ခြင်း ဖြစ်ပါသနည်း အရှင်ဘုရား-ဟု မေးလျှောက်၏။ မောဂ္ဂလာန်၏ နိုင်ခြင်း နန္ဒောပနန္ဒ၏ ရှုံးခြင်းဖြစ်သည်-ဟု မိန့်တော်မူ၏။ အနာထပိဏ်သေဌေးသည် "ခုနစ်ရက်ပတ်လုံး တခုတည်းသောအစဉ်ဖြင့် တပည့်တော်၏ ဆွမ်းကို လက်ခံတော်မူပါ၊ ခုနစ်ရက်ပတ်လုံး အရှင်မောဂ္ဂလာန်မထေရ်အား ပူဇော်သက္ကာရကို ပြုပါမည်"ဟု လျှောက်ပြီးလျှင် ဘုရားအမှူးရှိသော ရဟန်းငါးရာတို့အား ခုနစ်ရက်ပတ်လုံး ကြီးစွာသော ပူဇော်သက္ကာရကို ပြုလေသည်။ ယခုပြဆိုခဲ့သည့်အတိုင်း ဤနန္ဒောပနန္ဒကို ဆုံးမရာ၌ ပြုသော ဤကြီးသောခန္ဓာကိုယ်ကို ရည်၍ "အကြင်အခါ၌ ကြီးသော ခန္ဓာကိုယ်ကို ပြု၏၊ ထိုအခါ၌ အရှင်မဟာမောဂ္ဂလာန်ကဲ့သို့ပင် ကြီးသည် မဟုတ်ပါလော"ဟူသော ဤစကားကို မိန့်ဆိုပေသည်။ ဤသို့ပင် ဆိုငြားသော်လည်း ရဟန်းတို့သည် "ဥပါဒိန္နကခေါ် ကိုယ်တွင်းရုပ်ကို မှီ၍ အနုပါဒိန္နကခေါ် ကိုယ်ပရုပ်သည်သာလျှင် ပွါးသည်"ဟု ဆိုကုန်၏။အဆုံးအဖြတ်ကား လက်-စသည်ကို ပွါးစေသော ဤအရာ၌ ကိုယ်ပရုပ်သာ ပွါးသည်ဟူသော ဤအဆိုသည်သာလျှင် အသင့်ယုတ္တိရှိပေသည်။

ထိုတန်ခိုးရှင်သည် ဤဆိုခဲ့သည့်အတိုင်း ပြုပြီးလျှင် လ နေတို့ကို သက်သက် သုံးသပ်ရုံမျှသာ မဟုတ်သေး၊ အကယ်၍ အလိုရှိလျှင် ခြေပွတ် အိုးခြမ်းကဲ့ ပြု၍ ခြေတို့ကို တင်ထားနိုင်၏၊ အင်းပျဉ်ပြု၍ တက်ထိုင်နိုင်၏၊ ညောင်စောင်းပြု၍ တက်လျောင်းနိုင်၏၊ နောက်မှီပျဉ်ချပ်ပြု၍ မှီနိုင်၏။ ဆက်၍ဆိုဦးအံ့—တဦးသော တန်ခိုးရှင်က ပြုသကဲ့သို့ အခြားတန်ခိုးရှင်ကလည်း ပြုနိုင်၏။ မှန်ပေ၏၊ များစွာကုန်သော ရဟန်းတသိန်းတို့က ဤသို့ပြုကုန်လတ်သော် ထိုရဟန်းတို့တွင် တပါးတပါးသော ရဟန်းမှာလည်း ထိုသို့ပြုတိုင်းပင် ပြီးစီးပြီးမြောက်၏၊ လနှင့် နေတို့၏ ရွေ့ရှားခြင်း သွားခြင်း သည်ရင်း အလင်းရောင်ကို ပြုခြင်းသည်ရင်း ထိုဖန်ဆင်းသည်မှ ရှေးက

http://www.dhammadownload.com



ကဲ့သို့ပင် ဖြစ်နေပေ၏။ ဥပမာပြရလျှင် ခွက်တထောင်တို့ကို ရေအပြည့် ထည့်ထားလျှင် အလုံးစုံသော ခွက်တို့၌ လဝန်းရိပ်တို့ ထင်ကုန်သကဲ့သို့ရင်း၊ လ၏ သွားခြင်းနှင့် အလင်းရောင်ပြုခြင်းသည် ပကတိအတိုင်းပင် ဖြစ်သကဲ့ သို့ရင်း ဤတန်ခိုးပြာဋိဟာသည် ထိုဥပမာနှင့်တူပေ၏။

၃၉၇။ ယာဝ ဗြဟ္မလောကာပိဟူသည်ကား [၁] ဗြဟ္မလောကကိုသော် လည်း အဆုံးအပိုင်း အခြားပြု၍၊ (ဗြဟ္မပြည်တိုင်အောင်သော်လည်းဟု ဆို လို၏)။ ကာယေန ဝသံ ဝတ္တေတိ ဟူသည်ကား ထိုဗြဟ္မလောက၌ ကိုယ်ဖြင့် မိမိ၏ အလိုကို ဖြစ်စေ၏၊ (မိမိ၏ အလိုသို့ လိုက်စေ၏-မိမိအလိုအတိုင်း ဖြစ်စေ၏ဟု ဆိုလို၏)။ ထိုဝါကျ၏အနက်ကို ပဋိသမ္ဘိဒါမဂ်ပါဠိကို အစဉ် လျှောက်၍ သိအပ်၏။ မှန်ပေ၏၊ အောက်ပါသည် ဤအရာ၌ ဖွင့်ပြသော (ယင်း)ပါဠိပေတည်း။

[၃၁] "ဗြဟ္မပြည်တိုင်အောင်သော်လည်း ကိုယ်ဖြင့် အလိုကိုဖြစ်စေ၏" ဟူရာ၌အကျယ်ကား သမာပတ်ရှစ်ပါးစိတ်ကိုနိုင်နင်း(ခြင်းသို့ရောက်)သော ထိုတန်ခိုးရှင်သည် ဗြဟ္မလောကသို့ အကယ်၍ သွားလိုငြားအံ့၊ အဝေး၌ ရှိသည်ကိုလည်း အနီး၌ဖြစ်စေဟု အနီး၌ဖြစ်အောင် ဓိဋ္ဌာန်၏၊အနီး၌ဖြစ်၏။ အနီး၌ရှိသည်ကိုလည်း အဝေး၌ဖြစ်စေဟု အဝေး၌ ဖြစ်အောင် ဓိဋ္ဌာန်၏၊ အဝေး၌ ဖြစ်၏။ အများကိုလည်း အနည်းဖြစ်စေဟု အနည်းဖြစ်အောင် ဓိဋ္ဌာန်၏၊ အနည်းဖြစ်၏။ အနည်းကိုလည်း အများဖြစ်စေဟု အများ ဖြစ်အောင် ဓိဋ္ဌာန်၏၊ အများဖြစ်၏။ ဒိဗ္ဗစက္ခုဖြင့် ထိုဗြဟ္မာ၏ အဆင်းကို မြင်၏၊ ဒိဗ္ဗသောတဖြင့် ထိုဗြဟ္မာ၏အသံကိုကြား၏၊ စေတောပရိယဉာဏ်ဖြင့် ထိုဗြဟ္မာ၏ စိတ်ကို သိ၏။ သမာပတ်ရှစ်ပါးစိတ်ကို နိုင်နင်း(ခြင်းသို့ရောက်)

---

မှတ်ချက်

၁—နှာ ၂၂-မှတ်ချက် ၆-၌ ပြခဲ့သောပါဠိမှ (ဇ)အမှတ်ပါဠိကို ထုတ်ပြသည်။

http://www.dhammadownload.com



သော ထိုတန်ခိုးရှင်သည် ထင်ရှားမြင်ရသော ကိုယ်ဖြင့် ဗြဟ္မလောကသို့ အကယ်၍ သွားလိုငြားအံ့၊ ကိုယ်၏အစွမ်းဖြင့် စိတ်ကို ညွတ်စေ-ပြောင်းလဲစေ၏၊ ကိုယ်၏အစွမ်းအားဖြင့် စိတ်ကို ဓိဋ္ဌာန်၏၊ ကိုယ်၏အစွမ်းအားဖြင့် စိတ်ကို ညွတ်စေပြီး၍ ကိုယ်၏အစွမ်းအားဖြင့် စိတ်ကို ဓိဋ္ဌာန်ပြီး၍ သုခသညာသို့ရင်း၊ လဟုသညာသို့ရင်း သက်ရောက်၍ ထင်ရှားမြင်ရသော ကိုယ်ဖြင့် ဗြဟ္မလောကသို့သွား၏။ သမာပတ်ရှစ်ပါးစိတ်ကို နိုင်နင်း(ခြင်းသို့ ရောက်)သော ထိုတန်ခိုးရှင်သည် မထင်ရှားသော မမြင်ရသောကိုယ်ဖြင့် ဗြဟ္မလောကသို့ အကယ်၍ သွားလိုငြားအံ့၊ စိတ်၏အစွမ်းအားဖြင့် ကိုယ်ကို ညွတ်စေ-ပြောင်းလဲစေ၏၊ စိတ်၏အစွမ်းအားဖြင့် ကိုယ်ကို ဓိဋ္ဌာန်၏၊ စိတ်၏အစွမ်းအားဖြင့် ကိုယ်ကိုညွတ်စေပြီး၍ စိတ်၏အစွမ်းအားဖြင့် ကိုယ်ကို ဓိဋ္ဌာန်ပြီး၍ သုခသညာသို့ရင်း၊ လဟုသညာသို့ရင်း သက်ရောက်၍ မထင်ရှားသော မမြင်ရသောကိုယ်ဖြင့် ဗြဟ္မလောကသို့သွား၏။ ထိုတန်ခိုးရှင်သည် ထိုဗြဟ္မာ၏ ရှေ့၌ အင်္ဂါကြီးငယ်အားလုံး ပြည့်စုံ၍ မယုတ်လျော့သည့် ဣန္ဒြေရှိသော မနောမယရုပ်ကိုယ်ကို ဖန်ဆင်း၏။ အကယ်၍ ထို တန်ခိုးရှင်သည် စင်္ကြံသွားငြားအံ့၊ ဖန်ဆင်းထားသော နိမ္မိတရုပ်ကိုယ်သည်လည်း ထိုအရပ်၌ စင်္ကြံသွား၏။ အကယ်၍ ထိုတန်ခိုးရှင်သည် ရပ်တည်ငြားအံ့၊ ထိုင်ငြားအံ့၊ လျောင်းငြားအံ့၊ နိမ္မိတရုပ်ကိုယ်သည်လည်း ထိုအရပ်၌ လျောင်း၏။ အကယ်၍ ထိုတန်ခိုးရှင်သည် အခိုးလွှတ်ငြားအံ့၊ မီးလျှံလွှတ်ငြားအံ့၊ တရားဟောငြားအံ့၊ ပြဿနာမေးငြားအံ့၊ ပြဿနာအမေးခံရ၍ ဖြေငြားအံ့၊နိမ္မိတရုပ်ကိုယ်သည်လည်း ထိုအရပ်၌ပြဿနာအမေးခံရ၍ (ဝါ-မေးသည့်ပြဿနာကို)ဖြေ၏။အကယ်၍ ထိုတန်ခိုးရှင်သည် ထိုဗြဟ္မာနှင့် တကွ တည်နေငြားအံ့၊ ပြောဆိုငြားအံ့၊ ဆွေးနွေးခြင်းသို့ ရောက်ငြားအံ့၊ နိမ္မိတရုပ်ကိုယ်သည်လည်း ထိုအရပ်၌ ထိုဗြဟ္မာနှင့်တကွ တည်နေ၏၊ ပြောဆို၏၊ ဆွေးနွေးခြင်းသို့ရောက်၏။ ထိုတန်ခိုးရှင်သည် အကြင်အကြင် အမှုကို ပြု၏၊ ထိုထိုအမှုကိုပင် နိမ္မိတရုပ်သည် ပြု၏" ဤကား ပဋိသမ္ဘိဒါမဂ်ပါဠိ။

http://www.dhammadownload.com



[၃၂] ထိုပါဠိတွင်"အဝေး၌ရှိသည်ကိုလည်း အနီး၌ဖြစ်အောင် ဓိဋ္ဌာန်၏"ဟူရာ၌ ပါဒကစျာန်မှထ၍ အဝေး၌ နတ်ပြည်ကိုဖြစ်စေ၊ ဗြဟ္မပြည်ကိုဖြစ်စေ အနီး၌ ဖြစ်စေဟု ဆင်ခြင်၏၊ ဆင်ခြင်၍ ပရိကံပြုပြီးလျှင် တဖန်ဝင်စား ပြန်၍ အနီး၌ ဖြစ်စေဟု ဓိဋ္ဌာန်၏၊ အနီး၌ ဖြစ်လေ၏။ ကြွင်းသောပုဒ်တို့၌လည်း ဤနည်းပင်။

ထိုသို့ ဖန်ဆင်းရာ၌ အဘယ်သူသည် အဝေးကိုယူ၍ အနီးဖြစ်အောင် ပြုဘူးသနည်းဟူမူ-မြတ်စွာဘုရား ပြုဘူးပေသည်။ ပြုဘူးပုံမှာ-မြတ်စွာဘုရားသည် ယမိုက်ပြာဋိဟာ ပြပွဲအဆုံး၌[၁] နတ်ပြည်သို့ ကြွတော်မူလတ်သည် ယုဂန္ဓိုရ်တောင်ကိုဖြစ်စေ မြင်းမိုရ်တောင်ကိုဖြစ်စေ အနီး၌ပြုတော်မူ၍ မြေပြင်မှ တခုသော ခြေတော်ကို ယုဂန္ဓိုရ်တောင်ထိပ်၌ တည်စေပြီးလျှင် ဒုတိယခြေတော်ကို မြင်းမိုရ်တောင်ထိပ်၌ တည်စေတော်မူ၏။

မြတ်စွာဘုရားမှ တပါး အဘယ်သူ ပြုဘူးသေးသနည်း? အရှင်မဟာမောဂ္ဂလာန်မထေရ် ပြုဘူးသည်။ ပြုပုံမှာ—အရှင်မဟာမောဂ္ဂလာန်မထေရ်သည် နံနက်စာစားပြီး၍ သာဝတ္ထိမြို့မှ ထွက်ခွါသွားသော တဆဲ့နှစ်ယူဇနာရှိ

---

မှတ်ချက်

၁–"ယမိုက်ပြာဋိဟာ ပြပွဲအဆုံး၌" အစရှိသော စကားဖြင့် (တိပိဋကမဿ) သုံးဖဝါးတို့ဖြင့် တာဝတိံသာသို့ ထူးခြားသော ကြွခြင်း၏ အဓိဋ္ဌာန်တန်ခိုးဖြင့် ပြီးခြင်းကို ဆိုသည်။ အခြားသော ပါထိကအဋ္ဌကထာ(လက္ခဏသုတ်အဖွင့်)၌ကား သုပ္ပတိဋ္ဌိတပါဒလက္ခဏာ၏ အာနိသင် အကျိုးအဖြစ်ကို ဆိုထားပေသည်။ ထိုအဆိုနှစ်မျိုးကို အချင်းချင်းမဆန့်ကျင်အောင် စိစစ်၍ ယူအပ်၏။ (ဋီကာ)

http://www.dhammadownload.com



ပရိသတ်ကို ယူဇနာသုံးဆယ်ရှိခရီးကိုချုံး၍ ထိုခဏအတွင်း၌ပင် သက်ဿမြို့သို့[၁] ကောင်းစွာရောက်စေတော်မူ၏။

တနည်းပြရလျှင် သီဟိုဠ်ကျွန်း၌ စူဠသမုဒ္ဒမထေရ်သည်လည်း ပြုဘူး၏။ တဆင့်ကြားဘူးသည်မှာ အစာရခဲသော ဒုဗ္ဘိက္ခကာလ၌ ရဟန်းခုနစ်ရာတို့သည် မထေရ်၏ထံသို့ နံနက်စောစောကပင် လာရောက်ကြ၏။ မထေရ်သည် "ရဟန်းအပေါင်းသံဃာသည် များလှချေ၏၊ အဘယ်အရပ်၌ ဆွမ်းခံရွာ ရှိပါအံ့နည်း"ဟု ဆင်ခြင်ကြည့်လတ်သော် သီဟိုဠ်တကျွန်းလုံး၌ မမြင်သောကြောင့် "သမုဒ္ဒရာ၏ တဖက်ကမ်းဝယ် ပါဋလိပုတ်ပြည်၌ ဖြစ်လတံ့"ဟု မြင်တော်မူ၍ ရဟန်းတို့ကို သပိတ်သင်္ကန်းယူစေပြီးလျှင် "လာကြလော့ ငါ့ရှင်တို့ ဆွမ်းခံသွားကုန်အံ့"ဟု ခေါ်၍ မြေကိုချုံးလျက် ပါဋလိပုတ်ပြည်သို့ ကြွတော်မူလေ၏။ "ဤမြို့သည် အဘယ်မြို့ပါနည်း အရှင်ဘုရား"ဟု ရဟန်းတို့က မေးကုန်၏။ ငါ့ရှင်တို့ ပါဋလိပုတ်မြို့ ဖြစ်သည်''ဟု မိန့်တော်မူ၏။ "ပါဋလိပုတ်မြို့မည်သည်မှာ အဝေး၌ ရှိပါသည်ဘုရား"ဟု လျှောက်ကုန်၏။ "ငါ့ရှင်တို့ မထေရ်အိုကြီးတို့မည်သည်မှာ အဝေး၌ရှိသည်ကိုလည်း ယူ၍ အနီး၌ဖြစ်အောင် ပြုတတ်ကုန်၏"ဟု မိန့်ဆိုတော်မူ၏။ "မဟာသမုဒ္ဒရာက ဘယ်မှာပါနည်းအရှင်ဘုရား"ဟု မေးကုန်၏။ ငါ့ရှင်တို့လမ်းခုလပ်အကြား၌ ညိုသောမြောင်းငယ်တခုကို ကျော်၍လာခဲ့ကြသည် မဟုတ်လော။ မှန်ပါ အရှင်ဘုရား ကျော်လာခဲ့ကြပါသည်၊ သမုဒ္ဒရာသည်ကား ကြီးကျယ်လှပါသည်(ဟု လျှောက်ကြသောအခါ) ငါ့ရှင်တို့ မထေရ်အိုကြီးတို့မည်သည် ကြီးသည်ကိုလည်း ငယ်အောင်ပြုတတ်ကုန်၏ ဟု မိန့်ဆိုတော်မူလေသည်။

---

မှတ်ချက်

၁-မြန်မာစကားချောအောင် အနည်းငယ် ရွှေ့၍ပြန်ထားသည်။ ရှိရင်းပါဠိအစဉ်အတိုင်းဆိုလျှင် ''ယူဇနာသုံးဆယ်ရှိသော သက်ဿမြို့ခရီးကို ချုံး၍ ထိုခဏအတွင်း၌ပင်လျှင်'' ဟု ဖြစ်သည်။

http://www.dhammadownload.com



ဤစူဠသမုဒ္ဒမထေရ်ပြုသကဲ့သို့ပင် တိဿဒတ္တမထေရ်သည်လည်း ညနေချမ်းအချိန်၌ ရေချိုးပြီးလျှင် ကေသီသက်နီးကို ရုံတော်မူပြီး၍ မဟာဗောဓိပင်ကို ရှိခိုးမည်ဟု စိတ်အကြံဖြစ်လတ်သော် မဟာဗောဓိပင်ကို အနီး၌ ဖြစ်အောင် ပြုတော်မူလေပြီ။

အနီးကိုယူ၍ အဝေးဖြစ်အောင် အဘယ်သူ ပြုဘူးသနည်းဟူမူ-မြတ်စွာဘုရား ပြုဘူးပေသည်။ ပြုဘူးပုံမှာ-မြတ်စွာဘုရားသည် မိမိနှင့်အင်္ဂုလိမာလ၏ အကြား၌ အနီးကိုလည်း အဝေးဖြစ်အောင် ပြုတော်မူလေပြီ။ ဤတွင် တရပ်ပြီး၏။

ထိုမှတပါး အများကို အနည်းဖြစ်အောင် အဘယ်သူပြုဘူးသနည်းဟူမူ- အရှင်မဟာကဿပမထေရ်ပြုဘူးသည်။ တဆင့်ကြားဘူးသည်မှာ-ရာဇဂြိုဟ်မြို့ဝယ် နက္ခတ်ပွဲသဘင်နေ့၌ ငါးရာသော လုံမပျိုတို့သည် လမုံ့တို့ကို ယူခဲ့၍ နက္ခတ်ပွဲသဘင်ကစားခြင်းအကျိုးငှါ သွားကြလတ်သော် မြတ်စွာဘုရားကို ဖူးမြင်ကြသော်လည်း မုံ့တခုမျှ မလှူကြကုန်။ နောက်မှ ကြွလာသော အရှင်မဟာကဿပမထေရ်ကို တွေ့မြင်ကြသောအခါ“ ငါတို့၏မထေရ်ကြွလာသည်၊ မုံ့ကိုလှူကြမည် ”ဆို၍ လုံမပျိုအားလုံးတို့သည် [၃၃] မုံ့တို့ကို ယူဆောင်ခဲ့၍ အရှင်မဟာကဿပမထေရ်ထံ ချဉ်းကပ်ကုန်၏။ အရှင်မဟာကဿပမထေရ်သည် သပိတ်ကို အိတ်မှထုတ်၍ မုံ့အားလုံးကို တသပိတ်ပြည့်ရုံမျှ ပြုတော်မူ၏။ မြတ်စွာဘုရားသည် အရှင်မဟာကဿပမထေရ်ကို ငံ့လင့်လျက် ရှေ၌ထိုင်နေတော်မူ၏။ အရှင်မဟာကဿပမထေရ်သည် မုံ့တို့ကို ဆောင်ယူခဲ့၍ မြတ်စွာဘုရားအား ကပ်လှူလေသည်။

---

မှတ်ချက်

၁ – **မဟာဗောဓိပင်ကို** ဟူရာ၌ အပရာဇိတပလ္လင်တော်တည်ရာ မဟာဗောဓိပင်ကို (ဆိုလိုသည်)။ ထိုသို့ ရှိခိုးရန်စိတ်ဖြစ်သည်၏ အခြားမဲ့၌ပင်လျှင် မြေကိုရင်း သမုဒ္ဒရာကိုရင်း ချုံး၍ **မဟာဗောဓိကို** အနီး၌ ပြုလေသည်။(ဋီကာ)

http://www.dhammadownload.com



ထိုမှတပါး ဣလ္လိသသေဋ္ဌေးဝတ္ထု၌ အရှင်မဟာမောဂ္ဂလာန်မထေရ်သည် အနည်းကို အများဖြစ်အောင် ပြု၏၊ ကာကဝလိယဝတ္ထု၌ မြတ်စွာဘုရားသည်လည်း အနည်းကို အများဖြစ်အောင် ပြုတော်မူ၏။ ပြုပုံမှာ—အရှင်မဟာကဿပမထေရ်သည် ခုနစ်ရက်ပတ်လုံး နိရောဓသမာပတ်ဖြင့် ကုန်လွန်စေပြီးလျှင် ဆင်းရဲသားတို့အား ချီးမြှောက်ခြင်းကို ပြုလိုသောကြောင့် ကာကဝလိယမည်သော လူဆင်းရဲ၏ အိမ်တံခါး၌ (ဆွမ်း)ရပ်တော်မူ၏။ ထိုကာကဝလိယ၏ မယားသည် မထေရ်ကို မြင်လျှင် ခင်ပွန်းလင်အတွက် ချက်ပြုတ်ထားသော ဆားမပါသည့် ဟင်းစပ်ယာဂုကို သပိတ်၌ လောင်းလှူလိုက်၏။ အရှင်မဟာကဿပမထေရ်သည် ထိုယာဂုကို ခံယူခဲ့၍ မြတ်စွာဘုရား၏ လက်တော်၌ ကပ်ထားလေ၏။ မြတ်စွာဘုရားသည် များစွာသော ရဟန်းသံဃာအား လောက်အောင်ပြု၍ ခ်ဋ္ဌာန်တော်မူ၏။ သပိတ်တလုံးတည်းဖြင့် ဆောင်ခဲ့သော ယာဂုသည် အားလုံးသော ရဟန်းတို့အား လောက်လေ၏။ ကာကဝလိယသည်လည်း ခုနစ်ရက်မြောက်နေ့၌ သေဋ္ဌေးအရာကို ရလေ၏။ ဤတွင် တရပ်ပြီး၏။

သက်သက် အနည်းကိုသာ အများဖြစ်အောင် ပြုသည်မဟုတ်သေး၊ အချိုကို မချိုအောင်, မချိုသည်ကိုလည်း ချိုမြိန်အောင်-ဤသို့စသည်တို့တွင်လည်း အလိုရှိရာရာ အလုံးစုံသည် တန်ခိုးရှင်မှာ ပြီးစီးပြီးမြောက်၏။ ချဲ့၍ပြရလျှင် မဟာအနုရုဒ္ဓမည်သော မထေရ်သည် များစွာသောရဟန်းတို့သည် ဆွမ်းခံ လှည့်လည်၍ ဟင်းမပါပဲ ဆွမ်းသက်သက်ကိုသာ ရ၍ ဂင်္ဂါမြစ်ကမ်း၌ ထိုင်လျက် ဘုဉ်းပေးသုံးဆောင်နေကြသည်ကို မြင်၍ ဂင်္ဂါမြစ်၌ ရေသည် ထောပတ်ကြည် ဖြစ်စေဟု အဓိဋ္ဌာန်ပြု၍ သာမဏေတို့အား ထောပတ်ကို မြင်အောင် အမှတ်သညာကို ပေးတော်မူ၏။ ထိုသာမဏေတို့သည် ခွက်ငယ်တို့ဖြင့် ဆောင်ယူ၍ ရဟန်းသံဃာအား ကပ်လှူကြ၏။

http://www.dhammadownload.com



အားလုံးသော ရဟန်းသာမဏေတို့သည် ချိုမြိန်ကောင်းမြတ်သော ထောပတ်ကြည်နှင့်တကွ ဘုဉ်းပေးတော်မူကြရလေသည်။

**ဒိဗ္ဗစက္ခုဖြင့်** စသည်၌ အနက်ကား ဤ လူ့ပြည်၌ပင် တည်လျက် အလင်းကို ပွါးစေ၍ ထိုပြဟ္မာ၏ အဆင်းကို မြင်၏၊ ထို့ပြင် ပြောဆိုနေသော ထိုပြဟ္မာ၏ အသံအားလုံးကိုလည်း ဤလူ့ပြည်၌ပင် တည်လျက် ကြား၏၊ စိတ်ကိုလည်း သိ၏။ **ကိုယ်၏အစွမ်းဖြင့် စိတ်ကို ညွတ်စေ၏**-ဟူရာ၌ ရုပ်ကိုယ်၏ အစွမ်းဖြင့် စိတ်ကို ညွတ်စေ (ပြောင်းလဲစေ)၏၊ ပါဒကဈာန်စိတ်ကို ယူ၍ ကိုယ်၌ တင်၏၊ ကိုယ်နှင့်အလားတူ နှေးသောသွားခြင်းရှိအောင်ပြု၏၊ မှန်ပေ၏၊ ကိုယ်၏သွားခြင်းသည် နှေး၏[၁]။ **သုခသညာသို့ ၎င်း လဟုသညာသို့ရင်း သက်ရောက်၏**[၂] ဟူရာ၌ ပါဒကဈာန်လျှင် အာရုံရှိသော[၂] တန်ခိုးဖန်ဆင်းသည့်စိတ်နှင့် တကွဖြစ်သော သုခသညာသို့ရင်း[၃]

မှတ်ချက်

၁ – **မှန်ပေ၏၊ ကိုယ်၏ သွားခြင်းသည် နှေး၏** – နှေးသော မဟာဘုတ်လျှင် အကြောင်းရှိသောကြောင့်-ဟု ဆိုလို၏။ ဤအရာ၌ ဤသည်ကား ဆိုလိုသော အနက်ပေတည်း၊ ထင်ရှားမြင်ရသော ကိုယ်ဖြင့် သွားလိုခြင်း၏ အစွမ်းဖြင့် စိတ်ကိုညွတ်စေ (ပြောင်းလဲစေ) သော ယောဂီသည် ပါဒကဈာန်ကို ဝင်စားပြီးလျှင် ထ၍ "ဤစိတ်သည် ကိုယ်ကဲ့သို့ နှေးသောသွားခြင်းရှိသည် ဖြစ်စေ" ဟု ပရိကံကို ပြု၏။ ထိုသို့ ပရိကံပြုခြင်းကို ရည်၍ "ပါဒကဈာန်စိတ်ကို ယူ၍" ဟု ဆိုပေသည်။ ပရိကံ ပြုပြီးလျှင် မူကား တဖန်ဝင်စား၍ ဉာဏ်ဖြင့် ခိဋ္ဌာန်လျက် ထိုစိတ်ကို ကိုယ်၌ တင်၏၊ ကိုယ်နှင့်အလားတူ နှေးသောသွားခြင်းရှိအောင်ပြု၏။ (ဋီကာ)

၂ – ဩက္ကမိတွာ- သက်ရောက်၍ ဟူသော ပါဠိကိုပင် ဩက္ကမတိ-သက်ရောက်၏ ဟု ထုတ်ပြသည်။ အာရုံရှိသော....စိတ်နှင့်ဟု စပ်ပါ။

၃ – သုခသညာ ဟူသည်ကား သုခနှင့်တကွဖြစ်သော သညာတည်း၊ သညာကို ခေါင်းတပ်၍ပြသော စကားဖြစ်သည်။ (ဋီကာ) သုခ ဟူသည်မှာလည်း

http://www.dhammadownload.com



လဟုသညာသို့ငင်း သက်ရောက်၏ ဝင်၏ တွေ့ထိ၏ ကောင်းစွာရောက်၏[၁]။ သုခသညာ မည်သည်မှာ ဥပေက္ခာနှင့်ယှဉ်သော သညာပေတည်း၊ မှန်ပေ၏၊ ဥပေက္ခာကို ငြိမ်သက်သောကြောင့် သုခဟု ဆိုအပ်ပေသည်။ ဆက်ဦးအံ့၊ ထိုသုခသညာကိုပင်လျှင်[၂] ဆန့်ကျင်ဘက်ဖြစ်ကုန်သော နီဝရဏတို့မှငင်း ဝိတက်စသည်တို့မှငင်း လွတ်မြောက်ခြင်းကြောင့် လဟုသညာဟူ၍လည်း သိအပ်ပေသည်။ ထိုလဟုသညာသို့ သက်ရောက်သော ထိုတန်ခိုးရှင်၏ ရုပ်ကိုယ်သည်လည်း လဲမှို့ကဲ့သို့ ပေါ့ပါးပေ၏၊ ထိုတန်ခိုးရှင်သည် ဤဆိုခဲ့ သည့်အတိုင်း လေဖြင့်မြောက်တင်သည့် လဲမှို့ကဲ့သို့ [၃၄] အလွန်ပေါ့ပါး သော ထင်ရှားမြင်ရသည့်ကိုယ်ဖြင့် ဗြဟ္မလောကသို့ သွား၏။ ဤသို့ သွားသော တန်ခိုးရှင်သည်လည်း အကယ်၍ အလိုရှိပါမူ ပထဝီကသိုဏ်း စျာန်၏အစွမ်းဖြင့် ကောင်းကင်၌ လမ်းဖန်ဆင်း၍ ခြေဖြင့် သွား၏၊ အကယ်၍ အလိုရှိပါမူ ဝါယောကသိုဏ်းစျာန်၏ အစွမ်းဖြင့် လေကို (အလို

---

မှတ်ချက်

စတုတ္ထစျာန်၌ သုခမရှိ၊ ဥပေက္ခာသာ ရှိသည်၊ ထိုဥပေက္ခာကိုပင် ငြိမ်သက် သောကြောင့် ဤအရာ၌ သုခဟု ဆိုသည်၊ သို့ဖြစ်၍ ငြိမ်သက်သော ထို ဥပေက္ခာနှင့်တကွဖြစ်သော သညာနှင့်တကွ စိတ်စေတသိက် အပေါင်းကို သုခသညာဟု ဆိုသည်၊ ထို့ကြောင့် စတုတ္ထစျာန်သို့ရောက်လျှင် ယင်း သုခသညာသို့ ရောက်သည်သာ ဖြစ်သည်။ ဤအရာ၌ကား တန်ခိုးဖန်ဆင်း သော အဘိညာဉ်စိတ်နှင့်ယှဉ်သော သညာစသည်ကိုသာလျှင် သုခသညာ ဟု ဆိုသည်။

၁–ဤ၌ "ဝင်၏၊ တွေ့ထိ၏၊ ကောင်းစွာ ရောက်၏"ဟူသောပုဒ်တို့ဖြင့် သက် ရောက်၏-ဟူသော ပုဒ်ကိုပင် ထပ်ဆင့်၍ ဖွင့်ပြသည်။

၂–ထိုသုခသညာကိုပင်လျှင်........လဟုသညာ-ဟူ၍လည်း သိအပ်ပေသည်-ဟု စပ်ပါ။

http://www.dhammadownload.com



ရှိသည့်အတိုင်း တိုက်ခတ်အောင်) ဓိဋ္ဌာန်၍ လဲမှို့ကဲ့သို့ လေဖြင့် သွား၏။ စင်စစ်သော်ကား သွားလိုသည်၏ အဖြစ်သည်သာလျှင် ဤအရာ၌ ပမာဏ ပေတည်း[၁]။ ထင်စွာ ပြရလျှင် သွားလိုသည်၏အဖြစ်ရှိလျှင် ဤဆိုခဲ့သည့် အတိုင်း ပြုအပ်ပြီးသော စိတ်ကို ဓိဋ္ဌာန်ခြင်းရှိသော[၂] ထို တန်ခိုးရှင် သည် လေးသမားက ပစ်လိုက်သော မြားကဲ့သို့ ဓိဋ္ဌာန်ခြင်းအဟုန်က ပစ် လွှင့်အပ်သည်ဖြစ်၍ သာလျှင် ထင်ရှားမြင်ရသော ကိုယ်ဖြင့် သွား၏။

**စိတ်၏အစွမ်းဖြင့် ကိုယ်ကိုညွတ်စေ၏** ဟူရာ၌ ရုပ်ကိုယ်ကိုယူ၍[၃] (ပါဒက-ဈာန်)စိတ်၌ တင်၏[၄]၊ စိတ်နှင့်အလားတူ မြန်သောသွားခြင်းရှိအောင်ပြု၏၊ မှန်ပေ၏၊ စိတ်၏သွားခြင်း-ဖြစ်ခြင်းသည်မြန်၏။ **သုခသညာသို့ရင်း၊ လဟု-သညာသို့ရင်း သက်ရောက်၏** ဟူရာ၌ ရုပ်ကိုယ်လျှင် အာရုံရှိသော တန်ခိုး ဖန်ဆင်းသည့် စိတ်နှင့် တကွဖြစ်သော သုခသညာသို့ရင်း၊ လဟုသညာသို့ရင်း

---

မှတ်ချက်

၁ – ထင်ရှားမြင်ရသောကိုယ်ဖြင့် ဤသို့ သွားရာ၌ သွားလိုရာအရပ်ကို ရည်၍ သွားလိုခြင်း၏ အစွမ်းအားဖြင့်ဖြစ်သော ပရိကံပြုခြင်းနှင့် ဓိဋ္ဌာန်ခြင်းတို့ သည်သာလျှင် ပမာဏပေတည်း၊ ထိုမျှဖြင့် သွားခြင်း ပြီးမြောက်၏၊ ထို့ကြောင့် လမ်းဖန်ဆင်းခြင်း၊ လေကို ဓိဋ္ဌာန်ခြင်းတို့နှင့် ကင်း၍လည်း လိုရာအရပ်သို့ ရောက်ခြင်း ဖြစ်ပေ၏။ (ဋီကာ)

၂ – ဤဆိုခဲ့သည့်အတိုင်း စိတ်ကို ဓိဋ္ဌာန်ခြင်းပြုပြီးသော-ဟု ဆိုလို၏။

၃ – ရုပ်ကိုယ်ကို ယူ၍-ဟူသည်ကား ရုပ်ကိုယ်ကို အာရုံပြုသည့်အစွမ်းဖြင့် ပရိကံ စိတ်ဖြင့် ယူ၍(ဟု ဆိုလို၏)။

၄ – စိတ်၌ တင်၏-ဟူသည်ကား "ဤကိုယ်သည် ဤစိတ်ကဲ့သို့ ဖြစ်စေ"ဟု ပါဒက ဈာန်စိတ်၌ တင်၏၊ ထိုစိတ်အလား ရှိသည်ကို ပြု၏။ ထို့ကြောင့် "စိတ်နှင့် အလားတူ မြန်သော သွားခြင်းရှိအောင် ပြု၏"ဟု ဆိုပေသည်။ စိတ်၏ သွားခြင်း-ဟူသည်မှာ စိတ်၏ဖြစ်ခြင်းကို ဆိုသည်။ (ဋီကာ)

http://www.dhammadownload.com



သက်ရောက်၏ဟု(ဆိုလို၏)။ ကြွင်းသောပုဒ်တို့၏ အနက်အဓိပ္ပါယ်ကို ဆိုခဲ့ပြီးသောနည်းဖြင့် သိအပ်၏။ စိတ်၏အစွမ်းဖြင့် ရုပ်ကိုယ်ကို ညွတ်စေ-ပြောင်းလဲစေသော ဤပြာဋိဟာသည် စိတ်၏သွားခြင်းနှင့်တူသော သွားခြင်းရှိသည် သာလျှင် ဖြစ်၏။ ဤသို့မထင်ရှားသော-မမြင်ရသောကိုယ်ဖြင့် သွားသော ဤတန်ခိုးရှင်သည် ထိုအဓိဋ္ဌာန်စိတ်၏ ဥပါဒ်ခဏ၌ သွားသလော၊ သို့မဟုတ် ဋ္ဌီခဏ၌ ဘင်ခဏ၌ သွားသလော-ဟု မေးလတ်သော် သုံးပါးလုံးသော ခဏတို့၌ သွားသည်-ဟု မထေရ်တပါးက ဆို၏။ ထိုတန်ခိုးရှင်သည် သူကိုယ်တိုင်ပင် သွားသလော၊ နိမ္မိတကို စေလွှတ်သလောဟူမူ၊ အလိုရှိသည့်အတိုင်း ပြု၏။ သို့သော်လည်း ဤပါဠိ၌မူ ထိုတန်ခိုးရှင်၏ ကိုယ်တိုင်သွားခြင်းသာလျှင် လာပေသည်။

**မနောမယ** ဟူရာ၌ ဓိဋ္ဌာန်သောအဘိညာဉ်စိတ်ဖြင့် ဖန်ဆင်းအပ်သည်၏ အဖြစ်ကြောင့် မနောမယ-စိတ်ဖြင့်ပြီးသည် မည်၏။ **မယုတ်လျော့သည့် ဣန္ဒြေရှိသော** ဟူသော ဤပုဒ်ကို မျက်စိ နား စသည်တို့ ပုံသဏ္ဌာန် အလိုအားဖြင့် ဆိုအပ်ပေသည်။ သို့သော် နိမ္မိတရုပ်ပွါးကိုယ်၌ ပသာဒရုပ်ကား မရှိပေ။ "အကယ်၍ တန်ခိုးရှင်သည် စင်္ကြံသွားငြားအံ့၊ ဖန်ဆင်းထားသော နိမ္မိတရုပ်ကိုယ်သည်လည်း ထိုအရပ်၌ စင်္ကြံသွား၏" အစရှိသော အလုံးစုံကို သာဝကဖန်ဆင်းသည့် အရုပ်ကိုရည်၍ ဆိုပေသည်။ မြတ်စွာဘုရား ဖန်ဆင်းသော နိမ္မိတရုပ်သည်ကား မြတ်စွာဘုရားပြုသည့် ထိုထိုအမှုကိုလည်း ပြု၏၊ မြတ်စွာဘုရား၏ အလိုတော် အစွမ်းဖြင့် အခြားအမှုကိုလည်း ပြု၏၊ ဤတွင် တရပ်ပြီး၏။

ကိုယ်ဖြင့် အလိုသို့လိုက်စေပုံကို ရှင်းပြအံ့၊ ဤပါဠိအရပြခဲ့သော တန်ခိုးတို့တွင် ထိုတန်ခိုးရှင်သည် ဤလူ့ပြည်၌သာ တည်လျက် ဒိဗ္ဗစက္ခုဖြင့် ဗြဟ္မာ၏အဆင်းကို မြင်၏၊ ဒိဗ္ဗသောတဖြင့် ဗြဟ္မာ၏အသံကို ကြား၏၊ စေတော ပရိယညာဏ်ဖြင့် ဗြဟ္မာ၏ စိတ်ကို သိ၏၊ ဤသို့ မြင်ကြား သိရှိမှုဖြင့်

http://www.dhammadownload.com



ကိုယ်ဖြင့် အလိုသို့ လိုက်စေသည်မမည်သေး။ ထို့ပြင်လည်း ထိုတန်ခိုးရှင်သည် ဤလူ့ ပြည်၌သာ တည်လျက် ထိုဗြဟ္မာနှင့်တကွ တည်၏၊ ပြောဆို၏ ဆွေးနွေး၏၊ ဤမျှဖြင့်လည်း ကိုယ်ဖြင့် အလိုသို့ လိုက်စေသည် မမည်သေး။ ထို့ပြင်လည်း "အဝေး၌ ရှိသည်ကိုလည်း အနီး၌ဖြစ်အောင် ဓိဋ္ဌာန်၏" ဤသို့ အစရှိသော ဓိဋ္ဌာန်ခြင်းကို ထို တန်ခိုးရှင်သည် ပြု၏[၁]။ ဤမျှဖြင့်လည်း ကိုယ်ဖြင့် အလိုသို့လိုက်စေသည် မမည်သေး။ ထို့ပြင်လည်း ထိုတန်ခိုးရှင်သည် ထင်ရှားမြင်ရသောကိုယ်ဖြင့်သော်၎င်း၊ ထင်ရှား မမြင်ရသော ကိုယ်ဖြင့်သော်၎င်း ဗြဟ္မလောကသို့ သွား၏၊ ဤမျှဖြင့်လည်း ကိုယ်ဖြင့် အလိုသို့ လိုက်စေသည်မမည်သေး။ စင်စစ်သော်ကား "ထိုတန်ခိုးရှင်သည် ဗြဟ္မာ၏ ရှေ့၌ ရုပ်ကိုယ်ကိုဖန်ဆင်း၏" ဤသို့ အစရှိသော နည်းဖြင့် [၃၅]ဆိုထားသည့် အစီအရင်သို့ ရောက်၏၊ ဤမျှသောပြုမှုဖြင့်သာလျှင် ကိုယ်ဖြင့် အလိုသို့ လိုက်စေသည်မည်ပေ၏။ ကြွင်းသော တန်ခိုးပြာဋိဟာအပေါင်းကိုမူ ဤအရာ၌ ကိုယ်ဖြင့် အလိုသို့လိုက်စေခြင်း၏ ရှေးအဖို့ကို ပြခြင်းငှါ ဆိုထားပေသည်။ ဤဆိုခဲ့သော တန်ခိုးသည် ဣဒ္ဓိဝိဓာဃ-ပုဒ်အဖွင့်၌ ရှေးဦးစွာ ထုတ်ပြခဲ့သော အဓိဋ္ဌာနိဒ္ဓိပေတည်း။

၃၉၈။ ထိုမှတပါး တမျိုးတမည်ဖန်ဆင်းသော ဝိကုဗ္ဗနတန်ခိုး၏၎င်း အဘိညာဉ်စိတ်ဖြင့်ပြီးစေသော မနောမယတန်ခိုး၏၎င်း ထူးခြား ကွဲပြားပုံကား ဤသို့ဖြစ်ပေသည်[၂]။ ဝိကုဗ္ဗနကိုပြုလိုသော တန်ခိုးရှင်သည်—

---

မှတ်ချက်

၁–မြန်မာစကားချောစေရန် အနည်းငယ် ပြင်၍ ပြန်ထားသည်။ အတိအကျ ပြန်လျှင် "ထိုတန်ခိုးရှင်၏ အဝေး၌ ရှိသည်ကိုလည်း အနီး၌ ဖြစ်အောင် ဓိဋ္ဌာန်၏၊ ဤသို့ အစရှိသော အကြင် ဓိဋ္ဌာန်ခြင်းသည်လည်း (ရှိ၏)" ဟု ဖြစ်၏။

၂–အနည်းငယ်ပြင်၍ ပြန်ထားသည်။

http://www.dhammadownload.com



"ထိုတန်ခိုးရှင်သည် ပကတိအသွင်ကိုစွန့်၍ သူငယ်အသွင်ကို မူလည်း ပြ၏၊ နဂါးအသွင်ကိုမူလည်း ပြ၏၊ ဂဠုန်အသွင်ကိုမူလည်း ပြ၏၊ အသုရာအသွင်ကိုမူလည်း ပြ၏၊ သိကြားအသွင်ကိုမူလည်း ပြ၏၊ နတ်အသွင်ကိုမူလည်း ပြ၏၊ ဗြဟ္မာအသွင်ကိုမူလည်း ပြ၏၊ သမုဒ္ဒရာအသွင်ကိုမူလည်း ပြ၏၊ တောင်အသွင်ကိုမူလည်း ပြ၏၊ ခြင်္သေ့အသွင်ကိုမူလည်း ပြ၏၊ ကျားအသွင်ကိုမူလည်း ပြ၏၊ ကျားသစ်အသွင်ကိုမူလည်း ပြ၏၊ ဆင်အသွင်ကိုမူလည်း ပြ၏၊ မြင်းအသွင်ကိုမူလည်း ပြ၏၊ ရထားအသွင်ကိုမူလည်း ပြ၏၊ ခြေလျင်တပ်အသွင်ကိုမူလည်း ပြ၏၊ အမျိုးမျိုးသော စစ်တပ်အပေါင်းကိုမူလည်း ပြ၏"ဟု—

ဤသို့ဟောထားသော သူငယ်အသွင်စသည်တို့တွင် အလိုရှိရာရာ ထိုထိုအသွင်သဏ္ဌာန်ကို ဓိဋ္ဌာန်အပ်၏။ (ထိုတွင် သူငယ်အသွင်ကို) ဓိဋ္ဌာန်လျှင်လည်း ပထဝီကသိုဏ်းစသည်တို့တွင် တပါးပါးသော အာရုံရှိသော အဘိညာဉ်၏အခြေခံ ပါဒကစျာန်မှထ၍ မိမိ၏သူငယ်အသွင်ကို ဆင်ခြင်အပ်၏၊ ဆင်ခြင်ပြီးလျှင် ပရိကံပြုသည်၏အဆုံး၌ တဖန်ဝင်စား၍ (ထိုမှ)ထ၍ ဤသို့သဘောရှိသည်မည်သော သူငယ်ဖြစ်စေဟု ဓိဋ္ဌာန်အပ်၏။ ဓိဋ္ဌာန်သောစိတ်နှင့်တပြိုင်နက် သူငယ်ဖြစ်၏(အဇာတသတ်မင်းသားထံ သွားခါနီး တန်ခိုးဖန်ဆင်းသော) ဒေဝဒတ်ကဲ့သို့ပင်တည်း။ အလုံးစုံတို့၌ ဤနည်းပင်။

ထူးသည်မှာ "ဆင်ကိုလည်း ပြ၏" ဤသို့စသောစကားကို ဤအရာ၌ အပြင်ပ၌လည်း ဆင်စသည်ကို ပြသည်၏အစွမ်းအားဖြင့် ဆိုထားပေသည်။ ထိုအပြင်ပ ဖန်ဆင်းရာ၌ "ဆင်ဖြစ်လို၏"ဟု ဓိဋ္ဌာန်ခြင်းမပြုမူ၍ "ဆင်

http://www.dhammadownload.com



ဖြစ်စေ”ဟု ဓိဋ္ဌာန်အပ်၏[၁]။ မြင်းစသည်တို့၌လည်း ဤနည်းပင်တည်း။[၁] ဤသည်ကား ဝိကုဗ္ဗနိဒ္ဓိပေတည်း။

၃၉၉။ ထိုမှတပါး မနောမယရုပ်ကိုယ်ကို ဖန်ဆင်းလိုသောတန်ခိုးရှင်သည် ပါဒကစျာန်မှထ၍ (မိမိ၏)ကိုယ်ကို ရှေးဦးစွာ ဆင်ခြင်ပြီးလျှင် ဆိုခဲ့ပြီးသောနည်းဖြင့်ပင် အခေါင်းရှိသည် ဖြစ်စေ (အခေါင်းဖြစ်စေ)ဟု ဓိဋ္ဌာန်၏၊ တကိုယ်လုံး အခေါင်းအတိ ဖြစ်၏၊ ထိုအခါ ထိုကိုယ်၏ အတွင်း အခေါင်းထဲ၌ အခြားကိုယ်ကို ဆင်ခြင်ပြီးလျှင် ပရိကံပြု၍ ဆိုခဲ့ပြီးသောနည်းဖြင့်ပင် ဓိဋ္ဌာန်၏၊ ထိုကိုယ်၏အတွင်း အခေါင်းထဲ၌ အခြားကိုယ်သည် ဖြစ်၏။ ထိုတန်ခိုးရှင်သည် ထိုနိမ္မိတကိုယ်ကို အပြင်ပသို့ ထုတ်၏၊ ဥပမာအားဖြင့် ဖြူဆံမြက်ပင်မှ ဖြူဆံညှောက်ကို ထုတ်သကဲ့သို့ရင်း၊ သန်လျက်အိမ်

---

မှတ်ချက်

၁–ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ၌ ဤအဖွင့်ကို စိစစ်ထားသည်မှာ— ဝိသုဒ္ဓိမဂ်၌ကား “ဆင်ကိုလည်း ပြ၏–ဤသို့စသော စကားကို ဤအရာ၌ အပြင်ပ၌လည်း ဆင်စသည်ကို ပြသည်၏အစွမ်းအားဖြင့် ဆိုထားပေသည်။ပ။ မြင်းစသည် တို့၌လည်း ဤနည်းပင်တည်း”ဟု ဆိုထား၏၊ ထိုအဆိုသည် “(ပကတိဝဏ္ဏံ ဝိဇဟိတွာ) ပကတိအသွင်ကို စွန့်၍”ဟု ဟောထားသော မူလပုဒ်နှင့်ရင်း၊ တမျိုးတမည် ဖန်ဆင်းခြင်းဟူသော ဝိကုဗ္ဗနိဒ္ဓိအဖြစ်နှင့်ရင်း ဆန့်ကျင်၏။ မှန်ပေ၏၊ ပါဠိတော်၌ ဟောထားသည့်အစဉ်ဖြင့် ပကတိအသွင်ကို မစွန့်မူ၍ ဓိဋ္ဌာန်ခြင်း၏ အစွမ်းဖြင့် တပါးသောအသွင်ကို ပြခြင်းသည် အဓိဋ္ဌာနိဒ္ဓိ မည်၏၊ ပကတိအသွင်ကို စွန့်၍ ဓိဋ္ဌာန်ခြင်း၏အစွမ်းဖြင့် မိမိကိုယ်ကို တပါးသော အခြင်းအရာအသွင်ဖြင့် ပြခြင်းသည် ဝိကုဗ္ဗနိဒ္ဓိ မည်၏။ (ဤကား ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ၌ စိစစ် ပြဆိုချက်ဖြစ်သည်)

http://www.dhammadownload.com



ဓားအိမ်မှ သန်လျက် ဓားကို ထုတ်သကဲ့သို့ရင်း၊ မြွေပခြုပ်မှ၊ ဝါ-မြွေရေခွံမှ[၁] မြွေကို ထုတ်သကဲ့သို့ရင်း ပေတည်း။ ထို့ကြောင့်—

"ဤသာသနာတော်၌ ရဟန်းသည် ဤပကတိရုပ်ကိုယ်မှ အခြားတပါးသော အင်္ဂါကြီးငယ်အားလုံးပြည့်စုံ၍ မယုတ်လျော့သည့် ဣန္ဒြေရှိသော မနောမယရုပ်ကိုယ်ကို ဖန်ဆင်း၏၊ ဥပမာဖြင့် ပြရလျှင် ယောကျ်ားတယောက်သည် ဖြူဆံမြက်ပင်မှ ဖြူဆံညှောက်ကို ထုတ်နုတ်ရာ၏၊ ထိုယောကျ်ားမှာ ဤသို့သော အသိအမြင် ဖြစ်ရာ၏-ဤအရာကား ဖြူဆံမြက်ပင်ပေတည်း၊ ဤအရာကား [၃၆] ဖြူဆံညှောက်ပေတည်း၊ ဖြူဆံမြက်ပင်ကား တခြားတပါး, ဖြူဆံညှောက်ကား တခြားတပါးပေတည်း၊ စင်စစ်သော်ကား ဖြူဆံမြက်ပင်မှပင်လျှင် ဖြူဆံညှောက်ကို ထုတ်နုတ်အပ်ပေသည်ဟု အသိအမြင် ဖြစ်ရာသကဲ့သို့ရင်း"—

ဤသို့စသည်ကို ဟောတော်မူအပ်ပေသည်။ ဆက်၍ရှင်းပြဦးအံ့။ ဤမနောမယိဒ္ဓိအရာ၌ ဖြူဆံညှောက်စသည်တို့သည် ဖြူဆံမြက်ပင်စသည်တို့နှင့် တူကုန်သကဲ့သို့ ဤအတူပင် မနောမယရုပ်ကိုယ်သည် တန်ခိုးရှင်၏ ရုပ်ကိုယ်နှင့် တထပ်တည်း တူသည်သာလျှင် ဖြစ်သည်ဟူသော အနက်ကို

---

မှတ်ချက်

၁—ကရဏ္ဍာ-ပုဒ်၏ အနက် ဖြစ်သည်၊ ထိုတွင် ပဌမအနက်သည် ပေဋ္ဌာယ-ဟု ဖွင့်သော ဋီကာနှင့်အညီ ဖြစ်သည်၊ ဒုတိယအနက်သည် ပုရာဏတစကဉ္စုက-တော-အရေခွံဟောင်းမှ-ဟု ဖွင့်သော ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာနှင့်အညီ ဖြစ်သည်၊ ၎င်းကို "နိမ္မောကာတိ စ-မြွေရေခွံမှ"ဟူ၍လည်း ဖွင့်ကြကြောင်း ဤဋီကာ၌လည်း ဆို၏။ ဤအရာ၌ မြွေနှင့် ကရဏ္ဍာ တူရမည်ဖြစ်၍ မြွေရေခွံမှ-ဟူသော ဒုတိယအနက်သာ သင့်ပေသည်။

http://www.dhammadownload.com



ပြခြင်းအကျိုးငှါ ဤသုံးပါးသော ဥပမာတို့ကို ပြဆိုထားပေသည်။ ဤသည်ကား မနောမယိဒ္ဓိပေတည်း။

ဤသည်ကား သူတော်ကောင်းအပေါင်းတို့၏ ဝမ်းမြောက်ခြင်းငှါ
ပြုစီရင်(အပ်)သော ဝိသုဒ္ဓိမဂ်ကျမ်းဝယ်
ပြီးမြောက်မှု(တန်ခိုးဖန်ဆင်းမှု)အမျိုးမျိုးကို အကျယ်ပြချက်
(ဣဒ္ဓိဝိဓနိဒ္ဒေသ)မည်သော

တဆယ့်နှစ်ခုမြောက် အပိုင်းအခဏ်းပေတည်း။

(ဣဒ္ဓိဝိဓကို အကျယ်ပြချက် ပြီး၏။)

http://www.dhammadownload.com



## ၁၃-အဘိညာနိဒ္ဒေသ-အဘိညာဉ်တို့ကို အကျယ်ပြချက်

## ဒိဗ္ဗသောတဓာတုကထာ-ဒိဗ္ဗသောတဓာတ် [၁] ပြဆိုချက်

[၃၇] ၄၀၀။ ယခုအခါ ဒိဗ္ဗသောတဓာတ်ကို အကျယ်ပြရန် အစဉ်ကျရောက်လာပြီ။ ထို (ဒိဗ္ဗသောတဓာတ်) ၌ရင်း, ယင်းမှ နောက်ဖြစ်ကုန်သော အဘိညာဉ် သုံးပါးတို့၌ရင်း [၂] (သော ဧဝံ သမာဟိတေ စိတ္တေ။ ပ။ အာနေဉ္ဇပ္ပတ္တေ ဒိဗ္ဗာယ သောတဓာတုယာ စိတ္တံ အဘိနီဟရတိ အဘိနိန္နာမေတိ) ထို (စတုတ္ထစျာန်ရပြီးသော ရဟန်း)သည် ဤဆိုခဲ့သည့်အတိုင်း စိတ်သည် (စတုတ္ထစျာန်သမာဓိဖြင့်) တည်ကြည်လတ်သော် ။ပ။မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် ဒိဗ္ဗသောတဓာတ်အလို့ငှါ စိတ်ကိုရှေးရှုဆောင်၏ ရှေးရှုညွတ်စေ၏) အစရှိသော ပါဠိတော်စကားတို့၏အနက်ကို ဆိုခဲ့ပြီးသောနည်းဖြင့်ပင် သိအပ်၏။ အလုံးစုံတို့၌ [၃] အထူးမျှကိုသာ ဖွင့်ပြကုန်အံ့။

ထိုဒိဗ္ဗသောတဓာတ်ဆိုင်ရာပါဠိတော်၌ **ဒိဗ္ဗာယ သောတဓာတုယာ**-ဟူသော ဤပုဒ်၌ † နတ်တို့၏ နားနှင့်တူသောကြောင့် ဒိဗ္ဗမည်၏။ ထင်စွာပြရ

---

မှတ်ချက်

၁–ဒိဗ္ဗသောတအဘိညာဉ်ကိုပင် ဒိဗ္ဗသောတဓာတ်ဟု ဆိုသည်။

၂–အဘိညာဉ်သုံးပါးဟူသည်မှာ ဤမြန်မာပြန် တတိယတွဲ နှာ ၃-၌ ပြခဲ့သော စေတောပရိယအဘိညာဉ်, ပုဗ္ဗေနိဝါသအဘိညာဉ်, ဒိဗ္ဗစက္ခုအဘိညာဉ်တို့ပင် ဖြစ်သည်။

၃–အလုံးစုံတို့၌ ဟူသည်မှာ ဒိဗ္ဗသောတဓာတ်ကို ပြသော ပါဠိ၌ရင်း, ကြွင်းသော အဘိညာဉ်သုံးပါးကို ပြသော ပါဠိ၌ရင်း- ဤ ပါဠိအားလုံးတို့၌ (ဟု ဆိုလို၏)။ (ဋီကာ)

†–သော ဒိဗ္ဗာယ သောတဓာတုယာ ဝိသုဒ္ဓါယ အတိက္ကန္တမာနုသိကာယ ဥဘော သဒ္ဒေ သုဏာတိ ဒိဗ္ဗေ စ မာနုသေ စ ယေ ဒူရေ သန္တိကေ စ–ဟူသော ပါဠိရင်းမှ ဖွင့်ပြသင့်သော ပဌမ ၂-ပုဒ်ကို ရှေးဦးစွာ ထုတ်ပြသည်။ ထိုပါဠိအားလုံးကို မြန်မာပြန်လျှင် အောက်ပါအတိုင်း ဖြစ်သည်။

http://www.dhammadownload.com



လျှင် နတ်တို့၏ ပသာဒသောတဓာတ်ခေါ် နားသည် ကောင်းမှုကံကြောင့် ဖြစ်ပေါ်လာပေသည်[၁]၊ (ဝါ-ဖြစ်ပေါ်လာသဖြင့်) သည်းခြေ သလိပ် သွေး စသည်တို့က ပိတ်ပင်နှောင့်ယှက်ခြင်း မရှိပေ၊ ညစ်ညူးကြောင်း အညစ် အကြေးတို့မှ ကင်းလွတ်သောကြောင့် အဝေး၌ အာရုံကိုသော်လည်း ခံယူနိုင်-ကြားနိုင်ပေ၏၊ ဤရဟန်း၏ ဝီရိယဖြင့် ပွါးစေအပ်သည့် သမာဓိစွမ်းအားကြောင့်ဖြစ်သော[၂] ဤအဘိညာဉ် သောတဓာတ်သည်လည်း ထိုနတ်တို့၏ နားနှင့် တူသည်သာတည်း၊ ထိုသို့ နတ်တို့၏ နားနှင့် တူသောကြောင့် ဒိဗ္ဗမည်၏။ တနည်းအားဖြင့်မူကား ဒိဗ္ဗဝိဟာရ ခေါ် ဈာန်၏အစွမ်းဖြင့် ရအပ်သောကြောင့် မိမိကိုယ်တိုင်လည်း ဒိဗ္ဗဝိဟာရကို မှီသောကြောင့်

---

မှတ်ချက်

ထိုယောဂီရဟန်းသည် စင်ကြယ်သော လူတို့၏ နားကို ကျော်လွန်သော (ဝါ-လူတို့၏ နားထက် သာလွန်သော) ဒိဗ္ဗသောတဓာတ်ဖြင့် နတ်ပြည်၌ အသံတို့နှင့် လူ့ပြည်၌ အသံတို့ဟူသော နှစ်မျိုးသော အသံတို့ကို ကြား၏၊ အဝေး၌ အသံ အနီး၌ အသံတို့ကိုလည်း ကြား၏။ (ဤကား ထိုပါဠိ၏ မြန်မာပြန်)

၁ – ကောင်းမှုကံကြောင့် ဖြစ်ပေါ်လာပေသည်- ဟူသည်ကား ယုံကြည် သဒ္ဓါ အဖြစ်များခြင်း, စင်ကြယ်သော အယူရှိခြင်း, အကျိုးအာနိသင်ကိုမြင်ခြင်း စသည်တို့၏ ပြည့်စုံခြင်းဖြင့် ကောင်းစွာပြုကျင့်အပ်သောကြောင့် သုစရိတ်မည်သော, နတ်လောက၌ဖြစ်စေတတ်သော ကောင်းမှုကံကြောင့် ဖြစ်ပေါ် လာပေသည် (ဟု ဆိုလို၏)။ (ဋီကာ)

၂ – ဝီရိယဖြင့် အားထုတ်သည်၏ အစွမ်းအားဖြင့် သာလျှင် ပြီးမြောက် ပြည့်စုံသောကြောင့် ကုသိုလ်ကို ပွါးစေမှု (ကုသလဘာဝနာ) အားလုံးပင် ဝီရိယဘာဝနာမည်၏၊ တနည်းကား– ပြင်းစွာ အားထုတ်မှု ဟူသော ပြုလုပ်မှု သင်္ခါရတို့နှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးစေမှုသည်လည်း ဝီရိယဘာဝနာမည်၏၊ ထိုဝီရိယဘာဝနာ၏အစွမ်းအားဖြင့် ဖြစ်ပေါ်လာပေသည်။(ဋီကာ)

http://www.dhammadownload.com



လည်း ဒိဗ္ဗမည်၏။ ကြားတတ်သောနားဟူသော အနက်သဘောကြောင့်ရင်း၊ အသက်မဲ့ အနက်သဘောကြောင့်ရင်း **သောတဓာတ်** မည်၏။[၁] တနည်းကား သောတဓာတ်ခေါ် နား၏(ကြားမှု)ကိစ္စကို ပြုခြင်းကြောင့် သောတဓာတ်နှင့် တူပေ၏၊ ထို့ကြောင့်လည်း သောတဓာတ်မည်၏။ နတ်တို့၏ နားနှင့်တူသော ထို(အဘိညာဉ်) သောတဓာတ်ဖြင့် (ဟု ဆိုလို၏)။

**ဝိသုဒ္ဓါယ**-ဟူသည်ကား ထက်ဝန်းကျင်စင်ကြယ်သော အညစ်အကြေးကင်းသော (ဟု ဆိုလို၏)။ **အတိက္ကန္တမာနုသိကာယ**-ဟူသည်ကား လူတို့၏ ကြားရာနယ်ပယ်ကို ကျော်လွန်၍ အသံကို ကြားသဖြင့် လူတို့၏ မံသသောတဓာတ်ခေါ် နားကို ကျော်လွန်သော ကျော်လွန်၍တည်သော (ဟု ဆိုလို၏)။ **ဥဘောသဒ္ဒေ သုဏာတိ**-ဟူသည်ကား နှစ်မျိုးသော အသံတို့ကို ကြား၏။ အဘယ်နှစ်မျိုးတို့ကို နည်း? ဟူမူ၊ နတ်လောက၌ အသံတို့နှင့် လူ့လောက၌ အသံတို့ကို၊ လူတို့၏ အသံ နတ်တို့၏ အသံတို့ကိုဟု ဆိုလို၏။ (နှစ်မျိုးသောအသံတို့ကို ကြား၏ ဟူသော)ဤစကားဖြင့် အကြွင်းရှိသော အသံတို့ကို သိမ်းယူသည်ဟု သိအပ်၏။ **ယေ ဒူရေ သန္တိကေ စ**-ဟူသည်ကား အဝေး၌ တပါးသော စကြာဝဠာ၌သော်လည်း အကြင်အသံတို့သည် ရှိကုန်၏၊ အနီး၌ အကြင်အသံတို့သည် အနီးဆုံးအားဖြင့် မိမိကိုယ်တွင်းက ပိုးကောင်တို့၏ အသံတို့သည် သော်လည်း ရှိကုန်၏၊ ထိုအနီးအဝေး၌ အသံတို့ကို ကြား၏ဟု ဆိုလို၏၊ ဤစကားဖြင့် အကြွင်းမဲ့ အသံတို့ကို သိမ်းယူသည်ဟု သိအပ်၏။

ဤဒိဗ္ဗသောတဓာတ်အဘိညာဉ်ကို အဘယ်သို့ ဖြစ်စေအပ်သနည်း? ဟူမူ။ (စတုတ္ထဈာန်ရပြီးသော) ထိုရဟန်းသည် အဘိညာဉ်၏ အခြေခံ

---

မှတ်ချက်

၁ — သောတ — ကြားတတ်သော နား + ဓာတု — ဓာတ် — သဘောတရား = သောတဓာတ်-နားဓာတ်သဘော။

http://www.dhammadownload.com



ဖြစ်သော စတုတ္ထစျာန်ကို ဝင်စားပြီးလျှင် (ထိုမှ) ထ၍ ပရိကံပြုသော သမာဓိစိတ်ဖြင့်[၁] ရှေးဦးစွာ ပကတိနားဖြင့် ကြားနိုင်လောက်သည့် ဝေးသောအရပ်၌ တောထဲက ခြင်္သေ့စသည်တို့၏ ကြမ်းတမ်း ကျယ်လောင်သော အသံကို နှလုံးသွင်းအပ်၏၊ ကျောင်းတိုက်၌ ခေါင်းလောင်းသံကို, စည်သံကို, ခရုသင်းသံကို, သာမဏေနှင့် ရဟန်းငယ်တို့၏ အားကုန် ရွတ်ဆိုသော စာရွတ်သံကို, ပကတိစကားပြောသူတို့၏ "အဘယ်နည်းအရှင်ဘုရား၊ အဘယ်နည်း ငါ့ရှင်" အစရှိသောအသံကို, ငှက်သံကို, လေသံကို, ခြေနင်းသံကို [၃၈] ကျိုက်ကျိုက်ဆူသောရေ၏ စိတ်စိတ်မြည်သံကို, နေပူထဲ၌ ခြောက်သွေ့သော ထန်းရွက်၏ ဖျစ်ဖျစ်မြည်သံကို, ပရွက်ဆိတ် ခြကောင်တို့၏မြည်သံကို (နှလုံးသွင်းအပ်၏) ဤနည်းဖြင့် အကြမ်းဆုံး အကျယ်ဆုံး အသံမှစ၍ အစဉ်အတိုင်း သိမ်မွေ့သောအသံတို့ကို နှလုံးသွင်းအပ်ကုန်၏။ ထိုယောဂီရဟန်းသည် အရှေ့အရပ်မျက်နှာ၌ အသံတို့၏ အသံနိမိတ်ကို[၂] နှလုံးသွင်းအပ်၏။ အနောက်အရပ်မျက်နှာ၌, မြောက်အရပ်, တောင်အရပ်, အောက်အရပ်, အထက်အရပ်မျက်နှာ၌, အရှေ့တောင်အရပ်, အနောက်

---

မှတ်ချက်

၁ – ပရိကံပြုမှုဖြစ်သော အသီးအခြားသမာဓိစိတ်ဖြင့်(ဟု ဆိုလို၏)၊ ဒိဗ္ဗသောတ ဉာဏ်၏ ကိုတင်ပြင်ဆင်မှု-ပရိကံအလိုအားဖြင့် ဖြစ်သော ခဏိကသမာဓိဖြင့် ကောင်းစွာ ထားအပ်သော (ဝါ-ကောင်းစွာ တည်ကြည်သော) စိတ်ဖြင့်-ဤကား (ပရိကမ္မသမာဓိစိတ္တေန)ပုဒ်၏ အနက်ပေတည်း။ (ဋီကာ)

၂ – အသံနိမိတ် ဟူသည်ကား ဉာဏ်ဖြစ်ခြင်း၏ အကြောင်း ဖြစ်သောကြောင့် အသံသည်ပင်လျှင် အသံနိမိတ်မည်၏၊ တနည်းကား (ဝိသုဒ္ဓိမဂ်-မြန်မာပြန် ဒုတိယတွဲ နှာ ၃၆၂-၃ ၌) ဆိုအပ်ခဲ့ပြီးသော (ရှေးရှေး အသံကို) စွဲ၍ စွဲ၍ ရအပ်သော (ရှေးနောက်) အသံတို့၏ ကြမ်းတမ်း နူးညံ့သော အကြောင်း အခြင်းအရာသည် ရှိ၏၊ ထိုအခြင်းအရာသည် အသံနိမိတ်မည်၏။ ထို့ကြောင့် ပင် အသံတို့၏ အသံနိမိတ်ကို-ဟု ဆိုပေသည်။ (ဋီကာ)

http://www.dhammadownload.com



မြောက်အရပ်, အရှေ့မြောက်အရပ်, အနောက်တောင်အရပ် မျက်နှာ၌ အသံတို့၏ အသံနိမိတ်ကို နှလုံးသွင်းအပ်၏။ ကြမ်းတမ်းသည်လည်း ဖြစ်ကုန်သော(အသံတို့၏) သိမ်မွေ့သည်လည်း ဖြစ်ကုန်သော အသံတို့၏ အသံနိမိတ်ကို နှလုံးသွင်းအပ်၏။ ထိုသို့ နှလုံးသွင်းသော ယောဂီရဟန်းမှာ ထို အသံတို့သည် ပကတိစိတ်အားသော်လည်း ထင်ရှားကုန်၏၊ ပရိကံပြုသော သမာဓိစိတ်အားမူကား အလွန်ပင် ထင်ရှားကုန်၏။

ဤဆိုခဲ့သည့်အတိုင်း အသံနိမိတ်ကို နှလုံးသွင်းနေသော ထိုယောဂီရဟန်းအား "ယခုပင် ဒိဗ္ဗသောတဓာတ်(ဒိဗ္ဗသောတအဘိညာဉ်)ဖြစ်တော့မည်"ဟု ဆိုသင့်သောခဏ၌ ထိုအသံတို့တွင် တပါးပါးသောအသံကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်းခေါ် နှလုံးသွင်း ဆင်ခြင်သော စိတ်ဖြစ်ပေါ်၏၊ ထို စိတ်ချုပ်လတ်သော် လေးကြိမ် ငါးကြိမ်သော ဇောတို့သည် ဖြစ်ပေါ်ကုန်၏၊ ယင်း လေးကြိမ် ငါးကြိမ်တို့တွင် ရှေးဇောသုံးကြိမ် လေးကြိမ်တို့သည် ပရိကံ ဥပစာ အနုလုံ ဂေါတြဘူမည်သော ကာမာဝစရဇောတို့ပေတည်း၊ စတုတ္ထဇော သို့မဟုတ် ပဉ္စမဇောသည် ရူပါဝစရ စတုတ္ထစျာန်နှင့် ယှဉ်သော အပ္ပနာစိတ်ပေတည်း။ ထိုစိတ်တို့တွင် ထို အပ္ပနာဇောစိတ်နှင့် တကွ ဖြစ်သော ဉာဏ်ကို ဒိဗ္ဗသောတဓာတ်ဟု သိအပ်၏။ ထိုအပ္ပနာစိတ်ဖြစ်သည်မှ နောက်မှာ ထိုဉာဏ်အယဉ်၌ ကျသည် ဖြစ်လေတော့၏[၁]။ ထိုဉာဏ်ကို အားကောင်းအောင် ပြုလိုသော ယောဂီသည် "ဤမျှအတွင်း၌ အသံကို ကြားလို၏"ဟု လက်တသစ်မျှအရပ်ကို ပိုင်းခြား၍ ပွါးစေအပ်၏။ ထို့နောင် လက်နှစ်သစ်, လေးသစ်, ရှစ်သစ်, တထွာ, တတောင်, တိုက်ခန်းတွင်း, ကျောင်းဦးမျက်နှာစာ, ပြာသာဒ်, ပရိဝုဏ်ခေါ် (ကျောင်း

မှတ်ချက်

၁ – ကျသည် ဖြစ်လေတော့၏-ဟူသည်ကား ဒိဗ္ဗသောတဓာတ်သည် အတွင်း ဝင်၏၊ ယခုအခါ၌ ထိုရဟန်းမှာ ထိုဒိဗ္ဗသောတဓာတ်အတွက် ဘာဝနာ အားထုတ်ခြင်းကို အလိုမရှိအပ်တော့ပြီ-မလိုတော့ပြီ-ဤကား အနက်။ (ဋီကာ)

http://www.dhammadownload.com



တိုက်ကြီး အတွင်းရှိ) ကျောင်းဝင်းငယ်, သံဃာ့အာရာမ်ခေါ် ကျောင်းတိုက်, ဆွမ်းခံရွာ, ဇနပုဒ်ခေါ် မြို့နယ် စသည်တို့၏ အစွမ်းအားဖြင့် စကြာဝဠာ အဆုံးတိုင်အောင် ဖြစ်စေ၊ ထို့ထက်အလွန် ဖြစ်စေ ပိုင်းခြား၍ ပိုင်းခြား၍ ပွါးစေအပ်၏။

ယခု ပြဆိုခဲ့သည့်အတိုင်း ဒိဗ္ဗသောတအဘိညာဉ်ကို ရပြီးသော ဤ ယောဂီရဟန်းသည် ပါဒကစျာန်၏ အာရုံဖြစ်သော ကသိုဏ်းနိမိတ် ထိရာ ပြန့်ရာ အရပ်အတွင်း၌ တည်ရှိ (သည်လည်းဖြစ်) ကုန်သော[၁] အသံတို့ကို တဖန် ပါဒကစျာန်ကို မဝင်စားမူ၍လည်း အဘိညာဉ်ညာဏ်ဖြင့် ကြားသည် သာ။ ဤသို့ ကြားရာ၌လည်း ဗြဟ္မာ့ပြည်တိုင်အောင် ခရုသင်းစည်ကြီး ထက်စည် စသည်တို့၏ အသံတို့ဖြင့် တပေါင်းတည်း အုတ်အုတ်ကျက်ကျက် ဆူပွက်နေစေကာမူ အသီးအသီး ပိုင်းခြားရန် အလိုရှိပါက ဤသည်ကား ခရုသင်းသံ ဤသည်ကား စည်ကြီးသံဟူ၍ ပိုင်းခြားသိရန် စွမ်းနိုင်သည် သာတည်း။ ဤတွင် တရပ်ပြီး၏။

ဒိဗ္ဗသောတဓာတ် ပြဆိုချက် ပြီး၏။

---

## စေတောပရိယညာဏ် ပြဆိုချက်

[၃၉] ၄၀၁။ စေတောပရိယညာဏ်ကို ပြဆိုရာတွင် **စေတောပရိယ-ဉာဏာယ**ဟူသောပုဒ်၌[၂] (စေတော) စိတ်ကို (ပရိယ) ပိုင်းခြားတတ်သော

---

မှတ်ချက်

၁ – လက်သည်းကွင်းအတွင်းရှိ စကားသည် ပိ-သဒ္ဒါအတွက်ဖြစ်သည်၊ ထိုအတွက် အကျိုးရှိမည်မထင်သောကြောင့် ယင်းကို လက်သည်းကွင်းဖြင့်ပြထားသည်။

၂ – သော ဝေ ံ သမာဟိတေ စိတ္တေ ။ပ။ အာနေဉ္ဇပ္ပတ္တေ စေတောပရိယ ဉာဏာယ စိတ္တံ အဘိနီဟရတိ အဘိနိန္နာမေတိ၊ သော ပရသတ္တာနံ ပရ-

http://www.dhammadownload.com



ကြောင့် စေတောပရိယမည်၏ [၁]။ (စေတောပရိယ) စိတ်ကို ပိုင်းခြားတတ်သည့်ပြင် (ဉာဏ) သိတတ်သောကြောင့် စေတောပရိယဉာဏ် မည်၏၊ ထိုဉာဏ်အလို့ငှါ-ဟု ဆိုလို၏။ **ပရသတ္တာနံ** ဟူသည်ကား မိမိကိုချန်ထား၍ အခြားသတ္တဝါတို့၏(ဟု ဆိုလို၏)။ **ပရပုဂ္ဂလာနံ** (တပါးသောပုဂ္ဂိုလ်တို့၏) ဟူသော ဤပုဒ်သည်လည်း ပရသတ္တာနံ ဟူသော ပုဒ်နှင့် တူသော အနက်ရှိ၏။ (ထိုသို့ဟောမှ နားလည်နိုင်မည့်) ဝေနေယျတို့အလိုအားဖြင့်၎င်း, ဒေသနာကို တင့်တယ်စေသော (ဒေသနာဝိလာသ)ဉာဏ်တော်အလိုအားဖြင့်၎င်း (သတ္တနှင့် ပုဂ္ဂလ = သတ္တဝါနှင့် ပုဂ္ဂိုလ်) သဒ္ဒါထူးခြားကွဲပြားခြင်းကို ပြုထားပေသည်။ **စေတသာ စေတော** ဟူသည်ကား မိမိ၏စိတ်ဖြင့် ထို (အခြားသတ္တဝါ ပုဂ္ဂိုလ်)တို့၏ စိတ်ကို(ဟု ဆိုလို၏)။ **ပရိစ္စ ပဇာနာတိ** ဟူသည်ကား ပိုင်းခြား၍ [၂] တပ်မက်မှု(ရာဂ)နှင့်တကွ ဖြစ်သော စိတ်စသည်တို့အလို အထူးထူးအပြားပြားအားဖြင့် သိ၏(ဟု ဆိုလို၏)။

ထိုစေတောပရိယဉာဏ်ကို အဘယ်သို့ ဖြစ်စေအပ်သနည်း?-ဟူမူ၊ ဤစေတောပရိယဉာဏ်သည် ဒိဗ္ဗစက္ခုဉာဏ်၏ အစွမ်းအားဖြင့် ပြီးမြောက်ပြည့်စုံ၏၊ ထိုဒိဗ္ဗစက္ခုဉာဏ်သည် ဤစေတောပရိယဉာဏ်၏ ပရိကံ(ကြိုတင်ပြင်ဆင်မှု)ပေတည်း။ ထို့ကြောင့် ထိုယောဂီရဟန်းသည် အလင်းကသိုဏ်းကို

---

မှတ်ချက်

ပုဂ္ဂလာနံ စေတသာ စေတော ပရိစ္စ ပဇာနာတိ သရာဂံ ဝါ စိတ္တံ သရာဂံ စိတ္တန္တိ ပဇာနာတိ၊ ဝီတရာဂံ ဝါ စိတ္တံ ဝီတရာဂံ စိတ္တန္တိ ပဇာနာတိ-စသည်ဖြင့် ဟောထားသော ပါဠိတော်မှ **စေတောပရိယဉာဏာယ-စေတောပရိယဉာဏ်** အလို့ငှါ-ဟူသောပုဒ်ကိုဖွင့်ရန် ထုတ်ပြသည်။ နောက်၌လည်း ပရသတ္တာနံ-အစရှိသော ဖွင့်သင့်သောပုဒ်တို့ကို ထုတ်၍ ဖွင့်ပြသွားသည်။

၁—ဤ၌ သိလွယ်သော နည်းဖြင့် ချုံး၍ ပြန်ထားသည်။

၂—ပရိစ္စပုဒ်၏ အနက်ဖြစ်သည်၊ ပိုင်းခြား၍ သိ၏-ဟု စပ်ပါ။

http://www.dhammadownload.com



ပွါးစေ၍ ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် သူတပါး၏ နှလုံးသားရုပ်ကို[၁] မှီ၍ ဖြစ်နေသော သွေး၏အဆင်းကို ကြည့်ရှု၍ စိတ်ကို ရှာအပ်၏။ ရှာ၍သိနိုင်ပုံမှာ – ရွှင်လန်းဝမ်းသာသည့်စိတ် ဖြစ်နေသောအခါ၌[၂] (နှလုံးသွေးသည်) နီ၏ ပညောင်သီးမှည့်(အဆင်း)နှင့်တူ၏။ နှလုံးမသာသည့်စိတ် ဖြစ်နေသောအခါ၌ မည်းနက်၏ သပြေသီးမှည့်(အဆင်း)နှင့်တူ၏၊ မရွှင်မညှိုး အလယ်အလတ်စိတ်ဖြစ်နေသောအခါ၌ကြည်၏ နှမ်းဆီ(အဆင်း)နှင့်တူ၏။ ထို့ကြောင့် ထိုယောဂီရဟန်းသည်[၃] "ဤ (နီသော) နှလုံးသွေးရုပ်သည် ဝမ်းသာမှု-သောမနဿိန္ဒြေကြောင့် ဖြစ်၏၊ ဤ (မည်းနက်သော) နှလုံးသွေးရုပ်သည် နှလုံးမသာမှု ဒေါမနဿိန္ဒြေကြောင့် ဖြစ်၏၊ ဤ (ကြည်လင်သော) နှလုံးသွေးရုပ်သည် မရွှင်မညှိုး-ဥပေက္ခိန္ဒြေကြောင့် ဖြစ်၏" ဟူ၍ သူတပါး၏နှလုံးသွေးရုပ်အဆင်းကို ကြည့်ရှု၍ (သူတပါး၏)စိတ်ကို ရှာလျက် စေတောပရိယဉာဏ်ကို အားရှိအောင် ပြုအပ်၏။ ဤသို့ပြု၍ ထိုဉာဏ် အားရှိလတ်သော် အစဉ်အတိုင်း (တိုးတက်၍) နှလုံးသွေးရုပ်ကို မကြည့်ရှုရပဲသော်လည်း စိတ်တခုမှ စိတ်တခုသို့သာလျှင် ပြောင်းရွှေ့လျက် ကာမာဝစရ

---

မှတ်ချက်

၁ – ဟဒယရူပံ-ဟူသည်ကား ဟဒယဝတ္ထုရုပ် မဟုတ်၊ စင်စစ်သော်ကား နှလုံးသားရုပ်ပေတည်း၊ (ထိုအဖွင့်နှင့်အညီ နှလုံးသားရုပ်ကို-ဟု ပြန်ထားသည်)။ ယင်း နှလုံးသားရုပ်ကို "အပြင်ပ၌ ကြာငုံသဏ္ဌာန်ရှိသည်, အတွင်း၌ သပွတ်ခါးသီး (အတွင်းသား) နှင့် တူသည်" ဟူ၍ ဆိုအပ်ပေသည်။ ထို နှလုံးသားရုပ်ကို မှီ၍ ယခုပြဆိုမည့်သွေးသည် တည်ပေ၏။ ဟဒယဝတ္ထုရုပ်သည်ကား ဤသွေးကို မှီ၍ ဖြစ်သည်။ (ဋီကာ)

၂ – ဒိဗ္ဗစက္ခုဖြင့် နှလုံးသွေး၏ အဆင်းကို မြင်၍ စိတ် သိနိုင်ပုံကို ဤမှစ၍ ပြသည်။

၃ – ဤယောဂီရဟန်းသည် ကြည့်ရှု၍ ရှာလျက် အားရှိအောင်ပြုအပ်၏ဟု စပ်ပါ။

http://www.dhammadownload.com



စိတ်အားလုံးကိုရင်း, ရူပါဝစရစိတ် အရူပါဝစရစိတ်အားလုံးကိုရင်း အပြား အားဖြင့် သိနိုင်ပေ၏၊ မှန်ပေ၏-ရှေးအဋ္ဌကထာ၌ အောက်ပါစကားကို ဆိုထားပေသည်—

"အရူပဘုံ၌ သူတပါး၏ စိတ်ကိုသိလိုသော (အဘိညာဉ်ရ) ပုဂ္ဂိုလ်သည် အဘယ်သူ၏ နှလုံးသားရုပ်ကို ကြည့်ရှုရသေးသနည်း၊ အဘယ်သူ၏ ဣန္ဒြေဖောက်ပြန်ပုံကို ကြည့်ရှုရသေးသနည်း-ဟု မေးလျှင် တစုံတယောက်၏ (နှလုံးသားရုပ် ဣန္ဒြေဖောက်ပြန်ပုံ ကို)မျှ မကြည့်ရှုရတော့ပါ။ အမှတ်မရှိ တပါးပါးသောဘုံ၌(အမှတ် မရှိ တစုံတယောက်၏) စိတ်ကို နှလုံးသွင်းဆင်ခြင်လျှင် တဆဲ့ ခြောက်ပါးအပြားရှိသော စိတ်ကိုသိခြင်းသည် စေတောပရိယ အဘိညာဉ်တန်ခိုးနှင့်ပြည့်စုံသော ဤယောဂီ၏ အရာပေတည်း။ သို့သော် ယခုဆိုခဲ့သော(နှလုံးသွေးရုပ်ကို ကြည့်၍ ရှာပုံ) စကား သည် (ဤအဘိညာဉ်၌) နှလုံးသွင်းလေ့လာမှုကို မပြုဘူးသေးသော အားထုတ်ခါစပုဂ္ဂိုလ်အတွက်[၁] ဖြစ်ပေသည်"ဟူ၍ပင်။

သရာဂံ ဝါ စိတ္တံ-အစရှိသည်တို့၌ လောဘနှင့်တကွဖြစ်သော စိတ်ရှစ်ခု ကို[၂] **သရာဂစိတ်** တပ်မက်မှုနှင့်တကွဖြစ်သော စိတ်ဟု သိအပ်၏။ ကြွင်း သော ဘုံလေးပါးဆိုင်ရာ[၃] ကုသိုလ်အဗျာကတစိတ်ကို **ဝီတရာဂစိတ်** တပ်

---

မှတ်ချက်

၁–နားလည်လွယ်စေရန် ဝိဘတ်အနက်ပြောင်းလဲ ပြန်ထားသည်။

၂–ဤစိတ်ရှစ်ခု၏ သရုပ်ကို နောက် ခန္ဓနိဒ္ဒေသ၌ ကြည့်ရှုပါ။ နောက်နောက် စိတ်တို့၏ သရုပ်များကိုလည်း ထိုနိဒ္ဒေသ၌ပင် ကြည့်ရှုပါ။

၃–ကာမ ရူပ အရူပ လောကုတ္တရာ-ဟူသော ဘုံလေးပါး၌ အတွင်းဝင်သော စိတ်တို့ကို ဘုံလေးပါးဆိုင်ရာဟု ပြန်ဆိုထားသည်၊ ထိုသို့ပြန်ခြင်းဖြင့်

http://www.dhammadownload.com



မက်မှုကင်းသောစိတ်ဟု သိအပ်၏။ ဒေါသမူစိတ် ၂-ခုနှင့် မောဟမူစိတ် ၂-ခု ဟူသော ဤစိတ်လေးခုတို့သည် (သရာဂစိတ်, ဝီတရာဂစိတ်ဟူသော ဤစိတ်နှစ်စုအပေါင်း)ဒုက်၌ ရေတွက်ခြင်း-သိမ်းယူခြင်းသို့ မရောက်ကုန် [၁]။ အချို့မထေရ်တို့သည်ကား ထိုစိတ် ၄-ခုတို့ကိုလည်း(ဝီတရာဂစိတ်အဖြစ်ဖြင့်) သိမ်းယူကြကုန်၏၊ နှလုံးမသာမှု-ဒေါမနဿနှင့် ယှဉ်သော (ဒေါသမူ)စိတ် ၂-ခုသည် **သဒေါသစိတ်** စိတ်ဆိုးမှု ဒေါသနှင့်တကွဖြစ်သော စိတ်မည်၏။ ဘုံလေးပါးဆိုင်ရာ ကုသိုလ် အဗျာကတစိတ်အားလုံးသည် **ဝီတဒေါသစိတ်** ဒေါသကင်းသောစိတ်မည်၏။ ကြွင်းသော အကုသိုလ်စိတ်ဆယ်ခုတို့သည် ဤဒုက်၌ ရေတွက်ခြင်း-သိမ်းယူခြင်းသို့ မရောက်ကုန်။ အချို့မထေရ်တို့သည်ကား ထိုစိတ်တို့ကိုလည်း (ဝီတဒေါသစိတ်အဖြစ်ဖြင့်) သိမ်းယူကုန်၏။

[၄၀] **သမောဟံ ဝီတမောဟံ** ဟူသော ဤနှစ်ပုဒ်၌ကား လောဘဒေါသတို့နှင့် မရောပဲ သီးသန့်နည်းအားဖြင့် ဝိစိကိစ္ဆာနှင့်, ဥဒ္ဓစ္စနှင့် ယှဉ်သော (မောဟမူ) စိတ် ၂-ခုသည်သာလျှင် (**သမောဟစိတ်**) မောဟနှင့်တကွဖြစ်သော စိတ်မည်၏။ သို့သော်လည်း မောဟသည် အလုံးစုံသော အကုသိုလ်စိတ်တို့၌ ဖြစ်သောကြောင့် အကုသိုလ်စိတ် ၁၂-ပါးလုံးကိုပင် သမောဟစိတ်ဟု သိအပ်ပေ၏။ ကြွင်းသော (ကုသိုလ် အဗျာကတ) စိတ်သည် **ဝီတမောဟစိတ်** မောဟ ကင်းသောစိတ် မည်၏။ ထိနမိဒ္ဓသို့ အစဉ်လိုက်၍ ဖြစ်သော (ပျင်းရိလျော့လျည်းသော) စိတ်သည် **သံခိတ္တစိတ်** ကျုံ့သောစိတ်-တွန့်ဆုတ်သောစိတ်မည်၏။ ပျံ့လွင့်မှု-ဥဒ္ဓစ္စသို့ အစဉ်လိုက်၍

---

မှတ်ချက်

(သော) ဟူသော ဝိသေသနတခုလျော့၍ မြန်မာစကားချောမောခြင်း အကျိုးရှိ၏။

၁-ယင်းစိတ်လေးခုသည် ရာဂနှင့်မယှဉ်သော်လည်း ရာဂ၏ ဆန့်ကျင်ဘက် မဟုတ်သောကြောင့် ဝီတရာဂလည်း မမည်ဟု ဆိုလို၏။

http://www.dhammadownload.com



ဖြစ်သော စိတ်သည် **ဝိက္ခိတ္တစိတ်** ပျံ့လွင့်သောစိတ် မည်၏။ ရူပါဝစရစိတ် အရူပါဝစရစိတ်သည် **မဟဂ္ဂုတ်စိတ်**မည်၏။အကြွင်းသည်[၁] **အမဟဂ္ဂုတ်စိတ်** မဟဂ္ဂုတ် မဟုတ်သောစိတ်မည်၏။ ကာမရူပ-အရူပဟူသော ဘုံသုံးပါးဆိုင်ရာ စိတ်အားလုံးသည် **သဥတ္တရစိတ်** သူ့ထက်အလွန်အမြတ်ရှိသော စိတ်မည်၏။ လောကုတ္တရာစိတ်သည် **အနုတ္တရစိတ်** သူ့ထက်အလွန်အမြတ် မရှိသော စိတ် မည်၏။ ဥပစာသို့ရောက်သောစိတ်, အပ္ပနာသို့ ရောက်သောစိတ်သည် **သမာဟိတစိတ်** တည်ကြည်သောစိတ်မည်၏။ ဥပစာ အပ္ပနာ ၂-ပါးလုံးသို့ မရောက်သောစိတ်သည် **အသမာဟိတစိတ်** မတည်ကြည်သော စိတ်မည်၏။ တဒင်္ဂအားဖြင့် လွတ်ခြင်း,ဝိက္ခမ္ဘနအားဖြင့်,သမုစ္ဆေဒအားဖြင့်, ပဋိပဿဒ္ဓိအားဖြင့်, နိဿရဏအားဖြင့်လွတ်ခြင်းသို့ ရောက်သောစိတ်သည် **ဝိမုတ္တစိတ်** လွတ်သောစိတ်မည်၏။ ဤဆိုခဲ့သည့် လွတ်ခြင်း ငါးပါးသို့ မရောက်သော စိတ်သည် **အဝိမုတ္တစိတ်** မလွတ်သောစိတ်မည်၏-ဟူ၍ သိအပ်၏။ ဤဆိုခဲ့သည့်အတိုင်း စေတောပရိယ အဘိညာဉ်ရသော ရဟန်းသည် (သရာဂစသည်အားဖြင့်) အလုံးစုံသော အပြားရှိသော ရာဂနှင့်တကွဖြစ်သော ဤစိတ်ကိုလည်း ရာဂနှင့်တကွဖြစ်သောစိတ်ဟု အပြားအားဖြင့် သိ၏။ ပ။ မလွတ်သောစိတ်ကိုလည်း မလွတ်သောစိတ်ဟု အပြားအားဖြင့် သိ၏[၂]။ ဤတွင် တရပ်ပြီး၏။

စေတောပရိယဉာဏ် ပြဆိုချက် ပြီး၏။

---

မှတ်ချက်

၁–မဟဂ္ဂုတ်မှ ကြွင်းသောစိတ်ဟူသည်မှာ ကာမာဝစရစိတ် ၅၄-ပါးနှင့် လောကုတ္တရာစိတ် (၈) ပါးတို့ ဖြစ်သည်။

၂–ဤ ဉာဏ်ဖြင့် သိအပ်သော စိတ်တို့ကို (၁) သရာဂ, ဝီတရာဂ တစုံ၊ (၂) သဒေါသ, ဝီတဒေါသ တစုံ၊ (၃) သမောဟ, ဝီတမောဟ တစုံ၊ (၄) သံခိတ္တ, ဝိက္ခိတ္တ တစုံ၊ (၅) မဟဂ္ဂုတ်, အမဟဂ္ဂုတ် တစုံ၊

http://www.dhammadownload.com



## ပုဗ္ဗေနိဝါသဉာဏ် ပြဆိုချက်

၄၀၂။ ပုဗ္ဗေနိဝါသာနုဿတိဉာဏ် ပြဆိုရာ၌ **ပုဗ္ဗေနိဝါသာနုဿတိဉာဏာယ** ဟူသည်ကား[၁] ရှေး၌ နေဘူးသော ခန္ဓာတို့ကို အောက်မေ့ရာ၌ အကြင်ဉာဏ်သည် ဖြစ်၏၊ ထိုဉာဏ်အကျိုးငှါ (ဟု ဆိုလို၏)။ ရှေး အတိတ်ဘဝတို့၌ နေဘူး(ဖြစ်ဘူး)သော ခန္ဓာတို့သည် ပုဗ္ဗေနိဝါသ မည်၏။ **နိဝုတ္ထနေဘူး**ဟူသည်ကား (မိမိကိုယ်အဖြင့်ဖြင့်) သိမ်းပိုက်၍ နေခဲ့ဘူးကုန်သော ခံစားခဲ့ဘူးကုန်သော မိမိ၏သန္တာန်၌ ဖြစ်ပေါ်ကြပြီး၍ ချုပ်လေကုန်ပြီးသော တရားတို့ပေတည်း[၂]၊ တနည်းကား[၃] နေအပ်ခဲ့ဘူးကုန်သော တရားတို့သည် နိဝုတ္ထ(နိဝါသ)မည်ကုန်၏၊ ကျက်စားရာအာရုံ ဟူသော နေခြင်း

---

မှတ်ချက်

(၆) သဥတ္တရ, အနုတ္တရ တစုံ၊ (၇) သမာဟိတ, အသမာဟိတ တစုံ (၈) ဝိမုတ္တ, အဝိမုတ္တ တစုံ **အားလုံးပေါင်း** ၁၆-ပါး အပြားဖြင့် ပြထားသည်။ ထိုစိတ်တို့ကို စေတောပရိယဉာဏ်ဖြင့် သိရာ၌ ရာဂနှင့်တကွဖြစ်သော စိတ်, ရာဂကင်းသောစိတ် ဤသို့စသည် သာမန်အားဖြင့်သာ သိသည် မဟုတ်၊ မည်သို့ပြုရန် မည်သို့ကြံသည် စသည်ဖြင့် စိတ်ကူးကြံစည်ပုံ အလုံးစုံကိုလည်း သိနိုင်ပေ၏။

၁–သော ဧဝံ သမာဟိတေ စိတ္တေ။ပ။ အာနေဉ္ဇပ္ပတ္တေ ပုဗ္ဗေနိဝါသာနုဿတိဉာဏာယ စိတ္တံ အဘိနီဟရတိ အဘိနိန္နာမေတိ၊ သော အနေကဝိဟိတံ ပုဗ္ဗေနိဝါသံ အနုဿရတိ–ဟူသော ဘုရားဟော ပါဠိတော်မှ မဖွင့်ရသေးသော ပုဒ်သစ်ကို ဖွင့်ပြရန် ထုတ်ပြသည်။

၂–ဤ၌ နိဝါသ-နိဝုတ္ထ-နေဘူး ဟူသည်မှာ မိမိကိုယ်အဖြစ်ဖြင့် သိမ်းပိုက်၍ အာရုံပြုဘူး ခံစားဘူးသော တရားများ, ထိုစဉ်အခါက မိမိသန္တာန်၌ ဖြစ်ပေါ်ခဲ့ဘူးသော တရားများပင် ဖြစ်သည်။

၃–ဤတနည်းအဖွင့်ဖြင့် "ရှေးက စိတ်ဝိညာဏ်ဖြင့် အာရုံပြုခဲ့ဘူး သိခဲ့ဘူးသော တရားတို့၏ နိဝါသမည်ကြောင်း" ပြ၏။ "ထိုသိခဲ့ဘူးသော တရားတို့သည်

http://www.dhammadownload.com



(အာရုံပြုခြင်း)ဖြင့် နေအပ်(အာရုံပြုအပ်)ကုန်သော မိမိ၏စိတ် ဝိညာဉ်ဖြင့် သိအပ်ပြီး ပိုင်းခြားအပ်ပြီးဖြစ်ကုန်သော တရားတို့သည် (နိဝုတ္ထ မည်ကုန်၏၊) သံသရာခရီးပြတ်ပြီးသော ဘုရားရဟန္တာတို့ကို ပြန်လည်အောက်မေ့ခြင်း စသည်တို့၌ သူတပါးတို့၏ စိတ်ဝိညာဉ်ဖြင့် သိအပ်သောတရားတို့သည်မူလည်း (နိဝုတ္ထမည်ကုန်၏)။ ထိုသူတပါးတို့၏ စိတ်ဝိညာဉ်ဖြင့် သိအပ်သောတရားတို့ကို ဗုဒ္ဓမြတ်စွာဘုရားတို့သည်သာလျှင် ရကုန်-အောက်မေ့နိုင်ကုန်၏။ အကြင်သတိဖြင့် ရှေး၌နေဘူးသော ခန္ဓာအစဉ်ကို အောက်မေ့၏-အမှတ်ရ၏၊ ထိုသတိသည် ပုဗ္ဗေနိဝါသာနုဿတိ မည်၏[၁]။ ထိုသတိနှင့်ယှဉ်သော အသိဉာဏ်သည် ပုဗ္ဗေနိဝါသာနုဿတိဉာဏ်မည်၏[၁]။ ထိုပုဗ္ဗေနိဝါသာနုဿတိဉာဏ် အကျိုးငှါ-ထိုဉာဏ်ကို ရရန်အလို့ငှါ-ဤကား ပုဗ္ဗေနိဝါသာနုဿတိဉာဏာယ-ပုဒ်၏ အနက်ပေတည်း[၁]။

**အနေကဝိဟိတံ** ဟူသည်ကား များသောအပြားရှိသော[၂]၊ တနည်းကား များသော အပြားတို့ဖြင့်ဟောအပ်-ခွဲပြအပ်သော[၂](ဟုဆိုလို၏)**ပုဗ္ဗေနိဝါသံ** ဟူသည်ကား အခြားမဲ့ အတိတ်ဘဝမှစ၍ ထိုထို ရှေးရှေးဘဝတို့၌ နေခဲ့ဘူး

---

မှတ်ချက်

လည်း မိမိ၏ စိတ်ဝိညာဏ်ဖြင့် သိခဲ့ဘူးသော တရား, တပါးသော ပုဂ္ဂိုလ်တို့၏ စိတ်ဝိညာဏ်ဖြင့် သိခဲ့ဘူးသောတရား"ဟူ၍ နှစ်မျိုးရှိကြောင်းကိုလည်း ပြ၏၊ထိုတွင် ပရိနိဗ္ဗာန်စံလေကုန်ပြီးသော ဘုရားရဟန္တာတို့၏ စိတ်ဝိညာဏ်ဖြင့် သိခဲ့ဘူးသော တရားတို့ကိုမူ ဗုဒ္ဓဘုရားတို့သည်သာလျှင် အောက်မေ့နိုင်သည်ဟူ၍လည်း ပြ၏။

၁-ဤဝါကျတို့၌ ပါဠိနောက်သို့ မလိုက်ပဲ မြန်မာစကားချောအောင် ပြန်ထားသည်။

၂-ဤအဖွင့် ၂-ရပ်ဖြင့် အနေကဝိဟိတံ-ပုဒ်ကို "များသောအပြားရှိသော" ဟူ၍၎င်း၊ "များသောအပြားတို့ဖြင့် ဟောအပ်-ခွဲပြအပ်သော" ဟူ၍၎င်း အနက်ပြန်ရန် ပြ၏။

http://www.dhammadownload.com



သော ခန္ဓာအစဉ်ကို(ဟု ဆိုလို၏)။ **အနုဿရတိ** ဟူသည်ကား ခန္ဓာအစဉ်၏ အစွမ်းအားဖြင့်ဇင်း, စုတိပဋိသန္ဓေ၏ အစွမ်းအားဖြင့်ဇင်း အစဉ်လိုက်၍ လိုက်၍ အောက်မေ့၏-ဆင်ခြင်၏။ အောက်မေ့ဆင်ခြင်ပုံကိုချဲ၍ ပြရလျှင် ဤပုဗ္ဗေနိဝါသကို (၁) သာသနာပ ရသေ့ (တိတ္ထိ)များ၊ (၂) ပကတိ သာဝကများ၊ (၃)မဟာသာဝကများ၊(၄)အဂ္ဂသာဝကများ၊ (၅)ပစ္စေက ဗုဒ္ဓါများ၊ (၆)သမ္မာသမ္ဗုဒ္ဓဘုရားရှင်များဟူသော ဤ ၆-မျိုးသော ပုဂ္ဂိုလ် တို့သည် အောက်မေ့နိုင်ကုန်၏။

[၄၁] ထိုတွင် သာသနာပရသေ့ (တိတ္ထိ) တို့သည် ကပ္ပါလေးဆယ် သာလျှင် အောက်မေ့နိုင်ကုန်၏၊ ထို့ထက်အလွန် မအောက်မေ့နိုင်ကုန်။ အဘယ့်ကြောင့်နည်း၊ ပညာအားနည်းသောကြောင့်ပေတည်း၊ မှန်ပေ၏- ထိုတိတ္ထိတို့မှာ နာမ်ရုပ်ကို ပိုင်းခြားသိသောဉာဏ်ကင်းသောကြောင့်[၁] ပညာ အားနည်း၏။ ပကတိသာဝကတို့သည် ပညာအား ကောင်းသောကြောင့် ကပ္ပါတရာ သော်လည်း ကပ္ပါတထောင် သော်လည်း အောက်မေ့နိုင်ကုန် သည်သာတည်း။ ရှစ်ကျိပ်သော မဟာသာဝကတို့သည် ကပ္ပါတသိန်း တိုင်အောင် အောက်မေ့နိုင်ကုန်၏။ နှစ်ပါးသော အဂ္ဂသာဝကတို့သည် ကပ္ပါပေါင်း တစ်သင်္ချေနှင့် တသိန်းတိုင်အောင် အောက်မေ့နိုင်ကုန်၏။ ပစ္စေကဗုဒ္ဓါတို့သည် ကပ္ပါပေါင်းနှစ်သင်္ချေနှင့် တသိန်းတိုင်အောင် အောက် မေ့နိုင်ကုန်၏။ အကြောင်းမူကား ထိုမဟာသာဝကစသည်တို့မှာ ဆုတောင်း ၍ ပါရမီဖြည့်ခဲ့ရကာလသည် ကပ္ပါတသိန်းစသည်ဤမျှသာ အတိုင်းအရှည် ရှိသောကြောင့် ပေတည်း။သမ္မာသမ္ဗုဒ္ဓဘုရားရှင်တို့မှာမူ ကပ္ပါအပိုင်းအခြား မရှိပေ၊(အလိုရှိတိုင်း အောက်မေ့နိုင်ကြပေ၏)။

---

မှတ်ချက်

၁-ဤအကြောင်းပြ စကားဖြင့် ဝိပဿနာ အားထုတ်ခြင်းသည် ပုဗ္ဗေနိဝါသ ဉာဏ်၏ အကြောင်းထူးဖြစ်ကြောင်း ပြသည်။ (ဋီကာ)

http://www.dhammadownload.com



ထိုမှတပါး တိတ္ထိတို့သည် ခန္ဓာအစဉ်ကိုသာလျှင် (လျှောက်၍) အောက်မေ့နိုင်ကုန်၏၊ ခန္ဓာအစဉ်ကို လွှတ်၍ စုတိပဋိသန္ဓေအလိုအားဖြင့်[၁] အောက်မေ့ရန် မစွမ်းနိုင်ကုန်။ ဥပမာဖြင့်ပြရလျှင် သူကန်းတို့မှာ (မိမိတို့အလိုလို) အလိုရှိရာအရပ်သို့ သွားရောက်နိုင်ခြင်း မရှိသကဲ့သို့ ထိုတိတ္ထိတို့မှာ အလိုရှိရာကို ခုန်ကျော်၍ အောက်မေ့နိုင်ခြင်း မရှိပေ၊ စင်စစ်အားဖြင့် သူကန်းတို့သည် ဒုတ်တောင်ဝှေးကို မလွှတ်ကြမူ၍သာလျှင် သွားကုန်သကဲ့သို့ ထို့အတူပင် ထိုတိတ္ထိတို့သည် ခန္ဓာတို့၏အစဉ်ကို မလွှတ်ကြမူ၍သာလျှင် အောက်မေ့နိုင်ကုန်၏။ ပကတိသာဝကတို့သည် ခန္ဓာတို့၏အစဉ်အားဖြင့်လည်း အောက်မေ့နိုင်ကုန်၏၊ စုတိနှင့်ပဋိသန္ဓေအလိုအားဖြင့်လည်း ပြောင်းရွှေ (၍ အောက်မေ့) နိုင်ကုန်၏။ ရှစ်ကျိပ်သော မဟာသာဝကတို့သည်လည်း ထို့အတူပင်။ နှစ်ပါးသော အဂ္ဂသာဝကတို့မှာမူ ခန္ဓာအစဉ်ဖြင့် ပြုဖွယ်ကိစ္စ မရှိပြီ၊ တခုသောဘဝ၏ စုတိကို မြင်ပြီးလျှင် ပဋိသန္ဓေကို မြင်ကုန်၏၊ တဖန် အခြားဘဝ၏ စုတိကို မြင်ပြီးလျှင် ပဋိသန္ဓေကို မြင်ကုန်၏-ဤသို့ စုတိနှင့်ပဋိသန္ဓေ အလိုအားဖြင့်သာလျှင် ပြောင်းရွှေလျက် အောက်မေ့သွားကုန်၏။ ပစ္စေကဗုဒ္ဓါတို့သည် ထို့အတူပင်။

သမ္မာသမ္ဗုဒ္ဓဘုရားရှင်တို့မှာမူကား ခန္ဓာအစဉ်ဖြင့် ပြုဖွယ်ကိစ္စလည်း မရှိ၊ စုတိနှင့်ပဋိသန္ဓေအလိုအားဖြင့် ပြောင်းရွှေ့၍ ဆင်ခြင်ဖွယ်လည်း မရှိ၊ မှန်ပေ၏-ထိုဘုရားရှင်တို့မှာ များစွာသော ကပ္ပါကုဋေတို့ဝယ် အောက်၌ဖြစ်စေ, အထက်၌ဖြစ်စေ အလိုရှိရာရာ ဌာနသည် ထင်ရှားသည်သာတည်း။ ထို့ကြောင့် များစွာကုန်သော ကပ္ပါကုဋေတို့ကိုသော်လည်း

---

မှတ်ချက်

၁ – တခုသောဘဝ၏ စုတိကို အောက်မေ့ပြီးနောက် ထိုဘဝ၏ အလယ်ပိုင်းကို မဆင်ခြင်တော့ပဲ ခုန်ကျော်၍ ထိုဘဝ၏ ပဋိသန္ဓေကို အောက်မေ့ခြင်းသည် စုတိပဋိသန္ဓေအလိုအားဖြင့် အောက်မေ့ခြင်းမည်၏။ (ဋီကာကို မှီသည်)

http://www.dhammadownload.com



ပေယျာလ (မြှုပ်ထားသော) ပါဠိကိုကဲ့သို့ ချုံး၍ ထိုထို အလိုရှိရာ အလိုရှိရာ၌သာလျှင် (ဉာဏ်ဖြင့်) သက်ရောက်ကုန်လျက် ခြင်္သေ့ခုန်သွားပုံကဲ့သို့သော သွားပုံအားဖြင့် အောက်မေ့သွားကုန်၏၊ ဤသို့အောက်မေ့သွားကုန်သော ဘုရားရှင်တို့၏ ဉာဏ်တော်သည်[၁] ဥပမာအားဖြင့် သာမြီးမျှင်ကို ထိမှန်အောင်ပစ်နိုင်သည့် လေးအတတ်၌ အလေ့အကျင့်ပြုပြီးသော[၂] ဘုရားအလောင်းတော် သရဘင်္ဂပညာရှိနှင့် အလားတူသော လေးသမား၏ ပစ်လိုက်သော မြားသည် အကြား၌ သစ်ပင် နွယ်စသည်တို့၌ မငြိမကပ်မူ၍ ပစ်ကွင်းမှန်တိုင်၌သာ ကျရောက်ထိမှန်သကဲ့သို့ အကြား၌ ငြိကပ်နေခြင်း ချော်လွဲသွားခြင်းမရှိသကဲ့သို့ ထို့အတူပင် အကြားအကြား ဘဝတို့၌ မငြိကပ်၊ မချော်လွဲပေ၊ မငြိကပ် မချော်လွဲမူ၍ အလိုရှိရာ အလိုရှိရာဌာနကိုသာလျှင် ယူနိုင်ပေ၏(အောက်မေ့နိုင် သိနိုင်ပေ၏)။

ထိုမှတပါး ရှေး၌နေဘူးသည့် ခန္ဓာအစဉ်ကို အောက်မေ့ကြသော ဤပုဂ္ဂိုလ်တို့တွင် တိတ္ထိတို့၏ ပုဗ္ဗေနိဝါသကို မြင်ခြင်းသည် ပိုးစုံးကြူးအရောင်နှင့် တူသည်ဖြစ်၍ ထင်၏။ ပကတိသာဝကတို့၏(အမြင်သည်) ဆီမီးရောင်နှင့်တူသည်ဖြစ်၍ ထင်၏။ မဟာသာဝကတို့၏ (အမြင်သည်) မီးရှူးတန်ဆောင်အရောင်နှင့် တူသည်ဖြစ်၍ ထင်၏၊ အဂ္ဂသာဝကတို့၏ (အမြင်သည်) သောက်ရှူးကြယ်ရောင်နှင့် တူသည်ဖြစ်၍ ထင်၏။ ပစ္စေကဗုဒ္ဓါတို့၏ (အမြင်သည်) လရောင်နှင့်တူသည်ဖြစ်၍ ထင်၏။ မြတ်စွာဘုရားတို့၏ (ပုဗ္ဗေနိဝါသအမြင်သည်) ရောင်ခြည်တထောင်တို့ဖြင့် တန်ဆာဆင်အပ်သော သရဒရတု၌ နေဝန်းနှင့်တူသည်ဖြစ်၍ ထင်ပေ၏။

---

မှတ်ချက်

၁–ဉာဏ်တော်သည်....ထို့အတူပင် အကြား အကြားဘဝတို့၌ မငြိကပ်–စသည်ဖြင့် စပ်ပါ။

၂–အလေ့ အကျင့်ပြုပြီးသော....လေးသမား၏–ဟု စပ်ပါ။

http://www.dhammadownload.com



[၄၂] ထိုမှတပါး တိတ္ထိတို့၏ ပုဗ္ဗေနိဝါသကို အောက်မေ့ခြင်းသည် သူကန်းတို့၏ တောင်ဝှေးစွန်းဖြင့် (ထောက်၍ စမ်း၍) သွားခြင်းနှင့် တူ၏။ ပကတိသာဝကတို့၏ (အောက်မေ့ခြင်းသည်) တခုသော သစ်တုံးဖြင့် ခင်းထားသော ချောင်းငယ်တံတားကို သွားခြင်းနှင့် တူ၏။ မဟာသာဝကတို့၏ (အောက်မေ့ခြင်းသည်) လူလေးငါးယောက်သွားလောက်သည့် ပျဉ်ခင်းတံတားကို သွားခြင်းနှင့် တူ၏။ အဂ္ဂသာဝကတို့၏ (အောက်မေ့ခြင်းသည်) လှည်းလမ်းတံတားကို သွားခြင်းနှင့် တူ၏။ ပစ္စေကဗုဒ္ဓါတို့၏ (အောက်မေ့ခြင်းသည်) ကုန်သည်လူအများ သွားရာလမ်းမကြီးကို သွားခြင်းနှင့် တူ၏။ ဗုဒ္ဓ-မြတ်စွာဘုရားတို့၏ (အောက်မေ့ခြင်းသည်) လှည်းအစီးနှစ်ဆယ်သုံးဆယ်တပြိုင်နက်သွားလောက်သည့် လှည်းလမ်းမကြီးကို[၁] သွားခြင်းနှင့် တူ၏။

ဤအရာ၌မူကား သာဝကတို့၏ ပုဗ္ဗေနိဝါသဉာဏ်ကို ဆိုလို၏၊ ထို့ကြောင့် "**အနုဿရတိ** ဟူသည်ကား ခန္ဓာအစဉ်၏ အစွမ်းအားဖြင့်၎င်း, စုတိပဋိသန္ဓေ အစွမ်းအားဖြင့်၎င်း အစဉ်လိုက်၍ လိုက်၍ အောက်မေ့၏-ဆင်ခြင်၏"ဟု ဖွင့်ဆိုခဲ့ပေသည်။

၄၀၃။ ထို့ကြောင့် ဤသို့ အောက်မေ့ခြင်းငှါ အလိုရှိသော အားထုတ်ခါစ ယောဂီရဟန်းသည် ဆွမ်းစားပြီးချိန်၌ ဆွမ်းစားရာမှ ဖဲခွါခဲ့ပြီးလျှင် ဆိတ်ငြိမ်ရာသို့ကပ်ရောက်လျက် အပြင်ပအာရုံများမှ ဖဲခွါကာ (ကမ္မဋ္ဌာန်း၌)

---

မှတ်ချက်

၁ – လှည်းအစီး နှစ်ဆယ် သုံးဆယ် သွားလောက်သည့်–ဟူသော စကားသည် ဋီကာအဖွင့် ဖြစ်သည်၊ ယခုခေတ်၌သော်လည်း ထိုမျှ ကျယ်ပြန့်သော လမ်းမကြီးကား ရှိအံ့မထင်၊ ဥပမေယျအနက်၌ ဂုဏ်မြောက်စေရန် ပြသည် ဟု ယူရာ၏၊

http://www.dhammadownload.com



ကောင်းစွာ ကပ်ငြိသည်ဖြစ်၍ အစဉ်အတိုင်း လေးပါးသော စျာန်တို့ကို ဝင်စားပြီးလျှင် အဘိညာဉ်၏အခြေခံ စတုတ္ထစျာန်မှ ထ၍ နောက်ဆုံးဖြစ်သော ထိုင်နေခြင်းကို နှလုံးသွင်း ဆင်ခြင်အပ်၏။ ထို့နောင် ထိုင်ဘို့ နေရာခင်းခြင်းကို၊ ကျောင်းခန်းသို့ ဝင်ခဲ့ခြင်းကို၊ သပိတ်သင်္ကန်းသိမ်းထားခဲ့ခြင်းကို၊ ဆွမ်းစားခဲ့သည့် အချိန်ကာလကို၊ ဆွမ်းခံရွာမှ ပြန်လာခဲ့သောကာလကို၊ ရွာ၌ ဆွမ်းခံလှည့်ခဲ့သော ကာလကို၊ ရွာသို့ ဆွမ်းခံရန် ဝင်ခဲ့သောကာလကို၊ ကျောင်းမှ ထွက်ခဲ့သောကာလကို၊ စေတီယင်ပြင် ဗောဓိ ယင်ပြင်၌ ရှိခိုးခဲ့သောကာလကို၊ သပိတ် ရေကျင်း၍ ဆေးခဲ့သော ကာလကို သပိတ်ကို ယူခဲ့သောကာလမှ မျက်နှာသစ်သည်တိုင်အောင် ပြုခဲ့သော ကိစ္စကို၊ မိုးသောက်ကာလ၌ ပြုခဲ့သောကိစ္စကို၊ သန်ကောင်ယာမ်၌ ပြုခဲ့သောကိစ္စကို၊ ညဉ့်ဦးယာမ်၌ ပြုခဲ့သောကိစ္စကို ဤသို့ နောက်ပြန်အစဉ်ဖြင့် တညဉ့်လုံး တနေ့လုံး ပြုခဲ့သောကိစ္စကို နှလုံးသွင်း-ဆင်ခြင်အပ်၏။ ဤမျှကိုမူ ပကတိစိတ်ရှိသူအားလည်း ထင်ရှားပေ၏၊ ပရိကံသမာဓိစိတ်ရှိသော သူအားမူ အလွန်ပင် ထင်ရှားသည်သာတည်း။

အကယ်၍ ဤဆိုခဲ့သောကိစ္စတို့တွင် တစုံတခုသည် မထင်ရှားပဲရှိငြားအံ့၊ တဖန် ပါဒကစျာန်ကို ဝင်စားပြီး (ထိုမှ)ထ၍ နှလုံးသွင်း-ဆင်ခြင်အပ်၏။ ဤမျှဖြင့် (မှောင်ထဲ၌) မီးထွန်းလိုက်သကဲ့သို့ ထင်ရှားလေတော့သည်။ ဤဆိုခဲ့သည့်နောက်ပြန် အစဉ်ဖြင့်ပင်လျှင် ဒုတိယနေ့၌လည်း (နှလုံးသွင်း ဆင်ခြင်အပ်၏)၊ တတိယ စတုတ္ထ ပဉ္စမနေ့၌လည်း၊ ဆယ်ရက်မြောက်နေ့၌လည်း၊ (လွန်ခဲ့သော)လခွဲ၌လည်း၊ တလ၌လည်း တနှစ်တိုင်အောင်လည်း ပြုခဲ့သောကိစ္စကို နှလုံးသွင်း-ဆင်ခြင်အပ်၏။ ဤနည်းဖြင့်ပင်လျှင် ဆယ်နှစ်တို့ပတ်လုံး အနှစ်နှစ်ဆယ်တို့ပတ်လုံး ဤသို့ စသည်ဖြင့် ဤဘဝ၌ မိမိ၏ ပဋိသန္ဓေကာလတိုင်အောင် နှလုံးသွင်း-ဆင်ခြင်ပြီးလျှင် ရှေးဘဝဝယ် စုတိခဏ၌ ဖြစ်ခဲ့သော နာမ်ရုပ်ကို နှလုံးသွင်း-ဆင်ခြင်အပ်၏။ ပညာထက်သော

http://www.dhammadownload.com



ရဟန်းသည် ပဌမအကြိမ်ဖြင့်ပင်လျှင် ပဋိသန္ဓေကို ခွါလှစ်၍ စုတိခဏာ၌ နာမ်ရုပ်ကို အာရုံပြုခြင်းငှါ စွမ်းနိုင်ပေ၏။

သို့သော်လည်း ရှေးဘဝ၌ နာမ်ရုပ်သည် အကြွင်းမဲ့ချုပ်ခဲ့ပြီးဖြစ်သည့်ပြင် (ယခုဘဝ၌)ကံအသစ်ကြောင့် အခြားနာမ်ရုပ် ဖြစ်ပေါ်နေပြီဖြစ်သောကြောင့် ထိုရှေးဘဝ စုတိဌာနသည် ထူထဲစွာ ဖုံးကွယ်ပိတ်လှောင်ထားသည့် အရပ်သဖွယ်ဖြစ်၏ အမိုက်မှောင်အတိကဲ့သို့ ဖြစ်၏ ပညာအားနည်းသူသည် မြင်နိုင်ခဲ၏။ သို့သော် ထိုသို့သော ပုဂ္ဂိုလ်သည်လည်း [၄၃] "ပဋိသန္ဓေကို ခွါလှစ်၍ (ရှေးဘဝ) စုတိခဏာ၌ ဖြစ်ခဲ့သော နာမ်ရုပ်ကို အာရုံပြုခြင်းငှါ ငါမစွမ်းနိုင်" ဟု ဝန်ချခြင်း-လက်မြှောက်ခြင်းကို မပြုအပ်၊ ထိုပါဒက ဈာန်ကိုပင်လျှင် အဖန်တလဲလဲ ဝင်စားအပ်၏၊ ထိုဈာန်မှလည်း ထ၍ ထ၍ ထိုစုတိဌာနကို နှလုံးသွင်း-ဆင်ခြင်အပ်၏။

အကျိုးကား-ဤသို့ပြုသောပုဂ္ဂိုလ်သည်[၁] ဥပမာအားဖြင့် အားကောင်းသော ယောကျ်ားသည် ပြာသာဒ်ဆောင်အိမ်၏ အထွတ်အဖူးအလို့ငှါ ကြီးစွာသောသစ်ပင်ကို ဖြတ်လတ်သော် အကိုင်းအခက်အရွက်တို့ကို ဖြတ်ရုံမျှဖြင့်ပင်လျှင် ပုဆိန်သွား ပျက်စီးချတ်ယွင်းသွားသဖြင့် ပင်လုံးကြီးကို ဖြတ်ရန် မစွမ်းနိုင်သော်လည်း ဝန်ချလက်မြှောက်ခြင်းကို မပြုမူ၍သာလျှင် ပန်းဘဲရုံသို့သွားကာ ပုဆိန်ကို ထက်အောင်ပြုစေပြီးလျှင် တဖန် ပြန်လာ၍ ဖြတ်ရာသကဲ့သို့၊ တဖန် ပျက်စီးချတ်ယွင်းပြန်လျှင်လည်း ထိုအတူပင် တဖန်လည်းပြုပြင်စေ၍ ဖြတ်ရာသကဲ့သို့၊ ဤသို့ဖြတ်သော ထိုယောကျ်ားသည် ဖြတ်ပြီးဖြတ်ပြီးကို တဖန်ဖြတ်ဖွယ်မရှိခြင်းကြောင့်ရင်း, မပြတ်သေးသည်ကို

---

မှတ်ချက်

၁-ဤသို့ ပြုသောပုဂ္ဂိုလ်သည်....ဤအတူပင်....ထ၍....ဆင်ခြင်ပြီးကို မဆင်ခြင်တော့ပဲ-စသည်ဖြင့် စပ်ပါ။

http://www.dhammadownload.com



လည်း(အဖန်ဖန်)ဖြတ်ခြင်းကြောင့်ရင်း မကြာမီပင် သစ်ပင်ကြီးကို လဲကျစေရာသကဲ့သို့ ဤအတူပင် ပါဒကစျာန်မှထ၍ ရှေး၌ နှလုံးသွင်း- ဆင်ခြင်ပြီးကို မဆင်ခြင်တော့ပဲ ပဋိသန္ဓေကိုသာလျှင် ဆင်ခြင်သည်ဖြစ်၍ မကြာမီပင် ပဋိသန္ဓေကို ခွါလှစ်၍ စုတိခဏ၌ဖြစ်ခဲ့သော နာမ်ရုပ်ကို အာရုံပြုနိုင်ရာ၏။ ထင်းခွဲသူ ဆံပင်ကိုပယ်ချသူ(ခေါင်းရိတ်သူ)အစရှိသော ဥပမာတို့ဖြင့်လည်း ဤဆိုခဲ့သော အနက်ကို ပြအပ်သေး၏။

ဆိုခဲ့သော ထိုစကားထဲ၌ နောက်ဆုံး ထိုင်နေခြင်းမှစ၍ ပဋိသန္ဓေတိုင်အောင်အာရုံပြု၍ ဖြစ်သောဉာဏ်သည် ပုဗ္ဗေနိဝါသဉာဏ်မဟုတ်သေးပေ၊ ယင်းဉာဏ်သည်ကား ပရိကံ သမာဓိနှင့် ယှဉ်သောဉာဏ် မည်ပေ၏။ အတီတံသ (အတိတ်အဖို့၌ဖြစ်သော) ဉာဏ်ဟူ၍လည်း (ကေ) အချို့ဆရာတို့က ဆိုကြ၏။ ထိုကေဆရာတို့၏ စကားသည် ရူပါဝစရဉာဏ်ကို ရည်၍ဆိုပါမူ မသင့်ပေ။ အကြင်အခါ၌မူ[1] ထိုယောဂီရဟန်းမှာ ပဋိသန္ဓေကို ကျော်လွန်၍ စုတိခဏ၌ဖြစ်သော နာမ်ရုပ်ကိုအာရုံပြုလျက် မနောဒွါရာဝဇ္ဇန်းခေါ် နှလုံးသွင်းဆင်ခြင်စိတ်သည် ဖြစ်ပေါ်၏၊ ထိုစိတ်ချုပ်လတ်သော် ထိုစုတိနာမ်ရုပ်ကိုပင် အာရုံပြု၍ လေးကြိမ် ငါးကြိမ်သော ဇောတို့သည် ဖြစ်ပေါ်ကုန်၏၊ ယင်းလေးကြိမ်ငါးကြိမ်တို့တွင် ရှေး၌ဆိုခဲ့ပြီးသောနည်းဖြင့်ပင်လျှင် ရှေး (သုံးလေးကြိမ်သော) ဇောတို့သည် ပရိကံစသည်အမည်ရှိကုန်သော ကာမာဝစရဇောတို့ပေတည်း။ နောက်ဆုံး (စတုတ္ထ ပဉ္စမ) ဇောသည် ရူပါဝစရ စတုတ္ထစျာန်နှင့် ယှဉ်သော အပ္ပနာ စိတ်ပေတည်း။ ထိုအခါ၌ ထိုရဟန်းမှာ ထိုအပ္ပနာစိတ်နှင့်တကွ အကြင်ဉာဏ်သည် ဖြစ်ပေါ်၏၊ ဤဉာဏ်သည် ပုဗ္ဗေနိဝါသာနုဿတိဉာဏ် မည်၏။ ထိုဉာဏ်နှင့် ယှဉ်သော

---

မှတ်ချက်

၁-အကြင်အခါ၌မူ....နှလုံးသွင်း ဆင်ခြင်စိတ်သည် ဖြစ်ပေါ်၏၊ ထိုစိတ်ချုပ်လတ်သော် ...ဇောတို့သည် ဖြစ်ပေါ်ကုန်၏၊ ထိုအခါ၌-ဟု စပ်ပါ။

http://www.dhammadownload.com



သတိဖြင့် များသောအပြားရှိသော ရှေး၌နေခဲ့ဘူးသည့် ခန္ဓာအစဉ်ကို အစဉ်လိုက်၍ အောက်မေ့နိုင်၏[၁]။ ထိုခန္ဓာအစဉ်ကား[၁] အဘယ်နည်း ? ဟူမူ၊ ဘဝတခုကိုလည်း[၂] (အောက်မေ့၏) ဘဝနှစ်ခုတို့ကိုလည်း ဘဝသုံးခုတို့ကိုလည်း ဘဝလေးခုတို့ကိုလည်း ဘဝငါးခုတို့ကိုလည်း ဘဝဆယ်ခုတို့ကိုလည်း ဘဝနှစ်ဆယ်ကိုလည်း ဘဝသုံးဆယ်ကိုလည်း ဘဝလေးဆယ်ကိုလည်း ဘဝငါး-ဆယ်ကိုလည်း ဘဝတရာကိုလည်း ဘဝတထောင်ကိုလည်း ဘဝတသိန်းကိုလည်း သံဝဋ္ဋကပ်များစွာတို့ကိုလည်း ဝိဝဋ္ဋကပ်များစွာတို့ကိုလည်း သံဝဋ္ဋဝိဝဋ္ဋကပ်များစွာတို့ကိုလည်း(အောက်မေ့၏)၊ "ဤမည်သောဘဝ၌ ငါသည် ဤသို့သောအမည်ရှိခဲ့၏ ဤသို့သောအနွယ်ရှိခဲ့၏ ဤသို့သောအဆင်းရှိခဲ့၏ ဤသို့သော အစာရှိခဲ့၏ ဤသို့သော ချမ်းသာ ဆင်းရဲကို ခံစားခဲ့၏ ဤသို့သော အသက် အပိုင်း အခြား ရှိခဲ့၏၊ ထိုငါသည် ယင်းဘဝမှ စုတေခဲ့၍ ဤမည်သော ဘဝ၌ ဖြစ်ခဲ့ပြန်သည်၊ ထိုဘဝ၌လည်း ဤသို့သော အမည်ရှိခဲ့၏။ပ။ ဤသို့သော အသက်အပိုင်းအခြား ရှိခဲ့၏၊ ဤသို့(အဆင်းစသော)အခြင်းအရာနှင့်တကွ ညွှန်ပြစရာ(အမည် အနွယ်)နှင့်တကွ များသောအပြားရှိသော ရှေး၌ နေခဲ့ဘူးသော ခန္ဓာအစဉ်ကို အစဉ်လိုက်၍ အောက်မေ့နိုင်၏][၁]။

---

မှတ်ချက်

၁ – [ထိုခန္ဓာအစဉ်ကား...အောက်မေ့နိုင်၏] ဤထောင့်ကွင်းအတွင်းရှိ စကားစုသည် ဝိသုဒ္ဓိမဂ်၌ "သေယျထိဒံ၊ ဧကမ္ပိ ဇာတိံ ဒွေပိ ဇာတိယော။ပ။ ဣတိ သာကာရံ သဥဒ္ဒေသံ အနေကဝိဟိတံ ပုဗ္ဗေနိဝါသံ အနုဿရတိ" ဟု ထုတ်ပြထားသော ပါဠိ၏ ဘာသာပြန်ဖြစ်သည်။

၂ – ဧကမ္ပိ ဇာတိံ–ဟူသောပါဠိကို မြန်မာစကား ချောစေရန်နှင့် သဲ့ချာ-သမ္ဗိန္ဓာနဋ္ဌာန ပယောဂလည်း မပျက်စေရန် ရှေးနောက်ပြန်၍ ပြန်ချက်ဖြစ်သည်။ နောက်ပုဒ်တို့၌လည်း နည်းတူပင်။

http://www.dhammadownload.com



၄၀၄။ ထိုစကားရပ်၌ **ဘဝတခုကိုလည်း** ဟူသည်ကား ပဋိသန္ဓေမှစ၍ စုတိ အဆုံးရှိသော တခုသောဘဝ၌ အတွင်းဝင်သော ခန္ဓာအစဉ် တခုကိုလည်း(ဟု ဆိုလို၏)။ ဘဝနှစ်ခုတို့ကိုလည်း စသည်တို့၌လည်း နည်းတူပင် သိအပ်၏။ **သံဝဋ္ဋကပ် များစွာတို့ကိုလည်း** စသည်တို့၌ ဆုတ်ယုတ်ပျက်စီး နေသော ကပ်ကာလသည် **သံဝဋ္ဋကပ်**မည်၏၊ တိုးပွါးဖြစ်ထွန်း နေသော ကပ်ကာလသည် **ဝိဝဋ္ဋကပ်**မည်၏-ဟု သိအပ်၏။ ထိုတွင် သံဝဋ္ဋကပ်ဖြင့် [၄၄] (ပျက်စီးပြီးနောက် ဟင်းလင်းပြင်ဖြစ်လျက် တည်နေသော) သံဝဋ္ဋဋ္ဌာယီကပ်ကို ယူအပ်၏၊ အကြောင်းမူကား-ထိုသံဝဋ္ဋကပ်လျှင် အရင်းခံရှိသောကြောင့်ပေတည်း။ ဝိဝဋ္ဋကပ်ဖြင့်လည်း (ဖြစ်ထွန်းပြီးနောက် ကမ္ဘာကြီးတည်နေသော) ဝိဝဋ္ဋဋ္ဌာယီကပ်ကို ယူအပ်၏။ ဤသို့ယူလျှင်—

"ရဟန်းတို့ အသင်္ချေယျ ကပ်တို့သည် ဤလေးပါးတို့ပေတည်း၊ အဘယ် လေးပါးတို့နည်း။ သံဝဋ္ဋကပ် သံဝဋ္ဋဋ္ဌာယီကပ် ဝိဝဋ္ဋကပ် ဝိဝဋ္ဋဋ္ဌာယီကပ်-ဤလေးပါးတို့ ပေတည်း"ဟု ဟောထားသော အသင်္ချေယျကပ် တို့ကို အကြွင်းမဲ့ သိမ်းယူအပ်ပြီး ဖြစ်ပေတော့သည်။

ထိုကပ်လေးပါးတို့တွင် သံဝဋ္ဋခေါ် ပျက်ကပ်တို့သည် (၁)မီးဖြင့်ပျက်သော(တေဇောသံဝဋ္ဋ)ကပ်၊ (၂) ရေဖြင့်ပျက်သော(အာပေါသံဝဋ္ဋ)ကပ်၊ (၃) လေဖြင့်ပျက်သော(ဝါယောသံဝဋ္ဋ)ကပ်ဟူ၍ သုံးပါးရှိကုန်၏။ သံဝဋ္ဋသီမာခေါ် ပျက်ရာနယ်ဆုံးတို့သည် အာဘဿရာဘုံ သုဘကိဏှာဘုံ ဝေဟပ္ဖိုလ်ဘုံဟူ၍ သုံးပါးတို့ပင်။

ကမ္ဘာသည် မီးဖြင့်ပျက်သောအခါ အာဘဿရာဘုံမှ အောက်ဖက်၌ မီးလောင်၍ ပျက်စီး၏(အာဘဿရာဘုံကား မပျက်)။ ရေဖြင့် ပျက်သောအခါ သုဘကိဏှာဘုံမှ အောက်ဖက်၌ ရေဖြင့် ကြေမွပျက်စီး၏(သုဘကိဏှာဘုံကား မပျက်)။ လေဖြင့် ပျက်စီးသောအခါ ဝေဟပ္ဖိုလ်ဘုံမှ အောက်ဖက်၌ လေဖြင့် ပျက်စီး၏(ဝေဟပ္ဖိုလ်ဘုံကား မပျက်)။ ဘေးပတ်ဝန်းကျင်

http://www.dhammadownload.com



အကျယ်အပြန့် အားဖြင့်မူ ပျက်သော အခါတိုင်းပင်(စကြာဝဠာ ကုဋေ တသိန်းဟူသော)ဗုဒ္ဓခေတ် တခုလုံး ပျက်စီး၏။

ဗုဒ္ဓခေတ် မည်သည်မှာ (၁)ဇာတိခေတ်၊ (၂)အာဏာခေတ်၊ (၃)ဝိသယခေတ်ဟူ၍ သုံးပါးအပြားရှိ၏။ ထိုတွင် ဇာတိခေတ်သည် စကြာဝဠာ တသောင်း အပိုင်းအခြားရှိ၏၊ ယင်းဇာတိခေတ်သည် ပစ္ဆိမဘဝိက ဘုရား အလောင်းတော် ပဋိသန္ဓေယူသောအခါ စသည်တို့၌ တုန်လှုပ်၏။ အာဏာ ခေတ်သည် စကြာဝဠာ ကုဋေတသိန်း အပိုင်းအခြားရှိ၏၊ ယင်းအာဏာ ခေတ်၌ ရတနသုတ်ပရိတ် ခန္ဓပရိတ် ဓဇဂ္ဂပရိတ် အာဋာနာဋိယပရိတ် မောရ ပရိတ်ဟူသော ဤပရိတ်တော်တို့၏ အာနုဘော်သည် ဖြစ်ပေ၏။ ဝိသယ ခေတ်သည် အဆုံးအပိုင်းအခြား မရှိပေ၊ ယင်း ဝိသယခေတ်ကို "အကြင်မျှ လောက်အလိုရှိလျှင် ထိုမျှလောက်အသံဖြင့် သိစေနိုင်၏"ဟု မိန့်ဆိုတော်မူ (အပ်)ပေသည်။ ယင်း ဝိသယခေတ်၌ မြတ်စွာဘုရားသည် အကြင် အကြင် အရာကို အလိုရှိ၏၊ ထို ထိုအရာကို သိတော်မူနိုင်ပေ၏။ ယခု ပြဆိုခဲ့သော ဤ သုံးပါးသော ဗုဒ္ဓခေတ်တို့တွင် တခုသော အာဏာခေတ်သည် ပျက်စီး ၏၊ ထိုအာဏာခေတ် ပျက်စီးလျှင် (ထို၌ အတွင်းဝင်သော) ဇာတိခေတ် လည်း ပျက်စီးတော့သည်သာ။ ပျက်စီး လျှင်လည်း တပေါင်းတည်းပင် ပျက်စီး၏၊ တည်လျှင်လည်း တပေါင်းတည်းပင် တည်၏။ ထိုကပ်ကမ္ဘာ၏ ပျက်စီးခြင်း တည်ခြင်းကို ဤဆိုလတ္တံ့အတိုင်း သိအပ်၏။

## မီးဖြင့် ကမ္ဘာပျက်ပုံ

၄၀၅။ အကြင်အခါ၌ ကပ်ကမ္ဘာသည် မီးဖြင့်ပျက်၏၊ ထိုအခါ(ပျက်ခါ နီး) အစကပင်လျှင် ကမ္ဘာပျက် မိုးကြီးသည် တက်ပြီးလျှင် စကြာဝဠာ ကုဋေတသိန်း၌ တစပ်တည်းသော မိုးကြီးဖြစ်လျက် ရွာသွန်း၏။ လူတို့သည် ဝမ်းမြောက် ရွှင်လန်းကုန်လျက် အလုံးစုံသော မျိုးစေ့တို့ကို ထုတ်၍

http://www.dhammadownload.com



စိုက်ပျိုးကုန်၏။ ကောက်ပင်တို့သည် နွားစား လောက်ရုံမျှ ဖြစ်လာကြလျှင် မြည်းသံကဲ့သို့ မြည်လျက် ချုံးလျက် မိုးရေတပေါက်မျှ မရွာတော့ချေ၊ ထိုအခါ ပြတ်စဲသွားသော မိုးသည် လုံးဝ ပြတ်စဲသွားတော့သည် သာတည်း။ ဤသို့ဖြစ်ပုံကိုပင် ရည်၍ မြတ်စွာဘုရားသည်—

"ရဟန်းတို့ ဤလိုအခါမျိုးသည် ရှိသေး၏၊ ယင်းသို့သော အခါ၌ များစွာကုန်သောနှစ်တို့ပတ်လုံး များစွာ ကုန်သော[၄၅]နှစ် အရာတို့ပတ်လုံး များစွာကုန်သော နှစ်အထောင်တို့ပတ်လုံး များစွာ ကုန်သော နှစ်အသိန်းတို့ပတ်လုံး မိုးသည် မရွာတော့ပေ" ဟု—

ဟောတော်မူ ( အပ် )ပေသည်။

မိုးရေကို မှီ၍ အသက်ရှင် ကြရကုန်သော သတ္တဝါတို့သည် သေလေကုန်၍ ဗြဟ္မာ့ပြည်၌ ဖြစ်ကုန်၏၊ ပန်း သစ်သီးကိုမှီ၍ အသက်ရှင်ကြရကုန်သော နတ်တို့သည်လည်း(စုတေကုန်၍ ဗြဟ္မာ့ပြည်၌ ဖြစ်ကုန်၏)။ ဤသို့သော အခြင်းအရာဖြင့် ရှည်စွာသော အဓွန့်ကာလ ကုန်လွန်သွားလတ်သော် ထိုထိုအရပ်၌ ရေသည် ကုန်ခန်းခြင်းသို့ ရောက်လေ၏၊ ထိုအခါ အစဉ်အားဖြင့်[၁] ငါးလိပ်တို့သည်လည်း သေကြပြီးလျှင် ဗြဟ္မာ့ပြည်၌ ဖြစ်ကုန်၏၊ ငရဲသား သတ္တဝါတို့သည်လည်း (ဗြဟ္မာ့ပြည်၌ ဖြစ်ကုန်၏)၊ ထိုသတ္တဝါတို့တွင် ငရဲသားသတ္တဝါတို့သည် ခုနစ်စင်းမြောက် နေထွက်ပေါ်သောအခါ၌ ပျက်စီးကြသည်ဟု ကေ(အချို့)ဆရာတို့က ဆိုကုန်၏။

ဈာန်မရပဲ ဗြဟ္မာ့ပြည်၌ ဖြစ်ခြင်းမည်သည် မရှိချေ၊ ဤ ဆိုခဲ့သော လူစသည်တို့တွင် အချို့သတ္တဝါတို့သည် အငတ်ဘေးဖြင့် အနှိပ်စက်ခံနေရ

မှတ်ချက်

၁—အစဉ်အားဖြင့်-ဟူသော ဤစကားဖြင့် တပြိုင်နက် မဟုတ်ပဲ အချို့က ရှေးကျ အချို့က နောက်ကျလျက် တဖြည်းဖြည်းချင်း ဖြစ်ပျက်သည်ကို ပြသည်။ နောက်၌လည်း ဤလိုအရာမျိုး၌ နည်းတူပင် သိရာ၏။

http://www.dhammadownload.com



ကုန်၏၊ အချို့သတ္တဝါတို့သည် ဈာန်ကို မရထိုက်ကုန်၊ ထိုသတ္တဝါတို့သည် အဘယ်သို့လျှင် ဗြဟ္မာ့ပြည်၌ ဖြစ်ကုန်သနည်းဟူမူ၊ နတ်ပြည်၌ရသော ဈာန်၏ အစွမ်းဖြင့်(ဖြစ်ကြပေသည်)။ ဖြစ်နိုင်ပုံမှာ ထိုအခါ၌ "အနှစ်တသိန်းကုန်လွန်သောအခါ ကမ္ဘာကြီး ပျက်လိမ့်မည်"ဟု လောကဗျူဟာမည်သော ကာမာဝစရနတ်တို့သည် ဖြေလွှတ်သော သျှောင်ထုံးရှိသည့်ပြင် ဖရိုဖရဲကြဲသော ဆံပင်ရှိကုန်လျက် ငိုယိုသော မျက်နှာရှိ၍ မျက်ရည်တို့ကို လက်တို့ဖြင့် သုတ်ကုန်လျက် နီရဲသောအဝတ်ကို ဝတ်ဆင်ကြကာ အလွန်ဖောက်ပြန်သည့် ကြောက်ဖွယ် အသွင်ကိုဆောင်ကြသည်ဖြစ်၍ လူတို့လမ်းလူတို့ကြားသိနိုင်သော အရပ်၌ လှည့်လည်ကုန်လျက် ဤသို့ ပြောကြားကြွေးကြော်ကုန်၏၊ "အချင်းတို့ ယခုအခါမှ အနှစ်တသိန်းလွန်သောအခါ၌ ကမ္ဘာပျက်ခြင်း ဖြစ်လိမ့်မည်၊ ဤလောက တခုလုံး ပျက်လိမ့်မည်၊ မဟာသမုဒ္ဒရာသည်လည်း ခန်းခြောက် သွားလိမ့်မည်၊ ဤ ကမ္ဘာမြေကြီးရော မြင်းမိုရ်တောင်မင်းရော မီးလောင်၍ ပျက်စီးသွားလိမ့်မည်၊ ဗြဟ္မာ့ပြည်တိုင်အောင် ကမ္ဘာလောက၏ ပျက်စီးခြင်းဖြစ်လိမ့်မည်၊ အချင်းတို့ မေတ္တာကို ပွါးစေကြကုန်လော့၊ ကရုဏာကို၊ မုဒိတာကို၊ အချင်းတို့ ဥပေက္ခာကို ပွါးစေကြကုန်လော့၊ မိခင်ကို ပြုစု လုပ်ကျွေး ကြကုန်လော့၊ ဖခင်ကို ပြုစုလုပ်ကျွေးကြကုန်လော့၊ အမျိုးထဲ၌ အသက်ကြီးသူတို့ကို အရိုအသေ ပြုကြကုန်လော့"ဟု ပြောကြား ကြွေးကြော်ကုန်၏။

ထိုလောက ဗျူဟာနတ်တို့၏ စကားကို ကြားကုန်၍ အများအားဖြင့် လူတို့သည်ငှင်း ဘုမ္မဇိုဝ်းနတ်တို့သည်ငှင်း ထိတ်လန့်ခြင်း သံဝေဂဖြစ်ကြကုန်လျက် အချင်းချင်း နူးညံ့သော စိတ်ရှိကြသည် ဖြစ်၍ မေတ္တာအစရှိသော ကောင်းမှုတို့ကို ပြုကြ၍ နတ်ပြည်၌ ဖြစ်ကုန်၏။ ထိုနတ်ပြည်၌ နတ်သုဓာဘောဇဉ်ကို စားကြ၍ ဝါယောကသိုဏ်း၌ ပရိကံပြုကြ၍ ဈာန်ကိုရကုန်၏။ (လူနှင့် ဘုမ္မဇိုဝ်းနတ်တို့မှ) တပါးသော သတ္တဝါတို့သည်ကား အပရာပရိယ-

http://www.dhammadownload.com



ဝေဒနီယကံဖြင့် နတ်ပြည်၌ ဖြစ်ကုန်၏၊ မှန်ပေ၏-သံသရာ၌ ကျင်လည်နေသော သတ္တဝါမည်သည် အပရာပရိယကံ ကင်းသူ မရှိချေ။ ထိုသတ္တဝါတို့သည်လည်း ထိုနတ်ပြည်၌ ထို့အတူပင် စျာန်ကိုရကုန်၏။ ဤသို့ နတ်ပြည်၌ ရသောစျာန်၏ အစွမ်းအားဖြင့် အလုံးစုံသော သတ္တဝါတို့သည် ဗြဟ္မာ့ပြည်၌ ဖြစ်ကုန်၏။ ဤတွင် တရပ်ပြီး၏။

ကမ္ဘာပျက်ပုံကို ဆက်ဦးအံ့- ကမ္ဘာပျက်မိုး ပြတ်စဲသည်မှ နောက်၌ ရှည်သော အခွန့်ကာလ ကုန်လွန်သွားသောအခါ ဒုတိယနေတစင်းထင်ရှားဖြစ်ပေါ်လာ၏။ မှန်ပေ၏-မြတ်စွာဘုရား ဟောထားသော ဤသို့သော စကားလည်း ရှိပေ၏—

"ရဟန်းတို့ ဤလိုအခါမျိုးလည်း ရှိသေး၏" ဤသို့အစရှိသော သတ္တသူရိယသုတ်ကို ချဲ့၍သိအပ်ပေ၏။

ထိုဒုတိယနေ ထင်ရှားဖြစ်ပေါ်လာလတ်သော် [၄၆] ညဥ့်အပိုင်းအခြား နေ့အပိုင်းအခြား မထင်တော့ပြီ၊ နေတစင်းဝင်လျှင် နေတစင်းထွက်ပေါ်၏[၁]။ လောကမှာ မပြတ်သော နေပူရောင် ရှိသည်သာလျှင်ဖြစ်၏။ ပကတိနေ၌ နေနတ်သားရှိသကဲ့သို့ ကမ္ဘာပျက်နေ၌ (နေနတ်သား)မရှိပေ။ ထိုနေနှစ်စင်းတို့တွင် ပကတိနေ ထွက်နေသောအခါ ကောင်းကင်၌ တိမ်-တိုက်တို့သည်၎င်း၊ အခိုးညွန့်တို့သည်၎င်း၊ လှုပ်ရှားသွားလာကုန်၏၊ ကမ္ဘာပျက်နေ ထွက်နေသောအခါ ကောင်းကင်မှာ အခိုးနှင့် တိမ်တိုက် ကင်း၏-

မှတ်ချက်

၁—ရှေးနောက်စကား ၂-ရပ်နှင့် သာ၍ ချောမောစေရန် နေထွက် နေဝင်ကို နေဝင် နေထွက်-ဟု ရှေးနောက်ပြန်ထားသည်။

http://www.dhammadownload.com



ကြေးမုံဝန်းကဲ့သို့ အညစ်အကြေးကင်းလျက်ရှိ၏။ မြစ်ကြီးငါးသွယ်တို့မှ[၁] တပါးကုန်သော မြစ်ငယ်များစသည်တို့၌ ရေသည်ခန်းခြောက်၏။

ထို့နောင်လည်း ရှည်သော အဓွန့်ကာလ ကုန်လွန်သွားသောအခါ တတိယနေတစင်း ထင်ရှားဖြစ်ပေါ်လာပြန်၏၊ ယင်းတတိယနေ၏ ထင်ရှားဖြစ်ပေါ်ခြင်းကြောင့် မြစ်ကြီးတို့သည်လည်း[၁] ခန်းခြောက်ကုန်၏။

ထို့နောင်လည်း ရှည်သောအဓွန့်ကာလ ကုန်လွန်သွားသောအခါ စတုတ္ထနေတစင်း ထင်ရှားဖြစ်ပေါ်လာပြန်၏၊ ယင်းစတုတ္ထနေ၏ ထင်ရှားဖြစ်ပေါ်ခြင်းကြောင့် ဟိမဝန္တာ၌ မြစ်ကြီး (ငါးသွယ်) တို့၏ မြစ်ဖျားခံရာဖြစ်ကုန်သော "သီဟပပါတအိုင် ဟံသပါတနအိုင် ကဏ္ဍမုဏ္ဍအိုင် ရထကာရအိုင် အနဝတတ်အိုင် ဆဒ္ဒန်အိုင် ကုဏာလအိုင်" ဟူသော ဤအိုင်ကြီးခုနစ်အိုင်တို့သည် ခန်းခြောက်ကုန်၏။

ထို့နောင်လည်း ရှည်သောအဓွန့်ကာလ ကုန်လွန်သွားသောအခါ ပဉ္စမနေတစင်း ထင်ရှားဖြစ်ပေါ်လာပြန်၏၊ ယင်းပဉ္စမနေ၏ ထင်ရှားဖြစ်ပေါ်ခြင်းကြောင့် အစဉ်အတိုင်း (တဖြည်းဖြည်းချင်းကုန်ခန်း၍) သမုဒ္ဒရာ၌ ရေသည် လက်တဆစ် စိုစွတ်ရုံမျှသော်လည်း မတည်ရှိတော့ချေ။

ထို့နောင်လည်း ရှည်သောအဓွန့်ကာလ ကုန်လွန်သွားသောအခါ ဆဋ္ဌနေတစင်း ထင်ရှားဖြစ်ပေါ်လာပြန်၏၊ယင်းဆဋ္ဌနေ၏ ထင်ရှားဖြစ်ပေါ်ခြင်းကြောင့် အလုံးစုံသော စကြာဝဠာတတိုက်လုံးသည် တစပ်တည်းအခိုးအငွေ့

---

မှတ်ချက်

၁ – အိန္ဒိယအလယ်ပိုင်း၌ ဟောသော သုတ်များအရ အိန္ဒိယအလယ်ပိုင်း၌ ထင်ရှားသော ဂင်္ဂါ ယမုနာ အစိရဝတီ မဟီ သရဘူ-ဟူသော မြစ်ကြီးငါးသွယ်တို့ကိုသာ ပြထားခြင်းဖြစ်သည်၊ ယင်းတို့နှင့် အလားတူ အခြားမြစ်ကြီးတို့၌လည်း နည်းတူပင် ယူအပ်၏။

http://www.dhammadownload.com



ပြည့်လျက်ရှိ၏၊ အခိုးအငွေ့ကြောင့် အစိုဓာတ်ကုန်ခန်းသွားလေ၏၊ ဤစကြာဝဠာကဲ့သို့ပင် ကုဋေတသိန်းသော စကြာဝဠာတို့သည်လည်း နည်းတူပင် ဖြစ်လေကုန်၏။

ထို့နောင်လည်း ရှည်သောအဓွန့်ကာလ ကုန်လွန်သွားသောအခါ သတ္တမနေတစင်း ထင်ရှားဖြစ်ပေါ်လာပြန်၏၊ ယင်းသတ္တမနေ၏ ထင်ရှားဖြစ်ပေါ်ခြင်းကြောင့် ကုဋေတသိန်းသော စကြာဝဠာတို့နှင့်တကွ ဤစကြာဝဠာတခုလုံးသည် တစပ်တည်း တောက်လောင်သော မီးလျှံရှိသည် ဖြစ်လေတော့၏။ ယူဇနာတရာစသည် အပြားရှိကုန်သော မြင်းမိုရ်တောင်၏ တောင်ထွတ်တို့သည်လည်း ပြိုပျက်ကုန်၍ ကောင်းကင်၌ပင်လျှင် ကွယ်ပျောက်လေကုန်၏။ ထိုမီးလျှံသည် တက်၍ စတုမဟာရာဇ်နတ်ဘုံတို့ကို လောင်၏၊ ထိုနတ်ဘုံ၌ ရွှေဗိမာန် ရတနာဗိမာန် ပတ္တမြားဗိမာန်တို့ကို လောင်ကျွမ်းစေပြီးလျှင် တာဝတိံသာဘုံကို စွဲလောင်၏။ ဤနည်းဖြင့်ပင်လျှင် ပဌမစျာန်ဗြဟ္မာ့ပြည်တိုင်အောင် စွဲလောင်၏၊ ထိုပဌမစျာန်ဘုံ၌ သုံးမျိုးသောဗြဟ္မာတို့၏ ဘုံဗိမာန်တို့ကို လောင်ကျွမ်းစေပြီးလျှင်(ပရိတ္တာဘာ အပ္ပမာဏာဘာ ဘုံတို့နှင့် တပြင်တည်းဖြစ်သော) အာဘဿရာဘုံကို ဆိုက်၍တည်၏။ ထိုမီးလျှံသည် အဏုမြူမျှသော်လည်း ရုပ်သင်္ခါရတရားရှိနေသေးလျှင် မငြိမ်းသေး၊ ရုပ်သင်္ခါရတရား အားလုံး ကုန်သောအခါ ထောပတ်ဆီတို့ကို လောင်သောမီးလျှံကဲ့သို့[၄၇]ပြာကိုသော်လည်း မကြွင်းကျန်စေပဲ ငြိမ်းသွားလေတော့၏။ အောက်ကောင်းကင်နှင့် အထက်ကောင်းကင်သည် တစပ်တည်းဖြစ်လျက် အမိုက်မှောင်အတိ ဖြစ်လေ၏။

## ကမ္ဘာဖြစ်ထွန်းပုံ

၄၀၆။ ထို့နောင် ရှည်စွာသော အဓွန့်ကာလ ကုန်လွန်သောအခါ ကြီးစွာသော မိုးတိမ်သည် တက်လာ၍ ရှေးဦးစွာ ဖွဲဖွဲ ဖွဲဖွဲ ရွာသွန်း၏၊ အစဉ်အတိုင်း (တိုးတက်၍) ကုမုဒ္ဒရာကြာရိုးခန့် ကျည်ပွေ့ခန့် ထန်းလုံးခန့်

http://www.dhammadownload.com



စသည် အတိုင်းအရှည်ရှိကုန်သော မိုဃ်းရေယဉ်တို့ဖြင့် ရွှသွန်းလျက် ကုဋေ တသိန်းသော စကြာဝဠာတို့၌ မီးလောင်ထားရာအရပ်ကို ပြည့်စေပြီးလျှင် ပြတ်စဲ ကွယ်ပျောက်လေ၏။ (ထိုရေ၏) အောက်ဖက်၌ရင်း ထက်ဝန်းကျင် ဘေးပတ်လည်၌ရင်း လေထုကြီး ဖြစ်ပေါ်လာပြီးလျှင် ထိုရေကို တလုံးတခဲ တည်းဖြစ်စေ၏၊ ပဒုမ္မာကြာဖက်ပေါ်၌ ရေပေါက်ကဲ့သို့ ထက်ဝန်းကျင်တလုံး တခဲတည်းဖြစ်စေ၏။ အာဘဿရာ ဗြဟ္မာ့ပြည်တိုင်အောင် ထိုမျှလောက် ကြီးကျယ်စွာသော ရေအစုကို တလုံးတခဲတည်း ဖြစ်အောင် အဘယ်သို့ ပြုသနည်းဟူမူ၊ အကြားအပေါက်ကို ပေးသောအားဖြင့် (တလုံးတခဲတည်း ဖြစ်အောင်ပြုသည်)။ မှန်ပေ၏-ထိုလေထုသည် ထိုရေထုအား[၁] ထိုထိုအရပ်၌ အကြားအပေါက်ကိုပေး၏။ ဤသို့ လေထုကပေါင်းစုလျက် တလုံးတခဲတည်း ဖြစ်စေအပ်သော ထိုရေထုသည် အစဉ်အတိုင်း ကုန်၍ လျော့၍ အောက်သို့ သက်၏၊ ရေသည်လျော့၍ သက်လတ် သက်လတ်သော် ပဌမစျာန် ဗြဟ္မာ့ပြည် ဌာန၌ ဗြဟ္မာ့ဘုံတို့သည်ရင်း ယာမာတိုင်အောင် အထက်ကာမာဝစရ နတ်ပြည်ဌာနတို့၌ နတ်ဘုံတို့သည်ရင်း ထင်ရှားဖြစ်ပေါ် ကုန်၏။

ရှေးက ကမ္ဘာမြေတည်ရာဌာနသို့ ရောက်အောင်သက်သောအခါ၌မူကား အားကြီးသောလေတို့သည် ဖြစ်ပေါ် ကုန်၏၊ ထိုအားကြီးသော လေတို့သည် ထိုရေထုကို အထက်မှ လေပေါက်ကို ပိတ်ထားသော ဓမကရိုဏ်ရေစစ်၌ တည်သောရေကဲ့သို့ ရွှစရာမရှိအောင်ပြု၍ ပိတ်ဆို့ ကုန်၏။ ချိုမြိန်သော ရေသည် ကုန်ခြင်း လျော့ခြင်းသို့ ရောက်လတ်သော် အပေါ်ယံ၌ ရသပထဝီခေါ် မြေဆီအရသာကို ဖြစ်ပေါ်စေ၏၊ ၎င်းသည် အဆင်းနှင့်

---

မှတ်ချက်

၁–တန္တိ ဥဒကံ။ အဿာတိ ဝါတဿ-ဟူသော ဋီကာ ဖွင့်ပြချက် အရအားဖြင့် ဆိုလျှင် ထိုရေထုသည် ထိုလေထုအား-ဟု ပြန်ရာ၏။

http://www.dhammadownload.com



လည်း ပြည့်စုံ၏၊ အနံ့အရသာနှင့်လည်း ပြည့်စုံ၏၊ ရေမပါသော ဂဏာနို့ဆွမ်းပြုတ်၏ အပေါ်ယံ၌ မလိုင်လွှာကဲ့သို့ ပင်တည်း။

ထိုအခါ၌ အာဘဿရာ ဗြဟ္မာ့ပြည်၌ ရှေးဦးစွာဖြစ်ခဲ့ကြသော သတ္တဝါတို့သည် အသက်တမ်းကုန်ခြင်းကြောင့်သော်၎င်း, ကံစွမ်းကုန်ခြင်းကြောင့်သော်၎င်း ထိုဗြဟ္မာ့ပြည်မှ စုတေခဲ့ကြ၍ ဤလူ့ပြည်၌ ဖြစ်လာကုန်၏။ ထိုကမ္ဘာဦးသား လူတို့သည် မိမိတို့၏ကိုယ်ရောင်ဖြင့်ပင် လင်းလျက် မြင်လျက် ရှိကုန်၏၊ ကောင်းကင်၌ သွားလာနိုင်ကုန်၏။ ၎င်းတို့သည် **အဂ္ဂညသုတ်**၌ ဟောထားသည့်နည်းဖြင့် ထိုမြေဆီ၏အရသာကို လျက်ကာ မြည်းစမ်းကုန်၍ တပ်မက်သာယာမှု-တဏှာက လွှမ်းမိုးခြင်းကြောင့် (စားလိုအာသာပြင်းပြသောကြောင့်) အလုပ်အလွေ့ပြုကုန်လျက် စားသုံးရန်အားထုတ်ကုန်၏။ ထိုအခါ သူတို့၏ကိုယ်မှ အရောင်သည် ပျောက်ကွယ်လေ၏၊ အမှောင်ကျသွားလေ၏၊ ၎င်းတို့သည် အမိုက်မှောင်ကို တွေ့ကြရသောကြောင့် ကြောက်ကုန်၏။

ထို့နောင် ထိုကမ္ဘာဦးလူတို့၏ ကြောက်ခြင်းကို ပယ်ဖျောက်ကာ ရဲရင့်ခြင်းကိုဖြစ်စေလျက် အချင်းယူဇနာ ငါးဆယ်ရှိသော နေဝန်းသည် ထင်ရှားဖြစ်ပေါ်လာ၏[၁]၊ ထိုကမ္ဘာဦးလူတို့သည် ပေါ်လာသောထိုနေကို မြင်ကြရ၍ "အလင်းရောင်ကို ရကြပေပြီ"ဟု ရွှင်လန်းဝမ်းမြောက်ကုန်သည်ဖြစ်၍

မှတ်ချက်

၁–သိပ္ပံဆရာတို့ကမူ နေသည် အချင်းအားဖြင့် ၈၆၄,၃၉၃-မိုင်ခန့် ရှိသည်ဟု ဆိုကြ၏။ ထိုမျှလောက် ကြီးကျယ်သောနေသည် ထိုခဏတွင်မှ ရုတ်တရက် ဖြစ်လာသလော၊သို့မဟုတ် စောစောကပင် ရှိနေသလောဟု စဉ်းစားဘွယ်ရှိ၏၊ စောစောကပင် ရှိနေငြားသော်လည်း မိမိတို့၏ ကိုယ်ရောင်ဖြင့်ပင် ပြည့်စုံနေသောကြောင့် သတိမမူကြသဖြင့် ကမ္ဘာဦး လူတို့အား စောစောက မထင်ရှားခဲ့သေး၊ မိမိတို့၏ ကိုယ်ရောင် ပျောက်ကွယ်သွား၍ အလင်းရောင်ကို လိုလားတောင့်တ မျှော်လင့်ကြသော အခါ၌ နေဝန်းကြီး ထွက်

http://www.dhammadownload.com



"ကြောက်ရွံ့နေကြသော ငါတို့၏ကြောက်ခြင်းကို ပယ်ဖျောက်၍ ရဲရင့်ခြင်းကို ဖြစ်စေလျက် ထွက်ပေါ်လာသောကြောင့် သူရိယ-ရဲရင့်စေသော နေမည်စေ"ဟု နှလုံးသွင်းကြကာ ထိုနေအား သူရိယ-ဟူသော အမည်ကိုသာလျှင် ပြုကုန်၏(အမည်ပေးကုန်၏)။

[၄၇] ထိုနေသော် နေသည် တနေ့ပတ်လုံး အလင်းရောင်ကိုပြု၍ ကွယ်လတ်-ဝင်သွားလတ်သော် "ငါတို့ ရထားသည့်နေရောင်သည်လည်း ပျောက်ကွယ်သွားလေပြီ"ဟု ကြံတွေးကြ၍ တဖန်ကြောက်ရွံ့ကြပြန်၏။ ကြောက်ရွံ့နေကြသော ထိုသူတို့မှာ "အခြားအလင်းရောင်ကို အကယ်၍ ရကြပါမူ ကောင်းလေစွ"ဟု ဤသို့သော အကြံဖြစ်၏။ ထိုလူတို့၏ စိတ်အကြံကို သိ၍ ပေါ်လာသကဲ့သို့ အချင်းလေးဆယ့်ကိုးယူဇနာရှိသော လဝန်းသည် ထင်ရှားဖြစ်ပေါ်လာ၏။ ကမ္ဘာဦးသူ ထိုလူတို့သည် ထိုလကိုမြင်ကြရ၍ အတိုင်းထက်အလွန် ရွှင်လန်းဝမ်းမြောက်ကြသည်ဖြစ်၍ "ငါတို့၏အလိုကို သိ၍ ပေါ်လာသကဲ့သို့ပင် ပေါ်လာသောကြောင့် စန္ဒ-လမည်စေ"ဟု နှလုံးသွင်းကြကာ ထိုလအား စန္ဒဟူသောအမည်ကိုသာလျှင် ပြုကုန်၏(အမည်ပေးကုန်၏)။ ဤသို့ လ,နေတို့ ထင်ရှားဖြစ်ပေါ်ကုန်လတ်သော်နက္ခတ်တို့သည် ၎င်း ကြယ်တာရာအပေါင်းတို့သည်၎င်း ထင်ရှားဖြစ်ပေါ်ကုန်၏[၁]။

---

မှတ်ချက်

ပေါ်လာသည်ကို တွေ့ကြရသဖြင့် ထိုအခါကျမှ ထင်ရှားသည်ဟု ယူလျှင် သင့်ရာ၏။ လဝန်းပေါ်လာရာ၌လည်း နည်းတူပင် ယူလျှင် သင့်ရာ၏။

၁ – သိပ္ပံဆရာတို့ကမူ ကြယ်တို့ကို အခြားစကြာဝဠာတို့မှ နေများဖြစ်ကြောင်း ပြဆိုကြကုန်၏။ ထိုအလိုအားဖြင့် နက္ခတ် ကြယ်တာရာ တို့သည် စောစောကပင် ရှိနေကြသော်လည်း မိမိတို့ ကိုယ်ရောင်ကိုသာ အားကိုး ပြုနေစဉ် အခါက သတိမပြုမိကြ၍ မထင်ရှားကြသေး၊ မိမိတို့ကိုယ်ရောင် ကွယ်ပျောက်သွားသောအခါကျမှ သတိပြုမိကြ၍ ယင်းတို့ကို ထင်ရှား တွေ့မြင်ကြရသည်ဟု ယူလျှင် သင့်ရာ၏။

http://www.dhammadownload.com



ထိုအခါမှစ၍ ညဉ့်နှင့်နေ့တို့သည် ထင်ရှားကုန်၏။ အစဉ်အားဖြင့် ပက္ခ, လ,ဥတု,နှစ်တို့သည် ထင်ရှားကုန်၏။ လ-နေတို့၏ ထင်ရှားဖြစ်ပေါ်သော နေ့၌ပင်လျှင် မြင်းမိုရ်တောင် စကြာဝဠာတောင် ဟိမဝန္တာတောင်တို့သည် ထင်ရှားဖြစ်ပေါ် ကုန်၏၊ ၎င်းတို့သည်လည်း မရှေးမနှောင်းတပေါင်းလပြည့် နေ့၌ပင်လျှင် ထင်ရှားဖြစ်ပေါ် ကုန်၏။ အဘယ်သို့နည်း? ဆတ်ဆန်ထမင်းကို ချက်သောအခါ တပြိုင်နက်ပင်လျှင် အပွက်တို့သည် တက်ကုန်သကဲ့သို့ အချို့အရပ်တို့သည် စုန့်စုန့်တက်ကုန်သကဲ့သို့ အချို့အရပ်တို့သည် နိမ့်ကုန် ချိုင့်ကုန်သကဲ့သို့ အချို့အရပ်တို့သည် အညီအမျှ ဖြစ်ကုန်သကဲ့သို့ ထို့အတူပင် စုန့်စုန့်တက်ရာရာအရပ်၌ တောင်များဖြစ်ကုန်၏၊ နိမ့်ရာချိုင့်ရာရာအရပ်၌ သမုဒ္ဒရာများဖြစ်ကုန်၏၊ အညီအမျှ ဖြစ်ရာရာအရပ်၌ ကျွန်းများဖြစ်ကုန်၏။

ထိုစဉ်အခါက မြေဆီအရသာကို စားသုံးနေကြသော ထိုသတ္တဝါတို့တွင် အစဉ်အားဖြင့် အချို့က အဆင်းလှကုန်၏၊ အချို့က အဆင်းမလှကုန်။ ထိုလူတို့တွင် အဆင်းလှသောလူတို့သည် အဆင်းမလှသောလူတို့ကို မထီမဲ့မြင်ပြုကုန်၏၊ ထိုသတ္တဝါတို့၏ အလွန်မာန်တက်၍ မထီမဲ့မြင်ပြုခြင်း ဟူသော အကြောင်းကြောင့် ထိုမြေဆီအရသာသည်လည်း ကွယ်ပျောက် သွားလေ၏။ မြေဆီမြေလွှာသည် ထင်ရှားဖြစ်ပေါ် လာ၏။ ထိုအခါ၌ ထို လူတို့၏ လှခြင်း မလှခြင်း မာန်မူတက်ကြွခြင်းဟူသော ထိုနည်းဖြင့်ပင်လျှင် ထိုမြေဆီ မြေလွှာသည်လည်း ကွယ်ပျောက်လေပြန်၏။ မထွန်ယက် မစိုက် ပျိုးရဘဲ အလိုလို ပေါက်ရောက်၍ ရင့်ကျက်သော သလေးဆန် ထင်ရှား ဖြစ်ပေါ်လာ၏၊ ၎င်းဆန်သီးမှာ ဖွဲနု ဖွဲကြမ်းမပါ သန့်ရှင်း၍ မွှေးကြိုင် သော အနံ့ရှိပေ၏။

ထို့နောင် ထိုလူတို့မှာ (ထမင်း) အိုးတို့သည် ဖြစ်ပေါ် ကုန်၏၊ ထိုလူတို့ သည် သလေးဆန်ကို အိုး၌ ထည့်၍ ကျောက်ဖျာ မျက်နှာပြင်ပေါ် တင် ထားကုန်၏၊ အလိုလိုပင် မီးသျှံ တက်လာ၍ ထိုဆန်ကို ချက်၏။ ထိုသလေး

http://www.dhammadownload.com



ထမင်းသည် မြတ်လေးပန်းငုံသဖွယ် တင့်တယ်ဖြူစင်၏၊ ထိုထမင်းမှာ ပဲဟင်း ဖြင့်ရှင်း လက်သုတ်ဟင်းကောင်းဖြင့်ရှင်း အကူအညီပြုဖွယ်ကိစ္စ မရှိပေ၊ အချိုအချဉ် အဆိမ့်အစရှိသော အကြင်အကြင် အရသာကို စားလိုလျှင် ထိုထိုအရသာကို ထွက်ပေါ်စေ၏။ (သို့သော်) ကြမ်းတမ်းသော ထမင်း အာဟာရကိုစားသုံးကုန်သော ထိုလူတို့မှာ ထိုအခါမှစ၍ ကျင်ကြီးကျင်ငယ် ဖြစ်ပေါ်လာလေတော့သည်။ ထိုအခါ ထိုကျင်ကြီး ကျင်ငယ် ထွက်ရန်အလို့ ငှါ ထိုလူတို့မှာ (ကျင်ကြီး ကျင်ငယ်ထွက်ပေါက်) အမာဝတို့သည် ပေါက်ကွဲ ဖြစ်ပေါ်ကုန်၏၊ ယောကျ်ားမှာ ယောကျ်ားဖြစ်ကြောင်း ရုပ်အင်္ဂါ ဖြစ် ပေါ်၏၊ မိန်းမမှာ မိန်းမဖြစ်ကြောင်း ရုပ်အင်္ဂါဖြစ်ပေါ်၏။

[၄၉] ထိုသို့ဖြစ်ပေါ်သောအခါ မိန်းမသည် ယောကျ်ားကို ယောကျ်ား သည်လည်း မိန်းမကို ကြည့်ရှိုး ကြည့်စဉ်ထက် ကြာမြင့်စွာ တစိမ့်စိမ့် စူးစိုက်၍ကြည့်ရှု၏၊ ထိုသို့ တစိမ့်စိမ့် ကြာမြင့်စွာ စူးစိုက်၍ ကြည့်ရှုခြင်း ကြောင့် ထိုမိန်းမယောကျ်ားတို့မှာ ကာမရာဂပူပန်မှု ဖြစ်ပေါ်လာ၏၊ ထိုသို့ ဖြစ်ပေါ်လာသောကြောင့် မေထုန်အမှုကို ပြုကျင့်ကုန်၏၊ (အသဒ္ဓမ္မ) သူမြတ်တရားမဟုတ်သည့် မေထုန်အမှုကို မှီဝဲခြင်းဟူသော အကြောင်း ကြောင့် ထိုသူတို့ကို ပညာရှိတို့က ကဲ့ရဲ့ကုန်၏၊ (မြေမှုန့်ပြာနွားချေးတို့ဖြင့် ပက်ကုန် ပေါက်ကုန်လျက်) ညှဉ်းဆဲကုန်၏၊ ထို့ကြောင့် ထိုအသဒ္ဓမ္မကို ဖုံးကွယ်ရန်အတွက် အိမ်တို့ကို ဆောက်လုပ်ကုန်၏။ ထိုလူတို့သည် အိမ်၌ နေကုန်လျက် အစဉ်အတိုင်း (ကြာမြင့်သောအခါ) ပျင်းရိသူသတ္တဝါ တယောက်၏ ပြုမူပုံကို အတုလိုက်၍ [၁] သိုမှီးသိမ်းဆည်းခြင်းကို ပြုကုန်၏။

---

မှတ်ချက်

၁–သလေးဆန်ခင်းသို့ သွား၍ တနေ့စာသာ ယူနေကြရာတွင် ပျင်းရိသူသည် ၂-ရက်စာယူခဲ့၏၊ ထိုသို့ ယူပုံကို အတုလိုက်၍ ၂-ရက်စာ ၃-ရက်စာ စသည် ယူကြပုံကို ဆိုသည်။

http://www.dhammadownload.com



ထိုအခါမှစ၍ ဖွဲ့နုသည်ရှင်း ဖွဲ့ကြမ်းသည်ရှင်း သလေးဆန်ကို မွေးယှက်၏၊ ရိတ်ပြီးအရပ်၌လည်း ပြန်၍မပေါက်ရောက်လာတော့ပေ။

ထိုလူတို့သည် စည်းဝေးကုန်၍ ညည်းညူကုန်၏-"အချင်းတို့ ယုတ်မာသောတရားတို့သည် သတ္တဝါတို့၌ ဖြစ်ပေါ်လာကြကုန်စွတကား၊ ငါတို့သည် ရှေးအခါက (ဥပပါတ်ပဋိသန္ဓေရှိလျက်) စိတ်ဖြင့် ပြီးခဲ့ကုန်၏(အစာမစားရပဲ) ပီတိလျှင် အစာရှိခဲ့ကုန်၏" ဤသို့စသည်ကို အဂ္ဂညသုတ်၌ ဟောထားသောနည်းဖြင့် ချဲ့၍ သိအပ်၏။ ထိုမှနောက်၌ သလေးခင်း အပိုင်းအခြားကို ထားကုန်၏။ ထိုအခါ တယောက်သောသတ္တဝါသည် အခြားသူ၏ သလေးခင်းမှ သလေးကို ခိုးယူ၏၊ ထိုခိုးယူသောသူကို နှစ်ကြိမ်တိုင်တိုင် ကြိမ်းမောင်း ပြောဆိုကြ၍ သုံးကြိမ်မြောက် (ခိုးသောအခါ)၌ လက်တို့ဖြင့်ရှင်း ခဲတို့ဖြင့်ရှင်း ဒုတ်တို့ဖြင့်ရှင်း ပုတ်ခတ်ရိုက်နှက်ကုန်၏။ ထိုလူတို့သည် ဤသို့ ခိုးယူသူကို ဤသို့ ခိုးယူခြင်း ကဲ့ရဲ့ရှုတ်ချခြင်း လိမ်ပြောခြင်း ဒုတ်လက်နက် စွဲကိုင်ခြင်းတို့ ဖြစ်ပေါ်ကြသောအခါ စည်းဝေးကြပြီးလျှင် "အချင်းတို့၊ ငါတို့သည် တဦးသော သတ္တဝါကို (အကြီးအမှူးအဖြစ်) သမုတ်ထားကြရလျှင် ကောင်းပေလိမ့်မည်၊ ယင်း သမုတ်ထားသည့် သတ္တဝါသည် ငါတို့ထဲက သင့်လျော်မှန်ကန်စွာ ရှုတ်ချသင့်သူကို ရှုတ်ချရာ၏၊ ကဲ့ရဲ့သင့်သူကို ကဲ့ရဲ့ရာ၏၊ နှင်ထုတ်သင့်သူကို နှင်ထုတ်ရာ၏၊ ငါတို့ကမူ ထိုအကြီးအမှူး ဖြစ်သူအား သလေးစပါးတို့၏ (ဆယ်ပုံတပုံသော) အဖို့ကို ပေးဆက်ကုန်အံ့"ဟု ကြံစည်ဆွေးနွေးကြကုန်၏။

ဤသို့ ကြံစည် ဆွေးနွေးဆုံးဖြတ်ခြင်းကို ပြုကြပြီးသော ထိုသတ္တဝါတို့တွင် ရှေးဦးစွာ ဤကပ်ကမ္ဘာ၌ ဘုရားအလောင်းတော်ဖြစ်သော ဤဘုန်းကံကြီးသူ အရှင်သည်ပင်လျှင် ထိုစဉ်ကာလက ရှိကြသည့် ထိုသတ္တဝါတို့တွင် အဆင်းအလှဆုံး ရှုချင်ဖွယ် အကောင်းဆုံးဖြစ်သည့်ပြင် အခြံအရံများ၍ ဘုန်းကံအကြီးမားဆုံးလည်းဖြစ်၏ အသိဉာဏ်ပညာနှင့် ပြည့်စုံ၍

http://www.dhammadownload.com



နှိပ်ချမှု ချီးမြှောက်မှုကိုပြုရန် စွမ်းနိုင်ပေ၏။ (ထို့ကြောင့်) ထိုလူသတ္တဝါတို့သည် ထိုဘုရားအလောင်းထံ ချဉ်းကပ်ကြပြီးလျှင် တောင်းပန်၍ (အကြီးအမှူးအဖြစ်) သမုတ်ကြကုန်၏။ ထိုဘုရားလောင်းတော်သည် ထိုမျှားစွာသော လူအပေါင်းက သမုတ်အပ်သောကြောင့် **မဟာသမ္မတ** မည်ပေ၏၊ လယ်တို့၏ အရှင်ဖြစ်သောကြောင့် **ခတ္တိယ** မည်ပေ၏၊ တရားဥပဒေနှင့်ညီစွာ တိုင်းသားပြည်သူ တပါးသော လူတို့ကို ချမ်းသာနှစ်သိမ့်စေတတ်သောကြောင့် **ရာဇာ-မင်း** မည်ပေ၏၊ ဤသို့ သုံးခုသောအမည်နာမတို့ဖြင့် ထင်ရှားခဲ့လေသည်။ မှန်ပေ၏-လောက၌ အကြင်အံ့ဖွယ်ဌာနသည် ဖြစ်ခဲ့၏၊ ထိုအံ့ဖွယ်ဌာန၌ဘုရားအလောင်းတော်သည်သာလျှင် အစဆုံးပုဂ္ဂိုလ် ဖြစ်၏၊ ထို့ကြောင့် ယခုပြခဲ့သည့်အတိုင်း ဘုရားအလောင်းတော်ကို အစအဦးပုဂ္ဂိုလ်ပြု၍ ခတ္တိယခေါ် မင်းမျိုး အသိုက်အဝန်း တည်ပြီးနောက် အစဉ်အားဖြင့် ဗြာဟ္မဏ-ပုဏ္ဏား အစရှိသော အမျိုးတို့သည် ဖြစ်ပေါ်ကြ တည်ကြကုန်၏။

ထိုသို့ ကမ္ဘာပျက်ရာ တည်ရာတွင် ကမ္ဘာပျက်မိုးကြီး ရွာသည်မှစ၍ မီးလျှံပြတ်စဲသည်တိုင်အောင် ဤတခုသော အသင်္ချေယျကပ်ကို သံဝဋ္ဋကပ်ဟု ခေါ် ဆိုအပ်၏။

[၅၀] ကမ္ဘာကို ပျက်စေသော မီးလျှံပြတ်စဲသည်မှစ၍ ကုဋေတသိန်းသော စကြာဝဠာတို့ကို ပြည့်စေလျက် ပြည့်စုံစေသည့် ကမ္ဘာပြုမိုးကြီးရွာသည်တိုင်အောင် ဤနှစ်ခုမြောက်ဖြစ်သော အသင်္ချေယျကပ်ကို သံဝဋ္ဋဋ္ဌာယီဟု ခေါ် ဆိုအပ်၏။

ပြည့်စုံစေသော ကမ္ဘာပြုမိုးကြီး ရွာသည်မှစ၍ လ-နေတို့ ထင်ရှားဖြစ်ပေါ်လာသည်တိုင်အောင် ဤသုံးခုမြောက်ဖြစ်သော အသင်္ချေယျကပ်ကို ဝိဝဋ္ဋကပ်ဟု ခေါ် ဆိုအပ်၏။

http://www.dhammadownload.com



လ-နေတို့ ထင်ရှား ဖြစ်ပေါ်လာသည်မှစ၍ တဖန် ကမ္ဘာပျက်မိုးကြီး ရွာသည်တိုင်အောင် ဤလေးခုမြောက်ဖြစ်သော အသင်္ချေယျကပ်ကို ဝိဝဋ္ဋ-ဋ္ဌာယီဟု ခေါ်ဆိုအပ်၏[၁]။ ဤလေးခုသော အသင်္ချေယျကပ်တို့သည် တခုသော မဟာကပ် (မဟာကမ္ဘာကြီးတခု) ဖြစ်၏။ ယခု ပြဆိုခဲ့သည့်အတိုင်း ရှေးဦးစွာ မီးဖြင့် ကမ္ဘာပျက်ခြင်းကိုရင်း၊ ကမ္ဘာပြန်လည် တည်ခြင်းကိုရင်း သိအပ်၏။

## ရေဖြင့် ကမ္ဘာပျက်ပုံ

၄၀၇။ ထိုမှတပါး အကြင်အခါ၌ ကမ္ဘာသည် ရေဖြင့် ပျက်၏၊ ထိုအခါ (ပျက်ခါနီး)အစကပင်လျှင် ကမ္ဘာပျက်မိုးကြီးသည် တက်ပြီးလျှင် ဤသို့စသည်ကို ရှေး၌ ဆိုခဲ့ပြီးသောနည်းဖြင့်ပင် ချဲ့၍ သိအပ်၏။ ယခုပြဆိုမည့် အခြင်းအရာကား အထူးပေတည်း၊ ထိုမီးဖြင့်ပျက်သော ကမ္ဘာ၌ ဒုတိယနေဝန်း ပေါ်ထွန်းသကဲ့သို့ ထို့အတူ ဤရေဖြင့်ပျက်သော ကမ္ဘာ၌ ကမ္ဘာကိုပျက်စေတတ်သော ရေငန်မိုးကြီးသည် ရွာသွန်း၏၊ ယင်းမိုးကြီးသည် အစ၌ သေးသေးငယ်ငယ် မိုးရေပေါက်ကို ရွာသွန်းလျက်

---

မှတ်ချက်

၁–ဤဝိဝဋ္ဋဋ္ဌာယီကပ်၌ အန္တရကပ်ပေါင်း ၆၄-ကပ်ရှိ၏။ လူတို့၏ အသက်တမ်း အသင်္ချေမှ ဆုတ်ယုတ်၍ ဆယ်နှစ်တမ်း ရောက်သောအခါ ရောဂန္တရကပ် သတ္ထန္တရကပ် ဒုဗ္ဘိက္ခန္တရကပ်တို့တွင် တပါးပါးဖြင့် လူများစု ပျက်စီး၍ ကျန်သော လူအနည်းငယ်က ကုသိုလ်တရားကို ပွါးစေကြသဖြင့် ဆယ်နှစ်တမ်းမှ အသင်္ချေတမ်းသို့ ပြန်ရောက်သည်၊ ဤသို့ ဆုတ်ကပ်နှင့် တက်ကပ် တစုံကို အန္တရကပ် တခုခေါ်သည်၊ ထိုသို့သောကပ် ၆၄-ခု ရှိသည်။ ကေစိ ဝါဒအရအားဖြင့်မူ ထိုသို့သော အန္တရကပ် ၂၀-ရှိသည်ဟု ဆို၏။ အခြား အသင်္ချေယျကပ် သုံးခုတို့သည်လည်း ဤဝိဝဋ္ဋဋ္ဌာယီ အသင်္ချေယျ ကပ်နှင့် အသီးအသီး ကာလအားဖြင့် တူညီသည်ဟု သိအပ်၏။

http://www.dhammadownload.com



အစဉ်အတိုင်း တိုး၍တိုး၍ ကြီးစွာသောမိုးပေါက်အယဉ်တို့ဖြင့် ကုဋေ တသိန်းသော စကြာဝဠာတို့ကိုပြည့်စေလျက် ရွာသွန်း၏။ အလွန်ငန်သော မိုးရေဖြင့် ထိရာထိရာ မြေကြီးတောင်စသည်တို့သည် ကြေမွပျက်စီးကုန်၏၊ ရေကို ပတ်ဝန်းကျင်မှ လေတို့က ထိန်းဆောင်ထား၏၊ ကမ္ဘာမြေမှ ဒုတိယ ဈာန်ဗြဟ္မာ့ဘုံအထိ အလွန်ငန်သောမိုးရေသည် ရောက်၏၊ ထိုဗြဟ္မာ့ပြည်၌ ပရိတ္တာဘာ အပ္ပမာဏာဘာ အာဘဿရာဟူသော သုံးမျိုးသော ဗြဟ္မာ့ဘုံ တို့ကို ကြေမွစေ၍ (ပရိတ္တာသုဘာ အပ္ပမာဏာသုဘာဘုံတို့နှင့် တပြင် တည်းဖြစ်သော) သုဘကိဏှာဘုံကိုဆိုက်၍ တည်၏။ အလွန်ငန်သော ထို ရေသည် အဏုမြူမျှသော်လည်း ရုပ်သင်္ခါရတရားရှိနေသေးလျှင် မငြိမ်း မခြောက် မပျောက်ကွယ်သေး။ ကမ္ဘာပျက်ရေ တွေ့ထိ၍စားအပ်သော ရုပ် သင်္ခါရတရားအလုံးစုံကို လွှမ်းမိုးဖျက်ဆီးပြီးလျှင် ရုတ်တရက်လျှင်မြန်စွာ ချုပ်ငြိမ်းကွယ်ပျောက်သွားလေ၏။ အောက်ကောင်းကင်နှင့် အထက် ကောင်းကင်သည် တစပ်တည်းဖြစ်လျက် အမိုက်မှောင်အတိ ဖြစ်လေ တော့၏၊ ဤသို့စသည် အလုံးစုံသည် ဆိုအပ်ခဲ့ပြီးနှင့် တူ၏။ သက်သက် ထူးသည်မှာ ရေဖြင့်ပျက်ပြီးနောက် ဤကမ္ဘာ ပြန်လည်ထွန်းကားရာ၌ အာဘဿရာဘုံမှစ၍ ကမ္ဘာလောကသည် ထင်ရှားဖြစ်ပေါ်၏။ ထို့ပြင် လည်း သုဘကိဏှာဘုံမှ စုတေ၍ အာဘဿရာဘုံအစရှိသော ဌာနတို့၌ သတ္တဝါတို့သည် ဖြစ်ကုန်၏။

ထိုသို့ ကမ္ဘာပျက်ရာ ဖြစ်ရာ၌ ကမ္ဘာပျက်မိုးကြီးရွာသည်မှစ၍ ကမ္ဘာ ပျက်ရေငန်မိုးရေ ပြတ်စဲသည်တိုင်အောင် တခုသော ဤအသင်္ချေယျကပ်ကို သံဝဋ္ဋကပ်ဟု သိအပ်၏။ ရေငန်မိုးရေပြတ်စဲသည်မှစ၍ ကမ္ဘာပြုမိုးကြီး ရွာသည်တိုင်အောင် ဤ ဒုတိယအသင်္ချေယျကပ်ကို သံဝဋ္ဋဋ္ဌာယီကပ်ဟု သိအပ်၏။ ကမ္ဘာပြုမိုးကြီးရွာသည်မှစ၍ လ-နေတို့ ထင်ရှားဖြစ်ပေါ်လာ သည်တိုင်အောင် ဤတတိယအသင်္ချေယျကပ်ကို ဝိဝဋ္ဋကပ်ဟု သိအပ်၏။

http://www.dhammadownload.com



လ-နေတို့ ထင်ရှားပေါ်လာသည်မှစ၍ တဖန် ကမ္ဘာပျက်မိုးကြီးရွာသည် တိုင်အောင် ဤစတုတ္ထအသင်္ချေယျကပ်ကို ဝိဝဋ္ဋဋ္ဌာယီကပ်ဟု သိအပ်၏။ ဤလေးခုသော အသင်္ချေယျကပ်တို့သည် တခုသော မဟာကပ်(မဟာ ကမ္ဘာကြီးတခု)ဖြစ်၏။ ယခုပြဆိုခဲ့သည့်အတိုင်း ရေဖြင့် ကမ္ဘာပျက်ခြင်း ကိုရင်း ကမ္ဘာပြန်တည်ခြင်းကိုရင်း သိအပ်၏။

## လေဖြင့် ကမ္ဘာပျက်ပုံ

[၅၁] ၄၀၈။ ထိုမှတပါး အကြင်အခါ၌ ကမ္ဘာသည် လေဖြင့် ပျက်၏၊ ထိုအခါ(ပျက်ခါနီး)အစကပင်လျှင် ကမ္ဘာပျက်မိုးကြီးသည် တက်ပြီးလျှင် ဤသို့စသည်ကို ရှေး၌ဆိုခဲ့ပြီးသော နည်းဖြင့်ပင် ချဲ့၍သိအပ်၏။ ယခုဆိုမည့် အခြင်းအရာကား အထူးပေတည်း၊ ထိုမီးဖြင့်ပျက်သော ကမ္ဘာ၌ ဒုတိယ နေဝန်း ပေါ်ထွန်းသကဲ့သို့ ထို့အတူ ဤလေဖြင့်ပျက်သောကမ္ဘာ၌ ကမ္ဘာကို ပျက်စေရန်အလို့ငှါ လေသည် ဖြစ်ပေါ်လာ၏။ ထိုလေသည် အစ၌ ကြမ်း သောမြူကို ထစေ၏၊ ထို့နောင် သိမ်မွေ့သော သဲလုံးကိုရင်း ကြမ်းသော သဲလုံးကိုရင်း ကျောက်စရစ်ခဲ ကျောက်တုံးစသည်တို့ကိုရင်း ဤနည်းဖြင့် အိမ်ထွတ်မျှရှိသော ကျောက်တုံးတို့ကိုရင်း မညီညွတ်သောအရပ်၌ တည်နေ သော သစ်ပင်ကြီးတို့ကိုရင်း ကြွတက်စေ၏၊ မြေပြင်မှ ကောင်းကင်သို့ တက်သွားသော ယင်းကျောက်တုံးသစ်ပင်တို့သည် တဖန်ပြန်၍ မကျလာ ကုန်ပဲ ထိုကောင်းကင်၌သာလျှင် အမှုန့်အမှုန့်ဖြစ်ကုန်လျက် ကွယ်ပျောက် သွားလေကုန်၏။

ထိုအခါ၌ အစဉ်အားဖြင့် မြေကြီး၏အောက်၌ လေသည် ဖြစ်ပေါ်၍ မြေကို အထက်အောက် ပြန်လှန်စေလျက် ကောင်းကင်ထဲသို့ ပစ်လွှင့် လိုက်၏၊ ယူဇနာတရာခန့်ရှိသော မြေအရပ်တို့သည်ရင်း၊ ယူဇနာ နှစ်ရာ သုံးရာ လေးရာ ငါးရာခန့်ရှိသော မြေအရပ်တို့သည်ရင်း ပြိုကွဲကုန်လျက်

http://www.dhammadownload.com



လေဟုန်က တိုက်ခတ် ပစ်လွှင့်အပ်သောကြောင့် ကောင်းကင်ထဲ၌သာလျှင် အမှုန့်အမှုန့် ဖြစ်ကုန်လျက် ကွယ်ပျောက်သွားလေကုန်၏။ စကြာဝဠာတောင်ကိုရင်း၊ မြင်းမိုရ်တောင်ကိုရင်း လေကပင့်မြှောက်၍ ကောင်းကင်သို့ပစ်လွှင့်၏၊ထိုစကြာဝဠာတောင် မြင်းမိုရ်တောင်တို့သည် အချင်းချင်းတိုက်ခိုက်ကုန်၍ အမှုန့်အမှုန့်ဖြစ်ကုန်လျက် ပျက်စီးလေကုန်၏။ ဤသို့သောနည်းဖြင့်ပင်လျှင် မြေ၌တည်သော ဗိမာန်တို့ကိုရင်း၊ ကောင်းကင်၌တည်သော ဗိမာန်တို့ကိုရင်း ပျက်စီးစေလျက် ကာမာဝစရနတ်ပြည် ၆-ထပ်တို့ကို ပျက်စီးစေ၍ စကြာဝဠာ ကုဋေတသိန်းကို ပျက်စေ၏။ ထိုကုဋေတသိန်းသော စကြာဝဠာတို့၌ စကြာဝဠာအချင်းချင်း ဟိမဝန္တာတောင်အချင်းချင်း မြင်းမိုရ်တောင်အချင်းချင်း တွေ့ဆုံတိုက်ခိုက်ကုန်၍ အမှုန့်အမှုန့်ဖြစ်ကုန်လျက် ပျက်စီးလေကုန်၏။ မြေပြင်မှ တတိယဈာန်ဘုံတိုင်အောင် လေသည် ယူဆောင် တိုက်ခတ်၏၊ ထို တတိယဈာန် ဘုံ၌ သုံးမျိုးသော ဗြဟ္မာ့ပြည်တို့ကို ဖျက်ဆီး၍ ဝေဟပ္ဖိုလ်ဘုံသို့ ဆိုက်လျက်တည်၏။ ဤသို့ ရုပ်သင်္ခါရတရားအလုံးစုံကို ဖျက်ဆီးပြီးလျှင် လေသည်သူကိုယ်တိုင်လည်း ပျောက်ကွယ်သွားလေ၏။ အောက်ကောင်းကင်နှင့် အထက်ကောင်းကင်သည် တစပ်တည်းဖြစ်လျက် အမိုက်မှောင်အတိ ဖြစ်လေတော့၏၊ ဤသို့စသည် အလုံးစုံသည် ဆိုအပ်ခဲ့ပြီးနှင့် တူ၏။ ဤ၌ထူးသည်မှာကား သုဘကိဏှာဗြဟ္မာ့ပြည်ကို အစပြု၍ ကမ္ဘာလောကအသစ်ထင်ရှားဖြစ်ပေါ်၏၊ ထို့ပြင်လည်း ဝေဟပ္ဖိုလ်ဘုံမှ စုတေ၍ သတ္တဝါတို့သည် သုဘကိဏှာဘုံစသည်တို့၌ ဖြစ်ကုန်၏။

ထိုသို့ ကမ္ဘာပျက်ရာဖြစ်ရာ၌ ကမ္ဘာပျက်မိုးကြီး ရွာသည်မှစ၍ ကမ္ဘာပျက်လေ ပြတ်စဲသည်တိုင်အောင် တခုသော ဤအသင်္ချေယျကပ်ကို သံဝဋ္ဋကပ်ဟု သိအပ်၏။ ကမ္ဘာပျက်လေ ပြတ်စဲသည်မှစ၍ ကမ္ဘာပြုမိုးကြီးရွာသည်တိုင်အောင် ဤဒုတိယအသင်္ချေယျကပ်ကို သံဝဋ္ဋဋ္ဌာယီကပ်ဟု

http://www.dhammadownload.com



သိအပ်၏။ ကမ္ဘာပြုမိုးကြီးရွာသည်မှစ၍ လ-နေတို့ ထင်ရှားဖြစ်ပေါ်လာသည်တိုင်အောင် ဤတတိယအသင်္ချေယျကပ်ကို ဝိဝဋ္ဋကပ်ဟု သိအပ်၏။ လ-နေတို့ ထင်ရှားပေါ်လာသည်မှစ၍ တဖန် ကမ္ဘာပျက်မိုးကြီး ရွာသည်တိုင်အောင် ဤစတုတ္ထ အသင်္ချေယျကပ်ကို ဝိဝဋ္ဋဋ္ဌာယီကပ်ဟု သိအပ်၏။ ဤလေးခုသော အသင်္ချေယျကပ်တို့သည် တခုသော မဟာကပ်(မဟာကမ္ဘာကြီးတခု)ဖြစ်၏။ ယခုပြဆိုခဲ့သည့်အတိုင်း လေဖြင့် ကမ္ဘာပျက်ခြင်းကိုဝင်း၊ ကမ္ဘာပြန်လည် တည်ခြင်းကိုဝင်း သိအပ်၏။

## ကမ္ဘာပျက်ခြင်းအကြောင်း စသည်

[၅၂] ၄၀၉။ အဘယ်အကြောင်းကြောင့်(ကမ္ဘာ)လောကသည် ဤသို့ပျက်ရသနည်းဟူမူ–အကုသိုလ် မူလဟူသော အကြောင်းကြောင့် ပျက်ရသည်။ ချဲ့၍ပြရလျှင် သုံးပါးသော အကုသိုလ်မူလတို့ များပြားသောအခါ ကမ္ဘာလောကသည် ဤသို့ပင် ပျက်ရချေသည်။ ထိုတွင် တပ်စွဲမှုရာဂသာလွန်များပြားသောအခါ မီးဖြင့် ပျက်၏၊ ဒေါသသာလွန်များပြားသောအခါ ရေဖြင့် ပျက်၏။ အချို့ကမူ ဒေါသသာလွန် များပြားသောအခါ မီးဖြင့် ပျက်၏၊ ရာဂသာလွန်များပြားသောအခါ ရေဖြင့် ပျက်၏ဟု ဆိုကြ၏။ မောဟသာလွန်များပြားသောအခါ လေဖြင့် ပျက်၏။ဤသို့ ပျက်ရာ၌လည်း ခုနစ်ကြိမ်တိုင်တိုင် မီးဖြင့် ပျက်၏၊ရှစ်ကြိမ်မြောက်၌ ရေဖြင့် ပျက်၏၊ တဖန် ခုနစ်ကြိမ်တိုင်တိုင် မီးဖြင့် ပျက်၏၊ ရှစ်ကြိမ်မြောက်၌ ရေဖြင့် ပျက်၏၊ ဤနည်းဖြင့် ရှစ်ကြိမ်မြောက် ရှစ်ကြိမ်မြောက်၌ ရေဖြင့် ပျက်လျက် ခုနစ်ကြိမ်တိုင်တိုင် ရေဖြင့် ပျက်ပြီးသောအခါ တဖန် မီးဖြင့် ခုနစ်ကြိမ် ပျက်ပြန်၏၊ ဤမျှဖြင့် ၆၃-ကမ္ဘာတို့သည် လွန်လေကုန်၏။ ထို့နောင် ရေဖြင့် ပျက်ရမည့်အလှည့်ကျရောက်သော်လည်း ထိုအခါ၌ လေသည် အခွင့်ရ၍ ၆၄-ကမ္ဘာအသက်ပြည့်ကုန်သော သုဘာကိဏှာဘုံတို့ကို ပျက်စေလျက် ကမ္ဘာလောကကို ဖျက်ဆီးလေသည်။

ဝိသုဒ္ဓိ မြန် (တ) ၁၀—ပ-မ-သ-၈

http://www.dhammadownload.com



၄၁၀။ ပါဠိအဖွင့်ကို ဆက်ဦးအံ့၊ ရှေး၌ နေဘူးသော ခန္ဓာအစဉ်ကို အစဉ်လိုက်၍ ဆင်ခြင်လျက် အောက်မေ့သောရဟန်းသည်လည်း ဤဆိုခဲ့သော ကပ်တို့တွင် သံဝဋ္ဋကပ်များစွာတို့ကိုလည်း ဝိဝဋ္ဋကပ်များစွာတို့ကိုလည်း သံဝဋ္ဋဝိဝဋ္ဋကပ်များစွာတို့ကိုလည်း ဆင်ခြင် အောက်မေ့၏။ အဘယ်သို့နည်း? အမုတြာသိ အစရှိသော နည်းဖြင့်ပေတည်း။

ထိုအောက်မေ့ပုံစကားထဲ၌ **အမုတြာသိ** ဟူသည်ကား ဤမည်သော သံဝဋ္ဋကပ်၌[၁] ငါသည် ဤမည်သော ဘဝ၌ ယောနိ၌ ဂတိ၌ ဝိညာဏဋ္ဌိတိ၌ သတ္တာဝါသ၌ ဤမည်သောသတ္တဝါအပေါင်း၌ ဖြစ်ခဲ့ပြီ(ဟု အောက်မေ့၏)။ **ဧဝံနာမော**-ဤသို့သောအမည်ရှိခဲ့၏ဟူသည်ကား တိဿမည်သည်သော်ရင်း, ဖုဿမည်သည်သော်ရင်း (ဖြစ်ခဲ့၏)။ **ဧဝံဂေါတ္တော**-ဤသို့သော အနွယ်ရှိခဲ့၏-ဟူသည်ကား ကစ္စာနအနွယ်ရှိသည်သော်ရင်း, ကဿပအနွယ်ရှိသည်သော်ရင်း (ဖြစ်ခဲ့၏)။ (ဧဝံနာမော ဧဝံဂေါတ္တောဟူသော) ဤနှစ်ပုဒ်ကို[၂] ထိုရဟန်း၏ အတိတ်ဘဝ၌ မိမိအမည်နှင့်အနွယ်ကို အောက်မေ့ပုံအနေဖြင့် ဟော(အပ်)သည်။ ထို့ပြင် ထိုအတိတ်ဘဝကာလ၌ မိမိ၏အဆင်းပြည့်စုံပုံကိုရင်း, အသက်မွေးမှုအကောင်းအညံ့ကိုရင်း, ချမ်းသာများပုံ ဆင်းရဲများပုံကိုရင်း, အသက်အတိုအရှည်ကိုရင်း အကယ်၍ အောက်မေ့လိုပါမူ ထိုအလုံးစုံကိုလည်း အောက်မေ့နိုင်သည် သာတည်း။ ထို့ကြောင့် "**ဧဝံ ဝဏ္ဏော။ပ။ဧဝမာယုပရိယန္တော**-ဤသို့သော အဆင်းရှိခဲ့၏။ ပ။ ဤသို့သော အသက်အပိုင်းအခြားရှိခဲ့၏"ဟု ဟောတော်မူပေသည်။

---

မှတ်ချက်

၁-သံဝဋ္ဋကပ်၌ သတ္တဝါတို့သည် ဗြဟ္မာ့ပြည်၌သာ ရှိကြ၏၊ ထို့ကြောင့် ဤစကားမှာ အခြားကပ်တို့၌လည်း အောက်မေ့ပုံအတွက် နည်းပြစကားမျှသာ ဖြစ်သည်ဟု ယူအပ်၏။

၂-ဤနှစ်ပုဒ်ကို........အောက်မေ့ပုံအနေဖြင့် ဟော (အပ်)သည်ဟု စပ်ပါ။

http://www.dhammadownload.com



ထိုစကားထဲ၌ **ဤသို့သောအဆင်းရှိခဲ့၏** ဟူသည်ကား ဖြူသောအဆင်း ရှိခဲ့၏ သို့မဟုတ် ဝါရွှေသော အဆင်းရှိခဲ့၏ (စသည်ဆိုလို၏)။ **ဤသို့သော အစာရှိခဲ့၏**ဟူသည်ကား သလေးထမင်း အသားနှင့်ရောသော ထမင်း အစာရှိခဲ့၏ သို့မဟုတ် အလိုလိုဖြစ်သည့် အသီးလျှင် အစာရှိခဲ့၏ (စသည် ဆိုလို၏)။ **ဤသို့သောချမ်းသာဆင်းရဲကို ခံစားခဲ့၏** ဟူသည်ကား များစွာ သော အပြားအားဖြင့် ကာမဂုဏ်နှင့် စပ်-မစပ်စသည် အပြားရှိကုန်သော ကိုယ်ချမ်းသာဆင်းရဲ စိတ်ချမ်းသာဆင်းရဲတို့ကို ခံစားခဲ့၏(ဟု ဆိုလို၏)။ **ဤသို့သော အသက်အပိုင်းအခြားရှိခဲ့၏**ဟူသည်ကား ဤသို့သောအနှစ်တရာ အသက်တမ်းရှိခဲ့၏ သို့မဟုတ် ကမ္ဘာရှစ်သောင်းလေးထောင် အသက်တမ်း ရှိခဲ့၏ (စသည်ဆိုလို၏)။ **ထိုငါသည် ယင်းဘဝမှ စုတေခဲ့၍ ဤမည်သော ဘဝ၌ ဖြစ်ခဲ့ပြန်သည်**-ဟူသည်ကား ထိုငါသည် [၅၃] ထိုဘဝမှ ယောနိမှ ဂတိမှ ဝိညာဏဋ္ဌိတိမှ သတ္တာဝါသမှ ထိုသတ္တဝါအပေါင်းမှ စုတေခဲ့၍ တဖန် ဤမည်သောဘဝ၌ ယောနိ၌ ဂတိ၌ ဝိညာဏဋ္ဌိတိ၌ သတ္တာဝါသ၌ သတ္တဝါ အပေါင်း၌ ဖြစ်ခဲ့ပြန်သည်(ဟု ဆိုလို၏)။ **ထို(ဘဝ)၌လည်း ဖြစ်ခဲ့၏**-ဟူသည်ကား ထိုဘဝ၌လည်း ထိုယောနိ-ဂတိ-ဝိညာဏဋ္ဌိတိ-သတ္တာဝါသ ၌လည်း ထိုသတ္တဝါအပေါင်း၌လည်း တဖန် ဖြစ်ခဲ့ပြန်သည်(ဟု ဆိုလို၏)။ **ဤသို့သော အမည်ရှိခဲ့၏** စသည်မှာ ဆိုခဲ့ပြီးသော နည်းရှိသည်သာတည်း။

တနည်းဖွင့်ပြရလျှင်—**အမုတြာသိံ** -ဤမည်သောဘဝ၌ ဖြစ်ခဲ့၏-ဤသို့ အစရှိသော အောက်မေ့ပုံသည် အစဉ်အတိုင်း ရှေးအတိတ် ကာလများသို့ တက်၍ အလိုရှိသလောက် အစဉ်လိုက်၍ အောက်မေ့ပုံ ဖြစ်သည်။ **သော တတော စုတော**-ထိုငါသည် ထိုဘဝမှ စုတေခဲ့၍ ဤသို့အစရှိသော ဆင်ခြင် ပုံသည် တဖန်ပြန်၍ ဆင်ခြင်ပုံပေတည်း။ ထို့ကြောင့် **ဣဓူပပန္နော**- ဤ ဘဝ၌ ဖြစ်လာ၏-ဟူသောစကားအရ ဤဘဝ၏ အခြားမဲ့၌ ဖြစ်ခဲ့ရာဌာနကို ရည်၍ "**အမုတြ ဥဒပါဒိံ**-ဤမည်သောဘဝ၌ ဖြစ်ခဲ့ပြန်သည်" ဟူသော

http://www.dhammadownload.com



ဤစကားကို ဟောအပ်ပေသည်ဟု သိအပ်၏။ "တတြာပါသိံ-ထိုဘဝ၌လည်း ဖြစ်ခဲ့၏" ဤသို့ အစရှိသောစကားကိုမူ[၁] ထိုရဟန်းမှာ ဤနောက်ဆုံးဘဝ၏ အခြားမဲ့ဖြစ်သော ဘဝ၌ အမည် အနွယ် စသည်တို့ကို အစဉ်လိုက်၍ အောက်မေ့ပုံ ပြခြင်းငှါ ဆိုအပ်ပေသည်။ **သော တတော စုတော ဣဓူပပန္နော**ဟူသည်ကား ထိုငါသည် ထိုအခြားမဲ့ ဖြစ်ခဲ့ရာဘငမှ စုတေခဲ့၍ ဤယခုဘဝ၌ ဤမည်သောမင်းမျိုး၌ သို့မဟုတ် ဤမည်သော ပုဏ္ဏားမျိုး၌ ဖြစ်လာ၏ (ဟု ဆိုလို၏)။ ဤသို့-ဟူသည်ကား ဤဆိုခဲ့သည့် အတိုင်း (ဟု ဆိုလို၏)။ **အခြင်းအရာနှင့်တကွ ညွှန်ပြစရာနှင့်တကွ** ဟူသည်ကား အမည်အနွယ်အလိုအားဖြင့် ညွှန်ပြစရာနှင့်တကွဖြစ်သော၊ အဆင်း စသည် အလိုအားဖြင့် အခြင်းအရာနှင့်တကွဖြစ်သော (ဟု ဆိုလို၏)။ မှန်ပေ၏-အမည်အနွယ်ဖြင့် လူကို တိဿဟု ကဿပဟု ဤသို့စသည်ဖြင့် ညွှန်ပြရပေသည်။ အဆင်းစသည်တို့ဖြင့် အသားဖြူသူ အသားဝါသူ အသားမဲသူ ဤသို့စသည်ထူးခြားခြင်းဖြင့် ထင်ရှားသိရပေ၏။ ထို့ကြောင့် အမည်နှင့် အနွယ်သည် ညွှန်ပြစရာ (ဥဒ္ဒေသ) မည်၏။ ဤမှ ကြွင်းသော အဆင်း စသည်တို့သည် ကွဲပြားသောအခြင်းအရာ (အာကာရ) မည်ကုန်၏။ **အနေကဝိဟိတံ ပုဗ္ဗေနိဝါသံ အနုဿရတိ**-ဟူသော ဤနိဂုံးစကားသည် ပေါ်လွင် ထင်ရှားသောအနက်ရှိသည်သာတည်း။ ဤတွင် တရပ်ပြီး၏။

ပုဗ္ဗေနိဝါသဉာဏ် ပြဆိုချက် ပြီး၏။

---

မှတ်ချက်

၁-ဤသို့ အစရှိသော စကားကိုမူ........ ပြခြင်းငှါ ဆိုအပ်ပေသည်ဟု စပ်ပါ။

http://www.dhammadownload.com



## စုတူပပါတဉာဏ်ခေါ် ဒိဗ္ဗစက္ခုဉာဏ် ပြဆိုချက်

၄၁၁။ သတ္တဝါတို့၏ စုတိပဋိသန္ဓေကို သိသောဉာဏ် ပြဆိုသောစကား ရပ်၌ စုတူပပါတဉာဏာယ ဟူသည်ကား[၁] အကြင်ဉာဏ်ဖြင့် သတ္တဝါတို့၏

---

မှတ်ချက်

၁–သော ဧဝံ သမာဟိတေ စိတ္တေ ။ပ။ အာနေဥ္ဇပ္ပတ္တေ သတ္တာနံ စုတူပ-ပါတဉာဏာယ စိတ္တံ အဘိနီဟရတိ အဘိနိန္နာမေတိ။ သော ဒိဗ္ဗေန စက္ခုနာ ဝိသုဒ္ဓေန အတိက္ကန္တမာနုသကေန သတ္တေ ပဿတိ စဝမာနေ ဥပပဇ္ဇမာနေ ဟီနေ ပဏီတေ သုဝဏ္ဏေ ဒုဗ္ဗဏ္ဏေ သုဂတေ ဒုဂ္ဂတေ၊ ယထာကမ္မူပဂေ သတ္တေ ပဇာနာတိ "ဣမေ ဝတ ဘောန္တော သတ္တာ ကာယဒုစ္စရိတေန သမန္နာဂတာ ဝစီဒုစ္စရိတေန သမန္နာဂတာ မနောဒုစ္စရိတေန သမန္နာဂတာ အရိယာနံ ဥပဝါဒကာ မိစ္ဆာဒိဋ္ဌိကာ မိစ္ဆာဒိဋ္ဌိကမ္မသမာဒါနာ၊ တေ ကာယဿ ဘေဒါ ပရံ မရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပန္နာ။ ဣမေ ဝါ ပန ဘောန္တော သတ္တာ ကာယသုစရိတေန သမန္နာဂတာ ဝစီသုစရိတေန သမန္နာဂတာ မနောသုစရိတေန သမန္နာဂတာ အရိယာနံ အနုပဝါဒကာ သမ္မာဒိဋ္ဌိကာ သမ္မာဒိဋ္ဌိကမ္မသမာဒါနာ၊ တေ ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပန္နာ"တိ။ ဣတိဒိဗ္ဗေန စက္ခုနာ ဝိသုဒ္ဓေန ။ပ။ သတ္တေ ပဇာနာတိ–ဟူသော ဤဘုရားဟောပါဠိမှ မဖွင့်ရသေးသော စုတူပပါတဉာဏာယ–ဟူသော ပုဒ်ကို ဖွင့်ရန် ထုတ်ပြသည်။ နောက်နောက်၌လည်း ဤပါဠိမှ မဖွင့်ရသေးသော ပုဒ်များကို ထုတ်၍ ထုတ်၍ ဖွင့်ပြသွားသည်။ ပါဠိမတတ်သောပုဂ္ဂိုလ်တို့ အလွယ်တကူသိနားလည်စေရန် ထိုပါဠိကို အကျဉ်းချုပ် မြန်မာပြန်ပြဦးအံ့။

စတုတ္ထစျာန်ရပြီးသော ထိုရဟန်းသည် ဤ ဆိုခဲ့သည့်အတိုင်း စိတ်သည် တည်ကြည်လတ်သော်။ပ။မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် သတ္တဝါတို့၏ စုတိနှင့် ပဋိသန္ဓေ၌ သိသောဉာဏ်အလို့ငှါ စိတ်ကို ရှေးရှုဆောင်၏ ရှေးရှု ညွတ်စေ၏။ ထိုသို့ ညွတ်စေသော ရဟန်းသည် အထူးစင်ကြယ်သော လူ့မျက်စိထက် သာလွန်သော ဒိဗ္ဗစက္ခုဖြင့် (ဝါ-နတ်မျက်စိနှင့် တူသော ဉာဏ်

http://www.dhammadownload.com



ဘဝဟောင်းမှ ရွေ့လျောခြင်း- သေခြင်းဟူသော စုတိကိုရင်း, ဘဝသစ်သို့ ကပ်ရောက်ခြင်း ဖြစ်ခြင်းဟူသော ပဋိသန္ဓေကိုရင်း သိ၏၊ ထို သိ(ကြောင်း ဖြစ်)သော ဉာဏ်အကျိုးငှါ-ဒိဗ္ဗစက္ခုဉာဏ်အကျိုးငှါ-ဟု ဆိုလို၏။ **စိတ္တံ အဘိ-နီဟရတိ** **အဘိနိန္နာမေတိ**ဟူသည်ကား ပရိကံပြုသောစိတ်ကို ရှေးရှုလည်း ဆောင်၏ ရှေးရှုလည်း ညွတ်စေ၏။ **သော**-ထို(ရဟန်း)သည် ဟူသည်ကား စိတ်ကို ရှေးရှုဆောင်ခြင်းကို ပြုပြီးသော ထိုရဟန်းသည် (ဟု ဆိုလို၏)။ ဒိဗ္ဗေန စသည်တို့၌မူကား (နတ်၌ ဖြစ်သော အရာသည် ဒိဗ္ဗမည်၏) ဒိဗ္ဗနှင့် တူသောကြောင့် ဒိဗ္ဗမည်၏၊ နတ်တို့၏ ဒိဗ္ဗမည်သော ပသာဒရုပ် မျက်စိ

---

မှတ်ချက်

မျက်စိဖြင့်) သတ္တဝါတို့ကို မြင်၏၊ (ဘယ်လို သတ္တဝါတို့ကို မြင်သနည်းဟူမူ) သေဆဲသတ္တဝါတို့ကို ဘဝသစ်၌ဖြစ်ဆဲသတ္တဝါတို့ကို ယုတ်ညံ့သူတို့ကို မြင့်မြတ်သူတို့ကို အဆင်းလှသူတို့ကို အဆင်းမလှသူတို့ကို သုဂတိ ရောက်သူတို့ကို ဒုဂ္ဂတိရောက်သူတို့ကို မြင်၏၊ ကံအားလျော်စွာ ဘဝသစ်၌ ကပ်ရောက်၍ ဖြစ်ကုန်သော သတ္တဝါတို့ကို သိ၏၊ (သိပုံမှာ) "အချင်းတို့ ဤသတ္တဝါတို့သည် ကာယဒုစ္စရိုက်နှင့် ပြည့်စုံကုန်၏၊ ဝစီဒုစ္စရိုက်နှင့် မနောဒုစ္စရိုက်နှင့် ပြည့်စုံကုန်၏၊ အရိယာတို့ကို စွပ်စွဲတတ်ကုန်၏၊ မှားသော အယူရှိကုန်၏၊ မှားသောအယူဖြင့် ပြုလုပ်ထားသည့် အမှုကံရှိကုန်၏၊ ထိုသတ္တဝါတို့သည် ခန္ဓာကိုယ်ပျက်စီးသည်မှ သေသည်မှနောက်၌ အပါယ်ဘုံ ဒုဂ္ဂတိဘုံ ဝိနိပါတဘုံ ငရဲဘုံသို့ ကပ်ရောက်၍ ဖြစ်ကြရကုန်၏။ အချင်းတို့ ဤသတ္တဝါတို့သည်ကား ကာယသုစရိုက်နှင့် ပြည့်စုံကုန်၏၊ ဝစီသုစရိုက်နှင့် မနောသုစရိုက်နှင့် ပြည့်စုံကုန်၏၊ အရိယာတို့ကို မစွပ်စွဲတတ်ကုန်၊ မှန်သော အယူရှိကုန်၏၊ မှန်သောအယူဖြင့် ပြုလုပ်ထားသည့် အမှုကံရှိကုန်၏၊ ထိုသတ္တဝါတို့သည် ခန္ဓာကိုယ် ပျက်စီးသည်မှ သေသည်မှနောက်၌ သုဂတိဘုံ နတ်ပြည်လောကသို့ ကပ်ရောက်၍ ဖြစ်ကြကုန်၏"ဟု သိ၏။ ဤဆိုခဲ့သည့် အတိုင်း စင်ကြယ်သော ဒိဗ္ဗစက္ခုဖြင့်။ပ။သတ္တဝါတို့ကို သိ၏။ (ဒိဗ္ဗစက္ခု-ဉာဏ်ပါဠိ၏ မြန်မာပြန်)

http://www.dhammadownload.com



သည် သုစရိုက်ကုသိုလ်ကံကြောင့် ဖြစ်သဖြင့် သည်းခြေ သလိပ် သွေးစသည်တို့ဖြင့် မနှောင့်ယှက်အပ်သောကြောင့် အညစ်အကြေးမှကင်း၏၊ထို့ကြောင့် အဝေး၌လည်း အာရုံကို ခံလင့်ခြင်း မြင်ခြင်းငှါ စွမ်းနိုင်ပေ၏၊ (ဒိဗ္ဗစက္ခုမည်သော)ဤဉာဏ်မျက်စိသည်လည်း ဝီရိယဘာဝနာ၏ ခွန်အားအစွမ်းဖြင့် ဖြစ်သောကြောင့် [၅၄] ထိုနတ်မျက်စိနှင့် တူသည်သာတည်း၊ ထိုသို့ နတ်မျက်စိနှင့် တူသောကြောင့် ဒိဗ္ဗစက္ခုမည်ပေ၏။ တနည်းအားဖြင့်မူ ဒိဗ္ဗဝိဟာရမည်သော စျာန်၏အစွမ်းဖြင့် ရအပ်သောကြောင့်ရင်း, မိမိကိုယ်တိုင်ကလည်း ဒိဗ္ဗဝိဟာရကိုမှီသောကြောင့်ရင်း ဒိဗ္ဗမည်၏၊ အာလောကကသိုဏ်းဟူသောအလင်းကို သိမ်းယူခြင်းဖြင့် ကြီးကျယ်သောအရောင်အလင်းရှိသောကြောင့်လည်း ဒိဗ္ဗမည်၏[၁]၊ နံရံတဖက် စသည်တို့၌ တည်သော အဆင်းကို မြင်သဖြင့် အံ့ဖွယ်သွားခြင်း ဖြစ်ခြင်းရှိသောကြောင့်လည်း ဒိဗ္ဗမည်၏[၂]။ ထိုအလုံးစုံ (သော ဒိဗ္ဗဟု ရုပ်ပြီးပုံ) ကို သဒ္ဒါကျမ်းကို အစဉ်လျှောက်သဖြင့် သာလျှင် သိအပ်၏။

မြင်တတ်သောအနက်သဘောကြောင့် စက္ခုမည်၏၊တနည်းကား မျက်စိ၏မြင်ခြင်းကိစ္စကို ပြုသဖြင့် မျက်စိနှင့် တူသောကြောင့်လည်း စက္ခုမည်၏။ စုတေခြင်း-သေခြင်းနှင့် ဘဝသစ်၌ ကပ်၍ဖြစ်ခြင်း-ပဋိသန္ဓေနေခြင်းတို့ကို မြင်သဖြင့် အယူစင်ကြယ်ခြင်း၏ အကြောင်းဖြစ်သောကြောင့် (ဝိသုဒ္ဓ) စင်ကြယ်ပေသည်။ မှန်ပေ၏-သေခြင်းကိုသာမြင်၍ ဖြစ်ခြင်းကို မမြင်သော

---

မှတ်ချက်

၁-ဇုတိအနက်၌ ဒိဝုဓာတ်ဖြင့် ပြီးသည်ဟု ပြ၏၊ ဤအလိုအားဖြင့် ဒိဗ္ဗေန-လင်းသော-ဟု အနက်ပြန်ရာ၏။

၂-ဂတိအနက်၌ ဒိဝုဓာတ်ဖြင့်ပြီးသည်ဟု ပြ၏၊ ဤအလိုအားဖြင့် ဒိဗ္ဗေန-နံရံ တောင်စသည်တို့ကို ဖောက်ထွင်း၍ သွားနိုင် မြင်နိုင်သောဟု အနက်ပြန်ရာ၏။

http://www.dhammadownload.com



သူသည် သေပြီးနောက် ပြတ်စဲသွားသည်ဟု ထင်သော ဥစ္ဆေဒဒိဋ္ဌိကို ယူ၏။ ဘဝအသစ်ဖြစ်ခြင်းမျှကိုသာ မြင်၍ ဘဝဟောင်းက သေခဲ့ခြင်းကို မမြင်သောသူသည် သတ္တဝါအသစ် ဖြစ်ပေါ်သည်ဟု ထင်သော အယူကို ယူ၏။ သေခဲ့ခြင်းနှင့် ဘဝအသစ်ဖြစ်ခြင်းဟူသော နှစ်ပါးလုံးကို မြင်သော သူသည်ကား ဆိုခဲ့သော မိစ္ဆာအယူနှစ်ပါးလုံးကို ကျော်လွန်နိုင်ပေ၏။ ထို့ကြောင့် ထိုရဟန်း၏ ထိုစုတိပဋိသန္ဓေကို မြင်သောဉာဏ်သည် အယူ စင်ကြယ်ခြင်း၏ အကြောင်းဖြစ်ပေသည်။ ဤစုတိနှင့် ပဋိသန္ဓေနှစ်ပါး လုံးကို ဘုရား၏ သားတော် ရဟန်းတို့သည် မြင်ကုန်၏၊ ထို့ကြောင့် "စုတေခြင်း-သေခြင်းနှင့် ဘဝသစ်၌ ကပ်၍ဖြစ်ခြင်း-ပဋိသန္ဓေနေခြင်းတို့ကို မြင်သဖြင့် အယူစင်ကြယ်ခြင်း၏ အကြောင်းဖြစ်သောကြောင့် (ဝိသုဒ္ဓ) စင်ကြယ်ပေသည်"ဟု ငါ ဖွင့်ဆိုခဲ့ပေသည်။

ပကတိလူတို့၏ မြင်နိုင်ကောင်းရာအရပ်နှင့် မြင်နိုင်ကောင်းသော ရုပ်ကြမ်းကို ကျော်လွန်၍ ဝေးသောအဆင်း ခြားကွယ်သောအဆင်း သိမ်မွေ့သော နတ်အဆင်းတို့ကို မြင်နိုင်ခြင်းကြောင့် လူတို့၏ မြင်နိုင်ရာ နယ်ပယ်ကိုလွန် (၍ မြင်နိုင်)သည် မည်၏။ တနည်းကား လူတို့၏ပကတိ မျက်စိကို ကျော်လွန်သောကြောင့် **(အတိက္ကန္တမာနုသက)**လူတို့၏ မျက်စိ အမြင်ကို ကျော်လွန်သည် မည်၏။ (စင်ကြယ်သော, လူတို့၏ မျက်စိ အမြင်ကို ကျော်လွန်သော ထိုဒိဗ္ဗစက္ခုဖြင့်ဟု ဆိုလို၏)[၁]။ **သတ္တဝါတို့ကို** မြင်၏ ဟူသည်ကား လူတို့၏ ပကတိမျက်စိဖြင့် မြင်သကဲ့သို့ သတ္တဝါတို့ကို မြင်၏(ဟု ဆိုလို၏)။

---

မှတ်ချက်

၁ – ဝိသုဒ္ဓပုဒ် အတိက္ကန္တမာနုသကပုဒ်တို့၏ အနက်ကို ဖွင့်ပြပြီး၍ မူလရှိရင်း ဝိဘတ်ဖြင့် ပြန်၍ပြသော ဝိဘတျန္တအဖွင့် ဖြစ်သည်၊ ပါဠိ၌ အကျိုးများ၏၊ မြန်မာပြန်၌ကား အကျိုးမများပေ၊ သို့သော် ဝိသုဒ္ဓိမဂ်၌ ရှိသမျှ ပြည့်စုံ စေရန် ထိုအဖွင့်ကိုလည်း လက်သည်းကွင်းဖြင့် ပိုင်းခြား၍ ပြလိုက်သည်။

http://www.dhammadownload.com



**စုတေဆဲဖြစ်ကုန်သော ကပ်၍ဖြစ်ဆဲ ဖြစ်ကုန်သော** ဟူသော ဤနှစ်ပုဒ်တို့၌ စုတိစိတ်ဖြင့် သေဆဲခဏ၌သော်၎င်း, ပဋိသန္ဓေစိတ်ဖြင့် ကပ်၍ဖြစ်ဆဲခဏ၌သော်၎င်း ဒိဗ္ဗစက္ခုဖြင့်မြင်ရန် မစွမ်းနိုင်ပေ၊ သို့သော်လည်း အကြင်သူတို့သည် စုတေခါနီး ဖြစ်ကုန်၏ ယခုပင် စုတေကုန်လတ္တံ့၊ ထိုသို့သော ပုဂ္ဂိုလ်တို့ကို(စဝမာန) စုတေဆဲဟု ဆို၏။ အကြင်သူတို့သည် ယူပြီးသော ပဋိသန္ဓေရှိကုန်၏ ယခုပင်ဖြစ်ပြီးခါစ ဖြစ်ကုန်၏၊ ထိုသို့သော ပုဂ္ဂိုလ်တို့ကို (ဥပပဇ္ဇမာန)ကပ်၍ ဖြစ်ဆဲဟု ဆိုလို၏။ ဤသို့သော စုတေဆဲဖြစ်ကုန်သော ကပ်၍ ဖြစ်ဆဲဖြစ်ကုန်သော ထိုသတ္တဝါတို့ကို မြင်သည်ဟု ပြ၏။

**ယုတ်ကုန်သော** ဟူသည်ကား မောဟ၏အကျိုးဆက်နှင့် ယှဉ်သောကြောင့် ယုတ်ကုန်သော ဇာတ် အမျိုး စည်းစိမ်ဥစ္စာ စသည်တို့၏ အစွမ်းအားဖြင့် ရှုတ်ချအပ်ကုန်သော မထီမဲ့မြင် ပြုအပ်ကုန်သော။ **မြတ်ကုန်သော** ဟူသည်ကား အမောဟ၏ အကျိုးဆက်နှင့် ယှဉ်သောကြောင့် ထိုအယုတ်မှ ပြောင်းပြန်ဖြစ်ကုန်သော။ **အဆင်းလှကုန်သော** ဟူသည်ကား အဒေါသ၏ အကျိုးဆက်နှင့်ယှဉ်သောကြောင့် လိုချင် နှစ်သက်မြတ်နိုးဖွယ် အဆင်းနှင့် ပြည့်စုံကုန်သော။ **အဆင်းမလှကုန်သော** ဟူသည်ကား ဒေါသ၏ အကျိုးဆက်နှင့် ယှဉ်သောကြောင့် မလိုချင် မနှစ်သက်ဖွယ် မုန်းဖွယ် အဆင်းနှင့် ပြည့်စုံကုန်သော။ **ကောင်းသောအလားရှိကုန်သော** ဟူသည်ကား သုဂတိသို့ ရောက်ကုန်သော၊ တနည်းကား အလောဘ၏ အကျိုးဆက်နှင့် ယှဉ်သောကြောင့် ကြွယ်ဝချမ်းသာကုန်သော များသောဥစ္စာရှိကုန်သော။ **မကောင်းသောအလားရှိကုန်သော** ဟူသည်ကား ဒုဂ္ဂတိသို့ ရောက်ကုန်သော၊ တနည်းကား လောဘ၏ အကျိုးဆက်နှင့် ယှဉ်သောကြောင့် ဆင်းရဲနွမ်းပါးကုန်သော စားသောက်ဖွယ် ရှားပါးကုန်သော။

**ကံအားလျော်စွာကပ်ရောက်ကုန်သော** ဟူသည်ကား အကြင်အကြင်ကံကို ပြုလုပ်ဆည်းပူးခဲ့၏၊ ထိုထိုကံဖြင့် (ဘဝသစ်သို့) ကပ်ရောက်ကုန်သော

http://www.dhammadownload.com



(ဟု ဆိုလို၏)။ ထိုတွင် ရှေး၌ ဖြစ်ကုန်သော (စဝမာနေ-စုတေဆဲဖြစ်ကုန်သော) အစရှိသည့် ဝိသေသနပုဒ်တို့ဖြင့် ဒိဗ္ဗစက္ခုဉာဏ်၏ ကိစ္စကိုဆိုသည်၊ (ယထာကမ္မုပဂေ-ကံအားလျော်စွာ ကပ်ရောက်ကုန်သောဟူသော) ဤပုဒ်ဖြင့်မူ ယထာကမ္မုပဂဉာဏ်၏ ကိစ္စကို ဆိုသည်။ ယခု ဆိုမည့်စကားသည် ထို ဉာဏ်၏ ဖြစ်ပုံအစဉ်ပေတည်း။ ဤသာသနာတော်၌ ရဟန်းသည် အောက်ဖက်၌ [၅၅] ငရဲပြည်သို့ ရှေးရှုအလင်းရောင်ကို ပွါးစေ၍[၁] ကြီးစွာသော ဆင်းရဲကို ခံစားနေကုန်သော ငရဲသတ္တဝါတို့ကို ရှုမြင်၏၊ ထိုသို့ ရှုမြင်ခြင်းသည် ဒိဗ္ဗစက္ခုဉာဏ်၏ ကိစ္စသာလျှင်တည်း။ ထိုရဟန်းသည် "အဘယ်သို့သော ကံကို ပြုကြ၍ ဤသတ္တဝါတို့သည် ဤသို့သော ဆင်းရဲကို ခံစားကြရလေကုန်သနည်း"ဟု ဤသို့ နှလုံးသွင်း၏။ ထိုအခါ "ဤမည်သော ကံကို ပြုကြသောကြောင့်"ဟူ၍ ထိုကံလျှင် အာရုံရှိသောဉာဏ်သည် ထိုရဟန်းမှာ ဖြစ်ပေါ်လာ၏။ထို့အတူပင် အထက်ဖက်၌ နတ်ပြည်သို့ ရှေးရှု အလင်းရောင်ကို ပွါးစေ၍ နန္ဒဝန်ဥယျာဉ် မိဿကဥယျာဉ် ဖာရုသကဥယျာဉ် စသည်တို့၌ ကြီးစွာသော စည်းစိမ်ကို ခံစားနေကြသော သတ္တဝါတို့ကို ရှုမြင်၏၊ ထိုသို့ ရှုမြင်ခြင်းသည်လည်း ဒိဗ္ဗစက္ခုဉာဏ်၏ကိစ္စသာလျှင်တည်း။ ထိုရဟန်းသည် "အဘယ်သို့သော ကံကို ပြုကြ၍ ဤသတ္တဝါတို့သည် ဤသို့သော စည်းစိမ်ကို ခံစားကြရလေကုန်သနည်း"ဟု ဤသို့ နှလုံးသွင်း၏။ ထိုအခါ "ဤမည်သောကံကို ပြုကြသောကြောင့်"ဟု ထိုကံလျှင် အာရုံရှိသောဉာဏ်သည် ထိုရဟန်းမှာ ဖြစ်ပေါ်လာ၏၊ ဤဉာဏ်သည် ယထာကမ္မုပဂဉာဏ် မည်၏။ ဤ ယထာကမ္မုပဂဉာဏ်အတွက် အသီးအခြား ပြုရသော ပရိကံမည်သည် မရှိပေ။ ဤကံမှာကဲ့သို့ပင်

---

မှတ်ချက်

၁–ပွါးစေ၍........ရှုမြင်၏ ဟု စပ်ပါ။

http://www.dhammadownload.com



ထို့အတူ အနာဂတံသဉာဏ်မှာလည်း[1] အသီးအခြား ပရိကံ မရှိပေ။ ဤနှစ်ပါးသော ဉာဏ်တို့သည် ဒိဗ္ဗစက္ခုလျှင် အခြေခံ ရှိကုန်၏၊ ဒိဗ္ဗစက္ခုနှင့် တကွသာလျှင် ပြီးစီးပြည့်စုံကုန်၏။

**ကာယဒုစ္စရိုတ်နှင့်** စသည်တို့၌ (အဖွင့်ကား) မကောင်း ဆိုးသွမ်းစွာ ကျင့်အပ်သော အမှုသည် (ဒုစ္စရိတ)ဒုစ္စရိုတ် မည်၏၊ တနည်း ကိလေသာ အပုပ်ရှိသောကြောင့် ပျက်စီးသော ပြုကျင့်မှုသည် (ဒုစ္စရိတ) ဒုစ္စရိုတ် မည်၏။ ကိုယ်ဖြင့် (ပြုသည့်) ဒုစ္စရိုတ်သည် ကာယဒုစ္စရိုတ် မည်၏၊ တနည်း ကာယဒွါရမှ ဖြစ်ပေါ်သော ဒုစ္စရိုတ်သည် ကာယဒုစ္စရိုတ် မည်၏။ ဤမှ တပါးသော ဝစီဒုစ္စရိုတ် စသည်တို့၌လည်း နည်းတူပင် သိအပ်၏။ **ပြည့်စုံကုန်၏**[2] ဟူသည်ကား တကွဖြစ်ကုန်၏။ **အရိယာပုဂ္ဂိုလ်တို့ကိုစွပ်စွဲတတ်ကုန်၏** ဟူသည်ကား ဘုရား ပစ္စေကဗုဒ္ဓါနှင့် ဘုရားတပည့် ဖြစ်ကုန်သော အရိယာ ပုဂ္ဂိုလ်တို့ကို အောက်ထစ်ဆုံးအားဖြင့် လူဝတ်ကြောင် သောတာပန်ပုဂ္ဂိုလ်တို့ကိုသော်လည်း[3] အကျိုးမဲ့ကို အလိုရှိကြသည်ဖြစ်၍ အန္တိမဝတ္ထုခေါ် သီလ ပျက်ကြောင်းအမှုဖြင့်သော်၎င်း,ဈာန်အစရှိသော ဂုဏ်ကို ဖျက်ဆီးခြင်းဖြင့် သော်၎င်း စွပ်စွဲတတ်ကုန်၏၊ဆဲရေးတတ်ကုန်၏၊ ကဲ့ရဲ့တတ်ကုန်၏ဟု ဆိုလို၏။ ထိုစကားရပ်၌ "ဤသူတို့မှာ ရဟန်းတရားမရှိ၊ ဤသူတို့သည် ရဟန်း မဟုတ်ကုန်"ဟု ဆိုသောသူသည် အန္တိမဝတ္ထုဖြင့် စွပ်စွဲသည် မည်၏။ "ဤ

---

မှတ်ချက်

၁ – နောင် အနာဂတ်ကာလအဖို့၌ ဖြစ်မည့်အကြောင်းအရာတို့ကို သိမြင်သော ဉာဏ်ဖြစ်သည်။

၂ – သမန္နာဂတာပုဒ်ကို သမင်္ဂီဘူတာဟု ဖွင့်သည်၊ ပါဠိ၌သာ အကျိုးရှိသည်။ ပြည့်စုံရုံမျှ ပြလိုက်သည်။

၃ – လူဝတ်ကြောင် သောတာပန်ကိုသော်လည်း .... စွပ်စွဲတတ်ကုန်၏-ဟု စပ်ပါ။ ထိုသို့စွပ်စွဲလျှင်လည်း အရိယူပဝါဒကံထိုက်ကြောင်းကိုလည်း သိစေသည်။

http://www.dhammadownload.com



သူတို့မှာ ဈာန်သော်ငှင်း, ဝိမောက္ခသော်ငှင်း, မဂ်သော်ငှင်း, ဖိုလ်သော်ငှင်း မရှိ''ဟု စသည် တို့ကို ဆိုသောသူသည် ဂုဏ်ကို ဖျက်ဆီးသည့် အစွမ်းအား ဖြင့် စွပ်စွဲသည်မည်၏ဟု သိအပ်၏။ ထိုစွပ်စွဲသော သူသည်လည်း သိလျက် စွပ်စွဲသည်ဖြစ်စေ, မသိ၍ စွပ်စွဲသည်ဖြစ်စေ၊ နှစ်ပါးသော အခြင်းအရာ အားဖြင့်လည်း အရိယူပဝါဒကံ ထိုက်သည်သာ ဖြစ်၏။ ဝန်လေးသော ကံပေတည်း၊ အာနန္တရိယကံနှင့် တူ၏၊ နတ်ရွာကိုလည်း တားမြစ်တတ်၏၊ မဂ်ကိုလည်း တားမြစ်တတ်၏၊ သို့သော် ကုစားနိုင်ကောင်းသေး၏။ ထို အရိယူပဝါဒကံကို ထင်ရှားသိရန်အတွက် အောက်ပါဝတ္ထုကို သိအပ်၏။

တခုသောရွာ၌ မထေရ်ကြီးတပါးသည်ငှင်း, ရဟန်းငယ်တပါးသည် ငှင်း ဆွမ်းခံလှည့်ကြကုန်၏။ ထိုနှစ်ပါးတို့သည် ပဌမအိမ်၌ပင်လျှင် ပူနွေး သော ယာဂုတမှုတ်မျှကို ရကုန်၏၊ မထေရ်ကြီးမှာလည်း ဝမ်းထဲမှလေသည် ထိုးကျင်နှိပ်စက်လျက်ရှိ၏၊ ထို့ကြောင့် မထေရ်ကြီးသည် ''ဤ ယာဂုသည် ငါ့အား လျော်ကပတ်၏၊ မအေးသေးမီ ထိုယာဂုကို သောက်အံ့''ဟု ကြံပြီး လျှင် **ထိုမထေရ်ကြီးသည်** တံခါးခုံပြုလုပ်ရန် လူဒါယကာတို့ ဆောင်ယူ ချထားသော သစ်တုံးပေါ်၌ ထိုင်၍ သောက်လေသည်။ ရဟန်းငယ်သည် ထိုသို့ သောက်သည်ကို စက်ဆုပ်သည်ဖြစ်၍ ''ကိုယ်တော်ကြီးသည် ဆာ လောင်မှုအားကြီးစွ၊ ငါတို့အား ရှက်ဖွယ်ဖြစ်အောင် ပြုဘိ၏''ဟု ဆို၏။ [၅၆] မထေရ်ကြီးသည် ရွာ၌ ဆွမ်းခံပြီးနောက် ကျောင်းသို့သွား၍ ရဟန်း ငယ်ကို''ငါ့ရှင် ဤသာသနာ၌ သင့်မှာ ထောက်တည်ရာရှိပါ၏လော''ဟုဆို၏၊ ''မှန်ပါ အရှင်ဘုရား အကျွန်ုပ် သောတာပန်ပါ''ဟု လျှောက်၏၊ ''ငါ့ရှင် သို့ဖြစ်လျှင် အထက်မဂ်အလို့ငှါ အားထုတ်မှုကို မပြုနှင့်တော့၊ သင်သည် ရဟန္တာကို စွပ်စွဲမိပြီ''ဟု မထေရ်ကြီးက မိန့်ဆို၏။ ထို ရဟန်းငယ်သည် ထိုမထေရ်ကြီးကို ကန်တော့တောင်းပန်၏၊ ထို့ကြောင့် ထိုရဟန်းငယ်၏ ထိုစွပ်စွဲမှုကံသည် အပြစ်မရှိပဲ ပကတိအတိုင်းပင် ဖြစ်လေ၏။

http://www.dhammadownload.com



ထို့ကြောင့် အခြားတပါးသော အကြင်ပုဂ္ဂိုလ်သည်လည်း အရိယာကို စွပ်စွဲမိငြားအံ့၊ ထိုစွပ်စွဲမိသောပုဂ္ဂိုလ်သည် အစွပ်စွဲခံရသော အရိယာပုဂ္ဂိုလ်ရှိရာသို့ သွား၍ အကယ်၍ မိမိက ထေရ်ကြီးဖြစ်ပါမူ ဆောင့်ကြောင့်ထိုင်၍ "ငါသည် အရှင်ဘုရားကို ဤသို့ ဤသို့သော စကားကို ပြောဆိုမိ၏၊ ငါ့အား ထိုအပြစ်ကို သည်းခံပါလော့"ဟု ကန်တော့ တောင်းပန်အပ်၏။ အကယ်၍ မိမိက သီတင်းငယ် ဖြစ်ပါမူ (တည်ခြင်းငါးပါးရှိသော ရှိခိုးခြင်းဖြင့်) ရှိခိုးပြီးလျှင် ဆောင့်ကြောင့်ထိုင်၍ လက်အုပ်ချီလျက် "အရှင်ဘုရား အကျွန်ုပ်သည် အရှင်တို့ကို ဤမည် ဤမည်သောစကားကို ပြောဆိုမိပါ၏၊အကျွန်ုပ်အား ထိုအပြစ်ကို သည်းခံတော်မူကြပါ"ဟု ကန်တော့ တောင်းပန်အပ်၏။ အကယ်၍ ထိုအရိယာပုဂ္ဂိုလ်သည် အရပ်တပါးသို့ ဖဲသွားငြားအံ့၊ ကိုယ်တိုင်သွားရောက်၍ဖြစ်စေ၊ အတူနေ တပည့်စသည်တို့ကို စေလွှတ်၍ ဖြစ်စေ ကန်တော့ တောင်းပန်အပ်၏။

အကယ်၍ ကိုယ်တိုင်လည်း မသွားနိုင်၊ သူတပါးကို စေလွှတ်ရန်လည်း မစွမ်းနိုင်ငြားအံ့၊ ထိုအရိယာပုဂ္ဂိုလ်၏ နေမြဲကျောင်း၌ နေထိုင်ကြသော ရဟန်းတို့၏ထံသို့သွား၍ ထိုရဟန်းတို့က မိမိအောက်ငယ်ကြလျှင် ဆောင့်ကြောင့်ထိုင်၍၊ မိမိထက်ကြီးကြပါမူ မထေရ်ကြီးအား ကန်တော့ရာ၌ ဆိုခဲ့ပြီးသောနည်းဖြင့်ပင်လျှင် အရိုအသေပြုကျင့်၍ "အရှင်ဘုရားတို့ အကျွန်ုပ်သည် ဤမည်သောအရှင်ကို ဤမည် ဤမည်သော စကားကို ပြောဆိုမိပါ၏၊ ထိုအရှင်သည် အကျွန်ုပ်အား သည်းခံပါစေ"ဟု ဆို၍ ကန်တော့တောင်းပန်အပ်၏။ မျက်မှောက်၌ သည်းမခံသူ၌လည်း ဤမျက်ကွယ်ကန်တော့ တောင်းပန်ခြင်းမျိုးကိုသာလျှင် ပြုအပ်ပေသည်။

အကယ်၍ ထိုစွပ်စွဲအပ်သောပုဂ္ဂိုလ်သည် တပါးတည်းလှည့်လည်သော ရဟန်းဖြစ်ငြားအံ့၊ ထိုရဟန်း၏ နေရာဌာန မထင်ရှားငြားအံ့၊ သွားရာအရပ်လည်း မထင်ရှားငြားအံ့၊ သို့ဖြစ်လျှင် တပါးသောပညာရှိရဟန်းထံသို့

http://www.dhammadownload.com



သွား၍ "အရှင်ဘုရား အကျွန်ုပ်သည် ဤမည်သော အရှင်ကို ဤမည် ဤမည်သောစကားကို ပြောဆိုမိပါ၏၊ ထိုစကားကို အမှတ်ရလျက် အကျွန်ုပ်မှာ နှလုံးမသာခြင်းဖြစ်နေပါ၏၊ ဘယ်လိုလုပ်ရပါမည်နည်း" ဟု မေးလျှောက်အပ်၏။ ထိုပညာရှိရဟန်းသည် "သင်တို့သည် မစိုးရိမ်ကြလင့်၊ မထေရ်သည် သင်တို့အား သည်းခံပါသည်၊ စိတ်ကို အေးငြိမ်းကြစေလော့" ဟု ဆိုလတ့်။ ထိုနှုတ်လွန်မိသော ရဟန်းသည်လည်း အရိယာပုဂ္ဂိုလ်၏ သွားရာအရပ်ဆီသို့ ရှေးရှုပြုလျက် လက်အုပ်ချီ၍ "သည်းခံတော်မူပါ" ဟု ဆိုအပ်၏။ အကယ်၍ ထိုအရိယာပုဂ္ဂိုလ်သည် ပရိနိဗ္ဗာန်ပြုသွားပြီဖြစ်ငြားအံ့၊ ပရိနိဗ္ဗာန်ပြုသည့်နေ့ ညောင်စောင်းတည်ရာဌာနသို့ သွား၍[၂] သင်္ဂြိုဟ်ရာ သုသာန်သို့သော်လည်း သွား၍ ကန်တော့တောင်းပန်အပ်၏။ ဤသို့ပြုလျှင် နတ်ရွာကို တားမြစ်ခြင်းမဖြစ်တော့ပြီ၊ မဂ်ကို တားမြစ်ခြင်းလည်း မဖြစ်တော့ပြီ၊ ပကတိအတိုင်းပင် အပြစ်ကင်းရှင်းလေတော့၏။ ဤတွင် တရပ်ပြီး၏။

**မိစ္ဆာဒိဋ္ဌိကာ** ဟူသည်ကား ဖောက်ပြန်မှားယွင်းသော အယူအမြင်ရှိကုန်၏။ **မိစ္ဆာဒိဋ္ဌိကမ္မသမာဒါနာ** ဟူသည်ကား မိစ္ဆာအယူ၏အစွမ်းအားဖြင့် ဆောက်တည်အပ် ပြုလုပ်အပ်သော အမျိုးမျိုးသော အမှုကံ ရှိကုန်၏၊ အကြင်သူတို့သည်လည်း မိစ္ဆာအယူလျှင် အရင်းခံရှိကုန်သော ကာယကံ

---

မှတ်ချက်

၁–သင်သည်ဟု ကေဝုစ်ဖြင့် မပြပဲ သင်တို့သည်ဟု ဗဟုဝုစ်ဖြင့် ပြခြင်းသည် စိတ်ဓာတ်ကျနေသောသူအား ချီးမြှောက်သောအားဖြင့် ပြန်ကြားရန်သော်လည်း ဖြစ်ရာ၏။ ထိုရဟန်းနှင့် သဘောတူ စွပ်စွဲသူများလည်း ရှိရာသော ကြောင့်သော်လည်း ဖြစ်ရာ၏။

၂–ဤစကားဖြင့် မီးမသင်္ဂြိုဟ်ရသေးမီ ကာလကို ရည်သည်၊ နောက်အခြားမဲ့ စကားဖြင့်မူ မီး သင်္ဂြိုဟ်နေဆဲ သို့မဟုတ် မီးသင်္ဂြိုဟ်ပြီးကာလကိုရည်သည်။

http://www.dhammadownload.com



စသည်တို့၌ အခြားသူတို့ကိုလည်း တိုက်တွန်းကုန်၏၊ (ထိုသို့ တိုက်တွန်းပေးသော ပုဂ္ဂိုလ်တို့သည်လည်း မိစ္ဆာဒိဋ္ဌိကမ္မသမာဒါန မည်ကုန်၏။) ဆက်၍ ရှင်းပြဦးအံ့- ဤပုဒ်တို့တွင် ဝစီဒုစ္စရိုတ်ကို ဆိုခြင်းဖြင့်ပင် အရိယူပဝါဒကံကို ဆိုပြီးဖြစ်ပေသည်၊ မနောဒုစ္စရိုတ်ကို ဆိုခြင်းဖြင့်ပင် မိစ္ဆာဒိဋ္ဌိကို ဆိုပြီးဖြစ်ပေသည်၊ ထိုသို့ ဆိုပြီးဖြစ်ငြားသော်လည်း ဤကံ ၂-ပါးတို့ကို ထပ်၍ပြဆိုခြင်းသည် [၅၇] အပြစ်ကြီးကြောင်းပြခြင်း အကျိုးရှိသည်ဟု သိအပ်၏။ မှန်ပေ၏-အရိယာကို စွပ်စွဲခြင်းသည် အာနန္တရိယကံနှင့်တူသောကြောင့် ကြီးမားသောအပြစ် ရှိပေ၏။ မြတ်စွာဘုရား ဟောထားသော အောက်ပါစကားလည်း ရှိပေ၏—

"သာရိပုတ္တရာ၊ အရဟတ္တမဂ်သီလနှင့်ပြည့်စုံသော အရဟတ္တမဂ်သမာဓိနှင့်ပြည့်စုံသော အရဟတ္တမဂ်ပညာနှင့်ပြည့်စုံသော ရဟန်းသည် မျက်မှောက်ဘဝ၌ပင်လျှင် အရဟတ္တဖိုလ်ကိုပြီးစေရာသကဲ့သို့၊ သာရိပုတ္တရာ၊ ဤအရိယူပဝါဒကံကို ဤအတူပင် ဖြစ်သည်ဟု ငါ ဆို၏၊ ထိုစွပ်စွဲသောစကားကို မပယ်လျှင် ထိုဖြစ်မှားသော စိတ်ကို မပယ်လျှင် ထိုထင်မှားသောအယူကို မစွန့်လျှင် ဆောင်ခဲ့သည့်ဝန်ထုပ်ကို ချထားလိုက်သကဲ့သို့ ထို့အတူပင် ငရဲ၌ (ထိုအရိယူပဝါဒကံက) ပစ်ချလေတော့၏"။

မိစ္ဆာအယူထက် သာ၍အပြစ်ကြီးသော အခြားအကုသိုလ်ကံမည်သည် မရှိချေ။ ဤအဆိုနှင့်အညီ ဟောတော်မူသော စကားမှာ အောက်ပါပင်တည်း။

---

မှတ်ချက်

၁ – အရဟတ္တမဂ်၏ အခြားမဲ့၌ အရဟတ္တဖိုလ် ဖြစ်ခြင်းသည် ကိန်းသေမလွဲ ဖြစ်သကဲ့သို့ ထို့အတူပင် ကန်တော့တောင်းပန်ခြင်းကို မပြုပါမူ အရိယူပဝါဒကံက ငရဲသို့ ကျေန်ပင်ကျစေသည်ဟု ဆိုလို၏။

http://www.dhammadownload.com



"ရဟန်းတို့၊ ဤမိစ္ဆာဒိဋ္ဌိသည် အပြစ်ကြီးသကဲ့သို့ ဤအတူ အကြင်အကုသိုလ်ကံသည် အပြစ်ကြီးရာ၏။ ရဟန်းတို့၊ မိစ္ဆာဒိဋ္ဌိမှ တပါးသော ထိုသို့ အပြစ်ကြီးသော အကုသိုလ်တရားတခုမျှကို သော်လည်း ငါဘုရား မမြင်ပေ။ ရဟန်းတို့၊ အပြစ်ဟူသမျှတို့သည် မိစ္ဆာဒိဋ္ဌိလျှင် အကြီးအမြတ်ရှိကြကုန်၏"။

**ကာယဿ ဘေဒါ** (ကိုယ်၏ပျက်စီးသည်မှ)-ဟူသည်ကား ငါ့ကိုယ်ဟု ထင်မှတ်စွဲလမ်းရသော ခန္ဓာကိုယ်ကို စွန့်သည်မှ[1]။ **ပရံ မရဏာ** (သေသည်မှ နောက်၌)ဟူသည်ကား ထိုခန္ဓာကိုယ်ကို စွန့်သည်မှ အခြားမဲ့မှာ အသစ် ဖြစ်သည့် ခန္ဓာကို ယူဆဲ၌။ တနည်းကား ကာယဿ ဘေဒါ-ဖြင့် ဇီဝိတိန္ဒြေ ခေါ် အသက်ရုပ် ပြတ်စဲသည်မှ(ဟု ဆိုလို၏)။ ပရံ မရဏာ-ဖြင့် စုတိစိတ်မှ နောက်၌(ဟု ဆိုလို၏)။ အပါယံ-အစရှိသော စကားအလုံးစုံသည် ငရဲဟော စကားချည်းသာ ဖြစ်သည်။

မှန်ပေ၏၊ ငရဲသည် နတ်ရွာ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော ကောင်းမှုဟူသော အယမှကင်းသောကြောင့် အပါယမည်၏။ ချမ်းသာ တို့၏ လားခြင်းဟူသော အာယ၏မရှိခြင်းကြောင့် အပါယမည်၏။ ဆင်းရဲ၏ တည်ရာဖြစ်သောကြောင့် ဒုဂ္ဂတိမည်၏၊ တနည်း များသောအပြစ်ရှိခြင်း ကြောင့် အကုသိုလ်ကံသည် ဒုဋ္ဌ-ပျက်စီးသောကံမည်၏၊ ထိုပျက်စီးသော ကံကြောင့်ဖြစ်သော လားရောက်ရာဂတိသည် ဒုဂ္ဂတိမည်၏၊ မကောင်းမှု ပြုသူတို့သည် အလိုမရှိပါပဲ ဤငရဲ၌ ကျရောက်ရကုန်၏၊ ထို့ကြောင့် ဝိနိပါတ မည်၏၊ (မကျလိုပဲ ကျရောက်ရသည့်ဘုံဟု ဆိုလို၏။ တနည်း ကိုယ်အင်္ဂါ

---

မှတ်ချက်

၁-ကိုယ်၏ ၁ျက်စီးခြင်းဟူသည်မှာ သေခြင်းပင်ဖြစ်သောကြောင့် ခန္ဓာကိုယ်ကို စွန့်ခြင်းပင်ဟု ယူ၍ ဖွင့်ပြခြင်းဖြစ်သည်၊ မြန်မာစကားမှာမူ မချောပေ။

http://www.dhammadownload.com



ကြီးငယ်တို့ ပျက်စီးလျက် ကျရာဖြစ်သောကြောင့်လည်း ဝိနိပါတမည်၏။ သာယာဖွယ်ချမ်းသာဟူသော အယမရှိသောကြောင့် နိရယ-ငရဲမည်၏။

တနည်းဖွင့်ပြရလျှင် အပါယ-အပါယ်ဟူသောအမည်ဖြင့် တိရစ္ဆာန်ဘုံကို ပြ၏။ မှန်၏-တိရစ္ဆာန်ဘုံသည် နတ်လူဟူသော သုဂတိမှကင်းသောကြောင့် အပါယ-အပါယ်မည်၏၊ ယင်းတိရစ္ဆာန်တို့ထဲ၌ တန်ခိုးကြီးကုန်သော နဂါးမင်းစသည်တို့ ရှိနိုင်သောကြောင့် ဆင်းရဲ၏တည်ရာ ဒုဂ္ဂတိကား မမည်ပေ။ ဒုဂ္ဂတိဟူသောအမည်ဖြင့် ပြိတ္တာဘုံကို ပြ၏၊ မှန်ပေ၏-ထိုပြိတ္တာလောကသည် သုဂတိမှ ကင်းကွာသောကြောင့် အပါယလည်း မည်၏၊ ဆင်းရဲ၏တည်ရာ ဖြစ်သောကြောင့် ဒုဂ္ဂတိလည်း မည်၏။ သို့သော် အသုရကာယ်ကဲ့သို့ ပျက်စီး၍ကျရာ မဟုတ်သောကြောင့် ဝိနိပါတကား မမည်ပေ။ ဝိနိပါတဟူသောအမည်ဖြင့် အသုရကာယ်ဘုံကို ပြ၏၊ မှန်ပေ၏ ဆိုခဲ့ပြီးသောအနက်အရအားဖြင့် ထိုအသုရကာယ်သည် အပါယလည်း မည်၏၊ ဒုဂ္ဂတိလည်း မည်၏။ အလုံးစုံသော နတ်လူတို့ စည်းစိမ်ချမ်းသာအပေါင်းမှ ပျက်စီးဆုံးရှုံး၍ ကျရောက်ရာဖြစ်သောကြောင့် ယင်းအသုရကာယ်ကို ဝိနိပါတဟူ၍လည်း ဆိုအပ်ပေ၏။ နိရယဟူသော အမည်ဖြင့် အဝီစိအစရှိသည် များသော အပြားရှိသော ငရဲဘုံကိုသာလျှင် ပြ၏။ ဤတွင် တရပ်ပြီး၏။

**ဥပပန္နာ** ဟူသည်ကား ကပ်ရောက်ကုန်၏၊ ဖြစ်ကုန်၏ဟု ဆိုလို၏။ ကာယသုစရိုတ်အစရှိသော အဖြူပိုင်းအဖို့ကို [၁] ဆိုခဲ့ပြီးသော အမည်းပိုင်းအဖို့မှ [၁] ပြောင်းပြန်အားဖြင့် သိအပ်၏။ [၅၈] ယခုဆိုမည့်အချက်မျှသာ

---

မှတ်ချက်

၁ – ကုသိုလ်ကောင်းမှုနှင့်စပ်သောအပိုင်းကို သုက္ကပက္ခ–အဖြူပိုင်းအဖို့ဟူ၍ရင်း၊ အကုသိုလ် မကောင်းမှုနှင့် စပ်သောအပိုင်းကို ကဏှပက္ခ–အမည်းပိုင်း အဖို့ဟူ၍ရင်း ဆိုသည်။

http://www.dhammadownload.com



ထူးတော့သည်။ ထိုအဖြူပိုင်းအဖို့၌ သုဂတိဟူသောအမည်ဖြင့် လူ့ဂတိ လူ့ဘုံကိုလည်း ယူအပ်၏။ သဂ္ဂဟူသောအမည်ဖြင့် နတ်ဂတိ နတ်ဘုံကိုသာ ယူအပ်၏။ ထိုစကား၌ ကောင်းသော လားရောက်ရာဖြစ်သောကြောင့် သုဂတိမည်၏။ ရူပါရုံအစရှိကုန်သော အာရုံတို့ဖြင့် ကောင်းသော တည်ရာ အဖို့ဖြစ်သောကြောင့် သဂ္ဂမည်၏။ ထိုသုဂတိနှင့် သဂ္ဂ အလုံးစုံသည်ပင် ပျက်စီးတတ်သောကြောင့် လောကမည်၏။ ဤသည်ကား သဒ္ဒါအနက် အဖွင့်ပေတည်း။

ဣတိ ဒိဗ္ဗေန စက္ခုနာ အစရှိသော အလုံးစုံသည် နိဂုံးချုပ်စကားတည်း။ ဤဆိုခဲ့သည့်အတိုင်း ဒိဗ္ဗစက္ခုဖြင့်။ပ။ ရှုမြင်၏—ဤသည်ကား ဤအရာ၌ အကျဉ်းချုပ်အနက်ပေတည်း။

၄၁၂။ ဤဆိုခဲ့သည့်အတိုင်း ရှုမြင်လိုလျှင် အားထုတ်ခါစ အမျိုးသားသည် ကသိုဏ်းလျှင် အာရုံရှိသော အဘိညာဉ်၏အခြေခံ ပါဒကစျာန်ကို ခပ်သိမ်းသောအခြင်းအရာအားဖြင့် ရှေးရှုဆောင်ရန် ခံ့အောင်ပြုပြီးလျှင် တေဇောကသိုဏ်း ဩဒါတကသိုဏ်း အာလောကကသိုဏ်းဟူသော ဤသုံးခု သောကသိုဏ်းတို့တွင် တပါးပါးကို အနီးပြုအပ်၏၊ ဥပစာရစျာန်၏ အာရုံပြုကာ ပွါးစေလျက် ထားအပ်၏၊ ထိုကသိုဏ်းတို့၌ အပ္ပနာကို မဖြစ်စေအပ်သေးဟု ဆိုလို၏။ အပြစ်ကား အကယ်၍ အပ္ပနာကိုဖြစ်စေလျှင် ပါဒကစျာန်၏မှီရာ ဖြစ်လေ၏၊ ပရိကံ၏မှီရာ မဖြစ်တော့ပေ။ ဤသုံးခုသော ကသိုဏ်းတို့တွင်လည်း အာလောကကသိုဏ်းသည်သာလျှင် အကောင်း အမြတ်ဆုံး ဖြစ်ပေသည်။ ထို့ကြောင့် ထိုအာလောကကသိုဏ်းကို ဖြစ်စေ၊ အခြားနှစ်ခုထဲက တခုခုကိုဖြစ်စေ ကသိဏနိဒ္ဒေသ၌ ဆိုခဲ့သောနည်းဖြင့် ဖြစ်စေ၍ ဥပစာရဘုံ၌သာလျှင် တည်၍ ပွါးစေအပ်၏။ ယင်းကသိုဏ်း ပဋိဘာဂနိမိတ်ကို ပွါးစေပုံနည်းကိုလည်း ထိုကသိဏနိဒ္ဒေသ၌ ဆိုခဲ့သော နည်းဖြင့်ပင်လျှင် သိအပ်၏။

http://www.dhammadownload.com



ပွါးစေအပ်ပြီးသော အရပ်၏ အတွင်း၌သာလျှင် အဆင်းကို ရှုအပ်၏။ ထိုယောဂီမှာ အဆင်းရှုနေစဉ် ပရိကံပြုရန် အလှည့်လွန်သွား၏၊ ထို့ကြောင့် အရောင်အလင်းကွယ်သွား၏၊ ထိုအရောင်အလင်းကွယ်သွားလျှင် အဆင်းကိုလည်း မမြင်ရတော့ချေ။ ထိုအခါ ဤယောဂီသည် အဖန်တလဲလဲ ပါဒကစျာန်သို့သာလျှင် ဝင်၍ ထိုမှထပြီးလျှင် အလင်းရောင်ကို ဖြန့်အပ်၏၊ ဤသို့ပြုလျှင် အစဉ်အားဖြင့် အလင်းရောင်သည် အားရှိလာပေ၏၊ ထို့ကြောင့် ဤအရပ်၌ အလင်းဖြစ်စေဟု အကြင်မျှလောက်သောအရပ်ကို ပိုင်းခြားငြားအံ့၊ ထိုမျှလောက်သောအရပ်၌ အလင်းရောင်သည် တည်လေတော့သည်သာတည်း၊ တနေ့လုံးသော်လည်း ထိုင်လျက်ရှုနေသော ယောဂီမှာ အဆင်းကိုမြင်ခြင်း ဖြစ်နေပေ၏။ ဤအရာ၌ ညဉ့်အခါမှာ မြက်မီးရှူးဖြင့် ခရီးသွားသော ယောကျ်ားသည် ဥပမာပေတည်း။

တယောက်သော ယောကျ်ားသည် ညဉ့်အခါ၌ မြက်မီးရှူးဖြင့် ခရီးသွားသတတ်။ ထိုယောကျ်ား၏ ထိုမြက်မီးရှူးသည် ငြိမ်းသွားလေ၏၊ ထိုအခါ ထိုယောကျ်ားမှာ ညီသောအရပ် မညီသောအရပ်တို့သည် မထင်ရှားကြလေ၊ ထိုယောကျ်ားသည် ထိုမီးရှူးကို မြေ၌ပွတ်တိုက်၍ တဖန်တောက်စေ၏၊ ထိုမီးရှူးသည် တောက်၍ ယခင်ကအရောင်ထက် သာ၍ကြီးသော အရောင်ကို ပြု၏၊ ဤနည်းဖြင့် ငြိမ်းငြိမ်းသွားသော မီးရှူးကို အဖန်ဖန် တောက်စေသောသူမှာ အစဉ်အားဖြင့် (နောက်ဆုံး၌) နေထွက်လာလေသည်၊ နေထွက်လာသောအခါ မီးရှူးဖြင့် ပြုဖွယ်မရှိတော့ပြီ၊ ထို့ကြောင့် ထိုမီးရှူးကိုစွန့်၍ တနေ့လုံးသော်လည်း ခရီးသွားလေသည်။ ထိုဥပမာ၌ မီးရှူးအရောင်ကဲ့သို့ ပရိကံပြုစဉ်၌ ကသိုဏ်းအရောင်ကို သိအပ်၏။ [၅၉] မီးရှူးငြိမ်းသွားသောအခါ ညီသည် မညီသည်ကို မမြင်ရခြင်းကဲ့သို့ အဆင်းကိုရှုနေစဉ် ပရိကံပြုရန်အလှည့် လွန်သဖြင့် အလင်းရောင်ကွယ်သွားသောအခါ အဆင်းတို့ကို မမြင်ခြင်း တူပေ၏။ မီးရှူးကို

http://www.dhammadownload.com



ပွတ်တိုက်ခြင်းကဲ့သို့ ဥပစာရစျာန်သို့ အဖန်ဖန်ဝင်ခြင်း တူပေ၏။ မီးရှူး၏ ယခင်အရောင်ထက် သာ၍ကြီးသော အလင်းရောင်ကို ပြုခြင်းကဲ့သို့ တဖန် ပရိကံပြုသော ယောဂီမှာ သာ၍အားကြီးသော အလင်းရောင်ပြန့်ခြင်း တူပေ၏။ နေထွက်လာခြင်းကဲ့သို့ အားရှိသောအလင်းရောင်၏ ပိုင်းခြား ထားသည့်အတိုင်း တည်နေခြင်း တူပေ၏။ မြက်မီးရှူးကို စွန့်ပစ်ခဲ့၍ တနေ့ လုံးသော်လည်း ခရီးသွားခြင်းကဲ့သို့ သေးငယ်သော အလင်းရောင်ကို စွန့်၍ အားကြီးသော အလင်းရောင်ဖြင့် တနေ့လုံးသော်လည်း အဆင်းတို့ကို ရှုမြင်ခြင်း တူပေ၏။

ထိုသို့ ရှုမြင်ရာ၌ အကြင်အခါ ထိုရဟန်း၏ မံသစက္ခုအား မထင်နိုင် သော ဝမ်းထဲ၌တည်သော ဟဒယဝတ္ထုကို မှီသောအဆင်းသည်၎င်း၊ မြေ ကြီး၏အောက်ဖက် မျက်နှာပြင်ကိုမှီသော အဆင်းသည်၎င်း၊ နံရံ၏တဖက် တောင်၏တဖက် တံတိုင်း၏တဖက်၌တည်သော အဆင်းသည်၎င်း၊ တပါး သော စကြာဝဠာ၌တည်သော အဆင်းသည်၎င်း—ဤသို့သော အဆင်းသည် ဉာဏ်မျက်စိအား ထင်ခြင်းသို့ ရောက်၏၊ မံသမျက်စိဖြင့် မြင်ရသကဲ့သို့ ဖြစ်၏၊ ထိုအခါ၌ ဒိဗ္ဗစက္ခုဉာဏ် ဖြစ်သည်ဟု သိအပ်ပေ၏။ ဆက်၍ ရှင်း ပြဦးအံ့—ဤရှုကြည့်သော စိတ်တို့တွင် ထို ဒိဗ္ဗစက္ခုဉာဏ်သည်သာလျှင် အဆင်းကိုမြင်ခြင်းငှါ စွမ်းနိုင်၏၊ အာဝဇ္ဇန်းပရိကံဟူသော ရှေးအဖို့စိတ်တို့ သည် အဆင်းကို မြင်ခြင်းငှါ မစွမ်းနိုင်ကုန်။

ထိုဒိဗ္ဗစက္ခုသည် ပုထုဇဉ်မှာ ဘေးရန်အန္တရာယ် ဖြစ်တတ်၏။ အဘယ့် ကြောင့်နည်း ? ထိုပုထုဇဉ်သည် အကြင်အကြင်အရပ်၌ အရောင်အလင်း ဖြစ်စေဟု အဓိဋ္ဌာန်ပြု၏၊ ထိုထိုအဓိဋ္ဌာန်ပြုရာမြေ သမုဒ္ဒရာ တောင်တို့ကို ဖောက်ထွင်း၍သော်လည်း တစပ်တည်း အလင်းရောင်သည် ဖြစ်၏၊ ထိုသို့ ဖြစ်သောအခါ ထိုလင်းနေရာအရပ်တို့၌ ကြောက်ဖွယ်ဖြစ်ကုန်သော ဘီလူး ရက္ခိုသ်စသည်တို့၏ အဆင်းတို့ကို မြင်သော ထိုပုထုဇဉ်အား ကြောက်ခြင်း

http://www.dhammadownload.com



သည် ဖြစ်တတ်၏၊ ယင်းသို့ ကြောက်ခြင်းကြောင့် စိတ်ပျံ့လွင့်ဖောက်ပြန်ခြင်းသို့ရောက်၍ စျာန်လျှောသွားတတ်၏။ ထို့ကြောင့် ဒိဗ္ဗစက္ခုဖြင့် အဆင်းကို ရှုမြင်ရာ၌ မမေ့မလျော့သည် ဖြစ်ရာ၏။

(ဒိဗ္ဗစက္ခုဉာဏ် ဖြစ်သည်ဟု ဆိုခဲ့သော)ထိုစကားရပ်၌ ယခု ဆိုမည့်စကားသည် ဒိဗ္ဗစက္ခုဉာဏ်၏ ဖြစ်ပေါ်လာပုံ အစဉ်ပေတည်း။ ဆိုခဲ့ပြီးသော အပြားရှိသော ထိုအဆင်းကို အာရုံပြု၍ နှလုံးသွင်းမှု မနောဒွါရာ-ဝဇ္ဇန်းစိတ်ဖြစ်ပြီး၍ ချုပ်လတ်သော် ထိုအဆင်းကိုပင် အာရုံပြု၍ လေးကြိမ် ငါးကြိမ်သော ဇောတို့သည် ဖြစ်ပေါ်ကုန်၏—ဤသို့အစရှိသော အလုံးစုံကို ရှေး၌ဆိုခဲ့ပြီးသော နည်းဖြင့်ပင် သိအပ်၏။ ဤအရာ၌လည်း အာဝဇ္ဇန်းနှင့်သုံးကြိမ် လေးကြိမ်သော ရှေးအဖို့စိတ်တို့သည် ဝိတက် ဝိစာရနှင့် တကွဖြစ်ကုန်သော ကာမာဝစရစိတ်တို့ပေတည်း၊ လေးကြိမ်မြောက် ငါးကြိမ်မြောက် နောက်ဆုံး၌ မြင်ခြင်းကိစ္စကို ပြီးစေသောစိတ်သည် စတုတ္ထစျာန်နှင့်ယှဉ်သော ရူပါဝစရစိတ်ပေတည်း၊ ထိုစိတ်နှင့် တကွဖြစ်သော ဉာဏ်ကို သတ္တဝါတို့၏ စုတိပဋိသန္ဓေ၌ဖြစ်သော အသိဉာဏ်ဟူ၍ရင်း၊ ဒိဗ္ဗစက္ခုဉာဏ်ဟူ၍ရင်း ခေါ်ဆိုအပ်ပေ၏။ ဤတွင် တရပ်ပြီး၏။

စုတူပပါတဉာဏ်ခေါ်သော ဒိဗ္ဗစက္ခုဉာဏ်ပြဆိုချက် ပြီး၏။

---

## ပြိုးပြွမ်းပြဆိုချက်

၄၁၃။ ခန္ဓာငါးပါးတို့ကို သိတော်မူသော ကိုးကွယ်ရာအစစ် ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဤဆိုခဲ့သည့်အတိုင်း ငါးပါးကုန်သော အကြင် အဘိညာဉ်တို့ကို ဟောတော်မူခဲ့လေပြီ၊ ထိုအဘိညာဉ်တို့ကို သိပြီးလျှင် ယင်းတို့၌ ယခုပြဆိုမည့် ပြိုးပြွမ်းပြဆိုချက်စကားကိုလည်း သိအပ်သေးသည်။

http://www.dhammadownload.com



[၆၀] ချဲ့၍ပြရလျှင်—ဤငါးပါးသောအဘိညာဉ်တို့တွင် စုတူပပါတ-ဉာဏ်ဟု ဆိုအပ်သော အကြင် ဒိဗ္ဗစက္ခုဉာဏ်သည် ရှိ၏၊ ထိုဒိဗ္ဗစက္ခုဉာဏ်၏ အရံဉာဏ်ဖြစ်ကုန်သော အနာဂတံသဉာဏ်နှင့် ယထာကမ္မုပဂဉာဏ်ဟူသော ၂ ပါးသောဉာဏ်တို့သည်လည်း ရှိကြသေး၏။ ယင်းဉာဏ် ၂-ပါးနှင့် ဣဒ္ဓိ-ဝိဓစသော ဉာဏ် ၅-ပါးအားဖြင့် အဘိညာဉ်ဉာဏ်တို့သည် ဤအရာ၌ ၇-ပါး ဖြစ်ကုန်၏။ ယခုအခါ ၎င်းတို့၏အာရုံကို ဝေဘန်ခွဲခြားရာ၌ မတွေဝေရန် အလို့ငှါ—

အကြင် အာရမ္မဏတိက် လေးပါးတို့ကို (ဓမ္မသင်္ဂဏီပါဠိ၌) မြတ်စွာဘုရား ဟောထား(အပ်ကုန်)၏၊ ထိုအာရမ္မဏတိက်လေးပါး တို့၌ အဘိညာဉ်ဉာဏ် ၇-ပါးတို့၏ ဖြစ်ပုံကို ပြရာ၏။

ထိုစကားရပ်၌ ဤသည်ကား ပြပုံပေတည်း။ လေးပါးကုန်သော အာရမ္မဏတိက်တို့ကို မြတ်စွာဘုရား ဟောထား(အပ်ကုန်)၏၊ အဘယ် လေးပါးတို့နည်း၊ (၁) ပရိတ္တာရမ္မဏတိက်၊ (၂) မဂ္ဂါရမ္မဏတိက်၊ (၃) အတီတာရမ္မဏတိက်၊ (၄) အဇ္ဈတ္တာရမ္မဏတိက်—ဤ လေးပါး တို့ပင်။

၄၁၄။ ထိုခုနစ်ပါးသော ဉာဏ်တို့တွင် ဣဒ္ဓိဝိဓဉာဏ်သည်(ပရိတ္တခေါ်) ကာမအာရုံ, မဟဂ္ဂုတ်အာရုံ, အတိတ်အာရုံ, အနာဂတ်အာရုံ, ပစ္စုပ္ပန် အာရုံ, အဇ္ဈတ္တအာရုံ, ဗဟိဒ္ဓအာရုံတို့အလိုအားဖြင့် ၇-မျိုးသောအာရုံတို့၌ ဖြစ်၏။ အဘယ်သို့နည်း? ထို ဣဒ္ဓိဝိဓဉာဏ်သည်[၁] အကြင်အခါ၌ ရုပ် ကိုယ်ကို စိတ်၌ မှီသည်ကိုပြုလျက် မထင်ရှားသောကိုယ်ဖြင့် သွားလိုသည် ဖြစ်၍ စိတ်၏အစွမ်းအားဖြင့် ရုပ်ကိုယ်ကို ညွတ်စေ၏၊ မဟဂ္ဂုတ်စိတ်၌

---

မှတ်ချက်

၁–ထိုဣဒ္ဓိဝိဓဉာဏ်သည် .. ကာမတရားလျှင် အာရုံရှိ၏-စသည်ဖြင့် စပ်ပါ။

http://www.dhammadownload.com



ပေါင်း၏၊ ကောင်းစွာ တင်၏၊ ထိုအခါ၌ ကံအဖြစ်ဖြင့် ဆိုအပ်သောကာယသည်[၁] အာရုံ ဖြစ်၏—ထို့ကြောင့် ရုပ်ကိုယ်လျှင် အာရုံရှိရကား ကာမတရားလျှင် အာရုံ ရှိ၏ (ကာမတရားကို အာရုံပြု၏)။ အကြင်အခါ၌ စိတ်ကို ရုပ်ကိုယ်၌ မှီသည်ကိုပြုလျက် ထင်ရှားသော ကိုယ်ဖြင့် သွားလိုသည် ဖြစ်၍ ရုပ်ကိုယ်၏အစွမ်းအားဖြင့် စိတ်ကို ညွတ်စေ၏၊ ပါဒကစျာန်စိတ်ကို ရုပ်ကိုယ်၌ ပေါင်း၏၊ ကောင်းစွာ တင်၏၊ ထိုအခါ၌ ကံအဖြစ်ဖြင့် ဆိုအပ်သော စျာန်စိတ်သည် အာရုံဖြစ်၏—ထို့ကြောင့် မဟဂ္ဂုတ်စိတ်လျှင် အာရုံရှိရကား မဟဂ္ဂုတ်တရားလျှင် အာရုံရှိ၏(မဟဂ္ဂုတ်တရားကို အာရုံပြု၏)။

ထိုမှတပါး ယင်းဣဒ္ဓိဝိဓဉာဏ်သည် ချုပ်လေပြီးသော အတိတ်ဖြစ်သော ထိုပါဒကစျာန်စိတ်ကိုပင်လျှင် အာရုံပြု၏၊ ထို့ကြောင့် အတိတ်တရားလျှင် အာရုံရှိ၏။ ဓာတ်တော်မြတ်တို့ကို အကြီးအကျယ် သိုမှီး ဌာပနာသောအခါ၌ အရှင်မဟာကဿပမထေရ်စသည်တို့၏ အဓိဋ္ဌာန်ခြင်းကဲ့သို့ အနာဂတ်ကို အဓိဋ္ဌာန်ပြုသူတို့၏ဉာဏ်သည် အနာဂတ်တရားလျှင် အာရုံရှိ၏။ တဆင့် ကြားဘူးသည်မှာ အရှင်မဟာကဿပမထေရ်သည် ဓာတ်တော်မြတ်တို့ကို အကြီးအကျယ် ဌာပနာမှုကို ပြုစဉ်အခါက "နောင်အခါ၌ ၂၁၈-နှစ်ကာလပတ်လုံး ဤနံ့သာတို့သည် မခြောက်ပါစေကုန်သတည်း၊ ဤပန်းတို့သည် မညှိုးပါစေကုန်သတည်း၊ ဤဆီမီးတို့သည် မငြိမ်းပါစေကုန်သတည်း"ဟု ဓိဋ္ဌာန်တော်မူ၏။ အလုံးစုံပင် ထိုဓိဋ္ဌာန်တိုင်း ဖြစ်လေ၏။ အဿဂုတ္တမထေရ်သည် (ဝိဥ္စတော) ဝတ္တနိယကျောင်း၌ ဟင်း

---

မှတ်ချက်

၁—ဥပယောဂလဒ္ဓံ—ရအပ်သော ကံဝိဘတ်ရှိသော ကာယသည်-ဟု အတိအကျ ပြန်လျှင် ပါဠိသဒ္ဒါမတတ်သူတို့မှာ အသိခက်မည်ကြောင့် အထက်ပါအတိုင်း ပြောင်းလဲ၍ ပြန်သည်။ ဆိုလိုသည်မှာ ရုပ်ကိုယ်ကို ညွတ်စေ၏ဟု ကံပြု၍ ဆိုသဖြင့် ညွတ်စေသောစိတ်၏ အာရုံဖြစ်သည်ဟု ဆိုလို၏။

http://www.dhammadownload.com



မပါဘဲ ဆွမ်းသက်သက် ဘုဉ်းပေးနေသော ရဟန်းသံဃာကိုမြင်၍"ကျောက် ရေကန်သည် နေ့စဉ် နေ့စဉ် နံနက်ပိုင်း၌ နို့ဓမ်းအရသာရှိသည်ဖြစ်စေ"ဟု မိန့်ခွာန်တော်မူ၏။ နံနက်ပိုင်း၌ ခပ်ယူလျှင် နို့ဓမ်းရည် ဖြစ်၏၊ ညနေပိုင်း၌ ခပ်ယူလျှင် ပကတိရေပင် ဖြစ်၏။ ထိုမှတပါး [၆၁] ရုပ်ကိုယ်ကို စိတ်၌ မှီသည်ကို ပြု၍ မထင်ရှားသောကိုယ်ဖြင့် သွားသောကာလ၌ (ဣဒ္ဓိဝိဓ ဉာဏ်သည်) ပစ္စုပ္ပန်တရားလျှင် အာရုံ ရှိ၏။

ကိုယ်၏အစွမ်းဖြင့် စိတ်ကိုသော်၎င်း, စိတ်၏အစွမ်းဖြင့် ကိုယ်ကိုသော် ၎င်း ညွတ်စေသောကာလ၌၎င်း၊ မိမိကိုယ်ကို သူငယ်သဏ္ဍာန် စသည် ဖန်ဆင်းသောကာလ၌၎င်း မိမိ၏ကိုယ် စိတ်တို့ကို အာရုံပြုခြင်းကြောင့် အဇ္ဈတ္တတရားလျှင် အာရုံရှိ၏။ အပြင်ပ၌ ဆင်ရုပ် မြင်းရုပ် စသည်တို့ကို ဖန်ဆင်း၍ ပြသောကာလ၌ ဗဟိဒ္ဓတရားလျှင် အာရုံရှိ၏၊ ဤသို့လျှင် ရှေး ဦးစွာ ဣဒ္ဓိဝိဓဉာဏ်၏ (၇)မျိုးသော အာရုံတို့၌ ဖြစ်ခြင်းကို သိအပ်၏။

၄၁၅။ ဒိဗ္ဗသောတဉာဏ်သည် ကာမ ပစ္စုပ္ပန် အဇ္ဈတ္တ ဗဟိဒ္ဓအာရုံတို့ အလိုအားဖြင့် (၄)မျိုးသော အာရုံတို့၌ ဖြစ်၏။ အဘယ်သို့နည်း? ထိုဉာဏ် သည် အသံကို အာရုံပြုသောကြောင့်၎င်း၊ ယင်းအသံသည် ကာမတရား ဖြစ်သောကြောင့်၎င်း ကာမတရားလျှင် အာရုံရှိ၏။ ထို့ပြင် ထင်ရှားရှိဆဲ အသံကိုသာလျှင် အာရုံပြု၍ ဖြစ်ခြင်းကြောင့် ပစ္စုပ္ပန်တရားလျှင် အာရုံရှိ၏။ ထိုဉာဏ်သည် မိမိ၏ ဝမ်းထဲမှ အသံကို ကြားသောအခါ၌ အဇ္ဈတ္တတရားလျှင် အာရုံရှိ၏။ သူတပါးတို့၏ အသံကို ကြားသောအခါ၌ ဗဟိဒ္ဓတရားလျှင် အာရုံရှိ၏။ ဤသို့လျှင် ဒိဗ္ဗသောတဉာဏ်၏ (၄) မျိုးသော အာရုံတို့၌ ဖြစ်ခြင်းကို သိအပ်၏။

၄၁၆။ စေတောပရိယဉာဏ်သည် ကာမ မဟဂ္ဂုတ် အပ္ပမာဏ မဂ် အတိတ် အနာဂတ် ပစ္စုပ္ပန် ဗဟိဒ္ဓအာရုံတို့ အလိုအားဖြင့် (၈) မျိုးသော အာရုံတို့၌ ဖြစ်၏။ အဘယ်သို့နည်း? ထိုဉာဏ်သည် သူတပါးတို့၏ ကာမာ

http://www.dhammadownload.com



ဝစရစိတ်ကို သိသောကာလ၌ ကာမတရားလျှင် အာရုံရှိ၏၊ ရူပါဝစရစိတ် အရူပါဝစရစိတ်ကို သိသောကာလ၌ မဟဂ္ဂုတ်တရားလျှင် အာရုံရှိ၏။ မဂ်ဖိုလ်တို့ကို သိသောကာလ၌ အပ္ပမာဏတရားလျှင် အာရုံရှိ၏။ ဆက်၍ ရှင်းပြဦးအံ့၊ ဤအရာ၌ ပုထုဇဉ်သည် သောတာပန်၏စိတ်ကို¹ မသိနိုင်၊ သောတာပန်သည်လည်း သကဒါဂါမ်၏ စိတ်ကို မသိနိုင်၊ သကဒါဂါမ်သည် အနာဂါမ်၏ စိတ်ကို မသိနိုင်၊ အနာဂါမ်သည် ရဟန္တာ၏စိတ်ကို မသိနိုင်၊ ရဟန္တာသည်ကား အားလုံးတို့၏ စိတ်ကို သိနိုင်၏၊ အထက်ဖြစ်သော အခြားပုဂ္ဂိုလ်သည်လည်း အောက်ပုဂ္ဂိုလ်၏စိတ်ကို သိနိုင်၏၊ ဤအထူးကိုလည်း သိအပ်၏။ မဂ်စိတ်ကို သိသောကာလ၌ မဂ်လျှင် အာရုံရှိ၏။

အကြင်အခါ၌မူ အတိတ်ခုနစ်ရက်အတွင်း၌ငင်း, အနာဂတ်ခုနစ်ရက် အတွင်း၌ငင်း သူတပါးတို့၏ စိတ်ကို သိ၏၊ ထိုအခါ၌ အတိတ်လျှင်အာရုံ ရှိသည်ငင်း, အနာဂတ်လျှင် အာရုံရှိသည်ငင်း ဖြစ်၏။

ပစ္စုပ္ပန်စိတ်လျှင် အာရုံရှိသော စိတ်သည် အဘယ်သို့ဖြစ်သနည်း? ပစ္စုပ္ပန်မည်သည်မှာ (၁)ခဏပစ္စုပ္ပန်၊ (၂)သန္တတိပစ္စုပ္ပန်၊ (၃)အဒ္ဓါပစ္စုပ္ပန်ဟူ၍ သုံးပါးအပြားရှိ၏။ ထိုတွင် ဥပါဒ်ဌီဘင်သို့ ရောက်ဆဲတရားသည် ခဏပစ္စုပ္ပန် မည်၏။ ရုပ်သန္တတိဝါရတခု နှစ်ခု၌ အတွင်းဝင်သော တရားသည် သန္တတိပစ္စုပ္ပန် မည်၏။ ထိုစကားရပ်၌ မှောင်ထဲမှာ နေပြီး၍ အလင်းရှိရာအရပ်သို့ သွားသောသူအား ရုတ်တရက် အာရုံမထင်ရှားမီမှ ထင်ရှားသည်တိုင်အောင် [၆၂] ဤကာလအတွင်း၌ တခု နှစ်ခုသော ရုပ်သန္တတိ-

---

မှတ်ချက်

၁–သောတာပန်၏ မဂ်ဖိုလ်စိတ်ကိုသာ ဆိုလိုသည်၊ လောကီစိတ်ကိုကား သိနိုင်သည်ဟူ၍ပင် မှတ်ရာ၏။ အထက်အထက်ပုဂ္ဂိုလ်တို့၏ စိတ်ကို မသိရာ၌လည်း နည်းတူပင်။

http://www.dhammadownload.com



ဝါရတို့ကို သိအပ်ကုန်၏။ အလင်းထဲ၌ နေပြီး၍ တိုက်ခန်းထဲသို့ ဝင်သော သူအားလည်း ရုတ်တရက် အဆင်းမထင်ပေါ်သေးမီမှ ထင်ပေါ်လာသည် တိုင်အောင် ဤကာလအတွင်း၌ တခု နှစ်ခုသော ရုပ်သန္တတိဝါရတို့ကို သိအပ်ကုန်၏။ ထို့ပြင် ဝေးသောအရပ်၌ တည်လျက် ခဝါသည်တို့၏ လက် အမူအရာကိုင်ရင်း,ခေါင်းလောင်း စည်ကြီးတို့ကို ထုသော တီးသော အမူအရာ ကိုရင်း မြင်ပြီး၍လည်း အသံကိုကား မကြားရသေး၊ (ထိုမြင်သောခဏမှ) ထိုအသံကို ကြားရသည်တိုင်အောင် ဤကာလအတွင်း၌လည်း တခု နှစ်ခု သော ရုပ်သန္တတိဝါရတို့ကို သိအပ်ကုန်၏။ ဤသို့ မဇ္ဈိမနိကာယ်ဆောင် ဆရာတို့က ရှေးဦးစွာ ဆိုကုန်၏။

သံယုတ္တနိကာယ်ဆောင် ဆရာတို့သည်ကား[၁] ရုပ်သန္တတိ နာမ်သန္တတိ ဟူ၍ နှစ်မျိုးသော သန္တတိတို့ကို ဆိုကြပြီးလျှင် ရေကိုနင်း၍ သွားသော သူ၏ ကမ်းစ၌ နင်းသောရေအရေး၏ မကြည်လင်သေးမီ ကာလသည်ရင်း၊ ခရီးဝေးမှ လာခဲ့သောသူ၏ကိုယ်၌ အပူငွေ့မငြိမ်းသေးမီ ကာလသည်ရင်း၊ နေရောင်ထဲမှလာ၍ တိုက်ခန်းသို့ ဝင်သောသူအား အမှောင်မကင်းသေးမီ အတွင်းကာလသည်ရင်း၊ အခန်းထဲ၌ ကမ္မဋ္ဌာန်းနှလုံးသွင်းပြီးလျှင် နေ့အခါ လေသာပြူတင်းကို ဖွင့်၍ ကြည့်သောသူအား မျက်စိတို့၏ ရီဝေဝေဖြစ်ခြင်း မငြိမ်းသေးမီအတွင်းကာလသည်ရင်း ရှိ၏၊ ဤသို့သော ကာလသည် ရုပ်၏ သန္တတိ-ရုပ်၏အမျိုးတူအစဉ်မည်၏။ ဇောဝါရ ဇောဝီထိ နှစ်ခု သုံးခုတို့သည် နာမ်၏သန္တတိ နာမ်၏အမျိုးတူ အစဉ်မည်၏-ဟူ၍ ဆိုကြပြီးလျှင် ထိုရုပ် သန္တတိ နာမ်သန္တတိ နှစ်မျိုးလုံးကို "သန္တတိ ပစ္စုပ္ပန်မည်သည်"ဟူ၍ ဆို ကုန်၏။

---

မှတ်ချက်

၁-သံယုတ္တနိကာယ်ဆောင် ဆရာတို့သည်ကား သန္တတိတို့ကို ဆိုကြပြီးလျှင် အစဉ်မည်၏ဟူ၍ ဆိုကြပြီးလျှင် ဆိုကုန်၏-ဟု စပ်ပါ။

http://www.dhammadownload.com



ထိုမှတပါး တခုသောဘဝ (ပဋိသန္ဓေစုတိ)ဖြင့် ပိုင်းခြားအပ်သော ရုပ်နာမ် အပေါင်းသည် အဒ္ဓါပစ္စုပ္ပန်မည်၏။ ယင်း အဒ္ဓါပစ္စုပ္ပန်ကို ရည်၍ ဘဒ္ဒေကရတ္တသုတ်၌—

"ငါ့ရှင်တို့ မနမည်သော အကြင်စိတ်သည်၎င်း၊အာရုံဖြစ်သော အကြင်သဘောတရားတို့သည်၎င်း(ကြံသိဆဲခဏ၌ ထင်ရှားကုန်၏) ဤစိတ်နှင့် သဘောအာရုံ နှစ်ပါးလုံးသည် ပစ္စုပ္ပန်တရားပေတည်း၊ ထို ပစ္စုပ္ပန်တရား၌ အာရုံကို သိမှု-စိတ်ဝိညာဏ်သည် လိုချင် တပ်မက်မှု-ဆန္ဒရာဂဖြင့် ဖွဲ့ချည်အပ်သည် အကယ်၍ ဖြစ်ငြားအံ့၊ စိတ်ဝိညာဏ်ကို ဆန္ဒရာဂက ဖွဲ့ချည်ထားခြင်းကြောင့် ထိုပစ္စုပ္ပန်တရားကို နှစ်သက်၏၊ ထိုပစ္စုပ္ပန်တရားကို နှစ်သက်သောသူသည် ပစ္စုပ္ပန်တရားတို့၌ (တဏှာဒိဋ္ဌိဖြင့်) အဆွဲအငင်ခံရ၏"ဟူ၍ ဟောထား (အပ်)ပေသည်။ ဆက်၍ ရှင်းပြအံ့-ဤပစ္စုပ္ပန်တို့တွင် သန္တတိပစ္စုပ္ပန်သည် အဋ္ဌကထာတို့၌ လာသည်၊ အဒ္ဓါပစ္စုပ္ပန်သည် သုတ်ပါဠိတော်၌ လာသည်။

ထိုပစ္စုပ္ပန် သုံးမျိုးတို့တွင် (ကေစိ)အချို့ဆရာတို့က "ခဏပစ္စုပ္ပန် စိတ်သည် စေတော ပရိယဉာဏ်၏ အာရုံဖြစ်သည်"ဟု ဆိုကုန်၏။ အဘယ် အကြောင်းကြောင့်နည်း?ဟူမူ—စိတ်ကိုသိသူ တန်ခိုးရှင်၏၎င်း, အခြားသူ၏၎င်း စိတ်သည် တခုသောခဏ၌ ပြိုင်တူဖြစ်သောကြောင့်ဟု ဆိုကုန်၏။ ဤအရာသည်လည်း ထိုကေစိတို့၏ ဥပမာပင်တည်း၊ ပန်းတဆုပ်ကို ကောင်းကင်၌ ပစ်လိုက်လျှင် ပန်းတပွင့်၏အညှာသည် အခြားပန်းတပွင့်၏ အညှာနှင့် ကေန်ပင် စွပ်မိရာသကဲ့သို့ ဤအတူပင် "သူတပါး၏စိတ်ကို သိအံ့"ဟု စိတ်အစု၏ အစွမ်းအားဖြင့် လူများအပေါင်း၏ စိတ်ကို နှလုံးသွင်းလိုက်လျှင် တယောက်၏ စိတ်ကို တခုသောစိတ်ဖြင့် ဥပါဒ်ခဏ၌သော်၎င်း, ဋီခဏ၌သော်၎င်း, ဘင်ခဏ၌သော်၎င်း မချွတ်ကေန်ပင် ထိုးထွင်းသိရာ၏ဟု

http://www.dhammadownload.com



ဆိုကုန်၏။ ထိုကေစိဆရာတို့၏ စကားကိုမူ[၁] အနှစ်တရာသော်လည်း အနှစ်တထောင်သော်လည်း နှလုံးသွင်း ဆင်ခြင်သောသူသည် အကြင်အာဝဇ္ဇန်းစိတ်ဖြင့် နှလုံးသွင်း၏၊ အကြင် အဘိညာဉ်ဇောစိတ်ဖြင့် သိ၏၊ ထိုနှစ်ခုသော စိတ်တို့၏ တပေါင်းတည်း မတည်ခြင်းကြောင့်ရင်း, အာဝဇ္ဇန်းစိတ်နှင့် ဇောစိတ်တို့၏ မဂ်ဖိုလ်ဝီထိမှတပါး အလိုမရှိအပ်သောအရာ၌ အာရုံကွဲပြားခြင်းသို့ ရောက်ခြင်းကြောင့်ရင်း[၂] မသင့်ဟူ၍ အဋ္ဌကထာတို့၌ ပယ်(အပ်)လေပြီ။

[၆၃] အသင့်အားဖြင့်မူကား သန္တတိပစ္စုပ္ပန်စိတ်သည်ရင်း, အဒ္ဓါ-ပစ္စုပ္ပန်စိတ်သည်ရင်း စေတောပရိယဉာဏ်၏ အာရုံဖြစ်သည်ဟု သိအပ်၏။ ထိုပစ္စုပ္ပန်နှစ်ပါးတို့တွင် ဖြစ်ဆဲ ဇော ဝီထိမှ နှစ်ဝီထိ သုံးဝီထိအတိုင်းအရှည်ရှိသော အတိတ် အနာဂတ်ကာလ၌ သူတပါး၏ အကြင်စိတ်သည် ရှိ၏၊ ထိုစိတ်အားလုံးသည် သန္တတိပစ္စုပ္ပန် မည်၏။ အဒ္ဓါပစ္စုပ္ပန်ကိုမူ ဇောဝါရဖြင့် ပြအပ်သည်ဟု သံယုတ်အဋ္ဌကထာ၌ဆို၏၊ ထိုစကားသည် ကောင်းစွာဆိုထားသည့် စကားပါပေတည်း။

---

မှတ်ချက်

၁—ထိုကေစိဆရာတို့၏ စကားကိုမူ....မသင့်ဟူ၍ အဋ္ဌကထာတို့၌ ပယ် (အပ်) လေပြီ-ဟု စပ်ပါ။

၂—မဂ်ဝီထိ၌ အာဝဇ္ဇန်းနှင့် ပရိကံ ဥပစာ အနုလုံတို့က လောကီရုပ်နာမ်ကို အာရုံပြုသည်၊ ဂေါတြဘူ မဂ် ဖိုလ်တို့က နိဗ္ဗာန်ကို အာရုံပြုသည်၊ ဖိုလ်ဝီထိ၌ အာဝဇ္ဇန်းနှင့် ပရိကံဇောတို့က လောကီရုပ်နာမ်ကို အာရုံပြုသည်၊ ဖိုလ်က နိဗ္ဗာန်ကို အာရုံပြုသည်—ဤသို့ မဂ်ဖိုလ်ဝီထိတို့၌သာ အာဝဇ္ဇန်း အခြေခံ ဇောတို့နှင့် မဂ်ဖိုလ်ဇောတို့ အာရုံကွဲပြားရိုးရှိသည်၊ အခြားဝီထိတို့၌ ကွဲပြားရိုးမရှိ၊ ထိုသို့ကွဲပြားရိုးမရှိပဲ အာရုံကွဲပြားသောကြောင့် မသင့်ဟု ဆိုလို၏။

http://www.dhammadownload.com



ယခုဆိုမည့်စကားသည် ထိုပစ္စုပ္ပန်စိတ်ကို သိရာ၌ အထင်အရှား ဖော်ပြချက်ပေတည်း။ စေတောပရိယဉာဏ်တန်ခိုးရှင်သည် သူတပါး၏ စိတ်ကို သိလို၍ နှလုံးသွင်းဆင်ခြင်၏၊ နှလုံးသွင်းသော အာဝဇ္ဇန်းစိတ်သည် ခဏပစ္စုပ္ပန်စိတ်ကို အာရုံပြု၍ ထိုစိတ်နှင့်ပင် ပြိုင်တူချုပ်၏၊ ထို့နောင် လေးကြိမ် ငါးကြိမ်သော ဇောတို့ဖြစ်ကုန်၏၊ ယင်းဇောတို့တွင် နောက်ဆုံးဇောသည် သူတပါးစိတ်ကို သိသော ဣဒ္ဓိစိတ်ပေတည်း (စေတောပရိယ-အဘိညာဉ်စိတ်ပေတည်း)၊ ကြွင်းသော ဇောသုံးလေးကြိမ်တို့သည် ကာမာဝစရဇောတို့ပေတည်း၊ အာဝဇ္ဇန်းနှင့် ပြိုင်တူချုပ်လေသော ထိုစိတ်သည်ပင် ထိုအလုံးစုံသော ဇောလေးငါးခုတို့၏ အာရုံ ဖြစ်သည်၊ ထိုအာဝဇ္ဇန်းနှင့် ဇောတို့သည် အာရုံလည်း မကွဲပြားကုန်၊ အဘယ့်ကြောင့်ဆိုသော်—အဒ္ဓါအလိုအားဖြင့် ပစ္စုပ္ပန်လျှင် အာရုံရှိသောကြောင့်ပေတည်း။ တခုတည်းသော အာရုံရှိသည်၏ အဖြစ်တူငြားသော်လည်း အဘိညာဉ် စိတ်သည်သာလျှင် သူတပါး၏ စိတ်ကို သိ၏၊ အခြားစိတ်တို့သည် မသိကုန်၊ ဥပမာပြရလျှင် စက္ခုဒွါရဝီထိ၌ စက္ခုဝိညာဏ်သည်သာလျှင် အဆင်းကိုမြင်သည်၊ အခြားစိတ်တို့သည် မမြင်ကုန်သကဲ့သို့ပေတည်း။ သို့ဖြစ်၍ ဤအဘိညာဉ်စိတ်သည် သန္တတိပစ္စုပ္ပန်၏ အစွမ်းအားဖြင့်ရင်း, အဒ္ဓါပစ္စုပ္ပန်၏ အစွမ်းအားဖြင့်ရင်း ပစ္စုပ္ပန်စိတ်လျှင် အာရုံရှိပေ၏။ တနည်းဆိုရလျှင် သန္တတိပစ္စုပ္ပန်သည်လည်း အဒ္ဓါပစ္စုပ္ပန်၌သာလျှင် ကျရောက်၏၊ ထို့ကြောင့် ဤအဘိညာဉ်စိတ်သည် အဒ္ဓါပစ္စုပ္ပန်၏ အစွမ်းအားဖြင့်သာလျှင် ပစ္စုပ္ပန်စိတ်ကို အာရုံပြုသည်ဟု သိအပ်ပေသည်။

သူတပါး၏စိတ်ကို အာရုံပြုသောကြောင့်ပင်လျှင် ဗဟိဒ္ဓလျှင် အာရုံရှိပေ၏။ ဤသို့လျှင် စေတောပရိယဉာဏ်၏ (၈) မျိုးသော အာရုံတို့၌ ဖြစ်ခြင်းကို သိအပ်၏။

http://www.dhammadownload.com



၄၁၇။ ပုဗ္ဗေနိဝါသဉာဏ်သည် ကာမ မဟဂ္ဂုတ် အပ္ပမာဏ မဂ် အတိတ် အဇ္ဈတ္တ ဗဟိဒ္ဓ နဝတ္တဗ္ဗအာရုံတို့၏ အစွမ်းအားဖြင့် (၈) ပါးသော အာရုံတို့၌ ဖြစ်၏။ အဘယ်သို့နည်း? ထိုပုဗ္ဗေနိဝါသဉာဏ်သည် ကာမာဝစရခန္ဓာတို့ကို အောက်မေ့သောကာလ၌ ကာမတရားလျှင် အာရုံရှိ၏၊ ရူပါဝစရ အရူပါဝစရခန္ဓာတို့ကို အောက်မေ့သောကာလ၌ မဟဂ္ဂုတ်တရားလျှင် အာရုံရှိ၏၊ အတိတ်ကာလ၌ မိမိသည်သော်ငင်း, သူတပါးတို့သည်သော်ငင်း ပွါးစေအပ်ပြီးသော မဂ်ကိုငင်း၊ မျက်မှောက်ပြုအပ်ပြီးသော ဖိုလ်ကိုငင်း အောက်မေ့သောကာလ၌ အပ္ပမာဏတရားလျှင် အာရုံရှိ၏၊ ပွါးစေအပ်ပြီးသောမဂ်ကိုသာလျှင် အောက်မေ့သောကာလ၌ မဂ်လျှင် အာရုံရှိ၏၊ ကိန်းသေအားဖြင့်ကား ဤပုဗ္ဗေနိဝါသဉာဏ်သည် အတိတ်ကိုသာလျှင် အာရုံပြု၏။

ထိုဉာဏ်တို့တွင် [၁] စေတောပရိယဉာဏ်နှင့် ယထာကမ္မုပဂဉာဏ်တို့သည်လည်း အတိတ်ကို အာရုံပြုကုန်သည် အကယ်၍ကား ဖြစ်ကုန်၏၊ သို့သော်လည်း ထိုဉာဏ် ၂-ပါးတို့တွင် စေတောပရိယဉာဏ်သည် (၇) ရက်အတွင်း အတိတ်ကာလ၌ဖြစ်သော စိတ်ကိုသာလျှင် အာရုံပြုနိုင်၏၊ မှန်ပေ၏-ထို စေတောပရိယဉာဏ်သည် စိတ်မှတပါးသောခန္ဓာကိုငင်း,ခန္ဓာတို့နှင့်စပ်သော တရားကိုငင်း မသိနိုင်။ ထို့ပြင် မဂ်နှင့်ယှဉ်သည့်စိတ်ကို အာရုံပြုသောကြောင့်သာလျှင် ပရိယာယ်အားဖြင့် မဂ်လျှင်အာရုံရှိသည်ဟု ဆိုအပ်ပေသည်။ ထိုမှတပါး ယထာကမ္မုပဂဉာဏ်၏ အာရုံသည် အတိတ် စေတနာမျှ

---

မှတ်ချက်

၁–ဤမှစ၍ ဤစာပိုဒ်အတွင်း၌ "အဋ္ဌကထာနည်းပေတည်း" ဟူသော စကားတိုင်အောင် စေတောပရိယဉာဏ် ယထာကမ္မုပဂဉာဏ်တို့နှင့် ပုဗ္ဗေနိဝါသဉာဏ် ထူးခြားပုံကို ရှေးအဋ္ဌကထာအဆိုအရ ပြသည်။ ထိုမှ နောက်၌ အရှင်ဗုဒ္ဓဃောသဟူသော မိမိ၏ အလိုအရ ပြသည်။

http://www.dhammadownload.com



သာလျှင် ဖြစ်သည်၊ အတိတ်ခန္ဓာတို့သည်ရင်း, ခန္ဓာတို့နှင့်စပ်သော တစုံတခုသည်ရင်း ပုဗ္ဗေနိဝါသဉာဏ်၏ အာရုံမဖြစ်သည် မည်သည် မရှိပေ။ [၆၄] မှန်ပေ၏-ထိုပုဗ္ဗေနိဝါသဉာဏ်သည် အတိတ်ခန္ဓာတို့၌ရင်း, ယင်းတို့နှင့် စပ်သည့်တရားတို့၌ရင်း သဗ္ဗညုတဉာဏ်၏ အလားကဲ့သို့သော အလားရှိပေ၏ဟူသော ဤအထူးကို သိအပ်၏။ ဤနည်းသည် ဤအရာ၌ အဋ္ဌကထာနည်းပေတည်း။ သို့သော်လည်း "ကုသိုလ်ခန္ဓာတို့သည် ဣဒ္ဓိဝိဓဉာဏ်အားရင်း,စေတောပရိယဉာဏ်အားရင်း,ပုဗ္ဗေနိဝါသာနုဿတိဉာဏ်အားရင်း, ယထာကမ္မုပဂဉာဏ်အားရင်း, အနာဂတံသဉာဏ်အားရင်း အာရမ္မဏပစ္စည်းဖြင့် ကျေးဇူးပြု၏"ဟု ပဋ္ဌာန်းပါဠိတော်၌ ဟောတော်မူသောကြောင့် ခန္ဓာလေးပါးတို့သည်လည်း စေတောပရိယဉာဏ် ယထာကမ္မုပဂဉာဏ်တို့၏ အာရုံဖြစ်ကုန်၏၊ ထိုတွင်လည်း ယထာကမ္မုပဂဉာဏ်၏အာရုံသည် ကုသိုလ် အကုသိုလ်ခန္ဓာတို့သည်သာ ဖြစ်ကုန်၏။

ထိုမှတပါး ဤပုဗ္ဗေနိဝါသဉာဏ်သည် မိမိ၏ခန္ဓာတို့ကို အောက်မေ့သော ကာလ၌ အဇ္ဈတ္တလျှင် အာရုံရှိ၏၊ သူတပါး၏ ခန္ဓာတို့ကို အောက်မေ့သော ကာလ၌ ဗဟိဒ္ဓလျှင် အာရုံရှိ၏။ "အတိတ်ကာလ၌ ဝိပဿီမည်သော မြတ်စွာဘုရားသည် ပွင့်တော်မူလေပြီ၊ ထိုဘုရား၏ မယ်တော်သည် ဗန္ဓုမတီမည်၏၊ ခမည်းတော်သည် ဗန္ဓုမာမည်၏" ဤသို့ စသောနည်းဖြင့် အမည် အနွယ် ပထဝီကသိုဏ်းနိမိတ်စသည်ကို အောက်မေ့သောကာလ၌ နဝတ္တဗ္ဗတရားလျှင်[၁] အာရုံရှိ၏။ ဤအရာ၌ အမည် အနွယ်ဟူသည်မှာ ခန္ဓာတို့နှင့်စပ်သော ခေါ်ဆိုသမုတ်ခြင်းဖြင့်ပြီးသော သဒ္ဒါ၏အနက်ဟု[၁] သိအပ်၏၊ သဒ္ဒါကား မဟုတ်ပေ။ မှန်ပေ၏-အသံသဒ္ဒါသည် သဒ္ဒါယတနဖြင့် ရေတွက်အပ်သော

---

မှတ်ချက်

၁-အသံသဒ္ဒါဖြင့် ပြောဆိုအပ် သိအပ်သော အမည်ပညတ်ဟု ဆိုလို၏။

http://www.dhammadownload.com



ကြောင့် ကာမတရားဖြစ်ပေသည်။ ဤအဆိုနှင့်အညီ "နိရုတ္တိပဋိသမ္ဘိဒါသည် ကာမတရားလျှင် အာရုံရှိ၏"ဟု ဟောတော်မူ၏။ ဤအဆိုသည် ဤအရာ၌ ငါတို့၏ နှစ်သက်သဘောကျသော အလိုပေတည်း။ ဤသို့လျှင် ပုဗ္ဗေနိဝါသ ဉာဏ်၏ (၈)မျိုးသော အာရုံတို့၌ ဖြစ်ခြင်းကို သိအပ်၏။

၄၁၈။ ဒိဗ္ဗစက္ခုဉာဏ်သည် ကာမ ပစ္စုပ္ပန် အဇ္ဈတ္တ ဗဟိဒ္ဓအာရုံတို့ အလို အားဖြင့် လေးမျိုးသော အာရုံတို့၌ ဖြစ်၏။ အဘယ်သို့နည်း? ထိုဒိဗ္ဗ စက္ခုဉာဏ်သည် အဆင်းကိုအာရုံပြုသောကြောင့်၎င်း, ယင်းအဆင်းသည် ကာမတရားဖြစ်သောကြောင့်၎င်း ကာမတရားလျှင် အာရုံရှိ၏။ ရှိဆဲ အဆင်း၌သာလျှင် ဖြစ်သောကြောင့် ပစ္စုပ္ပန်လျှင် အာရုံရှိ၏။ မိမိ၏ ဝမ်းစသည်၌တည်သောအဆင်းကို မြင်သောအခါ၌ အဇ္ဈတ္တလျှင် အာရုံရှိ၏။ သူတပါး၏အဆင်းကို မြင်သောအခါ၌ ဗဟိဒ္ဓလျှင် အာရုံရှိ၏။ ဤသို့လျှင် ဒိဗ္ဗစက္ခုဉာဏ်၏ လေးမျိုးသောအာရုံတို့၌ ဖြစ်ခြင်းကို သိအပ်၏။

၄၁၉။ အနာဂတံသဉာဏ်သည် ကာမ မဟဂ္ဂုတ် အပ္ပမာဏ မဂ် အနာ ဂတ် အဇ္ဈတ္တ ဗဟိဒ္ဓ နဝတ္တဗ္ဗအာရုံတို့၏ အလိုအားဖြင့် (၈)မျိုးသော အာရုံတို့၌ ဖြစ်၏။ အဘယ်သို့နည်း? ထိုအနာဂတံသဉာဏ်သည် "ဤသူသည် နောင်အခါ၌ ကာမာဝစရဘုံမှာ ဖြစ်လိမ့်မည်"ဟု သိသောကာလ၌ ကာမလျှင် အာရုံရှိ၏။ "ရူပါဝစရဘုံ၌သော်၎င်း အရူပါဝစရဘုံ၌သော်၎င်း ဖြစ်လိမ့်မည်"ဟု သိသောကာလ၌ မဟဂ္ဂုတ်လျှင် အာရုံရှိ၏။ "မဂ်ကို ပွါးစေလိမ့်မည်၊ ဖိုလ်ကို မျက်မှောက်ပြုလိမ့်မည်"ဟု သိသောအခါ၌ အပ္ပမာဏလျှင် အာရုံရှိ၏။ "မဂ်ကိုပွါးစေလိမ့်မည်"ဟူ၍သာလျှင် သိသော အခါ၌ မဂ်လျှင် အာရုံရှိ၏။ ကိန်းသေအားဖြင့်မူကား ထိုအနာဂတံသဉာဏ် သည် အနာဂတ်လျှင် အာရုံရှိသည်သာ ဖြစ်၏။

http://www.dhammadownload.com



[၆၅] ထိုဉာဏ်တို့တွင်[၁] စေတောပရိယဉာဏ်သည်လည်း အနာဂတ်ကို အာရုံပြုသည် အကယ်၍ကား ဖြစ်ပေ၏၊ သို့သော်လည်း ထိုစေတောပရိယ ဉာဏ်သည် အနာဂတ်(၇)ရက်အတွင်း၌ စိတ်ကိုသာလျှင် အာရုံပြုနိုင်၏၊ စိတ်မှတပါးသော ခန္ဓာကိုဣင်း, ခန္ဓာနှင့်စပ်သော တရားကိုဣင်း မသိနိုင်။ အနာဂတံသဉာဏ်မှာမူ ပုဗ္ဗေနိဝါသဉာဏ်၌ ဆိုခဲ့ပြီးသောနည်းဖြင့် အနာဂတ် ကာလ၌ မသိနိုင်သော အာရုံမည်သည် မရှိပေ။ "ငါသည် ဤမည်သော ဘဝ၌ ဖြစ်ရအံ့"ဟု သိသောအခါ၌ အဇ္ဈတ္တလျှင် အာရုံရှိ၏။ "ဤမည်သော သူသည် ဤမည်သောဘဝ၌ ဖြစ်လိမ့်မည်"ဟု သိသောအခါ၌ ဗဟိဒ္ဓလျှင် အာရုံရှိ၏။ "နောင်အခါ၌ မေတ္တေယျမည်သော ဘုရားသည် ပွင့်တော်မူ လတံ့၊ ထိုဘုရား၏ ခမည်းတော်သည် သုဗြဟ္မာမည်သော ပုဏ္ဏားဖြစ်လတံ့၊ မယ်တော်သည် ဗြဟ္မဝတီမည်သော ပုဏ္ဏေးမဖြစ်လတံ့" ဤသို့ အစရှိသော နည်းဖြင့် အမည် အနွယ်တို့ကို သိသောအခါ၌ ပုဗ္ဗေနိဝါသဉာဏ်အရာတွင် ဆိုခဲ့ပြီးသော နည်းဖြင့်ပင်လျှင် နဝတ္တဗ္ဗတရားလျှင် အာရုံရှိ၏။ ဤသို့လျှင် အနာဂတံသဉာဏ်၏ (၈)မျိုးသောအာရုံတို့၌ ဖြစ်ခြင်းကို သိအပ်၏။

၄၂၀။ ယထာကမ္မုပဂဉာဏ်သည် ကာမ မဟဂ္ဂုတ် အတိတ် အဇ္ဈတ္တ ဗဟိဒ္ဓအာရုံတို့၏ အလိုအားဖြင့် ငါးမျိုးသော အာရုံတို့၌ ဖြစ်၏။ အဘယ် သို့နည်း? ထိုယထာကမ္မုပဂဉာဏ်သည် ကာမာဝစရကံကို သိသောအခါ၌ ကာမတရားလျှင် အာရုံရှိ၏။ ရူပါဝစရ အရူပါဝစရကံကို သိသောအခါ၌

---

မှတ်ချက်

၁—ဤမှစ၍ စေတောပရိယဉာဏ်ထက် အနာဂတံသဉာဏ်၏ အနာဂတ်အဖို့၌ အသိကျယ်ပုံကို ပြသည်။ ဤအရာ၌လည်း ရှေး၌ ထုတ်ပြခဲ့ပြီးသော ပဋ္ဌာန်းပါဠိတော်အရအားဖြင့် စိတ်မှတပါးသော ခန္ဓာတို့ကိုလည်း စေတော ပရိယဉာဏ်ဖြင့် သိနိုင်သေးသည်ဟု ဆိုသင့်၏။ သို့သော် ရှေး၌ ပြခဲ့ပြီး ဖြစ်သောကြောင့် ထပ်၍မပြခြင်းဖြစ်ရာ၏။

http://www.dhammadownload.com



မဟဂ္ဂုတ်တရားလျှင် အာရုံရှိ၏။ အတိတ်ကိုသာလျှင် သိတတ်သောကြောင့် အတိတ်လျှင် အာရုံရှိ၏။ မိမိ၏ကံကို သိသောအခါ၌ အဇ္ဈတ္တလျှင်အာရုံ ရှိ၏။ သူတပါး၏ကံကို သိသောအခါ၌ ဗဟိဒ္ဓလျှင် အာရုံရှိ၏။ ဤသို့လျှင် ယထာကမ္မုပဂဉာဏ်၏ ငါးမျိုးသောအာရုံတို့၌ ဖြစ်ခြင်းကို သိအပ်၏။ ဆက်၍ ရှင်းပြဦးအံ့၊ ဤအဇ္ဈတ္တာရမ္မဏတိက်အရာ၌ အဇ္ဈတ္တကိုလည်း အာရုံပြု၏၊ ဗဟိဒ္ဓကိုလည်း အာရုံပြု၏ဟု အကြင်စကားကို ရှေးအဋ္ဌကထာ၌ ဆိုထား၏၊ ထိုစကားမှာ ရံခါ အဇ္ဈတ္တကို ရံခါ ဗဟိဒ္ဓကို သိသောအခါ၌ အဇ္ဈတ္တဗဟိဒ္ဓနှစ်ပါးလုံးကို အာရုံပြုသည်လည်း ဖြစ်သေးသည်သာဟု နှလုံးသွင်း၍ ဆိုထားသောစကား ဖြစ်ပေသည်။ ဤတွင် တရပ်ပြီး၏။

ဤသည်ကား သူတော်ကောင်းအပေါင်းတို့၏ ဝမ်းမြောက်ခြင်းငှါ
ပြုစီရင်(အပ်)သော ဝိသုဒ္ဓိမဂ်ကျမ်းဝယ်

အဘိညာဉ်တို့ကို အကျယ်ပြချက်(အဘိညာနိဒ္ဒေသ)မည်သော
တဆယ့်သုံးခုမြောက် အပိုင်းအခဏ်းပေတည်း။

(အဘိညာဉ်တို့ကို အကျယ်ပြချက် ပြီး၏)

http://www.dhammadownload.com

## ၁၄-ခန္ဓနိဒ္ဒေသ ခန္ဓာတို့ကို အကျယ်ပြချက်

## ပညာကထာ-ပညာကို ပြဆိုချက်

[၆၆] ၄၂၁။ ယခုအခါ[1] ဤသို့(ပြဆိုခဲ့သည့်အတိုင်း) အဘိညာဉ်တို့၏ အစွမ်းအားဖြင့် ရပြီးသော (အဘိညာဉ်ဟူသော)အာနိသင်အကျိုးရှိသည် ဖြစ်၍[2] သာ၍ခိုင်ခံ့သော သမာဓိဘာဝနာနှင့် ပြည့်စုံသော (ယောဂီ) ရဟန်းသည်[3] "ပညာရှိသော လူသည် သီလ၌ တည်၍ စိတ်ကိုငှင်း, ပညာကိုငှင်း ပွါးစေသော်"ဟူသော ဤဒေသနာစကားထဲ၌ စိတ်ကို ပဓာနပြု၍ ညွှန်ပြထားသော သမာဓိကို ခပ်သိမ်းသော အခြင်းအရာအားဖြင့် ပွါးစေပြီး ဖြစ်လေပြီ။ ထို(သမာဓိ)၏အခြားမဲ့၌မူကား ပညာကို ပွါးစေအပ်ပေ၏။ ထိုပညာမှာလည်း အလွန်ကျဉ်းစွာ ဟောထားသောကြောင့် သိနားလည်ရန်ပင် မလွယ်ကူပဲ ရှိချေသည်၊ ပွါးစေရန် (မလွယ်ကူသည်) မှာ ဆိုဖွယ်ပင်မရှိတော့ပြီ။ ထို(သုံးပါးသောအကြောင်း)ကြောင့်[4] ထိုပညာ၏ အကျယ်ကိုငှင်း, ပွါးစေရန်(ဘာဝနာ)နည်းကိုငှင်း ပြရန်အတွက် အောက်ပါ မေးခွန်းပြဿနာအပေါင်းကို ထုတ်ပြအပ်၏။

(က) ပညာဟူသည် အဘယ်နည်း၊

(ခ) အဘယ်အနက်သဘောကြောင့် ပညာမည်သနည်း၊

---

မှတ်ချက်

၁–ယခုအခါ....မေးခွန်းပြဿနာအပေါင်းကို ထုတ်ပြအပ်၏-ဟု စပ်ပါ။

၂–အဘိညာဉ်ဟူသော အာနိသင်အကျိုးကို ရပြီးဖြစ်သောကြောင့်-ဟုဆိုလို၏။

၃–ရဟန်းသည်.... ပွါးစေပြီးဖြစ်လေပြီ....ပညာကို ပွါးစေအပ်ပေ၏-ဟု စပ်ပါ။

၄–သမာဓိကို ပွါးစေပြီးဖြစ်ခြင်း, ပညာကို ပွါးစေအပ်ခြင်း, ၎င်းကိုလည်း ပွါးစေရန် မလွယ်ကူခြင်းဟူသော ဤအကြောင်းသုံးပါးကြောင့်ဟု ဆိုလို၏။

http://www.dhammadownload.com



(ဂ) ထိုပညာ၏ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့ကား အဘယ်သည်တို့နည်း၊

(ဃ) ပညာသည် အဘယ်မျှအပြားရှိသနည်း၊

(င) ပညာကို အဘယ်သို့ ပွါးစေအပ်သနည်း၊

(စ) ပညာကို ပွါးစေခြင်း(ပညာဘာဝနာ)၏အကျိုးကား အဘယ်နည်း။

၄၂၂။ ထိုမေးခွန်းအပေါင်း၏ အဖြေမှာ အောက်ပါ အတိုင်းပင် ဖြစ်သည်။

(က) "**ပညာဟူသည် အဘယ်နည်း**"ဟူသော မေးခွန်း၌ ပညာသည် (ကုသိုလ်ပညာစသည်အားဖြင့်) များသော(အဖို့အစု အကွဲ)အပြားရှိ၏။ (သုတမယပညာ စသည်အားဖြင့်) အထူးထူးအပြားပြား (အသေးစိတ် အကွဲအပြား)ရှိ၏။ ထိုအကွဲအပြားအလုံးစုံကို ပြရန်အားထုတ်လျှင် (ထိုသို့သော)ဖြေရှင်းချက်သည် အလိုရှိအပ်သော အကျိုးကိုလည်း မပြီးစေနိုင်ရာ၊ ထို့ပြင် ပျံ့လွင့်(လျက် မဆိုင်ရာရောက်)သွားဖို့ရန်လည်း ဖြစ်လေရာ၏။ ထို့ကြောင့် ဤအရာ၌ အလိုရှိအပ်သော ပညာကိုသာလျှင် ဆိုကုန်အံ့၊ ကုသိုလ်စိတ်နှင့်ယှဉ်သော ဝိပဿနာဉာဏ်သည် **ပညာ**မည်၏။

၄၂၃။ (ခ) "**အဘယ်အနက်သဘောကြောင့် ပညာမည်သနည်း**" ဟူသော မေးခွန်း၌ အပြားအားဖြင့် သိခြင်းအနက်သဘောကြောင့် **ပညာ**မည်၏။ ဤအပြားဖြင့် သိခြင်းဟူသည် အဘယ်နည်း၊ အမှတ်ပြု၍ သိခြင်း, အထူးသိခြင်းတို့မှ ထူးခြားသော အထူးထူးအပြားပြားအားဖြင့် ခွဲခြား၍ သိခြင်းပေတည်း။ ချဲ့၍ပြရလျှင် – သညာ ဝိညာဏ် ပညာတို့၏ အာရုံကို သိသည်၏အဖြစ် ( အာရုံကိုသိခြင်း ) သည် တူညီသော်လည်း သညာသည် "အညို့ အဝ္ဒန္တ" ဤသို့(စသည်ဖြင့်) အာရုံကို မှတ်သိရုံမျှသာ

http://www.dhammadownload.com



ဖြစ်သည်။ "မမြဲ, ဆင်းရဲ, အတ္တမဟုတ်"ဟု လက္ခဏာသုံးပါး ထိုးထွင်း သိခြင်းသို့ ရောက်စေရန်ကား မစွမ်းနိုင်ပေ။ ဝိညာဏ်သည် "အညို အရွှေ" ဤသို့(စသည်ဖြင့်)အာရုံကိုလည်း သိ၏၊ လက္ခဏာသုံးပါး ထိုးထွင်းသိခြင်း သို့လည်း ရောက်စေ၏၊ သို့သော်လည်း အဆင့်ဆင့်တက်၍ အရိယမဂ် ဖြစ်ပေါ်ခြင်းသို့ ရောက်စေရန်ကား မစွမ်းနိုင်ပေ။ ပညာသည်ကား ဆိုခဲ့ပြီး သောနည်းဖြင့် အာရုံကိုလည်း သိ၏၊ လက္ခဏာသုံးပါး ထိုးထွင်းသိခြင်း သို့လည်း ရောက်စေ၏၊ အဆင့်ဆင့်တက်၍ အရိယမဂ်ဖြစ်ပေါ်ခြင်းသို့လည်း ရောက်စေ၏။

ဥပမာဖြင့်ပြရလျှင်၊ (ရွှေငွေရာပြတ်) ပွဲမင်း၏[၁] ပျဉ်ချပ် (စားပွဲခုံ) ၌ တင်ထားသော ငွေအသပြာအစုကို (ရောင်းဝယ်ရေး၌) အသိဉာဏ် မဖြစ် သေးသော သူငယ်တယောက်, ရွာသားဖြစ်သော ယောကျ်ား (လူကြီး) တယောက်,(ရွှေငွေရာပြတ်) ပွဲမင်းတယောက်ဟူသော သုံးဦးသော ပုဂ္ဂိုလ် တို့ [၆၇] မြင်ကြရာတွင် (ရောင်းဝယ်ရေး၌) အသိဉာဏ် မဖြစ်သေးသော သူငယ်သည် ငွေအသပြာတို့၏ အမျိုးမျိုး အထွေထွေ ဆန်းကြယ်ခြင်း, ရှည်လျားခြင်း, လေးထောင့်သဏ္ဍာန်ရှိခြင်း, ဝန်းဝိုင်းခြင်း မျှကိုသာ သိ၏၊

---

မှတ်ချက်

၁ – ပြည်ဆရာတော်ဘုရားကြီး၏ ဝိသုဒ္ဓိမဂ်နိဿယ၌ ဟေရညိကော-ပုဒ်ကို ပွဲမင်း ဟု ပြန်၏။ ရွှေငွေရာပြတ်မင်းပင်-ဟု ယူအပ်၏။ အနောက်နိုင်ငံ ပညာရှိ တို့က ငွေလဲလှယ်သူ ဘဏ်အလုပ်လုပ်သူ-ဟု ပြန်ကြ၏။ အဘယာရာမမှ အဘိဓာန်နိဿယ၌ ငွေတိုက်ဝန် ငွေတိုက်စိုး-ဟု ပြန်၏၊ ဦးစက္ကပါလ၏ အဘိဓာန်နိဿယ၌ ရွှေတိုက်ဝန်အမတ်-ဟု ပြန်၏။ အချို့ဆရာတို့ကမူကား ဤဟေရညိကော-ပုဒ်ကို ရွှေပန်းထိမ်သည်ဟု ပြန်ကြ၏၊ ၎င်းအနက်မှာမူ ရွှေပန်းထိမ်သည်ဟော သုဝဏ္ဏကာရော-ပုဒ် အသီးအခြားရှိသောကြောင့် မသင့်။

http://www.dhammadownload.com



"ဤအရာသည် လူတို့၏ အတွင်း အသုံးအဆောင်, အပ အသုံးအဆောင် (ကို ရထိုက်သော) ရတနာဟု သမုတ်အပ်သော ဝတ္ထုတည်း" ဟူ၍ကား မသိ၊ ရွာသားဖြစ်သော ယောကျ်ားသည် အထူးထူး အထွေထွေ ဆန်းကြယ်ခြင်း စသည်ကိုလည်း သိ၏၊ "ဤအရာသည် လူတို့၏ အတွင်း အသုံးအဆောင်, အပအသုံးအဆောင်(ကို ရထိုက်သော)ရတနာဟု သမုတ်အပ်သော ဝတ္ထုတည်း" ဟူ၍လည်း သိ၏၊ သို့သော် "ဤအသပြာသည် ငွေစစ်တည်း၊ ဤအသပြာကား ငွေတုတည်း၊ ဤအသပြာကား ထက်ဝက်အနှစ်ရှိသော ငွေတည်း"ဟု ဤသို့သော အကွဲအပြားကိုကား မသိ၊ (ရွှေငွေရာပြတ်) ပွဲမင်းသည်ကား ထိုအထူးအပြားတို့ကို အလုံးစုံပင် သိ၏၊ ထိုသို့သိရာ၌လည်း အသပြာကိုကြည့်ရှု၍လည်း သိ၏၊ တီးခေါက်အပ်သော အသပြာ၏အသံကို ကြား၍လည်း သိ၏၊ အနံ့ကို နမ်း၍လည်း သိ၏၊ အရသာကို လျက်၍လည်း သိ၏၊ လက်ဖြင့် ချိန်ဆ၍လည်း သိ၏၊ ဤမည်သော ရွာ၌သော်၎င်း၊ နိဂုံး၌သော်၎င်း၊မြို့၌သော်၎င်း၊တောင်၌သော်၎င်း၊ ဤမည်သော မြစ်ကမ်း၌သော်၎င်း၊ ပြုလုပ်သော ငွေဟူ၍လည်း သိ၏။ ဤမည်သောဆရာပြုလုပ်သော ငွေဟူ၍လည်း သိ၏။ (ဤကား ဥပမာတည်း)။

ဤ(သညာ, ဝိညာဏ်, ပညာတို့၏ သိပုံ) ကို ဤဥပမာနှင့်အတူပင် ဖြစ်သည်ဟု သိအပ်၏။ ဥပမာ ဥပမေယျ နှီးနှော၍ ပြရလျှင် သညာသည် အညိုစသည်အားဖြင့် အာရုံ၏ ထင်ပေါ်လာသော အခြင်းအရာမျှကိုသာ ယူတတ်သောကြောင့် အသိဉာဏ်မဖြစ်သေးသော သူငယ်၏ အသပြာကို မြင်ခြင်းနှင့် တူ၏၊ဝိညာဏ်သည် အညိုစသည်အားဖြင့် အာရုံ၏ အခြင်းအရာကို ယူတတ်သောကြောင့်၎င်း, ထို့ပြင် လက္ခဏာသုံးပါးကို ထိုးထွင်းသိခြင်းသို့ ရောက်စေတတ်သောကြောင့်၎င်း ရွာသားယောကျ်ား၏ ငွေအသပြာကို မြင်ခြင်းနှင့် တူ၏၊ ပညာသည် အညိုစသည်အားဖြင့် အာရုံ၏ အခြင်းအရာကို ယူ၍ လက္ခဏာသုံးပါးကို ထိုးထွင်းသိခြင်းသို့ ရောက်စေသည့်ပြင် အရိယ

http://www.dhammadownload.com



မင်္ဂ ထင်ရှား ဖြစ်ခြင်းသို့လည်း ရောက်စေသောကြောင့် (ရွှေငွေ ရာပြတ်) ပွဲမင်း၏ ငွေအသပြာကို မြင်ခြင်းနှင့် တူ၏။ ထို့ကြောင့် အမှတ်နိမိတ်ပြု၍ သိသော အခြင်းအရာ, အထူးသိသော အခြင်းအရာတို့မှ ထူးခြားသော ဤအထူးထူး အပြားပြားအားဖြင့် ခွဲခြား၍ သိခြင်းကို အပြားအားဖြင့် သိခြင်း(ပဇာနန)ဟု သိအပ်၏၊ ဤသို့သောသိခြင်းကိုပင် ရည်၍ "အပြားအားဖြင့် သိခြင်းအနက်ကြောင့် ပညာမည်၏" ဟူသော ဤစကားကို ငါ ဆိုခဲ့ပေသည်။

ထိုပညာသည် သညာ,ဝိညာဏ်တို့ရှိရာရာ စိတ္တုပ္ပါဒ်တိုင်း၌ ကေန်ရှိသည် ချည်း မဟုတ်ပေ၊ သို့သော် ပညာဖြစ်သောအခါ(ပညာယှဉ်သောစိတ္တုပ္ပါဒ်) ၌မူကား ထို (သညာ,ဝိညာဏ်) တရားတို့မှ ယင်း(ပညာ)ကို အသီးအခြား မခွဲခြမ်းနိုင်၊ "ဤသည်ကား သညာတည်း၊ ဤသည်ကား ဝိညာဏ်တည်း၊ ဤသည်ကား ပညာတည်း"ဟု အသီးအခြား ခွဲခြမ်း၍ မရနိုင်သော ထူးခြားခြင်းရှိ၏၊ သိမ်မွေ့လှ၏၊ မြင်နိုင်ခဲ၏၊ ထို့ကြောင့် အရှင်နာဂသိန် သည်—

"မြတ်သောမင်းကြီး၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ခဲယဉ်း စွာသော အမှုကို ပြုခဲ့ပေသည်"ဟု မိန့်တော်မူ၏။

"အရှင်နာဂသိန်ဘုရား၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် အဘယ်သို့ ခဲယဉ်းစွာသောအမှုကို ပြုခဲ့ပါသနည်း"ဟု မေးလျှောက်၏။

"မြတ်သော မင်းကြီး၊ တခုတည်းသော အာရုံ၌ဖြစ်ကုန်သော ရုပ် သဘော (အထည်ဒြပ်) မရှိကုန်သော စိတ်စေတသိက်တရားတို့၏ အကြင် ကွဲပြားခြင်းကို ဤသည်ကား ဖဿ၊ ဤသည်ကား ဝေဒနာ၊ ဤသည်ကား သညာ၊ ဤသည်ကား စေတနာ၊ ဤသည်ကား စိတ်ဟူ၍ ဟောကြား တော်မူခဲ့ပေ၏၊ ဤသို့ ခဲယဉ်းစွာသော အမှုကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ပြုတော်မူခဲ့ပေသည်"ဟု မိန့်တော်မူ၏။

http://www.dhammadownload.com



[၆၈] ၄၂၄။ (ဂ) **"ထိုပညာ၏ လက္ခဏာ ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန် တို့ကား အဘယ်သည်တို့နည်း"**ဟူသော ဤမေးခွန်း၌ ပညာသည်(ရုပ်နာမ်) တရားတို့၏ သဘောကို ထိုးထွင်းသိခြင်းလက္ခဏာရှိ၏၊(ရုပ်နာမ်)တရားတို့၏ သဘောကို ဖုံးလွှမ်းတတ်သော မောဟတည်းဟူသော အမှောင်ကို ဖျက်ဆီးခြင်းကိစ္စရှိ၏၊ မတွေမဝေ သိခြင်းဟူသော ပစ္စုပဋ္ဌာန် (ဉာဏ်၌ ရှေးရှုထင်သော အခြင်းအရာ)ရှိ၏၊ "စိတ်တည်ကြည်သောသူသည် ဟုတ်တိုင်းမှန်စွာ သိ၏ မြင်၏"ဟု ဟောတော်မူသောကြောင့် သမာဓိ (စိတ် တည်ကြည်ခြင်း)သည် ထို(ပညာ)၏ ပဒဋ္ဌာန်(နီးသောအကြောင်း)ပေတည်း။

## ပညာအပြားကို ပြဆိုချက်

၄၂၅။ (ဃ) **"ပညာသည် အဘယ်မျှ အပြားရှိသနည်း"** ဟူသော မေးခွန်း၌ ပညာသည် (ရုပ်နာမ်)တရားတို့၏သဘောကို ထိုးထွင်းသိခြင်း လက္ခဏာအားဖြင့် အကွဲအပြားမရှိ တပါးတည်းသာတည်း။

လောကီပညာ, လောကုတ္တရာပညာအားဖြင့် နှစ်ပါးအပြားရှိ၏၊ ထို့အတူ သာသဝပညာ,အနာသဝပညာ စသည်အားဖြင့်၎င်း၊ နာမဝဝတ္ထာပနပညာ, ရူပဝဝတ္ထာပနပညာအားဖြင့်၎င်း၊ သောမနဿသဟဂုတ် ပညာ, ဥပေက္ခာသဟဂုတ် ပညာအားဖြင့်၎င်း၊ ဒဿနဘူမိပညာ, ဘာဝနာဘူမိ ပညာအားဖြင့်၎င်း နှစ်ပါးစီ အပြားရှိ၏။

စိန္တာမယပညာ, သုတမယပညာ, ဘာဝနာမယပညာအားဖြင့် သုံးပါး အပြားရှိ၏၊ထို့အတူ ပရိတ္တာရမ္မဏပညာ,မဟဂ္ဂတာရမ္မဏပညာ,အပ္ပမာဏာရမ္မဏပညာအားဖြင့်၎င်း၊ အာယကောသလ္လ, အပါယကောသလ္လ, ဥပါယကောသလ္လအားဖြင့်၎င်း၊ အဇ္ဈတ္တာဘိနိဝေသပညာ စသည်အားဖြင့်၎င်း သုံးပါးစီအပြားရှိ၏။

http://www.dhammadownload.com



သစ္စာလေးပါးတို့၌ ဖြစ်သော ဉာဏ်၏ အစွမ်းအားဖြင့်၎င်း၊ လေးပါးသော ပဋိသမ္ဘိဒါဉာဏ်၏ အစွမ်းအားဖြင့်၎င်း လေးပါးစီအပြားရှိ၏။

၄၂၆။ ထိုတွင် တပါးတည်းအဖို့သည် ပေါ်လွင်ထင်ရှားသော အနက်ရှိ၏။ နှစ်ပါးအဖို့၌ လောကီမဂ်နှင့် ယှဉ်သော ပညာသည် လောကီပညာမည်၏၊ လောကုတ္တရာမဂ်နှင့်ယှဉ်သော ပညာသည် လောကုတ္တရာပညာမည်၏၊ ဤသို့လျှင် လောကီပညာ, လောကုတ္တရာပညာအားဖြင့် နှစ်ပါးအပြားရှိ၏။

ဒုတိယဒုက်၌ အာသဝေါတရားတို့၏ အာရုံဖြစ်သော ပညာသည် သာသဝ (အာသဝေါရှိသော) ပညာမည်၏။ ၎င်းအာသဝေါတို့၏ အာရုံမဟုတ်သောပညာသည် အနာသဝ (အာသဝေါမရှိသော) ပညာမည်၏။ သရုပ် တရားကိုယ်အားဖြင့်မူကား ဤ(နှစ်မျိုးသောပညာ)သည် လောကီပညာ လောကုတ္တရာပညာသာလျှင် ဖြစ်ပေ၏။ "အာသဝေါနှင့် မယှဉ်မူ၍ အာသဝေါရှိသောပညာ, အာသဝေါနှင့်လည်း မယှဉ် အာသဝေါလည်း မရှိသော ပညာ" ဤသို့ အစရှိသော ဒုက်တို့၌လည်း နည်းတူပင် (သိအပ်၏)။ ဤသို့လျှင် သာသဝပညာ, အနာသဝပညာ စသည်အားဖြင့် နှစ်ပါးအပြားရှိ၏။

တတိယဒုက်၌ ဝိပဿနာကို အားထုတ်လိုသော ပုဂ္ဂိုလ်၏ နာမက္ခန္ဓာလေးပါးတို့ကို ပိုင်းခြားသောပညာသည် နာမဝဝတ္ထာပနပညာ မည်၏၊ ရူပက္ခန္ဓာကို ပိုင်းခြားသောပညာသည် ရူပဝဝတ္ထာပနပညာ မည်၏၊ ဤသို့လျှင် နာမဝဝတ္ထာပနပညာ,ရူပဝဝတ္ထာပနပညာအားဖြင့် နှစ်ပါးအပြားရှိ၏။

စတုတ္ထဒုက်၌(သောမနဿသဟဂုတ်)ကာမာဝစရကုသိုလ်စိတ် ၂-ခုတို့၌၎င်း, ပဉ္စကနည်းအရ ဈာန်လေးပါးအပေါင်းနှင့် ယှဉ်သော မဂ်စိတ် ၁၆-ခုတို့၌၎င်း ပညာသည် သောမနဿသဟဂုတ်ပညာ မည်၏၊ (ဥပေက္ခာသဟဂုတ်) ကာမာဝစရစိတ် ၂-ခုတို့၌၎င်း, ပဉ္စမဈာန်နှင့် ယှဉ်သော မဂ်စိတ်

http://www.dhammadownload.com



၄-ခုတို့၌ရှင်း ပညာသည် ဥပေက္ခာသဟဂုတ်ပညာ မည်၏။ ဤသို့လျှင် သောမနဿသဟဂုတ်ပညာ, ဥပေက္ခာသဟဂုတ်ပညာ အားဖြင့် နှစ်ပါး အပြားရှိ၏။

[၆၉] ပဌမဒုက်၌ ပဌမမဂ်၌ ပညာသည် ဒဿနဘူမိ (နိဗ္ဗာန်ကို မြင်သောအဆင့်၌) ပညာမည်၏၊ ကြွင်းသော မဂ်သုံးပါး၌ ပညာသည် ဘာဝနာဘူမိ (ပွါးစေအပ်သောအဆင့်၌) ပညာမည်၏၊ ဤသို့လျှင် ဒဿနဘူမိပညာ, ဘာဝနာဘူမိပညာအားဖြင့် နှစ်ပါးအပြားရှိ၏။

၄၂၇။ တိက်တို့တွင် ပဌမတိက်၌ သူတပါးထံမှ (ညွှန်ကြားချက်ကို) မကြားရမူ၍ ရသောပညာသည် မိမိ၏ ကြံစည်ခြင်းမျှ၏ အစွမ်းအားဖြင့် ပြီးသောကြောင့် စိန္တာမယပညာမည်၏၊ သူတပါးထံမှ(ညွှန်ကြားချက်ကို) ကြားရ၍ ရသောပညာသည် ကြားဘူးသော သုတ၏ အစွမ်း အားဖြင့် ပြီးသောကြောင့် သုတမယပညာ မည်၏။ ( သူတပါးထံမှ ကြားရသည် ဖြစ်စေ မကြားရသည်ဖြစ်စေ) တစုံတခုသော အခြင်းအရာဖြင့် ဘာဝနာ၏ အစွမ်း အားဖြင့် ပြီးသော အပ္ပနာသို့ ရောက်သော ပညာသည် ဘာဝနာမယပညာ မည်၏။ ထို့ကြောင့်—

> "ထို (သုံးပါးသော ပညာတို့) တွင် စိန္တာမယ ပညာသည် အဘယ်နည်း၊ ပညာဖြင့် စီရင်အပ်ကုန်သော အမှုအရာတို့၌သော်ငြင်း[၁]၊ ပညာဖြင့်စီရင်အပ်ကုန်သော အတတ်အရာတို့၌ သော်ငြင်း[၂]၊ ပညာဖြင့် စီရင်အပ်ကုန်သော (ဆေးပညာစသော) ဝိဇ္ဇာဌာန တို့၌သော်ငြင်း[၃]၊ကမ္မဿကတာဉာဏ်သော်လည်းဖြစ်သော[၄]၊ 'ရုပ်သည် မမြဲ' ဟူ၍သော်ငြင်း၊ ဝေဒနာသည်၊ သညာသည်၊ သင်္ခါရတို့သည်

မှတ်ချက်

၁-၂-၃-၄-ဤပုဒ်တို့ကို "ရှုစွမ်းနိုင်သော(ခန္တိ)ဉာဏ်ကိုငြင်း"စသည်တို့နှင့် စပ်ပါ။

http://www.dhammadownload.com



မမြဲကုန်ဟူ၍သော်၎င်း၊ ဝိညာဏ်သည် မမြဲဟူ၍သော်၎င်း၊ (ဖြစ်သော) သစ္စာနုလောမိက ဉာဏ်သော်လည်းဖြစ်သော ဤသို့ သဘောရှိသော (အမှုအရာစသည်တို့နှင့်)လျော်သော အကြင်သို့သော ရှုစွမ်းနိုင်သော(ခန္တိ)ဉာဏ်ကို၎င်း၊ မြင်တတ်သော (ဒိဋ္ဌိ) ဉာဏ်ကို၎င်း၊ နှစ်သက်သော (ရုစိ)ဉာဏ်ကို၎င်း၊ သိသော (မုတိ) ဉာဏ်ကို၎င်း၊ ရှုသော(ပေက္ခ)ဉာဏ်ကို၎င်း၊ (ကမ္မာယတနစသော) တရားတို့၏ အရှုခံကြောင်းဖြစ်သော (ဓမ္မနိဇ္ဈာနခန္တိ) ဉာဏ်ကို၎င်း သူတပါးထံမှ (ညွှန်ကြားချက်ကို) မကြားရဘဲ ရငြားအံ့၊ ဤအသိဉာဏ်ကို စိန္တာမယပညာဟု ဆိုအပ်၏။ပ။ သူတပါးထံမှ(ညွှန်ကြားချက်ကို) ကြား၍ ရငြားအံ့၊ ဤအသိဉာဏ်ကို သုတမယပညာဟု ဆိုအပ်၏။ သမာပတ်သို့ ရောက်သောပုဂ္ဂိုလ်၏ အလုံးစုံသော ပညာသည် ဘာဝနာမယပညာ မည်၏”ဟူသော—

ဤစကားကို ဟောတော်မူ၏။ ဤသို့လျှင် စိန္တာမယ, သုတမယ, ဘာဝနာမယအားဖြင့် သုံးပါးအပြားရှိ၏။

ဒုတိယတိက်၌ ကာမာဝစရတရားတို့ကို အာရုံပြု၍ဖြစ်သော ပညာသည် ပရိတ္တာရမ္မဏပညာ မည်၏၊ ရူပါဝစရ အရူပါဝစရတရားတို့ကို အာရုံပြု၍ ဖြစ်သော ပညာသည် မဟဂ္ဂတာရမ္မဏပညာ မည်၏၊ ၎င်း(ပညာနှစ်ပါး) သည် လောကီဝိပဿနာပေတည်း။ နိဗ္ဗာန်ကို အာရုံပြု၍ဖြစ်သော ပညာသည် အပ္ပမာဏာရမ္မဏပညာ မည်၏၊ ၎င်း(ပညာ)သည် လောကုတ္တရာ ဝိပဿနာ ပေတည်း။ ဤသို့လျှင် ပရိတ္တာရမ္မဏပညာ,မဟဂ္ဂတာရမ္မဏပညာ, အပ္ပမာဏာရမ္မဏပညာအားဖြင့် သုံးပါး အပြားရှိ၏။

တတိယတိက်၌ **အာယ** မည်သည်ကား ကြီးပွါးခြင်းပင်တည်း၊ ထို ကြီးပွါးခြင်းသည် အကျိုးမဲ့၏ ဆုတ်ယုတ်ခြင်း, အကျိုးစီးပွါး၏ ဖြစ်ခြင်း အားဖြင့် နှစ်ပါး အပြားရှိ၏။ ထို(နှစ်ပါးသော ကြီးပွါးခြင်း)၌ ကျွမ်းကျင်

http://www.dhammadownload.com



လိမ္မာခြင်းသည် **အာယကောသလ္လ** မည်၏။ အဘယ်ကဲ့သို့ ဟောတော်မူသနည်းဟူမူ—

"ထို (သုံးပါးသော ကောသလ္လဉာဏ်တို့) တွင် အာယကောသလ္လ (ကြီးပွါးခြင်း၌ ကျွမ်းကျင်လိမ္မာခြင်း) သည် အဘယ်နည်း၊ ဤတရားတို့ကို နှလုံးသွင်းသော ငါ့အား မဖြစ်သေးသော အကုသိုလ်တရားတို့သည်လည်း မဖြစ်ပေါ်လာကုန်၊ ဖြစ်ပြီးသော အကုသိုလ်တရားတို့သည်လည်း ပျောက်ကင်းကုန်၏၊ တနည်းအားဖြင့် ဤတရားတို့ကို နှလုံးသွင်းသော ငါ့အား မဖြစ်သေးသော ကုသိုလ်တရားတို့သည်လည်း ဖြစ်ပေါ်လာကုန်၏၊ ဖြစ်ပြီးသော ကုသိုလ်တရားတို့သည်လည်း လွန်စွာဖြစ်ခြင်းငှါ ပြန့်ပွါးခြင်းငှါ ဘာဝနာပြည့်စုံခြင်းငှါ ဖြစ်ကုန်၏ (ဟူ၍) ထို (အကုသိုလ်မဖြစ်ခြင်းစသည်) ၌ အကြင်သို့သော ပညာသည် အပြားအားဖြင့် သိခြင်းသည်။ပ။ မတွေဝေခြင်းသည်၊ တရားတို့ကို စိစစ်ခြင်းသည်၊ မှန်စွာမြင်သော သမ္မာဒိဋ္ဌိသည် ဖြစ်၏။ ဤသို့သော အသိဉာဏ်ကို အာယကောသလ္လ (ကြီးပွါးခြင်း၌ ကျွမ်းကျင် လိမ္မာခြင်း) ဟူ၍ ဆိုအပ်၏"ဟု ဟောတော်မူ၏။

[၇၀] ထိုမှတပါး **အပါယ** မည်သည်ကား မကြီးပွါးခြင်း ပျက်စီးခြင်း ပင်တည်း၊ ထိုပျက်စီးခြင်းသည်လည်း အကျိုးစီးပွါး၏ ဆုတ်ယုတ်ခြင်း, အကျိုးမဲ့၏ ဖြစ်ပေါ်ခြင်းအားဖြင့် နှစ်ပါးအပြားရှိ၏။ ထို (နှစ်ပါးသော ပျက်စီးခြင်း) ၌ ကျွမ်းကျင် လိမ္မာခြင်းသည် **အပါယကောသလ္လ** မည်၏၊ အဘယ်ကဲ့သို့ ဟောတော်မူသနည်း ဟူမူ—

"ထို (သုံးပါးသော ကောသလ္လတို့) တွင် အပါယကောသလ္လ (ပျက်စီးခြင်း၌ ကျွမ်းကျင်လိမ္မာခြင်း) သည် အဘယ်နည်း။ ဤတရားတို့ကို နှလုံးသွင်းသော ငါ့အား မဖြစ်သေးသော ကုသိုလ်တရား

http://www.dhammadownload.com



တို့သည်လည်း မဖြစ်ပေါ်လာကုန်"—ဤသို့စသည်ဖြင့် ဟောတော်မူ၏။

အလုံးစုံသော ကိစ္စတို့၌ ထိုထို (စီးပွါးချမ်းသာ) တရားတို့၏[၁] ဥပါယမည်ကုန်သော ဖြစ်ကြောင်း နည်းလမ်းတို့၌ ထိုခဏချင်းဖြစ်သော ချက်ချင်းဖြစ်ပေါ်လာသော ကျွမ်းကျင်လိမ္မာသော အသိဉာဏ်သည် **ဥပါယကောသလ္လ** မည်၏၊ အဘယ်ကဲ့သို့ ဟောတော်မူသနည်းဟူမူ—

"ထိုထို ကိစ္စတို့၌ အကြောင်းမှန်ကို သိသော အလုံးစုံသော ပညာသည် ဥပါယကောသလ္လ မည်၏"ဟု ဟောတော်မူ၏။

ဤသို့လျှင် အာယကောသလ္လ, အပါယကောသလ္လ, ဥပါယကောသလ္လ အားဖြင့် သုံးပါး အပြားရှိ၏။

စတုတ္ထတိက်၌ မိမိ၏ခန္ဓာတို့ကို ယူလျက်(ရှုလျက်)အားထုတ်စပြုသော ဝိပဿနာပညာသည် အဇ္ဈတ္တာဘိနိဝေသပညာ မည်၏၊ သူတပါး၏ ခန္ဓာတို့ကိုသော်၎င်း၊ သတ္တဝါ၏ ခန္ဓာမှ ပြင်ပဖြစ်သော ဣန္ဒြေနှင့် မစပ်သော အနိန္ဒြိယဗဒ္ဓရုပ်ကိုသော်၎င်း ယူလျက် (ရှုလျက်) အားထုတ်စ ပြုသော ဝိပဿနာပညာသည်ဗဟိဒ္ဓါဘိနိဝေသပညာမည်၏၊ အဇ္ဈတ္တဗဟိဒ္ဓနှစ်ပါးစုံကို ယူလျက် (ရှုလျက်) အားထုတ်စပြုသော ဝိပဿနာပညာသည် အဇ္ဈတ္တဗဟိဒ္ဓါဘိနိဝေသပညာ မည်၏၊ ဤသို့လျှင် အဇ္ဈတ္တာဘိနိဝေသပညာ စသည်အားဖြင့် သုံးပါး အပြားရှိ၏။

၄၂၇။ စတုက္ကတို့တွင် ပဌမစတုက္က၌ ဒုက္ခသစ္စာကို အာရုံပြု၍ဖြစ်သော ဉာဏ်သည် ဒုက္ခေ ဉာဏ် မည်၏၊ ဒုက္ခသမုဒယသစ္စာကို အာရုံပြု၍ဖြစ်သော

---

မှတ်ချက်

၁–ထိုထို(စီးပွါးချမ်းသာ)တရားတို့၏....ဖြစ်ကြောင်း နည်းလမ်းတို့၌-ဟု စပ်ပါ။

http://www.dhammadownload.com



ဉာဏ်သည် ဒုက္ခသမုဒယ၌ ဉာဏ်မည်၏၊ ဒုက္ခနိရောဓသစ္စာကို အာရုံပြု၍ ဖြစ်သော ဉာဏ်သည် ဒုက္ခနိရောဓ၌ ဉာဏ် မည်၏၊ ဒုက္ခနိရောဓသို့ ဆိုက် ရောက်သော အကျင့်ဖြစ်သော မဂ္ဂသစ္စာကို အာရုံပြု၍ဖြစ်သော ဉာဏ်သည် ဒုက္ခနိရောဓသို့ ဆိုက်ရောက်သော အကျင့်၌ ဉာဏ် မည်၏၊ ဤသို့လျှင် လေးပါးသော သစ္စာတို့၌ ဉာဏ်၏ အစွမ်းအားဖြင့် လေးပါး အပြားရှိ၏။

ဒုတိယ စတုက္က၌ လေးပါးသော ပဋိသမ္ဘိဒါတို့ မည်သည်ကား အကျိုး စသည်တို့၌ အထူးအပြားကို သိသော လေးပါးသော ဉာဏ်တို့တည်း။ ထို့ကြောင့်—

"အကျိုး၌သိသော ဉာဏ်သည် အတ္ထပဋိသမ္ဘိဒါ မည်၏၊ အကြောင်း၌ သိသောဉာဏ်သည် ဓမ္မပဋိသမ္ဘိဒါ မည်၊ ထို(အကျိုး အကြောင်း) ၌ (ဖြစ်သော) သဘာဝနိရုတ္တိ[၁] (မှန်ကန်သော ဘာသာသဒ္ဒါ)ကို ပြောဆိုရာ၌ သိသောဉာဏ်သည် နိရုတ္တိပဋိသမ္ဘိဒါ မည်၏၊ ဉာဏ်တို့၌ သိသောဉာဏ်သည် ပဋိဘာန ပဋိသမ္ဘိဒါ မည်၏"

ဟူသော ဤစကားကို ဟောတော်မူ၏။

ထို(ဒေသနာစကားထဲ) ၌ အတ္ထ ဟူသော ဤအမည်သည် အကျဉ်းအား ဖြင့် အကြောင်း၏ အကျိုးဖြစ်သောတရား၏ အမည်တည်း၊ အကြောင်း၏ အကျိုးကို အကြောင်းမှ အစဉ်လျှောက်သဖြင့် သိအပ် ရောက်အပ်သော ကြောင့် အတ္ထဟု ဆိုအပ်၏၊ အကျယ်အသေးစိတ် အပြားအားဖြင့်ကား—

---

မှတ်ချက်

၁—အကျိုးအကြောင်း၌ဖြစ်သော သဘာဝနိရုတ္တိ-ဟူသည်မှာ အကျိုးကိုရင်း အကြောင်းကိုရင်း ဟောသော သဒ္ဒါမှန်ပင် ဖြစ်သည်။

http://www.dhammadownload.com



(၁) အကြောင်းကြောင့်ဖြစ်သော တစုံတခုသော အကျိုးတရား၊

(၂) နိဗ္ဗာန်၊

(၃) ဟောဆို(အပ်)သော ဘာသာပါဠိ၏ အနက်၊

(၄) ဝိပါက်၊

(၅) ကိရိယာဟူသော ဤငါးပါးသောတရားတို့ကို အတ္ထဟု သိအပ်၏။ ထိုအတ္ထ (အကျိုး)ကို ဆင်ခြင်သော ပုဂ္ဂိုလ်အား ထိုအကျိုး၌ အထူးအပြားကို သိသော ဉာဏ်သည် **အတ္ထပဋိသမ္ဘိဒါ**မည်၏။

**ဓမ္မ** ဟူသော ဤအမည်သည်လည်း အကျဉ်းအားဖြင့် အကြောင်းတရား၏ အမည်တည်း၊ အကြောင်းတရားသည် ထိုထိုအကျိုးကို ဖြစ်စေတတ် ရောက်စေတတ်သောကြောင့် ၎င်းကို **ဓမ္မ** ဟု ဆိုအပ်၏။ [၇၁] အကျယ် အသေးစိတ် အပြားအားဖြင့်ကား —

(၁) အကျိုးကို ဖြစ်စေတတ်သော တစုံတခုသော အကြောင်းတရား၊

(၂) အရိယာမဂ်၊

(၃) ဟောဆို(အပ်)သော ဘာသာပါဠိ၊

(၄) ကုသိုလ်၊

(၅) အကုသိုလ်ဟူသော ဤငါးပါးသော အကြောင်းတရားတို့ကို ဓမ္မဟု သိအပ်၏။ ထိုဓမ္မ(အကြောင်းတရားကို)ဆင်ခြင်သော ပုဂ္ဂိုလ်အား ထိုအကြောင်းတရား၌ အထူးအပြားကို သိသောဉာဏ်သည် **ဓမ္မပဋိသမ္ဘိဒါ** မည်၏၊ မှန်ပေ၏— ဤ ပြဆိုခဲ့သော အနက်ကိုပင်လျှင် အဘိဓမ္မဝိဘင်း ပါဠိတော်၌—

http://www.dhammadownload.com



"ဒုက္ခ၌ သိသောဉာဏ်သည် အတ္ထပဋိသမ္ဘိဒါ မည်၏၊ ဒုက္ခသမုဒယ၌သိသော ဉာဏ်သည် ဓမ္မပဋိသမ္ဘိဒါမည်၏။ အကြောင်း၌သိသော ဉာဏ်သည် ဓမ္မပဋိသမ္ဘိဒါ မည်၏၊ အကြောင်း၏အကျိုး၌သိသော ဉာဏ်သည် အတ္ထပဋိသမ္ဘိဒါ မည်၏၊ အကြင် (အကျိုး) တရားတို့သည် ဖြစ်ကုန်၏၊ ထင်ရှားဖြစ်ကုန်၏၊ ကောင်းစွာ ဖြစ်ကုန်၏၊ အသစ်ဖြစ်ကုန်၏၊ ထင်ရှား ဖြစ်ပေါ်လာကုန်၏၊ ဤ (အကျိုး)တရားတို့၌ သိသောဉာဏ်သည် အတ္ထပဋိသမ္ဘိဒါ မည်၏။ ထို(ဆိုခဲ့သောအကျိုး) တရားတို့သည် အကြင် (အကြောင်း) တရားမှ ဖြစ်ကုန်၏၊ ထင်ရှားဖြစ်ကုန်၏၊ ကောင်းစွာ ဖြစ်ကုန်၏၊ အသစ်ဖြစ်ကုန်၏၊ ထင်ရှား ဖြစ်ပေါ်လာကုန်၏၊ ထို(အကြောင်း) တရားတို့၌သိသော ဉာဏ်သည် ဓမ္မပဋိသမ္ဘိဒါ မည်၏။ ဇရာမရဏ၌ သိသောဉာဏ်သည် အတ္ထပဋိသမ္ဘိဒါမည်၏၊ ဇရာမရဏဖြစ်ကြောင်း၌ သိသောဉာဏ်သည် ဓမ္မပဋိသမ္ဘိဒါမည်၏။ပ။ သင်္ခါရတို့၏ ချုပ်ခြင်း၌ သိသောဉာဏ်သည် အတ္ထပဋိသမ္ဘိဒါမည်၏၊ သင်္ခါရတို့၏ချုပ်ခြင်းသို့ ဆိုက်ရောက်သောအကျင့်၌ သိသောဉာဏ်သည် ဓမ္မပဋိသမ္ဘိဒါ မည်၏။ ဤသာသနာတော်၌ ရဟန်းသည် တရားတော်ကို သိ၏၊ သုတ်ကိုရင်း၊ ဂေယျကိုရင်း။ပ။ ဝေဒလ္လကိုရင်း သိ၏၊ ဤသို့သော အသိဉာဏ်ကို ဓမ္မပဋိသမ္ဘိဒါဟု ဆိုအပ်၏။ ထိုရဟန်းသည် ထိုထို ဟောအပ်သော တရားတော်၏ အနက်ကို "ဤသည်ကား ဤ ဟောအပ်သော ပါဠိ၏ အနက်တည်း၊ ဤသည်ကား ဤဟော အပ်သော ပါဠိ၏ အနက်တည်း" ဟု သိ၏၊ ဤသို့ သိသော ဉာဏ်ကို အတ္ထပဋိသမ္ဘိဒါဟု ဆိုအပ်၏။ ကုသိုလ်တရားတို့သည် အဘယ်သည်တို့နည်း၊ အကြင်အခါ၌ ကာမာဝစရ ကုသိုလ်စိတ်သည် ဖြစ်ပေါ်၏။ပ။ ဤတရားတို့သည် ကုသိုလ်တို့ပေတည်း။ ဤကုသိုလ် တရားတို့၌ အသိဉာဏ်သည် ဓမ္မပဋိသမ္ဘိဒါမည်၏။ ၎င်း(ကုသိုလ်

http://www.dhammadownload.com



တရား)တို့၏ အကျိုးဝိပါက်၌ အသိဉာဏ်သည် အတ္ထပဋိသမ္ဘိဒါ မည်၏"ဤသို့ အစရှိသောနည်းဖြင့် ဝေဘန်၍ ပြတော်မူ၏။

**ထို ( အကျိုးအကြောင်း ) ၌ ( ဖြစ်သော ) ဓမ္မနိရုတ္တိကို ပြောဆိုရာ၌ သိသောဉာဏ်**ဟူသည်ကား ထို(ဆိုခဲ့သော)အကျိုး၌ရင်း အကြောင်း၌ရင်း[၁] သဘာဝနိရုတ္တိဟုဆိုအပ်သော စင်စစ် ကေန် မှန်သော အကြင်ဝေါဟာရ သဒ္ဒါသည် ဖြစ်၏၊ ထိုမှန်ကန်သောသဒ္ဒါကို ရွတ်ရာပြောဆိုရာ၌ ထိုရွတ်အပ် ပြောဆိုအပ်သော အသံကိုကြား၍ပင်လျှင် "ဤသည်ကား သဘာဝနိရုတ္တိ (မှန်ကန်သောသဒ္ဒါ)တည်း၊ ဤသည်ကား သဘာဝနိရုတ္တိ(မှန်ကန်သော သဒ္ဒါ)မဟုတ်"ဟူ၍ ဓမ္မနိရုတ္တိဟု ဆိုအပ်သော သဘာဝနိရုတ္တိမည်သော ခပ်သိမ်းသော သတ္တဝါတို့၏ မူလဘာသာဖြစ်သော ထိုမာဂဓဘာသာ၏ အထူးအပြားကို သိသောဉာဏ်သည် **နိရုတ္တိပဋိသမ္ဘိဒါ**မည်၏။ နိရုတ္တိ ပဋိသမ္ဘိဒါသို့ရောက်သော ပုဂ္ဂိုလ်သည် "ဖဿော, ဝေဒနာ"[၂] ဤသို့ စသည်ဖြင့် ပြောဆိုသောစကားသံကို ကြား၍ပင်လျှင် "ဤသည်ကား သဘာဝနိရုတ္တိတည်း"ဟု သိ၏၊ "ဖဿာ ဝေဒနော"[၂] ဤသို့စသည်ဖြင့် ပြောဆိုသော စကားသံကိုမူကား (ကြား၍ပင်လျှင်) "ဤသည်ကား သဘာဝနိရုတ္တိမဟုတ်"ဟု သိ၏။

[၇၂] **ဉာဏ်တို့၌ သိသောဉာဏ်**ဟူသည်ကား အလုံးစုံ(သော အကျိုး, အကြောင်း, သဒ္ဒါ)တို့၌ ဖြစ်သောဉာဏ်ကို အာရုံပြု၍ဆင်ခြင်သောပုဂ္ဂိုလ်

---

မှတ်ချက်

၁–အကျိုး၌ရင်း အကြောင်း၌ရင်း... ဖြစ်၏-ဟု စပ်ပါ။

၂–ပါဠိဘာသာ၌ ဖဿော-ဟု ဩ-အဆုံးရှိလျက် ပုလ္လိင်နှင့် ရှိမှ မှန်သည်၊ ဖဿာ-ဟု အာ-အဆုံးရှိလျက် ဣတ္ထိလိင်နှင့် ရှိလျှင် မှားသည်။ ထို့အတူ ဝေဒနာ-ဟု အာ-အဆုံးရှိလျက် ဣတ္ထိလိင်နှင့်ရှိမှ မှန်မည်၊ ဝေဒနော-ဟု ဩ-အဆုံးရှိလျက် ပုလ္လိင်နှင့် ရှိလျှင် မှားသည်။

http://www.dhammadownload.com



အား ဉာဏ်လျှင်အာရုံရှိသော ဉာဏ်ပေတည်း။ တနည်းကား ဆိုခဲ့တိုင်းသော ထိုဉာဏ်တို့၌ ကျက်စားရာအာရုံတို့နှင့်တကွ ကိစ္စစသည်တို့၏ အစွမ်းအားဖြင့် အကျယ်ဝိတ္ထာရသိသော ဉာဏ်သည် **ပဋိဘာနပဋိသမ္ဘိဒါ**မည်၏၊ ဤသည်ကား လိုရင်းအနက်တည်း။

၄၂၉။ ဤလေးပါးသော ပဋိသမ္ဘိဒါတို့သည် သေက္ခဘုံအဆင့်, အသေက္ခဘုံအဆင့်ဟူသော နှစ်ပါးသောဌာနတို့၌ အထူးအပြား (ကိုသိခြင်း)သို့ ရောက်ကုန်၏။ ထိုတွင် အဂ္ဂသာဝက မဟာသာဝကတို့အား အသေက္ခဘုံ(ရဟန္တာအဖြစ်)၌ အထူးအပြား(ကို သိခြင်း)သို့ ရောက်ကုန်၏။ အရှင်အာနန္ဒာမထေရ်, စိတ္တသူကြွယ်, ဓမ္မိကဥပါသကာ, ဥပါလိသူကြွယ်, ခုဇ္ဇုတ္တရာဥပါသိကာမ အစရှိသော ပုဂ္ဂိုလ်တို့အား သေက္ခဘုံ(သေက္ခပုဂ္ဂိုလ်အဖြစ်)၌အထူးအပြား(ကို သိခြင်း)သို့ ရောက်ကုန်၏။

ဤဆိုခဲ့သည့်အတိုင်း နှစ်ပါးသောဘုံတို့၌ အထူးအပြား(ကိုသိခြင်း)သို့ ရောက်ကုန်သော ဤပဋိသမ္ဘိဒါဉာဏ်တို့သည် (၁) **အဓိဂမ**-တရားထူးကိုရခြင်း၊ (၂) **ပရိယတ္တိ**-သင်ယူခြင်း၊ (၃) **သဝန**-နာကြားခြင်း၊ (၄) **ပရိပုစ္ဆာ**-မေးမြန်းခြင်း၊ (၅) **ပုဗ္ဗယောဂ**-ရှေး၌ အားထုတ်ဘူးခြင်းဟူသော ဤငါးပါးသော အကြောင်းတို့ဖြင့် သန့်ရှင်း ထက်မြက်ကုန်၏။ ထိုတွင် **အဓိဂမ** မည်သည်ကား အရဟတ္တဖိုလ်သို့ ရောက်ခြင်းတည်း။ **ပရိယတ္တိ** မည်သည်ကား မြတ်စွာဘုရား၏ စကားတော်ကို သင်ယူခြင်းတည်း။ **သဝန** မည်သည်ကား စီးပွါးကဲ့သို့ နှလုံးသွင်း၍ သူတော်ကောင်းတရားကို ရိုသေစွာနာကြားခြင်းတည်း။ **ပရိပုစ္ဆာ**မည်သည်ကား ပါဠိ အဋ္ဌကထာစသည်တို့၌ (အနက်အသိခက်သော) ဂဏ္ဌိပုဒ် (အဓိပ္ပါယ်အသိခက်သော)အနက်ပုဒ်တို့၏ အဆုံးအဖြတ်ကို မေးသော စကားတည်း။ **ပုဗ္ဗယောဂ**မည်သည်ကား ရှေးရှေးဘုရားရှင်တို့၏ သာသနာ၌ ဂတပစ္စာဂတ(ဆွမ်းခံအသွားအပြန်၌

http://www.dhammadownload.com



ကမ္မဋ္ဌာန်းအားထုတ်ခြင်း) ကျင့်ဝတ်ရှိသည်၏အဖြစ်ဖြင့် ဂေါတြဘူအနီး အနုလောမဉာဏ်တိုင်အောင် ဝိပဿနာကို အားထုတ်ခြင်းတည်း။

တပါးသော ဆရာတို့ကမူ အောက်ပါအတိုင်း ဆိုကုန်၏—

(၁) **ပုဗ္ဗယောဂ**-ရှေး၌အားထုတ်ဘူးခြင်း၊ (၂) **ဗာဟုသစ္စ**-အကြားအမြင်များခြင်း၊ (၃) **ဒေသဘာသာ**-ထိုထိုအရပ်ဒေသ၌ သုံးစွဲသော ဘာသာစကားကို တတ်သိနားလည်ခြင်း၊ (၄)**အာဂမ**-ဘုရားစကားတော်ကို နှုတ်တက်အာဂုမ်ဆောင်ထားခြင်း၊ (၅) **ပရိပုစ္ဆာ**-မေးမြန်းခြင်း၊ (၆) **အဓိဂမ** တရားထူးကိုရခြင်း၊ (၇) **ဂရုသန္နိဿယ**-ဆရာကိုအမှီပြု၍နေခြင်း၊ (၈) **မိတ္တသမ္ပတ္တိ**-ကလျာဏမိတ္တတို့နှင့် ပြည့်စုံခြင်းဟူသော ဤရှစ်ပါးတို့သည် ပဋိသမ္ဘိဒါဉာဏ်ကို ရခြင်း၏ အကြောင်းတို့တည်း။

ထိုတွင် **ပုဗ္ဗယောဂ** မှာ ဆိုခဲ့ပြီးသော နည်းရှိသည်သာတည်း။ **ဗာဟုသစ္စ**မည်သည်ကား ထိုထိုကျမ်းဂန်တို့၌ရင်း, ထိုထိုအတတ်အရာတို့၌ရင်း တတ်ကျွမ်းသည်၏ အဖြစ်တည်း။ **ဒေသဘာသာ**မည်သည်ကား တရာ့တပါးသော ဘာသာဝေါဟာရတို့၌ တတ်ကျွမ်းသည်၏ အဖြစ်တည်း။ အထူးအားဖြင့်မူကား မာဂဓဘာသာဝေါဟာရ၌ တတ်ကျွမ်းသည်၏ အဖြစ်တည်း။ **အာဂမ**မည်သည်ကား အောက်ထစ်ဆုံးအားဖြင့် ဩပမ္မဝဂ်မျှလောက်သော်လည်း[၁] မြတ်စွာဘုရား၏ စကားတော်ကို နှုတ်တက်သင်ယူခြင်းတည်း။ **ပရိပုစ္ဆာ**မည်သည်ကား တခုသောဂါထာ၏သော်လည်း အနက်

---

မှတ်ချက်

၁–ဓမ္မပဒမှ ယမကဝဂ်ကို ဩပမ္မဝဂ်-ဟု ဆရာတို့က ဆိုကြောင်း၊ မူလပဏ္ဏာသမှ ယမကဝဂ်ကို ဩပမ္မဝဂ် ဟု အပရေ(တပါးသော)ဆရာတို့က ဆိုကြောင်း ဋီကာ၌ ပြ၏။

http://www.dhammadownload.com



အဆုံးအဖြတ်ကို မေးခြင်းတည်း။ **အဓိဂမ**မည်သည်ကား သောတာပန်အဖြစ်ကိုသော်၎င်း။ ပ။ ရဟန္တာအဖြစ်ကိုသော်၎င်း ရခြင်းတည်း။ **ဂရုသန္နိဿယ** မည်သည်ကား အကြားအမြင် ပဋိဘာန်ဉာဏ်များကုန်သော ဆရာတို့၏အထံ၌ နေခြင်းတည်း။ **မိတ္တသမ္ပတ္တိ**မည်သည်ကား ထိုသို့သဘောရှိသည်သာလျှင် ဖြစ်ကုန်သော[၁] ကလျာဏမိတ္တတို့ကို ရခြင်းတည်း။

ထိုတွင် မြတ်စွာဘုရားတို့သည်၎င်း, ပစ္စေကဗုဒ္ဓါတို့သည်၎င်း ပုဗ္ဗယောဂနှင့် အဓိဂမကို မှီကုန်၍ ပဋိသမ္ဘိဒါဉာဏ်သို့ ရောက်ကုန်၏။ တပည့်သာဝကတို့သည် ဆိုခဲ့ပြီးသော ဤအကြောင်းအလုံးစုံတို့ကိုလည်း (မှီကုန်၍ ပဋိသမ္ဘိဒါဉာဏ်သို့ ရောက်ကုန်၏)။ သို့သော်လည်း ပဋိသမ္ဘိဒါဉာဏ်သို့ ရောက်ရန်အတွက် [၇၃] အသီးအခြား ကမ္မဋ္ဌာန်းဘာဝနာကို အားထုတ်ရခြင်းမည်သည် မရှိချေ၊ စင်စစ်သော်ကား သေက္ခပုဂ္ဂိုလ်တို့အား သေက္ခဖိုလ်ဟူသော ဝိမောက္ခ၏အဆုံး၌ပင်လျှင် ပဋိသမ္ဘိဒါသို့ရောက်ခြင်းကိစ္စ ပြီးစီး၏၊ ရဟန္တာပုဂ္ဂိုလ်တို့အား အရဟတ္တဖိုလ်ဟူသော ဝိမောက္ခ၏အဆုံး၌ပင်လျှင် ပဋိသမ္ဘိဒါသို့ ရောက်ခြင်းကိစ္စ ပြီးစီး၏။ မှန်ပေ၏၊ မြတ်စွာဘုရားတို့အား ဒသဗလဉာဏ်တော်တို့သည်(အရဟတ္တဖိုလ်ဖြင့်) ပြီးစီးကုန်သကဲ့သို့ အရိယာတို့အား အရိယဖိုလ်ဖြင့်ပင်လျှင် ပဋိသမ္ဘိဒါဉာဏ်တို့သည် ပြီးစီးကုန်၏။ ထို့ကြောင့် ဤပဋိသမ္ဘိဒါတို့ကို ရည်၍ "လေးပါးသော ပဋိသမ္ဘိဒါတို့၏ အစွမ်းဖြင့် လေးပါးအပြားရှိ၏"ဟု ငါဆိုခဲ့ပေသည်။

(ပညာအပြားကို ပြဆိုချက် ပြီး၏)။

---

မှတ်ချက်

၁–ထိုသို့ သဘောရှိသည်သာလျှင် ဖြစ်ကုန်သော-ဟူသည်မှာ အကြားအမြင် ပဋိဘာန်ဉာဏ်များကုန်သော-ဟု ဆိုလို၏။

http://www.dhammadownload.com



## ပညာ၏ ဘုံ-မူလ-ကိုယ်ထည်တို့ကို ပိုင်းခြားချက်

၄၃၀။ (င) "**ပညာကို အဘယ်သို့ ပွါးစေအပ်သနည်း**" ဟူသော ဤ မေးခွန်း၌ ခန္ဓာ, အာယတန, ဓာတ်, ဣန္ဒြေ, သစ္စာ, ပဋိစ္စသမုပ္ပါဒ် စသည် အပြားရှိကုန်သော[1] တရားတို့သည် ဤ(ဝိပဿနာ)ပညာ၏ ဖြစ်ရာဘုံ

---

မှတ်ချက်

၁–စသည်ဟူသော စကားဖြင့် အာဟာရ စသည်တို့ကို သိမ်းယူခြင်းကို မှတ်အပ်၏။ ဤသို့ များစွာကုန်သော ထိုတရားတို့ကို ဝိပဿနာ၏ ဘုံ အာရုံ အဖြစ်ဖြင့် အဘယ့်ကြောင့် ယူအပ်-ဆိုအပ်ပါကုန်သနည်း၊ ခန္ဓာ စသည်တို့တွင် တမျိုးမျိုးဖြင့်လည်း အကျိုးကိစ္စ ပြီးသည်မဟုတ်ပါလောဟု စောဒနာ ငြားအံ့၊ မပြီးဟု ဖြေရှင်းအပ်၏။ မပြီးပုံကား သုံးပါးအပြားရှိသော သတ္တဝါတို့ကို ချီးမြှောက်ခြင်းငှါ ခန္ဓာ, အာယတန, ဓာတ်-ဟူသော သုံးပါး အပေါင်းကို ယူခြင်းကို ပြုသင့်ပေ၏။ ထိုသို့ မယူခဲ့-မဆိုခဲ့လျှင် အားလုံး သောသူတို့အား ဆက်ဆံသော ချီးမြှောက်ခြင်းကို မပြုရာရောက်၏။ မှန်ပေ ၏၊ သတ္တဝါတို့သည် ရုပ်၌ တွေဝေသူ, နာမ်၌ တွေဝေသူ, နှစ်ပါးလုံး၌ တွေဝေသူ-ဟူ၍ သုံးမျိုး အပြားရှိကုန်၏။ ယင်းတို့တွင် နာမ်၌ တွေဝေ သောသူတို့အတွက် နာမ်တရားတို့ကို လေးပါး ဝေဘန်ထားသော ခန္ဓာတို့ကို ပြဆိုပေသည်။ ရုပ်၌ တွေဝေသောသူတို့အတွက် ရုပ်တရားတို့ကို ဆယ့်တစ်ခုခွဲ ဝေဘန်ထားသော အာယတနတို့ကို ပြဆိုပေသည်။ ရုပ် နာမ် နှစ်ပါးလုံး၌ တွေဝေသောသူတို့အတွက် နှစ်ပါးလုံးဝေဘန်ထားသော ဓာတ်တို့ကို ပြဆို ပေသည်။ ထို့အတူ ဣန္ဒြေအပြားအားဖြင့် ဣန္ဒြေထက်သူ, ဣန္ဒြေ မထက် မနုသူ, ဣန္ဒြေနုသူ-ဟူ၍ရင်း၊ အကျဉ်းကြိုက်သူ, အလတ်ကြိုက်သူ, အကျယ် ကြိုက်သူ-ဟူ၍ရင်း သတ္တဝါတို့သည် သုံးမျိုး အပြားရှိကုန်၏၊ ထိုသုံးမျိုး သော သတ္တဝါတို့အတွက်လည်း အစဉ်အတိုင်း ခန္ဓာ စသည်ကို ပြဆိုခြင်းကို ပြုသည်ဟု ယူဉ်စေအပ်၏။ ထို့ပြင် ဣန္ဒြေတို့ကို ပြဆိုခြင်းသည်ကား "ဤ ဣန္ဒြေတရားတို့သည် အတူဖြစ်ဖက်တရားတို့၌ အစိုးရကုန်သကဲ့သို့ အုပ်စိုး လွှမ်းမိုးခြင်းကို ဖြစ်စေတတ်ကုန်ငြားသော်လည်း ထိုဣန္ဒြေတို့၏ ထိုအုပ်စိုး

http://www.dhammadownload.com



(အာရုံ)ဖြစ်သည်။ သီလဝိသုဒ္ဓိ စိတ္တဝိသုဒ္ဓိဟူသော ဤဝိသုဒ္ဓိနှစ်ပါးတို့သည် (ဤဝိပဿနာပညာ၏)မူလ အခြေအမြစ်ဖြစ်သည်။ ဒိဋ္ဌိဝိသုဒ္ဓိ, ကင်္ခါဝိတရဏဝိသုဒ္ဓိ, မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ, ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ, ဉာဏဒဿနဝိသုဒ္ဓိဟူသော ဤငါးပါးသော ဝိသုဒ္ဓိတို့သည် (ဤပညာ၏) ကိုယ်ထည်ဖြစ်သည်။ ထို့ကြောင့် (ဤပညာ၏) ဖြစ်ရာဘုံ အာရုံဖြစ်ကုန်သော ထို (ခန္ဓာစသော) တရားတို့၌ သင်ယူခြင်း မေးမြန်းခြင်း၏ အစွမ်းအားဖြင့် ဉာဏ်အလေ့အကျက်ကို ပြုပြီးလျှင် မူလအခြေအမြစ်ဖြစ်ကုန်သော ဝိသုဒ္ဓိနှစ်ပါးတို့ကို ပြည့်စုံစေပြီး၍ ကိုယ်ထည်ဖြစ်ကုန်သော ဝိသုဒ္ဓိငါးပါးတို့ကို ပြည့်စုံစေလျက် (ဤဝိပဿနာပညာကို) ပွါးစေအပ်၏။ ဤဆိုခဲ့သော စကားသည်(ပညာဘာဝနာကို ပြသော)ဤအရာ၌ အကျဉ်းချုပ်ပေတည်း။

၄၃၁။ ယခုပြဆိုမည့် စကားသည်ကား အကျယ်ပေတည်း။ "ခန္ဓာ, အာယတန, ဓာတ်, ဣန္ဒြေ, သစ္စာ, ပဋိစ္စသမုပ္ပါဒ်စသည် အပြားရှိကုန်သော တရားတို့သည် ဤ(ဝိပဿနာ)ပညာ၏ ဖြစ်ရာဘုံ(အာရုံ)ဖြစ်သည်" ဟု

---

မှတ်ချက်

လွှမ်းမိုးခြင်းသည်ကား တရားသဘော အလိုအားဖြင့် ပြီးစီးခြင်းမျှသာတည်း။ ဤဣန္ဒြေတို့၌ တစုံတယောက်မျှ၏သော်လည်း အလိုအတိုင်း ဖြစ်ခြင်းမည်သည် မရှိချေ၊ ဤဣန္ဒြေတို့သည် ပိုင်ရှင်အတ္တမှ ဆိတ်ကုန်၏၊ အလိုအတိုင်းဖြစ်ခြင်း မရှိကုန်"ဟု အနတ္တလက္ခဏာကို အလွယ်တကူ မှတ်ယူနိုင်ခြင်း အကျိုးငှါ ဖြစ်ပေသည်။ ခန္ဓာ, အာယတန, ဓာတ်, ဣန္ဒြေအားဖြင့် လေးပါးအပြားရှိသော ထိုတရားအပေါင်းသည် (ပဝတ္တိ)မပြတ်ဖြစ်ခြင်း(နိဝတ္တိ) ဆုတ်နစ်ခြင်း-အဖြစ် ရပ်စဲခြင်း (တဒုဘယဟေတု) ထို နှစ်ပါးလုံး၏ အကြောင်းတို့အလိုအားဖြင့် မြင်ရမှသာလျှင် အကျိုးကျေးဇူးကို ဆောင်တတ် ဖြစ်စေတတ်၏၊ ထိုသို့ မဟုတ်လျှင် အကျိုးကျေးဇူးကို မဆောင်တတ် မဖြစ်စေတတ်ပေ၊ ထို့ကြောင့် သစ္စာနှင့် ပဋိစ္စသမုပ္ပါဒ်ဘို့ကို ပြဆိုထားပေသည်။ (ဋီကာ)

http://www.dhammadownload.com



ဆိုခဲ့သော ထိုစကားရပ်၌ ခန္ဓာဟူသည်မှာ ရူပက္ခန္ဓာ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာဟူသော ငါးပါးသော ခန္ဓာတို့ ပေတည်း။

## ရူပက္ခန္ဓာ ပြဆိုချက်

၄၃၂။ ထို ( ငါးပါးသောခန္ဓာတို့ ) တွင်[၁] အအေး ( အပူ ) စသည်တို့ ကြောင့် ဖောက်ပြန်ခြင်း လက္ခဏာရှိသော[၂] သဘောတရားအလုံးစုံကို (ဉာဏ်ဖြင့်)တပေါင်းတည်းပြု၍ ရူပက္ခန္ဓာ(ရုပ်အဖွဲ့အစု)ဟု သိအပ်၏။

---

မှတ်ချက်

၁ – ထို(ငါးပါးသော ခန္ဓာတို့)တွင်....ရူပက္ခန္ဓာ( )ဟု သိအပ်၏-ဟု စပ်ပါ။

၂ – ပကတိကအပူရုပ်, ညီမျှနေသောရုပ်သည် ဆန့်ကျင်ဖက် အအေးနှင့် တွေ့သောအခါ တမျိုးတမည် ပြောင်းလဲဖောက်ပြန်၏၊ ပကတိက အအေးရုပ်, ညီမျှနေသော ရုပ်သည် အပူနှင့် တွေ့သောအခါ တမျိုးတမည် ပြောင်းလဲ ဖောက်ပြန်၏၊ အစာဝ၍ မျှတနေသောရုပ်သည် ဆာလောင်သောအခါ ဆာလောင်ခြင်းကြောင့် တမျိုးတမည် ပြောင်းလဲဖောက်ပြန်၏၊ ပကတိက ရေမဆာသောသူ၏ ရုပ်သည် ရေငတ်ဆာလောင်သောအခါ တမျိုးတမည် ပြောင်းလဲဖောက်ပြန်၏၊ ခြင်မှက်စသည် ကိုက်ခြင်းကြောင့် ရောင်ရမ်းခြင်း စသည်ဖြင့် ဖောက်ပြန်တတ်၏၊ ဤသို့ ဆန့်ကျင်ဖက်နှင့် တွေ့သောအခါ ဖောက်ပြန်တတ်သောသဘောကို ရုပ္ပတိတိ၊ ဖောက်ပြန်တတ်သောကြောင့် ရူပ ရုပ်ဟု ခေါ်ဆိုရသည်။ ရုပ်တိုင်း ရုပ်တိုင်းပင် ဖောက်ပြန်နေသည်ဟူ၍ ကား မယူအပ်၊ ဘင်ခဏအားဖြင့် ပျက်သည်ကိုလည်း ဖောက်ပြန်ခြင်း (ရုပ္ပန)လက္ခဏာဟု မယူအပ်။ ဗြဟ္မာတို့၏ သန္တာန်၌ ရုပ်သည် အအေးအပူ စသော ဆန့်ကျင်ဖက်တို့နှင့် မတွေ့ရသောကြောင့် တမျိုးတမည် ဖောက်ပြန် ခြင်း(ရုပ္ပန)မရှိ၊ သို့သော်လည်း ဆန့်ကျင်ဖက်များနှင့် တွေ့ပါက တမျိုး တမည် ဖောက်ပြန်မည်သာ ဖြစ်၍ (ရုပ္ပန) ဖောက်ပြန်ခြင်းသဘောကို

http://www.dhammadownload.com



ထိုရူပက္ခန္ဓာဟု ဆိုအပ်သော ဤရုပ်သည် ဖောက်ပြန်ခြင်းလက္ခဏာ အားဖြင့် တပါးတည်း(တမျိုးတည်း)သာ [၁] ဖြစ်ငြားသော်လည်း ဘူတရုပ်, ဥပါဒါယရုပ် [၂] အပြားအားဖြင့် ၂-ပါးအပြားရှိ၏။

ထိုတွင် ဘူတရုပ်သည် ပထဝီဓာတ် အာပေါဓာတ် တေဇောဓာတ် ဝါယောဓာတ်ဟူ၍ ၄-ပါးအပြားရှိ၏။ ၎င်းတို့၏ လက္ခဏာ ရသ ပစ္စုပဋ္ဌာန် တို့ကို စတုဓာတုဝဝတ္ထာန်ကမ္မဋ္ဌာန်းပြရာ၌ [၃] ဆို (အပ်) ခဲ့ကုန်ပြီ။ ပဒဋ္ဌာန် အားဖြင့်မူကား ထိုဓာတ် ၄-ပါးလုံးတို့ပင် ကြွင်းသောဓာတ်သုံးပါးလျှင် နီးသောအကြောင်း (ပဒဋ္ဌာန်)ရှိကုန်၏။

---

မှတ်ချက်

မကျော်လွန်နိုင်ပေ၊ ထို့ကြောင့် ဗြဟ္မာတို့၏ ရုပ်ကိုလည်း ရူပ-ရုပ်ဟု ခေါ် ဆိုရသည်။ တနည်းအားဖြင့်မူ (အနုဂ္ဂါဟကပစ္စယ) ချီးမြှောက်ထောက်ပံ့ တတ်သော အကြောင်းတို့၏ အစွမ်းဖြင့် တမျိုးတမည် ကောင်းလျက် ဖောက်ပြန်ခြင်းရှိသောကြောင့် ရုပ်ဟု ခေါ်ဆိုရကြောင်း ဋီကာ၌ ပြဆို ၏။ ထိုသို့ ကောင်းလျက် ဖောက်ပြန်ရာတွင် ပီတိသုခကြောင့် ရွှင်ပျလျက် ဖောက်ပြန်သော ရုပ်များ, ရယ်ရွှင်သော ရုပ်များ, လက်ခုပ်တီးသော ရုပ် များ, ကွေးလို ဆန့်လို လှုပ်ရှားလိုသောစိတ်ကြောင့် ကွေး ဆန့် လှုပ်ရှား သောရုပ်များလည်း ပါဝင်ကြသည်ဟု ယူအပ်၏။

၁–ဖောက်ပြန်ခြင်း လက္ခဏာ မရှိသော ရုပ်ဟူ၍ မရှိသောကြောင့် တမျိုး တည်းသာ ဖြစ်သည်။

၂–ဥပါဒါယ- ဘူတရုပ်တို့ကို မှီ၍ဖြစ်သော ရုပ်ဟု ဆိုလို၏။ ၎င်းကို ဥပါဒါရုပ် ဟူ၍လည်း ခေါ်ဆိုအပ်သေး၏။

၃–ဝိသုဒ္ဓိမဂ် မြန်မာပြန် ဒုတိယတွဲ စာမျက်နှာ(၆၂၀)၌ ကြည့်ပါ။

http://www.dhammadownload.com



ဥပါဒါရုပ်သည်[၁] (၁) စက္ခုပသာဒ-မျက်စိအကြည်ရုပ်၊ (၂) သောတပသာဒ - နားအကြည်ရုပ်၊ (၃) ဃာနပသာဒ - နှာခေါင်းအကြည်ရုပ်၊ (၄) ဇိဝှါပသာဒ-လျှာအကြည်ရုပ်၊ (၅)ကာယပသာဒ-ကိုယ်အကြည်ရုပ်၊ (၆) ရူပါရုံ-အဆင်းရုပ်၊ (၇) သဒ္ဒါရုံ-အသံရုပ်၊ (၈) ဂန္ဓာရုံ-အနံ့ရုပ်၊ (၉) ရသာရုံ-အရသာရုပ်၊ (၁၀) ဣတ္ထိန္ဒြေ-အမဖြစ်ရေး အစိုးရရုပ်[၂]၊ (၁၁) ပုရိသိန္ဒြေ - အဖိုဖြစ်ရေး အစိုးရရုပ်၊ (၁၂) ဇီဝိတိန္ဒြေ - အသက်ရှင်ရေး အစိုးရရုပ်[၃]၊ (၁၃) ဟဒယဝတ္ထုရုပ်[၄]၊ (၁၄) ကာယဝိညတ်ရုပ်၊ (၁၅) ဝစီဝိညတ်ရုပ်၊ (၁၆) အာကာသဓာတ်၊ (၁၇) လဟုတာရုပ်[၅]၊

---

မှတ်ချက်

၁ – ဥပါဒါရုပ်သည်....၂၄-ပါး အပြားရှိ၏-ဟု စပ်ပါ။

၂ – ဣတ္ထိ-အမ၌-အမသဏ္ဍာန်၌ + ဣန္ဒြိယ-ဣန္ဒြေ-အစိုးရသည်= ဣတ္ထိန္ဒြိယ-ဣတ္ထိန္ဒြေ-အမသဏ္ဍာန်၌ (အမဆိုင်ရာ ရုပ်များ စိတ်အနေအထားများ ဖြစ်ရေးအတွက်) အစိုးရသောရုပ်+စိုးမိုးချုပ်ချယ်သော ရုပ်ဟု အနက်ရသည်။ ထို့ကြောင့် အမဖြစ်ရေး အစိုးရရုပ်-ဟု နားလည်လွယ်အောင် ပြန်လိုက်သည်။ ယင်းကို ဣတ္ထိဘာဝ- အမဖြစ်ကြောင်း ရုပ်ဟူ၍လည်း ခေါ်၏။ ပုရိသိန္ဒြေ ရုပ်၌လည်း နည်းတူပင်သိပါ။

၃ – ဇီဝိတ-အသက်ရှင်ရေး၌+ဣန္ဒြိယ-ဣန္ဒြေ-အစိုးရသည် ဇီဝိတိန္ဒြေ-အသက်ရှင်ရေး၌ အစိုးရသည့်ရုပ်။ ဤရုပ်မရှိလျှင် အသက်မရှင်နိုင်၊ ထို့ကြောင့် ယင်းရုပ်ကို ဇီဝိတိန္ဒြေဟု ခေါ်သည်၊ ဇီဝိတ-အသက်ရုပ်ဟူ၍လည်း ခေါ်၏။

၄ – ဟဒယ–နှလုံး–စိတ်+ဝတ္ထု–တည်ရာ=ဟဒယဝတ္ထု– စိတ်နှလုံး၏ တည်ရာရုပ်၊ယင်းရုပ်၌မနောဓာတ် မနောဝိညာဏဓာတ်ခေါ်သော ၇၉-ပါးသော စိတ်များတည်မှီ၍ ဖြစ်ကြသည်ဟု အဋ္ဌကထာ၌ဆိုသည်။ နောက်၌ တွေ့ရလတ္တံ့။

၅ – ပါဠိ၌ ရူပဿ-ပုဒ်နှင့် တွဲလျက် ရူပဿ လဟုတာ။ပ။ ရူပဿ အနိစ္စတာ–ဟု ဆိုထားသည်။ ဤ၌ကား ခေါ်လွယ်စေရန် ရူပဿ-ပုဒ် မပါပဲ ပြန်ထားသည်။ ယင်းတို့မှာ နိပ္ဖန္နရုပ်ဟု ခေါ်သော သဘာဝရုပ်တို့၏ ပေါ့ပါးခြင်းစသော အမူအရာမျှသာဖြစ်သည်။ နောက်၌ ထင်ရှားလတ္တံ့။

http://www.dhammadownload.com



[၇၄] (၁၈) မုဒုတာရုပ်၊ (၁၉) ကမ္မညတာရုပ်၊ (၂၀)ဥပစယရုပ်၊(၂၁) သန္တတိရုပ်၊ (၂၂) ဇရတာရုပ်၊ (၂၃) အနိစ္စတာရုပ် [၁]၊ (၂၄) ကဗဠီကာရ အာဟာရရုပ် [၂] ဟူ၍ ၂၄-ပါး အပြားရှိ၏။

၄၃၃။ ထိုဥပါဒါရုပ် ၂၄-ပါးတို့တွင် စက္ခုပသာဒခေါ် မျက်စိအကြည် ရုပ်သည် အဆင်းထင်ထိုက်သော ဘူတရုပ်တို့၏ ကြည်ခြင်းလက္ခဏာရှိ၏ [၃]၊

---

မှတ်ချက်

၁—ဤ၌ ပြသင့်သောအဓိပ္ပါယ်သည် နှာ ၂၀၁၊မှတ်ချက် ၅-၌ ပါဝင်လေပြီ။

၂—အလုပ်အလွေ့ပြု၍ စားအပ်သော ထမင်းလုပ်စသည်၌ ပါဝင်သော ဩဇာ ရုပ်ကို ကဗဠီကာရ အာဟာရရုပ်-ဟု ဆိုသည်။ အခြားရုပ်အပေါင်းအစု၌ ပါဝင်သောဩဇာရုပ်ကိုလည်း ထို့အတူ ကဗဠီကာရ အာဟာရရုပ်ဟူ၍ပင် ခေါ်၏။

၃—မျက်စိအကြည်ရုပ်သည် ကြည်ခြင်းလက္ခဏာရှိ၏—ဟု စပ်ပါ။ ကြည်ခြင်း လက္ခဏာ ကြည်ခြင်းသဘောသည်ပင် မျက်စိအကြည်ရုပ် ဖြစ်သည်။ အဘယ်သို့သော ကြည်ခြင်းပါနည်းဟု မေးရန်ရှိသောကြောင့် အဆင်းထင် ထိုက်သော-ဟု ဆိုသည်၊ အဆင်းထင်နိုင်အောင် အဆင်းထင်လောက်အောင် ကြည်ခြင်းသဘောဟု ဆိုလို၏၊ ထိုဝိသေသနသည် ရူပါဘိဃာတာရဟ- ပုဒ်၏ သိလွယ်အောင်ပြန်ချက်ဖြစ်သည်၊ အတိအကျပြန်လျှင် အဆင်း၏ ရှေးရှုတိုက်ခိုက်ခြင်းကို ထိုက်သော်ဟု ဖြစ်၏။ အဆင်းရုပ် ထင်ပေါ်လာသည် ဖြစ်စေ၊ မထင်ပေါ်လာသည် ဖြစ်စေ အဆင်းထင်ပေါ်နိုင်လောက်အောင် ကြည်ခြင်းသဘောဟု ဆိုလို၏။ ထိုကြည်ခြင်းသည် အဘယ်၏ ကြည်ခြင်း ပါနည်း ဟူမူ ဘူတရုပ်တို့၏ ကြည်ခြင်းပင်ဖြစ်သည်၊ ဘူတရုပ်တို့၏ ကြည် ခြင်းဟူသော ယင်းပြန်ချက်သည် "မျက်စိအကြည်ဟူသော ဥပါဒါရုပ်သည် ဘူတရုပ်တို့ကိုမှီ၍ ဖြစ်သည်" ဟူသောစကားနှင့်အညီပင်။ မြို့ပြင်ကြီးဂိုဏ်း အုပ်ဆရာတော်၏ အဘိဓမ္မတ္ထသရူပဒီပကကျမ်း စာမျက်နှာ ၅၂၇-၌လည်း

http://www.dhammadownload.com



တနည်းကား မြင်လိုသည့်တဏှာလျှင် အကြောင်းရှိသော ကံကြောင့် ဖြစ်ကုန်သော ဘူတရုပ်တို့၏ ကြည်ခြင်းလက္ခဏာ ရှိ၏[၁]။ အဆင်းအာရုံများ

---

မှတ်ချက်

"စတုန္နံ မဟာဘူတာနံ ဥပါဒါယ ပသာဒေါ-ဟု ပါဠိတော်၊ စတ္တာရိ မဟာဘူတာနိ ဥပါဒိယိတွာ ပဝတ္တပသာဒေါ-ဟု အဋ္ဌကထာတို့၌ လာသည်ဖြစ်၍ မဟာဘုတ် ၄-ပါးတို့ကိုမှီ၍ဖြစ်သော ကြည်လင်ခြင်း၊ မဟာဘုတ် ၄-ပါးတို့၏ ကြည်လင်ခြင်းပင် ဖြစ်သောကြောင့် ပသာဒမည်သည်"ဟု မိန့်ဆိုထားလေလေသည်။ ပြည်မူဝိသုဒ္ဓိမဂ် နိဿယ စသည်တို့၌ကား ဘူတာနံ ပသာဒေါ-ဟူသော ပါဌ်ကို "မဟာဘုတ်တို့ကို ကြည်စေခြင်း"–ဟူ၍ရင်း၊ ဘူတပသာဒလက္ခဏ-ပုဒ်ကို "မဟာဘုတ်တို့ကို ကြည်စေခြင်းလက္ခဏာရှိ၏"–ဟူ၍ရင်း ပြန်ဆိုထားကြလေသည်။ ထိုသို့ဆိုရာ၌ "ပသာဒရုပ်က ဘူတရုပ်တို့ကို ကြည်စေသည်" ဟု ဆိုခြင်းသည် ပသာဒရုပ်က ဘူတရုပ်တို့အား ကြည်အောင် ကျေးဇူးပြုသကဲ့သို့ရှိနေသောကြောင့် ဘူတရုပ်တို့ကြည်ရာ၌ ပသာဒရုပ်ကို မှီရသကဲ့သို့ ဖြစ်၏၊ ထို့ကြောင့် ထိုအနက်၌ သံသယရှိ၍ ဘူတပသာဒ-ပါဌ်ကို "ဘူတရုပ်တို့၏ ကြည်ခြင်း"–ဟု အနက်ပြန်သည်။ နောက်၌လည်း နည်းတူပင် သိပါ။

၁–ဒဋ္ဌုကာမတာ-ပုဒ်ကို တိုတိုနှင့် ပေါ်လွင်စေရန် "မြင်လိုသည့် တဏှာ"ဟု ပြန်သည်။ သဒ္ဒါအနက် အတိအကျပြန်လျှင် "မြင်ခြင်းငှါ အလိုရှိသည်၏ အဖြစ် (ဟူသော တဏှာ)" ဟူ၍ ဖြစ်၏။ ထိုတဏှာလျှင် အကြောင်းရှိသော ကံဟူသည်မှာ ထိုသို့တောင့်တ၍ ပြုသောကံ, သို့မဟုတ် ထိုသို့သော တဏှာမကင်းသေးသောသူမှာ ဖြစ်သောကံပင်တည်း။ ထို့ကြောင့် ဋီကာ၌ "ပြည့်စုံ, မပြည့်စုံသော (စက္ခု စသော) အာယတနရှိသည့် အတ္တဘောကို ဖြစ်စေတတ်သောကံ၏ အကြောင်းရင်းဖြစ်သော ကာမတဏှာသည်ရင်း, ရူပ (ဘဝ) တဏှာသည်ရင်း၊ ထိုအာယတနရှိသည့်ဘဝကို တောင့်တမှု ဖြစ်သောကြောင့် မြင်လိုသည့်တဏှာ အစရှိသော ဝေါဟာရကို ရထိုက်၏၊ ထို့ကြောင့်(တနည်းကား စသည်ဖြင့်)ဒုတိယ နည်းကို ပသာဒရုပ်အားလုံးတို့

http://www.dhammadownload.com



ဆီသို့ ဆွဲပို့ခြင်းကိစ္စ(ရသ)ရှိ၏[၁]၊ စက္ခုဝိညာဏ်ခေါ် မြင်သိစိတ်၏တည်ရာ အဖြစ်ဖြင့်(ရှုသိဉာဏ်အား)ရှေးရှုထင်သောအခြင်းအရာ(ပစ္စုပဋ္ဌာန်)ရှိ၏[၂]၊

---

မှတ်ချက်

ကိုဖွင့်ပြရာ၌ မိန့်ဆိုအပ်ပေသည်" ဟူ၍ ၎င်း, "မြင်လိုသည့် တဏှာလျှင် အကြောင်းရှိသောကံ-ဟု ဆိုသော ဤအရာ၌ မြင်လိုသည့်တဏှာသည်၎င်း, ကြွင်းသော ကြားလိုသည့်တဏှာ စသည်တို့သည်၎င်း ထိုထိုအတ္တဘောကို ဖြစ်စေတတ်သည့် ကံကို အားထုတ်ဆဲခဏမှ ရှေး၌ဖြစ်လျက်ရှိခဲ့သော် ရှင်းလင်းပြောပြဖွယ် မရှိတော့ပေ၊ အကယ်၍ ရှေး၌ ဖြစ်လျက်မရှိခဲ့ပါမူကား အရိယာမဂ်ဖြင့် အမြစ်ပြတ်မပယ်ရသေးသည်၏ အဖြစ်သည်သာလျှင် (မြင်လိုသည့် တဏှာ စသည် ရှိနေသည်ဟု ဆိုရခြင်း၏) အကြောင်းပေတည်းဟု မှတ်အပ်၏"ဟူ၍၎င်း ဖွင့်ပြတော်မူပေသည်။ ထိုကံကြောင့် ဖြစ်ကြသည့် ဘူတရုပ်တို့၏ ကြည်ခြင်းသဘောကို စက္ခုပသာဒ-မျက်စိအကြည်ရုပ်ဟု ခေါ်ကြောင်း သိစေ၏။ ကြည်ခြင်းနှင့် ကြည်လင်ခြင်းမှာ အရတူ စကားလှယ်ပင် ဖြစ်သည်။

၁-ရသ သည် ကိစ္စနှင့် သမ္ပတ္တိ ၂-ပါး ရှိ၏၊ ထိုတွင် ဤအရာ၌ ကိစ္စရသ ဖြစ်သည်၊ ထို့ကြောင့် ကိစ္စ (ရသ)ဟု ရသကိုပါ ဖော်ပြထားသည်၊ နောက်အပိုဒ်တို့၌မူ ၎င်းကို မပြတော့ပြီ။ ကြည်သော မျက်စိကို အကြောင်းပြု၍ အဆင်းတို့ကို မြင်ရ - သိရသည်။ ထိုသို့မြင်သိရာ၌ မျက်စိက အဆင်းများဆီသို့ ဆွဲပို့သကဲ့သို့ ရှိသောကြောင့် အာဝိဉ္ဆနရသံ - ဆွဲငင်ခြင်းကိစ္စရှိသည်ဟု ဆိုပေသည်။ ဤ၌ ဆွဲငင်ဟူသည်မှာလည်း ပုဂ္ဂိုလ်ကို သို့မဟုတ် စိတ်ကို အဆင်းမြင်အောင် ကျေးဇူးပြုခြင်း—ဆောင်ပို့ခြင်းပေတည်း။ ထို့ကြောင့် ဆွဲပို့ခြင်းကိစ္စ ရှိ၏ - ဟု ဖော်၍ ပြန်သည်။ နောက်၌လည်း နည်းတူပင်။

၂-ပစ္စုပဋ္ဌာန် ဟူသည်မှာ ဥပဋ္ဌာနာကာရနှင့် ဖလအားဖြင့် ၂-ပါးရှိ၏၊ ထိုတွင် ဤအရာ၌ ယောဂီ၏ ရှုသိသော ဉာဏ်အား ရှေးရှုထင်သောအခြင်းအရာ (ဥပဋ္ဌာနာကာရ)ဖြစ်သည်၊ ထို့ကြောင့် အထက်ပါအတိုင်း ဖော်၍ပြန်သည်။ နောက်အပိုဒ်တို့၌ကား ရှုသိဉာဏ်အား-ဟူသောပုဒ်နှင့် ပစ္စုပဋ္ဌာန်ဟူသော အမည်တို့ကို မပြတော့ပြီ။

http://www.dhammadownload.com



မြင်လိုသည့်တဏှာလျှင် အကြောင်းရှိသော ကံကြောင့် ဖြစ်ကုန်သော ဘူတရုပ်တို့လျှင် နီးသောအကြောင်း (ပဒဋ္ဌာန်) ရှိ၏[၁]။

သောတပသာဒခေါ် နားအကြည်ရုပ်သည် အသံထင်ထိုက်သော ဘူတရုပ်တို့၏ ကြည်ခြင်းလက္ခဏာရှိ၏၊ တနည်းကား ကြားလိုသည့်တဏှာလျှင် အကြောင်း ရှိသောကံကြောင့် ဖြစ်ကုန်သော ဘူတရုပ်တို့၏ ကြည်ခြင်း လက္ခဏာ ရှိ၏၊ အသံ အာရုံများဆီသို့ ဆွဲပို့ခြင်းကိစ္စရှိ၏၊ သောတဝိညာဏ်ခေါ် ကြားသိစိတ်၏ တည်ရာအဖြစ်ဖြင့် ရှေးရှုထင်သော အခြင်းအရာရှိ၏၊ ကြားလိုသည့်တဏှာလျှင် အကြောင်းရှိသော ကံကြောင့် ဖြစ်ကုန်သော ဘူတရုပ်တို့လျှင် နီးသောအကြောင်းရှိ၏။

ဃာနပသာဒခေါ် နှာခေါင်းအကြည်ရုပ်သည် အနံ့ထင်ထိုက်သော ဘူတရုပ်တို့၏ကြည်ခြင်းလက္ခဏာရှိ၏၊ တနည်းကား နံလိုသည့် တဏှာလျှင် အကြောင်းရှိသော ကံကြောင့်ဖြစ်ကုန်သော ဘူတရုပ်တို့၏ ကြည်ခြင်း လက္ခဏာရှိ၏၊ အနံ့အာရုံများဆီသို့ ဆွဲပို့ခြင်းကိစ္စရှိ၏၊ ဃာနဝိညာဏ်ခေါ် နံသိစိတ်၏တည်ရာအဖြစ်ဖြင့် ရှေးရှုထင်သော အခြင်းအရာရှိ၏၊ နံလိုသည့် တဏှာလျှင် အကြောင်းရှိသောကံကြောင့် ဖြစ်ကုန်သော ဘူတရုပ်တို့လျှင် နီးသောအကြောင်းရှိ၏။

---

မှတ်ချက်

၁ – ပဒလည်း အကြောင်း, ဋ္ဌာနလည်းအကြောင်း ဤသို့ အကြောင်းဟော သဒ္ဒါ ၂-ခု ထပ်ဆင့်၍ ဆိုသောကြောင့် ဤအရာ၌ အနီးကပ်အကြောင်းကို ယူရသည်။ စက္ခုပသာဒသည် ကံကြောင့်ဖြစ်သည့် ကမ္မဇရုပ် ဖြစ်သော ကြောင့် ကံဟူသော အခြားအကြောင်းရှိငြားသော်လည်း ဘူတရုပ်တို့ကို မှီ၍ ဖြစ်ရသောကြောင့် ဘူတရုပ်တို့သည် စက္ခုပသာဒ၏ အနီးကပ် အကြောင်း ဖြစ်ပေသည်။

http://www.dhammadownload.com



ဇိဝှါပသာဒခေါ် လျှာအကြည်ရုပ်သည် အရသာထင်ထိုက်သော ဘူတရုပ်တို့၏ ကြည်ခြင်းလက္ခဏာရှိ၏၊ တနည်းကား အရသာခံစားလိုသည့် တဏှာလျှင်[1] အကြောင်းရှိသော ကံကြောင့် ဖြစ်ကုန်သော ဘူတရုပ်တို့၏ ကြည်ခြင်းလက္ခဏာရှိ၏၊ အရသာအာရုံများဆီသို့ ဆွဲငင်ပို့ခြင်းကိစ္စရှိ၏၊ ဇိဝှါဝိညာဏ်ခေါ် အရသာသိစိတ်၏ တည်ရာ အဖြစ်ဖြင့် ရှေးရှု ထင်သော အခြင်းအရာရှိ၏၊ အရသာခံစားလိုသည့် တဏှာလျှင် အကြောင်းရှိသော ကံကြောင့်ဖြစ်ကုန်သော ဘူတရုပ်တို့လျှင် နီးသောအကြောင်းရှိ၏။

ကာယပသာဒခေါ် ကိုယ်အကြည်ရုပ်သည် တွေ့ထိစရာ ဖောဋ္ဌဗ္ဗာရုံ ထင်ထိုက်သော ဘူတရုပ်တို့၏ ကြည်ခြင်းလက္ခဏာ ရှိ၏၊ တနည်းကား တွေ့ထိလိုသည့် တဏှာလျှင် အကြောင်းရှိသော ကံကြောင့် ဖြစ်ကုန်သော ဘူတရုပ်တို့၏ ကြည်ခြင်းလက္ခဏာ ရှိ၏၊ တွေ့ထိစရာ အာရုံများဆီသို့ ဆွဲငင်ပို့ခြင်းကိစ္စရှိ၏၊ ကာယဝိညာဏ်ခေါ် ထိသိစိတ်၏ တည်ရာ အဖြစ်ဖြင့် ရှေးရှု ထင်သော အခြင်းအရာရှိ၏၊ တွေ့ထိလိုသည့်တဏှာလျှင် အကြောင်းရှိသော ကံကြောင့် ဖြစ်ကုန်သော ဘူတရုပ်တို့လျှင် နီးသောအကြောင်း ရှိ၏။

၄၃၄။ (ကေစိ) အချို့ဆရာတို့သည်ကား[2] စက္ခုပသာဒခေါ် မျက်စိအကြည်ရုပ်သည် "တေဇောဓာတ် လွန်ကဲကုန်သော ဘူတရုပ်တို့၏ ကြည်

---

မှတ်ချက်

၁ – သာယိတုကာမတာ-ပုဒ်ကို လျက်လိုသည်၏ အဖြစ် ဟူ၍သော်၎င်း, လျက်လိုသည့်တဏှာ ဟူ၍သော်၎င်း ပြန်လျှင် လျှာဖြင့် လျက်လိုသည့် တဏှာဟူ၍သာ ထင်မြင်ဖွယ် ရှိသောကြောင့် ပေါ်လွင်စေရန် အထက်ပါအတိုင်း ပြန်လိုက်သည်။

၂ – ကေစိဆရာတို့ ဟူသည်မှာ မဟာသံဃိကဂိုဏ်းသားတို့ထဲက အချို့ဆရာတို့ပေတည်း။ မှန်ပေ၏၊ ထိုဆရာတို့ထဲက ဝသုဓမ္မသည် "မျက်စိ၌ တေဇောသည် လွန်ကဲ၏၊ နား၌ ဝါယောသည်၊ နှာခေါင်း၌ ပထဝီသည်၊ လျှာ၌

http://www.dhammadownload.com



ခြင်း သဘောပေတည်း။ နား နှာခေါင်း လျှာ အကြည်ရုပ်တို့သည် ဝါယော ပထဝီ အာပေါဓာတ်လွန်ကဲကုန်သော ဘူတရုပ်တို့၏ ကြည်ခြင်းသဘောတို့ ပေတည်း၊ ကိုယ်အကြည်ရုပ်သည် (ညီမျှကုန်သော) ဘူတရုပ် အားလုံးတို့ ၏လည်း [၁] ကြည်ခြင်းသဘောပေတည်း''ဟု ဆိုကုန်၏။ (အပရေ) တပါး သောဆရာတို့သည် ''မျက်စိအကြည်ရုပ်သည် တေဇောဓာတ် လွန်ကဲသော

---

မှတ်ချက်

အာပေါသည် လွန်ကဲ၏။ ကာယ- ကိုယ်အကြည်ရုပ်၌ ဓာတ်လေးပါး အား လုံးပင် ညီမျှကုန်၏''ဟု ဤသို့ ဆို၏။ မျက်စိ စသည်တို့၌ တေဇောစသည် လွန်ကဲခြင်း မည်သည်မှာ ယင်းတို့၏ မှီရာဘုတ်တို့ထဲမှာ........ ထိုတေဇော လွန်ကဲခြင်းကြောင့်ပင်ဟု ပြလိုသောကြောင့် ''စက္ခုပသာဒခေါ် မျက်စိ အကြည်ရုပ်သည် တေဇောဓာတ် လွန်ကဲကုန်သော ဘူတရုပ်တို့၏ ကြည် ခြင်း သဘောပေတည်း''စသည်ကို မိန့်ဆိုတော်မူသည်။ (ဋီကာ)

၁–ကိုယ်အကြည်ရုပ်သည် ဘူတရုပ်အားလုံးတို့၏လည်းဟု ဆိုရာ၌ အထူးကား အဘယ်နည်း၊ တေဇော စသည် လွန်ကဲကုန်သော ဘူတရုပ်တို့၏ ကြည်ခြင်း တို့သည်လည်း ဘူတရုပ်အားလုံးတို့၏ပင် ကြည်ခြင်းများ မဟုတ်ကြပါ လောဟူမူ ထိုစကား မှန်ပါသည်၊ သို့သော်လည်း ဘူတရုပ်အားလုံးတို့၏ ဟူသော ဤစကားသည် ညီမျှကုန်သော ဘူတရုပ်တို့၏-ဟူသော ဤ အနက်ကို ပြ၏၊ အကြောင်းမှာ လိုက်၍ယှဉ်စပ်သော တစိတ်တဒေသ လွန်ကဲခြင်းကို မြစ်ပယ်သောအားဖြင့် ဆိုသည့်စကားဖြစ်သောကြောင့်ပေ တည်း။ ချဲ့၍ပြအံ့–တေဇောစသည်တို့၏ အသီးအသီး လွန်ကဲရာ၌ကဲ့သို့ ဓာတ်နှစ်ပါး သုံးပါး လွန်ကဲရာ၌လည်း ယင်းသို့ လွန်ကဲခြင်းကြောင့် ဓာတ် သုံးပါး နှစ်ပါး တပါးအားလျော့နေရာ၌လည်း ကိုယ်အကြည်ရုပ်သည် မဖြစ်ဟူသောအနက်သည် ထင်ရှား၏။ ထို့ကြောင့် လေးပါးလုံးသော ဘူတ ရုပ်တို့၏ ညီမျှသည်၏အဖြစ်ဖြင့် ကိုယ်အကြည်ရုပ် ဖြစ်ပေသည်၊ သို့ဖြစ်၍ သဗ္ဗ-အားလုံးဟူသော စကားသည် ဤအရာ၌ ညီမျှခြင်းကို ပြသည်ဟု မှတ်အပ်၏။ (ဋီကာ)

http://www.dhammadownload.com



ဘူတရုပ်တို့၏ ကြည်ခြင်းသဘောပေတည်း၊ နား နှာခေါင်း လျှာ ကိုယ် အကြည်ရုပ်တို့သည် အာကာသ ဝါယော အာပေါ ပထဝီဓာတ် လွန်ကဲကုန်သော ဘူတရုပ်တို့၏ ကြည်ခြင်းသဘောပေတည်း”ဟု ဆိုကုန်၏။ ထို (ကေစိ အပရေ) ဆရာတို့ကို “သာဓကသုတ်ပါဠိကို ဆောင်ပြကြပါ” ဟု ဆိုရမည်၊ (ထိုသို့ဆိုလျှင်) သာဓကသုတ်ပါဠိကိုပင် မတွေ့မြင်ပဲ ရှိကြမည်မှာ ကေန်ပင်။ သို့သော်လည်း သူတို့ထဲမှ အချို့က “ တေဇော စသည်တို့၏ ဂုဏ်ဖြစ်ကုန်သော အလင်းရောင် အဆင်းစသည်တို့က (မြင်ရာစသည်၌) ထောက်ပံ့ခြင်း၊ ကျေးဇူးပြုခြင်းကြောင့်[၁] ”ဟု အကြောင်းကို ပြကုန်၏။

---

မှတ်ချက်

၁–**တေဇောစသည်တို့၏ ဂုဏ်ဖြစ်ကုန်သော**–စသည်၌ ဆိမီးဟု ဆိုအပ်သော တေဇော၏ အလင်းရောင် အဆင်းက, လေ၏ အသံက, မြေ၏ အနံ့က, တံထွေးဟုဆိုအပ်သော ရေ၏ အရသာက ဤသို့ ကေစိဝါဒ၌၎င်း, အပရေဝါဒ၌၎င်း ယှဉ်သင့်သည်အားလျော်စွာ ထိုထိုဘုတ်တို့၏ ဂုဏ်တို့က အဆင်းစသည်တို့ကို ယူရာ-သိရာ၌ ထောက်ပံ့ခြင်း, ကျေးဇူးပြုခြင်းကြောင့် ဤကား ဆိုလိုသောအနက်။ အလင်းရောင် စသော အတူပြုဖော်အကြောင်းများနှင့် တကွဖြစ်ကြမှသာ မျက်စိရုပ်စသည်တို့သည် အဆင်း စသည်တို့ကို ထင်လင်းစေနိုင်ပေသည်။ အာကာသ၏ သောတဝိညာဏ်၏ ဉပနိဿယအဖြစ်သည် ဂုဏ်ပင်ဟူ၍ ထိုအပရေဆရာတို့၏အယူ ရှိပေသည်။ သို့သော်လည်း တေဇော စသည်တို့ ဘူတရုပ် မည်ကုန်သကဲ့သို့ အာကာသ၏ ဘူတရုပ်အဖြစ် မရှိခြင်းကြောင့် ယှဉ်သင့်သည်အားလျော်စွာဟု ဆိုခဲ့ပေသည်။ (ဝိဝရ-ခေါ် အာကာသကို ဗုဒ္ဓစာပေတို့၌ ဘူတရုပ်ဟု မဆိုသော်လည်း အိန္ဒိယစာပေတို့၌ကား ဘူတရုပ်ဟု အခေါ်ရှိသေး၏၊ ထိုဝေါဟာရကိုယူ၍ အပရေတို့က ဆိုဟန်ရှိ၏။ ထို့ကြောင့် အထ ဝါ-စသည်ဖြင့် ဆက်၍ ဖွင့်ပြပြန်လေသည်။) တနည်းကား အလင်းရောင် အဆင်း စသည်တို့ကဲ့သို့ အပေါက် အကြား အာကာသသည်လည်း ဘူတရုပ်တို့၏ ဂုဏ်ဖြစ်သည်ဟူသော သာသနာပ အဓိပ္ပါယ်အရအားဖြင့် တေဇော၏ အလင်းရောင် အဆင်းက, အာကာသဟု

http://www.dhammadownload.com



ထိုအကြောင်းပြသူတို့ကို "အလင်းရောင်စသည်တို့ကို တေဇောစသည်တို့၏ ဂုဏ်များဟု ဘယ်သူက ဆိုပါသနည်း" ဟု မေးရမည်။ မှန်ပေ၏၊ အသီး အခြားမခွဲခြားနိုင်အောင် တပေါင်းတည်းဖြစ်နေကြသော ဘူတရုပ်တို့တွင် "ဤသည်ကား ဤဓာတ်၏ဂုဏ်, ဤသည်ကား ဤဓာတ်၏ ဂုဏ်" ဟု ဆိုရန် မရနိုင်-မဖြစ်နိုင်ပေ၊ ဤတွင် ရှင်းချက်တရပ်။ အကယ်၍ ဤသို့မူလည်း ဆိုကုန်ငြားအံ့–"ထိုထိုအဆောက်အအုံ(ရုပ်အစဉ်)တို့၌ [၇၅] ထိုထို(ပထဝီ စသော)ဘူတရုပ်၏ လွန်ကဲခြင်းကြောင့် ပထဝီစသည်တို့၏ (အတူဖြစ်ဖက် ရုပ်တို့ကို) ကောင်းစွာဆောင်ထားခြင်း အစရှိကုန်သော ကိစ္စတို့ကို ( သင် အဋ္ဌကထာ ဆရာတို့သည်) အလိုရှိကြကုန်သကဲ့သို့ ဤအတူပင် တေဇော စသည်လွန်ကဲကုန်သော အဆောက်အအုံ (ရုပ်အစဉ်) တို့၌ အဆင်းစသည် တို့၏ လွန်ကဲသည်၏အဖြစ်ကို မြင်တွေ့ရခြင်းကြောင့် 'အလင်းရောင်အဆင်း စသည်တို့သည် တေဇောစသည်တို့၏ ဂုဏ်များပင်'ဟူသော ဤအနက်ကို[၁] (သင်အဋ္ဌကထာဆရာတို့သည်)အလိုရှိသင့်-လက်ခံသင့်ပါသည်"ဟု အကယ်

---

မှတ်ချက်

ဆိုအပ်သော အပေါက်အကြား၏ အသံက, လေ၏ အနံ့က, တံထွေးရေ၏ အရသာက, ပထဝီဓာတ်၏ အတွေ့က–ဤသို့ ယှဉ်သင့်သည်အားလျော်စွာ ထိုထိုဘူတရုပ်တို့၏ ဂုဏ်တို့က (ထောက်ပံ့ခြင်း, ကျေးဇူးပြုခြင်းကြောင့်)ဟု ယှဉ်စပ်ရာ၏။ (ဋီကာ)

၁–**အဆင်းစသည်တို့၏ လွန်ကဲသည်၏အဖြစ်ကို မြင်တွေ့ရခြင်းကြောင့်**–စသည် ၌ ဆိုလိုသည်မှာ မီး၌ တောက်ပသော အဆင်းကိုရင်း, လေ၌ သူသဘော အတိုင်း ကြားရသောအသံကိုရင်း, မြေ၌ မွှေးသည့် ယန့်စသော အနံ့ကို ရင်း, ရေ၌ ချိုမြိန်သော အရသာကိုရင်း ဤသို့လျှင် အထူးနှင့် ယှဉ်ကုန် သော ဤအဆင်း စသည်တို့ကို မြင်တွေ့ရသောကြောင့် "အဆင်း စသည် တို့သည် ထိုတေဇော စသည်တို့၏ ဂုဏ်တို့"ဟူ၍ ပဌမဝါဒီ ကေစိတို့က ဆိုကြ သည်။ ဤအကြောင်း ဥပါယဖြင့်ပင်လျှင် ဒုတိယဝါဒီကိုလည်း နှိပ်ခြင်း

http://www.dhammadownload.com



၍ ဆိုကုန်ငြားအံ့။ ၎င်းတို့ကို ချေပပြောဆိုရန်မှာ— အာပေါလွှန်ကဲသော အရက်၏ အနံ့ထက် ပထဝီလွှန်ကဲသော ဝါဂွမ်း၌ အနံ့က သာလွန်ပါမူ၊ ထို့ပြင် တေဇော လွှန်ကဲသော ရေနွေး၏ အဆင်းအောက် ရေအေး၏ အဆင်းက ယုတ်လျော့ပါမူ (သင်ကေစိတို့၏အဆိုကို) နှစ်သက် လက်ခံနိုင်ပါကုန်၏(ဟု ချေပပြောဆိုရမည်)။ သို့သော် (ဝါဂွမ်း၌ အနံ့က သာလွန်ခြင်း, ရေအေး၏ အဆင်းက ယုတ်လျော့ခြင်းဟူသော) ဤနှစ်မျိုးလုံးပင် မရှိချေ၊ ထို့ကြောင့် ဤမှီရာ ဘူတရုပ်တို့၏ ထိုလွှန်ကဲထူးခြားဟန် ကြံခြင်းကိုပယ်စွန့်၍ "တခုသောရုပ်ကလာပ်၌ ဘူတရုပ်တို့၏ ထူးခြားခြင်းမရှိငြားသော်လည်း အဆင်းအရသာ စသည်တို့သည် အချင်းချင်း မတူကြသကဲ့သို့ ဤအတူပင် စက္ခုပသာဒ မျက်စိ အကြည်ရုပ်စသည်တို့သည် တပါးသော အကြောင်းထူးမရှိငြားသော်လည်း အချင်းချင်း မတူကြ"ဟူသော ဤအနက်သဘောကို(သင်ကေစိ အပရေတို့)ယူသင့်ပေ၏။

အချင်းချင်းနှင့် မဆက်ဆံသောအကြောင်းကား အဘယ်ပါနည်း ဟူမူ-မျက်စိအကြည်စသော ယင်းပသာဒရုပ်တို့၏ ထူး (သည်ကိုပြုတတ်) သော အကြောင်းကား ကံသာလျှင် ဖြစ်ပေသည်။ ထို့ကြောင့်"ကံ၏ ထူးခြားခြင်းကြောင့် ဤမျက်စိအကြည် စသည်တို့၏ ထူးခြားခြင်း ဖြစ်သည်၊ ဘူတရုပ်တို့၏ လွှန်ကဲ ထူးခြားခြင်းကြောင့် မဟုတ်" (ဟု သိအပ်၏)။ မှန်ပေ၏၊

---

မှတ်ချက်

သည် ဖြစ်၏။ တနည်းကား အဆင်းစသော ဂုဏ်ထူးရှိကုန်သော တေဇော အာကာသ ပထဝီ အာပေါ ဝါယောဓာတ်တို့က စက္ခုစသည်တို့ကို ပြုအပ်, ဖြစ်စေအပ်သည်ဟုဆိုသော ကဏာဒဆရာ၏ဝါဒကို ထုတ်ပြပြီးလျှင် ၎င်းကို နှိပ်ခြင်းငှါ "အကယ်၍ ဤသို့မူလည်း ဆိုကုန်ငြားအံ့"စသည်ကို မိန့်ဆိုသည်ဟု မှတ်အပ်၏။ (ဋီကာ) ဤကေစိ အပရေဝါဒ ရှင်းချက်များသည် အလွန်နက်နဲ၏၊ ပညာရှိကြီးတို့၏ အရာသာ ဖြစ်သည်။

http://www.dhammadownload.com



ဘူတရုပ်တို့၏ ထူးခြားခြင်းရှိလျှင် ကြည်လင်ခြင်း သည်ပင်လျှင် မဖြစ်။ မှန်ပေ၏- " ပသာဒရုပ်သည် ညီမျှသောဘူတရုပ်တို့၏ ကြည်ခြင်းပေတည်း၊ မညီမျှသော ဘူတရုပ်တို့၏ ကြည်ခြင်းမဖြစ်"ဟု ပေါရာဏ- ရှေးဆရာတို့က (ဆိုကြ၏)။

၄၃၅။ ဤဆိုခဲ့သည့်အတိုင်း ကံ၏ ထူးခြားခြင်းကြောင့် ထူးခြားခြင်း ရှိကုန်သော ဤငါးပါးသော ပသာဒရုပ်တို့တွင် မျက်စိနှင့် နားတို့သည်(မိမိထံသို့) မရောက်လာသော အာရုံကို ယူတတ်ကုန်၏ အဘယ့်ကြောင့်ဆိုသော် မိမိ၏မှီရာဘူတရုပ်ကို မကပ်ငြိသည့် မှီရာရှိသည်သာလျှင်ဖြစ်သော အာရုံ၌ အသိဝိညာဏ် ဖြစ်ခြင်း၏ အကြောင်း ဖြစ်ကြသောကြောင့် ပေတည်း[၁]။

---

မှတ်ချက်

၁–ယခုအခါ၌ တယ်လီဖုန်းဖြင့် ပြောသောအသံ ဝါယာလက်ဖြင့် ပြောသော အသံ အသံလွှင့်ရုံမှ လွှင့်သောအသံတို့ကို တခဏအတွင်းမှာပင် ကြားရသောကြောင့်၎င်း၊ တယ်လီဗီးရှင်းခေါ် ရုပ်မြင်သံကြားလွှင့်စက်ဖြင့် လွှင့်လိုက်သော အဆင်းရူပါရုံကို တခဏချင်းပင် မြင်ရသောကြောင့်၎င်း မလာမရောက်သော အဆင်းအသံများကို မြင်ရ ကြားရသည်ဟူသော အဆို၌ သံသယ ဖြစ်ဖွယ်ရှိ၏။ ဤအရာ၌ မြင်လောက်သောအရပ် ကြားလောက်သော အရပ်သို့မူကား လာရောက်ကြ၏၊ သို့သော် မျက်စိအကြည်ရုပ် နားအကြည်ရုပ်များသို့ ထိခိုက်မိအောင်ကား မလာကြ၊ ထိုသို့ လာကြလျှင်လည်း ၎င်းတို့ကို မမြင်နိုင် မကြားနိုင်၊ မျက်လုံးထဲက အဆင်းကို မမြင်နိုင်သကဲ့သို့ပင်-ဟု ဖြေရှင်းကြ၏။ ဋီကာတို့၌လည်း အာရမ္မဏပစ္စည်းအရာ၌ စိတ္တဇအသံကိုလည်း သောတဝိညာဏ်၏ အာရုံဖြစ်ကြောင်း ဟောထားရာ၌ နားထဲသို့ ရောက်မှ ကြားရမည်ဆိုလျှင် ဗဟိဒ္ဓ၌ စိတ္တဇအသံ မရှိကောင်းသောကြောင့် ယင်း စိတ္တဇအသံကို မကြားနိုင်ရာ၊ ထို့ကြောင့် သူတည်ရင်းနေရာက အသံကိုပင် ကြားရသည်စသည်ဖြင့် ဖြေရှင်းကြလေသည်။ မျက်စိထဲ၌ အဆင်းရိပ် ထင်နေသည်ကို တွေ့ကြရသောကြောင့်

http://www.dhammadownload.com



နှာခေါင်း လျှာ ကိုယ်အကြည်ရုပ်တို့သည် (မိမိထံသို့) ရောက်လာသော အာရုံကို ယူတတ်ကုန်၏၊ အဘယ့်ကြောင့် ဆိုသော်— မှီရာဘူတရုပ်တို့၏ အစွမ်းအားဖြင့်ငှင်း[၁] (ဖွေ့ဋ္ဌဗ္ဗ ရုပ်)ကိုယ်တိုင်ငှင်း[၂](နှာ လျှာ ကိုယ်အကြည်ဟူသော) မိမိ၏မှီရာ ဘူတရုပ်ကို ကပ်ငြိသည်သာလျှင် ဖြစ်သော (အနံ့ အရသာ ဖွေ့ဋ္ဌဗ္ဗ) အာရုံ၌ အသိ ဝိညာဏ် ဖြစ်ခြင်း၏ အကြောင်းဖြစ်သောကြောင့်တည်း။

---

မှတ်ချက်

မျက်စိထံသို့ အဆင်းမရောက်ဟူသော အဆိုကို သဘောကျ သက်ဝင်ရန် ခက်၏၊ ထို့အတူပင် နားထဲ၌ အလွန်ကြမ်းသော အသံများ မခံသာအောင် တိုက်ခိုက်သည်ကိုလည်း တွေ့ကြရသောကြောင့် နားထဲသို့ အသံ မရောက်ဟူသောအဆိုကိုလည်း သဘောကျ သက်ဝင်ရန် ခက်၏။ ထို့ကြောင့် ဓမ္မသင်္ဂဏီပါဠိအဖွင့် အဋ္ဌသာလိနီအဋ္ဌကထာ (၃၅၁)၌ "အာပါထဂတတ္တာဝ အာရမ္မဏံ သမ္ပတ္တံ နာမ"စသည်ဖြင့် မဟာအဋ္ဌကထာက ဆိုကြောင်း၊ ထိုအလိုအားဖြင့် စက္ခုနှင့် သောတတို့လည်း သမ္ပတ္တဂေါစရ-ရောက်လာသော အာရုံရှိသည်မည်ကြောင်းတို့ကို ထုတ်ပြထားလေသည်။ သို့ဖြစ်၍ ဤအရာတွင် "မျက်စိနှင့် နားတို့သည် မရောက်လာသော အာရုံကို ယူတတ်ကုန်၏"ဟု ဆိုသောဝါဒကို ဉာဏ်မသက်ဝင်နိုင်လျှင် ရှေးအဋ္ဌကထာအဆိုအရ "သမ္ပတ္တဂေါစရ-ရောက်လာသော အာရုံရှိသည်-ရောက်လာသော အာရုံကို ယူတတ်သည်"ဟု ယူဆနိုင်ပေ၏။

၁-၂-ဤ 'ငှင်း' ၂-ပုဒ်တို့ကို ကပ်ငြိသည်-ဟူသော ပုဒ်နှင့် စပ်ပါ။ ထိုတွင် ပဌမပုဒ်ဖြင့် အနံ့ အရသာအာရုံရုပ်ဘို့က သူတို့၏ မှီရာဘူတရုပ်တို့ဖြင့် ကပ်ငြိသည်ကို ပြသည်၊ ဒုတိယပုဒ်ဖြင့် ပထဝီ တေဇော ဝါယောဟူသော ဖေါဋ္ဌဗ္ဗာရုံရုပ်က သူတို့ကိုယ်တိုင်ပင် ကပ်ငြိသည်ကို ပြသည်။

http://www.dhammadownload.com



၄၃၆။ ဤငါးပါးသော ပသာဒရုပ်တို့တွင် မျက်စိအကြည်-ပသာဒရုပ်သည် [၁] ညိုသောမျက်တောင်မွေးတို့ဖြင့် ပတ်ဝန်းကျင် ခြံရံလျက် မျက်နက်ဝန်း မျက်ဖြူဝန်းတို့ဖြင့် ဆန်းကြယ်သော ကြာညိုပွင့်ချပ်နှင့် တူသော အကြင်အသားစိုင်ကို မျက်စိဟု လောကဌ ခေါ်ဆိုအပ်၏၊ (အခြားရုပ် အပေါင်း ဟူသော အဆောက်အအုံတို့နှင့် တကွဖြစ်၍) သသမ္ဘာရစက္ခု မည်သော ထိုမျက်စိအသားစိုင်၏ [၂] မျက်ဖြူဝန်းဖြင့် ခြံရံလျက်ရှိသော မျက်နက်ဝန်း၏ အလယ်၌ [၃] (ဝါ-အလယ်ဖြစ်သော [၄]) ရှေ့တည့်တည့် အရပ်မှာ တည်သူတို့၏ ကိုယ်သဏ္ဌာန်အရိပ်ထင်ပေါ်ရာအရပ်၌ [၅] ဂွမ်းလွှာခုနစ်ခုထဲမှာ သွန်းထည့်လိုက်သည့်ဆီသည် (ယင်းဂွမ်းလွှာတို့ကို ပြန့်လျက်တည်သကဲ့သို့) မျက်လွှာခုနစ်ခုတို့ကို ပြန့်နှံ့လျက် [၆] ချီပိုးခြင်း ရေချိုးပေးခြင်း တန်ဆာဆင်ပေးခြင်း ယပ်လေခပ်ပေးခြင်းကိစ္စ ရှိကုန်သော အထိန်းတော် လေးယောက်တို့က ပြုစုစောင့်ရှောက်ရသော မင်းသားကဲ့သို့ ခံလျက် ဆောင်ထားခြင်း စိုစွတ်စေလျက် ဖွဲ့ခြင်း ရင့်ကျက်စေခြင်း လှုပ်ရှားခြင်း ကိစ္စ

---

မှတ်ချက်

၁ – မျက်စိအကြည်-ပသာဒရုပ်သည်....မျက်လွှာခုနစ်ခုကို ပြန့်နှံ့လျက်....ကျေးဇူးပြုခြင်းကို ရသည်ဖြစ်၍.... ထောက်ပံ့ (အပ်)သည်ဖြစ်၍.... စောင့်ရှောက် (အပ်)သည်ဖြစ်၍.... ခြံရံ (အပ်)သည်ဖြစ်၍.... သန်းဦးခေါင်းမျှရှိလျက်.... ပြီးစေလျက် တည်၏-ဟု စပ်ပါ။

၂ – ထိုမျက်စိအသားစိုင်၏....မျက်နက်ဝန်း-ဟု စပ်ပါ။

၃ – အလယ်၌....ထင်ပေါ်ရာအရပ်၌-ဟု စပ်ပါ။

၄ – အလယ်ဖြစ်သော....ထင်ပေါ်ရာ အရပ်၌-ဟူ၍ပင် စပ်ပါ။ သာ၍ စကားချောသည်။

၅ – ထင်ပေါ်ရာအရပ်၌....မျက်လွှာခုနစ်ခုတို့ကို-ဟု စပ်ပါ။

၆ – ပြန့်နှံ့လျက်....ကျေးဇူးပြုခြင်းကို ရသည်ဖြစ်၍-စသည်ဖြင့် စပ်ပါ။

http://www.dhammadownload.com



ရှိကုန်သော ခါတ်လေးပါးတို့က ကျေးဇူးပြုခြင်းကို ရသည်ဖြစ်၍ ဥတု စိတ် အာဟာရ တို့က ထောက်ပံ့ (အပ်) သည်ဖြစ်၍ အသက်ရုပ်က [၇၆] စောင့်ရှောက်(အပ်) သည်ဖြစ်၍ (အတူဖြစ်ကြသည့်) ဝဏ္ဏ(အဆင်း) ဂန္ဓ (အနံ့) ရသ(အရသာ) အစရှိသော ရုပ်တို့က ခြံရံအပ်သည်ဖြစ်၍ ပမာဏ အားဖြင့် သန်းဦးခေါင်းမျှရှိလျက်[၁] စက္ခုဝိညာဏ်စသည်တို့၏ ထိုက်သည် အားလျော်စွာ ဝတ္ထုအဖြစ် ဒွါရအဖြစ်ကို ပြီးစေလျက်[၂] တည်၏။ မှန်ပေ၏- အောက်ပါ ဂါထာကို တရားစစ်သူကြီးဖြစ်သော အရှင်သာရိပုတ္တရာမထေရ် ဟောကြားတော်မူလေပြီ။

"ယေန စက္ခုပသာဒေန၊ ရူပါနိ မနု ပဿတိ။
ပရိတ္တံ သုခုမံ ဧတံ၊ ဦကာသိရ သမူပမံ။

ယေန စက္ခုပသာဒေန-အကြင်မျက်စိအကြည်ဖြင့်၊ ရူပါနိ-အဆင်းတို့ကို၊ မနု-လူသည်၊ ပဿတိ-မြင်၏။ ဧတံ-ဤမျက်စိအကြည်ရုပ်သည်၊ ပရိတ္တံ-သုခုမံ-သေးငယ် သိမ်မွေ့လှ၏၊ ဦကာသိရသမူပမံ- သန်းဦးခေါင်းနှင့် တူညီသော ဥပမာရှိပေ၏။"

နားအကြည်- ပသာဒရုပ်သည် (အဆောက်အအုံတို့နှင့် တကွဖြစ်၍) သသမ္ဘာရသောတမည်သော နားပေါက်၏အတွင်းမှာ နီသောအမွေးတို့

မှတ်ချက်

၁-မျက်လုံးခုနစ်ခုကို ပြန့်နှံ့သည်ဟူသော စကားဖြင့်ပင်လျှင် မျက်စိအကြည် ရုပ်၏ များစွာသော ကလာပ်တို့၌ တည်ကြောင်း ပြ၏။ "ပမာဏအားဖြင့် သန်းဦးခေါင်းမျှရှိလျက်"ဟူသော စကားကို သန်းဦးခေါင်းမျှအရပ်၌ ဖြစ် သောကြောင့် ဆိုပေသည်။ (ဋီကာ)။

၂-စက္ခုဝိညာဏ်၏ တည်ရာဝတ္ထုအဖြစ်ကိုငှါး, အာဝဇ္ဇန်း သမ္ပဋိစ္ဆိုန်းစသော စက္ခုဒွါရဆိုင်ရာ အခြားစိတ်တို့၏ ဒွါရအဖြစ်ကိုငှါး ပြီးစေလျက်-ဟုဆိုလို၏။

http://www.dhammadownload.com



စီရရီပေါက်ရာဖြစ်သော လက်စွပ်ကွင်းသဏ္ဍာန်ရှိသည့်အရပ်၌ ဆိုခဲ့ပြီးသော ကိစ္စရှိကုန်သော ဓာတ်လေးပါးတို့က ကျေးဇူးပြုခြင်းကို ရသည်ဖြစ်၍ ဥတု စိတ် အာဟာရတို့က ထောက်ပံ့ (အပ်) သည်ဖြစ်၍ အသက်ရုပ်က စောင့်ရှောက် (အပ်) သည်ဖြစ်၍ ဝဏ္ဏစသည်တို့က ခြံရံ(အပ်)သည်ဖြစ်၍ သောတဝိညာဏ် စသည်တို့၏ ထိုက်သည် အားလျော်စွာ ဝတ္ထုအဖြစ် ဒွါရ အဖြစ်ကို ပြီးစေလျက်တည်၏။

နှာ ခေါင်း အ ကြည်- ပ သာ ဒ ရုပ် သည် သသမ္ဘာရဃာန မည်သော နှာခေါင်းပေါက်၏ အတွင်းမှာ ဆိတ်ခွါသဏ္ဍာန်ရှိသော အရပ်၌ ဆိုခဲ့ပြီး သော အပြားရှိသော ကျေးဇူးပြုခြင်း ထောက်ပံ့ခြင်း စောင့်ရှောက်ခြင်း ခြံရံခြင်းရှိသည်ဖြစ်၍ ဃာနဝိညာဏ်စသည်တို့၏ ထိုက်သည်အားလျော်စွာ ဝတ္ထုအဖြစ် ဒွါရအဖြစ်ကို ပြီးစေလျက် တည်၏။

လျှာအကြည်- ပသာဒရုပ်သည် သသမ္ဘာရမည်သော လျှာအလယ်၏ အထက်-အပေါ်ယံမှာ ကြာပွင့်ချပ်၏ အဖျားပိုင်းသဏ္ဍာန်ရှိသော အရပ်၌ ဆိုခဲ့ပြီးသော အပြားရှိသော ကျေးဇူးပြုခြင်း ထောက်ပံ့ခြင်း စောင့်ရှောက် ခြင်း ခြံရံခြင်းရှိသည်ဖြစ်၍ ဇိဝှါဝိညာဏ်စသည်တို့၏ ထိုက်သည်အားလျော် စွာ ဝတ္ထုအဖြစ် ဒွါရအဖြစ်ကို ပြီးစေလျက် တည်၏။

ထိုမှတပါး ဤကိုယ်ထဲမှာ ဥပါဒိန္နရုပ်မည်သော ကမ္မဇရုပ်ရှိရာ အလုံး စုံသော အရပ်တို့၌ ကိုယ်အကြည်-ကာယပသာဒရုပ်သည် ဝါဂွမ်းလွှာ၌ ဆီပြန့်သကဲ့သို့ ပြန့်နှံ့လျက် ဆိုခဲ့ပြီးသော အပြားရှိသော ကျေးဇူးပြုခြင်း ထောက်ပံ့ခြင်း စောင့်ရှောက်ခြင်း ခြံရံခြင်းရှိသည်သာလျှင် ဖြစ်၍ ကာယ ဝိညာဏ်စသည်တို့၏ ထိုက်သည်အားလျော်စွာ ဝတ္ထုအဖြစ် ဒွါရအဖြစ်ကို ပြီးစေလျက် တည်၏။

ဥပမာအားဖြင့် မြွေ, မိကျောင်း, ငှက်, ခွေး, မြေခွေးတို့သည် တောင် ပို့ခေါင်း, ရေနက်ရာ, ကောင်းကင်, ရွာ (သူသေကောင်များကို မမြုပ်ပဲ

http://www.dhammadownload.com



စွန့်ပစ်ထားရာ) သုသာန်ဟု ဆိုအပ်သော မိမိတို့၏ ကျက်စားရာသို့ ညွတ်ကုန်သည်သာလျှင်ဖြစ်ကြသကဲ့သို့ ဤမျက်စိအကြည်စသည်တို့သည် အဆင်းရူပါရုံ အစရှိသော မိမိတို့၏ ကျက်စားရာသို့ ညွတ်ကုန်သည်သာလျှင် ဖြစ်ကြသည်ဟု မှတ်အပ်ကုန်၏။

၄၃၇။ ထိုမှနောက်ဖြစ်ကုန်သော အဆင်းရူပါရုံ စသည်တို့တွင်ကား အဆင်းရူပါရုံသည် မျက်စိအကြည်၌ ထိခိုက်ထင်ပေါ်ခြင်းလက္ခဏာ ရှိ၏၊ မြင်သိမှု-စက္ခုဝိညာဏ်၏ အာရုံဖြစ်ခြင်း(အာရုံပြုခံခြင်း)ကိစ္စရှိ၏၊ ထိုစက္ခုဝိညာဏ်၏ပင်လျှင် ကျက်စားရာအနေဖြင့် ထင်သောအခြင်းအရာရှိ၏၊ မှီရာမဟာဘုတ်လေးပါးလျှင် နီးသောအကြောင်းရှိ၏။ ဤအဆင်းရုပ်ကဲ့သို့ ကြွင်းသော ဥပါဒါရုပ် အားလုံးတို့သည်လည်း ထို့အတူပင် မှီရာမဟာဘုတ်လေးပါးလျှင် နီးသောအကြောင်း (ပဒဋ္ဌာန်)ရှိကုန်၏။ သို့သော်လည်း ထူးရာ၌မူ ထိုအထူးကို ပြဆိုပါကုန်အံ့။ ထိုအဆင်းရူပါရုံသည် အညို အရွှေ စသည်တို့၏ အစွမ်းအားဖြင့် များသောအပြားရှိ၏။

[၇၇] အသံသဒ္ဒါရုံသည် နားအကြည်၌ ထိခိုက်ထင်ပေါ်ခြင်းလက္ခဏာ ရှိ၏၊ ကြားသိမှု-သောတဝိညာဏ်၏ အာရုံဖြစ်ခြင်း(အာရုံပြုခံခြင်း) ကိစ္စရှိ၏၊ ထိုသောတဝိညာဏ်၏ပင်လျှင် ကျက်စားရာ အနေဖြင့် ရှေးရှုထင်သော အခြင်းအရာ ရှိ၏၊ စည်ကြီးသံ မရိုးစည်သံ ဤသို့အစရှိသော နည်းဖြင့် များသောအပြားရှိ၏။

အနံ့ဂန္ဓာရုံသည် နှာခေါင်းအကြည်၌ ထိခိုက်ထင်ပေါ်ခြင်းလက္ခဏာ ရှိ၏၊ နံသိမှု-ဃာနဝိညာဏ်၏ အာရုံဖြစ်ခြင်း (အာရုံပြုခံခြင်း)ကိစ္စ ရှိ၏၊ ထိုဃာနဝိညာဏ်၏ပင်လျှင် ကျက်စားရာအနေဖြင့် ရှေးရှုထင်သော အခြင်းအရာရှိ၏။ အမြစ်နံ့ အနှစ်နံ့ဤသို့ အစရှိသော နည်းဖြင့် များသောအပြား ရှိ၏။

http://www.dhammadownload.com



အရသာ-ဟူသော ရသာရုံသည် လျှာအကြည်၌ ထိခိုက်ထင်ပေါ်ခြင်း လက္ခဏာ ရှိ၏၊ အရသာသိမှု-ဇိဝှါဝိညာဏ်၏ အာရုံဖြစ်ခြင်း(အာရုံပြုခံခြင်း) ကိစ္စရှိ၏၊ ထိုဇိဝှါဝိညာဏ်၏ပင်လျှင် ကျက်စားရာအနေဖြင့် ရှေးရှုထင်သော အခြင်းအရာရှိ၏။ အမြစ်အရသာ ပင်စည်အရသာ ဤသို့ အစရှိသောနည်းဖြင့် များသောအပြား ရှိ၏။

၄၃၀။ ဣတ္ထိန္ဒြေသည် မိန်းမဖြစ်ကြောင်း လက္ခဏာ ရှိ၏[၁]၊ မိန်းမဟု ပြခြင်းကိစ္စ ရှိ၏[၂]၊ ဣတ္ထိလိင်, ဣတ္ထိနိမိတ္တ, ဣတ္ထိကုတ္တ, ဣတ္ထိအာကပ္ပတို့၏[၃]

---

မှတ်ချက်

၁ – ဤ၌ မိန်းမဖြစ်ကြောင်းဟူသည်မှာ မိန်းမဟူသော အမည်၏ရင်း, မိန်းမဟု သိမှတ်ခြင်း၏ရင်း ဖြစ်ကြောင်းပေတည်း။ သို့သော် ယင်းရုပ်ကိုပင် စွဲမှီ၍ မိန်းမ၏ပုံသဏ္ဌာန် စိတ်အနေအထားများ ဖြစ်ပွါးခြင်းကြောင့် မိန်းမဖြစ်ကြောင်း, အမဖြစ်ကြောင်းဟူသော အမည်အတိုင်း အနက်လည်းသင့်သည်သာ။

၂ – ဣတ္ထိန္ဒြေနှင့်တကွဖြစ်သော ရုပ်အစဉ်သန္တာန်ကို မိန်းမပါ, အမပါဟု သူက ပြနေသကဲ့သို့ ရှိ၏၊ ထို့ကြောင့် အထက်ပါအတိုင်း ဆိုပေသည်။ (ဋီကာမှီသည်)

၃ – လုံးသောပခုံးရှိခြင်း, မသန့်ရှင်း-မခန့်ညားသော လက်ခြေစသည်ရှိခြင်းသည် ဣတ္ထိလိင်-မိန်းမ၏သဏ္ဌာန်မည်၏၊ သားမြတ်သား၏ မသန့်ရှင်းခြင်း, မုတ်ဆိတ်မွေး နှုတ်ခမ်းမွေးမရှိခြင်း, ဆံပင်ထုံးဖွဲ့ပုံ၊ ထမိဝတ်ပုံတို့သည် မိန်းမဟု မှတ်သိရခြင်း၏ အကြောင်းဖြစ်သောကြောင့် ဣတ္ထိနိမိတ္တ- မိန်းမဟုသိကြောင်းနိမိတ်မည်၏၊ ငယ်စဉ်ကာလ၌လည်း ဗန်းအတု ကျည်ပွေ့အတု စသည်တို့ဖြင့် ကစားခြင်းသည်ရင်း, မြေညက်ယောက်လုံးဖြင့် ချည်ငင်ကစားခြင်း စသည်ရင်း ဣတ္ထိကုတ္တ-မိန်းမ၏ အပြုအမူမည်၏၊ မသန့်ရှင်း-မခန့်ညားသောရပ်ပုံ သွားပုံအစရှိသော အခြင်းအရာသည် ဣတ္ထိအာကပ္ပ-မိန်းမ၏အခြင်း အရာမည်၏။ အဋ္ဌကထာနည်းမှ အခြားနည်းကား မိန်းမတို့၏ ဆီးစွန့်

http://www.dhammadownload.com



အကြောင်းအဖြစ်ဖြင့် ရှေးရှုထင်သော အခြင်းအရာ ရှိ၏။ ပုရိသိန္ဒြေသည် ယောကျ်ားဖြစ်ကြောင်း လက္ခဏာ ရှိ၏၊ ယောကျ်ားဟု ပြခြင်းကိစ္စ ရှိ၏၊ ပုရိသလိင်္ဂ, ပုရိသနိမိတ္တ, ပုရိသကုတ္တ, ပုရိသအာကပ္ပတို့၏ အကြောင်းအဖြစ်ဖြင့် ရှေးရှုထင်သော အခြင်းအရာ ရှိ၏။ ထိုဣတ္ထိန္ဒြေရုပ်, ပုရိသိန္ဒြေရုပ် နှစ်ပါးလုံးပင် ကိုယ်အကြည်-ကာယပသာဒရုပ်ကဲ့သို့ တကိုယ်လုံးကို ပြန့်နှံ့သည်သာတည်း။ သို့သော်လည်း ကာယပသာဒတည်ရာအရပ်၌ တည်သည်ဟူ၍ဖြစ်စေ, ကာယပသာဒမတည်ရာအရပ်၌ တည်သည်ဟူ၍ဖြစ်စေ မဆိုအပ်-မဆိုသင့်ပေ၊ အဆင်းရုပ်နှင့် အရသာရုပ်စသည်တို့ကဲ့သို့ အချင်းချင်း ရောယှက်ခြင်းမရှိပေ။

၄၃၉။ ဇီဝိတိန္ဒြေသည် အတူဖြစ်ဖက်ကမ္မဇရုပ်တို့ကို စောင့်ရှောက်ခြင်း လက္ခဏာရှိ၏[၁]၊ ယင်း(အတူဖြစ်ဖက်ကမ္မဇရုပ်)တို့ကို ဖြစ်မြဲဖြစ်သွားစေခြင်း-

---

မှတ်ချက်

ကြောင်းအင်္ဂါသည် ဣတ္ထိလိင်မည်၏၊ (ဤလိင်သည် မွေးခါစသတ္တဝါတို့ကို အထီးအမရွေးရာ၌ အလွယ်တကူသိကြောင်းဖြစ်ပေ၏) အသံနှင့်အလိုတို့သည် ဣတ္ထိနိမိတ္တမည်၏၊ မသန့်ရှင်း မခံ့ညားသော ရပ်ပုံ သွားပုံ ထိုင်ပုံ ခဲပုံ စားပုံစသည်သည် ဣတ္ထိကုတ္တမည်၊ မိန်းမ၏ ပုံသဏ္ဍာန်သည် ဣတ္ထိ-အာကပ္ပ-မိန်းမ၏အသွင်မည်၏။ (ဋီကာ)

၁–ကမ္မဇရုပ်သည် သူနှင့်သက်ဆိုင်သည့် ခဏမျှသာ တည်ခြင်းရှိ၏၊ သို့သော်လည်း ယင်းကမ္မဇရုပ်၏(ပဝတ္တိဟေတုဘာဝေန)ဖြစ်မြဲ မပြတ်ဖြစ်သွားခြင်း၏ အကြောင်းအဖြစ်ဖြင့် ထိုဇီဝိတိန္ဒြေရုပ်က အတူဖြစ်ဖက်ကမ္မဇရုပ်တို့ကို စောင့်ရှောင့်တတ်၏၊ ထို့ကြောင့် အတူဖြစ်ဖက် ကမ္မဇရုပ်တို့ကို စောင့်ရှောက်ခြင်း လက္ခဏာရှိ၏-ဟု ဆိုပေသည်။ မှန်ပေ၏၊ အာဟာရစသည်သည် အာဟာရဇရုပ်စသည်တို့၏ တည်ရန်အကြောင်းဖြစ်သကဲ့သို့ ကံသည်သာလျှင် ကမ္မဇရုပ်တို့၏ တည်ရန်အကြောင်း မဖြစ်ထိုက်ပေ၊ အဘယ့်ကြောင့်နည်း (ကံသည်) ထိုခဏ၌ မရှိခြင်းကြောင့်ပေတည်း။ (ဋီကာ)

http://www.dhammadownload.com



မျှစေခြင်း ကိစ္စရှိ၏[၁]၊ ယင်းအတူဖြစ်ဖက် ကမ္မဇရုပ်တို့ကိုပင်လျှင် တည်မြဲတည်စေသည့်အနေအားဖြင့် ရှေးရှုထင်သော အခြင်းအရာရှိ၏၊သွားစေအပ်မျှစေအပ်သော ဘူတရုပ်တို့လျှင် နီးသောအကြောင်းရှိ၏၊[၂]။ ဆက်၍ရှင်းပြဦးအံ့-စောင့်ရှောက်ခြင်းအစရှိသော အစီအရင်ရှိငြားသော်လည်း (အစောင့်ရှောက်ခံရုပ်တို့၏) ရှိဆဲခဏ၌သာလျှင် ယင်းဇီဝိတရုပ်က အတူဖြစ်ဖက် ကမ္မဇရုပ်တို့ကို စောင့်ရှောက်တတ်၏၊ ရေသည် ကြာစသည်တို့ကို စောင့်ရှောက်

---

မှတ်ချက်

၁–ယင်းတို့ကို-ဟူသည်ကား အတူဖြစ်ဖက် (ကမ္မဇ) ရုပ်တို့ကို (ဟု ဆိုလို၏)။ ပဝတ္တနံ-မပြတ်ဖြစ်စေခြင်း ဖြစ်မြဲ ဖြစ်သွားစေခြင်း-ဟူသည် ယာပနံ-သွားမြဲသွားစေခြင်း-မျှစေခြင်းတည်း။ (ဋီကာ) ယာပန-ကို မျှစေခြင်းဟု မြန်မာပြန်ကြ၏၊ ဘာကိုဆိုသည်ဟု နားလည်ရန်ခက်၏။ သဒ္ဒါနက်မှာ သွားစေခြင်းဟု ဖြစ်သည်။ ဤအရာ၌ သွားမြဲသွားစေခြင်း ဖြစ်မြဲဖြစ်စေခြင်း တည်မြဲတည်စေခြင်း ရှင်မြဲရှင်စေခြင်းတို့ကိုပင် ယာပန-သွားစေခြင်းဟု ဆိုသည်ဟူ၍ ယူသင့်၏၊ ထိုသို့ ယူလျှင် ပဝတ္တန-မပြတ်ဖြစ်စေခြင်း ဖြစ်မြဲဖြစ်သွားစေခြင်းဟူသော အဋ္ဌကထာအဆိုနှင့်လည်း ညီညွတ်၏။ ဇီဝိတရုပ်က အတူဖြစ်ဖက်ကမ္မဇရုပ်တို့ကို ဥပါဒ်ဌီဘင်-ဟူသော သုံးခဏအတွင်း၌ အင်အားအပြည့်ဖြစ်စေလျက် ရှင်စေခြင်းဖြင့် ထိုခဏအတွင်း၌ အသစ်အသစ်ဖြစ်ပေါ်လာသော ကမ္မဇရုပ်တို့ကိုလည်း အင်အားပြည့်စေလျက် သန့်စွမ်းစေသည်၊ ဤနည်းဖြင့် တခဏအတွင်း၌သာ အင်အားအပြည့် ဖြစ်စေနိုင်ငြားသော်လည်း အသစ်အသစ် ဖြစ်ပေါ်လာသည့် ကမ္မဇရုပ်တို့အားလည်း အဆက်ဆက် ဖြစ်မြဲဖြစ်သွားစေသည်ဟု ယူသင့်၏။

၂–ယာပယိတဗ္ဗ-ပုဒ်ကို ပဝတ္တေတဗ္ဗ-ဟု ဋီကာ၌ ဖွင့်ပြ၏၊ ထို့ကြောင့် ယာပယိ-တဗ္ဗဘူတ-ပုဒ်ကို သွားစေအပ် မျှစေအပ်သော ဘူတရုပ်တို့-ဟု ပြန်သည်၊ သွားမြဲသွားစေအပ် ဖြစ်မြဲဖြစ်စေအပ် ရှင်မြဲရှင်စေအပ်သော ဘူတရုပ်တို့-ဟူ၍ပင်ယူရ၏

http://www.dhammadownload.com



သကဲ့သို့ပင်။ဆိုင်ရာဆိုင်ရာ အကြောင်းကံ၏ အကျိုးဖြစ်ကုန်ပြားသော်လည်း (ယင်း အကျိုးရုပ်) တရားတို့ကို (ဇီဝိတရုပ်က) စောင့်ရှောက်၏ အထိန်းတော်သည် (သူတပါး၏ သားဖြစ်သော) သူငယ်ကို စောင့်ရှောက်သကဲ့သို့ပင်။ မိမိက ဖြစ်မြဲဖြစ်သွားစေအပ်-မျှစေအပ်သော ရုပ်တရားတို့နှင့် စပ်သဖြင့်သာလျှင် (မိမိလည်း) ဖြစ်မြဲဖြစ်သွား၏-မျှ၏။ လှေသူကြီးသည် (မိမိလှော်ခတ်သော လှေနှင့်အတူ သွားသ) ကဲ့သို့ပင်။ ဘင်ခဏမှ နောက်၌ကား ဖြစ်မသွားတော့ မမျှတော့၊ အဘယ့်ကြောင့်ဆိုသော် မိမိရောဖြစ်သွားစေအပ်-မျှစေအပ်သည့် ရုပ်တို့ရော မရှိတော့ခြင်းကြောင့်ပင်။ ဘင်ခဏ၌ (အတူဖြစ်ဖက် ရုပ်တို့ကို) မတည်စေနိုင်၊ အဘယ့်ကြောင့်ဆိုသော် မိမိကိုယ်တိုင် ပျက်ဆဲဖြစ်ခြင်းကြောင့်ပင်။ ဥပမာအားဖြင့် ကုန်ဆဲဖြစ်သော မီးစာနှင့် ဆီသည် မီးလျှံကို မတည်စေနိုင်သကဲ့သို့ပင်။သို့သော် စောင့်ရှောက်ခြင်း, ဖြစ်သွားစေ-မျှစေခြင်း, တည်စေခြင်း စွမ်းရည်မှ ကင်းသည်လည်း မဟုတ်ပေ။ အဘယ့်ကြောင့်ဆိုသော်-ဆိုခဲ့တိုင်းသော ခဏ၌ ထိုထိုစောင့်ရှောက်ခြင်းစသည်ကို ပြီးစေခြင်းကြောင့်ပင်ဟု မှတ်အပ်၏။

၄၄၀။ ဟဒယဝတ္ထုရုပ်သည် မနောဓာတ် မနောဝိညာဏဓာတ်တို့၏ မှီရာလက္ခဏာ ရှိ၏ (ဝါ-မှီရာဟု မှတ်အပ်သော သဘောပေတည်း)၊ ထိုဓာတ် ၂-ပါးတို့၏ပင်လျှင် တည်ရာကိစ္စရှိ၏၊ (ယင်းတို့ကို) ထမ်းရွက်နေသည့် အခြင်းအရာအားဖြင့် (ရှုဆင်ခြင်သည့် ဉာဏ်အား) ရှေးရှုထင်၏။ နှလုံးသား၏ အတွင်း၌[၁] [၇၈] ကာယဂတာသတိ ပြဆိုချက်မှာ ဆိုခဲ့သည့်အပြားရှိသော သွေးကိုမှီ၍ ခံလျက်ဆောင်ထားခြင်းစသောကိစ္စ ရှိကြသည့် ဘူတရုပ်တို့က ကျေးဇူးပြုခြင်းရှိသည်ဖြစ်၍ ဥတု စိတ် အာဟာရတို့က ထောက်ပံ့အပ်သည်ဖြစ်၍ အသက်ရုပ်က စောင့်ရှောက်အပ်သည်ဖြစ်၍ မနောဓာတ်

---

မှတ်ချက်

၁ – နှလုံးသားအတွင်း၌-သွေးကို-ဟု စပ်ပါ။

http://www.dhammadownload.com



မနောဝိညာဏဓာတ်တို့၏၎င်း၊ ယင်းတို့နှင့်ယှဉ်ကြသော စေတသိက်တရားတို့၏၎င်း တည်ရာဝတ္ထုအဖြစ်ကို ပြီးစေလျက် တည်၏။

၄၄၁။ ရှေ့သို့သွားခြင်း စသည်တို့ကို ဖြစ်စေတတ်သော စိတ္တဇဝါယောဓာတ်၏[၁] အတူဖြစ်ဖက် ရုပ်အပေါင်း ကိုယ်ကို တောင့်တင်းစေခြင်း ကောင်းစွာ တည်စေခြင်း လှုပ်စေခြင်းအား ကျေးဇူးပြုသော (ဝါ-လှုပ်စေခြင်း၏ အကြောင်းအထောက်အပံ့ဖြစ်သော)အမူအရာအထူးသည် ကာယဝိညတ် မည်၏။(၎င်းသည်)ပြုသူပုဂ္ဂိုလ်၏ အလိုကိုပြခြင်းကိစ္စ ရှိ၏၊ ကိုယ်လှုပ်ရှားခြင်း၏ အကြောင်း အဖြစ်ဖြင့် (ရှုသိဉာဏ်အား) ရှေးရှုထင်၏၊ စိတ္တဇဝါယောဓာတ်လျှင် နီးသော အကြောင်းရှိ၏။ ဆက်၍ ရှင်းပြဦးအံ့-ထိုဆိုခဲ့သော ဤကာယဝိညတ်သည် ကိုယ်၏ လှုပ်ရှားခြင်းဖြင့် (လှုပ်ရှားသူ၏) အလိုကို သိစေတတ်သည့် အကြောင်းဖြစ်ခြင်းကြောင့်၎င်း၊ ဝိညတ်ရုပ်ဟူသော မိမိကိုယ်တိုင်ကိုလည်း ကိုယ်၏လှုပ်ခြင်းဟု ဆိုအပ်သော (ဝါ-လှုပ်သောကိုယ်ဟု ဆိုအပ်သော) ထိုကာယဖြင့် သိအပ်သောကြောင့်၎င်း (ယင်းကို) ကာယဝိညတ်ဟု[၂] ခေါ်ဆိုအပ်၏။ ဆက်ဦးအံ့- ယင်းကာယဝိညတ်က လှုပ်စေ(အပ်) ကုန်သော စိတ္တဇရုပ်တို့နှင့် ဆက်စပ်ကုန်သော ဥတုဇရုပ် စသည်တို့၏လည်း လှုပ်ရှားခြင်းကြောင့် ရှေ့သို့သွားခြင်း စသော အမှုတို့သည် မပြတ်ဖြစ်နေကြသည်ဟု သိအပ်၏။

---

မှတ်ချက်

၁-စိတ္တဇဝါယောဓာတ်၏....အမူအရာအထူးသည်-ဟု စပ်ပါ။

၂-ကာယ-ကိုယ်၏ လှုပ်ရှားခြင်းဖြင့် (ဝါ-လှုပ်ရှားသော ကိုယ်ဖြင့်) +ဝိညတ္တိ-အလိုကို သိစေတတ်သည်= ကာယဝိညတ္တိ-ကာယဝိညတ် လှုပ်ရှားသော ကိုယ်ဖြင့် အလိုကို သိစေတတ်သောရုပ်။ တနည်း၊ ကာယ-လှုပ်ရှားသော ကိုယ်ဖြင့်+ဝိညတ္တိ-သိအပ်သည် သိရသည်= ကာယဝိညတ္တိ-ကာယဝိညတ် လှုပ်ရှားသော ကိုယ်ဖြင့် သိရသောရုပ်။

http://www.dhammadownload.com



နှုတ်မြွက်ခြင်းကို ဖြစ်စေတတ်သော စိတ္တဇပထဝီဓာတ်၏[၁] ကမ္မဇပထဝီဓာတ်ကို တိုက်ခိုက်ခြင်းအား ကျေးဇူးပြုတတ်သော အမူအရာအထူးသည် ဝစီဝိညတ် မည်၏၊ (ငင်းသည်)ပြောဆိုသူ၏ အလိုကို ပြခြင်းကိစ္စရှိ၏၊ နှုတ်ဖြင့် ပြောဆိုသံ၏ အကြောင်းအဖြစ်ဖြင့် (ရှုသိဉာဏ်အား) ရှေးရှု ထင်၏၊ စိတ္တဇပထဝီဓာတ်လျှင် နီးသော အကြောင်းရှိ၏။ ဆက်၍ရှင်းပြဦးအံ့-ထိုဆိုခဲ့သော ဤဝစီဝိညတ်သည် နှုတ်မြွက်ပြောဆိုသောစကားသံဖြင့် ပြောသူ၏ အလိုကို သိစေတတ်သည့် အကြောင်းဖြစ်ခြင်းကြောင့်၎င်း, ဝိညတ်ရုပ်ဟူသော မိမိကိုယ်တိုင်ကိုလည်း နှုတ်မြွက်သံဟု ဆိုအပ်သော ထိုစကားဖြင့် သိအပ်သောကြောင့်၎င်း(ယင်းကို)ဝစီဝိညတ်ဟု[၂]ခေါ်ဆိုအပ်၏။ ဥပမာဖြင့်ပြရလျှင်-တောအရပ်၌ စိုက်ထူ၍ ဖွဲ့ချည်ထားသော နွားခေါင်းရိုး အစရှိသော ရေရှိကြောင်း သိစေသည့် နိမိတ်ကို မြင်၍ ဤအရပ်၌ ရေရှိသည်ဟု သိရသကဲ့သို့ ဤအတူပင် ကိုယ်၏ လှုပ်ရှားခြင်းကို၎င်း၊ နှုတ်မြွက်ပြောဆိုသံကို၎င်း ယူပြီး-သိပြီးလျှင် ကာယဝိညတ် ဝစီဝိညတ်တို့ကိုလည်း သိရကုန်၏။

---

မှတ်ချက်

၁–စိတ္တဇပထဝီဓာတ်၏....အမူအရာ အထူးသည်-ဟု စပ်ပါ။ ပြောဆိုလိုသော စိတ်ကြောင့် လည်ချောင်း စသည်တို့၌ လေရုပ်များ ဖြစ်ပေါ်လာသည်။ ထိုလေရုပ်ထဲ၌ ပါဝင်သော ခက်မာမှုကို စိတ္တဇပထဝီဓာတ်ဟု ဆိုသည်၊ ထို ပထဝီဓာတ်က လည်ချောင်း စသည်၌ ဖြစ်ပေါ်လျက် ရှိနေသော ကမ္မဇ ပထဝီဓာတ်ကို တိုက်ခိုက်သည်၊ ထိုအခါ ပုလွေမှ အသံ ထွက်ပေါ်လာသကဲ့သို့၎င်း၊ ဒုတ်ချောင်း ၂-ခု ထိခိုက်သောအခါ အသံ ထွက်ပေါ်လာသကဲ့သို့၎င်း ပထဝီဓာတ်ချင်း ထိခိုက်သောကြောင့် အသံထွက်ပေါ်လာသည်။

၂–ဝစီ-စကားသံဖြင့်+ဝိညတ္တိ-အလိုကို သိစေတတ်သည်=ဝစီဝိညတ္တိ-ဝစီဝိညတ် စကားသံဖြင့် အလိုကို သိစေတတ်သောရုပ်။ တနည်း-ဝစီ-စကားသံဖြင့်+ဝိညတ္တိ-သိရသည်=ဝစီဝိညတ္တိ-ဝစီဝိညတ်-စကားသံဖြင့် သိရသောရုပ်။

http://www.dhammadownload.com



၄၄၂။ အာကာသဓာတ်သည် ရုပ်တို့ကို ပိုင်းခြားခြင်းလက္ခဏာ ရှိ၏ (ဝါ ရုပ်တို့၏ အပိုင်းအခြားလက္ခဏာရှိ၏)[၁]။ကလာပ်ရုပ်တို့၏ အစွန်းအဆုံး အပိုင်းအခြားကို ပြခြင်းကိစ္စ ရှိ၏၊ ကလာပ်ရုပ်တို့၏ နယ်ဆုံး အပိုင်း အခြားအနေအားဖြင့်(ရှုသိဉာဏ်အား)ရှေးရှုထင်၏။ တနည်းကား မတွေ့ ထိအပ်သည်၏ အဖြစ်[၂] အပေါက်အကြားအဖြစ်ဖြင့် ရှေးရှုထင်၏၊ ပိုင်းခြား အပ်သော ကလာပ်ရုပ်လျှင် နီးသောအကြောင်းရှိ၏။ ယင်း အာကာသ ဓာတ်ဖြင့် ပိုင်းခြားအပ်သော ကလာပ်ရုပ်တို့၌ (ဝါ-ကလာပ်ရုပ်တို့တွင်) ဤကလာပ်ရုပ်သည် ဤကလာပ်ရုပ်မှ အထက်ကျသည်ဟူ၍ရင်း ဤကလာပ် ရုပ်မှ အောက်ကျသည်ဟူ၍ရင်း၊ ဤကလာပ်ရုပ်မှ ရှေ့နောက်ဝဲယာ ဖီလာ ကျသည်ဟူ၍ရင်း ထင်ရှားပေ၏။

---

မှတ်ချက်

၁–ကလာပ်တခုအတွင်း၌ ပါဝင်သောရုပ်တို့၏ အခြားကလာပ်ရုပ်တို့နှင့်ခြားနား သော စပ်ကြား သဘောကို အာကာသဟု ဆိုသည်။ ကလာပ် တခုတခု အတွင်း၌ ပါဝင်သော ရုပ်တို့မှာမူ ခြားနားခြင်းမရှိပေ၊ အချင်းချင်း ဆေ ယှက်လျက်ရှိ၏။ ထို့ကြောင့် ကလာပ်တခုတည်းပါဝင်သော ရုပ်တို့ကို အဝိ နိဗ္ဘောဂ ရုပ်ဟု ဆိုပေသည်။

၂–အာကာသဓာတ်သည် တွေ့ထိကောင်းသည့် ရုပ်မဟုတ်၊ ထို့ကြောင့် ၎င်းနှင့် တစပ်တည်း တည်ရှိနေသော ရုပ်တို့နှင့်လည်း မထိ ဟု ဆိုရပေသည်။

၃–ဤစကားဖြင့် ကလာပ်အချင်းချင်းသာ အထက်အောက် ဖီလာအားဖြင့် ပိုင်းခြားပြောဆိုရသည်၊ ကလာပ်တခုအတွင်း၌ ပါဝင်သော ရုပ်တို့ကိုကား မည်သည့်ရုပ်က အထက်ကျသည် မည်သည့်ရုပ်က အောက်ကျသည် ဖီလာ ကျသည်ဟု မပိုင်းခြားကောင်း-ဟု သိစေ၏။

http://www.dhammadownload.com



၄၄၃။ နိပ္ဖန္နရုပ်၏ပေါ့ပါးသည်၏အဖြစ်-ပေါ့ပါးခြင်းဟူသော လဟုတာရုပ်သည် ပေါ့ပါးသည် လျင်မြန်သည်၏ အဖြစ်လျှင် လက္ခဏာရှိ၏[၁]၊ နိပ္ဖန္နရုပ်တို့၏ လေးသည်၏အဖြစ်ကို ပယောက်ကင်းစေခြင်းကိစ္စ ရှိ၏။ လျင်သော အပြန်ရှိသည်၏ အဖြစ်ဖြင့် (ရှုသိဉာဏ်အား) ရှေးရှုထင်၏၊ ပေါ့ပါးသော နိပ္ဖန္နရုပ်တို့လျှင် နီးသော အကြောင်းရှိ၏။

နိပ္ဖန္နရုပ်၏ နူးညံ့သည်၏အဖြစ်-နူးညံ့ခြင်းဟူသော မုဒုတာရုပ်သည် ကြမ်းတမ်းခက်ထရော်မရှိသည်၏အဖြစ် နူးညံ့သည်၏အဖြစ်လျှင် လက္ခဏာရှိ၏၊ နိပ္ဖန္နရုပ်တို့၏ ကြမ်းတမ်းခက်ထရော်ရှိခြင်းကို ပယောက်ကင်းစေခြင်းကိစ္စ ရှိ၏၊ အလုံးစုံသော ပြုလုပ်ပြောဆိုခြင်း ကိုယ်နှုတ်အမူအရာတို့၌ မဆန့်ကျင်သည်၏ အဖြစ်ဖြင့် (ရှုသိဉာဏ်အား) ရှေးရှုထင်၏၊ နူးညံ့သော နိပ္ဖန္နရုပ်တို့လျှင် နီးသောအကြောင်း ရှိ၏။

နိပ္ဖန္နရုပ်၏ အမှု၌ ခံ့သည်၏အဖြစ်-ခံ့ကျန်းခြင်း-ဟူသော ကမ္မညတာရုပ်သည် ကိုယ်ဖြင့် ပြုအပ်သောအမှုကိစ္စတို့အား လျော်သည်၏ အဖြစ်ဟုဆိုအပ်သော အမှု၌ ခံ့သည်၏အဖြစ်-ခံ့ကျန်းခြင်းလျှင် လက္ခဏာ ရှိ၏၊ [၇၉] အမှု၌ မခံ့ကျန်းခြင်းကို ပယောက်ကင်းစေခြင်းကိစ္စ ရှိ၏၊ အားမနည်းသည်၏အဖြစ်-အားမနည်းခြင်း-သန်စွမ်းခြင်းအနေဖြင့် (ရှုသိဉာဏ်အား) ရှေးရှုထင်၏၊ အမှု၌ ခံ့ကျန်းသော နိပ္ဖန္နရုပ်တို့လျှင် နီးသောအကြောင်း ရှိ၏။

ဆက်၍ ရှင်းပြဦးအံ့-(လဟုတာ မုဒုတာ ကမ္မညတာ ဟူသော) ဤသုံးပါးသော ရုပ်တို့သည် အချင်းချင်းမစွန့်ကြကုန် (ပူးတွဲလျက်ပင် ဖြစ်ကြ

---

မှတ်ချက်

၁–ဤလဟုတာရုပ်သည် ပေါ့ပါးလျင်မြန်သော နိပ္ဖန္နရုပ်တို့၏ ပေါ့ပါးလျင်မြန်သော ဂုဏ်သတ္တိ အထူးမျှသာတည်း။ ထို့ကြောင့် ဤရုပ်မှာ သီးခြားလက္ခဏာမရှိ၊ မုဒုတာ အစရှိသော နောက်ရုပ်များလည်း နည်းတူပင်။

ကုန်၏)၊ ဤသို့ တပေါင်းတည်း ပူးတွဲလျက် ဖြစ်သော်လည်း ရောဂါမရှိ ပကတိကျန်းမာသောသူ၏ ကိုယ်လက် ပေါ့ပါးခြင်းကဲ့သို့ ရုပ်တို့၏ ပေါ့ပါးသည်၏အဖြစ်–ပေါ့ပါးခြင်းဟူသော[၁] မလေးခြင်း ပေါ့ပါး လျင်မြန်စွာ ပြောင်းရွှေ့ ပြန်လှန်နိုင်ခြင်း အထူးအပြားရှိသော[၁] ရုပ်တို့ကိုလေးလံအောင် ပြုတတ်သည့်ဓာတ်ချောက်ချားခြင်း၏[၂] ဆန့်ကျင်ဖက် အကြောင်းကြောင့်[၃] ဖြစ်သော အကြင်ရုပ်တို့၏ အမူအရာအထူးသည် ရှိ၏၊ ထိုအမူအရာ အထူးသည် နိပ္ဖန္နရုပ်၏ ပေါ့ပါးသည်၏အဖြစ်—ပေါ့ပါးခြင်း (လဟုတာရုပ်)ပေတည်း။ ထိုမှတပါး ကောင်းစွာနယ်ပြီးသော သားရေ၏ နူးညံ့ခြင်းကဲ့သို့ နူးညံ့ခြင်းဟူသော[၄] အလုံးစုံသော ကိုယ်အမူအရာအထူးတို့၌ အလိုအတိုင်း ဖြစ်ခြင်း နူးညံ့ခြင်းအပြားရှိသော[၄] ရုပ်တို့ကို ကြမ်းတမ်းခက်တရော်ရှိအောင် ပြုတတ်သည့် ဓာတ်ချောက်ချားခြင်း၏ ဆန့်ကျင်ဘက်အကြောင်းကြောင့် ဖြစ်သော အကြင်ရုပ်တို့၏ အမူအရာအထူးသည် ရှိ၏၊ ထိုအမူအရာအထူးသည် နိပ္ဖန္နရုပ်၏ နူးညံ့သည်၏အဖြစ်-နူးညံ့ခြင်း (မုဒုတာရုပ်)ပေတည်း။

---

မှတ်ချက်

၁–ပေါ့ပါးခြင်းဟူသော.... အထူး အပြားရှိသော.... အမူအရာအထူးသည်-ဟု စပ်ပါ။

၂=ဓာတ်ချောက်ချားခြင်း ဟူသည် လေ သည်းခြေ သလိပ်တို့၏ ပျက်ခြင်းပေတည်း။ တနည်းကား ရသ အစရှိသောဓာတ်တို့၏ ပြောင်းလဲ ဖောက်ပြန်သော အခိုက်အတန့်ပေတည်း။ ၂-နည်း အပြားအားဖြင့် ဖွင့်ပြသော်လည်း ပထဝီဓာတ် အစရှိကုန်သော ဓာတ်တို့၏ ပင်လျှင် ဖောက်ပြန်ခြင်းဟု မှတ်အပ်၏။(ဋီကာ)

၃–ဆန့်ကျင်ဘက် အကြောင်းတို့ဟူသည်မှာ လျောက်ပတ်သောဥတု အာဟာရ စိတ်မပျံ့လွင့်ခြင်းတို့ပေတည်း။ (ဋီကာ)

၄–နူးညံ့ခြင်းဟူသော....နူးညံ့ခြင်း အပြားရှိသော....အကြင်....အမူအရာအထူးသည် ရှိ၏-ဟု စပ်ပါ။

http://www.dhammadownload.com



ထိုမှတပါး ကောင်းစွာဦးပြီးသော ရွှေစင်၏ (အလိုရှိရာပြုရန်) ခံ့ခြင်း-လျော့ခြင်းကဲ့သို့ ရုပ်တို့၏ ခံ့ခြင်း-လျော့ခြင်းဟူသော[၁] ကိုယ်အမူအရာတို့အားလျော့ခြင်းအပြားရှိသော[၁] ကိုယ်အမူအရာတို့အား မလျော့အောင်ပြုတတ်သည့် ခေတ်ချောက်ချားခြင်း၏ ဆန့်ကျင်ဘက်အကြောင်းကြောင့်ဖြစ်သော အကြင်ရုပ်တို့၏ အမူအရာအထူးသည် ရှိ၏၊ ထိုအမူအရာအထူးသည် နိပ္ဖန္နရုပ်၏ အမှုဥ္စခံ့သည်၏အဖြစ်-အမှုဥ္စခံ့ခြင်း (ကမ္မညတာရုပ်) ပေတည်း။ ဤသို့သော အခြင်းအရာအားဖြင့် ဤသုံးပါးသောရုပ်တို့၏ ထူးခြားခြင်းကို သိအပ်ပေ၏။

၄၄၄။ နိပ္ဖန္နရုပ်၏ ရှေးဦးစွာဖြစ်ခြင်းဟူသော ဥပစယရုပ်သည် ရှေးဦးစွာဖြစ်ခြင်း လက္ခဏာရှိ၏၊ မဖြစ်ပေါ်လာသေးမီ ရှေးအဖို့-အနာဂတ်အဖို့မှ ရုပ်တို့ကို ပေါ်လာစေသကဲ့သို့ ဖြစ်ခြင်းကိစ္စရှိ၏၊ (ဤသည်တို့ကား ရုပ်တို့ပင်ဟု) အပ်နှင်းဘိသကဲ့သို့ (ဉာဏ်အား) ရှေးရှုထင်၏။ တနည်းကား (ရုပ်အပေါင်း၏) လုံးဝပြည့်စုံသည်၏အဖြစ်ကို ရှေးရှု ဖြစ်စေတတ်၏[၂]၊ ဖြစ်ပွါးသောရုပ်လျှင် နီးသောအကြောင်းရှိ၏။ နိပ္ဖန္နရုပ်၏ ဖြစ်စဉ်ဟူသော (ဝါ-အဆက်ဆက်ဖြစ်ခြင်းဟူသော) သန္တတိရုပ်သည် အဆက်မပြတ်ဖြစ်ခြင်း လက္ခဏာရှိ၏၊ ရှေးနောက်မပြတ် ဆက်စပ်စေခြင်းကိစ္စ ရှိ၏၊ ရှေးနောက်မပြတ် ဆက်စပ်သည့်အနေအားဖြင့် ထင်သောအခြင်းအရာရှိ၏၊ ရှေးနောက်မပြတ် ဆက်စပ်သော ရုပ်အပေါင်းလျှင် နီးသောအကြောင်းရှိ၏။ ဥပစယနှင့် သန္တတိဟူသော ဤအမည် ၂-ပါးလုံးပင် ရုပ်တို့၏ဥပါဒ်ဟူသော ဇာတိရုပ်၏သာလျှင် အမည်ဖြစ်သည်။ သို့သော်လည်း (ရှေးဦးစွာဖြစ်ခြင်း,

---

မှတ်ချက်

၁ – သျော့်ခြင်းဟူသော .... လျော့်ခြင်း အပြားရှိသော .... အကြင်....အမူအရာ အထူးသည် ရှိ၏-ဟု စပ်ပါ။

၂ – ဤတနည်းကား စသည်ဖြင့် ဖလပစ္စုပဋ္ဌာန်ကို ပြသည်။

http://www.dhammadownload.com



အဆက်မပြတ်ထပ်၍ဖြစ်ခြင်းဟူသော) ဖြစ်ပုံအခြင်းအရာတို့၏ ကွဲပြားခြင်း အားဖြင့်၎င်း, ဝေနေယျတို့၏အလိုအားဖြင့်၎င်း ဥပစယရုပ် သန္တတိရုပ်ဟူ၍ အကျဉ်းချုပ်ခေါင်းစဉ်ဒေသနာကို ပြုတော်မူပေသည်။ ထိုသို့ ခေါင်းစဉ် ဒေသနာ၌ ခွဲခြား၍ ဟောခဲ့ငြားသော်လည်း ဤရုပ် ၂-ပါးတို့၌ အနက်အရ အားဖြင့် ကွဲပြားခြင်း မရှိပေ၊ ထို့ကြောင့် ဤ ၂-ပုဒ်တို့ကို အကျယ်ပြရာ နိဒ္ဒေသ၌ "ရုပ်အာယတနတို့၏ ရှေးဦးစွာဖြစ်ခြင်းဟူသော အကြင်အာစယ သည် ရှိ၏၊ ထိုအာစယသည် နိပ္ဖန္နရုပ်၏ ရှေးဦးဖြစ်ခြင်း-ပွါးခြင်းဟူသော ဥပစယပေတည်း၊ နိပ္ဖန္နရုပ်၏ အကြင်ဥပစယသည် ရှိ၏၊ ၎င်းသည် နိပ္ဖန္န ရုပ်၏ဖြစ်စဉ် သန္တတိပေတည်း"ဟူ၍ ဟောတော်မူပေသည်။ အဋ္ဌကထာ ၌လည်း "အာစယမည်သည်ကား နိဗ္ဗတ္တိ-ရှေးဦးစွာ ဖြစ်ပေါ်ခြင်းပေတည်း၊ ဥပစယမည်သည်ကာ ဝဍ္ဍိ-ပွါးခြင်းပေတည်း၊ သန္တတိမည်သည်ကား ပဝတ္တိ-အဆက်မပြတ်ဖြစ်ခြင်းပေတည်း"ဟု ဖွင့်ဆိုပြီးလျှင် "မြစ်ကမ်းသောင်ပြင်၌ လက်ဖြင့်ယက်၍တူးသော တွင်းငယ်မှာ ရေထွက်လာရာကာလကဲ့သို့ နိဗ္ဗတ္တိ-ရှေးဦးစွာဖြစ်ပေါ်ခြင်းဟူသော အာစယကို သိအပ်၏၊ ရေပြည့်သောကာလ ကဲ့သို့ ဝဍ္ဍိ-ပွါးခြင်းဟူသော ဥပစယကို သိအပ်၏၊ ကျော်လွန်လျှံတက်၍ သွားသောကာလကဲ့သို့ ပဝတ္တိ-အဆက်မပြတ်ဖြစ်ခြင်းဟူသော သန္တတိကို သိအပ်၏"ဟူ၍ ဥပမာကို ပြုတော်မူ-ပြတော်မူပေသည်။

ဥပမာပြပြီးနောက် အဆုံး၌လည်း "(ရုပ်အာယတနတို့၏ ရှေးဦးစွာ ဖြစ်ခြင်းဟူသော အကြင်အာစယသည် ရှိ၏ အစရှိသော) ဤနိဒ္ဒေသ-အကျယ်ပြချက်ဖြင့် အဘယ်အနက်သဘောကိုဆို(အပ်)သနည်း? အာယတန ဖြင့် အာစယကို ဆို(အပ်)သည်[၁]၊ အာစယဖြင့် အာယတနကို ဆို(အပ်)

မှတ်ချက်

၁—**အာယတနဖြင့် အာစယကိုဆိုကြောင်း အဘယ့်ကြောင့် သိအပ်သနည်း** ဟူသော အမေးကို ဋီကာ၌ ဤသို့ ပြဆိုထား၏။ ပြဆိုပုံမှာ—အာစယ

http://www.dhammadownload.com



သည်''ဟု မိန့်ဆိုထားပေသည်။ ထို့ကြောင့် "ရုပ်တို့၏ အကြင်ရှေးဦးစွာ ဖြစ်ပေါ်လာခြင်းသည် ရှိ၏၊ ၎င်းသည် အာစယမည်၏"။ ထိုရှေးဦးစွာဖြစ်သော ရုပ်တို့၏ အထက်ကာလ-နောက်ကာလ၌ ဖြစ်ပေါ်လာကုန်သော အခြားရုပ်တို့၏လည်း အကြင်ဖြစ်ပေါ်ခြင်းသည် ရှိ၏၊ ၎င်းသည် ပွါးသော အခြင်းအရာအားဖြင့် ထင်သောကြောင့် ဥပစယမည်၏။ ထို နောက်ထပ်ဖြစ်ကြသည့်ရုပ်တို့၏ အထက်ဖြစ်သော နောက်ကာလ၌လည်း [၇၀] အဖန်ဖန် ထပ်၍ဖြစ်ပေါ်လာကုန်သောအခြားရုပ်တို့၏ အကြင်ဖြစ်ပေါ်ခြင်းသည် ရှိ၏၊ ၎င်းသည် အစဉ်မပြတ် ဆက်စပ်သောအခြင်းအရာအားဖြင့် ထင်သောကြောင့် သန္တတိမည်၏။ ဤသို့လည်း ဆိုအပ်သည်ဟု သိအပ်ပေသည်။

ရင့်ယော်အိုမင်းသည်၏အဖြစ်ဟူသော ဇရတာရုပ်သည် နိပ္ဖန္နရုပ်တို့၏ ရင့်ကျက်ခြင်းလက္ခဏာရှိ၏၊ ပျက်ခြင်းဘင်ခဏဆီသို့ ဆောင်ပို့ခြင်းကိစ္စရှိ၏၊ ခက်မာခြင်းစသောသဘော မကင်းမကွယ်ငြားသော်လည်း အသစ်အဖြစ်၏ ကင်းခြင်းအနေဖြင့် (ဉာဏ်အား) ရှေးရှုထင်၏၊ စပါး၏ဟောင်းခြင်းကဲ့သို့ပင်တည်း။ ရင့်ဆဲရုပ်တို့လျှင် နီးသောအကြောင်းရှိ၏။ သွားစသည်တို့၌

မှတ်ချက်

ဥပစယ သန္တတိတို့သည် (နိဗ္ဗတ္တိဘာဝ) ဖြစ်ခြင်း၏ အဖြစ်ဖြင့် အာစယပင် ဖြစ်သည်၊ ထို့ကြောင့် (ပြအပ်-၌ စပ်) အာယတနတို့ဖြင့် အာစယ စသည်တို့ကို ပြအပ်သည်၏ အဖြစ်ကြောင့် ယင်း အာယတနတို့ဖြင့် အာစယကို ဆို(အပ်)ပေသည်။ အာယတနတို့၏ အာစယ စသည်ကို ဆိုခြင်းဖြင့်ပင်လျှင် အာစယသဘော (ဖြစ်ခြင်းသဘော) ရှိကုန်သော အာယတနတို့ကို ပြအပ်ကုန်၏၊ ထို့ကြောင့် အာစယဖြင့် ထို အာစယ (ဖြစ်ခြင်း) သဘောရှိသော အာယတနကို ဆို (အပ်) ပေသည်။ မှန်ပေ၏-အာစယ မည်သော ဖြစ်ခြင်း ဥပါဒ်သည် ရူပရုပ်ကို မှတ်ကြောင်း လက္ခဏရုပ်သာ ဖြစ်ပေသည်၊ ရူပရုပ်ကား မဟုတ်ပေ။ (ဋီကာ) ပညာရှိကြီးတို့၏ အရာသာ ဖြစ်သည်။

http://www.dhammadownload.com



သွားကျိုးခြင်းစသည်အလိုအားဖြင့် ဖောက်ပြန်ခြင်းကို တွေ့မြင်ရသော ကြောင့် ထင်ရှားသော အိုရင့်ခြင်းဟူသော ပါကဋဇရာကို ရည်၍ ဤ ဇရတာကို ဟောတော်မူ(အပ်)ပေသည်။ နာမ်တရားတို့မှာမူ ပဋိစ္ဆန္နဇရာ မည်သော ဖုံးကွယ်သော အိုရင့်ခြင်းသည် ရှိ၏၊ ၎င်းမှာ ဤသို့သော ဖောက်ပြန်ခြင်း မရှိပေ၊ ကမ္ဘာမြေ ရေ တောင် လ နေ-စသည်တို့၌လည်း အပိုင်းအခြားမထင်သော အဝီစိဇရာမည်သည် ရှိ၏၊ ထိုဇရာ၌လည်း ဤသို့ သော ဖောက်ပြန်ခြင်း မရှိပေ။

နိပ္ဖန္နရုပ်၏ မမြဲသည်၏အဖြစ်-မမြဲကြောင်း ဘင်ဟူသော အနိစ္စတာရုပ် သည် လုံးဝပျက်ခြင်း လက္ခဏာရှိ၏၊ နစ်မြုပ်သွားသကဲ့သို့ ကွယ်စေခြင်း ကိစ္စရှိ၏၊ ကုန်ခြင်းပျောက်ကွယ်ခြင်းအားဖြင့် (ဉာဏ်အား) ရှေးရှုထင်၏၊ ပျက်ဆဲရုပ်တို့လျှင် နီးသောအကြောင်းရှိ၏။

၄၄၅။ ကဗဠီကာရခေါ် အာဟာရရုပ်သည် အဆီအနှစ်ဩဇာလက္ခဏာ ရှိ၏၊ အာဟာရဇရုပ်တို့ကို ဆောင်ခြင်း-ဖြစ်စေခြင်း ကိစ္စရှိ၏၊ ရုပ်ကိုယ်ကို ထောက်ပံ့သည့်အနေအားဖြင့် (ဉာဏ်အား)ရှေးရှုထင်၏၊ အလုပ်အလွေး ပြု၍ စားမျိုအပ်သောဝတ္ထုလျှင် နီးသောအကြောင်းရှိ၏။ အကြင်ဩဇာ ဖြင့် သတ္တဝါတို့သည် အသက်ရှည်မြဲရှည်စေသောအာဖြင့် သွားမြဲသွားစေ ကုန်၏-မျှစေကုန်၏၊ ကဗဠီကာရ အာဟာရဟူသော ဤအမည်သည် ထို မျှတနိုင်ကြောင်း ဩဇာ၏ အမည်ပေတည်း။

၄၄၆။ ဤပြဆိုခဲ့သော ရုပ်တို့သည် အဘိဓမ္မာပါဠိတော်၌လာသော ရုပ်တို့သာ ဖြစ်ကြပေသည်။ အဋ္ဌကထာ၌ကား ဗလရုပ် သမ္ဘဝရုပ် ဇာတိရုပ် ရောဂရုပ် အချို့ဆရာတို့၏အလိုအားဖြင့် မိဒ္ဓရုပ် ဟူ၍ ဤသို့ အခြားရုပ်တို့ ကိုလည်း ဆောင်ပြပြီးလျှင်——

http://www.dhammadownload.com



"အရှင်ဘုရားသည် ကိုယ်တိုင်ပင်သိသော ကိလေသာငြိမ်းသူ ရဟန်းအစစ် အမှန်ပင် ဖြစ်ပေ၏၊ အရှင်ဘုရားမှာ နီဝရဏတို့ မရှိကုန်"

ဤသို့အစရှိသော ပါဠိတော်စကားတို့ကို ပြဆို၍ မိဒ္ဓရုပ်မည်သည် မရှိဟု ပယ်သွားလေပြီ။ ဤမိဒ္ဓမှတပါးသောရုပ်တို့တွင် ရောဂရုပ်ကို ဇရတာ အနိစ္စတာရုပ်တို့ကို ယူခြင်း-ဆိုခြင်းဖြင့် ယူပြီး-ဆိုပြီးသာ ဖြစ်သည်၊ ဥပစယ သန္တတိရုပ်တို့ကို ယူသဖြင့် ဇာတိရုပ်ကို ယူပြီးသာ ဖြစ်သည်၊ အာပေါဓာတ်ကို ယူသဖြင့် သမ္ဘဝခေါ် သုက်ရုပ်ကို ယူပြီးသာဖြစ်သည်၊ ဝါယောဓာတ်ကို ယူသဖြင့် ဗလ-ခွန်အားရုပ်ကို ယူပြီးသာဖြစ်သည်၊ ထို့ကြောင့် ထိုရောဂရုပ်စသည်တို့တွင် တခုမျှသော်လည်း အသီးအခြားရကောင်းသော ရုပ်မရှိဟူ၍ မြဲမြံစွာ ဆုံးဖြတ်ခြင်းကို ပြု(အပ်)လေပြီ။

ဤသို့အားဖြင့် ယခုဆိုခဲ့သော ၂၄-ပါးသော ဤဥပါဒါရုပ်နှင့် ရှေး၌ ဆိုခဲ့သော ၄-ပါးသော ဘူတရုပ်အားဖြင့် ရုပ်သည် မယုတ်မလွန် ၂၈-ပါး အပြားရှိ၏။

## ရုပ်အပြားကို ပြခြင်း

၄၄၇။ ထိုရုပ်အားလုံးပင် (နဟေတု)ဟိတ်မမည်၊ (အဟေတုက)ဟိတ်မရှိ၊ (ဟေတုဝိပ္ပယုတ္တ)ဟိတ်တို့နှင့်မယှဉ်၊ (သပ္ပစ္စယ)ကံစသောအကြောင်းရှိ၏၊ (လောကိယ)လောကီတရားသာ၊(သာသဝ)အာသဝေါတို့၏အာရုံသာ ဖြစ်သည်-ဤသို့အစရှိသောနည်းဖြင့် တပါးတည်းသာ။

အဇ္ဈတ္တိကရုပ် ဗာဟိရရုပ်၊ ဩဠာရိကရုပ် သုခုမရုပ်၊ ဒူရေရုပ် သန္တိကေရုပ်၊ နိပ္ဖန္နရုပ် အနိပ္ဖန္နရုပ်၊ ပသာဒရုပ် နပသာဒရုပ်၊ ဣန္ဒြိယရုပ် အနိန္ဒြိယရုပ်၊ ဥပါဒိန္နရုပ် အနုပါဒိန္နရုပ်-ဤသို့စသည်တို့၏ အစွမ်းအားဖြင့် ၂-ပါးစီ အပြားရှိ၏။

http://www.dhammadownload.com



[၇၁] ထိုတွင် မျက်စိစသော ၅-ပါးသောအကြည်ရုပ်သည် အတ္တဘော ကိုစွဲမှီ၍ ဖြစ်သောကြောင့် အဇ္ဈတ္တိက(ကိုယ်တွင်း)ရုပ် မည်၏[၁]၊ အကြွင်း ရုပ် ၂၃-ပါးသည် ထိုမှအပဖြစ်သောကြောင့် ဗာဟိရရုပ်မည်၏[၂]။

မျက်စိအကြည်စသော ရုပ် ၉-ပါး[၃]နှင့် ပထဝီ တေဇော ဝါယော[၄] ဟူသော ဤရုပ် ၁၂-ပါးသည် မျက်စိနှင့်အဆင်းစသည် အချင်းချင်းထိခိုက် ခြင်းအားဖြင့် ယူအပ်-သိအပ်သောကြောင့် ဩဠာရိက-သိလွယ်၍ ကြမ်း သောရုပ်မည်၏၊ အကြွင်း ၁၆-ပါးသည် ထိုမှအပြန်ဖြစ် (၍ အသိခက်) သောကြောင့် သုခုမ-သိမ်မွေ့သောရုပ်မည်၏။

---

မှတ်ချက်

၁–အဓိ-စွဲမှီ၍ ဖြစ်သည် + အတ္တ – အတ္တဘော – အတ္တမည်ကြောင်း ရုပ်နာမ် အပေါင်း=အဓျတ္တ-အဇ္ဈတ္တ-အတ္တဘောကို စွဲမှီ၍ ဖြစ်သော ရုပ်– "သက်ရှိ ရုပ်နာမ်အပေါင်း အတ္တဘောဟု ဆိုနိုင်ရန် တရား" ဟု ဆိုလို၏။ ၎င်း အဇ္ဈတ္တ-မှ ဣကပစ္စည်းနှင့်တကွ အဇ္ဈတ္တိကဟု ဖြစ်သည်။ ဋီကာ၌ ဖွင့်ပြချက် အရအားဖြင့် အဓိ+အတ္တ=အဇ္ဈတ္တ–အတ္တကို စွဲမှီ၍ဖြစ်သော ကိုယ်တွင်း တရား၊ အဇ္ဈတ္တ–ကိုယ်တွင်းတရားတို့၌+ဣက–ဖြစ်သည် = အဇ္ဈတ္တိက – ကိုယ်တွင်းတရားတို့၌ ပါဝင်သောတရားဟု ဖြစ်သည်။ ဆိုလိုသည်မှာ ကိုယ် တွင်းတရားတို့၌ သက်ရှိသတ္တဝါခေါ်ရန် အနှစ်သဖွယ်ဖြစ်သော ရုပ်ဟု ဆိုလို ၏။ ထိုကြောင့် ယင်း ပသာဒရုပ် ငါးပါးမရှိလျှင် ကာမလောက၌ သတ္တဝါ ဟု မခေါ်နိုင်။

၂–ဤ၌ ဗာဟိရ-အပြင်ပဟု ဆိုသော်လည်း ကိုယ်မှ အပြင်ပဟု မဆိုလို၊ ကိုယ် တွင်း၌ အနှစ်သဖွယ်ဖြစ်သော ပသာဒငါးပါးမှ အပြင်ပရုပ်ဟူ၍သာ ဆိုလို သည်။

၃–၉-ပါး-ဟူသည်မှာ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ အဆင်း၊ အသံ၊ အနံ့၊ အရသာ ဤ ၉-ပါးပင် ဖြစ်သည်။

၄–ဤဓာတ် ၃-ပါးသည် တွေ့ထိစရာ ဖောဋ္ဌဗ္ဗာရုံပင် ဖြစ်သည်။

http://www.dhammadownload.com



ယင်း သုခုမရုပ်သည်ပင်လျှင် သိနိုင်ခဲသည့်သဘော ရှိသောကြောင့် ဒူရေ-ဝေးသောရုပ်မည်၏၊ ဤမှတပါးသော (ဩဠာရိက)ရုပ် ၁၂-ပါးသည် သိလွယ်သည့်သဘောရှိသောကြောင့် သန္တိကေ-နီးသောရုပ်မည်၏။

ဓာတ် ၄-ပါး, မျက်စိအကြည်ရုပ်စသည် ၁၃-ပါး[၁], အာဟာရရုပ် ၁-ပါး ဟူသော ၁၈-ပါးသော ရုပ်သည် အခြားရုပ်တို့၏ အပိုင်းအခြားမျှအဖြစ် အမူအရာထူးအဖြစ် မှတ်ကြောင်းလက္ခဏာမျှအဖြစ်ကို လွန်မြောက်၍ မိမိ၏ ခက်မာခြင်းစသော သဘောအားဖြင့်ပင်လျှင် ဉာဏ်ဖြင့်ပိုင်းခြား၍ ယူအပ်-သိမ်းဆည်းအပ်-သိအပ်သောကြောင့် နိပ္ဖန္န-မိမိသဘောဖြင့် ပြီးစီးသောရုပ်မည်၏၊ အကြွင်း ၁၀-ပါးသောရုပ်သည် ထိုမှအပြန်ဖြစ်(၍ မိမိသဘောအားဖြင့် မပြီး)သောကြောင့် အနိပ္ဖန္နရုပ် မည်၏ ။

မျက်စိအကြည်အစရှိသောရုပ် ၅-ပါးသည် အဆင်းရူပါရုံစသည်တို့ကို ယူရာ၌ အထောက်အပံ့အဖြစ်ဖြင့် ကြေးမုံပြင်ကဲ့သို့ ကြည်လင်သောကြောင့် ပသာဒရုပ်မည်၏။ အကြွင်း ၂၃-ပါးသည် ထိုမှ အပြန်ဖြစ်(၍ မကြည်လင်)သောကြောင့် နပသာဒရုပ်မည်၏- ပသာဒရုပ်မမည်။

ပသာဒရုပ် ၅-ပါးနှင့် ဣတ္ထိန္ဒြေစသောရုပ် ၃-ပါးသည် သူ့ဆိုင်ရာ၌ ကြီးမှူးအစိုးရခြင်း အနက်သဘောအားဖြင့် ဣန္ဒြိယ-အစိုးရသောရုပ် မည်၏၊ အကြွင်း ၂၀-သည် ထိုမှ အပြန်ဖြစ်(၍ အစိုးမရ)သောကြောင့် အနိန္ဒြိယရုပ် မည်၏။

နောက်၌ ကမ္မဇရုပ်ဟု ပြမည့်ရုပ်သည် တဏှာဒိဋ္ဌိတို့က ကပ်အပ်-အာရုံပြုအပ်သော လောကီကံက သူ၏အကျိုးအဖြစ်ဖြင့် ယူအပ်သောကြောင့်

---

မှတ်ချက်

၁ – ၁၃-ပါး ဟူသည်မှာ နှာ ၂၀၁-အောက်ဆုံးအပိုဒ်၌ ပြခဲ့သော ဟဒယဝတ္ထု အထိ ရုပ်များပင်။

http://www.dhammadownload.com



ဥပါဒိန္နကရုပ်မည်၏[၁]၊ အကြွင်းသည် ထိုမှအပြန်ဖြစ်သောကြောင့် (ဝါ-လောကီကံ၏အကျိုး မဟုတ်သောကြောင့်) အနုပါဒိန္နကရုပ်မည်၏။

၄၄၈။ တဖန် ကမ္မဇအစရှိသော တိက်(သုံးပါးအပေါင်း)တို့၏ အစွမ်းအားဖြင့် သုံးပါးစီအပြားရှိ၏။ ထိုတွင် ဩဠာရိကရုပ် ၁၂-ပါးထဲက အဆင်းရုပ်သည် သနိဒဿနသပ္ပဋိဃ- မြင်ခြင်းနှင့်တကွ, ထိခိုက်ခြင်းနှင့်တကွ ဖြစ်သောရုပ်-မြင်လည်း မြင်ရ, ထိလည်း ထိခိုက်တတ်သောရုပ် မည်၏။ ကြွင်းသော ဩဠာရိကရုပ် ၁၁-ပါးသည် အနိဒဿနသပ္ပဋိဃ-မြင်ခြင်းမရှိမူ၍ ထိခိုက်ခြင်းနှင့်တကွ ဖြစ်သောရုပ်-မမြင်ရမူ၍ ထိခိုက်တတ်သောရုပ် မည်၏။ သုခုမရုပ်အားလုံးသည် အနိဒဿနအပ္ပဋိဃ-မြင်ခြင်းမရှိ ထိခိုက်ခြင်းမရှိသောရုပ်-မြင်လည်းမမြင်ရ ထိလည်း မထိခိုက်တတ်သော ရုပ်မည်၏။ ဤသို့ ရှေးဦးစွာ သနိဒဿနတိက်၏ အစွမ်းအားဖြင့် သုံးပါးအပြားရှိ၏။

ကမ္မဇအစရှိသောတိက်တို့၏အစွမ်းအားဖြင့်မူကား ကံကြောင့်ဖြစ်သော ရုပ်သည် ကမ္မဇရုပ် မည်၏[၂]၊ ထိုမှတပါးသော (စိတ် ဥတု အာဟာရ) အကြောင်းကြောင့်ဖြစ်သော ရုပ်သည် အကမ္မဇရုပ်မည်၏[၃]၊ (ဝါ-ကမ္မဇရုပ်

---

မှတ်ချက်

၁–ဥပ-တဏှာဒိဋ္ဌိတို့က ကပ်အပ်သော လောကီကံက + အာဒိန္န - မိမိတို့၏ အကျိုးအဖြစ်ဖြင့် ယူအပ်သောတရား=ဥပါဒိန္န-လောကီကံ၏ အကျိုးတရား-ကမ္မဇရုပ်တရား။

၂–ကမ္မ-ကံကြောင့်+ဇ-ဖြစ်သည်=ကမ္မဇ-ကံကြောင့်ဖြစ်သောရုပ်။

၃–ဤ၌ အကမ္မဇ ဟူသည်မှာ ကံကြောင့်မဖြစ်ရုံမျှကို ဆိုလိုသည်မဟုတ်၊ ကံမှတပါးသော အကြောင်းတို့ကြောင့် ဖြစ်သည်ကိုသာ ဆိုလိုသည်။ အစိတ္တဇ-စသည်တို့၌လည်း နည်းတူပင် သိအပ်၏။

http://www.dhammadownload.com



မမည်)၊တစုံတခုသောအကြောင်းကြောင့် မဖြစ်သော ရုပ်သည်[1] နေဝကမ္မဇ နာကမ္မဇ-ကမ္မဇလည်းမဟုတ် အကမ္မဇလည်း[2] မဟုတ်သော ရုပ်မည်၏။

စိတ်ကြောင့်ဖြစ်သော ရုပ်သည် စိတ္တဇရုပ် မည်၏[3]၊ ထိုမှတပါးသော (ကံ ဥ ဟာ) အကြောင်းကြောင့်ဖြစ်သော ရုပ်သည် အစိတ္တဇရုပ် မည်၏၊ တစုံတခုသော အကြောင်းကြောင့် မဖြစ်သော ရုပ်သည် နေဝစိတ္တဇ နာစိတ္တဇရုပ် မည်၏။

အာဟာရကြောင့်ဖြစ်သော ရုပ်သည် အာဟာရဇ ရုပ် မည်၏[4]၊ ထိုမှ တပါးသော(ကံ စိတ် ဥ)အကြောင်းကြောင့်ဖြစ်သောရုပ်သည် အနာဟာရ ဇရုပ် မည်၏၊ တစုံတခုသော အကြောင်းကြောင့် မဖြစ်သောရုပ်သည် နေဝ အာဟာရဇ နအနာဟာရဇရုပ် မည်၏။

ဥတုကြောင့်ဖြစ်သော ရုပ်သည် ဥတုဇရုပ်မည်၏[5]၊ ထိုမှတပါးသော (ကံ စိတ် အာဟာရ) အကြောင်းကြောင့်ဖြစ်သော ရုပ်သည် အနုတုဇရုပ် မည်၏၊ တစုံတခုသော အကြောင်းကြောင့်မဖြစ်သော ရုပ်သည် နေဝဥတုဇ

---

မှတ်ချက်

၁–ရင်းမှာ နကုတောစိဇာတရုပ်ဟု နောက်၌ ပြလတ္တံ့သော လက္ခဏာရုပ် ၄-ပါး ပင် ဖြစ်သည်။

၂–ဤ၌ ပြသင့်သော အဓိပ္ပါယ်သည် နှာ-၂၃၃၊ မှတ်ချက် ၃-၌ ပါဝင်လေပြီ။

၃–စိတ္တ-စိတ်ကြောင့်+ဇ-ဖြစ်သည်=စိတ္တဇ-စိတ်ကြောင့် ဖြစ်သောရုပ်။

၄–အာဟာရ - အစာကြောင့်+ဇ - ဖြစ်သည်=အာဟာရဇ - အစာ အာဟာရ ကြောင့်ဖြစ်သောရုပ်။

၅–ဥတု–အအေး အပူ ဥတုကြောင့်+ဇ–ဖြစ်သည်=ဥတုဇ–ဥတုကြောင့် ဖြစ် သောရုပ်။

http://www.dhammadownload.com



နအနုတ္တဇရုပ်မည်၏။ ဤသို့ ကမ္မဇအစရှိသော တိက်တို့၏ အစွမ်းအားဖြင့် သုံးပါးစီအပြားရှိ၏။

၄၄၉။ တဖန်ဒိဋ္ဌရုပ် စသည် ရူပရုပ်စသည် ဝတ္ထုရုပ် စသည် စတုက္က တို့၏အစွမ်းအားဖြင့် ၄-ပါးစီအပြားရှိ၏။ ထိုတွင် ရူပါယတနခေါ် အဆင်း ရုပ်သည် မြင်မှု၏ အာရုံဖြစ်သောကြောင့် ဒိဋ္ဌ-မြင်အပ်သောရုပ် မည်၏၊ သဒ္ဒါယတနခေါ် အသံရုပ်သည် ကြားမှု၏ အာရုံဖြစ်သောကြောင့် သုတ-ကြားအပ်သောရုပ်မည်၏၊ အနံ့, အရသာ, ဖောဋ္ဌဗ္ဗ[၁] ဟူသော ရုပ်သုံးမျိုး သည်[၁] ရောက်လာသည့်အာရုံကို ယူတတ်သည့် ဃာနိန္ဒြေတို့၏ အာရုံဖြစ်သော ကြောင့် မုတ-ရောက်အပ်သောရုပ်မည်၏၊ (ရူပါယတနစသော ဒသာယတန ငါးပါး-ရုပ်ခုနစ်ပါးတို့မှ)ကြွင်းသော ၂၁-ပါးသောရုပ်သည် မနောဝိညာဏ်၏ သာလျှင် အာရုံဖြစ်သောကြောင့် ဝိညာတ-ကြံသိအပ်သောရုပ် မည်၏။ ဤသို့ ရှေးဦးစွာ ဒိဋ္ဌစသော စတုက္က၏အစွမ်းအားဖြင့် ၄-ပါး အပြားရှိ၏။

ထိုမှတပါး ဤဆိုခဲ့သော ရုပ်တို့တွင် နိပ္ဖန္နရုပ်သည် ရူပရုပ် မည်၏[၂]၊ အာကာသဓာတ်သည် ပရိစ္ဆေဒရုပ်(အပိုင်းအခြားရုပ်)မည်၏၊ကာယဝိညတ်

---

မှတ်ချက်

၁–ဖောဋ္ဌဗ္ဗာရုံသည် ပထဝီ တေဇော ဝါယောဟု သုံးပါးဖြစ်သော် လည်း ဤအရာ၌ ကာယဒွါရ၏ အာရုံအဖြစ်ဖြင့် တပါတည်းဟူ၍သာ ယူ သည်၊ ထို့ကြောင့် ရုပ်သုံးမျိုးဟု ဆိုပေသည်။

၂–ရုပ္ပန-ဖောက်ပြန်ခြင်းသည် ရူပမည်၏၊ ယင်း ရူပမည်သော ဖောက်ပြန်ခြင်း သဘောသည် အကြင်နိပ္ဖန္နရုပ်မှာရှိ၏၊ ထို့ကြောင့် ထိုနိပ္ဖန္နရုပ်သည် ရူပ-ပင် မည်၏၊အရိသသော-မြင်းသရိက်နာရှိသူ-ဟူသောပုဒ်ပြီးသကဲ့သို့ပင်၊(ဋီကာ) ဤဋီကာ၌ အရိသသော- ပုဒ်ပြီးပုံနှင့် ရူပ- ဖောက်ပြန်ခြင်းရှိသော ရုပ်-ဟူ သော ပုဒ်ပြီးပုံ အဘယ်သို့ တူသည်ကို သိရန် မလွယ်၊ ထို့ကြောင့်

http://www.dhammadownload.com



အစ ကမ္မညတာအဆုံးရှိသော (ငါးပါးသော) ရုပ်သည်[၁] ဝိကာရရုပ် (နိပ္ဖန္နရုပ်တို့၏ ဖောက်ပြန်သောအမူအရာမျှဖြစ်သောရုပ်) မည်၏၊ ဇာတိရုပ် ၂-ပါးနှင့် ဇရာ မရဏဟူသော ရုပ် ၄-ပါးသည် လက္ခဏရုပ် (နိပ္ဖန္နရုပ်တို့ကို မှတ်ကြောင်း

---

မှတ်ချက်

ထို ၂-ပုဒ် ပြီးပုံချင်း တူဟန်ကို သုတပ္ပါးရန်အတွက် ပြအံ့။ အရိသ-သဒ္ဒါနောင် အဿတ္ထိအနက်၌ ဏ-ပစ္စည်းသက်၍ ပြီးငြားသော်လည်း အစသရ၌ ဝုဒ္ဓိမပြုရသကဲ့သို့ ဤ ရူပ- သဒ္ဒါနောင်၌လည်း အဿတ္ထိအနက်၌ ဏ-ပစ္စည်းသို့မဟုတ် အ-ပစ္စည်းသက်၍ ပြီးငြားသော်လည်း အစသရ၌ ဝုဒ္ဓိမပြုရခြင်း တူပေသည်၊ ဤသို့ ဝုဒ္ဓိမပြုရခြင်းတူပုံကို ရည်၍ အရိသသော- ပုဒ်ပြီးသကဲ့သို့ပင်-ဟု မိန့်ဆိုပေသည်။ အရိသသော-ပုဒ်၌ အရိသနောင် သ-အာဂုံလာခြင်းမှာမူ သက္ကတ၌ အရိသသ်-ဟု သကာရန္တပုဒ်ဖြစ်သောကြောင့် ဖြစ်သည်၊ ယင်း သအက္ခရာ လာခြင်းသည်ကား ဤ၌ ပြလိုရင်း မဟုတ်ပေ။ ထို့ကြောင့် ရူပရူပ-ရူပရုပ်-ဟူသော အမည်ဖြင့် ရူပ- ဖောက်ပြန်ခြင်းရှိသော+ရူပ-ဖောက်ပြန်တတ်သောသဘော= ရူပရူပ- ရူပရုပ်- ဖောက်ပြန်ခြင်းရှိသော ဖောက်ပြန်တတ်သော သဘော-ဟု ဆိုလို၏။ ရူပရူပ-ဟု သဒ္ဒါနှစ်ခုဆင့်၍ ဆိုခြင်း၏အကြောင်းကိုလည်း ဋီကာ၌ ပြဆိုပြန်သည်မှာ– ထိုသို့သော ဤ ရူပသဒ္ဒါသည် တင်စားခြင်း–ထင်ခြင်းဟူသော ရုဠှီအားဖြင့် ထိုဖောက်ပြန်ခြင်းသဘော မရှိရာ၌လည်း ဖြစ်သေး၏၊ ထို့ကြောင့် အခြားရူပသဒ္ဒါတခုဖြင့် အထူးပြု၍ ရူပ ရူပ ဟု ဆိုပေသည်၊ တိလတေလံ- နှမ်း၏နှမ်းဆီ၊ ဒုက္ခ ဒုက္ခံ- ဆင်းရဲခြင်းသဘောရှိသော ဆင်းရဲ-ဟု ဆိုသကဲ့သို့ပင်၊ ဖောက်ပြန်ခြင်း သဘောရှိသော ရုပ်-ဤကား ရူပ ရူပ-၏ အနက်တည်း။ (ဋီကာ)

၁–ပြဆိုခဲ့သော ရုပ်တို့၏အစဉ်၌ ဝစီဝိညတ်နောင် အာကာသဓာတ် ပါရှိငြားသော်လည်း ၎င်းကို ပရိစ္ဆေဒရုပ် ဟု သီးခြားပြထားသောကြောင့် ဤ၌ ဝိညတ်ရုပ် ၂-ခုနှင့် လဟုတာ စသည်ကိုသာ ဝိကာရရုပ်ဟု ဆိုသည်။

http://www.dhammadownload.com



လက္ခဏရုပ်)မည်၏[၁]။ ဤသို့ ရူပရုပ်စသော စတုက္က၏ အစွမ်းအားဖြင့် ၄-ပါးအပြားရှိ၏။

[၀၂] ဤဆိုခဲ့သောရုပ်တို့တွင် နှလုံးရုပ်သည်(စိတ်၏တည်ရာဖြစ်သော ကြောင့်)ဝတ္ထုမည်၏၊ (ဝိထိစိတ်တို့၏ ဖြစ်ကြောင်း မဟုတ်သောကြောင့်) ဒွါရကား မမည်။ ဝိညတ်ရုပ် ၂-ခုသည်(ကံဖြစ်ကြောင်းဖြစ်သောကြောင့်) ဒွါရမည်၏(စိတ်၏တည်ရာမဟုတ်သောကြောင့်)ဝတ္ထုကား မမည်။ ပသာဒ ရုပ် ၅-ခုသည် ဝတ္ထုလည်းမည်၏ ဒွါရလည်းမည်၏။ ကြွင်းသောရုပ် ၂၀-သည် ဝတ္ထုလည်းမမည် ဒွါရလည်းမမည်။ ဤသို့ ဝတ္ထုစသော စတုက္က၏ အစွမ်းအားဖြင့် ၄-ပါး အပြားရှိ၏။

၄၅၀။ တဖန် ကေဇရုပ်, ဒွိဇရုပ်, တိဇရုပ်, စတုဇရုပ်, နကုတောစိဇာတ ရုပ်တို့၏ အစွမ်းအားဖြင့် ၅-ပါးအပြားရှိ၏။ ထိုတွင် ကံကြောင့်သာဖြစ် သောရုပ်သည်ငင်း, စိတ်ကြောင့်သာဖြစ်သော ရုပ်သည်ငင်း ကေဇ-အကြောင်းတပါးတည်းကြောင့် ဖြစ်သောရုပ်မည်၏၊ ထိုကေဇရုပ် ၂-မျိုး တို့တွင် ဟဒယရုပ်နှင့်တကွ ဣန္ဒြိယရုပ် ရှစ်ပါးသည် ကံကြောင့်သာဖြစ် သောရုပ်-ကေန်ကမ္မဇရုပ်မည်၏[၂]။ ဝိညတ်ရုပ် ၂-ပါးသည် စိတ်ကြောင့်သာ

---

မှတ်ချက်

၁–လက္ခဏရုပ် ၄-ပါးသည် နိပ္ဖန္နရုပ်တို့၏ ဥပါဒ်-ဌီ-ဘင် ဖြစ်သောကြောင့် ယင်းနိပ္ဖန္န ရုပ်တို့ကို အစ-အလယ်- အဆုံး ဖြင့်လည်း မှတ်ကြောင်း ဖြစ်၏၊ အနိစ္စ-မမြဲသော တရားဟူ၍လည်း မှတ်ကြောင်းဖြစ်၏၊ ထို့ကြောင့် လက္ခဏ ရုပ်ဟု ဆိုသည်။

၂–နောက်၌ ပြလတ္တံ့သော စတုဇရုပ်၌ ပါဝင်သော ကမ္မဇရုပ်သည်ကား ကမ္မဇ-ကေန်မဟုတ် အနေကန် ဖြစ်သည်၊ ထိုအနေကန် ကမ္မဇရုပ် ၉-ပါးနှင့် ဤ ကေန် ကမ္မဇရုပ် ၉-ပါး ၂-ရပ်ပေါင်းလျှင် ကမ္မဇရုပ် ၁၈-ပါး ဖြစ်သည်။

http://www.dhammadownload.com



ဖြစ်သော ရုပ်-ကေန်စိတ္တဇရုပ်မည်၏[၁]။ စိတ်ကြောင့်ရင်း ဥတုကြောင့်ရင်း ဖြစ်သောရုပ်သည် ဒွိဇ-အကြောင်း ၂-ပါးကြောင့် ဖြစ်သောရုပ်မည်၏၊ ၎င်း မှာသဒ္ဒါယတနခေါ် အသံရုပ်တပါးတည်းသာရှိသည်။ ဥတု စိတ် အဟာရတို့ ကြောင့် ဖြစ်သောရုပ်သည် တိဇ-အကြောင်း ၃-ပါးကြောင့် ဖြစ်သောရုပ် မည်၏၊ ၎င်းမှာ လဟုတာ မုဒုတာ ကမ္မညတာ ဤသုံးပါးပင်။ ကံအစရှိ သော ၄-ပါးသော အကြောင်းတို့ကြောင့် ဖြစ်သောရုပ်သည် စတုဇရုပ်မည် ၏၊ ၎င်းမှာ ဘူတရုပ် ၄-ပါးနှင့် အဆင်း အနံ့ အရသာ ဩဇာ အာကာသ ဟူသော ဤရုပ် ၉-ပါးပင်ဖြစ်သည်[၂]။ လက္ခဏရုပ် ၄-ပါးသည် တစုံတခု သော အကြောင်းကြောင့်မျှ မဖြစ်သော နကုတောစိဇာတရုပ်မည်၏။ အဘယ့်ကြောင့်နည်း (ဥပစယ သန္တတိဟူသော ဇာတိရုပ် ၂-ပါးသည် ရုပ်တို့၏ဖြစ်ခြင်း ဥပါဒ်ပင်ဖြစ်သည်) ယင်းဥပါဒ်မှာ ဖြစ်ခြင်း-ဥပါဒ်မရှိ ပေ၊ ဇရတာ အနိစ္စတာဟူသော အခြားရုပ် ၂-ပါးသည်လည်း ဖြစ်ပြီးသော ရုပ်၏ ရင့်ခြင်း-ဌီမျှ, ပျက်ခြင်း-ဘင်မျှသာ ဖြစ်သည်။ ထို့ကြောင့်ပင်တည်း။

"ရူပါယတန-အဆင်း, သဒ္ဒါယတန-အသံ, ဂန္ဓာယတန-အနံ့, ရသာယတန-အရသာ, ဖောဋ္ဌဗ္ဗာယတန-တွေ့ထိစရာ, အာကာသ

---

မှတ်ချက်

၁–နောက်၌ ပြလတ့်သော ဒွိဇရုပ် ၁-ပါး၊ တိဇရုပ် ၃-ပါး၊ စတုဇရုပ် ၉-ပါး၊ ဤ ၁၃-ပါးသည် အနေကန် စိတ္တဇရုပ် မည်၏၊ ယင်း ၁၃-ပါးနှင့် ဤကေန် စိတ္တဇရုပ် ၂-ပါးကို ပေါင်းလျှင် စိတ္တဇရုပ် ၁၅-ပါး ဖြစ်သည်။

၂–ပါဠိရှိရင်းအတိုင်း အတိအကျပြန်လျှင် "၎င်းမှာ လက္ခဏရုပ်ကြဉ်အပ်သော ဆိုခဲ့ပြီးမှ ကြွင်းသော ရုပ်အပေါင်း ဖြစ်သည်" ဟု ဖြစ်၏၊ သုတနည်းသူ များ သိရန်မလွယ်၊ ထို့ကြောင့် အထက်ပါအတိုင်း သရုပ်ဖော်၍ ပြန်သည်။ ယင်း စတုဇရုပ် ၉-ပါးနှင့် တိဇရုပ် ၃-ပါးကို ပေါင်းလျှင် အာဟာရဇရုပ် ၁၂-ပါး ဖြစ်၏။ ထို ၁၂-ပါးတွင် ဒွိဇရုပ်မှ ဥတုဇအသံကို ပေါင်းထည့်လျှင် ဥတုဇရုပ် ၁၃-ပါး ဖြစ်၏။

http://www.dhammadownload.com



ဓာတ်, အာပေါဓာတ်, ရူပဿ လဟုတာ-ရုပ်၏ပေါ့ပါးခြင်း, ရူပဿ မုဒုတာ-ရုပ်၏နူးညံ့ခြင်း, ရူပဿ ကမ္မညတာ-ရုပ်၏အမှု၌ ခံ့ခြင်း, ရူပဿ ဥပစယ-ရုပ်၏ ရှေးဦးစွာဖြစ်ခြင်း, ရူပဿ သန္တတိ-ရုပ်၏ အဆက်မပြတ် စပ်လျက်ဖြစ်ခြင်း, ကဗဠီကာရ အာဟာရ-ဤတရားတို့သည် စိတ်ကြောင့်ဖြစ်သော စိတ္တသမုဋ္ဌာန်မည်ကုန်၏[၁] ဤသို့ အစရှိသော အဘိဓမ္မာပါဠိတို့၌—

ဇာတိရုပ်၏ တစုံတခုသော အကြောင်းကြောင့် ဖြစ်ခြင်းကို အသိအမှတ် ပြုလျက် လက်ခံထား၏၊ ထိုသို့ အသိအမှတ်ပြုလျက် လက်ခံခြင်းကိုလည်း ရုပ်ကိုဖြစ်စေတတ်သော အကြောင်းတို့၏ ဖြစ်စေခြင်းကိစ္စ စွမ်းရည်ရှိဆဲ ခဏ၌ တွေ့မြင်ရသောကြောင့်ပင်ဟူ၍ သိအပ်၏။

ဤဆိုခဲ့သောစကားသည် ရူပက္ခန္ဓာ၌ အကျယ်ပြဆိုချက် စကားအမြွက် ပေတည်း။

## ဝိညာဏက္ခန္ဓာ ပြဆိုချက်

၄၅၁။ ထိုမှတပါး ဤမှတပါးသော ခန္ဓာတို့တွင် ခံစားခြင်းလက္ခဏာ ရှိသော သဘောတရားအလုံးစုံကို (ဉာဏ်ဖြင့်) တပေါင်းတည်းပြု၍ ဝေဒနာ က္ခန္ဓာ(ဝေဒနာအဖို့အစု) ဟူ၍ရှိရင်း၊

မှတ်သားခြင်း လက္ခဏာရှိသော သဘောတရားအလုံးစုံကို (ဉာဏ်ဖြင့်) တပေါင်းတည်းပြု၍ သညာက္ခန္ဓာ (သညာအဖို့အစု) ဟူ၍ရှိရင်း၊

---

မှတ်ချက်

၁—ဤ၌ လိုရင်းဖြစ်သော နောက်ပိုင်းပါဠိကိုသာ ပြထားသည်၊ လိုရင်းမဟုတ်၍ ချန်ထားသော ရှေ့ပိုင်းပါဠိ၌ ကာယဝိညတ် ဝစီဝိညတ်ဟူသော ရုပ် ၂-ပါး လည်း ပါဝင်၏။

http://www.dhammadownload.com



ပြုလုပ်ခြင်း ကြောင့်ကြစိုက်ခြင်း လက္ခဏာရှိသော သဘောတရား အလုံးစုံကို (ဉာဏ်ဖြင့်) တပေါင်းတည်းပြု၍ သင်္ခါရက္ခန္ဓာ (သင်္ခါရအဖို့ အစု) ဟူ၍ရင်း၊

အာရုံကို အထူးသိခြင်းလက္ခဏာရှိသော သဘောတရားအလုံးစုံကို (ဉာဏ်ဖြင့်) တပေါင်းတည်းပြု၍ ဝိညာဏက္ခန္ဓာ (ဝိညာဏ်အဖို့အစု) ဟူ၍ ရင်း သိအပ်၏။ ထိုခန္ဓာလေးပါးတို့တွင် ဝိညာဏက္ခန္ဓာကို သိနားလည်လျှင် အခြားခန္ဓာတို့ကို လွယ်ကူစွာ သိနားလည်နိုင်ပေ၏၊ ထို့ကြောင့် ဝိညာဏ-က္ခန္ဓာကိုအစပြု၍ ဖွင့်ပြခြင်းကို ပြုပါကုန်အံ့။

"အာရုံကို အထူးသိခြင်း လက္ခဏာရှိသော သဘောတရား အလုံးစုံကို (ဉာဏ်ဖြင့်) တပေါင်းတည်းပြု၍ ဝိညာဏက္ခန္ဓာ (ဝိညာဏ် အဖို့အစု) ဟု သိအပ်၏"ဟူ၍ ဆိုခဲ့ပြီ။ (ထိုသို့ဆိုရာ၌)အာရုံကို အထူးသိခြင်း လက္ခဏာ ရှိသော ဝိညာဏ်ဟူသည် အဘယ်နည်း? "ငါ့ရှင် (အမှတ်ပြု သိခြင်း-မှတ်သားခြင်းမှ) အထူးသိတတ်၏ အထူးသိတတ်၏။ ထို့ကြောင့် ဝိညာဏ်ဟု ဆိုအပ်သည်" ဟူ၍ ဖြေရှင်း ဟောကြားသည့် စကားတော် အတိုင်းပင် (သိအပ်၏)။ ဝိညာဏ်,စိတ်,မနော—ဟူသော ဤအမည်သုံးခုသည် အနက် အရအားဖြင့် တပါးတည်းပင်။ ထိုဝိညာဏ်-စိတ်သည် အထူး သိခြင်း လက္ခဏာ ဟူသော [ ၈၃ ] သဘောအားဖြင့် တပါးတည်းသာ ဖြစ်သည်။ သို့သော်လည်း အမျိုးဇာတ်အားဖြင့် (၁) ကုသိုလ်စိတ်[၁] (၂)အကုသိုလ် စိတ် (၃) အဗျာကတစိတ်ဟူ၍ သုံးပါးအပြားရှိ၏။

---

မှတ်ချက်

၁—ဝိညာဏ်ဟု ဆိုသင့်သော်လည်း တိုတိုဖြင့် ပြီးစေရန် စိတ်ဟု ပြန်သည်၊ နောက်၌လည်း နည်းတူပင်။

http://www.dhammadownload.com



၄၅၂။ ထိုသုံးပါးတို့တွင် ကုသိုလ်စိတ်သည် ဖြစ်ရာဘုံ၏အပြားအားဖြင့် (၁) ကာမာဝစရစိတ် (၂) ရူပါဝစရစိတ် (၃) အရူပါဝစရစိတ် (၄) လောကုတ္တရာစိတ် ဟူ၍ ၄-ပါးအပြားရှိ၏။ ထိုတွင် ကာမာဝစရ ကုသိုလ်စိတ်သည် သောမနဿ ဥပေက္ခာ ဉာဏ် သင်္ခါရတို့၏အပြားအားဖြင့် (၈) ပါးအပြားရှိ၏။ အဘယ်သို့နည်းဟူမူ[၁]- သောမနဿသဟဂုတ် (စိတ်ရွှင်မှု-သောမနဿနှင့်တကွဖြစ်သော) ဉာဏသမ္ပယုတ်(ဉာဏ်နှင့်ယှဉ်သော) အသင်္ခါရစိတ်[၂] ၁-ပါး၊ သသင်္ခါရစိတ်[၃] ၁-ပါး၊ ထို့အတူ သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ်(ဉာဏ်နှင့်မယှဉ်သော)အသင်္ခါရစိတ် ၁-ပါး၊ သသင်္ခါရစိတ် ၁-ပါး၊ ဥပေက္ခာသဟဂုတ် (မရွှင်မညှိုး-ဥပေက္ခာနှင့်တကွဖြစ်သော) ဉာဏသမ္ပယုတ် အသင်္ခါရစိတ် ၁-ပါး၊ သသင်္ခါရစိတ် ၁-ပါး၊ ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရစိတ် ၁-ပါး၊ သသင်္ခါရစိတ် ၁-ပါး။ (ဤသို့ ရှစ်ပါးအပြားရှိ၏)။

ယင်းစိတ်များ၏ ဖြစ်ပုံမှာ—အကြင်အခါ၌ လှူဖွယ်ဝတ္ထုနှင့် အလှူခံပုဂ္ဂိုလ် စသည်တို့၏ ပြည့်စုံကောင်းမွန်ခြင်းကို စွဲမှီ၍ ဖြစ်စေ, အခြားတပါး

---

မှတ်ချက်

၁—သေယျထိဒံ-၏ အနက်ဖြစ်၍ ထိုရှစ်ပါးတို့ကား အဘယ်သည်တို့နည်း-ဟု ပြန်သင့်သော်လည်း တိုတိုဖြင့် ပြီးစေရန် အထက်ပါအတိုင်း ပြန်သည်၊ နောက်၌လည်း နည်းတူပင်။

၂—အ-မရှိ+သင်္ခါရ-အားပေးတိုက်တွန်းခြင်း=အသင်္ခါရ-အားပေး တိုက်တွန်းခြင်း မရှိသောစိတ်—မတိုက်တွန်းရဘဲ သူ့အလိုလိုဖြစ်သောစိတ်။ အဘိဓမ္မတ္ထသင်္ဂဟကျမ်း၌ အသင်္ခါရိကစိတ်ဟု ဆိုထား၏၊ အရတူပင်။

၃—သ-တကွဖြစ်သည်-ရှိသည် + သင်္ခါရ-အားပေး တိုက်တွန်းခြင်း = သသင်္ခါရ-အားပေးတိုက်တွန်းခြင်းရှိသော စိတ်—အားပေးတိုက်တွန်း၍ဖြစ်သော စိတ်။ သင်္ဂဟကျမ်း၌ သသင်္ခါရိကစိတ်ဟု ဆိုထား၏၊ အရတူပင်။

http://www.dhammadownload.com



သော သောမနဿဖြစ်ကြောင်းကို စွဲမှီ၍ဖြစ်စေ ရွှင်လန်းဝမ်းသာလျက်[၁] "ပေးလှူခြင်း(အကျိုး)သည် ရှိ၏" ဤသို့အစရှိသော နည်းဖြင့် ဖြစ်သော ကမ္မဿကတာသမ္မာဒိဋ္ဌိကို ရှေ့သွားပြု၍[၂] ဆုတ်နစ်လျော့လျည်းခြင်း မရှိပဲ သူတပါးတို့က မတိုက်တွန်းရပဲ ပေးလှူခြင်း အစရှိသော ကောင်းမှုတို့ကို ပြု၏၊ ထိုအခါ၌ ထိုပြုသူမှာ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက စိတ်သည် ဖြစ်၏။ အကြင်အခါ၌မူကား ဆိုခဲ့ပြီးသော နည်းဖြင့် ရွှင်လန်းဝမ်းမြောက်လျက်[၃] သမ္မာဒိဋ္ဌိကို ရှေ့သွားပြု၍ပင် လွတ်လွတ် မစွန့်နိုင်ခြင်း စသည်၏အစွမ်းအားဖြင့်[၄] ဆုတ်နစ်လျော့လျည်းလျက်ဖြစ်စေ,သူတပါးတို့က တိုက်တွန်းပေး၍ဖြစ်စေ (ပေးလှူခြင်းအစရှိသော ကောင်းမှုတို့ကို) ပြု၏၊ ထိုအခါ၌ ထိုပြုသူမှာ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိက စိတ်သည် ဖြစ်၏။ ဤအရာ၌ **သသင်္ခါရ**ဟူသော ဤအမည်သည် မိမိကိုယ်တိုင်ဖြစ်စေ, သူတပါးတို့ကဖြစ်စေ ရှေးအဖို့က အားပေး တိုက်တွန်းမှု ဟူသော ပုဗ္ဗပယောဂ၏ အမည်ပေတည်း။ ထိုမှတပါး အကြင်အခါ၌ (မိဘ)ဆွေမျိုးများ၏ ပြုကျင့်ကြပုံကို မြင်ရသဖြင့် အလေ့အကျင့်ရနေကြသော ကလေးသူငယ်တို့သည် ရဟန်းများကို မြင်လျှင် ရွှင်လန်းဝမ်းသာ ဖြစ်ကုန်လျက် လက်၌ရှိသော တစုံတခုကိုပင် အဆောတလျင် ပေးလှူကုန်၏၊ သို့မဟုတ် ရှိခိုးကုန်၏၊ ထိုအခါ(ထိုသူငယ်တို့မှာ) သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ်

---

မှတ်ချက်

၁–ဟဋ္ဌပဟဋ္ဌော-ပုဒ်၏ အနက်ဖြစ်သည်၊ ၎င်းကို ပြု၏-ဟူသောပုဒ်နှင့် စပ်ပါ။

၂–ရှေ့သွားပြု၍....ပြု၏-ဟု စပ်ပါ။

၃–ဟဋ္ဌတုဋ္ဌော-ပုဒ်၏ အနက်ဖြစ်သည်။

၄–စသည်-ဟူသော စကားဖြင့် သီလဆောက်တည်ခြင်း စသည်တို့၌ စိတ်မညွတ်ကိုင်းခြင်း, မဝင်စားခြင်း စသည်ကို သိမ်းယူ၏။ (ဋီကာ)

http://www.dhammadownload.com



အသင်္ခါရခေါ် တတိယစိတ်သည် ဖြစ်၏။ အကြင်အခါ၌မူ "လှူကြရှိခိုးကြ" ဟု ဆွေမျိုးများက တိုက်တွန်းသောကြောင့် ထိုအတူပင် ပြုကုန်၏၊ ထိုအခါ သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရခေါ် စတုတ္ထစိတ်သည် ဖြစ်၏။ ထိုမှတပါး လှူဖွယ်ဝတ္ထုနှင့် အလှူခံပုဂ္ဂိုလ် စသည်တို့၏ မပြည့်စုံမကောင်းမွန်ခြင်းကို စွဲမှီ၍ဖြစ်စေ, အခြားတပါးကုန်သော သောမနဿဖြစ်ကြောင်းတို့၏ မရှိခြင်းကို စွဲမှီ၍ဖြစ်စေ ဆိုခဲ့ပြီးသော ကုသိုလ်စိတ်ဖြစ်ပုံ ကြံစည်ချက်လေးပါးတို့၌ သောမနဿကင်းလျက် ဥပေက္ခာနှင့် တကွ ဖြစ်ကုန်၏၊ ထိုအခါ၌ ကြွင်းသော ဥပေက္ခာသဟဂုတ်စိတ် လေးပါး တို့သည် ဖြစ်ကုန်၏။ ဤသို့လျှင် သောမနဿ ဥပေက္ခာ ဉာဏ် သင်္ခါရတို့၏ အပြားအားဖြင့် (၈) ပါးအပြားရှိသော ကာမာဝစရကုသိုလ်စိတ်ကို သိအပ်ပေသည်။

ထိုမှတပါး ရူပါဝစရကုသိုလ်စိတ်သည် ဈာန်အင်္ဂါတို့နှင့် ယှဉ်ခြင်း၏ အပြားအားဖြင့် ၅-ပါးအပြားရှိ၏။ အဘယ်သို့နည်းဟူမူ—ဝိတက် ဝိစာရ ပီတိ သုခ သမာဓိ (ဟူသော ဈာန်အင်္ဂါငါးပါး) နှင့် ယှဉ်သော ပဌမဈာန်စိတ် ၁-ပါး[၁]၊ ဝိတက်ကို ကျော်လွန်ခဲ့(၍ အင်္ဂါလေးပါးနှင့်ယှဉ်) သော ဒုတိယဈာန်စိတ် ၁-ပါး၊ ထိုဒုတိယဈာန်စိတ်မှ ဝိစာရကို ကျော်လွန်ခဲ့(၍ အင်္ဂါသုံးပါးနှင့်) ယှဉ်သော တတိယဈာန်စိတ် ၁-ပါး၊ ထိုတတိယဈာန်

---

မှတ်ချက်

၁ – ပထဝီကသိဏနိဒ္ဒေသ၌ အကျယ် ပြခဲ့ပြီးဖြစ်သောကြောင့် ဤအရာ၌ ဈာန်ကို အကျဉ်းမျှသာ ပြသည်။ ဈာန်အင်္ဂါငါးပါးအပေါင်းကိုပင် ပဌမဈာန်ဟု ခေါ်သည်၊ ၎င်းနှင့်ယှဉ်သော စိတ်ကို ဆိုသည်။

http://www.dhammadownload.com



စိတ်မှ ပီတိကိုကျော်လွန်ခဲ့(၍အင်္ဂါနှစ်ပါးနှင့်ယှဉ်)သော[၁] စတုတ္ထစျာန်စိတ် ၁-ပါး၊ သုခချုပ်ကင်းလျက် ဥပေက္ခာ သမာဓိ (ဟူသော ဈာန်အင်္ဂါ နှစ်ပါးနှင့်ယှဉ်)သော ပဉ္စမစျာန်စိတ် ၁-ပါး၊ ဤသို့ ၅-ပါး အပြားရှိ၏။

အရူပါဝစရကုသိုလ်စိတ်သည် လေးပါးသော အရူပစျာန်တို့နှင့် ယှဉ်ခြင်း၏ အစွမ်းအားဖြင့် ၄-ပါး အပြားရှိ၏။ အဘယ်သို့နည်းဟူမူ—(ဆယ်ခုမြောက် အာရုပ္ပနိဒ္ဒေသ၌)ဆိုခဲ့ပြီးသော အပြားရှိသော အာကာသာနဉ္စာယတနစျာန်နှင့် ယှဉ်သော ပဌမအရူပါဝစရစျာန်စိတ် ၁-ပါး၊ ဝိညာဏဉ္စာယတနအစရှိသော ဈာန်တို့နှင့် ယှဉ်ကုန်သော [၈၄] ဒုတိယ အရူပါဝစရစျာန်စိတ် တတိယအရူပါဝစရစျာန်စိတ် စတုတ္ထအရူပါဝစရစျာန်စိတ်တို့ ၃-ပါး ဤသို့ ၄-ပါး အပြားရှိ၏။

လောကုတ္တရာကုသိုလ်စိတ်သည် မဂ်လေးပါးတို့နှင့် ယှဉ်ခြင်း၏ အပြားအားဖြင့် ၄-ပါးအပြားရှိ၏[၂]။ ဤသို့လျှင် ရှေးဦးစွာ ကုသိုလ်ဝိညာဏ်စိတ်သည် ၂၁-ပါး အပြားရှိ၏။

---

မှတ်ချက်

၁–ပီတိယာ စ ဝိရာဂါ-ဟူသော ပါဠိကို ငဲ့၍ ဝိရတ္တပီတိကံ-စက်ဆုပ်အပ်သော ပီတိရှိသော-ဟု ဆိုသည်၊ အဓိပ္ပါယ်အားဖြင့်မူကား ကျော်လွန်ခဲ့သည်ကိုသာ ဆိုလိုပေသည်၊ သို့ဖြစ်၍ အထက်ပါအတိုင်း ပြန်သည်။

၂–သောတာပတ္တိမဂ်နှင့်ယှဉ်သော သောတာပတ္တိမဂ်စိတ် ၁-ပါး၊ ထို့အတူ သကဒါဂါမိမဂ်စိတ် ၁-ပါး၊ အနာဂါမိမဂ်စိတ် ၁-ပါး၊ အရဟတ္တမဂ်စိတ် ၁-ပါး–ဟူ၍ ၄-ပါး အပြားရှိသည်ဟု ဆိုလို၏။

http://www.dhammadownload.com



၄၅၃။ ထိုမှတပါး အကုသိုလ်စိတ်သည် ဘုံအားဖြင့် ကာမာဝစရစိတ် တပါးတည်းသာ [၁] ဖြစ်သည်။ မူလအားဖြင့် လောဘမူစိတ် [၂] ဒေါသမူစိတ် မောဟမူစိတ် ဟူ၍ ၃-ပါး အပြားရှိ၏။

ထိုတွင် လောဘမူစိတ်သည် သောမနဿ ဥပေက္ခာ ဒိဋ္ဌိ သင်္ခါရတို့၏ အပြားအားဖြင့် (၈)ပါး အပြားရှိ၏။ အဘယ်သို့နည်းဟူမူ-သောမနဿ-သဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ်(မိစ္ဆာဒိဋ္ဌိနှင့်ယှဉ်သော) အသင်္ခါရစိတ် ၁-ပါး၊ သသင်္ခါရစိတ် ၁-ပါး၊ ထို့အတူ (သောမနဿသဟဂုတ်) ဒိဋ္ဌိဂတဝိပ္ပယုတ် (မိစ္ဆာဒိဋ္ဌိနှင့်မယှဉ်သော) အသင်္ခါရ စိတ် ၁-ပါး၊ သသင်္ခါရ စိတ် ၁-ပါး။ ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရ စိတ် ၁-ပါး၊ သသင်္ခါရစိတ် ၁-ပါး၊ ထို့အတူ ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရစိတ် ၁-ပါး၊ သသင်္ခါရစိတ် ၁-ပါး။ (ဤသို့ ရှစ်ပါး အပြားရှိ၏)။

ယင်းစိတ်တို့၏ ဖြစ်ပုံကား—အကြင်အခါ၌"ကာမဂုဏ်တို့၌ အပြစ်မရှိ" ဤသို့ အစရှိသော နည်းဖြင့်ဖြစ်သော မိစ္ဆာဒိဋ္ဌိကို ရှေ့သွားပြု၍ ရွှင်လန်း ဝမ်းမြောက်လျက် တိုက်တွန်းပေးရခြင်းမရှိပဲ သူ့အလိုလိုပင် ထက်သန်သော စိတ်ဖြင့် ကာမဂုဏ်တို့ကိုမူလည်း သုံးဆောင်၏၊ ဒိဋ္ဌမင်္ဂလာ စသည်တို့ကိုမူလည်း [၃] အနှစ်သာရအစစ်အမှန်အနေအားဖြင့် ယုံကြည်၏၊ ထိုအခါ၌ ပဌမ

---

မှတ်ချက်

၁–အကုသိုလ်စိတ်သည် ရူပဘုံ အရူပဘုံတို့၌ ဖြစ်ငြားသော်လည်း ကာမဘုံ၌သာ အဖြစ်များသောကြောင့်၎င်း၊ ကာမဘုံ၌သာ သက်ဝင်သောကြောင့်၎င်း ကာမာဝစရ-သာ မည်သည်။

၂–လောဘမူလ-လောဘ ဟူသောမူလ အမြစ်အရင်းရှိသောစိတ်။ ဒေါသမူစိတ် မောဟမူစိတ်တို့၌လည်း နည်းတူပင်။

၃–ဒိဋ္ဌမင်္ဂလာ စသည်တို့ကို-ဟူသည်ကား ဒိဋ္ဌမင်္ဂလာ သုတမင်္ဂလာ မုတမင်္ဂလာ တို့ကို(ဟု ဆိုလို၏)။ (ဋီကာ) ဒိဋ္ဌ-မြင်တွေ့ရသောအဆင်းသည် မင်္ဂလာ

http://www.dhammadownload.com



အကုသိုလ်စိတ်သည် ဖြစ်၏။ အကြင်အခါ၌မူ မထက်သန်သည်ဖြစ်၍ တိုက်တွန်းပေးရသော စိတ်ဖြင့် ကာမဂုဏ်တို့ကိုမူလည်း သုံးဆောင်၏၊ ဒိဋ္ဌမင်္ဂလာ စသည်တို့ကိုမူလည်း ယုံကြည်၏၊ ထိုအခါ၌ ဒုတိယအကုသိုလ်စိတ်သည် ဖြစ်၏။ အကြင်အခါ၌ မိစ္ဆာဒိဋ္ဌိကို ရှေ့သွားမပြုမူ၍ သက်သက်ရွှင်လန်း ဝမ်းမြောက်လျက် တိုက်တွန်းပေးရခြင်းမရှိပဲ သူ့အလိုလိုပင် ထက်သန်သောစိတ်ဖြင့် မေထုန်မှီဝဲခြင်းကိုမူလည်း ပြု၏၊ သူတပါးစည်းစိမ်ကိုမူလည်း ရလိုသမှု ရေးရှုကြံ၏၊ သူတပါးဥစ္စာကိုမူလည်း ခိုးယူ၏။ ထိုအခါ တတိယအကုသိုလ်စိတ်သည် ဖြစ်၏။ အကြင်အခါ၌ မထက်သန်သည်ဖြစ်၍ တိုက်တွန်းပေးရသောစိတ်ဖြင့် (ထိုသို့သောအမှုကို ပြု၏ ကြံ၏)၊ ထိုအခါ၌ စတုတ္ထအကုသိုလ်စိတ်သည် ဖြစ်၏။အကြင်အခါ၌မူ ကာမဂုဏ်တို့၏ မပြည့်စုံ

---

မှတ်ချက်

ပေတည်း၊ မြင်တွေ့ရသော အဆင်း-မည်သည်မှာ မြတ်သော မင်္ဂလာဟု သမုတ်အပ်သော အဆင်းပေတည်း။ ၎င်းသည် အဘယ်နည်းဟူမူ နံနက်စောစောကပင် အိပ်ရာမှ ထ၍ မိုးစာငှက်ကို(သီမူအရအားဖြင့် စကားပြောတတ်သော ငှက်ကို)မြင်၏၊ ဥသျှစ်ပင်ပျိုကို ကိုယ်ဝန်ဆောင် မိန်းမကို တန်ဆာ ဆင်ထားသော သူငယ်တို့ကို ရေပြည့်အိုးကို လတ်ဆတ်သော ငါးကြင်းကို အာဇာနည်မြင်းကို အာဇာနည်မြင်းရထားကို နွားလားဥသဘကို နွားမကို ကြောင်သောနွားကို မြင်၏၊ ထို့ပြင်လည်း ဤသို့သဘောရှိသော မြတ်သော မင်္ဂလာဟု သမုတ်အပ်သော အဆင်းကို မြင်၏၊ ဤမြင်ရသော အဆင်းကို ဒိဋ္ဌမင်္ဂလာဟု ခေါ်ဆိုအပ်၏-စသည်ဖြင့် ခုဒ္ဒကပါဌအဋ္ဌကထာ၌ ပြဆိုထားသည်နှင့်အညီ ဒိဋ္ဌမင်္ဂလာကို သိအပ်၏။ ထို့အတူပင် အကောင်းအမြတ်ဟု သမုတ်အပ်သည့် ကြားရသော အသံကို သုတမင်္ဂလာဟူ၍၎င်း၊ အကောင်းအမြတ်ဟု သမုတ်အပ်သည့် နံရသော အနံ့ စားရသော အရသာ ထိရသော အတွေ့တို့ကို မုတမင်္ဂလာဟူ၍၎င်း သိအပ်၏။ ၎င်းတို့၏ ဆန့်ကျင်ဖက်တို့ကိုလည်း ဒိဋ္ဌအမင်္ဂလာစသည်ဟု သိအပ်၏။

http://www.dhammadownload.com



ခြင်းကို စွဲ၍ဖြစ်စေ၊ အခြားတပါးကုန်သော သောမနဿဖြစ်ကြောင်းတို့၏ မရှိခြင်းကြောင့်ဖြစ်စေ ဆိုခဲ့ပြီးသော အကုသိုလ်ဖြစ်ပုံ ကြံစည်ချက် လေးပါးတို့၌လည်း စိတ်ရွှင်လန်းခြင်း မရှိကုန်၊ ထိုအခါ၌ ကြွင်းသော ဥပေက္ခာသဟဂုတ်စိတ် လေးပါးတို့သည် ဖြစ်ကုန်၏။ ဤသို့လျှင် သောမနဿ ဥပေက္ခာ ဒိဋ္ဌိ သင်္ခါရတို့၏ အပြားအားဖြင့် (၈)ပါး အပြားရှိသော လောဘမူစိတ်ကို သိအပ်ပေသည်။

ဒေါသမူစိတ်သည်ကား ဒေါမနဿသဟဂုတ် (နှလုံးမသာမှုနှင့်တကွ ဖြစ်သော) ပဋိဃသမ္ပယုတ် (ဒေါသနှင့်ယှဉ်သော) အသင်္ခါရစိတ် ၁-ပါး၊ သသင်္ခါရစိတ် ၁-ပါးဟူ၍ ၂-ပါးသာလျှင် ဖြစ်သည်။ ယင်းစိတ် ၂-ပါး၏ ဖြစ်ခြင်းကို သတ္တဝါကို သတ်ခြင်းစသည်တို့၌ ထက်သန်စွာဖြစ်သောအခါ, မထက်သန်ပဲဖြစ်သောအခါ၌ သိအပ်၏။[၁]

မောဟမူစိတ်သည် ဥပေက္ခာသဟဂုတ် ဝိစိကိစ္ဆာနှင့်ယှဉ်သောစိတ် ၁-ပါး၊ ဥဒ္ဓစ္စနှင့်ယှဉ်သောစိတ် ၁-ပါးဟူ၍ ၂-ပါးအပြားရှိ၏။ ယင်းစိတ် ၂-ပါး၏ ဖြစ်ခြင်းကို အာရုံကို မဆုံးဖြတ်နိုင်သော အခါ, ပျံ့လွင့်သော အခါ၌ သိအပ်၏[၂]။ ဤသို့လျှင် အကုသိုလ်စိတ် ဝိညာဏ်သည် ၁၂-ပါး အပြားရှိ၏။

---

မှတ်ချက်

၁—ထက်သန်လျှင် အသင်္ခါရစိတ်, မထက်သန်လျှင် သသင်္ခါရစိတ်ဟု သိအပ်၏။

၂—မဆုံးဖြတ်နိုင်သောအခါ (ဘုရား တရား သံဃာအစစ်အမှန်တို့ကို မယုံကြည် မဆုံးဖြတ်နိုင်သောအခါ) ဝိစိကိစ္ဆာနှင့် ယှဉ်သောစိတ်, ပျံ့လွင့်သောအခါ ဥဒ္ဓစ္စနှင့်ယှဉ်သော စိတ်ဟု သိအပ်၏။

http://www.dhammadownload.com



၄၅၄။ အဗျာကတစိတ်သည်[၁] ဇာတ်အပြားအားဖြင့် ဝိပါက ဝိပါက်စိတ်[၂] ကိရိယာစိတ်[၃] ဟူ၍ ၂-ပါး အပြားရှိ၏။ ထိုတွင် ဝိပါက်စိတ်သည် ဘုံအားဖြင့် ကာမာဝစရစိတ်, ရူပါဝစရစိတ်, အရူပါဝစရစိတ်, လောကုတ္တရာစိတ်ဟူ၍ ၄-ပါး အပြားရှိ၏။ [၇၅] ထိုတွင် ကာမာဝစရဝိပါက်စိတ်သည် ကုသလဝိပါက်[၄] အကုသလဝိပါက်[၅]ဟူ၍ ၂-ပါးအပြားရှိ၏။ ကုသလဝိပါက်စိတ်သည်လည်း အဟိတ်စိတ်[၆] သဟိတ်စိတ်[၇]ဟူ၍ ၂-ပါး အပြားရှိ၏။

ထိုတွင် အလောဘ အစရှိသော ဝိပါက်ဟိက်ကင်းသော စိတ်သည် အဟိတ်ကုသလ ဝိပါက်စိတ် မည်၏၊ ယင်းစိတ်သည် (၁) စက္ခုဝိညာဏ်၊ (၂)သောတဝိညာဏ်၊ (၃)ဃာနဝိညာဏ်၊ (၄)ဇိဝှါဝိညာဏ်၊ (၅)ကာယ

---

မှတ်ချက်

၁–ကုသိုလ် အကုသိုလ်အဖြစ်ဖြင့် မဟောအပ် မဆိုအပ်သောတရားကို အဗျာကတဟု ဆိုသည်။

၂–ကုသိုလ် အကုသိုလ်တို့၏ အကျိုးဖြစ်သော စိတ်ကို ဝိပါက်ဟု ခေါ်သည်။

၃–ကုသိုလ် အကုသိုလ်တို့၏ အကျိုးလည်း မဟုတ်, အကျိုးလည်း မပေးတတ်သော သဘောကို ကိရိယာ-ကြိယာ-ဟု ဆိုသည်။

၄–၅–ကုသိုလ်၏ အကျိုးကို ကုသလဝိပါက်ဟု အကုသိုလ်၏ အကျိုးကို အကုသလဝိပါက်ဟု ခေါ်သည်။

၆–၇–လောဘ, ဒေါသ, မောဟ, အလောဘ, အဒေါသ, အမောဟ ဟူသော ဟိတ်တို့နှင့် မယှဉ်သောစိတ်ကို အဟေတုက- အဟိတ်စိတ်- ဟိတ်မရှိသော စိတ်ဟု ခေါ်သည်၊ ယင်းဟိတ်တို့နှင့်ယှဉ်သောစိတ်ကို သဟေတုက သဟိတ်စိတ်- ဟိတ်ရှိသောစိတ်ဟု ခေါ်သည်။ ဤကုသလဝိပါက် အရာ၌ကား အလောဘစသည် မရှိခြင်း, ရှိခြင်းကို စွဲ၍ အဟိတ်, သဟိတ်ဟု ဆိုသည်။

http://www.dhammadownload.com



ဝိညာဏ်၊ (၆) သမ္ပဋိစ္ဆိုန်းကိစ္စရှိသော မနောဓာတ် [၁]၊ (၇၊၈) သန္တီရဏ စသော ကိစ္စရှိကုန်သော မနောဝိညာဏဓာတ်တို့ ၂-ပါး [၂] ဟူ၍ (၈) ပါး အပြားရှိ၏။

ထိုရှစ်ပါးတို့တွင် စက္ခုဝိညာဏ်စိတ်သည် မျက်စိအကြည်ကိုမှီ၍ အဆင်း ကိုမြင်သိခြင်းလက္ခဏာရှိ၏၊ အဆင်းမျှသာ အာရုံပြုခြင်းကိစ္စရှိ၏၊ အဆင်း ဆီသို့ ရှေးရှုပြုနေသည့်အဖြစ်ဖြင့် (ဉာဏ်အား)ရှေးရှုထင်၏၊ အဆင်းလျှင် အာရုံရှိသော ကိရိယာမနောဓာတ်ခေါ် ပဉ္စဒွါရာဝဇ္ဇန်းစိတ်၏ ကင်းခြင်းလျှင် နီးသော အကြောင်း(ပဒဋ္ဌာန်)ရှိ၏ [၃]။

သောတဝိညာဏ် ဃာနဝိညာဏ် ဇိဝှါဝိညာဏ် ကာယဝိညာဏ်စိတ်တို့ သည် (အသီးအသီး အစဉ်အတိုင်း) နား,နှာ,လျှာ,ကိုယ်အကြည်ရုပ်တို့ကို မှီ၍ အသံ, အနံ့, အရသာ, အတွေ့တို့ကို ကြားသိခြင်း, နံသိခြင်း, စား သိခြင်း, ထိသိခြင်းလက္ခဏာရှိကုန်၏၊ အသံစသည်မျှသာ အာရုံပြုခြင်းကိစ္စ

မှတ်ချက်

၁–ဤအမည်သည် အဘိဓမ္မာပါဠိ၌ တိုက်ရိုက်လာရှိသော အမည်ဖြစ်သည်၊ အဘိဓမ္မတ္ထသင်္ဂဟကျမ်း၌ကား ခေါ်ဝေါ်လွယ်စေရန် ဤစိတ်ကို သမ္ပ- ဋိစ္ဆိုန်းစိတ်ဟု ပြဆိုထားသည်။

၂–ဤအမည်သည်လည်း ပါဠိတော်မှ အမည်ပင် ဖြစ်သည်၊ သင်္ဂဟကျမ်း၌မူ ခေါ်ဝေါ်လွယ်စေရန် ယင်းစိတ် ၂-ပါးကို ဥပေက္ခာသဟဂုတ် သန္တီရဏ, သောမနဿသဟဂုတ်သန္တီရဏဟု ပြဆိုထားသည်။

၃–ပဉ္စဒွါရဝီထိ၏ ရှေ့သွားဆင်ခြင်မှုဖြစ်သောကြောင့် ယင်းစိတ်ကို ပဉ္စဒွါရာ ဝဇ္ဇန်းဟု သင်္ဂဟကျမ်း၌ အမည်ပေးထားသည်။ ဤအရာ၌ကား စက္ခု ဒွါရဝီထိ၏ ရှေ့သွားဆင်ခြင်မှု ဖြစ်သောကြောင့် စက္ခုဒွါရာဝဇ္ဇန်းဟူ၍ လည်း ခေါ်ဆိုနိုင်၏။ ယင်းအာဝဇ္ဇန်းစိတ်၏အခြားမဲ့၌ ဖြစ်သောကြောင့် ယင်းစိတ်၏ ချုပ်ခြင်းကင်းခြင်းကို နီးသောအကြောင်းဟု ဆိုသည်။

http://www.dhammadownload.com



ရှိကုန်၏၊ အသံစသော အာရုံဆီသို့ ရှေးရှုပြုသည့်အဖြစ်ဖြင့် (ဉာဏ်အား) ရှေးရှုထင်ကုန်၏၊ အသံအာရုံစသည်ရှိသော ကိရိယာ မနောဓာတ်တို့၏[၁] ကင်းခြင်းလျှင် နီးသောအကြောင်းရှိ၏။

(သမ္ပဋိစ္ဆိုန်းခေါ်) ကုသလဝိပါက်မနောဓာတ်သည် စက္ခုဝိညာဏ် စသည်တို့၏ အခြားမဲ့၌ အဆင်းစသည်ကို သိခြင်းလက္ခဏာရှိ၏၊ အဆင်း စသည်ကို လက်ခံခြင်း (သမ္ပဋိစ္ဆိုန်း)ကိစ္စရှိ၏[၂]၊ အဆင်းစသည်ကို လက်ခံ သည့်အဖြစ်ဖြင့် (ဉာဏ်အား)ရှေးရှုထင်၏၊စက္ခုဝိညာဏ်စသည်တို့၏ ကင်း ခြင်းလျှင် နီးသောအကြောင်းရှိ၏။

သန္တီရဏစသောကိစ္စရှိသော အဟိတ်ကုသလဝိပါက် မနောဝိညာဏ ဓာတ် ၂-ပါးသည် ၆-ပါးသော အာရုံကို သိခြင်းကိစ္စရှိ၏၊ သန္တီရဏစသော ကိစ္စရှိ၏[၃]၊ ထိုသို့သောကိစ္စများရှိသည်၏အဖြစ်ဖြင့် (ဉာဏ်အား) ရှေးရှု ထင်၏၊ ဟဒယဝတ္ထုရုပ်လျှင် နီးသောအကြောင်းရှိ၏။ဆက်၍ရှင်းပြဦးအံ့– သောမနဿ ဥပေက္ခာတို့နှင့်ယှဉ်ခြင်း အပြားအားဖြင့်ရင်း၊ နှစ်ဌာန, ငါး ဌာနတို့၏ အပြားအားဖြင့်ရင်း ထိုအဟိတ်ကုသလဝိပါက် မနောဝိညာဏ ဓာတ်၏ ကွဲပြားခြင်းကို သိအပ်၏။ ကွဲပြားပုံကား ဤမနောဝိညာဏဓာတ်

---

မှတ်ချက်

၁–အာဝဇ္ဇန်းစိတ်တမျိုးတည်းပင် ဖြစ်သော်လည်း အသံစသောအာရုံ ၄-မျိုးတို့၌ဖြစ်သော အာဝဇ္ဇန်းတို့ကို ၄-ပါးဟု ယူ၍ ဗဟုဝုစ်ဖြင့် ဆိုထား သည်။

၂–ဤကိစ္စရသကိုပင် စွဲမှီ၍ သင်္ဂဟကျမ်း၌ ဤစိတ်ကို သမ္ပဋိစ္ဆိုန်းစိတ်ဟု ဆိုထားပေသည်။

၃–ဤစာပိုဒ်ထဲ၌ပင် ပြမည့်ကိစ္စများကို ရည်၍ဆိုသည်၊ ထိုတွင် သန္တီရဏ ကိစ္စရသကို စွဲမှီ၍ ဤစိတ်ကို သင်္ဂဟကျမ်း၌ သန္တီရဏစိတ်ဟု ဆိုထား ပေသည်။

http://www.dhammadownload.com



နှစ်ပါးတို့တွင် တပါးသည် ဣဋ္ဌာရုံအစစ်၌သာ[၁] ဖြစ်ခြင်း ရှိသောကြောင့် သောမနဿနှင့်ယှဉ်၍ ဖြစ်၏၊ စုံစမ်းခြင်း—သန္တီရဏကိစ္စ၏ အလိုအားဖြင့် ပဉ္စဒွါရ၌ရှင်း, ထိုဇော၏အာရုံကိုယူခြင်း-တဒါရုံကိစ္စအလိုအားဖြင့် ဇော၏ အဆုံး၌ရှင်း ဖြစ်ခြင်းကြောင့် ဌာန ၂-ပါးရှိ၏။ အခြားခတ်တပါးသည် ဣဋ္ဌမဇ္ဈတ္တာရုံခေါ် သာမန်ဣဋ္ဌာရုံ၌ ဖြစ်ခြင်းရှိသောကြောင့် ဥပေက္ခာနှင့် ယှဉ်၍ဖြစ်၏၊ သန္တီရဏကိစ္စ တဒါရုံကိစ္စ ပဋိသန္ဓေကိစ္စ ဘဝင်ကိစ္စ စုတိကိစ္စတို့ အလိုအားဖြင့် ဖြစ်ခြင်းကြောင့် ဌာနငါးပါးရှိ၏။

ဆက်ဦးအံ့—ရှစ်ပါးအပြားရှိသော ဤအဟိတ်ကုသလဝိပါက်ဝိညာဏ်သည် ကိန်းသေမြဲသောအာရုံရှိ,မရှိအားဖြင့် ၂-ပါးအပြားရှိ၏။ဥပေက္ခာ သုခ သောမနဿတို့နှင့် ယှဉ်ခြင်း အပြားအားဖြင့် ၃-ပါးအပြားရှိ၏။ ချဲ့၍ပြရလျှင် ဤဝိညာဏ်ရှစ်ပါးတို့တွင် စက္ခုဝိညာဏ်စသော ဝိညာဏ်ငါးပါးသည် အစဉ်အတိုင်း အဆင်းအာရုံစသည်တို့၌သာလျှင် ဖြစ်ခြင်းကြောင့် ကိန်းသေမြဲသောအာရုံရှိ၏၊ ကြွင်းသောဝိညာဏ်သုံးပါးသည် ကိန်းသေမြဲသော အာရုံမရှိ-မမြဲသောအာရုံရှိ၏။ထို ၃-ပါးတို့တွင် မနောခတ်ခေါ် သမ္ပဋိစ္ဆိုန်းစိတ်သည် အဆင်းစသော အာရုံ ငါးပါးလုံးတို့၌ ဖြစ်၏၊ မနောဝိညာဏခတ်ခေါ် သန္တီရဏစိတ် ၂-ပါးသည် အာရုံ ၆-ပါးတို့၌ ဖြစ်၏။ ထို့ပြင် ဤဝိညာဏ်ရှစ်ပါးတို့တွင် ကာယဝိညာဏ်သည် သုခနှင့်ယှဉ်၏၊ ဌာန ၂-ပါးရှိသော မနောဝိညာဏခတ်သည် သောမနဿနှင့်ယှဉ်၏၊ ကြွင်းသော ဝိညာဏ် ၆-ပါးသည် ဥပေက္ခာနှင့်ယှဉ်၏။ ဤသို့လျှင် ရှေးဦးစွာ ရှစ်ပါး အပြားရှိသော အဟိတ်ကုသလဝိပါက်စိတ်ကို သိအပ်၏။

---

မှတ်ချက်

၁—ကေဝလေ့နေဝ ဣဋ္ဌေ အာရမ္မဏေ- စင်စစ်အားဖြင့်သာလျှင် အလိုရှိအပ်သော အာရုံ၌-ဟု ဖွင့်ပြသော ဋီကာနှင့်အညီ ပြန်သောအနက်ဖြစ်သည်။ အတိဝိယ ဣဋ္ဌာရမ္မဏေတိ အတ္ထော-ဟု ထပ်ဆင့်ဖွင့်ပြသည့် ယင်းဋီကာနှင့်အညီ အတိဣဋ္ဌာရုံ၌သာဟူ၍လည်း ပြန်သင့်၏။

http://www.dhammadownload.com



ထိုမှတပါး အလောဘအစရှိသော ဝိပါက်ဟိတ်တို့နှင့် ယှဉ်သောစိတ်သည် သဟိတ် ကုသလဝိပါက်စိတ်မည်၏။ ယင်း သဟိတ်ကုသလဝိပါက်စိတ်သည် ကာမာဝစရကုသိုလ်စိတ်ကဲ့သို့ သောမနဿစသည်တို့၏ အပြားအားဖြင့် ရှစ်ပါး အပြားရှိ၏။ အထူးကား ကုသိုလ်စိတ်သည် [ဂ၆]ဒါနစသည်၏ အစွမ်းအားဖြင့် ၆-ပါးသော အာရုံတို့၌ ဖြစ်သကဲ့သို့ ဤဝိပါက်စိတ်သည် ထို့အတူ မဖြစ်ပေ။ မှန်ပေ၏-ဤဝိပါက်စိတ်သည် ပဋိသန္ဓေ ဘဝင် စုတိ တဒါရုံကိစ္စတို့၏ အစွမ်းအားဖြင့် ကာမတရား၌သာလျှင် အတွင်းဝင်ကုန်သော အာရုံ ၆-ပါးတို့၌ ဖြစ်ပေသည်။ ဤဝိပါက်စိတ်တို့၌ သသင်္ခါရ အသင်္ခါရအဖြစ်ကိုမူ လာခဲ့ရာ ကုသိုလ် စသည်တို့၏ အစွမ်းအားဖြင့်[၁] သိအပ်၏။ ယှဉ်ဖက်တရားတို့၏[၂] ထူးခြားခြင်းမရှိငြားသော်

မှတ်ချက်

၁–လာခဲ့ရာ ကုသိုလ်စသည်တို့၏ အစွမ်းအားဖြင့် ဟူသည်ကား လာခဲ့ရာ ကုသိုလ်နှင့် အခြားအကြောင်းတို့၏ အစွမ်းအားဖြင့်(ဟု ဆိုလို၏)။ ထိုတွင် အချို့ဆရာတို့၏ အလိုအားဖြင့် မျက်နှာက လှုပ်လျှင် ကြေးမုံပြင်ထဲက မျက်နှာရိပ် လှုပ်ခြင်းကဲ့သို့ အသင်္ခါရကုသိုလ်၏ ဝိပါက်သည် အသင်္ခါရ ဖြစ်၏၊ သသင်္ခါရကုသိုလ်၏ ဝိပါက်သည် သသင်္ခါရ ဖြစ်၏ဟု ဤသို့ လာခဲ့ရာ ကုသိုလ်၏အစွမ်းအားဖြင့်။ အချို့ဆရာတို့၏ အလိုအားဖြင့်မူ အားကြီးကုန် ထင်ရှားကုန်သော အကြောင်းတို့ကြောင့်ရင်း, ကံစသည်တို့ကြောင့်ရင်း ဖြစ်သောဝိပါက်သည် အသင်္ခါရ ဖြစ်၏၊ အားနည်းကုန်သော အကြောင်းတို့ကြောင့် ဖြစ်သော ဝိပါက်သည် သသင်္ခါရ ဖြစ်၏ဟု ဤသို့ အကြောင်းပစ္စယ၏ အစွမ်းအားဖြင့်။ (ဋီကာ) ဤ၌ ဒုတိယဝါဒ အသိခက်၏၊ ကျယ်ပြန့်စွာ သိလိုလျှင် ဝိသုဒ္ဓိမဂ် မဟာဋီကာ နိဿယ တတိယတွဲ နှာ ၂ဂ၆-မှတ်ချက်များကို ကြည့်ပါ။

၂–ယှဉ်ဖက်တရားတို့၏ ဟူသည်ကား ဓမ္မသင်္ဂဏီပါဠိတော်၌ သရုပ်အားဖြင့် လာသော ယှဉ်ဖက်တရားတို့၏ (ဟု ဆိုလို၏)။ မှန်၏-ထို တရားတို့၏

http://www.dhammadownload.com



လည်း ကြေးမုံပြင် စသည်တို့၌ မျက်နှာရိပ်ကဲ့သို့ ဝိပါက်စိတ်မှာ အားထုတ်ခြင်း-ကြောင့်ကြပြုခြင်းမရှိ ၁၊ အရိပ်၏အရှင်မျက်နှာကဲ့သို့ ကုသိုလ်စိတ်မှာ အားထုတ်ခြင်း-ကြောင့်ကြပြုခြင်းရှိ၏ ၁ ဟု သိအပ်၏။

ထိုမှတပါး အကုသလဝိပါက်စိတ်သည် သက်သက် အဟိတ်သာလျှင် ဖြစ်သည်၊ ယင်း အကုသလဝိပါက်စိတ်သည် (၁) စက္ခုဝိညာဏ်၊ (၂) သောတဝိညာဏ်၊ (၃) ဃာနဝိညာဏ်၊ (၄) ဇိဝှါဝိညာဏ်၊ (၅) ကာယဝိညာဏ်၊ (၆) သမ္ပဋိစ္ဆိုန်းကိစ္စရှိသော ဝိပါက်မနောဓာတ်၊ (၇) သန္တီရဏကိစ္စရှိသော ငါးဌာနရှိသည့် မနောဝိညာဏဓာတ်ဟူ၍ (၇) ပါးအပြားရှိ၏။ ယင်းစိတ်

---

မှတ်ချက်

အစွမ်းအားဖြင့် ကုသိုလ်မှ ဝိပါက်၏ ထူးခြားခြင်း မရှိပေ။ (ဋီကာ) ပါဠိတော်၌ ယေဝါပနဖြင့် ပြသော တရား ၉-ပါးတို့ကို အဋ္ဌကထာ၌ သရုပ်အားဖြင့် ထုတ်ဖော်၍ ပြထားလေသည်၊ ထို ၉-ပါးတို့တွင် ကရုဏာ မုဒိတာ နှင့် ဝိရတီ သုံးပါးတို့သည် ကုသိုလ်၌သာ ယှဉ်ကုန်၏၊ ဝိပါက်၌ မယှဉ်ကုန်၊ ဤသို့ ဝိပါက်၌ ယှဉ်ဖက်တရားတို့သည် ကုသိုလ်မှ ထူးခြားခြင်း ရှိသေး၏၊ သို့သော်လည်း ဤ၌ ထူးခြားခြင်း မရှိဟု ဆိုသည်မှာ ပါဠိတော်၌ ထင်ရှားပြထားသော ယှဉ်ဖက်တရားတို့ကိုရည်၍ ဆိုခြင်းဖြစ်သည်ဟု ရှင်းလင်းပြ၏။

၁ – နိရုဿာဟံ-အားထုတ်ခြင်း - ကြောင့်ကြပြုခြင်း မရှိဟူသော ဤစကား၌ ဥဿာဟ-အားထုတ်ခြင်း မည်သည်မှာ အဝိဇ္ဇာ တဏှာ မာန မပြတ်စဲသေးသော စိတ်အစဉ် သန္တာန်၌ အကျိုးဝိပါက်ကို ဖြစ်စေခြင်းငှါ စွမ်းနိုင်သည်၏ အဖြစ်ဟု ဆိုအပ်သော ကြောင့်ကြပြုမှု-ဗျာပါရပေတည်း၊ ထို ဗျာပါရသည် ဝိပါက်၌ မရှိ၊ ထို့ကြောင့် ယင်း ဝိပါက်မှာ အားထုတ်မှု-ကြောင့်ကြပြုမှု မရှိပေ။ ကုသိုလ်တို့၌မူကား အဘိညာဉ် အစွမ်းဖြင့် ဖြစ်သော ကုသိုလ်တို့၌ သော်လည်း ယင်း ဥဿာဟ ရှိသည်သာ၊ ထို့ကြောင့် ယင်း ကုသိုလ်စိတ်မှာ အားထုတ်မှု-ကြောင့်ကြပြုမှု ရှိပေသည်။ (ဋီကာ)

http://www.dhammadownload.com



(၇)ပါးကို လက္ခဏာအစရှိသော အားဖြင့် အဟိတ်ကုသလဝိပါက်စိတ်၌ ဆိုခဲ့ပြီးသော နည်းဖြင့်ပင် သိအပ်၏။

အထူးမှာ ကုသလဝိပါက်စိတ်တို့သည် ဣဋ္ဌာရုံအစစ်နှင့် ဣဋ္ဌမဇ္ဈတ္တ-အာရုံကို အာရုံပြုကုန်၏၊ ဤအကုသလဝိပါက်စိတ်တို့သည် အနိဋ္ဌာရုံအစစ်နှင့် အနိဋ္ဌမဇ္ဈတ္တအာရုံကို အာရုံပြုကုန်၏။ ထိုကုသလဝိပါက်စိတ်တို့သည် ဥပေက္ခာ သုခ သောမနဿ အပြားအားဖြင့် သုံးပါးအပြားရှိကုန်၏၊ ဤအကုသလဝိပါက်စိတ်တို့သည် ဒုက္ခ ဥပေက္ခာတို့၏ အစွမ်းအားဖြင့် နှစ်ပါး အပြားရှိကုန်၏။ မှန်ပေ၏-ဤအကုသလဝိပါက်စိတ်(၇)ပါးတို့တွင် ကာယဝိညာဏ်သည် ဒုက္ခနှင့်သာလျှင်တကွဖြစ်၏၊ ကြွင်းသောစိတ်(၆)ပါးတို့သည် ဥပေက္ခာသဟဂုတ်တို့ပေတည်း။ထိုအကုသလဝိပါက်စိတ်တို့၌ ယင်းဥပေက္ခာသည် ယုတ်ညံ့၏[၁] (သို့သော်) ဒုက္ခကဲ့သို့ (ကား) မထက်မြက်လှပေ။ ကုသလဝိပါက်စိတ်တို့၌ ဥပေက္ခာသည် ကောင်းမြတ်ပေ၏ (သို့သော်) သုခကဲ့သို့ (ကား) မထက်မြက်လှပေ။ ဤသို့လျှင် ဤ (၇)ပါးသော

---

မှတ်ချက်

၁-ဥပေက္ခာသည် ယုတ်ညံ့၏ ဟူသည်ကား စင်စစ် ယုတ်ညံ့သော အကုသိုလ်၏ အကျိုးဝိပါက်ဖြစ်သောကြောင့် ဥပေက္ခာပင် ဖြစ်ငြားသော်လည်း ဒုက္ခသဘောရှိသည်၏ အဖြစ်ကြောင့် ယုတ်ညံ့၏။ ထို့ကြောင့် "ဒုက္ခကဲ့သို့ (ကား) မထက်မြက်လှပေ" ဟု မိန့်ဆိုပေသည်။ ဒုက္ခဝေဒနာသည် အလွန်ထက်မြက် အလွန်ခါးစပ် ခံခက်သကဲ့သို့ ထို့အတူ ဤ ဥပေက္ခာသည် မထက်မြက်လှပေ၊ သို့သော်လည်း ဒုက္ခသဘောအားဖြင့်သာလျှင် ဖြစ်၏။ မှန်၏-အကုသိုလ်၏ အကျိုးဝိပါက်သည် မဆင်းရဲပဲ မရှိချေ၊ ထို အကုသလဝိပါက်၏ ဥပေက္ခာ အဖြစ်ကိုမူ အားကြီးသူက နှိပ်စက်ရာ၌ ပြန်လည်ချေပရန် မစွမ်းနိုင်သဖြင့် ထို နှိပ်စက်မှုကို အားနည်းသူ၏ လျစ်လျူရှုခြင်းကဲ့သို့ မှတ်အပ်၏။ (ဋီကာ)

http://www.dhammadownload.com



အကုသလဝိပါက်စိတ်တို့နှင့် ရှေး၌ပြခဲ့သော (၁၆)ပါးသော ကုသလဝိပါက် စိတ်တို့၏အစွမ်းအားဖြင့် ကာမာဝစရဝိပါက်စိတ်သည် (၂၃)ပါးအပြား ရှိ၏။

ထိုမှတပါး ရူပါဝစရဝိပါက်စိတ်သည် ရူပါဝစရကုသိုလ်စိတ်ကဲ့သို့ ငါးပါး အပြားရှိ၏။ အထူးကား ရူပါဝစရကုသိုလ်စိတ်သည် ဝင်စားသောသမာပတ် အလိုအားဖြင့် ဇောဝီထိ၌ ဖြစ်၏၊ ဤရူပါဝစရဝိပါက်စိတ်သည်ကား ကပ် ရောက်၍ ဖြစ်ရာရူပဘဝ၌ ပဋိသန္ဓေ ဘဝင် စုတိစိတ်တို့အလိုအားဖြင့် ဖြစ်၏။ ရူပါဝစရဝိပါက်စိတ်ကဲ့သို့ အရူပါဝစရဝိပါက်စိတ်သည်လည်း အရူပါဝစရ ကုသိုလ်စိတ်ကဲ့သို့ပင် လေးပါးအပြားရှိ၏။ ယင်းဝိပါက်စိတ်၏ ဖြစ်ပုံအပြား သည်လည်း ရူပါဝစရဝိပါက်စိတ်၌ ဆိုခဲ့သောနည်းအတိုင်းပင် လောကုတ္တရာ ဝိပါက်သည် မဂ်စိတ်လေးပါး၏ အကျိုးဖြစ်သောကြောင့် လေးပါးအပြား ရှိ၏။ ထိုဖိုလ်စိတ်လေးပါးသည် မဂ်ဝီထိအလိုအားဖြင့်၎င်း, ဖလသမာပတ် အလိုအားဖြင့်၎င်း ၂-ပါးအပြားအားဖြင့် ဖြစ်၏။ ဤသို့လျှင် ဘုံလေးပါး တို့၌ ဝိပါက်ဝိညာဏ်-စိတ်အားလုံးသည် (၃၆)ပါးအပြားရှိ၏။

ထိုမှတပါး ကိရိယာစိတ်သည် ဘုံအပြားအားဖြင့် ကာမာဝစရစိတ်, ရူပါဝစရစိတ်, အရူပါဝစရစိတ်ဟူ၍ သုံးပါးအပြားရှိ၏။ ထိုတွင် ကာမာ ဝစရကိရိယာစိတ်သည် အဟိတ်စိတ်, သဟိတ်စိတ်ဟူ၍ ၂-ပါးအပြားရှိ၏။ ထို ၂-ပါးတို့တွင် အလောဘအစရှိသော ကိရိယာဟိတ်ကင်းသောစိတ်သည် အဟိတ်ကိရိယာစိတ် မည်၏၊ ၎င်းသည် မနောဓာတ် မနောဝိညာဏဓာတ် အပြားအားဖြင့် ၂-ပါးအပြားရှိ၏။

ထို ၂-ပါးတို့တွင် (ပဉ္စဒွါရာဝဇ္ဇန်းခေါ်)မနောဓာတ်သည် စက္ခုဝိညာဏ် စသည်တို့၏ ရှေ့သွားဖြစ်၍ အဆင်းစသည်တို့ကို သိခြင်းလက္ခဏာရှိ၏၊ (မျက်စိစသည်တို့၌ ထင်လာသောအာရုံကို ဘာပါလိမ့်ဟု) နှလုံးသွင်း

http://www.dhammadownload.com



ဆင်ခြင်ခြင်းကိစ္စရှိ၏[၁]၊ အဆင်းစသော အာရုံဆီသို့ ရှေးရှုပြုသည့်အဖြစ်ဖြင့် (ဉာဏ်အား) ရှေးရှုထင်၏၊ ဘဝင်စိတ်၏ ပြတ်စဲခြင်းလျှင် နီးသော အကြောင်းရှိ၏၊ ၎င်းကိရိယာမနောဓာတ်သည် ဥပေက္ခာနှင့်သာ ယှဉ်၏။

[၈၇] ကိရိယာမနောဝိညာဏဓာတ်သည်ကား အများနှင့်ဆိုင်သော သာဓာရဏစိတ်, မဆိုင်သော အသာဓာရဏစိတ်ဟူ၍ ၂-ပါးအပြားရှိ၏။ ထိုတွင် သာဓာရဏစိတ်သည် ဥပေက္ခာသဟဂုတ် အဟိတ်ကိရိယာမနော ဝိညာဏဓာတ်ခေါ် မနောဒွါရာဝဇ္ဇန်းစိတ်ပေတည်း၊ ၎င်းသည်[၂] ၆-ပါးသော အာရုံတို့ကို သိခြင်းလက္ခဏာရှိ၏၊ ကိစ္စအလိုအားဖြင့် ပဉ္စဒွါရ၌ ဝုဋ္ဌောကိစ္စ ရှိ၏၊ မနောဒွါရ၌ အာဝဇ္ဇန်းကိစ္စရှိ၏[၃]၊ ထိုဝုဋ္ဌောကိစ္စ အာဝဇ္ဇန်းကိစ္စရှိသည့် အဖြစ်ဖြင့် (ဉာဏ်အား)ရှေးရှုထင်၏၊ သန္တီရဏ[၄]နှင့် ဘဝင်တို့တွင် တပါးပါး ၏ချုပ်ကင်းခြင်းလျှင် နီးသောအကြောင်းရှိ၏။

---

မှတ်ချက်

၁–ဤကိစ္စ ရသကိုပင် အစွဲပြု၍ ယင်းစိတ်ကို အာဝဇ္ဇန်းစိတ်ဟု ခေါ်ရပေသည်၊ ပဉ္စဒွါရ၌ အာဝဇ္ဇန်း ကိစ္စကို ပြီးစေသောကြောင့် ပဉ္စဒွါရာဝဇ္ဇန်းဟူ၍လည်း ခေါ်ရပေသည်။

၂–သုတနည်းသူတို့ နားလည်လွယ်စေရန် ဝါကျခွဲ၍၎င်း, သင်္ဂဟကျမ်းမှ ဝေါဟာရကိုပါ ဖော်၍၎င်း ပြန်သည်။

၃–နားလည်လွယ်စေရန် ဝါကျခွဲ၍ ပြန်သည်၊ ဤ အာဝဇ္ဇန်းကိစ္စ ရသကို အစွဲပြု၍ မနောဒွါရာဝဇ္ဇန်းဟု ခေါ်ရပေသည်။

၄–အဟိတ်ဝိပါက် မနောဝိညာဏဓာတ် ဟူသော အမည်ကို သိလွယ်စေရန် သန္တီရဏဟူသော အမည်ဖြင့် လဲလှယ်၍ ပြန်သည်။ မနောဒွါရာဝဇ္ဇန်းစိတ်သည် ပဉ္စဒွါရ၌ သန္တီရဏနောင်, မနောဒွါရ၌ ဘဝင်္ဂုပစ္ဆေဒနောင်ဖြစ်သော ကြောင့် ယင်း စိတ် ၂-မျိုး၏ ပြတ်စဲခြင်းကို ပဒဋ္ဌာန်ဟု ဆိုသည်။

http://www.dhammadownload.com



အသင်္ခါရိကစိတ်သည် သောမနဿသဟဂုတ် အဟိတ်ကိရိယာမနောဝိညာဏဓာတ်ခေါ် ဟသိတုပ္ပါဒ်စိတ်ပေတည်း၊ ၎င်းသည်[1] ၆-ပါးသော အာရုံတို့ကို သိခြင်းလက္ခဏာရှိ၏၊ ကိစ္စအလိုအားဖြင့် ရဟန္တာတို့အား မရှုန့်ရင်းသော အာရုံဝတ္ထုတို့၌ ပြုံးခြင်းကို ဖြစ်စေခြင်းရသ(ကိစ္စ)ရှိ၏[2]၊ ထိုသို့ဖြစ်စေသည့်အဖြစ်ဖြင့် (ဉာဏ်အား) ရှေးရှုထင်၏၊ ကေန်ပင် ဟဒယဝတ္ထုလျှင် နီးသောအကြောင်းရှိ၏။ ဤသို့လျှင် ကာမာဝစရကိရိယာ အဟိတ်စိတ်သည် သုံးပါးအပြားရှိ၏။

ကာမာဝစရကိရိယာ သဟိတ်စိတ်သည်ကား သောမနဿအစရှိသော အပြားအားဖြင့် ကုသိုလ်စိတ်ကဲ့သို့ပင် ရှစ်ပါးအပြားရှိ၏။ သက်သက်ထူးသည်မှာ ကုသိုလ်စိတ်သည် သေက္ခနှင့် ပုထုဇဉ်တို့အား ဖြစ်၏၊ ဤသဟိတ်ကိရိယာစိတ်သည် ရဟန္တာတို့အားသာ ဖြစ်၏-ဤသည်ကား ဤကိရိယာသဟိတ်စိတ်၌ အထူးပေတည်း၊ ဤသို့လျှင် ရှေးဦးစွာ ကာမာဝစရကိရိယာစိတ်သည် ၁၁-ပါး အပြားရှိ၏။

ထိုမှတပါး ရူပါဝစရကိရိယာစိတ်သည် ကုသိုလ်ကဲ့သို့ပင် ၅-ပါး အပြားရှိ၏။ အရူပါဝစရကိရိယာစိတ်သည်လည်း ကုသိုလ်ကဲ့သို့ပင် ၄-ပါးအပြားရှိ၏။ အထူးကား ရဟန္တာတို့အား ဖြစ်သည်၏အစွမ်းအားဖြင့်သာလျှင် ဤရူပါဝစရ အရူပါဝစရကိရိယာစိတ်၏ ကုသိုလ်မှထူးခြားခြင်းကို သိအပ်၏။ ဤသို့လျှင် ဘုံသုံးပါးတို့၌ ကိရိယာဝိညာဏ်-စိတ်အားလုံးသည်(၂၀)အပြားရှိ၏။

---

မှတ်ချက်

၁ – နားလည်လွယ်စေရန် ဝါကျခွဲ၍ရင်း, သင်္ဂဟကျမ်းမှ ဝေါဟာရကိုပါ ဖော်၍ ရင်း ပြန်သည်။

၂ – ဤကိစ္စ ရသကိုပင် အစွဲ၍ပြု သင်္ဂဟကျမ်း၌ ဟသိတုပ္ပါဒ်ဟု အမည်ပေး ထားသည်။

http://www.dhammadownload.com



၄၅၅။ ယခုပြဆိုခဲ့သည့်အတိုင်း ကုသိုလ်စိတ်(၂၁)ပါး၊ အကုသိုလ်စိတ်(၁၂)ပါး၊ ဝိပါက်စိတ်(၃၆)ပါး၊ ကိရိယာစိတ်(၂၀)၊ ဤသို့အားဖြင့် အလုံးစုံသော စိတ်-ဝိညာဏ်တို့သည် တခုယုတ်ကိုးဆယ်(၈၉) ဖြစ်ကုန်၏။ ယင်း(၈၉)ပါးသော စိတ်တို့သည် (၁) ပဋိသန္ဓေ-ဘဝဟောင်းနှင့်ဆက်စပ်ခြင်း၊(၂) ဘဝင်-ဘဝင်, ဘဝ၏အစိတ်၊(၃)အာဝဇ္ဇန-အာဝဇ္ဇန်း-နှလုံးသွင်းဆင်ခြင်ခြင်း၊ (၄) ဒဿန-မြင်ခြင်း၊ (၅) သဝန-ကြားခြင်း၊ (၆)ဃာယန-နံသိခြင်း၊ (၇) သာယန-လျက်ခြင်း-အရသာသိခြင်း၊ (၈) ဖုသန-ထိသိခြင်း၊ (၉) သမ္ပဋိစ္ဆန-လက်ခံခြင်း၊ (၁၀) သန္တီရဏ-စူးစမ်းခြင်း၊ (၁၁) ဝေါဋ္ဌဗ္ဗန-ဝုဋ္ဌော-ဆုံးဖြတ်ခြင်း၊ (၁၂) ဇဝန-ဇော-လျင်သောအဟုန်ဖြင့်ဖြစ်ခြင်း၊ (၁၃) တဒါရမ္မဏ-တဒါရုံ-ထိုဇော၏အာရုံကိုယူခြင်း၊ (၁၄) စုတိ-စုတေခြင်းလျှားခြင်းကိစ္စတို့၏ အစွမ်းအားဖြင့် ၁၄-ပါးသောအခြင်းအရာတို့ဖြင့် ဖြစ်ကုန်၏။

အဘယ်သို့နည်း? အကြင်အခါ၌ ရှစ်ပါးသော ကာမာဝစရကုသိုလ်တို့၏အစွမ်းအာနုဘော်ကြောင့် သတ္တဝါတို့သည် နတ်လူတို့၌ ဖြစ်ကုန်၏၊ ထိုအခါထိုသတ္တဝါတို့အား သေခါနီးကာလ၌ ရှေးရှုထင်ပေါ်လာသော ကံ ကမ္မနိမိတ် ဂတိနိမိတ်တို့တွင်[၁] တပါးပါးကို အာရုံပြု၍ ရှစ်ပါးသော သဟိတ်ကာမာဝစရဝိပါက်စိတ်တို့သည်ရင်း, လူ့လောက၌ ပဏ္ဍုက်စသည်အဖြစ်သို့ရောက်ဆဲပုဂ္ဂိုလ်တို့အား အားနည်းသော ဒွိဟိတ်ကုသိုလ်၏ အကျိုးဖြစ်သော[၂]

---

မှတ်ချက်

၁—ကံ ကမ္မနိမိတ် ဂတိနိမိတ် ထင်ပုံအကျယ်ကို သိလိုလျှင် ဝိသုဒ္ဓိမဂ်-မြန်မာပြန် စတုတ္ထတွဲ နှာ ၁၁၅-စသည်၌ ကြည့်ပါ။

၂—ဒွိဟိတ်ကုသိုလ်သည် အားကြီးလျှင် ဒွိဟိတ် ဝိပါက်ကို ဖြစ်စေ တတ်၏၊ အားနည်းလျှင် အဟိတ်ဝိပါက်ကို ဖြစ်စေတတ်၏။ ထို့ကြောင့် အားနည်းသော ဒွိဟိတ်ကုသိုလ်၏အကျိုး-ဟု ဆိုသည်။

http://www.dhammadownload.com



ဥပေက္ခာသဟဂုတ် အဟိတ်ဝိပါက် မနောဝိညာဏဓာတ် (သန္တီရဏစိတ်) သည်ရှင်း ဤ(၉)ပါးသော ဝိပါက်စိတ်တို့သည် ပဋိသန္ဓေ၏အစွမ်းအားဖြင့် ဖြစ်ကုန်၏။ အကြင်အခါ၌ ရူပါဝစရ အရူပါဝစရကုသိုလ်တို့၏ အစွမ်းအာနုဘော်ကြောင့် ရူပဘဝ အရူပဘဝတို့၌ ဖြစ်ကုန်၏၊ ထိုအခါ ထိုသတ္တဝါတို့အား သေခါနီးကာလ၌ ရှေးရှုထင်ပေါ်လာသော ကမ္မနိမိတ်ကိုသာလျှင် အာရုံပြု၍ (၉)ပါးသော ရူပါဝစရ အရူပါဝစရဝိပါက်စိတ်တို့သည် ပဋိသန္ဓေ၏အစွမ်းအားဖြင့် ဖြစ်ကုန်၏။

[၈၈] အကြင်အခါ၌မူ အကုသိုလ်၏အစွမ်းအာနုဘော်ကြောင့် အပါယ်ဘုံ၌ ဖြစ်ကုန်၏၊ ထိုအခါ ထိုသတ္တဝါတို့အား သေခါနီးကာလ၌ ရှေးရှုထင်ပေါ်လာသော ကံ ကမ္မနိမိတ် ဂတိနိမိတ်တို့တွင် တပါးပါးကို အာရုံပြု၍ တခုသော အကုသလဝိပါက် အဟိတ်မနောဝိညာဏဓာတ်(သန္တီရဏစိတ်)သည် ပဋိသန္ဓေ၏အစွမ်းအားဖြင့် ဖြစ်၏။ ဤသို့လျှင်(၈၉)ပါးသော ဤစိတ်တို့တွင် (၁၉)ပါးသော ဝိပါက်စိတ်တို့၏ ပဋိသန္ဓေ၏အစွမ်းဖြင့် ဖြစ်ပုံကို သိအပ်၏။

ထိုမှတပါး ယင်းပဋိသန္ဓေစိတ် ချုပ်သွားလျှင် ထိုထိုပဋိသန္ဓေစိတ်သို့ အစဉ်လိုက်လျက်[၁] ထိုထိုပဋိသန္ဓေကို ဖြစ်စေသည့် ကံ၏သာလျှင် အကျိုးဖြစ်သော[၂] ထိုပဋိသန္ဓေ၏ အာရုံ၌သာလျှင်[၃] ထိုပဋိသန္ဓေစိတ်နှင့်တူသည်

မှတ်ချက်

၁–အစဉ်လိုက်လျက် .. ဖြစ်၏ဟု စပ်ပါ။ ထိုစကားဖြင့် ပဋိသန္ဓေစိတ်၏ အခြားမဲ့၌ ဖြစ်သည်ကို ပြ၏။

၂–အကျိုးဖြစ်သော....ဘဝင်မည်သောစိတ်သည် ဖြစ်၏-ဟု စပ်ပါ။ ထိုစကားဖြင့် ပဋိသန္ဓေကိုဖြစ်စေသည့် ကံကပင် ဘဝင်စိတ်များကိုလည်း ဖြစ်စေကြောင်း ပြ၏။

၃–ထိုပဋိသန္ဓေ၏အာရုံ၌သာလျှင်....ဖြစ်၏-ဟု စပ်ပါ။ ထိုစကားဖြင့် ပဋိသန္ဓေ

http://www.dhammadownload.com



သာလျှင်ဖြစ်သော ဘဝင်မည်သောစိတ်သည် ဖြစ်၏။ တဖန်လည်း ထိုသို့သောစိတ်သည် ဖြစ်ပြန်၏၊ ဤပုံဤနည်းဖြင့်[၁] ဘဝင်အစဉ်ကို နစ်စေ-ပြတ်စေတတ်သော အခြားစိတ်ဖြစ်ခြင်းမရှိလျှင် မြစ်ရေအယဉ်ကဲ့သို့(မပြတ်ဖြစ်နေ၏) အိပ်မက်မမြင်မက်ပဲ အိပ်မောကျနေသော ကာလစသည်တို့၌ အတိုင်းမသိ မရေတွက်နိုင်အောင်လည်း မပြတ်ဖြစ်နေသည်သာတည်း။ ဤသို့လျှင် ထို(၁၉)ပါးသော ဝိပါက်စိတ်တို့၏သာလျှင် ဘဝင်၏အစွမ်းအားဖြင့်လည်း ဖြစ်ပုံကိုသိအပ်၏။

ထိုမှတပါး ယခုပြဆိုခဲ့သည့်အတိုင်း ဘဝင်စိတ်အစဉ်သန္တာန် မပြတ်ဖြစ်နေစဉ် အကြင်အခါ၌ သတ္တဝါတို့၏ မျက်စိစသောဣန္ဒြေတို့သည် အာရုံကိုခံယူရန် ခံ့ကုန်-လျော်ကပ်ကုန်၏၊ ထိုအခါ မျက်စိအား အဆင်းထင်လျှင် (ထို)အဆင်းကိုစွဲ၍ မျက်စိအကြည်အား ထိပါးတိုက်ခိုက်ခြင်း ဖြစ်၏၊ ထိုအခါ၌[၂] ထိပါးတိုက်ခိုက်ခြင်း၏ အစွမ်းအာနုဘော်ကြောင့် ဘဝင်လှုပ်ခြင်းဖြစ်၏၊ ဘဝင်လှုပ်သည့်အခြားမဲ့၌[၃] ဘဝင် ချုပ်လတ်-ပြတ်စဲလတ်သော်[၄]

မှတ်ချက်

စိတ်နှင့် အာရုံတူကြောင်းပြ၏။ စင်စစ်အားဖြင့် တဘဝ အတွင်း၌ ပဋိသန္ဓေ ဘဝင် စုတိစိတ်များသည် စိတ်တမျိုးတည်းသာ ဖြစ်သည်။

၁—ဤနည်းဖြင့်....(မပြတ်ဖြစ်နေ၏)....မပြတ် ဖြစ်နေသည်သာတည်း-ဟု စပ်ပါ။

၂—တတောပုဒ်၏ အနက်ဖြစ်သည်။ ဒွါရ၌ အာရုံထင်သည်နှင့် တပြိုင်နက် ဘဝင်လှုပ်သည်ဟု ပြဆိုချက်တို့နှင့်အညီပင်။ ဋီကာ၌ကား တတောတိ ဃဋ္ဋနာ-နန္တရံ-ဟု ဖွင့်ပြထား၏၊ ထိုအလိုအားဖြင့် " ထိုထိပါး တိုက်ခိုက်သည်၏ အခြားမဲ့၌"ဟု ပြန်ရာ၏။

၃—အထ-ပုဒ်ကို အနန္တရအနက် ယူ၍ ပြန်သည်။

၄—ပြတ်စဲလတ်သော်....အာရုံပြု၍....ပြီးစေလျက် ပဉ္စဒွါရာဝဇ္ဇန်းစိတ်သည် ဖြစ်၏ ဟု စပ်ပါ။

http://www.dhammadownload.com



ထင်ပေါ်လာသည့် ထိုအဆင်းကိုပင် အာရုံပြု၍[၁] ဘဝင်ကိုဖြတ်ဘိသကဲ့သို့[၂] နှလုံးသွင်းဆင်ခြင်မှု-အာဝဇ္ဇန်းကိစ္စကို ပြီးစေလျက်[၁] ကိရိယာမနောဓာတ်ခေါ် ပဉ္စဒွါရာဝဇ္ဇန်းစိတ်သည် ဖြစ်၏။ သောတဒွါရစသည်တို့၌လည်း နည်းတူပင်[၃]။ မနောဒွါရ၌ကား ၆-ပါးသောအာရုံထင်လျှင် ဘဝင်္ဂစလန (ဘဝင်လှုပ်သည်)၏အခြားမဲ့၌ ဘဝင်ကိုဖြတ်ဘိသကဲ့သို့ နှလုံးသွင်းဆင်ခြင်မှု-အာဝဇ္ဇန်းကိစ္စကို ပြီးစေလျက် ဥပေက္ခာသဟဂုတ် အဟိတ်ကိရိယာမနောဝိညာဏဓာတ်ခေါ် မနောဒွါရာဝဇ္ဇန်းစိတ်သည် ဖြစ်၏။ ဤသို့လျှင် နှစ်ပါးသော(ဥပေက္ခာသဟဂုတ် အဟိတ်)ကိရိယာဝိညာဏ်တို့၏ အာဝဇ္ဇန်းကိစ္စ၏ အစွမ်းအားဖြင့် ဖြစ်ပုံကို သိအပ်၏။

ထိုမှတပါး အာဝဇ္ဇန်း၏အခြားမဲ့၌ စက္ခုဒွါရမှာ မြင်မှု-ဒဿနကိစ္စကို ပြီးစေလျက် မျက်စိအကြည်လျှင် တည်ရာရှိသော စက္ခုဝိညာဏ်(မြင်သိစိတ်)သည် ဖြစ်၏၊ သောတဒွါရ ဃာနဒွါရ ဇိဝှါဒွါရ ကာယဒွါရတို့၌ ကြားခြင်းကိစ္စ နံခြင်းကိစ္စ လျက်ခြင်း-အရသာသိခြင်းကိစ္စ ထိသိခြင်းကိစ္စတို့ကို ပြီးစေကုန်လျက် သောတဝိညာဏ် ဃာနဝိညာဏ် ဇိဝှါဝိညာဏ် ကာယဝိညာဏ်စိတ်တို့သည် ဖြစ်ကုန်၏။ ယင်းစိတ်တို့သည် ဣဋ္ဌာရုံ ဣဋ္ဌမဇ္ဈတ္တာရုံတို့၌ ကုသလဝိပါက်တို့ ဖြစ်ကြသည်၊ အနိဋ္ဌာရုံ အနိဋ္ဌမဇ္ဈတ္တာရုံတို့၌ အကုသလဝိပါက်တို့ ဖြစ်ကြသည်။ ဤသို့လျှင် ဆယ်ပါးသော ဝိပါက်

---

မှတ်ချက်

၁–ဤ၌ ပြသင့်သောအဓိပ္ပါယ်သည် နှာ ၂၆၀၊ မှတ်ချက် ၄-၌ ပါဝင်လေပြီ။

၂–ဘဝင်ကို ဖြတ်ဘိသကဲ့သို့ ဖြစ်၏-ဟု စပ်ပါ။ ယင်း အာဝဇ္ဇန်းစိတ် ဖြစ်သောကြောင့်ပင် ဘဝင်အစဉ် ပြတ်သွားသည်၊ နိုးစိတ် ဖြစ်ခြင်းကြောင့် အိပ်ပျော်မှု ပြတ်စဲခြင်းကဲ့သို့ပင်။

၃–မျက်စိအား အဆင်းထင်လျှင် စသောအရာတို့၌ နားအား အသံ ထင်လျှင် စသည်ဖြင့် နည်းမှီ၍ သိရန် ညွှန်းသည်။

http://www.dhammadownload.com



ဝိညာဏ်တို့၏ ဒဿနကိစ္စ သဝနကိစ္စ ဃာယနကိစ္စ သာယနကိစ္စ ဖုသနကိစ္စ တို့၏အစွမ်းအားဖြင့် ဖြစ်ပုံကို သိအပ်၏။

ထိုမှတပါး "စက္ခုဝိညာဏဓာတ် ဖြစ်၍ ချုပ်သည်၏အခြားမဲ့၌ ထို ဝိညာဏ်အားလျော်စွာဖြစ်သော 'စိတ် မနော မာနသ'ဟူ၍လည်း ခေါ်အပ်သော မနောဓာတ်သည် ဖြစ်၏" ဤသို့စသည်ကို ဟောတော်မူသော ကြောင့် စက္ခုဝိညာဏ်စသည်တို့၏ [၇၉]အခြားမဲ့၌ ယင်းဝိညာဏ်တို့၏ သာလျှင် အာရုံကိုလက်ခံလျက်[၁] ကုသလဝိပါက်ဝိညာဏ်၏ အခြားမဲ့၌ ကုသလဝိပါက်မနောဓာတ်သည် ဖြစ်၏၊ အကုသလဝိပါက်ဝိညာဏ်၏အခြား မဲ့၌ အကုသလဝိပါက်မနောဓာတ်သည် ဖြစ်၏။ ဤသို့လျှင် နှစ်ပါးသော ဝိပါက်(မနောဓာတ်)ဝိညာဏ်တို့၏ သမ္ပဋိစ္ဆန်းကိစ္စ၏ အစွမ်းအားဖြင့် ဖြစ်ပုံကို သိအပ်၏။

ထိုမှတပါး "မနောဓာတ်၏လည်း ဖြစ်၍ချုပ်သည်၏အခြားမဲ့၌ ထို မနောဓာတ်အားလျော်စွာဖြစ်သော 'စိတ် မနော မာနသ'ဟူ၍လည်း ခေါ်အပ်သော မနောဝိညာဏဓာတ်သည် ဖြစ်၏"ဟု ဟောတော်မူသော ကြောင့် မနောဓာတ်က လက်ခံထားပြီး အာရုံကိုပင်လျှင် စူးစမ်းဆင်ခြင် လျက်[၂] အကုသလဝိပါက် မနောဓာတ်၏ အခြားမဲ့၌ အကုသလဝိပါက် အဟိတ်မနောဝိညာဏဓာတ်သည် ဖြစ်၏။ ကုသလဝိပါက်မနောဓာတ်၏ အခြားမဲ့၌ ဣဋ္ဌာရုံမှာ သောမနဿသဟဂုတ်ဖြစ်သော ဣဋ္ဌမဇ္ဈတ္တာရုံမှာ ဥပေက္ခာသဟဂုတ်ဖြစ်သော ကုသလဝိပါက်အဟိတ်မနောဝိညာဏဓာတ် သည် ဖြစ်၏။ ဤသို့လျှင် သုံးပါးသော အဟိတ်ဝိပါက်မနောဝိညာဏဓာတ် တို့၏ သန္တီရဏကိစ္စ၏အစွမ်းအားဖြင့် ဖြစ်ပုံကို သိအပ်၏။

---

မှတ်ချက်

၁–လက်ခံလျက်....မနောဓာတ်သည်ဖြစ်၏၊....မနောဓာတ်သည် ဖြစ်၏-ဟုစပ်ပါ။

၂–စူးစမ်းဆင်ခြင်လျက်....မနောဝိညာဏဓာတ်သည် ဖြစ်၏-စသည်ဖြင့် စပ်ပါ။

http://www.dhammadownload.com



ထိုမှတပါး သန္တီရဏ၏ အခြားမဲ့၌ ထိုစူးစမ်းပြီးအာရုံကိုပင်လျှင် ပိုင်းခြားဆုံးဖြတ်လျက် ဥပေက္ခာသဟဂုတ် ကိရိယာအဟိတ်မနောဝိညာဏဓာတ် (မနောဒွါရာဝဇ္ဇန်းစိတ်)သည် ဖြစ်၏။ ဤသို့လျှင် တပါးသော အဟိတ်ကိရိယာမနောဝိညာဏ်၏ ဝုဋ္ဌောကိစ္စ၏အစွမ်းအားဖြင့် ဖြစ်ပုံကို သိအပ်၏။

ထိုမှတပါး ဝုဋ္ဌော၏အခြားမဲ့၌[၁] အဆင်းအစရှိသော (ထို)အာရုံသည် မဟန္တာရုံ[၂] အကယ်၍ဖြစ်ငြားအံ့၊ သို့ဖြစ်လျှင် ပိုင်းခြားဆုံးဖြတ်ပြီးသော ထိုအာရုံ၌[၁] ကာမာဝစရကုသိုလ်စိတ်(၈)ပါး, အကုသိုလ်စိတ်(၁၂)ပါး, ကြွင်းသော ကာမာဝစရကိရိယာစိတ် (၉)ပါး (ဟူသော ဤ ၂၉-ပါး) တို့တွင် တပါးပါးသောစိတ်သည် ဇောကိစ္စကို ပြီးစေလျက် (၆) ကြိမ်သော်ငင်း (၇) ကြိမ်သော်ငင်း လျင်သောအဟုန်ဖြင့် ဖြစ်၏[၃]။ ဤသည်ကား ငါးဒွါရ၌ ဖြစ်ပုံကို သိကြောင်းနည်းပေတည်း။

---

မှတ်ချက်

၁–ဝုဋ္ဌော၏ အခြားမဲ့၌ ...ထိုအာရုံ၌....တပါးပါးသော စိတ်သည်....လျင်သော အဟုန်ဖြင့် ဖြစ်၏-ဟု စပ်ပါ။

၂–မဟန္တာရုံဟူသည်မှာ ဖြစ်ပေါ်ပြီးနောက် ဘဝင်စိတ် ၂-ကြိမ် ၃-ကြိမ် လွန်ကာမျှဖြင့် ပဉ္စဒွါရ၌ ထင်ပေါ်လာသော အဆင်းအသံ စသော ပစ္စုပ္ပန်အာရုံငါးပါးပေတည်း၊ ၎င်းသည် ဒွါရ၌ ထင်သည်မှစ၍ စိတ္တက္ခဏ ၁၄-ချက် ၁၃-ချက် အသက်ရှိ၏၊ ထို့ကြောင့် ကြီးသော အာရုံဟု ဆိုလို၏၊ ထို့ထက်ကြီးသောအာရုံကိုမူ အတိမဟန္တာရုံ အလွန်ကြီးသော အာရုံ-ဟု ခေါ်သည်။ ၎င်းမှာ ဘဝင်စိတ် တကြိမ် လွန်ကာမျှဖြင့် ပဉ္စဒွါရ၌ ထင်ပေါ်သည်၊ ထင်ပေါ်သည်မှ စ၍ စိတ္တက္ခဏ ၁၆-ချက် အသက်ရှိသည်။ ယင်း အတိမဟန္တာရုံ၌ တဒါရုံ စိတ် ၂-ကြိမ်အထိ ဝီထိစိတ်များ ဖြစ်ပုံကို နောက်၌ ပြလတ္တံ့။

၃–"တပါးပါးသောစိတ်သည်ဖြစ်၏"ဟူသော ပြန်ချက်သည်"အညတရဝသေန ဆ သတ္တ ဝါ ဇဝနာနိ ဇဝန္တိ"ဟူသော ပါဌ်ကို သိနားလည် လွယ်စေရန် အနည်းငယ်ပြောင်းလဲ၍ ပြန်ထားချက်ဖြစ်သည်။ ရှိရင်းအတိုင်း အတိ

http://www.dhammadownload.com



မနောဒွါရ၌မူကား မနောဒွါရာဝဇ္ဇန်း၏ အခြားမဲ့၌ ထို (၂၉) ပါးသော ဇောစိတ်တို့သည်ပင် ဖြစ်ကုန်၏[၁]၊ ဂေါတြဘူစိတ်မှ နောက်၌ ရူပါဝစရ ကုသိုလ် ကိရိယာဇောစိတ် (၁၀) ပါး, အရူပါဝစရကုသိုလ် ကိရိယာဇော စိတ် (၈) ပါး, လောကုတ္တရာ မဂ်ဖိုလ်ဇောစိတ် (၈) ပါးဟူသော ဤ (၂၆) ပါးတို့တွင် အကြောင်းပစ္စည်းကိုရသော [၂] ထိုထိုဇောစိတ်သည်

မှတ်ချက်

အကျပြန်လျှင်"တပါးပါးသော စိတ်၏အစွမ်းအားဖြင့် ခြောက်ကြိမ်သော်ငြား, ခုနစ်ကြိမ်သော်ငြား ဖြစ်ကုန်သော ဇောတို့သည် လျင်သောအဟုန်ဖြင့် ဖြစ်ကုန်"၏ ဟူ၍ ဖြစ်၏။ ဇော ငါးကြိမ်လည်း ဖြစ်ကြောင်းကို ဋီကာ၌ ပြထားသေး၏၊ ပြပုံမှာ ဆ သတ္တ ဝါ ခြောက်ကြိမ်သော်ငြား, ခုနစ်ကြိမ် သော်ငြား ယူရာ၌ ဝါ-သဒ္ဒါ (သော်ငြား သဒ္ဒါဖြင့်) ပဉ္စ ဝါ-ငါးကြိမ်သော် ငြား-ဟူသော ဤအနက်ကိုလည်း ဆိုအပ်ပြီးဖြစ်သည်သာဟု မှတ်အပ်၏။ မုန်၏-သုတ္တ-အိပ်ပျော်သောအခါ မုစ္ဆိတ-မိန်းမောသောအခါ စသည်တို့၌ ဇော ငါးကြိမ်တို့ သည်လည်း ဇောကုန်–ဖြစ်ကုန်၏။ ( ဋီကာ ) ဤ၌ အိပ်ပျော်သောအခါ ဟူသည်မှာ အိပ်ပျော်ခါနီး ကာလနှင့် မနိုးတနိုးဖြစ်နေ သောကာလများကို ယူသင့်၏။ စသည်ဟူသောစကားဖြင့် သေခါနီးကာလ ကို ယူအပ်၏။

၁–ကာမဇောဝါရ၌ ယင်း (၂၉) ပါးသောဇောတို့သည် ယေဘုယျအားဖြင့် (၇) ကြိမ် ရံခါ၌(၆)ကြိမ် မိန်းမောသောအခါစသည်၌ (၅)ကြိမ် ဖြစ်ကုန် ၏။ အပ္ပနာဇောဝါရတို့၌မူ ဉာဏသမ္ပယုတ် ကာမကုသိုလ် ကိရိယာဇော (၈) ခုတို့သည်သာလျှင် ပရိကံ ဥပစာ အနုလုံ ဂေါတြဘူဟူသော အမည်ဖြင့် ၄-ကြိမ်သော်ငြား ၃-ကြိမ်သော်ငြား ဖြစ်ကုန်၏။

၂–ရူပါဝစရပဋ္ဌမဈာန်ကို ရအောင် အားထုတ်နေသော သူအား သို့မဟုတ် ရပြီးပဋ္ဌမဈာန်ကို ဝင်စားရန် အားထုတ်နေသောသူအား ဂေါတြဘူနောင် ပုထုဇဉ်သေက္ခဖြစ်လျှင် ကုသိုလ်ပဋ္ဌမဈာန်ဇောသည် ဖြစ်၏၊ ရဟန္တာ ဖြစ် လျှင် ကိရိယာပဋ္ဌမဈာန်ဇောသည် ဖြစ်၏။ ဒုတိယဈာန်ဇော စသည်တို့၌

http://www.dhammadownload.com



လျင်သောအဟုန်ဖြင့်ဖြစ်၏။ ဤသို့လျှင် (၅၅) ပါးသောကုသိုလ် အကုသိုလ် ကိရိယာ ဝိပါက် ဝိညာဏ်တို့၏ ဇောကိစ္စအစွမ်းအားဖြင့် ဖြစ်ပုံကို သိအပ်၏။

ထို့ပြင် ဇော၏အဆုံး၌ ပဉ္စဒ္ဒါရမှာ အတိမဟန္တာရုံဖြစ်လျှင်, မနောဒွါရမှာ ဝိဘူတာရုံ[၁] ဖြစ်လျှင် ကာမာဝစရသတ္တဝါတို့အား[၂] ကာမဇောစိတ်၏အဆုံး၌[၃] ဣဋ္ဌာရုံစသည်တို့၏ အစွမ်းအားဖြင့်ရင်း[၄] ရှေးကံနှင့်

---

မှတ်ချက်

လည်း နည်းတူပင်။ အရိယမဂ်ဖိုလ်ကို ရောက်အောင် အားထုတ်နေသောသူအား ဂေါတြဘူနောင် အရိယမဂ်ဇောသည် ဖြစ်၏၊ ဖိုလ်ဝင်စားရန် အားထုတ်နေသောသူအား ဂေါတြဘူနောင် အရိယဖိုလ်ဇောသည် ဖြစ်၏၊ ဤအရာတွင် ဂေါတြဘူ၏အရာ၌ဖြစ်သော အထက်မဂ်တို့၏ ရှေးဝေါဒါန်နှင့် ဖိုလ်၏ ရှေးပရိကံတို့ကိုလည်း ပဋိသမ္ဘိဒါမဂ်နည်းအားဖြင့် ဂေါတြဘူ ဆိုသည်ဟု ယူအပ်၏။ ထို့ကြောင့် ဋီကာ၌ "ဂေါတြဘူမှ-ဟူသော ဤစကားသည် ဂေါတြဘူအရာ၌ တည်ကုန်သော ပရိကံနှင့် ဝေါဒါန်တို့ကိုလည်းယူကြောင်းဖြစ်သော စကားပေတည်း"ဟု ပြဆိုပေသည်။

၁ – အတိမဟန္တာရုံ ဟူသည်မှာ (ဒွါရ၌ ထင်သည်မှစ၍) စိတ္တက္ခဏ ၁၆-ချက် အသက်ရှိသော အာရုံပေတည်း၊ ယင်းအာရုံ၌သာလျှင် တဒါရုံစိတ် ဖြစ်သည်၊ အခြားအာရုံ၌ မဖြစ်။ ဝိဘူတာရုံဟူသည်မှာ အလွန်ထင်ရှားသော ကာမာဝစရအာရုံပေတည်း၊ ယင်းကာမာဝစရဝိဘူတာရုံ၌သာလျှင်(မနောဒွါရဝီထိဆိုင်ရာ) တဒါရုံ ဖြစ်ပေသည်။ (ဋီကာ)

၂ – ဤစကားဖြင့် တဒါရုံစိတ်ဖြစ်ရာ သတ္တဝါတို့ကို ပြသည်၊ ရူပ အရူပ သတ္တဝါတို့အား တဒါရုံစိတ် မဖြစ်။

၃ – ဤစကားဖြင့် တဒါရုံ၏ဖြစ်ရာ ရှေ့သွားဇောကို သတ်မှတ်ပြသည်။ မဟဂ္ဂုတ် လောကုတ္တရာဇောတို့၏ အဆုံး၌ တဒါရုံစိတ်သည် မဖြစ်။

၄ – ဣဋ္ဌာရုံဖြစ်လျှင် ကုသလဝိပါက် သောမနဿတဒါရုံ ၅-ပါးထဲက တပါးပါး

http://www.dhammadownload.com



ဇောစိတ်စသည်တို့၏ အစွမ်းအားဖြင့်ရင်း ^၁^ အကြင်အကြင်အကြောင်းကို

---

မှတ်ချက်

ဖြစ်သည်၊ ဣဋ္ဌမဇ္ဈတ္တာရုံဖြစ်လျှင် ကုသလဝိပါက်ဥပေက္ခာတဒါရုံ ၅-ပါးထဲက တပါးပါး ဖြစ်သည်၊ အနိဋ္ဌာရုံဖြစ်လျှင် အကုသလဝိပါက်သန္တီရဏ တဒါရုံ ဖြစ်သည်၊ ဤသို့ သင့်လျော်သော အကြောင်းကို ရ၍ သင့်လျော်သော တဒါရုံ ဖြစ်ပုံကို ပြသည်။

၁–ရှေးကံနှင့် ဇောစိတ်စသည်တို့၏ အစွမ်းအားဖြင့်ရင်း-ဟူရာ၌ ရှေးကံ၏ အစွမ်းအားဖြင့်ရင်း, ဇောစိတ်၏အစွမ်းအားဖြင့်ရင်း စသည်၏ အစွမ်းအား ဖြင့်ရင်း-ဟု သုံးပိုင်းခွဲ၍ ယူရာ၏။ ထိုတွင် ပဌမအပိုင်းကို ဋီကာ၌ "ရှေးကံ၏ အစွမ်းအားဖြင့် ဟူသော ဤစကားကို တဒါရုံအထူးကို ပြခြင်းငှါ ဆိုသည်၊ မှန်၏–ပဋိသန္ဓေကို ဖြစ်စေသည့် ကံကသာလျှင် တဒါရုံကို ဖြစ်စေသည် မဟုတ်၊ စင်စစ်သော်ကား အခြားကံကလည်း ဖြစ်စေတတ်၏၊ ယင်းကံကမူ ပဋိသန္ဓေကို ပေးသည့်ကံက ဖြစ်စေသော တဒါရုံမှထူးသည့် တဒါရုံကိုလည်း ဖြစ်စေတတ်၏"ဟု ဖွင့်ပြ၏။ အကုသိုလ်ကံက အကုသလဝိပါက် တဒါရုံကိုသာ ဖြစ်စေသည်၊ ကုသိုလ်ကံက ကုသလဝိပါက် တဒါရုံကိုသာ ဖြစ်စေသည်၊ ထိုတွင်လည်း တိဟိတ်ဥက္ကဋ္ဌကံက တိဟိတ်တဒါရုံကို၊ ဒွိဟိတ်တဒါရုံက တိဟိတ်ဩမကကံနှင့် ဒွိဟိတ်ဥက္ကဋ္ဌကံကို၊ ဒွိဟိတ်ဩမကကံက အဟိတ် ကုသလဝိပါက်တဒါရုံကို ဖြစ်စေသည်၊ သောမနဿကံက သောမနဿတဒါရုံ ကို အသင်္ခါရကံက အသင်္ခါရတဒါရုံကို ဖြစ်စေသည်-ဤသို့ စသည်ဖြင့်လည်း ယူသင့်၏။ ဇောစိတ်၏ အစွမ်းအားဖြင့် တဒါရုံသတ်မှတ်ပုံကို ဋီကာ၌ ဤသို့ ပြဆိုထား၏၊ ပြဆိုပုံမှာ–ကာမကုသိုလ်ဇော လောဘမူ မောဟမူဇော သောမနဿသဟဂုတ် ကိရိယာဇောတို့တွင် တပါးပါး၏ အခြားမဲ့၌ သော-မနဿတဒါရုံ ၅-ပါးထဲက တပါးပါးဖြစ်သည်၊ ကာမကုသိုလ် အကုသိုလ်ဇော ဥပေက္ခာသဟဂုတ်ကိရိယာဇောတို့တွင် တပါးပါ၏ အခြားမဲ့၌ ဥပေက္ခာ တဒါရုံ ၆-ပါးထဲက တပါးပါးဖြစ်သည်။ (ဋီကာ) အာဒိ-စသည် ဟူသော သဒ္ဒါဖြင့် ပဋိသန္ဓေစိတ်ကို သိမ်းယူ၏။ မှန်၏၊ ထိုပဋိသန္ဓေစိတ်သည်

http://www.dhammadownload.com



ရ၏၊ ထိုထိုအကြောင်း၏ အစွမ်းအားဖြင့်[၁] သဟိတ်ကာမာဝစရဝိပါက်စိတ် ရှစ်ပါးနှင့် အဟိတ်ဝိပါက်မနောဝိညာဏဓာတ်ခေါ် သန္တီရဏစိတ်သုံးပါးဟူသော ဤစိတ်တို့တွင် တပါးပါးသော ဝိပါက်ဝိညာဏ်စိတ်သည်[၁] ရေဆန်သွားသောလှေသို့ ကာလအနည်းငယ်မျှ အစဉ်လိုက်သွားသော ရေကဲ့သို့ ဘဝင်၏ အာရုံမှ တပါးသော [၉၀] အာရုံ၌[၂] လျှင်သောအဟုန်ဖြင့် သွားသော ဇောသို့ အစဉ်လိုက်ပါလျက် နှစ်ကြိမ် သို့မဟုတ် တကြိမ်[၃] ဖြစ်၏။ ထိုသို့လိုက်ပါ၍ ဖြစ်သော ဤဝိပါက်စိတ်သည် ဇော၏အဆုံး၌ ဘဝင်၏ အာရုံမှာ ဖြစ်သင့်ပါလျက် (ထိုသို့မဖြစ်မူ၍) ထိုဇော၏ အာရုံကို အာရုံပြုလျက် ဖြစ်သောကြောင့် (၎င်းကို) တဒါရုံဟု ခေါ်ဆိုအပ်ပေသည်။

---

မှတ်ချက်

မိမိထက်သာလွန်သော တဒါရုံ၏ အကြောင်းအထောက်အပံ့ မဖြစ်ပေ။ (ဋီကာပင်) အဘိဓမ္မာဝတာရဋီကာသစ် နှာ ၂၆၂-၌ တဒါရမ္မဏာဠ ပဏ္ဍိတာ-ပဏ္ဍိတ ဥတုဘောဇနာဒိ ပစ္စယဝသေန-စသည်ဖြင့် ပြဆိုထားသော စကားအရအားဖြင့် ပဏ္ဍိတဥတုဘောဇဉ်စသော အကြောင်းကြောင့် အသင်္ခါရ တဒါရုံဖြစ်သည်။ အပဏ္ဍိတ ဥတုဘောဇဉ် စသော အကြောင်းကြောင့် သသင်္ခါရတဒါရုံ ဖြစ်သည်ဟူသော အနက်ကိုလည်း ဤ၌ အာဒိ-စသည်ဖြင့် ယူသင့်သကဲ့သို့ ရှိ၏။

၁ – ထိုထိုအကြောင်း၏ အစွမ်းအားဖြင့်....တပါးပါးသော ဝိပါက်ဝိညာဏ်စိတ်သည်....အစဉ်လိုက်ပါလျက် နှစ်ကြိမ် သို့မဟုတ် တကြိမ် ဖြစ်၏-ဟု စပ်ပါ။

၂ – တပါးသော အာရုံ၌ သွားသောဇောသို့-ဟု စပ်ပါ။

၃ – နှစ်ကြိမ် သို့မဟုတ် တကြိမ်ဟူသောစကားကို စကားချော ပြေသည်၏ အစွမ်းဖြင့် ဆို(အပ်)ပေသည် အဌ ဝါ ဒသ ဝါ-ရှစ်လုံးဖြစ်စေ ဆယ်လုံးဖြစ်စေ ဤသို့ စသည်တို့၌ကဲ့သို့ပင်။ စင်စစ်အမှန်မှာမူ နှစ်ကြိမ်သာလျှင် ဖွင့်ပြကြ၏။ (ဋီကာ)

http://www.dhammadownload.com



ဤသို့လျှင် (၁၁) ပါးသော ဝိပါက်ဝိညာဏ်စိတ်တို့၏ တဒါရုံကိစ္စ အစွမ်းအားဖြင့် ဖြစ်ပုံကို သိအပ်၏။

တဒါရုံ၏ အဆုံး၌မူကား တဖန် ဘဝင်စိတ်သာလျှင် မပြတ်ဖြစ်သွား၏၊ ဘဝင်ပြတ်လတ်သော် တဖန် အာဝဇ္ဇန်းစသည်တို့ ဖြစ်ကုန်၏၊ ဤသို့လျှင် အကြောင်းပစ္စည်းကိုရသော စိတ်အစဉ်သန္တာန်သည်[1] ဘဝင်၏အခြားမဲ့၌ အာဝဇ္ဇန်း, အာဝဇ္ဇန်း၏အခြားမဲ့၌ ဒဿန (မြင်သိစိတ်) စသည်တို့-ဟူသော စိတ္တနိယမ (စိတ်၏ ကိန်းသေဖြစ်စဉ်)၏ အစွမ်းအားဖြင့်သာလျှင် တခုသောဘဝ၌ ဘဝင်၏ကုန်ခြင်း (ဟူသော စုတိ) တိုင်အောင် အဖန်တလဲလဲ မပြတ်ဖြစ်လျက်ရှိလေသည်။ မှန်ပေ၏-တခုသောဘဝ၌ ဘဝင်အားလုံးတို့၏ နောက်ဆုံး၌ဖြစ်သော အကြင်စိတ်သည်ရှိ၏၊ ထိုနောက်ဆုံး ဘဝင်စိတ်ကို ထိုဘဝမှ ရွေ့လျောကြောင်း ဖြစ်သောကြောင့် စုတိစိတ်ဟု ခေါ်ဆိုအပ်၏။ ထို့ကြောင့် ထိုစုတိစိတ်သည်လည်း (ဘဝင်ကဲ့သို့ပင်) ၁၉-ပါး အပြားရှိသည်သာလျှင် ဖြစ်၏။ ဤသို့လျှင် (၁၉) ပါးသော ဝိပါက်ဝိညာဏ်တို့၏ စုတိကိစ္စ အစွမ်းအားဖြင့် ဖြစ်ပုံကို သိအပ်၏။

စုတိမှ နောက်၌ တဖန် ပဋိသန္ဓေစိတ်၊ ပဋိသန္ဓေစိတ်မှ တဖန် ဘဝင်စိတ်-ဤသို့စသော အခြင်းအရာဖြင့်[2] ဘဝသုံးပါး ဂတိငါးပါး ဝိညာဏဋ္ဌိတိခုနစ်ပါး သတ္တာဝါသကိုးပါးတို့၌ ပြောင်းရွှေ့ကျင်လည်နေကုန်သော သတ္တဝါတို့၏ စိတ်အစဉ်သန္တာန်သည် မပြတ်မစဲ ဖြစ်လျက်ရှိနေသည်သာတည်း။ ဆက်၍ရှင်းပြဦးအံ့—တပြောင်းပြန်ပြန် ကျင်လည်နေကြသော ဤသတ္တဝါတို့တွင် အကြင်သတ္တဝါသည် (မဂ္ဂင်ရှစ်ပါးဟူသော သမ္မာပဋိပတ်

---

မှတ်ချက်

၁ – စိတ်အစဉ်သန္တာန်သည်....မပြတ်ဖြစ်လျက်ရှိလေသည်-ဟု စပ်ပါ။
၂ – ဤသို့ စသောအခြင်းအရာအားဖြင့်....စိတ်အစဉ်သန္တာန်သည် မပြတ်မစဲ ဖြစ်လျက်ရှိနေသည်သာတည်း-ဟု စပ်ပါ။

http://www.dhammadownload.com



အကျင့်လမ်းမှန်ကို စွဲမှီ၍) အရဟတ္တဖိုလ်သို့ ရောက်၏၊ ထိုပုဂ္ဂိုလ်၏ (စိတ်အစဉ်သည်ကား) စုတိစိတ် ချုပ်ပြီးလတ်သော် အပြီးတိုင်ချုပ်ပြတ်လေသည်သာ ဖြစ်ပေ၏။ ဤတွင် တရပ်ပြီး၏။

ဤဆိုခဲ့သောစကားသည် ဝိညာဏက္ခန္ဓာ၌ အကျယ်ပြဆိုချက် စကားအမြွက်ပေတည်း။

## ဝေဒနာက္ခန္ဓာ ပြဆိုချက်

၄၅၆။ ယခုအခါ "ခံစားခြင်းလက္ခဏာရှိသော သဘောတရား အလုံးစုံကို(ဉာဏ်ဖြင့်)တပေါင်းတည်းပြု၍ ဝေဒနာက္ခန္ဓာ (ဝေဒနာအဖွဲ့အစု) ဟူ၍ သိအပ်၏" ဟု အကြင်စကားကို ဆိုခဲ့ပြီ၊ ထိုစကား၌လည်း ခံစားခြင်းလက္ခဏာ မည်သည်မှာ ဝေဒနာပင်ဖြစ်သည်။ ဤအဆိုသည် "ငါ့ရှင် ခံစားတတ်၏ ခံစားတတ်၏၊ ထို့ကြောင့် ဝေဒနာဟု ခေါ်ဆိုအပ်သည်" ဟူ၍ ဖြေရှင်းဟောကြားတော်မူသည်နှင့် အညီပင်။ ထိုဝေဒနာသည် ခံစားခြင်းလက္ခဏာ ဟူသော သဘောအားဖြင့် တပါးတည်းသာ ဖြစ်သည်၊ သို့သော်လည်း အမျိုးဇာတ်၏အစွမ်းအားဖြင့် ကုသိုလ်ဝေဒနာ,အကုသိုလ်ဝေဒနာ, အဗျာကတဝေဒနာ ဟူ၍ သုံးပါး အပြားရှိ၏။

ထိုသုံးပါးတို့တွင် "ကာမာဝစရကုသိုလ်စိတ်သည် သောမနဿဥပေက္ခာ ဉာဏ် သင်္ခါရတို့၏အပြားအားဖြင့်(၈)ပါးအပြားရှိ၏" ဤသို့ အစရှိသော နည်းဖြင့် ဆိုခဲ့ပြီးသော ကုသိုလ်စိတ် (၂၁)ပါးနှင့်ယှဉ်သော ဝေဒနာသည် ကုသိုလ်ဝေဒနာမည်၏။အကုသိုတ်စိတ်(၁၂)ပါးနှင့်ယှဉ်သော ဝေဒနာသည် အကုသိုလ်ဝေဒနာမည်၏။ (ဝိပါက်ကိရိယာ) အဗျာကတစိတ် (၅၆)ပါးနှင့် ယှဉ်သော ဝေဒနာသည် အဗျာကတဝေဒနာ မည်၏။ ထို (၈၉) ပါးသော ဝေဒနာသည် သဘာဝအပြားအားဖြင့် သုခ ဒုက္ခ သောမနဿ ဒေါမနဿ ဥပေက္ခာဟူ၍ (၅) ပါး အပြားရှိ၏။

http://www.dhammadownload.com



[ ၉၁ ] ထိုငါးပါးတို့တွင် ကုသလဝိပါက် ကာယဝိညာဏ်နှင့်ယှဉ်သော ဝေဒနာသည် သုခပေတည်း။ အကုသလဝိပါက်ကာယဝိညာဏ်နှင့်ယှဉ်သော ဝေဒနာသည် ဒုက္ခပေတည်း။

ကာမာဝစရစိတ် ၅၄-ပါးထဲမှ ကုသိုလ်စိတ် ၄-ပါး၊ သဟိတ်ဝိပါက်စိတ် ၄-ပါး၊(သန္တီရဏဟူသော)အဟိတ်ဝိပါက်စိတ် ၁-ပါး၊ သဟိတ်ကိရိယာစိတ် ၄-ပါး၊ (ဟသိတုပ္ပါဒ်ဟူသော) အဟိတ်ကိရိယာစိတ် ၁-ပါး၊ အကုသိုလ် (လောဘမူ)စိတ် ၄-ပါး၊(ပေါင်း သောမနဿသဟဂုတ်ကာမစိတ် ၁၈-ပါး) ရူပါဝစရစိတ် ၁၅-ပါးထဲမှ ပဉ္စမဈာန်စိတ် ၃-ပါးကို ချန်ထား၍ ကုသိုလ်စိတ် ၄-ပါး၊ ဝိပါက်စိတ် ၄-ပါး၊ ကိရိယာစိတ် ၄-ပါး၊(ပေါင်း သောမနဿ သဟဂုတ် ရူပစိတ် ၁၂-ပါး) လောကုတ္တရာစိတ်သည်ကား ဈာန်နှင့် မယှဉ်သည်ဟူ၍ မရှိ၊ ထို့ကြောင့် လောကုတ္တရာစိတ် ရှစ်ပါးတို့သည် ဈာန်ငါးပါးတို့နှင့်မြှောက်ပွါးသောအားဖြင့် လေးဆယ်ဖြစ်ကုန်၏၊ ထိုလေးဆယ်တို့တွင် ပဉ္စမဈာန်စိတ်ရှစ်ပါးကို ချန်ထား၍ ကြွင်းသော လောကုတ္တရာ ကုသိုလ်စိတ် ဝိပါက်စိတ် ၃၂-ပါးဟူသော ၆၂-ပါးသော စိတ်တို့နှင့်[၁] ယှဉ်သော ဝေဒနာသည် သောမနဿပေတည်း။

အကုသိုလ် (ဒေါသမူ) စိတ် ၂-ပါးတို့နှင့် ယှဉ်သော ဝေဒနာသည် ဒေါမနဿပေတည်း။ ကြွင်းသော ၅၅-ပါးသောစိတ်တို့နှင့်[၂] ယှဉ်သော ဝေဒနာသည် ဥပေက္ခာပေတည်း။

---

မှတ်ချက်

၁–ကာမစိတ် ၁၈-ပါး၊ ရူပစိတ် ၁၂-ပါးတို့ကို လောကုတ္တရာစိတ် ၃၂-ပါးနှင့် ပေါင်းလျှင် သောမနဿ သဟဂုတ်စိတ် ၆၂-ပါးဖြစ်သည်။

၂–ကြွင်းသောစိတ် ၅၅-ပါးဟူသည်မှာ ကာမစိတ် ၅၄-ပါးထဲမှ ကုသိုလ်စိတ် ၄-ပါး၊ သဟိတ်ဝိပါက်စိတ် ၄-ပါး၊ အဟိတ်ကုသလဝိပါက်စိတ် ၆-ပါး၊ အကုသလဝိပါက်စိတ် ၆-ပါး၊ သဟိတ်ကိရိယာစိတ် ၄-ပါး၊ အဟိတ်ကိရိယာစိတ်

http://www.dhammadownload.com



ထိုငါးပါးသော ဝေဒနာတို့တွင် သုခဝေဒနာသည် ဣဋ္ဌဖောဋ္ဌဗ္ဗာရုံခေါ် ကောင်းသောအတွေ့ကို ခံစားခြင်းလက္ခဏာရှိ၏၊ယှဉ်ဖက်(စိတ်စေတသိက်) သမ္ပယုတ်တရားတို့ကို ပွါးစေခြင်း-သန်စွမ်းဖွံ့ထွားစေခြင်းကိစ္စရှိ၏၊ကိုယ်ထဲ၌ ဖြစ်သော သာယာဖွယ်ဟု (ဉာဏ်အား) ရှေးရှုထင်၏၊ ကိုယ်အကြည်ရုပ်ဟူသော ကာယိန္ဒြေလျှင် နီးသောအကြောင်းရှိ၏။

ဒုက္ခဝေဒနာသည် အနိဋ္ဌဖောဋ္ဌဗ္ဗာရုံခေါ် မကောင်းသော အတွေ့ကို ခံစားခြင်းလက္ခဏာရှိ၏၊ ယှဉ်ဖက်(စိတ် စေတသိက်) သမ္ပယုတ်တရားတို့ကို ညှိုးနွမ်း-အားလျော့စေခြင်းကိစ္စရှိ၏၊ ကိုယ်ထဲ၌ဖြစ်လျက်နှိပ်စက်တတ်သည့် အခံခက်သော သဘောဟု (ဉာဏ်အား) ရှေးရှုထင်၏၊ ကာယိန္ဒြေလျှင် နီးသောအကြောင်းရှိ၏။

သောမနဿဝေဒနာသည် ဣဋ္ဌာရုံခေါ် အလိုရှိအပ်သော အာရုံကောင်းကို [၁] ခံစားခြင်းလက္ခဏာရှိ၏၊ ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ အလို

---

မှတ်ချက်

၂-ပါး၊ (လောဘနှင့်မောဟ) အကုသိုလ်စိတ် ၆-ပါး၊ (ပေါင်း ဥပေက္ခာ သဟဂုတ် ကာမစိတ် ၃၂-ပါး) ရူပပဋ္ဌမဈာန်စိတ် ၃-ပါး၊ အရူပဈာန်စိတ် ၁၂-ပါး၊ လောကုတ္တရာပဋ္ဌမဈာန်စိတ် ၈-ပါး၊ ဤ ၅၅-ပါးပင် ဖြစ်သည်။

၁ --ဣဋ္ဌာရုံသည် သဘာဝ ပရိကပ္ပအားဖြင့် နှစ်ပါး အပြားရှိ၏။ ထိုတွင် ကုသလဝိပါက်၏ အာရုံဖြစ်ထိုက်သော အာရုံကောင်းအစစ်သည် သဘာဝဣဋ္ဌာရုံမည်၏။ အာရုံကောင်းမဟုတ်သော်လည်း ခံစားသူ၏ အလိုကျဖြစ်၍ အာရုံကောင်းဟု ထင်ရသောအာရုံသည် ပရိကပ္ပဣဋ္ဌာရုံမည်၏၊ ကောင်းသည့်အနေဖြင့် ကြံဆ၍ယူအပ်သောကြောင့် ဣဋ္ဌဖြစ်သောအာရုံဟု ဆိုလို၏။ ထိုသဘာဝ ပရိကပ္ပဣဋ္ဌာရုံနှစ်ပါးလုံးကိုပင် ဤအရာ၌ ဣဋ္ဌာရုံဟုဆိုသည်။ ထို့ကြောင့်ပင် သမ္မောဟဝိနောဒနီအရာ၌ "ဟုတ်သည်ဖြစ်စေ မဟုတ်သည် ဖြစ်စေ ကောင်းသောအခြင်းအရာအားဖြင့် သုံးဆောင်ခြင်းကိစ္စရှိ၏"ဟု ဆိုသည်။

http://www.dhammadownload.com



ရှိအပ်သော အခြင်းအရာ-ကောင်းသော အခြင်းအရာအားဖြင့် သုံးဆောင်ခြင်းကိစ္စရှိ၏၊ စိတ်ထဲ၌ဖြစ်သော သာယာဖွယ်ဟု(ဉာဏ်အား)ရှေးရှုထင်၏၊ ကိုယ်စိတ်၏ ငြိမ်းအေးမှု-ပဿဒ္ဓိလျှင် နီးသောအကြောင်းရှိ၏။

ဒေါမနဿဝေဒနာသည် အနိဋ္ဌာရုံခေါ် အလိုမရှိအပ်သော အာရုံဆိုးကို ခံစားခြင်းလက္ခဏာရှိ၏၊ ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ အလိုမရှိအပ်သော အခြင်းအရာ- ဆိုးသောအခြင်းအရာအားဖြင့် သုံးဆောင်ခြင်းကိစ္စရှိ၏၊ စိတ်ထဲ၌ဖြစ်လျက် နှိပ်စက်တတ်သည့်အခံခက်သော သဘောဟု (ဉာဏ်အား)ရှေးရှုထင်၏၊ ကေန်ပင် ဟဒယဝတ္ထုလျှင် နီးသောအကြောင်းရှိ၏။

ဥပေက္ခာဝေဒနာသည် မကောင်း မဆိုး အလယ်အလတ်သဘောရှိသော အာရုံကို ခံစားခြင်းလက္ခဏာရှိ၏၊ ယှဉ်ဖက် (စိတ် စေတသိက်) သမ္ပယုတ်တရားတို့ကို မရွှင်မညှိုးစေခြင်းကိစ္စ ရှိ၏၊ ငြိမ်သက်သည့်အဖြစ်ဖြင့် (ဉာဏ်အား) ရှေးရှုထင်၏၊ ပီတိကင်းသောစိတ်လျှင် နီးသောအကြောင်း ရှိ၏။ ဤတွင်တရပ်ပြီး၏။

ဤဆိုခဲ့သောစကားသည် ဝေဒနာက္ခန္ဓာ၌ အကျယ်ပြဆိုချက် စကား အမြွက်ပေတည်း။

## သညာက္ခန္ဓာ ပြဆိုချက်

၄၅၇။ ယခုအခါ "မှတ်သားခြင်း လက္ခဏာရှိသော သဘောတရား အလုံးစုံကို (ဉာဏ်ဖြင့်)တပေါင်းတည်းပြု၍ သညာက္ခန္ဓာ(သညာအဖွဲ့အစု)

မှတ်ချက်

၁ – အနိဋ္ဌာရုံသည်လည်း သဘာဝပရိကပ္ပအားဖြင့် နှစ်ပါးအပြားရှိ၏၊ ထိုနှစ်ပါးလုံးကိုပင် ဤအရာ၌ အနိဋ္ဌာရုံဟု ဆိုသည်။

http://www.dhammadownload.com



ဟူ၍ သိအပ်၏'' ဟု အကြောင်စကားကို ဆိုခဲ့ပြီ၊ ထိုစကား၌လည်း မှတ်သားခြင်း လက္ခဏာမည်သည်မှာ သညာပင်ဖြစ်သည်။ ဤအဆိုသည် "ငါ့ရှင် မှတ်သားတတ်၏ မှတ်သားတတ်၏၊ ထို့ကြောင့် သညာဟုခေါ်ဆိုအပ်သည်" ဟူ၍ ဖြေရှင်း ဟောကြားတော်မူသည်နှင့် အညီပင်။ [၉၂] ထိုသညာသည် မှတ်သားခြင်းလက္ခဏာဟူသော သဘောအားဖြင့် တပါးတည်းသာ ဖြစ်သည်၊ သို့သော်လည်း အမျိုးဇာတ်၏ အစွမ်းအားဖြင့် ကုသိုလ်သညာ အကုသိုလ်သညာ အဗျာကတသညာဟူ၍ သုံးပါးအပြားရှိ၏။

ထိုသုံးပါးတို့တွင် ကုသိုလ်စိတ် (၂၁-ပါး) နှင့် ယှဉ်သောသညာသည် ကုသိုလ်သညာမည်၏။ အကုသိုလ်စိတ် (၁၂ ပါး) နှင့် ယှဉ်သောသညာသည် အကုသိုလ်သညာမည်၏။ (ဝိပါက် ကိရိယာ) အဗျာကတစိတ် (၅၆-ပါး) နှင့် ယှဉ်သောသညာသည် အဗျာကတသညာမည်၏။ သညာနှင့် မယှဉ်သောစိတ်-ဝိညာဏ်မည်သည် မရှိချေ၊ ထို့ကြောင့် စိတ်-ဝိညာဏ်၏ အပြားရှိသလောက် သညာ၏ အပြားရှိပေသည်။

ထိုသညာသည် ဤဆိုခဲ့သည့်အတိုင်း စိတ်-ဝိညာဏ်နှင့် တူညီသော အပြားရှိငြားသော်လည်း လက္ခဏာစသည်အားဖြင့် အားလုံးပင် မှတ်သားခြင်းလက္ခဏာရှိ၏၊ "ဤအရာသည် ယခင်ကတွေ့ဘူးသော ထိုအရာပင်" ဟု တဖန်မှတ်မိခြင်း၏ အကြောင်းနိမိတ်ကို ပြုခြင်းကိစ္စ (ရသ) ရှိ၏၊ သစ်တုံးစသည်ကို ရွေခုတ်သောသူတို့သည် သစ်တုံးစသည်တို့၌ အမှတ်အသားနိမိတ်ကို ပြုကြသကဲ့သို့ပင်။ မှတ်ယူမိတိုင်းသော နိမိတ်၏ အစွမ်းအားဖြင့် မြဲမြံစွာ နှလုံးသွင်းခြင်းကို ပြုသည့်အနေအားဖြင့် (ဉာဏ်အား) ရှေးရှုထင်၏၊ ဆင်ရုပ်ပုံကိုပြသော သူကန်းတို့ကဲ့သို့ပင်[၁]။ ထင်တိုင်းသော အာရုံလျှင်

---

မှတ်ချက်

၁-ဆင်၏ ခေါင်းကိုသာ စမ်းသပ်ကြည့်ဘူးသော သူကန်းတို့က ဆင်ဟူသည်မှာ အိုးနှင့်တူသည်ဟု ပြဆိုကြ၏၊ နားရွက်ကိုသာ စမ်းသပ်ကြည့်ဘူးသူတို့က

http://www.dhammadownload.com



နီးသောအကြောင်းရှိ၏၊ မြက်တို့ဖြင့် ပြုလုပ်ထားသော လူရုပ်တို့၌ သမင်ငယ်တို့မှာ လူဟု ဖြစ်သောမှတ်ထင်ခြင်းကဲ့သို့ပင်တည်း။ ဤတွင် တရပ်ပြီး၏။

ဤဆိုခဲ့သော စကားသည် သညာက္ခန္ဓာ၌ အကျယ်ပြဆိုချက် စကားအမြွက်ပေတည်း။

## သင်္ခါရက္ခန္ဓာ ပြဆိုချက်

၄၅၈။ ထိုမှတပါး "ပြုလုပ်ခြင်း ကြောင့်ကြစိုက်ခြင်းလက္ခဏာရှိသော သဘောတရားအလုံးစုံကို (ဉာဏ်ဖြင့်) တပေါင်းတည်းပြု၍ သင်္ခါရက္ခန္ဓာ (သင်္ခါရအဖို့အစု)ဟူ၍ သိအပ်၏"ဟု အကြင်စကားကို ဆိုခဲ့ပြီ၊ ထိုစကား၌ ပြုလုပ်ခြင်းလက္ခဏာမည်သည်မှာ အစုပြုခြင်း ပေါင်းစုပေးခြင်း လက္ခဏာပေတည်း[၁]။ ထိုပေါင်းစုပေးခြင်းသည် အဘယ်နည်းဟူမူ-သင်္ခါရတို့ပင်တည်း။ ဤ

မှတ်ချက်

ဗန်းနှင့်တူသည်ဟူ၍ရင်း, အစွယ်ကိုသာ စမ်းသပ်ကြည့်ဘူးသူတို့က ငုတ်ချွန်နှင့်တူသည်ဟူ၍ရင်း ဤသို့စသည်ဖြင့် မိမိတို့ စမ်းသပ်ကြည့်ဘူးသည့်အတိုင်းသာ ပြကြသကဲ့သို့ပင်။ ဥဒါန်းပါဠိ ၁၆၀-၌ ရှိ၏။

၁ – သံ-စုခြင်း-ပေါင်းခြင်းကို+ကရ-ပြုခြင်း=သင်္ခါရ- အစုပြုခြင်း- ပေါင်းစုပေးခြင်း။ ဤဝေါဟာရသည် လောက၌ အိမ်ကိုပြုလျှင် ဆိုင်ရာအစိတ်အပိုင်းများကို ပေါင်းစုပေးခြင်းပင် ဖြစ်သကဲ့သို့ လောကဝေါဟာရအားလျော်စွာ ပြဆိုသော သဒ္ဒါနက်ဖြစ်သည်။ ပရမတ္ထတရားအရာ၌ကား "တကွဲတပြားစီဖြစ်နေသော အကျိုးတရားတို့ကို အကြောင်းသင်္ခါရက ပေါင်းစုပေးသည်– ထိုသို့ ပေါင်းစုပေးခြင်းဖြင့် သစ်တခါ သောအကျိုးတရားကို ပြီးစေသည်" ဟူသောအနက်သည် မသင့်ပေ။ အဘယ့်ကြောင့် ဆိုသော် သစ်တအကျိုးတရားတို့သည် စောစောက ရှိနေကြသည်လည်း မဟုတ်၊ တကွဲတပြားစီတည်နေကြသည်လည်း မဟုတ်သောကြောင့်ပေတည်း။ သို့ဖြစ်၍ (သင်္ခါရ)

http://www.dhammadownload.com



အဆိုသည်"သင်္ခတမဘိသင်္ခရောန္တီတိ ခေါ ဘိက္ခဝေ တသ္မာ သင်္ခါရာတိ ဝုစ္စန္တိ"။ ဘိက္ခဝေ၊ ရဟန်းတို့။သင်္ခတံ-အညီအညွတ်စုပေါင်း၍ပြုအပ်-ပြီးစေအပ်သော တရားကို၊ အဘိသင်္ခရောန္တိ-စုပေါင်း၍ပြုတတ်ကုန်၏(ဝါ-အသစ်ဖြစ်စေတတ်ကုန်၏)[၂]၊ ဣတိ ခေါ တသ္မာ-ဤသို့သော ထိုအကြောင်းကြောင့်၊သင်္ခါရာတိ-

---

မှတ်ချက်

ပေါင်းစုပေးခြင်း ဟူသော သဒ္ဒါအနက်ကို အဓိပ္ပါယ်အနက်အားဖြင့် ပြုလုပ်ခြင်း၊ အားထုတ်ခြင်း ဟူသော အနက်ကိုသာ ယူသင့်၏။ တနည်းအားဖြင့် သံ-ဆိုင်ရာ အကြောင်းတရားတို့က- အညီအညွတ် ပေါင်းစု၍+ကရ-ပြုတတ်ကြသည်=သင်္ခါရ-အညီအညွတ်ပေါင်းစု၍ပြုတတ်သော တရားများဟူသော အနက်လည်း သင့်၏။ အဘယ့်ကြောင့် ဆိုသော် စေတနာစသော သင်္ခါရ အကြောင်းတရား များစွာတို့သည် သင်္ခတမည်သောအကျိုးကို တပေါင်းတည်းအညီအညွတ် ဖြစ်စေတတ်ကြသောကြောင့် ပေတည်း။

၁ – ဤသင်္ခါရသဒ္ဒါအနက်သည် အသိခက်သောကြောင့် နှိုင်းချိန်၍ယူနိုင်အောင် ပါဠိရင်းကိုပါ ထုတ်ပြသည်။

၂ – ဤအရာ၌ ဆိုင်ရာအကြောင်းတရားတို့က သင်္ခတမည်သော အကျိုးတရားကို အညီအညွတ်စုပေါင်း၍ ပြုကြသည်၊ပြီးစေကြသည် ဟူသောအနက်သာ သင့်ပေသည်။ ထို့ကြောင့် အထက်ပါအတိုင်းသာ အနက်ပြန်သည်။ ဆိုလိုသည်မှာ မြင်မှု ဟူသော သင်္ခတ တရားကို ဖဿ စေတနာ မနသိကာရ ဇီဝိတ ဧကဂ္ဂတာ ဟူသော သင်္ခါရက္ခန္ဓာမည်သော သမ္ပယုတ်တရားငါးပါးက အညီအညွတ်ပေါင်းစု၍ ပြုသည် ပြီးစေသည်။ လှုပ်ရှားရုပ်ဟူသော သင်္ခတတရားကို လှုပ်ရှားလိုသည့်စိတ်နှင့် ယှဉ်သော စေတနာနှင့်တကွ သင်္ခါရက္ခန္ဓာ မည်သော စေတသိက်များစွာတို့က အညီအညွတ်စုပေါင်း၍ ပြုကြသည် ပြီးစေကြသည်။ ကုသလဝိပါက်စိတ် စေတသိက် အပေါင်းဟူသော အကျိုး သင်္ခတ တရားကို ကုသိုလ်စိတ်နှင့်ယှဉ်သော စေတနာနှင့်တကွ သင်္ခါရက္ခန္ဓာ မည်သော စေတသိက်များစွာတို့က အညီအညွတ် စုပေါင်း၍ ပြုကြသည်

http://www.dhammadownload.com



သင်္ခါရတို့ဟူ၍၊ဝုစ္စန္တိ-ခေါ်ဆိုအပ်ကုန်၏”ဟု ဟောတော်မူသည်နှင့်အညီပင်။ ထိုသင်္ခါရတို့သည် (အဘိသင်္ခရဏ) စုပေါင်းပေးခြင်း-စုပေါင်း၍ ပြုခြင်း လက္ခဏာရှိကုန်၏၊ (အာယူဟန)စုပေါင်းခြင်း-အားထုတ်ခြင်းကိစ္စ (ရသ)

---

မှတ်ချက်

ပြီးစေကြသည်။ အကုသလဝိပါက် သင်္ခတတရားကိုလည်း စေတနာနှင့်တကွ သင်္ခါရက္ခန္ဓာ မည်သော အကုသိုလ်စေတသိက်များစွာတို့က အညီအညွတ် စုပေါင်း၍ ပြုကြသည် ပြီးစေကြသည်။ ဤနည်းဖြင့် ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ် ဟူသော သင်္ခတ အကျိုးတရားတို့ကို စေတနာနှင့်တကွ သင်္ခါရက္ခန္ဓာ မည်သော စေတသိက် အကြောင်းတရား များစွာတို့က အညီအညွတ်စုပေါင်း၍ ပြုကြသည် ပြီးစေကြသည်ဟု ယူရာ၏။ ထို့ကြောင့် ဋီကာ၌ “ယထာ- အကြင်အခြင်းအရာဖြင့် (ပြုသည်ရှိသော်)၊ အတ္တနော-သင်္ခါရက္ခန္ဓာ ဟူသော မိမိ၏၊ ဖလံ-အကျိုးဖြစ်သော၊ သင်္ခတံ-သင်္ခတတရားသည်၊ သမ္ဘဝေ·ကောင်းစွာသာလျှင်၊ နိပ္ဖန္နံ-ဖြစ်ပေါ်ပြီးစီးသည်၊ ဟောတိ-ဖြစ်၏၊ ဧဝံ-ဤအခြင်းအရာဖြင့်၊ အဘိသင်္ခရောန္တိ-အညီအညွတ် ပေါင်းစု၍ အသစ်ပြုတတ်ကုန်၏။ ဣတိ-ဤသည်ကား၊ အတ္ထော- သင်္ခတမဘိသင်္ခရောန္တိ ဟူသော ပါဠ်၏ အနက်ပေတည်း”ဟု ဖွင့်ပြထားပေသည်။ ဤဋီကာစကားဖြင့် မိမိ၏ အကျိုးဖြစ်သော သင်္ခတတရား ဖြစ်ပေါ်ပြီးစီးအောင် ဆောင်ရွက်ခြင်းသည်သာလျှင် သင်္ခါရပုဒ်၏ အနက်ဖြစ်ကြောင်း သိရ၏။ ထိုသို့ ဆောင်ရွက်ခြင်း မှာလည်း စေတနာနှင့် တကွ သင်္ခါရက္ခန္ဓာ မည်သော စေတသိက်တရားတို့၏ တပေါင်းတည်း အညီအညွတ်ဖြစ်ခြင်းသာ ဖြစ်သည်။ ထို့ကြောင့် သံ-အညီအညွတ် ပေါင်းစု၍+ကရ-ခရ-ခါရ- ပြုသည် ဖြစ်စေသည် ပြီးစေသည်= သင်္ခါရ - အညီအညွတ် ပေါင်းစု၍ပြုတတ် ပြီးစေတတ်သော တရားဟူသော အနက်ကို လေးလေးနက်နက် မှတ်ယူရာ၏။

၁ – စုပေါင်းပေးခြင်းဟူသော အနက်သည် လောကဝေါဟာရအနက် ဖြစ်သည်။ စုပေါင်း၍ပြုခြင်းဟူသော အနက်သည် ဤအရာ၌ အသင့်လျော်ဆုံးအနက် ဖြစ်သည်။

http://www.dhammadownload.com



ရှိကုန်၏[၁]၊ (ဝိပ္ဖါရ)လှုပ်လှုပ်ရွရွ ကြောင့်ကြပြုသည့်အနေအားဖြင့်[၂] (ဉာဏ်အား) ရှေးရှုထင်၏၊ ကြွင်းသောခန္ဓာသုံးပါးအပေါင်းလျှင် နီးသော အကြောင်း ရှိ၏။

ဤသို့ လက္ခဏာစသည်အလိုအားဖြင့် (သင်္ခါရချည်းသာ) တပါးတည်း ဖြစ်ငြားသော်လည်း အမျိုးဇာတ်အားဖြင့် ကုသိုလ်သင်္ခါရ အကုသိုလ်သင်္ခါရ အဗျာကတသင်္ခါရဟူ၍ သုံးပါးအပြားရှိကုန်၏။ ထိုသုံးပါးတို့တွင် ကုသိုလ်စိတ်(၂၁-ပါး)နှင့် ယှဉ်သောသင်္ခါရတို့သည် ကုသိုလ်သင်္ခါရ မည်ကုန်၏။ အကုသိုလ်စိတ် (၁၂-ပါး)နှင့်ယှဉ်သော သင်္ခါရတို့သည် အကုသိုလ်သင်္ခါရ မည်ကုန်၏။ (ဝိပါက် ကိရိယာ) အဗျာကတစိတ် (၅၆-ပါး)နှင့် ယှဉ်သော သင်္ခါရတို့သည် အဗျာကတသင်္ခါရ မည်ကုန်၏။

ထိုသင်္ခါရတို့တွင် ကာမာဝစရ ပဌမကုသိုလ်စိတ်နှင့် ယှဉ်ကုန်သော သင်္ခါရတို့သည်[၃](နိယတ အနိယတအားဖြင့် ၂-ပါးအပြားရှိကုန်၏၊ ထိုတွင်) အမြဲယှဉ်သောကြောင့် နိယတမည်သော သင်္ခါရတို့သည် (ဓမ္မသင်္ဂဏီ ပါဠိ

---

မှတ်ချက်

၁–စုပေါင်းခြင်းဟူသော အနက်သည် လောကဝေါဟာရ သဒ္ဒါနက် ဖြစ်သည်။ အားထုတ်ခြင်းဟူသော အနက် သင့်လျော် ပေါ်လွင်သောအဓိပ္ပါယ်အနက် ဖြစ်သည်။

၂–ဝိပ္ဖါရပစ္စုပဋ္ဌာနာ-ဟူသော ဤပုဒ်၌ ဝိပ္ဖါရ-မည်သည်ကား ဝိပ္ဖါရဝန္တတာ-လှုပ်လှုပ်ရွရွ ကြောင့်ကြ ရှိသည်၏အဖြစ်ပေတည်း၊ ထို့ကြောင့် သဗျာပါရ-ပစ္စုပဋ္ဌာနာ-ကြောင့်ကြစိုက်မှုရှိသောအားဖြင့်(ဉာဏ်အား)ရှေးရှု ထင်၏– ဤကား (ထိုပုဒ်၏) အနက်။ (ဋီကာ။)

၃–သင်္ခါရတို့သည်....၃၆-ပါး အပြား ရှိကုန်၏-ဟု စပ်ပါ။ ဤစာပိုဒ်၌ သိနားလည် လွယ်စေရန် အချို့ အနည်းငယ် ဖြည့်စွက် ပြောင်းလဲ၍ ပြန်ထားသည်။

http://www.dhammadownload.com



တော်၌ ဖဿသည် ဖြစ်၏ စေတနာသည် ဖြစ်၏-စသည်ဖြင့် ထုတ်ဖော်ဟောထား၍)သရုပ်အားဖြင့် လာကုန်သော သင်္ခါရတို့က ၂၇-ပါး၊ ယေ ဝါ ပနဖြင့် ဟောထား၍ ယေ ဝါ ပနက မည်သော သင်္ခါရတို့က ၄-ပါး၊(ပေါင်း နိယတသင်္ခါရ ၃၁-ပါး)အမြဲမယှဉ်သောကြောင့် အနိယတမည်သောသင်္ခါရတို့က ၅-ပါး-ဤသို့အားဖြင့် ၃၆-ပါး အပြားရှိကုန်၏။

ထိုတွင် ဖဿ၊ စေတနာ၊ ဝိတက်၊ ဝိစာရ၊ ပီတိ၊ ဝီရိယ၊ ဇီဝိတ၊ သမာဓိ၊ သဒ္ဓါ၊ သတိ၊ ဟိရီ၊ ဩတ္တပ္ပ၊ အလောဘ၊ အဒေါသ၊ အမောဟ၊ ကာယပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိ၊ ကာယလဟုတာ၊ စိတ္တလဟုတာ၊ ကာယမုဒုတာ၊ စိတ္တမုဒုတာ၊ ကာယကမ္မညတာ၊ စိတ္တကမ္မညတာ၊ ကာယပါဂုညတာ၊ စိတ္တပါဂုညတာ၊ ကာယုဇုကတာ၊ စိတ္တုဇုကတာ ဟူသော ဤ၂၇-ပါးတို့သည် [၉၃] သရုပ်အားဖြင့်လာသော သင်္ခါရတို့ပေတည်း။

ဆန္ဒ၊ အဓိမောက္ခ၊ မနသိကာရ၊ တတြမဇ္ဈတ္တတာဟူသော ဤ ၄-ပါး တို့သည် ယေဝါပနကသင်္ခါရတို့ပေတည်း။

ကရုဏာ မုဒိတာ၊ ကာယဒုစ္စရိတဝိရတိ၊ ဝစီဒုစ္စရိတဝိရတိ၊ မိစ္ဆာဇီဝ-ဝိရတိဟူသော ဤ ၅-ပါးတို့သည် အနိယတသင်္ခါရတို့ပေတည်း။ မှန်၏၊ ဤ ၅-ပါးတို့သည် တရံတခါ၌သာ ဖြစ်ကုန်၏၊ ဖြစ်ကြလျှင်လည်း တပေါင်းတည်း မဖြစ်ကုန်၊ (တပါးချင်းသာ ဖြစ်ကြသည်)။

၄၅၉။ ထိုသင်္ခါရတို့တွင် (အာရုံကို) တွေ့ထိတတ်သောကြောင့် ဖဿ မည်၏[၁]။ ထိုဖဿသည် (အာရုံကို) တွေ့ထိခြင်းလက္ခဏာ ရှိ၏၊ တိုက်

---

မှတ်ချက်

၁ – ဤဝါကျ၌(အာရုံကို)တွေ့ထိတတ်သောသဘောသည် ဖဿ မည်၏-ဟု ပြန်လျှင် မြန်မာစကား ပို၍ ချော၏။ သို့သော် ရှိရင်းအတိုင်း ဝစနတ္ထ ပြုပုံ ပေါ်လွင်စေရန် အတိအကျ ပြန်ထားသည်။ ယှဉ်ဖက် တရားတို့ အာရုံကို

http://www.dhammadownload.com



ခိုက်ခြင်းကိစ္စ(ရသ)ရှိ၏၊ ဒွါရ အာရုံ ဝိညာဏ်ဟူသော ဤသုံးပါးတို့ ပေါင်းဆုံမိသည့် အနေအားဖြင့် (ဉာဏ်အား)ရှေးရှုထင်၏၊ ထင်ပေါ်လာသော အာရုံလျှင် နီးသောအကြောင်း(ပဒဋ္ဌာန်) ရှိ၏။ မှန်ပေ၏-ဤဖဿသည် ရုပ်မဟုတ်သည့် နာမ်တရားပင် ဖြစ်သော်လည်း အာရုံ၌ တွေ့ထိသော အခြင်းအရာအားဖြင့်သာလျှင် ဖြစ်၏။ ထို့ပြင် တစိတ်တပိုင်းအားဖြင့် ထိငြိခြင်း မရှိငြားသော်လည်း အဆင်းသည် မျက်စိကို ထိခိုက်သကဲ့သို့ရင်း, အသံသည် နားကို ထိခိုက်သကဲ့သို့[၁]ရင်း, စိတ်ကိုရင်း, အာရုံကိုရင်း ထိခိုက်တတ်၏(ဝါ-ထိခိုက်စေတတ်၏)[၂]။ (ဒွါရ အာရုံ ဝိညာဏ်)သုံးပါးအပေါင်း၏ ဆုံမိခြင်းဟု ဆိုအပ်သော မိမိအကြောင်း၏ အစွမ်းအားဖြင့် သိစေအပ်သည်၏ အဖြစ်ကြောင့် ဒွါရ အာရုံ ဝိညာဏ်ဟူသော သုံးပါး ပေါင်းဆုံမိသည့်

---

မှတ်ချက်

တွေ့ထိကြောင်းဖြစ်သောကြောင့် ဖဿ မည်၏၊ တွေ့ထိခြင်းမျှ သဘောသည် ဖဿ မည်၏-ဟူသော ကရိုဏ်းအနက် ဘောအနက်များလည်း သင့်သည်ပင်။ ထိုတွင် ဘောအနက်သည်သာလျှင် မုချ အနက်ဖြစ်သည်။ ကတ္တားအနက် ကရိုဏ်းအနက်တို့သည်ကား တင်စား၍ ပြဆိုသောအနက်များဖြစ်ကြောင်း ဋီကာ၌ ပြဆိုထား၏။ ထို့ပြင် စေတနာ အစရှိသော တရားတို့၌လည်း ကတ္တားအပြင် ကရိုဏ်းအနက် ဘောအနက်များလည်း သင့်ကြောင်း ယင်းဋီကာ၌ပင် ပြဆိုထားသေး၏။

၁–မျက်စိနှင့် နားတို့သည် မိမိတို့ထံသို့ မရောက်လာသော အာရုံကို ယူတတ်သည်ဟု ရှေး၌ ပြဆိုခဲ့သည့် ဝါဒအရအားဖြင့် ဤ၌လည်း တစိတ်တဒေသအားဖြင့် ထိငြိခြင်း မရှိဘဲ ထင်ပေါ်သောအားဖြင့် ဒွါရနှင့်အာရုံ အချင်းချင်း ထိခိုက်သကဲ့သို့ဟူ၍ ဆိုလို၏။

၂–သဃ်ဋ္ဋေတိ-ပုဒ်၏ အနက် ဖြစ်သည်။ ဖဿသည် အာရုံကို ထိခိုက်တတ်၏-ဟု ဆိုသင့်သော်လည်း စိတ်ကို ထိခိုက်တတ်၏-ဟူ၍ကား ဆိုသင့်မည် မထင်၊ ထို့ကြောင့် (ဝါ–ထိခိုက်စေ၏)ဟု တနည်း ပြန်သည်။

http://www.dhammadownload.com



အနေအားဖြင့် (ဉာဏ်အား)ရှေးရှုထင်၏။ ထိုဖဿအား လျှော်သောနှလုံးသွင်းမှု(အာဝဇ္ဇန်း)နှင့် စက္ခုစသော ဣန္ဒြေက ပြုပြင်ပေးသော အာရုံ၌ အန္တရာယ်မရှိပဲ ကေန်ပင် ဖြစ်ခြင်းကြောင့် ထင်ပေါ်လာသော အာရုံလျှင် နီးသော အကြောင်းရှိ၏ဟူ၍ ဆိုအပ်ပေသည်။ ဥပမာအားဖြင့် ဝေဒနာ၏ တည်ရာဖြစ်သောကြောင့် အရေမရှိသော နွား(မ)ကဲ့သို့ မှတ်အပ်၏။

၄၆၀။ စေ့ဆော် တိုက်တွန်းပေးတတ်သောကြောင့် စေတနာ မည်၏၊ (အာရုံ၌ယှဉ်ဖက်တို့ကို)ဆက်စပ်ပေးတတ်၏–ဤကား စေ့ဆော်တိုက်တွန်းပေးတတ်၏ ဟူသောပုဒ်၏ အနက်။ ထိုစေတနာသည် စေ့ဆော် တိုက်တွန်းခြင်း လက္ခဏာ ရှိ၏၊ အားထုတ်ခြင်း ကြောင့်ကြပြုခြင်းကိစ္စရှိ၏၊ စီမံသည့် အနေဖြင့် (ဉာဏ်အား) ရှေးရှုထင်၏ အဘယ်ကဲ့သို့နည်းဟူမူ (ကိုယ်တိုင်ကကြောင့်ကြပြုခြင်းဖြင့်) မိမိ၏ကိစ္စ သူတပါးတို့၏ ကိစ္စတို့ကို ပြီးစေသော တပည့်ကြီး, လက်သမားဆရာကြီးတို့ကဲ့သို့ပင်တည်း။ ထို့ပြင် အဆောတလျင်ပြုသင့်သည့် အမှုကိစ္စတို့ကို အောက်မေ့ဆင်ခြင်ရာ စသည်တို့၌ ဤစေတနာသည် အတူဖြစ်ဖက်(သမ္ပယုတ်) တရားတို့ကို အားထုတ်စေသည်၏ အဖြစ်ဖြင့်[၁] မပြတ်ဖြစ်လျက် (အထူး)ထင်ရှားပေ၏။

---

မှတ်ချက်

၁–ဤ၌ အားထုတ်စေ-ဟူသည်မှာ အရိုအသေ ပြုစေခြင်း, ကြောင့်ကြ ပြုစေခြင်းပင် ဖြစ်သည်။ ထို့ကြောင့် ဋီကာ၌ "ဥဿာဟနဘာဝေန-ဟူသည်ကား အရိုအသေ ပြုစေသည်၏ အဖြစ်ဖြင့် (ဟု ဆိုလို၏)။ မှန်၏–ထိုစေတနာသည် မိမိကိုယ်တိုင် ရိုသေသည်ဖြစ်၍ ယှဉ်ဖက်တရားတို့ကို ရိုသေစေတတ်၏၊ထို့ကြောင့် အာယူဟန-ကြောင့်ကြပြုသည်၏အစွမ်းအားဖြင့်။ ဥဿာဟန-အားထုတ်စေခြင်းကို မှတ်အပ်၏၊ ဝီရိယ၏ အားထုတ်စေခြင်းအစွမ်းအားဖြင့် မမှတ်အပ်ပေ"ဟု ပြဆိုထား၏။

http://www.dhammadownload.com



ဝိတက် ဝိစာရ ပီတိတို့၌ ဆိုသင့်သော စကားအားလုံးကို ပထဝီကသိဏ-နိဒ္ဒေသ ပဥ္စမစျာန်၏အဖွင့်၌ ဆိုခဲ့ပြီး ရှိလေပြီ။

၄၆၁။ (ပြုလုပ်ရန်) ရဲရင့်သည်၏အဖြစ်သည် ဝီရိယ မည်၏။ ၎င်းသည် အားထုတ်ခြင်းလက္ခဏာ ရှိ၏၊ အတူဖြစ်ဖက် တရားတို့အား ထောက်ပံ့ အားပေးခြင်းကိစ္စ ရှိ၏၊ မဆုတ်နစ်သည်၏ အဖြစ်ဖြင့် (ဉာဏ်အား) ရှေးရှု ထင်၏၊ "ထိတ်လန့်မှု-သံဝေဂရသူသည် အကြောင်းမှန်-နည်းမှန်အားဖြင့် အားထုတ်၏" ဟု ဟောတော်မူသောကြောင့် ထိတ်လန့်မှု-သံဝေဂလျှင် နီးသောအကြောင်းရှိ၏၊ တနည်းကား ဝီရိယာရမ္ဘဝတ္ထုလျှင်[၁] နီးသော အကြောင်းရှိ၏၊ ကောင်းစွာ-မှန်စွာ အားထုတ်သော ဝီရိယသည် အလုံး စုံသော ပြည့်စုံခြင်း-စည်းစိမ်ချမ်းသာတို့၏ အရင်းမူလ ဖြစ်သည်ဟု မှတ် အပ်၏။

၄၆၂။ ယှဉ်ဖက်တရားတို့၏ အသက်ရှင်ကြောင်းသဘောသည် ဇီဝိတ မည်၏၊ တနည်းကား အသက်ရှင်တတ်သော သဘောသည် ဇီဝိတမည်၏၊ တနည်းကား အသက်ရှင်ခြင်းမျှ သဘောသည် ဇီဝိတမည်၏။ ယင်းဇီဝိတ၏ လက္ခဏာစသည်တို့ကိုမူ ရုပ်ဇီဝိတ၌ ဆိုခဲ့ပြီးသော နည်းဖြင့်ပင် သိအပ်

---

မှတ်ချက်

၁--ဝီရိယဖြစ်ကြောင်း ဝီရိယာရမ္ဘဝတ္ထု-ဟူသည်ကား (၁) ပြုလုပ်စရာရှိသည်၊ မလုပ်ရသေးမီ အခွင့်ရတုန်း အားထုတ်မည်ဟု နှလုံးသွင်းခြင်း၊ (၂) အလုပ်ကိစ္စပြီး၍ အားထုတ်မည်ဟု နှလုံးသွင်းခြင်း၊ (၃) သွားစရာရှိသည်၊ မသွားရသေးမီ အားထုတ်မည်ဟု.....၊ (၄) သွားပြီး၍ အားထုတ်မည် ဟု........၊ (၅) အစာမဝ၍ ကိုယ်ပေါ့ပါးနေတုန်း အားထုတ်မည်ဟု........၊ (၆) အစာဝ၍ အားပြည့်နေတုန်း အားထုတ်မည်ဟု........၊ (၇) အနာ ဖြစ်လာသည်၊ အနာမတိုးမီ အားထုတ်မည်ဟု........၊ (၈) အနာပျောက် ပြီး တဖန် ပြန်မဖြစ်မီ အားထုတ်မည်ဟု နှလုံးသွင်းခြင်း၊ ဤရှစ်ပါးပင်။

http://www.dhammadownload.com



(ကုန်)၏။ မှန်၏-ထိုရုပ်ဇီဝိတသည် ရုပ်တရားတို့၏ အသက်(ရှင်ကြောင်း) ဖြစ်၏၊ ဤဇီဝိတသည် စိတ်စေတသိက်နာမ်တရားတို့၏(အသက်ရှင်ကြောင်း ပေတည်း)ဤမျှသာ ဤနှစ်ပါးသော ဇီဝိတတို့၌ ထူးခြားခြင်း ရှိပေသည်။

[၉၄] ၄၆၃။ အာရုံ၌ စိတ်ကို အညီအညွတ်ထားတတ်သော သဘော သည် တနည်း ကောင်းစွာထားတတ်သော သဘောသည် သမာဓိ မည်၏၊ တနည်းကား စိတ်ကိုကောင်းစွာထားခြင်းမျှသဘောသည် သမာဓိမည်၏။ ၎င်းသည်အာရုံတပါးသို့ မရွေ့ရှား မပျံ့သွားခြင်းလက္ခဏာ ရှိ၏၊တနည်းကား ယှဉ်ဖက်တရားတို့ကို မပျံ့လွင့်စေခြင်းလက္ခဏာရှိ၏၊ အတူဖြစ်ဖက်တရားတို့ကို ပေါင်းစုစေခြင်းကိစ္စ ရှိ၏၊ ရေက ဆပ်ပြာမှုန့်တို့ကို ပေါင်းစုလုံးခဲစေသကဲ့ သို့ပင်၊ ငြိမ်သက်သည့် အနေအားဖြင့် (ဉာဏ်အား) ရှေးရှုထင်၏၊ အထူး အားဖြင့် (ဝါ-ယေဘုယျသာမညအားဖြင့်) သုခလျှင် နီးသောအကြောင်း ရှိ၏[၁]၊ လေငြိမ်ရာအရပ်၌ ဆီမီးတို့၏ တည်ငြိမ်ခြင်းကဲ့သို့ စိတ်၏ တည်ငြိမ် ခြင်း သဘောဟု မှတ်အပ်၏။

၄၆၄။ (ယှဉ်ဖက်တရားတို့၏) ကြည်လင်ကြောင်းဖြစ်သောတရားသည် သဒ္ဓါ မည်၏၊ တနည်းကား ကြည်လင်တတ်-ယုံကြည်တတ်သော တရားသည် သဒ္ဓါမည်၏၊ တနည်းကား ကြည်လင်ခြင်း-ယုံကြည်ခြင်းမျှ သဘောသည်

---

မှတ်ချက်

၁—ဝိသေသတော-ဟူသည်ကား ယေဘုယျအားဖြင့် (ဟု ဆိုလို၏)။ မှန်၏။ သုခကင်းသော သမာဓိသည်လည်း ရှိသေး၏။ (ဋီကာ)။ ဤဋီကာ၌ ယေဘုယျအားဖြင့်ဟု ဖွင့်သည်ကို ထောက်လျှင် ဝိသေသတော-အရာ၌ အဝိသေသတော-ဟု ရှိလေသလားဟု စဉ်းစားဖွယ်ရှိ၏၊ ထို့ကြောင့် (ဝါ- ယေဘုယျ သာမညအားဖြင့်)ဟု ပြန်သည်။ သုခကင်းသော သမာဓိဟူ သည်မှာ ဥပေက္ခာသဟဂုတ်သမာဓိပင် ဖြစ်သည်။ ထို ဥပေက္ခာသဟဂုတ် သမာဓိကို အဝိသေသသမာဓိဟု ဆိုရန် သင့်မည် မထင်ပေ။

http://www.dhammadownload.com



သဒ္ဓါမည်၏။ ၎င်းသည် (ရတနာသုံးတန်နှင့်ကံ, ကံ၏အကျိုးကို) ယုံကြည်ခြင်း လက္ခဏာ ရှိ၏၊ တနည်းကား သက်ဝင်၍ ကြံစည်ခြင်း-ယုံကြည်ဆုံးဖြတ်ခြင်း လက္ခဏာ ရှိ၏၊ (ယှဉ်ဖက်တို့ကို) ကြည်စေခြင်းကိစ္စရှိ၏၊ ရေကိုကြည်စေသော ပတ္တမြား ရတနာကဲ့သို့ပင်၊ တနည်းကား (ယုံကြည်ဖွယ်၌) ပြေးဝင်ခြင်းကိစ္စ ရှိ၏၊ ရေယဉ်ကို ကူးခပ်ဝံ့သောသူကဲ့သို့ပင်၊ မနောက်ကျုသည့်အနေအားဖြင့် (ဉာဏ်အား) ရှေးရှုထင်၏၊ တနည်းကား ယုံကြည်ဆုံးဖြတ်ခြင်းအနေဖြင့် (ဉာဏ်အား) ရှေးရှုထင်၏၊ ယုံကြည်ဖွယ်ဝတ္ထုလျှင် နီးသောအကြောင်းရှိ၏၊ တနည်းကား သူတော်ကောင်းတရားကိုနာရခြင်းအစရှိသော သောတာပတ္တိယင်္ဂ လေးပါးလျှင် နီးသောအကြောင်းရှိ၏ [၁]၊ လက်နှင့်တူသည် ဥစ္စာနှင့် တူသည် မျိုးစေ့နှင့်တူသည်ဟု မှတ်အပ်၏။

၄၆၅။ (ယှဉ်ဖက်တရားတို့၏) အောက်မေ့ကြောင်း-အမှတ်ရကြောင်း သဘောသည် သတိ မည်၏၊ တနည်းကား အောက်မေ့တတ်-အမှတ်ရတတ်သော သဘောသည် သတိ မည်၏၊ တနည်းကား အောက်မေ့ခြင်း အမှတ်ရခြင်းမျှ သဘောသည် သတိမည်၏။ ၎င်းသည် (မိမိ၏အာရုံအဖြစ်မှ) မပေါ်မထွက်စေခြင်း (အဝိလာပန) လက္ခဏာရှိ၏ [၂]၊ မမေ့စေခြင်းကိစ္စ ရှိ၏၊

---

မှတ်ချက်

၁–သောတာပတ္တိယင်္ဂ-သောတာပတ္တိမဂ်ဖိုလ်သို့ ရောက်ကြောင်း အင်္ဂါလေးပါး ဟူသည်မှာ (၁) သပ္ပုရိသသံသေဝ- သူတော်ကောင်းကို မှီဝဲခြင်း။ (၂) သဒ္ဓမ္မဿဝန-သူတော်ကောင်းတရားကို နာကြားခြင်း။ (၃) ယောနိသော မနသိကာရ-အသင့်လမ်းမှန်အားဖြင့် နှလုံးသွင်းခြင်း။ (၄) ဓမ္မာနုဓမ္မပ္ပဋိပတ္တိ-လောကုတ္တရာတရားအား လျော်သောအကျင့်ကို ကျင့်ခြင်း။ ဤ လေးပါးပင်။

၂–ပေါ့သောဘူးခွံ ဘော့လုံးတို့ကို ရေ၌ ချထားလျှင် မနစ်မြုပ်ပဲ ပေါ်မျော နေ၏၊ အာရုံကို ထိုကဲ့သို့ မပေါ်မမျောစေ အပြင်သို့ မထွက်စေပဲ မိမိ၏

http://www.dhammadownload.com



အစောင့်အရှောက်အနေအားဖြင့်(ဉာဏ်အား) ရှေးရှုထင်၏၊ တနည်းကား အာရုံဆီသို့ ရှေးရှုပြုနေသည့်အဖြစ်ဖြင့် ဉာဏ်အားရှေးရှုထင်၏။ ခိုင်မြဲသော အမှတ်သညာလျှင် နီးသောအကြောင်းရှိ၏၊တနည်းကား ကာယအစရှိသော သတိပဋ္ဌာန်အာရုံလျှင် နီးသောအကြောင်းရှိ၏။ ဥပမာအားဖြင့် အာရုံ၌ မြဲမြံစွာ တည်သောကြောင့် (မြို့ပေါက်ဝ၌ ထူစိုက်ထားသော) တံခါးတိုင် ကြီးကဲ့သို့ရှင်း, စက္ခုဒွါရစသည်ကို စောင့်ရှောက်တတ်သောကြောင့် တံခါး စောင့် ဒါရဝမ်ကဲ့သို့ရှင်း မှတ်အပ်၏။

၄၆၆။ ကာယဒုစရိုက် စသည်တို့မှရှက်တတ်သောကြောင့် ဟိရီမည်၏၊ ဤအမည်သည် ရှက်ခြင်းသဘော၏ အမည်ပေတည်း။ ထိုကာယဒုစရိုက် စသည်တို့မှပင်လျှင် ကြောက်လန့်တတ်သောကြောင့် ဩတ္တပ္ပမည်၏၊ ဤ အမည်သည် မကောင်းမှုမှ ထိတ်လန့်ခြင်း၏ အမည်ပေတည်း။ ထိုနှစ်ပါး တို့တွင် ဟိရီသည် မကောင်းမှုမှ စက်ဆုပ်ခြင်းလက္ခဏာရှိ၏၊ ဩတ္တပ္ပသည် ကြောက်လန့်ခြင်းလက္ခဏာရှိ၏။ ဟိရီသည် ရှက်သောအခြင်းအရာအားဖြင့် မကောင်းမှုတို့ကို မပြုခြင်းကိစ္စ ရှိ၏၊ ဩတ္တပ္ပသည် ကြောက်လန့်သော အခြင်းအရာအားဖြင့် မပြုခြင်းကိစ္စ ရှိ၏။ ဤဟိရီနှင့် ဩတ္တပ္ပတို့သည် ဆိုခဲ့ ပြီးသော ရှက်သည့်အခြင်းအရာ လန့်သည့်အခြင်းအရာအားဖြင့်ပင်လျှင် မကောင်းမှုမှ တွန့်ဆုတ်သောအားဖြင့် (ဉာဏ်အား) ရှေးရှုထင်ကုန်၏၊ မိမိ ကိုယ်ကို အလေးပြုခြင်း သူတပါးကိုအလေးပြုခြင်းလျှင်နီးသောအကြောင်း ရှိကုန်၏။ မိမိကိုယ်ကို အလေးပြု၍ ဟိရီဖြင့် မကောင်းမှုကို ပယ်စွန့်၏၊

---

မှတ်ချက်

အာရုံအဖြင်ဖြင့် အတွင်း၌ တည်စေသည်ကို အဝိလာပန-မပေါ်မျောစေ ခြင်းဟု ဆိုသည်၊ လေးသော ကျောက်ခဲစသည်ကို ရေ၌ ပစ်ချလိုက်လျှင် စုံးစုံး နစ်မြုပ်သွားခြင်းကဲ့သို့ မိမိ၏ အာရုံအဖြစ်ဖြင့် နစ်မြုပ်စေသည်ဟူ၍ လည်း ဆိုလို၏။

http://www.dhammadownload.com



အမျိုးကောင်းသမီး ချွေးမကဲ့သို့ပင်။ သူတပါးကို အလေးပြု၍ ဩတ္တပ္ပဖြင့် မကောင်းမှုကို ပယ်စွန့်၏၊ ပြည့်တန်ဆာမကဲ့သို့ပင်။ အထူးမှတ်ဖွယ်ကား ဤတရားနှစ်ပါးတို့ကို လောကကိုစောင့်ရှောက်တတ်သည့် (လောကပါလက) တရားတို့ဟူ၍ မှတ်အပ်(ကုန်)၏။

၄၆၇။ (ယှဉ်ဖက်တရားတို့၏) မလိုချင် မမက်မောကြောင်း သဘောသည် အလောဘမည်၏၊ တနည်းကား မလိုချင်တတ်-မမက်မောတတ်သော သဘောသည် အလောဘမည်၏၊ တနည်းကား မလိုချင်ခြင်း မမက်မောခြင်း မျှသဘောသည် အလောဘမည်၏။ အဒေါသ အမောဟတို့၌လည်း ဤနည်း အတိုင်းပင်။ ထိုတွင် အလောဘသည် အာရုံ၌ စိတ်၏မမက်မော မလိုချင်ခြင်း လက္ခဏာရှိ၏၊ တနည်းကား မကပ်ငြိခြင်းလက္ခဏာရှိ၏၊ ကြာရွက်၌ ရေပေါက် သည်မငြိကပ်သကဲ့သို့ပင်။ (ငါ့ဥစ္စာဟုစွဲလမ်းသောအားဖြင့်) မသိမ်းပိုက်ခြင်း ကိစ္စရှိ၏၊ ကိလေသာမှလွတ်ပြီးသော ရဟန္တာကဲ့သို့ပင်။ မငြိတွယ်သည်၏ အဖြစ်ဖြင့် (ဉာဏ်အား)ရှေးရှုထင်၏ မစင်တွင်း၌ ကျသောသူသည်(မစင်၌ မငြိတွယ်)သကဲ့သို့ပင်။

[၉၅] ၄၆၈။ အဒေါသသည် မကြမ်းတမ်းခြင်း - နူးညံ့ခြင်းလက္ခဏာ ရှိ၏၊ တနည်းကား (အာရုံနှင့်)မဆန့်ကျင်ခြင်း လက္ခဏာရှိ၏၊ သူ့အလိုသို့ လိုက်သော မိတ်ဆွေကဲ့သို့ပင်။ ရန်ငြိုးကို ပယ်ဖျောက်ခြင်းကိစ္စ ရှိ၏၊ တနည်းကား (ဒေါသ)အပူကို ငြိမ်းစေခြင်းကိစ္စရှိ၏၊ စန္ဒကူးသည်(အပူကို ငြိမ်းစေ)သကဲ့သို့ပင်။ အေးချမ်းသည်၏အဖြစ်ဖြင့် (ဉာဏ်အား)ရှေးရှု ထင်၏၊ လပြည့်ဝန်းကဲ့သို့ပင်။

၄၆၉။ အမောဟသည် သဘောမှန်အတိုင်း ထိုးထွင်းသိခြင်းလက္ခဏာ ရှိ၏၊ တနည်းကား မချွတ်မလွဲထိုးထွင်းသိခြင်း လက္ခဏာရှိ၏၊ ကျွမ်းကျင် သော လေးသမားက ပစ်လိုက်သောမြှား၏ တည့်တည့်မတ်မတ်ထိမှန်

http://www.dhammadownload.com



ဖောက်ထွင်းခြင်းကဲ့သို့ပင်။ အာရုံကို ထင်လင်းစေခြင်းကိစ္စရှိ၏၊ ဆီမီးကဲ့သို့ပင်။ တွေ့ဝေမှုကင်းသောအားဖြင့် (ဉာဏ်အား)ရှေးရှုထင်၏၊ တော၌ကျင်လျှင်သော ခရီးညွှန်ကောင်းကဲ့သို့ပင်။ အလောဘ အဒေါသ အမောဟ ဟူသော ဤသုံးပါးလုံးတို့သည် အလုံးစုံသော ကုသိုလ်တို့၏ မူလရင်းဖြစ်ကြသည်ဟု မှတ်အပ်၏။

၄၇၀။ စေတသိက်အပေါင်းကာယ၏ ငြိမ်းခြင်းသည် ကာယပဿဒ္ဓိမည်၏။ စိတ်၏ငြိမ်းခြင်းသည် စိတ္တပဿဒ္ဓိမည်၏။ ဆက်ဦးအံ့—ဤအရာ၌ ကာယဟူသည်မှာ ဝေဒနာအစရှိသော နာမ်ခန္ဓာသုံးပါးတို့ပေတည်း။ နှစ်ပါးကုန်သော ဤကာယ စိတ္တပဿဒ္ဓိတို့သည် တပေါင်းတည်းဖြစ်ကုန်လျက် စေတသိက်အပေါင်းကိုယ်နှင့် စိတ်တို့၏ ပူပန်ခြင်းကို[၁] ငြိမ်းစေခြင်းလက္ခဏာရှိကုန်၏၊ ကိုယ်နှင့်စိတ်တို့၏ ပူပန်ခြင်းကို နှိမ်နင်းဖျက်ဆီးခြင်းကိစ္စရှိကုန်၏၊ ကိုယ်နှင့်စိတ်တို့၏ ပူပန်တုန်လှုပ်ခြင်းကင်း၍ အေးချမ်းသည်၏အဖြစ်ဖြင့်[၁] (ဉာဏ်အား) ရှေးရှုထင်ကုန်၏၊ (အေးငြိမ်းသော) ကိုယ်နှင့်စိတ်လျှင် နီးသောအကြောင်း ရှိကုန်၏။ ကိုယ်နှင့်စိတ်တို့၏ မငြိမ်သက်ခြင်းကိုပြုတတ်

---

မှတ်ချက်

၁—ဒရထ-ဟူသည် သာရမ္ဘ-လွန်စွာအားထုတ်ခြင်းတည်း၊ ဝါ-ပူပန်ခြင်းတည်း။ ဤဒရထဟူသော အမည်သည် ဒုက္ခ ဒေါမနဿလျှင် အကြောင်းရှိကုန်သော ဝါ-ဒုက္ခ ဒေါမနဿတို့ကြောင့် ဖြစ်ကုန်သော ဥဒ္ဓစ္စ လွန်ကဲသော ကိလေသာတို့၏ အမည်ပေတည်း။ တနည်းကား ထိုသို့ ပျံ့လွင့်ပူပန်သော အခြင်းအရာဖြင့် ဖြစ်ကုန်သော နာမ်ခန္ဓာလေးပါးတို့၏ အမည်ပေတည်း။ ပူပန်မှုကို နှိမ်နင်းဖျက်ဆီးသဖြင့် ပူပန်တုန်လှုပ်ခြင်းကင်းသော အေးချမ်းသည်၏ အဖြစ်သည် ပူပန်တုန်လှုပ်ခြင်းကင်း၍ အေးချမ်းသည်၏ အဖြစ်မည်၏။ (ဋီကာ)။

http://www.dhammadownload.com



သော ဥဒ္ဓစ္စအစရှိသော ကိလေသာတို့၏[၁] ဆန့်ကျင်ဖက်ဖြစ်ကြသည်ဟု မှတ်အပ်(ကုန်)၏။

ကာယ၏ ပေါ့သည်၏အဖြစ်သည် ကာယလဟုတာမည်၏။ စိတ်၏ ပေါ့သည်၏အဖြစ်သည် စိတ္တလဟုတာမည်၏။ ထိုနှစ်ပါးသော လဟုတာတို့သည် ကိုယ်နှင့်စိတ်တို့၏ ထိုင်းမှိုင်းလေးလံခြင်းကို[၂] ငြိမ်းစေခြင်း လက္ခဏာရှိကုန်၏၊ ကိုယ်နှင့်စိတ်တို့၏ ထိုင်းမှိုင်းလေးလံခြင်းကို နှိမ်နင်းဖျက်ဆီးခြင်းကိစ္စရှိကုန်၏၊ ကိုယ်နှင့်စိတ်တို့၏ မနှိုင့်နှေးသည်၏အဖြစ်ဖြင့် (ဉာဏ်အား)ရှေးရှုထင်ကုန်၏၊ (ပေါ့ပါးသော) ကိုယ်နှင့်စိတ်လျှင် နီးသော အကြောင်းရှိကုန်၏။ ကိုယ်နှင့်စိတ်တို့၏ ထိုင်းမှိုင်းလေးလံခြင်းကို ပြုတတ်သည့် ထိနမိဒ္ဓအစရှိသော ကိလေသာတို့၏ ဆန့်ကျင်ဖက် ဖြစ်ကြသည်ဟု မှတ်အပ်(ကုန်)၏။

ကာယ၏ နူးညံ့သည်၏အဖြစ်သည် ကာယမုဒုတာမည်၏။ စိတ်၏ နူးညံ့သည်၏အဖြစ်သည် စိတ္တမုဒုတာမည်၏။ ထိုနှစ်ပါးသော မုဒုတာတို့သည် ကိုယ်နှင့်စိတ်တို့၏ ခက်ထန်တောင့်တင်းခြင်းကို[၃] ငြိမ်းစေခြင်းလက္ခဏာ

---

မှတ်ချက်

၁–ဥဒ္ဓစ္စပြခါန်းသော ကိလေသာတို့သည် ဥဒ္ဓစ္စအစရှိသော ကိလေသာတို့ မည်ကုန်၏။ တနည်းကား ဥဒ္ဓစ္စကို အစပြု၍ အလုံးစုံသော ကိလေသာတို့ကို သိမ်းယူ၏။ ကြွင်းသော (နောက်အပိုဒ်) အဆိုတို့၌လည်း နည်းတူပင်။ (ဋီကာ)။

၂–ဂရုဘာဝ- ထိုင်းမှိုင်းလေးလံခြင်းဟူသော အမည်သည် ထိန မိဒ္ဓလွန်ကဲကုန်သော၊ တနည်း ထိုသို့သော အခြင်းအရာအားဖြင့် ဖြစ်ကုန်သော နာမ်ခန္ဓာလေးပါးတို့၏ အမည်ပေတည်း။ (ဋီကာ)။

၃–(မရှိသေ မကိုင်းညွှတ်နိုင်အောင်) တောင့်တင်းသည်၏ အဖြစ်သည် ထမ္ဘ-ခက်ထန်တောင့်တင်းခြင်းမည်၏၊ ဤအမည်သည် ဒိဋ္ဌိ မာန လွန်ကဲကုန်

http://www.dhammadownload.com



ရှိကုန်၏၊ ကိုယ်နှင့်စိတ်တို့၏ ခက်ထန်တောင့်တင်းခြင်းကို နှိမ်နင်းဖျက်ဆီးခြင်းကိစ္စ ရှိကုန်၏၊ (တစုံတခုသော အာရုံ၌) မထိပါးသောအားဖြင့် (ဉာဏ်အား)ရှေးရှုထင်ကုန်၏ (ဝါ-ယှဉ်ဖက်တရားတို့ကို) အာရုံ၌မထိပါးခြင်းကို ရှေးရှုဖြစ်စေတတ်ကုန်၏၊ (နူးညံ့သော)ကိုယ်နှင့်စိတ်လျှင် နီးသောအကြောင်း ရှိကုန်၏၊ ကိုယ်နှင့်စိတ်တို့၏ ခက်ထန်တောင့်တင်းခြင်းကို ပြုတတ်သည့် ဒိဋ္ဌိမာနအစရှိသော ကိလေသာတို့၏ ဆန့်ကျင်ဖက်ဖြစ်ကြသည်ဟု မှတ်အပ်(ကုန်)၏။

ကာယ၏ အမှု၌ ကောင်းသည်၏ အဖြစ်-လျော်သည်၏ အဖြစ်သည် ကာယကမ္မညတာမည်၏။ စိတ်၏ အမှု၌ ကောင်းသည်၏အဖြစ်-လျော်သည်၏အဖြစ်သည် စိတ္တကမ္မညတာ မည်၏။ ထိုနှစ်ပါးသော ကမ္မညတာတို့သည် ကိုယ်နှင့် စိတ်တို့၏ အမှု၌ မကောင်းခြင်း မလျော်ခြင်းကို¹ ငြိမ်းစေခြင်း လက္ခဏာရှိကုန်၏၊ ကိုယ်နှင့် စိတ်တို့၏အမှု၌ မကောင်းခြင်း မလျော်ခြင်းကို နှိမ်နင်းဖျက်ဆီးခြင်း ကိစ္စရှိကုန်၏၊ ကိုယ်နှင့်စိတ်တို့၏ အာရုံပြုမှုပြည့်စုံခြင်း-ကောင်းခြင်းကို ရှေးရှု ဖြစ်စေတတ်ကုန်၏၊ (အမှု၌ ကောင်းသော လျော်သော)ကိုယ်နှင့် စိတ်လျှင် နီးသော အကြောင်းရှိကုန်၏။ ကိုယ်နှင့် စိတ်

---

မှတ်ချက်

သော တနည်း ထို ဒိဋ္ဌိမာန ပြဓာန်းကုန်သော နာမ်ခန္ဓာ လေးပါးတို့၏ အမည်ပေတည်း။ (ဋီကာ)။

၁ – ကမ္မနိ သာဓု-အမှု၌ ကောင်းသည်=ကမ္မညံ-အမှု၌ ကောင်းသည်-အမှုပြုရန် လျော်သည်။ အကမ္မညဘာဝ-အမှုပြုရန် မလျော်သည်၏အဖြစ်- အမှုပြုရန် မလျော်ခြင်း၊ ဒါန သီလစသော ကောင်းမှုကို ပြုရာ၌(ကောင်းမှုကို ပြုရန်) မလျော်သည်၏အဖြစ်- မလျော်ခြင်းပေတည်း၊ အနက်တရားကိုယ်အားဖြင့် ကာမစ္ဆန္ဒအစရှိသော သံကိလေသတရားတို့ပေတည်း၊ တနည်း ထိုကာမစ္ဆန္ဒ ပြဓာန်းကုန်သော အကုသိုလ်ခန္ဓာ လေးပါးတို့ပေတည်း။ (ဋီကာ)။

http://www.dhammadownload.com



တို့၏ အမှု၌ မကောင်းခြင်း - မလျော်ခြင်းကို ပြုတတ်သော (ဆိုခဲ့ပြီးမှ) ကြွင်းသော နီဝရဏအစရှိသော အကုသိုလ်တို့၏ ဆန့်ကျင်ဘက် ဖြစ်ကြသည် ဟူ၍ရင်း၊ ကြည်ညိုဖွယ် ဝတ္ထုတို့၌ ကြည်ညိုခြင်းကို ဆောင်တတ်ကြသည် ဟူ၍ရင်း၊ ရွှေစင်ကဲ့သို့ပင် အကျိုးစီးပွါးကို ပြုမှုတို့၌ ယှဉ်စေရန် ခံ့ခြင်း သင့်လျော်ခြင်းကို ဆောင်တတ်ကြသည် ဟူ၍ရင်း မှတ်အပ်(ကုန်)၏။

[၉၆] ကိုယ်၏လေ့လာသန့်စွမ်းခြင်း ခံ့ကျန်းခြင်းသည် ကာယပါဂုညတာ မည်၏။ စိတ်၏လေ့လာသန့်စွမ်းခြင်း ခံ့ကျန်းခြင်းသည် စိတ္တပါဂုညတာ မည်၏။ ထိုနှစ်ပါးသော ပါဂုညတာတို့သည် ကိုယ်နှင့် စိတ်တို့၏ ကျန်းမာ သည်၏အဖြစ်-ကျန်းမာခြင်းလက္ခဏာရှိကုန်၏၊ ကိုယ်နှင့် စိတ်တို့၏ မကျန်း မာခြင်းကို[၁] နှိမ်နင်းဖျက်ဆီးခြင်း ကိစ္စရှိကုန်၏၊ (မကျန်းမာခြင်းဟူသော) အပြစ်ကင်းသောအားဖြင့် (ဉာဏ်အား)ရှေးရှုထင်ကုန်၏၊ (ကျန်းမာ သန့် စွမ်းသော)ကိုယ်နှင့် စိတ်လျှင် နီးသောအကြောင်း ရှိကုန်၏။ ကိုယ်နှင့် စိတ်တို့၏ မကျန်းမာခြင်းကို ပြုတတ်သော မယုံကြည်ခြင်း အစရှိသော အကုသိုလ်တို့၏ ဆန့်ကျင်ဘက်ဖြစ်ကြသည်ဟု မှတ်အပ်ကုန်၏။

ကိုယ်၏ ဖြောင့်မတ်သည်၏အဖြစ်သည် ကာယုဇုကတာမည်၏။ စိတ်၏ ဖြောင့်မတ်သည်၏ အဖြစ်သည် စိတ္တုဇုကတာမည်၏။ ထိုနှစ်ပါးသော ဥဇု ကတာတို့သည် ကိုယ်နှင့် စိတ်တို့၏ ဖြောင့်မတ်ခြင်း လက္ခဏာရှိကုန်၏၊ ကိုယ်နှင့် စိတ်တို့၏ ကောက်ကျစ်ခြင်းကို နှိမ်နင်း ဖျက်ဆီးခြင်း ကိစ္စရှိ ကုန်၏၊ အကောက်အကျစ် ကင်းသောအားဖြင့်(ဉာဏ်အား)ရှေးရှု ထင် ကုန်၏၊ (ဖြောင့်မတ်သော)ကိုယ်နှင့် စိတ်လျှင် နီးသော အကြောင်းရှိ

---

မှတ်ချက်

၁ – အဿဒ္ဓိယစသော အကုသိုလ်တို့သည်ရင်း, ယင်းတို့နှင့် တည်ရာတူသော အကုသိုလ်တို့သည်ရင်း ကိုယ်နှင့်စိတ်တို့၏ မကျန်းမာခြင်းမည်၏။ (ဋီကာ)

http://www.dhammadownload.com



ကုန်၏။ ကိုယ်နှင့် စိတ်တို့၏ ကောက်ကျစ်ခြင်းကို ပြုတတ်သော မာယာ သာဌေယျစသည်တို့၏[၁] ဆန့်ကျင်ဖက် ဖြစ်ကြသည်ဟု မှတ်အပ်(ကုန်)၏။[၂]

၄၇၁။ ဆန္ဒဟူသော ဤအမည်သည် ပြုရန်အလိုရှိသည်၏အဖြစ်-ပြုလိုခြင်း၏[၃] အမည်ပေတည်း။ ထို့ကြောင့် ယင်းဆန္ဒသည် ပြုလိုခြင်းလက္ခဏာ

---

မှတ်ချက်

၁–မာယာခေါ် လှည့်စားခြင်းသည် မိမိ၏ ရှိသောအပြစ်ကို ဖုံးကွယ်ခြင်းလက္ခဏာရှိ၏၊ သာဌေယျခေါ် ကောက်ကျစ်ခြင်းသည် မိမိ၌ မရှိသော ဂုဏ်ကို ပြခြင်းလက္ခဏာရှိ၏ဟု ဤသို့ ဆိုအပ်ကုန်သော ထိုလှည့်စားကောက်ကျစ်သည့် အခြင်းအရာဖြင့် ဖြစ်ကုန်သော အကုသိုလ် ခန္ဓာတို့သည်ရှင်း, ယင်းတို့နှင့် တည်ရာတူကုန်သော သံကိလေသတရားတို့သည်ရှင်း မာယာ သာဌေယျစသည်တို့မည်ကုန်၏။ (ဋီကာ)

၂–ဤအရာ၌ စိတ္တပဿဒ္ဓိစသည်တို့ဖြင့် စိတ်သည်သာလျှင် ငြိမ်း၏ ပေါ့၏ နူးညံ့၏ အမှု၌ ကောင်း၏ ခံ့ကျန်း၏ ဖြောင့်မတ်၏၊ ကာယပဿဒ္ဓိ စသည်တို့ဖြင့်မူကား (နာမ်အပေါင်းမျှသာမဟုတ်) ရုပ်အပေါင်းကိုယ်သည်လည်း (ငြိမ်း၏ ပေါ့၏ နူးညံ့၏ အမှု၌ကောင်း၏ ခံ့ကျန်း၏ ဖြောင့်မတ်၏)။ ထို့ကြောင့်ပင် မြတ်စွာဘုရားသည် ဤပဿဒ္ဓိစသည်တို့၌ သဘောတရားတို့၏ နှစ်ပါးအပြားရှိသည်၏ အဖြစ်ကို ဟောတော်မူပေသည်၊ အရာခပ်သိမ်း၌ကား မဟောပေ။ (ဋီကာ) ဤပဿဒ္ဓိ လဟုတာ မုဒုတာ ကမ္မညတာ ပါဂုညတာ ဥဇုကတာတို့သည် ကုသိုလ်စိတ်တိုင်း၌ ပါဝင်ကြသော်လည်း ယင်းတို့ကို ကိုယ်တွေ့အားဖြင့် သိနားလည်ရန် ခဲယဉ်း၏၊ ဘာဝနာကို အားထုတ်၍ ဥပစာရသမာဓိ အပ္ပနာ သမာဓိသို့ ရောက်သောအခါ၌ရှင်း, ဥဒယဗ္ဗယဉာဏ်စသည်သို့ ရောက်သောအခါ၌ရှင်း ထင်ရှားသိနိုင်၏။ ထို့ကြောင့် ယင်းတို့ကို ကိုယ်တွေ့အားဖြင့် သိလိုလျှင် ဘာဝနာအလုပ်ကို ထိထိရောက်ရောက် အားထုတ်ရာ၏။

၃–ဤ၌ ဆန္ဒ-ပြုလိုခြင်း-အလိုရှိခြင်းဟူသည် အာရုံကို ရလိုကာမျှသာဖြစ်သည်၊ နှစ်သက်တွယ်တာလျက် အလိုရှိသော တဏှာ၏ အလိုရှိခြင်းမျိုးကား မဟုတ်

http://www.dhammadownload.com



ရှိ၏၊ အာရုံကို ရှာခြင်းကိစ္စရှိ၏၊ အာရုံကို အလိုရှိသည့်အဖြစ်ဖြင့်(ဉာဏ်အား)ရှေးရှုထင်၏၊ ထိုအလိုရှိသော အာရုံသည်ပင် ယင်းဆန္ဒ၏ နီးသောအကြောင်း ပဒဋ္ဌာန်ပေတည်း၊ စိတ်၏ အာရုံကို ယူရာ၌ ဤဆန္ဒသည် လက်ဆန့်ခြင်းနှင့် တူသည်ဟု မှတ်အပ်၏။

၄၇၂။ အာရုံကို ဆုံးဖြတ်ခြင်းသည် အဓိမောက္ခမည်၏၊ ၎င်းသည် အာရုံကို ဆုံးဖြတ်ခြင်းလက္ခဏာရှိ၏၊ မဆုံးဖြတ်နိုင်ခြင်း၏ ဆန့်ကျင်ဖက်ကိစ္စရှိ၏၊ ဆုံးဖြတ်သောတရားဟု(ဉာဏ်အား)ရှေးရှုထင်၏၊ ဆုံးဖြတ်အပ်သော အာရုံတရားလျှင် နီးသောအကြောင်းရှိ၏။ အာရုံ၌ လှုပ်ရှားခြင်းကင်းသည်၏အဖြစ်ဖြင့် တံခါးတိုင်နှင့် တူသည်ဟု မှတ်အပ်၏။

၄၇၃။ ပြုခြင်းသည် ကာရမည်၏၊ မနသိ-စိတ်၌ ကာရ-(အာရုံကို) ပြုခြင်းသည် မနသိကာရမည်၏၊ ရှေးမနမှ ထူးသောမန-စိတ်ကို ပြုတတ်သောကြောင့်လည်း မနသိကာရမည်၏[၁]။ ထိုသို့သော ဤမနသိကာရသည် (၁) အာရမ္မဏပဋိပါဒက (၂) ဝီထိပဋိပါဒက (၃) ဇဝနပဋိပါဒကဟူ၍ သုံးပါးအပြားရှိ၏။

---

မှတ်ချက်

ပေ။ ကုသိုလ်ပြုလိုခြင်း ပေးကမ်းလိုခြင်း တရားနာလိုခြင်း တရားအားထုတ်လိုခြင်း မဂ်ဖိုလ်နိဗ္ဗာန် အစစ်အမှန်ကို ရလိုခြင်းစသည်တို့မှာ ဤကုသိုလ်ဆန္ဒသာဖြစ်သည်၊ လောဘတဏှာ မဟုတ်ပေ။

၁–ရှေးမနမှ ဟူသည်မှာ ရှေးဘဝင်စိတ်မှ-ဟု ဆိုလို၏။ ထူးသောမနကို–ဟူသည်မှာ (ဘဝင်စိတ်မှ ထူးခြားသော) ဝီထိစိတ် ဇောစိတ်ကို ပြုတတ်းသည်ဟု ဆိုလို၏။ ရှေးမနမှ ထူးသောမနကို ပြုတတ်သောကြောင့် မနသိကာရမည်သည်-ဟူသောဝစနတ္ထဖြင့် ဝီထိစိတ်တို့ကို ဖြစ်စေတတ်သော ပဉ္စဒွါရာဝဇ္ဇန်းဟူသော ဝီထိပဋိပါဒကမနသိကာရနှင့် ဇောစိတ်ကိုဖြစ်စေတတ်သော မနောဒွါရာဝဇ္ဇန်းဟူသော ဇဝနပဋိပါဒကမနသိကာရတို့ကို ပြ၏။ (ဋီကာ)

http://www.dhammadownload.com



ထိုတွင် အာရမ္မဏပဋိပါဒကခေါ် အာရုံ၌သွားစေသော မနသိကာရသည် မနသိ-စိတ်၌+ကာရ-ပြုခြင်း-ထားခြင်း-နှလုံးသွင်းခြင်း ပေတည်း။ ၎င်းသည်(ယှဉ်ဖက်တရားတို့ကို အာရုံဆီသို့)သွားစေခြင်း လက္ခဏာရှိ၏၊ ယှဉ်ဖက်တရားတို့ကို အာရုံ၌ ယှဉ်စေခြင်း ကိစ္စရှိ၏၊ အာရုံသို့ ရှေးရှုပြုနေသည့် အဖြစ်ဖြင့်(ဉာဏ်အား)ရှေးရှုထင်၏၊ အာရုံလျှင် နီးသောအကြောင်းရှိ၏။ သင်္ခါရက္ခန္ဓာ၌ အကျုံးဝင်၏၊ အာရုံ၌ သွားစေတတ်သည်၏အဖြစ်ဖြင့် ယှဉ်ဖက်တရားတို့ကို မောင်းနှင်သူ(ရထားထိန်း)ကဲ့သို့ မှတ်အပ်၏။ ထိုမှတပါး ဝီထိပဋိပါဒကခေါ် ဝီထိစိတ်အစဉ်ကို ဖြစ်စေတတ် စီရင်တတ်သော မနသိကာရဟူသော ဤအမည်သည် ပဉ္စဒွါရာဝဇ္ဇန်း၏ အမည်ပေတည်း။ ဇဝနပဋိပါဒကခေါ် ဇောကို ဖြစ်စေတတ် စီရင်တတ်သော မနသိကာရဟူသော ဤအမည်သည် မနောဒွါရာဝဇ္ဇန်း၏ အမည်ပေတည်း။ ထိုနှစ်ပါးတို့ကို ဤအရာ၌ အလိုမရှိအပ်ကုန်။

၄၇၄။ တတြ-ထို ယှဉ်ဖက်တရား တို့၌+မဇ္ဈတ္တတာ-အလယ် အလတ်သဘောရှိသည်၏အဖြစ်သည် တတြမဇ္ဈတ္တတာ မည်၏။၎င်းသည် ယှဉ်ဖက်စိတ်စေတသိက်တို့ကို အညီအမျှဆောင်ခြင်း ဖြစ်စေခြင်း လက္ခဏာရှိ၏၊ လျော့ခြင်း လွန်ခြင်းကို တားမြစ်ခြင်း ကိစ္စရှိ၏၊ တနည်းကား တဖတ်သတ်လိုက်ခြင်းကို ပယ်ဖြတ်ခြင်းကိစ္စရှိ၏၊ အလယ်အလတ် သဘောရှိသည်၏အဖြစ်ဖြင့် ဉာဏ်အား ရှေးရှုထင်၏၊ စိတ်စေတသိက်တို့ကို အညီအမျှ လျစ်လျူရှုသည်၏ အဖြစ်ဖြင့် အညီအမျှ သွားနေသော အာဇာနည်မြင်းတို့ကို လျစ်လျူရှုနေသော ရထားမောင်းသမားကဲ့သို့ မှတ်အပ်၏[၁]။

---

မှတ်ချက်

၁ - ဤတတြမဇ္ဈတ္တတာ စေတသိက်သည် ကုသိုလ်စိတ်တိုင်း၌ ပါဝင်သော်လည်း ယင်း၏ လက္ခဏာ ရသ ပစ္စုပဋ္ဌာန်တို့ကိုင်း, အာဇာနည်မြင်းတို့ကို လျစ်လျူရှုသည့် ရထားထိန်းနှင့်တူပုံကိုင်း ကိုယ်တွေ့အားဖြင့် သိရန် အလွန်

http://www.dhammadownload.com



[၉၇] ကရုဏာနှင့် မုဒိတာတို့ကို ဗြဟ္မဝိဟာရနိဒ္ဒေသ၌ ဆိုခဲ့ပြီးသော နည်းဖြင့်ပင် သိအပ်(ကုန်)၏။ မှန်ပေ၏ ထို၌ ဆိုခဲ့သော ကရုဏာနှင့် မုဒိတာတို့သည် သက်သက် အပ္ပနာသို့ ရောက်ကြသော ရူပါဝစရတရားတို့ ပေတည်း၊ ယခု ဤအရာ၌ ပြသော ကရုဏာနှင့် မုဒိတာတို့သည် ကာမာ ဝစရတရားတို့သာ ဖြစ်ကြသည်၊ ဤမျှသာလျှင် ထူးခြားခြင်းရှိပေသည်။

ကေစိ-အချို့ဆရာတို့သည်ကား မေတ္တာနှင့် ဥပေက္ခာတို့ကိုလည်း အနိယတတို့၌(ထည့်သွင်း ယူရန်)အလိုရှိကုန်၏၊ ထိုအဆိုကို လက်မခံအပ်၊ အကြောင်းမူကား မေတ္တာဟူသည်မှာ အနက်တရားကိုယ်အားဖြင့် အဒေါသ စေတသိက်သာလျှင် ဖြစ်သည်၊ ဥပေက္ခာဟူသည်မှာလည်း တတြမဇ္ဈတ္တတာ စေတသိက် ဟူသော ဥပေက္ခာသာလျှင် ဖြစ်သည်၊ ထို့ကြောင် လက်မခံ အပ်ပေ။

၄၇၅။ ကာယဒုစရိုတ်မှ ကြဉ်ခြင်းသည် ကာယဒုစ္စရိတဝိရတိမည်၏။ ကြွင်းသော ဝိရတိနှစ်ပါးတို့၌လည်း နည်းတူပင်။ လက္ခဏာ စသည်အား ဖြင့်မူ ဤ ဝိရတိသုံးပါးလုံးပင် ကာယဒုစရိုတ် စသည်တို့၏ ဝတ္ထုတို့ကို[၁] မကျူးလွန်ခြင်း လက္ခဏာရှိကုန်၏၊ မနင်းနယ်ခြင်း လက္ခဏာရှိကြသည်ဟု

---

မှတ်ချက်

ခက်၏။ ဥဒယဗ္ဗယဉာဏ်သို့ရောက်နေသော ယောဂီသည်ကား ယင်းလက္ခဏာ စသည်တို့ကိုရှင်း, ရထားထိန်းနှင့် တူပုံကိုရှင်း ကိုယ်တွေ့အားဖြင့် ထင်ရှားသိ ရ၏။ ထို့ကြောင့် ထိုသို့ ကိုယ်တွေ့အားဖြင့်သိလိုလျှင် ဥဒယဗ္ဗယဉာဏ်စသည် ရောက်အောင် သတိပဋ္ဌာန်ဝိပဿနာ အလုပ်ကို အားထုတ်ကြည့်ရာ၏။

၁–ကာယဒုစရိုတ်စသည်တို့၏ ဝတ္ထုတို့ဟူသည်မှာ သူ့အသက် သူ့ဥစ္စာ သူ့မယား စသည်တို့ပင်။ (ဋီကာ)

http://www.dhammadownload.com



ဆိုလို၏၊ ကာယဒုစရိုက်စသည်တို့၏ ဝတ္ထုမှ တွန့်ဆုတ်ခြင်း ကိစ္စရှိကုန်၏[၁]၊ ယင်းဒုစရိုက်တို့ကို မပြုခြင်း သဘောဟု(ဉာဏ်အား)ရှေးရှုထင်ကုန်၏၊သဒ္ဓါ ဟိရိ ဩတ္တပ္ပ အပ္ပိစ္ဆတာ(အလိုနည်းခြင်း)အစရှိသော ဂုဏ်တို့လျှင် နီးသော အကြောင်းရှိကုန်၏။ မကောင်းမှုကို ပြုခြင်းမှ စိတ်၏ မျက်နှာလွှဲခြင်း သဘောများ ဖြစ်ကြသည်ဟု မှတ်အပ်(ကုန်)၏။

၄၇၆။ ယခု ပြဆိုခဲ့သည့် အတိုင်း ၃၆-ပါးသော ဤ သင်္ခါရတို့သည် သာလျှင် ကာမာဝစရကုသိုလ် ပဌမစိတ်နှင့် ယှဉ်ကြသည်ဟု သိအပ်၏။ ဒုတိယစိတ်နှင့်လည်း ထို့အတူပင် သိအပ်၏၊ ဤ ဒုတိယစိတ်၌ သသင်္ခါရ အဖြစ်မျှသာလျှင် ထူးသည်။

တတိယကုသိုလ် စိတ်နှင့်မူ အမောဟမှတပါး ကြွင်းသော (၃၅-ပါး သော)သင်္ခါရတို့ ယှဉ်ကြသည်ဟု သိအပ်၏။ စတုတ္ထစိတ်နှင့် ထို့အတူပင်၊ ဤစိတ်၌ သသင်္ခါရ အဖြစ်မျှသာထူးသည်[၂]။

ထိုမှတပါး ပဌမစိတ်၌ဆိုခဲ့သော သင်္ခါရတို့တွင် ပီတိမှ ကြွင်းသော (၃၅-ပါးသော)သင်္ခါရတို့သည် ပဥ္စမစိတ်နှင့် ယှဉ်ကုန်၏။ ဆဋ္ဌစိတ်နှင့်လည်း

---

မှတ်ချက်

၁ – ကာယဒုစရိုက် စသည်တို့၏ ဝတ္ထုမှ တွန့်ဆုတ်ခြင်းကိရိယာကို ညွှန်ပြခြင်းဖြင့် ကာယဒုစရိုက် စသည်မှပင်လျှင် တွန့်ဆုတ်ခြင်းကိရိယာကို ဆိုသည်ဟု မှတ်အပ်၏။ မှန်၏၊ ဝိရတိတို့သည် ဒုစရိုက်တို့၏ ဝတ္ထုကို မပြုခြင်း ပစ္စုပဋ္ဌာန် ရှိကြသည် ( ဟု ဆိုရန်) မသင့်ကုန်၊ စင်စစ်သော်ကား ဒုစရိုက်ကို မပြုခြင်း ပစ္စုပဋ္ဌာန်ရှိကြသည် ဟူ၍သာ ဆိုရန် သင့်ကုန်၏။(ဋီကာ)

၂ – အမောဟခေါ် ဉာဏ်နှင့် မယှဉ် သောကြောင့်ပင် ဤဒုတိယ တတိယ စိတ်တို့ကို ဉာဏဝိပ္ပယုတ်ဟု ဆိုရပေသည်။

http://www.dhammadownload.com



ထို အတူပင်။ ဤဆဋ္ဌစိတ်၌ သသင်္ဂါရအဖြစ်မျှသာ ထူးသည်[၁]။ သတ္တမစိတ်နှင့်မူ အမောဟကို ချန်ထား၍ ကြွင်းသော (၃၄-ပါးသော) သင်္ဂါရတို့ ယှဉ်ကြသည်ဟု သိအပ်၏။ အဋ္ဌမစိတ်နှင့်လည်း ထိုအတူပင်။ ဤအဋ္ဌမစိတ်၌ သသင်္ဂါရအဖြစ်မျှသာ ထူးသည်။

ကာမာဝစရ ပဌမကုသိုလ်စိတ်၌ ဆိုခဲ့သောသင်္ဂါရတို့တွင် ဝိရတီသုံးပါးကို ချန်ထား၍ ကြွင်းကုန်သော (၃၃-ပါးသော) သင်္ဂါရတို့သည် ရူပါဝစရကုသိုလ် ပဌမဈာန်စိတ်နှင့်ယှဉ်ကုန်၏[၂]။ ထို ၃၃-ပါးထဲမှ ဝိတက်ကြဉ်သော ၃၂-ပါးသော သင်္ဂါရတို့သည် ဒုတိယဈာန်စိတ်နှင့် ယှဉ်ကုန်၏။ ထို ၃၂-ပါးထဲမှ ဝိစာရကြဉ်သော ၃၁-ပါးတို့သည် တတိယဈာန်စိတ်နှင့်ယှဉ်ကုန်၏။ ထို ၃၁-ပါးထဲမှ ပီတိကြဉ်သော ၃၀-တို့သည် စတုတ္ထဈာန်စိတ်နှင့်ယှဉ်ကုန်၏။

---

မှတ်ချက်

၁–ဤပဉ္စမ ဆဋ္ဌစိတ်တို့သည် ဥပေက္ခာသဟဂုတ် ဖြစ်သောကြောင့် ပီတိနှင့် မယှဉ်ခြင်းဖြစ်သည်၊ သတ္တမ အဋ္ဌမ စိတ်တို့၌လည်း နည်းတူပင်။ ထိုစိတ် ၂-ပါးတို့သည်ကား ဉာဏဝိပ္ပယုတ်ဖြစ်၍ အမောဟနှင့်လည်း မယှဉ်ကြ။

၂–ဤဈာန်စိတ်၌ ၃၃-ပါးဟု ဆိုသော်လည်း ကရုဏာဈာန်၌ မုဒိတာ မပါ ၃၂ ပါးသာ၊ မုဒိတာဈာန်၌ ကရုဏာ မပါ ၃၂-ပါးသာ၊ ကသိုဏ်းဈာန်စသည်တို့၌ ကရုဏာ မုဒိတာ ၂-ပါးလုံး မပါ၊ ၃၁-ပါးသာ ယှဉ်ကြသည်ဟု မှတ်အပ်၏။ ထို့ပြင် ကာမကုသိုလ် စိတ်တို့၌လည်း သနားသော အခါ၌သာ ကရုဏာ ယှဉ်သည်၊ သူ့စည်းစိမ်ကို ဝမ်းမြောက်သောအခါ၌သာ မုဒိတာ ယှဉ်သည်၊ ကာယဒုစရိုတ်မှ ကြဉ်ရှောင်သောအခါ၌သာ သမ္မာကမ္မန္တဝိရတိ ယှဉ်သည်၊ ဝစီဒုစရိုတ်မှကြဉ်ရှောင်သော အခါ၌သာ သမ္မာဝါစာဝိရတိ ယှဉ်သည်၊မိစ္ဆာ အာဇီဝမှ ကြဉ်ရှောင်သောအခါ၌သာ သမ္မာအာဇီဝ ဝိရတိယှဉ်သည်၊ ထိုမှ တပါး ပေးလှူသောအခါ အရိုအသေ ပြုသောအခါ အစရှိသော သာမန် ကုသိုလ်စိတ်များ ဖြစ်သောအခါတို့၌မူ ကရုဏာ မုဒိတာနှင့် ဝိရတိ သုံးပါးတို့ မယှဉ်ကြ ဟူသော ဤအထူးကိုလည်း မှတ်အပ်၏။

http://www.dhammadownload.com



ထို၃၀-ထဲမှ အနိယတမည်သည့်ကရုဏာမုဒိတာတို့ကြဉ်သော ၂၈-ပါးတို့သည် ပဉ္စမစျာန်စိတ်နှင့် ယှဉ်ကုန်၏။ ထို ၂၈-ပါးတို့သည်ပင်လျှင် အရူပါဝစရ ကုသိုလ်စိတ် ၄-ပါးတို့၌ ယှဉ်ကုန်၏။ ဤအရူပါဝစရစျာန်စိတ်တို့၌ အရူပါ-ဝစရအဖြစ်မျှသည်သာ ထူးသည်။

လောကုတ္တရာကုသိုလ်စိတ်တို့တွင် ပဌမစျာန်နှင့် ယှဉ်သော မဂ်စိတ် (၄-ပါး)၌ ရူပါဝစရပဌမစျာန်စိတ်၌ ဆိုခဲ့သောနည်းဖြင့် (ကရုဏာ မုဒိတာ တို့ကို နုတ်ပယ်ကာ ဝိရတိသုံးပါးတို့ကို ထည့်၍ ယှဉ်သော သင်္ခါရတို့ကို[၁]) သိအပ်၏၊ ဒုတိယစျာန်နှင့် ယှဉ်သော စိတ်စသည် အပြားရှိသော မဂ်စိတ် (၄-ပါး)၌ ယှဉ်သော သင်္ခါရတို့ကို ရူပါဝစရ ဒုတိယစျာန်စိတ်[၂]စသည်တို့၌ ဆိုခဲ့သောနည်းဖြင့် ပင်လျှင် (ကရုဏာ မုဒိတာတို့ကို နုတ်ပယ်ကာ ဝိရတိ သုံးပါးတို့ကို ထည့်၍)သိအပ်(ကုန်)၏။ အထူးကား ဤလောကုတ္တရာစိတ် တို့၌ ကရုဏာ မုဒိတာတို့ မရှိခြင်း [ ၉၈ ] ဝိရတိသုံးပါး အမြဲယှဉ်ခြင်း, လောကုတ္တရာဖြစ်ခြင်း ဟူသော ဤသည်သာလျှင် ထူးပေသည်။ ယခု ဆိုခဲ့ သည့်အတိုင်း ရှေးဦးစွာ ကုသိုလ်သာလျှင် ဖြစ်ကုန်သော သင်္ခါရတို့ကို သိအပ်ကုန်၏။

---

မှတ်ချက်

၁–ကရုဏာ မုဒိတာတို့ကို နုတ်ပယ်ရန် ဝိရတိ သုံးပါးကို ထည့်ရန် နောက်၌ ပြလတ္တံ့ဖြစ်သော်လည်း သုတနည်းသူတို့ သိလွယ်စေရန် ဤ၌ လက်သည်း ကွင်းဖြင့် ဖော်ပြလိုက်သည်၊ ရူပါဝစရ ပဌမစျာန်၌ ၃၃-မှ ကရုဏာ မုဒိတာ ၂-ပါးနုတ် ၃၁-ကျန်၊ ၎င်း၌ ဝိရတိ သုံးပါးထည့် ၃၄-ပါး ဖြစ်သည်။

၂–ပဌမစျာန်၌ ၃၄-မှ ဝိတက်နုတ် ဒုတိယစျာန်၌ ၃၃၊ ၎င်းမှ ဝိစာရနုတ် တတိယစျာန်၌ ၃၂၊ ၎င်းမှ ပီတိနုတ် စတုတ္ထနှင့် ပဉ္စမစျာန်တို့၌ ၃၁-ဖြစ် သည်-ဟု သိအပ်၏။

http://www.dhammadownload.com



၄၇၇။ အကုသိုလ်စိတ်တို့တွင် လောဘမူ ပဌမ အကုသိုလ်စိတ်နှင့် ယှဉ်သော နိယတ သင်္ခါရတို့သည်[၁] သရုပ်အားဖြင့် လာသော သင်္ခါရ ၁၃-ပါး၊ ယေဝါပနဖြင့် ဟောသော သင်္ခါရ ၄-ပါး ဤသို့အားဖြင့် ၁၇-ပါး တို့ပေတည်း။ ထိုတွင် ဖဿ, စေတနာ, ဝိတက်, ဝိစာရ, ပီတိ, ဝီရိယ, ဇီဝိတ, သမာဓိ, အဟိရိက, အနောတ္တပ္ပ, လောဘ, မောဟ, မိစ္ဆာဒိဋ္ဌိဟူသော ဤ ၁၃-ပါးတို့သည် သရုပ်အားဖြင့်လာသောသင်္ခါရတို့ပေတည်း။ ဆန္ဒ, အဓိမောက္ခ, ဥဒ္ဓစ္စ, မနသိကာရ ဟူသော ဤ ၄-ပါးတို့သည် ယေဝါပနဖြင့် ဟောသော ယေဝါပနကသင်္ခါရတို့ပေတည်း။

၄၇၈။ ထိုတွင် မရှက်တတ်သောသူသည် အဟိရိကမည်၏၊ မရှက်တတ်သောသူ၏ ဖြစ်ကြောင်းသဘောသည် အဟိရိကမည်၏[၂]။ မကြောက်လန့်တတ်သောသဘောသည် အနောတ္တပ္ပမည်၏။ ထိုနှစ်ပါးတို့တွင် အဟိရိကသည် ကာယဒုစ္စရိုက် စသည်တို့ကို မစက်ဆုပ်ခြင်းလက္ခဏာ ရှိ၏၊ တနည်း မရှက်ခြင်းလက္ခဏာရှိ၏။ အနောတ္တပ္ပသည် ထိုဒုစရိုက်တို့မှပင်လျှင်မကြောက်ရွံ့ခြင်းလက္ခဏာရှိ၏၊ တနည်း မထိတ်လန့်ခြင်းလက္ခဏာရှိ၏။ ဤသည်ကား ဤအရာ၌ အကျဉ်းပေတည်း၊ အကျယ်ကိုမူ ဟိရီ ဩတ္တပ္ပ တို့ကို ပြရာ၌ ဆိုခဲ့သောစကား၏ ဆန့်ကျင်ဖက်အစွမ်းအားဖြင့် သိအပ်၏။

---

မှတ်ချက်

၁—နိယတသင်္ခါရတို့သည် ၁၇ ပါးတို့ပေတည်း-ဟု စပ်ပါ။ ဤ၌ သိလွယ် စေရန် အနည်းငယ် ပြင်၍ ပြန်ထားသည်။

၂—ဤမြန်မာပြန်၌ အဟိရိက ဟူ၍ချည်း တူနေသော်လည်း ပါဠိ၌ကား မရှက်တတ်သူကို အဟိရိကော-ဟူ၍၎င်း မရှက်တတ်သူ ဖြစ်ကြောင်း သဘောကို အဟိရိကံ ဟူ၍၎င်း ပုလ္လိင် နပုလ္လိင်အားဖြင့် ကွဲ၏။ အဟိရိကောသည် သာမန်နာမ်ပုဒ်ဖြစ်၍ အဟိရိကံသည် ဘာဝတဒ္ဓိတ်ပုဒ်ဖြစ်သည်၊ ဤသို့လည်း ကွဲ၏။

http://www.dhammadownload.com



၄၇၉။ လိုချင်မက်မောကြောင်းသဘောသည် လောဘမည်၏၊ တနည်း လိုချင်မက်မောတတ်သောသဘောသည် လောဘမည်၏၊ တနည်း လိုချင်ခြင်း မက်မောခြင်းမျှသည် လောဘမည်၏။ တွေဝေကြောင်း အမှားကို သိကြောင်း သဘောသည် မောဟမည်၏၊ တနည်း တွေဝေတတ် အမှန်ကို မသိတတ် အမှားကို သိတတ်သောသဘောသည် မောဟမည်၏၊ တနည်း တွေဝေခြင်း အမှန်ကိုမသိခြင်း အမှားကို သိခြင်းမျှသဘောသည် မောဟမည်၏[၁]။ ထိုတွင် လောဘသည် အာရုံကို သိမ်းယူခြင်းလက္ခဏာ ရှိ၏၊ မျောက်နှိုစေးကဲ့သို့ပင်၊ အာရုံ၌ ရှေးရှု ငြိကပ်ခြင်းကိစ္စရှိ၏၊ အိုးကင်းပူ၌ ပစ်ချလိုက်သောသားတစ်ကဲ့သို့ပင်၊မစွန့်လွှတ်နိုင်သည့် အနေအားဖြင့် (ဉာဏ်အား) ရှေးရှုထင်၏၊ ဆီမင်စွန်းခြင်းကဲ့သို့ပင်။ သံယောဇဉ်ကြိုး၏ ချည်တိုင်အာရုံတို့၌ သာယာဖွယ်ဟု မြင်ခြင်းလျှင် နီးသောအကြောင်းရှိ၏။ တဏှာမြစ်အဖြစ်ဖြင့် တိုးပွါးလတ်သော် လျင်သော ရေယဉ်ရှိသည့် မြစ်သည် သမုဒ္ဒရာသို့ ဆောင်သွားသကဲ့သို့ အပါယ်သို့သာလျှင် ဆောင်ယူ၍ သွားတတ်သည်ဟု မှတ်အပ်၏။

၄၈၀။ မောဟသည် စိတ်၏ဉာဏ်မြင်ကန်းခြင်းလက္ခဏာရှိ၏၊ တနည်း အမှန်မသိခြင်း-အမှားသိခြင်း လက္ခဏာရှိ၏၊ ထိုးထွင်း၍ မသိစေခြင်းကိစ္စရှိ၏၊ တနည်း အာရုံ၏သဘောမှန်ကို ဖုံးကွယ်ခြင်းကိစ္စရှိ၏၊ အမှန်မသွား-အမှားမြင်သည့်အနေဖြင့် (ဉာဏ်အား) ရှေးရှုထင်၏၊ တနည်း ဉာဏ်မြင်ကန်းအောင် ပြုသည့် အမိုက်တိုက်အနေဖြင့် (ဉာဏ်အား) ရှေးရှုထင်၏၊ အယော-

---

မှတ်ချက်

၁-ဤ၌ တွေဝေ ဟူသည်မှာ အမှန်အတိုင်း မသိခြင်းကိုသာ ဆိုလို၏၊ မိန်းမောနေခြင်းမျိုးကိုကား ဆိုလိုသည်မဟုတ်၊ အနိစ္စ အစရှိသော သဘောမှန်ကို မသိပဲ နိစ္စ စသည်ဖြင့် အလွဲအမှားကို သိခြင်း ပကတိ သိနေကျ အတိုင်း သိခြင်းများသည် မောဟ အစွမ်းပင်ဖြစ်သည်။

http://www.dhammadownload.com



နိသောမနသိကာရလျှင် နီးသောအကြောင်းရှိ၏။ အကုသိုလ်အားလုံးတို့၏ အရင်းမူလဟု မှတ်အပ်၏။

၄၇၁။ မှားယွင်းစွာ မြင်ကြောင်း သဘောသည် မိစ္ဆာဒိဋ္ဌိ မည်၏၊ တနည်း– မှားယွင်းစွာ မြင်တတ်သော သဘောသည် မိစ္ဆာဒိဋ္ဌိ မည်၏။ တနည်း မှားယွင်းစွာမြင်ခြင်းမျှသည် မိစ္ဆာဒိဋ္ဌိမည်၏[၁]။ ၎င်းသည် မသင့်မမှန်သောအကြောင်းနည်းလမ်းဖြင့် နှလုံးသွင်းခြင်းလက္ခဏာရှိ၏၊ အမှန်ကို ကျော်လွှန်၍ အမှားအားဖြင့် သုံးသပ်ခြင်းကိစ္စရှိ၏၊ မှားယွင်းစွာ အခိုင်အမာနှလုံးသွင်း-ယူစွဲနေသည်ဟု (ဉာဏ်အား) ရှေးရှုထင်၏၊ အရိယာတို့ကို မဖူးမြင်လိုခြင်း စသည်လျှင်[၂] နီးသောအကြောင်း ရှိ၏။ အလွန်အကဲဆုံး-အကြီးဆုံးအပြစ်ဟု မှတ်အပ်၏။

[၉၉] ၄၇၂။ အာရုံ၌ မစူးစိုက်နိုင်ပဲ တက်ကြွသည်၏ အဖြစ်သည် ဥဒ္ဓစ္စ မည်၏၊ ၎င်းသည် မငြိမ်သက်ခြင်း လက္ခဏာရှိ၏၊ လေတိုက်ခတ်၍ လှုပ်နေသောရေနှင့်တူ၏၊ မတည်တံ့ခြင်းကိစ္စရှိ၏၊ လေတိုက်ခတ်၍ လှုပ်ရှားနေသော တမ်းခွန်အလံနှင့်တူ၏၊ ချာချာလည်သည်၏အဖြစ်ဖြင့် (ဉာဏ်အား) ရှေးရှုထင်၏၊ ကျောက်ခဲကျလာ၍ ခတ်မိသဖြင့် ပျံ့တက်နေသောပြာနှင့် တူ၏၊

---

မှတ်ချက်

၁– မောဟသည် အနိစ္စ ဒုက္ခ အနတ္တတို့ကို ပကတိ သိနေကျအတိုင်း နိစ္စ သုခ အတ္တဟု မှားယွင်းစွာ သိ၏၊ ဒိဋ္ဌိသည် အတ္တမဟုတ်သော ရုပ်နာမ် သဘောတရားတို့ကို အတ္တဟူ၍၎င်း၊ယင်းအတ္တသည် မပျက်ပဲ အမြဲတည်ရှိနေသည်ဟူ၍၎င်း၊ သို့မဟုတ် သေသောအခါ လုံးဝပျောက်ပျက်သွားသည် ဟူ၍၎င်း၊ ကံ ကံ၏ အကျိုးမရှိ ဤသို့ စသည်ဖြင့်၎င်း မှားယွင်းစွာ ထင်မြင်စွဲလမ်းသည်။ဤသို့ အားဖြင့် အလွဲသိမြင်ပုံချင်း ကွဲ၏။

၂– ဤ၌ စသည်ဖြင့် သူတော်ကောင်းတရားကို မနာလိုခြင်း မနာ ကြားရခြင်း စသည်ကို ယူအပ်၏။

http://www.dhammadownload.com



စိတ် မငြိမ်သက်အောင်[၁] မသင့်မတော်စွာ နှလုံးသွင်းခြင်းလျှင် နီးသော အကြောင်းရှိ၏။ စိတ်ကို ပစ်လွှင့်ခြင်းသဘော ဝါ-စိတ်၏ ပျံ့လွင့်ကြောင်း သဘောဟု မှတ်အပ်၏။ ကြွင်းကုန်သော ဖဿစသည်တို့ကို ကုသိုလ်သခ်ါရအရာ၌ ဆိုခဲ့ပြီးသော နည်းဖြင့်ပင် သိအပ်ကုန်၏။ မှန်ပေ၏-အကုသိုလ်မျှ အဖြစ်သည်သာလျှင်ငင်း, အကုသိုလ်ဖြစ်သောကြောင့် ယုတ်ညံ့သည်၏ အဖြစ်သည်သာလျှင်ငင်း ဤအကုသိုလ်ဖဿစသည်တို့၏ ထိုကုသိုလ်ဖဿ စသည်တို့မှ ထူးခြားခြင်းရှိပေသည်။

၄၇၃။ ယခုပြဆိုခဲ့သည့်အတိုင်း ၁၇-ပါးသော ဤသခ်ါရတို့သည် ပဌမ အကုသိုလ်စိတ်နှင့်ယှဉ်ကြသည်ဟု သိအပ်၏။ ဒုတိယအကုသိုလ်စိတ်နှင့်လည်း ထို့အတူပင် သိအပ်၏၊ အထူးကား ဤဒုတိယအကုသိုလ်စိတ်၌ သသခ်ါရ အဖြစ်သည်ငင်း, ထိနမိဒ္ဓ၏ အနိယတ အဖြစ်သည်ငင်း (ဝါ-အနိယတဖြစ်သော ထိနမိဒ္ဓနှင့် ယှဉ်ခြင်းသည်ငင်း[၂]) အထူးပေတည်း။

ထိုထိနမိဒ္ဓတို့တွင် တွန့်ဆုတ်ခြင်း ပျင်းရိခြင်းသည် ထိနမည်၏။ (မစွမ်းနိုင်ခြင်း ပင်ပန်းခြင်းအလိုအားဖြင့်) မိုင်းခြင်း ငိုင်နေခြင်းသည်[၃] မိဒ္ဓမည်၏။

---

မှတ်ချက်

၁–စေတသော အဝူပသမေ ပုဒ်၏ အနက်ဖြစ်သည်။ "ပြီးစေအပ်သော အကျိုး ပယောဇဉ်၌ သတ္တမီ ဝိဘတ်သက်သည်"ဟု ဖွင့်သော ဋီကာအရ အကျိုး ပယောဇဉ် အနက်လည်း ပေါ်အောင်၊ မြန်မာပြန်လည်း ချောအောင် ပြန်ခြင်းဖြစ်သည်။

၂–ယင်း သသခ်ါရစိတ်၌ ထိနနှင့် မိဒ္ဓလည်း ရံခါ ယှဉ်သည်ဟု ဆိုလို၏။

၃–ထိန-ထိုင်းသည်၊ မိဒ္ဓ-မှိုင်းသည်-ဟု ပြန်ဆိုရိုးအရ မှိုင်းခြင်းဟု ပြန်သည်၊ ထိုသို့ ဖြစ်နေသည်ကို မှိုင်းတိုင်းတိုင်း ဖြစ်နေသည်ဟူ၍လည်း ပြောတတ်ကြ၏၊ ငိုင်တိုင်တိုင် ဖြစ်နေသည်ဟူ၍လည်း ပြောတတ်ကြ၏၊ ထို့ကြောင့် ငိုင်နေခြင်းဟူ၍လည်း ထပ်ဆင့်၍ ပြသည်။

http://www.dhammadownload.com



အားထုတ်ခြင်းမရှိပဲ တွန့်ဆုတ်ခြင်းသည် ထိန၏အနက်၊ စွမ်းနိုင်ခြင်း ကင်းလျက် ပင်ပန်းခြင်းသည် မိဒ္ဓ-၏အနက် ဖြစ်သည်။ ထိနနှင့်မိဒ္ဓတွဲ၍ ထိနမိဒ္ဓ ဟုခေါ်သည်[၁]။ ထိုတွင် ထိနသည် အားမထုတ်ခြင်း-အားထုတ်မှု ကင်းခြင်း လက္ခဏာရှိ၏၊ လုံ့လဝီရိယကို ပယ်ဖျောက်ခြင်း ကိစ္စရှိ၏၊ တွန့်ဆုတ်ခြင်း သဘောဟု (ဉာဏ်အား) ရှေးရှုထင်၏။ မိဒ္ဓသည် အမှု၌ မကောင်းခြင်း- မလျော်ခြင်းလက္ခဏာရှိ၏၊ (ဝိညာဏဒွါရတို့ကို) ပိတ်ခြင်းကိစ္စရှိ၏[၂]၊ တွန့်ဆုတ်သည်၏အဖြစ်ဖြင့်(ဉာဏ်အား)ရှေးရှုထင်၏၊ တနည်း မှိန်းခြင်း အိပ်ငိုက်ခြင်းကို ဖြစ်စေတတ်၏။ ထိုထိန မိဒ္ဓ နှစ်ပါးလုံးပင် ကုသိုလ်အလုပ်၌ မပျော်ခြင်း, ကိုယ်လက်တို့ကို ပစ်နွဲခြင်း စသည်တို့၌ (ဝါ- စသည်တို့ ဖြစ်အောင်[၃]) မသင့်စွာ နှလုံးသွင်းမှု- အယောနိသော မနသိကာရလျှင် နီးသောအကြောင်းရှိ၏။

ပဌမအကုသိုလ်စိတ်၌ ဆိုခဲ့သော ၁၇-ပါးတို့တွင် မိစ္ဆာဒိဋ္ဌိကို ချန်ထား၍ ကြွင်းသော သင်္ခါရတို့သည် တတိယ အကုသိုလ်စိတ်နှင့် ယှဉ်ကြသည်ဟု သိအပ်၏၊ အထူးကား ဤတတိယအကုသိုလ်စိတ်၌ အနိယတဖြစ်သော

---

မှတ်ချက်

၁ – နိဿယ ပြန်နည်းအားဖြင့် "ထိနလည်း မိဒ္ဓလည်း ထိန မိဒ္ဓ မည်၏" ဟု ပြန်လျှင် သုတနည်းသူတို့ နားလည်မည် မဟုတ်၊ ထို့ကြောင့် အထက်ပါအတိုင်း ပေါ်လွင်စွာ ပြန်လိုက်သည်။

၂ – ဝိညာဏဒွါရတို့ကို ပိတ်ခြင်းဟူသည်မှာ စက္ခုဒွါရဝီထိစသည် မဖြစ်နိုင်အောင် စိတ်အားလျော့စေခြင်းပင် ဖြစ်သည်။

၃ – ဤ၌လည်း "ပြီးစေအပ်သောအကျိုး ပယောဇဉ်၌ သတ္တမီဝိဘတ်သက်သည်" ဟု ဖွင့်ပြသော ဋီကာနှင့်အညီ (ဝါ-စသည်တို့ဖြစ်အောင်) ဟု တနည်းပြန်သည်။

http://www.dhammadownload.com



မာနသည် ဖြစ်၏-ဤကား အထူး[၁]။ ယင်းမာနသည် တက်ကြွ ထောင်လွှားခြင်းလက္ခဏာရှိ၏၊ ကိုယ့်ကိုယ်ကို ချီးမြှောက်ခြင်းလက္ခဏာရှိ၏၊ တမ်းခွန်ကဲ့သို့ မြင့်တက်ပလွှားလိုသည်၏ အဖြစ်ဖြင့် ( ဉာဏ်အား ) ရှေးရှု ထင်၏။ ဒိဋ္ဌိဝိပ္ပယုတ် လောဘလျှင် နီးသော အကြောင်းရှိ၏၊ ရူးသွပ်ခြင်းကဲ့သို့ မှတ်အပ်၏။

ဒုတိယအကုသိုလ်စိတ်၌ ဆိုခဲ့သော ၁၉-ပါးတို့တွင် မိစ္ဆာဒိဋ္ဌိကို ချန်ထား၍ ကြွင်းသော သင်္ခါရတို့သည် စတုတ္ထအကုသိုလ်စိတ်နှင့် ယှဉ်ကြသည်ဟု သိအပ်၏၊ ဤစတုတ္ထစိတ်၌လည်း အနိယတဖြစ်သော မာနသည် ဖြစ်သည် သာတည်း[၂]။

ထိုမှတပါး ပဌမအကုသိုလ်စိတ်၌ ဆိုခဲ့သော ၁၇-ပါးတို့တွင် ပီတိကို ချန်ထား၍ ကြွင်းသောသင်္ခါရတို့သည် ပဉ္စမအကုသိုလ်စိတ်နှင့် ယှဉ်ကုန်၏။ ဆဋ္ဌစိတ်နှင့်လည်း ထို့အတူပင်၊ ဤဆဋ္ဌစိတ်၌ သသင်္ခါရအဖြစ်သည်ရင်း အနိယတဖြစ်သော ထိနမိဒ္ဓ၏ယှဉ်ခြင်းသည်ရင်း ဤမျှသာ ထူးသည်[၃]။

ပဉ္စမအကုသိုလ်စိတ်၌ ဆိုခဲ့သော ၁၆-ပါးတို့တွင် ဒိဋ္ဌိကို ချန်ထား၍ ကြွင်းသောသင်္ခါရတို့သည် သတ္တမအကုသိုလ်စိတ်နှင့်ယှဉ်ကြသည်ဟု သိအပ်

---

မှတ်ချက်

၁-ဤ ဒိဋ္ဌိဝိပ္ပယုတ်စိတ်၌ မာနလည်း ရံခါ ယှဉ်သည်-ဟု ဆိုလို၏။ ထို့ကြောင့် ယင်း ဒိဋ္ဌိဝိပ္ပယုတ်စိတ်ကို မာနသမ္ပယုတ် မာနဝိပ္ပယုတ်ဟု ၂-ပါးခွဲ၍ သိအပ်၏။

၂-ဤ စိတ်၌ မာနယှဉ်သောအခါ သင်္ခါရ ၁၉-ပါးပင် ဖြစ်သည်၊ ထိုတွင် ထိနမိဒ္ဓနှင့် မာနတို့သည် အနိယတများ ဖြစ်ကြ၍ ရံခါသာ ယှဉ်ကြသည်ဟု သိအပ်၏။

၃-ပဌမစိတ်၌ ၁၇-ပါးမှ ပီတိကိုနှုတ်၍ ၁၆-ပါးသည် ပဉ္စမစိတ်နှင့် ယှဉ်ကြ၏၊ ဆဋ္ဌစိတ်၌ ထိန မိဒ္ဓပါ ထည့်၍ ၁၈-ပါး ယှဉ်ကြ၏-ဟု သိစေသည်။

http://www.dhammadownload.com



၏၊ အထူးကား ဤသတ္တမစိတ်၌ အနိယတဖြစ်သော မာနသည် ဖြစ်၏- ဤကား အထူး[၁]။ ဆဋ္ဌစိတ်၌ ဆိုခဲ့သော ၁၈-ပါးတို့တွင် ဒိဋ္ဌိကို ချန်ထား၍ ကြွင်းသောသင်္ခါရတို့သည် အဋ္ဌမအကုသိုလ်စိတ်နှင့်ယှဉ်ကြသည်ဟု သိအပ်၏၊ဤအဋ္ဌမစိတ်၌လည်း အနိယတဖြစ်သောမာနသည် ဖြစ်သည်သာတည်း[၂]။ ဤတွင် တရပ်ပြီး၏။

၄၇၄။ ထိုမှတပါး ဒေါသမူစိတ် ၂-ပါးတို့တွင် ပဌမစိတ်နှင့် ယှဉ်သော နိယတသင်္ခါရတို့သည် သရုပ်အားဖြင့် လာသော သင်္ခါရတို့က ၁၁-ပါး၊ ယေဝါပနက သင်္ခါရတို့က ၄-ပါး (ပေါင်း ၁၅-ပါးတို့တည်း)၊ အနိယတ သင်္ခါရတို့က ၃-ပါးတို့တည်း၊ ဤသို့အားဖြင့် [၁၀၀] ဒေါသမူ ပဌမစိတ်နှင့် ယှဉ်သော သင်္ခါရတို့သည် ၁၈-ပါးတို့ပေတည်း။ ထိုတွင် ဖဿ, စေတနာ, ဝိတက်,ဝိစာရ,ဝီရိယ,ဇီဝိတ,သမာဓိ,အဟိရိက, အနောတ္တပ္ပ, ဒေါသ, မောဟ ဟူသော ဤ ၁၁ ပါးတို့သည် သရုပ်အားဖြင့်လာသော သင်္ခါရတို့ပေတည်း။ ဆန္ဒ, အဓိမောက္ခ, ဥဒ္ဓစ္စ, မနသိကာရဟူသော ဤ ၄-ပါးတို့သည် ယေဝါပန-ကသင်္ခါရတို့ပေတည်း။ ဣဿာ,မစ္ဆရိယ,ကုက္ကုစ္စ ဟူသော ဤ ၃-ပါးတို့ သည် အနိယတသင်္ခါရတို့ပေတည်း။

၄၇၅။ ထိုတွင် ဖျက်ဆီးကြောင်းသဘောသည် ဒေါသမည်၏၊ တနည်း ဖျက်ဆီးတတ်သောသဘောသည် ဒေါသမည်၏၊ တနည်း ဖျက်ဆီးခြင်း—

---

မှတ်ချက်

၁–ပဥ္စမစိတ်၌ ၁၆-ပါးမှ ဒိဋ္ဌိကိုနုတ်၍ ၁၅-ပါး ယှဉ်ကြ၏၊ ယင်း ၁၅-ပါး၌ မာနကို ထည့်၍ ရံခါ၌ ၁၆-ပါးပင် ယှဉ်ကြသည်ဟု သိစေ၏။

၂–ဆဋ္ဌစိတ်၌ ၁၈-ပါးမှ ဒိဋ္ဌိကို နုတ်၍ ၁၇-ပါးသည် အဋ္ဌမစိတ်၌ ယှဉ်၏၊ ယင်း ၁၇-ပါး၌ မာနကိုထည့်၍ ရံခါ ၁၈-ပါးပင် ယှဉ်သည်ဟု သိစေ၏။

http://www.dhammadownload.com



ပြစ်မှားခြင်းစိတ်ဆိုးခြင်းမျှသည် ဒေါသမည်၏။ငင်းသည် အမျက်ထွက်ခြင်း ကြမ်းတမ်းခြင်းလက္ခဏာရှိ၏ပုတ်ခတ်ခံရသောမြွေဆိုးမြွေဟောက်ကဲ့သို့ပင်၊ မိမိဖြစ်ပုံအားဖြင့်ငင်း အနိဋ္ဌရုပ်တို့ကို ဖြစ်စေသောအားဖြင့်ငင်း ဖောက်ပြန်စွာ ပြန့်သွားခြင်းကိစ္စရှိ၏၊ ဝါ-ကိုယ်ကို တုန်လှုပ်စေခြင်းကိစ္စရှိ၏ ဝါ-ကိုယ်၏ တုန်လှုပ်ခြင်းဟူသော ပြည့်စုံသောရသရှိ၏၊ အဆိပ်ကျရောက်သကဲ့သို့ပင်။ တနည်း မိမိ၏မှီရာရုပ်ကို လောင်ခြင်းကိစ္စရှိ၏၊ တောမီးလောင်သကဲ့သို့ပင်။ မိမိကိုငင်း သူတပါးကိုငင်း ဖျက်ဆီးတတ်သည့်အနေအားဖြင့် (ဉာဏ်အား) ရှေးရှုထင်၏၊ အခွင့်ရသော ရန်သူကဲ့သို့ပင်။ ရန်ငြိုးဖွဲ့ကြောင်း အာဃာတ ဝတ္ထုလျှင် နီးသောအကြောင်းရှိ၏။ အဆိပ်နှင့် ရောထားသော ကျင်ငယ် ရေပုပ်ကဲ့သို့ မှတ်အပ်၏။

၄၇၆။ ငြူစူ (ခြင်းကို ပြု)ခြင်းသည် ဣဿာ မည်၏။ ငင်းသည် သူတပါး၏ စည်းစိမ်တို့ကို ငြူစူခြင်း (မနာလိုခြင်း)လက္ခဏာရှိ၏၊ ယင်း သူတပါး၏ စည်းစိမ်တို့၌ပင်လျှင် မပျော်မွေ့ခြင်းကိစ္စရှိ၏၊ ယင်းတို့မှ မျက်နှာလွှဲသည့်အဖြစ်ဖြင့် (ဉာဏ်အား) ရှေးရှုထင်၏၊ သူတပါးစည်းစိမ်လျှင် နီးသော အကြောင်းရှိ၏၊ သံယောဇဉ်ကြိုးတချောင်းဟု မှတ်အပ်၏။

၄၇၇။ ဝန်တိုသူဖြစ်ကြောင်းသဘောသည် မစ္ဆရိယ မည်၏။ ငင်းသည် ရပြီးသော်ငင်း, ရလတ္တံ့သော်ငင်း ဖြစ်ကုန်သော မိမိ၏စည်းစိမ်တို့ကို လျှို့ဝှက်ခြင်းလက္ခဏာ ရှိ၏၊ ယင်းစည်းစိမ်တို့၏ပင်လျှင် သူတပါးတို့နှင့် ဆက်ဆံခြင်းကို သည်းမခံနိုင်ခြင်းကိစ္စ ရှိ၏၊ (ကိုယ်ပိုင် စည်းစိမ်တို့၏ သူတပါးတို့နှင့် ဆက်ဆံခြင်းကို မနှစ်သက်သောအားဖြင့်) တွန့်ခြင်းလျှင် (ဉာဏ်အား) ရှေးရှုထင်သော အခြင်းအရာရှိ၏၊ တနည်း ခါးစပ်သော အခြင်းအရာဖြစ်ခြင်းလျှင် ရှေးရှုထင်သော အခြင်းအရာရှိ၏၊ မိမိ၏စည်းစိမ်လျှင် နီးသောအကြောင်း ရှိ၏၊စိတ်၏ မလှပခြင်း ဖောက်ပြန်ခြင်း သဘောဟု မှတ်အပ်၏။

http://www.dhammadownload.com



၄၇၇။ ကု-စက်ဆုပ်ဖွယ်ဖြစ်သော+ကတ-ပြုအပ်ပြီးသော အမှုသည် ကုကတ မည်၏၊ ထိုကုကတ၏ ဖြစ်ကြောင်းသဘောသည် ကုက္ကုစ္စ မည်၏¹၊ ၎င်းသည် နောင်တတဖန် ပူပန်ခြင်းလက္ခဏာ ရှိ၏၊ပြုမိသော မကောင်းမှုမပြုမိသောကောင်းမှုကို ပြန်လည်အောက်မေ့လျက် စိုးရိမ်ပူပန်ခြင်းကိစ္စ ရှိ၏၊ နှလုံးမသာသည့်အနေဖြင့် (ဉာဏ်အား) ရှေးရှုထင်၏၊ ပြုမိ မပြုမိသော အမှုလျှင် နီးသောအကြောင်းရှိ၏။ ကျွန်၏အဖြစ်ကဲ့သို့ မှတ်အပ်၏။ ကြွင်းသော ဖဿစသည်တို့မှာ ဆိုခဲ့ပြီးသော အဖွင့်အပြား ရှိကုန်သည်သာတည်း။ ဤတွင် တရပ်ပြီး၏။

---

မှတ်ချက်

၁–ဤ၌ ကုကတ၏ ဖြစ်ကြောင်းဟု ဆိုသော်လည်း ကုကတ-စက်ဆုပ်ဖွယ် ပြုမိသည်ဟု နှလုံးသွင်း ပူပန်သောစိတ်၏ ဖြစ်ကြောင်းပင် ဖြစ်သည်။ ထို့ကြောင့် ဋီကာ၌ "ကုကတံ-စက်ဆုပ်ဖွယ် ပြုမိသောအမှုဟူသော ဤစကား၌ ပြုသင့်ပါလျက် မပြုမိသော ကောင်းမှုသည်လည်း ကုကတ မည်သည်သာ။ မှန်၏-အကြင် ကောင်းမှုကို ငါမပြုခဲ့မိ၊ ထို မပြုခဲ့မိခြင်းသည် ကုကတ စက်ဆုပ်ဖွယ် ပြုမိသော အမှုပင်ဟူ၍ ဤသို့ ပြောဆိုတတ်ကြပေသည်။ ထို့ကြောင့်ပင် 'ပြုမိသော မကောင်းမှု မပြုမိသော ကောင်းမှုကို ပြန်လည်အောက်မေ့လျက် စိုးရိမ်ပူပန်ခြင်းကိစ္စ ရှိ၏' ဟု ဆိုပေလတံ့။ ဤသို့ ပြုမိသော ဒုစရိုက် မပြုမိသော သုစရိုက်သည် ကုကတမည်၏၊ ကုကတမည်သော ထိုဒုစရိုက်သုစရိုက်ကို အကြောင်းပြု၍ နှလုံးမသာသည့်အလိုအားဖြင့် ဖြစ်သောစိတ်သည်လည်း ထို ကုကတနှင့်တကွ ဖြစ်သောကြောင့် (ဝါ-ထို ကုကတကို အာရုံပြု၍ ဖြစ်သောကြောင့်) ကုကတပင် မည်၏ဟု ယူ၍ 'ထို ကုကတ၏ အဖြစ်သည် ကုက္ကုစ္စ မည်၏' ဟု ဆိုပေသည်" ဟူ၍ ဖွင့်ပြထားပေသည်။ ထို့ကြောင့် ကုကတ၏ ဖြစ်ကြောင်းဟူသည်မှာ စက်ဆုပ်ဖွယ် ပြုမိလေခြင်းဟု နှလုံးသွင်း ပူပန်သောစိတ်၏ဖြစ်ကြောင်းကို ဆိုသည်ဟု မှတ်အပ်၏။

http://www.dhammadownload.com



ဤသို့လျှင် ဤ ၁၈-ပါးသော သင်္ခါရတို့သည် ပဌမဒေါသမူစိတ်နှင့် ယှဉ်ကြသည်ဟု သိအပ်၏။ ဒုတိယစိတ်နှင့်လည်း ထိုအတူပင်၊ အထူးကား ဤဒုတိယစိတ်၌ သသင်္ခါရအဖြစ်သည်ငှင်း၊ အနိယတ သင်္ခါရတို့တွင် ထိနမိဒ္ဓ၏ ဖြစ်သင့်ခြင်းသည်ငှင်း-ဤမျှသာ ထူးသည်။

၄၇၉။ မောဟမူစိတ် ၂-ပါးတို့တွင် ဝိစိကိစ္ဆာသမ္ပယုတ်စိတ်နှင့် ယှဉ်ကုန်သော သင်္ခါရတို့သည် ဖဿ, စေတနာ, ဝိတက်, ဝိစာရ, ဝီရိယ, ဇီဝိတ, စိတ္တဋ္ဌိတိ, အဟိရိက, [၁၀၁] အနောတ္တပ္ပ မောဟ ဝိစိကိစ္ဆာဟူ၍ သရုပ်အားဖြင့်လာသော သင်္ခါရတို့က ၁၁-ပါး၊ ဥဒ္ဓစ္စနှင့် မနသိကာရဟူသော ယေဝါပနက သင်္ခါရတို့က ၂ ပါး၊ ဤသို့အားဖြင့် ၁၃-ပါးတို့ပေတည်း။

၄၈၀။ ထိုတွင် စိတ္တဋ္ဌိတိဟူသည်မှာ ဖြစ်ဆဲ၌ တည်ခြင်းမျှဖြစ်သော အားနည်းသော သမာဓိပေတည်း။ ဝိ-ကင်းသော+စိကိစ္ဆာ-ကုစားခြင်း ရှိသည့်သဘောသည် ဝါ-ကုစားရန်ခဲယဉ်းသော သဘောသည် ဝိစိကိစ္ဆာ မည်၏။ ငှင်းသည် (ယုံကြည်သင့်သော ဘုရားစသည်တို့၌) ယုံမှားခြင်း လက္ခဏာ ရှိ၏၊ တုန်လှုပ်ခြင်းကိစ္စ ရှိ၏၊ မဆုံးဖြတ်နိုင်ခြင်း နှလုံးနှစ်ခွ ဖြစ်ခြင်းကို ဖြစ်စေတတ်၏၊ တနည်း အာရုံ၌ ကေန်မဟုတ်သည့် အထူးထူး သော သဘောကို ယူသည့်အနေဖြင့်(ဉာဏ်အား) ရှေးရှုထင်၏၊ ယုံမှား ဖြစ်အောင် မသင့်သောနှလုံးသွင်းမှု အယောနိသောမနသိကာရလျှင် နီးသောအကြောင်းရှိ၏။ အကျင့်ပဋိပတ်၏ အန္တရာယ်ကို ပြုတတ်သော တရားဟု မှတ်အပ်၏။ ကြွင်းသော ဖဿစသည်တို့မှာ ဆိုခဲ့ပြီးသော အဖွင့် အပြားရှိကုန်သည်သာတည်း။

ဝိစိကိစ္ဆာသမ္ပယုတ်စိတ်၌ ဆိုခဲ့ပြီးသော သင်္ခါရတို့တွင် ဝိစိကိစ္ဆာကို ချန်ထား၍ ကြွင်းသော ၁၂-ပါးတို့သည် ဥဒ္ဓစ္စသမ္ပယုတ်စိတ်နှင့်ယှဉ်ကုန်၏၊ ဆက်ဦးအံ့၊ ဤဥဒ္ဓစ္စသမ္ပယုတ်စိတ်၌ ဝိစိကိစ္ဆာမရှိခြင်းကြောင့် အဓိမောက္ခ သည်လည်း ဖြစ်သေး၏၊ ထိုအဓိမောက္ခနှင့်တကွ ၁၃-ပါးတို့ပင် ယှဉ်ကုန်၏။

http://www.dhammadownload.com



အထူးကား အဓိမောက္ခ ရှိခြင်းကြောင့် သမာဓိသည် (ဝိစိကိစ္ဆာစိတ်မှာ ထက်)သာ၍ အားရှိ၏၊ ထို့ပြင် ဤစိတ်၌ ဥဒ္ဓစ္စသည်လည်း သရုပ်အား ဖြင့်ပင် လာ၏။ အဓိမောက္ခနှင့် မနသိကာရတို့သည်ကား ယေဝါပနက၏ အစွမ်းအားဖြင့် လာကုန်၏။ ဤသို့အားဖြင့် အကုသိုလ်သင်္ခါရတို့ကို သိအပ် ကုန်၏။

၄၉၁။ အဗျာကတသင်္ခါရတို့တွင်ရှေးဦးစွာ ဝိပါက်အဗျာကတတို့သည် အဟိတ် သဟိတ်အပြားအားဖြင့် ၂-ပါး အပြားရှိကုန်၏။ ထိုတွင် အဟိတ်-ဝိပါက်စိတ်နှင့်ယှဉ်သော သင်္ခါရတို့သည် အဟိတ် မည်ကုန်၏။ ထိုအဟိတ် ဝိပါက်သင်္ခါရတို့တွင် ရှေးဦးစွာ ကုသလဝိပါက် အကုသလဝိပါက် စက္ခု-ဝိညာဏ်စိတ်တို့နှင့် ယှဉ်ကုန်သော သင်္ခါရတို့သည် ဖဿ, စေတနာ, ဇီဝိတ, စိတ္တဋ္ဌိတိဟူ၍ သရုပ်အားဖြင့် လာသော သင်္ခါရတို့က ၄-ပါး၊ ယေဝါပနက ဖြစ်သော မနသိကာရ-က ၁-ပါး၊ ဤသို့အားဖြင့် ငါးပါးတို့ပေတည်း။ သောတဝိညာဏ် ဃာနဝိညာဏ် ဇိဝှါဝိညာဏ် ကာယဝိညာဏ်စိတ်တို့နှင့် ယှဉ်ကုန်သော သင်္ခါရတို့သည်လည်း ဤငါးပါးတို့ပင်ဖြစ်သည်။နှစ်ပါးသော ကုသလဝိပါက် အကုသလဝိပါက် မနောဓာတ် (ခေါ် သမ္ပဋိစ္ဆိုန်း)နှင့် ယှဉ် ကုန်သော သင်္ခါရတို့သည် ဤဆိုခဲ့သော ငါးပါးနှင့် ဝိတက်, ဝိစာရ, အဓိ-မောက္ခအားဖြင့် ရှစ်ပါးတို့ပေတည်း။ အဟိတ်မနောဝိညာဏဓာတ် (ခေါ် သန္တီရဏ) သုံးပါးနှင့်လည်း ထိုအတူပင် ရှစ်ပါးတို့ ယှဉ်ကုန်၏၊ အထူးကား ယင်း သုံးပါးတို့တွင် သောမနဿသဟဂုတ် သန္တီရဏစိတ်နှင့် ပီတိလည်း ယှဉ်သေး၏ဟူ၍ သိအပ်၏[၁]။

---

မှတ်ချက်

၁ – သောမနဿသဟဂုတ် သန္တီရဏစိတ်၌ ပီတိနှင့်တကွ ၉-ပါး ယှဉ်သည်ဟု **သိစေ၏**။

http://www.dhammadownload.com



ထိုမှတပါး သဟိတ်ဝိပါက်ဝိညာဏ်တို့နှင့်ယှဉ်သော သင်္ခါရတို့သည် သဟိတ်မည်ကုန်၏။ ထိုတွင် ရှေးဦးစွာ သဟိတ်ကာမာဝစရ ဝိပါက်စိတ် ရှစ်ပါးနှင့်ယှဉ်ကုန်သော သင်္ခါရတို့သည် ကာမာဝစရကုသိုလ်စိတ်ရှစ်ပါးနှင့် ယှဉ်သော သင်္ခါရတို့နှင့် တူကုန်သည်သာတည်း။ အထူးကား အနိယတ တို့တွင် ကရုဏာနှင့် မုဒိတာတို့သည် သတ္တဝါပညတ်လျှင် အာရုံရှိသော ကြောင့် ဝိပါက်တို့၌ မရှိကုန်၊ မှန်ပေ၏ ကာမာဝစရဝိပါက်တို့သည် ကေန်ပင် ကာမတရားလျှင် အာရုံရှိကုန်၏။ သက်သက်ကရုဏာနှင့် မုဒိတာတို့သာလျှင် မရှိကြသည် မဟုတ်သေး၊ ဝိရတိသုံးပါးတို့သည်လည်း ဝိပါက်တို့၌ မရှိကြ ကုန်။ မှန်ပေ၏ "ငါးပါးသော သိက္ခာပုဒ်တို့သည် ကုသိုလ်တို့သာလျှင် တည်း"ဟု ဟောတော်မူသော စကားရှိပေ၏။

[၁၀၂] ထိုမှတပါး ရူပါဝစရ အရူပါဝစရ လောကုတ္တရာဝိပါက်စိတ်တို့နှင့် ယှဉ်သော သင်္ခါရတို့သည်ကား ယင်းသုံးမျိုးသောဝိပါက်တို့၏(အကြောင်း ဖြစ်ကုန်သော) ကုသိုလ်စိတ်တို့နှင့် ယှဉ်သော သင်္ခါရတို့နှင့် တူကုန်သည်သာ တည်း။

၄၉၂။ ကိရိယာအဗျာကတသင်္ခါရတို့သည်လည်း အဟိတ် သဟိတ် အပြားအားဖြင့် ၂-ပါး အပြားရှိကုန်၏။ ထိုတွင် အဟိတ်ကိရိယာစိတ်နှင့် ယှဉ်သောသင်္ခါရတို့သည် အဟိတ် မည်ကုန်၏။ယင်း အဟိတ်ကိရိယာသင်္ခါရ တို့သည်လည်း ကုသလဝိပါက် (သမ္ပဋိစ္ဆိုန်းဟူသော) မနောဓာတ်နှင့်ရင်း, ကုသလဝိပါက် (သန္တီရဏဟူသော) အဟိတ်မနောဝိညာဏဓာတ် ၂-ပါး နှင့်ရင်း ယှဉ်ကုန်သော သင်္ခါရတို့နှင့် တူကုန်၏[၁]၊ အထူးကား(မနောဒွါရာ-

မှတ်ချက်

၁–အဟိတ်ကိရိယာ မနောဓာတ်ခေါ် ပဉ္စဒွါရာဝဇ္ဇန်းနှင့် ယှဉ်သော သင်္ခါရတို့ သည် ကုသလဝိပါက် မနောဓာတ်ခေါ် သမ္ပဋိစ္ဆိုန်းနှင့် ယှဉ်သော (၈-ပါး သော) သင်္ခါရတို့နှင့် အရတူပင်ဖြစ်သည်။ အဟိတ်ကိရိယာ မနောဝိညာဏ

http://www.dhammadownload.com



ဝဇ္ဇန်းနှင့်ဟသိတုပ္ပါဒ်ဟူသော) အဟိတ်ကိရိယာ မနောဝိညာဏဓာတ် ၂-ပါး၌ ဝီရိယသည် ပိုလွန်၏[၁] ဝီရိယရှိခြင်းကြောင့် အားရှိသော သမာဓိသည် ဖြစ်၏၊ ဤသည်ကား ဤမနောဒွါရာဝဇ္ဇန်းနှင့် ဟသိတုပ္ပါဒ်စိတ်တို့၌ အထူးပေတည်း။

ထိုမှတပါး သဟိတ်ကိရိယာစိတ်တို့နှင့် ယှဉ်သော သင်္ခါရတို့သည် သဟိတ် မည်ကုန်၏။ ထို သဟိတ်ကိရိယာသင်္ခါရတို့တွင် ရှေးဦးစွာ သဟိတ်ကာမာဝစရကိရိယာစိတ် ရှစ်ပါးနှင့် ယှဉ်သော သင်္ခါရတို့သည် ဝိရတိသုံးပါးတို့ကို ချန်ထား၍ ကာမာဝစရကုသိုလ်စိတ်ရှစ်ပါးတို့နှင့် ယှဉ်သော သင်္ခါရတို့နှင့် တူကုန်၏[၂]။ ထိုမှတပါး ရူပါဝစရ အရူပါဝစရကိရိယာ

---

မှတ်ချက်

ဓာတ်ခေါ် မနောဒွါရာဝဇ္ဇန်းနှင့် ယှဉ်သော သင်္ခါရတို့သည် ကုသလဝိပါက် အဟိတ်မနောဝိညာဏဓာတ်ခေါ် ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏနှင့် ယှဉ်သော သင်္ခါရ(၇)ပါးတို့နှင့် အရတူပင်ဖြစ်သည်။ သုခသဟဂုတ် အဟိတ်ကိရိယာမနောဝိညာဏဓာတ်ခေါ် ဟသိတုပ္ပါဒ်နှင့်ယှဉ်သော သင်္ခါရတို့သည် သုခသဟဂုတ်ကုသလဝိပါက် အဟိတ်မနောဝိညာဏဓာတ်ခေါ် သောမနဿသဟဂုတ်သန္တီရဏနှင့်ယှဉ်သော (၉-ပါးသော) သင်္ခါရတို့နှင့် အရတူပင် ဖြစ်သည်။ အထူးမှာ မနောဒွါရာဝဇ္ဇန်း ဟသိတုပ္ပါဒ်တို့၌ ဝီရိယလည်း ယှဉ်သောကြောင့် ထိုဝီရိယနှင့်တကွ မနောဒွါရာဝဇ္ဇန်း၌ (၉) ပါး ဟသိတုပ္ပါဒ်၌ (၁၀)ပါးသော သင်္ခါရတို့ယှဉ်ကြသည်ဟု ဤအထူးကိုလည်း သိအပ်သည်ဟု ဆိုလိုသည်။ သာမန်ပုဂ္ဂိုလ်တို့ သိနားလည်ရန် ခက်၏။

၁—ဤ၌ ပြသင့်သော အဓိပ္ပါယ်သည် နှာ ၃၀၇၊ မှတ်ချက် ၁-၌ ပါဝင်လေပြီ။

၂—ကာမာဝစရကုသိုလ်စိတ်တို့၌ ယှဉ်သော ၃၆-ပါးသော သင်္ခါရတို့မှ ဝိရတိသုံးပါးကို နုတ်၍ ၃၃-ပါးသော သင်္ခါရတို့ကို သဟိတ်ကာမာဝစရကိရိယာစိတ်တို့နှင့်ယှဉ်ကြသည်ဟု သိအပ်၏။ ထိုတွင် အမောဟသည် ဉာဏသမ္ပယုတ်စိတ် ၄-ပါးတို့နှင့်သာ ယှဉ်ကြသည်၊ ပီတိသည် သောမနဿသဟဂုတ်စိတ်

http://www.dhammadownload.com



စိတ်တို့နှင့် ယှဉ်သော သင်္ခါရတို့သည် ယင်း ရူပါဝစရ အရူပါဝစရကုသိုလ်စိတ်တို့နှင့် ယှဉ်သော သင်္ခါရတို့နှင့် အချင်းခပ်သိမ်း တူကုန်သည်သာတည်း။ ဤသို့လျှင် အဗျာကတ သင်္ခါရတို့ကိုလည်း သိအပ်ကုန်၏။ ဤတွင်တရပ်ပြီး၏။

ဤဆိုခဲ့သော စကားသည် သင်္ခါရက္ခန္ဓာ၌ အကျယ်ပြဆိုချက် စကားအမြွက်ပေတည်း။

ဤဆိုခဲ့သော ခန္ဓာငါးပါး ဝေဘန်ပြဆိုချက်သည် ရှေးဦးစွာ အဘိဓမ္မာ၌ ပဒဘာဇနီမှာ ပြဆိုထားသော နည်းဖြင့် ခန္ဓာတို့၌ အကျယ်ပြဆိုချက် စကားအမြွက်ပေတည်း။

## အတိတ်စသည် ဝေဘန်ပြဆိုချက်

၄၉၃။ မြတ်စွာဘုရားသည်—

''အတိတ် အနာဂတ် ပစ္စုပ္ပန် ဖြစ်သော ကိုယ်တွင်း၌မူလည်း ဖြစ်သော ကိုယ်ပ၌ မူလည်း ဖြစ်သော ကြမ်းတမ်းသည်မူလည်း ဖြစ်သော သိမ်မွေ့သည်မူလည်း ဖြစ်သော ယုတ်ညံ့သည်မူလည်း ဖြစ်သော ကောင်းမြတ်သည်မူလည်း ဖြစ်သော အဝေး၌မူလည်း ဖြစ်သော အနီး၌မူလည်း ဖြစ်သော အလုံးစုံသော ရုပ်သည် ရှိ၏၊ ထိုအလုံးစုံသောရုပ်ကို တပေါင်းတည်းစု၍ ချုံး၍ ဤရုပ်အပေါင်းကို ရူပက္ခန္ဓာ-ရုပ်အစုဟု ခေါ်ဆိုအပ်၏။ အတိတ် အနာဂတ် ပစ္စုပ္ပန်

---

မှတ်ချက်

၄-ပါးတို့နှင့်သာ ယှဉ်ကြသည်ဟူ၍လည်း ကုသိုလ်စိတ်တို့၌ကဲ့သို့ပင်သိအပ်၏။ ထို့ပြင် ကရုဏာနှင့် မုဒိတာတို့သည်လည်း သနားသောအခါ သူ့စည်းစိမ်ကို ဝမ်းမြောက်သောအခါတို့၌သာ ယှဉ်ကြသည်ဟူ၍လည်း သိအပ်၏။

http://www.dhammadownload.com



ဖြစ်သော။ပ။ အနီး၌မူလည်းဖြစ်သော အလုံးစုံသော ဝေဒနာသည် ရှိ၏၊ ထိုအလုံးစုံသော ဝေဒနာကို တပေါင်းတည်း စု၍ ချုံး၍ ဤဝေဒနာအပေါင်းကို ဝေဒနာက္ခန္ဓာ–ဝေဒနာအစုဟု ခေါ်ဆိုအပ်၏။ အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သော။ပ။ အနီး၌မူလည်း ဖြစ်သော အလုံးစုံသော သညာသည် ရှိ၏၊ ထိုအလုံးစုံသော သညာကို တပေါင်းတည်း စု၍ ချုံး၍ ဤသညာအပေါင်းကို သညာက္ခန္ဓာ-သညာအစုဟု ခေါ်ဆိုအပ်၏။ အတိတ် အနာဂတ် ပစ္စုပ္ပန် ဖြစ်ကုန်သော ကိုယ်တွင်း၌မူလည်း ဖြစ်ကုန်သော။ပ။ အနီး၌မူလည်း ဖြစ်ကုန်သော အလုံးစုံကုန်သော သင်္ခါရတို့သည် ရှိကုန်၏၊ ထို အလုံးစုံသော သင်္ခါရအပေါင်းကို တပေါင်းတည်း စု၍ ချုံး၍ ဤသင်္ခါရအပေါင်းကို သင်္ခါရက္ခန္ဓာ-သင်္ခါရ အစုဟု ခေါ်ဆိုအပ်၏။ အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သော။ပ။ အနီး၌မူလည်း ဖြစ်သော အလုံးစုံသော ဝိညာဏ်သည် ရှိ၏၊ ထိုအလုံးစုံသော ဝိညာဏ်ကို တပေါင်းတည်း စု၍ ချုံး၍ ဤဝိညာဏ်အပေါင်းကို ဝိညာဏက္ခန္ဓာ-ဝိညာဏ်အစုဟု ခေါ်ဆိုအပ်၏”

ဟူ၍-ခန္ဓာတို့ကို ဤသို့ အကျယ်ဟောပြတော်မူပေသည်။

ထိုဘုရားစကားတော်၌ (**ယံကိဉ္စိ**) **အလုံးစုံသော** ဆိုသည့်စကားသည် အကြွင်းမဲ့ အကုန်သိမ်းယူသော စကားပေတည်း။ **ရုပ်သည်** ဆိုသည့်စကားသည် ရောက်လွန်းပြန့်လွန်းသော အနက်ကို သတ်မှတ်တားမြစ်သောစကားတည်း[၁]။ ဤသို့လျှင် (အလုံးစုံသော ရုပ်သည်ဟူသော) ပုဒ်နှစ်ခုအပေါင်း

မှတ်ချက်

၁ – ‘ယံကိဉ္စိ–အလုံးစုံ’ ဟူသော စကားဖြင့် ပါဠိနည်းအရ နပုလ္လိင်သဒ္ဒါဆိုင်ရာ စိတ် ဝိညာဏ် အာယတန-စသည်တို့ကို ယူနိုင်၏၊ ထိုသို့ယူလျှင် မလိုအပ်သောအနက်များလည်း ပါဝင်ရာ၏၊ ထို့ကြောင့် ထိုသို့မလိုအပ်သောအနက်

http://www.dhammadownload.com



ဖြင့် ရုပ်ကို အကြွင်းမဲ့သိမ်းယူခြင်းကို ပြုတော်မူသည်။ ထိုနောင် ယင်း ရုပ်ကို [၁၀၃] အတိတ်စသော စကားဖြင့် ဝေဘန်ရန် အားထုတ်တော်မူလေသည်။ မှန်ပေ၏-ထိုရုပ်သည် အချို့က အတိတ်-လွန်ခဲ့ပြီးဖြစ်သည်၊ အချို့က အနာဂတ်-မလာသေး-လာလတ္တံ့ စသည်အပြားရှိသည်။ ဝေဒနာ စသည်တို့၌လည်း ဤနည်းအတိုင်းပင်။

၄၉၄။ ထိုတွင် ရုပ်သည် အဒ္ဓါ, သန္တတိ[၂], သမယ, ခဏတို့အလို လေးပါး အပြားအားဖြင့် အတိတ်မည်သည် ဖြစ်၏။ ထို့အတူပင် အနာဂတ် ပစ္စုပ္ပန် မည်သည်လည်း ဖြစ်၏။

ထိုအဒ္ဓါစသည်တို့တွင် အဒ္ဓါအလိုအားဖြင့် တယောက်သောပုဂ္ဂိုလ်အား တခုသောဘဝ၌ ပဋိသန္ဓေမှရှေး၌ အတိတ်မည်၏၊ စုတိမှနောက်၌ အနာဂတ် မည်၏၊ စုတိနှင့်ပဋိသန္ဓေ ၂-ပါးတို့၏ အလယ်ကြား၌ ဝါ-အတိတ် အနာဂတ် ၂-ပါးတို့၏ အလယ်ကြား၌ ပစ္စုပ္ပန်မည်၏။

---

မှတ်ချက်

များကို မယူနိုင်စေရန် 'ရူပံ-ရုပ်' ဟူ၍ ကန့်သတ်ပြတော်မူသည်၊ ထိုစကားဖြင့် အလုံးစုံဟူသည်မှာ ရုပ်အလုံးစုံသာ ဖြစ်သည်၊ အခြားသော စိတ်ဝိညာဏ် စသည်မဟုတ်ဟု တားမြစ်ဖော်ပြသည်ဟု ဆိုလို၏။

၁ – ပါဠိ၌ ယံကိဉ္စိ ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ-ဟုရှိသောကြောင့် ထိုပါဠိအစဉ် အရ ထိုနောင်စသည်ကို ဆိုထားပေသည်။ မြန်မာပြန်၌ကား ထိုပါဠိအစဉ် အတိုင်း ပြန်ရန်မဖြစ်နိုင်၊ ထို့ကြောင့် အထက်ပါအတိုင်း အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သောမှစ၍ ပြန်ထားရပေသည်။

၂ – ရှည်သောကာလကို အဒ္ဓါ–အခွန့်ဟု ဆိုသည်။ ရုပ် နာမ်တို့၏ မပြတ် ဖြစ်နေသော အစဉ်ကို သန္တတိဟု ဆိုသည်၊ ဤအရာ၌ကား နောက်၌ ပြလတ္တံ့ အတိုင်း အမျိုးတူသော ရုပ်အစဉ်ကို သန္တတိဟု ဆိုသည်။

http://www.dhammadownload.com



သန္တတိအလိုအားဖြင့် သဘောတူသည့် တမျိုးတည်းသော ဥတုကြောင့်ဖြစ်သောရုပ်သည်၎င်း, တခုသောအာဟာရကြောင့်ဖြစ်သော ရုပ်သည်၎င်း ရှေးနောက်ကျသည့်အလိုအားဖြင့် ဖြစ်ငြားသော်လည်း ပစ္စုပ္ပန်မည်၏၊ ထိုမှရှေး၌ သဘောမတူသည့် ဥတု အာဟာရကြောင့်ဖြစ်သော ရုပ်သည် အတိတ်မည်၏၊ (ထိုပစ္စုပ္ပန်မှ)နောက်၌ အနာဂတ်မည်၏။ စိတ္တဇရုပ်သည် တခုသော ပဉ္စဒွါရဝီထိ တခုသောမနောဒွါရဇောအစဉ် တခုသောသမာပတ်ကြောင့်ဖြစ်သော ရုပ်သည် ပစ္စုပ္ပန်မည်၏။ ထိုမှရှေး၌ အတိတ်မည်၏၊ ထိုမှနောက်၌ အနာဂတ်မည်၏။ ကမ္မဇရုပ်၏ သီးခြားသန္တတိအလိုအားဖြင့် အတိတ်စသည် အပြားမရှိ၊ ထိုဥတုဇ အာဟာရဇ စိတ္တဇရုပ်တို့၏ အထောက်အပံ့အလိုအားဖြင့် ယင်းကမ္မဇရုပ်၏ အတိတ်စသည်အဖြစ်ကို သိအပ်၏။

သမယအလိုအားဖြင့် တခုသောမုဟုတ်[၁] တခုသောနံနက်ခင်း တခုသော ညနေခင်း တခုသောညဉ့်နေ့ အစရှိကုန်သော အခါသမယတို့၌ အစဉ်သန္တာန်အလိုအားဖြင့် မပြတ်ဖြစ်နေသော တမုဟုတ်စသော ထိုထိုအခါ သမယနှင့် စပ်ဆိုင်သောရုပ်သည် ပစ္စုပ္ပန်မည်၏၊ ထိုမှရှေး၌ အတိတ်မည်၏၊ နောက်၌ အနာဂတ်မည်၏။

ခဏအလိုအားဖြင့် ဖြစ်ဆဲဥပါဒ်အစရှိသော ခဏသုံးပါး၌[၂] အတွင်းဝင်သောရုပ်သည် ပစ္စုပ္ပန်မည်၏၊ ထိုမှရှေး၌ ( ခဏသုံးပါးသို့ မရောက်သေးမီ

---

မှတ်ချက်

၁–လက်ဖျစ် ဆယ်တွက် ကာလသည် ၁-ခဏမည်၏၊ ၁၀-ခဏသည် ၁-လယမည်၏၊ ၁၀-လယသည် ၁-ခဏလယမည်၏၊ထိုခဏလယ ၁၀-သည် ၁-မုဟုတ္တမုဟုတ်မည်၏။ (အဘိဓာန်ဂါထာ ၆၆-၇)

၂–ဤ၌ ခဏသည်ကား လက်ဖျစ်ဆယ်တွက်ကာလ မဟုတ်၊ ရုပ်တခု၏ ဖြစ်ဆဲဥပါဒ်ခဏ၊ တည်ဆဲဌီခဏ၊ ပျက်ဆဲဘင်ခဏသာ ဖြစ်သည်။ ထိုခဏ သုံးပါးသည် ရုပ်၏ ရှိဆဲခဏဖြစ်၍ ရုပ်၏အသက်တမ်းပင်ဖြစ်သည်။ စိတ် စေတသိက်

http://www.dhammadownload.com



ရုပ်သည်)အနာဂတ်မည်၏၊ နောက်၌(ခဏသုံးပါးကိုလွန်ပြီးသောရုပ်သည်) အတိတ်မည်၏။ တနည်းပြရလျှင် ဖြစ်စေတတ်သည့် ဟေတုအကြောင်းကိစ္စ ထောက်ပံ့တတ်သည့် ပစ္စယအကြောင်းကိစ္စတို့ကို လွန်ခဲ့ပြီးသောရုပ်သည် အတိတ်မည်၏၊ ဟေတုကိစ္စပြီးစီး၍ ပစ္စယကိစ္စမပြီးသေးသောရုပ်သည် ပစ္စုပ္ပန်မည်၏၊ ယင်းကိစ္စ ၂-ပါးလုံးသို့ မရောက်သေးသော ရုပ်သည် အနာဂတ်မည်၏၊ တနည်းကား မိမိကိစ္စကို ပြုဆဲခဏ၌ ပစ္စုပ္ပန်မည်၏၊ ထို ပြုဆဲခဏမှ ရှေး၌(မိမိကိစ္စကို မပြုရသေးမီ) အနာဂတ်မည်၏၊ ထိုကိစ္စ ပြုပြီးသည်မှ နောက်၌ (ချုပ်ပြီးဖြစ်၍) အတိတ်မည်၏။ ဤအတိတ်စသည် ကို ခွဲပြရာ၌ ခဏကထာ ကိစ္စကထာသည်သာလျှင် မုချစကားဖြစ်သည်၊ ကြွင်းသောစကားသည် ပရိယာယ်စကားပေတည်း။

၄၉၅။ အဇ္ဈတ္တ-ကိုယ်တွင်းရုပ် ဗဟိဒ္ဓ-ကိုယ်ပရုပ်တို့၏ အပြားမှာ ဆိုခဲ့ ပြီးသောနည်း ရှိသည်သာတည်း[၁]။ သို့သော်လည်း ဤအရာ၌ နိယကဇ္ဈတ္တ ခေါ် ပုဂ္ဂိုလ်အသီးသီး၏ သန္တာန်၌ဖြစ်သော ရုပ်ဟူသမျှသည်လည်း အဇ္ဈတ္တ-ကိုယ်တွင်း၌ဖြစ်သော ရုပ်မည်၏၊ အခြားသူ၏သန္တာန်၌ဖြစ်သော (မျက်စိအကြည်စသော) ရုပ်သည်လည်း ဗဟိဒ္ဓ-အပြင်ပ၌ဖြစ်သောရုပ် မည်၏ဟူ၍ သိအပ်၏။ ကြမ်းတမ်းသော ဩဠာရိကရုပ် သိမ်မွေ့သောသုခုမ ရုပ်တို့၏ အပြားသည် ဆိုခဲ့ပြီးသော နည်းရှိသည်သာတည်း[၂]။

---

မှတ်ချက်

တို့၏ ဖြစ်တည်ပျက် အသက်တမ်းသည်ကား ထိုရုပ်သက်ခဏ၏ ၁၇-ပုံမှ တပုံမျှသာ ဖြစ်သည်။

၁ — နှာ ၂၃၀-၌ ပြခဲ့သော အဇ္ဈတ္တိက ဗာဟိရ ခွဲပုံကို ရည်ညွှန်းသည်။ သို့သော် လည်း ထိုပြပုံဖြင့် ဤအရာ၌ မပြည့်စုံသေးသောကြောင့် ဆက်လက်၍ ခွဲပြ သွားပြန်သည်။

၂ — နှာ ၂၃၀-၌ပင် ပြခဲ့သည်ကို ညွှန်းသည်။

http://www.dhammadownload.com



၄၉၆။ ယုတ်ညံ့သော ဟီနရုပ် ကောင်းမြတ်သော ပဏီတရုပ်တို့၏ အပြားသည် ပရိယာယ်မုချအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင် အကနိဋ္ဌ ဗြဟ္မာတို့၏ရုပ်အောက် သုဒဿီဗြဟ္မာတို့၏ရုပ်သည် ယုတ်ညံ့၏၊ ထိုသုဒဿီ တို့၏ ရုပ်သည်ပင်လျှင် သုဒဿာဗြဟ္မာတို့၏ရုပ်ထက် ကောင်းမြတ်၏။ ဤနည်းဖြင့် ငရဲသတ္တဝါတို့၏ ရုပ်တိုင်အောင် ပရိယာယ်အားဖြင့် ယုတ်ညံ့ သည်၏အဖြစ် ကောင်းမြတ်သည်အဖြစ်ကို သိအပ်၏။ မုချအားဖြင့်မူကား အကြင်ရုပ်၌ အကုသလဝိပါက်စိတ်သည် အာရုံပြုလျက်ဖြစ်၏၊ ထိုရုပ်သည် ယုတ်ညံ့၏။ အကြင်ရုပ်၌ ကုသလဝိပါက်စိတ်သည် အာရုံပြုလျက် ဖြစ်၏၊ ထိုရုပ်သည် ကောင်းမြတ်၏။

[၁၀၄] အဝေး၌ရုပ် အနီး၌ ရုပ်ဟူသော ဤ ရုပ်နှစ်မျိုးသည်လည်း ဆိုခဲ့ပြီးသော နည်းရှိသည်သာတည်း။ သို့သော်လည်း ဤအရာ၌ အဝေး အနီး တည်ရာအရပ် အားဖြင့်လည်း အချင်းချင်း ထောက်၍ ထောက်၍ အဝေးရုပ် အနီးရုပ်၏ အဖြစ်ကို သိအပ်သေး၏။

၄၉၇။ **ထိုအလုံးစုံသော ရုပ်ကို တပေါင်းတည်းစု၍ ချုံး၍ဟူသည်ကား** အတိတ်အစရှိသော ပုဒ်တို့ဖြင့် အသီးအသီး အကျယ်ပြအပ်သော ထိုရုပ် အလုံးစုံကို ဖောက်ပြန်ခြင်း လက္ခဏာရှိသည်ဟု ဆိုအပ်သော တပါးတည်း အဖို့ ရှိသည်၏အဖြစ်၌ ပညာဖြင့် အစုပြု၍ ရူပက္ခန္ဓာ-ရုပ်အစုဟူ၍ ခေါ်ဆို အပ်၏-ဤသည်ကား ဤစကား၌ဆိုလိုသောအနက်ပေတည်း။ဤစကားဖြင့် ရုပ်အားလုံးကိုလည်း ဖောက်ပြန်ခြင်း လက္ခဏာ၌ အစုအဖြစ်သို့ ရောက် သဖြင့် ရူပက္ခန္ဓာ-ရုပ်အစုမည်သည်ဟု ပြအပ်ပေသည်။ မှန်၏ ရုပ်မှတပါး ရူပက္ခန္ဓာ-ရုပ်အစုမည်သည် မရှိပေ။

၄၉၈။ ရုပ်ကဲ့သို့ပင် ဝေဒနာစသည်တို့သည်လည်း ခံစားခြင်းလက္ခဏာ စသည်တို့၌ အစုအဖြစ်သို့ရောက်သဖြင့် ဝေဒနာက္ခန္ဓာ-ဝေဒနာအစုသည်တို

http://www.dhammadownload.com



မည်ကုန်၏။ မှန်ပေ၏-ဝေဒနာစသည်တို့မှတပါး ဝေဒနာက္ခန္ဓာ-ဝေဒနာအစု မည်သည်တို့ မရှိကြပေ။

ထူးသည်ကို ပြရလျှင် အတိတ်စသည်ကို ဝေဘန်ရာ၌ ဤဝေဒနာစသည်တို့တွင်[၁] သန္တတိ အလိုအားဖြင့်ရင်း, ခဏစသည်တို့၏ အလိုအားဖြင့်ရင်း ဝေဒနာ၏ အတိတ် အနာဂတ် ပစ္စုပ္ပန်အဖြစ်ကို သိအပ်၏။ထိုတွင် သန္တတိ အလိုအားဖြင့် တခုသော ပဉ္စဒွါရဝီထိ တခုသော မနောဒွါရဇော အစဉ် တခုသော သမာပတ်၌ အတွင်းဝင်သော ဝေဒနာသည်ရင်း၊ တခုသောအဖို့ရှိသော(ဘုရား တရား)အစရှိသော အာရုံ၌ ကောင်းစွာယှဉ်လျက်ဖြစ်နေသော ဝေဒနာသည်ရင်း ပစ္စုပ္ပန်မည်၏၊ ထိုမှ ရှေး၌ အတိတ်မည်၏၊ နောက်၌ အနာဂတ် မည်၏။ ခဏစသည်၏ အလိုအားဖြင့် ခဏသုံးပါး အပေါင်း၌ အတွင်းဝင်သော ရှေးအဖို့ နောက်အဖို့တို့၏ အလယ်၌ တည်သော[၂] မိမိကိစ္စကိုလည်း ပြုဆဲဖြစ်သော ဝေဒနာသည် ပစ္စုပ္ပန်မည်၏၊ ထိုမှ ရှေး၌(ခဏသုံးပါးသို့ မရောက်သေးမီ ဝေဒနာသည်)အနာဂတ်မည်၏၊ ထိုမှ နောက်၌(ခဏသုံးပါးသို့ရောက်ပြီး မိမိကိစ္စကို ပြုပြီးဖြစ်သော ဝေဒနာသည်) အတိတ်မည်၏[၃]။ ကိုယ်တွင်းဝေဒနာ ကိုယ်ပဝေဒနာအပြားကို နိယကဇ္ဈတ္တခေါ် ပုဂ္ဂိုလ် အသီးအသီး၏ ကိုယ်တွင်းတရား အလိုအားဖြင့် သိအပ်၏။

---

မှတ်ချက်

၁–ဤဝေဒနာစသည်တို့တွင် ဝေဒနာ၏-ဟု စပ်ပါ။

၂–မဇ္ဈတ္တဂတ-ဟု ရှိသောပါဌ်ကား မသင့်၊ မဇ္ဈဂတာ သာ သင့်သည်၊ ထိုပါဌ်၌ အရ ပြန်သည်။

၃–ဤအရာ၌ "တတော ပုဗ္ဗေ အတီတာ ပစ္ဆာ အနာဂတာ"ဟု ပါဌ်ချွတ်ယွင်းလျက်ရှိ၏။ ခဏတ္တယသို့ ရောက်ဆဲ သကိစ္စကို ပြုဆဲသည် ပစ္စုပ္ပန်ဖြစ်သည်၊ တတော ပုဗ္ဗေ-ထိုမှ ရှေး၌-ဟူသောစကားဖြင့် ခဏတ္တယသို့ မရောက်သေးမီ သကိစ္စကို မပြုသေးမီ ရှေးအဖို့ကိုဆိုသည်၊ ခဏတ္တယသို့ မရောက်သေးသောတရား သကိစ္စကို မပြုသေးသောတရားသည် အနာဂတ်သာ ဖြစ်သည်၊

http://www.dhammadownload.com



၄၉၉။ ကြမ်းသော(ဩဠာရိက) ဝေဒနာ သိမ်မွေ့သော(သုခုမ) ဝေဒနာ အပြားကို ဝိဘင်းပါဠိတော်၌ "အကုသိုလ်ဝေဒနာသည် ကြမ်း၏၊ ကုသိုလ်အဗျာကတ ဝေဒနာသည် သိမ်မွေ့၏" ဤသို့ စသောနည်းဖြင့် ဟောထားသည့်အတိုင်း ဇာတ်, သဘော, ပုဂ္ဂိုလ် လောကီ လောကုတ္တရာတို့အလိုအားဖြင့် သိအပ်၏။ (ထိုတွင်) ရှေးဦးစွာ ဇာတ် အလိုအားဖြင့် အကုသိုလ် ဝေဒနာသည် အပြစ်ရှိသည့် အမှုကို ပြုခြင်း၏ အကြောင်းဖြစ်သောကြောင့်ရင်း, ကိလေသာ အပူရှိခြင်းကြောင့်ရင်း မငြိမ်သက်သော ဖြစ်ခြင်းရှိ၏၊ ထို့ကြောင့် ကုသိုလ်ဝေဒနာထက်[၁] ကြမ်းတမ်း၏။ ကြောင့်ကြ ဗျာပါရ ရှိသောကြောင့်ရင်း, အားထုတ်မှု ရှိသောကြောင့်ရင်း, အကျိုး ဝိပါက်ကို ဖြစ်စေတတ်သောကြောင့်ရင်း,ကိလေသာအပူရှိခြင်းကြောင့်ရင်း, အပြစ်ရှိသောကြောင့်ရင်း ဝိပါက် အဗျာကတဝေဒနာထက် ကြမ်းတမ်း၏။ အကျိုး ဝိပါက်ကို ဖြစ်စေတတ် သောကြောင့်ရင်း, ကိလေသာအပူရှိခြင်း ကြောင့်ရင်း, ကိလေသာ ဆင်းရဲရှိခြင်းကြောင့်ရင်း, အပြစ်ရှိသောကြောင့် ရင်း ကိရိယာ အဗျာကတဝေဒနာထက် ကြမ်းတမ်း၏။ ကုသိုလ်ဝေဒနာ အဗျာကတဝေဒနာတို့သည်ကား ဆိုခဲ့ပြီး(သော အပြစ်ရှိသည့် အမှုကို ပြုခြင်း၏ အကြောင်းစသည်)မှ ပြန်သောအားဖြင့် အကုသိုလ်ဝေဒနာထက်

---

မှတ်ချက်

ထို့ပြင် ပစ္စာ-အရ ခဏတ္တယသို့ ရောက်ပြီး သကိစ္စကိုပြုပြီးဖြစ်သောတရားသည်လည်း အတိတ်သာဖြစ်သည်၊ ထို့ကြောင့် "တတော ပရမ္ပ အနာဂတာ ပစ္စာ အတီတာ"ဟု ပါဠ်မှန်ရှိသင့်၏။ ထိုရှိသင့်သည့်ပါဠ်မှန်အရ ဤ၌ ပြန်ထားသည်။

၁-ဩဠာရိကသည် အယုတ်အညံ့ ဖြစ်သောကြောင့် ပြည်မူနိဿယ၌ "ကုသိုလ် ဝေဒနာအောက် ရုန့်ရင်း၏"ဟု ပြန်ထား၏။ ဤ၌ကား အများပြောဆို နေကြသည့် အရပ်သုံးစကားအတိုင်း "ကုသိုလ်ဝေဒနာထက်"ဟု ပြန်သည်။ နောက်၌လည်း နည်းတူပင်။

http://www.dhammadownload.com



သိမ်မွေ့ကုန်၏။ ကုသိုလ် အကုသိုလ်ဝေဒနာ ၂-ပါးတို့သည်လည်း ကြောင့်ကြ ဗျာပါရရှိသောကြောင့်ငှင်း, အားထုတ်မှု ရှိသောကြောင့်ငှင်း, အကျိုး ဝိပါက်ကို ဖြစ်စေတတ်သောကြောင့်ငှင်း ယှဉ်သင့်သည်အားလျော်စွာ[၁] ၂-ပါးအပြားရှိသော အဗျာကတဝေဒနာထက် [၁၀၅] ကြမ်းတမ်းကုန်၏။ ဆိုခဲ့ပြီးမှ ပြန်သောအားဖြင့် ၂-ပါး အပြားရှိသော အဗျာကတဝေဒနာ တို့သည် ထိုကုသိုလ် အကုသိုလ်ဝေဒနာတို့ထက် သိမ်မွေ့ကုန်၏။ ဤဆိုခဲ့သည့် အတိုင်း ရှေးဦးစွာ ဇာတ်အလိုအားဖြင့် ကြမ်းတမ်းသိမ်မွေ့သည့်အဖြစ်ကို သိအပ်၏။

၅၀၀။ သဘောအလို အားဖြင့်မူကား ဒုက္ခဝေဒနာသည် သာယာဖွယ် ကင်းသောကြောင့်ငှင်း,လှုပ်လှုပ်ရှရှပြန့်ကားထကြွခြင်းရှိသောကြောင့်ငှင်း,[၂]

---

မှတ်ချက်

၁ – အကြောင်းသုံးပါးတို့တွင် အကြင် အကြင် အကြောင်းသည် အကြင် အကြင် ဝိပါက် ကိရိယာဝေဒနာအား လျော်၏၊ ထိုထိုအကြောင်း ထိုထို ဝေဒနာအားလျော်စွာ-ဟု ဆိုလို၏။ ကုသိုလ် အကုသိုလ် ဝေဒနာတို့သည် ဝိပါက်အဗျာကတဝေဒနာထက် အကြောင်းသုံးပါးလုံးတို့ကြောင့် ကြမ်းတမ်း ကုန်၏၊ ကိရိယာအဗျာကတဝေဒနာထက်မူကား အကျိုးဝိပါက်ကို ဖြစ်စေ တတ်သောကြောင့်ငှင်း အကျိုးဝိပါက်ကို ဖြစ်စေခြင်းနှင့်ဆိုင်သည့် ဗျာပါရ ရှိခြင်း အားထုတ်မှုရှိခြင်းကြောင့်ငှင်း ကြမ်းတမ်းကုန်၏။ (ဋီကာ) အကျိုး ပေးမှုနှင့်မဆိုင်သော ဗျာပါရအားထုတ်မှုတို့သည်ကား ကိရိယာအဗျာကတ ဝေဒနာမှာလည်း ရှိသည်ပင်၊ ထို့ကြောင့် ထိုသို့သော ဗျာပါရအားထုတ်မှု တို့အလိုအားဖြင့်မူ ကုသိုလ်ဝေဒနာက ကိရိယာဝေဒနာထက် ကြမ်းတမ်း သည်ဟု မဆိုသင့်ကြောင်း ထိုဋီကာအဖွင့်ဖြင့် သိစေ၏။

၂ – သဝိပ္ဖါရတော ဟူသည်ကား သပရိပ္ဖန္ဒတော-ထက်ဝန်းကျင် လှုပ်ရှားခြင်း ရှိသောကြောင့်။ အနုပသန္တတော-မငြိမ်သက်သောကြောင့် ဤကား အနက် (ဋီကာ) ထိုအဖွင့်နှင့်အညီ ပေါ်လွင်အောင် ပြန်ချက်ဖြစ်သည်။

http://www.dhammadownload.com



ချောက်ချားခြင်းကို ပြုတတ်သောကြောင့်၎င်း, ထိတ်လန့်ဖွယ် ဖြစ်သောကြောင့်၎င်း, လွှမ်းမိုးနှိပ်စက်တတ်သောကြောင့်၎င်း အခြားဝေဒနာ ၂ပါးတို့ထက် ကြမ်းတမ်း၏။ အခြားဝေဒနာ ၂-ပါးတို့သည်ကား သာယာဖွယ်ဖြစ်သောကြောင့်၎င်း, ငြိမ်သက် သောကြောင့်၎င်း, မွန်မြတ်သောကြောင့်၎င်း, စိတ်နှလုံးကို ပွါးစေတတ်သောကြောင့်၎င်း (ဝါ-မြတ်နိုးဖွယ်ဖြစ်သောကြောင့်၎င်း)အလယ်အလတ် သဘောရှိသောကြောင့်၎င်း[၁] ယှဉ်သင့်သည်အားလျော်စွာ ဒုက္ခဝေဒနာထက် သိမ်မွေ့ကုန်၏။ သုခ ဒုက္ခဝေဒနာ ၂-ပါး တို့သည်ကား လှုပ်လှုပ်ရှားရှား ပြန့်ကားထကြွခြင်း ရှိသောကြောင့်၎င်း, ချောက်ချားခြင်းကို ပြုတတ်သောကြောင့်၎င်း, ထင်ရှားသောကြောင့်၎င်း ဥပေက္ခာဝေဒနာထက် ကြမ်းတမ်းကုန်၏- ထို ဥပေက္ခာဝေဒနာသည် ဆိုခဲ့ပြီးမှ ပြန်သောအားဖြင့် ထို ၂ပါးသော သုခ ဒုက္ခ ဝေဒနာတို့ထက် သိမ်မွေ့၏။ ဤဆိုခဲ့သည့်အတိုင်း သဘောအလိုအားဖြင့် ကြမ်းတမ်းသိမ်မွေ့သည့်အဖြစ်ကို သိအပ်၏။

၅၀၁။ ပုဂ္ဂိုလ်အလိုအားဖြင့်မူကား သမာပတ်မဝင်စားသောပုဂ္ဂိုလ်၏ ဝေဒနာသည် အာရုံအမျိုးမျိုး၌ ပျံ့လွင့်သောကြောင့် သမာပတ်ဝင်စားသောပုဂ္ဂိုလ်၏ ဝေဒနာထက် ကြမ်းတမ်း၏၊ ထိုမှပြန်သောအားဖြင့် ဝင်စားသောပုဂ္ဂိုလ်၏ ဝေဒနာသည် သိမ်မွေ့၏။ ဤဆိုခဲ့သည့်အတိုင်း ပုဂ္ဂိုလ်အလိုအားဖြင့် ကြမ်းတမ်းသိမ်မွေ့သည့်အဖြစ်ကို သိအပ်၏။

လောကီ လောကုတ္တရာအလိုအားဖြင့် မူကား အာသဝေါတရားတို့၏ အာရုံဖြစ်နိုင်သောကြောင့် သာသဝမည်သော ဝေဒနာသည် လောကီ

---

မှတ်ချက်

၁ – မဇ္ဈတ္တတော-ဟူသော ရှိရင်းပါဠိအရ ပြန်ချက်ဖြစ်သည်။ မဇ္ဈတ္တတော-ဟု ရှိလျှင် ဒုက္ခ သုခတို့၏ အလယ်၌ တည်သောကြောင့်၎င်း-ဟု ပြန်ရာ၏၊ သာ၍ပေါ်လွင်၏။

http://www.dhammadownload.com



ပေတည်း၊ ၎င်းသည် အာသဝေါတို့၏ ဖြစ်ကြောင်း ဖြစ်သောကြောင့်၎င်း, ဩဃတို့၏ အာရုံ ဖြစ်သောကြောင့်၎င်း[၁], ယောဂတို့၏ အာရုံ ဖြစ်သောကြောင့်၎င်း, ဂန္ထတို့၏ အာရုံဖြစ်သောကြောင့်၎င်း, နီဝရဏတို့၏ အာရုံဖြစ်သောကြောင့်၎င်း, ဥပါဒါန်တို့၏ အာရုံဖြစ်သောကြောင့်၎င်း, ပူပန်စေတတ်သော ကိလေသာတို့၏ အာရုံဖြစ်သောကြောင့်၎င်း, ပုထုဇဉ်တို့နှင့် ဆက်ဆံသောကြောင့်၎င်း[၂]၊ အနာသဝ မည်သော ဝေဒနာထက်[၃] ကြမ်းတမ်း၏။ အနာသဝဝေဒနာသည်ကား ဆိုခဲ့ပြီးမှ ပြန်သော အားဖြင့် သာသဝဝေဒနာထက် သိမ်မွေ့၏။ ဤဆိုခဲ့သည့်အတိုင်း လောကီ လောကုတ္တရာအလိုအားဖြင့် ကြမ်းတမ်းသိမ်မွေ့သည့်အဖြစ်ကို သိအပ်၏။

၅၀၂။ ဆိုခဲ့ပြီးသော ထိုအကြမ်းအနုခွဲပုံ၌ ဇာတ်စသည်အလိုအားဖြင့် ရောယှက်ခြင်းကို ရှောင်လွှဲအပ်၏။ ရှောင်လွှဲပုံမှာ အကုသလဝိပါက် ကာယဝိညာဏ်နှင့်ယှဉ်သောဝေဒနာသည် ဇာတ်အလိုအားဖြင့် အဗျာကတ ဖြစ်သောကြောင့် သိမ်မွေ့သည့်သူခုမဖြစ်ငြားသော်လည်း သဘော စသည် အလိုအားဖြင့် ကြမ်းတမ်းသည့် ဩဠာရိကဖြစ်၏။ မှန်၏— "အဗျာကတ ဝေဒနာသည် သိမ်မွေ့၏။ ဒုက္ခဝေဒနာသည် ကြမ်းတမ်း၏။ သမာပတ် ဝင်စားသူ၏ဝေဒနာသည် သိမ်မွေ့၏။ မဝင်စားသူ၏ ဝေဒနာသည် ကြမ်းတမ်း၏။ သာသဝ ဝေဒနာသည် ကြမ်းတမ်း၏။ အနာသဝ ဝေဒနာသည်

---

မှတ်ချက်

၁–ဩဃတို့၏ အာရုံဖြစ်နိုင်သည်ကို ဆိုသည်၊ တကယ်အာရုံအပြုခံရသည်ကိုသာ ဆိုသည်မဟုတ်။ နောက်ပုဒ်အနက်တို့၌လည်း နည်းတူပင်။

၂–ပုထုဇဉ်တို့နှင့် ဆက်ဆံသောကြောင့်၎င်း ကြမ်းတမ်း၏-ဟု စပ်ပါ။

၃–ဤ၌လည်း (အောက်-ဟု မပြန်ပဲ) အရပ်သုံးစကားအတိုင်း ထက်-ဟု ပြန်သည်။

http://www.dhammadownload.com



သိမ်မွေ့၏”ဟူသော ဤစကားကို ဟောတော်မူ(အပ်)ပေ၏။ ဒုက္ခဝေဒနာကဲ့သို့ပင် သုခဝေဒနာစသည်တို့သည်လည်း ဇာတ်အလိုအားဖြင့် ဩဠာရိကဖြစ်သော်လည်း သဘောစသည်တို့ အလိုအားဖြင့် သုခုမ ဖြစ်ကုန်၏[၁]။ ထို့ကြောင့် ဇာတ်စသည်တို့ အလိုအားဖြင့် ရောယှက်ခြင်း မဖြစ်အောင် ဝေဒနာတို့၏ ကြမ်းတမ်းသိမ်မွေ့သည့်အဖြစ်ကို သိအပ်၏။ သိပုံမှာ- အဗျာကတဝေဒနာသည် ဇာတ်အလိုအားဖြင့် ကုသိုလ် အကုသိုလ်ဝေဒနာတို့ထက် သိမ်မွေ့၏၊ ထိုသို့ဆိုရာ၌ အဗျာကတဝေဒနာဟူသည် အဘယ်နည်း? ဒုက္ခဝေဒနာလော သုခဝေဒနာလော— သမာပတ် ဝင်စားသူ၏ ဝေဒနာလော မဝင်စားသူ၏ဝေဒနာလော [၁၀၆]သာသဝဝေဒနာလော အနာသဝဝေဒနာလော ဤသို့ သဘောစသည် အပြားကို မသုံးသပ်အပ်ပေ။ အလုံးစုံသော ဝေဒနာတို့၌ ဤနည်းအတိုင်းပင် သိအပ်၏။

တနည်းသော်ကား “ထိုထိုဝေဒနာကို ထောက်၍ ထောက်၍ ဝေဒနာကို ဩဠာရိက သုခုမဟု မှတ်အပ်၏”ဟု ဟောတော်မူသောကြောင့် အကုသိုလ်ဝေဒနာ စသည်တို့၌လည်း ဒေါသမူလဝေဒနာသည် မီးကဲ့သို့ မိမိ၏မှီရာကို လောင်တတ်သောကြောင့် လောဘမူလဝေဒနာထက် ကြမ်းတမ်း၏၊ လောဘမူလဝေဒနာသည် သိမ်မွေ့၏။ ဒေါသမူလ ဝေဒနာသည်လည်း (အာနန္တရိယကံနှင့် ယှဉ်၍) နိယတဖြစ်မူ ကြမ်းတမ်း၏၊ အနိယတဖြစ်မူ သိမ်မွေ့၏။ နိယတ ဝေဒနာသည်လည်း(တကပ်ပတ်လုံး အဝီစိ၌တည်စေသောကံနှင့်ယှဉ်သည့်) ကပ္ပဋ္ဌိတိကဝေဒနာဖြစ်မူ ကြမ်းတမ်း၏၊ သို့မဟုတ်ပါမူ သိမ်မွေ့၏။ ထိုကပ္ပဋ္ဌိ

---

မှတ်ချက်

၁–ပါဠိရှိရင်းအတိုင်း ပြန်ထားသည်။ ဒုက္ခဝေဒနာ ဥပမာကို ဆိုခဲ့ပုံနှင့် မညီသကဲ့သို့ ရှိ၏၊ သို့သော်လည်း သုခ ဥပေက္ခာဝေဒနာတို့သည် သဘောအလိုအားဖြင့် ဩဠာရိကမဖြစ်သင့်သောကြောင့် ထိုသို့ ဆိုထားသည်ဟု ယူရာ၏။

http://www.dhammadownload.com



တိနိယတဝေဒနာတို့တွင်လည်း အသင်္ခါရိက[1] ဖြစ်လျှင်ကြမ်းတမ်း၏၊သသင်္ခါရိကဖြစ်လျှင် သိမ်မွေ့၏။ လောဘမူဝေဒနာသည်ကား ဒိဋ္ဌိနှင့်ယှဉ်လျှင် ကြမ်းတမ်း၏၊ မယှဉ်လျှင် သိမ်မွေ့၏။ ထိုဝေဒနာသည်လည်း နိယတကပ္ပဋ္ဌိတိက အသင်္ခါရိကဖြစ်လျှင် ကြမ်းတမ်း၏၊ သို့မဟုတ်လျှင် သိမ်မွေ့၏။ သာမညအားဖြင့်မူကား အကုသိုလ်ဝေဒနာသည် အကျိုးဝိပါက်များလျှင် ကြမ်းတမ်း၏၊ အကျိုးဝိပါက်နည်းလျှင် သိမ်မွေ့၏။ ကုသိုလ်ဝေဒနာသည်ကား အကျိုးဝိပါက်နည်းလျှင် ကြမ်းတမ်း၏၊ အကျိုးဝိပါက်များလျှင် သိမ်မွေ့၏။

ထောက်ဆယူပုံတနည်းကား ကာမာဝစရကုသိုလ်ဝေဒနာသည် ကြမ်းတမ်း၏၊ ရူပါဝစရကုသိုလ်ဝေဒနာသည် သိမ်မွေ့၏၊ ထို့ထက် အရူပါဝစရကုသိုလ်ဝေဒနာသည် သိမ်မွေ့၏၊ ထို့ထက် လောကုတ္တရာကုသိုလ်ဝေဒနာသည် သိမ်မွေ့၏။ ကာမာဝစရကုသိုလ်ဝေဒနာတို့တွင် ဒါနမယဝေဒနာသည် ကြမ်းတမ်း၏၊ သီလမယဝေဒနာသည် သိမ်မွေ့၏၊ ထို့ထက် ဘာဝနာမယဝေဒနာသည် သိမ်မွေ့၏။ ဘာဝနာမယဝေဒနာသည်လည်း ဒွိဟိတ်သည် ကြမ်းတမ်း၏၊ တိဟိတ်သည် သိမ်မွေ့၏။ တိဟိတ်ဝေဒနာသည်လည်း သသင်္ခါရိကသည်[2] ကြမ်းတမ်း၏၊ အသင်္ခါရိကသည်[2] သိမ်မွေ့၏။ ရူပါဝစရဝေဒနာသည်လည်း ပဌမစျာန်ဝေဒနာသည် ကြမ်းတမ်း၏၊ ဒုတိယစျာန်ဝေဒနာသည် သိမ်မွေ့၏။ပ။ပဉ္စမစျာန်ဝေဒနာသည် သိမ်မွေ့၏။ အရူပါဝစရဝေဒနာသည်လည်း အာကာသာနဉ္စာယတနဝေဒနာသည် ကြမ်းတမ်း၏။ပ။

---

မှတ်ချက်

၁–ဤ၌ အသင်္ခါရိက ဟူသောအမည်သည် ဝိသုဒ္ဓိမဂ်၌ ရှိရင်းအတိုင်းပင် ဖြစ်သည်။

၂–ဤ၌လည်း သသင်္ခါရိက အသင်္ခါရိကဟူသော အမည်များသည် ဝိသုဒ္ဓိမဂ်၌ ရှိရင်းအတိုင်းပင်။

http://www.dhammadownload.com



နေဝသညာနာသညာယတနဝေဒနာသည် သိမ်မွေ့သည် သာလျှင်တည်း။ လောကုတ္တရာ ဝေဒနာသည်လည်း သောတာပတ္တိမဂ် ဝေဒနာသည် ကြမ်းတမ်း၏။ပ။ အရဟတ္တမဂ်ဝေဒနာသည် သိမ်မွေ့သည်သာလျှင်တည်း။ ဤဆိုခဲ့သောနည်းကို ထိုထိုဘုံဆိုင်ရာ ဝိပါက်ဝေဒနာ ကိရိယာဝေဒနာတို့၌ရင်း, ဒုက္ခစသည် သမာပတ်မဝင်စားသူစသည် သာသဝစသည်တို့ အလိုအားဖြင့် ဆိုခဲ့သော ဝေဒနာတို့၌ရင်း သိအပ်၏။

တည်ရာ သြကာသအလိုအားဖြင့်လည်း ငရဲ၌ ဒုက္ခသည် ကြမ်းတမ်း၏၊ တိရစ္ဆာန်ဘုံ၌ ဒုက္ခသည် သိမ်မွေ့၏။ပ။ ပရနိမ္မိတ ဝသဝတ္တိဘုံ၌ ဒုက္ခသည် သိမ်မွေ့သည်သာတည်း။ ထို့အတူပင် သုခကိုလည်း အလုံးစုံသော တည်ရာဌာနတို့၌ ထိုက်သည်အားလျော်စွာ ယှဉ်စေအပ်၏။ အာရုံပြု၍ ဖြစ်ရာဝတ္ထုအလိုအားဖြင့်လည်း ယုတ်ညံ့သောဝတ္ထုရှိသော [၁] အမှတ်မရှိ တစုံတခုသော ဝေဒနာသည် ကြမ်းတမ်း၏၊ ကောင်းမြတ်သော ဝတ္ထုရှိသော ဝေဒနာသည် သိမ်မွေ့၏။

ယုတ်ညံ့ ကောင်းမြတ် ဝေဒနာအပြား၌ ကြမ်းတမ်းသော ဝေဒနာကို ယုတ်ညံ့သည်ဟူ၍ရင်း၊ သိမ်မွေ့သောဝေဒနာကို ကောင်းမြတ်သည်ဟူ၍ရင်း မှတ်အပ်၏။

၅၀၃။ အဝေးဟူသောပုဒ်ကို "အကုသိုလ်ဝေဒနာသည် ကုသိုလ်အဗျာကတဝေဒနာတို့မှ ဝေးသည်" ဟူ၍ရင်း၊ အနီးဟူသောပုဒ်ကို "အကုသိုလ်

မှတ်ချက်

**၁-ယုတ်ညံ့သော ဝတ္ထုရှိသော** ဟူသည်ကား ဆပ်ထမင်းကို စားသူ၏ ယုတ်ညံ့သော ဝတ္ထုကို အာရုံပြု၍ဖြစ်သော ဝေဒနာသည် ယုတ်ညံ့သောဝတ္ထုရှိသည်၏အဖြစ်ကြောင့် ကြမ်းတမ်း၏၊ သလေးသားပြွမ်းထမင်းကို စားသူ၏ ဝေဒနာသည် ကောင်းမြတ်သော ဝတ္ထုရှိသည်၏အဖြစ်ကြောင့် သိမ်မွေ့၏။ (ဋီကာ)

http://www.dhammadownload.com



ဝေဒနာသည် အကုသိုလ်ဝေဒနာနှင့် [၁၀၇] နီးသည်”ဟူ၍ရင်း ဤသို့ အစ ရှိသောနည်းဖြင့် ဝိဘင်းပါဠိ၌ ဝေဘန်ထားသည်။ ထို့ကြောင့် အကုသိုလ် ဝေဒနာသည် ကွဲပြားသည့်အဖို့ ရှိသောကြောင့်ရင်း, မရောနှောသော ကြောင့်ရင်း, မတူသောကြောင့်ရင်း ကုသိုလ်အဗျာကတ ဝေဒနာတို့မှ ဝေး သည်။ ထို့အတူ ကုသိုလ်အဗျာကတ ဝေဒနာတို့သည် အကုသိုလ်ဝေဒနာမှ ဝေးကြသည်။ အားလုံးသော ဝါရတို့၌ ဤနည်းပင်တည်း။ ထိုမှတပါး အကုသိုလ်ဝေဒနာသည် တူသောအဖို့ရှိသောကြောင့်ရင်း, တူသောကြောင့် ရင်း အကုသိုလ်ဝေဒနာနှင့် နီးသည်- ဤသို့ စသည်ဖြင့် သိအပ်၏။ ဤဆိုခဲ့ သောစကားသည် ဝေဒနာက္ခန္ဓာကို အတိတ်စသည်ဖြင့် ဝေဘန်ရာ၌ အကျယ် ပြဆိုချက် စကားအမြွက်ပေတည်း။

ထိုမှတပါး ထိုထိုဝေဒနာတို့နှင့် ယှဉ်ကုန်သော သညာ သင်္ခါရ ဝိညာဏ် တို့၏ ကြမ်းတမ်းသိမ်မွေ့သည့် အဖြစ်ကိုလည်း ဤဝေဒနာအတူပင် သိအပ် ပေသည်။

## အစဉ်စသည် အဆုံးအဖြတ် ပြဆိုချက်

၅၀၄။ ဤဆိုခဲ့သည့်အတိုင်း သိပြီးလျှင် တဖန် ထိုခန္ဓာတို့၌ပင်လျှင်-

ခန္ဓာတို့၌ ဉာဏ်အထူးဖြစ်ပွါးရန်အတွက် အစဉ်အားဖြင့်ရင်း၊ ထူးခြားခြင်းအားဖြင့်ရင်း၊ငါးပါးမှမယုတ်မလွန်ခြင်းအားဖြင့်ရင်း၊ ဥပမာအားဖြင့်ရင်း၊ နှစ်ပါးအပြားဖြင့် ရှုအပ်သောအားဖြင့်ရင်း၊ ဤသို့ရှုသူအား အကျိုးပြီးသောအားဖြင့်ရင်း အဆုံးအဖြတ်နည်း ကို ပညာရှိသည် ကောင်းစွာ သိအပ်သေး၏။

ထိုတွင် **အစဉ်အားဖြင့်**ဟူရာ၌ ဥပ္ပတ္တိက္ကမ-ဖြစ်စဉ်၊ ပဟာနက္ကမ-ပယ်စဉ်၊ ပဋိပတ္တိက္ကမ-ကျင့်စဉ်၊ ဘူမိက္ကမ-ဘုံအစဉ်၊ ဒေသနာက္ကမ-ဟောကြားသည့် ဒေသနာအစဉ်ဟူ၍ အစဉ်သည် များသောအပြားရှိ၏။

http://www.dhammadownload.com



ထိုများပြားသောအစဥ်တို့တွင် "ရှေးဦးစွာ ကလလခေါ်သော ရေကြည် ဖြစ်သည်၊ ကလလရေကြည်မှ အဗ္ဗုဒခေါ် အမြှုပ်ဖြစ်သည်" ဤသို့ စသည် ဖြင့် ပြဆိုသောအစဥ်သည် ဥပ္ပတ္တိက္ကမဖြစ်စဥ်ပေတည်း။ "ဒဿနမည်သော သောတာပတ္တိမဂ်ဉာဏ်ဖြင့် ပယ်အပ်သော တရားများ ဘာဝနာမည်သော အထက်မဂ်ဉာဏ်သုံးပါးဖြင့် ပယ်အပ်သောတရားများ" ဤသို့ စသည်ဖြင့် ပြဆိုသော အစဥ်သည် ပဟာနက္ကမ-ပယ်စဥ်ပေတည်း။ "သီလဝိသုဒ္ဓိ-သီလ စင်ကြယ်ခြင်း၊ စိတ္တဝိသုဒ္ဓိ-စိတ်စင်ကြယ်ခြင်း" ဤသို့စသည်ဖြင့် ပြဆိုသော အစဥ်သည် ပဋိပတ္တိက္ကမ-ကျင့်စဥ်ပေတည်း။ "ကာမာဝစရ တရားများ၊ ရူပါဝစရတရားများ" ဤသို့စသည်ဖြင့် ပြဆိုသောအစဥ်သည် ဘူမိက္ကမ-ဘုံ အစဥ်ပေတည်း။ "သတိပဋ္ဌာန်လေးပါး၊ သမ္မပ္ပဓာန်လေးပါး"ဟူ၍သော်၎င်း၊ "ဒါနစကားကို သီလစကားကို"ဟူ၍သော်၎င်း ဤသို့စသည်ဖြင့် ပြဆိုသော အစဥ်သည် ဒေသနာက္ကမ ဒေသနာအစဥ်-ဟောစဥ်ပေတည်း။ ထိုအစဥ်တို့ တွင် ဤအရာ၌ ဖြစ်စဥ်သည် မသင့်ပေ၊ အဘယ့်ကြောင့်ဆိုသော်-ကလလ စသည်တို့ကဲ့သို့ ခန္ဓာတို့မှာ ရှေး နောက် အပိုင်းအခြားအားဖြင့် မဖြစ်ခြင်း ကြောင့်ပေတည်း။ ပယ်စဥ်လည်း မသင့်၊ အဘယ့်ကြောင့်ဆိုသော် ကုသိုလ် အဗျာကတခန္ဓာတို့ကို မပယ်အပ်သောကြောင့်ပေတည်း။ ကျင့်စဥ်လည်း မသင့်၊ အဘယ့်ကြောင့်ဆိုသော်- အကုသိုလ်ခန္ဓာတို့ကို မကျင့်အပ်သော ကြောင့်ပေတည်း။ ဘုံအစဥ်လည်း မသင့်၊ အဘယ့်ကြောင့် ဆိုသော်- ဝေဒနာစသည်တို့သည် ဘုံလေးပါး၌ အတွင်းဝင်သောကြောင့် ပေတည်း။ ဒေသနာစဥ်-ဟောစဥ်သာ သင့်ပေသည်။

သင့်ပုံကို ချဲ့၍ပြရလျှင်-ခန္ဓာငါးပါးတို့၌ တပေါင်းတည်းယူသဖြင့် အတ္တစွဲ ဒိဋ္ဌောဃ၌ ကျရောက်နေသော ဝေနေယျ သတ္တဝါအပေါင်းကို[၁] တလုံးတခဲ

---

မှတ်ချက်

၁-ဝေနေယျသတ္တဝါအပေါင်းကို........ လွတ်စေတော်မူလိုသည်-ဟု စပ်ပါ။

http://www.dhammadownload.com



တည်း-တယောက်တည်းဟု ထင်ရသော ရုပ်နာမ်အပေါင်း (သမူဟဃန)၏ အသီးအသီးကွဲပြားခြင်းကို ပြသဖြင့် အတ္တစွဲမှုလွတ်စေတော်မူလိုသည်ဖြစ်၍ သတ္တဝါတို့၏ အကျိုးစီးပွါးကို လိုလားတော်မူသော မြတ်စွာဘုရားသည် [၁၀၇] ထိုထိုသတ္တဝါအပေါင်း၏ အလွယ်တကူ မှတ်ယူနိုင်ခြင်း အကျိုးငှါ မျက်စိ စသည်တို့၏သော်လည်း အာရုံဖြစ်၍ ကြမ်းတမ်း ထင်ရှားသော ရူပက္ခန္ဓာကို ရှေးဦးပဌမ ဟောပြတော်မူပေသည်။ ထို့နောင် ဣဋ္ဌ အနိဋ္ဌရုပ်ကို ခံစားတတ်သော ဝေဒနာက္ခန္ဓာကို(ဟောတော်မူသည်)၊ "အကြင်အာရုံကို ခံစား၏၊ ထိုအာရုံကို မှတ်သား၏"ဟူသော ဤအခြင်းအရာဖြင့် ခံစားရသော အာရုံ၏[၁] အခြင်းအရာကို ယူတတ်သော သညာက္ခန္ဓာကို (ဟောတော်မူသည်)၊ အမှတ်သညာ၏အစွမ်းဖြင့် ပြုလုပ်တတ်ကုန်သော သင်္ခါရတို့ကို (ဟောတော်မူသည်)၊ (ထို့နောင်) ထိုဝေဒနာစသည်တို့၏ မှီရာဖြစ်သော ၎င်းတို့၏ အကြီးအမှူးလည်းဖြစ်သော ဝိညာဏက္ခန္ဓာကို (ဟောတော်မူသည်)ဟု ဤသို့သော အစဉ်ဖြင့် အဆုံးအဖြတ်နည်းကို သိအပ်၏။

၅၀၅။ **ထူးခြားခြင်းအားဖြင့်** ဟူသည်ကား ခန္ဓာနှင့် ဥပါဒါနက္ခန္ဓာတို့၏ ထူးခြားခြင်းအားဖြင့်။ ယင်းတို့၏ ထူးခြားခြင်းကား အဘယ်နည်းဟူမူ— ခန္ဓာတို့ကို သာမညအားဖြင့် ဟောတော်မူသည်၊ ဥပါဒါနက္ခန္ဓာတို့ကိုမူ အာသဝေါတို့၏ အာရုံ(သာသဝ) အဖြစ် ဥပါဒါန်တို့၏ အာရုံ(ဥပါဒါနိယ) အဖြစ်ဖြင့် အထူးပြု၍ ဟောတော်မူသည်၊ ဟောတော်မူပုံမှာ—

> "ရဟန်းတို့ ငါးပါးကုန်သော ခန္ဓာတို့ကို ဟောမည်၊ ငါးပါးကုန်သော ဥပါဒါနက္ခန္ဓာတို့ကိုလည်း ဟောမည်၊ထိုတရားကို နာကြ။ ရဟန်းတို့–ငါးပါးကုန်သော ခန္ဓာတို့သည် အဘယ်သည်တို့နည်း၊

မှတ်ချက်

၁ – ဝေဒနာဝိသယဿ-ဝေဒနာ၏ အာရုံ၏-ဟု ပြန်သင့်ရာ၌ မြန်မာစကားချော၍ ပေါ်လွင်စေရန် "ခံစားရသော အာရုံ၏" ဟု ပြန်သည်။

http://www.dhammadownload.com



ရဟန်းတို့ အတိတ် အနာဂတ် ပစ္စုပ္ပန် ဖြစ်သော ကိုယ်တွင်း၌မူလည်း ဖြစ်သော။ပ။ အနီး၌မူလည်းဖြစ်သော အလုံးစုံသော ရုပ်သည် ရှိ၏၊ ရဟန်းတို့ ဤအလုံးစုံသော ရုပ်ကို ရူပက္ခန္ဓာဟု ခေါ်ဆိုအပ်၏။ အတိတ် အနာဂတ် ပစ္စုပ္ပန် ဖြစ်သော။ပ။အလုံးစုံသော ဝေဒနာသည် ရှိ၏။ပ။ အလုံးစုံသော သညာသည် ရှိ၏။ပ။ အလုံးစုံသော သင်္ခါရတို့သည် ရှိကုန်၏။ပ။ အလုံးစုံသော ဝိညာဏ်သည် ရှိ၏။ ရဟန်းတို့ ဤအလုံးစုံသော ဝိညာဏ်ကို ဝိညာဏက္ခန္ဓာဟု ခေါ်ဆိုအပ်၏။ ရဟန်းတို့ ဤငါးပါးတို့ကို ငါးပါးကုန်သော ခန္ဓာတို့ဟူ၍ ခေါ်ဆိုအပ်ကုန်၏။ ရဟန်းတို့ ငါးပါးကုန်သော ဥပါဒါနက္ခန္ဓာတို့သည် အဘယ်သည်တို့နည်း၊ ရဟန်းတို့ အတိတ် အနာဂတ် ပစ္စုပ္ပန် ဖြစ်သော။ပ။ အနီး၌မူလည်းဖြစ်သော သာသဝ ဥပါဒါနိယ ဖြစ်သော အလုံးစုံသောရုပ်သည် ရှိ၏၊ ရဟန်းတို့ သာသဝ ဥပါဒါနိယ ဖြစ်သော ဤ အလုံးစုံသော ရုပ်ကို ရူပုပါဒါနက္ခန္ဓာဟု ခေါ်ဆိုအပ်၏။ အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သော။ပ။ သာသဝ ဥပါဒါနိယ ဖြစ်သော အလုံးစုံသော ဝိညာဏ်သည် ရှိ၏၊ ရဟန်းတို့ သာသဝ ဥပါဒါနိယ ဖြစ်သော ဤအလုံးစုံသော ဝိညာဏ်ကို ဝိညာဏုပါဒါ-နက္ခန္ဓာဟု ခေါ်ဆိုအပ်၏။ ရဟန်းတို့ သာသဝ ဥပါဒါနိယဖြစ်သော ဤ ငါးပါးတို့ကို ငါးပါးကုန်သော ဥပါဒါနက္ခန္ဓာတို့ဟူ၍ ခေါ်ဆိုအပ်ကုန်၏”ဟု ဟောတော်မူ၏။

ဤပါဠိတော်၌ ဝေဒနာစသည် တို့သည်အနာသဝလည်းရှိကုန်သကဲ့သို့ ရုပ်သည်ကား အနာသဝမည်သည် မရှိပေ၊သို့သော်လည်း ထိုရုပ်မှာ အစုဟူသော အနက်အားဖြင့် ခန္ဓာအဖြစ်သည် သင့်၏၊ ထို့ကြောင့် ယင်းကို ခန္ဓာတို့၌ ဟောတော်မူပေသည်။ ထို့ပြင် အစုဟူသော အနက်အားဖြင့်ရင်း, အာသဝေါတို့၏ အာရုံ(သာသဝ)ဟူသော အနက်အားဖြင့်ရင်း, ဥပါဒါနက္ခန္ဓာအဖြစ်

http://www.dhammadownload.com



သည်လည်း သင့်၏၊ ထို့ကြောင့် ယင်းကို ဥပါဒါနက္ခန္ဓာတို့၌ ဟောတော်မူပေသည်။ ဝေဒနာစသည်တို့ကိုမူ အာသဝေါတို့၏ အာရုံမဟုတ်သည်တို့ကို သာလျှင် ခန္ဓာတို့၌ ဟောတော်မူသည်၊ အာသဝေါတို့၏ အာရုံ ဖြစ်သော ဝေဒနာစသည်တို့ကို ဥပါဒါနက္ခန္ဓာတို့၌ ဟောတော်မူသည်။ ဤအရာ၌ ဥပါဒါနက္ခန္ဓာတို့ဟူသည်မှာလည်း ဥပါဒါန်တို့၏ အာရုံဖြစ်သော ခန္ဓာတို့ပင် ဖြစ်သည်ဟူ၍ ဤအနက်ကို မှတ်အပ်၏။ ဤဝိသုဒ္ဓိမဂ် ဤအရာ၌မူ ထို အလုံးစုံသော သာသဝ အနာသဝ တရားတို့ကို တပေါင်းတည်းပြု၍ ခန္ဓာတို့ဟု အလိုရှိအပ်၏။

၅၀၆။ **မယုတ်မလွန်ခြင်းအားဖြင့်** ဟူရာ၌ မြတ်စွာဘုရားသည် ခန္ဓာတို့ကို မယုတ်မလွန် အတိအကျ ငါးပါးတို့ကိုသာလျှင် အဘယ့်ကြောင့် ဟောအပ်ကုန်သနည်းဟူမူ—အလုံးစုံသော သင်္ခတတရားတို့ကို တူသောအဖို့ ရှိသည့်သဘောဖြင့် တပေါင်းတည်း သိမ်းယူခြင်းကြောင့်၎င်း၊ အတ္တစွဲ အတ္တနိယစွဲ၏ တည်ရာဝတ္ထုသည် ဤငါးပါးမျှ အတိုင်းအရှည် ရှိသော ကြောင့်၎င်း၊ သီလက္ခန္ဓာစသော အခြားခန္ဓာတို့သည်လည်း ထိုငါးပါး၌ အတွင်းဝင်သောကြောင့်၎င်း ထိုသို့ ဟောတော်မူပေသည်။ ချဲ့၍ပြရလျှင်— များသောအပြားရှိကုန်သော [၁၀၉] သင်္ခတတရားတို့ကို တူသောအဖို့ ရှိသည့် သဘောအလိုအားဖြင့် သိမ်းယူအပ်ကုန်သည်ရှိသော် ရုပ်သည်လည်း ရုပ်(ဖောက်ပြန်ခြင်း)ဟူသော တူသောအဖို့ရှိသည့်သဘောဖြင့် တပေါင်း တည်းသိမ်းယူခြင်း၏အစွမ်းအားဖြင့် တပါးသောခန္ဓာ ဖြစ်သည်။ ဝေဒနာ သည် ဝေဒနာ(ခံစားခြင်း)ဟူသော တူသောအဖို့ရှိသည့် သဘောဖြင့် တပေါင်းတည်းသိမ်းယူခြင်း၏ အစွမ်းအားဖြင့် တပါးသောခန္ဓာ ဖြစ်သည်။ သညာစသည်တို့၌ ဤနည်းပင် သိအပ်၏။ ထိုသို့ အလုံးစုံသော သင်္ခတ တရားတို့ကို တူသောအဖို့ရှိသည့်သဘောဖြင့် တပေါင်းတည်းသိမ်းယူခြင်း ကြောင့် ခန္ဓာတို့ကို ငါးပါးတို့သာလျှင် ဟောတော်မူ(အပ်ကုန်)ပေသည်။

http://www.dhammadownload.com



ထို့ပြင် အတ္တစွဲ အတ္တနိယစွဲ၏[၁] တည်ရာဝတ္ထုဖြစ်သော ထိုအာရုံသည် ရုပ်စသည်ငါးပါးသော ဤတရားလျှင် အတိုင်းအရှည်ရှိ၏။ မှန်ပေ၏-အောက်ပါ စကားကို မြတ်စွာဘုရား ဟောတော်မူပေ၏။

> "ရဟန်းတို့ ရုပ်ရှိလျှင် ရုပ်ကိုအစွဲပြု၍ ရုပ်ကိုနှလုံးသွင်း၍ 'ဤအရာသည် ငါ့ဉစ္စာတည်း၊ ဤအရာသည် ငါပင်ဖြစ်သည်၊ ဤအရာသည် ငါ၏အတ္တတည်း'ဟု ဤသို့သော အယူမှားသည် ဖြစ်၏။ ဝေဒနာရှိလျှင်။ပ။ သညာရှိလျှင်။ပ။သင်္ခါရတို့ရှိလျှင်။ ပ။ဝိညာဏ်ရှိလျှင် ဝိညာဏ်ကို အစွဲပြု၍ ဝိညာဏ်ကို နှလုံးသွင်း၍ 'ဤအရာသည် ငါ့ဉစ္စာတည်း၊ ဤအရာသည် ငါပင်ဖြစ်သည်၊ ဤအရာသည် ငါ၏အတ္တတည်း'ဟု ဤသို့သော အယူမှားသည် ဖြစ်၏"ဟူ၍ ပင်တည်း။

ထိုသို့ အတ္တစွဲ အတ္တနိယစွဲ၏ တည်ရာဝတ္ထုသည် ရုပ်အစရှိသော ဤတရား ငါးပါးလျှင် အတိုင်းအရှည်ရှိသောကြောင့်လည်း ခန္ဓာတို့ကို ငါးပါးတို့သာလျှင် ဟောတော်မူ(အပ်ကုန်)ပေသည်။ ထို့ပြင် အခြားတပါးကုန်သော သီလအစရှိကုန်သော အကြင်ငါးပါးကုန်သော တရားအစုတို့ကိုလည်း ဟောထားသည် ရှိပေ၏၊ ထိုငါးပါးကုန်သော တရားအစုတို့သည်လည်း သင်္ခါရက္ခန္ဓာ၌ အတွင်းဝင်ကြသောကြောင့် ဤခန္ဓာငါးပါးတို့၌သာလျှင် သက်ဝင်ကုန်၏။ ထိုသို့ သီလက္ခန္ဓာစသော အခြားခန္ဓာတို့သည် ထိုခန္ဓာငါးပါးတို့၌ အတွင်းဝင်သောကြောင့်လည်း ငါးပါးတို့ကိုသာလျှင် ဟော

---

မှတ်ချက်

၁ – အတ္တစွဲမှာ ထင်ရှား၏။ အတ္တ၏ ဉစ္စာ, အတ္တ၏ အစိတ်အပိုင်း, ငါ့ဉစ္စာ, ငါ့ မျက်စိ, ငါ့ရုပ်, ငါ့စိတ် စသည်ဖြင့် ထင်မှတ်စွဲလမ်းခြင်းကို အတ္တနိယစွဲ- ဟု ဆိုသည်။

http://www.dhammadownload.com



တော်မူ(အပ်ကုန်)ပေသည်။ ဤသို့လျှင် ငါးပါးမှ မယုတ်မလွန်ခြင်း အားဖြင့် အဆုံးအဖြတ်နည်းကို သိအပ်၏။

၅၀၇။ **ဥပမာအားဖြင့်**ဟူရာ၌ အကျယ်ကား— ရုပ်ဥပါဒါနက္ခန္ဓာသည် သူနာခရုံ-ဆေးရုံနှင့်တူ၏၊ အကြောင်းမှာ—သူနာနှင့်တူသော ဝိညာဏ်ဥပါဒါနက္ခန္ဓာ၏တည်ရာ ဒွါရအာရုံအလိုအားဖြင့် နေရာဌာနဖြစ်သောကြောင့် ပေတည်း။ ဝေဒနာဥပါဒါနက္ခန္ဓာသည် အနာရောဂါနှင့်တူ၏၊ အကြောင်းမှာ— နှိပ်စက်တတ်သောကြောင့် ပေတည်း။ သညာဥပါဒါနက္ခန္ဓာသည် အနာရောဂါဖြစ်ကြောင်း သမုဋ္ဌာန်နှင့်တူ၏၊ အကြောင်းမှာ—ကာမသညာ စသည်၏အစွမ်းအားဖြင့် ရာဂစသည်နှင့်ယှဉ်သော ဝေဒနာ၏ဖြစ်သင့်ခြင်း ကြောင့် ပေတည်း။ သင်္ခါရဥပါဒါနက္ခန္ဓာသည် မသင့်မလျော်သော ဥတု အစာစသည်ကို မှီဝဲခြင်းနှင့်တူ၏၊ အကြောင်းမှာ—ဝေဒနာဟူသော အနာ ရောဂါ၏ အကြောင်းရင်းဖြစ်သောကြောင့် ပေတည်း။ မှန်ပေ၏-“ခံစားမှု ဝေဒနာကို ခံစားမှုအကျိုးငှါ (သင်္ခါရတို့က)ပြုလုပ်တတ်ကုန်၏”ဟု ဟော တော်မူ(အပ်)ပေ၏။ ထို့ပြင် “အကုသိုလ်ကံ၏ ပြုအပ်ပြီး ဆည်းပူးအပ်ပြီး ဖြစ်ခြင်းကြောင့် အကျိုးဖြစ်သော ဒုက္ခသဟဂုတ် ကာယဝိညာဏ်သည် ဖြစ်ပေါ်၏”ဟူ၍လည်း ဟောတော်မူ(အပ်)ပေ၏။ ဝိညာဏ်ဥပါဒါနက္ခန္ဓာ သည် သူနာနှင့်တူ၏၊ အကြောင်းမှာ—ဝေဒနာဟူသော အနာရောဂါမှ မလွတ်ကင်းသောကြောင့် ပေတည်း။ တနည်းသော်ကား ဤရုပ်အစရှိသော ဥပါဒါနက္ခန္ဓာတို့သည် ထောင်,၃၂-မျိုးသော ညှဉ်းဆဲမှု,ကျူးလွန်သည့်ပြစ်မှု, ညှဉ်းဆဲသည့်အာဏာသား, ပြစ်မှုရှိသူတို့နှင့် အစဉ်အတိုင်း တူကုန်၏၊ စားခွက်, ဘောဇဉ်, ဟင်းကောင်း, ကျွေးမွေးသူ, စားသူတို့နှင့် လည်း တူကုန်၏။ ဤသို့လျှင် ဥပမာအားဖြင့် အဆုံးအဖြတ်နည်းကို သိအပ်၏။

၅၀၈။ **နှစ်ပါး အပြားဖြင့် ရှုအပ်သော အခြင်းအရာအားဖြင့်** ဟူရာ၌ အကျဉ်းနှင့် အကျယ် နှစ်ပါး အပြားဖြင့် ရှုအပ်သော အားဖြင့်လည်း

http://www.dhammadownload.com



ဤခန္ဓာတို့၌ အဆုံးအဖြတ်နည်းကို သိအပ်၏။ ချဲ့၍ ပြရလျှင်— အကျဉ်း အားဖြင့် ဥပါဒါနက္ခန္ဓာငါးပါးတို့ကို အာသီဝိသောပမသုတ်၌ ဟောထား သောနည်းအရ ခုတ်သတ်ရန် ချီမိုးသည့်သန်လျက်ဓားရှိသော ရန်သူအနေ အားဖြင့် ရှုအပ် (ကုန်) ၏၊ ဘာရသုတ်အလို လေးလံသောဝန်ထုပ် အနေ အားဖြင့် ရှုအပ်(ကုန်)၏၊ ခဇ္ဇနီယဒေသနာအလို စားဝါးတတ်သည့် ဘီလူး အနေအားဖြင့် ရှုအပ်(ကုန်)၏၊ ယမကသုတ္တန်အလို အနိစ္စ, ဒုက္ခ, အနတ္တ, သင်္ခတ(ပြုပြင်အပ်သည့်) တရား, သူသတ်သမားအဖြစ်ဖြင့် ရှုအပ် (ကုန်)၏။ အကျယ်အားဖြင့်မူကား ဤခန္ဓာငါးပါးတို့တွင် အနှိပ်အနယ် မခံသော ကြောင့် ရုပ်ကို ရေမြှုပ်စိုင်ကဲ့သို့ ရှုအပ်၏၊ [၁၁၀] တခဏမျှသာ မွေ့လျော် ဖွယ်ရှိသောကြောင့် ဝေဒနာကို ရေပွက် (ရေပူဖောင်း) ကဲ့သို့ ရှုအပ်၏၊ အမှားမှားအယွင်းယွင်း ပြောစေတတ်သောကြောင့် သညာကို တံလှပ်ကဲ့သို့ ရှုအပ်၏။ အနှစ်မဲ့သောကြောင့် သင်္ခါရတို့ကို ငှက်ပျောတုံးကဲ့သို့ ရှုအပ်၏၊ လှည့်စားတတ်သောကြောင့် ဝိညာဏ်ကို မျက်လှည့်ကဲ့သို့ ရှုအပ်၏။ အထူး အားဖြင့်မူကား အလွန်ကောင်းမြတ်ငြားသော်လည်း ကိုယ်တွင်း ရုပ်ကို ( အသုဘ ) စက်ဆုပ်ဖွယ် မတင့်တယ်ဟု ရှုအပ်၏၊ ( တကယ်ဆင်းရဲ, ဖောက်ပြန်ဆင်းရဲ, ပြုပြင်ရသည့်ဆင်းရဲ-ဟူသော ) သုံးမျိုးသော ဆင်းရဲ တို့မှ မလွတ်သောကြောင့် ဝေဒနာကို (ဒုက္ခ) ဆင်းရဲဟု ရှုအပ်၏၊ မစီမံ မခန့်ခွဲနိုင်သောကြောင့် သညာနှင့် သင်္ခါရတို့ကို (အနတ္တ) အတ္တမဟုတ် သဘောတရားမျှဟု ရှုအပ်ကုန်၏၊ ဖြစ်ခြင်း ပျက်ခြင်းသဘော ရှိသော ကြောင့် ဝိညာဏ်ကို(အနိစ္စ)မမြဲဟု ရှုအပ်၏။

၁၀၉။ **ဤသို့ရှုသူအား အကျိုးပြီးသောအားဖြင့်** ဟူသည်ကား ယခု ပြဆိုခဲ့သည့်အတိုင်း အကျဉ်းအကျယ်အလို နှစ်ပါးအပြားဖြင့် ရှုသော သူအား အကြင်အကျိုး၏ပြီးခြင်းသည် ရှိ၏၊ ထိုအကျိုးပြီးခြင်း အားဖြင့် လည်း အဆုံးအဖြတ်နည်းကို သိအပ်၏။ ၎င်းကား အဘယ်နည်းဟူမူ-

http://www.dhammadownload.com



အကျဉ်းအားဖြင့် ငါးပါးသော ဥပါဒါနက္ခန္ဓာတို့ကို ချိမိုးသော သန်လျက်ရှိသည့်ရန်သူ စသည်အဖြစ်ဖြင့် ရှုသောသူသည် ခန္ဓာတို့ကြောင့် မပင်ပန်းရပေ။ အကျယ်အားဖြင့် ရုပ်စသည်တို့ကို ရေမြှုပ်စိုင်စသည်နှင့် တူသည်၏ အဖြစ်ဖြင့် ရှုသောသူသည် အနှစ်မဲ့သောခန္ဓာတို့၌ အနှစ်ရှိသည်ဟု ထင်မြင်လေ့မရှိတော့ပေ။

ထို့ပြင် အထူးအားဖြင့် ကိုယ်တွင်းရုပ်ကို အသုဘဟု ရှုသောသူသည် အလုပ်အလွေ့ပြု၍ စားအပ်သော အာဟာရကို ပိုင်းခြား၍ သိ၏၊ မတင့်တယ်သောရုပ်၌ တင့်တယ်သည်ဟု ထင်မှားသော ဝိပလ္လာသကို ပယ်၏၊ ကာမောဃကို ကျော်လွန်၏၊ ကာမယောဂနှင့် မယှဉ်တော့ပေ၊ ကာမာသဝဖြင့် ယိုစီးမှု-အာသဝေါကင်း၏၊ အဘိဇ္ဈာကာယဂန္ထကို ဖျက်ဆီး၏၊ ကာမုပါဒါန်ကို မစွဲမှီတော့ပေ။

ဝေဒနာကို ဒုက္ခဟု ရှုသောသူသည် ဖဿ ဟူသော အာဟာရကို ပိုင်းခြား၍သိ၏၊ ဆင်းရဲ၌ ချမ်းသာဟု ထင်မှားသော ဝိပလ္လာသကို ပယ်၏၊ ဘဝေါဃကို ကျော်လွန်၏၊ ဘဝယောဂနှင့် မယှဉ်တော့ပေ၊ ဘဝါသဝဖြင့် ယိုစီးမှု-အာသဝေါကင်း၏၊ ဗျာပါဒကာယဂန္ထကို ဖျက်ဆီး၏၊ သီလဗ္ဗတုပါဒါန်ကို မစွဲမှီတော့ပေ။

သညာနှင့် သင်္ခါရတို့ကို အနတ္တဟု ရှုသောသူသည် စေတနာဟူသော မနောသဉ္စေတနာဟာရကို ပိုင်းခြား၍ သိ၏၊ အတ္တမဟုတ်သည်၌ အတ္တဟု ထင်မှားသော ဝိပလ္လာသကို ပယ်၏၊ ဒိဋ္ဌောဃကို ကျော်လွန်၏၊ ဒိဋ္ဌိယောဂနှင့် မယှဉ်တော့ပေ၊ ဒိဋ္ဌာသဝဖြင့် ယိုစီးမှု-အာသဝေါကင်း၏၊ ဣဒံသစ္စာဘိနိဝေသကာယဂန္ထကို ဖျက်ဆီး၏၊ အတ္တဝါဒုပါဒါန်ကို မစွဲမှီတော့ပေ။

ဝိညာဏ်ကို အနိစ္စဟု ရှုသောသူသည် စိတ်ဟူသော ဝိညာဏာဟာရကို ပိုင်းခြား၍ သိ၏၊ မမြဲသည်၌ မြဲသည်ဟု ထင်မှားသော ဝိပလ္လာသကိုပယ်၏၊

http://www.dhammadownload.com



အဝိဇ္ဇောဃကို ကျော်လွန်၏၊ အဝိဇ္ဇာယောဂနှင့် မယှဉ်တော့ပေ၊ အဝိဇ္ဇာသဝဖြင့် ယိုစီးမှု·အာသဝေါကင်း၏၊ သီလဗ္ဗတပရာမာသကာယဂန္ထကိုဖျက်ဆီး၏၊ ဒိဋ္ဌုပါဒါန်ကို မစွဲမှီတော့ပေ။

[၁၁၁] ဤဆိုခဲ့သည့်အတိုင်း[၁] သူသတ်သမားစသည်အလိုဖြင့် ရှုခြင်းသည် ကြီးမားသော အကျိုးအာနိသင် ရှိပေ၏၊ ထို့ကြောင့် ပညာရှိသည် ခန္ဓာတို့ကို သူသတ်သမားစသည် အလိုအားဖြင့် ရှုရာ၏။ ဤကား ဥယျောဇဉ်ပေတည်း။

ဤသည်ကား သူတော်ကောင်းအပေါင်းတို့၏ ဝမ်းမြောက်ခြင်းငှါ
ပြုစီရင် (အပ်) သော ဝိသုဒ္ဓိမဂ်ကျမ်းဝယ်
ပညာဘာဝနာအရာ၌
ခန္ဓာတို့ကို အကျယ်ပြချက် (ခန္ဓနိဒ္ဒေသ) မည်သော
တဆယ့်လေးခုမြောက် အပိုင်းအခဏ်းပေတည်း။
(ခန္ဓာတို့ကို အကျယ်ပြချက် ပြီး၏)

---

မှတ်ချက်

၁–ဤ ဆိုခဲ့သည့်အတိုင်း........ ရှုခြင်းသည် ဤဆိုခဲ့သည့်အတိုင်း ကြီးမားသော အကျိုးအာနိသင် ရှိပေ၏–ဟု စပ်၍ယူပါ။

http://www.dhammadownload.com

## ၁၅-အာယတနဓာတုနိဒ္ဒေသ-အာယတနဓာတ်တို့ကို အကျယ်ပြချက် အာယတနဝိတ္ထာရကထာ-အာယတနတို့ကို အကျယ်ပြဆိုချက်

[၁၁၂] ၅၁၀။ **အာယတနတို့** ဟူသည်မှာ စက္ခာယတန, ရူပါယတန သောတာယတန, သဒ္ဒါယတန, ဃာနာယတန, ဂန္ဓာယတန, ဇိဝှါယတန, ရသာယတန, ကာယာယတန, ဖောဋ္ဌဗ္ဗာယတန, မနာယတန, ဓမ္မာယတန ဟူသော ၁၂-ပါးသော အာယတနတို့ပေတည်း။

ထိုအာယတနတို့၌—

> သဒ္ဒါနက်, လက္ခဏာ,ထို(၁၂-ပါး) မျှရှိသည့်အဖြစ်,အစဉ်,အကျဉ်း အကျယ်အားဖြင့်ရင်း, ရှုအပ်သည့် အဖြစ်အားဖြင့်ရင်း အဆုံး အဖြတ်ကို သိအပ်၏။

ထိုတွင် ထူးသော သဒ္ဒါတို့၏ အနက်အားဖြင့် (စက္ခတိ) အဆင်းကို သာယာတတ်၏ ဝါ-အဆင်းကို ပြတတ်၏၊ ထို့ကြောင့် စက္ခု-မျက်စိမည်၏[၁]။ (ရူပယတိ)ပြတတ်၏၊ ထို့ကြောင့် ရူပ-အဆင်းမည်၏၊အဆင်းသည် ရှင်ခြင်း ညှိုးခြင်း စသည်ဖြင့် ဖောက်ပြန်ခြင်းသို့ ရောက်လျက် နှလုံး၌ တည်သော စိတ်အလိုကို ပြတတ်၏-ဤသည်ကား (ရူပယတိ-ပြတတ်၏-ဆိုရာ၌) ဆိုလိုသောအနက်။ (သုဏာတိ)ကြားတတ်၏၊ ထို့ကြောင့် သောတ-နားမည်၏[၂]။

---

မှတ်ချက်

၁–စက္ခုဝိညာဏ်ဖြင့် မြင်သိနိုင်အောင် မျက်စိ၌ ထင်ပေါ်လာသည်ကို ခံယူတတ်သည်ကိုပင် သာယာတတ်-၏ဟု ဆိုသည်၊ မြင်သိစေခြင်းကိုပင် ပြတတ်၏ဟု ဆိုသည်။ စက္ခ–ဓာတ်+ဥ–ပစ္စည်းဖြင့် စက္ခု–ဟု ရုပ်ပြီးသည်။

၂–သု–ဓာတ်+တ–ပစ္စည်းဖြင့် သောတ–ဟု ရုပ်ပြီးသည်။

http://www.dhammadownload.com



(သပ္ပတိ)ရှုတ်ဆိုအပ်၏၊ ထို့ကြောင့် သဒ္ဒ-အသံမည်၏[၁]။ (ဃာယတိ)နမ်းရှူတတ်၏၊ ထို့ကြောင့် ဃာန-နှာခေါင်းမည်၏။ (ဂန္ဓယတိ)မိမိ၏ တည်ရာဝတ္ထုကို ပြတတ်၏၊ ထို့ကြောင့် ဂန္ဓ-အနံ့ မည်၏[၂]။ (ဇီဝိတံ အဝှယတိ) အသက်ကို ခေါ်သကဲ့သို့ ဖြစ်တတ်၏၊ ထို့ကြောင့် ဇိဝှါ-လျှာမည်၏။[၃]။ သတ္တဝါတို့သည် ထိုအာရုံကို (ရသန္တိ)သာယာတတ်ကုန်၏၊ ထိုသို့ သတ္တဝါတို့က သာယာအပ်သောကြောင့် ယင်း အာရုံသည် ရသ-အရသာမည်၏။ ကု-စက်ဆုပ်ဖွယ်အာသဝတရားတို့၏+အာယော-ဖြစ်ရာအရပ်သည် ကာယ-ကိုယ်မည်၏[၄]။ (ဖုသိယတိ)တွေ့ထိအပ်၏၊ ထို့ကြောင့် ဖောဋ္ဌဗ္ဗ-တွေ့ထိစရာ

---

မှတ်ချက်

၁–ဤအလိုအားဖြင့် သပ–ဓာတ်+ဒ–ပစ္စည်းဖြင့် သဒ္ဒပြီးသည်ဟု ယူရာ၏။ ဋီကာကျော်၌မူ သဒ္ဒိယတီတိ-ရှုတ်ဆိုအပ်သောကြောင့် သဒ္ဒေါ-သဒ္ဒ မည်၏ဟု ပြဆိုထား၏။ ထိုအလိုအားဖြင့် သဒ္ဒ-ဓာတ်ဖြင့်ပင် ပြီးသည်ဟု ယူရာ၏။

၂–အနံ့သည် အနံ့ရှိသော ပန်းသစ်သီး စသည်တို့ကို "သည်မှာ ရှိပါသည်" ဟု ပြသကဲ့သို့ ရှိသောကြောင့် ထိုသို့ ဆိုပေသည်။

၃–ဇီဝိတ + အဝှ-မှ ဇိဝှါ-ဟု ရုပ်ပြီးသည်။ လျှာဖြင့် အရသာရှိသော အစာကို လက်ခံ၍ စားခြင်းဖြင့် အာဟာရဇရုပ်ကို မှီ၍ အသက် ရှင်ရသောကြောင့် လျှာက အသက်ကို ခေါ်သည်–ဟု ဆိုသည်။

၄–ကု+အာယ-မှ ကာယ ဖြစ်လာသည်။ ကာယကို စက်ဆုပ်ဖွယ် အာသဝတရားတို့၏ ဖြစ်ရာ ဟု (ဃာန ဇိဝှါတို့မှ) အထူးပြု၍ မိန့်ဆိုသည်၊ အကြောင်းမှာ– မြင်ခြင်း အမြတ်ဆုံး အစရှိသော အနုတ္တရိယတို့၏ အကြောင်း မဖြစ်ကုန်သော ကာမရာဂလျှင် အကြောင်းရှိသည့်ကံကြောင့် ဖြစ်ကုန်သော ကာမရာဂ၏ ဝိသေသ အကြောင်းလည်း ဖြစ်ကုန်သော ဃာန ဇိဝှါ ကာယတို့တွင် ကာယသည် အာသဝတရားတို့၏ သာ၍ ထူးသော အကြောင်း ဖြစ်ခြင်းကြောင့်ပေတည်း။ မှန်၏– ထိုကာယဖြင့် အတွေ့အထိ

http://www.dhammadownload.com



မည်၏။ ဝါ-အတွေ့မည်၏[၁]။ (မုနာတိ) သိတတ်၏၊ ထို့ကြောင့် မန-စိတ်-နှလုံး မည်၏။ မိမိ၏ သဘောလက္ခဏာကို (ဓာရေန္တိ) ဆောင်တတ်ကုန်၏၊ ထို့ကြောင့် ဓမ္မာ-သဘောအာရုံတို့ မည်ကုန်၏။

၅၁၁။ မထူးသော အာယတနသဒ္ဒါ၏[၂]အနက်အားဖြင့်မူကား(အာယတနတော)အားထုတ်ရာဖြစ်သောကြောင့်ရင်း,(အာယာနံ တနနတော)အာယ

မှတ်ချက်

ချမ်းသာကို သာယာကုန်လျက် သတ္တဝါတို့သည် မေထုန်မှီဝဲမှုကိုသော်လည်း ပြုလုပ်ကြ၏။ (ဋီကာ) ဝိသုဒ္ဓိမဂ်၌ရင်း ဤဋီကာ၌ရင်း သာသဝဓမ္မာနံ-သာသဝတရားတို့၏-ဟု ရှိရာတွင် အာသဝ-ဓမ္မာနံ- အာသဝ တရားတို့၏ ဟု ရှိသင့်၏။ အကြောင်းသော်ကား သာသဝ-တရားဟူသည်မှာ အာသဝေါ၏ အာရုံဖြစ်သော လောကီတရားများ ဖြစ်သည်၊ ထိုလောကီ တရားတို့၌ မြင့်မြတ်သော ဈာန်အဘိညာဉ် ကုသိုလ်များ ဝိပဿနာကုသိုလ်များလည်း ပါဝင်နေ၏၊ထို့ကြောင့် အနုတ္တရိယ၏အကြောင်းမဖြစ်ဟူသော စကားနှင့်လည်း မလျော်၊ စက်ဆုပ်ဖွယ်ဆိုသည်နှင့်လည်း မကိုက်၊ အာသဝဓမ္မာနံ-အာသဝတရားတို့၏ ဖြစ်ရာဟု ရှိပါမှ ရှေးနောက် အလုံးစုံ ညီညွတ်သည်။ ဋီကာကျော်၌လည်း ကုစ္ဆိတာနံ ပါပဓမ္မာနံ- စက်ဆုပ်ဖွယ် ယုတ်မာသော အကုသိုလ်တရားတို့၏ + အာယော-ဖြစ်ရာဖြစ်သောကြောင့် ကာယ မည်သည်-ဟု ဆိုထားပေသည်။ သို့ဖြစ်၍ မူလက အာသဝ-ဓမ္မာနံ-ဟု ရေးခဲ့သည်၊ နောက်ကာလ၌ သာသဝဓမ္မာနံ-ဟု ချွတ်ယွင်းလျက် ရှိသည်ဟု မြဲမြံစွာ မှတ်ယူရာ၏။

၁-ဖုသ-ဓာတ်+တဗ္ဗ-ပစ္စည်းဖြင့် ဖောဋ္ဌဗ္ဗ-ဟု ရုပ်ပြီးသည်။

၂-စက္ခာယတန-စသည်တို့၌ စက္ခု သောတ-စသည်တို့ကား အချင်းချင်း မတူပဲ ကွဲပြား ထူးခြားကုန်၏၊ အာယတန-သဒ္ဒါကား ၁၂-ပုဒ်လုံး၌ပင် မကွဲပြား မထူးခြားပဲ ရှိ၏။ ထို့ကြောင့် မထူးသော အာယတနသဒ္ဒါ၏-ဟု ဆိုသည်။

http://www.dhammadownload.com



မည်သော စိတ်စေတသိက် တရားတို့ကို ကျယ်ပြန့် ကြီးပွါးစေတတ်သော ကြောင့်ရင်း, (အာယတ) ရှည်သော သံသရာဆင်းရဲကို (နယနတော) ဆောင်တတ်သောကြောင့်ရင်း **အာယတန**မည်သည်ဟု သိအပ်၏။ ချဲ့၍ ပြအံ့—မျက်စိဟူသော စက္ခုဒွါရ, အဆင်းဟူသော ရူပါရုံစသည်တို့၌[၁] ထိုထို ဒွါရ ထိုထိုအာရုံနှင့် စပ်ဆိုင်သော စိတ်စေတသိက်တရားတို့သည် ခံစားခြင်း အစရှိသော[၂] မိမိ မိမိဆိုင်ရာကိစ္စဖြင့်(အာယတန္တိ)အားထုတ်ကုန်၏၊(ထိုသို့ အားထုတ်ရာဖြစ်သောကြောင့် အာယတန မည်ကုန်၏)[၃]။ ဒွါရ အာရုံတို့၌ ဖြစ်ကြသောကြောင့် အာယမည်ကုန်သော ထိုစိတ်စေတသိက် တရားတို့ကို (တနောန္တိ)ကျယ်ပြန့်ကြီးပွါးစေတတ်ကုန်၏၊(ထိုသို့ အာယခေါ် စိတ်စေတ သိက်တို့ကို ကျယ်ပြန့်ကြီးပွါးစေတတ်ကြသောကြောင့် အာယတန မည်ကုန် ၏)[၄]။ မသိအပ်သည်အစရှိသော ဝါ-အစမထင်သောသံသရာ၌ အလွန်ပင်

---

မှတ်ချက်

၁—ရူပါရုံ စသည်တို့၌ .......အားထုတ်ကုန်၏-ဟု စပ်ပါ။

၂—ဤ၌ အစရှိ-ဟူသော စကားဖြင့် သညာ၏ မှတ်သားခြင်းကိစ္စ သင်္ခါရ တို့၏ ပြုလုပ်အားထုတ်ခြင်းကိစ္စ စိတ်၏ အာရုံကို သိခြင်းကိစ္စတို့ကို ယူ ရာ၏။

၃—ဆက်စပ်၍ အလွယ်တကူ သိနိုင်ရန် လက်သည်းကွင်းဖြင့် ဖြည့်စွက်၍ ပြသည်။ မြင်လျက် ခံစားခြင်း စသော ကိစ္စကို ပြုလုပ်အားထုတ်ရာ ဖြစ် သောကြောင့် စက္ခု-မျက်စိသည်ရင်း၊ ရူပ-အဆင်းသည်ရင်း အာယတန မည်၏။ ကြားလျက် ခံစားခြင်း စသော ကိစ္စကို ပြုလုပ်အားထုတ်ရာ ဖြစ်သောကြောင့် သောတ-နားသည်ရင်း၊ သဒ္ဒ-အသံသည်ရင်း အာယတန မည်၏ စသည်ဖြင့် သိရာ၏။

၄—အာယ-ဒွါရ အာရုံတို့၌ဖြစ်သော စိတ် စေတသိက်တို့ကို+တန-ကျယ်ပြန့် ကြီးပွါးစေသည်=အာယတန-အာယ မည်သော စိတ် စေတသိက်တို့ကို ကျယ်ပြန့် ကြီးပွါးစေသောတရား။

http://www.dhammadownload.com



(အာယတံ)ရှည်စွာသော ဤသံသရာဆင်းရဲကို မဆုတ်နစ် မရပ်စဲသေးသမျှ ကာလပတ်လုံး (နယန္တိဧဝ) ဆောင်တတ်-ဖြစ်စေတတ်ကုန်သည်သာတည်း၊ (ထိုသို့) အလွန်ရှည်သော သံသရာဆင်းရဲကို ဆောင်တတ်ကြ ဖြစ်စေတတ်ကြသောကြောင့် အာယတနမည်ကုန်၏) [၁]။ ဤသို့လျှင် အားထုတ်ရာ ဖြစ်သောကြောင့်၎င်း,အာယမည်သော စိတ်စေတသိက် တရားတို့ကို ကျယ်ပြန့်ကြီးပွါးစေတတ်သောကြောင့်၎င်း, ရှည်သောသံသရာဆင်းရဲကို ဆောင်တတ်သောကြောင့်၎င်း "အာယတန အာယတန" ဟူ၍ ခေါ်ဆိုအပ်(ကုန်)၏။

၅၁၂။ တနည်းသော်ကား [၂] နေရာဌာနဟူသော အနက်ကြောင့်၎င်း, ဖြစ်ပွားရာတည်ရာဟူသော အနက်ကြောင့်၎င်း, စုဝေးရာဟူသော အနက်ကြောင့်၎င်း, ဖြစ်ရာဟူသော အနက်ကြောင့်၎င်း, အကြောင်းဟူသော အနက်ကြောင့်၎င်း **အာယတန**မည်သည်ဟု သိအပ်၏။ ချဲ့၍ပြရလျှင် လောက၌ "(ဣဿရာယတနံ-ဣဿရနတ်-ပရမိဿရနတ်၏နေရာ,) ဝါသု-

---

မှတ်ချက်

၁–အာယတ-ရှည်သော သံသရာဆင်းရဲကို+နယ-န-ဆောင်တတ်သည်-ဖြစ်စေတတ်သည်=အာယတန-ရှည်သော သံသရာဆင်းရဲကို ဖြစ်စေတတ်သော တရား။

၂–ဤဆိုခဲ့သည့်အတိုင်း အစိတ်အပိုင်းသဒ္ဒါ ကွဲပြားသည်၏အစွမ်းဖြင့် အာယ-တနသဒ္ဒါ၏ အနက်ကို ဖွင့်ဆိုပြီးလျှင် ယခုအခါ ထိုအာယတနသဒ္ဒါ၌ ပရိယာယ်အနက်အားဖြင့်လည်း ပြခြင်းငှါ အပိ စ-တနည်းသော်ကား စသည်ကို အားထုတ် ပြဆိုတော်မူလေသည်။ (ဋီကာ) ဆိုခဲ့ပြီးသောစကားဖြင့် အစိတ်အစိတ်သဒ္ဒါတို့၏ အနက်ဖြင့် အာယတန မည်ပုံကို ပြသည်။ ယခုပြမည့်စကားဖြင့်မူကား အပေါင်းလိုက် အာယတနသဒ္ဒါဖြင့် ရနိုင်သော အနက်များကို ပြသည်။

http://www.dhammadownload.com



ဒေဝါယတနံ-ဝါသုဒေဝနတ်-ဗိသနိုးနတ်၏နေရာ” အစရှိသော စကားတို့၌ နေရာဌာနကို [၁၁၃] အာယတနဟု ဆိုအပ်၏။ “သုဝဏ္ဏာယတနံ-ရွှေ၏ပြွမ်းရာ တည်ရာ, ရဇတာယတနံ-ငွေ၏ပြွမ်းရာ တည်ရာ” အစရှိသော စကားတို့၌ ပြွမ်းရာ တည်ရာ (ရွှေငွေထွက်ရာ ရွှေတွင်း ငွေတွင်း စသည်မြေအရပ်)ကို အာယတနဟု ဆိုအပ်၏။ သာသနာတော်၌ကား “နှလုံးမွေ့လျော်ဖွယ်ကောင်းသော (အာယတနေ)စုဝေးရာ၌ အကိုင်း အခက် အရွက်အသီးနှင့်ပြည့်စုံသော ထိုပညောင်ပင်ကြီးကို ငှက်တို့သည် မှီဝဲကုန်၏” အစရှိသောစကားတို့၌ စုဝေးရာဌာနကို အာယတနဟု ဆိုအပ်၏။ “ဒက္ခိဏာပထအရပ်သည် နွားတို့၏ဖြစ်ပွါးရာ (အာယတန) ပေတည်း” အစရှိသော စကားတို့၌ ဖြစ်ရာအရပ်ကို အာယတနဟုဆိုအပ်၏။ “(သတိ သတိ အာယတနေ) အကြောင်းရှိတိုင်း ရှိတိုင်း (ဉာဏ်ထူးဖြင့် မျက်မှောက်ပြုအပ်သော) ထိုထိုတရား၌ပင်လျှင် မျက်မြင်ကိုယ်တွေ့ ဖြစ်ခြင်းသို့ ရောက်၏” အစရှိသော စကားတို့၌ အကြောင်းကို အာယတနဟု ဆိုအပ်၏။

သာဓကနှင့် နှိုးနှောပြရလျှင် ထိုထိုစက္ခုဝိညာဏ်စသော စိတ်စေတသိက်တရားတို့သည် ထိုမျက်စိ, အဆင်းစသည်တို့နှင့် စပ်၍ဖြစ်ခြင်းကြောင့် စက္ခု-မျက်စိစသည်တို့၌ နေသည်မည်ကုန်၏၊ ထို့ကြောင့် စက္ခု-မျက်စိစသည်တို့သည်လည်း စက္ခုဝိညာဏ်စသော ယင်းစိတ်စေတသိက်တရားတို့၏ နေရာဌာနဖြစ်သည်။ ထို့ပြင် ထိုမျက်စိစသည်တို့ကို မှီကြသောကြောင့်ရင်း[၁], ထိုအဆင်းစသည်တို့ကို အာရုံပြုကြသောကြောင့်ရင်း ထိုစိတ်စေတသိက်

---

မှတ်ချက်

၁ — ထိုမျက်စိစသည်တို့ကို မှီကြသောကြောင့်-ဟူသော ဤစကား၌ (ဘဝင်စိတ် အာဝဇ္ဇန်းစိတ်ဟူသော) မနသည်(မနောဒွါရာဝဇ္ဇန်းနှင့် ဇောစိတ်ဟူသော) မနောဝိညာဏ်အစရှိကုန်သော စိတ် စေတသိက်တို့၏ နိဿယပစ္စည်း မဖြစ်၊

http://www.dhammadownload.com



တို့သည် မျက်စိစသည်တို့၌ ပြွမ်းလျက်ရှိကုန်၏၊ ထို့ကြောင့် စက္ခု-မျက်စိစသည်တို့သည် ယင်းစိတ်စေတသိက်တို့၏ ပြွမ်းရာတည်ရာ ဖြစ်သည်။ ထို့ပြင် ထိုထို မျက်စိအဆင်းစသည်တို့၌ တည်ရာဝတ္ထု, ဒွါရ, အာရုံအလိုအားဖြင့် စုဝေးခြင်းကြောင့် စက္ခု-မျက်စိ (ရူပ အဆင်း)စသည်တို့သည် ယင်းစိတ်စေတသိက်တို့၏ စုဝေးရာဌာန ဖြစ်သည်။ ထိုမျက်စိ - အဆင်းစသည်လျှင် မှီရာ-အာရုံရှိသည်၏အဖြစ်ဖြင့် ထိုမျက်စိ - အဆင်းစသည်တို့၌သာ ဖြစ်ခြင်းကြောင့် မျက်စိ(အဆင်း)စသည်တို့သည် ယင်းစိတ်စေတသိက်တို့၏ ဖြစ်ရာပေတည်း။ ထိုမျက်စိ-အဆင်းစသည်တို့မရှိလျှင် စိတ်စေတသိက်တို့ မရှိနိုင်-မဖြစ်နိုင်ခြင်းကြောင့် မျက်စိ(အဆင်း)စသည်တို့သည် ယင်းစိတ်စေတသိက်တို့၏ အကြောင်းပေတည်း။ ဤသို့လျှင် နေရာဌာနဟူသော အနက်ကြောင့်ငင်း, ပြွမ်းရာတည်ရာဟူသော အနက်ကြောင့်ငင်း, စုဝေးရာဟူသော အနက်ကြောင့်ငင်း, ဖြစ်ရာဟူသော အနက်ကြောင့်ငင်း, အကြောင်းဟူသော အနက်ကြောင့်ငင်း— ဤ အကြောင်းတို့ကြောင့်လည်း မျက်စိ - အဆင်းအစရှိသော ဤတရားတို့ကို "အာယတန အာယတန" ဟူ၍ ခေါ်ဆိုအပ်(ကုန်)၏။

သို့ဖြစ်၍ ဆိုခဲ့သမျှသောအနက်ကြောင့် စက္ခု-မျက်စိလည်း ဟုတ်၏၊ ငင်းသည် အာယတနလည်း ဟုတ်၏၊ ထိုနှစ်ပါးသောအကြောင်းကြောင့် စက္ခာယတနမည်၏။ ပ။ သဘောတရားတို့လည်း ဟုတ်ကြ၏၊ ငင်းတို့သည် အာယတနလည်း ဟုတ်ကြ၏၊ ထိုနှစ်ပါးသောအကြောင်းကြောင့် ဓမ္မာယတနမည်၏။ ဤသို့လျှင် ဤအာယတနတို့၌ ရှေးဦးစွာ သဒ္ဒါအနက်အားဖြင့် အဆုံးအဖြတ်ကို သိအပ်၏။

---

မှတ်ချက်

ထို့ကြောင့် ထိုစိတ်စေတသိက်ဘို့၏ မနော‌ဒွါရအဖြစ်ကို ယင်းမန၏ မှီရာနိဿယအဖြစ်ဟု မှတ်အပ်၏။ (ဋီကာ)။

http://www.dhammadownload.com



၅၁၃။ **လက္ခဏာအားဖြင့်** ဟူသည်ကား စက္ခု - မျက်စိအကြည် စသည်တို့၏ လက္ခဏာအားဖြင့်လည်း ဤအာယတနတို့၌ အဆုံးအဖြတ်ကို သိအပ်၏။ ထိုစက္ခု - မျက်စိအကြည်စသည်တို့၏ ယင်းလက္ခဏာတို့ကို ခန္ဓနိဒ္ဒေသ၌ ဆိုခဲ့ပြီးသောနည်းဖြင့်ပင်လျှင် သိအပ်(ကုန်)၏။

**ထိုမျှရှိသည့်အဖြစ်** ဟူရာ၌ ဆိုလိုသည်မှာ— စက္ခု - မျက်စိ စသည်တို့သည်လည်း (ဓမ္မ)သဘောတရားတို့ပင် ဖြစ်ကြ၏၊ သို့ဖြစ်ပါလျက်(အားလုံးကို) ဓမ္မာယတနဟူ၍သာ မဟောမူ၍ အဘယ့်ကြောင့် ၁၂-ပါးသော အာယတနတို့ကို ဟော(အပ်ကုန်)ပါသနည်းဟု မေးလျှင်— ၆-ပါးသော ဝိညာဏကာယ-ဝိညာဏ်အပေါင်းတို့၏ဖြစ်ရာ ဒွါရတို့နှင့် အာရုံတို့ကို ပိုင်းခြားခြင်းကြောင့်ဟု ဖြေအပ်၏။ (ချဲ့၍ပြအံ့)ဤအာယတနတို့ကို အကျယ်ပြရာ၌ ၆ ပါးသော ဝိညာဏကာယတို့၏ ဒွါရအဖြစ်ဖြင့်၎င်း, အာရုံအဖြစ်ဖြင့်၎င်း ပိုင်းခြားခြင်းကြောင့် ယင်းအာယတနတို့၏ ဤအကွဲအပြားသည် ဖြစ်ပေသည်၊ ထို့ကြောင့် ၁၂-ပါးတို့ကို ဟော(အပ်ကုန်)ပေ၏။ ထပ်၍ချဲ့ပြဦးအံ့—စက္ခုဝိညာဏ်ဝီထိ၌ အတွင်းဝင်သော ဝိညာဏကာယ-ဝိညာဏ်အပေါင်း၏ ဖြစ်ရာဒွါရသည် စက္ခာယတနသာလျှင် ဖြစ်သည်၊ အာရုံသည်လည်း အဆင်း-ရူပါရုံသာလျှင် ဖြစ်သည်။ ထို့အတူ ဤမှတပါးသော သောတဝိညာဏ်ဝီထိစသည်တို့၌ အတွင်းဝင်သော ဝိညာဏကာယတို့၏ (ဖြစ်ရာဒွါရနှင့် အာရုံတို့သည်) ဤမျက်စိနှင့်အဆင်းတို့မှ တပါးကုန်သော နားနှင့်အသံစသည်တို့သာလျှင် ဖြစ်ကြသည်။ အထူးမှာ မနောဝိညာဏ်ဝီထိ၌ အတွင်းဝင်သော ဆဋ္ဌဝိညာဏကာယ၏ ဖြစ်ရာဒွါရသည် ဘဝင်စိတ်ဟု ဆိုအပ်သော မနာယတနတစိတ်သာလျှင် ဖြစ်သည်၊ အာရုံသည်လည်း စက္ခုဝိညာဏ်စသည်တို့နှင့် မဆက်ဆံသော ဓမ္မာယတနသာလျှင် ဖြစ်သည်။ [၁၁၄] ဤသို့ ၆-ပါးသော ဝိညာဏကာယတို့၏ ဖြစ်ရာဒွါရနှင့် အာရုံတို့ကို ပိုင်းခြားခြင်းကြောင့် ၁၂-ပါးတို့ကို ဟော(အပ်ကုန်)ပေသည်။ ဤသို့လျှင်

http://www.dhammadownload.com



ဤအာယတနတို့၌ ထို(၁၂-ပါး)မျှရှိသည့်အဖြစ်အားဖြင့် အဆုံးအဖြတ်ကို သိအပ်၏။

၅၁၄။ **အစဉ်အားဖြင့်** ဟူသော ဤအရာ၌လည်း ရှေးခန္ဓနိဒ္ဒေသ၌ ဆိုခဲ့သော ဖြစ်စဉ်စသည်တို့တွင် ဒေသနာက္ကမ-ဒေသနာအစဉ်သည်သာလျှင် သင့်ပေသည်။ သင့်ပုံမှာ အဇ္ဈတ္တိကအာယတန ၆-ပါးတို့တွင် မြင်ရခြင်းလည်း ရှိ ထိပါးတိုက်ခိုက်ခြင်းလည်းရှိသည့် အဆင်းလျှင် အာရုံရှိသောကြောင့် စက္ခာယတနသည် ထင်ရှား၏၊ ထို့ကြောင့် ယင်းအာယတနကို ရှေးဦးစွာ ဟော(အပ်)ပေသည်။ ထို့နောင် မြင်ရခြင်းမရှိမူ၍ ထိပါးတိုက်ခိုက်ခြင်းရှိသည့် အသံစသည်လျှင် အာရုံရှိကုန်သော သောတာယတနစသည်တို့ကို ဟော(အပ်ကုန်)ပေသည်။ တနည်းကား အမြတ်ဆုံးမြင်ခြင်း အမြတ်ဆုံးကြားခြင်းတို့၏ အကြောင်းအဖြစ်ဖြင့် ကျေးဇူးများသောကြောင့် အဇ္ဈတ္တိကအာယတနတို့တွင် စက္ခာယတန သောတာယတနတို့ကို ရှေးဦးစွာ ဟော(အပ်)ကုန်ပေသည်။ ထို့နောင် ဃာနာယတနစသော သုံးပါးသော အာယတနတို့ကို ဟော(အပ်ကုန်)ပေသည်။ စက္ခုစသော အာယတနငါးပါးလုံးတို့၏ ကျက်စားရာအာရုံရှိသောကြောင့် မနာယတနကို အဆုံး၌ ဟော(အပ်)ပေသည်။ ထို့ပြင် စက္ခာယတနစသည်တို့၏ ကျက်စားရာအာရုံဖြစ်သောကြောင့် ဗာဟိရအာယတနတို့တွင် ရူပါယတနစသည်တို့ကို ထိုထိုစက္ခာယတနစသည်၏ အခြားမဲ့၌ ဟော(အပ်ကုန်)ပေသည်။ တနည်းသော်ကား ဝိညာဏ် ၆-ပါးဖြစ်ခြင်း၏ အကြောင်းကို ပိုင်းခြားသော အားဖြင့်လည်း ယင်းအာယတနတို့၏ ဤအစဉ်ကို သိအပ်၏။ မှန်ပေ၏— "မျက်စိနှင့် အဆင်းတို့ကို စွဲမှီ၍ စက္ခုဝိညာဏ်သည် ဖြစ်၏၊ နားနှင့်အသံတို့ကို စွဲမှီ၍ သောတဝိညာဏ်သည် ဖြစ်၏၊ နှာခေါင်းနှင့်အနံ့တို့ကို စွဲမှီ၍ ဃာနဝိညာဏ်သည် ဖြစ်၏၊ လျှာနှင့် အရသာတို့ကို စွဲမှီ၍ ဇိဝှါဝိညာဏ်သည် ဖြစ်၏၊ ကိုယ်နှင့်အတွေ့တို့ကို စွဲမှီ၍ ကာယဝိညာဏ်သည် ဖြစ်၏၊ (ဘဝင်

http://www.dhammadownload.com



စိတ်) မနနှင့် သဘောတို့ကို စွဲမှီ၍ မနောဝိညာဏ်သည် ဖြစ်၏” ဟူသော ဤစကားကို ဟောတော်မူ(အပ်)ပေ၏။ ဤသို့လျှင် အစဉ်အားဖြင့်လည်း ဤအာယတနတို့၌ အဆုံးအဖြတ်ကို သိအပ်၏။

၅၁၅။ **အကျဉ်းအကျယ်အားဖြင့်** ဟူရာ၌ အကျဉ်းအားဖြင့် [၁] မနာယတနနှင့် ဓမ္မာယတနတစိတ်ကို နာမ်ဖြင့်, ကြွင်းသော အာယတနတို့ကိုလည်း ရုပ်ဖြင့် သိမ်းယူအပ်သောကြောင့် အာယတန ၁၂-ပါးလုံးတို့သည် နာမ်နှင့် ရုပ်မျှသာလျှင် ဖြစ်ကုန်၏။ အကျယ်အားဖြင့်မူကား အဇ္ဈတ္တိကာယတနတို့တွင် ရှေးဦးစွာ စက္ခာယတနသည် အမျိုးဇာတ် အလိုအားဖြင့် [၂] စက္ခုပသာဒမျှသာ ဖြစ်သည်၊ အကြောင်း, ဂတိ, နိကာယ, ပုဂ္ဂိုလ်တို့၏ အပြားအားဖြင့်မူ [၃] အနန္တအပြားရှိ၏။ သောတာယတန အစရှိသော လေးပါးတို့သည် ထို့အတူပင်။ မနာယတနသည် ကုသိုလ် အကုသိုလ် ဝိပါက် ကိရိယာ

---

မှတ်ချက်

၁ – အကျဉ်းအားဖြင့်....နာမ်နှင့် ရုပ်မျှသာလျှင် ဖြစ်ကုန်၏-ဟု စပ်ပါ။

၂ – စက္ခု-မျက်စိရုပ်အဖြစ်ဖြင့် တူသည်ကို အမျိုးဇာတ်ဟု ဆိုသည်။

၃ – အကြောင်းအပြားဟူသည် ကံအစရှိသည်၏ အပြားပေတည်း။ ခွဲ၍ပြအံ့၊ ဒါနစသည်- ပါဏာတိပါတစသည် အပြားအားဖြင့် ကွဲပြားသော ကုသိုလ် အကုသိုလ်ကံအကြောင်း၏ရင်း ထိုကံ၏ အကူအညီဖြစ်ကုန်သော အတွင်းအပြင်အကြောင်းတို့၏ရင်း အပြားအားဖြင့် (အကျိုးဖြစ်သော) စက္ခာယတနသည် ကွဲပြား ထူးခြားပေသည်။ ငရဲအစရှိသော အပြားသည်ရင်း အခြေမဲ့ သတ္တဝါစသည်၏ ဂတိအကွဲအပြားသည်ရင်း ဂတိအပြားမည်၏၊ ဂတိတို့၏အပြား,ဂတိတို့၌အပြား-ဟု ဝစနတ္ထပြု၍ သိအပ်၏။ ဆင်အပေါင်း မြင်းအပေါင်းစသော နိကာယ-အမျိုးတူအပေါင်းသည်ရင်း, ခတ္တိယ-မင်းမျိုးစသော အပေါင်းသည်ရင်း နိကာယအပြားမည်၏။ ထိုထိုသတ္တဝါ၏ သန္တာန်အပြားသည် ပုဂ္ဂိုလ်အပြားမည်၏။ (ဋီကာ)။

http://www.dhammadownload.com



ဝိညာဏ်တို့၏ အပြားအားဖြင့် တခုယုတ်ကိုးဆယ် အပြားရှိ၏ ၁၂၁-ပါး အပြားလည်း ရှိ၏။ စက္ခုစသော ဝတ္ထု,ဒုက္ခစသော ပဋိပဒါ(ချာန့်,အဓိပတိ, ဘုံ,အာရုံ) စသည်တို့၏ အပြားအားဖြင့်မူ အနန္တအပြားရှိ၏။ ရူပါယတန, သဒ္ဒါ,ဂန္ဓ,ရသာယတနတို့သည်(အညို စသည်နှင့်မတူသော အဆင်းစသော) ဝိသဘာဂ, ကံစသော အကြောင်းတို့၏ အပြားအားဖြင့် အနန္တအပြား ရှိကုန်၏။ ဖောဋ္ဌဗ္ဗာယတနသည် ပထဝီ,တေဇော,ဝါယောဓာတ်တို့၏ အလို အားဖြင့် သုံးပါးအပြားရှိ၏၊ အကြောင်းစသည်တို့၏ အပြားအားဖြင့် များသောအပြားရှိ၏။ ဓမ္မာယတနသည် ဝေဒနာ, သညာ, သင်္ခါရက္ခန္ဓာ, သုခုမရုပ်,နိဗ္ဗာန်တို့၏သဘော အပြား ထူးခြားခြင်းအပြားအားဖြင့်[၁] များ သောအပြားရှိ၏။ ဤသို့လျှင် အကျဉ်းအကျယ်အားဖြင့် အဆုံးအဖြတ်ကို သိအပ်၏။

၅၁၆။ ရှုအပ်သောအားဖြင့် ဟူသော ဤအရာ၌ကား အလုံးစုံ (သာ လျှင်ဖြစ်)[၂] ကုန်သော သင်္ခတ အာယတနတို့ကို တခြားမှ မလာသောအား ဖြင့်၎င်း, တခြားသို့ မသွားသောအားဖြင့်၎င်း ရှုအပ်ကုန်၏။ ချဲ့၍ပြရလျှင် ထိုအာယတနတို့သည် ဖြစ်သည်မှရှေး၌ တစုံတခုသောအရပ်မှ လာကြသည်

---

မှတ်ချက်

၁–သုခ ဒုက္ခ ဥပေက္ခာ ဤသို့အစရှိသော အပြားသည် သဘောအပြား မည်၏။ မျက်စိအတွေ့ကြောင့်ဖြစ်သောဝေဒနာ နားအတွေ့ကြောင့်ဖြစ်သောဝေဒနာ ဤသို့စသော ထူးခြားခြင်းသည် နာနတ္တ-ထူးခြားခြင်း အပြားမည်၏။

၂–ဤလက်သည်းကွင်းအတွင်းရှိစကားသည် သဗ္ဗာနိဝေ-၌ ဝေ-အတွက် ပြန် ဆိုချက် ဖြစ်သည်။ အကြွင်းအကျန်မရှိသည်ကို သိစေရန် ဖြစ်သည်။ ပါဠိ၌ အကျိုးများသော်လည်း မြန်မာစကားအရာ၌မူ အကျိုးမများပေ။ ထို့ ကြောင့်ပင် လက်သည်းကွင်းဖြင့် ပြထားသည်။

http://www.dhammadownload.com



မဟုတ်ကုန်၊ ပျက်သည်မှ နောက်၌ တစုံတခုသော အရပ်သို့ သွားကြသည်လည်းမဟုတ်ကုန်၊ စင်စစ်သော်ကား ဖြစ်သည်မှရှေးမဖြစ်သေးမီ၌ [၁၁၅] မိမိ၏သဘောကိုမရသေးပဲ ရှိကုန်၏၊ ပျက်သည်မှ နောက်၌ လုံးဝ ပျက်စီးကွယ်ပျောက်သွားသည့် သဘော အထည်ကိုယ် ရှိကုန်၏[၁]၊ မရှိသေးသော ရှေးအဖို့ ကွယ်ပျောက်သွားသော နောက်အဖို့တို့၏ အလယ်၌ အကြောင်းနှင့်စပ်သော ဖြစ်ခြင်းရှိသောကြောင့် (ဝါ-အကြောင်းအားလျော်စွာ ဖြစ်ကြရသောကြောင့်) တစုံတယောက်၏အလိုနှင့် မပတ်သက်ကုန်ပဲ ဖြစ်ပေါ်ကုန်၏၊ ထို့ကြောင့် တခြားမှ မလာသောအားဖြင့်ရင်း, တခြားသို့ မသွားသောအားဖြင့်ရင်း ရှုအပ်ကုန်၏။ ထို့အတူ အားထုတ်မှုကင်းသောအားဖြင့်ရင်း, ကြောင့်ကြဗျာပါရကင်းသောအားဖြင့်ရင်း ရှုအပ်ကုန်၏။ ချဲ့၍ပြအံ့-မျက်စိနှင့်အဆင်းစသည်တို့မှာ“(ဒွါရနှင့်အာရုံဟူသော)ငါတို့ အညီအညွတ်ဆုံမိလျှင် (မြင်သိမှုစသော) ဝိညာဏ်သည် ဖြစ်ပါမူ ကောင်းလေစွ”ဟု ဤသို့သောကြံမှု ကြောင့်ကြပြုမှုသည် မရှိပေ၊ (မျက်စိနှင့် အဆင်းစသော) ထိုအာယတနတို့သည်လည်း ဒွါရအဖြစ် တည်ရာဝတ္ထု အဖြစ်ဖြင့်သော်ရင်း, အာရုံအဖြစ်ဖြင့်သော်ရင်း (မြင်သိမှုစသော) ဝိညာဏ်ဖြစ်ရန် အားမထုတ်ကြကုန် ကြောင့်ကြပြုခြင်းသို့ မရောက်ကုန်၊ စင်စစ်သော်ကား မျက်စိနှင့်အဆင်းစသည်တို့ အညီအညွတ်ဆုံမိလျှင် စက္ခုဝိညာဏ်စသည်တို့ ဖြစ်ပေါ်ကုန်၏၊ ဤသို့ဖြစ်ပေါ်ကြခြင်းသည် ဖြစ်မြဲရိုးရာဓမ္မတာသာလျှင် ဖြစ်သည်၊ ထို့ကြောင့် အားထုတ်မှုကင်းသောအားဖြင့်ရင်း, ကြောင့်ကြ ဗျာပါရကင်းသောအားဖြင့်ရင်း ရှုအပ်ကုန်၏။ တနည်းသော်ကား အဇ္ဈတ္တိကာယတန ၆-ပါးတို့ကို လူမနေသည့် ရွာပျက်ကဲ့သို့ ရှုအပ်ကုန်၏၊ အကြောင်းမှာ-ခိုင်မြဲသည့်အဖြစ် တင့်တယ်သည့်အဖြစ် ချမ်းသာသည့်အဖြစ် အတ္တအဖြစ်တို့မှ

---

မှတ်ချက်

၁–သဘောအထည်ကိုယ် လုံးလုံး ပျက်စီးကွယ်ပျောက်သွားသည်ဟု ဆိုလို၏။

http://www.dhammadownload.com



ကင်းသောကြောင့်ပင်[၁]။ ဗာဟိရာယတန ၆-ပါးတို့ကို ရွာကို လုယက်ဖျက်ဆီးသော ခိုးသူတို့ကဲ့သို့ ရှုအပ်ကုန်၏၊ အကြောင်းမှာ- အဇ္ဈတ္တိကာယတနတို့ကို ထိပါး တိုက်ခိုက်တတ်ကြသောကြောင့်ပင်[၁]။ မှန်ပေ၏- "ရဟန်းတို့ မျက်စိကိုနှစ်သက်ဖွယ်အဆင်း မနှစ်သက်ဖွယ်အဆင်းတို့က နှိပ်စက်အပ်၏" ဤသို့အစရှိသော စကားကို ဟောတော်မူ (အပ်) ပေ၏[၂]။ တဖန် တနည်း သော်ကား အဇ္ဈတ္တိကာယတန ၆ ပါးတို့ကို (မြွေ မိကျောင်း ငှက် ခွေး မြေခွေး မျောက် ဟူသော) သတ္တဝါ ၆-ကောင်တို့ကဲ့သို့ ရှုအပ်ကုန်၏[၃]၊ ဗာဟိရာယတန ၆-ပါးတို့ကို ယင်းသတ္တဝါ ၆-ကောင်တို့၏ ကျက်စားရာ အရပ်တို့ကဲ့သို့ ရှုအပ်ကုန်၏[၃]။ ဤသို့လျှင် ဤအာယတနတို့၌ ရှုအပ်သော အားဖြင့် အဆုံးအဖြတ်ကို သိအပ်၏။

ဤဆိုခဲ့သော စကားသည် ရှေးဦးစွာ အာယတနတို့ကို အကျယ်ပြဆို ချက် စကားအမြွက်ပေတည်း။

## ဓာတုဝိတ္ထာရကထာ-ဓာတ်တို့ကို အကျယ်ပြဆိုချက်

၅၁၇။ ထိုမှတပါး အာယတနတို့၏ အခြားမဲ့၌ **ဓာတ်တို့** ဟူသည်မှာ စက္ခုဓာတ်, ရူပဓာတ်, စက္ခုဝိညာဏဓာတ်၊ သောတဓာတ်, သဒ္ဒဓာတ်, သော

---

မှတ်ချက်

၁–သဠာယတနဝဂ္ဂသံယုတ်ပါဠိတော် မြန်မာပြန် နှာ ၃၇၇-ဂ-တို့၌ ကြည့်ပါ။

၂–ဤ၌ စကားချောစေရန် အနည်းငယ် ပြင်၍ ပြန်ထားသည်။ ရှိရင်းအတိုင်း ပြန်လျှင် "မှန်ပေ၏- ဤစကားကို ဟောတော်မူအပ်ပေ၏။ 'ရဟန်းတို့ မျက်စိကို နှစ်သက်ဖွယ် မနှစ်သက်ဖွယ်အဆင်းတို့က နှိပ်စက်အပ်၏' ဤသို့ စသည် ချဲ့၍သိအပ်၏"ဟူ၍ ဖြစ်သည်။

၃–သဠာယတနဝဂ္ဂသံယုတ်ပါဠိတော် မြန်မာပြန် နှာ ၃၉၈-၌ ကြည့်ပါ။

http://www.dhammadownload.com



တဝိညာဏဓာတ်၊ ဃာနဓာတ်, ဂန္ဓဓာတ်, ဃာနဝိညာဏဓာတ်၊ ဇိဝှါဓာတ်, ရသဓာတ်,ဇိဝှါဝိညာဏဓာတ်၊ ကာယဓာတ်, ဖောဋ္ဌဗ္ဗဓာတ်, ကာယဝိညာဏ ဓာတ်၊ မနောဓာတ်,ဓမ္မဓာတ်, မနောဝိညာဏဓာတ်ဟူသော ၁၈-ပါးသော ဓာတ်တို့ပေတည်း။ ထိုဓာတ်တို့၌—

သဒ္ဒါနက်အားဖြင့်၎င်း၊ လက္ခဏာ စသည်တို့ဖြင့်၎င်း၊ အစဉ်, ထို (၁၈-ပါး)မျှ ရှိသည့်အဖြစ်, ခေါ် ဆို ရေတွက်ခြင်းအားဖြင့်၎င်း၊ ကျေးဇူးပြုခြင်း (ပစ္စည်း) အားဖြင့်၎င်း၊ ရှုအပ်သောအားဖြင့်၎င်း အဆုံးအဖြတ်ကို သိအပ်၏။

ထိုတွင် **သဒ္ဒါနက်အားဖြင့်** ဟူရာ၌(စက္ခတီတိ)အဆင်းကို သာယာတတ်-ပြတတ်သောကြောင့်စက္ခု-မျက်စိမည်၏၊(ရူပယတီတိ)နှလုံးအလိုကိုပြတတ် သောကြောင့် ရူပ-အဆင်းမည်၏၊ စက္ခု-မျက်စိ၏+ဝိညာဏ်သည် စက္ခု ဝိညာဏ်မည်၏၊ ဤသို့ အစရှိသောနည်းဖြင့် ရှေးဦးစွာ စက္ခု စသည်တို့၏ ထူးသောအနက်အားဖြင့် အဆုံးအဖြတ်ကိုသိအပ်၏။ မထူးသော(ဓာတု၏) အနက်အားဖြင့်မူကား (ဝိဒဟတိ) စီရင်တတ်၏၊ ထို့ကြောင့် ဓာတု-ဓာတ် မည်၏၊ (ဓီယတေ)ဆောင်အပ်၏၊ ထို့ကြောင့် ဓာတ်မည်၏၊ (ဝိဓာနံ) စီရင် ခြင်း သဘောသည် ဓာတု-ဓာတ်မည်၏၊ (ဝိဓီယတေ တောယ) ဤသဘော ဖြင့် စီရင်အပ်၏၊ ထိုသို့ စီရင်ကြောင်း ဖြစ်သောကြောင့် ဓာတု-ဓာတ်မည် ၏၊ (တ္တေ ဝါ ဓီယတီတိ) တနည်း ဤ၌ ထားအပ်၏၊ ထိုသို့ထားရာဖြစ် သောကြောင့် ဓာတု-ဓာတ်မည်၏။ ချဲ့၍ပြအံ့ (စက္ခုအစရှိသော) လောကီ ဓာတ်တို့သည် အကြောင်း၏ အဖြစ်ဖြင့် အသီးအခြား တည်ကုန်လျက်[၁]

---

မှတ်ချက်

၁–သံသရာဆင်းရဲအမျိုးမျိုးတို့၏ အကြောင်းအသီးအသီးအဖြစ်ဖြင့် ကွဲပြားကြ သည်ကို ဆိုသည်။ လောကုတ္တရာဓာတ်တို့သည် သံသရာဆင်းရဲကို မစီရင်

http://www.dhammadownload.com



များသော အပြားရှိသော သံသရာဆင်းရဲကို စီရင်တတ်-ဖြစ်စေတတ်ကုန်၏ ဥပမာအားဖြင့်- ရွှေကျောက် ငွေကျောက် အစရှိသော ဓာတ်တို့သည်[၁] ရွှေငွေအစရှိသည်ကို ဖြစ်စေကြကုန်သကဲ့သို့ပင်တည်း။ ဝန်ထမ်းသွားတို့သည် ဝန်ထုပ်ကို ထမ်းဆောင်ကြသကဲ့သို့ [ ၁၁၆ ] သတ္တဝါတို့သည် (ယင်းဓာတ်တို့ကို) ထမ်းဆောင်ကြရကုန်၏။ ဓာတ်ဟူသော ဤသဘောသည် ဆင်းရဲကို စီရင်ခြင်းမျှသာဖြစ်သည်၊ အဘယ့်ကြောင့်ဆိုသော် အလိုသို့မလိုက်စေနိုင်သောကြောင့်ပေတည်း။ (ကတ္တား၏ အကူအညီ) ကရိုဏ်းဖြစ်ကုန်သော ဤ(ဓာတ်သဘော)တို့ဖြင့် သံသရာဆင်းရဲကို သတ္တဝါတို့သည် စီရင်အပ်၏။ ထိုသို့စီရင်အပ်ပြီးသော ယင်းဆင်းရဲသည် ဤဓာတ်သဘောတို့၌သာလျှင်(ဓီယတိ ဌပီယတိ) ထားအပ်၏။ ဤသို့လျှင် စက္ခု စသည်တို့တွင် တခု တခုသော သဘောတရားသည် ဖြစ်သင့်သည် အားလျော်စွာ[၂]

---

မှတ်ချက်

တတ်- မဖြစ်စေတတ်ကုန်၊ စင်စစ်မှာ ဖျက်ဆီးတတ်ကုန်၏၊ ထို့ကြောင့် လောကီဓာတ်တို့ဟု အထူးပြု၍ ဆိုသည်။ (ဋီကာ)။

၁ – ရွှေကျောက် ငွေကျောက်အစရှိသော ဓာတ်တို့ဟူသည်မှာ ရွှေစသည်တို့၏ မျိုးစေ့ဖြစ်ကုန်သော ကျောက်စသည်တို့ပေတည်း။ (ဋီကာ)။ ရွှေမှုန့် ငွေမှုန့်စသည်ပါဝင်သော ကျောက်ဓာတ် မြေဓာတ်စသည်တို့ကို ဆိုသည်။

၂ – ဖြစ်သင့်သည့် အားလျော်စွာဟူရာ၌ အချို့ဆရာတို့က "လောကီ လောကုတ္တရာ ဓာတ်တို့၌ အကြင် အကြင် အနက်သည် ဖြစ်သင့်၏၊ ထိုအနက်အားလျော်စွာ" ဟူသောအနက်ကို ဖွင့်ဆိုကုန်၏။ ထိုအဆိုသည် မသင့်၊ အကြောင်းမှာ လောကီဓာတ်တို့သည်ဟု အထူးပြု၍ ဆိုပြီးဖြစ်သောကြောင့်ပေတည်း။ စင်စစ်သော်ကား ဖြစ်သင့်သည်အားလျော်စွာဟူသော ဤစကားကို အနက်အလိုအားဖြင့်သာ ဆိုပေသည်၊ ဓာတ်အလိုအားဖြင့်ဆိုသည် မဟုတ်ပေ။ အနက်ငါးပါးလုံးတို့ကိုပင် စက္ခုစသော အလုံးစုံသော ဓာတ်တို့အတွက်

http://www.dhammadownload.com



စီရင်တတ်၏ ဆောင်အပ်၏- ဤသို့အစရှိသော အနက်အလိုအားဖြင့် (ယင်းကို) ဓာတု-ဓာတ်ဟူ၍ ဆိုအပ်၏။

၅၁၈။ တနည်းသော်ကား တိတ္ထိတို့၏ အတ္တမည်သည်မှာ သဘော အထည်ကိုယ်အားဖြင့် မရှိသကဲ့သို့ ဤဓာတ်တို့သည်ကား ထိုသို့မရှိကြသည် မဟုတ်ကုန်၊ စင်စစ်အားဖြင့် ဤဓာတ်တို့သည် မိမိ၏ (အဆင်းကို ပြတတ်ခြင်း, အဆင်းထင်လောက်အောင် ကြည်လင်ခြင်း- စသော) သဘောကို ဆောင်တတ်ကုန်၏၊ ထို့ကြောင့် ဓာတု-ဓာတ်မည်ကုန်၏။ လောကဌ် ဆန်းကြယ်ကုန်သော ဆေးဒန်းမြင်းသီလာအစရှိကုန်သော ကျောက်၏ အစိတ်တို့ကို ဓာတု-ဓာတ်တို့ဟု ခေါ်ဆိုအပ်ကုန်သကဲ့သို့ ထို့အတူပင် ဤ စက္ခုစသည်တို့သည်လည်း (ယင်း) ကျောက်ဓာတ်တို့နှင့် တူကြသောကြောင့် ဓာတု-ဓာတ်တို့မည်ကုန်၏။ မှန်ပေ၏- အသိဉာဏ်နှင့် သိအပ်သော ဉေယျတရားတို့၏ အစိတ် ဖြစ်ကုန်သော[၁] ဤ စက္ခုစသော သဘောတို့သည် (ဆေးဒန်း မြင်းသီလာ စသည်တို့ကဲ့သို့ပင်) ဆန်းကြယ်ကြပါပေ ကုန်၏။ ဤတွင်တရပ်။ တနည်းကား ကိုယ်ဟုဆိုအပ်သော အပေါင်း၏ အစိတ်ဖြစ်ကုန်သော အချင်းချင်းကွဲပြားသော လက္ခဏာဖြင့် ပိုင်းခြားအပ်ကုန်သော

---

မှတ်ချက်

အကယ်၍ကား အလိုရှိအပ်ပေ၏၊ သို့သော်လည်း စက္ခုစသည်တို့တွင် အကြင်အကြင်တရားအတွက် ကတ္တားကို ဆိုလိုသောအခါ ကံအဖြစ်သည် မသင့်၊ ကံကိုဆိုလိုသောအခါ ကတ္တားအဖြစ်သည်မသင့်၊ ကြွင်းသော ကရိဏ်းစသည်တို့၌လည်း ဤအတူပင်၊ ထို့ကြောင့် ဖြစ်သင့်သည်အား လျော်စွာဟု ဆိုပေသည်။ (ဋီကာ)

၁-အသိဉာဏ်သည် ဓမ္မဓာတ်ထဲမှ အမောဟစေတသိက်ပင်ဖြစ်သည်၊ ဓာတ် ၁၈-ပါးလုံးပင် သိအပ်သော ဉေယျတရားတို့ဖြစ်သည်။ (ဋီကာနှင့်အညီပင်)

http://www.dhammadownload.com



(ရသ)အစာမှုဖြစ်သော အရည်အနှစ်,(သောဏိတ)သွေးအစရှိသည်တို့၌[၁] ဓာတ်ဟူသော အမည်သည် ဖြစ်သကဲ့သို့ ထို့အတူပင် ခန္ဓာငါးပါးအပေါင်းဟု ဆိုအပ်သော အတ္တဘော၏ အစိတ်ဖြစ်ကုန်သော ဤစက္ခုစသည်တို့၌လည်း ဓာတု-ဓာတ်ဟူသောအမည်ကို သိအပ်၏။ သိသင့်သည် မှန်ပေ၏- ဤစက္ခုစသည်တို့သည် အချင်းချင်း ကွဲပြားသော လက္ခဏာဖြင့် ပိုင်းခြားအပ်လျက်ရှိကြပေ၏၊ ဝါ-ခြားနားလျက်ရှိကြပေ၏၊ ဤတွင်တရပ်။ တနည်းသော်ကား ဓာတု-ဓာတ်ဟူသော ဤအမည်သည် ဇီဝခေါ် အသက်ကောင်မဟုတ်သောသဘောတရားမျှ၏ ဝါ-သက်မဲ့သဘောတရားမျှ၏ အမည်ပေတည်း။ ထို့ကြောင့်ပင် မြတ်စွာဘုရားသည် "(ပုဂ္ဂလသာတိ) ရဟန်း၊ ဤယောကျ်ားသည်(ဆဓာတုရော)ဓာတ် ၆-ပါးမျှသာရှိ၏[၂]" ဤသို့အစရှိသော ဒေသနာတို့၌ အသက်ကောင်ဟု ထင်မှတ်မှု-ဇီဝသညာကို ပယ်နှုတ်ခြင်းအကျိုးငှါ ဓာတ်တရားကို ဟောကြားတော်မူလေသည်။ ဤတွင်တရပ်။

ထို့ကြောင့် ဆိုခဲ့သမျှသော အနက်အလိုအားဖြင့် (စက္ခု)မျက်စိလည်းဟုတ်၏၊ ၎င်းသည်(ဓာတု)ဓာတ်လည်းဟုတ်၏၊ ထိုနှစ်ပါးသောအကြောင်းကြောင့် (စက္ခုဓာတု) စက္ခုဓာတ်- မျက်စိဓာတ် မည်၏။ပ။ မနောဝိညာဏ်လည်း ဟုတ်၏၊ ၎င်းသည် (ဓာတု) ဓာတ်လည်း ဟုတ်၏၊ ထိုနှစ်ပါးသော အကြောင်းကြောင့် (မနောဝိညာဏဓာတု) မနောဝိညာဏဓာတ် မည်၏။ ဤသို့လျှင် ဤဓာတ်တို့၌ ရှေးဦးစွာ သဒ္ဒါနက်အားဖြင့် အဆုံးအဖြတ်ကို သိအပ်၏။

---

မှတ်ချက်

၁-အစာမှု ရသဓာတ်စသည် ပြောင်းလဲဖြစ်ပုံကို ဝိသုဒ္ဓိမဂ်-မြန်မာပြန် ဒုတိယတွဲ နှာ (၅၇၇)၌ အောက်ခြေမှတ်ချက် ၃-၄-တို့ကို ကြည့်ပါ။

၂-ဘူတရုပ် ၄-ပါးနှင့် အာကာသ, ဝိညာဏဓာတ်တို့ကို ဓာတ် ၆-ပါးဟုဆိုသည်။

http://www.dhammadownload.com



၅၁၉။ **လက္ခဏာ စသည်တို့ဖြင့်** ဟူသည်ကား စက္ခု-မျက်စိစသည်တို့၏ လက္ခဏာ စသည်အားဖြင့် ဤဓာတ်တို့၌ အဆုံးအဖြတ်ကို သိအပ်၏။ သို့သော်လည်း ၎င်းတို့၏ ယင်းလက္ခဏာ စသည်တို့ကိုမူကား ခန္ဓနိဒ္ဒေသ၌ ဆိုခဲ့ပြီးသောနည်းဖြင့်ပင် သိအပ်ကုန်၏။

**အစဉ်အားဖြင့်** ဟူသော ဤအရာ၌လည်း ရှေး၌ ဆိုခဲ့သော ဖြစ်စဉ် စသည်တို့တွင် ဒေသနာ အစဉ်သာလျှင် သင့်ပေသည်၊ ထိုသို့ သင့်သော ဤဒေသနာအစဉ်ကိုလည်း အကြောင်းအကျိုးကို အစဉ်အတိုင်း ပိုင်းခြားသည့်အလိုအားဖြင့် [၁] ဟောအပ်ပေသည်။ အမြွက်မျှပြရလျှင် စက္ခုဓာတ်နှင့်

မှတ်ချက်

၁–မနောဓာတ်သည် ဒွါရမဟုတ်သောကြောင့် ယင်းက မနောဝိညာဏ်အား အဘယ်သို့ ကျေးဇူးပြုသောအကြောင်း ဖြစ်သနည်းဟု စဉ်းစားဖွယ်ရှိ၏။ ထိုအချက်ကို ဋီကာ၌ ရှင်းသင်းပြထားသည်မှာ-မနောဓာတ် ဓမ္မဓာတ်တို့၏ လည်း မနောဝိညာဏ်၏ အကြောင်းအဖြစ်ကို ဖြစ်သင့်သည်အားလျော်စွာ ယှဉ်စေအပ်၏။ ကိရိယာမနောဓာတ်သည် သန္တီရဏ အစရှိသော မနော ဝိညာဏ်အား ဥပနိဿယအစွမ်းဖြင့် ကျေးဇူးပြု၏၊ ဝိပါက်မနောဓာတ် သည် ဝိပါက်မနောဝိညာဏ်အား အနန္တရစသည်ဖြင့်ကျေးဇူးပြု၏၊ ဝုဋ္ဌော အစရှိသော အခြား မနောဝိညာဏ်အား ဥပနိဿယအစွမ်းဖြင့်သာ ကျေး ဇူးပြု၏၊ ဝေဒနာအစရှိသော ဓမ္မဓာတ်သည် တကွဖြစ်သော မနော ဝိညာဏ်အား သဟဇာတစသည်ဖြင့်၎င်း, သဟဇာတမဟုတ်သည့် မနော ဝိညာဏ်အား အနန္တရစသည်ဖြင့်၎င်း, ဥပနိဿယဖြင့်၎င်း, အာရမ္မဏ စသည်ဖြင့်၎င်း ကျေးဇူးပြု၏-ဤသို့ ဖြစ်သင့်သည်အားလျော်စွာ ယှဉ် အပ်၏။ (ဤ၌ သဟဇာတ-အသဟဇာတဘို့ကို မနောဝိညာဏ်၏ ဝိသေ သနပုဒ်၍ သိလွယ်အောင် ပြန်ထားသည်) တနည်းကား ဒွါရဖြစ်သောမန၏ အစွမ်းအားဖြင့် ယှဉ်အပ်၏။ မှန်၏-ဒွါရဖြစ်သော ဘဝင်နှင့် အာဝဇ္ဇန်း မနကိုလည်း သုတ်တို့၌ မနောဓာတ်ဟု ဟောအပ်၏၊ ထို့ကြောင့် ထိုဒွါရ

http://www.dhammadownload.com



ရူပဓာတ်ဟူသော ဤနှစ်ပါးသည် အကြောင်းပစ္စည်း ပေတည်း၊ စက္ခု-ဝိညာဏဓာတ်သည် အကျိုးပစ္စယုပ္ပန်ပေတည်း။ အလုံးစုံတို့၌ ဤနည်းပင်။

[၁၁၇] ၅၂၀။ ထိုမျှရှိသည့် အဖြစ်အားဖြင့် ဟူရာ၌ ဆိုလိုသည်မှာ—ထိုထိုသုတ် အဘိဓမ္မာ ပါဠိရပ်တို့၌ "အာဘာဓာတ်,သုဘဓာတ်,အာကာသာနဉ္စာယတနဓာတ်,ဝိညာဏဉ္စာယတနဓာတ်, အာကိဉ္စညာယတနဓာတ်, နေဝ-သညာနာသညာယတနဓာတ်, သညာဝေဒယိတနိရောဓဓာတ်[၁]" "ကာမဓာတ်, ဗျာပါဒဓာတ်, ဝိဟိံသာဓာတ်၊ နေက္ခမ္မဓာတ်, အဗျာပါဒဓာတ်, အဝိဟိံသာဓာတ်[၂]" "သုခဓာတ်,ဒုက္ခဓာတ်,သောမနဿဓာတ်, ဒေါမနဿဓာတ်, ဥပေက္ခာဓာတ်, အဝိဇ္ဇာဓာတ်[၃]" "အာရမ္ဘဓာတ်, နိက္ကမဓာတ်, ပရက္ကမဓာတ်[၄]" "ဟီနဓာတ်, မဇ္ဈိမဓာတ်, ပဏီတဓာတ်[၅]" "ပထဝီဓာတ်, အာပေါဓာတ်,တေဇောဓာတ်,ဝါယောဓာတ်[၆]" "အာကာသဓာတ်, ဝိညာဏဓာတ်[၇]" "သင်္ခတဓာတ်, အသင်္ခတဓာတ်[၈]" "များသောဓာတ် အမျိုးမျိုး

---

မှတ်ချက်

မနောဓာတ်၏ မနောဝိညာဏ်၏ အကြောင်းအဖြစ်ကို ဖြစ်သင့်သည်အားလျော်စွာ ယှဉ်စေအပ်၏။ (ဋီကာ)

၁–သံယုတ်ပါဠိ ပဌမတွဲ နှာ ၃၆၄-၌ ရှိ၏။

၂–ဝိဘင်းပါဠိ နှာ ၈၈။ ဒီ ၃၊ ၁၈၁-စသည်၌ ရှိ၏။

၃–ဝိဘင်း ၈၇။ မ ၃၊ ၁၀၈-၌ ရှိ၏။

၄–သံယုတ် ၃၊ ၆၀-၌ ရှိ၏။

၅–ဒီ ၃၊ ၁၈၁-၌ ရှိ၏။

၆–ဒီ ၃၊၁၉၀-၌ ရှိ၏။

၇–မ ၃၊ ၁၀၇။ ဝိဘင်း ၈၄-တို့၌ ရှိ၏။

၈–မ ၃။ ၁၀၈-၌ ရှိ၏။

http://www.dhammadownload.com



သောဓာတ်ရှိသည့် လောက"[၁] ဟူ၍ ဤသို့ အစရှိသော ဓာတ်တို့သည်၎င်း, အခြားတပါးသော ဓာတ်တို့သည်၎င်း ထင်ကုန်၏ တွေ့ရကုန်၏။ ဤသို့ ဖြစ်ပါလျက် အလုံးစုံသော ဓာတ်တို့၏ အစွမ်းအားဖြင့် အပိုင်းအခြားကို မပြုမူ၍ အဘယ့်ကြောင့် ၁၈-ပါးဟူသော ဤအပိုင်းအခြားကိုသာ ပြုပါသနည်းဟု မေးငြားအံ့၊ ပရမတ္ထသဘောအားဖြင့် ထင်ရှားရှိကုန်သော အားလုံးသော ဓာတ်တို့သည် ထို ၁၈-ပါးတို့၌ အတွင်းဝင်သောကြောင့်ဟု ဖြေအပ်၏။

အတွင်းဝင်ပုံမှာ— အာဘာဓာတ်- အလင်းဓာတ် ဟူသည် ( လရောင် နေရောင် မီးရောင် စသော) အဆင်း-ရူပဓာတ်သာ ဖြစ်သည်။ (တင့်တယ် သည်ဟု ထင်ရသော) သုဘဓာတ်သည်ကား ရူပဓာတ်စသည်နှင့် စပ်၏[၂]၊ အဘယ့်ကြောင့်နည်း— (ရာဂ ဖြစ်ကြောင်း) သုဘနိမိတ်- တင့်တယ်သည် ထင်ရသော အခြင်းအရာဖြစ်သောကြောင့်ပေတည်း။ မှန်၏-တင့်တယ်သည် ထင်ရသော အခြင်းအရာ-သုဘနိမိတ်သည် သုဘဓာတ်မည်၏၊ ယင်း သုဘ နိမိတ်သည်လည်း ရူပဓာတ်စသည်မှ အလွတ်ဟု မရှိပေ။ တနည်းကား ကုသလဝိပါက်၏ အာရုံဖြစ်ကုန်သော ရူပဓာတ် သဒ္ဒဓာတ် စသည်တို့သည် ပင်လျှင် သုဘဓာတ်ပေတည်း[၃]၊ ထို့ကြောင့် ဤသုဘဓာတ်သည် ရူပဓာတ် စသည်သာ ဖြစ်သည်။ အာကာသာနဉ္စာယတနဓာတ် စသည်တို့၌ စိတ်သည်

---

မှတ်ချက်

၁—ဒီ ၂၊ ၂၂၅။ မ ၃၊ ၁၀၈-တို့၌ ရှိ၏။

၂—ရူပဓာတ် စသည်နှင့်စပ်၏ဟူရာ၌ ရာဂ၏ တည်ရာ အာရုံအဖြစ်ဖြင့် ယူအပ်သော အခြင်းအရာသည် သုဘနိမိတ်ပင်ဟု နှလုံးသွင်း၍ "ရူပ စသည် တို့ပင်"ဟု မဆိုမူ၍ "စပ်၏"ဟူသော စကားကို ဆိုပေသည်။ (ဋီကာ)

၃—ရာဂ၏ တည်ရာအာရုံအဖြစ် မရှိငြားသော်လည်း ကုသလဝိပါက်၏ အာရုံ သည် သုဘဓာတ်ပင်ဖြစ်သောကြောင့် (ထိုကိုပြရန်) တနည်းကား စသည် ဖြင့် ဒုတိယဝိကပ်ကို မိန့်ဆိုတော်မူသည်။ (ဋီကာ)

http://www.dhammadownload.com



မနောဝိညာဏဓာတ်သာလျှင် ဖြစ်၏၊ ကြွင်းသော (ထိုစိတ်နှင့် ယှဉ်သော) စေတသိက်တို့သည် ဓမ္မဓာတ်သာလျှင် ဖြစ်၏။ သညာဝေဒနာတို့၏ ချုပ်ရာ သညာဝေဒယိတ နိရောဓဓာတ်သည်ကား ပရမတ္ထသဘောအားဖြင့် မရှိပေ၊ ယင်းဓာတ်သည် မနောဝိညာဏဓာတ် ဓမ္မဓာတ်ဟူသော ဓာတ် ၂-ပါးတို့၏ ချုပ်ခြင်းမျှသာ ဖြစ်သည်။

ကာမဓာတ်ဟူသည် ဓမ္မဓာတ်မျှသည်မူလည်း ဖြစ်၏။ ဤအဆိုနှင့်အညီ ဟောတော်မူသည်မှာ—"ထိုတွင် ကာမဓာတ်ဟူသည် အဘယ်နည်း၊ ကာမ အာရုံကို လိုချင်နှစ်သက်မှုနှင့် ယှဉ်သော ကြံခြင်း အထူးကြံခြင်း မှားယွင်း စွာကြံခြင်း–မိစ္ဆာသင်္ကပ္ပပေတည်း"ဟူ၍ပင်တည်း။ တနည်း ၁၈-ပါးသော ဓာတ်တို့သည်လည်း ကာမဓာတ်မည်၏။ ဤအဆိုနှင့်အညီ ဟောတော်မူ သည်မှာ– "အောက်မှ အဝီစိငရဲကို အဆုံးအပိုင်းအခြားပြု၍ အထက်မှ ပရနိမ္မိတဝသဝတ္တီနတ်တို့ကို အတွင်းသွင်း၍ ဤအကြား ဤအတွင်း၌ ဤကာမဘုံ၌ဖြစ်ကုန်သော ဤကာမဘုံ၌ အတွင်းဝင်ကုန်သော အကြင် ခန္ဓာ ဓာတ် အာယတနတို့သည်၎င်း, အကြင်ရုပ်တို့သည်၎င်း, အကြင်ဝေဒနာ သည် သညာသည်၎င်း,အကြင်သင်္ခါရတို့သည်၎င်း, အကြင်ဝိညာဏ်သည်၎င်း ရှိကုန်၏၊ ဤခန္ဓာစသည်ကို ကာမဓာတ်ဟု ဆိုအပ်၏" ဟူ၍ပင်တည်း။

[၁၁၈] နေက္ခမ္မဓာတ်ဟူသည် (နေက္ခမ္မဝိတက်ဟူသော) ဓမ္မဓာတ်ပင်။ "ကုသိုလ်တရားအားလုံးတို့လည်း နေက္ခမ္မဓာတ်မည်၏"ဟု ဟောတော်မူ သောကြောင့် မနောဝိညာဏဓာတ်သည်လည်း နေက္ခမ္မဓာတ် မည်သေး၏။ ဗျာပါဒဓာတ် ဝိဟိံသာဓာတ် [၁] အဗျာပါဒဓာတ် အဝိဟိံသာဓာတ် [၁] သုခ

မှတ်ချက်

၁–ဝိဟိံသာဓာတ်ဟူသည် စေတနာတည်း၊ တနည်း သူတပါးကို ညှဉ်းဆဲလို သောဆန္ဒတည်း။ အဝိဟိံသာဓာတ်ဟူသည် သနားခြင်းကရုဏာပင်တည်း။ (ဋီကာ)

http://www.dhammadownload.com



ဒုက္ခ သောမနဿ ဒေါမနဿ ဥပေက္ခာ အဝိဇ္ဇာ အာရမ္ဘ နိက္ကမ ပရက္ကမဓာတ်တို့သည် ဓမ္မဓာတ်သာလျှင် ဖြစ်သည်။

ဟီနဓာတ် မဇ္ဈိမဓာတ် ပဏီတဓာတ်တို့သည် ၁၈-ပါးသော ဓာတ်မျှသာဖြစ်သည်။ ရှင်းပြရလျှင် ယုတ်ညံ့သော စက္ခုစသည်တို့သည် ဟီနဓာတ်မည်၏၊ အလယ်အလတ်နှင့် အမြတ်တို့သည် မဇ္ဈိမဓာတ်နှင့် ပဏီတဓာတ်မည်ကုန်၏။ မုချအားဖြင့်မူကား အကုသိုလ်ဖြစ်ကုန်သော ဓမ္မဓာတ်နှင့် မနောဝိညာဏဓာတ်တို့သည် ဟီနဓာတ်မည်၏၊ လောကီကုသိုလ် အဗျာကတဖြစ်ကုန်သော ဓမ္မနှင့် မနောဝိညာဏဓာတ် ၂-ပါးတို့သည်၎င်း, စက္ခုအစရှိသော ဓာတ်တို့သည်၎င်း မဇ္ဈိမဓာတ် မည်၏၊ လောကုတ္တရာ ဖြစ်ကုန်သော ဓမ္မဓာတ်နှင့် မနောဝိညာဏဓာတ်တို့သည် ပဏီတဓာတ် မည်၏။

ပထဝီ တေဇော ဝါယော ဓာတ်တို့သည် ဖောဋ္ဌဗ္ဗဓာတ်သာလျှင် ဖြစ်သည်၊ အာပေါဓာတ်နှင့် အာကာသဓာတ်သည် ဓမ္မဓာတ်သာလျှင် ဖြစ်သည်။ ဝိညာဏဓာတ်သည် စက္ခုဝိညာဏ် စသော ဝိညာဏဓာတ်ခုနစ်ပါး၏ အကျဉ်းသာလျှင် ဖြစ်သည်[၁]။

၁၇-ပါးသော ဓာတ်တို့သည်၎င်း (နိဗ္ဗာန်မှတပါးသော) ဓမ္မဓာတ်တစိတ်သည်၎င်း သင်္ခတဓာတ်မည်၏။ (နိဗ္ဗာန်ဟူသော) အသင်္ခတဓာတ်သည်ကား ဓမ္မဓာတ်တစိတ်သာလျှင် ဖြစ်သည်။ များသောဓာတ် အမျိုးမျိုးသောဓာတ်ရှိသော လောကဟူသည်[၂] ၁၈-ပါးသောဓာတ်အပြားမျှသာလျှင် ဖြစ်သည်။

---

မှတ်ချက်

၁ – ဝိညာဏဓာတ်သည် ၆-ပါးသာရှိ၏၊ သို့သော်လည်း ထိုဝိညာဏဓာတ်၏ ရှေ့သွား နောက်လိုက်ဖြစ်သော မနောဓာတ်ကိုပါယူ၍ ဝိညာဏဓာတ် ခုနစ်ပါးဟု ဆိုသည်။ (ဋီကာကိုမှီ၍ အကျဉ်းပြသည်)

၂ – စက္ခုစသည်များသောဓာတ်တို့ရှိသောကြောင့် များသောဓာတ်ရှိသည်ဟူ၍၎င်း၊ စက္ခုစသော ဓာတ်တပါးပါး၌ပင် အမျိုးမျိုး ကွဲပြားသောကြောင့်

http://www.dhammadownload.com



ဤသို့လျှင် ပရမတ္ထသဘောအားဖြင့် ထင်ရှားရှိကုန်သော အားလုံးသော ဓာတ်တို့သည် ထို ၁၈-ပါးတို့၌ အတွင်းဝင်သောကြောင့် ၁၈-ပါးတို့ကိုသာ ဟောတော်မူ (အပ်ကုန်)၏။

၅၂၁။ တနည်းသော်ကား အာရုံကို သိခြင်း သဘောရှိသော စိတ်ဝိညာဏ်၌ အသက်ကောင် သတ္တဝါကောင်ဟု အမှတ်မှားသောသတ္တဝါတို့၏ ထိုအမှတ်မှားသော ဇီဝသညာကို နှုတ်ပယ်ခြင်းအကျိုးငှါ ၁၈-ပါးတို့ကိုသာလျှင် ဟောတော်မူ(အပ်ကုန်)၏။ မှန်၏-အာရုံကို သိခြင်းသဘောရှိသော စိတ်ဝိညာဏ်၌ အသက်ကောင်·သတ္တဝါကောင်ဟု အမှတ်မှားသော သတ္တဝါတို့သည် ရှိကြ၏၊ ထိုသတ္တဝါတို့အား စက္ခုဝိညာဏ်ဓာတ် သောတဝိညာဏ်ဓာတ် ဃာနဝိညာဏ်ဓာတ် ဇိဝှါဝိညာဏ်ဓာတ် ကာယဝိညာဏ်ဓာတ် မနောဓာတ် မနောဝိညာဏ်ဓာတ် အပြားအားဖြင့် ထိုစိတ်ဝိညာဏ်၏ တခုတည်း မဟုတ်ပဲ များသည်၏အဖြစ်ကိုရင်း [၁] ,မျက်စိနှင့်အဆင်းစသော အကြောင်းတို့နှင့်စပ်၍ဖြစ်ရသောကြောင့် မမြဲသည်၏အဖြစ်ကိုရင်း [၁] ပြတော်မူပြီးလျှင် ရှည်မြင့်စွာသော ကာလပတ်လုံး ကိန်းအောင်းနေသော (အသက်ကောင် သတ္တဝါကောင်ဟု အမှတ်မှားမှု) ဇီဝသညာကို နှုတ်ပယ်တော်မူလိုသော

---

မှတ်ချက်

အမျိုးမျိုးသောဓာတ်ရှိသည်ဟူ၍ရင်း ဆိုသည်။(ဋီကာကိုပင် မှီ၍ အကျဉ်း ပြသည်)

၁–အတ္တဝါဒီတို့သည် သတ္တဝါ တဦး တဦး၏ အတ္တကို တခုတည်း အကွဲအပြား မရှိဟူ၍ရင်း၊ ဘယ်တော့မှ မပျက်ပဲ တကြွံတည်း အမြဲတည်နေသည် ဟူ၍ရင်း၊ သို့မဟုတ် မသေမီအတွင်း အမြဲတည်နေသည်ဟူ၍ရင်း ယူဆ ပြောဆိုကြ၏၊ ထို့ကြောင့် ထိုသူတို့က အတ္တဟု ထင်မှတ်သော စိတ်ဝိညာဏ်၏ များခြင်းကိုရင်း မမြဲခြင်းကိုရင်း ပြခြင်းသည် ယင်းတို့၏ ဇီဝသညာ အတ္တစွဲကို ပယ်နှုတ်နိုင်ရန်ဖြစ်၏။(ဋီကာကိုပင် မှီ၍ ချုံးပြသည်။

http://www.dhammadownload.com



မြတ်စွာဘုရားသည် ၁၈-ပါးသော ဓာတ်တို့ကို ပြတော်မူ( အပ်ကုန် ) ပေသည်။ အနည်းငယ် ဆိုဖွယ်ရှိသေး၏-ထို့အတူပင် ဝေနေယျတို့၏ အလို အဇ္ဈာသယအစွမ်းအားဖြင့်လည်း ပြတော်မူ (အပ်ကုန်) ပေသည်။ ဆိုလို သည်မှာ— မကျဉ်းလွန်း မကျယ်လွန်းသော ဤဓာတုဒေသနာဖြင့် ဆုံးမ ညွှန်ကြားထိုက်ကုန်သော အကြင်ဝေနေယျ သတ္တဝါတို့သည် ရှိကုန်၏၊ ထို ဝေနေယျသတ္တဝါတို့၏ အလိုအကြိုက်၏ အစွမ်းအားဖြင့် ၁၈-ပါးတို့ကို သာလျှင် ပြတော်မူ(အပ်ကုန်)ပေသည်။

> အကြင် အကြင် အပြားအားဖြင့် ဟောပြလျှင် ဝေနေယျ သတ္တဝါတို့၏ နှလုံးတို့၌ ( ကိန်းနေသော ) အဝိဇ္ဇာမှောင်သည် ထို မြတ်စွာဘုရား၏ တရားတော်တန်ခိုးဖြင့် ပယ်ဖျောက်အပ် သည်ဖြစ်၍ ( ဝါ-ပယ်ဖျောက်လိုက်သောကြောင့် ) တခဏချင်း ပျက်စီး ပျောက်ကွယ်ခြင်းသို့ ရောက်၏၊ ထိုထို အကျဉ်း အကျယ် နည်းအပြားဖြင့် ဤမြတ်စွာဘုရားသည် တရားကို ဟောပြတော် မူပေ၏။

ဤသို့လျှင် ဤဓာတ်တို့၌ ထို (၁၈-ပါး) မျှ ရှိသည့် အဖြစ်ဖြင့် အဆုံး အဖြတ်ကို သိအပ်၏။

[၁၁၉] ၅၂၂။ **ခေါ်ဆို ရေတွက်ခြင်း အားဖြင့်** ဟူရာ၌ ရှေးဦးစွာ စက္ခုဓာတ်သည် အမျိုးဇာတ်အားဖြင့် စက္ခုပသာဒအလို တပါးတည်းသော တရားဟူ၍သာလျှင် ခေါ်ဆို ရေတွက်ခြင်းသို့ ရောက်၏။ ထို့အတူပင် သောတ ဃာန ဇိဝှါ ကာယ ရူပ သဒ္ဒ ဂန္ဓ ရသ ဓာတ်တို့သည် သောတ-ပသာဒ စသည်တို့အလိုအားဖြင့် တပါးတည်းသော တရားဟူ၍သာလျှင် ခေါ်ဆိုရေတွက်ခြင်းသို့ ရောက်ကုန်၏။ ဖောဋ္ဌဗ္ဗဓာတ်သည်ကား ပထဝီ တေဇော ဝါယောတို့ အလိုအားဖြင့် ၃-ပါးသော တရားတို့ဟူ၍ ခေါ်ဆို ရေတွက်ခြင်းသို့ ရောက်၏။ စက္ခုဝိညာဏဓာတ်သည် ကုသလဝိပါက်

http://www.dhammadownload.com



အကုသလဝိပါက်အလိုအားဖြင့် ၂-ပါးသော တရားတို့ဟူ၍ ခေါ်ဆိုရေတွက်ခြင်းသို့ ရောက်၏။ သောတ ဃာန ဇိဝှါ ကာယဝိညာဏ်ဓာတ်တို့သည် ထို့အတူပင်။ မနောဓာတ်သည်ကား ပဉ္စဒွါရာဝဇ္ဇန်းနှင့် ကုသလဝိပါက် အကုသလဝိပါက်သမ္ပဋိစ္ဆိုန်းတို့၏အလိုအားဖြင့်[၁] ၃-ပါးသောတရားတို့ဟူ၍ ခေါ်ဆိုရေတွက်ခြင်းသို့ ရောက်၏။ ဓမ္မဓာတ်သည်(ဝေဒနာ သညာ သင်္ခါရ ဟူသော)သုံးပါးသော နာမ်ခန္ဓာတို့၏ရင်း,၁၆-ပါးသောသုခုမရုပ်တို့၏ရင်း, (နိဗ္ဗာန်) အသင်္ခတဓာတ်၏ရင်း အလိုအားဖြင့် ၂၀-သော တရားတို့ဟူ၍[၂] ခေါ်ဆိုရေတွက်ခြင်းသို့ ရောက်၏။ မနောဝိညာဏ်ဓာတ်သည်(ပဉ္စဝိညာဏ်ဓာတ် မနောဓာတ်တို့မှ) ကြွင်းသော ကုသိုလ် (၂၁) အကုသိုလ် (၁၂) အဗျာကတဝိညာဏ် (၄၃) တို့အလိုအားဖြင့် ၇၆-ပါးသော တရားတို့ဟူ၍ ခေါ်ဆိုရေတွက်ခြင်းသို့ ရောက်၏။ ဤသို့လျှင် ဤဓာတ်တို့၌ ခေါ်ဆိုရေတွက်ခြင်းအားဖြင့်လည်း အဆုံးအဖြတ်ကို သိအပ်၏။

၅၂၃။ **ကျေးဇူးပြုခြင်း(ပစ္စယ)အားဖြင့်** ဟူသော ဤအခြင်းအရာ၌မူ ရှေးဦးစွာ စက္ခုဓာတ်သည် စက္ခုဝိညာဏ်ဓာတ်အား ဝိပ္ပယုတ္တ ပုရေဇာတ အတ္ထိ အဝိဂတ နိဿယ ဣန္ဒြိယ ပစ္စည်းတို့အလိုအားဖြင့် ၆-ပါးသောပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြု၏။ အဆင်း- ရူပဓာတ်သည် (ယင်းဝိညာဏ်ဓာတ်အား) ပုရေဇာတ အတ္ထိ အဝိဂတ အာရမ္မဏ ပစ္စည်းတို့ အလိုအားဖြင့် လေးပါးသော ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြု၏။ သောတဝိညာဏ်ဓာတ်

မှတ်ချက်

၁ – ဤ၌ ဆိုထားပုံကို ထောက်ဆ၍ "ပဉ္စဒွါရာဝဇ္ဇန်း သမ္ပဋိစ္ဆိုန်း" ဟူသော အမည်များသည် အဋ္ဌကထာဆရာများလက်ထက်ကပင် ပြောဟောနေသည့် ဝေါဟာရဖြစ်ကြောင်း သိရ၏။

၂ – စေတသိက်ခန္ဓာသုံးပါးကို အသီးအသီး ခွဲ၍ ၅၂-ပါး ရေတွက်လျှင် ၆၉-ပါး ဖြစ်သည်။

http://www.dhammadownload.com



စသည်တို့အား သောတဓာတ်နှင့် သဒ္ဒဓာတ် စသည်တို့သည် ဤအတူပင် ၆-ပါး ၄-ပါးသော ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုကုန်၏။ ငါးပါးကုန်သော ယင်းဝိညာဏ်ဓာတ်တို့အား အာဝဇ္ဇန်းမနောဓာတ်သည် အနန္တရ သမနန္တရ နတ္ထိ ဝိဂတ အနန္တရူပနိဿယတို့ အလိုအားဖြင့် ငါးပါးသော ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြု၏။ ယင်းဝိညာဏ်ဓာတ်ငါးပါးလုံးတို့သည်လည်း သမ္ပဋိစ္ဆိုန်းမနောဓာတ်အား ထို့အတူပင် ကျေးဇူးပြု၏။ သမ္ပဋိစ္ဆိုန်းမနောဓာတ်သည် သန္တီရဏမနောဝိညာဏဓာတ်အား ထို့အတူပင် ကျေးဇူးပြု၏။ ယင်း သန္တီ-ရဏသည်လည်း ဝုဋ္ဌောမနောဝိညာဏဓာတ်အား၊ ယင်း ဝုဋ္ဌောသည် ဇောမနောဝိညာဏဓာတ်အား ထို့အတူပင် ကျေးဇူးပြု၏။ ဇောမနော-ဝိညာဏဓာတ်သည်ကား အခြားမဲ့ ဇောမနောဝိညာဏဓာတ်အား ထို ငါးပစ္စည်းတို့နှင့် အာသေဝနပစ္စည်းဟူသော ၆-ပစ္စည်းတို့ဖြင့် ကျေးဇူး ပြု၏။ ဤသည်ကား ရှေးဦးစွာ ပဉ္စဒွါရ၌ နည်းတည်း။

မနောဒွါရ၌ကား ဘဝင်မနောဝိညာဏဓာတ်သည် အာဝဇ္ဇန်းမနော ဝိညာဏဓာတ်အား၊ ယင်း အာဝဇ္ဇန်းသည် ဇောမနောဝိညာဏဓာတ်အား ရှေးဖြစ်သော ငါးပစ္စည်းတို့ဖြင့် ကျေးဇူးပြု၏။ ဓမ္မဓာတ်သည်ကား ခုနစ်ပါး သော ဝိညာဏဓာတ်တို့အား သဟဇာတ အညမည နိဿယ သမ္ပယုတ္တ အတ္ထိ အဝိဂတ အစရှိကုန်သော များသောအပြားရှိသော ပစ္စည်းတို့ဖြင့် ကျေးဇူးပြု၏။ စက္ခုဓာတ်စသည်တို့သည်၎င်း၊ အချို့သော ဓမ္မဓာတ်သည် ၎င်း အချို့သော မနောဝိညာဏဓာတ်အား အာရမ္မဏပစ္စည်း စသည်တို့ ဖြင့်လည်း ကျေးဇူးပြုကုန်၏။ ဆက်၍ပြဦးအံ့—စက္ခုဝိညာဏဓာတ် စသည် တို့အား စက္ခုဓာတ် ရူပဓာတ် စသည်တို့သက်သက်သာလျှင် ကျေးဇူး ပြုကြသည် မဟုတ်သေး၊ စင်စစ်သော်ကား အလင်းရောင် စသည်တို့သည် လည်း ကျေးဇူးပြုကြသေး၏။ ထို့ကြောင့် ရှေးဆရာတို့က မိန့်ဆိုတော်မူကြ သည်မှာ—

http://www.dhammadownload.com



[၁၂၀] မျက်စိ, အဆင်း, အရောင်အလင်း[၁], နှလုံးသွင်းမှုတို့ကို စွဲမှီ၍ စက္ခုဝိညာဏ်သည် ဖြစ်၏။ နား, အသံ, အပေါက်အကြား[၁], နှလုံးသွင်းမှုတို့ကို စွဲမှီ၍ သောတဝိညာဏ်သည် ဖြစ်၏။ နှာခေါင်း, အနံ့,လေ[၁], နှလုံးသွင်းမှုတို့ကို စွဲမှီ၍ ဃာနဝိညာဏ်သည် ဖြစ်၏။ လျှာ, အရသာအရည်အစိုဓာတ်[၁], နှလုံးသွင်းမှုတို့ကို စွဲမှီ၍ ဇိဝှါ-ဝိညာဏ်သည် ဖြစ်၏။ ကိုယ် (အကြည်), အတွေ့, ပထဝီဓာတ်[၁], နှလုံးသွင်းမှုတို့ကို စွဲမှီ၍ ကာယဝိညာဏ်သည် ဖြစ်၏။ ဘဝင်စိတ် (မန)[၁], သဘောတရား, အာရုံနှလုံးသွင်းမှုတို့ကို[၂] စွဲမှီ၍ မနော-ဝိညာဏ်သည်ဖြစ်၏—ဟူ၍ပင်တည်း။

ယခု ဆိုခဲ့သော စကားသည် ဤအရာ၌ အကျဉ်းပေတည်း[၃]။ အကျယ်အားဖြင့် ကျေးဇူးပြုပုံ အပြားသည် ပဋိစ္စသမုပ္ပါဒ်ကို အကျယ်ပြရာ၌

---

မှတ်ချက်

၁–**အရောင်အလင်း**မည်သည် နေရောင်စသည်ပင်။ ၎င်းကို သုတ္တန်နည်းအားဖြင့် ဥပနိဿယပစ္စည်းဖြစ်သည်ဟု သိအပ်၏၊ ကြွင်းသောအပေါက်အကြားစသည်တို့ကိုလည်း နည်းတူပင်သိအပ်၏။ **အပေါက်အကြား** မည်သည် အထူးအားဖြင့် နားပေါက်တည်း။ **လေ**ဟူသည် အနံ့ကိုသယ်ဆောင်လာသော လေပင်။ **အာပေါ အရည်အစို** ဟူသည် ခံတွင်း၌ ထည့်လိုက်သည့်အစာကို စိုစေတတ်သော ရေပင်။ **ပထဝီ**ဟူသည် **ကာယပသာဒ**၏ မှီရာဖြစ်သော ပထဝီဓာတ်ပင်။ **ဘဝင်စိတ်မန**ဟူသည် နှစ်ကြိမ်လှုပ်သော ဘဝင်စိတ်ပင်။ အားလုံးတို့၌ မနသိကာရ-နှလုံးသွင်းမှုဟူသည် အာဝဇ္ဇန်းမနသိကာရပေတည်း။(ဋီကာ)

၂–အဋ္ဌသာလိနီအဋ္ဌကထာ နှာ ၃၂၂-၌ မှီရာ ဟဒယဝတ္ထုနှင့်တကွ အကြောင်း ၄-ပါးပင် ပြ၏။

၃–ဤအရာ၌ ရှိရင်းအတိုင်းပြန်လျှင် စကားထပ်နေသကဲ့သို့ ဖြစ်မည်ကြောင့် အကျဉ်းချုံး ပြန်ထားသည်။

http://www.dhammadownload.com



ထင်ရှား ဖြစ်လတ့်။ ဤသို့လျှင် ဤဓာတ်တို့၌ ကျေးဇူးပြုခြင်းအားဖြင့်လည်း အဆုံးအဖြတ်ကို သိအပ်၏။

၅၂၄။ **ရှုအပ်သောအားဖြင့်** ဟူရာ၌ ဆိုလိုသည်မှာ သခ်တဓာတ် အားလုံးတို့ကိုပင်လျှင် (ခဏသုံးပါးမှ)ရှေးအဖို့ နောက်အဖို့တို့၌ ကင်းဆိတ်သော အားဖြင့်ရင်း၊ ခိုင်မြဲခြင်း တင့်တယ်ခြင်း ချမ်းသာခြင်း အတ္တအဖြစ်တို့မှ ဆိတ်သုဉ်းသောအားဖြင့်ရင်း၊ အကြောင်းတို့နှင့်စပ်၍ ဖြစ်ရခြင်း အားဖြင့်ရင်း ရှုအပ်ကုန်၏။

အထူးအားဖြင့်မူ ဤဓာတ် (၁၈-ပါး)တို့တွင် စက္ခုဓာတ်ကို စည်၏ မျက်နှာပြင်ကဲ့သို့ မှတ်အပ်၏၊ အဆင်းရူပဓာတ်ကို တီးခေါက်စရာဒုတ်ကဲ့သို့ မှတ်အပ်၏၊ မြင်သိမှု-စက္ခုဝိညာဏ်ဓာတ်ကို ထွက်ပေါ်လာသော အသံကဲ့သို့ မှတ်အပ်၏။ ထို့ပြင် စက္ခုဓာတ်ကို ကြေးမုံပြင်ကဲ့သို့ မှတ်အပ်၏၊ ရူပဓာတ်ကို မျက်နှာကဲ့သို့ မှတ်အပ်၏၊ စက္ခုဝိညာဏ်ဓာတ်ကို မျက်နှာရိပ်ကဲ့သို့ မှတ်အပ်၏။ တနည်းကား စက္ခုဓာတ်ကို ကြံများ နှမ်းစေ့များကဲ့သို့ မှတ်အပ်၏၊ ရူပဓာတ်ကို ကြံညှစ်စက် ဆီကြိတ်ဆုံတို့၌ ဖိညှပ်ကြိတ်သည့် ဒုတ်တံကျည်ပွေ့ကဲ့သို့ မှတ်အပ်၏၊ စက္ခုဝိညာဏ်ဓာတ်ကို ကြံရည်ဆီတို့ကဲ့သို့ မှတ်အပ်၏။ ထို့ပြင် စက္ခုဓာတ်ကို မီးပွတ်ခုံကဲ့သို့ မှတ်အပ်၏၊ ရူပဓာတ်ကို မီးပွတ်တံကဲ့သို့ မှတ်အပ်၏၊ စက္ခုဝိညာဏ်ဓာတ်ကို မီးကဲ့သို့ မှတ်အပ်၏။ သောတဓာတ် စသည်တို့၌လည်း ဤနည်းပင်။

မနောဓာတ်ကိုမူ ဖြစ်သင့်သည်အားလျော်စွာ စက္ခုဝိညာဏ်ဓာတ် စသည်တို့၏ ရှေ့သွားနောက်လိုက်ကဲ့သို့ မှတ်အပ်၏။

ဓမ္မဓာတ်ထဲမှ ဝေဒနာက္ခန္ဓာကို မြှားငြောင့်ကဲ့သို့ရင်း၊ တံကျင်ကဲ့သို့ရင်း မှတ်အပ်၏။ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာတို့ကို ဝေဒနာဟူသော မြှားငြောင့် တံကျင်တို့နှင့် ယှဉ်ခြင်းကြောင့် နာကျင်နေသူတို့ကဲ့သို့ မှတ်အပ်ကုန်၏၊

http://www.dhammadownload.com



တနည်းကား-ပုထုဇဉ်တို့၏ သညာကို (မရနိုင်သည်ကို) တောင့်တခြင်းနှင့် စပ်သောဆင်းရဲကို ဖြစ်စေတတ်သောကြောင့် အချည်းနှီးလက်ဆုပ်ကဲ့သို့ ၎င်း၊ မဟုတ် မမှန်သော အမှတ်နိမိတ်ကို ယူတတ်သောကြောင့် တောသမင်ကဲ့သို့၎င်း မှတ်အပ်၏။ သဒ္ဒါရတို့ကို ပဋိသန္ဓေ၌ ပစ်ချတတ်သောကြောင့် မီးကျီးတွင်း၌ ပစ်ချတတ်သည့် ယောကျ်ားတို့ကဲ့သို့၎င်း၊ ဇာတိဒုက္ခလိုက်ပါလာသောကြောင့် ရဲပုလိပ်တို့လိုက်ပါလာသည့် ခိုးသူတို့ကဲ့သို့၎င်း၊ အကျိုးမဲ့ဟူသမျှကို ဆောင်လာတတ်သည့် ခန္ဓာအစဉ်၏ အကြောင်းဖြစ်သောကြောင့် အဆိပ်ပင်၏ မျိုးစေ့တို့ကဲ့သို့၎င်း မှတ်အပ်ကုန်၏။ သုခုမရုပ်ကို အမျိုးမျိုးသော ကပ်၍နှိပ်စက်တတ်သည့် ဥပဒ္ဒဝေါတို့၏ အကြောင်းနိမိတ်ဖြစ်သောကြောင့် ပဒုမ္မာကြာအသွင်ထင်ရသော သင်ခုန်းစက်ကဲ့သို့ မှတ်အပ်၏ [၁]။ အသင်္ခတဓာတ်ကိုမူကား အသေကင်းသောအားဖြင့်၎င်း၊ ငြိမ်သက်ငြိမ်းအေးသောအားဖြင့်၎င်း၊ ဘေးငြိမ်းသောအားဖြင့်၎င်း မှတ်အပ်၏၊ အဘယ့်ကြောင့်နည်း-အကျိုးမဲ့အလုံးစုံကို ဆောင်တတ်ဖြစ်စေတတ်သော သင်္ခတဒုက္ခအပေါင်း, ရာဂအစရှိသော ကိလေသာဒုက္ခအပေါင်း၏ ဆန့်ကျင်ဖက် ဖြစ်သောကြောင့်ပေတည်း။

[၁၂၁] မနောဝိညာဏဓာတ်ကို အာရုံတို့၌ တည်တံ့ခြင်းမရှိသောကြောင့် တောမျောက်ကဲ့သို့၎င်း၊ဆုံးမနိုင်ခဲသောကြောင့် မြင်းယုတ်မြင်းဆိုးကဲ့သို့၎င်း၊ လိုရာရာအာရုံများ၌ ကျသွားတတ်သောကြောင့် ကောင်းကင်သို့

---

မှတ်ချက်

၁–ပဒုမ္မာကြာအသွင် ထင်ရသော သင်ခုန်းစက်ကဲ့သို့ မိန်းမစသည်၏အဖြစ်ဖြင့် ထင်ရသောရုပ်သည်လည်း အထူးထူးအပြားပြားသော ဥပဒ္ဒဝေါကို ဖြစ်စေတတ်၏။ (ဋီကာ) ဓမ္မဓာတ်၌ ပါဝင်သော သုခုမရုပ် ရှုမှတ်အပ်သော အခြင်းအရာကို ပြသောအရာဖြစ်၍ ဣတ္ထိဘာဝရုပ် စသည်ကို ဆိုသည်ဟု ယူရာ၏။

http://www.dhammadownload.com



မြှောက်တင်လိုက်သော ဒုတ်ကဲ့သို့ရင်း၊ လောဘ ဒေါသ အစရှိသော အမျိုးမျိုးသော ကိလေသာတို့၏ အသွင်နှင့် ယှဉ်သောကြောင့် ကပြရာ ပွဲသဘင်၌ အသွင်အမျိုးမျိုးကို ဆောင်သည့် ကခြေသည်ကဲ့သို့ရင်း မှတ်အပ်၏။ ဤတွင် တရပ်။

ဤဆိုခဲ့သောစကားသည် ခေတ်တို့ကို အကျယ်ပြဆိုချက်စကားအမြွက် ပေတည်း။

ဤသည်ကား သူတော်ကောင်းအပေါင်းတို့၏ ဝမ်းမြှောက်ခြင်းငှါ
ပြုစီရင်(အပ်)သော ဝိသုဒ္ဓိမဂ်ကျမ်းဝယ်
ပညာဘာဝနာအရာ၌
အာယတနခေတ်တို့ကို အကျယ်ပြချက်(အာယတနခေတုနိဒ္ဒေသ)မည်သော
တဆယ့်ငါးခုမြောက် အပိုင်းအခဏ်းပေတည်း။

(အာယတနခေတ်တို့ကို အကျယ်ပြချက် ပြီး၏)

http://www.dhammadownload.com

## ၁၆-ဣန္ဒြိယသစ္စနိဒ္ဒေသ-ဣန္ဒြေသစ္စာတို့ကို အကျယ်ပြချက်
## ဣန္ဒြေတို့ကို အကျယ်ပြဆိုချက်

[၁၂၂] ၅၂၅။ ခဝတ်တို့၏ အခြားမဲ့(စာပိုဒ် ၄၃၀)၌ အကျဉ်းပြခဲ့သော ဣန္ဒြေတို့ ဟူသည်မှာ စက္ခုန္ဒြေ သောတိန္ဒြေ ဃာနိန္ဒြေ ဇိဝှိန္ဒြေ ကာယိန္ဒြေ မနိန္ဒြေ ဣတ္ထိန္ဒြေ ပုရိသိန္ဒြေ ဇီဝိတိန္ဒြေ သုခိန္ဒြေ ဒုက္ခိန္ဒြေ သောမနဿိန္ဒြေ ဒေါမနဿိန္ဒြေ ဥပေက္ခိန္ဒြေ သဒ္ဓိန္ဒြေ ဝီရိယိန္ဒြေ သတိန္ဒြေ သမာဓိန္ဒြေ ပညိန္ဒြေ အနညာတညဿာမီတိန္ဒြေ အညိန္ဒြေ အညာတာဝိန္ဒြေ-ဟူသော ၂၂-ပါးသော ဣန္ဒြေတို့ပေတည်း။ ထိုဣန္ဒြေတို့၌—

> သဒ္ဒါနက်အားဖြင့်၎င်း၊ လက္ခဏာစသည်တို့ဖြင့်၎င်း၊ အစဉ်အားဖြင့်၎င်း၊ ကွဲပြားခြင်း ရှိမရှိအားဖြင့်၎င်း၊ ကိစ္စအားဖြင့်၎င်း၊ ဘုံအားဖြင့်၎င်း အဆုံးအဖြတ်ကို သိရာ၏။

ထိုတွင် ရှေးဦးစွာစက္ခုစသည်တို့၏ အနက်ကို "စက္ခတီတိ-အဆင်းကို သာယာတတ်-ပြတတ်သောကြောင့်စက္ခုမည်၏"ဤသို့ အစရှိသောနည်းဖြင့် ပြခဲ့ပြီး ဖြစ်သည်။ နောက်ဆုံး ဣန္ဒြေသုံးပါးတို့တွင်မူကား ပဌမဣန္ဒြေကို[၁] အရိယာမဂ်၏ ရှေးအဖို့၌ မသိရသေး(၍ အနညာတမည်)သော အမြိုက်နိဗ္ဗာန်ကို တနည်း သစ္စာလေးပါးတရားကို (ဇာနိဿာမိ-ဥ ဿာမီတိ)သိရပေလိမ့်မည်ဟု ဤသို့ရည်ရွယ်၍ ကျင့်သောသူမှာ ဖြစ်သောကြောင့်၎င်း, (ဣန္ဒြိယဌ) အစိုးရခြင်းအနက်၏ ဖြစ်သင့်သောကြောင့်၎င်း "အနညာတညဿာမီတိန္ဒြေ"ဟူ၍[၂] ခေါ်ဆိုအပ်၏။ ဒုတိယဣန္ဒြေသည် (အာဇာနန-

---

မှတ်ချက်

၁–ပဌမဣန္ဒြေကို....အနညာတညဿာမီတိန္ဒြေဟူ၍ ခေါ်ဆိုအပ်၏-ဟု စပ်ပါ။

၂–အနညာတံ-မသိရသေးသည်ကို+ဥ ဿာမီတိ-သိရပေလိမ့်မည်ဟု (ရည်၍ ကျင့်သူမှာဖြစ်သော) +ဣန္ဒြိယ-ဣန္ဒြေ=အနညာတညဿာမီတိန္ဒြိယ-အန-

http://www.dhammadownload.com



အညာ) ပဌမမဂ်ဖြင့်သိပြီးသော အပိုင်းအခြားဖြင့် သိသောကြောင့်၎င်း, ဣန္ဒြိယဋ္ဌ၏ ဖြစ်သင့်သောကြောင့်၎င်း အညိန္ဒြေမည်၏[၁]။ တတိယဣန္ဒြေသည် သစ္စာလေးပါးတို့၌ ပြီးပြီးသောသိခြင်းကိစ္စရှိသည်ဖြစ်၍ (အညာ-တာဝီ) သိပြီးမည်သော ရဟန္တာပုဂ္ဂိုလ်အား ဖြစ်သောကြောင့်၎င်း, ဣန္ဒြိယဋ္ဌ၏ ဖြစ်သင့်သောကြောင့်၎င်း အညာတာဝိန္ဒြေမည်၏[၂]။

ဤ(ဣန္ဒြိယဋ္ဌ)အစိုးရခြင်းအနက်မည်သည် အဘယ်ပါနည်းဟူမူ၊ (ဣန္ဒ) အစိုးရသောအကြောင်းကံကို (လိင်္ဂဋ္ဌ)ပြသောအနက် ဝါ-ပြကြောင်းအနက်သည် ဣန္ဒြိယဋ္ဌမည်၏[၃]၊ (ဣန္ဒ) အစိုးရသောမြတ်စွာဘုရားက (ဒေသိတဋ္ဌ)

---

မှတ်ချက်

ညာတညဿာမိတိန္ဒြေ-မသိရသေးသည်ကို သိရပေလိမ့်မည်ဟု ရည်ရွယ်၍ ကျင့်သူမှာ ဖြစ်သောဣန္ဒြေ။

၁–အာ - သိပြီးအပိုင်းအခြားအားဖြင့် + ဉာ - သိသော + ဣန္ဒြိယ - ဣန္ဒြေ = အညိန္ဒြိယ-အညိန္ဒြေ-သိပြီးအပိုင်းအခြားဖြင့် သိသောဣန္ဒြေ။

၂–အညာတာဝီ-သိပြီးသောသူ၏+ဣန္ဒြိယ-ဣန္ဒြေ = အညာတာဝိန္ဒြိယ-အညာ-တာဝိန္ဒြေ-သိခြင်းကိစ္စပြီးပြီးသော ရဟန္တာ၏ ဣန္ဒြေ။

၃–ဣန္ဒနှင့် ဣန္ဒြသည် အနက်တူပင်။ ဣန္ဒြ-ပိုင်ရှင်ကံကို+ဣယ-ပြတတ်သည် ဝါ-ပြကြောင်း=ဣန္ဒြိယ-ဣန္ဒြေ-ပိုင်ရှင်ကံကိုပြတတ်သော ဝါ-ပြကြောင်းဖြစ်သော ကမ္မဇရုပ်။ ဆိုလိုသည်မှာ ကောင်း မကောင်းသောကမ္မဇရုပ်များကို ထောက်ဆ၍ ကုသိုလ်ကံ အကုသိုလ်ကံကို သိရသည်၊ ထိုသို့သိအောင် ကမ္မဇရုပ်များက ပြတတ်သည်၊ တနည်း ယင်းရုပ်များဖြင့် ပြရသည်-ဟု ဆိုလို၏။ ဤအလိုအားဖြင့် ပိုင်ရှင်ကံကို ပြတတ်သည်၊ တနည်း ပြကြောင်း ဖြစ်သည်ဟူ၍သာ အနက်ရ၏၊ အစိုးရသည်ဟူသောအနက်ကိုကား မရပေ။ ဣန္ဒသိဋ္ဌ-ဟူသောအနက်အလိုအားဖြင့်လည်း ပိုင်ရှင်ကံက ဖြစ်စေသည်ဟူသောအနက်ကိုသာရသည်၊ အစိုးရသည်ဟူသော အနက်ကိုကား မရပေ။

http://www.dhammadownload.com



ဟောအပ်သောအနက်သည် ဣန္ဒြိယဋ္ဌမည်၏[၁]။ (ဣန္ဒ)အစိုးရသောမြတ်စွာ-ဘုရားသည် (ဒိဋ္ဌ) မြင်အပ်သောအနက်သည် ဣန္ဒြိယဋ္ဌမည်၏[၁]၊ (ဣန္ဒ) အစိုးရသောကံက (သိဋ္ဌ) ဖြစ်စေအပ်သောအနက်သည် ဣန္ဒြိယဋ္ဌမည်၏[၂]၊ (ဣန္ဒ) အစိုးရသောမြတ်စွာဘုရားသည် (ဇုဋ္ဌ) မှီဝဲအပ်သောအနက်သည် ဣန္ဒြိယဋ္ဌမည်၏[၁]။ ထိုဣန္ဒဋ္ဌအလုံးစုံကိုလည်း ယှဉ်သင့်သည်အားလျော်စွာ ယှဉ်အပ်၏[၃]။ ချဲ့၍ပြအံ့-ကိုယ်တိုင်မှန်စွာ သိတော်မူပြီးသော မြတ်စွာဘုရားသည် ကိုယ်တော်နှင့် စိတ်တော်ကို အလွန်အကဲအစိုးရခြင်းကြောင့် အစိုးရသူ (ဣန္ဒ)မည်ပေ၏၊ ကုသိုလ်ကံ အကုသိုလ်ကံသည်လည်း (ဣန္ဒ) အစိုးရသော တရားမည်ပေ၏၊ အကြောင်းမှာ ကံတို့၌ မည်သူမျှ အစိုးမရသောကြောင့်ပေတည်း။ ထို့ကြောင့်ပင်လျှင် ဤအရာ၌ ကံကဖြစ်စေအပ်ကုန်သော (ဝါ-ကံကြောင့်ဖြစ်ကုန်သော ) စက္ခု-မျက်စိအစရှိသော ဣန္ဒြေတို့သည် (သူတို့၏အကြောင်းဖြစ်သော) ကုသိုလ်ကံ အကုသိုလ်ကံကို ပြတတ်ကုန်၏၊ ထိုကုသိုလ် အကုသိုလ်ကံကလည်း ဖြစ်စေအပ်ကုန်၏၊ ထို့ကြောင့် (ဣန္ဒ-လိင်္ဂဋ္ဌ) အစိုးရသောကံကို ပြတတ်သော အနက်သဘောကြောင့်၎င်း(ဣန္ဒ-သိဋ္ဌ) အစိုးရသောကံက ဖြစ်စေအပ်သော အနက်သဘောကြောင့်၎င်း ဣန္ဒြိယမည်ကုန်၏[၄]။ ထိုမှတပါး ထိုဣန္ဒြေအားလုံးတို့ကိုလည်း မြတ်စွာ

---

မှတ်ချက်

၁ – ဣန္ဒြ - ရဟန်းတို့၏အရှင်ဘုရား + ဣယ - ဟောအပ် သိအပ် မှီဝဲအပ်သည်= ဣန္ဒြိယ ဣန္ဒြေ-မြတ်စွာဘုရားက ဟောအပ် - သိအပ် - မှီဝဲအပ်သောတရား။ ဤအလိုအားဖြင့်လည်း အစိုးရသည်ဟူသောအနက်ကို မရပေ။

၂ – ဤ၌ ပြသင့်သော အဓိပ္ပါယ်သည် နှာ-၃၆၅၊ မှတ်ချက် ၃-၌ ပါဝင်လေပြီ။

၃ – ဣန္ဒ-ဣန္ဒြအရ ကံကိုယူရာ၌ ဣန္ဒြိယဖြင့် ကမ္မဖလဖြစ်သော ဣန္ဒြေတို့ကိုသာ ယှဉ်စေရာ၏။ ဣန္ဒ-ဣန္ဒြအရ ဘုရားကိုယူရာ၌ ဣန္ဒြေ ၂၂-ပါးလုံးကို ယှဉ်စေရာ၏၊ ဤသို့ ယှဉ်သင့်သလို ယှဉ်စေရန် ညွှန်ပြသည်။

၄ – ဤအဖွင့်အလိုအားဖြင့် ကမ္မဇမဟုတ်သော အခြားဣန္ဒြေများသည် ဣန္ဒြေ

http://www.dhammadownload.com



ဘုရားသည် ဟုတ်တိုင်းမှတ်စွာ ပြတော်မူအပ်ကုန်၏ ထိုးထွင်း၍လည်း သိတော်မူအပ်ကုန်၏၊ ထို့ကြောင့် (ဣန္ဒဒေသိတဋ္ဌ) အစိုးရသော မြတ်စွာဘုရားက ပြအပ်သော အနက်သဘောကြောင့်ရင်း, (ဣန္ဒဒိဋ္ဌဋ္ဌ) မြတ်စွာဘုရားသိမြင်အပ်သော အနက်သဘောကြောင့်ရင်း ဣန္ဒြိယမည်ကုန်၏[၁]။ ရဟန်းတို့၏ အရှင်ဖြစ်တော်မူသော ထိုမြတ်စွာဘုရားသည်ပင်လျှင် အချို့ဣန္ဒြေတို့ကို အာရုံပြုလျက် မှီဝဲခြင်းဖြင့်, အချို့ဣန္ဒြေတို့ကို ပွါးစေလျက် မှီဝဲခြင်းဖြင့် မှီဝဲတော်မူအပ်ကုန်၏၊ ထို့ကြောင့် (ဣန္ဒဇုဋ္ဌဋ္ဌ) အစိုးရသော မြတ်စွာဘုရား မှီဝဲအပ်သော အနက်သဘောကြောင့်လည်း ဣန္ဒြိယမည်ကုန်၏[၁]။

---

မှတ်ချက်

မမည်ရာသောကြောင့်ရင်း၊ အနိန္ဒြိယကမ္မဇရုပ်တို့လည်း ဣန္ဒြေမည်သင့်ရာသောကြောင့်ရင်း သံသယဖြစ်ဖွယ်ရှိ၏။

၁ – ဤအဖွင့်များအလိုအားဖြင့် ဘုရားပွင့်တော်မူပြီးမှ ဣန္ဒြိယဟူသော ဝေါဟာရဖြစ်ပေါ်လာသကဲ့သို့ ရှိ၏။ သို့သော်လည်း ဣန္ဒြိယဟူသော ဝေါဟာရကို ဘုရားမပွင့်မီကပင် ပြောဆိုသုံးစွဲလျက်ရှိ၏။ ဒီဃနိကာယ် သာမညဖလသုတ်၌ ဘုရားမပွင့်မီက ပေါ်နေကြသော ဂိုဏ်းဆရာကြီး ၆-ယောက်တို့တွင် အဇိတ-ကေသကမ္ဗလ၏ဝါဒ၌ လူသေသောအခါ အသိနှင့်ဆိုင်သော ဣန္ဒြေများ ပျောက်သွားကြောင်းကို "ဣန္ဒြိယာနိ အာကာသံ သင်္ကမန္တိ–မျက်စိနား စသော ဣန္ဒြေတို့သည် အာကာသထဲသို့ ပြောင်းကုန်၏။"ဟု ပြဆိုထား၏။ ထို့ပြင် ဟိန္ဒူဝါဒ ဗြာဟ္မဏဝါဒတို့၌ မျက်စိ နား နှာ လျှာ ကိုယ် (တစ)တို့ကို ဗုဒ္ဓိန္ဒြေ(အသိဣန္ဒြေ) ငါးပါးဟူ၍ရင်း၊ နှုတ် လက် ခြေ ဝစ္စမဂ် ပဿာဝမဂ်တို့ကို ကမ္မိန္ဒြေ (အလုပ်ဣန္ဒြေ) ငါးပါး ဟူ၍ရင်း၊ မနဟူသော ဥဘယိန္ဒြေ (အသိ အလုပ် ၂-ပါးလုံး ဣန္ဒြေ) ၁-ပါး ဟူ၍ရင်း ၁၁-ပါးသော ဣန္ဒြေတို့ကို ပြောဆိုသုံးစွဲကြ၏။ ထို့ကြောင့် ဣန္ဒြိယ ဟူသော အမည်သည် ဘုရားမပွင့်မီကပင် ဣန္ဒြိယ၌ သုံးစွဲနေသော အမည်ဖြစ်ကြောင်း ထင်ရှား၏။

http://www.dhammadownload.com



[၁၂၃] (အသင့်ယုတ္တိ အပြည့်အဝရှိသည့်) တနည်းသော်ကား ¹ (အာဓိပစ္စ-အဓိပတိဘာဝ)အကြီးအမှူးအဖြစ်ဟု ဆိုအပ်သော (ဣဿရိယဋ္ဌ)အစိုးရခြင်း အနက်သဘောကြောင့် ယင်းစက္ခုစသည်တို့သည် ဣန္ဒြိယဣန္ဒြေ မည်ကုန်၏။ မှန်ပေ၏ - မြင်သိမှု - စက္ခုဝိညာဏ်စသည်တို့ဖြစ်ရာ၌ (စက္ခု)မျက်စိစသည်တို့၏ ကြီးမှူးအုပ်စိုးခြင်းသည် ထင်ရှားပေ၏၊ အဘယ့်ကြောင့်ဆိုသော်—ထိုစက္ခု-မျက်စိစသည်တို့ ထက်မြက်အားကောင်းလျှင် မြင်မှုစသည်တို့ ထက်မြက်အားကောင်းခြင်းကြောင့်ရင်း, (ၚင်းတို့)နုံ့ညံ့အားနည်းလျှင် မြင်မှုစသည်တို့ နုံ့ညံ့အားနည်းခြင်းကြောင့်ရင်း ဖြစ်ပေသည်။ ယခုဆိုခဲ့သောစကားသည် ဤဣန္ဒြေတို့၌ ရှေးဦးစွာ သဒ္ဒါနက်အားဖြင့် အဆုံးအဖြတ် ပေတည်း။

---

မှတ်ချက်

ထိုအမျှားသိ အမည်ဖြင့်ပင် (သမညံ နာတိဓာဝေယျ) ဟူသည်နှင့်အညီ မြတ်စွာဘုရားက ဣန္ဒြေမည်ထိုက်သော (၂၂)ပါးသော တရားတို့ကို အပြည့်အစုံ ထုတ်ဖော်၍ ဟောကြားတော်မူခဲ့သည်ဟူ၍ မှတ်သိအပ်ပေသည်။ထို့ပြင် ဤအရာ၌ ဣန္ဒမည်သောကံ ဣန္ဒမည်သော ဘုရားနှင့်စပ်၍ ဣန္ဒြိယမည်ပုံကို ပြဆိုခြင်းမှာ သဒ္ဒါနည်းအားဖြင့် ဖြစ်သင့်သောကြောင့် သုတပွါးစေရန် အတွက်သာ ပြဆိုခြင်း ဖြစ်သည်ဟူ၍လည်း မှတ်ယူရာ၏။ ထို့ကြောင့်ပင် ဣန္ဒြိယ သဒ္ဒါ၏ လိုရင်းအနက်ကို ပြရန် အပိစ-စသည်ဖြင့် အသင့်လျော်ဆုံး အနက်ကိုလည်း ပြဆိုတော်မူခဲ့ပေသည်။

၁ – အပိစ-၏ အနက်ဖြစ်သည်။ ဤနည်းအရ အနက်သည်ကား သံသယဖြစ်ဖွယ်မရှိ ခိုင်လုံ၏၊ နောက်၌ ပြမည့်ကိစ္စ ဝေဘန်ချက်နှင့်လည်း ကိုက်ညီ၏၊ ဣန္ဒြိယပစ္စည်း ဒေသနာနှင့်လည်း လျော်၏။ ထို့ကြောင့် (အသင့်ယုတ္တိအပြည့်အဝ ရှိသည်) ဟူသော ဝိသေသနကိုပါ ဖြည့်စွက်၍ ပြန်လိုက်သည်။ ဤ အနက် အဖွင့်အရအားဖြင့် ဣန္ဒ, ဣန္ဒြ, ဣန္ဒြိယ ဟူသော သဒ္ဒါ သုံးခုလုံးကိုပင် အနက်အရ တူသည်ဟု မှတ်ယူရာ၏။

http://www.dhammadownload.com



**လက္ခဏာစသည်တို့ဖြင့်** ဟူရာ၌ လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်တို့ဖြင့်လည်း စက္ခုစသည်တို့၏ အဆုံးအဖြတ်ကို သိရာ၏-ဤကား အနက်။ သို့သော်လည်း ယင်းစက္ခုစသည်တို့၏ ထိုလက္ခဏာစသည်တို့ကို ခန္ဓနိဒ္ဒေသ၌ ဆိုခဲ့ပြီသာ ဖြစ်သည်။ မှန်၏-ပညိန္ဒြေအစရှိသော လေးပါးသော ဣန္ဒြေတို့သည် အမောဟပင် ဖြစ်သည်။ ကြွင်းသော ဣန္ဒြေတရားကိုယ်တို့သည် ထိုခန္ဓနိဒ္ဒေသ၌ သရုပ်အားဖြင့်ပင် လာကုန်၏။

၅၂၆။ **အစဉ်အားဖြင့်** ဟူရာ၌ ဤအစဉ်သည်လည်း ဒေသနာအစဉ်သာ ဖြစ်သည်။ ထိုဣန္ဒြေ ၂၂-ပါးတို့တွင် အဇ္ဈတ္တတရားတို့ကို ပိုင်းခြား၍သိခြင်းဖြင့် အရိယာဘုံ အရိယာဖိုလ်ကို ရခြင်းဖြစ်သည်၊ ထို့ကြောင့် အတ္တဘော၌ အတွင်းဝင်ကုန်သော စက္ခုန္ဒြေစသည်တို့ကို ရှေးဦးစွာ ဟောတော်မူပေသည်။ ထိုအတ္တဘောသည် အကြင်တရားကို စွဲမှီ၍ အမဟူ၍ရင်း, အဖိုဟူ၍ရင်း ခေါ်ဆိုရေတွက်ခြင်းသို့ ရောက်၏၊ အမ-အဖိုဖြစ်ကြောင်း ထိုတရားကား ဤရုပ်ပင်ဟု ပြခြင်းငှါ ထို့နောင် ဣတ္ထိန္ဒြေ ပုရိသိန္ဒြေတို့ကို ဟောတော်မူပေသည်။ ထိုဣန္ဒြေ ၂-ပါးသည်လည်း ဇီဝိတိန္ဒြေနှင့် စပ်၍ ဖြစ်ရသည်ဟု သိစေခြင်းငှါ ထို့နောင် ဇီဝိတိန္ဒြေကို ဟောတော်မူသည်။ ယင်းဇီဝိတိန္ဒြေ မပြတ်ဖြစ်နေသမျှကာလပတ်လုံး ဤခံစားမှုဝေဒနာတို့၏ ဆုတ်နစ်ရပ်စဲခြင်းမည်သည် မရှိ၊ ယင်းခံစားမှုဝေဒနာအားလုံးသည်လည်း ဆင်းရဲချည်းသာဟု သိစေခြင်းငှါ ထို့နောင် သုခိန္ဒြေစသည်တို့ကို ဟောတော်မူသည်။ ထိုခံစားမှုဝေဒနာချုပ်ရန်အတွက် ဤတရားတို့ကို ဖြစ်ပွါးစေအပ်သည်ဟု အကျင့်ပဋိပတ်ကို ပြခြင်းငှါ ထို့နောင် သဒ္ဓါအစရှိသော ဣန္ဒြေတို့ကို ဟောတော်မူသည်။ သဒ္ဓါစသည်ကို ပွါးစေသော ဤအကျင့်ဖြင့် မိမိ၌ ရှေးဦးစွာ ဤတရားဖြစ်ပေါ်သည်ဟု အကျင့်ပဋိပတ်၏ အချည်းနှီးမဟုတ်ကြောင်းကို ပြခြင်းငှါ ထို့နောင် အနညာတညဿာမီတိန္ဒြေကို ဟောတော်မူသည်။ ယင်းဣန္ဒြေ၏ပင် အကျိုးဖြစ်သောကြောင့်ရင်း, ယင်းမှနောက်

http://www.dhammadownload.com



အခြားမဲ့၌ ပွါးစေအပ်သောကြောင့်ငင်း ထို့နောင် အညိန္ဒြေကို ဟောတော်မူသည်။ ထိုမှနောက်၌ ပွါးစေမှု-ဘာဝနာဖြင့် ဤဣန္ဒြေကို ရသည်၊ ၎င်းကို ရလျှင်လည်း ထိုထက်အလွန် ပြုဖွယ်ကိစ္စ တစုံတခုမျှ မရှိတော့ပြီဟု သိစေခြင်းငှါ အမြတ်ဆုံး သက်သာရာဖြစ်သော အညာတာဝိန္ဒြေကို အဆုံး၌ ဟောတော်မူသည်။ ဤသည်ကား ဤဣန္ဒြေတို့၌ အစဉ်ပေတည်း။

**ကွဲပြားခြင်း ရှိမရှိအားဖြင့်** ဟူသော ဤအရာ၌ ဇီဝိတိန္ဒြေ၏သာလျှင် ကွဲပြားခြင်းရှိသည်၊ ၎င်းသည် ရုပ်ဇီဝိတိန္ဒြေ နာမ်ဇီဝိတိန္ဒြေဟု ၂-ပါးအပြား ရှိ၏။ ကြွင်းသော ဣန္ဒြေတို့မှာ အကွဲအပြားမရှိ တပါးစီသာ ဖြစ်သည်။ ဤသို့လျှင် ဤဣန္ဒြေတို့၌ ကွဲပြားခြင်း ရှိမရှိအားဖြင့် အဆုံးအဖြတ်ကို သိရာ၏။

၅၂၇။ **ကိစ္စအားဖြင့်**ဟူရာ၌ ဣန္ဒြေတို့၏ ကိစ္စကား အဘယ်နည်းဟူမူ— "စက္ခာယတနသည် စက္ခုဝိညာဏဓာတ်အားငင်း, ယင်းနှင့်ယှဉ်သော စေတသိက်တရားတို့အားငင်း ဣန္ဒြိယပစ္စည်းဖြင့် ကျေးဇူးပြု၏"ဟု ဟောတော်မူသောကြောင့် ဣန္ဒြိယပစ္စည်းအဖြစ်ဖြင့် ပြီးစေအပ်သော[၁] မိမိ၏ ထက်ခြင်း နုံ့ခြင်းစသည်ဖြင့်[၂] စက္ခုဝိညာဏ်အစရှိသော တရားတို့ကို[၃] ထက်သည် နုံ့သည်စသည်ဆိုအပ်သော[၄] မိမိ၏အခြင်းအရာသို့ အစဉ်လိုက်စေခြင်းသည် ရှေးဦးစွာ စက္ခုန္ဒြေ၏ ကိစ္စပေတည်း။ သောတ ဃာန ဇိဝှါ ကာယဣန္ဒြေတို့၏ ကိစ္စသည် ထို့အတူပင်တည်း။ [၁၂၄] ထိုမှတပါး အတူ

---

မှတ်ချက်

၁—ပြီးစေအပ်သော....မိမိ၏ ...အခြင်းအရာသို့-ဟု စပ်ပါ။

၂—စသည်ဖြင့်....အစဉ်လိုက်စေခြင်း-ဟု စပ်ပါ။

၃—တရားတို့ကို....အစဉ်လိုက်စေခြင်း-ဟူ၍ပင် စပ်ပါ။

၄—စသည် ဆိုအပ်သော....အခြင်းအရာ-ဟု စပ်ပါ။

http://www.dhammadownload.com



ဖြစ်ဖက်တရားတို့ကို မိမိအလိုသို့ လိုက်စေခြင်းသည် မနိန္ဒြေ၏ကိစ္စပေတည်း။ အတူဖြစ်ဖက်တရားတို့ကို စောင့်ရှောက်ခြင်းသည် ဇီဝိတိန္ဒြေ၏ ကိစ္စပေတည်း။ အမ-အဖိုတို့၏ လိင်-သဏ္ဌာန်, သိကြောင်းနိမိတ်, အပြုအမူ, အသွင်အပြင် အခြင်းအရာတို့ကို ဖြစ်စေခြင်းသည် ဣတ္ထိန္ဒြေ ပုရိသိန္ဒြေတို့၏ ကိစ္စပေတည်း။ အတူဖြစ်ဖက်တရားတို့ကို လွှမ်းမိုး၍ မိမိ မိမိနှင့်ဆိုင်သော ရှုန့်ရင်းသောအခြင်းအရာသို့ ရောက်စေခြင်းသည် သုခ ဒုက္ခ သောမနဿ ဒေါမနဿဣန္ဒြေတို့၏ ကိစ္စပေတည်း။ ငြိမ်သက်ကောင်းမြတ်သော အလယ်အလတ်သဘော အခြင်းအရာသို့ ရောက်စေခြင်းသည် ဥပေက္ခိန္ဒြေ၏ ကိစ္စပေတည်း။ ဆန့်ကျင်ဖက်တို့ကို လွှမ်းမိုးခြင်းသည်ရင်း, ယှဉ်ဖက်တရားတို့ကို ကြည်လင်သောအခြင်းအရာစသည်နှင့် ပြည့်စုံခြင်းသို့ ရောက်စေခြင်းသည် ရင်း (ဝါ-ကြည်လင်သောအခြင်းအရာစသည်နှင့် ပြည့်စုံစေခြင်းသည်ရင်း) သဒ္ဓိန္ဒြေစသည်တို့၏ ကိစ္စပေတည်း။ သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတပရာမာသဟူသော သံယောဇဉ်သုံးပါးကို ပယ်ခြင်းသည်ရင်း, ယင်းသံယောဇဉ်တို့ကိုပယ်ရန် ယှဉ်ဖက်တရားတို့အား ရှေးရှုဖြစ်အောင် ပြုခြင်းသည်ရင်း အနညာတညဿာမီတိန္ဒြေ၏ ကိစ္စပေတည်း။ ကာမရာဂ ဗျာပါဒစသည်တို့ကို ခေါင်းပါးစေခြင်း ပယ်ခြင်းသည်ရင်း[၁], အတူဖြစ်ဖက်တို့ကို မိမိအလိုသို့ လိုက်စေခြင်းသည်ရင်း အညိန္ဒြေ၏ ကိစ္စပေတည်း။ ကိစ္စအားလုံးတို့၌ ကြောင့်ကြစိုက်မှုကို ပယ်ခြင်းသည်ရင်း ယှဉ်ဖက်တရားတို့၏ အမြိုက်နိဗ္ဗာန်သို့ ရှေးရှုဖြစ်ခြင်း၏ အကြောင်းအဖြစ်သည်ရင်း အညာတာဝိန္ဒြေ၏ ကိစ္စ

---

မှတ်ချက်

၁ – သကဒါဂါမိမဂ် အညိန္ဒြေ၏ ကာမရာဂ ဗျာပါဒတို့ကို ခေါင်းပါးစေခြင်း၊ အနာဂါမိမဂ် အညိန္ဒြေ၏ ၎င်းတို့ကို အကြွင်းမဲ့ ပယ်ခြင်း၊ အရဟတ္တမဂ် အညိန္ဒြေ၏ 'စသည်'အရ ကျန် သံယောဇဉ်တို့ကို ပယ်ခြင်း-ဟု သုံးပိုင်းခွဲ၍ ယူရာ၏။

http://www.dhammadownload.com



ပေတည်း။ ဤသို့လျှင် ဤဣန္ဒြေတို့၌ ကိစ္စအားဖြင့် အဆုံးအဖြတ်ကို သိရာ၏။

၅၂၈။ ဘုံအားဖြင့် ဟူရာ၌ ဤဣန္ဒြေ ၂၂-ပါးတို့တွင် စက္ခု သောတ ဃာန ဇိဝှါ ကာယ ဣတ္ထိ ပုရိသ သုခ ဒုက္ခ ဒေါမနဿဟူသော ဣန္ဒြေတို့သည် ကာမာဝစရတို့သာတည်း။ မနိန္ဒြေ ဇီဝိတိန္ဒြေ ဥပေက္ခိန္ဒြေတို့သည်၎င်း, သဒ္ဓါ ဝီရိယ သတိ သမာဓိ ပညာ-ဣန္ဒြေတို့သည်၎င်း ဘုံလေးပါးတို့၌ အတွင်းဝင်ကုန်၏။ သောမနဿိန္ဒြေသည် ကာမ ရူပ လောကုတ္တရာတို့၏ အစွမ်းအားဖြင့် ဘုံသုံးပါးအပေါင်း၌ အတွင်းဝင်၏။ အဆုံး၌ သုံးပါးသော ဣန္ဒြေတို့သည် လောကုတ္တရာတို့သာ ဖြစ်သည်။ ဤသို့လျှင် ဤဣန္ဒြေတို့၌ ဘုံအားဖြင့်လည်း အဆုံးအဖြတ်ကို သိရာ၏။ အကျိုးကား ဤသို့သိသော ရဟန်းသည်—

> ထိတ်လန့်မှု သံဝေဂအဖြစ်များသည်ဖြစ်၍ ဣန္ဒြေတို့ကို စောင့်စည်းခြင်း-ဣန္ဒြိယသံဝရ၌ တည်လျက် ဣန္ဒြေတို့ကို ပိုင်းခြားသိ၍ ဆင်းရဲ၏အဆုံး အရဟတ္တဖိုလ်ကို ပြုနိုင်ပေလတ့် (ဝါ-ဆင်းရဲ၏ ဆုံးရာ ကုန်ရာဖြစ်သော နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပေလတ့်)။ ဤကား အကျိုးပြစကားပေတည်း။

ဤဆိုခဲ့သောစကားသည် ဣန္ဒြေတို့ကို အကျယ်ပြဆိုချက် စကားအမြွက်ပေတည်း။

## သစ္စာတို့ကို အကျယ်ပြဆိုချက်

၅၂၉။ ထိုဣန္ဒြေတို့၏ အခြားမဲ့၌ ပြထားသော သစ္စာတို့ဟူသည်မှာ ဒုက္ခအရိယသစ္စာ, ဒုက္ခသမုဒယ အရိယသစ္စာ, ဒုက္ခနိရောဓ အရိယသစ္စာ, ဒုက္ခနိရောဓသို့ဆိုက်ရောက်သည့် အကျင့်ပဋိပဒါဟူသော မဂ္ဂအရိယသစ္စာ ဟူ၍ လေးပါးသော အရိယသစ္စာတို့ပေတည်း။ ထိုသစ္စာတို့၌——

[၁၂၅] ဝေဘန်သောအားဖြင့်၎င်း, သဒ္ဒါနက် လက္ခဏာအစ ရှိသော အပြားအားဖြင့်၎င်း, အတ္ထနှင့်အနက်တို့ကို ထုတ်ပြသော အားဖြင့်၎င်း, မယုတ်မလွန်သောအားဖြင့်၎င်း, အစဉ်အားဖြင့် ၎င်း, ဇာတိစသည်တို့ကို ဆုံးဖြတ်သောအားဖြင့်၎င်း, ဉာဏ်၏ကိစ္စ အားဖြင့်၎င်း, အတွင်းဝင်သော တရားတို့၏ အပြားအားဖြင့်၎င်း, ဥပမာအားဖြင့်၎င်း, လေးချက်စုစတုက္ကအားဖြင့်၎င်း, သုညအား ဖြင့်၎င်း, ဧကဝိဓစသော အပြားတို့ဖြင့်၎င်း, တူသောအဖို့ရှိခြင်း ကွဲပြားသောအဖို့ ရှိခြင်းအားဖြင့်၎င်း အဆုံးအဖြတ်ကို သာသနာ တော်၏သက်ရောက်ရာ သစ္စဒေသနာ၌[၁] ကျွမ်းကျင်သော ပညာရှိ သည်[၁] သိအပ်၏။

ထိုတွင် **ဝေဘန်သောအားဖြင့်** ဟူရာ၌ ဒုက္ခစသည်တို့၏ လေးပါး လေးပါးစီ ဝေဘန်ထားသည့် အနက်သဘောတို့သည် (ထိုဝေဘန်သည့် အတိုင်းပင်) မှန်ကုန်၏ မချွတ်ယွင်းကုန် အခြားအခြင်းအရာ မရှိကုန်[၂]၊

မှတ်ချက်

၁–ဝိညုနာ သာသနက္ကမေ-ဟူသော ၂-ပုဒ်တို့၏ အနက် ဖြစ်သည်။ သာသနက္က- မေ-ပုဒ်ကို တတ္ထ နှင့် အရတူ ပေါင်း၍လည်း အနက် ပြန်ကြ၏။ သို့သော် ထိုနှစ်ပုဒ်တို့ အလှမ်းဝေးသောကြောင့်၎င်း, အာယတနကထာ စသည်တို့၌ တတ္ထအစွဲနှင့် ညီစေသင့်သောကြောင့်၎င်း ဤ၌ အထက်ပါအတိုင်း ပြန် သည်။ သစ္စဒေသနာ၌ ကျွမ်းကျင်သော ပညာရှိဟူသည်ကို ဤ အဖွင့်၌ ပြထားသည့်အတိုင်း လေ့လာ၍ ကျွမ်းကျင်မည့်ပညာရှိကို ယူရာ၏။

၂–အနညထာ ဟူသည်ကား အခြား အခြင်းအရာမှ ကင်းကုန်၏ မနိပ်စက် တတ်ခြင်း အစရှိသော အခြင်းအရာမှ ဆိတ်ကုန်၏။ (ဋီကာ)

http://www.dhammadownload.com



ယင်းလေးပါးစီသော အနက်သဘောတို့ကို[၁] ဒုက္ခစသည်တို့ကို သိသူတို့သည် ထူးသောဉာဏ်ဖြင့် သိအပ်ကုန်၏။ ဤအဆိုနှင့်အညီဟောတော်မူသည်မှာ—

"ဒုက္ခသစ္စာ၏ (ပီဠနဋ္ဌ)နှိပ်စက်ခြင်းသဘော[၂]၊ (သင်္ခတဋ္ဌ) ပေါင်းစု၍ပြုအပ်သော သဘော၊ (သန္တာပဋ္ဌ) ပူလောင်စေခြင်း သဘော[၃]၊ (ဝိပရိဏာမဋ္ဌ)ဖောက်ပြန်ခြင်းသဘော[၄]၊ ဒုက္ခသစ္စာ၏

---

မှတ်ချက်

၁—အနက်သဘောတို့ကို....သိအပ်ကုန်၏-ဟု စပ်ပါ။

၂—ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ အဖြစ်ဖြင့်ရင်း, ထိုဆင်းရဲနှစ်မျိုး၏အကြောင်း အဖြစ်ဖြင့်ရင်း တည်ခြင်းသည် ပီဠနဋ္ဌ-နှိပ်စက်ခြင်း သဘော မည်၏။ (ဋီကာ) အဖြစ်အပျက်တို့ဖြင့် နှိပ်စက်ခြင်းကိုလည်း ပီဠနဋ္ဌ-၌ အတွင်းဝင်သည်ဟု ယူသင့်၏။

၃—ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ အဖြစ်တို့ဖြင့်ရင်း, ထိုဆင်းရဲ၏ အကြောင်း အဖြစ်ဖြင့်ရင်း ပူလောင်စေခြင်းသည် သန္တာပဋ္ဌမည်၏၊ တနည်း ကိလေသာ အပူတို့နှင့် ယှဉ်စေခြင်းသည် သန္တာပဋ္ဌမည်၏။ (ဋီကာ)

၄—ဤအနက်သဘော ၄-ပါးတို့တွင် ပီဠနဋ္ဌသည် ဒုက္ခသစ္စာ၏ သူ့သဘောရင်း ဖြင့်ပင် ထင်ရှားသော အခြင်းအရာပေတည်း၊ ကျန်သုံးပါးသည် သမုဒယ မဂ္ဂ နိရောဓတို့ကို မြင်ခြင်းတို့ဖြင့် အစဉ်အတိုင်း ထင်ရှားသော အခြင်း အရာတို့ပေတည်း။(ဋီကာ) ဒုက္ခကို ရှုဆင်ခြင်ခိုက်၌ ပီဠနဋ္ဌ ထင်ပေါ်၏၊သမု ဒယကို မြင်သောအခါ ၎င်းနှင့်စပ်၍ ဆင်ခြင်ကြည့်လျှင် သင်္ခတဋ္ဌ ထင်ရှား ၏၊ အဘယ့်ကြောင့်နည်း- ပဋိသန္ဓေမှစ၍ တဏှာသမုဒယကြောင့် ဖြစ် သော တရားများဖြစ်သောကြောင့်ပင်။ မဂ္ဂ၏ ကိလေသာ အပူငြိမ်းစေပုံ ကို မြင်သောအခါ ဒုက္ခ၏ သန္တာပဋ္ဌ ထင်ရှား၏၊ နိရောဓ၏ မပျက်ခြင်းကို မြင်သောအခါ ဒုက္ခ၏ ဖောက်ပြန်ပျက်စီးခြင်း ဝိပရိဏာမဋ္ဌ ထင်ရှား၏-ဟု ဆိုလို၏။

http://www.dhammadownload.com



ဤလေးပါးသော ဒုက္ခအနက်သဘောတို့သည် မှန်ကုန်၏ မချွတ်ယွင်းကုန် အခြားအခြင်းအရာမရှိကုန်။ သမုဒယသစ္စာ၏ (အာယူဟနဋ္ဌ)အားထုတ်ခြင်းသဘော[၁]၊ (နိဒါနဋ္ဌ) ဆင်းရဲ၏အကြောင်းသဘော၊ (သံယောဂဋ္ဌ) ဆင်းရဲနှင့်ယှဉ်စေခြင်းသဘော၊ (ပလိဗောဓဋ္ဌ) နှောင့်ယှက်တားမြစ်ခြင်းသဘော[၂]၊ နိရောဓသစ္စာ၏ (နိဿရဏဋ္ဌ)ထွက်မြောက်ခြင်းသဘော၊ (ဝိဝေကဋ္ဌ) သင်္ခါရတို့မှ ကင်းဆိတ်ခြင်းသဘော၊ (အသင်္ခတဋ္ဌ) မပြုအပ်သောသဘော၊ (အမတဋ္ဌ) မသေမပျက်ခြင်းသဘော[၃]၊ မဂ္ဂသစ္စာ၏ (နိယျာနဋ္ဌ) ထွက်မြောက်ကြောင်း သဘော၊ (ဟေတုဋ္ဌ)နိဗ္ဗာန်ရောက်ကြောင်း

မှတ်ချက်

၁-ထိုထိုအာရုံ ထိုထိုဘဝ၌ နှစ်သက်ပျော်မွေ့သည်၏ အစွမ်းအားဖြင့် (အာ+ဦဟန်) ပြန့်နှံ့၍ ကြံခြင်းသည် (ရာဂိကရဏ်) ဆင်းရဲအစုကို ပြုခြင်းသည် ဒုက္ခကို ဖြစ်စေခြင်းသည် အာယူဟနမည်၏၊ (ဆင်းရဲကို နှစ်သက်ခြင်းကိုပင် ယင်းကို ပေါင်းစု ယူသကဲ့သို့ ဖြစ်သောကြောင့် ဤသို့ ဆိုပေသည်၊ ဆင်းရဲဖြစ်အောင် နှစ်သက်ခြင်း-အားထုတ်ခြင်းပင်ဖြစ်သည်)။ တနည်း သမုဒယမှ လာသောကြောင့် အာယမည်သော ဒုက္ခကို (ဦဟန် ပဝတ္တနံ) ဖြစ်စေခြင်းသည် အာယူဟနမည်၏။ ဤအာယူဟနသည် သူ့ပင်ကိုသဘောဖြင့်ပင် ထင်ရှားသော အခြင်းအရာပေတည်း။ (ဋီကာ)

၂-မဂ်ရခြင်းကို တားမြစ်ခြင်းသည် ဝါ-မဂ်မရအောင် တားမြစ်ခြင်းသည် ပလိဗောဓဋ္ဌပေတည်း။ ဤနိဒါနဋ္ဌ သံယောဂဋ္ဌ ပလိဗောဓဋ္ဌတို့သည် ဒုက္ခ နိရောဓ မဂ္ဂတို့ကို မြင်ခြင်းတို့ဖြင့် ထင်ရှားသော အခြင်းအရာတို့ ပေတည်း။ (ဋီကာ) (အဆို ၂-ရပ် ပေါင်း ပြလိုက်သည်)

၃-နိဿရဏဋ္ဌသည် နိရောဓ၏ ပင်ကိုသဘောဖြင့် ထင်ရှားသော အခြင်းအရာဖြစ်သည်။ ဝိဝေက အသင်္ခတ အမတဋ္ဌတို့သည် သမုဒယ မဂ္ဂ ဒုက္ခကို မြင်ခြင်းဖြင့် ထင်ရှားသော အခြင်းအရာတို့ပေတည်း။ (ဋီကာ)

http://www.dhammadownload.com



သဘော၊ (ဒဿနဋ္ဌ) နိဗ္ဗာန်ကို မျက်မှောက်မြင်ခြင်း သဘော၊ (အာဓိပတေယျဋ္ဌ) အကြီးအမှူးဖြစ်ခြင်းသဘော[၁]၊ မဂ္ဂသစ္စာ၏ ဤလေးပါးသော မဂ္ဂအနက်သဘောတို့သည် မှန်ကုန်၏ မချွတ်ယွင်းကုန် အခြား အခြင်းအရာ မရှိကုန်" ဟူ၍ပင်တည်း။ ထို့ပြင် "ဒုက္ခသစ္စာ၏ ပီဠနဋ္ဌ သင်္ခတဋ္ဌ သန္တာပဋ္ဌ ဝိပရိဏာမဋ္ဌ (အဘိသမယဋ္ဌ) ထူးသောဉာဏ်ဖြင့် သိအပ်သော သဘော"– ဤသို့ စသည်လည်း ရှိသေး၏[၂]။

---

မှတ်ချက်

၁–နိယျာနဋ္ဌသည် မဂ္ဂ၏ သူ့ပင်ကိုသဘောဖြင့် ထင်ရှားသော အခြင်းအရာဖြစ်သည်။ ဟေတု ဒဿန အာဓိပတေယျဋ္ဌတို့သည် သမုဒယ နိရောဓ ဒုက္ခတို့ကို မြင်ခြင်းတို့ဖြင့် ထင်ရှားသော အခြင်းအရာတို့ပေတည်း။ (ဋီကာ)ဤ ၁၆-ပါးသော အနက်သဘောတို့ ထင်ရှားပုံနှင့် စပ်၍ အဘိဓမ္မတ္ထ သင်္ဂဟကျမ်း၏ အဖွင့် သင်္ခေပဝဏ္ဏနာဋီကာ၌ အောက်ပါဂါထာကို ပြဆိုထားသည်။

ပဌမံ သကလက္ခဏမေကပဒံ၊ ဒုတိယာဒိပဒ'ဿ နိဒဿနတော။
သမနီ ဒုနိမာ သမဒူ သနိဒူ၊ ဝိဘဇေ ကမတော ပဌမေန ဝိနာ။

ပဌမံ ဧကပဒံ-ပီဠနဋ္ဌစသော ပဌမတပုဒ် တပုဒ်သည်၊ အဿ-ထိုသစ္စာ လေးပါး၏၊ သကလက္ခဏံ-အသီး အသီးသော သူ့ လက္ခဏာပြပုဒ် ပေတည်း။ ပဌမေန ဝိနာ-ပဌမ ပုဒ်ကို ကြဉ်၍၊ ဒုတိယာဒိပဒံ–ဒုတိယပုဒ် သင်္ခတဋ္ဌ စသော သုံးပုဒ် သုံးပုဒ်ကို၊ ကမတော-အစဉ်အတိုင်း၊ သမနီ-သမုဒယ မဂ္ဂ နိရောဓ တို့ကိုဎင်း၊ ဒုနိမာ-ဒုက္ခ နိရောဓ မဂ္ဂတို့ကိုဎင်း၊ သမဒူ-သမုဒယ မဂ္ဂ ဒုက္ခတို့ကိုဎင်း၊ သနိဒူ-သမုဒယ နိရောဓ ဒုက္ခတို့ကိုဎင်း၊ နိဒဿနတော-မြင်ခြင်းအားဖြင့်၊ ဝိဘဇေ-ဝေဘန်၍ သိရ၏။

၂–အဘိသမယဋ္ဌ အရသည် ပီဠနဋ္ဌစသော ရှေ့အနက် သဘောလေးပါးပင် ဖြစ်သည်။

http://www.dhammadownload.com



ဤသို့ ပြဆိုခဲ့သည့်အတိုင်း လေးပါး လေးပါးစီ ဝေဘန်ပြထားသည့် အနက်သဘောတို့၏အစွမ်းအားဖြင့် ဒုက္ခသစ္စာ စသည်တို့ကို သိအပ်ကုန်၏။ ဤသည်ကား ဤသစ္စာတို့၌ ရှေးဦးစွာဝေဘန်သောအားဖြင့် အဆုံးအဖြတ် ပေတည်း။

၅၃၀။ **သဒ္ဒါနက် လက္ခဏာအစရှိသော အပြားအားဖြင့်** ဟူသော ဤစကား၌ ရှေးဦးစွာ သဒ္ဒါနက်အားဖြင့် ဤဒုက္ခဟူသောပုဒ်၌ ဒု-ဟူသော ဤသဒ္ဒါသည် စက်ဆုပ်ဖွယ်၌ ထင်၏၊ စက်ဆုပ်ဖွယ်သားဆိုးကို ဒုပုတ္တ-ဟု ဆိုကြ၏။ ခံ-သဒ္ဒါသည် အချည်းနှီး၌ ထင်၏၊ အချည်းနှီး ကောင်းကင်ကို ခံ-ဟု ဆိုကြ၏။ ဤ ပဌမသစ္စာသည်လည်း များစွာသော ဥပဒ္ဒဝေါတို့၏ တည်ရာဖြစ်သောကြောင့် စက်ဆုပ်ဖွယ်ကောင်း၏၊ မသိမလိမ္မာသူတို့ ကြံဆထားသော ခိုင်မြဲခြင်း, တင့်တယ်ခြင်း, ချမ်းသာခြင်း, အတ္တအဖြစ်တို့မှ ကင်းခြင်းကြောင့် အချည်းနှီးဖြစ်၏၊ ထိုသို့ စက်ဆုပ်ဖွယ်ကောင်းခြင်း အချည်းနှီးဖြစ်ခြင်းကြောင့် ဒုက္ခ-ဟု ဆိုအပ်၏[၁]။

---

မှတ်ချက်

၁–ဤအဖွင့် အလိုအားဖြင့် ဒုက္ခ-ပုဒ်၌ စက်ဆုပ်ဖွယ် အချည်းနှီး-အချည်းနှီး စက်ဆုပ်ဖွယ်ဟု အနက်ရ၏၊ ထို၏ ဆန့်ကျင်ဘက် သုခ-ပုဒ်၌လည်း ကောင်းသော အချည်းနှီး အချည်းနှီး အကောင်းဟု အနက်ရရာ၏။ သို့ ဖြစ်လျှင် နိဗ္ဗာနံ ပရမံ သုခံ၊ သန္တိသုခံ-ဟူရာတို့၌လည်း ထိုအနက်ပင် ရရာ၏။ ဤသို့ စဉ်းစားဝေဘန်ကြည့်လျှင် ဤအနက် အဖွင့်၌ သံသယ ဖြစ်ဖွယ်ရှိ၏။ ထို့ကြောင့် သုတပ္ပါးရန် အတွက်သာ ပြထားခြင်း ဖြစ်သည်ဟု ယူရာ၏။ လောက၌ သုခ ဒုက္ခ ဟူသော ဝေါဟာရတို့သည် အလွန်ပင် ထင်ရှားကုန်၏၊ ကောင်းခြင်း-ချမ်းသာဟူသော အလိုရှိအပ်သော သဘောကို သုခဟု ခေါ်ကြ၏၊ မကောင်းခြင်း-ဆင်းရဲဟူသော အလိုမရှိအပ်သော သဘောကို ဒုက္ခဟု ခေါ်ကြ၏။ ဤအရာ၌ မကောင်းခြင်း-ဆင်းရဲဟူသော အလိုမရှိအပ်သော အနက် သဘောသာ လိုရင်း ဖြစ်သည်။ ထို့ကြောင့်ပင်

http://www.dhammadownload.com



ထိုမှတပါး သံ-ဟူသော ဤသဒ္ဒါသည် "(သမာဂမော) တွေ့ဆုံခြင်း, (သမေတံ) တကွ ဖြစ်သည်" အစရှိသော ပုဒ်တို့၌ ယှဉ်ခြင်းကိုပြ၏။ ဥ-ဟူသော ဤသဒ္ဒါသည် "(ဥပ္ပန္နံ) ဖြစ်သည် (ဥဒိတံ) ဖြစ်သည်" အစရှိသော ပုဒ်တို့၌ ဖြစ်ခြင်းကိုပြ၏။ အယ-သဒ္ဒါသည် အကြောင်းကိုပြ၏။ ဤဒုတိယသစ္စာသည်လည်း ကြွင်းသော (ကုသိုလ် အကုသိုလ်ကံ) အကြောင်းနှင့် ယှဉ်ခြင်းရှိလျှင် ဒုက္ခသစ္စာဖြစ်ခြင်း၏ အကြောင်းဖြစ်၏။ ဤသို့ အခြားအကြောင်းနှင့်ယှဉ်လျှင် ဒုက္ခဖြစ်ခြင်း၏ အကြောင်းဖြစ်သောကြောင့် ဒုက္ခသမုဒယ-ဟူ၍ ဆိုအပ်၏[၁]။

[၁၂၆] ထိုမှတပါး နိ-သဒ္ဒါသည် မရှိခြင်းကို ပြ၏၊ ရောဓ-သဒ္ဒါသည် နှောင်အိမ်-ထောင်ကိုပြ၏၊ ထို့ကြောင့်[၂] ဤနိဗ္ဗာန်၌ ဂတိအားလုံး ဆိတ်သုဉ်းသောကြောင့် သံသရာနှောင်အိမ်ဟု ဆိုအပ်သော (ဒုက္ခရောဓ) ဒုက္ခ

---

မှတ်ချက်

ဇာတိ စသည် ဒုက္ခမည်ကြောင်း ပြရာ၌ မကောင်းခြင်း - ဆင်းရဲဟူသော ဤ အနက်ကိုသာ ပြထားပေသည်။

၁ – ဤ အဖွင့်သည်လည်း သုတပ္ပါးရန် အတွက်သာ ဖြစ်ရာ၏။ ဧဝ မေတာသ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ၊ သမုဒယဓမ္မာနုပဿီ၊ အာသဝသမုဒယာ အဝိဇ္ဇာ သမုဒယော-အစရှိသော ပါဠိတို့၌ သမုဒယ သဒ္ဒါသည် ဖြစ်ခြင်းအနက်-ဖြစ်ကြောင်းအနက်ကို ဟောကြောင်း ထင်ရှား၏။ ထို့ကြောင့် ဤအရာ၌ ဖြစ်ပွါးကြောင်းဟူသော အနက်သာ လိုရင်း ဖြစ်သည်ဟု မှတ်ယူရာ၏။

၂ – ထို့ကြောင့် (သံသရာနှောင်အိမ်ကို ဒုက္ခရောဓဟု ဆိုအပ်၏) ဟု အပြည့်အစုံ ဆိုသင့်သော်လည်း ထင်ရှားသောကြောင့် လက်သည်းကွင်း အတွင်းရှိ စကားများကို မြှုပ်ထားသည်။

http://www.dhammadownload.com



ထောင် မရှိ၊ (ဤအကြောင်းကြောင့်) တတိယသစ္စာကို ဒုက္ခနိရောဓ-ဟူ၍ ဆိုအပ်၏[၁]။ တနည်းကား ထိုနိဗ္ဗာန်ကို ရလျှင် သိလျှင် သံသရာနှောင်အိမ်ဟု ဆိုအပ်သော (ဒုက္ခရောဓ) ဒုက္ခထောင်၏ မရှိခြင်း ကင်းခြင်း ဖြစ်၏ (အဘယ့်ကြောင့်ဟူမူ)-ထိုဒုက္ခရောဓ၏ ဆန့်ကျင်ဖက်ဖြစ်သောကြောင့်ပင်၊ ဤသို့သော အကြောင်းကြောင့်လည်း ဒုက္ခနိရောဓ- ဟူ၍ ဆိုအပ်၏[၂]။ တနည်းကား ဒုက္ခ၏ မဖြစ်ခြင်းဟူသော ချုပ်ခြင်း၏ အကြောင်းဖြစ်သောကြောင့် ဒုက္ခနိရောဓမည်၏[၃]။ ဤတွင်တရပ်။

ထိုမှတပါး ဤစတုတ္ထသစ္စာသည် အာရုံပြုသည့် အလိုအားဖြင့် ထို ဒုက္ခနိရောဓသို့ ရှေးရှုဖြစ်ခြင်းကြောင့် (ဒုက္ခနိရောဓ) ဒုက္ခချုပ်ရာသို့ (ဂစ္ဆတိ-ဂါ

မှတ်ချက်

၁–နိ-မရှိ+ရောဓ-ထောင်=နိရောဓ-ဒုက္ခထောင်မရှိ။ ဒုက္ခ-ဆင်းရဲ၏+နိရောဓ-ထောင်မရှိ=ဒုက္ခနိရောဓ-ဒုက္ခ၏ ထောင်မရှိရာ-ဒုက္ခထောင်မရှိရာ-ဟု သင့်လျော်အောင် အနက်ပြန်ရာ၏။

၂–ဒုက္ခ - ဆင်းရဲ၏ +နိရောဓ-ထောင်မရှိကြောင်း - ကင်းကြောင်းတရား=ဒုက္ခနိရောဓ-ဒုက္ခ၏ ထောင်ကင်းကြောင်း-ဒုက္ခ ထောင်ကင်းကြောင်း တရားဟု သင့်လျော်အောင် အနက်ပြန်ရာ၏။ ဤ အနက် ၂-ခုတို့၌ ဒုက္ခနှင့် နိရောဓ သမာသ်တွဲစပ်ပြီးသောအခါ နိ-ပုဒ်ကို ကျော်၍ ဒုက္ခနှင့် ရောဓ-ပုဒ်တို့ကို တပေါင်းတည်းဆက်စပ်၍ ယူရခြင်းသည် သဒ္ဒါနည်းအားဖြင့် မချော့လှပေ။

၃–ဤ နောက်ဆုံးအဖွင့်၌ နိရောဓ သဒ္ဒါသည်ကား နိ ရှေးရှိသော ရုဓ-ဓာတ်ဖြင့် ပြီးသော သဒ္ဒါ ဖြစ်သည်၊ ယတ္ထ စက္ခု စ နိရုဇ္ဈတိ ရူပသညာ စ နိရုဇ္ဈတိ၊ သေ အာယတနေ ဝေဒိတဗ္ဗေ-စသော ပါဠိတို့နှင့်လည်း ညီညွတ်ပေ၏။ ထိုပုဒ်၏ အနက်ထဲ၌ "မဖြစ်ခြင်းဟူသော ချုပ်ခြင်း" ဟူသော စကားဖြင့် ချုပ်ခြင်းဟူသည်မှာ မဖြစ်ခြင်းပင်ဟု သိစေ၏။ ထို့ကြောင့် ဒုက္ခနိရောဓ–ဒုက္ခ၏ ချုပ်ခြင်း–ချုပ်ရာ–ချုပ်ကြောင်း တရားဟု အနက်ပြန်ရာ၏။

http://www.dhammadownload.com



မိနီ)သွားရောက်တတ်၏၊ ဒုက္ခနိရောဓသို့(ပုဂ္ဂိုလ်)ရောက်ခြင်း၏အကြောင်း ဖြစ်သော အကျင့်ပဋိပဒါလည်း ဖြစ်၏[၁]၊ ထို့ကြောင့် စတုတ္ထသစ္စာကို ဒုက္ခနိရောဓဂါမိနီပဋိပဒါ-ဟူ၍ [၁] ဆိုအပ်၏။

၅၃၁။ ထိုမှတပါး ဤသစ္စာတို့ကို ဘုရား အစရှိကုန်သော အရိယာတို့သည် ထိုးထွင်း၍သိကုန်၏၊ ထို့ကြောင့် အရိယာသစ္စာတို့ဟူ၍ [၂] ဆိုအပ်ကုန်၏။ ဤအဆိုနှင့်အညီ ဟောတော်မူသည်မှာ—

> "ရဟန်းတို့ အရိယသစ္စာတို့သည် ဤလေးပါးတို့ပေတည်း။ အဘယ်လေးပါးတို့နည်း ။ပ။ အရိယသစ္စာတို့သည် ဤလေးပါးတို့ပင်တည်း။ အရိယာတို့သည် ဤသစ္စာတို့ကို ထိုးထွင်း၍ သိကုန်၏၊ ထို့ကြောင့် အရိယသစ္စာတို့ဟူ၍ ဆိုအပ်ကုန်၏"ဟူ၍ပင်တည်း။

တနည်းသော်ကား အရိယမည်သော မြတ်စွာဘုရား၏ သစ္စာတို့ ဖြစ်သောကြောင့်လည်း အရိယသစ္စာမည်ကုန်၏[၃]။ ဤအဆိုနှင့်အညီ ဟောတော်မူသည်မှာ —

---

မှတ်ချက်

၁–ဒုက္ခနိရောဓ - ဒုက္ခ၏ ချုပ်ရာသို့+ဂါမိနီ - သွားရောက်သော+ပဋိပဒါ – (ပုဂ္ဂိုလ်၏)ရောက်ကြောင်း အကျင့်ဖြစ်သော အရိယသစ္စာ။ မဂ္ဂသစ္စာသည် သူကိုယ်တိုင်က နိဗ္ဗာန်သို့ အာရုံပြုသောအားဖြင့် သွားရောက်၏၊ သူ့ကို ပွါးစေသော ပုဂ္ဂိုလ်၏ နိဗ္ဗာန်ရောက်ကြောင်း အကျင့်လည်း ဖြစ်၏၊ ထို့ကြောင့် ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ မည်ပေသည်။

၂–အရိယ–အရိယာတို့ သိအပ်သော+သစ္စ–သစ္စာ=အရိယသစ္စ–အရိယာတို့ သိအပ်သောသစ္စာ-အမှန်တရား။

၃–အရိယ–မြတ်စွာဘုရား၏+သစ္စ–သစ္စာ–အမှန်တရား=အရိယသစ္စ-မြတ်စွာဘုရား၏ သစ္စာ-အမှန်တရား။

http://www.dhammadownload.com



"ရဟန်းတို့ နတ်နှင့်တကွသော လောက၌။ပ။ နတ်လူတို့နှင့် တကွဖြစ်သော သတ္တဝါအပေါင်းထဲ၌ ရှေးဘုရားတို့နှင့် အလားတူ ဖြစ်သော ငါဘုရားသည် အရိယ- မြတ်သောပုဂ္ဂိုလ် ဖြစ်သည်၊ ထို့ကြောင့် အရိယသစ္စာတို့ဟူ၍ ဆိုအပ်ကုန်၏"ဟူ၍ပင်တည်း။

တနည်းကား ဤသစ္စာလေးပါးတို့ကို ထိုးထွင်း၍ သိပြီးဖြစ်လျှင်[၁] အရိယာအဖြစ်ပြီးသောကြောင့်လည်း အရိယသစ္စာမည်ကုန်၏[၂]။ ဤအဆိုနှင့် အညီ ဟောတော်မူသည်မှာ—

"ရဟန်းတို့ ဤလေးပါးသော အရိယသစ္စာတို့ကို ဟုတ်တိုင်း မှန်စွာ သိပြီး ဖြစ်သောကြောင့် ပုဇော်အထူးကို ခံထိုက်သော မှန်စွာ ကိုယ်တိုင်သိသော ရှေးဘုရားတို့နှင့် အလားတူ ဖြစ်သော ငါဘုရားကို အရိယာဟူ၍ ဆိုအပ်၏"ဟူ၍ပင်တည်း။

တနည်းသော်ကား (အရိယ) မချွတ်မယွင်း မှန်ကုန်သော သစ္စာတို့ ဖြစ်သောကြောင့်လည်း အရိယသစ္စာမည်ကုန်၏။ ဤအရာ၌ အရိယမည်ကြသည်ဟူသည်မှာ(တထ) မှန်ကုန်၏ (အဝိတထ) မချွတ်မယွင်းကုန် (အဝိသံဝါဒက) မချွတ်ယွင်း-မလွဲမမှား စေတတ်ကုန် - ဤကား အရိယ-၏ အနက် ဖြစ်သည်။ ဤအဆိုနှင့်အညီ ဟောတော်မူသည်မှာ—

---

မှတ်ချက်

၁—အဘိသမ္ဗုဒ္ဓတ္တာ—ထိုးထွင်း၍ သိပြီးသည်၏ အဖြစ်ကြောင့်-ဟု အတိအကျ ပြန်လျှင် ပြီးသောကြောင့်-ဟူသောဟိတ်နှင့် နီးကပ်နေသောကြောင့် မြန်မာစကားမချော၊ ထို့ကြောင့် လက္ခဏာအနက်ဖြင့် လဲလှယ်၍ပြန်သည်။

၂—အရိယ—အရိယာအဖြစ်ကို ပြီ စေတတ်သော ဝါ-အရိယာ ဖြစ်စေတတ်သော+သစ္စ—သစ္စာ—အမှန်တရား=အရိယသစ္စ-အရိယာဖြစ်စေတတ်သော-သစ္စာ-အမှန်တရား။

http://www.dhammadownload.com



“ရဟန်းတို့ ဤလေးပါးသော အရိယသစ္စာတို့သည် (တထာနိ) မှန်ကုန်၏။ (အဝိတထာနိ) မချွတ်ယွင်းကုန် (အနညထာနိ) အခြား အခြင်းအရာ မရှိကုန်၊ ထို့ကြောင့် အရိယသစ္စာတို့ဟူ၍ ဆိုအပ်ကုန်၏”ဟူ၍ပင်တည်း။

ဤသို့လျှင် ဤအရိယသစ္စာတို့၌ သဒ္ဒါနက်အားဖြင့် အဆုံးအဖြတ်ကို သိအပ်၏။

၅၃၂။ **လက္ခဏာအစရှိသောအပြားအားဖြင့် အဘယ်သို့သိအပ်သနည်း?** ဤသစ္စာလေးပါးတို့တွင် ဒုက္ခသစ္စာသည် နှိပ်စက်ခြင်းလက္ခဏာ ရှိ၏[၁]၊ ပူလောင်စေခြင်းကိစ္စရှိ၏[၂]၊ မပြတ်ဖြစ်နေခြင်းသဘောဟု ဉာဏ်အားရှေးရှုထင်၏[၃]။ သမုဒယသစ္စာသည် ဆင်းရဲ၏အစဖြစ်ခဲ့ရာ အကြောင်းလက္ခဏာရှိ၏[၄]၊

---

မှတ်ချက်

၁–ဒုက္ခဒုက္ခခေါ် ကိုယ်စိတ်၏ ဆင်းရဲခြင်းနှင့် ထိုဆင်းရဲဖြစ်ကြောင်း နိမိတ်အဖြစ်သည် နှိပ်စက်ခြင်းမည်၏။ တနည်း ဖြစ်ခြင်း ပျက်ခြင်းဖြင့် မပြတ်နှိပ်စက်တတ်သည်၏အဖြစ်သည် နှိပ်စက်ခြင်းမည်၏။ (ဋီကာ) ဒုက္ခသစ္စာက ကိုယ်စိတ်၏ ဆင်းရဲခြင်းဖြင့်လည်း နှိပ်စက်တတ်၏၊ ထိုဆင်းရဲများကို ဖြစ်စေလျက်လည်း နှိပ်စက်တတ်၏၊ ဖြစ်ခြင်း ပျက်ခြင်းဖြင့်လည်း နှိပ်စက်တတ်၏-ဟု ဆိုလို၏။

၂–ဘဝသည်တို့၌ ဇာတိစသည်၏အစွမ်းအားဖြင့်၎င်း, မျက်စိရောဂါစသည်၏အစွမ်းအားဖြင့်၎င်း များသော အပြားအားဖြင့် ဆင်းရဲကို ဖြစ်စေခြင်းသည်ပင် ပုဂ္ဂိုလ်ကို ပူလောင်စေခြင်း မည်၏။ (ဋီကာ) သန္တာပဋ္ဌ အရာ၌ ဖွင့်ခဲ့သော အနက်ကိုလည်း ဤ၌ ယူသင့်၏။

၃–သံသရာခေါ် ပဝတ္တိ(မပြတ်ဖြစ်နေခြင်း)နှင့် ဝိမောက္ခ (လွတ်မြောက်ခြင်း) ခေါ် နိဝတ္တိတို့တွင် မပြတ်ဖြစ်နေခြင်းသဘော ဖြစ်၍ (သဘောအဖြစ်ဖြင့်) ယူအပ်-သိအပ်၏၊ ထို့ကြောင့် အထက်ပါအတိုင်း ဆိုပေသည်။ (ဋီကာ)

၄–အကြင်တဏှာမှ ဆင်းရဲသည် စ၍ ဖြစ်ခဲ့၏၊ ရှေးဘဝနှင့် နောက်ဘဝသည်

http://www.dhammadownload.com



ဒုက္ခမပြတ်စဲအောင် ပြုခြင်းကိစ္စ ရှိ၏[၁]၊ နှောင့်ယှက် တားမြစ်သည့် အနေအားဖြင့် ဉာဏ်အား ရှေးရှုထင်၏[၂]။ နိရောဓသစ္စာသည် ငြိမ်းအေးခြင်းလက္ခဏာရှိ၏[၃]၊ မချွေလျော့ခြင်း မသေမပျက်ခြင်း ဟူသော ပြည့်စုံသော ဂုဏ်ရှိ၏၊ ဝါ-မသေမပျက်ခြင်းကိစ္စရှိ၏[၄]၊ ပုံသဏ္ဌာန် အရိပ်နိမိတ်ကင်းသော အားဖြင့် ရှုသိဉာဏ်အား ရှေးရှုထင်၏[၅]။ မဂ္ဂသစ္စာသည် ထွက်မြောက်

---

မှတ်ချက်

မပြတ်စပ်လျက် ဖြစ်နေ၏၊ ထိုအရင်းမူလတဏှာသည် ပဘဝ-အမွန် အစ အကြောင်းမည်၏။ (ဋီကာ)

၁-"တဏှာအနုသယကို မပယ် မနုတ်အပ်သေးလျှင် ဤဆင်းရဲဒုက္ခသည် အဖန်ဖန်ပြန်၍ဖြစ်၏"ဟု ဟောတော်မူသည့်အတိုင်း(ဒုက္ခကို)အဖန်ဖန်ဖြစ်စေခြင်းသည် ဒုက္ခမပြတ်စဲအောင်ပြုခြင်းမည်၏။ (ဋီကာ)

၂-ဘဝမှထွက်မြောက်ခြင်းကို တားမြစ်ခြင်းသည် ပလိဗောဓ မည်၏။ (ဋီကာ) ရှေးပလိဗောဓဋ္ဌ-၏ အဖွင့်ကိုလည်း ပြန်ကြည့်ပါ။

၃-တဏှာကုန်ခြင်း စသည်၏အဖြစ်ဖြင့် (သဗ္ဗဒုက္ခသန္တတာ) ဆင်းရဲအားလုံး၏ ငြိမ်းသည်၏အဖြစ်သည် ဝါ-ငြိမ်းခြင်းသည် သန္တိမည်၏။ (ဋီကာ) သမန-ငြိမ်းခြင်း၊ သန္တိ-ငြိမ်းခြင်း၊ ကိလေသာဆင်းရဲ ဝဋ်ဆင်းရဲအားလုံး၏ ငြိမ်းခြင်းကိုပင် သန္တိလက္ခဏာဟု ဆို၏သည်။

၄-အစ္စုတိရသန္တိ အစ္စုတိသမ္ပတ္တိကံ၊အစဝနကိစ္စံ ဝါ။ (ဋီကာ)ဤ၌ ကိစ္စဟူသည်မှာလည်း ချွေလျော့မှု သေပျက်မှုမရှိခြင်းကို ကိစ္စကဲ့သို့ပြု၍ ပရိယာယ်အားဖြင့် ဆိုသည်။ (ဋီကာပင်)

၅-ခန္ဓာငါးပါးဟူသော နိမိတ်ကင်းသည်၏အဖြစ်ကြောင့် (အဝိဂ္ဂဟံ ဟုတ္ဝာ) အထည် ဒြပ် ပုံသဏ္ဌာန် ကင်းသည်ဖြစ်၍ ယူအပ်-သိအပ်သောကြောင့် အထက်ပါအတိုင်း ဆိုသည်။ (ဋီကာ)

http://www.dhammadownload.com



ကြောင်းလက္ခဏာ ရှိ၏[၁]၊ ကိလေသာကို ပယ်ခြင်းကိစ္စရှိ၏[၂]၊ ထမြောက်သည့်အနေဖြင့် ဉာဏ်အားရှေးရှုထင်၏[၃]။ တနည်းသော်ကား (ဤ သစ္စာလေးပါးတို့သည်) အစဉ်အတိုင်း မပြတ်ဖြစ်နေခြင်း (ပဝတ္တိ)မပြတ်ဖြစ်စေတတ်သော (ပဝတ္တန) ဆုတ်နစ်ရပ်စဲခြင်း (နိဝတ္တိ) ဆုတ်နစ် ရပ်စဲစေတတ်သော(နိဝတ္တန) လက္ခဏာရှိကုန်၏။ ထို့အတူ အစဉ်အတိုင်း သင်္ခတ-လက္ခဏာ,တဏှာလက္ခဏာ, အသင်္ခတလက္ခဏာ, နိဗ္ဗာန်ကိုမြင်ခြင်း ဒဿန-လက္ခဏာ ရှိကုန်၏။ ဤသို့လျှင် ဤသစ္စာတို့၌ လက္ခဏာအစရှိသော အပြားအားဖြင့်အဆုံးအဖြတ်ကို သိအပ်၏။

[၁၂၇] ၅၃၃။ အတ္ထနှင့် အနက်တို့ကို ထုတ်ပြသောအားဖြင့် ဟူသော ဤစကားရပ်၌ ရှေးဦးစွာ အတ္ထအားဖြင့် သစ္စ္စ-သစ္စာ၏ အနက်သဘောဟူသည် အဘယ်နည်း? ဟူမူ—အကြင်သဘောသည် ပညာမျက်စိဖြင့် စူးစူး

---

မှတ်ချက်

၁—အနုသယကိလေသာတို့ကို အကြွင်းမဲ့ ပယ်ဖြတ်ခြင်းကြောင့် သံသရာနှောင်အိမ်မှ ထွက်မြောက်ကြောင်းအဖြစ်သည် နိယျာန (ထွက်မြောက်ကြောင်း)မည်၏။ (ဋီကာ)

၂—အလုံးစုံသော ကိလေသာတို့ကို မဖြစ်စေခြင်းဟူသော ချုပ်စေခြင်းသည် ကိလေသာပယ်ခြင်းကို ပြုခြင်း မည်၏။ (ဋီကာ)

၃—သင်္ခါရအာရုံဟူသော နိမိတ်မှလည်း, မပြတ်ဖြစ်နေသော အကျိုးဝိပါက်အစဉ်မှလည်း စိတ်၏ ထခြင်းဖြစ်၍ ယူအပ်သောကြောင့် ဝုဋ္ဌာနပစ္စုပဋ္ဌာန မည်၏။ (ဋီကာ) ဤ၌ သင်္ခါရအာရုံကို ရှုနေရာမှ မဂ်စိတ်ဖြစ်သောအခါ ၎င်းကို အာရုံမပြုဘဲ နိဗ္ဗာန်အာရုံပြုသည်ကို နိမိတ်မှ ထသည်ဟု ဆိုသည်၊ သမုဒယကို ပယ်သောအားဖြင့် နောင်အခါဖြစ်မည့် အကျိုးဝိပါက် ခန္ဓာအစဉ်ပယ်ခြင်းကို မပြတ်ဖြစ်နေသော အကျိုးဝိပါက်အစဉ်မှ ထသည်ဟု ဆိုသည်။

http://www.dhammadownload.com



စိုက်စိုက် ရှုဆင်ခြင်ကုန်သော ပညာရှိတို့အား မျက်လှည့်ကဲ့သို့ ဖောက်ပြန်မှားယွင်းသည်လည်း မဟုတ်[၁]၊ တံလှပ်ကဲ့သို့ ချွတ်ယွင်း စေသည်လည်း မဟုတ်[၁]၊ တိတ္ထိတို့၏ အတ္တကဲ့သို့ မရအပ်သောသဘောအထည်ကိုယ်ရှိသည်လည်း မဟုတ် ဝါ-သဘောအထည်ကိုယ် မရှိသည်လည်း မဟုတ်၊ စင်စစ်အားဖြင့်မူ နှိပ်စက်ခြင်း,အမှုန်အစအကြောင်း,ငြိမ်းအေးခြင်း,ထွက်မြောက်ကြောင်းအပြားအားဖြင့်[၂] မှန်သည်၏အဖြစ်, မဖောက်ပြန်သည်၏ အဖြစ်, အဟုတ်ရှိသည်၏ အဖြစ်ဖြင့်[၁] အရိယဉာဏ်၏ ကျက်စားရာ အာရုံ ဖြစ်သည်သာတည်း။ မီး၏ ပူခြင်းသဘောကဲ့သို့ရင်း, လောက၏ အိုခြင်း စသော ပင်ကိုသဘောကဲ့သို့ရင်း[၃] ဤမှန်သော မဖောက်ပြန်သော အဟုတ်ရှိသော သဘောကို သစ္စဋ္ဌ-သစ္စာ၏ အနက်သဘောဟူ၍ သိအပ်၏။ ဤအဆိုနှင့်အညီ ဟောတော်မူသည်မှာ— "ရဟန်းတို့ ဤသည်ကား ဆင်းရဲတည်းဟူသော

---

မှတ်ချက်

၁–ရွှေမဟုတ်ပါဘဲ ရွှေကဲ့သို့ထင်ရသော မျက်လှည့်သည် ဝတ္ထု ရှိ၏၊ ထို့ကြောင့် ယင်းမျက်လှည့်၏ ဖောက်ပြန်မှားယွင်းသည်၏အဖြစ်ကို ဆိုသည်။ ရေကဲ့သို့ ထင်ရသော တံလှပ်သည်ကား ချဉ်းကပ်သူတို့အား အချည်းနှီး ဖြစ်၏၊ ယင်းတံလှပ်၏ ဝတ္ထုကိုသော်လည်း မတွေ့ရ၊ ထို့ကြောင့် ယင်းကို ချွတ်ယွင်းစေတတ်သည်ဟု ဆိုသည်။ တံလှပ် မျက်လှည့် အတ္တတို့မှ ပြောင်းပြန်ဖြစ်သော သဘောသည် (တစ္ဆာဝိပရီတဘူတဘာဝ)မှန်သည်၏အဖြစ် မဖောက်ပြန်သည်၏အဖြစ် အဟုတ်ရှိသည်၏အဖြစ် မည်၏၊ ဝါ–မှန်သော မဖောက်ပြန်သော အဟုတ်ရှိသောသဘော မည်၏။ (ဋီကာ)

၂–အပြားအားဖြင့် မှန်သည်၏အဖြစ်-စသည်ဖြင့် အနီး၌ပင် စပ်၍ယူပါ။

၃–"ဖြစ်ခြင်းသဘော ရှိကုန်၏၊ အိုခြင်းသဘော ရှိကုန်၏၊ သေခြင်းသဘော ရှိကုန်၏" ဟု ဟောထားသော ဖြစ်ခြင်းစသည်သည် လောကပကတိ-လောက၏ ပင်ကို သဘောပေတည်း။ (ဋီကာ)

http://www.dhammadownload.com



ဤသဘောသည် မှန်၏၊ဤသဘောသည် မချွတ်ယွင်း ဤသဘောမှာ အခြား အခြင်းအရာမရှိ" ဤသို့စသည်ကို ချဲ့၍သိအပ်၏။ တနည်းသော်ကား—

ဒုက္ခသည် မနှိပ်စက်တတ်သည် မရှိ ( နှိပ်စက်တတ်သည် သာ တည်း)၊ ဒုက္ခမှတပါးသော တရားသည် မနှိပ်စက်တတ် (ဒုက္ခသည် သာ နှိပ်စက်တတ်၏)၊ ထို့ကြောင့် ဒုက္ခ၌ နှိပ်စက်တတ်ခြင်း၏ ကိန်းသေမြဲခြင်း,နှိပ်စက်တတ်ခြင်း၌ ဒုက္ခ၏ ကိန်းသေမြဲခြင်းအား ဖြင့် ဤဒုက္ခကို သစ္စ-အမှန်တရားဟု သိအပ်၏။

ထိုတဏှာကို ကြဉ်၍ အခြားတရားကြောင့် ဒုက္ခသည် မဖြစ် (ထိုတဏှာကြောင့်သာ ဖြစ်သည်)၊ ထိုဒုက္ခသည်လည်း ထိုတဏှာ ကြောင့် မဖြစ်သည်မဟုတ် (ဖြစ်သည်သာ)၊ ထို့ကြောင့် တဏှာ၌ ဒုက္ခ၏ အကြောင်းဖြစ်ခြင်း၏ ကိန်းသေမြဲခြင်း, ဒုက္ခအကြောင်း ဖြစ်ခြင်း၌ တဏှာ၏ ကိန်းသေမြဲခြင်းအားဖြင့် တဏှာကို သစ္စာ-အမှန်တရားဟု သိအပ်၏။

နိဗ္ဗာန်မှတပါး ငြိမ်းအေးခြင်း မည်သည် မရှိ (နိဗ္ဗာန်သည်သာ လျှင် ငြိမ်းအေး၏)၊ ထိုနိဗ္ဗာန်သည်လည်း မငြိမ်းအေးသည်မဟုတ် (ငြိမ်းအေးသည်သာတည်း)၊ ထို့ကြောင့် နိဗ္ဗာန်၌ ငြိမ်းအေးခြင်း ၏ ကိန်းသေမြဲခြင်း, ငြိမ်းအေးခြင်း၌ နိဗ္ဗာန်၏ ကိန်းသေမြဲခြင်း အားဖြင့် ဤနိဗ္ဗာန်ကို သစ္စာ-အမှန်တရားဟု သိအပ်၏။

အရိယမဂ်မှ တပါး ထွက်မြောက်ကြောင်း မည်သည် မရှိ (အရိယမဂ်သည်သာ ထွက်မြောက်ကြောင်း ဖြစ်သည်)၊ ထိုအရိယ မဂ်သည်လည်း ထွက်မြောက်ကြောင်းမဖြစ်သည်မဟုတ် (ဖြစ်သည် သာတည်း)၊ ဤသို့ မချွတ်ကေန် ဟုတ်မှန်သော ထွက်မြောက် ကြောင်းဖြစ်ခြင်းကြောင့် ထိုအရိယမဂ်ကို သစ္စာ-အမှန်တရားဟု သမုတ်အပ်-ခေါ် ဆိုအပ်၏။

http://www.dhammadownload.com



ဤဆိုခဲ့သည့်အတိုင်း မှန်သောသဘော မဖောက်ပြန်သော သဘော အဟုတ်ရှိသောသဘောကို လေးပါးလုံးသော ဒုက္ခစသည်တို့၌ သာမညအားဖြင့် (သစ္စဋ္ဌ)သစ္စာအနက်သဘောဟူ၍ ပညာရှိတို့က မိန့်ဆိုတော်မူကြလေသည်။

ဤသို့လျှင် သဘောအနက်အားဖြင့် အဆုံးအဖြတ်ကို သိအပ်၏။

၅၃၄။ **အနက်တို့ကိုထုတ်ပြသောအားဖြင့်** အဘယ်သို့ သိအပ်သနည်း ? ဤအရာ၌ ဤသစ္စသဒ္ဒါကို များစွာသောအနက်တို့၌ တွေ့ရ၏။ ယင်းအနက်တို့ကား—"အမှန်(သစ္စာ)ကို ပြောဆိုရာ၌ အမျက်မထွက်ရာ"စသည်တို့၌စကားမှန်၌တွေ့ရ၏။"အမှန်(သစ္စာ)၌တည်ကုန်သော သမဏဗြာဟ္မဏတို့သည် (ဇာတိ မရဏ၏ တဖက်ကမ်းသို့ ကူးမြောက်ကုန်၏")စသည်တို့၌ (မုသာဝါဒမှ ကြဉ်ခြင်းဟူသော)ဝိရတိသစ္စာ၌ တွေ့ရ၏။ "တတ်သိ ကျွမ်းကျင်ကြပါသည်ဟု ဝန်ခံပြောဆိုကြသော ဝါဒရှင်တို့သည် အမျိုးမျိုး ကွဲပြားသော အမှန်(သစ္စာ)တို့ကို အဘယ့်ကြောင့် ပြောဟောကြကုန်သနည်း" စသည်တို့၌ မိစ္ဆာဒိဋ္ဌိဟူသော အမှန်သစ္စာ၌[၁] တွေ့ရ၏။ "အမှန်(သစ္စာ)သည် တပါးတည်းသာရှိ၏၊ နှစ်ခုမြောက်မရှိပေ" စသည်တို့၌ (ပရမသစ္စေ[၂]) အမြတ်ဆုံး အမှန်တရားဖြစ်၍ ပရမသစ္စာမည်သော နိဗ္ဗာန်၌ရင်း[၂] အရိယမဂ်၌ရင်း တွေ့ရ၏။ "လေးပါးကုန်သော အရိယသစ္စာ

မှတ်ချက်

၁–(ဣဒမေဝ သစ္စံ) ဤအယူသာ မှန်၏၊ (မောဃမညံ) အခြား အယူသည် အချည်းနှီးသာဟုဖြစ်သော ဒိဋ္ဌိသည် မှန်သည်ဟု မြဲမြံစွာ နှလုံးသွင်း၍ဖြစ်ခြင်းကြောင့် ဒိဋ္ဌိသစ္စာ မည်၏။ (ဋီကာ)

၂–နိဗ္ဗာန်ကို ပရမတ္ထသစ္စာဟု စာအများတို့၌ ပျက်လျက် ရှိ၏၊ စိတ် စေတသိက် ရုပ်-ဟူသော အခြား ပရမတ္ထသစ္စာတို့နှင့် တန်းတူ ဖြစ်နေသောကြောင့် မသင့်။ **ပရမသစ္စာ**-ဟု ရှိမှ အမြတ်ဆုံးသစ္စာဟု အနက် ရသောကြောင့် ဂုဏ်

http://www.dhammadownload.com



တို့တွင် ကုသိုလ်တို့သည် အဘယ်မျှတို့နည်း” စသည်တို့၌ အရိယသစ္စာ၌ တွေ့ရ၏။ ထိုသစ္စသဒ္ဒါသည် ဤအရာ၌လည်း အရိယသစ္စာဟူသောအနက်၌ ဖြစ်၏။ ဤသို့လျှင် ဤသစ္စာတို့၌ ရသင့်သော အနက်တို့ကို ထုတ်ပြသော အားဖြင့်လည်း အဆုံးအဖြတ်ကို သိအပ်၏။

[၁၂၈] ၅၃၅။ **မယုတ်မလွန်သောအားဖြင့်** ဟူရာ၌ အရိယသစ္စာတို့ကို အဘယ့်ကြောင့် မယုတ်မလွန် လေးပါးတို့ကိုသာ ဟောတော်မူခဲ့ပါသနည်း ဟူမူ—အခြားတပါးသစ္စာ၏ မဖြစ်သင့်သောကြောင့်ရင်း၊ (ဤလေးပါး ထဲမှ) တပါးပါးကို မနှုတ်မပယ်အပ်သောကြောင့်ရင်း ဖြစ်သည်ဟု ဖြေအပ်၏။ ခြဲ့ချဲ့ပြအံ့-ဤလေးပါးတို့မှ အခြားအပိုအလွန်လည်း မဖြစ်သင့်ပေ၊ ဤလေးပါးတို့တွင် တပါးသော်လည်း နှုတ်ပယ်သင့်သည် မရှိပေ။ ဤ အဆိုနှင့်အညီ ဟောတော်မူသည်မှာ——

“ရဟန်းတို့ ဤလောက၌ သမဏအမည်ခံသူဖြစ်စေ ဗြာဟ္မဏ အမည်ခံသူဖြစ်စေ ‘ဤဇာတိအစရှိသော တရားသည် ဒုက္ခအရိယ

---

မှတ်ချက်

မြောက်ပေသည်။ ပရမ-အမြတ်ဆုံးသစ္စာဖြစ်ကြောင်း ဋီကာ၌ ဖွင့်ပြထားသည်မှာ “နိဗ္ဗာန်သည် မပျက်စီးခြင်းသဘောရှိသည်၏အဖြစ်ကြောင့်(ပရမသစ္စံ)အမြတ်ဆုံးသစ္စာ မည်၏၊ (ဤ၌လည်း ပရမတ္ထသစ္စံ-ဟု ပျက်လျက်ရှိ၏)မှန်၏–‘(အမောသဓမ္မံ)မပျက်စီးခြင်းသဘောရှိသော နိဗ္ဗာန်ကို သစ္စာအမှန်တရားဟု အရိယာတို့ သိကြ၏’ဟု သုတ္တနိပါတ် ဒွယတာနုပဿနာသုတ်၌ ဟောထားပေသည်။ ထိုနိဗ္ဗာန်ကိုရင်း, ယင်းသို့ရောက်စေတတ်သော မဂ်ကိုရင်း ထိုးထွင်းသိခြင်းသည် အငြင်းအခုံကင်းခြင်း၏ အကြောင်းပေတည်း၊ ထို့ကြောင့် နိဗ္ဗာန်နှင့် မဂ် နှစ်ပါးလုံးကိုလည်း “အမှန် (သစ္စာ) သည် တပါးတည်းသာ ရှိ၏၊ နှစ်ခုမြောက် မရှိပေ၊ ယင်းအမှန်တရား၌ ဝါ-အမှန်တရားကို သိသော အရိယာပုဂ္ဂိုလ်သည် မငြင်းခုံတော့ပေ”ဟူသော ဤဂါထာ၌ “သစ္စာ”ဟု ဟောတော်မူ(အပ်)၏”။ (ဋီကာ)။

http://www.dhammadownload.com



သစ္စာမဟုတ်သေး၊ ဒုက္ခအရိယသစ္စာကား (ဤဇာတိ စသည်မှ) တခြားတပါးသာ၊ ငါသည် ဤဇာတိ အစရှိသော ဒုက္ခအရိယ သစ္စာကို ပယ်ထား၍ အခြားဒုက္ခအရိယသစ္စာကို ပညတ် ဟော ကြားမည်'ဆို၍ လာရာ၏၊ ဤသို့လာခြင်း၏ အကြောင်းသည် မရှိပေ" ဤသို့ စသည်ပင်။

ထို့ပြင်လည်း ဟောတော်မူပြန်သည်မှာ—

"ရဟန်းတို့ သမဏအမည်ခံသူဖြစ်စေ ဗြာဟ္မဏအမည်ခံသူ ဖြစ်စေ တစုံတယောက်သောသူသည် 'ရဟန်းဂေါတမ ဟောထား သော ဤဒုက္ခသစ္စာသည် ဒုက္ခပဌမအရိယသစ္စာ မဟုတ်သေး၊ ငါသည် ဤဒုက္ခပဌမအရိယသစ္စာကို ပယ်စွန့်၍ အခြားတပါး သော ဒုက္ခပဌမအရိယသစ္စာကိုပညတ်ဟောကြားမည်'ဟု ဤသို့ ပြောဆိုရာ၏၊ ဤသို့ ပြောဆိုခြင်း၏ အကြောင်းသည် မရှိပေ" ဤသို့ စသည်ပင်။

တနည်းသော်ကား မပြတ်ဖြစ်နေခြင်း (ပဝတ္တိ)ကို ဟောကြားတော် မူသော မြတ်စွာဘုရားသည် အကြောင်း (သမုဒယ)နှင့်တကွ ဟောကြား တော်မူ၏၊ဆုတ်နစ်ရပ်စဲခြင်း(နိဝတ္တိ)ကိုလည်း ရောက်ကြောင်း(ဥပါယ)နှင့် တကွဟောကြားတော်မူ၏။သို့ဖြစ်၍ ပဝတ္တိနှင့် ယင်း၏အကြောင်း နိဝတ္တိနှင့် ယင်းသို့ ရောက်ကြောင်းတို့၏ ဤမျှသာအတိုင်းအရှည်ရှိသောကြောင့် လေးပါးတို့ကိုသာလျှင် ဟောတော်မူခဲ့ပေသည်။ ထို့အတူပင် (ပရိညေယျ) ပိုင်းခြား၍ သိအပ်သောတရား, (ပဟာတဗ္ဗ) ပယ်အပ်သောတရား, (သစ္ဆိကာတဗ္ဗ) မျက်မှောက် ပြုအပ်သောတရား, (ဘာဝေတဗ္ဗ)ပွါးစေ အပ်သောတရားတို့အလိုအားဖြင့်၎င်း၊တဏှာ၏အာရုံ,တဏှာ,တဏှာချုပ်ရာ, ယင်းချုပ်ရာသို့ ရောက်ကြောင်းတို့အလိုအားဖြင့်၎င်း၊ တွယ်တာစရာအာရုံ,

http://www.dhammadownload.com



ထိုအာရုံ၌ ပျော်မွေ့ခြင်း, တွယ်တာစရာကို အကြွင်းမဲ့ပယ်ရာ, ထိုပယ်ရာသို့ ရောက်ကြောင်းတို့အလိုအားဖြင့်၎င်း (ဤမျှသာရှိသောကြောင့်) လေးပါးတို့ကိုသာလျှင် ဟောတော်မူခဲ့ပေသည်။ ဤသို့လျှင် ဤသစ္စာတို့၌ မယုတ်မလွန်သောအားဖြင့် အဆုံးအဖြတ်ကို သိအပ်၏။

၅၃၆။ **အစဉ်အားဖြင့်** ဟူရာ၌ ဤအစဉ်သည်လည်း ဒေသနာအစဉ်ပင်။ ထိုအစဉ်ဖြစ်ပုံမှာ ဤ သစ္စာလေးပါးတို့တွင် ကြမ်းတမ်းထင်ရှားသောကြောင့်၎င်း, သတ္တဝါအားလုံးနှင့် သက်ဆိုင်သောကြောင့်၎င်း ဒုက္ခသစ္စာသည် သိလွယ်၏၊ ထို့ကြောင့် ယင်းသစ္စာကို ရှေးဦးစွာ ဟောတော်မူသည်။ ယင်း ဒုက္ခသစ္စာ၏ပင်လျှင် အကြောင်းကို ပြခြင်းငှါ ထို၏အခြားမဲ့၌ သမုဒယသစ္စာကို ဟောတော်မူသည်။ အကြောင်းချုပ်ခြင်းကြောင့် အကျိုးချုပ်သည်ဟု သိစေခြင်းငှါ ထို့နောင် နိရောဓသစ္စာကို ဟောတော်မူသည်။ ထိုနိရောဓရခြင်း၏ အကြောင်းကို ပြခြင်းငှါ အဆုံး၌ မဂ္ဂသစ္စာကို ဟောတော်မူသည်။ တနည်း ဘဝချမ်းသာဟူသော သာယာဖွယ်၌ မက်မောကုန်သော သတ္တဝါတို့အား ထိတ်လန့်မှုသံဝေဂ ဖြစ်စေခြင်းငှါ ရှေးဦးစွာ ဒုက္ခသစ္စာကို ဟောတော်မူသည်။ ထိုဒုက္ခသည် မပြုပဲအလိုလို လာသည် မဟုတ်၊ ဣဿရခေါ် ဘုရားသခင်၏ ဖန်ဆင်းခြင်း စသည်ကြောင့်လည်း ဖြစ်သည်မဟုတ်၊ ဤသမုဒယကြောင့်ပင် ဖြစ်သည်ဟု သိစေခြင်းငှါ ထို၏အခြားမဲ့၌ သမုဒယသစ္စာကို ဟောတော်မူသည်။ ထို့နောင် အကြောင်းနှင့်တကွသော ဆင်းရဲဒုက္ခက နှိပ်စက် (အပ်)သောကြောင့် ထိတ်လန့်သော စိတ်ရှိကြလျက် ဒုက္ခမှ ထွက်မြောက်ရာကို ရှာမှီးသော သတ္တဝါတို့အား ထွက်မြောက်ရာကို မြင်သဖြင့် သက်သာရာ ရစေခြင်းအကျိုးငှါ နိရောဓသစ္စာကို ဟောတော်မူသည်။ ထို့နောင် နိရောဓကိုရရန်အတွက် နိရောဓသို့ ရောက်စေတတ်သော မဂ္ဂသစ္စာကို ဟောတော်မူသည်။ ဤသို့လျှင် ဤသစ္စာတို့၌ အစဉ်အားဖြင့် အဆုံးအဖြတ်ကို သိအပ်၏။

http://www.dhammadownload.com



၅၃၇။ **ဇာတိစသည်တို့ကို ဆုံးဖြတ်သောအားဖြင့်** ဟူရာ၌ အရိယသစ္စာတို့ကို အကျယ်ပြတော်မူသော မြတ်စွာဘုရားသည်[၁] –

"ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ မရဏမ္ပိ ဒုက္ခံ၊ သောကပရိဒေဝဒုက္ခဒေါမနဿုပါယာသာပိ ဒုက္ခာ၊ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ [၁၂၉] ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ယမ္ပိစ္ဆံ န လဘတိ တမ္ပိ ဒုက္ခံ၊ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ = ဘဝအသစ်ဖြစ်ခြင်းသည်လည်း ဆင်းရဲပေတည်း၊ အိုခြင်းသည်လည်း ဆင်းရဲပေတည်း၊ သေခြင်းသည်လည်း ဆင်းရဲပေတည်း၊ စိုးရိမ်ပူဆွေးခြင်း, ငိုကြွေးခြင်း, ကိုယ်ဆင်းရဲခြင်း, စိတ်နှလုံးမသာခြင်း, ပြင်းစွာပူပန်ရခြင်းတို့သည်လည်း ဆင်းရဲတို့ပေတည်း၊ မချစ်အပ် - မုန်းအပ်သော ပုဂ္ဂိုလ်ဝတ္ထုတို့နှင့် ပေါင်းဖက်ယှဉ်တွဲနေရခြင်းသည်လည်း ဆင်းရဲပေတည်း၊ ချစ်ခင်နှစ်သက်အပ်သော ပုဂ္ဂိုလ်ဝတ္ထုတို့နှင့် ကွဲကွာရခြင်းသည်လည်း ဆင်းရဲပေတည်း၊ လိုချင်ပါလျက် အကြောင်အရာကို မရ၊ ထိုလိုချင်တာကို မရခြင်း-မရနိုင်တာကို လိုချင်ခြင်းသည်လည်း ဆင်းရဲပေတည်း၊ အကျဉ်းအားဖြင့် ငါးပါးကုန်သော ဥပါဒါနက္ခန္ဓာတို့သည် ဆင်းရဲတို့ပေတည်း" ဟု ဒုက္ခကို အကျယ်ပြရာ၌ ၁၂-ပါးသော တရားတို့ကိုငှင်း၊

"ယာယံ တဏှာ ပေါနောဗ္ဘဝိကာ နန္ဒိရာဂသဟဂတာ တတြတတြာဘိနန္ဒိနီ။ သေယျထိဒံ-ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ = အကြင်တဏှာသည် တဖန် ဘဝသစ်ကို ဖြစ်စေတတ်၏ နှစ်သက်တပ်စွဲခြင်းနှင့်တကွဖြစ်၏ ဝါ- နှစ်သက်တပ်စွဲခြင်းသဘော

---

မှတ်ချက်

၁ – မြတ်စွာဘုရားသည်....အကြောင်တရားတို့ကို ဟောတော်မူ၏-ဟု စပ်ပါ။

http://www.dhammadownload.com



ရှိ၏ ထိုထိုဖြစ်ရာရာဘဝ ရရာရာအာရုံ၌ နှစ်သက်ပျော်မွေ့တတ်၏။ ၎င်းသည် အဘယ်နည်း- ကာမတဏှာ လိုချင်စရာကာမဂုဏ်ကို လိုချင်နှစ်သက်မှု, ဘဝတဏှာ - အမြဲရှိသည့်အနေဖြင့် ဘဝကို လိုချင် နှစ်သက်မှု, ဝိဘဝတဏှာ-သေပြီးနောက် အလိုလို ဘဝပြတ်စဲခြင်းကို လိုချင်နှစ်သက်မှု-ဤသုံးပါးပင်တည်း" ဟု သမုဒယကို အကျယ် ပြရာ၌ သုံးပါးအပြားရှိသော တဏှာကိုငင်း၊

"ယော တဿာယေဝ တဏှာယ အသေသဝိရာဂနိရောဓော စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိ အနာလယော= ထိုတဏှာ၏ပင်လျှင် အကြွင်းမဲ့ပျက်ပြယ်ခြင်း ချုပ်ခြင်း (၎င်းကို) စွန့်ခြင်း ဝေးစွာ စွန့်ခြင်း လွတ်လိုက်ခြင်း (၎င်းဖြင့်) မတွယ်တာခြင်း ဝါ-မတွယ်- တာရာဟူသော အကြင်သဘောသည် ရှိ၏၊ (ဤသဘောသည် နိရောဓပေတည်း)" ဟု နိရောဓကို အကျယ်ပြရာ၌ သဘောတရား ကိုယ်အားဖြင့် တပါးတည်းသာဖြစ်သော နိဗ္ဗာန်ကိုငင်း၊

"ကတမံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ၊ အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ။ သေယျထိဒံ-သမ္မာဒိဋ္ဌိ။ပ။ သမ္မာ သမာဓိ = ဒုက္ခနိရောဓသို့ ဆိုက်ရောက်သော အကျင့်ဖြစ်သော အရိယသစ္စာသည် အဘယ်နည်း၊ အင်္ဂါရှစ်ပါးရှိသော ဤအရိယမဂ် ပင်တည်း။၎င်းသည် အဘယ်နည်း-သမ္မာဒိဋ္ဌိ-မှန်စွာမြင်ခြင်း၊သမ္မာ- သင်္ကပ္ပေါ မှန်စွာကြံခြင်း၊ သမ္မာဝါစာ-မှန်စွာပြောခြင်း၊ သမ္မာကမ္မ- န္တော-မှန်စွာပြုခြင်း၊ သမ္မာအာဇီဝေါ-မှန်စွာအသက်မွေးခြင်း၊သမ္မာ ဝါယာမော-မှန်စွာအားထုတ်ခြင်း၊ သမ္မာသတိ-မှန်စွာအမှတ်ရခြင်း၊ သမ္မာသမာဓိ-မှန်စွာစူးစိုက်တည်ကြည်ခြင်းတို့ပေတည်း"ဟု မဂ္ဂကို အကျယ်ပြရာ၌ ရှစ်ပါးသောတရားတို့ကိုငင်း၊

http://www.dhammadownload.com



ဤသို့အားဖြင့် သစ္စာလေးပါးတို့ကို အကျယ်ပြရာ၌ ဇာတိအစရှိကုန်သော အကြောင်တရားတို့ကို ဟောတော်မူ၏၊ ထိုဇာတိအစရှိသောတရားတို့ကို ဆုံးဖြတ်သောအားဖြင့်လည်း ဤသစ္စာတို့၌ အဆုံးအဖြတ်ကို သိအပ်၏။

## ဒုက္ခကို အကျယ်ပြဆိုချက်
## ဇာတိကို အကျယ်ပြချက်

၎င်းအဆုံးအဖြတ်ကား အဘယ်နည်း- ဤဇာတိသဒ္ဒါသည် များသော အနက်ရှိ၏။ ခွဲပြရလျှင် ဤဇာတိသဒ္ဒါသည် "(ဧကမ္ပိ ဇာတိံ) တခုသော ဘဝကိုရင်း (ဒွေပိ ဇာတိယော) နှစ်ခုသောဘဝတို့ကိုရင်း" ဟူသောပါဠိ၌ ဘဝကို ဟော၏[၁]။ "ဝိသာခါ၊ နိဂဏ္ဌမည်သော (သမဏဇာတိ) ရဟန်းမျိုးသည် ရှိ၏" ဟူသော ဤပါဠိ၌ အယူအကျင့်တူသော ရဟန်းအပေါင်း နိကာယကိုဟော၏။ "ဇာတိကို ၂-ပါးသော ခန္ဓာတို့ဖြင့် ရေတွက်အပ်၏" ဟူသော ဤပါဠိ၌ ဖြစ်ခြင်း-ဥပါဒ်ဟူသော သင်္ခတလက္ခဏာကို ဟော၏။ "အမိဝမ်းထဲ၌ ရှေးဦးစွာသော အကြောင်စိတ်သည် ဖြစ်၏ ရှေးဦးစွာသော အကြောင်ဝိညာဏ်သည် ထင်ရှားဖြစ်ပေါ်၏၊ ထိုစိတ်ဖြစ်ပေါ်ခြင်းကို စွဲ၍ ရှေးဦးစွာဖြစ်သော ထိုစိတ်သည်ပင်လျှင် ထိုပုဂ္ဂိုလ်၏ (ဇာတိ) ပဋိသန္ဓေပေတည်း" ဟူသော ဤပါဠိ၌ ပဋိသန္ဓေကို ဟော၏။ "အာနန္ဒာ၊ (သမ္ပတိဇာတော) ယခုပင် ဖွားမြင်သော[၂] ဝါ-ဖွားမြင်ပြီးစဖြစ်သော ဘုရား

---

မှတ်ချက်

၁-ဘဝေ အာဂတော- "ဘဝ၌ လာ၏"ဟု ပြန်သင့်ရာ၌ သုတနည်းသူတို့ နားလည်လွယ်စေရန် "ဘဝကို ဟော၏"ဟု ပရိယာယ်တပါးဖြင့် ပြောင်းလဲ၍ ပြန်သည်၊ နောက်၌လည်း အလားတူပုဒ်တို့ကို နည်းတူပင် ပြန်ထားသည်။

၂-ဤ၌ ဇာတ၏ အနက်ကိုပင် အရတူသောကြောင့် ဇာတိ၏ အနက်ဟု ဆိုသည်။

http://www.dhammadownload.com



အလောင်းတော်သည်(ညီညွတ်သောခြေတို့ဖြင့် မြေ၌တည်၍ မြောက်အရပ်သို့ ရှေးရှု ခုနစ်လှမ်းသွား၏)"ဟူသော ဤပါဠိ၌ ဖွားမြင်ခြင်းကို ဟော၏။ "အမျိုးဇာတ်ကိုစွဲ၍ ပြောဆိုခြင်း(ဇာတိဝါဒ)ဖြင့် မပစ်ပယ်အပ် မရှုတ်ချမဆဲရေးအပ်"ဟူသော ဤပါဠိ၌ (ကုလ)အမျိုးကို ဟော၏။ "နှမအရှယ်သူငယ်မ၊ အကြင်အခါမှစ၍ ငါသည် မြတ်သောရဟန်းအဖြစ် ဟူသော အရိယဇာတိဖြင့် ဖြစ်ခဲ့၏"ဟူသော ဤပါဠိ၌ အရိယသီလကို ဟော၏။

၅၃၈။ ထိုဇာတိသဒ္ဒါသည် ဤဒုက္ခသစ္စာကိုအကျယ်ပြရာ၌ အမိဝမ်း၌ ကိန်းအောင်းရကုန်သော သတ္တဝါတို့အား ပဋိသန္ဓေတည်သည်မှစ၍ အမိဝမ်းမှ ထွက်သည်တိုင်အောင် ဖြစ်ကုန်သော ခန္ဓာတို့ကို[၁] ဟော၏။ ဤမှ တပါးကုန်သော သံသေဒဇ ဥပပါတ်သတ္တဝါတို့အား ပဋိသန္ဓေခန္ဓာတို့ကိုသာလျှင်[၂] ဇာတိသဒ္ဒါက ဟောသည်ဟု မှတ်အပ်၏။ ဤအဆိုသည်လည်း ပရိယာယ်စကားသာတည်း။ မုချအားဖြင့်မူကား ထိုထိုဘဝ၌ ဖြစ်ကုန်သော သတ္တဝါတို့အား အကြင် အကြင် ငါးပါး လေးပါး တပါးသောခန္ဓာတို့သည် ထင်ရှားဖြစ်ပေါ်ကုန်၏၊ ထိုထို ငါးပါး လေးပါး တပါးသောခန္ဓာတို့၏ ရှေးဦးစွာ ထင်ရှားဖြစ်ပေါ်ခြင်းသည် ဇာတိ-ဘဝအသစ်ဖြစ်ခြင်း မည်၏[၃]။

---

မှတ်ချက်

၁–ဤ၌လည်း ခန္ဓာတို့၌-ဟု ပြန်သင့်ရာ၌ သိလွယ်စေရန် အထက်ပါအတိုင်း ပြန်သည်။

၂–တခုသော ဘဝ၌ ရှေးဦးစွာ ဖြစ်သော ရုပ် နာမ်ခန္ဓာတို့ကို ပဋိသန္ဓေခန္ဓာတို့ဟု ဆိုသည်၊ ဤအဆိုသည်လည်း မုချမဟုတ်သေး၊ ထို့ကြောင့် အခြားမဲ့၌ ဆက်၍ ရှင်းပြသည်။

၃–တခုသောဘဝ၌ ရှေးဦးစွာ ဖြစ်ကြသော ခန္ဓာတို့၏ ဖြစ်ဆဲ-ဥပါဒ်သည်သာလျှင် မုချအားဖြင့် ဇာတိ-အသစ်ဖြစ်ခြင်း မည်သည်ဟု ပြ၏။

http://www.dhammadownload.com



[၁၃၀] ဘဝအသစ်ဖြစ်ခြင်းဟူသော ထိုဇာတိသည် ထိုထိုခန္ဓာငါးပါးရှိ လေးပါးရှိ တပါးရှိသောဘဝ၌ ရှေးဦးစွာဖြစ်ပေါ်ခြင်း လက္ခဏာရှိ၏၊ (ထိုတဘဝလုံးဆိုင်ရာ ခန္ဓာတို့ကို ထိုသတ္တဝါအား) အပ်နှင်းခြင်းကိစ္စ ရှိ၏၊ အတိတ်ဘဝမှ ဤပစ္စုပ္ပန်ဘဝ၌ ပေါ်လာသည့်အနေဖြင့် ဉာဏ်အား ရှေးရှု ထင်၏၊ တနည်း ဆန်းကြယ်သော ဒုက္ခအပေါင်းကို ရှေးရှုဖြစ်စေတတ်၏။

၅၃၉။ ဤဘဝအသစ်ဖြစ်ခြင်း - ဇာတိသည် အဘယ့်ကြောင့် ဒုက္ခ- ဆင်းရဲမည်ပါသနည်း ဟူမူ- များစွာကုန်သော ဆင်းရဲတို့၏ တည်ရာ အကြောင်းဖြစ်သောကြောင့် ပေတည်း။ ချဲ့၍ပြအံ့–ဆင်းရဲဒုက္ခတို့သည် များစွာရှိကုန်၏၊ ၎င်းတို့မှာ အဘယ်သည်တို့နည်းဟူမူ - (၁) ဒုက္ခဒုက္ခ၊ (၂) ဝိပရိဏာမဒုက္ခ၊ (၃) သင်္ခါရဒုက္ခ၊ (၄) ပဋိစ္ဆန္နဒုက္ခ၊ (၅) အပ္ပ- ဋိစ္ဆန္နဒုက္ခ၊ (၆) ပရိယာယဒုက္ခ၊ (၇) နိပ္ပရိယာယဒုက္ခ- ဤ(၇)မျိုးတို့ ပေတည်း

(၁) ထို(၇)မျိုးတို့တွင် ကိုယ်ထဲ၌ဖြစ်သော မခံသာမှုဆင်းရဲ စိတ်ထဲ၌ ဖြစ်သော မခံသာမှုဆင်းရဲကို ခံစားမှုသဘောအားဖြင့် ဒုက္ခ-ဆင်းရဲသော ကြောင့်၎င်း, သူ့အမည်အားဖြင့် ဒုက္ခ-ဆင်းရဲမည်သောကြောင့်၎င်း ဒုက္ခ ဒုက္ခ(ဆင်းရဲသည့်ဆင်းရဲ)ဟု ဆိုအပ်၏။

(၂) သုခဝေဒနာသည် ဖောက်ပြန်ပျောက်ကွယ်ခြင်းဖြင့် ဆင်းရဲ ဖြစ်ခြင်း၏ အကြောင်းဖြစ်သောကြောင့် ဝိပရိဏာမဒုက္ခမည်၏[၁]။

---

မှတ်ချက်

၁–သုခဝေဒနာသည် သူပျောက်ကွယ်သွားသောအခါ သူ့ကို အောက်မေ့၍ မနေသာမှုကို ဖြစ်စေတတ်၏၊ ဥပမာ ပစ္စည်းပေါများသောသူမှာ ထိုပစ္စည်း များ ပျောက်ပျက်သွားလျှင် ဆင်းရဲရသကဲ့သို့၎င်း၊ သား မယားစသည် အခြွေအရံဖြင့် ချမ်းသာနေသောသူမှာ ထိုအခြွေအရံများ ပျက်စီးကွဲကွာ

http://www.dhammadownload.com



(၃) ဥပေက္ခာဝေဒနာသည်ငှင်း ကြွင်းသော တေဘူမကသင်္ခါရတရား တို့သည်ငှင်း¹ ဖြစ်ခြင်းပျက်ခြင်းက မပြတ်နှိပ်စက်(အပ်)သောကြောင့် သင်္ခါရဒုက္ခမည်၏²။

(၄) နားကိုက်ခြင်း သွားနာခြင်း ရာဂကြောင့်ဖြစ်သော ပူလောင် ခြင်း ဒေါသကြောင့်ဖြစ်သော ပူလောင်ခြင်း အစရှိသော ကိုယ်ထဲ စိတ်ထဲ၌ ဖြစ်သော ကျင်နာခံခက် နှိပ်စက်ခြင်းသဘောသည် မေးကြည့်မှ သိနိုင် သောကြောင့်ငှင်း, နှိပ်စက်မှုဗျာပါရ၏ မထင်ရှားခြင်းကြောင့်ငှင်း ပဋိစ္ဆန္န (ဖုံးကွယ်အပ်သော) ဒုက္ခမည်၏။ အပါကဋ(မထင်ရှားသော)ဒုက္ခဟူ၍ လည်း ဆိုအပ်၏။

(၅) ကမ္မကာရဏာခေါ် ၃၂-ပါးသော ညှဉ်းဆဲမှုတို့ကြောင့်ဖြစ်သော နာကျင်ခြင်းသည် မမေးပဲပင် သိနိုင်သောကြောင့်ငှင်း, နှိပ်စက်မှုဗျာပါရ၏ ထင်ရှားခြင်းကြောင့်ငှင်း အပ္ပဋိစ္ဆန္နဒုက္ခမည်၏၊ ပါကဋဒုက္ခဟူ၍လည်း ဆိုအပ်၏။

(၆) ဒုက္ခဒုက္ခကို ချန်ထား၍ ကြွင်းသော သစ္စဝိဘင်း၌ လာသော ဇာတိအစရှိသော ဆင်းရဲအားလုံးသည် ထိုထိုကိုယ်စိတ်ဆင်းရဲ၏ တည်ရာ အကြောင်းဝတ္ထုဖြစ်သောကြောင့် ပရိယာယဒုက္ခ-ပရိယာယ်ဆင်းရဲမည်၏။

---

မှတ်ချက်

သွားလျှင် ဆင်းရဲရသကဲ့သို့ငှင်း ဖြစ်သည်၊ ထို့ကြောင့် ဝိပရိဏာမဒုက္ခဟု ဆိုသည်။

၁-၂--ကာမဘုံ ရူပဘုံ အရူပဘုံဟူသော ဘုံသုံးပါးတို့၌ အတွင်းဝင်သော ရုပ် နာမ်တရားတို့ကို တေဘူမကသင်္ခါရတရားဟု ခေါ်သည်။ ဤအရာ၌ သုခ နှင့် ဒုက္ခတို့ကို အသီးအခြားဒုက္ခများအဖြစ် ပြထားသော်လည်း ၎င်းတို့ သည် ဖြစ်ခြင်း ပျက်ခြင်း၏ အနှိပ်စက်ခံကြရသောကြောင့် ဤသင်္ခါရ- ဒုက္ခ၌ အတွင်းဝင်ကြသည်သာ။

http://www.dhammadownload.com



(၇) ဒုက္ခဒုက္ခကိုမူ နိပ္ပရိယာယဒုက္ခ-မုချဆင်းရဲဟု ဆိုအပ်၏။

ထိုဆင်းရဲတို့တွင်[၁] ဤဇာတိသည်[၂] ဗာလပဏ္ဍိတသုတ်စသည်တို့၌ မြတ်စွာဘုရားသည်သော်လည်း[၃] မီးကျီးတွင်းစသော ဥပမာတို့၏အစွမ်းအားဖြင့် ပြထားသော အကြင် အပါယ်ဆင်းရဲသည်လည်း ရှိ၏၊ သုဂတိ၌လည်း လူ့လောက၌ အမိဝမ်းသို့ သက်ရောက်ခြင်းလျှင် အရင်းခံရှိသည့် ဆင်းရဲစသည်အပြားရှိသော အကြင်ဆင်းရဲသည်လည်း ရှိ၏၊ ထိုဆင်းရဲအပေါင်း၏တည်ရာ အကြောင်းဝတ္ထုဖြစ်သောကြောင့် ဆင်းရဲမည်၏။

၅၄၀။ ထိုဆင်းရဲနှစ်မျိုးတို့တွင် ယခုပြမည့်ဆင်းရဲသည် အမိဝမ်းသို့ သက်ရောက်ခြင်းလျှင် အရင်းခံရှိသည့် ဆင်းရဲစသည်အပြားရှိသော ဆင်းရဲဒုက္ခပေတည်း—ဤသတ္တဝါသည် အမိဝမ်း၌ဖြစ်လတ်သော် ဥပ္ပလကြာ ပဒုမ္မာကြာ ပုဏ္ဍရိက်ကြာစသည်တို့၌ ဖြစ်သည်မဟုတ်၊ စင်စစ်သော်ကား အစာသစ်အိမ်၏အောက် အစာဟောင်းအိမ် အူမကြီး၏အထက် ဝမ်းရေလွှာနှင့် ကျောက်ဆူးရိုးတို့၏အလယ် အလွန်ကျဉ်းစွာသော ထူထဲသည့် အမိုက်တိုက်ဖြစ်သော အမျိုးမျိုးသော အပုပ်အညှီနံ့တို့ဖြင့် ထုံအပ်သည်ဖြစ်၍ အလွန်ဆိုးသောအနံ့ရှိသည့် လေတို့၏သွားလာရာဖြစ်သော အလွန်စက်ဆုပ်ဖွယ်ကောင်းသော ဝမ်းအရပ်၌ ငါးပုပ် မုံ့သိုး တံစီးအိုင် စသည်

---

မှတ်ချက်

၁–ထိုဆင်းရဲတို့တွင် ... ဝတ္ထုဖြစ်သောကြောင့်-ဟု စပ်ပါ။ ပရိယာယဒုက္ခဖြစ်သောကြောင့်ဟု ဆိုလိုသည်။

၂–ဤဇာတိသည်....ဝတ္ထုဖြစ်သောကြောင့် ဆင်းရဲမည်၏-ဟု စပ်ပါ။

၃–မြတ်စွာဘုရားသည်သော်လည်း အပါယ်ဆင်းရဲတို့ကို ကုန်အောင် မဟောနိုင်၊ ဥပမာဖြင့်သာ ဟောတော်မူရသည်-ဟူသောအနက်ကို "သော်လည်း" ဟူသော စကားဖြင့် ပြ၏။

http://www.dhammadownload.com



တို့၌ ပိုးလောက်ကဲ့သို့ ဖြစ်ရ၏။ ထိုသတ္တဝါသည် ယင်းအမိဝမ်း၌ ဖြစ်ပြီး လတ်သော် ဆယ်လတို့ပတ်လုံး အမိဝမ်း၌ဖြစ်သည့် အပူငွေ့ဖြင့် ဖက်ထုပ်မုံ့ ကျက်ကဲ့သို့ ကျက်ရလျက် မုံ့ညက်စိုင်ကဲ့သို့ ပြုတ်ဖျော့ခံရလျက် ကွေးခြင်း ဆန့်ခြင်း စသည်ကင်းလျက် လွန်ကဲစွာသော ဆင်းရဲကို ခံစားရ၏။ ဤ သည်ကား ရှေးဦးစွာ အမိဝမ်းသို့ သက်ရောက်ခြင်းလျှင် အရင်းခံရှိသော ဆင်းရဲပေတည်း။

[၁၃၁] ထို့ပြင် ထိုသူငယ်သည် မိခင်၏ ရုတ်တရက် ချော်လဲခြင်း (ရုတ်တရက်)သွားခြင်း ထိုင်ခြင်း ထခြင်း ပြန်လှန်ခြင်းစသည်တို့၌ သေ သောက်ကြူး၏ လက်သို့ရောက်သော သိုးငယ်ကဲ့သို့ရင်း, အလမ္ပာယ်၏လက် သို့ရောက်သော မြွေငယ်ကဲ့သို့ရင်း ရှေးရှုဆွဲငင်ခြင်း ပတ်လည်ဆွဲငင်ခြင်း အောက်သို့ခါချခြင်း ဘေးသို့ခါခြင်းစသည်နှင့်တူသော အမူအရာဖြင့် လွန်ကဲ စွာသော ဆင်းရဲကို ခံစားရ၏။ ထို့ပြင် မိခင်က ရေအေးကို သောက်သော ကာလ၌ လောကန္တရိက်ခေါ် ရေအေးငရဲ၌ ဖြစ်ရသကဲ့သို့ရင်း,(မိခင်က) ပူသော ဆန်ပြုတ် ထမင်းစသည်ကို စားမျိုးသောကာလ၌ မီးကျီးမိုးဖြင့် ပြွမ်း သကဲ့သို့ရင်း,(မိခင်က)အငန် အချဉ် စသောအစာကို စားမျိုသောကာလ၌ ပဲခွပ်ဖြင့် ရွှေ၍ အငန်ရေဖြင့် ပက်ဖျန်းနှိပ်စက်မှုစသော ကမ္မကာရဏာသို့ ရောက်ရသကဲ့သို့ရင်း ထက်မြက်ပြင်းထန်သော ဆင်းရဲကို ခံစားရ၏၊ ဤ သည်ကား ကိုယ်ဝန်ဆောင်ခြင်းလျှင် အရင်းခံရှိသော ဆင်းရဲပေတည်း။

ထို့ပြင် ထိုသူငယ်၏ မိခင်မှာ ကိုယ်ဝန်ဖောက်ပြန်၍ မီးမဖွားနိုင်သဖြင့်[၁] မိတ်ဆွေ အပေါင်းအဖော် ချစ်ကျွမ်းဝင်သူတို့သည်သော်လည်း မကြည့်ရှု

မှတ်ချက်

၁-ထိုသူငယ်အား တွေ့ဝေသော ကိုယ်ဝန်ရှိသော မိခင်၏-ဟု ပြန်သင့်ရာ၌ သိလွယ်စေရန် အထက်ပါအတိုင်း ပြင်၍ ပြန်ထားသည်။ မီးမဖွါးနိုင်သဖြင့် သားအိမ်ဌာန၌ ဖြတ်ခြင်း ခွဲခြင်း-ဟု စပ်ပါ။

http://www.dhammadownload.com



မမြင်ထိုက်သော ဆင်းရဲဖြစ်ရာ သားအိမ်ဌာနၶ ဖြတ်ခြင်း ခွဲခြင်းစသည်တို့ကြောင့် (ထိုသူငယ်အား) အကြင် ဆင်းရဲသည်ဖြစ်၏၊ ဤဆင်းရဲသည် ကိုယ်ဝန်ပျက်ခြင်းလျှင် အရင်းခံရှိသော ဆင်းရဲပေတည်း။

ထို့ပြင် ဖွားမြင်သောမိခင်၏ ကမ္မဇလေတို့က ဇောက်ထိုးပြန်လှန်၍ အလွန်ကြောက်ဖွယ်ကောင်းသော နရက်ချောက်သို့ ကျစေသကဲ့သို့ မိခင်၏ ယောနိလမ်းကြောင်းသို့ ကျစေအပ်သည်ဖြစ်၍ အလွန်ကျဉ်းမြောင်းသော ယောနိဝဖြင့် ဆွဲငင်အထုတ်ခံရသော သူငယ်အား အကြင် ဆင်းရဲသည် ဖြစ်၏၊ ဥပမာအားဖြင့် သံကောက်ပေါက်ဖြင့် ဆွဲငင်ခံရသော ဆင်ကြီးအား ဆင်းရဲဖြစ်သကဲ့သို့ရင်း, ကြိတ်ချေတတ်သော (သင်္ဃာတ) တောင်တို့ဖြင့် မှုန့်မှုန့်ကြေအောင် အကြိတ်ခံရသော ငရဲသားအား ဆင်းရဲဖြစ်သကဲ့သို့ရင်း ပင်တည်း၊ ဤဆင်းရဲသည် ဖွားမြင်ခြင်းလျှင် အရင်းခံရှိသော ဆင်းရဲ ပေတည်း။

ထိုမှတပါး ဖွားမြင်ပြီးစ သူငယ်၏ ကိုယ်သည် အလွန် နူးညံ့သိမ်မွေ့၏၊ အသားနုတက်စ အမာနှင့်တူ၏၊ ထိုသို့သော သူငယ်အား[၁] လက်ဖြင့် ကိုင်ခြင်း ရေချိုးပေးခြင်း အညစ်အကြေးရှိရာ၌ ဆေးကြောခြင်း အဝတ်ဖြင့် သုတ်ခြင်း အစရှိသော ကာလ၌ အပ်ဖျား သင်ဓုန်းသွားတို့ဖြင့် ထိုးခြင်း ခွဲခြင်းနှင့်တူသော အကြင် ဆင်းရဲသည် ဖြစ်၏၊ ဤဆင်းရဲသည် အမိဝမ်းမှ အပြင်သို့ထွက်ခြင်းလျှင် အရင်းခံရှိသော ဆင်းရဲပေတည်း။

ထိုမှနောက် ပဝတ္တိကာလ၌[၂] (စိုးရိမ်ပူဆွေးခြင်း ငိုကြွေးခြင်း ခေါင်းကို ထုခြင်းစသည်ဖြင့်) ကိုယ့်ကိုယ်ကို ကိုယ်တိုင်ပင် နှိပ်စက်သောသူအားရင်း

---

မှတ်ချက်

၁—ဤ၌လည်း သိလွယ်စေရန် အနည်းငယ်ပြင်၍ ပြန်ထားသည်။

၂—ပဋိသန္ဓေစိတ်၏ အခြားမဲ့၌ ပဌမဘဝင်စိတ်မှစ၍ စုတိတိုင်အောင် တဘဝ လုံး ဝိပါက် ရုပ်နာမ်ခန္ဓာတို့၏ မူလရင်းကံကြောင့် ဖြစ်မြဲပင် မပြတ်ဖြစ်ရာ

http://www.dhammadownload.com



အစေလကအကျင့်စသည်၏ အစွမ်းအားဖြင့်[၁] ပူပန်စေသော အားထုတ်မှု အလွန်ပူပန်စေသော အားထုတ်မှုကို[၂] အားထုတ်သောသူအားရင်း, အမျက် ဒေါသ၏အစွမ်းအားဖြင့် မစားပဲနေသောသူအားရင်း, ကြိုးဆွဲချသူအားရင်း အကြင် ဆင်းရဲသည် ဖြစ်၏၊ ဤဆင်းရဲသည် မိမိ၏ပယောဂလျှင် အရင်းခံ ရှိသော ဆင်းရဲပေတည်း။ သူတပါးထံမှ ဝါ-သူတပါးကပြုသော သတ်ခြင်း နှောင်ဖွဲ့ခြင်းစသည်တို့ကို ခံစားရသောသူအား အကြင် ဆင်းရဲသည်ဖြစ်၏၊ ဤဆင်းရဲသည် သူတပါး၏ပယောဂလျှင် အရင်းခံရှိသော ဆင်းရဲပေတည်း။ ဤတွင်တရပ်။

ယခု ပြဆိုခဲ့သည့်အတိုင်း ဘဝအသစ် ဖြစ်ခြင်းဟူသော ဤဇာတိသည် ဤဆိုခဲ့သော ဆင်းရဲအားလုံး၏ တည်ရာအကြောင်းဝတ္ထု ကေန်ပင်ဖြစ်၏။

၅၄၁။ ထို့ကြောင့် အောက်ပါ ဂါထာအပေါင်းကို ဆိုအပ်၏။

"သတ္တဝါသည် ငရဲဘုံတို့၌ အကယ်၍မဖြစ်ပါမူ ထိုငရဲ၌ မီးလောင် ခြင်းစသည်ကြောင့် ဖြစ်သော သည်းမခံနိုင်လောက်သော ဆင်းရဲ ကို အဘယ်၌ တည်၍ ရနိုင်အံ့နည်း၊ (ငရဲ၌ဖြစ်ခြင်းဟူသော တည်ရာ

---

မှတ်ချက်

ကာလကို ပဝတ္တိကာလ-ဟု ခေါ်သည်။ ဤ၌ကား ဖွါးမြင်ပြီးသည်မှ နောက်ကာလကို ပဝတ္တိကာလဟု ဆိုသည်။

၁–အစေလကကျင့်ဝတ်ဟူသည် အဝတ်မဝတ်ပဲ ကိုယ်တုံးလုံးနေခြင်း တရက် ခြား နှစ်ရက်ခြား စသည်ဖြင့် စားခြင်း ခုနစ်ရက်ခြားစားခြင်း စသည်ပင်၊ ယင်းကျင့်ဝတ်ကို ဘုရားလက်ထက်က နိဂဏ္ဌပရိဗိုဇ်တို့ ကျင့်ကြ၏၊ ယခု ခေတ်၌ ဂျိန်းဘာသာဝင်တို့ ကျင့်ကြ၏။

၂–ပရိတာပနာနုယောဂ၏ အနက်ဖြစ်သည်၊ အလွန်အကျံ့ ကျင့်သည်ကို ယူအပ်၏။

http://www.dhammadownload.com



မရှိလျှင် ထိုဆင်းရဲကို မရနိုင်ဟု ဆိုလို၏) ထို့ကြောင့် မြတ်စွာဘုရားသည် ဤ ဒုက္ခသစ္စာအရာ၌ ဇာတိကို ဒုက္ခ-ဟု ဟောတော်မူပေသည်။

[၁၃၂] တိရစ္ဆာန်ဘုံတို့၌ ကြိမ်လုံး,နှင်တံ,ဒုတ်တို့ဖြင့် ရိုက်နှက်ခြင်းစသည်ကြောင့် ဖြစ်သော များစွာသော အကြင်ဆင်းရဲသည် ရှိ၏၊ ထိုဆင်းရဲသည် ထိုဘုံ၌ ဖြစ်ခြင်းဇာတိနှင့် ကင်း၍ ထိုဘုံ၌ အဘယ်သို့ ဖြစ်နိုင်အံ့နည်း၊ ထို့ကြောင့်လည်း ဇာတိသည် ဆင်းရဲဒုက္ခမည်ပေသည်။

ထိုမှတပါး ပြိတ္တာဘုံတို့၌ ဆာလောင်ခြင်း, ရေငတ်ခြင်း, လေ, နေပူစသည်တို့ကြောင့် ဖြစ်သော အံ့ဩစဖွယ်ဆန်းကြယ်များပြားသော ဆင်းရဲသည် ထိုဘုံ၌ မဖြစ်သောသူအား မရှိပေ၊ ထို့ကြောင့်လည်း မြတ်စွာဘုရားသည် ဇာတိကိုဒုက္ခဟု ဟောတော်မူပေသည်။

ထူထဲသော အမိုက်တိုက်ရှိသော သည်းမခံနိုင်အောင် အေးလှသည့်ရေရှိသော လောကန္တရိက်ငရဲ၌၎င်း, အသုရကာယ်ဘုံတို့၌၎င်း အကြင်ဆင်းရဲသည် ရှိ၏၊ ထိုဆင်းရဲသည် ထိုဘုံတို့၌ မဖြစ်ပါမူ မဖြစ်နိုင်သည်သာ၊ ထို့ကြောင့်လည်း ဤဇာတိသည် ဆင်းရဲဒုက္ခမည်ပေသည်။

ထို့ပြင်လည်း ဘင်ပုပ်ငရဲ၌ကဲ့သို့ အမိဝမ်းတိုက်၌ ကြာမြင့်စွာနေရစဉ်၌၎င်း, ထိုအမိဝမ်းတိုက်မှ အပြင်သို့ထွက်ရစဉ်၌၎င်း သတ္တဝါသည် အလွန်ကြမ်းကြုတ်သော ဆင်းရဲသို့ ရောက်ရ၏၊ ဤဆင်းရဲသည်လည်း အစဖြစ်မှု-ဇာတိနှင့် ကင်း၍ မရှိသည်သာ၊ ဤအကြောင်းကြောင့်လည်း ဤဇာတိသည် ဆင်းရဲဒုက္ခ ကေန်ပင်မည်ပေသည်။

http://www.dhammadownload.com



"များစွာသောစကားဖြင့် အဘယ်အကျိုးရှိအံ့နည်း(ဝါ-များစွာ ပြောဆိုရန် မလိုပါ) ဤလောကဝယ် တစုံတခုသော အရပ်၌ တစုံ တခုသော်လည်း ဖြစ်သော အကြင်ဆင်းရဲသည် ရှိ၏၊ ဤဆင်းရဲ သည်လည်း ဖြစ်မှုဇာတိကင်းလျှင် တရံတခါမျှ မရှိနိုင်သည်သာ မဟုတ်ပါလော၊ ဤအကြောင်းကြောင့် မြတ်စွာဘုရားသည် အား လုံးတို့၏ ရှေးဦးစွာ ဤဇာတိကို ဒုက္ခဟု ဟောတော်မူပေသည်" ဟူ၍ပင်တည်း။

ဤဆိုခဲ့သော စကားသည် ရှေးဦးစွာ ဇာတိ၌ အဆုံးအဖြတ်ပေတည်း။

## ဇရာကို အကျယ်ပြချက်

၅၄၂။ **ဇရာပိ ဒုက္ခာ** ဟူသော ဤစကား၌ အိုခြင်း-ဇရာသည် ၂-ပါး အပြားရှိ၏၊ တည်ဆဲခဏ-ဌီဟူသော သင်္ခတလက္ခဏာသည်လည်း ဇရာမည် ၏၊ သွားကျိုးခြင်း(ဆံဖြူခြင်း, အရေတွန့်ခြင်း)စသည်ဖြင့် သမုတ်အပ်သော ခန္ဓာအစဉ်သန္တာန်၌ တဘဝတည်း၌ အတွင်းဝင်သော ခန္ဓာတို့၏ ရင့်ယော် ဟောင်းနွမ်းသည်၏ အဖြစ်သည်လည်း ဇရာမည်၏၊ ခန္ဓာတို့၏ ရင့်ယော် ဟောင်းနွမ်းသည်၏ အဖြစ်ဟူသော ထိုဇရာကို ဤအရာ၌ ဆိုလိုအပ်ပေသည်။ ထိုဇရာသည် ခန္ဓာတို့၏ ရင့်ကျက်ခြင်းလက္ခဏာရှိ၏၊ သေခြင်းဆီသို့ဆောင်ပို့ ခြင်းကိစ္စရှိ၏၊ပျိုနုသော အရွယ်၏ ပျက်စီးခြင်းသဘောဟု ဉာဏ်အား ရှေးရှု ထင်၏။ သင်္ခါရဒုက္ခဖြစ်သောကြောင့်၎င်း, ကိုယ်စိတ်ဆင်းရဲ၏ တည်ရာ အကြောင်း ဝတ္ထုဖြစ်သောကြောင့်၎င်း ဆင်းရဲဒုက္ခ မည်၏။ [၁၃၃] ချဲ့၍ ပြရလျှင်—အင်္ဂါကြီးငယ်တို့၏ လျော့လျည်းခြင်း မျက်စိစသော ဣန္ဒြေတို့၏ မှုန်ထိုင်းဖောက်ပြန်ခြင်း ပိန်ချိင့်ရှုံ့တွ အဆင်းမလှခြင်း အရွယ်၏ ပျက်ခြင်း ခွန်အား ဆုတ်ယုတ် ပျက်စီးခြင်း သတိပညာ ကင်းကွာခြင်း သူတပါးတို့က အဖိုးကြီး အမယ်ကြီး စသည်ဖြင့် ရှုတ်ချ၍ ပြောဆိုခြင်း စသည် များသော အကြောင်းရှိသော အကြင်ကိုယ်ဆင်းရဲ စိတ်ဆင်းရဲသည် ဖြစ်၏၊ အိုခြင်း-

http://www.dhammadownload.com



ဇရာသည် ထိုဆင်းရဲ၏ တည်ရာအကြောင်း ဝတ္ထုပေတည်း။ ထို့ကြောင့် အောက်ပါ ဂါထာအပေါင်းကို ဆိုအပ်ပေသည်။

"ခြေလက်စသော ကိုယ်အင်္ဂါတို့၏ လျော့လျည်းခြင်းကြောင့်ရင်း, မျက်စိစသော ဣန္ဒြေတို့၏ မှုန်ထိုင်းဖောက်ပြန်ခြင်းကြောင့်ရင်း, ပျိုနုသောအရွယ်၏ ပျက်စီးခြင်းကြောင့်ရင်း, ခွန်အား၏ ဆုတ်ယုတ်ပျက်စီးခြင်းကြောင့်ရင်း,

သတိ စသည်တို့၏ ဝါ-သတိ သုတ ဝီရိယ ပညာစသည်တို့၏ ပျောက်ကွယ် ကင်းကွာခြင်းကြောင့်ရင်း, မိမိ၏ သား မယား (စသည်) တို့က အဖိုးကြီး သက်ကျားအို စသည်ဖြင့် မရှိမသေ စောင်းမြောင်း၍ မောင်းမဲ ပြည်တွန်ခံရခြင်းကြောင့်ရင်း, ထို့ပြင် သူငယ်အဖြစ်သို့ ရောက်ခြင်း ဝါ- သူငယ်ပြန်ခြင်းကြောင့်ရင်း,

အိုသောလူသည် ကိုယ်၌, စိတ်၌ ဖြစ်သော အကြင်ဆင်းရဲသို့ ရောက်ရ၏၊ ဤဆင်းရဲအားလုံးသည် အိုခြင်း-ဇရာကြောင့်ပင်တည်း။ထို့ကြောင့် အိုခြင်း-ဇရာသည် ဆင်းရဲ-ဒုက္ခမည်ပေသည်" ဟူ၍ပင်တည်း။

ဤဆိုခဲ့သောစကားသည် ဇရာ၌ အဆုံးအဖြတ်ပေတည်း။

## မရဏကို အကျယ်ပြချက်

၅၄၃။ **မရဏမ္ပိ ဒုက္ခံ** ဟူသော ဤစကား၌လည်း သေခြင်း-မရဏသည် ၂-ပါးအပြားရှိ၏၊ ပျက်ဆဲခဏ-ဘင်ဟူသော သင်္ခတလက္ခဏာသည်လည်း မရဏမည်၏၊ ယင်းကို ရည်၍ "ဇရာမရဏကို ၂-ပါးသော ခန္ဓာတို့ဖြင့် [1]

မှတ်ချက်

၁ — ရုပ်၏ ဇရာမရဏကို ရူပက္ခန္ဓာဖြင့်ရင်း၊ နာမ်ခန္ဓာလေးပါးတို့၏ ဇရာမရဏကို သင်္ခါရက္ခန္ဓာဖြင့်ရင်း ဤသို့ ၂-ပါးသော ခန္ဓာတို့ဖြင့် ရေတွက်အပ်သည်ဟု ဆိုလို၏။

http://www.dhammadownload.com



ရေတွက်အပ်၏''ဟု ဟောတော်မူပေသည်။ တဘဝတည်း၌ အတွင်းဝင်သော ဇီဝိတိန္ဒြေအစဉ်၏ ပြတ်စဲခြင်းသည်လည်း မရဏမည်၏၊ ယင်းကိုရည်၍ "သတ္တဝါတို့မှာ အမြဲပင် သေခြင်းဟူသော ကြောက်ဖွယ်ဘေးသည်ဖြစ်လျက်ရှိ၏''ဟု ဟောတော်မူပေသည်။ ဇီဝိတိန္ဒြေအစဉ် ပြတ်စဲခြင်းဟူသော ထိုသေခြင်း-မရဏကို ဤအရာ၌ ဆိုလိုအပ်၏။ ဘဝအသစ်ဖြစ်ခြင်းဇာတိဟူသော အကြောင်းကြောင့် သေခြင်း, သေကြောင်းပုံမှ ပယောဂကြောင့် သေခြင်း, သူ့အလိုလိုသေခြင်း, အသက်တမ်းကုန်၍ သေခြင်း, ကံစွမ်းကုန်၍ သေခြင်းဟူသော ဤအမည် အပေါင်းသည်လည်း ထိုဇီဝိတိန္ဒြေအစဉ်ပြတ်စဲခြင်း ဟူသော သေခြင်း၏ ပင်လျှင် အမည်ပေတည်း။ ထိုသေခြင်း-မရဏသည် ဘဝဟောင်းမှ စုတေရွေ့လျောခြင်းလက္ခဏာ ရှိ၏၊ သက်ဆိုင်ရာ သတ္တဝါ သခါရတို့နှင့် ကင်းကွာစေခြင်းကိစ္စ ရှိ၏၊ဖြစ်ဆဲဂတိမှ ကွေကွင်းသည့်အနေအားဖြင့် ဉာဏ်အား ရှေးရှုထင်၏။ ကိုယ်စိတ်ဆင်းရဲ၏ တည်ရာအကြောင်းဝတ္ထုဖြစ်သောကြောင့် ဆင်းရဲဒုက္ခ မည်သည်ဟု သိအပ်၏[၁]။ ထို့ကြောင့် အောက်ပါ ဂါထာအပေါင်းကို ဆိုအပ်ပေသည်။

"သေအံ့ဆဲဆဲဖြစ်နေသော မကောင်းမှုရှိသူမှာ အကုသိုလ်ကံ အကုသိုလ်ကမ္မနိမိတ် အကုသိုလ်၏အကျိုး အပါယ်ဂတိနိမိတ်ကို မပြတ် တွေ့မြင်နေသည် ဖြစ်၍ရင်း, သေအံ့ဆဲဆဲ ဖြစ်နေသော

---

မှတ်ချက်

၁–သဗ္ဗေ ဘာယန္တိ မစ္စုနော-ဟူသော ဒေသနာတော်နှင့်အညီ ဒေါသမကင်းသေးသောသူတိုင်း သေခြင်းကို ကြောက်ကြ၏။ ထိုသို့ ကြောက်ဖွယ်ကောင်း၍ အလိုမရှိအပ်သော သဘောဖြစ်သောကြောင့်လည်း မရဏ-သေခြင်းသည် ဒုက္ခမည်သည်ဟူ၍လည်း ဆိုသင့်၏။ ထို့အတူပင် အိုခြင်းကိုလည်း ကြောက်ဖွယ်ကောင်းသောကြောင့် ဒုက္ခမည်သည်ဟူ၍လည်း ဆိုသင့်၏။

http://www.dhammadownload.com



ကောင်းမှုရှိသူမှာ ချစ်ဖွယ်ဝတ္ထုနှင့်စပ်သော ကွေကွင်းခွဲခွါရခြင်းကို သည်းမခံနိုင်သည်ဖြစ်၍ရင်း အကြွင်စိတ်ဆင်းရဲသည် ဖြစ်၏။

မကောင်းမှုရှိသူ ကောင်းမှုရှိသူဟု မခွဲပဲ သာမည အားဖြင့် အလုံးစုံသော သူတို့မှာလည်း အစပ်အဖွဲ့တို့ကို ဖြတ်တတ်သော လေတို့က အသည်းနှလုံးစသော သေတွင်းအရပ်ကို ထိုးဆွနှိပ်စက်ခြင်းကို ခံရကုန်သည်ဖြစ်၍ အစပ်အဖွဲ့တို့ကို ဖြတ်ခြင်း စသည် ကြောင့်ဖြစ်သော ဝါ-အစပ်အဖွဲ့ စသည်တို့၏ ပြတ်ခြင်းကြောင့် ဖြစ်သော သည်းမခံနိုင်လောက်သော မကုစားနိုင်ကောင်းသော အကြွင်ကိုယ်ဆင်းရဲသည်လည်း ဖြစ်၏၊ ဤသေခြင်း- မရဏသည် ထိုစိတ်ဆင်းရဲ ကိုယ်ဆင်းရဲ၏ တည်ရာအကြောင်း ဝတ္ထုပေတည်း၊ ထို့ကြောင့် သေခြင်း-မရဏကို ဒုက္ခဟူ၍သာလျှင် ဟောတော်မူ (အပ်) ပေသည်" ဟူ၍ပင်တည်း။

ဤဆိုခဲ့သော စကားသည် မရဏ၌ အဆုံးအဖြတ်ပေတည်း။

## သောကစသည်ကို အကျယ်ပြချက်

[၁၃၄] ၅၄၄။ သောက စသည်တို့တွင် ဉာတိဗျသန- ဆွေမျိုးတို့၏ ပျက်စီးခြင်းစသည်တို့ဖြင့် တွေ့ထိနှိပ်စက်ခံရသောသူမှာ [၁] စိတ်၏ ပူပန်ခြင်းသည် ဝါ-စိတ်ကို ပူပန်စေတတ်သော သဘောသည် **သောက-စိုးရိမ်ပူဆွေး** ခြင်းမည်၏။ ယင်းသောကသည် သဘော တရားကိုယ်အားဖြင့် ဒေါမနဿ

---

မှတ်ချက်

၁ – စသည်အရဖြင့် ဘောဂဗျသန-စည်းစိမ်ဥစ္စာ၏ ပျက်စီးခြင်း၊ ရောဂဗျသန ရောဂါဆိုးစွဲကပ်နှိပ်စက်ခြင်း၊ သီလဗျသန-သီလပျက်စီးခြင်း၊ ဒိဋ္ဌိဗျသန- အယူဖောက်ပြန်ပျက်စီးခြင်းတို့နှင့် ဒုက္ခဓမ္မ-သတ်ခြင်း နှောင်ဖွဲ့ခြင်း အစရှိသော ဆင်းရဲကြောင်းအမှုတို့ကို သိမ်းယူသည်။

http://www.dhammadownload.com



ပင်ဖြစ်ငြားသော်လည်း[၁] အတွင်း၌ ကြံတွေးလျက် ပူဆွေးခြင်းလက္ခဏာရှိ၏၊ စိတ်ကို ထက်ဝန်းကျင်မှ ပူလောင်စေခြင်းကိစ္စရှိ၏၊ ပြန်လည်ဆင်ခြင်၍ အဖန်တလဲလဲ စိုးရိမ်ပူဆွေးသည့်အနေဖြင့် ဉာဏ်အားရှေးရှုထင်၏[၂]။ ဒုက္ခဒုက္ခခေါ် ဆင်းရဲအစစ် ဖြစ်သောကြောင့်၎င်း, ဆင်းရဲအစစ်၏ တည်ရာအကြောင်း ဝတ္ထုဖြစ်သောကြောင့်၎င်း ဒုက္ခမည်၏။ ထို့ကြောင့် အောက်ပါဂါထာ နှစ်ခုအပေါင်းကို ဆိုအပ်ပေသည်။

> "သောကသည် သတ္တဝါတို့၏ နှလုံးကို အဆိပ်လူးမြားကဲ့သို့ ထိုးဆွနှိပ်စက်တတ်၏၊ မီးရဲရဲ ပူလောင်သော စဉ်းသွားမြားကဲ့သို့ လွန်စွာလည်း အဖန်တလဲလဲလောင်တတ်၏။
>
> နာခြင်း အိုခြင်း သေခြင်း အထူးအပြား ရှိသော အမျိုးမျိုးသော ဆင်းရဲကိုလည်း အလွန်ပင်ဆောင်ပေးတတ်- ဖြစ်စေတတ်၏၊ ထို့ကြောင့် ယင်းသောကကို ဒုက္ခဟု ဆိုအပ်ပေသည်"ဟူ၍ပင်တည်း။

ဤဆိုခဲ့သောစကားသည် သောက၌ အဆုံးအဖြတ်ပေတည်း။

---

မှတ်ချက်

၁–နောက်၌ ပြလတ့ံသော ဒေါမနဿနှင့် တရားကိုယ်အားဖြင့် တူသော်လည်း ဤသောကသည် ဒေါမနဿအထူးဖြစ်သောကြောင့် အသီးအခြား လက္ခဏာစသည်ကို ပြသည်ဟု ဆိုလို၏။

၂–ကုက္ကုစ္စကိုပြရာ၌လည်း အနုသောစနရသ ရှိသည်ဟု ပြဆိုခဲ့၏။ ဤအရာ၌လည်း အနုသောစနပစ္စုပဋ္ဌာန်ရှိသည်ဟု ဆိုပြန်၏၊ ထိုအနုသောစန ၂-ပါး အဘယ်သို့ထူးခြားသနည်းဟု စဉ်းစားဖွယ်ရှိသောကြောင့် ဋီကာ၌ ပြထားသည်မှာ–ပြုမိသောအကုသိုလ် မပြုမိသောကုသိုလ်လျှင် အာရုံရှိသော နှလုံးမသာသည့်အခြင်းအရာဖြင့်ဖြစ်သော (အနုသောစနံ) ပြန်လည်ဆင်ခြင်၍ စိုးရိမ်ပူပန်ခြင်းသည် ကုက္ကုစ္စပေတည်း၊ ဉာတိဗျသနစသည်လျှင် အာရုံရှိသော စိတ်၏ပူပန်ခြင်းသက်သက်ဖြစ်သော(အနုသောစနံ)ပြန်လည်ဆင်ခြင်

http://www.dhammadownload.com



## ပရိဒေဝဋ္ဌ အဆုံးအဖြတ်

၅၄၅။ ပရိဒေဝ-ငိုကြွေးခြင်းမည်သည်ကား ဉာတိဗျသန စသည်တို့ဖြင့် တွေ့ထိနှိပ်စက်ခံရသောသူမှာ နှုတ်ဖြင့် ရောက်တတ်ရာရာ မြည်တမ်းပြောဆိုခြင်းပေတည်း။ ယင်းသည် အထပ်ထပ် မြည်တမ်းပြောဆိုခြင်းလက္ခဏာရှိ၏၊ သေသူစသည်၏ ဂုဏ်နှင့်အပြစ်တို့ကို ကြွေးကြော်ပြောကြားခြင်းကိစ္စ ရှိ၏၊ ချာချာလည်နေသော စကားဟု ဉာဏ်အားရှေးရှုထင်၏ ဝါ-စိတ်၏ ဝေ, နောက်မှုးလည်ခြင်းကို ရှေးရှုဖြစ်စေတတ်၏[၁]။ သင်္ခါရဒုက္ခဖြစ်သောကြောင့်ရင်း, ကိုယ်စိတ်ဆင်းရဲ၏ တည်ရာ အကြောင်းဝတ္ထု ဖြစ်သောကြောင့်ရင်း ဒုက္ခမည်၏။ ထို့ကြောင့် အောက်ပါဂါထာကို ဆိုအပ်ပေသည်။

သောကမြှားငြောင့် အနှိပ်စက်ခံရသောကြောင့် ငိုကြွေးသော သူသည် လည်ချောင်း နှုတ်ခမ်း အာစောက် အပြင်အရပ်တို့၏ ခြောက်သွေ့ခြင်းကြောင့်ဖြစ်သော သည်းမခံနိုင်ကောင်းသော လွန်ကဲပြင်းထန်သော ဆင်းရဲကို နောက်ထပ်[၂]ရပြန်သည်သာတည်း၊

---

မှတ်ချက်

၍ စိုးရိမ်ပူဆွေးခြင်းသည် သောကပေတည်း၊ ဤသည်ကား ထို ၂-ပါးတို့၏ ထူးခြားချက်ပေတည်း။ (ဋီကာ)

၁—သမ္ဘမပစ္စုပဋ္ဌာနော-ပုဒ်၏အနက် ဖြစ်သည်၊ ငိုကြွေးသောစကားသံသည် ထပ်ကာ ထပ်ကာ အဖန်ဖန် ပတ်ချာလည်လျက် ဖြစ်နေကြောင်း အလွန်ပင် ထင်ရှားပေ၏၊ ထို့ကြောင့် ပဌမအနက်ကို မိမိ၏ သဘောကျအားဖြင့် ပြန်သည်၊ ဒုတိယအနက်မှာ ပြည်နိဿယဋ္ဌ ပြန်ထားသော ဒုတိယအနက် ဖြစ်သည်၊ ယင်းသည် အနုဋီကာအဖွင့်ကို မှီ၍ပြန်ဟန်ရှိ၏၊ မူလဋီကာနှင့် အညီ ထိုနိဿယဋ္ဌ ပြန်ထားသော ပဌမအနက်ကိုမူ အသိခက်သောကြောင့် ဤ၌ မပြပဲ ချန်ထားသည်။ အလိုရှိပါက ထို နိဿယကို ကြည့်ပါ။

၂–ဘိယျောဟူသည်ကား သောကဒုက္ခမှ အထက်၌။ မှန်၏ ပရိဒေဝသည် သောကကြောင့် ဖြစ်သည်။ (ဋီကာ) သောကကြောင့် ငိုကြွေးရသည်၊

http://www.dhammadownload.com



ထို့ကြောင့် မြတ်စွာဘုရားသည် ငိုကြွေးမှု-ပရိဒေဝကို ဆင်းရဲဒုက္ခဟု ဟောတော်မူပေသည်”ဟူ၍ပင်တည်း။

ဤဆိုခဲ့သော စကားသည် ပရိဒေဝ၌ အဆုံးအဖြတ်ပေတည်း။

## ဒုက္ခ၌ အဆုံးအဖြတ်

၅၄၆။ ကိုယ်ထဲ၌ ဖြစ်သော ဆင်းရဲသည် **ဒုက္ခ**မည်၏၊ ယင်း ဒုက္ခသည် ကိုယ်ကို နှိပ်စက်ခြင်းလက္ခဏာ ရှိ၏၊ ပညာမဲ့သူတို့အား နှလုံးမသာခြင်းကို ပြုခြင်းကိစ္စ ရှိ၏၊ ကိုယ်ထဲ၌ဖြစ်သော နာကျင်ခံခက် နှိပ်စက်တတ်သော အနာဟု ဉာဏ်အား ရှေးရှုထင်၏။ ဒုက္ခ ဒုက္ခခေါ် ဆင်းရဲအစစ် ဖြစ်သော ကြောင့်၎င်း, စိတ်ဆင်းရဲကို ဆောင်ပေးတတ်-ဖြစ်စေတတ်သောကြောင့် ၎င်း ဒုက္ခမည်၏။ ထို့ကြောင့် အောက်ပါ ဂါထာကို ဆိုအပ်ပေသည်။

“ဤကိုယ်ဆင်းရဲသည် (သူ၏ တည်ရာကိုယ်ကို ဝါ-သူ၏တည်ရာ ပုဂ္ဂိုလ်ကို) နှိပ်စက်တတ်၏၊ ထို့ထက်အလွန် ဝါ-ထို့ပြင် စိတ်ဆင်းရဲကိုလည်း ဖြစ်စေတတ်၏၊ ထို့ကြောင့် အထူးအားဖြင့် ဒုက္ခဟု ဟောတော်မူ(အပ်)ပေသည်”ဟူ၍ပင်တည်း။

ဤဆိုခဲ့သော စကားသည် ဒုက္ခ၌အဆုံးအဖြတ်ပေတည်း။

## ဒေါမနဿ၌ အဆုံးအဖြတ်

[၁၃၅] ၅၄၇။ စိတ်ထဲ၌ဖြစ်သော နှလုံးမသာခြင်း ဆင်းရဲသည် **ဒေါမနဿ** မည်၏။ ယင်း ဒေါမနဿသည် စိတ်ကို နှိပ်စက်ခြင်းလက္ခဏာ ရှိ၏၊

---

မှတ်ချက်

ငိုကြွေးသည့်အတွက် သောကဒုက္ခအပြင် အဆိုပါဆင်းရဲကို ရပြန်သည်ဟု ဆိုလို၏။ ထို့ကြောင့် ဘိယျောကို နောက်ထပ်-ဟု ပြန်သည်။

http://www.dhammadownload.com



စိတ်ကို ပင်ပန်းစေခြင်း ကိစ္စရှိ၏၊ စိတ်ထဲ၌ဖြစ်သော နာကျင်ခံခက် နှိပ်စက်သော အနာဟု ဉာဏ်အား ရှေးရှု ထင်၏။ ဒုက္ခ ဒုက္ခခေါ် ဆင်းရဲအစစ်ဖြစ်သောကြောင့်ရင်း, ကိုယ်ဆင်းရဲကို ဆောင်တတ်-ဖြစ်စေတတ်သောကြောင့်ရင်း ဒုက္ခ မည်၏။ မှန်၏-စိတ်ဆင်းရဲရောက်နေသော သူတို့သည် ဆံပင်တို့ကို ဖြန့်ကြဲ၍ မြည်တမ်းငိုကြွေးကုန်၏၊ ရင်ဘတ်တို့ကို ထုကုန်ကြိတ်ကုန်၏၊ ရှေးသို့လည်း လူးလိမ့်သွားကုန်၏၊ ပြန်၍လည်း လူးလိမ့်လာကုန်၏၊ ဇောက်ထိုးလဲကျကုန်၏ ဝါ-ဂျွမ်းထိုးချကုန်၏၊ ထားလက်နက်ဖြင့် သူ့ကိုယ်ကို ထိုးခုတ်ကုန်၏၊ အဆိပ်ကို စားကုန်၏၊ ကြိုးဆွဲချကုန်၏၊ မီးပုံထဲသို့ ဝင်ကုန်၏-ဤသို့သော အထူးထူးအပြားပြားသော ထိုကိုယ်ဆင်းရဲကို ခံစားကုန်၏။ ထို့ကြောင့် အောက်ပါ ဂါထာကို ဆိုအပ်ပေသည်။

> "ဒေါမနဿသည် စိတ်ကို နှိပ်စက်တတ်၏၊ကိုယ်ကို နှိပ်စက်ခြင်းကိုလည်း ဆောင်တတ်ဖြစ်စေတတ်၏၊ ထို့ကြောင့် ဒေါမနဿကို ဒေါမနဿကင်းကုန်သော ဘုရား ရဟန္တာ အရှင်မြတ်တို့က ဒုက္ခဟု မိန့်ဆိုတော်မူကြပေသည်" ဟူ၍ပင်တည်း။

ဤဆိုခဲ့သော စကားသည်ဒေါမနဿ၌ အဆုံးအဖြတ်ပေတည်း။

## ဥပါယာသ၌ အဆုံးအဖြတ်

၅၄၇။ **ဥပါယာသ** မည်သည်ကား ဉာတိဗျသနစသည်တို့ဖြင့် တွေ့ထိနှိပ်စက်ခံရသောသူမှာ အလွန်အမင်း စိတ်ဆင်းရဲခြင်းကြောင့် ဖြစ်သော ဒေါသပင် ဖြစ်သည်။(ကေ) အချို့ဆရာတို့က "သင်္ခါရက္ခန္ဓာ၌ အတွင်းဝင်သော တရားတခု"ဟု ဆိုကြ၏။ ယင်း ဥပါယာသသည် စိတ်ကို ထက်ဝန်းကျင် ပူလောင်ခြင်း လက္ခဏာ ရှိ၏၊ ညည်းတွားခြင်းဟူသော သမ္ဗတ္တိရသ ရှိ၏၊ ဝါ-ညည်းတွားစေခြင်းကိစ္စရသ ရှိ၏၊ ကိုယ်စိတ်တို့ကို နှစ်ကျစေတတ်

http://www.dhammadownload.com



သော သဘောဟု ဉာဏ်အား ရှေးရှုထင်၏[၁]။ သဉ်္ဂါရဒုက္ခဖြစ်သောကြောင့်ရင်း, စိတ်ကို ပူလောင်တတ်သောကြောင့်ရင်း, ကိုယ်ကိုနစ်ကျ ပင်ပန်းစေတတ်သောကြောင့်ရင်း ဒုက္ခမည်၏ ထို့ကြောင့် အောက်ပါဂါထာကို ဆိုအပ်ပေသည်။

> "ဥပါယာသသည် စိတ်ကို ပူလောင်ခြင်းဖြင့်ရင်း, ကိုယ်ကို နစ်ကျစေခြင်း-ပင်ပန်းစေခြင်းဖြင့်ရင်း လွန်ကဲသော ကိုယ်စိတ်ဆင်းရဲကို ဖြစ်စေတတ်၏၊ ထို့ကြောင့် ယင်းကို ဒုက္ခဟူ၍ ဟောတော်မူ(အပ်)ပေသည်" ဟူ၍ပင်တည်း။

ဤဆိုခဲ့သော စကားသည် ဥပါယာသ၌ အဆုံးအဖြတ်ပေတည်း။

ဆက်၍ ရှင်းပြဦးအံ့၊ ဤသောက ပရိဒေဝ ဥပါယာသတို့တွင် အားနည်းသော မီးဖြင့် (ဆီနို့ရည်စသည်၏) အိုး၏အတွင်း၌ ကျက်ခြင်းကဲ့သို့ **သောက**ကို မှတ်အပ်၏။ ပြင်းထန်သော မီးဖြင့် ကြို၍ချက်အပ်သော ဆီနို့ရည်စသည်၏ အိုးမှ အပြင်သို့ ဝေလျံ့ထွက်ခြင်းကဲ့သို့ **ပရိဒေဝ**ကို မှတ်အပ်၏။ အပြင်သို့ ထွက်ပြီးမှ ကြွင်းကျန်သော ဝေလျံ့၍ မထွက်လောက်သော ဆီနို့ရည် စသည်၏ အိုး၏အတွင်း၌သာလျှင် ခြောက်ခန်း၍ ကုန်သွားသည်တိုင်အောင် ကျက်ခြင်းကဲ့သို့ **ဥပါယာသ** ကို မှတ်အပ်၏။

---

မှတ်ချက်

၁ – စိတ်ခေတ်ကျဆင်းခြင်း-အားလျော့ခြင်းကို စိတ်၏ နစ်ကျခြင်းဟူ၍ရင်း, ထိုသို့ စိတ်ခေတ်ကျသောအခါ ကိုယ်၏ အားလျော့ခြင်း-နွမ်းနယ်ပင်ပန်းခြင်းကို ကိုယ်၏ နစ်ကျခြင်းဟူ၍ရင်း ယူ၍ ထိုသို့သောနစ်ကျခြင်းကို ဥပါယာသ-က ဖြစ်စေသည့်အနေဖြင့် ဉာဏ်အားထင်သည်ဟု ယူရာ၏။

http://www.dhammadownload.com



## အပ္ပိယသမ္ပယောဂဋ္ဌ အဆုံးအဖြတ်

၃၄၉။ **အပ္ပိယသမ္ပယောဂ**-မချစ်အပ်-မုန်းအပ်သည်တို့နှင့် ယှဉ်ခြင်း မည်သည်ကား မနှစ်သက်မမြတ်နိုးအပ်-မုန်းအပ်ကုန်သော သတ္တဝါ သင်္ခါရ တို့နှင့် ပေါင်းဆုံခြင်းပေတည်း။ ယင်းသည် အလိုမရှိအပ်သည်တို့နှင့် ပေါင်း ဆုံခြင်း လက္ခဏာ ရှိ၏၊ စိတ်၏ပင်ပန်းခြင်းကို ပြုခြင်းကိစ္စ ရှိ၏၊ အကျိုးမဲ့ အဖြစ်ဖြင့် ဉာဏ်အား ရှေးရှုထင်၏။ ဆင်းရဲအစစ် ဒုက္ခ၏တည်ရာအကြောင်း ဖြစ်သောကြောင့် ဒုက္ခ မည်၏။ ထို့ကြောင့် အောက်ပါ ဂါထာနှစ်ခုကို ဆိုအပ်ပေသည်။

[၁၃၆] "ဤလောက၌ မချစ်မနှစ်လိုအပ်သော ပုဂ္ဂိုလ်အာရုံတို့ကို မြင်၍ပင်လျှင် ဝါ-မြင်ကာမျှပင်လျှင် ရှေးဦးစွာ စိတ်ထဲ၌ ဆင်းရဲ သည် ဖြစ်၏၊ ထို့နောင် ယင်းပုဂ္ဂိုလ် အာရုံတို့၏ ပယောဂကြောင့် ဖြစ်သော ဆင်းရဲသည် ကိုယ်ထဲ၌ ဖြစ်၏။

ထိုသို့ ဒုက္ခ ၂-ပါးလုံး၏ တည်ရာအကြောင်း ဝတ္ထုဖြစ်သော ကြောင့် ယင်း မချစ်မနှစ်လိုအပ်သော ပုဂ္ဂိုလ် အာရုံတို့နှင့်ပေါင်းဆုံ ခြင်းကို မြတ်စွာဘုရားက ဒုက္ခဟုဟောတော်မူသည်ဟူ၍ သိအပ်၏" ဟူ၍ပင်တည်း။

ဤဆိုခဲ့သော စကားသည် အပ္ပိယသမ္ပယောဂဋ္ဌ အဆုံးအဖြတ် ပေတည်း။

## ပိယဝိပ္ပယောဂဋ္ဌ အဆုံးအဖြတ်

၃၅၀။ **ပိယဝိပ္ပယောဂ**-ချစ်နှစ်လိုအပ်သည်တို့နှင့် ကွေကွင်း ကွဲကွာခြင်း မည်သည်ကား နှစ်သက်မြတ်နိုးအပ်-ချစ်အပ်ကုန်သော သတ္တဝါသင်္ခါရတို့နှင့်

http://www.dhammadownload.com



ကင်းကွာခြင်းပေတည်း။ ယင်းသည်အလိုရှိအပ်သော အရာတို့နှင့် ကင်းကွာခြင်းလက္ခဏာရှိ၏၊ သောကဖြစ်စေခြင်းကိစ္စရှိ၏၊ ပျက်စီးခြင်းဗျသနတရားဟု ဉာဏ်အာ ရှေးရှုထင်၏[၁]။ စိုးရိမ်ပူဆွေးမှု-ဆင်းရဲ၏ တည်ရာအကြောင်းဝတ္ထုဖြစ်သောကြောင့် ဒုက္ခမည်၏။ ထို့ကြောင့် အောက်ပါဂါထာကို ဆိုအပ်ပေသည်။

"မလိမ္မာသောသူတို့သည် ဆွေမျိုးဥစ္စာစသည်တို့နှင့် ကွေကွင်းကွဲကွာခြင်းကြောင့် သောကမြှား စူးဝင် (အပ်) ကုန်သည်ဖြစ်၍ အထိုးအဆွခံရသကဲ့သို့ နာကျင်ကုန်၏၊ ထို့ကြောင့် ဤပိယဝိပ္ပယောဂကို ဒုက္ခဟုသိအပ်ပေသည်" ဟူ၍ပင်တည်း။

ဤဆိုခဲ့သောစကားသည်ကား ပိယဝိပ္ပယောဂ၌ အဆုံးအဖြတ်ပေတည်း။

## ဣစ္ဆိတာလာဘ၌ အဆုံးအဖြတ်

၅၅၁။ **ယမ္ပိစ္ဆံ န လဘတိ** ဟူသော ဤစကား၌ "ငါတို့သည် ဖြစ်ခြင်းသဘောရှိကြသည် မဖြစ်ပါကုန်မူ ဝါ-ဖြစ်ခြင်းသဘောမရှိကြပါမူ ကြောင်းလေစွ" ဟု တောင့်တခြင်း အစရှိကုန်သော တောင့်တ၍ မရနိုင်ကောင်းသော ဝတ္ထုတို့၌ အလိုကိုပင်လျှင် "ယမ္ပိစ္ဆံ န လဘတိ တမ္ပိဒုက္ခံ=

---

မှတ်ချက်

၁ – ဗျသနပစ္စုပဋ္ဌာနေ-ပုဒ်၏ အနက်ဖြစ်သည်၊ ဆွေမျိုး-ချစ်သူတို့နှင့် သေပျက်၍ ဖြစ်စေ, မသေမပျက်ပဲဖြစ်စေ ကွဲကွာခြင်းကို ဤအရာ၌ ဉာတိဗျသနဟူ၍ရင်း, စီးပွါးဥစ္စာပျက်စီး၍ ကွဲကွာခြင်းကို ဘောဂဗျသနဟူ၍ရင်း ယူရာ၏။ ဋီကာ၌ကား ဗျသနကို ဥပဒ္ဒဝ-ဟု ဖွင့်ပြထား၏။

http://www.dhammadownload.com



အကြင်လိုချင်ခြင်းကိုမရ၊ ထိုမရနိုင်တာကို လိုချင်ခြင်းသည်လည်း ဆင်းရဲပင်[၁]"ဟူ၍ ဟောတော်မူ(အပ်)ပေသည်။ ထိုအလို-ဣစ္ဆာသည် မရနိုင်သောဝတ္ထုကို လိုချင်တောင့်တခြင်း လက္ခဏာရှိ၏၊ ထိုမရနိုင်သည်ကိုပင် ရှာခြင်း

---

မှတ်ချက်

၁–ဣစ္ဆိတ-မိမိအလိုရှိအပ်သော တစုံတခုကို+အလာဘ-မရခြင်းသည်=ဣစ္ဆိတာလာဘမည်၏။ မှန်၏–"ယမ္ပိစ္ဆံ န လဘတိ"ဟု ဟောထားပေသည်။ (ဋီကာ) ဤဋီကာ အလိုအားဖြင့် ဣစ္ဆံ-အလိုကို ဝါ အလိုရှိအပ်သည်ကို၊ ယံ န လဘတိ-အကြင်မရ၊ ထိုမရခြင်းသည်လည်း ဒုက္ခပေတည်း-ဟု အနက်ပြန်ရာ၏။ အထက်ပါဘာသာပြန်၌ အဆိုမှာမူ "ယံသဒ္ဒါသည် ဣစ္ဆံဟူသော ထိုပုဒ်ကို ငဲ့သောအခါ မရခြင်းဖြင့်အထူးပြုအပ်သော အလိုကိုဆိုသည်" ဟူသော မူလဋီကာနှင့်အညီဖြစ်သည်၊ ထိုမူလဋီကာ အလိုအားဖြင့် "ယမ္ပိဣစ္ဆံ-အကြင်အလိုကိုလည်း၊ န လဘတိ-မရ-ဝါ-အလိုအတိုင်းမဖြစ်၊ တမ္ပိ-မရနိုင်သော ထိုအလိုသည်လည်း ဝါ-မရနိုင်တာကို လိုချင်သော ထိုအလိုသည်လည်း၊ ဒုက္ခံ-ဆင်းရဲပေတည်း"ဟု အနက်ပြန်ရာ၏။ ဤအနက်အရ မရနိုင်တာကို လိုချင်ခြင်းကိုပင် ဒုက္ခဟုဆိုသည်။ ထို့ပြင် မူလဋီကာ၌ ယံ-သဒ္ဒါက န လဘတိ-ကို ငဲ့သောအခါ "ဣစ္ဆံ-အလိုရှိပါလျက်၊ ယမ္ပိ န လဘတိ-အကြင်မရ၊ တမ္ပိ-လိုချင်ပါလျက် ထိုမရခြင်းသည်လည်း၊ ဒုက္ခံ-ဒုက္ခပေတည်း"ဟု အနက်ပြန်၍ လိုချင်မှုဖြင့် အထူးပြုအပ်သော မရခြင်းကို ဒုက္ခ-ဟု ဆိုအပ်ကြောင်းကိုလည်း ပြဆို၏။ သို့ဖြစ်လျှင် ထိုမရခြင်းကို ဒုက္ခဟု အဋ္ဌကထာ၌ အဘယ့်ကြောင့် မပြသနည်းဟူမူ-ထိုမရခြင်းမှာ ပရမတ္ထသဘောအားဖြင့် သရုပ်တရားကိုယ်မရှိသောကြောင့် လက္ခဏာစသည်ဖြင့် မပြနိုင်၊ ထို့ကြောင့် ထိုမရခြင်းကို ဒုက္ခဟု မပြမူ၍ လက္ခဏာစသည်ဖြင့် ပြနိုင်သော ဣစ္ဆာ-အလိုကိုသာလျှင် ဒုက္ခဟု ပြကြောင်းကိုလည်း မူလဋီကာ၌ ရှင်းပြထား၏။ သတိပဋ္ဌာနသုတ်အဖွင့် အဋ္ဌကထာ၌မူ "ယမ္ပိစ္ဆံဟူသည်ကား အကြင်လိုချင်ခြင်းသဘောဖြင့် မရနိုင်ကောင်းသော ဝတ္ထုကို လိုချင်ပါလျက် မရ၊ မရနိုင်သောဝတ္ထုကို ထိုလိုချင်ခြင်းသည်လည်း ဒုက္ခပေတည်း"ဟု မရနိုင်သည်ကို

http://www.dhammadownload.com



ကိစ္စရှိ၏၊ ထိုမရနိုင်သောဝတ္ထုများကို မရခြင်း-မရောက်ခြင်း သဘောအနေဖြင့် ဉာဏ်အား ရှေးရှုထင်၏။ ဆင်းရဲအစစ်၏ တည်ရာအကြောင်းဝတ္ထုဖြစ်သောကြောင့် ဒုက္ခမည်၏။ ထို့ကြောင့် အောက်ပါဂါထာ ၂-ခုကို ဆိုအပ်ပေသည်။

"ဤလောက၌ ထိုထိုမရနိုင်ကောင်းသည့် အရာကို လိုချင်တောင့်တသော သတ္တဝါတို့အား ထိုထို တောင့်တသည့်အရာကို မရခြင်းကြောင့် စိတ်ပင်ပန်းခြင်းဖြင့် ပြီးသော ဝါ စိတ်ပင်ပန်းခြင်းကြောင့်ဖြစ်သောအကြင်စိတ်ဆင်းရဲ ကိုယ်ဆင်းရဲသည် ဖြစ်ပေါ်၏။

ထိုစိတ်ဆင်းရဲ ကိုယ်ဆင်းရဲ၏ အကြောင်းကား မရနိုင်သောဝတ္ထုတို့ကို လိုချင်တောင့်တခြင်းပင်တည်း။ ထို့ကြောင့် မြတ်စွာဘုရားသည် (ဣစ္ဆိတာလာဘ) လိုချင်တာမရခြင်း- မရနိုင်တာကို လိုချင်ခြင်းကို[၁] ဒုက္ခဟု ဟောတော်မူပေသည်" ဟူ၍ပင်တည်း။

---

မှတ်ချက်

လိုချင်သည့်တဏှာကိုပင် ဒုက္ခဟု ဖွင့်ပြထား၏။ ဤအရာ၌ တဏှာသည် သမုဒယသစ္စာ ဖြစ်ပါလျက် အဘယ့်ကြောင့် ဒုက္ခဟုဆိုသနည်းဟု စောဒနာဖွယ်ရှိ၏။ ယခုဘဝ၌ ဖြစ်သောရုပ်နာမ်ဟူသမျှသည် ရှေးဘဝကပြီးခဲ့သောတဏှာလျှင် အကြောင်းရင်းရှိသောကြောင့် ဒုက္ခ၌ အတွင်းဝင်၏၊ ထို့ကြောင့် မရနိုင်သည်ကို လိုချင်သည့်တဏှာကိုပင် ဒုက္ခ-ဟု ဆိုသည်ဟူ၍ မှတ်ရာ၏။ သမ္မာသမ္ဗုဒ္ဓဂုဏ်တော်အဖွင့် အဋ္ဌကထာတို့၌ ပဋိစ္စသမုပ္ပါဒ်အင်္ဂါ အသီးအသီးတို့၌ သစ္စာလေးပါးဖြင့် ဝေဘန်၍သိပုံကို ညွှန်ပြထား၏၊ ထိုသို့ ညွှန်ပြရာ၌ ဝေဒနာပစ္စယာ တဏှာ-ကို ဝေဘန်သောအခါ တဏှာက ဒုက္ခသစ္စာ ဝေဒနာက သမုဒယသစ္စာဟု ဝေဘန်ရ၏။ ထိုဝေဘန်ပုံကိုလည်း အထူးသတိပြု၍ မှတ်သားရာ၏၊

၁ – ရှေ့နှာမှတ်ချက်၌ ပြခဲ့သည့်အတိုင်း ဣစ္ဆိတာလာဘသည် သဒ္ဒါနက်အားဖြင့်လိုချင်တာမရခြင်းပင်ဖြစ်သည်၊ သို့သော် ထိုမရခြင်းမှာ ပရမတ္ထအားဖြင့်

http://www.dhammadownload.com



ဤဆိုခဲ့သော စကားသည် ဣစ္ဆိတာလာဘ၌ အဆုံးအဖြတ် ပေတည်း။

## ဥပါဒါနက္ခန္ဓာတို့၌ အဆုံးအဖြတ်

[၁၃၇] ၅၅၂။ **အကျဉ်းအားဖြင့် ငါးပါးကုန်သော ဥပါဒါနက္ခန္ဓာတို့သည် ဆင်းရဲတို့ပေတည်း** ဟူသော ဤစကား၌ကား—

ဤ ဒုက္ခသစ္စနိဒ္ဒေသ၌ မြတ်စွာဘုရား ဟောထားသော ဇာတိအစရှိသော အကြင်ဆင်းရဲသည်လည်း ရှိ၏၊ ဤ၌ မဟော(အပ်)သော (ဒုက္ခက္ခန္ဓသုတ်စသည်တို့၌ဟောထားသော) အကြင်ဆင်းရဲသည်လည်း ရှိ၏၊ ထိုဆင်းရဲအလုံးစုံသည် ဤဥပါဒါနက္ခန္ဓာတို့နှင့် ကင်း၍မရှိပေ။

ထို့ကြောင့် ဒုက္ခ၏အဆုံး နိဗ္ဗာန်ကို ဟောကြားတော်မူသော မြတ်စွာဘုရားသည် အကျဉ်းအားဖြင့် ဤဥပါဒါနက္ခန္ဓာတို့ကို ဒုက္ခဟု ဟောတော်မူပေသည်။

ထိုစကားကို ချဲ့ပြရလျှင်-မီးသည် မီးလောင်စာကို နှိပ်စက်သကဲ့သို့ရင်း, မြှားစသော လက်နက်တို့သည် လက်မှန်တိုင်ကို နှိပ်စက်ကုန်သကဲ့သို့ရင်း, မှက် ခြင် စသည်တို့သည် နွားအပေါင်းကို နှိပ်စက်ကုန်သကဲ့သို့ရင်း, ကောက်ရိတ်သမားတို့သည် လယ်ခင်းကို ရိတ်ဖြတ်နှိပ်စက်ကုန်သကဲ့သို့ရင်း,

---

မှတ်ချက်

တရားကိုယ်မရှိသောကြောင့် ယင်းကို ဒုက္ခသစ္စာ-ဟု မဆိုထိုက်၊ ထို့ကြောင့် ထိုပုဒ်ဖြင့် ဆိုလိုသည်မှာ မရနိုင်တာကို လိုချင်ခြင်းပင် ဖြစ်သည်။ ဤအနက်ကို "ဣစ္ဆိတာလာဘ ဟူသော ပုဒ်ဖြင့် (အလဗ္ဘနေယျ ဣစ္ဆမေဝ ဒဒတိ) မရနိုင်သည်ကို လိုချင်ခြင်းကိုသာလျှင် ဆိုသည်"ဟု ဖွင့်ပြသော မူလဋီကာဖြင့် သိအပ်၏။

http://www.dhammadownload.com



ရွာဖျက်ခေးပြတို့သည် ရွာကိုနှိပ်စက်ကုန်သကဲ့သို့ရင်း ဇာတိစသည်တို့သည် ဥပါဒါနက္ခန္ဓာငါးပါးကိုသာလျှင် အထူးထူးသောအပြားတို့ဖြင့် နှိပ်စက်ကုန်လျက်[၁] မြက်နွယ်စသည်တို့သည် မြေ၌ ပေါက်ကုန်သကဲ့သို့ရင်း, အပွင့်အသီး အရွက် တို့သည် သစ်ပင်တို့၌ ဖြစ်ကုန်သကဲ့သို့ရင်း ဥပါဒါနက္ခန္ဓာတို့၌သာလျှင် ဖြစ်ကုန်၏။ ဆက်၍ရှင်းပြဦးအံ့— ဥပါဒါနက္ခန္ဓာတို့၏ အစဖြစ်သော ဆင်းရဲသည် ဇာတိပေတည်း၊ အလယ်၌ ဆင်းရဲသည် ဇရာပေတည်း၊ အဆုံး၌ ဆင်းရဲသည် မရဏပေတည်း၊ သေခါနီး၌ဖြစ်သည့် ဆင်းရဲတို့က နှိပ်စက်ခြင်းကြောင့် စိတ်ပူလောင်ခြင်းဆင်းရဲသည် သောကပေတည်း၊ ထိုသောကကို သည်းမခံနိုင်ခြင်းကြောင့် မြည်တမ်းခြင်းဆင်းရဲသည် ပရိဒေဝပေတည်း၊ ထိုမြည်တမ်းခြင်းကြောင့် ဝါ-ထို့ပြင် ဓာတ်ချောက်ချားခြင်းဟုဆိုအပ်သော အနိဋ္ဌအတွေ့အာရုံနှင့် တွေ့ဆုံခြင်းကြောင့် ကိုယ်၏နာကျင်ခံခက်နှိပ်စက်သော ဆင်းရဲသည် ဒုက္ခပေတည်း၊ ထိုဒုက္ခဖြင့် အနှိပ်စက်ခံရသော ပုထုဇဉ်တို့အား ယင်းဒုက္ခ၌ အမျက်ဒေါသဖြစ်ခြင်းကြောင့် စိတ်၏နာကျင်ခံခက် နှိပ်စက်သောဆင်းရဲသည် ဒေါမနဿပေတည်း၊ သောကစသည်တို့ တိုးပွါးခြင်းကြောင့် ဖြစ်ပေါ်သော ပင်ပန်းခြင်း-စိတ်ဓာတ်ကျခြင်းရှိကုန်သော သူတို့၏ ညည်းတွားကြောင်းဆင်းရဲသည်[၂] ဥပါယာသပေတည်း၊ စိတ်အလိုပျက်စီးကုန်သော သူတို့၏ အလို၏ပျက်စီးခြင်း ဆင်းရဲသည် ဣစ္ဆိတာလာဘပေတည်း၊ ဤဆိုခဲ့သည့်အတိုင်း အထူးထူးအပြားပြားအားဖြင့် ရှုဆင်ခြင်ကြည့်လျှင် ဥပါဒါနက္ခန္ဓာတို့သည်သာလျှင် ဆင်းရဲ-ဒုက္ခ

---

မှတ်ချက်

၁ – နှိပ်စက်ကုန်လျက်........ဖြစ်ကုန်၏-ဟု စပ်ပါ။

၂ – အနုတ္ထုနနဒုက္ခံ- ပုဒ်၏ အနက် ဖြစ်သည်။ စိတ်၏ပြင်းစွာပူပန်ခြင်း (ဥပါယာသ) ကြောင့် ဖြစ်မှ ဖြစ်ရလေခြင်း စသည်ဖြင့် ညည်းတွားခြင်း ဖြစ်သည်၊ ထို့ကြောင့် ဥပါယာသသည် ညည်းတွားကြောင်း ဖြစ်သည်။

http://www.dhammadownload.com



အကြောင်း၌ မကျင့်ကုန်။ ဤသို့လျှင် ရှေးဦးစွာ သမုဒယနိရောဓ၏ အစွမ်းအားဖြင့် ဒုက္ခနိရောဓကို ဟောခြင်း၏(ပယောဇဉ်)အကျိုးကို သိအပ်၏။

၅၅၅။ ယခုဆိုမည့်စကားသည် အနက်အဖွင့်ပေတည်း—ထိုတဏှာ၏ပင်လျှင်—ဟူသည်ကား 'တဖန် ဘဝသစ်ကို ဖြစ်စေတတ်၏'စသည်ဖြင့်ဆို၍ ကာမတဏှာစသည်၏ အစွမ်းအားဖြင့် ဝေဘန်ပြထားသော ထိုတဏှာ၏ (ပင်လျှင်[1])။ မဂ်ကို ဝိရာဂဟု ဆိုအပ်၏၊ မှန်၏—တပ်မက် ကင်းမှု—ဝိရာဂကြောင့် လွတ်မြောက်(မှု ဖိုလ်ဖြစ်)၏ဟု ဟောတော်မူ(အပ်)ပေသည်။ ဝိရာဂမည်သော မဂ်ဖြင့် ချုပ်ခြင်းသည် ဝိရာဂနိရောဓ မည်၏။ တနည်းကား ပယ်ခြင်းကို[2] ဝိရာဂဟု ဆိုအပ်၏၊ ထို့ကြောင့်[၁၃၉]အသေသ အကြွင်းမရှိသော ဝိရာဂ-ပျက်ပြယ်ခြင်း-ပယ်ခြင်း-ကင်းခြင်းသည် အကြွင်းမရှိသော နိရောဓ ချုပ်ခြင်းသည်(အသေသ ဝိရာဂ နိရောဓမည်၏)ဤသို့လည်း ဤပုဒ်၌ သမာသ်တွဲ ယှဉ်ခြင်းကို မှတ်အပ်၏။ တရားကိုယ် အနက်အားဖြင့်မူ ဤပုဒ်အားလုံးတို့ပင် နိဗ္ဗာန်၏ ဝေဝုစ် ပရိယာယ်တို့သာတည်း။ မှန်၏-ပရမတ္ထအားဖြင့် နိဗ္ဗာန်ကို ဒုက္ခနိရောဓ အရိယသစ္စာဟူ၍ ဆိုအပ်၏။

---

မှတ်ချက်

၁—(ဝေ·ပင်လျှင်) ဟူသောစကားဖြင့် ဆိုခဲ့ပြီး ဖြစ်ကြောင်း ပေါ်လွင်စေ၏၊ ဤအဖွင့်၌မူ ဆိုခဲ့ပြီး ဖြစ်ကြောင်း ထင်ရှားနေပြီဖြစ်၍ ဤအရာ၌ (ဝေ)ကို မဆိုပဲ ချန်ထားသည်ဖြစ်ရာ၏၊ မြန်မာပြန်၌ကား ပေါ်လွင်စေရန် ဖြည့်စွက်ပြန်လိုက်သည်။

၂—ပဟာန်-ပုဒ်၏အနက်ဖြစ်သည်၊ ပါဠိ၌ အသုံး၌ ပယ်ခြင်း ပျက်ခြင်း ကင်းခြင်းတို့ကို ပရိယာယ် အဖြစ်ဖြင့်သုံး၏၊ ထို့ကြောင့် ဝိရာဂ-ပျက်ပြယ် ခြင်းကိုပင် ပဟာန-ပယ်ခြင်းဟု ပြဆိုပေသည်။ ဤဝိရာဂနှင့် အခြားမဲ့ နိရောဓ တိုင်အောင် ပျက်ပြယ်ခြင်း ချုပ်ခြင်းဟူသော ဘော အနက်ကို ဖွင့်ပြထားသည်၊ စာဂစသည်တို့ကိုလည်း နည်းတူပင် ညွှန်ပြသည်။ ဤဘောအနက်သည် ပါဠိတော်တို့၌ တိုက်ရိုက်ဟောထားသော အနက်ဖြစ်သည်။

http://www.dhammadownload.com



"ချုပ်ခြင်းမျှမဟုတ်ပဲ ချုပ်ကြောင်း ချုပ်ရာရအောင် ဝစနတ္ထကို ဆက်၍ ပြဦးအံ့"[၁]-ထိုနိဗ္ဗာန်ကို မဂ်ဉာဏ်ဖြင့်ရောက်၍ တဏှာသည် ပျက်ပြယ်လည်း ပျက်ပြယ်၏ ချုပ်လည်း ချုပ်၏၊ ထိုသို့ပျက်ပြယ်ကြောင်း ချုပ်ကြောင်း ဖြစ်သောကြောင့် ယင်းနိဗ္ဗာန်သည် ထိုဝိရာဂဟူ၍လည်း ဆိုအပ်၏ နိရောဓ ဟူ၍လည်း ဆိုအပ်၏။ ထိုမှတပါး ထိုနိဗ္ဗာန်ကိုပင် မဂ်ဉာဏ်ဖြင့် ရောက်၍ ထိုတဏှာကို စွန့်ခြင်းစသည်တို့ ဖြစ်ကုန်၏၊ ထိုမှတပါး ကာမဂုဏ်ဟူသော တွယ်တာရာ အာလယ, တဏှာဟူသော တွယ်တာတတ်သော အာလယ တို့တွင်[၂] အာလယ တခုမျှသော်လည်း ဤနိဗ္ဗာန်၌မရှိ ထို့ကြောင့် စာဂေါ-စွန့်ရာ[၃]၊ ပဋိနိဿဂ္ဂေါ-ဝေးစွာစွန့်ရာ၊ မုတ္တိ-လွတ်ရာ၊ အနာလယော-မတွယ် တာရာ၊ ဝါ-တွယ်တာမှုကင်းရာဟူ၍ ဆိုအပ်ပေသည်။

၅၅၆။ ထိုသို့ ဝိရာဂစသည်ဖြင့် ဟောထားသော ဤနိဗ္ဗာန်သည်(သန္တိ လက္ခဏံ)ငြိမ်းအေးခြင်း လက္ခဏာရှိ၏၊ (အစ္စုတိရသံ)မရွေ့လျောခြင်း မသေမပျက်ခြင်းဟူသော ပြည့်စုံသောဂုဏ်ရှိ၏ ဝါ-မသေမပျက်ခြင်း ကိစ္စ ရှိ၏၊ တနည်းကား(အဿာသကရဏရသံ) (သံသရာ ဆင်းရဲ၌ ငြီးငွေ့သူ အား)သက်သာခြင်းကို ပြုခြင်း ကိစ္စရှိ၏ ဝါ-သက်သာရာရစေခြင်း ကိစ္စ

မှတ်ချက်

၁–ဤမှစ၍ အဋ္ဌကထာနည်းအရ ဝိရာဂ နိရောဓ စသည်တို့ကို ဘောအနက် မဟုတ်ပဲ ကံအနက် အာဓာရအနက်များကို ဖွင့်ပြသည်။

၂–ကာမဂုဏာလယေသု-အရာတွင် ကာမဂုဏာလယာဒီသု-ဟု ရှိသင့်ကြောင်း ဋီကာ၌ ပြဆို၏၊ ထိုအဆိုအရ ဤ၌ တဏှာ အာလယကို ဖြည့်စွက်၍ ပြန် ထားသည်။

၃–ရှေးနှာ ၃၉၂-၌ ပါဠိတော်၏ မြန်မာပြန်တွင် ပါဠိတော်နည်းကို အလေးပြု၍ (စာဂေါ စသည်ကို)စွန့်ခြင်း စသည်ဖြင့် ဘောအနက်ကို အရင်းခံပြု၍ ပြန် ခဲ့သည်။ ဤအရာ၌ကား အဋ္ဌကထာနည်းအရ စွန့်ရာစသည်ဖြင့် ပြန်သည်။

http://www.dhammadownload.com



ရှိ၏၊ (အနိမိတ္တပစ္စုပဋ္ဌာနံ) ပုံသဏ္ဌာန် အရိပ်နိမိတ် ကင်းသောအားဖြင့် ရှုသိဉာဏ်အား ရှေးရှုထင်၏၊ တနည်းကား(တဏှာ မာန ဒိဋ္ဌိဟူသော) သံသရာနယ်ချဲ့ ပပဉ္စတရားကင်းခြင်းကို ဖြစ်စေတတ်၏ ဝါ-ပပဉ္စကင်းစေခြင်းဟူသော ပစ္စုပဋ္ဌာန်ရှိ၏[၁]။

## နိဗ္ဗာန်ကို ပြဆိုချက်

၅၁၇။ "နိဗ္ဗာန်သည် ယုန်ချိုကဲ့သို့ပင် မရအပ်-မရနိုင်-မသိနိုင်ကောင်းသောကြောင့် မရှိသည်သာ"ဟု (တစုံတယောက်က)အကယ်၍ ဆိုငြားအံ့၊ (မရှိသည် )မဟုတ်( ရှိသည်သာ၊ အဘယ့်ကြောင့်နည်း) သမ္မာပဋိပတ်ဟူသော အကြောင်းမှန်ဖြင့် ရအပ်-ရနိုင်-သိနိုင်ကောင်း သောကြောင့်ပေတည်း။ မှန်၏-ထိုနိဗ္ဗာန်ကို ယင်းနိဗ္ဗာန်နှင့် လျော်သော အကျင့်ဟုဆိုအပ်သော အကြောင်းမှန်ဖြင့် ရအပ်-သိအပ်၏၊ (အဘယ်ကဲ့သို့နည်း) စေတောပရိယဉာဏ်ဖြင့် သူတပါးတို့၏ လောကုတ္တရာစိတ်ကို ရအပ်-သိအပ်-သိနိုင်သကဲ့သို့ပေတည်း၊ ထို့ကြောင့် "မရအပ် မရနိုင် မသိနိုင်သောကြောင့် နိဗ္ဗာန်သည် မရှိ"ဟု မဆိုအပ်-မဆိုထိုက်ပေ။ အကြောင်းမူကား(သိနိုင်ခဲသော) အကြင်အရာကို ဗာလပုထုဇဉ်တို့သည် မရကြ-မသိကြ၊ ထိုအရာကို (ဗာလပုထုဇဉ်တို့ မသိရချုံမျှကို အကြောင်းပြု၍)မရှိဟု မဆိုအပ်-မဆိုထိုက်သောကြောင့်ပေတည်း။

၅၁၈။ တနည်းရှင်းပြရလျှင် "နိဗ္ဗာန်သည် မရှိ"ဟု မဆိုအပ်၊ အဘယ့်ကြောင့်နည်း? နိဗ္ဗာန်ရောက်ကြောင်း အကျင့်၏ မြုံသည်၏ အဖြစ်သို့ ရောက်ခြင်းကြောင့်တည်း။ ချဲ့၍ပြအံ့-နိဗ္ဗာန်မရှိလျှင် သမ္မာဒိဋ္ဌိရှေ့သွားရှိသော သီလအစရှိသည့် ခန္ဓာသုံးပါးဖြင့် ရေတွက်အပ်သော သမ္မာပဋိ-

---

မှတ်ချက်

၁—ဤစာတပိုဒ်လုံး နောက်တိုးပါဌ်ဟု ဋီကာ၌ ဆိုသည်။

http://www.dhammadownload.com



ပတ်၏ မြုံသည်၏အဖြစ်သည် ရောက်၏ ဝါ-သမ္မာပဋိပတ်သည် မြုံခြင်းသို့ ရောက်၏၊ သို့သော်လည်း ဤသမ္မာပဋိပတ်သည် မမြုံပေ၊ (အဘယ့်ကြောင့်နည်း)နိဗ္ဗာန်သို့ ရောက်စေ တတ်သောကြောင့်ပေတည်း။ ဤတွင် တရပ်။

"ပဋိပတ်၏ မြုံသည်၏အဖြစ်သို့ ရောက်ခြင်း မဖြစ်ပါ၊ ဝါ-သမ္မာပဋိပတ်ကတော့ မြုံခြင်းသို့ မရောက်ပါ၊(အဘယ့်ကြောင့်နည်း) (အဘာဝ)မရှိခြင်းသို့ ရောက်စေတတ်သောကြောင့်ပင်"ဟု ဆိုငြားအံ့၊[၁] (အဘာဝသို့ရောက်စေတတ်သောကြောင့်ဟု ဆိုခြင်းဖြင့် ခန္ဓာတို့၏ မရှိခြင်းကိုပင် နိဗ္ဗာန်ဟု ဆိုသော) ထိုစကားသည် မသင့်၊ (အဘယ့်ကြောင့်နည်း) အတိတ် အနာဂတ်ခန္ဓာတို့ မရှိငြားသော်လည်း နိဗ္ဗာန်သို့ ရောက်ခြင်း၏ မဖြစ်ခြင်း-မပြီးခြင်းကြောင့်ပေတည်း။ "(ဝတ္တမာန)ဖြစ်ဆဲ ပစ္စုပ္ပန်ခန္ဓာတို့ပါ မရှိခြင်းသည် နိဗ္ဗာန်ဖြစ်သည်"ဟု ဆိုငြားအံ့။(ထိုစကား)မသင့်၊ (အဘယ့်ကြောင့်နည်း) ထိုဖြစ်ဆဲပစ္စုပ္ပန်ခန္ဓာတို့၏ မရှိခြင်း၏ မဖြစ်သင့်သောကြောင့်ငင်း, မရှိပါမူ ဖြစ်ဆဲဝတ္တမာန်မဟုတ်သည့်အဖြစ်သို့ ရောက်ခြင်းကြောင့်ငင်း, ဖြစ်ဆဲခန္ဓာတို့ကို မှီသောမဂ်ခဏ၌ သဉပါဒိသေသ နိဗ္ဗာနဓာတ်သို့ ရောက်ခြင်း၏ မရှိခြင်းဟူသော အပြစ်ရှိသောကြောင့်ငင်း ဖြစ်သည်။ ထိုမဂ်ခဏ၌ ကိလေသာတို့၏ ဖြစ်ဆဲမဟုတ်ခြင်းကြောင့် အပြစ်မရှိဟု ဆိုငြားအံ့။ ထို

---

မှတ်ချက်

၁–ဤ၌ အဘာဝအရ အရိယမဂ်ကြောင့် ဖြစ်ထိုက်သော ကိလေသာ ခန္ဓာတို့၏ မဖြစ်ခြင်းဟူသော အနုပ္ပါဒ နိရောဓကို ဆိုသောကြောင့် သင့်အောင် ယူလျှင် သင့်သည်သာ ဖြစ်သည်၊ အဘာဝ မရှိခြင်းဟု ဆိုသော်လည်း ဘာမျှ မရှိခြင်းကား မဟုတ်ပေ၊ကိလေသာ ခန္ဓာတို့၏ ငြိမ်းခြင်းကား ထင်ရှား ရှိပေ၏၊ထိုကိလေသာ ခန္ဓာတို့၏ ငြိမ်းခြင်းသည် သံသရာမှ လွတ်မြောက်လိုသူတို့၏ လိုရင်းပင်ဖြစ်ပေသည်။

http://www.dhammadownload.com



စကားလည်း မသင့်၊ (အဘယ့်ကြောင့်နည်း)အရိယမဂ်၏ အကျိုးမဲ့အဖြစ်သို့ ရောက်ခြင်းကြောင့်တည်း။ မှန်၏ ဤသို့ ပရဝါဒီပုဂ္ဂိုလ်ဆိုသည့်အတိုင်း ဟုတ်ပါမူ အရိယမဂ်ခဏမှ ရှေး (အနုလုံဂေါတြဘူစသည်ခဏ) ၌လည်း ကိလေသာတို့သည် ဖြစ်လျက်မရှိကုန်၊ ထို့ကြောင့် အရိယမဂ်၏ (ကိလေသာကိုပယ်ခြင်းဟူသော) အကျိုးမရှိသည့် အဖြစ်သည် ရောက်၏၊ ထို့ကြောင့် (ဝါ-ထိုသို့ နိဗ္ဗာန်ကို မရနိုင် မသိနိုင်သည်မဟုတ်ခြင်း, ပဋိပတ်၏မမြုံခြင်း, နိဗ္ဗာန်သည် အဘာဝမျှမဟုတ်ခြင်း အစရှိသော အကြောင်းကြောင့် [၁]) (နိဗ္ဗာန်ကို မရနိုင် မသိနိုင်သောကြောင့် စသည်ဖြင့် ပြဆိုသော ပရဝါဒီပုဂ္ဂိုလ်၏) ဤအကြောင်းအားလုံးသည် အသင့်ယုတ္တိရှိသော အကြောင်းခိုင်လုံသော အကြောင်းမဟုတ်။

၅၁၉။ "ငါ့ရှင် ဇမ္ဗုခါဒကပရိဗိုဇ် အကြင်(ရာဂက္ခယ) ရာဂ၏ကုန်ခြင်း (ဒေါသက္ခယ) ဒေါသ၏ကုန်ခြင်း (မောဟက္ခယ) မောဟ၏ ကုန်ခြင်းသည် ရှိ၏၊ ဤသဘောကို နိဗ္ဗာန်ဟု ဆိုအပ်၏" စသည်ကို ဟောတော်မူသောကြောင့် "(ခယ)ကုန်ခြင်းသည် နိဗ္ဗာန်"ဟု ဆိုငြားအံ့၊(ထိုစကား)မသင့်၊ (အဘယ့်ကြောင့်နည်း) အရဟတ္တဖိုလ်သည်လည်း ကုန်ခြင်းမျှ အဖြစ်သို့ ရောက်သောကြောင့်တည်း။မှန်၏-ထိုအရဟတ္တဖိုလ်ကိုလည်း [၁၄၀] "ငါ့ရှင် အကြင် ရာဂက္ခယ ဒေါသက္ခယ မောဟက္ခယသည် ရှိ၏၊ ဤသဘောကို အရဟတ္တဖိုလ်ဟု ဆိုအပ်၏"ဤသို့အစရှိသောနည်းဖြင့် ညွှန်ပြထားပေသည်။ အနည်းငယ်ဆက်၍ပြောဖွယ်ရှိသေး၏-(နိဗ္ဗာန်သည် ရာဂစသည်၏ကုန်ခြင်းမျှဖြစ်ခဲ့လျှင်)နိဗ္ဗာန်၏ တိုသောကာလရှိခြင်း စသည်သို့ ရောက်သော အပြစ်ရှိခြင်းကြောင့်လည်း(ထိုစကား မသင့်)၊ချဲ့၍ ပြအံ့—ဤသို့ ပရဝါဒီဆိုသည့်

---

မှတ်ချက်

၁—ဤ ဝါ-အနက်သည် ဋီကာဖွင့်ချက်မှ ယူ၍ အကျဉ်းချုပ်ပြသော အနက်ဖြစ်သည်။

http://www.dhammadownload.com



အတိုင်း ကုန်ခြင်းမျှ နိဗ္ဗာန်ဖြစ်လျှင် နိဗ္ဗာန်သည် တိုသောကာလရှိခြင်းသို့ ၎င်း, သင်္ခတလက္ခဏာသို့၎င်း,သမ္မာဝါယာမနှင့်ကင်း၍ ရနိုင်ကောင်းသည်၏ အဖြစ်သို့၎င်း ရောက်၏[၁]၊ ထို့ပြင် သင်္ခတလက္ခဏာ ရှိသောကြောင့်ပင် သင်္ခတတရား၌ အတွင်းဝင်၏၊ သင်္ခတတရား၌ အတွင်းဝင်သောကြောင့် ရာဂအစရှိသော မီးတို့က လောင်အပ်၏၊ လောင်အပ်သောကြောင့် ဒုက္ခလည်း မည်၏ ဤသို့လည်း အပြစ်ဖြစ်၏။

အကြွင်းကုန်ခြင်းမှ စ၍ နောက်ကာလ၌ ဖြစ်ခြင်းမည်သည် မရှိ၊ ထိုသို့ သောအပြီးအပြတ်ကုန်ခြင်း၏ နိဗ္ဗာန်ဖြစ်ခြင်းကြောင့် (အဋ္ဌကထာဆိုသည့်) အပြစ်မရှိဟု ဆိုငြားအံ့။ ထိုသို့ အပြီးအပြတ် ကုန်ခြင်း၏ မရှိခြင်းကြောင့် ၎င်း[၂], ရှိငြားသော်လည်း ထိုကုန်ခြင်းမျှ နိဗ္ဗာန်၏ ဆိုခဲ့ပြီးသော အပြစ် ဒေါသတို့ကို မလွန်နိုင်သောကြောင့်၎င်း, အရိယမဂ်၏ နိဗ္ဗာန်အဖြစ်သို့ ရောက်ခြင်းကြောင့်၎င်း (ထိုစကား) မသင့်။ မှန်၏- အရိယမဂ်သည် ရာဂ စသောအပြစ်တို့ကို ကုန်စေတတ်၏၊ ထို့ကြောင့် ယင်းကို ခယဟုဆိုအပ်၏၊

---

မှတ်ချက်

၁–ရာဂစသည် ထကြွဖြစ်ပေါ်နေသောသူတို့မှာ သင့်လျော်သောအာရုံကို မှီဝဲ သုံးဆောင်ခြင်းဖြင့် ထိုရာဂ စသည် ပြေငြိမ်းသွားခြင်းကို ရည်၍ အပြစ်တင် ပြသည်၊ ပရဝါဒီတို့က ထိုအတိုင်းပင်ဆိုပါမူ အပြစ်တင်သင့်ပေလိမ့်မည်။ သို့သော် ထိုသို့သော ရာဂစသည်ငြိမ်းပုံကို ပရဝါဒီတို့က မရည်ရွယ်တန် ရာ။ အရိယမဂ်၏အစွမ်းကြောင့် ကိလေသာ မဖြစ်နိုင်တော့ပဲ ချုပ်ငြိမ်းခြင်း ကိုသာ ဆိုသည်ဖြစ်ရာ၏၊ အဘယ့်ကြောင့် ဆိုသော်- အလွန်သိမ်မွေ့ခြင့်မြတ် သောနိဗ္ဗာန်၏ အရာဖြစ်သောကြောင့်ပေတည်း။ သို့ဖြစ်၍ ဤအပြစ် တင်ချက်များ၌ စဉ်းစားဖွယ် ရှိ၏။

၂–အရိယမဂ်၏အစွမ်းကြောင့် ရာဂစသည်၏ အပြီးအပြတ်ကုန်ခြင်းရှိနေသော ကြောင့်၎င်း, ထိုကုန်ခြင်းကိုသာ ဆိုခြင်းဖြစ်ရာသောကြောင့်၎င်း ဤ အကြောင်းပြစကား၌လည်း စဉ်းစားဖွယ်ရှိ၏။

http://www.dhammadownload.com



ထိုခယမည်သော မဂ်မှစ၍လည်း နောက်ကာလ၌ ရာဂစသော အပြစ်တို့၏ ဖြစ်ခြင်းသည် မရှိတော့ပေ။ ဤတွင် တရပ်။

စင်စစ်သော်ကား မဖြစ်ခြင်းဟူသော နိရောဓဟု ဆိုအပ်သော (ခယ) ကုန်ခြင်း၏ ပရိယာယ်အားဖြင့် ဥပနိဿယမည်သောကြောင့်[၁] (မဂ်၏ အာရုံ ဖြစ်သော နိဗ္ဗာန်သည်) အကြင်ကိလေသာမဖြစ်ခြင်းဟူသော ခယ-ကုန်ခြင်း၏ ဥပနိဿယ- မှီရာအကြောင်း ဖြစ်၏၊ ထိုကုန်ခြင်း၏ အနီး၌ ဖြစ်သော ဖလူပစာ ဝေါဟာရဖြင့်(နိဗ္ဗာန်ကို) ခယ-ကုန်ခြင်းဟု ဟောတော်မူ(အပ်) ပေသည်။ သရုပ်အားဖြင့် သာလျှင် အဘယ့်ကြောင့် မဟောသနည်း ဟူမူ- အလွန်သိမ်မွေ့သောကြောင့်ပေတည်း။ ထိုနိဗ္ဗာန်၏ အလွန် သိမ်မွေ့သည်၏

---

မှတ်ချက်

၁–အရိယမဂ်၏အစွမ်းကြောင့် ကိလေသာခန္ဓာတို့၏ မဖြစ်ခြင်းကိုပင် ချုပ်ခြင်း- နိရောဓဟူ၍ရင်း၊ ကုန်ခြင်း- ခယဟူ၍ရင်း ဆိုသည်၊ ထိုကုန်ခြင်း ခယသည် မဂ်၏အစွမ်းဖြင့် ပြီးသကဲ့သို့ မဂ်၏အာရုံ နိဗ္ဗာန်ကြောင့်လည်း ပြီးသည်၊ ထို့ကြောင့် နိဗ္ဗာန်သည် ထိုခယ၏ ဥပနိဿယမည်၏၊ သို့သော် ဥပနိဿယ ပစ္စည်းအစစ်ကား မဟုတ်၊ ထို့ကြောင့် "ပရိယာယ်အားဖြင့် ဥပနိဿယ မည်သောကြောင့်" ဟု ဆိုသည်။ ဥပနိဿယ မည်သောကြောင့်... ခယ- ကုန်ခြင်းဟု ဟောတော်မူ (အပ်) ပေသည်ဟု စပ်ပါ။ ဤ၌ ဆိုလိုသည်မှာ နိဗ္ဗာန်သည် ရာဂ စသည် ကုန်ခြင်း၏ ဥပနိဿယအကြောင်း ဖြစ်သောကြောင့် အကျိုးဖြစ်သော ခယ၏ အမည်ဖြင့် ဖလူပစာ နည်းအရ တင်စား၍ နိဗ္ဗာန်ကို ရာဂက္ခယော- စသည်ဖြင့် ဟောတော်မူသည်ဟု ဆိုလို၏။ ထို့ကြောင့် ရာဂ စသည်၏ ကုန်ခြင်းမျှကို နိဗ္ဗာန်ဟု မယူရ၊ ထိုကုန်ခြင်း၏ အကြောင်းဖြစ်သော မဂ်၏အာရုံကိုသာ ယူရမည်ဟူ၍လည်း သိစေ၏။ ဤအရာ၌ ဖလူပစာ ဟူသည်မှာ အကျိုး၏အမည်ဖြင့် အကြောင်းကို ပြဆိုခြင်းပင်၊ ဥပမာ ထောပတ်ကို (အာယု)အသက်ဟူ၍ရင်း၊ တင်လဲကို သလိပ်ဟူ၍ရင်း ပြောဆိုသကဲ့သို့ပင်။

http://www.dhammadownload.com



အဖြစ်သည်လည်း မြတ်စွာဘုရားမှာ (ဟောရန်) ကြောင့်ကြမဲ့ အဖြစ်ကို ဆောင်တတ်သောကြောင့်ရင်း[၁], အရိယာဉာဏ်မျက်စိဖြင့် မြင်အပ်သည့် တရားဖြစ်သောကြောင့်ရင်း ပြီးစီးထင်ရှား၏။ ဤတွင် တရပ်။

၅၆၀။ ထိုသို့ရှင်းပြပြီးသော ဤနိဗ္ဗာန်သည် အရိယမဂ်နှင့်ပြည့်စုံသော အရိယာပုဂ္ဂိုလ်သည်(သာလျှင်)ရောက်အပ်သောကြောင့် အများနှင့်မဆိုင်သော(အသာဓာရဏ)တရားဖြစ်သည်၊ (မည်သည့် ဘုရားလက်ထက်က စ၍ ဖြစ်ခဲ့သည်ဟု ဤသို့) ရှေးအစွန်း၏မရှိသောကြောင့် (အပ္ပဘဝ)အမှန်အစ မရှိပေ။ "မဂ်ရှိလျှင် (နိဗ္ဗာန်) ရှိခြင်းကြောင့် အပ္ပဘဝမဟုတ်" ဟု ဆိုငြားအံ့၊ မဂ်က ဖြစ်စေအပ်သည် မဟုတ်သောကြောင့် ထိုသို့ မဆိုသင့်။ မှန်၏-ဤနိဗ္ဗာန်ကို မဂ်သည်ရောက်သာလျှင် ရောက်အပ်၏၊ ဖြစ်စေအပ်သည်ကား မဟုတ်၊ ထို့ကြောင့် အပ္ပဘဝသာဖြစ်ပေသည်။ အမှန်အစမရှိ (အပ္ပဘဝ) ဖြစ်သောကြောင့် အိုခြင်း သေခြင်း မရှိ၊ စ၍ ဖြစ်ခြင်း အိုခြင်း သေခြင်း တို့၏ မရှိခြင်းကြောင့်(နိစ္စ)မြဲ၏။

"နိဗ္ဗာန်၏ မြဲသည်၏အဖြစ်ကဲ့သို့ အဏု(ပကတိ ပုရိသ ကာလ) စသည် တို့၏လည်း မြဲသည်၏အဖြစ်သည် ရောက်၏"ဟု ဆိုငြားအံ့[၂]၊ အကြောင်း

---

မှတ်ချက်

၁–မြတ်စွာဘုရားသည် ဘုရားဖြစ်ပြီးနောက် ခုနစ်ဌာနတို့၌ ခုနစ်ရက်စီ စံနေတော်မူပြီးသောအခါ တရားဟောရန် ဆင်ခြင်တော်မူသည်၊ ထိုအခါ တရားတော်၏ နက်နဲသိမ်မွေ့ပုံကို ဆင်ခြင်တော်မူသဖြင့် တရားဟောရန် ကြောင့်ကြမဲ့အဖြစ်သို့ ရောက်ခဲ့သည်ဟု ဆို၏။ ထိုအဆိုအရ ဖော်ပြခြင်း ဖြစ်သည်။

၂–ကဏာဒရသေ့၏ ဝါဒ၌ အဏုမှုန် ၂-ခုစပ် ၃-ခုစပ် စသည်ကား ပျက်စီး၏၊ အသေးဆုံး ပရမာဏုမှုန်ကား မပျက်စီးပဲ မြဲသည်ဟု ဆို၏။ ကပိလရသေ့၏ ဝါဒ၌ ပုရိသခေါ် အတ္တနှင့် ပေါင်းစပ်မိသောအခါ ပကတိမှ ဖြစ်ပွါးလာ

http://www.dhammadownload.com



သာဓနဟိတ်၏ မရှိခြင်းကြောင့် ထိုစကားသည် မသင့်။ "နိဗ္ဗာန်၏ မြဲသည်၏အဖြစ်ကြောင့် ထိုအဏုပကတိ စသည်တို့သည် မြဲကုန်၏" ဟု ဆိုငြားအံ့၊ အကြောင်းပြဟိတ်လက္ခဏာ၏ မသင့်လျော် မပြည့်စုံခြင်းကြောင့် (ဝါ- နိဗ္ဗာန်၏ မြဲသည်၏ အဖြစ်ကြောင့်ဟူသော ဟိတ်သည် သာဓနဟိတ် လက္ခဏာသို့ မရောက်ခြင်းကြောင့်[၁]) ထိုစကားမသင့်။ "ယင်းအဏုစသည်တို့သည် ဉပါဒ်စသည်မရှိခြင်းကြောင့် မြဲကုန်၏ နိဗ္ဗာန်ကဲ့သို့ပင်" ဟု ဆိုငြားအံ့၊ ထိုစကားမသင့်၊ (အဘယ့်ကြောင့်နည်း) အဏုစသည်တို့၏ မပြီးခြင်း ထင်ရှားမရှိခြင်းကြောင့်တည်း[၂]။

---

မှတ်ချက်

သော မဟာ- စသည်တို့ကား ပျက်စီးတတ်၏၊ သတ္တ ရဇ တမ ဟူသော ဂုဏ်သုံးပါးတို့၏ ညီမျှသဲ အခိုက်ဖြစ်သော ပကတိကား ပျက်စီးခြင်းမရှိပဲ မြဲသည်ဟု ဆို၏။ ထို့အတူပင် ပုရိသခေါ် အတ္တကိုလည်း မြဲသည်ဟု ဆို၏။ ကာလဝါဒီပုဂ္ဂိုလ်တို့က ကာလကို မြဲသည်ဟု ဆိုကြ၏။ ထိုအဆိုများသည် ဗုဒ္ဓသာသနာတော်က နိဗ္ဗာန်ကို အကြောင်းပြု၍ ဆိုကြသည်ကား မဟုတ်ပေ။ သူတို့သဘောအားဖြင့်ပင် မြဲသည်ဟု ဆိုကြခြင်း ဖြစ်သည်။ သို့သော် နောက်ကာလ၌ကား နိဗ္ဗာန်နှင့် နှိုင်း၍လည်း ပြိုင်ဆိုင်ပြောဆိုခြင်း ရှိခဲ့ကြပေလိမ့်မည်၊ ထိုသို့သော ပြောဆိုချက်များကို ဖြေရှင်းပြသည်။

၁ - ဟေတုလက္ခဏာသာ အနုပပတ္တိတော-ဟူသောပါဌ်၏ အနက်ဖြစ်သည်။ ဤအရာ၌ ချာယကျမ်းနည်းနှင့်တကွ အကျယ်ကို သိလိုလျှင် ငါတို့ ရေးထားသော ဝိသုဒ္ဓိမဂ် မဟာဋီကာနိဿယ တတိယတွဲ နှာ ၄၇၇-၄၉၀-တို့၌ အောက်ခြေမှတ်ချက်ကို ကြည့်ပါ။

၂ - အဏုမြူ ပရမာဏုမြူတို့၌ အတွင်းဝင်သော အဋ္ဌကလာပ်ရုပ်တို့ကား ထင်ရှားရှိ၏၊ သို့သော် ပရဝါဒီတို့ ယူဆထားသည့်အတိုင်း တကြွံဘည်း တလုံးတခဲတည်း တည်နေသော အဏုမြူ ပရမာဏုမြူတို့ကား မရှိကြချေ၊ ထို့ပြင် ပကတိနှင့် ပုရိသခေါ် အတ္တတို့သည်ကား လုံးဝပင် မရှိကြချေ၊ ကာလ၏ ထင်ရှား မရှိပုံမှာ သိသာ၏။

http://www.dhammadownload.com



၅၆၁။ စင်စစ်အားဖြင့်မူ ဆိုခဲ့သည့်အတိုင်း အသင့်ယုတ္တိ၏ ရှိခြင်းကြောင့် ဤနိဗ္ဗာန်သည်သာလျှင် မြဲ၏၊ ရုပ်သဘောကို ကျော်လွန်ခြင်းကြောင့် အရူပ (ရုပ်မဟုတ်သည့်နာမ်) မည်၏။ ဗုဒ္ဓမြတ်စွာဘုရား စသည်တို့၏ အပြီးအဆုံးနှင့် (အခြားရဟန္တာတို့၏ အပြီးအဆုံးသည်) ထူးခြားကွဲပြားခြင်းမရှိသောကြောင့် တပါးတည်းသာဖြစ်သော နိဋ္ဌာ-အပြီးအဆုံး ပေတည်း။ ဘာဝနာဖြင့် နိဗ္ဗာန်သို့ရောက်သူ၏ ကိလေသာငြိမ်းခြင်းကိုရင်း, ဥပါဒိမည်သော အကျိုးဝိပါက်ခန္ဓာအကြွင်းရှိသေးသည်ကိုရင်း စွဲ၍ ပညတ်အပ်-သိစေအပ်သောကြောင့် သဥပါဒိသေသနိဗ္ဗာန် မည်၏[၁]။ ထို့ပြင် သမုဒယကို အကြွင်းမဲ့ပယ်ခြင်းဖြင့် နောင်အခါ၌ ဖြစ်ထိုက်သော ကံ၏ အကျိုးကို ပယ်ပြီးသော ရဟန္တာပုဂ္ဂိုလ်မှာ နောက်ဆုံး (ပရိနိဗ္ဗာန်စုတိ) စိတ်မှ နောက်၌ ပဝတ္တိခန္ဓာတို့၏[၂] မဖြစ်ခြင်းကြောင့်ရင်း, (ပရိနိဗ္ဗာန်စုတိတိုင်အောင်) ဖြစ်ပြီးသော ခန္ဓာတို့၏ ကွယ်ပျောက်ခြင်း ချုပ်ခြင်းကြောင့်ရင်း [၁၄၁] အကြွင်း ဥပါဒိမည်သော ခန္ဓာအကြွင်း၏ မရှိခြင်းသည် ပြီး၏၊ ထိုဥပါဒိသေသခန္ဓာအကြွင်း၏ မရှိခြင်းကို စွဲ၍ ပညတ်အပ်-သိစေအပ်သောကြောင့် အနုပါဒိသေသလည်း မည်၏[၃]။

---

မှတ်ချက်

၁–ဤ၌ သဟ ဥပါဒိသေသေန ပညာပီယတီတိ-ဟူသော ဝစနတ္ထကို စာဖတ်သူတို့မှာ ထပ်နေသည်ဟု ထင်ဖွယ်ရှိသောကြောင့် ချန်ထားသည်။ ဥပါဒိ-စွဲလမ်းအပ်သောခန္ဓာ+သေသ-အကြွင်း+သဟ-သ-တကွ=သဥပါဒိသေသ ခန္ဓာအကြွင်းနှင့်တကွ ကိလေသာငြိမ်းမှု-နိဗ္ဗာန်။ ရဟန္တာမှာ ပရိနိဗ္ဗာန် မစံမီ ဖြစ်ဆဲ ဝိပါက် ခန္ဓာ အကြွင်းရှိနေသောကြောင့် ယင်း၏ ကိလေသာငြိမ်းခြင်းသဘောကို သဥပါဒိသေသနိဗ္ဗာန်ဟု ခေါ်သည်။

၂–ကံကြောင့် မပြတ်ဖြစ်နေသော ရုပ်နာမ်ခန္ဓာတို့ကို ပဝတ္တိခန္ဓာဟု ခေါ်သည်။

၃–ဤ၌လည်း ဝစနတ္ထကို ချန်ထားသည်။ န-အန်-မရှိ+ဥပါဒိသေသ-ကြွင်း

http://www.dhammadownload.com



မှတ်ချက်

သော ခန္ဓာ=အနုပါဒိသေသ-ခန္ဓာအကြွင်းမရှိသောနိဗ္ဗာန်။ ရဟန္တာမှာ ပရိနိဗ္ဗာန်စုတိမှ နောက်၌ ပြီးစီးသောနိဗ္ဗာန်ဖြစ်သည်။

ဝိသုဒ္ဓိမဂ် ဤနိဗ္ဗာနကထာအရာ၌ နိဗ္ဗာန်အကြောင်းကို စိစစ် ပြဆိုကြသော အဋ္ဌကထာ ဋီကာအဆိုများနှင့်စပ်၍ ငါတို့ သဘောကျထားသော နိဗ္ဗာန်အကြောင်းကို မဟာဋီကာနိဿယ တတိယတွဲ နှာ ၅၀၂-မှစ၍ ပြဆိုထားခဲ့၏။ ထိုစကားရပ်ကို မြန်မာပြန် ဖတ်ရှုသူတို့အား သုတပွါးစေရန် ဤ၌ ဖော်ပြဦးအံ့။

ဤအရာ၌ အကျယ်တဝင့် စိစစ်ပြဆိုသော အဋ္ဌကထာနှင့် ဋီကာစကားတို့ကိုရင်း(ဥဘိန္နံ အပ္ပဝတ္တိ နိရောဓသစ္စံ)ဟူသော အဋ္ဌကထာမှ အပ္ပဝတ္တိ-ပုဒ်ကို အပ္ပဝတ္တိ နိမိတ္တံ-ဟု ဖွင့်သော ဋီကာကိုရင်း အမှီပြု၍ မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော နိဗ္ဗာန်အစစ် နိရောဓသစ္စာသည် ကိလေသာ ခန္ဓာ သင်္ခါရတို့၏ ချုပ်ငြိမ်းခြင်းသဘောမျှမဟုတ်ဟု အများအားဖြင့် ယူဆပြောဆိုကြ၏၊ ထိုသို့ယူဆပြောဆိုရာ၌ လေးလေးနက်နက် ဆင်ခြင်သင့်သည်မှာ—ကိလေသာ ကံ ဝိပါက်ခန္ဓာဟူသော ဝဋ္ဋဆင်းရဲ မပြတ် ဖြစ်လျက်ရှိနေခြင်းနှင့် ထိုဝဋ္ဋဆင်းရဲ မဖြစ်ပေါ်နိုင်ဘဲ ချုပ်ငြိမ်းခြင်းဟူသော ဤနှစ်မျိုးသာ ရှိသင့်ပေသည်၊ ဤနှစ်မျိုးမှ အလွတ်ဖြစ်သော အသီးအခြား သဘောတရားဟူ၍ မရှိသင့်ပေ၊ (ဤစကားထဲ၌ ဝဋ္ဋဆင်းရဲမဟုတ်သော မဂ်ဖိုလ်တို့ကိုလည်း ခန္ဓာများပင် ဖြစ်၍ ခန္ဓာထဲမှာသွင်း၍ အကျဉ်းချုပ် ပြဆိုထားခြင်း ဖြစ်သည်) အကယ်၍ ရှိပါလျှင် ထိုတရားသည် အဘယ်ဌာန၌ အဘယ်သို့ တည်ရှိနေပေမည်နည်း၊ ပုဂ္ဂိုလ် အသီးအသီး၏သန္တာန်၌ တည်ရှိနေသလော၊ အလွတ်တနေရာ၌ တည်ရှိနေသလော၊ သို့မဟုတ် အနှံ့အပြား တည်ရှိနေသလော၊ ဖြေရန်ခက်၏၊ အပ္ပတိဋ္ဌံ-ဟူသော ဒေသနာတော်အရ တည်ရာအရပ် မရှိဟူ၍ ဖြေရပေလိမ့်မည်၊ သို့သော် ချုပ်ငြိမ်းခြင်းမျှမဟုတ်သော သဘောတရားတခု ဖြစ်ပါလျက် တည်ရာမရှိဟူသော ထိုအဖြေကို သဘောကျ ကျေနပ်ရန် ခက်၏၊ အရူပဘုံ၌ နာမ်တရားတို့သည် ဝတ္ထုရုပ် ဟူသော တည်ရာမရှိသော်လည်း ဘုံဌာနဟူသော တည်ရာကား ရှိပေ၏၊ ထို့ကြောင့် အရူပဘုံရှိ နာမ်တရားတို့မှာ ကျေနပ်ဖွယ် ရှိပေ၏။

http://www.dhammadownload.com



မှတ်ချက်

ထို့ပြင် ချုပ်ငြိမ်းခြင်းသဘောမျှ မဟုတ်ဟု ဆိုသော ထိုနိဗ္ဗာန်သည် မဂ်ဖိုလ် ပစ္စဝေက္ခဏာတို့ဖြင့် သိရရုံမျှသာဖြစ်သည်၊ ပရိနိဗ္ဗာန်ပြုသောအခါ ထိုနိဗ္ဗာန်သို့ ရောက်ရသည်လည်း မဟုတ်၊ ၎င်း၏အရသာကို ခံစားရသည် လည်း မဟုတ်သောကြောင့် ပကတိနှင့် ပုရိသကဲ့သို့ပင် မဂ်ဖိုလ်၏ အာရုံ ပြုရန်အတွက် အပိုသက်သက် ကြံဆတီထွင်ထားသကဲ့သို့ ရှိ၏။

အမှန်စင်စစ် လိုအပ်သည်မှာ အကြောင်းအကျိုးဆက်လျက် မပြတ် ဖြစ်နေသော ကိလေသာ ကံ ဝိပါက်ခန္ဓာတို့၏ ချုပ်ငြိမ်းမှုသာလျှင် ဖြစ် ပေသည်၊ ထိုချုပ်ငြိမ်းမှုအတွက်သာလျှင် ဗုဒ္ဓသာသနာဘောင်၌ ဗြဟ္မစရိယ ခေါ် အကျင့်မြတ်ကို ကျင့်ကြရပေသည်၊ ထို့ကြောင့် "ဘုရားထံ၌ အကျင့် မြတ်ကို အဘယ်အကျိုးငှါ ကျင့်သုံးပါသနည်း" ဟူသောအမေးကို "အနု- ပါဒါ ပရိနိဗ္ဗာနတ္တံ-အစွဲအလမ်း အကြောင်းကင်း၍ အပြီးအပြတ် ငြိမ်းခြင်း အကျိုးငှါ ကျင့်သည်"ဟု အရှင်ပုဏ္ဏအစရှိသော မထေရ်မြတ်တို့က ဖြေ ကြားတော်မူကြပေသည်။

သို့ဖြစ်ရာတွင် ဧကာ နိဋ္ဌာ-ဟူသော ဘုရားစကားတော်အရ တခုတည်း သော အပြီးအဆုံး နိဋ္ဌာသည် ကိလေသာ ကံ ဝိပါက်ခန္ဓာတို့၏ ချုပ်ငြိမ်း ခြင်း (သန္တိလက္ခဏာ)သဘောပင် ဖြစ်သင့်သလော၊ သို့မဟုတ် ချုပ်ငြိမ်း ခြင်း (သန္တိလက္ခဏာ)သဘောမဟုတ်သော အလွတ်တရားတခုပင် ဖြစ်သင့် သလော-ဟု ဆင်ခြင်ရာ၏။ ငါတို့၏ အလိုအားဖြင့် ကိလေသာ ကံ ဝိပါက် ခန္ဓာတို့၏ ချုပ်ငြိမ်းခြင်း(သန္တိလက္ခဏာ) သဘောကိုပင် ဧကာ နိဋ္ဌာ-ဟု ယူလို၏။ အကြောင်းမူကား "နေဝိဓ၊ န ဟုရံ၊ န ဥဘယမန္တရေန၊ ဧသေ- ဝန္တော ဒုက္ခဿ"ဟူသော ဒေသနာ၌ ဧသေဝ အန္တော-နှင့် အရတူပင် ဖြစ်သင့်သောကြောင့်တည်း။ ထိုပါဠိ၌ "ဧသေဝ- (ဤလောကနှင့် တပါး သော လောက နှစ်ဌာနလုံး၌ မရှိခြင်းဟူသော) ဤသဘောသည်ပင်လျှင်။ ဒုက္ခဿ၊ ကိလေသာဆင်းရဲ ဝဋ်ဆင်းရဲ၏။ အန္တော၊ အဆုံးအပိုင်းအခြား (နိဗ္ဗာန်)ပေတည်း"ဟု ဤသို့ အနက်ပြန်ရာတွင် ဧသေဝ-ကို အဘာဝေါ-ဟု ဖွင့်သောဋီကာနှင့်အညီ "မရှိခြင်း ဆိတ်သုဉ်းခြင်း ချုပ်ငြိမ်းခြင်း"ဟူသော

http://www.dhammadownload.com



မှတ်ချက်

အနက်ကိုသာ ရ၏၊ ထိုအနက်သည်သာလျှင် "နေဝိဓ– ဤလောက၌လည်း မရှိ။ န ဟုရံ–တပါးသော လောက၌လည်း မရှိ။ န ဥဘယံ–လောက နှစ်ပါးလုံး၌လည်း မရှိ" ဟူသော ရှေးဝါကျအနက်နှင့် သင့်လျော်ပေသည်။ ထိုဒေသနာပါဠိ၌ "မရှိကြောင်း, မရှိရာ၊ ချုပ်ငြိမ်းကြောင်း, ချုပ်ငြိမ်းရာ" အစရှိသော အနက်တို့ကိုကား မရနိုင်ပေ၊ ထိုသို့ ပြန်ရိုးပြန်စဉ်လည်း မရှိ၊ ဤအရာ၌ ထိုသို့သော ဖွင့်ပြချက်လည်း မရှိပေ။ ထို့ကြောင့် ဤဒေသနာမှ အန္တော-နှင့် ကော နိဋ္ဌာ-ဟူသော ဒေသနာမှ နိဋ္ဌာ-တို့၏အရ "ဒုက္ခ၏ မရှိခြင်း, ဆိတ်သုဉ်းခြင်း, ချုပ်ငြိမ်းခြင်းပင် ဖြစ်သည်" ဟု ယူသင့်၏။ ၎င်း ကိုပင် သန္တိလက္ခဏာ- ငြိမ်းခြင်းသဘော-ဟု ဆိုရပေသည်။

ထို့ အတူပင် ဒုက္ခနိရောဓ-ဟူရာ၌လည်း ဒုက္ခ၏ ချုပ်ငြိမ်းခြင်းမျှကိုသာ လျှင် မြတ်စွာဘုရား ရည်ရွယ်တော်မူသည်ဟု ငါတို့ သဘောကျ၏၊ ချုပ်ငြိမ်း ကြောင်း-ဟူ၍ကား ဆိုလိုမည် မထင်ပေ၊ အဋ္ဌကထာ ဋီကာတို့၌လည်း ဤအရာ၌ ဒုက္ခနိရောဓနိမိတ္တံ-ဟု ဖွင့်ပြခြင်းမရှိပေ။ အကယ်၍ အပ္ပဝတ္တိ- နိမိတ္တံ-ဟု ဖွင့်သကဲ့သို့ ဤအရာ၌ ဒုက္ခနိရောဓနိမိတ္တံ-ဟု ဖွင့်လျှင် ဆင်းရဲ ချုပ်ငြိမ်းကြောင်းတရား-ဟု ယူခဲ့လျှင် အရိယမဂ်ကိုသာ အရကောက်ယူရ ပေလိမ့်မည်။ အဘယ့်ကြောင့်နည်းဟူမူ ဒုက္ခ၏အကြောင်းသည် သမုဒယ သစ္စာဖြစ်သကဲ့သို့ ဒုက္ခနိရောဓနိမိတ္တ-ဒုက္ခချုပ်ခြင်း၏အကြောင်းသည် မဂ္ဂ သစ္စာသာ ဖြစ်သင့်သောကြောင့်ပေတည်း။ နိရောဓ-ပုဒ်ကို အဓိကရဏသာ ဓန ကြံ၍ ဒုက္ခနိရောဓ-ဒုက္ခ၏ ချုပ်ရာဟူသော အနက်သည်ကား "အနုပါဒိ- သေသာ ပန သမ္ဗုဒ္ဓယိကာ၊ ယမှိ နိရုဇ္ဈန္တိ ဘဝါနိ သဗ္ဗသော" ဟူသော ဣတိဝုတ်ပါဠိ (နှာ ၂၂၁)၌ ဘဝခန္ဓာတို့၏ ချုပ်ငြိမ်းခြင်းသဘောမျှဖြစ် သော အနုပါဒိသေသနိဗ္ဗာန်ကိုပင် ချုပ်ရာ အာဓာရပြု၍ ယမှိ-ဟု ဆိုသကဲ့ သို့ ဥပစာပရိယာယ်အားဖြင့် ဆိုသည်ဟုယူလျှင် သင့်ရာ၏။

ထို့ပြင် ပဋိလောမပဋိစ္စသမုပ္ပါဒ်အရာ၌ "ဣမဿ နိရောဓာ ဣဒံ နိရုဇ္ဈတိ၊ အဝိဇ္ဇာနိရောဓာ သင်္ခါရနိရောဓော၊ သင်္ခါရနိရောဓာ ဝိညာဏနိရောဓော

http://www.dhammadownload.com



မှတ်ချက်

အစရှိသောပါဠိဖြင့် နိဗ္ဗာန်ကို ဟောကြောင်း အဋ္ဌကထာတို့၌ ပြဆိုထား၏။ ထိုပါဠိ၌ "နိရောဓာ-ချုပ်ခြင်းကြောင့်။ နိရုဇ္ဈတိ-ချုပ်၏။ နိရောဓော-ချုပ်ခြင်း"ဟူ၍သော အနက်ပြန်ရ၏။ ချုပ်ကြောင်းသဘောကြောင့် ချုပ်ကြောင်းဖြစ်သည်ဟု ဤသို့ကား မပြန်ရ၊ ထိုသို့ ပြန်ဆိုရန် ဖွင့်ပြချက်လည်း မရှိ။ ထို့ကြောင့် ထိုပဋိစ္စသမုပ္ပါဒ်ပဋိလုံပါဠိ၌ "အဝိဇ္ဇာချုပ်လျှင် သင်္ခါရတို့၏ ချုပ်ခြင်းဖြစ်သည်(ပြီးစီးသည်)၊သင်္ခါရတို့ချုပ်လျှင် ဝိညာဏ်၏ ချုပ်ခြင်း ပြီးသည်" စသည်ဖြင့် ချုပ်ခြင်းသဘောကိုသာလျှင် နိဗ္ဗာန်အစစ်ဟု ပြကြောင်း ထင်ရှားလှပေ၏။ ဤအရာ၌ အဝိဇ္ဇာချုပ်သည်ဆိုရာဝယ် အဝိဇ္ဇာတခုတည်းသာ ချုပ်သလော? စသည်ဖြင့် စောဒနာမတက်သင့်သည်မှာလည်း ထင်ရှားလှပေ၏။ ထို့ကြောင့် ရာဂက္ခယော-ရာဂ၏ကုန်ခြင်းဟူရာ၌ ရာဂကုန်ခြင်းက နိဗ္ဗာန်တခု၊ ဒေါသက္ခယော-ဒေါသကုန်ခြင်းဟူရာ၌ ဒေါသကုန်ခြင်းက နိဗ္ဗာန်တခု-ဤသို့စသည်ဖြင့် နိဗ္ဗာန်များခြင်းအပြစ်ကို ပြဆိုချက်တို့၌လည်း စဉ်းစားဆင်ခြင်သင့်၏။ အရိယမဂ်၏အစွမ်းကြောင့် အဝိဇ္ဇာအစရှိသော ကိလေသာအားလုံးနှင့် သင်္ခါရအစရှိသော ကမ္မဝဋ်အားလုံး ဝိညာဏ်အစရှိသော ဝိပါကဝဋ်အားလုံးတို့ တပေါင်းတည်း ချုပ်ငြိမ်းသွားကြသည်ကိုပင် အဝိဇ္ဇာနိရောဓာ သင်္ခါရနိရောဓော-စသည်ဖြင့် အစိတ်အစိတ်ခွဲ၍ ဟောတော်မူသကဲ့သို့ ရာဂ ဒေါသ မောဟ အစရှိသော ကိလေသာအားလုံး၏တပေါင်းတည်းကုန်ခြင်း ငြိမ်းခြင်းကိုပင် ရာဂက္ခယော ဒေါသက္ခယောစသည်ဖြင့် အစိတ်စိတ်ခွဲ၍ ဟောတော်မူသည်ဟု မျှမျှတတ ယူလျှင် ရာဂကုန်ခြင်း စသည်ကိုပင် နိဗ္ဗာန်ဟု ဆိုသောဝါဒသည် မသင့်စရာ အကြောင်းမရှိပေ။ ပညာရှိ သတိဖြစ်ခဲသည်ဟူသော စကားပုံအရ သတိပြုသင့်လှ၏။

ထို့ပြင် အဝိဇ္ဇာနိရောဓာ သင်္ခါရနိရောဓော-စသည်ကဲ့သို့ပင် ရာဂက္ခယော စသည်ဖြင့်လည်း နိဗ္ဗာန်ကို မုချအားဖြင့် ဟောသည်၊ မဂ်ဖိုလ်တို့ကိုမူကား ခယမည်သော နိဗ္ဗာန်ကို အာရုံပြုသောကြောင့်ရင်း, ရာဂစသည်တို့၏ ကုန်ကြောင်း စသည်ဖြစ်သောကြောင့်ရင်း ဥပစာ ပရိယာယ်အားဖြင့်

http://www.dhammadownload.com



မှတ်ချက်

ဟောသည်ဟု ယူလျှင်လည်း မသင့်စရာအကြောင်းမရှိပေ။ ဤအချက်ကိုလည်း သတိပြုသင့်၏။

သို့ဖြစ်၍ ပါဠိတော်များအားလုံး တညီတည်းဖြစ်စေရန်၎င်း, အနုပါဒိ ပရိနိဗ္ဗာနတ္ထံ-ဟူသည်နှင့်အညီ အလိုရှိအပ်သောအကျိုးကို မုချအားဖြင့် ရစေရန်၎င်း နိဗ္ဗာန်ကို အောက်ပါအတိုင်း ယူသင့်၏။

(၁) မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော ချုပ်ငြိမ်းခြင်းသဘော နိဗ္ဗာန်သည် ကိလေသာကံ ရုပ် နာမ် သင်္ခါရဟူသမျှတို့၏ ချုပ်ငြိမ်းဆိတ်သုဉ်းခြင်းဟူသော သာမညနိဗ္ဗာန် ဖြစ်သည်၊ ထို့ကြောင့်ပင် ၎င်းကို ပရမသုညံ-ဟူ၍လည်း ဟောတော်မူပေသည်။

(၂) ကိလေသာတို့၏ ချုပ်ငြိမ်းခြင်းဟူသော သဉပါဒိသေသနိဗ္ဗာန်နှင့် ရုပ်နာမ်ခန္ဓာသင်္ခါရတို့၏ ချုပ်ငြိမ်းခြင်းဟူသော အနုပါဒိသေသနိဗ္ဗာန် တို့သည်ကား မဂ်ဖိုလ်၏အာရုံဖြစ်သော ထိုသာမညနိဗ္ဗာန်၏ အစိတ်အပိုင်း ဖြစ်သော ဝိသေသနိဗ္ဗာန်တို့ ဖြစ်ကြသည်၊ ထိုဝိသေသနိဗ္ဗာန်တို့သည် မဂ် ဖိုလ်၏ အာရုံဖြစ်သော သာမညနိဗ္ဗာန်၌ အတွင်းဝင်ကုန်၏။ ထို့ကြောင့်ပင် ဣတိဝုတ်ပါဠိ(နှာ ၂၂၁)၌ "ယေ ဧတဒညာယ ပဒံ အသင်္ခတံ၊ ဝိမုတ္တစိတ္တာ ဘဝနေတ္တိသင်္ခယာ" ဟူသော ပါဠိဖြင့် ရဟန္တာအရှင်မြတ်တို့သည် ထိုသဉပါဒိ သေသ အနုပါဒိသေသနိဗ္ဗာန်ဓာတ်နှစ်ပါးကို (အရဟတ္တမဂ်ဖြင့်) သိ၍ ဘဝ နှောင်ကြိုး ကုန်ပြတ်လျက် အရဟတ္တဖိုလ်ဖြင့် လွတ်မြောက်တော်မူကြ ကြောင်းကို ပြဆိုတော်မူပေသည်။ အကယ်၍ သဉပါဒိသေသ အနုပါဒိသေသ နိဗ္ဗာန်တို့က မဂ်ဖိုလ်၏အာရုံဖြစ်သော နိဗ္ဗာန်၏ အကျိုးသဘောမျှ ဖြစ်၍ မဂ်ဖိုလ်တို့၏ အာရုံမဟုတ်လျှင် ဧတဒညာယ-ဟု ဟောတော်မူမည်မဟုတ် ပေ။ ဤအချက်ကိုလည်း လေးနက်စွာ သတိပြုရာ၏။

သို့သော် မဂ်ဖိုလ်တို့က အာရုံပြုသောအခါ၌ "ရာဂ ချုပ်ငြိမ်းသည် ဒေါသချုပ်ငြိမ်းသည်" ဤသို့ စသည်ဖြင့် အထူးဝိသေသပြုလျက် အာရုံပြု ကြသည်လည်း မဟုတ်ကုန်၊ "ရုပ်ချုပ်သည်, နာမ်ချုပ်သည်" ဤသို့စသည်

http://www.dhammadownload.com



မှတ်ချက်

ဖြင့်လည်း အထူးဝိသေသပြုလျက် အာရုံပြုကြသည်လည်း မဟုတ်ကုန်။ စင်စစ်သော်ကား ကိလေသာ ကံ ရုပ်နာမ် ခန္ဓာ သင်္ခါရ အလုံးစုံတို့၏ ချုပ်ငြိမ်းကင်းဆိတ်ခြင်း သဘောမျှကိုသာ မျက်မှောက်တွေ့လျက် အာရုံ ပြုကြပေသည်။

ဤအရာ၌ ကိလေသာ ကံ ရုပ်နာမ်ခန္ဓာတို့၏ ချုပ်ငြိမ်းခြင်းသဘောကို ဘာမျှမရှိသော အဘာဝပညတ်ဟု ထင်မှတ်လျက် မထိမဲ့မြင် အောက်မေ့တတ် ပြောဆိုတတ်ကြ၏၊ ဘာမျှမနက်နဲဟူ၍လည်း ထင်တတ်ကြ၏၊ ထိုသို့ကား မထင်မှတ်သင့်ပေ၊ အလွန်နက်နဲသောကြောင့်ပင် ပါရမီမရှိသူတို့မှာ ကိလေသာ ခန္ဓာချုပ်ငြိမ်းအောင် မစွမ်းနိုင်ပဲ ရှိကြချေသည်၊ ထိုကိလေသာ ခန္ဓာတို့၏ ချုပ်ငြိမ်းခြင်းက အလွန်အဖိုးတန် မြင့်မြတ်သောကြောင့်သာလျှင် ကိလေသာခန္ဓာတို့ကို ချုပ်ငြိမ်းစေနိုင်သော မဂ်ဖိုလ်တို့သည်လည်း မြင့်မြတ် အဖိုးတန်ကြပေသည်။

စဉ်းစားကြည့်ပါ၊ အလိုရှိတိုင်း တန်ခိုးဖန်ဆင်းနိုင်, အလိုရှိတိုင်းမြင်နိုင်, ကြားနိုင်,သိနိုင်သော လောကီအဘိညာဉ်တို့သည် လောကဖက်ကကြည့်လျှင် အလွန်အဖိုးတန် မြင့်မြတ်ကြပေကုန်၏၊ သို့သော် ကိလေသာ ခန္ဓာတို့ကို မငြိမ်းစေနိုင်သောကြောင့် မဂ်ဖိုလ်ဉာဏ်တို့ကဲ့သို့ အဖိုးမတန် မမြင့်မြတ်ကြကုန်။ ဤအချက်ကို ထောက်ဆကြည့်လျှင် ကိလေသာခန္ဓာတို့၏ ချုပ်ငြိမ်းခြင်းကို အကောင်းအမြတ်ဆုံးဟူ၍ သဘောပေါက်ပါလိမ့်မည်၊ ထို့ကြောင့်ပင် အရှင်ပုဏ္ဏ ရဟန္တာမထေရ်မြတ်က "ဉာဏဒဿန ဝိသုဒ္ဓိခေါ် မဂ်ဉာဏ် အကျိုးငှါလည်း ကျင့်သည်မဟုတ်ပါ"ဟု ငြင်းပယ်ပြီးလျှင်, "အနုပါဒါ ပရိနိဗ္ဗာနတ္ထံ-အစွဲအလမ်း အကြောင်းကင်း၍ ရုပ် နာမ် ခန္ဓာ ချုပ်ငြိမ်းခြင်း အကျိုးငှါ ကျင့်ပါသည်"ဟု ဖြေကြားတော်မူပေသည်။

နိဗ္ဗာန်အကြောင်းကို ဤထက် အကျယ်သိလိုလျှင် ငါတို့ စီရင်ထားသော ဝိပဿနာရှုနည်းကျမ်း ဒုတိယတွဲ အခဏ်း (၆) နှာ ၃၂၀-မှ ၃၄၇-အထိ ကြည့်ရှုသုံးသပ်ကြပါလေ။

http://www.dhammadownload.com



လျှော့လျှည်းခြင်းမရှိပဲ တင်းတင်းရင်းရင်း အဆင့်ဆင့် အားထုတ်ခြင်း ဖြင့်ပြီးသော ဉာဏ်အထူးဖြင့် သိအပ်သောကြောင့်၎င်း, အလုံးစုံကိုသိသည့် မြတ်စွာဘုရားဟောတော်မူသောကြောင့်၎င်း နိဗ္ဗာန်သည် ပရမတ္ထသဘော အားဖြင့် မရှိသည်မဟုတ် (ရှိသည်သာတည်း)။ မှန်ပေ၏—

"အတ္ထိ ဘိက္ခဝေ အဇာတံ အဘူတံ အကတံ အသင်္ခတံ = ရဟန်းတို့ (ဝေဒနာ စသည်ကဲ့သို့ အကြောင်းညီညွတ်၍) ဖြစ်သည် မဟုတ်သော (အကြောင်းမဲ့အလိုလို) ဖြစ်ပေါ်သည်လည်း မဟုတ် သော (အကြောင်း တစုံတခုက) ပြုအပ်သည်လည်း မဟုတ်သော အသင်္ခတတရားသည် ရှိပေ၏"ဟူသော ဤစကားကို ဟောတော်မူ အပ်ပေသည်။

ဤဆိုခဲ့သောစကားသည် ဒုက္ခနိရောဓနိဒ္ဒေသ၌ အဆုံးအဖြတ် စကားအမြွက်ပေတည်း။

## မဂ်ကို အကျယ်ပြဆိုချက်

၅၆၂။ ထိုမှတပါး ဒုက္ခနိရောဓ ဂါမိနီပဋိပဒါနိဒ္ဒေသ၌ ဟောထားသော ရှစ်ပါးသော တရားတို့ကို ခန္ဓနိဒ္ဒေသ၌လည်း အနက်အားဖြင့် ပြခဲ့ပြီးသာ လျှင် ဖြစ်ပေသည်၊ သို့သော်လည်း ဤမဂ္ဂသစ္စာအရာ၌ တခုတည်းသော ခဏ၌ ဖြစ်ကုန်သော ထိုမဂ္ဂင်တရားတို့၏ အထူးကို သိစေရန် ပြဆိုကုန်ဦးအံ့။

အကျဉ်းအားဖြင့်[၁] (ပြရလျှင်) သစ္စာလေးပါးကို သိရန် ကျင့်သော ယောဂီအား နိဗ္ဗာန်ကို အာရုံပြုလျက် အဝိဇ္ဇာနုသယကို အကြွင်းမဲ့ နှုတ်ခွါ ပယ်သတ်တတ်သော ပညာမျက်စိသည် သမ္မာဒိဋ္ဌိမည်၏။ ၎င်းသည် မှန်စွာ

မှတ်ချက်

၁ – အထက် ဉာဏဒဿနဝိသုဒ္ဓိအရာ၌ အကျယ်ပြမည်ဖြစ်သောကြောင့် အကျဉ်း အားဖြင့်ဟု ဆိုသည်။

http://www.dhammadownload.com



မြင်ခြင်းလက္ခဏာရှိ၏၊ ဓာတ်သဘောကို ထင်ရှားပြခြင်းကိစ္စ ရှိ၏ ဝါ-သစ္စာလေးပါးကို ထင်ရှားပြခြင်းကိစ္စရှိ၏၊ အဝိဇ္ဇာအမှောင်ကို ဖျက်ဆီးခြင်းသဘောဟု ဉာဏ်အားရှေးရှုထင်၏။ ထိုအဝိဇ္ဇာနုသယကို နှုတ်ခွါပယ်သတ်နိုင်သော အခြင်းအရာဖြင့် ဖြစ်သော သမ္မာဒိဋ္ဌိနှင့် ပြည့်စုံသောပုဂ္ဂိုလ်၏ ထိုသမ္မာဒိဋ္ဌိနှင့်ယှဉ်သော မိစ္ဆာသင်္ကပ္ပကို အကြွင်းမဲ့ပယ်သတ်တတ်သော[၁] စိတ်ကို နိဗ္ဗာန်အာရုံသို့ ရှေးရှုတင်ပေးတတ်သော သဘောသည် သမ္မာ-သင်္ကပ္ပပေတည်း။ ၎င်းသည် စိတ်ကို အာရုံသို့ မှန်စွာရှေးရှုတင်ပေးခြင်းလက္ခဏာရှိ၏၊ (နိဗ္ဗာန်အာရုံသို့)ရောက်စေခြင်း-သက်ဝင်စေခြင်း ကိစ္စရှိ၏၊ မိစ္ဆာသင်္ကပ္ပကို ပယ်ခြင်းသဘောဟု ဉာဏ်အားရှေးရှုထင်၏။

ထိုသို့ သမ္မာဒိဋ္ဌိဖြင့် မြင်သည့်ပြင် သမ္မာသင်္ကပ္ပဖြင့် ကြံစည်သောပုဂ္ဂိုလ်၏ ထိုကြံသည့်ဝိတက်နှင့်ပင် ယှဉ်သော[၁] ဝစီဒုစ္စရိုက်ကို အကြွင်းမဲ့နှုတ်ခွါပယ်သတ်တတ်သော[၁] မိစ္ဆာဝါစာမှ ကြဉ်ခြင်းသဘောသည် သမ္မာဝါစာမည်၏။ ၎င်းသည် (ကြားနာသူနှင့် ယှဉ်ဖက်တရားတို့ကို)သိမ်းဆည်းခြင်းလက္ခဏာရှိ၏[၂]၊ မိစ္ဆာဝါစာမှ ကြဉ်ခြင်းကိစ္စရှိ၏၊ မိစ္ဆာဝါစာကို ပယ်ခြင်းသဘောဟု ဉာဏ်အား ရှေးရှုထင်၏၊ ထိုအခြင်းအရာဖြင့် ကြဉ်သောပုဂ္ဂိုလ်၏ ထိုဝိရတိနှင့်ပင် ယှဉ်သော မိစ္ဆာကမ္မန္တကို အကြွင်းမဲ့ နှုတ်ခွါပယ်သတ်တတ်သော[၁] ပါဏာတိပါတစသည်မှ ကြဉ်ခြင်းသဘောသည်

---

မှတ်ချက်

၁ – ယှဉ်သော....ပယ်သတ်တတ်သော....သဘောသည်ဟု စပ်ပါ။

၂ – သစ္စဝိဘင်းအဖွင့် မူလဋီကာနှင့်အညီ ပြန်ဆိုချက်ဖြစ်သည်။ မဟာဋီကာ၌ မူ ကြားနာသူတို့ကို သိမ်းဆည်းကြောင်းမရှိပေ၊ ၎င်းမှာ ပေါ်လွင်သော အနက်ဖြစ်သောကြောင့် မချပင် ရှိသင့်၏၊ သို့ဖြစ်၍ ၎င်းအတွက် (ဇနာနံ) ဟူသော ပုဒ်သည် နောက်ကာလကူးယူရာ၌ ကျနေဟန်ရှိ၏။

http://www.dhammadownload.com



သမ္မာကမ္မန္တမည်၏။ ၎င်းသည် (အပြစ်ကင်းသောအမှုကို) ဖြစ်စေခြင်း လက္ခဏာရှိ၏၊ မိစ္ဆာကမ္မန္တမှ ကြဉ်ခြင်းကိစ္စရှိ၏၊ မိစ္ဆာကမ္မန္တကို ပယ်ခြင်း သဘောဟု ဉာဏ်အား ရှေးရှုထင်၏။ ထို့ပြင် သမ္မာဝါစာ ကမ္မန္တတို့နှင့် ပြည့်စုံသော ထိုပုဂ္ဂိုလ်၏ ထိုသမ္မာဝါစာ ကမ္မန္တတို့၏ အထူးစင်ကြယ် ကြောင်းဖြစ်သော ၎င်းတို့နှင့်ပင် ယှဉ်သော[၁] အံ့ဖွယ်ပြုခြင်းစသည်ကို အကြွင်းမဲ့ဖြတ်တတ်သော[၁] မိစ္ဆာဇီဝမှ ကြဉ်ခြင်းသဘောသည် သမ္မာအာဇီဝ မည်၏။ ၎င်းသည် ကိုယ်နှုတ်တို့ကို စင်ကြယ်စေခြင်း လက္ခဏာရှိ၏၊ သင့်လျော်သော အသက်မွေးမှုကို ဖြစ်စေခြင်းကိစ္စရှိ၏၊ မိစ္ဆာဇီဝကို ပယ်ခြင်းသဘောဟု ဉာဏ်အားရှေးရှုထင်၏။

ထိုအခါ၌ သမ္မာဝါစာ ကမ္မန္တ အာဇီဝဟု ဆိုအပ်သော ထိုသီလမြေ၌ ကြံ့ကြံ့တည်သော ထိုပုဂ္ဂိုလ်၏ ထိုသမ္မာဝါစာ စသည်အားလျော်သော[၂] ထိုသမ္မာဝါစာစသည်တို့နှင့်ပင် ယှဉ်သော[၁] ပျင်းရိခြင်းကို အကြွင်းမဲ့ ဖြတ်တတ်သော အကြင်လုံ့လအားထုတ်မှုသည် ရှိ၏၊ ဤအားထုတ်မှုသည် သမ္မာဝါယာမ မည်၏။ ၎င်းသည် ချီးမြှောက်အားပေးခြင်း လက္ခဏာရှိ၏၊ မဖြစ်သေးသော အကုသိုလ်တို့ကို မဖြစ်စေခြင်းစသော ကိစ္စ ရှိ၏၊ မိစ္ဆာ-ဝါယာမကို ပယ်ခြင်းသဘောဟု ဉာဏ်အား ရှေးရှုထင်၏။ ဤဆိုခဲ့သည့် အတိုင်း အားထုတ်သော ထိုပုဂ္ဂိုလ်၏ ထိုသမ္မာဝါယာမနှင့်ပင် ယှဉ်သော[၃] မိစ္ဆာသတိကို ခါထုတ်-ပယ်ဖျောက်တတ်သော စိတ်၏ မမေ့မပျောက်ခြင်း သဘောသည် [၁၄၂] သမ္မာသတိ မည်၏၊ ၎င်းသည် အာရုံ၌ကပ်၍ တည်ခြင်း လက္ခဏာ ရှိ၏၊ ဝါ-အာရုံ၌ ထင်ခြင်း လက္ခဏာရှိ၏၊ အာရုံကိုမမေ့ မပျောက်စေခြင်းကိစ္စ ရှိ၏၊ မိစ္ဆာသတိကို ပယ်ခြင်းသဘောဟု ဉာဏ်အား

---

မှတ်ချက်

၁ – ယှဉ်သော ... ဖြတ်တတ်သော ... သဘောသည်ဟု စပ်ပါ။

၂ – လျော်သော.... ယှဉ်သော.... အကြင်လုံ့လအားထုတ်မှုသည်ဟု စပ်ပါ။

၃ – ယှဉ်သော.... သဘောသည်ဟု စပ်ပါ။

http://www.dhammadownload.com



ရှေးရှုထင်၏။ ဤသို့ အလွန်အကဲမရှိ အမြတ်ဆုံးဖြစ်သော သတိက ကောင်းစွာ စောင့်ရှောက်အပ်သည့်စိတ် ရှိသောသူ၏ ထိုသတိနှင့်ပင် ယှဉ်သော[၁] မိစ္ဆာသမာဓိကို ဖျက်ဆီးတတ်သော စိတ္တေကဂ္ဂတာခေါ်

မှတ်ချက်

၁–ယှဉ်သော....သဘောသည်ဟု စပ်ပါ။

မဂ္ဂင် ရှစ်ပါးအကျယ်

ဤအရာ၌ မဂ္ဂင်ရှစ်ပါးဆိုင်ရာ ပါဠိ အဋ္ဌကထာတို့ကို ထုတ်ပြ၍ မဂ္ဂသစ္စာ ပွါးစေပုံကိုလည်း ပြဦးအံ့။

ကတမာ စ ဘိက္ခဝေ သမ္မာဒိဋ္ဌိ၊ ယံခေါ ဘိက္ခဝေ ဒုက္ခေ ဉာဏံ, ဒုက္ခ-သမုဒယေ ဉာဏံ, ဒုက္ခနိရောဓေ ဉာဏံ, ဒုက္ခနိရောဓဂါမိနိယာ ပဋိပဒါယ ဉာဏံ၊ အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာဒိဋ္ဌိ။ (မဟာသတိပဋ္ဌာန ... ဟ်စသည်)

ရဟန်းတို့ သမ္မာဒိဋ္ဌိ- မှန်စွာမြင်ခြင်းဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဒုက္ခ၌ အသိဉာဏ်, ဒုက္ခသမုဒယ၌ အသိဉာဏ်, ဒုက္ခနိရောဓ၌ အသိဉာဏ်, ဒုက္ခနိရောဓသို့ ဆိုက်ရောက်သော အကျင့် (မဂ္ဂ) ၌ အသိဉာဏ်ဟူသော အကြင် အသိဉာဏ်သည် ရှိ၏၊ ရဟန်းတို့ ဤအသိဉာဏ်ကို သမ္မာဒိဋ္ဌိ-မှန်စွာ မြင်ခြင်းဟူ၍ ဆိုအပ်၏။ (မြန်မာပြန်)

**ဒုက္ခေ ဉာဏံ** စသည်ဖြင့် စတုသစ္စကမ္မဋ္ဌာန်းကို ပြသည်။ ထိုသစ္စာ လေးပါးတို့တွင် ရှေး ၂-ပါးတို့သည် ဝဋ္ဋသစ္စာ၊ နောက် ၂-ပါးတို့သည် ဝိဝဋ္ဋသစ္စာ ဖြစ်သည်။ ၎င်းတို့တွင် ဝဋ္ဋသစ္စာ၌ ကမ္မဋ္ဌာန်းကို နှလုံးသွင်းခြင်း ဖြစ်သည်၊ ဝိဝဋ္ဋသစ္စာ၌ နှလုံးသွင်းခြင်းမရှိ။ ချဲ့၍ပြအံ့-ရှေးသစ္စာ ၂-ပါးတို့ကို အကျဉ်းအားဖြင့် ဖြစ်စေ၊ အကျယ်အားဖြင့်ဖြစ်စေ ဆရာ့ထံ၌ သင်ယူပြီးလျှင် နှုတ်ဖြင့် အဖန်ဖန် ပြန်လှန်ရွတ်ဆိုလျက် ယောဂီသည် အားထုတ်မှုကို ပြု၏။ နောက် သစ္စာ ၂ ပါးတို့၌မူ "နိရောဓသစ္စာသည် လိုချင်ဖွယ် နှစ်သက်ဖွယ် မြတ်နိုးဖွယ်ကောင်း၏၊ မဂ္ဂသစ္စာသည် လိုချင်ဖွယ် နှစ်သက်ဖွယ် မြတ်နိုးဖွယ် ကောင်း၏" ဤသို့ ကြားနာခြင်းမျှဖြင့် အမှုကိုပြု၏ (ဤစကားဖြင့် ထိုသစ္စာ

http://www.dhammadownload.com



၂-ပါး၌ စိတ်ညွတ်ခြင်းကို ပြ၏၊ ထိုသို့စိတ်ညွတ်ခြင်းဖြင့် ထိုသစ္စာ ၂-ပါး၌ ပြုဖွယ်ကိစ္စပြီးသည်-ဋီကာအဖွင့်)။ဤသို့ပြုသော ထိုယောဂီသည်(အရိယမဂ်ခဏ၌) လေးပါးသော သစ္စာတို့ကို တကြိမ်တည်း ထိုးထွင်း သိခြင်းဖြင့် ထိုးထွင်းသိ၏၊ တကြိမ်တည်း တွေ့သိခြင်းဖြင့် တွေ့သိ၏။ ဒုက္ခသစ္စာကို ပိုင်းခြား၍ သိခြင်းဟူသော ပရိညာပဋိဝေဓဖြင့် ထိုးထွင်းသိ၏၊ သမုဒယသစ္စာကို ပယ်ခြင်းဟူသော ပဟာနပဋိဝေဓဖြင့် ထိုးထွင်းသိ၏၊ နိရောဓသစ္စာကို မျက်မှောက် ပြုခြင်းဟူသော သစ္ဆိကိရိယာ ပဋိဝေဓဖြင့် ထိုးထွင်းသိ၏၊ မဂ္ဂသစ္စာကို မိမိ၌ ဖြစ်ပွါးစေခြင်း ဟူသော ဘာဝနာပဋိဝေဓဖြင့် ထိုးထွင်းသိ၏။ ဒုက္ခသစ္စာကို ပိုင်းခြား၍ သိခြင်းဟူသော ပရိညာဘိသမယဖြင့် တွေ့သိ၏။ပ။ မဂ္ဂသစ္စာကို ဘာဝနာဘိသမယဖြင့် တွေ့သိ၏။ ဤဆိုခဲ့သည့်အတိုင်း ထိုယောဂီမှာ (အရိယာမဂ်သို့ မရောက်မီ) ရှေးအဖို့က ဒုက္ခနှင့် သမုဒယ ဟူသော သစ္စာ ၂-ပါးတို့၌ ကမ္မဋ္ဌာန်း နည်းကို သင်ယူခြင်း (ဥဂ္ဂဟ),အနက်ကိုမေးခြင်း (ပရိပုစ္ဆာ), နာကြားခြင်း (သဝန),နှုတ်တက်ဆောင်ထားခြင်း(ဓာရဏ),သုံးသပ်ရှုမှတ်ခြင်း (သမ္မသန)တို့ အလိုအားဖြင့် ထိုးထွင်းသိခြင်း(ပဋိဝေဓ)သည်ဖြစ်၏။ နိရောဓနှင့် မဂ္ဂ ၂-ပါးတို့၌မူ နာကြားခြင်း(သဝန)အလိုအားဖြင့်သာလျှင် ထိုးထွင်းသိခြင်း ပဋိဝေဓသည် ဖြစ်၏။ (ဤစကားဖြင့် နိရောဓနှင့်မဂ္ဂတို့၌ အထူးနှလုံးသွင်း ဆင်ခြင်ရန်မလို၊ နာကြားခြင်းမျှဖြင့်ပင် ကိစ္စပြီးကြောင်း ပြသည်) အရိယမဂ်သို့ ရောက်ဆဲနောက်အဖို့မှာ ဒုက္ခ သမုဒယ မဂ္ဂ ဟူသော သုံးပါးတို့၌ ကိစ္စ ပြီးသောအားဖြင့် ထိုးထွင်းသိခြင်းဖြစ်၏။ နိရောဓသစ္စာ၌ အာရုံပြုလျက် ထိုးထွင်းသိခြင်းဖြစ်၏။ (ဤစကားဖြင့် "အရိယမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်အာရုံပြု၍ သိသည်၊ ထိုသို့သိခြင်းဖြင့် ကျန်သစ္စာသုံးပါးတို့၌ ပရိညာပဟာနဘာဝနာ ပဋိဝေဓသိခြင်းကိစ္စ ပြီးစီးသည်"ဟု ပြ၏)။ပ။ဤဆိုခဲ့သည့်အတိုင်း နက်နဲကုန် မြင်နိုင်ခဲကုန်သော သစ္စာလေးပါးတို့၌ သင်ယူခြင်း စသည်၏ အစွမ်းအားဖြင့် ရှေးအဖို့၌ ဉာဏ်ဖြစ်ပုံကို ရည်၍ ဒုက္ခေ ဉာဏံ-အစရှိသော ဤစကားကို ဟောတော်မူပေသည်။ (မဟာသတိပဋ္ဌာန သုတ်အဖွင့် အဋ္ဌကထာစသည်)

http://www.dhammadownload.com



မှတ်ချက်

အထက်ပါ အဋ္ဌကထာ၌ ဥပါဒါနက္ခန္ဓာ ဟူသော ဒုက္ခသစ္စာနှင့် တဏှာ ဟူသော သမုဒယသစ္စာတို့ကို အကျဉ်းဖြစ်စေ၊ အကျယ်ဖြစ်စေ သင်ယူရမည် ဟုဆို၏။ ထိုတွင် သမုဒယသစ္စာမှာ သိလွယ်၏။ ဒုက္ခသစ္စာ ဟူသည်မှာလည်း ဥပါဒါနက္ခန္ဓာ ငါးပါးဖြစ်ကြောင်း ပြဆိုခဲ့ပြီးဖြစ်သည်။ ၎င်းတို့မှာ မိမိ တို့၏ သန္တာန်၌ မြင်တိုင်း ကြားတိုင်း နံတိုင်း စားသိတိုင်း ထိသိတိုင်း ကြံသိတိုင်း ထင်ရှားဖြစ်ပေါ်နေသော ရုပ်နာမ် သဘောများပင် ဖြစ်သည်။ ၎င်းတို့ကို ဖြစ်ဆဲ ဖြစ်ဆဲ၌ မရှုမိ၍ ရုပ်နာမ်မျှဖြစ်ကြောင်း၊ ခဏမစဲဖြစ်ပျက်နေကြောင်း၊ အနိစ္စ ဒုက္ခ အနတ္တ ဖြစ်ကြောင်းများကို အမှန်အတိုင်း မသိလျှင် ငါကောင် သတ္တဝါကောင် အတ္တကောင် အနေအားဖြင့်လည်း စွဲလမ်း၏။ ငါ့ဥစ္စာ အနေအားဖြင့် နှစ်သက် သာယာလျက် စွဲလမ်း၏၊ နိစ္စ သုခ သုဘ အနေ အားဖြင့်လည်း စွဲလမ်း၏၊ ထိုသို့ စွဲလမ်းနိုင်သောကြောင့် မြင်ဆဲစသည်၌ ထင်ရှားသော တရားတို့ကို ဥပါဒါနက္ခန္ဓာ-စွဲလမ်းမှုတို့၏ အာရုံဖြစ်သော ခန္ဓာဟု ဟောတော်မူပေသည်။

ထိုဥပါဒါနက္ခန္ဓာတို့ကို ခန္ဓဝဂ္ဂသံယုတ်၌ "ရုပ်ကို မမြဲဟုသိ၏၊ ဝေဒနာကို သညာကို မမြဲဟုသိ၏၊ သင်္ခါရတို့ကို မမြဲဟု သိ၏၊ ဝိညာဏ်ကို မမြဲဟု သိ၏" စသည်ဖြင့် ဝိပဿနာဉာဏ်ဖြင့်ရှုသိပုံကို ခွဲခြမ်းဝေဘန်၍ဟောတော်မူသည်။

သဠာယတနဝဂ္ဂသံယုတ်၌လည်း ဒွါရ ၆-ပါး၌ စက္ခုံ အနိစ္စန္တိ ပဇာနာတိ- စသည်ဖြင့် ဒွါရ၊ အာရုံ၊ ဝိညာဏ်၊ ဖဿ၊ ဝေဒနာဟူသော ငါးပါး ငါးပါး သော တရားတို့ကို ရှုသိပုံကို ဟောတော်မူပေသည်။ ထို ဒေသနာတော်များ အရ မြင်ဆဲ ကြားဆဲ စသည်၌ ထင်ရှားပေါ်လာသမျှကို မပြတ်ရှုမှတ်နေလျှင် ဒုက္ခသစ္စာမည်သော ဥပါဒါနက္ခန္ဓာတို့ကို အနိစ္စ ဒုက္ခ အနတ္တအခြင်းအရာ တို့ဖြင့် အမှန်အတိုင်းသိရ၏၊ ဤသို့ သိခြင်းသည် သမ္မသနပဋိဝေဓဉာဏ် ပေတည်း။ ထိုသို့ ရှုမှတ်၍ အနိစ္စ ဒုက္ခ အနတ္တဟု သိရတိုင်း သိရတိုင်း ထိုသိရသော ခန္ဓာတို့၌ နိစ္စ သုခ အတ္တဟု စွဲလမ်း၍ သာယာ တပ်မက်လျက် ဖြစ်မည့် တဏှာသည် ဖြစ်ခွင့်မရပဲ အနုပ္ပါဒသဘောဖြင့် ချုပ်၏၊ ထို့ကြောင့် သမုဒယကို ပယ်သော အားဖြင့် သိခြင်းဟူသော ပဟာန ပဋိဝေဓ ကိစ္စလည်း

http://www.dhammadownload.com



မှတ်ချက်

ပြီး၏။ ထိုတဏှာမှ ဆက်၍ ဖြစ်မည့် ကံ, ထိုကံ၏ အကျိုးတို့သည်လည်း ဖြစ်ခွင့်မရပဲ ချုပ်ငြိမ်းကုန်၏၊ ဤသို့ တဒင်္ဂအားဖြင့် ကံနှင့် ကံ၏ အကျိုး ဘဝသစ်ခန္ဓာတို့ ချုပ်ငြိမ်းခြင်းသည် ဝိပဿနာဖြင့် ပြီးသော တဒင်္ဂနိရောဓ ပေတည်း၊ ထို့ကြောင့် တဒင်္ဂနိရောဓကို မျက်မှောက်ပြုခြင်း သစ္ဆိကိရိယာ ပဋိဝေဓကိစ္စလည်း ပြီး၏။ ရှုတိုင်း ရှုတိုင်း ဒုက္ခတရားတို့ကို အမှန်အတိုင်း သိသော ဝိပဿနာသမ္မာဒိဋ္ဌိနှင့်တကွ သမ္မာသင်္ကပ္ပ စသော မဂ္ဂင်တို့သည် လောကီမဂ္ဂသစ္စာပေတည်း။ ထို့ကြောင့် လောကီမဂ္ဂသစ္စာကို ပွါးစေမှု ဘာဝနာပဋိဝေဓ ကိစ္စလည်းပြီး၏။ ဤသို့ သစ္စာလေးပါးတို့ကို ထိုက်သည် အားလျော်စွာ သိခြင်းကိစ္စကို ပြီးစေသောဝိပဿနာဉာဏ်ဖြင့် သိခြင်းကို အဋ္ဌကထာ၌ သမ္မသနပဋိဝေဓဟု ဆိုသည်၊ ဘုရားဟောပါဠိတော်၌ ဒုက္ခေ ဉာဏံ-စသည်ဖြင့် ဟောတော်မူသည်။ ဤမျှဖြင့် ဝိပဿနာ သမ္မာဒိဋ္ဌိ, မဂ် သမ္မာဒိဋ္ဌိ ဖြစ်ပုံများကို အကျဉ်းအားဖြင့် နားလည်လောက်ပေပြီ။

ပါဠိတော်၌ သမ္မာသင်္ကပ္ပကို နေက္ခမ္မသင်္ကပ္ပ အဗျာပါဒသင်္ကပ္ပ အဝိဟိံ-သာသင်္ကပ္ပ-ဟူ၍ သုံးပါးဟောတော်မူ၏။ အဋ္ဌကထာ၌ ထိုသုံးပါးတို့သည် ရှေးအဖို့၌ အသီးအသီး ကွဲပြားကြောင်း၊ အရိယမဂ်ခဏ၌ သမ္မာသင်္ကပ္ပကိစ္စ သုံးပါးကို ပြီးစေလျက် တပါးတည်းသာဖြစ်ကြောင်း ဖွင့်ပြ၏။ ဝိပဿနာ ရှုဆဲ၌လည်း အနိစ္စ ဒုက္ခ အနတ္တဟု သိရသောအာရုံတို့နှင့် စပ်၍ ကာမ-သင်္ကပ္ပစသည်တို့ ဖြစ်ခွင့် မရှိသောကြောင့် ဝိပဿနာသင်္ကပ္ပတပါးတည်းဖြင့် ထိုသုံးကိစ္စပြီးသည်ဟူ၍လည်း ဆိုသင့်၏။

သမ္မာဝါစာ စသည်တို့၌ မိစ္ဆာဝါစာမှ ကြဉ်ရှောင်သောအခါ သမ္မာဝါစာ ဖြစ်၏၊ မိစ္ဆာကမ္မန္တမှ ကြဉ်ရှောင်သောအခါ သမ္မာကမ္မန္တ ဖြစ်၏၊ မိစ္ဆာ-အာဇီဝမှ ကြဉ်ရှောင်သောအခါ သမ္မာအာဇီဝ ဖြစ်၏၊ ဤသို့ ရှေးအဖို့၌ တပါးချင်းသာ ဖြစ်ကြောင်း၊ မဂ်ခဏ၌ သုံးပါးလုံးဖြစ်ကြောင်း အဋ္ဌကထာ၌ ပြဆိုထား၏။ ဝိပဿနာရှုဆဲ၌လည်း အနိစ္စ စသည်ဖြင့် အမှန်အတိုင်း သိရသောအာရုံနှင့် စပ်၍ မိစ္ဆာဝါစာ စသည် ဖြစ်ခွင့်မရှိသောကြောင့်

http://www.dhammadownload.com



မှတ်ချက်

ဝိရတိ တရားကိုယ်များ မယှဉ်ကြသော်လည်း မိစ္ဆာဝါစာစသည်မှ တဒင်္ဂ-အားဖြင့် ကြဉ်ရှောင်ခြင်းကိစ္စ ပြီးသောကြောင့် ကိစ္စပြီးသောအားဖြင့် သမ္မာဝါစာ စသည်တို့လည်း ပါဝင်သည်ဟု ယူသင့်၏။ ထိုသို့ယူပါမှ သမ္မာ-ဝါစံ ဘာဝေတိ ဝိဝေကနိဿိတံ-စသည်ဖြင့် ဟောထားသော မဂ္ဂင်-ဘာဝနာပါဠိ (ကောသလသံယုတ် စသည်) တို့၌ တဒင်္ဂဝိဝေကမှိုပုံ ပြသော အဋ္ဌကထာစကား၏ အဓိပ္ပါယ်ကို ယူသာပေမည်။

သမ္မာဝါယာမအရာ၌လည်း အဋ္ဌကထာ၌ မဖြစ်ဘူးသေးသော အကုသိုလ်တို့ကို မဖြစ်စေရန် အားထုတ်ခြင်း စသည်တို့၏ ကွဲပြားသောကြောင့် ရှေးအဖို့၌ ကွဲပြားကြောင်း၊ မဂ်ဏော၌ သမ္မာဝါယာမ မဂ္ဂင်တပါးတည်းဖြင့်ပင် ကိစ္စလေးပါးလုံးကို ပြီးစေကြောင်း ပြဆိုထား၏။ ဝိပဿနာရှုဆဲ၌လည်း ဝိပဿနာသမ္မာဝါယာမ တပါးတည်းဖြင့် ထို ကိစ္စ လေးပါးလုံးကို ပြီးစေနိုင်သည်ဟု ဆိုသင့်၏။

သမ္မာသတိသည်ကား ဝိပဿနာရှုဆဲ၌ ကာယာနုပဿနာစသည် အသီးအသီး ကွဲပြားကြောင်း အရိယမဂ်ခဏ၌မူ သမ္မာသတိ တပါးတည်းဖြင့်ပင် သတိပဋ္ဌာန်ကိစ္စလေးပါးလုံး ပြီးကြောင်း အဋ္ဌကထာ၌ ပြဆိုထား၏။ ဤအရာ၌ ဖြည့်စွက်ဖွယ် မရှိပေ။

သမ္မာသမာဓိသည်ကား ရှေးအဖို့ လောကီဈာန်ဖြစ်ခိုက်၌လည်း ပဌမဈာန် ဒုတိယဈာန် စသည် အသီးအသီး ကွဲပြား၏၊ အရိယမဂ်ခဏ၌လည်း ထိုအတူပင် ထိုသို့ကွဲပြား၏၊ ကွဲပြားပုံကို သခ်ါရုပေက္ခာဉာဏ်အရာ ဝိသုဒ္ဓိမဂ် စာပိုဒ်နံပါတ် ၇၉၈-၌ ပြထားပြီး ရှိလေပြီ။

မဟာသတိပဋ္ဌာနသုတ် အစရှိသော ပါဠိတော်တို့တွင် သမ္မာသမာဓိကို ဝေဘန်ပြရာ၌ ဈာန်လေးပါးဖြင့်သာ ဝေဘန်ပြတော်မူ၏။ ထိုပါဠိကို အမှီပြု၍ အချို့က "ဈာန်သမာဓိကို ရမှ လောကီသမ္မာသမာဓိ ဖြစ်သည်၊ ယင်းသမာဓိရှိမှ ဝိပဿနာရှုကောင်းသည်" ဟု ဆိုကြ၏။ပဓာနနည်း ဥက္ကဋ္ဌနည်းတို့ အလိုအားဖြင့် ဈာန်သမာဓိကို ပြရာ၌ အပ္ပဓာန သြမကအားဖြင့် ဥပစာ-

http://www.dhammadownload.com



မှတ်ချက်

သမာဓိ, ထိုနှင့် ညီမျှသော ဝိပဿနာ ခဏိကသမာဓိများ ပါဝင်သည်ကို သတိ မပြုမိကြသောကြောင့် ထိုသို့ ဆိုခြင်း ဖြစ်သည်။ ဥပစာသမာဓိ ခဏိကသမာဓိတို့သည် နီဝရဏကင်းခြင်း အားဖြင့်၎င်း, ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ ဈာန်အင်္ဂါငါးပါးနှင့် ယှဉ်ခြင်းအားဖြင့်၎င်း ပဌမဈာန်နှင့် တူညီကြပေ၏၊ နီဝရဏ ကင်းလျှင် စိတ္တဝိသုဒ္ဓိ ဖြစ်၏၊ စိတ္တဝိသုဒ္ဓိ ပြည့်စုံလျှင် ဒိဋ္ဌိဝိသုဒ္ဓိစသော ပညာဝိသုဒ္ဓိတို့ဖြစ်ရန် ပြည့်စုံ လုံလောက်တော့သည်သာ။

သို့ဖြစ်၍ သတိပဋ္ဌာနသုတ်အဖွင့် အဋ္ဌကထာတို့၌ ဣရိယာပထပဗ္ဗ သမ္ပဇညပဗ္ဗ ဓာတုမနသိကာရပဗ္ဗ စသည်တို့ကို ဥပစာရသမာဓိ ရစေနိုင်သော ဥပစာရကမ္မဋ္ဌာန်းများဟူ၍၎င်း, မဂ်ဖိုလ်နိဗ္ဗာန် ပေါက်ရောက်စေနိုင်သော ကမ္မဋ္ဌာန်းများဟူ၍၎င်း ပြဆိုထားကြပေသည်။

ထို့ပြင် အင်္ဂုတ္တရ ဆက္ကနိပါတ် အရှင်မဟာကစ္စည်းဟောသော သြကာသာဓိဂမသုတ်၌ ဗုဒ္ဓါနုဿတိ စသည်ဖြင့်ပင် ဥပစာသမာဓိကို ရ၍ ဝိပဿနာ ရှုလျက် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြောင်း ပြဆိုထားပေသည်။ ထို သြကာသာဓိဂမနည်းကိုပင် အမှီပြု၍ ဤဝိသုဒ္ဓိမဂ် စာပိုဒ်နံပါတ် ၃၆၂-ဒုတိယအပိုဒ်၌ ဥပစာသမာဓိသည်လည်း ဝိပဿနာ အကျိုး အာနိသင်ကို ရစေနိုင်ကြောင်း ပြဆိုထားပေသည်။ ထို့ပြင် ဆ အနုဿတိနိဒ္ဒေသ၏ အဆုံးစာပိုဒ်နံပါတ် ၁၆၆-၌ ဖုဿဒေဝမထေရ်သည် ဘုရားဂုဏ်ကို အာရုံပြု လျက် ပီတိဖြစ်၍ ထိုပီတိကို ဝိပဿနာရှုလျက် ရဟန္တာဖြစ်ကြောင်းလည်း ပြဆိုထားသည်။

မြတ်စွာဘုရား လက်ထက်တော် ကာလက မြတ်စွာဘုရား၏ တရားကို နာနေကြသော ရာ, ထောင် စသည်ဖြင့် များစွာသော ပရိသတ်တို့မှာ (ကလ္လစိတ္တ) ခံ့ကျန်းသောစိတ်, (မုဒုစိတ္တ) နူးညံ့သောစိတ်, (ဝိနီဝရဏစိတ္တ) နီဝရဏ ကင်းသောစိတ်, (ဥဒဂ္ဂစိတ္တ) တက်ကြွသောစိတ်, (ပသန္နစိတ္တ) ယုံကြည်သောစိတ်ဖြစ်နေသောအခါ သစ္စာလေးပါးဟူသော သာမုက္ကံသိက ဒေသနာကို မြတ်စွာဘုရားက ဟောတော်မူ၍ ထိုတရားကို နာယင်းပင် ဝိပဿနာဉာဏ်အစဉ်ဖြင့် မဂ်ဖိုလ် တရားထူးကို ရကြလေသည်။ ထိုပရိသတ်

http://www.dhammadownload.com



မှတ်ချက်

များမှာ ထောင် သောင်း များစွာရှိ၍ စျာန်ရသည်ဟူ၍ကား ဆိုရန် မရှိပေ၊ နိဝရဏကင်းသော ဥပစာသမာဓိဖြင့်ပင် ဝိပဿနာရှု၍ မဂ်ဖိုလ် တရားထူး ရကြကြောင်း ထင်ရှား၏။

ဤဝိသုဒ္ဓိမဂ်၌ပင် ဒိဋ္ဌိဝိသုဒ္ဓိနိဒ္ဒေသ စာမျက်နှာ ၂၂၂ စာပိုဒ်နံပါတ် ၆၆၂-၌ ဥပစာသမာဓိနှင့်တကွ ရှစ်ပါးသော သမာပတ်တို့သည် စိတ္တဝိသုဒ္ဓိ မည်ကြောင်း ပြဆိုထားသည်။ စျာန်သမာဓိမရှိသော သုက္ခဝိပဿကပုဂ္ဂိုလ် မှာဖြစ်သော မဂ်သည် ပဌမစျာန်နှင့် ယှဉ်ကြောင်းကိုလည်း သင်္ခါရုပေက္ခာ-ဉာဏ်အရာ စာပိုဒ်နံပါတ် ၇၉၈-၌ ပြဆိုထားသည်။

ထို့ပြင် သမာဓိသမ္ဘောဇ္ဈင်္ဂ ဘာဝေတိ ဝိဝေကနိဿိတံ-အစရှိသော ပါဠိတော်၌ ဝိပဿနာသမာဓိသည် တဒင်္ဂဝိဝေကကို မှီကြောင်း အဋ္ဌကထာတို့၌ ပြဆိုထား၏။ ထိုသမာဓိသမ္ဘောဇ္ဈင်သည် မဂ္ဂင်အရာ၌ သမ္မာသမာဓိမဂ္ဂင်ပင် ဖြစ်သည်။

သို့ဖြစ်၍ ဥပစာသမာဓိနှင့် ဝိပဿနာခဏိကသမာဓိတို့သည် ပဌမစျာန် ဒေသနာ၌ အပ္ပဓာန ဩမကနည်းအားဖြင့် ပါဝင်သည်ဟု မှတ်ယူရာ၏။

ဝိသုဒ္ဓိမဂ်၌ရင်း, ဤအောက်ခြေမှတ်ချက်၌ရင်း ပြခဲ့သော သမ္မာဒိဋ္ဌိအစ သမ္မာသမာဓိအဆုံး ရှိသော ဤမဂ္ဂင်ရှစ်ပါးသည် ဝိပဿနာ ရှုခိုက် ခဏ၌ လောကီဖြစ်သည်၊ ယင်းဝိပဿနာ ရင့်သန်ပြည့်စုံ၍ အရိယမဂ်ဖြစ်သောအခါ လောကုတ္တရာမဂ္ဂင် ဖြစ်သည်။ ဤမဂ္ဂသစ္စနိဒ္ဒေသအရာ၌ လောကုတ္တရာမဂ္ဂင် ကိုသာ ယူအပ်၏၊ သို့သော် ဝိပဿနာနှင့် မကင်းကောင်းသောကြောင့် ဝိပဿနာမဂ္ဂင်တို့ကိုလည်း အခြေခံအဖြစ်ဖြင့် ယူအပ်သည်ပင်။ ထို့ကြောင့် သမ္မောဟဝိနောဒနီအဋ္ဌကထာ၌ အောက်ပါအတိုင်း ပြဆိုထားပေသည်။

သော လောကုတ္တရော အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ၊ ယော သဟ လောကိယေန မဂ္ဂေန ဒုက္ခနိရောဓဂါမိနီ ပဋိပဒါတိ သင်္ခံ ဂတော။

သော-ဤဆိုခဲ့သော မဂ္ဂင်ရှစ်ပါးသည်။ လောကုတ္တရော၊ လောကုတ္တရာ ဖြစ်သော။ အဋ္ဌင်္ဂိကော၊ အင်္ဂါရှစ်ပါးရှိသော။ အရိယော မဂ္ဂေါ၊ အရိယမဂ်

http://www.dhammadownload.com



စိတ်တည်ကြည်ခြင်းသဘောသည် သမ္မာသမာဓိ မည်၏။ ၎င်းသည် စိတ်ကို မပျံ့လွင့်စေခြင်း လက္ခဏာရှိ၏၊ ဝါ-သူကိုယ်တိုင် မပျံ့လွင့်ခြင်း လက္ခဏာ ရှိ၏၊ စိတ်ကို အာရုံ၌ ကောင်းစွာထားခြင်း ကိစ္စရှိ၏၊ မိစ္ဆာသမာဓိကို ပယ်ခြင်းသဘောဟု ဉာဏ်အား ရှေးရှုထင်၏။ ဤသည်ကား ဒုက္ခနိရောဓ-ဂါမိနိပဋိပဒါနိဒ္ဒေသ၌ သိကြောင်းနည်းပေတည်း။ ဤဆိုခဲ့သည့်အတိုင်း ဤသစ္စာတို့၌ ဇာတိစသည်တို့၏ အဆုံးအဖြတ်ကို သိအပ်၏။

၅၆၃။ **ဉာဏ်၏ကိစ္စအားဖြင့်** ဟူသည်ကား သစ္စဉာဏ်၏ ကိစ္စအားဖြင့်လည်း အဆုံးအဖြတ်ကို သိအပ်၏။ ချဲ့၍ပြအံ့—သစ္စဉာဏ်သည် အနုဗောဓ-ဉာဏ် [၁] ပဋိဝေဓဉာဏ်ဟူ၍ ၂-ပါး အပြားရှိ၏။ ထိုတွင် အနုဗောဓဉာဏ်သည် လောကီဉာဏ်ပေတည်း၊ တဆင့်ကြားစသည်တို့၏ အစွမ်းအားဖြင့် နိရောဓ-သစ္စာကိုလည်း သိ၏၊ မဂ္ဂသစ္စာကိုလည်း သိ၏။ ပဋိဝေဓဉာဏ်သည်ကား

မှတ်ချက်

ပေတည်း။ ယော၊ ယင်းအရိယမဂ်သည်။ သဟ လောကိယေန မဂ္ဂေန၊ လောကီဝိပဿနာမဂ်နှင့်တကွ။ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါတိ သင်္ခံ၊ ဒုက္ခ နိရောဓဂါမိနီ ပဋိပဒါဟူသော ရေတွက်ခြင်းသို့။ ဂစ္ဆတိ၊ ရောက်၏။

၁–ပဋိဝေဓဉာဏ်ကဲ့သို့ တကြိမ်သာ သိသည်မဟုတ်၊ အဖန်ဖန် ထပ်၍ ဖြစ်တတ်သောကြောင့် အနု အနု– အဖန်ဖန်+ဗောဓ– သိသော ဉာဏ်သည် အနုဗောဓမည်၏။ တနည်းကား တဆင့်ကြားခြင်း,အခြင်းအရာကို ကြံခြင်း, တွေ့မြင်သည်ကို ရှုဆင်ခြင်၍ သဘောကျခြင်းများသို့ အစဉ်လိုက်သော+ သိခြင်းသည် အနုဗောဓမည်၏၊ ထိုအနုဗောဓသည်ပင် အသိဉာဏ်ပေတည်း၊ ထို့ကြောင့် အနုဗောဓဉာဏ် မည်၏။ မှန်၏- ထို အနုဗောဓဉာဏ်သည် မျက်မှောက်အားဖြင့် သိသည်မဟုတ်၊ တဆင့်ကြားစသည်၏ အစွမ်းအား ဖြင့် ကြံဆခြင်းကို ရှေ့သွားပြု၍ သိ၏။ (ဋီကာ)။ ဤနောက်ဆုံး ၂-ဝါကျ ဖြင့် ပစ္စက္ခအားဖြင့် သိသောဝိပဿနာဉာဏ်ကို ဆိုလိုဟန် မရှိပေ၊ ထိုပစ္စက္ခ ဝိပဿနာဉာဏ်ကိုမူ ပဋိဝေဓ၌ ထည့်သွင်း၍ ယူသင့်၏။

http://www.dhammadownload.com



လောကုတ္တရာပေတည်း၊ နိဗ္ဗာန်ကို အာရုံပြု၍ (ပိုင်းခြားသိခြင်း ပယ်ခြင်း အစရှိသော)ကိစ္စပြီးသောအားဖြင့်[၁] လေးပါးသော သစ္စာတို့ကို ထိုးထွင်း၍ သိ၏။ ဤအဆိုနှင့်အညီ ဟောတော်မူသည်မှာ—

"ရဟန်းတို့ အကြင်ပုဂ္ဂိုလ်သည် ဒုက္ခကို မြင်၏၊ ထိုပုဂ္ဂိုလ်သည် ဒုက္ခသမုဒယကိုလည်း မြင်၏၊ ဒုက္ခနိရောဓကိုလည်း မြင်၏၊ ဒုက္ခနိရောဓသို့ ဆိုက်ရောက်သော အကျင့်မဂ္ဂသစ္စာကိုလည်း မြင်၏" ဤသို့စသည် အလုံးစုံကို ထုတ်ဆောင်၍ ဆိုအပ်၏။

ထိုပဋိဝေဓဉာဏ်၏ ကိစ္စသည်ကား ဉာဏဒဿနဝိသုဒ္ဓိ၌ ထင်ရှားဖြစ်ပါလိမ့်မည်။

ထိုမှတပါး အကြင် လောကီသစ္စာဉာဏ်လေးပါးသည် ရှိ၏၊ ထိုလေးပါးတို့တွင် ဒုက္ခကို သိသောဉာဏ်သည် ထကြွဖြစ်ပေါ်ကာ လွှမ်းမိုးသည့်အလိုအားဖြင့် ဖြစ်သော သက္ကာယဒိဋ္ဌိကို ဆုတ်နစ်စေ-ရပ်တန့်စေတတ်၏[၂]၊

---

မှတ်ချက်

၁—နိဗ္ဗာန်ကို မျက်မှောက်သိမြင်သဖြင့် ဒုက္ခကိုလည်း ပိုင်းခြား၍ သိနိုင်ပြီ၊ သမုဒယသည်လည်း ကင်းသင့်သမျှ ကင်း၏၊ အရဟတ္တမဂ်ဖြင့်မူ အလုံးစုံကင်း၏၊ မဂ်သည်ကား မိမိသန္တာန်၌ဖြစ်သောကြောင့် ဖြစ်ပွါးစေခြင်းကိစ္စပြီး၏၊ ဤသို့ ပိုင်းခြား၍ သိခြင်း ပယ်ခြင်း ဖြစ်ပွါးစေခြင်းကိစ္စများ ပြီးသည်ကိုပင် သိသည်ဟု ဆိုသည်။

၂—ရုပ် နာမ် ဒုက္ခသစ္စာတရားတို့ကို လေ့လာသင်ကြား၍ ကောင်းစွာသဘော ပေါက်နေသောသူမှာ ထိုရုပ် နာမ်တရားတို့ကို ပုဂ္ဂိုလ်သတ္တဝါဟု ယင်မြင်သော သက္ကာယဒိဋ္ဌိ အထင်အရှား အစွဲအမြဲ မဖြစ်ပေါ်သည်ကိုပင် ဆုတ်နစ်စေသည်ဟု ဆိုသည်၊ သို့သော် ထိုမျှဖြင့် သက္ကာယဒိဋ္ဌိ အစွဲအလမ်းကား လုံးဝမကင်းသေး၊ ရံခါရံခါ၌ ဖြစ်ဦးမည်ပင်။ ဝိပဿနာဉာဏ်ဖြင့် ဒိဋ္ဌိကင်းကွာပုံကိုမူ ဒိဋ္ဌိဝိသုဒ္ဓိအရာ၌ ပြလတ့်။

http://www.dhammadownload.com



သမုဒယကို သိသောဉာဏ်သည် (ထကြွဖြစ်ပေါ်ကာ လွှမ်းမိုးသည့်အလို အားဖြင့် ဖြစ်သော) ဥစ္ဆေဒဒိဋ္ဌိကို (ဆုတ်နစ်စေတတ်၏)။ နိရောဓကို သိသောဉာဏ်သည် (ထို့အတူပင် ဖြစ်သော)သဿတဒိဋ္ဌိကို (ဆုတ်နစ်စေ တတ်၏)။ မဂ္ဂကို သိသောဉာဏ်သည် (ထို့အတူပင်ဖြစ်သော) အကိရိယ-ဒိဋ္ဌိကို[၁] (ဆုတ်နစ်စေတတ်၏)။ တနည်းကား ဒုက္ခဉာဏ်သည် မြဲခြင်း တင့်တယ်ခြင်း ချမ်းသာခြင်း အတ္တအဖြစ်တို့မှ ကင်းသော ခန္ဓာတို့၌ မြဲသည် တင့်တယ်သည် ချမ်းသာသည် အတ္တဟု ထင်မှတ်ခြင်းဟု ဆိုအပ် သော အကျိုး၌ ဖောက်ပြန်စွာ ကျင့်ခြင်း·အသိမှားခြင်းကို (ဆုတ်နစ်စေ တတ်၏)။ သမုဒယကို သိသောဉာဏ်သည် ဣဿရခေါ် ဖန်ဆင်းသူ ဘုရား သခင်, ပဓာနခေါ် ပကတိ, ကာလ, သဘာဝအကြောင်း စသည်တို့ကြောင့်[၂]

---

မှတ်ချက်

၁ – အကိရိယဒိဋ္ဌိဟူသည်မှာ ကုသိုလ်ပြုသော်လည်း ကုသိုလ်မဖြစ် စသည်ဖြင့် ဖြစ်သော အယူမှားပင်။ ဝိပဿနာရှု၍ မဂ္ဂသစ္စာခေါ် မဂ်တရား ဖြစ်ပုံကို ကြားနာခြင်းစသည်ဖြင့် ယုံကြည်သဘောကျသောသူမှာ ထိုသို့သော မိစ္ဆာ ဒိဋ္ဌိ ကင်းကွာသည်ဟု ဆိုလို၏။

၂ – ဣဿရခေါ် ဘုရားသခင်သည် လောကကို ဖြစ်စေ၏-ဖန်ဆင်းစီရင်၏ နစ်စေ ၏-ရုပ်သိမ်းပျောက်ကွယ်စေ၏ဟု ဣဿရဟူသော အကြောင်းကို ယုံကြည် သူတို့က ဆိုကြ၏။ ပဓာနခေါ် မထင်ရှားသော ပကတိမှ လောကသည် ထင်ရှားဖြစ်ပေါ်လာ၏၊ (ပျက်ချိန်တန်သောအခါ)ထိုပကတိ၌ပင် ငုပ်လျှက် ပျောက်ကွယ်သွား၏ဟု (ပဓာန)ပကတိဟူသော အကြောင်းကိုယုံကြည်သူ

http://www.dhammadownload.com



မှတ်ချက်

တို့က ဆိုကြ၏၊ (သတ္တ ရဇ တမ-ဟူသော ဂုဏ်သုံးပါးတို့ညီမျှလျက် မထင်ရှားသော အခိုက်အတန့်ကို ပကတိ-ဟု ဆိုကြ၏၊ ပုရိသခေါ် အတ္တနှင့် ပေါင်းစပ်မိသောအခါ ယင်းပကတိမှ မဟာ စသည် ဖောက်ပြန်လျက် ဝိကတိ ဖြစ်လာသည်ဟု ဆိုကြ၏၊ ယင်းပကတိသည် မထင်ရှားသောကြောင့် အဗျတ္တလည်း မည်၏၊ တိုင်းတာကန့်သတ်တတ်သောကြောင့် မာယာလည်း မည်၏၊ မပြဋ္ဌာန်းသော မဟာ စသည်တို့ကို ဖြစ်စေတတ်သောကြောင့် ပဓာနလည်း မည်၏ဟု ထိုဝါဒီတို့က ဆိုကြသည်။ ဤထက်အကျယ်သိလိုလျှင် ဝိသုဒ္ဓိမဂ်-မြန်မာပြန် စတုတ္ထတွဲ နှာ ဂ-၌ရင်း, မဟာဋီကာနိဿယ စတုတ္ထတွဲ နှာ ၂၁၁-၌ရင်း ကြည့်ပါ)။ "ကာလက သတ္တဝါတို့ကို ပြုလုပ်-ဖြစ်စေ၏၊ ကာလက သတ္တဝါ တို့ကို ရုပ်သိမ်းပျောက်ကွယ်စေ၏၊ ကာလကအိပ်ပျော်နေသူတို့ကို နိုးစေ၏၊ ကာလကို ကျော်လွန်နိုင်ခဲ၏" ဟု ကာလဝါဒီတို့က ဆိုကြ၏။ "ဆူး၏ အဖျား ချွန်ထက်ခြင်းကဲ့သို့ရင်း, သီးသီး စသည်တို့၏ လုံးဝန်းခြင်းကဲ့သို့ရင်း, သားကောင် ငှက် မြွေ ကင်းတို့၏ ဆန်းကြယ်ခြင်းကဲ့သို့ရင်း သူ့အလိုလို သဘောအားဖြင့် ပင်လျှင် လောကသည် ဖြစ်လည်းဖြစ်၏ ပျက်လည်းပျက်၏"ဟု သဘာဝဝါဒီတို့က ဆိုကြ၏။ အာဒိ-စသည်-အရဖြင့် "အဏုမြူတို့မှ လောကသည် ဖြစ်၏"ဟု (အဏုဝါဒီတို့က ဆိုကြ၏၊ "အလုံးစုံသည် ရှေးကပြုထားသည့် ကံအကြောင်းကြောင့်သာ" ဟု ပုဗ္ဗေကတ ဟေတုဝါဒီတို့က ဆိုကြ၏)။ "လောကသည် မြဲ၏၊ မပြတ်နိုင်သည့် ကြိုးဖြင့် သီထားသော ကျောက်ပတ္တမြားနှင့် တူ၏၊ ဤလောက၌ တစုံတယောက်၏မျှ ပုဂ္ဂိုလ်၏ ပြုလုပ်ခြင်းမရှိ"ဟု နိယတိဝါဒီတို့က ဆိုကြ၏။ "အလိုအလျောက် ဖြစ်ကုန်၏၊ အလိုအလျောက်နစ်ကုန် ပျောက်ကွယ်ကုန်၏၊ ချမ်းသာ ဆင်းရဲသည် အလိုအလျောက်ပင် ဖြစ်သည်။ ထို့ကြောင့် သတ္တဝါအပေါင်းသည် အလိုအလျောက်ဖြစ်ခြင်းရှိ၏" ဟု ယဒိစ္ဆာဝါဒီတို့က ဆိုကြ၏။ ၎င်းတို့ကို အဓိစ္စသမုပ္ပတ္တိဝါဒီတို့ ဟူ၍လည်း ခေါ်၏။ ဤသို့အစရှိသော မှုမမှန်သော အကြောင်းဝါဒများကို (စသည် အရဖြင့်) သိမ်းယူသည်ဟု မှတ်အပ်၏။ (ဋီကာ)

http://www.dhammadownload.com



လောက ဖြစ်သည်ဟု အကြောင်းမဟုတ်သည်၌ အကြောင်းဟု အမှတ်မှားသောအားဖြင့် ဖြစ်သော[၁] အကြောင်း၌ ဖောက်ပြန်စွာကျင့်ခြင်း အသိမှားခြင်းကို (ဆုတ်နစ်စေတတ်၏)။ နိရောဓကို သိသောဉာဏ်သည် အရူပဘုံ လောက၏အထွတ်ဖြစ်သော အသညသတ်ဘုံ (နေဝသညာနာသညာယတနဘုံ)စသည်တို့၌[၂] အပဝဂ္ဂခေါ် ဆင်းရဲကင်းရာ (မောက္ခလွတ်မြောက်ရာ)နိဗ္ဗာန်ဟု စွဲယူခြင်းဟူသော[၁] နိရောဓ၌ ဖောက်ပြန်စွာ

---

မှတ်ချက်

၁–ဖြစ်သော၊ ဟူသော-ပုဒ်တို့ကို ဖောက်ပြန်စွာကျင့်ခြင်းနှင့် စပ်ပါ။

၂–ရာမ,ဥဒက,အာဠာရ ရသေ့စသည်တို့ကဲ့သို့ အရူပဘုံ၌ငှင်း, နိဂဏ္ဌတို့ကဲ့သို့ လောကထူပိကာ-လောက၏ အထွတ် (အသညသတ်ဘုံ ဝါ-နေဝသညာဘုံ)၌ ငှင်း(အပဝဂ္ဂ)ဆင်းရဲကင်းရာ(မောက္ခ)လွတ်မြောက်ရာနိဗ္ဗာန်ဟုယူခြင်းသည် အပဝဂ္ဂဂ္ဂါဟမည်၏။ အာဒိ-စသည်အရဖြင့် "ပဓာန၏ မဖြစ်ခြင်းသည်ငှင်း, ဂုဏ်တို့နှင့်မယှဉ်သော အတ္တ၏(ပကတိနှင့် မပူးပေါင်းပဲ) မိမိအတ္တ၌သာလျှင် တည်ခြင်းသည်ငှင်း, ဖန်ဆင်းသူပြဟ္မာ့အတ္တနှင့် တူသော လောကရှိသည်၏ အဖြစ်, နီးကပ်သည်၏အဖြစ်, ပူးပေါင်း ရောနှောခြင်းသည်ငှင်း, (အပဝဂ္ဂမောက္ခဟု ဆိုသောဝါဒတို့ငှင်း) ဒိဋ္ဌမ္မနိဗ္ဗာနဝါဒတို့ငှင်း" (ဤနောက်ဆုံးဝါဒသည် သီလက္ခန်ပါဠိတော် ဗြဟ္မဇာလသုတ်၌ ရှိ၏) ဤသို့ အစရှိသည်တို့ကို ယူခြင်းကို မှတ်အပ်၏။ ထပ်၍ဖွင့်ပြဦးအံ့-**ပဓာန၏မဖြစ်ခြင်း** ဟူသည်မှာ မဟာ အဟံကာရ စသည်၏ အဖြစ်ဖြင့် မဖောက်ပြန် မပြောင်းလဲခြင်းပေတည်း၊ သို့မဟုတ် ထင်ရှားမပေါ်ခြင်းပေတည်း။

"ပုရိသခေါ် အတ္တကောင် ငါကတခြား၊ ပကတိ-က တခြား"ဟုပကတိနှင့် ပုရိသတို့၏ ကွဲပြားခြင်းကို သိခြင်းဖြင့် အတ္တနှင့် သုခ ဒုက္ခ မောဟ (သတ္တ ရဇ တမ)တို့၌ တပေါင်းတည်းယူခြင်းကို နစ်စေ-ကင်းစေလျှင် ဆိုခဲ့ပြီးသော နည်းဖြင့် ပဓာနသည် (မဟာစသည်) မဖြစ်တော့ပဲရှိသတတ်၊ ထိုသို့ ပဓာန-က မဟာစသည်မဖြစ်ခြင်းကို ဝိမောက္ခ-လွတ်မြောက်ခြင်းဟု ကပိလ

http://www.dhammadownload.com



ကျင့်ခြင်း-အသိမှားခြင်းကို (ဆုတ်နစ်စေတတ်၏)။ မဂ်ကို သိသောဉာဏ်သည် ကာမသုခကို သာယာခံစားမှု မိမိကိုယ်ကို ပင်ပန်းအောင် ကျင့်မှု အပြားရှိသော စင်ကြယ်ရာစင်ကြယ်ကြောင်း နိဗ္ဗာန်၏ အကျင့်လမ်း မဟုတ်ရာ၌နိဗ္ဗာန်၏ အကျင့်လမ်းဟု စွဲယူသည်၏ အစွမ်းအားဖြင့် ဖြစ်သော ရောက်ကြောင်း၌ ဖောက်ပြန်စွာ ကျင့်ခြင်း-အသိမှားခြင်းကို ဆုတ်နစ်စေ၏။ ထိုကြောင့် အောက်ပါဂါထာကို ဆိုအပ်ပေသည်။

---

မှတ်ချက်

ဂိုဏ်းဝင်တို့က ဆိုကြ၏။ **ဂုဏ်တို့နှင့်မယှဉ်ဟူသည်မှာ** ဗုဒ္ဓိ–အသိဉာဏ်, သုခ, ဒုက္ခ, ဣစ္ဆာ-အလို, ဒေါသ-ရွံမုန်းခြင်း, ပယတ္တ-အားထုတ်ခြင်း, ဓမ္မ-ကုသိုလ်, အဓမ္မ-အကုသိုလ်, သင်္ခါရ-ဉာဏ်ဖြင့် ပြုပြင်ခြင်းဟူသော ၉-ပါးသော အတ္တ၏ ဂုဏ်တို့နှင့် မယှဉ်သော(အတ္တ)ဟူ၍ ကဏာဒအယူသို့လိုက်သောပုဂ္ဂိုလ်တို့က ဖွင့်ဆိုကြ၏။ **သလောကတာ**-ဟူသည် ပြဟ္မာနှင့်တူသော လောကရှိသည်၏ အဖြစ်တည်း။ **နီးကပ်သည်၏အဖြစ်** ဟူသည် ထိုပြဟ္မာ၏ အနီး၌ ဖြစ်ခြင်းတည်း၊ ပူးပေါင်းရောနှောခြင်းဟူသည် ဆိုပြဟ္မာ့အတ္တနှင့် တပေါင်းတည်း ဖြစ်ခြစ်တည်း။ (သတ္တဝါတို့၏ အသီး အသီးသော အတ္တကလေးများသည် ပြဟ္မာ့အတ္တကြီး၏ အစိတ်အပိုင်းကလေးများဖြစ်၍ ထိုပြဟ္မာ့အတ္တကြီးထဲသို့ ပြန်၍ ဝင်ရောက်ပူးပေါင်းသွားလျှင် ဆင်းရဲကင်းသည်ဟူသော ဝါဒကို ပြသည်)။(ဋီကာ)

၁–“မျက်စိစသောဣန္ဒြေတို့ကို ဆောင့်ရဲစေခြင်း (ကြိုက်တတ်သည့်အာရုံများ ပေး၍ ခံစားစေခြင်း), သား၏မျက်နှာကိုမြင်ခြင်း စသည်တို့နှင့် ကင်း၍ အပဝဂ္ဂခေါ် ဆင်းရဲကင်းခြင်း-ဆင်းရဲမှ လွတ်မြောက်ခြင်းမည်သည် မရှိ”ဟု ယူ၍ ထိုအခြင်းအရာဖြင့် ဖြစ်စေခြင်းသည် ကာမသုခလ္လိကာနုယောဂမည်၏။ အစာမစားခြင်း ထန်းဧဖြင့်ညှပ်၍ ဆံပင်ကို နုတ်ခြင်းအစရှိသော တပခေါ် ပူပန်ပင်ပန်းစေသည့်အမှုကို ကျင့်ခြင်းဖြင့်ရင်း, ကိုယ်တုံးလုံးနေသော အလေ့အကျင့် နွားအလေ့အကျင့် ခွေးအလေ့အကျင့် စသည်တို့ဖြင့်ရင်း မိမိ

http://www.dhammadownload.com



"လောကေ လောကပ္ပဘဝေ၊ လောကတ္ထဂမေ သိဝေ စ တဒုပါယေ။
သမ္မုယှတိ တာဝ နရော၊ န ဝိဇာနာတိ ယာဝ သစ္စာနိ။

နရော-တစုံတယောက်သောပုဂ္ဂိုလ်သတ္တဝါသည်၊ သစ္စာနိ-အမှန်တရားတို့ကို၊ ယာဝ-အကြင်မျှလောက်ကာလပတ်လုံး၊ န ဝိဇာနာတိ-မသိသေး၊ တာဝ-ထိုမျှလောက်ကာလပတ်လုံး၊ လောကေ-လောကခေါ်သော ဒုက္ခသစ္စာ၌ငှင်း၊ လောကပ္ပဘဝေ-လောက၏အကြောင်းဟု ဆိုအပ်သော သမုဒယသစ္စာ၌ငှင်း၊ လောကတ္ထဂမေ-လောက၏ ချုပ်ရာဟုဆိုအပ်သော၊

---

မှတ်ချက်

ကိုယ်ကို ပူပန်ပင်ပန်းစေခြင်းဖြင့် လွတ်မြောက်ခြင်းဖြစ်သည်ဟု ယူ၍ ထိုအခြင်းအရာဖြင့် ဖြစ်စေခြင်းသည် အတ္တကိလမထမည်၏။(ဋီကာ)ဤဋီကာ၌ပြထားသော ကာမသုခလ္လိကာနုယောဂမှာ ဤအရာ၌ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ဆိုင်ရာကိုသာ ပြခြင်းဖြစ်သည်၊ဤမှတပါး ကာမသုခလ္လိကာနုယောဂအကျင့်မရှိဟူ၍ကား မယူအပ်။ စင်စစ်သော်ကား ကာမချမ်းသာကိုသာယာခံစားခြင်းဟူသမျှသည် ကာမသုခလ္လိကာနုယောဂ၌ အတွင်းဝင်သည်ချည်းသာတည်း။ ထို့ကြောင့်ပင် ဥပရိပဏ္ဏာသပါဠိ အရဏဝိဘင်္ဂသုတ်၌-"နကာမသုခမနုယုဉ္ဇေယျ ဟီနံ ဂမ္မံ ပေါထုဇ္ဇနိကံ အနရိယံ အနတ္ထသံဟိတံ" စသည်ဖြင့် ကာမသုခခံစားမှုဟူသမျှကို ကြဉ်ရှောင်ရမည့် အနတ္ထ-အဖိုးအစွန်း အယုတ်တရားတခုအဖြစ်ဖြင့် ဟောတော်မူပေသည်၊ ထို့ပြင် ဒီဃနိကာယ် ပါထိကဝဂ်ပါသာဒိကသုတ် နှာ ၁၀၈-၌ ပါဏာတိပါတ, အဒိန္နာဒါန်, မုသာဝါဒတို့ဖြင့်မိမိကိုယ်ကို ချမ်းသာစေခြင်း (၃-ပါး)၊ ကာမဂုဏ်ငါးပါးတို့ဖြင့် ပျော်ပါးခံစားနေခြင်း (၁) ပါး၊ ဤလေးပါးသော သုခလ္လိကာနုယောဂတို့မှ ဗုဒ္ဓသာသနိကရဟန်းတော်များ ကင်းလွတ်ကြောင်း ဟောထားပေသည်။ သို့ဖြစ်၍ ပစ္စည်းလေးပါးသုံးဆောင်သောအခါစသည်တို့၌ ကာမသုခလ္လိကာနုယောဂမှ ကင်းလွတ်အောင် ပဋိသင်္ခါ ယောနိသော စီဝရံ ပဋိသေဝတိ စသည်အရဖြင့် ဆင်ခြင်၍သော်ငှင်း, သမထဝိပဿနာတပါးပါးဖြင့် နှလုံးသွင်း၍သော်ငှင်း သုံးဆောင်ရာ၏။

http://www.dhammadownload.com



သိဝေ စ-နိဗ္ဗာန်၌၎င်း၊ တဒုပါယေ-ထိုနိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်၌၎င်း၊ သမ္မုယှတိ-ပြင်းစွာဖောက်ပြား သိမှားတွေဝေလျက် ရှိ၏”ဟူ၍ပင်တည်း။

ဤသို့လျှင် ဤသစ္စာတို့၌ ဉာဏ်၏ ကိစ္စအားဖြင့်လည်း အဆုံးအဖြတ်ကို သိအပ်၏။

၅၆၄။ **အတွင်းဝင်သောတရားတို့၏ အပြားအားဖြင့်** ဟူရာ၌(အကျယ်ကား) တဏှာနှင့် လောကုတ္တရာတရားတို့ကို ချန်ထား၍ ကြွင်းသောတရားအလုံးစုံတို့သည် ဒုက္ခသစ္စာ၌ အတွင်းဝင်ကုန်၏။ ၃၆-ပါးသော တဏှာဝိစရိုတ်တို့သည်[1] သမုဒယသစ္စာ၌ အတွင်းဝင်ကုန်၏။ နိရောဓသစ္စာသည် အခြားနှင့် ရောနှောခြင်းမရှိ-တပါးတည်းသာ ဖြစ်သည်။ သမ္မာဒိဋ္ဌိဟူသော မျက်နှာဖြင့်[2] ဝီမံသိဒ္ဓိပါဒ် ပညိန္ဒြေ ပညာဗိုလ် ဓမ္မဝိစယသမ္ဗောဇ္ဈင်တို့သည် မဂ္ဂသစ္စာ၌ အတွင်းဝင်ကုန်၏။ သမ္မာသင်္ကပ္ပကို ညွှန်ပြခြင်းဖြင့်၊[ ၁၄၃] နေက္ခမ္မဝိတက်စသော သုံးပါးသောဝိတက်တို့သည် အတွင်းဝင်ကုန်၏၊သမ္မာဝါစာကို ညွှန်ပြခြင်းဖြင့် လေးပါးသော ဝစီသုစရိုတ်တို့သည် အတွင်းဝင်ကုန်၏၊ သမ္မာကမ္မန္တကို ညွှန်ပြခြင်းဖြင့် သုံးပါးသော ကာယသုစရိုတ်တို့သည်

---

မှတ်ချက်

၁–အာယတန ၁၂-ပါးတို့၌ဖြစ်သော ကာမ-ဘဝ-ဝိဘဝတဏှာ သုံးပါးတို့၏ အစွမ်းဖြင့် (၁၂×၃-လီ မြှောက်၍) တဏှာဝိစရိုတ် ၃၆-ပါးတို့ကို သိအပ်၏။

၂–သမ္မာဒိဋ္ဌိမုခေန ပုဒ်၏ တိုက်ရိုက်အနက် ဖြစ်သည်၊ သမ္မာဒိဋ္ဌိဟူသော အမူးဖြင့် ပဓာနဖြင့် ဟူသော အနက်များလည်း ရနိုင်၏။ သို့သော် ဝီမံသိဒ္ဓိပါဒ်စသည်နှင့် တရားကိုယ်အရတူ ဖြစ်၍ နောက်လိုက်, မပြဓာန်း ဟူ၍ကား ဆိုသင့်မည် မဟုတ်ပေ၊ သို့ဖြစ်၍ မျက်နှာအဖြစ် ဖော်ပြထားသဖြင့် ဖော်ပြမထားသော အရတူ အမည်ကွဲ တရားတို့သည်လည်း အတွင်းဝင်ကြသည်ဟူသော အနက်ကား မသင့်ဖွယ် မရှိပေ။

http://www.dhammadownload.com



အတွင်းဝင်ကုန်၏။ သမ္မာအာဇီဝအမှုးပြုသဖြင့် (အပ္ပိစ္ဆတာ) အလိုနည်းခြင်းသည်၎င်း (သန္တုဋ္ဌိတာ) ရောင့်ရဲလွယ်ခြင်းသည်၎င်း အတွင်းဝင်၏။ တနည်းကား ဤသမ္မာဝါစာ-ကမ္မန္တ-အာဇီဝအားလုံးတို့သည်ပင်လျှင် အရိယကန္တသီလဖြစ်သောကြောင့်၎င်း, ယင်းသီလကိုလည်း သဒ္ဓါတည်းဟူသောလက်ဖြင့် ခံယူအပ်သောကြောင့်၎င်း, ထိုသမ္မာဝါစာ-ကမ္မန္တ- အာဇီဝတို့ရှိလျှင် ရှိမြဲဖြစ်သောကြောင့်၎င်း၊ သဒ္ဓိန္ဒြေ သဒ္ဓါဗိုလ် ဆန္ဒိဒ္ဓိပါဒ်တို့သည်အတွင်းဝင်ကုန်၏။ သမ္မာဝါယာမကို ညွှန်ပြခြင်းဖြင့် သမ္မပ္ပဓာန်လေးပါး ဝီရိယိန္ဒြေ ဝီရိယဗိုလ် ဝီရိယသမ္ဗောဇ္ဈင်တို့သည် အတွင်းဝင်ကုန်၏။ သမ္မာ-သတိကို ညွှန်ပြခြင်းဖြင့် သတိပဋ္ဌာန်လေးပါး သတိန္ဒြေ သတိဗိုလ် သတိ-သမ္ဗောဇ္ဈင်တို့သည် အတွင်းဝင်ကုန်၏။ သမ္မာသမာဓိကို ညွှန်ပြခြင်းဖြင့် ဝိတက်ဝိစာရရှိသည့် သမာဓိအစရှိကုန်သော သမာဓိ သုံးပါးတို့သည်၎င်း, စိတ္တိဒ္ဓိပါဒ်ဆိုင်ရာ စိတ္တသမာဓိ[၁] သမာဓိန္ဒြေ သမာဓိဗိုလ် ပီတိသမ္ဗောဇ္ဈင် ပဿဒ္ဓိ-သမာဓိ-ဥပေက္ခာသမ္ဗောဇ္ဈင်တို့သည်၎င်း အတွင်းဝင်ကုန်၏။ ဤသို့လျှင် ဤသစ္စာတို့၌ အတွင်းဝင်သော တရားတို့၏ အပြားအားဖြင့်လည်း အဆုံးအဖြတ်ကို သိအပ်၏။

၅၆၅။ **ဥပမာအားဖြင့်**ဟူရာ၌ အကျယ်ကား ဒုက္ခသစ္စာကို ဝန်ထုပ်ကဲ့သို့ မှတ်အပ်၏၊ သမုဒယသစ္စာကို ဝန်ထမ်းဆောင်ခြင်းကဲ့သို့ မှတ်အပ်၏၊နိရောဓသစ္စာကို ဝန်ထုပ်ချခြင်းကဲ့သို့ မှတ်အပ်၏၊ မဂ္ဂသစ္စာကို ဝန်ထုပ်ချကြောင်းနည်းလမ်းကဲ့သို့ မှတ်အပ်၏။ တနည်း ဒုက္ခသစ္စာကို ရောဂါကဲ့သို့ မှတ်အပ်၏၊

---

မှတ်ချက်

၁ – စိတ္တသမာဓိ-ပုဒ်၏ အနက်ဖြစ်သည်။ ယင်း ပုဒ်ဖြင့် စိတ္တိဒ္ဓိပါဒ်ကို ဆိုကြောင်း ဋီကာ၌ ဖွင့်ပြထား၏။ စိတ္တံ ပညဉ္စ ဘာဝယံ-ဟူသော ပါဠိ၌ စိတ္တံ-ဖြင့် သမာဓိကို ပြသကဲ့သို့ စိတ္တိဒ္ဓိပါဒ်ဖြင့်လည်း သမာဓိကို ပြသည်ဟု ထိုဋီကာ၌ပင် ပြဆို၏။

http://www.dhammadownload.com



သမုဒယသစ္စာကို ရောဂါ၏အကြောင်းရင်းကဲ့သို့ မှတ်အပ်၏၊ နိရောဓသစ္စာကို ရောဂါပျောက်ခြင်းကဲ့သို့ မှတ်အပ်၏၊ မဂ္ဂသစ္စာကို ဆေးကဲ့သို့ မှတ်အပ်၏။ တနည်း ဒုက္ခသစ္စာကို အစာရှားပါးခြင်းကဲ့သို့ မှတ်အပ်၏၊ သမုဒယသစ္စာကို မိုးခေါင်ခြင်းကဲ့သို့ မှတ်အပ်၏၊နိရောဓသစ္စာကို ဝပြောခြင်းကဲ့သို့ မှတ်အပ်၏၊ မဂ္ဂသစ္စာကို မိုးကောင်းခြင်းကဲ့သို့ မှတ်အပ်၏။ တနည်းသော်ကား ရန်သူ-ရန်စ ရန်ငြိမ်းခြင်း- ရန်ငြိမ်းကြောင်းတို့နှင့်ရင်း, အဆိပ်ပင်-ယင်း၏အမြစ်-ယင်းအမြစ်ပြတ်ခြင်း- ယင်းအမြစ် ပြတ်ကြောင်းတို့နှင့်ရင်း, ဘေး-ဘေး၏ အကြောင်းရင်း-ဘေးကင်းခြင်း-ယင်းကိုရကြောင်းတို့နှင့်ရင်း, ဤဖက်ကမ်း-ကြီးစွာသောရေယဉ် - ဟိုဖက်ကမ်း - ထိုဟိုဖက်ကမ်းသို့ ရောက်ကြောင်း အားထုတ်ခြင်းတို့နှင့်ရင်း ယှဉ်စေ၍လည်း ဤသစ္စာလေးပါးတို့ကို ဥပမာအားဖြင့် သိအပ်ကုန်၏။ ဤသို့လျှင် ဤသစ္စာတို့၌ ဥပမာအားဖြင့် အဆုံးအဖြတ်ကို သိအပ်၏။

၅၆၆။ **လေးချက်စုအားဖြင့်** ဟူရာ၌ အကျယ်ကား ဤသစ္စာလေးပါးတို့တွင် ဒုက္ခသာမည်၍ အရိယသစ္စာ မမည်သောတရားသည် ရှိ၏၊အရိယသစ္စာသာမည်၍ ဒုက္ခမမည်သော တရားသည် ရှိ၏၊ ဒုက္ခလည်းမည် အရိယသစ္စာလည်း မည်သောတရားသည် ရှိ၏၊ဒုက္ခလည်းမမည် အရိယသစ္စာလည်း မမည်သောတရားသည် ရှိ၏။ သမုဒယသစ္စာ စသည်တို့၌လည်း ဤနည်းပင်။ ထိုတွင် မဂ်နှင့်ယှဉ်သော တရားတို့သည်ရင်း, သာမညဖိုလ်တို့သည်ရင်း[၁], "အကြင်တရားသည် မမြဲ၊ ထိုတရားသည် ဆင်းရဲ" ဟု ဟောတော်မူခြင်းကြောင့်ရင်း, သင်္ခါရ ဒုက္ခဖြစ်ခြင်းကြောင့်ရင်း ဒုက္ခ-ဆင်းရဲကား မည်၏၊

---

မှတ်ချက်

၁ – သမဏ-ကိလေသာငြိမ်းသူ အရိယာ ရဟန်း + ဏျ–ဖြစ်ကြောင်း = သာမည-ကိလေသာငြိမ်းသူ ဖြစ်ကြောင်း မဂ် ၄-ပါး၊ ယင်း မဂ် ၄-ပါး၏ အကျိုးဖြစ်သောကြောင့် သာမညဖလ-သာမညဖိုလ်ဟု ဆိုသည်။

http://www.dhammadownload.com



အရိယသစ္စာကားမမည်။ နိရောဓသည် အရိယသစ္စာကား မည်၏၊ဒုက္ခကား မမည်။ ဤမှတပါးသော သမုဒယနှင့်မဂ္ဂဟူသော အရိယသစ္စာနှစ်ပါးသည်ကား မမြဲသောကြောင့် ဒုက္ခမည်သည် ဖြစ်ရာ၏၊ သို့သော် အကြင် ဒုက္ခကို ပိုင်းခြား၍သိရန် မြတ်စွာဘုရားထံ၌ မြတ်သောအကျင့်ကိုကျင့်သုံး အပ်၏၊ ထိုပိုင်းခြားသိအပ်သည့် ပရိညေယျအဖြစ်ဖြင့်ကား ဒုက္ခမမည်ပေ၊ စင်စစ်သော်ကား တဏှာကိုကြည်၍[၁]ဥပါဒါနက္ခန္ဓာငါးပါးသည် ခပ်သိမ်းသော အခြင်းအရာအားဖြင့် ဒုက္ခလည်း မည်၏၊ အရိယသစ္စာလည်း မည်၏။ မဂ်နှင့်ယှဉ်သော တရားတို့သည်၎င်း, သာမညဖိုလ်တို့သည်၎င်း အကြင်ဒုက္ခကို ပိုင်းခြား၍သိရန် မြတ်စွာဘုရားထံ၌ မြတ်သောအကျင့်ကို ကျင့်သုံး အပ်၏၊ ထိုပရိညေယျအဖြစ်ဖြင့်ကား ဒုက္ခလည်း မမည်။ အရိယသစ္စာလည်း မမည်။ ဤပုံဤနည်းဖြင့် သမုဒယစသည်တို့၌လည်း ယှဉ်သင့်သည်အားလျော်စွာ ယှဉ်၍[၂]ဤသစ္စာတို့၌ လေးချက်စုအားဖြင့်လည်း အဆုံးအဖြတ်ကို သိအပ်၏။

---

မှတ်ချက်

၁ – ဥပါဒါနက္ခန္ဓာ ငါးပါးထဲ၌ တဏှာ ပါဝင်နေသောကြောင့်၎င်း, ထိုတဏှာသည် သမုဒယသစ္စာဖြစ်သောကြောင့်၎င်း တဏှာကို ကြဉ်ပယ်၍ ဥပါဒါ-နက္ခန္ဓာတို့ကို ယူရန်ပြသည်။

၂ – သမုဒယ စသည်တို့၌ (ယှဉ်ပုံမှာ) တဏှာမှ ကြွင်းသော ကိလေသာ စသည်တို့သည် (စသည်အရ ကြွင်းသော အကုသိုလ်, လောကီကုသိုလ် မူလ သုံးပါး, လောကီကုသိုလ် တရားများကို ယူအပ်၏) အမှန် အစ အကြောင်း အနက်သဘောကြောင့် (အဘိဓမ္မာ ဝိဘင်းပါဠိနှင့်အညီ) သမုဒယ မည်၏၊ ဤ ဝိသုဒ္ဓိမဂ်သည် သုတ္တန်၏ အဖွင့်ဟု ယူ၍ (သုတ္တန် ဒေသနာအရအားဖြင့်) အရိယ သစ္စာကား မမည်။ နိရောဓသည် အရိယသစ္စာ မည်၏၊ သမုဒယ မမည်။ ကြွင်းသော အရိယသစ္စာ ၂-ပါးသည် မိမိအကျိုးအား ကျေးဇူးပြုသော အနက်သဘောကြောင့် သမုဒယ မည်သည် ဖြစ်နိုင်၏၊ သို့သော် အကြင် သမုဒယကို ပယ်ရန် မြတ်စွာဘုရားထံ၌ အကျင့်မြတ်ကို

http://www.dhammadownload.com



[၁၄၄] ၅၆၇။ **သူညအားဖြင့်** ဟူရာ၌ အကျယ်ကား[1] သစ္စာအားလုံးတို့သည်ပင်လျှင် ပရမတ္ထအားဖြင့် ခံစားသူ ပြုသူ ငြိမ်းသူ သွားရောက်သူ

**မှတ်ချက်**

ကျင့်သုံးအပ်၏၊ ထို ပဟာတဗ္ဗ အဖြစ်ဖြင့်ကား သမုဒယ မမည်ပေ။ခပ်သိမ်းသော အခြင်းအရာအားဖြင့်မူ တဏှာသည် သမုဒယလည်း မည်၏ အရိယသစ္စာလည်း မည်၏။ မဂ်နှင့် ယှဉ်သော တရားတို့သည်၎င်း, သာမညဖိုလ်တို့သည်၎င်း အကြင် သမုဒယကို ပယ်ရန် ဘုရားထံ၌ အကျင့်မြတ်ကို ကျင့်သုံးအပ်၏ ထို ပဟာတဗ္ဗ အဖြစ်အားဖြင့် သမုဒယလည်း မမည် အရိယသစ္စာလည်း မမည်။ သင်္ခါရတို့၏ ချုပ်ခြင်းသည်၎င်း, နိရောဓသမာပတ်သည်၎င်း နိရောဓကား မည် အရိယသစ္စာကား မမည်။ သမုဒယသည် အရိယသစ္စာ မည်၏ နိရောဓကား မမည်။ ကြွင်းသော အရိယသစ္စာ ၂-ပါးသည် ဘင်ဟူသော ခဏနိရောဓ ရှိခြင်းကြောင့် နိရောဓ မည်သည် ဖြစ်နိုင်၏၊ သို့သော် အကြင် နိရောဓကို မျက်မှောက်ပြုရန် ဘုရားထံ၌ အကျင့်မြတ်ကို ကျင့်သုံးအပ်၏ ထို သစ္ဆိကာတဗ္ဗ အဖြစ်အားဖြင့် နိရောဓ မမည်ပေ။ ခပ်သိမ်းသော အခြင်းအရာအားဖြင့်မူကား အသင်္ခတဓာတ်သည် နိရောဓလည်း မည်၏ အရိယသစ္စာလည်း မည်၏။ ကြွင်းသော (မဂ်နှင့်ယှဉ်သော တရားစသည်ကို ပြဆိုသော) စကားသည် ဆိုခဲ့ပြီးသော နည်းအတိုင်းပင်။ အရိယမဂ်မှ တပါးကုန်သော မဂ္ဂင်တို့သည် မဂ္ဂကား မည်၏၊ အရိယသစ္စာကား မမည်။ နိရောဓသည် အရိယသစ္စာ မည်၏၊ မဂ္ဂကား မမည်။ ကြွင်းသော သစ္စာ ၂-ပါးသည် ဘဝသို့ ရောက်စေသည့် အကျင့်ဖြစ်သောကြောင့် မဂ္ဂ မည်သည် ဖြစ်နိုင်၏၊ သို့သော် အကြင် မဂ်ကို ဖြစ်ပွါးစေရန် ဘုရားထံ၌ အကျင့်မြတ်ကို ကျင့်သုံးအပ်၏၊ ထို ဘာဝေတဗ္ဗအဖြစ်အားဖြင့် မဂ္ဂမမည်ပေ။ ခပ်သိမ်းသော အခြင်းအရာအားဖြင့်မူကား နိရောဓဂါမိနီ ပဋိပဒါသည် မဂ္ဂလည်းမည်၏၊ အရိယသစ္စာလည်း မည်၏။ ကြွင်းသော စကားသည် ဆိုခဲ့ပြီးသော နည်းအတိုင်းပင်။ (ဋီကာ)

၁ – ဝိသုဒ္ဓိမဂ်၌ သန္ဓိစပ်ပုဒ်ကို ထုတ်၍ ခွဲပြသည်၊ ဤမြန်မာပြန်၌ မူလကပင် ခွဲပြန်ခဲ့ပြီး ဖြစ်သောကြောင့် ဤအရာ၌ လိုရင်းကိုသာပြသည်။

http://www.dhammadownload.com



တို့၏ မရှိခြင်းကြောင့် ခံစားသူစသည်တို့မှ ဆိတ်သုဉ်းကုန်၏ဟူ၍ သိအပ်၏။ ထို့ကြောင့် အောက်ပါဂါထာကို ဆိုအပ်ပေသည်။

"ဒုက္ခမေဝ ဟိ,န ကောစိ ဒုက္ခိတော၊
ကာရကော န, ကိရိယာဝ ဝိဇ္ဇတိ။
အတ္ထိ နိဗ္ဗုတိ, န နိဗ္ဗုတော ပုမာ၊
မဂ္ဂမတ္ထိ, ဂမကော န ဝိဇ္ဇတိ။

ဒုက္ခမေဝ ဟိ-ဆင်းရဲသာရှိသည်၊ န ကောစိ ဒုက္ခိတော-ဆင်းရဲသူ တစုံတယောက်မျှ မရှိ။ ကာရကော န-ပြုသူမရှိ၊ ကိရိယာဝ ဝိဇ္ဇတိ-ပြုခြင်းမျှသာရှိသည်[၁]။ အတ္ထိ နိဗ္ဗုတိ- ငြိမ်းအေးခြင်းရှိသည်၊ န နိဗ္ဗုတော ပုမာ-ငြိမ်းအေးသူကား မရှိ။ မဂ္ဂ မတ္ထိ-မဂ္ဂေါ အတ္ထိ- နိဗ္ဗာန်သွားရန် အကျင့်လမ်းသာ ရှိသည်၊ ဂမကော န ဝိဇ္ဇတိ- သွားသူကားမရှိပေ"ဟူ၍ ပင်တည်း။

"ဆင်းရဲသူ ကင်းပ ဆင်းရဲမျှ ရှိသည်၊
ပြုသူ ကင်းပ ပြုခြင်းမျှ ရှိသည်။
ငြိမ်းသူ ကင်းပ ငြိမ်းခြင်းမျှရှိသည်။
သွားသူ ကင်းပ မဂ်လမ်းမျှ ရှိသည်"။

(ဤသို့လည်း ပြန်ဆိုအပ်၏)

---

မှတ်ချက်

၁-ပြုခြင်းမျှသာ ရှိသည်ဟူသောစကားကို သမုဒယသစ္စာကိုရည်၍ ဆို၏။ တနည်းကား ဒုက္ခနှင့် သမုဒယသစ္စာကို ဝိပါကဝဋ်နှင့် ကမ္မဝဋ်ဖြင့် ရေတွက်ခြင်းကြောင့် ပြုသူ၏ ဒုက္ခသစ္စာအဖြစ်ကို ဆို၏။ မှန်၏-ပြုခြင်းကိရိယာသည် ပြုအပ်သည့် အမှုဖြစ်ငြားသော်လည်း ပြုသူမှကင်း၏၊ သက်သက် မိမိ၏ အကြောင်းတို့ကြောင့် ယင်းကိရိယာသည် ဖြစ်လတ်သော် ဒုက္ခဟု ဆိုအပ်သော ရုပ်နာမ်တရားအစဉ်၌ ကိရိယာ-အမှုကို ပြုသည်ဟူသော ဝေါဟာရမျှဖြစ်သည်။ ငြိမ်းသူ သွားသူတို့၌လည်း ဤနည်းပင်။ (ဋီကာ)

http://www.dhammadownload.com



တနည်းကား—

ဓုဝသုဘသုခတ္တသုညံ၊ ပုရိမဒွယ' မတ္တသုည' မမတပဒံ။
ဓုဝသုခအတ္တဝိရဟိတော၊ မဂ္ဂေါဣတိ သုညတာ တေသု။

ပုရိမဒွယံ-ဒုက္ခနှင့်သမုဒယဟူသော ရှေးသစ္စာနှစ်ပါးသည်၊ ဓုဝ-သုဘသုခတ္တသုညံ-မြဲခြင်း တင့်တယ်ခြင်း ချမ်းသာခြင်း အတ္တအဖြစ်တို့မှ ဆိတ်သုဉ်း၏။ အမတပဒံ-အမြိုက်နိဗ္ဗာန်သည်၊ အတ္တသုညံ-အတ္တမှ ဆိတ်သုဉ်း၏။ မဂ္ဂေါ-အရိယမဂ်သည်၊ ဓုဝသုခအတ္တဝိရဟိ-တော-မြဲခြင်း ချမ်းသာခြင်း အတ္တအဖြစ်မှ ဆိတ်သုဉ်း၏။ ဣတိ-ဤသို့။ တေသု-ထိုသစ္စာလေးပါးတို့၌၊ သုညတာ-ဆိတ်သုဉ်းသည်၏ အဖြစ်ကို၊ (ဝေဒိတဗ္ဗာ-သိအပ်၏)။

တနည်းကား သစ္စာသုံးပါးတို့သည် နိရောဓမှ ဆိတ်ကုန်၏၊ နိရောဓသည်လည်း အကြွင်းသုံးပါးမှ ဆိတ်၏။ ဤ သစ္စာလေးပါးတို့တွင် အကြောင်းသစ္စာ ၂-ပါးသည် အကျိုးမှ ဆိတ်၏၊ (အဘယ့်ကြောင့်နည်း) သမုဒယ၌ ဒုက္ခ၏မရှိခြင်းကြောင့်ရင်း[၁] မဂ္ဂ၌ နိရောဓ၏ မရှိခြင်းကြောင့်

---

မှတ်ချက်

၁-သမုဒယ၌ ဒုက္ခ၏ မရှိခြင်းကြောင့်ဟူသည်ကား တဖန် ဘဝသစ်ကို ဖြင်စေတတ်သော တဏှာ(ဖြစ်ခိုက်)၌ တဖန် ဘဝသစ်၏မရှိ (သေး)ခြင်းကြောင့် (ဟု ဆိုလို၏)။ တနည်းကား ပကတိဝါဒီတို့၏ (ပကတိမှ ဖောက်ပြန်လာသော မဟာ အဟံကာရစသော) ဝိကာရတို့သည် ဖောက်ပြန်သည်မှ ရှေးအဖို့၌ (ဝါ-မဖောက်ပြန်သေးမီက) (မဟာ အဟံကာရ စသည်ဖြင့် မထင်ရှားသေးပဲ) မြုပ်ကွယ်ကုန်လျက် (သတ္တ ရဇ တမဟူသော ဂုဏ်သုံးပါးတို့၏ ညီမျှသည့်အခိုက်အတန့်ဟု ဆိုအပ်သော) ပကတိအဖြစ်ဖြင့်သာလျှင် တည်ကုန်သကဲ့သို့ ဤအတူ သမုဒယနှင့် ယှဉ်သော ဒုက္ခသည်သော်လည်း သမုဒယအဖြစ်ဖြင့် တည်သည်မဟုတ်။ (ဋီကာ) ပကတိဝါဒီတို့က ပုရိသနှင့်

http://www.dhammadownload.com



၎င်း ဖြစ်ပေသည်။ (မှန်၏)ပကတိဝါဒီတို့၏ ပကတိကဲ့သို့ (အကြောင်းသည်) အကျိုးဖြင့် မျိုးရှိသည် မဟုတ်ပေ^၁။ အကျိုးသစ္စာသည်လည်း အကြောင်းမှ ဆိတ်၏၊ (အဘယ့်ကြောင့်နည်း)ဒုက္ခနှင့် သမုဒယတို့၏၎င်း, နိရောဓနှင့်မဂ္ဂတို့၏၎င်း အတူတကွ တပေါင်းတည်းမဖြစ်ကြခြင်းကြောင့်ပေတည်း။ (မှန်ပေ၏) အကြောင်းနှင့်အကျိုး အတူတကွတပေါင်းတည်း ဖြစ်နေကြသည်ဟု အယူရှိသောသူတို့၏ အဏုမြူနှစ်ခုတွဲ·ဒွိအဏုကစသည်ကဲ့သို့ အကြောင်း၏အကျိုးသည်^၂ အကြောင်းနှင့်အတူတကွ တပေါင်းတည်းတည်နေသည် မဟုတ်ပေ။ ထို့ကြောင့် အောက်ပါ ဂါထာကို ဆိုအပ်ပေသည်။

တယမိဓ နိရောဓသုညံ၊ တယေန တေနာပိ နိဗ္ဗုတိ သုညာ။
သုညော ဖလေန ဟေတု၊ ဖလမ္ပိ တံဟေတုနာ သုညံ။

---

မှတ်ချက်

ပေါင်းစပ်မိသောအခါ ပကတိမှ မဟာစသည်တို့ ထင်ရှားဖြစ်လာကြသည်၊ ထိုသို့ မဖောက်ပြန်သေးမီက မဟာစသည်တို့သည် ပကတိထဲမှာပင် မြုပ်ကွယ်လျက်ရှိကြသည်ဟု ယူကြ၏။ ထိုပကတိ၌ မြုပ်ကွယ်နေကြသော မဟာစသည်တို့ကဲ့သို့ ဒုက္ခသည်ကား သမုဒယ၌ မြုပ်ကွယ်လျက် ရှိခဲ့သည် မဟုတ်ဟု ဆိုလို၏။

၁–ပကတိဝါဒီတို့က ပကတိမှာ ပုရိသနှင့် တွဲစပ်မိသောအခါ ဖောက်ပြန် ဖြစ်ပွါးမည့် မဟာ အဟံကာရ တမ္မတ္တာငါးပါး,ဣန္ဒြေ ၁၁-ပါး, ဘုတ်ငါးပါးတို့နှင့် တကွ တည်ရှိ၍ ၎င်းမဟာစသည်ဖြစ်ပွါးမည့် ကိုယ်ဝန်မျိုးကို ဆောင်နေသကဲ့သို့ရှိသည်ဟု ဆိုကြ၏။ ထိုကဲ့သို့ သမုဒယ၌ ဖြစ်ပွါးမည့် ဒုက္ခကိုယ်ဝန်မျိုး ရှိသည်မဟုတ်၊ မဂ္ဂ၌လည်း နိရောဓ ကိုယ်ဝန်မျိုးရှိသည်မဟုတ်ဟု ဆိုလို၏။

၂–ဟေတုဖလံ–၏ အနက်ဖြစ်၍ အကြောင်း၏အကျိုး–ဟု ပြန်သည်၊'အကျိုးသည်' ဟူသော ဤမျှသာ လိုရင်းဖြစ်သည်။

http://www.dhammadownload.com



"သုံးပါးအပေါင်းက နိရောဓမှဆိတ်သည်၊ နိဗ္ဗာန်ကလည်း ထို သုံးပါးမှဆိတ်သည်။ အကြောင်းသစ္စာက အကျိုးမှ ဆိတ်သည်၊ အကျိုးကလည်း ထိုအကြောင်းမှ ဆိတ်သည်"ဟူ၍ ပင်တည်း။

ဤသို့လျှင် သုညအားဖြင့် အဆုံးအဖြတ်ကို သိအပ်၏။

၅၆၀။ **ကေဝိဓစသောအပြားတို့ဖြင့်** ဟူရာ၌ အကျယ်ကား ဤသစ္စာ လေးပါးတို့တွင် ဒုက္ခသစ္စာသည် မပြတ်ဖြစ်ခြင်းသဘောအားဖြင့်[၁] အလုံးစုံ ပင် တပါးတည်းသာဖြစ်သည်။ နာမ်နှင့်ရုပ်အားဖြင့် ၂-ပါးအပြားရှိ၏၊ ကာမ ရူပ အရူပ-ဟူသော ဥပပတ္တိဘဝအပြားအားဖြင့် သုံးပါးအပြားရှိ၏၊ အာဟာရလေးပါးအပြားအားဖြင့် ၄-ပါးအပြားရှိ၏၊ ဥပါဒါနက္ခန္ဓာငါးပါး အပြားအားဖြင့် ၅-ပါးအပြားရှိ၏။

သမုဒယသစ္စာသည်လည်း ဖြစ်စေတတ်သော သဘောအားဖြင့်[၂] တပါး တည်းသာ ဖြစ်သည်။ ဒိဋ္ဌိနှင့်ယှဉ် မယှဉ်အားဖြင့် ၂-ပါးအပြားရှိ၏၊ ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာအပြားအားဖြင့် သုံးပါးအပြားရှိ၏၊ မဂ်လေးပါးတို့ဖြင့် ပယ်အပ်သောအားဖြင့် ၄-ပါးအပြားရှိ၏၊ အဆင်းကို နှစ်သက်ခြင်းစသည် အပြားအားဖြင့် ငါးပါးအပြားရှိ၏၊ ၆-ပါးသော တဏှာကာယအပြားအားဖြင့် ၆-ပါးအပြားရှိ၏။

[၁၄၅] နိရောဓသစ္စာသည်လည်း အသင်္ခတဓာတ်အဖြစ်အားဖြင့် တပါး တည်းသာ ဖြစ်သည်။ ပရိယာယ်အားဖြင့်မူ သဉပါဒိသေသ, အနုပါဒိသေသ

မှတ်ချက်

၁–ပဝတ္တိဘာဝတော-၏နိဿယ အနက်ဖြစ်သည်။ မပြတ်ဖြစ်နေသောအကျိုး ရုပ်နာမ်အစဉ်ကို ပဝတ္တိဟု ဆိုသည်။ ထို့ကြောင့် မပြတ်ဖြစ်နေသည့် ရုပ် နာမ်အစဉ်၏ အဖြစ်အားဖြင့်-ဟု ပြန်လျှင် သာ၍ ပေါ်လွင်ရာ၏။

၂–ပဝတ္တကဘာဝတော၏ နိဿယအနက် ဖြစ်သည်။ မပြတ်ဖြစ်စေတတ်သည် ၏ အဖြစ်အားဖြင့်ဟု ပြန်လျှင် သာ၍ ပေါ်လွင်ရာ၏။

http://www.dhammadownload.com



အပြားအားဖြင့် ၂-ပါးအပြားရှိ၏၊ ဘာဝသုံးပါး၏ ငြိမ်းခြင်းအားဖြင့် သုံးပါးအပြားရှိ၏၊ မဂ်လေးပါးဖြင့် ရအပ်-သိအပ်သောအားဖြင့် ၄ ပါး အပြားရှိ၏၊ အဆင်းကိုနှစ်သက်ခြင်းစသော နှစ်သက်ခြင်းငါးပါးတို့၏ ငြိမ်း ခြင်းအားဖြင့် ငါးပါးအပြားရှိ၏၊ ၆-ပါးသောတဏှာကာယတို့၏ ကုန်ခြင်း အပြားအားဖြင့် ၆-ပါးအပြားရှိ၏။

မဂ္ဂသစ္စာသည်လည်း ပွါးစေအပ်သည့် ဘာဝေတဗ္ဗ အလိုအားဖြင့် တပါးတည်းသာ ဖြစ်သည်။ သမထနှင့် ဝိပဿနာ အပြားအားဖြင့်ရင်း[၁], ဒဿနမဂ် ဘာဝနာမဂ် အပြားအားဖြင့်ရင်း ၂-ပါးအပြားရှိ၏၊ သီလက္ခန္ဓာ အစရှိသော ခန္ဓာသုံးပါး အပြားအားဖြင့် သုံးပါးအပြားရှိ၏၊ မှန်၏-ဤ မဂ်သည် လောကုတ္တရာ မျှဖြစ်၍ အကြွင်းရှိသောကြောင့် ယင်းကို(လောကီ လောကုတ္တရာ အကုန်ပါဝင်၍)အကြွင်းမရှိကုန်သော သီလအစရှိကုန်သော သုံးပါးသော ခန္ဓာတို့ဖြင့် သိမ်းယူ ရေတွက်အပ်၏ မြို့ကို တိုင်းပြည်ဖြင့် သိမ်းယူ ရေတွက်အပ်သကဲ့သို့ပင်။ ဤအဆိုနှင့်အညီ ဟောထားသည်မှာ—

"ဒကာ ဝိသာခ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ဖြင့် သုံးပါး သော ခန္ဓာတို့ကို ရေတွက်အပ်သည်မဟုတ်၊ ဒကာ ဝိသာခ စင်စစ် မှာမူ သုံးပါးသော ခန္ဓာတို့ဖြင့် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို

---

မှတ်ချက်

၁–သမထနှင့် ဝိပဿနာ အပြားအားဖြင့် ဟူရာ၌ သမ္မာဒိဋ္ဌိနှင့် သမ္မာသင်္ကပ္ပ တို့သည် ဝိပဿနာပေတည်း၊ ကျန် ငါးပါးတို့သည် သမထ ပေတည်းဟု ဆရာတို့ ဆိုကြ၏။ မှန်၏၊ သီလသည်လည်း သမထအား ကျေးဇူးပြုသော ကြောင့် ၎င်းကိုလည်း သမထဖြင့် သိမ်းယူသည်၊ ဤကား ထိုဆရာတို့၏ အလို ပေတည်း။ တနည်းအားဖြင့်မူ သမထယာဉ်ဖြင့် ရသောမဂ်ကို သမထဟု, ဝိပဿနာယာဉ်သက်သက်ဖြင့် ရသော မဂ်ကို ဝိပဿနာ ဟု လာခဲ့ရာ အကြောင်း အလိုအားဖြင့် ထိုအပြားကို ဆိုသည်ဟု မှတ်အပ်၏။ (ဋီကာ)

http://www.dhammadownload.com



ရေတွက်အပ်ပေသည်။ ဒကာ ဝိသာခ အကြင်သမ္မာဝါစာသည်၎င်း, အကြင်သမ္မာကမ္မန္တသည်၎င်း, အကြင်သမ္မာအာဇီဝသည်၎င်း ရှိ၏၊ ဤတရားတို့ကို သီလက္ခန္ဓာဖြင့် ရေတွက်အပ်ကုန်၏။ အကြင်သမ္မာဝါယာမသည်၎င်း, အကြင် သမ္မာသတိသည်၎င်း, အကြင် သမ္မာသမာဓိသည်၎င်း ရှိ၏၊ ဤတရားတို့ကို သမာဓိက္ခန္ဓာဖြင့် ရေတွက်အပ်ကုန်၏။ အကြင် သမ္မာဒိဋ္ဌိသည်၎င်း, အကြင် သမ္မာသင်္ကပ္ပသည်၎င်း ရှိ၏၊ ဤတရားတို့ကို ပညာက္ခန္ဓာဖြင့် ရေတွက်အပ်ကုန်၏” ဟူ၍ပင်တည်း။

ချဲ့၍ပြရလျှင်-ဤ မဂ္ဂင်ရှစ်ပါးတို့တွင် သုံးပါးသော သမ္မာဝါစာ ကမ္မန္တ အာဇီဝတို့သည် သီလချည်းပင် ဖြစ်သည်၊ ထို့ကြောင့် ယင်းတို့ကို တူသော သီလဇာတ်အရ သီလက္ခန္ဓာဖြင့် ရေတွက်အပ်ကုန်၏။ (ပါဠိ၌ သီလက္ခန္ဓေ-သီလက္ခန္ဓာ၌-ဟု ရှိသော်လည်း အဋ္ဌကထာ အဖွင့်နှင့်အညီ သီလက္ခန္ဓာဖြင့်ဟု ကရိုဏ်းအနက်ပြန်ခဲ့ပြီ။) သမ္မာဝါယာမအစရှိသော မဂ္ဂင်သုံးပါးတို့တွင် သမာဓိသည် မိမိအလိုအားဖြင့် အာရုံ၌ တခုတည်း အာရုံပြုသည်၏အဖြစ်ဖြင့် သက်ဝင်ခြင်းငှါ မစွမ်းနိုင်၊ ဝီရိယက ပင့်မြှောက်အားပေးခြင်းကိစ္စကို ပြီးစေ၍ သတိက မပေါ်ထွက်ခြင်း-မမေ့ခြင်းကိစ္စကို ပြီးစေမှသာလျှင် ကျေးဇူးပြုမှု-ထောက်ပံ့မှုကို ရ၍ စွမ်းနိုင်ပေသည်။

ထိုသို့ဖြစ်ရာ၌ ဥပမာကား-နက္ခတ်ပွဲကို ပျော်ရွှင်ကုန်အံ့ဟု ဥယျာဉ်သို့ ဝင်ကုန်သော သူငယ်ချင်း သုံးယောက်တို့တွင် တယောက်သော သူသည် ကောင်းစွာပွင့်နေသော စကားပင်ကို မြင်၍ လက်ကိုမြှောက်လျက် ခူးရန်လည်း မမှီပဲရှိရာ၏၊ ထိုအခါ ထိုသူအား ဒုတိယလူက ကျောကို ကုန်း၍ပေးရာ၏၊ ပဌမလူသည် ဒုတိယလူ၏ ကျောကုန်း၌ ရပ်တည်၍လည်း တုန်နေ၍ မခူးနိုင်ပဲရှိရာ၏၊ ထိုအခါ ထိုသူအား တတိယလူက ပခုံးစွန်းကို ကပ်ညွတ်ပေးရာ၏၊ ထိုသူသည် တယောက်၏ ကျောကုန်း၌ တည်၍

တယောက်၏ ပခုံးစွန်းကို ထောက်လျက် အလိုရှိတိုင်း ပန်းတို့ကို ခူး၍ ပန်ဆင်ကာ နက္ခတ်ပွဲကို ပျော်နွှဲရာသကဲ့သို့ ဤသမာဓိ၏ ဖြစ်ပုံကို ဤအတူပင် ဖြစ်သည်ဟု မှတ်အပ်၏။

[၁၄၆] ဥပမာ ဥပမေယျ နှီးနှော၍ပြအံ့-ဥယျာဉ်သို့ တပေါင်းတည်း ဝင်လာကုန်သော သူငယ်ချင်း သုံးယောက်တို့ကဲ့သို့ တပေါင်းတည်းဖြစ်ကုန်သော သမ္မာဝါယာမစသော တရားသုံးပါးတို့ကို မှတ်အပ်ကုန်၏၊ ကောင်းစွာပွင့်နေသော စကားပင်ကဲ့သို့ အာရုံကို မှတ်အပ်၏၊ လက်ကို မြှောက်၍သော်လည်း ခူးရန် မစွမ်းနိုင်သောသူကဲ့သို့ မိမိအလိုလို အာရုံ၌ တခုတည်း အာရုံပြုသည်၏ အဖြစ်ဖြင့် သက်ဝင်ရန် မစွမ်းနိုင်သော သမာဓိကို မှတ်အပ်၏၊ ကျော ကုန်းပေးသော သူငယ်ချင်းကဲ့သို့ သမ္မာဝါယာမကို မှတ်အပ်၏၊ ပခုံးစွန်းညွတ်ပေးလျက် တည်သော သူငယ်ချင်းကဲ့သို့ သမ္မာသတိကို မှတ်အပ်၏၊ ထိုသုံးယောက်တို့တွင် တယောက်၏ ကျောကုန်း၌ တည်လျက် တယောက်၏ ပခုံးစွန်းကို ထောက်၍ ပဌမ သူငယ်ချင်းသည် အလိုရှိတိုင်း ပန်းကို ခူးနိုင်သကဲ့သို့ ဤအတူပင် ဝီရိယက ပင့်မြှောက်အားပေးခြင်း ကိစ္စကို ပြီးစေ၍ သတိက မပေါ်ထွက်ခြင်း မမေ့ခြင်းကိစ္စကို ပြီးစေသဖြင့် သမာဓိသည် ကျေးဇူးပြုမှု-ထောက်ပံ့မှုကို ရသည်ဖြစ်၍ အာရုံ၌ တခုတည်း အာရုံပြုသည်၏ အဖြစ်ဖြင့် သက်ဝင်ခြင်းငှါ စွမ်းနိုင်ပေသည်။ ထို့ကြောင့် ဤ သုံးပါးတို့တွင် သမာဓိကိုသာလျှင် တူသော သမာဓိဇာတ်အရ သမာဓိက္ခန္ဓာဖြင့် ရေတွက်အပ်သည်၊ သမ္မာဝါယာမ သမ္မာသတိ တို့သည်ကား(သမာဓိအား ကျေးဇူးပြုသော လျော်သော) ကိစ္စအရ(သမာဓိက္ခန္ဓာဖြင့်)ရေတွက်အပ်သည် ဖြစ်ကုန်၏။

သမ္မာဒိဋ္ဌိနှင့် သမ္မာသင်္ကပ္ပတို့တွင်လည်း ပညာသည် မိမိအလိုလို အနိစ္စ ဒုက္ခ အနတ္တဟု အာရုံကို ဆုံးဖြတ်ခြင်းငှါ မစွမ်းနိုင်၊ ဝိတက်က ထုနှက်သလို ကြံကြံပေးမှသာလျှင် စွမ်းနိုင်၏။ အဘယ်သို့နည်း? (ရွှေငွေရာပြတ်)

http://www.dhammadownload.com



ပွဲမင်းသည် အသပြာငွေကို လက်၌ တင်ထား၍ အလုံးစုံသောအဖို့တို့၌ ကြည့်ရှုလိုသော်လည်း မျက်လုံးမျက်လွှာပြင်ဖြင့်ပင်လျှင် လှည့်ကြည့်ခြင်းငှါ မစွမ်းနိုင်၊ လက်ဆစ်လက်ချောင်းတို့ဖြင့် လှည့်လှည့်ပေး၍ ထိုမှ ဤမှ ကြည့်ရှုခြင်းငှါ စွမ်းနိုင်သကဲ့သို့ ဤအတူပင်လျှင် ပညာသည် မိမိအလိုလို အနိစ္စစသည်၏အစွမ်းဖြင့် အာရုံကိုဆုံးဖြတ်ခြင်းငှါ မစွမ်းနိုင်၊ အာရုံသို့ ရှေးရှုတင်ပေးခြင်းလက္ခဏာရှိသော ရှေးဦးစွာ (ထုန့်ကပ်) ခေါက်ခြင်း လှည့်ပတ်၍ခေါက်ခြင်းကိစ္စ(ရသ)ရှိသော ဝိတက်က စ၍ခေါက်သကဲ့[၁] သို့ရင်း လှည့်၍ပေးသကဲ့သို့ရင်း ကြံသောအားဖြင့် ယူ၍ယူ၍ ပေးအပ်သော အာရုံကိုသာလျှင် ဆုံးဖြတ်ခြင်းငှါ စွမ်းနိုင်ပေ၏၊ ထို့ကြောင့် ဤပညာက္ခန္ဓာ အရာ၌လည်း သမ္မာဒိဋ္ဌိကိုသာလျှင် တူသောပညာဇာတ်အရ[၂] ပညာက္ခန္ဓာ ဖြင့် ရေတွက်အပ်၏၊ သမ္မာသင်္ကပ္ပကိုမူ (ပညာ၏ကိစ္စနှင့်တူသော)ကိစ္စအရ[၂] ပညာက္ခန္ဓာဖြင့်)ရေတွက်အပ်ပေသည်။

---

မှတ်ချက်

၁-စ၍ ခေါက်သကဲ့သို့ဟူသည်ကား "မမြဲ မမြဲ"ဤသို့ စသည်ဖြင့် ပညာ၏ ကိစ္စနှင့်တူသောကိစ္စဖြင့် ထက်ဝန်းကျင်မှ ခေါက်သကဲ့သို့ရင်း(အာ-ကို ဤ၌) ထက်ဝန်းကျင်အနက်ဖွင့်သည်၊ သို့သော် စာပိုဒ်နံပါတ် ၇၁-ဝိတက်၏အဖွင့် ၌ကား အာဒိတော-ဟု -ဖွင့်ခဲ့၏၊ ထိုအဖွင့်အရ အထက်၌ ပြန်ထားသည်) "အနိစ္စံ ခယဋ္ဌေန-ကုန်ခြင်းသဘောကြောင့် မမြဲ, ဒုက္ခံ ဘယဋ္ဌေန-ကြောက် ဖွယ်သဘောကြောင့် ဆင်းရဲ" ဤသို့စသည်ဖြင့် လှည့်၍ ပေးသကဲ့သို့ရင်း, (အာဒါယ ဉီဟိတွာ) ယူ၍ ကြံ၍ (ဝိသုဒ္ဓိမဂ်၌ အာဒါယာဒါယ-ဟု ရှိ၍ အထက်ပါအတိုင်း ပြန်သည်) ပေးအပ်သည်ကို သာလျှင် ပညာသည် ထိုးထွင်း၍သိ၏။ သမ္မာဒိဋ္ဌိနှင့်သမ္မာသင်္ကပ္ပတို့သည် ပြိုင်တူပင် ဖြစ်ကြသော် လည်း ကျေးဇူးပြုသော ပစ္စည်းအဖြစ်ဖြင့် သမ္မာသင်္ကပ္ပ-က ရှေးကျသကဲ့သို့ ပြထားသည်။ (ဋီကာ)

၂-သဇာတိတော ဟူသည်ကား "ဒုက္ခေ ဉာဏံ"စသည်တို့၌ တူသော ပညာ ဇာတ်အားဖြင့်။ ကိရိယတော-ဟူရာ၌ ပညာ (ကိစ္စ) နှင့် တူသော ကိစ္စကို

http://www.dhammadownload.com



ဤဆိုခဲ့သည့်အတိုင်း မဂ်သည် ဤသုံးပါးသော ခန္ဓာတို့ဖြင့် ရေတွက်ခြင်းသို့ရောက်၏။ ထို့ကြောင့် "ခန္ဓာသုံးပါး အပြားအားဖြင့် သုံးပါးအပြားရှိ၏"ဟု ငါဆိုခဲ့ပေသည်။ သောတာပတ္တိမဂ် စသည်တို့၏ အစွမ်းအားဖြင့်သာလျှင် လေးပါးအပြားရှိ၏။

တနည်းသော်ကား—သစ္စာအားလုံးတို့သည်ပင် မချွတ်မယွင်း မှန်သည်၏အဖြစ်ကြောင့်သော်၎င်း, ထူးသောဉာဏ်ဖြင့် သိအပ်သော အဘိညေယျတရား၏ အဖြစ်ကြောင့်သော်၎င်း တပါးတည်းသာ ဖြစ်ကုန်၏၊ လောကီလောကုတ္တရာသစ္စာအားဖြင့်၎င်း သင်္ခတ အသင်္ခတအားဖြင့်၎င်း ၂-ပါးအပြား ရှိကုန်၏၊ ဒဿနဖြင့် ပယ်အပ်သောတရား ဘာဝနာဖြင့် ပယ်အပ်သောတရား ယင်းနှစ်မျိုးလုံးဖြင့် မပယ်အပ်သော တရားအားဖြင့် သုံးပါးအပြားရှိကုန်၏၊ ပရိညေယျ အစရှိသော အပြားအားဖြင့် လေးပါးအပြားရှိကုန်၏။ ဤသို့လျှင် ဤသစ္စာတို့၌ ဧကဝိဓ စသော အပြားတို့ဖြင့် အဆုံးအဖြတ်ကို သိအပ်၏။

[၁၄၇] ၅၆၉။ **တူသောအဖို့ ရှိခြင်း ကွဲပြားသောအဖို့ ရှိခြင်း အားဖြင့်** ဟူရာ၌ အကျယ်ကား သစ္စာအားလုံးတို့သည်ပင် မချွတ်မယွင်း မှန်သောအားဖြင့်၎င်း အတ္တမှ ဆိတ်သောအားဖြင့်၎င်း, ထိုးထွင်းသိရန် ပြုနိုင်ခဲသောအားဖြင့်၎င်း တူသောအဖို့ရှိကုန်၏။ ဤအဆိုနှင့်အညီဟောတော်မူသည်မှာ-

"အာနန္ဒာ ယခုမေးမည့် ထိုအရာကို အဘယ်သို့ထင်သနည်း? အကြင်လူတယောက်သည် အဝေးမှတည်၍သာလျှင် အလွန်ကျဉ်းသော သံကောက်ပေါက် (သော့ပေါက်) ဖြင့် မြှားကို မချွတ်မလွဲ

---

မှတ်ချက်

ကိရိယာဟု ဆိုသည်။ ရှေးသမာဓိ အရာ၌မူကား သမာဓိအား ကျေးဇူးပြုသော ၎င်းအားလျော်သော ကိစ္စကို (ကိရိယာဟု ဆိုခဲ့သည်)။ ဤသည်ကား ဤကိရိယာ ၂-ပါးတို့၌ အထူးပေတည်း။ (ဋီကာ)

http://www.dhammadownload.com



စေပဲ အဆင့်ဆင့်ပစ်သွင်းနိုင်ရာ၏၊အကြင်လူတယောက်သည်လည်း အစိတ်တရာ ဝါ- အစိတ်များစွာ[၁] ကွဲပြားသော သားမြီးမျှင်၏ အစွန်းတခုဖြင့် အစွန်းတခုကို ထိမှန်စေရာ၏[၂]။ ဤအလုပ် နှစ်ခုတို့တွင် အဘယ်အလုပ်သည် သာ၍ပြုနိုင်ခဲသနည်း သာ၍ ဖြစ်စေနိုင်ခဲသနည်းဟု မေးတော်မူ၏။ အရှင်ဘုရား အကြင်သူသည် အစိတ်တရာ အစိတ်များစွာ ကွဲပြားသော သားမြီးမျှင်၏ အစွန်းတခုဖြင့် အစွန်းတခုကို ထိမှန်စေရာ၏၊ ထိုသူ၏အလုပ်သည် သာ၍လည်း ပြုလုပ်နိုင်ခဲပါသည် သာ၍လည်း ဖြစ်စေနိုင်ခဲပါသည် ဘုရားဟု လျှောက်၏။ အာနန္ဒာ အကြင်သူတို့သည် ဤသည်ကား ဒုက္ခဟု ဟုတ်တိုင်းမှန်စွာ ထိုးထွင်း၍ သိကုန်၏ ။ပ။ ဤသည်ကား ဒုက္ခနိရောဓဂါမိနီပဋိပဒါဟု ဟုတ်တိုင်းမှန်စွာ ထိုးထွင်း၍ သိကုန်၏၊ ထိုသို့သိသောပုဂ္ဂိုလ်တို့သည် ထိုသားမြီးမျှင်ထိပ်ချင်းထိမှန်အောင် ပြုလုပ်နိုင်သည်ထက် သာ၍ ထိုးထွင်းသိနိုင်ခဲသည်ကို ထိုးထွင်း၍ သိကြပေကုန်၏" ဟူ၍ပင်တည်း။

---

မှတ်ချက်

၁—သတခေတ်-၏ အနက် ဖြစ်သည်။ သတပဒီ-ကင်းခြေများ၊ သတတေဇော ရောင်ခြည်တန်ခိုး အရာမက များစွာ ရှိသော နေ၊ သဟဿရံသီ-ရောင်ခြည်အထောင်မက များစွာရှိသော နေ၊ ဤသို့ စသည်တို့၌ကဲ့သို့ သတ-သဒ္ဒါကို အနေကသင်္ချာဟော အများဟောဟု ယူရာ၏။

၂—ကောဋိယာဟူသည်ကား မြှား၏အစွန်း သားမြီးဖျားဖြင့်။ ကောဋိံ ဟူသည်ကား သားမြီး၏ပင်လျှင် အစွန်းကို။ (ဋီကာ) ဤအလို မြှား၏ အဖျား၌ သားမြီးအစိတ်ကိုတပ်၍ ထိုဖြင့် သားမြီး အစိတ်တခု၏ ထိပ်ဖျားကို မှန်အောင် ပစ်သည်ကို ယူရာ၏။ များစွာသော သားမြီးမျှင်စည်းကို ခါးလယ်၌ ဖြတ်ပြီးလျှင် ထိုဖြတ်ရာ သားမြီးမျှင်တို့၏ ထိပ်ချင်းတည့်အောင် ပြုလုပ်ရန် ခဲယဉ်းသည်ကိုလည်း ယူသင့်သကဲ့သို့ ရှိ၏။

http://www.dhammadownload.com



(ဗာခနေအစရှိသော)မိမိ၏လက္ခဏာဖြင့် ပိုင်းခြားခြင်းအားဖြင့် ကွဲပြားသောအဖို့ရှိကုန်၏။ ရှေးသစ္စာ ၂-ပါးတို့သည် သက်ဝင်နိုင်ခဲသော အနက်သဘောအားဖြင့် နက်နဲသောကြောင့်ငှင်း[၁], လောကီဖြစ်သောကြောင့်ငှင်း, သာသဝဖြစ်သောကြောင့်ငှင်း တူသောအဖို့ရှိကုန်၏၊ အကျိုးနှင့်အကြောင်း အကွဲအပြားအားဖြင့်ငှင်း ပရိညေယျနှင့် ပဟာတဗ္ဗအားဖြင့်ငှင်း ကွဲပြားသောအဖို့ရှိကုန်၏။ နောက်သစ္စာ ၂-ပါးတို့သည်လည်း နက်နဲသောအနက်သဘောအားဖြင့် သက်ဝင်နိုင်ခဲသောကြောင့်ငှင်း[၂], လောကုတ္တရာဖြစ်သောကြောင့်ငှင်း အနာသဝဖြစ်သောကြောင့်ငှင်း တူသောအဖို့ရှိကုန်၏၊ အာရုံနှင့်အာရုံပြုသည့်တရား အကွဲအပြားအားဖြင့်ငှင်း, သစ္ဆိကာတဗ္ဗနှင့် ဘာဝေတဗ္ဗအားဖြင့်ငှင်း ကွဲပြားသောအဖို့ရှိကုန်၏။ ပဌမနှင့်တတိယသစ္စာတို့သည်လည်း အကျိုးဟု ညွှန်ပြအပ်သောအားဖြင့်[၃] တူသောအဖို့ရှိကုန်၏၊ သင်္ခတ အသင်္ခတအားဖြင့် ကွဲပြားသောအဖို့ရှိကုန်၏။ ဒုတိယနှင့် စတုတ္ထသစ္စာတို့သည်လည်း အကြောင်းဟု ညွှန်ပြအပ်သောအားဖြင့် တူသောအဖို့ရှိကုန်၏၊ စင်စစ် ကုသိုလ် အကုသိုလ်အားဖြင့် ကွဲပြားသောအဖို့ရှိကုန်၏။ ပဌမနှင့် စတုတ္ထသစ္စာတို့သည်လည်း သင်္ခတအဖြစ်အားဖြင့် တူသောအဖို့ရှိကုန်၏၊

---

မှတ်ချက်

၁–ဒုက္ခနှင့်သမုဒယတို့သည် သတ္တဝါတို့၏ သန္တာန်၌ ထင်ရှား ဖြစ်နေကြသောကြောင့် သာမန် အနေအားဖြင့် ထင်ရှားကုန်၏၊ သို့သော် ဆင်းရဲဟူ၍ငှင်း ဆင်းရဲ ဖြစ်ပွါးကြောင်းဟူ၍ငှင်း ဟုတ်တိုင်းမှန်စွာ သိရန်ကား ခဲယဉ်း၏၊ ထို့ကြောင့် နက်နဲသည်ဟု ဆိုသည်။

၂—နိရောဓနှင့် မဂ္ဂသစ္စာတို့သည်ကား သူတို့၏ သဘာဝအတိုင်းပင် နက်နဲကုန်၏။ ထို့ကြောင့် ယင်းတို့ကို သက်ဝင်နိုင်ခဲ သိနိုင်ခဲသည်ဟု ဆိုသည်။

၃–နိဗ္ဗာန်ကိုလည်း မဂ်ဖြင့် ရအပ်သောကြောင့် ယင်းမဂ်၏ အကျိုးဟု ညွှန်ပြအပ်၏၊ ထို့ကြောင့် "အကျိုးဟု ညွှန်ပြအပ်သော အားဖြင့်"ဟု ဆိုသည်။ "ဒုက္ခနိရောဓေ ဉာဏံ အတ္ထပဋိသမ္ဘိဒါ"ဟူသည်နှင့် အညီပင်။ (ဋီကာ)

http://www.dhammadownload.com



လောကီ လောကုတ္တရာအားဖြင့် ကွဲပြားသောအဖို့ရှိကုန်၏။ ဒုတိယနှင့် တတိယသစ္စာတို့သည်လည်း နေဝသေက္ခ နာသေက္ခ-သေက္ခ ပုဂ္ဂိုလ်တို့၏ ဉစ္စာလည်းမဟုတ် အသေက္ခ-ရဟန္တာတို့၏ ဉစ္စာလည်း မဟုတ်သည်၏အဖြစ် အားဖြင့် တူသောအဖို့ရှိကုန်၏၊ အာရုံပြုတတ်သည့်တရား အာရုံမပြုတတ် သည့်တရားအားဖြင့် ကွဲပြားသောအဖို့ရှိကုန်၏။

ဤဆိုခဲ့သောအစဉ်ဖြင့် ဤသို့သော အပြားရှိသောနည်းတို့ဖြင့် လည်း အရိယသစ္စာတို့၏ တူသောအဖို့ရှိသည် ကွဲပြားသောအဖို့ ရှိသည်၏အဖြစ်ကို ပညာရှိသည် သိရာ၏။ ဤတွင် သစ္စာတို့ကို အကျယ်ပြဆိုချက် ပြီး၏။

ဤသည်ကား သူတော်ကောင်းအပေါင်းတို့၏ ဝမ်းမြောက်ခြင်းငှါ ပြုစီရင် (အပ်) သော ဝိသုဒ္ဓိမဂ်ကျမ်းဝယ် ပညာဘာဝနာအရာ၌

ဣန္ဒြေသစ္စာတို့ကို အကျယ်ပြချက် (ဣန္ဒြိယသစ္စနိဒ္ဒေသ)မည်သော တဆယ့်ခြောက်ခုမြောက် အပိုင်းအခဏ်းပေတည်း။

(ဣန္ဒြေသစ္စာတို့ကို အကျယ်ပြချက် ပြီး၏)

http://www.dhammadownload.com

# နိဂုံး

ဝိသုဒ္ဓိမဂ်ကျမ်း၌ နိဒ္ဒေသခေါ် အပိုင်းအခဏ်း ၂၃-ခုရှိရာတွင် အခဏ်း ၁၇-မှ နိဂုံးအထိ အဆုံးပိုင်း၏ မြန်မာပြန်ကို စတုတ္ထတွဲအဖြစ်ဖြင့် ၁၃၃၃-ခုနှစ်က ပုံနှိပ်ထုတ်ဝေခဲ့သည်။ (ယင်းအတွဲကို စ၍ ပုံနှိပ်ထုတ်ဝေရခြင်း အကြောင်းမှာ ထိုအတွဲစာအုပ်၏ အစ-အမှာစကား၌ ဖော်ပြထားပြီးရှိ၏။) အခဏ်း ၁-မှ ၆ အထိ မြန်မာပြန်ကို ပဌမတွဲအဖြစ်ဖြင့် ၁၃၃၄-ခုနှစ်က ပုံနှိပ်ထုတ်ဝေခဲ့သည်။ အခဏ်း ၇-မှ ၁၁-အထိ မြန်မာပြန်ကို ဒုတိယတွဲအဖြစ်ဖြင့် ၁၃၃၆-ခုနှစ် ယခုအခါ ပုံနှိပ်ပြီး၍ ထုတ်ဝေလျက်ရှိ၏။ ကျန်ရှိနေသေးသော အခဏ်း ၁၂-မှ ၁၆-အထိ မြန်မာပြန် တတိယတွဲမှာ ၁၃၃၆-ခုနှစ် ပဌမ ဝါဆိုလကွယ်နေ့တွင် တိုက်ပရိုက်စာမူအချောအဖြစ် ပြီးစီးပြည့်စုံလျက်ရှိ၏၊ မကြာမီပင် ပုံနှိပ်စာအုပ်အဖြစ်ဖြင့် ထွက်ပေါ်လာပေလိမ့်မည်။ ဤသို့ ဝိသုဒ္ဓိမဂ်- မြန်မာပြန်ကျမ်းသစ် အစအဆုံး အလုံးစုံပင် ပြီးစီး ပြည့်စုံပြီ ဖြစ်သောကြောင့် ဤအရာ၌ အောက်ပါနိဂုံးစကားကို ရေးသား ပြဆိုအပ်ပေသည်။

**မဟာစည်**ခေါ်၊ ဆရာတော်၊ ထွန်းပေါ်ထင်ရှားသည်။
သတိပဋ္ဌာန်၊ ကျင့်လမ်းမှန်၊ ထုတ်ပြန်ဟောကြားသည်။
ကျမ်းပေါင်းများစွာ၊ စီရင်ကာ၊ သာသနာပြုနေသည်။
ဆဋ္ဌသံဂါ၊ တင်စဉ်မှာ၊ ဩသာဝန်ဆောင်သည်[၁]။

မှတ်ချက်

၁ – ဆဋ္ဌသံဂါယနာတင်စဉ်က ဩသာနသောဓေယျပတ္တခေါ် နောက်ဆုံးပရုကို ကြည့်ရှုပြင်ဆင်ရသည့် တာဝန်ကို ဆောင်ခဲ့သည်ဟု ဆိုလို၏။

http://www.dhammadownload.com



ပါဠိ မေးကာ၊ ဋ္ဌကထာ၊ ဋီကာ စိစစ်သည် [၁]။
အရှင် **သောဘန၊ ပဏ္ဍိတ၊ အဂ္ဂမဟာထေရ်**။
**ဝိသုဒ်** မြန်မာ၊ ကျမ်းရွှေစာ၊ ချောစွာရေးခဲ့သည်။
တထောင့်သုံးရာ၊ သုံးခြောက်မှာ၊ ပ-ဝါ ကွယ်တိထိ [၂]။
ဘေးရန်ကင်းကွာ၊ ဤကျမ်းစာ၊ ကောင်းစွာပြီးမြောက်သည်။
ထိုနည်းတူစွာ၊ များသတ္တာ၊ ဘေးကွာ ရန်ကင်းကြပါစေ။
အပြစ်ကင်းပ၊ ကြံသမျှ၊ ပြည့်ဝ အောင်မြင်ကြပါစေ။
မေတ္တာ ကရုဏာ၊ မုဒိတာ၊ ပွါးကာ ချမ်းသာကြပါစေ။
ထူးသူတွေမှာ၊ ဤကျမ်းစာ၊ ဖတ်ကာ နားလည်ကြပါစေ။
နားလည်ပြီးပြန်၊ ကျင့်လမ်းမှန်၊ ကျင့်ကြံပေါက်ရောက်ကြပါစေ။
မဂ်ဖိုလ်နိဗ္ဗာန်၊ ချမ်းသာမှန်၊ အမြန်သိမြင်ကြပါစေ။
သို့ဖြင့် မြတ်စွာ၊ သာသနာ၊ ရောင်ဝါ နေသို့ ထွန်းစေသောဝ်။

ဤတွင် ဝိသုဒ္ဓိမဂ်-မြန်မာပြန်ကျမ်းသစ် ပြီး၏ [၃]။

---

မှတ်ချက်

၁ – ပါဠိကို သံဂါယနာတင်စဉ်၌ အမေးပုစ္ဆကတာဝန်နှင့် အဋ္ဌကထာ ဋီကာ သံဂါယနာတို့၌ စိစစ်ရသည့် တာဝန်ကိုလည်း ဆောင်ခဲ့သည်ဟု ဆိုလို၏။

၂ – ပ-ဝါ ကွယ်တိထိ-ဟူသည်မှာ ပဌမဝါဆိုလကွယ်ရက်နေ့-ဟု ဆိုလိုသည်။

၃ – ဤနိဂုံးစကားကို ဝိသုဒ္ဓိမဂ်-မြန်မာပြန် စတုတ္ထတွဲကို တဖန်ရိုက်နှိပ်သောအခါ ယင်းအတွဲ၏ အဆုံး၌ ထည့်၍ရိုက်ရန် ဖြစ်သည်။

http://www.dhammadownload.com

## ဝိသုဒ္ဓိမဂ်-မြန်မာပြန်

## တ တိ ယ တွဲ ၌

# မှတ်သားဖွယ် အက္ခရာစဉ်အညွှန်း


| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ အ ] | |
| အကိရိယဒိဋ္ဌိ | ၄၄၉ |
| အကုသလဝိပါက်စိတ် | ၂၄၈-၂၅၃ |
| အကုသိုလ်စိတ် | ၂၄၅ |
| အကျွန်ုပ်သေသောတာပန်ပါ | ၁၅၆ |
| အခိုးလွှတ်၏ | ၈၇ |
| အဂ္ဂသာဝက | ၁၁၉ |
| အင်္ဂဏ (ကိလေသာ) | ၁၄ |
| အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော | ၁၆ |
| အင်္ဂုလိမာလ | ၉၅ |
| အစုပြုခြင်း (ပြုလုပ်ခြင်း) | ၂၇၄ |
| အစေလကကျင့်ဝတ် | ၄၀၀ |
| အစဉ်အားဖြင့် | ၁၂၉ |
| အဆင်းရုပ်ရုံ | ၂၁၆ |
| အဆိပ်လူးမြားကဲ့သို့ | ၄၀၆ |
| အဇိတကေသကမ္ဗလဝါဒ၌ | ၃၆၇ |
| အဇ္ဈတ္တိကရုပ် | ၂၃၁ |
| အတ္တကိလမထ | ၄၅၃ |
| အတ္တနိယစွဲ | ၃၂၉ |
| အထိန်းတော်လေးယောက် | ၂၁၃ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ အ ] | |
| အဒေါသ | ၂၈၅ |
| အဒ္ဓါအလို | ၃၂၁ |
| အဒ္ဓါပစ္စုပ္ပန် | ၁၇၁ |
| အဓိဋ္ဌာနိဒ္ဓိ | ၂၀ |
| အဓိမောက္ခ | ၂၉၁ |
| အဓွန့် | ၃၁၂ |
| အနဝတတ်အိုင် | ၆၂ |
| အနာဂတံသဉာဏ် | ၁၅၅ |
| အနိစ္စတာရုပ် | ၂၂၉ |
| အနိပ္ဖန္နရုပ် | ၂၃၂ |
| အနိယတသင်္ခါရ | ၂၇၈ |
| အနုတ္တရစိတ် | ၁၁၆ |
| အနုပါဒိဏ္ဏရုပ် | ၂၃၃ |
| အနုပါဒိသေသ | ၄၃၀ |
| အနုဗောဓဉာဏ် | ၄၄၇ |
| အနုသယ-ကိန်းသည် | ၄၁၉ |
| အနေကန်ကမ္မဇရုပ် ၉-ပါး | ၂၃၇ |
| အနေကန် စိတ္တဇရုပ် ၁၃-ပါး | ၂၃၈ |
| အနောဇာဒေဝီမိဖုရား | ၆၉ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ အ ]** | |
| အန္နံဂန္ဓာရုံ | ၂၁၆ |
| အပရာပရိယကံကင်းသူမရှိချေ | ၁၃၁ |
| အပရာပရိယဝေဒနီယကံဖြင့် | ၁၃၀-၁၃၁ |
| အပဏ္ဏကသုတ် | ၆၇ |
| အပါကဋ္ဌဒုက္ခ | ၃၉၆ |
| အပါယ | ၁၆၁ |
| အပိလာပန | ၂၈၃ |
| အပ္ပဋိစ္ဆန္နဒုက္ခ | ၃၉၆ |
| အပ္ပဘဝ-အမွန်အစမရှိ | ၄၂၈ |
| အပြစ်ကြီးကြောင်းပြခြင်းအကျိုးရှိသည် | ၁၅၉ |
| အဗျာကတစိတ် | ၂၄၈ |
| အဗျာပါဒခေတ် | ၃၅၄ |
| အဘာဗ္ဗပုဂ္ဂိုလ် | ၅၂ |
| အဘိဓမ္မတ္ထသရူပ ဒီပကကျမ်း | ၂၀၂ |
| အဘိဓမ္မာပါဠိတော်၌လာသော | ၂၂၉ |
| အမဟဂ္ဂုတ်စိတ် | ၁၁၆ |
| အမာဝတို့သည် | ၁၃၈ |
| အမောဟ | ၂၈၅ |
| အမျိုးကောင်းသမီးချွေးမ | ၂၈၅ |
| အမွန်အစမရှိပေ | ၄၂၈ |
| အရိယိဒ္ဓိ | ၂၇ |
| အရိယူပဝါဒကံ | ၁၅၅-၆၇ |
| အရိသသော | ၂၃၅ |
| အရူပါဝစရကိရိယာစိတ် | ၂၅၇ |



| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ အ ]** | |
| အရူပါဝစရ ကုသိုလ်စိတ် | ၂၄၄ |
| အရူပါဝစရ ဝိပါက်စိတ် | ၂၅၅ |
| အရှင်အနုရုဒ္ဓါမထေရ် | ၆၄ |
| အရှင်ခါဏုကောဏ္ဍညမထေရ် | ၂၅ |
| အရှင်စူဠပန် | ၅၀ |
| အရှင်ဗာကုလမထေရ် | ၂၂ |
| အရှင်ဘဒ္ဒိယမထေရ် | ၈၆ |
| အရှင်မဟာကမထေရ် | ၇၀ |
| အရှင်မဟာကဿပ | ၉၅-၁၆၇ |
| အရှင်မဟာမောဂ္ဂလာန် | ၂၄-၈၆ |
| အရှင်ရဋ္ဌပါလမထေရ် | ၈၆ |
| အရှင်သာရိပုတ္တရာ | ၂၄-၂၁၄ |
| အရှင်ရာဟုလာ | ၈၆ |
| အလောဘ | ၂၈၅ |
| အလွဲသိမြင်ပုံချင်းကွဲ၏ | ၂၉၉ |
| အဝိမုတ္တစိတ် | ၁၀၆ |
| အဝိဟိံသာခေတ် | ၃၅၄ |
| အသမာဟိတစိတ် | ၁၁၆ |
| အသံနိမိတ် | ၁၀၉ |
| အသံသဒ္ဒါရုံ | ၂၁၆ |
| အသင့်ယုတ္တိအပြည့်အဝရှိသည့် | ၃၆၈ |
| အသင်္ခတခေတ် | ၃၅၅ |
| အသင်္ခါရိကစိတ် | ၂၄၁ |
| အသာခေရဏတရား | ၄၂၈ |
| အဿဂုတ္တမထေရ် | ၁၆၇ |
| အဟိတ်ကိရိယာစိတ် | ၂၅၅ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ အ-အာ-အိ-အိုင် ]** | |
| အဟိတ်ကုသလဝိပါက်စိတ် | ၂၄၈ |
| အဟိတ်စိတ် | ၂၄၈ |
| အဟိရိက | ၂၉၇ |
| အာကာသဓာတ် | ၂၂၃ |
| အာဂမ | ၁၉၅ |
| အာဏာခေတ် | ၁၂၈ |
| အာဘာဓာတ် | ၃၅၃ |
| အာယတန | ၃၃၇ |
| အာရမ္မဏပဋိပါဒက | ၂၉၂ |
| အာရမ္မဏာနုသယ | ၄၁၉ |
| အာသဝမွှာန် (သင့်) | ၃၃၆ |
| အာသီဝိသောပမသုတ် | ၃၃၁ |
| အာဟာရရုပ် | ၂၂၉ |
| အာဟာရဇရုပ် ၁၂-ပါး | ၂၃၄-၂၄၈ |
| အိန္ဒြိယစာပေ | ၂၀၈ |
| အိုင်ကြီး ခုနစ်အိုင် | ၁၃၂ |
| **[ ဣ ]** | |
| ဣစ္ဆိတာလာဘ | ၄၁၃ |
| ဣတ္ထိအာကပ္ပ | ၂၁၇ |
| ဣတ္ထိကုတ္တ | ၂၁၇ |
| ဣတ္ထိန္ဒြေ | ၂၁၇ |
| ဣတ္ထိနိမိတ္တ | ၂၁၇ |
| ဣတ္ထိလိင် | ၂၁၇ |
| ဣန္ဒြိယ-အစိုးရသောရုပ် | ၂၃၂ |
| ဣလ္လိသသေဌေး | ၉၆ |



| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ဣ-ဥ ]** | |
| ဣဿရခေါ် ဘုရားသခင် | ၃၉၀ |
| ဣဿာ | ၃၀၄ |
| ဥတုဇရုပ် ၁၃-ပါး | ၂၃၈ |
| ဥတေနဘုရင် | ၂၆ |
| ဥတ္တရကုရုအရပ် | ၆၂ |
| ဥတ္တရာ ဥပါသိကာမ | ၂၆ |
| ဥပစယရုပ် | ၂၂၆ |
| ဥပစာရ ကမ္မဋ္ဌာန်းများ | ၄၄၅ |
| ဥပနိဿယ-မှီရာအကြောင်း | ၄၂၇ |
| ဥပမာအားဖြင့် အဆုံးအဖြတ် | ၃၃၀ |
| ဥဒ္ဒစ္စ | ၂၉၉ |
| ဥပါဒါရုပ် | ၂၀၁ |
| ဥပါဒါနက္ခန္ဓာ | ၃၂၇-၄၄၂ |
| ဥပါဒိဏ္ဏရုပ် | ၂၁၅-၂၃၃ |
| ဥပေက္ခာသဟဂုတ် | ၂၄၁ |
| ဥပ္ပတ္တိက္ကမ | ၃၂၄-၅ |
| ဥဘယိန္ဒြေ ၁-ပါး | ၃၆၇ |
| **[ ဧ-ဩ ]** | |
| ဧကန်ကမ္မဇရုပ် ၉-ပါး | ၂၃၇ |
| ဧကန်စိတ္တဇရုပ် ၂-ပါး | ၂၃၈ |
| ဩကာသာဓိဂမနည်း | ၄၄၅ |
| ဩတ္တပ္ပ | ၂၀၄ |
| ဩပမ္မဝဂ် | ၂၉၅ |
| ဩဋ္ဌာရိက | ၂၃၁ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ က ] | |
| ကဏှာဒသရာ၏ဝါဒ | ၂၁၀ |
| ကဗဠီကာရအာဟာရရုပ် | ၂၂၉ |
| ကမ္မဇပထဝီဓာတ် | ၂၂၂ |
| ကမ္မဇရုပ် ၁၈-ပါး | ၂၃၇ |
| ကမ္မညတာရုပ် | ၂၂၄ |
| ကမ္မဝိပါကဇိဒ္ဓိ | ၃၀ |
| ကမ္မိဋ္ဌာန ၅-ပါး | ၃၆၇ |
| ကရဏ္ဍာ | ၁၀၄ |
| ကလလရေကြည် | ၃၂၅ |
| ကသိုဏ်းအနုလုံ | ၄ |
| ကသိုဏ်းပဋိလုံ | ၅ |
| ကာကဝလိယ | ၉၆ |
| ကာမဓာတ် | ၃၅၄ |
| ကာမသုခလ္လိကာနုယောဂ | ၄၅၂-၃ |
| ကာမာဝစရကိရိယာသဟိတ် | ၂၅၇ |
| ကာမာဝစရကုသိုလ်စိတ် | ၂၄၁-၃ |
| ကာမာဝစရဝိပါက်စိတ် | ၂၄၈-၂၅၅ |
| ကာယကမ္မညတာ | ၂၈၈ |
| ကာယဒုစ္စရိုတ် | ၁၅၅ |
| ကာယပဿဒ္ဓိ | ၂၈၆ |
| ကာယပါဂုညတာ | ၂၈၉ |
| ကာယမုဒုတာ | ၂၈၇ |
| ကာယလဟုတာ | ၂၈၇ |
| ကာယဝိညတ် | ၂၂၁ |
| ကာယုဇုကတာ | ၂၈၉ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ က ] | |
| ကိစ္စကထာ | ၃၁၄ |
| ကိရိယာစိတ် | ၂၅၅-၇ |
| ကုက္ကုစ္စ | ၃၀၅ |
| ကုသလဝိပါက် | ၂၄၈ |
| ကုသိုလ်ဝေဒနာထက် | ၃၁၇ |
| ကန်တော့တောင်းပန်အပ်၏ | ၁၅၇ |
| ကိုယ်တွေ့အားဖြင့် သိရန် ခက်၏ | ၂၉၀-၂၉၂ |
| ကိုယ်တွေ့အားဖြင့်သိလိုလျှင် | ၂၉၀-၂၉၃ |
| ကိုယ်တွင်းရုပ် | ၈၄-၃၁၄ |
| ကိုယ်ပ ရုပ် | ၃၁၄ |
| ကျည်ပွေ့ကဲ့သို့ | ၃၆၁ |
| ကျန်းမာခြင်းလက္ခဏာရှိ၏ | ၂၈၉ |
| ကြာပွင့်၏အဖျားပိုင်းသဏ္ဌာန်ရှိ | ၂၁၅ |
| ကြေးမုံပြင်ကဲ့သို့ | ၃၆၁ |
| ကြံညှစ်စက် | ၃၆၁ |
| ကြံရည်ဆီတို့ကဲ့သို့ | ၃၆၁ |
| ကြည်ခြင်းလက္ခဏာ | ၂၀၂ |
| ကြိုတင်ဆုံးမအပ်၏ | ၄ |
| ကြောက်ဖွယ်ကောင်းသော ကြောင့် | ၄၀၄ |
| ကြိုးဆွဲချကုန်၏ | ၄၀၉ |
| ကွေ့ကွင်းကွဲကွာခြင်း | ၄၁၂ |

http://www.dhammadownload.com



| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ခ–ဂ ]** | |
| ခဏအလို | ၃၁၃ |
| ခဏကထာ | ၃၁၄ |
| ခတ္တိယမည်ပေ၏ | ၁၄၀ |
| ခန္ဓာတို့ဟုခေါ် အပ်ကုန်၏ | ၃၂၇ |
| ခရီးညွှန်ကောင်း | ၂၀၆ |
| ခေါင်းလောင်းသံ | ၁၀၉ |
| ချုပ်ခြင်းဟူ၍သာဆိုသည် | ၄၁၉ |
| ချုပ်ရာဟုမဆို | ၄၁၉ |
| ဂဏာနို့ ဆွမ်းပြုတ် | ၁၃၅ |
| ဂတပစ္စာဂတကျင့်ဝတ် | ၁၉၄ |
| ဂဏ္ဍိပုဒ် (အနက်ခက်) | ၁၉၄ |
| ဂန္ဓ-အနံ့ | ၃၃၅ |
| ဂန္ဓာရီဝိဇ္ဇာ | ၃၃ |
| ဂိရိဘဏ္ဍဝါဟနပူဇော်ပွဲ | ၁၁ |
| ဂျိန်းဘာသဘာဝင် | ၄၀၀ |
| ဂွမ်းလွှာခုနစ်ခု | ၂၁၃ |
| ဂျွမ်းထိုးချကုန်၏ | ၄၀၉ |
| **[ ဃ–င ]** | |
| ဃာန-နှာခေါင်း | ၃၃၅ |
| ဃောသိတသေဌေး | ၃၂ |
| ငါးရာသောလုံမပျို | ၉၅ |
| ငြူစူခြင်း | ၃၀၄ |
| ငွေစောင်းတန်း | ၆၅ |
| ငွေတိုက်စိုး ငွေတိုက်ဝန် | ၁၀၁ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ စ ]** | |
| စက္ခာယတန | ၃၄၀ |
| စက္ခုဓာတ် | ၃၅၀ |
| စက္ခု-မျက်စိ | ၃၃၄ |
| စတုဇရုပ် | ၂၃၀ |
| စာပွဲခုံ | ၁၀၁ |
| စာရွတ်သံ | ၁၀၉ |
| စိတ်တခုယုတ်ကိုးဆယ် | ၂၅၇ |
| စိတ်ဓာတ်ကျဆင်းခြင်း | ၄၁၀ |
| စိတ္တကမ္မညတာ | ၂၀၀ |
| စိတ္တဇရုပ် ၁၅-ပါး | ၂၃၀ |
| စိတ္တဇဝါယောဓာတ် | ၂၂၁ |
| စိတ္တနိယမ | ၂၆၀ |
| စိတ္တပဿဒ္ဓိ | ၂၀၆ |
| စိတ္တပါဂုညတာ | ၂၀၉ |
| စိတ္တမုဒုတာ | ၂၀၇ |
| စိတ္တလဟုတာ | ၂၀၇ |
| စိတ္တသူကြွယ် | ၇၀ |
| စိတ္တုဇုကတာ | ၂၀၉ |
| စိန္တာမယပညာ | ၁၀၆ |
| စူဠအနာထပိဏ်သေဌေး | ၆၄ |
| စူဠသမုဒ္ဒမထေရ် | ၉၄ |
| စူဠသုဘဒ္ဒါ | ၆၀ |
| စေတနာ | ၂၀၀ |
| စေတောပရိယဉာဏ် | ၁၁၂ |
| စဉ်းသွားမြှားကဲ့သို့ | ၄၀၆ |
| စည်၏မျက်နှာပြင်ကဲ့သို့ | ၃၆၁ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ဆ-ဇ-ဈ-ည ]** | |
| ဆန္ဒ-အလိုရှိခြင်း | ၂၉၀ |
| ဆဋ္ဌင်္ဂုပေက္ခာ | ၂၉ |
| ဆီကြိတ်ဆုံ | ၃၆၁ |
| ဆီမီးရောင် | ၁၂၁ |
| ဆေးရုံနှင့်တူ၏ | ၃၃၀ |
| ဆင်ကသိုဏ်း | ၇၃ |
| ဆင်းရဲကြောင်းအမှု | ၄၀၅ |
| ဆတ်ဆန်ထမင်း | ၁၃၇ |
| ဆယ်ပုံတပုံသော | ၁၃၃ |
| ဆိတ်ခွါသဏ္ဌာန်ရှိသော | ၂၁၅ |
| ဇင္ဃိလသေဌေး | ၃၂ |
| ဇရတာရုပ် | ၂၂၈ |
| ဇဝနပဋိပါဒက | ၂၉၂ |
| ဇာတိခေတ် | ၁၂၈ |
| ဇာတိရုပ် | ၂၃၀ |
| ဇီဝှါ-လျှာ | ၃၃၅ |
| ဇီဝသညာ | ၃၅၆ |
| ဇီဝိတ | ၂၈၁ |
| ဇီဝိတိန္ဒြေ | ၂၁၈ |
| ဇောတိကသေဌေး | ၃၂ |
| ဈာန်အနုလုံ | ၅ |
| ဈာန်ပဋိလုံ | ၅ |
| ဉာဏဝိပ္ပယုတ် | ၂၄၁ |
| ဉာဏဝိပ္ဖါရိဒ္ဓိ | ၂၁ |
| ဉာဏသမ္ပယုတ် | ၂၄၁ |
| ဉာတိဗျသန | ၄၀၅ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ တ ]** | |
| တဏှာကိုပင် ဒုက္ခဟုဆိုသည် | ၄၁၄ |
| တတြမဇ္ဈတ္တတာ | ၂၉၂ |
| တဒင်္ဂနိရောဓ | ၄၄၃ |
| တပေါင်းလပြည့်နေ့ဦးပင် | ၁၃၇ |
| တရားစစ်သူကြီးဖြစ်သော | ၂၁၄ |
| တလင်္ဂရကျောင်း | ၆၇ |
| တိဇရုပ် | ၂၃၈ |
| တိပိဋကစူဠနာဂမထေရ် | ၈၄ |
| တိပိဋကစူဠာဘယမထေရ် | ၇၃ |
| တိဿဒတ္တမထေရ် | ၉၅ |
| တိဿမဟာဝိဟာရ | ၆၇ |
| တံခါးတိုင်နှင့်တူသည် | ၂၉၁ |
| တံလှပ်ကဲ့သို့ | ၃၃၁ |
| တင်လဲကိုသလိပ်ခေါ် | ၄၂၇ |
| တယ်လီဖုန်း | ၂၁၁ |
| တယ်လီဗီးရှင်း | ၂၁၁ |
| တောင်ခါးပန်း | ၈၆ |
| တွေ့ဝေဟူသည်မှာ | ၂၉၈ |
| **[ ထ ]** | |
| ထိန | ၃၀၀-၁ |
| ထေရမ္ဗကုန်း | ၁၀ |
| ထောပတ်ကို အသက်ခေါ် | ၄၂၇ |
| ထောပတ်ကြည်ဖြစ်စေ | ၉၆ |
| ထိုးခုတ်ကုန်၏ | ၄၀၉ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
| --- | --- |
| **[ ဒ ]** | |
| ဒိဋ္ဌမင်္ဂလာ | ၂၄၅ |
| ဒိဋ္ဌိဂတဝိပ္ပယုတ် | ၂၄၅ |
| ဒိဋ္ဌိဂတသမ္ပယုတ် | ၂၄၅ |
| ဒိဋ္ဌိဗျသန | ၄၀၅ |
| ဒိဗ္ဗမည်၏ | ၁၅၁ |
| ဒိဗ္ဗစက္ခုဉာဏ်၏ကိစ္စ | ၁၅၄ |
| ဒိဗ္ဗဝိဟာရခေါ် ဈာန် | ၁၀၇ |
| ဒုက္ခဒုက္ခ | ၃၉၅ |
| ဒုက္ခဓမ္မ | ၄၀၅ |
| ဒုက္ခနိရောဓ | ၄၂၀ |
| ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ | ၄၄၇ |
| ဒုက္ခသဘောရှိသည်(အကု-ဝိ) | ၂၅၄ |
| ဒုက္ခသမုဒယော အရိယသစ္စံ | ၄၁၈ |
| ဒုဂ္ဂတိ | ၁၆၁ |
| ဒုစ္စရိုက် | ၁၅၅ |
| ဒူရေ-ဝေးသောရုပ် | ၂၃၂ |
| ဒေဝါနမ္ပိယတိဿမင်း | ၆၉ |
| ဒေသနာက္ကမ | ၃၂၄-၅ |
| ဒေသဘာသာ | ၁၉၅ |
| ဒေါမနဿသဟဂုတ် | ၂၄၇ |
| ဒေါသမူစိတ် | ၂၄၇ |
| ဒွိဇရုပ် | ၂၃၈ |
| **[ ဓ ]** | |
| ဓမ္မဒိန္နမထေရ် | ၆၇ |
| ဓမ္မာယတန | ၃၄၀ |

| အက္ခရာစဉ် | စာမျက်နှာ |
| --- | --- |
| **[ ဓ-န ]** | |
| ဓာတု-ဓာတ်မည်၏ | ၃၄၇ |
| ဓာတ် ၆-ပါးမျှသာ ရှိ၏ | ၃၅၀ |
| ဓာတ်တို့ဟူသည်မှာ | ၃၄၆ |
| နကုတောစိဇာတရုပ် | ၂၃၈ |
| နဂါးနှယ်ဒန်ပူ | ၆၂ |
| နန္ဒဝန်ဥယျာဉ် | ၁၅၄ |
| နန္ဒောပနန္ဒနဂါးမင်း | ၈၄-၈၅ |
| နာမဝဝတ္ထာပနပညာ | ၁၈၅ |
| နာမ်၏သန္တတိ | ၁၇၀ |
| နိဂဏ္ဌပရိဗိုဇ် | ၄၀၀ |
| နိပ္ပရိယာယဒုက္ခ | ၃၉၇ |
| နိပ္ဖန္နရုပ် | ၂၃၂ |
| နိမ္မိတဘုရား | ၆၂ |
| နိမ္မိတရုပ်ကိုယ် | ၉၂ |
| နိမ္မာနကာ-အရေခွံမှ | ၁၀၄ |
| နိယတသင်္ခါရ | ၂၇၈-၂၉၇ |
| နိရယ | ၁၆၁ |
| နိရုတ္တိပဋိသမ္ဘိဒါ | ၁၉၃ |
| နိဝတ္တိ | ၃၈၉ |
| နေက္ခမ္မ | ၃၄-၃၅၄ |
| နှမ်းနယ်ပင်ပန်းခြင်း | ၄၁၀ |
| **[ ပ ]** | |
| ပကတိ | ၄၄၉-၄၅၀ |
| ပကတိသာဝက | ၁၁၉ |
| ပစ္စေကဗုဒ္ဓ | ၁၁၉ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ပ ]** | |
| ပစ္စုပဋ္ဌာန် | ၂၀၄ |
| ပဉ္စဒွါရာဝဇ္ဇန်း | ၂၅၆ |
| ပဉ္စသိခနတ်သား | ၆၇ |
| ပညာရှိကြီးတို့၏အရာသာ | ၂၁၀-၂၂၈ |
| ပဋိဃသမ္ပယုတ် | ၂၄၇ |
| ပဋိစ္ဆန္နဇရာ | ၂၂၉ |
| ပဋိစ္ဆန္နဒုက္ခ | ၃၉၆ |
| ပဋိပတ္တိက္ကမ | ၃၂၃-၅ |
| ပဋိပတ္တိသာရမိဒံ သာသနံ | ၅၁ |
| ပဋိဘာနပဋိသမ္ဘိဒါ | ၁၉၃ |
| ပဋိသံ·ဌ စိစစ်ချက် | ၁၀၃ |
| ပဌမဈာန်နှင့် ယှဉ်သည် (သုက္ခဝိပဿက၏မဂ်) | ၄၄၆ |
| ပဏ္ဍိတခေတ် | ၃၅၅ |
| ပတ္တမြားစောင်းတန်း | ၆၅ |
| ပဒဘာဇ | ၅၇ |
| ပဒရှစ်ပါး | ၄၄ |
| ပဓာန | ၄၄၉ |
| ပရမသစ္စာ | ၃၈၇ |
| ပရမသုညံ | ၄၃၅ |
| ပရိကပ္ပဋ္ဌာရုံ | ၂၇၁ |
| ပရိစ္ဆေဒရုပ် | ၂၃၅ |
| ပရိညေယျ | ၃၈၉ |
| ပရိယာယဒုက္ခ | ၃၉၆ |
| ပရိယုဋ္ဌာန်ဟု ဆိုသည် | ၄၁၉ |
| ပဝတ္တိ | ၃၈၉ |
| ပသာဒရုပ် | ၂၃၂ |
| ပဟာတဗ္ဗ | ၃၈၉ |
| ပဟာနက္ကမ | ၃၂၄-၅ |
| ပဟာနပဋိဝေဓ | ၄၄၂-၃ |
| ပါကဋဇရာ | ၂၂၉ |
| ပါကဋဒုက္ခ | ၃၃၆ |
| ပါဋလိပုတ်မြို့ | ၉၄ |
| ပါဌ်ချွတ်ယွင်း | ၃၁၆ |
| ပါဒ ၄-ပါး | ၄၀ |
| ပုက္ကုသာတိ | ၃၅၀ |
| ပုဗ္ဗေနိဝါသာနုဿတိ | ၁၁၈ |
| ပါးပျဉ်းကိုပြုလျက် | ၈၆ |
| ပေါင်းစုပေး (ပြုလုပ်) | ၂၇၄ |
| ပိုးစုံးကြူးအရောင် | ၁၂၁ |
| ပြည့်တန်ဆာမ | ၂၈၅ |
| ပွဲမင်း (ရွှေငွေရာပြွတ်) | ၁၈၁-၄၆၆ |
| **[ ဖ ]** | |
| ဖလူပစာ | ၄၂၇ |
| ဖဿ | ၂၇၈ |
| ဖာရုသကဥယျာဉ် | ၁၅၄ |
| ဖုဿဒေဝမထေရ် | ၄၄၅ |
| ဖောဋ္ဌဗ္ဗ | ၃၃၅ |
| ဖိုးကတုံးကလေးတို့ | ၈၅ |
| ဖြူဆံမြက်ပင် | ၁၀၃-၄ |
| ဖြူဆံညှောက် | ၁၀၃-၄ |

| အက္ခရာစဉ် | စာမျက်နှာ |
| --- | --- |
| [ ဗ-ဘ-မ ] | |
| ဗကဗြဟ္မာ | ၇၁ |
| ဗလရုပ် | ၂၃၀ |
| ဗာလပဏ္ဍိတသုတ် | ၃၉၇ |
| ဗာဟိရရုပ် | ၂၃၁ |
| ဗုဒ္ဓခေတ် | ၁၂၈ |
| ဗုဒ္ဓစာပေ | ၂၀၈ |
| ဗုဒ္ဓိန္ဒြေငါးပါး | ၃၆၇ |
| ဗေလုဝပဏ္ဍုမည်သော | ၆၇ |
| ဗျာပါဒခေတ် | ၃၅၄ |
| ဗြဟ္မနိမန္တနသုတ် | ၇၀ |
| ဗြဟ္မပါရိသဇ္ဇာဗြဟ္မာ | ၇၁ |
| ဗြဟ္မဝတီမည်သော | ၁၇၇ |
| ဘာရသုတ် | ၃၃၁ |
| ဘာဝနာပဋိဝေဓကိစ္စ | ၄၄၃ |
| ဘာဝနာမယပညာ | ၁၈၆ |
| ဘာဝေတဗ္ဗ | ၃၈၉ |
| ဘုန်းကံကြီးသူငါးဦး | ၃၂ |
| ဘူတပါလ (သူငယ်) | ၂၃ |
| ဘူတရုပ် | ၂၀၀ |
| ဘူမိက္ကမ | ၃၂၄-၅ |
| ဘောဂဗျသန | ၄၀၅ |
| မဂ္ဂသစ္စာပွါးစေပုံ | ၄၄၀ |
| မဂ်ဖိုလ်နိဗ္ဗာန်ပေါက် | ၄၄၅ |
| မစ္ဆရိယ | ၃၀၄ |
| မဇ္ဈိမပဋိပဒါ | ၃၅၅ |
| မထေရ်အိုကြီးတို့မည်သည်မှာ | ၉၄ |

| အက္ခရာစဉ် | စာမျက်နှာ |
| --- | --- |
| [ မ ] | |
| မန-စိတ် | ၃၃၆ |
| မနသိကာရ | ၂၉၁ |
| မနာလိုခြင်း | ၃၀၄ |
| မနောဒွါရာဝဇ္ဇန်း | ၂၅၆ |
| မနောမယ | ၁၀၀ |
| မနောမယတန်ခိုး | ၁၀၁ |
| မနောမယရုပ်ကိုယ် | ၉၂၊၁၀၃-၄ |
| မနောမယိဒ္ဓိ | ၂၁ |
| မနောဝိညာဏခေတ် | ၃၅၀ |
| မဟာကသုတ် | ၇၀ |
| မဟဂ္ဂုတ်စိတ် | ၁၁၆ |
| မဟာအနုရုဒ္ဓမထေရ် | ၉၆ |
| မဟာကပ္ပိနမင်း | ၆၉ |
| မဟာပန်မည်၏ | ၅၀ |
| မဟာပဝါရဏာနေ့ | ၆၄ |
| မဟာမောဂ္ဂလာန်မထေရ် | ၆၄၊၈၅ |
| မဟာရေဟာဏဂုတ္တမထေရ် | ၁၀ |
| မဟာသမ္မတ | ၁၄၀ |
| မဟာသံဃိကဂိုဏ်းသား | ၂၀၆ |
| မဟာသာဝက | ၁၁၉ |
| မဟိန္ဒမထေရ် | ၆၉ |
| မာဂဏ္ဍီပုဏ္ဏား | ၂၆ |
| မာန | ၃၀၂ |
| မာယာ-လှည့်စားခြင်း | ၂၉၀ |
| မိစ္ဆာဒိဋ္ဌိ | ၂၉၉ |
| မိစ္ဆာဒိဋ္ဌိကာ | ၁၅၀ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
| --- | --- |
| **[ မ ]** | |
| မိစ္ဆာဒိဋ္ဌိလျှင် အကြီးအမြတ် ရှိကုန်၏ | ၁၆၀ |
| မိဒ္ဓ (စေ) | ၃၀၀-၁ |
| မိဒ္ဓရုပ် မရှိ | ၂၃၀ |
| မိဿကဥယျာဉ် | ၁၅၃ |
| မိဟိန္တလေ | ၁၁ |
| မိန်းမ၏သဏ္ဌာန် | ၂၁၇ |
| မိန်းမဖြစ်ကြောင်းရုပ် | ၁၃၈ |
| မီးပွတ်ခုံကဲ့သို့ | ၃၆၁ |
| မီးပွတ်တံကဲ့သို့ | ၃၆၁ |
| မီးဖြင့်ပျက်သောအခါ | ၁၂၇ |
| မီးရှူးတန်ဆောင် အရောင် | ၁၂၁ |
| မီးလုံးလွှတ်၏ | ၈၇ |
| မုတမင်္ဂလာ | ၂၄၅ |
| မုဒုတာ | ၂၂၄ |
| မုဟုတ် | ၃၁၃ |
| မူလ ၁၆-ပါး | ၄၄ |
| မေဏ္ဍကသေဋ္ဌေး | ၃၂ |
| မေတ္တာဟူသည် | ၂၉၃ |
| မေတ္တေယျ (ဘုရား) | ၁၇၇ |
| မောဟ | ၂၉၈ |
| မျက်နက်ဝန်း | ၂၁၃ |
| မျက်နှာကဲ့သို့ | ၃၆၁ |
| မျက်နှာရိပ်ကဲ့သို့ | ၃၆၁ |
| မျက်ဖြူဝန်း | ၂၁၃ |
| **[ မ-ယ-ရ ]** | |
| မျက်လှည့်ကဲ့သို့ | ၃၃၁ |
| မျက်လွှာ ခုနစ်ခု | ၂၁၃ |
| မျှစေခြင်း | ၂၁၉ |
| မြေဆီအရသာ | ၁၃၄ |
| မြေဆီမြေလွှာ | ၁၃၇ |
| မြင်းကသိုဏ်း | ၇၃ |
| မြင်းမိုရ်တောင် | ၆၂ |
| မြစ်ကြီးငါးသွယ် | ၁၃၂ |
| မြည်းစမ်းကုန်၍ | ၁၃၅ |
| မြွေဆိုးမြွေဟောက်ကဲ့သို့ | ၃၀၄ |
| မြွေရေခွံ | ၁၀၄ |
| ယံကိဠိ | ၃၁၁ |
| ယမကသုတ္တန်အလို | ၃၃၁ |
| ယမိုက်ပြာဋိဟာ | ၆၁၊၇၀ |
| ယထာကမ္မုပဂဉာဏ် | ၁၅၄ |
| ယာပန | ၂၁၉ |
| ယုဂန္ဓိုရ်တောင် | ၆၂ |
| ယူဇနာငါးဆယ်ရှိသောနေဝန်း | ၁၃၅ |
| ယေဝါပနကသင်္ခါရ | ၂၇၈ |
| ယောကျ်ားဖြစ်ကြောင်း ရုပ်အင်္ဂါ | ၁၃၈ |
| ရက္ခိတထေရ် | ၁၀ |
| ရထားမောင်းသမားကဲ့သို့ | ၂၉၂ |
| ရသ-အရသာ | ၂၁၇-၃၃၅ |
| ရသ အရည်အနှစ်ဓာတ် | ၃၅၀ |
| ရသပထဝီ | ၁၃၄ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ ရ ] | |
| ရသသည် ၂-ပါးရှိ၏ | ၂၀၄ |
| ရဟန္တာကို စွပ်စွဲမိပြီ | ၁၂၆ |
| ရဟန်းယုတ်ကလေးတို့ | ၇၅ |
| ရာဇာမင်းမည်၏ | ၁၄၀ |
| ရူပ-အဆင်း | ၃၃၄ |
| ရူပဝဝတ္ထာပနပညာ | ၁၇၅ |
| ရူပါဝစရကိရိယာစိတ် | ၂၅၇ |
| ရူပါဝစရကုသိုလ်စိတ် | ၂၄၇ |
| ရူပါဝစရဝိပါက်စိတ် | ၂၅၅ |
| ရှုးသွပ်ခြင်းကဲ့သို့ | ၃၀၂ |
| ရေကြည်(ကလလ) | ၃၂၅ |
| ရေငန်မိုးကြီးသည် | ၁၄၁ |
| ရေပွက်(ရေပူပေါင်း) | ၃၃၁ |
| ရေဖြင့်ပျက်သောအခါ | ၁၂၇ |
| ရေမြှုပ်စိုင်ကဲ့သို့ | ၃၃၁ |
| ရောဂဗျသန | ၄၀၅ |
| ရောဂရုပ် | ၂၃၀ |
| ရုပ်မြင်သံကြားလွှင့်စက်ဖြင့် | ၂၁၁ |
| ရုပ်၏သန္တတိ-ရုပ်၏ အမျိုးတူအစဉ် | ၁၇၀ |
| ရုပ်သန္တတိ နာမ်သန္တတိ | ၁၇၀ |
| ရုပ်သန္တတိဝါရ ၁-ခု၊ ၂-ခု | ၁၆၉ |
| ရွှာကိုလုယက်ဖျက်ဆီးသော ခိုးသူ | ၃၄၆ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ ရ-လ ] | |
| ရွှာပျက်ကဲ့သို့ | ၃၄၅ |
| ရွှေငွေရောပြွတ် | ၁၇၁-၄၆၆ |
| ရွှေစောင်းတန်း | ၆၅ |
| ရွှေတိုက်ဝန်အမတ် | ၁၇၁ |
| လက်စွပ်ကွင်းသဏ္ဌာန်ရှိသည် | ၂၁၅ |
| လက္ခဏရုပ် | ၂၃၆ |
| လက္ခဏာသုံးပါး ထိုးထွင်း သိခြင်း | ၁၇၁ |
| လက်မှန်တိုင် | ၄၁၅ |
| လဟုတာရုပ် | ၂၂၄ |
| လူမနေသော ရွှာပျက်ကဲ့သို့ | ၃၄၅ |
| လေဖြင့်ပျက်သောအခါ | ၁၂၇ |
| လောက၏ပင်ကိုသဘော | ၃၇၅ |
| လောကဗျူဟာနတ် | ၁၃၀ |
| လောကမည်၏ | ၁၆၂ |
| လောကီအဘိညာဉ်ငါးပါး | ၃ |
| လောကီပညာ | ၁၇၅ |
| လောကီမဂ္ဂသစ္စာ | ၄၄၃ |
| လောကီမဂ်နှင့်ယှဉ်သောပညာ | ၁၇၅ |
| လောကီဝိပဿနာနှင့်တကွ | ၄၄၇ |
| လောကုတ္တရာကုသိုလ်စိတ် | ၂၄၄ |
| လောကုတ္တရာပညာ | ၁၇၅ |
| လောကုတ္တရာမဂ္ဂင် | ၄၄၆ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ လ-ဝ ]** | |
| လောကုတ္တရာမဂ်နှင့်ယှဉ်သော ပညာ | ၁၇၅ |
| လောကုတ္တရာဝိပါက်စိတ် | ၂၅၅ |
| လောဘ | ၂၉၇ |
| လောဘမူစိတ် | ၂၄၅ |
| လုံမပျိုအားလုံး | ၉၅ |
| လျှည်းလမ်းမကြီး | ၁၂၂ |
| ဝစီဝိညတ် | ၂၂၂ |
| ဝတ္တနိယကျောင်း | ၁၆၇ |
| ဝသုဓမ္မသည် | ၂၀၆ |
| ဝါယောလက်ဖြင့် | ၂၁၁ |
| ဝိကာရရုပ် | ၂၃၆ |
| ဝိကုဗ္ဗနတန်ခိုး | ၁၀၁ |
| ဝိကုဗ္ဗနိဒ္ဓိ | ၂၁ |
| ဝိက္ခိတ္တစိတ် | ၁၁၆ |
| ဝိစိကိစ္ဆာ | ၃၀၆ |
| ဝိဇ္ဇာမယိဒ္ဓိ | ၃၃ |
| ဝိဇ္ဇာမိုရ် | ၃၃ |
| ဝိညာဏ်အဖွဲ့အစု | ၂၄၀ |
| ဝိညာဏ်၏အကြောင်း ၄-ပါး | ၃၆၀ |
| ဝိညာဏက္ခန္ဓာ | ၂၄၀ |
| ဝိနိပါတ | ၁၆၀ |
| ဝိပရိဏာမဒုက္ခ | ၃၉၅ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ဝ-သ ]** | |
| ဝိပဿနာခဏိကသမာဓိ | ၄၄၅ |
| ဝိပဿနာသင်္ကပ္ပတပါးတည်းဖြင့် | ၄၄၃ |
| ဝိပဿနာ သမ္မာဝါယာမ တပါးတည်းဖြင့် | ၃၄၃ |
| ဝိပါက်စိတ် | ၂၄၇ |
| ဝိမုတ္တစိတ် | ၁၁၆ |
| ဝိရတီသုံးပါးလုံး | ၂၉၃ |
| ဝိရာဂနိရောဓ | ၄၂၁ |
| ဝိဝဋ္ဋကပ် | ၁၂၇ |
| ဝိဝဋ္ဋဋ္ဌာယီကပ် | ၁၂၇ |
| ဝိသကြုံနတ် | ၆၀ |
| ဝိသယခေတ် | ၁၂၇ |
| ဝိဟိံသာဓာတ် | ၃၅၄ |
| ဝီတဒေါသစိတ် | ၁၁၅ |
| ဝီတမောဟစိတ် | ၁၁၅ |
| ဝီတရာဂစိတ် | ၁၁၄ |
| ဝီထိပဋိပါဒက | ၂၉၂ |
| ဝီရိယ | ၂၇၁ |
| ဝေဇယန္တာ ပြာသာဒ် | ၇၆ |
| သံကိစ္စထေရ် | ၂၂ |
| သံခိတ္တစိတ် | ၁၁၅ |
| သံဝဋ္ဋကပ် | ၁၂၇ |
| သံဝဋ္ဋဋ္ဌာယီကပ် | ၁၂၇ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ သ ] | |
| သဉ္စတ္တရစိတ် | ၁၁၆ |
| သဥပါဒိသေသနိဗ္ဗာန် | ၄၃၀ |
| သက္ကာယဒိဋ္ဌိ | ၄၄၇ |
| သဂ္ဂမည်၏ | ၁၆၂ |
| သက်သေမြို့ | ၆၄ |
| သခ်တခေတ် | ၃၅၅ |
| သင်္ခါရ | ၂၄၂ |
| သင်္ခါရက္ခန္ဓာ | ၂၇၄ |
| သင်္ခါရဒုက္ခ | ၃၉၆ |
| သစ္စိကာဘတဗ္ဗ | ၃၇၉ |
| သစ္စိကိရိယာပဋိဝေဓကိစ္စ ပြီး၏ | ၄၄၃ |
| သဋ္ဌိဝမထေရ် | ၂၄ |
| သညာဝေဒယိတနိရောဓခေတ် | ၃၅၄ |
| သတိ | ၂၇၃ |
| သတ္တဝါ ၆-ကောင်ကဲ့သို့ | ၃၄၆ |
| သဒေါသစိတ် | ၁၁၅ |
| သဒ္ဒ-အသံ | ၃၃၅ |
| သန္တတိ | ၂၂၆၊၃၁၂ |
| သန္တတိအလို | ၃၁၃ |
| သန္တတိ ပစ္စုပ္ပန် | ၁၆၉ |
| သန္တိကေ-နီးသောရုပ် | ၂၃၂ |
| သဘာဝဗ္ဗဋ္ဌာရုံ | ၂၇၁ |
| သမယအလို | ၃၁၃ |
| [ သ ] | |
| သမာဓိ | ၂၇၂ |
| သမာဓိဝိပ္ပါရိဒ္ဓိ | ၂၃ |
| သမာဓိသမ္မောဇ္ဈင် | ၄၄၆ |
| သမာဟိတစိတ် | ၁၁၆ |
| သမားတော်ဇီဝက | ၅၁ |
| သမုဒယနိရောဓ | ၄၂၀ |
| သမောဟစိတ် | ၁၁၅ |
| သမ္ပတ္တဂေါစရ | ၂၁၂ |
| သဝမ္ဘခေါ် သုက်ရုပ် | ၂၃၀ |
| သမ္မသန ပဋိဝေဓ | ၄၄၂-၃ |
| သမ္မာသမ္ဗုဒ္ဓဘုရားရှင် | ၁၃၉ |
| သရဘင်္ဂပညာရှိ | ၁၂၁ |
| သရဘည | ၅၇ |
| သရာဂစိတ် | ၁၁၄ |
| သလေးကို ခိုးယူ၏ | ၁၃၉ |
| သဝိပ္ပါရတော | ၃၁၀ |
| သသင်္ခါရိကစိတ် | ၂၄၁ |
| သသမ္ဘာရဃာန | ၂၁၅ |
| သသမ္ဘာရစက္ခု | ၂၁၃ |
| သသမ္ဘာရမည်သော | ၂၁၅ |
| သသမ္ဘာရသောတ | ၂၁၄ |
| သဟိတ်ကုသလဝိပါက်စိတ် | ၂၅၂ |
| သဟိတ်စိတ် | ၂၄၇ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ သ ] | |
| သာဒ္ဓေယျ-ကောက်ကျစ်ခြင်း | ၂၉၀ |
| သာမာဝတီ | ၂၆ |
| သာမုက္ကံသိကဒေသနာ | ၄၄၅ |
| သာသဝဓမ္မာနံ-ပါဠိချွတ် | ၃၃၆ |
| သီလဗ္ဗတသန | ၄၀၅ |
| သုက္ခဝိပဿက | ၄၄၆ |
| သုခုမ-သိမ်မွေ့သောရုပ် | ၂၃၁ |
| သုဂတိ မည်၏ | ၁၆၂ |
| သုတမင်္ဂလာ | ၂၄၅ |
| သုတမယပညာ | ၁၈၆ |
| သုမြဟ္မာမည်သော | ၁၇၇ |
| သုဘခေတ် | ၃၅၃ |
| သူငယ်ပြန်ခြင်း | ၄၀၃ |
| သူနာရုံ | ၃၃၀ |
| သောကမြွား | ၄၁၂ |
| သောဏိတ | ၃၅၀ |
| သောတခေတ် မည်၏ | ၁၀၈ |
| [ သ ] | |
| သောတ-နား | ၃၃၄ |
| သောတာပတ္တိယင် | ၂၈၃ |
| သောတာပန်၏စိတ်ကို မသိနိုင် | ၁၆၉ |
| သောမနဿသဟဂုတ် | ၂၄၁ |
| သက်ကျားအို | ၄၀၃ |
| သက်မဲ့သဘောတရားမျှ | ၃၅၁ |
| သန်းဦးခေါင်းမျှရှိလျက် | ၂၁၄ |
| သောက်ရှူးကြယ်ရောင် | ၁၂၁ |
| သုံးကျွန်းလင်းခိုက် တကျွန်းမိုက် | ၈၂ |
| သုံးမျိုးသောကချေသည် | ၈၅ |
| [ ဟ ] | |
| ဟဒယဝတ္ထုရုပ် | ၂၂၀ |
| ဟသိတုပ္ပါဒ်စိတ် | ၂၅၇ |
| ဟီနခေတ် | ၃၅၅ |
| ဟေရညိကော | ၁၈၁ |
| ဟင်းမပါပဲ ဆွမ်းသက်သက်ကို | ၉၆ |
| ဟိန္ဒူဝါဒ | ၃၆၇ |